www.burmeseclassic.com

# ဗုဒ္ဓစာပန်းချီ

# ငွေဥဒေါင်း

(ဦးကြီးမောင်)

ဒုတိယတွဲ (ဒုတိယအကြိမ်)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓစာပန်းချီ

## ဒုတိယတွဲ

ငွေဥဒေါင်း

(ပဉ္စမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com


# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အနုပညာရှင် | ၁ |
| ၂။ | မာယာရှင် | ၁၈ |
| ၃။ | စောင်းတော်ရှင် | ၃၅ |
| ၄။ | အကျိုးတော်ဆောင် | ၅၀ |
| ၅။ | စောင်းတော်သခင် ဆင်များရှင် | ၆၆ |
| ၆။ | ပရိယာယ်စက်ကွင်းဝယ် | ၇၉ |
| ၇။ | ကုဋ္ဌနှင့်ကန်းမ | ၉၄ |
| ၈။ | လှဂုဏ်ဝင့်သူ | ၁၁၁ |
| ၉။ | ပုလဲမြိုင် | ၁၂၅ |
| ၁၀။ | ရွှေတံခါးကြီးပွင့်လေပြီ | ၁၄၃ |
| ၁၁။ | အပြိုင်အဆိုင် | ၁၆၁ |
| ၁၂။ | မိုက်မှောင်ကင်းသောည | ၁၉၁ |
| ၁၃။ | လက်စားချေလိုသူ | ၁၉၇ |
| ၁၄။ | ဆိပ်ကမ်းသာဝယ် | ၂၁၂ |
| ၁၅။ | မယ်တော်ကြီး | ၂၂၅ |
| ၁၆။ | ဥပဒေရှင် | ၂၅၁ |
| ၁၇။ | သုန္ဒရီ | ၂၆၁ |
| ၁၈။ | ထုလ္လနန္ဒာ | ၂၇၃ |


www.burmeseclassic.com

www.burmeseclassic.com





# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉။ | ရွှေယောက်ဖ | ၂၈၆ |
| ၂၀။ | နေညိုညို | ၃၀၄ |
| ၂၁။ | သတ္တိ | ၃၂၀ |
| ၂၂။ | တောင်ကြီးပြိုချိန် | ၃၃၄ |
| ၂၃။ | စန္ဒာမရှိ | ၃၄၈ |
| ၂၄။ | အမှောင်ရိပ်ဝယ် | ၃၇၄ |
| ၂၅။ | သူတော်ချင်းချင်း | ၃၉၄ |
| ၂၆။ | အင်ကြင်းမြိုင်ဝယ် | ၄၀၂ |
| ၂၇။ | အဖေရို့ အမေရို့ | ၄၁၄ |
| ၂၈။ | မြို့တော်သခင် | ၄၂၉ |
| ၂၉။ | အနားပျာ | ၄၄၂ |
| ၃၀။ | မကောင်းကြံ မကောင်းဖြစ် | ၄၅၇ |
| ၃၁။ | ဦးကတ်ဖဲ့ | ၄၆၇ |
| ၃၂။ | လူမိုက်ပွဲတော် | ၄၈၃ |
| ၃၃။ | မြွေမ | ၄၉၇ |
| ၃၄။ | ထုတိမင်္ဂလာ မဟာပွဲတော် | ၅၁၇ |
| ၃၅။ | တန်ခိုးရှင် | ၅၃၂ |


www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓစာပန်းချီ

## နိဒါန်း

'ဗုဒ္ဓစာပန်းချီ' ဟူသည် 'ဗုဒ္ဓ' 'စာ'နှင့် 'ပန်းချီ' တည်းဟူသော ဝေါဟာရသုံးရပ်ကို တွဲစပ်ထားသော အမည်ဖြစ်သည်။ အဓိပ္ပါယ်မှာ ဘုရားရှင်၊ သို့မဟုတ် ရတနာသုံးပါးနှင့် စပ်သော ကြောင်းရပ် အတွေး အသိ မျိုးစုံကို ပန်းချီ ပန်းရုပ်ကဲ့သို့ စွမ်းနိုင်သမျှ လှလှပပ ရေးခြယ်ထားသောစာဟု ဆိုလိုပါ၏။

'ဗုဒ္ဓစာပန်းချီ'ဟု ဆိုသကဲ့သို့ 'ဓမ္မစာပန်းချီ'ဟုလည်း ဆိုနိုင်ပါသည်။ 'သံဃာစာပန်းချီ' ဟုလည်း ဆိုနိုင်ပါသည်။

တစ်ဖန် 'ပန်းချီ'ဆိုသည်မှာ ပကတိရုပ်ဝတ္ထု အစစ်အမှန်လည်းမဟုတ်၊ အစစ်အမှန် မဟုတ်ဘူးလည်းမဟုတ်၊ ရုပ်ဝတ္ထုအစစ်အမှန်တွင် ပန်းချီဆရာ၏စိတ်ကူးဖြင့် နှစ်သက်ဖွယ် ဖြစ်အောင် ရေးခြယ်ထားသည်ကို 'ပန်းချီ'ဟု နားလည်ရပါသည်။

ဘုရားရှင်နှင့် ဘုရားရှင်၏ တရားတော်၊ ဘုရားရှင်၏တပည့်သား သံဃာတော်များ ၏ အကြောင်းရပ်မျိုးစုံကို နှစ်သက်ဖွယ်ဖြစ်အောင် စွမ်းနိုင်သမျှ စာပန်းချီ ရေးဖွဲ့ထားသောဤ ဝတ္ထုများသည်လည်း ဤသဘောအတိုင်းပင် ဖြစ်ပါသည်။ ဘုရားရှင်၏ ဒေသနာတော်လာ ဖြစ်ရပ် အစစ်အမှန်လည်းမဟုတ် အစစ်အမှန်မဟုတ်ဘူးလည်းမဟုတ်၊ ဓမ္မပဒ၊ ဗုဒ္ဓဝံသ၊ နိကာယ၊ ဝိနယ စသော ထိုထိုကျမ်းဂန်တို့မှ ဖြစ်ရပ်မှန်များကို မူတည်ကာ စာရေးသူ၏ စိတ်ကူးဖြင့် နှစ်သက်ဖွယ်၊ ကြည်ညိုဖွယ်ဖြစ်အောင် စာပန်းချီရေးဖွဲ့ထားခြင်းဖြစ်ပါသည်။

ဘုရားရှင်နှင့် ဘုရားရှင်၏ တရားတော်၊ တပည့်သံဃာတော်များ၏ ကြောင်းရပ်မျိုးစုံကို ပန်းချီကား တစ်ခုစီ၊ တစ်ချပ်စီပမာ ရေးခြယ်ဆွဲထောင်၍ ပြထားသော ဝတ္ထုများဟုလည်း ဆိုနိုင်ပါသည်။

ဤစကားကို ဆိုရသည်မှာ ဤ'ဗုဒ္ဓစာပန်းချီများကို ဖတ်ရှုရာ၌ ဝတ္ထုပါ အကြောင်းအရာ အချက်အလက်များနှင့်ပတ်သက်၍ စာရှုသူတို့အား ဘုရားရှင်၏ ဒေသနာတော် မူရင်းကျမ်းကြီး ကျမ်းခိုင်များကဲ့သို့ မယူဆစေဘဲ ဤစာ၊ ဤအဖွဲ့များကို ဖတ်၍ ရတနာသုံးပါးသို့ ကြည်ညိုရှိခိုးတွတ်ခြင်း၊ ဖြစ်ရပ်အလျောက် တွဲပါလာသော ဘာသာရေးဆိုင်ရာ အတွေးအမြင် သိမှတ်ဖွယ် တစ်စုံတစ်ရာကို ရရှိခြင်း၊ဤစာ၊ ဤအဖွဲ့များမှတစ်ဆင့်တက်၍ ဘုရားရှင်၏ ဒေသနာတော်မူရင်း ကျမ်းဂန်များသို့ ချဉ်းကပ်စေလိုခြင်းတို့သည်သာ စာရေးသူ၏ ရည်မှန်းချက် ဖြစ်ကြောင်း ဖော်ပြလို၍ ဖြစ်ပါသည်။

ဤအတွဲကြီးနှစ်တွဲမှာ မူလ ဆန်းညွန့်ဦး တိုက်မှ ထုတ်ဝေခဲ့သော အတွဲ သုံးတွဲကို စုပေါင်းထုတ်ဝေလိုက်ခြင်း ဖြစ်သည်။ သို့ရာတွင် မူလထုတ်တွင်မပါသော နောက်ရေးသည့် အချို့အပုဒ်များကို အစီအစဉ်ကျစေရန်အတွက် ထပ်ဖြည့်ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ဖန်မူလထုတ်ဝေခဲ့သော 'ဗုဒ္ဓစာပန်းချီ' များမှာ အစီအစဉ်ကျကျ မဟုတ်ဘဲ ရေးပြီးသမျှတို့ကိုသာ တန်းစီ၍ ထည့်သွင်းထုတ်ဝေခဲ့ခြင်း ဖြစ်ပေရာ ဤအတွဲများတွင်မူ ဖြစ်နိုင်သမျှ အစီအစဉ်ကျအောင် စီစဉ်ပေးလိုက်ပါသည်။

ဤဗုဒ္ဓစာပန်းချီများ ရေးသားပုံမှာ ဖြစ်တော်စဉ်များအတိုင်း ရေးသားခြင်းမဟုတ်မူဘဲ စိတ်ကူးတွေ့ထိသမျှကိုသာ ခုန်ကျော်ရေးသားခြင်းများဖြစ်ပါသည်။

ဤအတွဲတွင် မပါဝင်နိုင်သေးသည့် အခြား 'ဗုဒ္ဓစာပန်းချီ' စာတမ်းများများလည်း ကျန်ရှိနေပေသေးသည်။ ဆက်လက်၍လည်း မပြတ်ရေးသားနေဆဲ ဖြစ်သည်။ ဤနည်းဖြင့် တစ်ချိန်သောအခါတွင်မူ ရှေ့နောက် အစီအစဉ်ကျသော စာပန်းချီဗုဒ္ဓဝင်ပမာ ဖြစ်လာရမည်ဟု မျှော်လင့်ချက် ထားပါသည်။

'ဗုဒ္ဓစာပန်းချီ'များကို ဖတ်ရှုရာ၌ အချို့သော အကြောင်းအရာ အချက်အလက်များမှာ ထပ်သယောင် ဖြစ်၍နေသည်ကို တွေ့ရှိကြရပါမည်။ ဤသို့ဖြစ်ရသည်မှာ (၁၉၆၁) ခုနှစ်တွင်ကြေးမုံသတင်းစာမှ စတင်၍ ဤ'ဗုဒ္ဓစာပန်းချီ'များကို ရေးသားခဲ့ရာ၌ နှစ်–လ ကြာမြင့်သောကြောင့် ထပ်၍ သွားရသည်များလည်း ရှိသည်။ တမင် ထပ်၍ရေးသည်လည်း ရှိသည်။

ဥပမာအားဖြင့် 'တရားဦး' (၁၉၆၂)ကို ရေးခဲ့စဉ်က သတင်းစာနေရာကို ငဲ့ရသောကြောင့် အားမလိုအားမရ ရှိခဲ့သည်ကို (၁၉၇၉)တွင် 'သစ္စာအမွန်' အမည်ဖြင့် ထပ်၍ရေးခြင်းမျိုး ဖြစ်ပါသည်။

ဤမျှ 'ဗုဒ္ဓစာပန်းချီ'များကို ရေးသားခဲ့ရာ၌ စာရေးသူ၏ သတိချွတ်ယွင်းမှုကြောင့် မမှားသင့်ဘဲနှင့် မှားသည့် အချို့သော အချက်များကို ထောက်ပြခြင်း၊ အားပေးအားမြှောက်ပြုခြင်းဖြင့် ကူညီကြသော ဆရာတော် သံဃာတော်နှင့် စာဖတ်ပရိတ်အားလည်းကောင်း၊ အချို့သော ဗုဒ္ဓစာပန်းချီများအတွက် မိမိတို့၏ကဗျာကို အသုံးပြုခွင့်ပေးခြင်း၊ ကဗျာရေးသား ကူညီခြင်းဖြင့် ကျေးဇူးပြုကြသော အမရပူရ မဟာဂန္ဓာရုံတိုက် ဆရာတော် အရှင်ဇနကာဘိဝံသ၊ ခင်လေးမောင်နှင့် မောင်စိန်ထွန်း(အမရပူရ)တို့အားလည်းကောင်း၊ ရေးသားခိုက်တွင် လိုအပ်သော ကျမ်းဂန် အချက်အလက်များကို ရှာဖွေပေးခြင်း၊ ထောက်ပြဝေဖန်ခြင်းဖြင့် ကူညီသော ဇနီးဖြစ်သူ နန်းရွှေခင်အားလည်းကောင်း ကျေးဇူးစကား ဆိုအပ်ပါသည်။

**စာရေးသူ**

**ငွေဥဒေါင်း**
ရှုခင်းသာခြံ၊ မင်းလမ်း၊
တောင်ကြီးမြို့။

www.burmeseclassic.com

www.burmeseclassic.com



# အနုပညာရှင်

[ ၁ ]

ဘုရင်ဖြစ်ပါလျက် ကိုယ်ရောင်ဖျောက်၍ ရုပ်သေးဆရာ၊ ဓာတ်ဆရာ လုပ်ဖူးသည်အထိ ဂီတသဘင် အနုပညာဆိုင်ရာတွင် ဝါသနာကြီးလှသော ဗိမ္ဗိသာရဘုရင် လက်ထက်တော်၌ ရာဇဂြိုဟ်သည် အနုပညာပန်း အပွင့်လန်းဆုံးအချိန်၊ အနုပညာရှင်၊ အထူးသဖြင့် ဂီတသဘင် အနုပညာရှင်တို့ စန်းအပွင့်ဆုံးအချိန်ဟု ဆိုနိုင်လောက်သည်။

ဘုရင်ကြီးသည် ပျိုရွယ်စဉ် တစ်ချိန်သောအခါက ရုပ်သေး အဖွဲ့တစ်ခုကို ဦးဆောင်ကာ သာဝတ္ထိ၊ ဝေသာလီ စသော အခြားနိုင်ငံများအတွင်းသို့ အနုပညာရှင် တစ်ဦး ပုံစံဖြင့် ကိုယ်ရောင်ဖျောက်၍ လျှို့ဝှက်စွာ လှည့်လည်ခဲ့ဖူးသည်ဟု ရာဇဂြိုဟ် ပြည်အတွင်း လူတိုင်း ပါးစပ်ဖျားလိုလိုတွင် တီးတိုး ပြောစမှတ်ပြုကြသည်။ ယင်းသို့ ပြုလုပ်ရာ၌ ရာဇပရိယာယ်တစ်ရပ်ဖြစ်သော အခြားနိုင်ငံများ၏ အတွင်းရေးကို သိရှိရန်အတွက် ဘုရင်ကိုယ်တိုင် ကြိုးပမ်းမှုဟုလည်း ဆိုကြ၏။ အချို့ကမူ နိုင်ငံတကာသို့ လှည့်လည်ခွင့်ရသော ဓာတ်သမားပုံစံဖြင့် ဝေသာလီသို့ သွားခဲ့ခြင်းမှာ ဝေသာလီ၏ ကျော်ကြားသော အလှမယ် အမ္ဗပါလီကိစ္စကြောင့်ဟုလည်း ပြောကြ၏။

မည်သို့ဆိုစေ ဘုရင်ကြီးသည် ဂီတသဘင် အမျိုးသားယဉ်ကျေးမှုဆိုင်ရာ အနုပညာ၌ ဝါသနာသက်ဝင်လှသည်မှာကား သေချာသည်။ အကြောင်းသော်ကား...ဘုရင့်နန်းတော်၌ နိုင်ငံတော်နှင့်တကွ အမြို့မြို့ အနယ်နယ်မှ ဂီတသဘင် အနုပညာရှင်တို့၏ အနုပညာ အပြိုင် ပွဲတော်ကြီးကို တစ်နှစ်တစ်ကြိမ် နွေရာသီ တပေါင်းပွဲတော်နှင့် ဆက်၍ ခုနစ်ရက် ခုနစ်လီ ကျင်းပမြဲဖြစ်သောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



အနုပညာရှင်တို့၏ အပြိုင်ပွဲတော် ဆိုသော်လည်း ဘုရင့်နန်းတွင်းပွဲတော်၊ မျက်နှာကြီး ပရိသတ်၏ပွဲတော် ဖြစ်သည့်အလျောက် နိုင်ငံတော်၏ ထိပ်တန်း ပညာရှင်အဖွဲ့ကြီးများသာ ကျက်စား ယှဉ်ပြိုင်နိုင်ကြသည်။ ဤပွဲတော်ကို ရည်မှန်း၍ ပညာရှင်အဖွဲ့ကြီးများသည် ဇာတ်လမ်းဇာတ်ကွက်၊ ကကြိုးကကွက်၊ အခမ်းအနား သစ်၊ ဂီတသစ်များကို နှစ်စဉ် ကြိုးပမ်းတီထွင်ကြသည်။ မိမိတို့အဖွဲ့အတွက် ပညာရှင် လူကောင်း သူကောင်းများကို သူ့ထက်ငါရ ခေါ်ငှား ဖြည့်တင်းကြ သည်။

ပညာသည်တို့အဖို့ ကြိုးစားသလောက်လည်း အမြတ်ထွက်သော ပွဲတော် ဖြစ်၏။ အကြောင်းမှာ... သဘင်အဖွဲ့များအတွက် ထုံးစံသတ်မှတ်သည့် အခ နှုန်းထားမျှသာမက သူဌေး သူကြွယ်တို့ ပေါများ၍ ဖွံ့ဖြိုးသော နိုင်ငံတာ် ဖြစ်သည့် အလျောက် အဖွဲ့တစ်ဖွဲ့၊ သို့မဟုတ် ပညာသည်တစ်ဦး ထူးချွန်လာပြီဆိုလျှင် မျက်နှာကြီးတို့က ဝိုင်းဝန်း၍ ချီးမြှောက်ပေးကမ်းအပ်သော လာဘ်လာဘပင်လျှင် တနင့်တပိုး ရရှိတတ်သည်။ ဘုရင်မင်းမြတ် ကိုယ်တော်တိုင် ချီးမြှောက်အပ်သော လာဘ်လာဘနှင့် ဂုဏ်ထူး အမည်ထူးများလည်း ရရှိတတ်၏။

ယခုနှစ်အဖို့ကား ဘုရင့်ပွဲတော်တွင် ပါဝင်နေကျ ရာဇဗြိုဟ်၏ အစဉ်အလာ ထိပ်သီးပညာရှင် အဖွဲ့ကြီးတို့ အထူးပင် တုန်တုန်လှုပ်လှုပ် ဖြစ်ကြရသော နှစ်ပေ တည်း။

အကြောင်းသော်ကား ရာဇဗြိုဟ်၏ မြောက်မြားစွာသော သဘင်အဖွဲ့ငယ်များ အနက်မှ အဖွဲ့ငယ်တစ်ခုတွင် မီးခဲပြာဖုံး အနုပညာမယ်ကလေးတစ်ဦး ပေါ်ပေါက် ခဲ့ရာ၌ အသက်အရွယ်လည်းကြီး ပစ္စည်းလည်း ပြည့်စုံသောကြောင့် ဇာတ်သဘင် လုပ်ငန်းမှ ရပ်နားနေခဲ့သော နာမည်ကျော် အနုပညာသည် ဇာတ်ဆရာကြီး တစ်ဦးသည် ယင်းအနုပညာမယ်ကလေးကို တွေ့ရှိခဲ့ရာတွင် အနုပညာမယ် ကလေး၏ "တောက်မည့်မီးခဲ စားဖို့နှင့်ရဲရဲ"ဆိုသော စကားကဲ့သို့ အရောင်တင်ပေး လျှင် ပေးသလောက် လျှမ်းလျှမ်းတောက် ထွန်းတောက်အံ့သော အရည်အသွေး ကို သိမြင်ကာ ဇာတ်ဆရာအိုကြီးအဖို့ အနုပညာ ငယ်မူငယ်သွေးများ ပြန်လည် ပေါ်ပေါက်လာကာ ယင်းအနုပညာမယ်ကလေးအား "အတုလကာရီ စံရှားမယ်" ဟူသော အမည်သစ်ပေး၍ ဇာတ်အဖွဲ့သစ်ကြီး တစ်ခုကို တည်ထောင်ခဲ့ရာ ဇာတ် ဆရာကြီး မျှော်မှန်းသကဲ့သို့ အတုလဒေဝီ အတုလကာရီ စံရှားမယ် စံရှားမယ်

www.burmeseclassic.com

www.burmeseclassic.com



ဟူသော အမည်မှာ ရာဇဂြိုဟ်မြို့တော် တစ်ခွင်တွင် ထင်ထင်ကြွားကြွားကြီး ပေါ်ပေါက်လျက်ရှိသောနှစ် ဖြစ်သောကြောင့်တည်း။

စာပေ ပန်းချီတို့ အပါအဝင် ဓာတ်သဘင် ဂီတ စသော အနုပညာရှင်တို့ မည်သည်မှာ ရှေးဦးစွာ ပင်ကိုအရည်အသွေး ရှိရသည်။ ပင်ကိုအရည်အသွေး ရှိအောင် ကြိုးစားကြရသည်။ အရည်အသွေး ရှိပြီးသည့်နောက် ယင်းအရည်အသွေး ကို မြေတောင်မြှောက်ပေးမည့် အမှီသဟဲလိုသည်။ အရည်အသွေးလည်းရှိ၊ အမှီသဟဲလည်း ရှိပြီးသည့်နောက်တွင် အနုပညာပန်း ပွင့်လန်းရန်အတွက် အခြား သော အကြောင်းအချက်တစ်ရပ် လိုပြန်သေးသည်။

ယင်းအကြောင်းအချက်ကို ဓာတ်သဘင်လောက ဝေါဟာရအားဖြင့် "စန်း"ဟု ခေါ်၏။ အများ နားလည်သော ဝေါဟာရဖြင့်ဆိုသော် အနုပညာကံ ဖြစ်သည်။

အကြင်အနုပညာသည်တစ်ဦးအဖို့ အရည်အသွေးလည်း ရှိပါလျက်၊ အမှီ ကောင်းလည်း ရပါလျက် "စန်း"မရှိသောကြောင့် မြုပ်ကွယ်၍သွားရသော အနု ပညာသည်ပေါင်း မြောက်မြားစွာ ရှိခဲ့သည်။ စံရှားမယ်အဖို့ကား နေသင့်ကြာငုံကဲ့သို့ အင်္ဂါစုံပွင့်လန်းလာသော သူတည်း။

ရာဇဂြိုဟ်တစ်ခွင်တွင် အတုလဒေဝီ စံရှားမယ် ဟူသော အမည်မှာ သာမန် အရပ်သူ အရပ်သား၊ ဈေးသူ ဈေးသားတို့ အပထား၍ ထိပ်တန်း သူဌေး သူကြွယ် အရာရှိ အရာခံတို့ လောကတွင်ပင် မွှေး၍နေသည်။ အမျိုးသမီးလောက ထက် အမျိုးသားလောကတွင် ပို၍မွှေးသည်။ အကြောင်းမူကား...စံရှားမယ်၏ အလှသည် အမျိုးသား ကြီးငယ်တို့ကို ပိုင်ပိုင်နိုင်နိုင် ဖမ်းစားနိုင်သည်။ ဓာတ်ကွက် ဓာတ်လမ်းအလျောက် လှုပ်ရှား ကပြမှုကို အပထားဦး၍ သူ့အလှည့်ရောက်ချိန် စံရှားမယ်ထွက်၍ ကိုယ်ရောင်ပြလိုက်သည်ဆိုလျှင်ပင် အမျိုးသားပရိသတ် တစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်မြဲဖြစ်သည်။

စံရှားမယ်က လှသည်၊ နုပျိုသည်၊ ကျစ်လျစ်သည်။ ဖျတ်လတ်စရာရှိလျှင် သမင်ပျိုမကလေးလို ဖျတ်လတ်၍ နွဲ့စရာ ပျောင်းစရာ ရှိလျှင် ကိန္နရီမလေးလို နွဲ့ပျောင်းသည်။

ကောင်းစွာ သင်ကြားထားအပ်သော ဆရာကောင်းတပည့် ဖြစ်သည့်အတိုင်း စံရှားမယ်က ပရိသတ်၊ အထူးသဖြင့် ယောကျ်ားပရိသတ်ကို ဖမ်းစားမှုအတတ်တွင် လည်း ပိုင်နိုင်လှ၏။ ပိုင်နိုင်သည့်အလျောက်လည်း စံရှားမယ်တို့ ကပြသည့်

www.burmeseclassic.com

www.burmeseclassic.com



နေရာတိုင်းတွင် ယောကျ်ားပရိသတ်တို့ တရုန်းရုန်း တသောသော ဖြစ်လျက်ရှိသည်။

သို့ရာတွင် ယင်းသို့ တရုန်းရုန်း တသောသောဖြစ်မှု ဟူသည်မှာ အကြင် အနုပညာရှင်တစ်ဦး၏ အောင်မြင်မှု အလုပ်သဘောမျှသာဖြစ်၍ အနုပညာရှင် အနေဖြင့် မိမိပညာဖြင့် ဖြန့်ကြက်အပ်သော ကွန်ရက်အတွင်းသို့ ပရိသတ်ကို ဖမ်းစားနိုင်မှုသည်သာ အဓိကဖြစ်သည်။

ပရိသတ်အနေဖြင့်လည်း မိမိတို့နှစ်သက်အပ်သော အနုပညာအရည်အသွေး ကို ခံစားရသည်ဆိုလျှင် ပြီးစီးသည်။ တပ်မက်စွာ နှစ်သက်အပ်သော ယောကျ်ား ပရိသတ်ပင် ဖြစ်စေဦးတော့ ပွဲပြီးမီးသေ သဘောမျှသာ ဖြစ်သည်။ ပစ္စည်းရှင် ရာထူးရှင် သူဌေး သူကြွယ် မင်းပိုင်းစိုးပိုင်းမှ ယောကျ်ားများအဖို့ဆိုသော် ဇာတ်သမ တစ်ဦးအပေါ်၌ တဒင်္ဂဖျော်ဖြေမှု သဘောမှတစ်ပါး အဘယ်ပုံ အလေးအနက် သဘောထားနိုင်ကြပါမည်နည်း။ ဤကား အနုပညာရှင် ဇာတ်သမများ၏ သဘာဝ အလျောက် နားလည်ထားကြသော သဘောထားဖြစ်၏။

ပစ္စည်းရှင် ရာထူးရှင် မင်းပိုင်းစိုးပိုင်းစသော ဂုဏ်သရေရှိ ယောကျ်ားများ အပထား၍ သာမန် အရပ်သူ အရပ်သား ယောကျ်ားများကပင်လျှင် အဘယ်မျှ ချော‌မော၊ အဘယ်မျှ နာမည်ကြီးသော ဇာတ်သမကိုဖြစ်စေ အလေးအနက် သဘောထားခဲ့သည်။ ထို့ပြင် မိမိအနုပညာနှင့် မိမိအလုပ်ကို တန်ဖိုးထားသော ဇာတ်သမများအဖို့ အရပ်သား ယောကျ်ားများကို အလုပ်ခွင်တွင် တပ်မက်အောင် ဆွဲဆောင်မှုမှတစ်ပါး ပြင်ပတွင် အကပ်ခံခဲ့သည်။

ထို့ကြောင့်လည်း ဇာတ်သမများသည် အချိန်တန်၍ အိမ်ထောင်ပြုကြလျှင် မိမိတို့ အနုပညာသည်အချင်းချင်းသာ ပြုကြသည်များ၏။ ဤစည်းကမ်းကို မစောင့်စည်းနိုင်သော ဇာတ်သမတစ်ဦးသည် ရာထူးစည်းစိမ် စသည့် အကြောင်း တစ်ခုခုကို မက်မော၍ ပြင်ပအရပ်သားတစ်ဦးနှင့် အိမ်ထောင်ပြုမိသည်ဆိုအံ့၊ ထိုဇာတ်သမအဖို့ ဘဝအခြေ ပျက်ရတော့သည်သာ များသည်။

အကြောင်းမူကား...အဆင်း၊ အသံ၊ ဟန်အမူအရာ စသော တဒင်္ဂ စွဲမက်စေမှု တံလှပ်ကို ရေထင်မိသော ယောကျ်ားတို့အဖို့ အတုဇာတ်ခုံမဟုတ်သော တကယ့် ဇာတ်ခုံတွင် မဝင်ဆံ့တတ်သော အကြင်ဇာတ်သမအပေါ်၌ စိတ်ကူးအိပ်မက်မှ နိုးထလာသောအခါ အစေးကွာလာတတ်သည်။ စိတ်ကူးအိပ်မက်မှ မနိုးဘဲ အကယ်စွဲမက်နေသည် ဆိုလျှင်လည်း ပင်ကိုအားဖြင့် အထင်သေးထားသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မျက်စိစိမ်းစိမ်းဖြင့် ဆက်ဆံတတ်ကြသော ပတ်ဝန်းကျင်ကြောင့် ပြင်ပလောကတွင် အခက်ကြုံရတတ်သည်။

ထို့ကြောင့် မိမိအနုပညာကို တန်ဖိုးထား၍ အနုပညာမာန်ရှိသော ဇာတ်သမများသည် အရပ်သား ယောကျ်ားမှန်သမျှအား အလုပ်ခွင်တွင် တတ်နိုင်လျှင် အရည်ပျော်ကျလာစေအောင်ပင် မိမိအနုပညာဖြင့် ဖမ်းစားမှုမှတစ်ပါး တကယ့်အချစ်စခန်း ဘဝအဖော်စခန်းတွင်မူ တန်ဖိုးထားခဲ့သည်။ တစ်နည်းနည်းဖြင့် ချဉ်းကပ်လာသည်ဆိုလျှင်လည်း နည်းပရိယာယ်မျိုးစုံဖြင့် ရှောင်တိမ်းနိုင်တတ်ကြသည်။

[ ၂ ]

အတုလကာရီ စံရှားမယ်ကလေးသည်ကား အနုပညာမာန် အပြည့်ရှိသူတည်း။ ဇာတ်ခုံနောက်သို့ တရုန်းရုန်းဖြင့် ရောက်လာကြသော ယောကျ်ားမျိုးစုံကို ပရိယာယ်မျိုးစုံဖြင့် ရှောင်နိုင်ခဲ့သူ ဖြစ်သည်။ သို့သော် သည်လုလင်ပျို တစ်ယောက်ကို ရှောင်ဖို့ကတော့ အတော့်ကိုခက်နေသည်။ အနုနည်းဖြင့် ရှောင်၍လည်းမရ၊ အကြမ်းနည်းဖြင့် ခြောက်၍လည်းမရ၊ ကျားပိန်တွယ် တွယ်နေသောကြောင့် ဖြစ်သည်။ ထိုလုလင်ပျိုသည်ကား ရာဇဂြိုဟ်၏ မျက်နှာကြီးပိုင်းတွင် ရုပ်ချောသဘောကောင်း အပေါင်းအသင်း ဝင်ဆံ့သောကြောင့် အမည်မွေးလျက်ရှိသော သူဌေးသား ဥဂ္ဂါသေနဖြစ်သည်။

ဇာတ်သမများ ထံသို့ ချဉ်းကပ်လွန်းလှသော ပြင်ပယောကျ်ားများအား စည်းကမ်းရှိသော ဇာတ်သမများသည် အနုနည်းမျိုးစုံဖြင့် ရှောင်တိမ်း၍ မရခဲ့သော် အကြမ်းနည်းဖြင့် ခြိမ်းခြောက်ဟန့်တားတတ်သည်။ အနုနှင့်မရလျှင် အကြမ်းနည်းဖြင့် ဟန့်တားစေရန် စံရှားမယ်ကဲ့သို့သော အညွန့်အဖူးကလေးများအတွက် ဇာတ်အဖွဲ့တွင် ယက္ခဂုမ္ဘန် အပြည့်ရှိ၏။ သို့သော် သည်လုလင်ကလေးကမူ အနုဖြင့်လည်းမရ၊ အကြမ်းဖြင့်လည်း ခြိမ်းခြောက်၍မရ။ ညဥ့်မရှောင် နေ့မရှောင် ကျားကုတ်ကျားခဲ တွယ်ကပ်နေသည်။ တွယ်ကပ်လိုက်သည်မှာ ဇာတ်သားတစ်ယောက်မဖြစ်ရုံတစ်မယ်မျှ ရှိတော့သည်။

အတုလကာရီကို တွယ်ကပ်နိုင်ရန်အတွက် နီးစပ်ရာ ဇာတ်သူဇာတ်သားများအပေါ်တွင် အကုန်အကျခံကာ စည်းရုံးလိုက်သည်မှာလည်း သောက်သောက်လဲမျှ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အကုန်အကျခံနိုင်သော သူဌေးသားလည်း ဖြစ်၏။ အရွယ်ကလေးကလည်း ရှိ၏။ ရုပ်ကလေးကလည်း ရှိ၏။ ပြင်ပတွင် မည်သည့်ထိတ်ထိတ်ကြဲ အမျိုးသမီးကိုမဆို ခေါင်းခေါက်၍ ယူနိုင်သော အရွယ်ကောင်း သဘောကောင်း ရုပ်ချော သူဌေးသား ဖြစ်ပါလျက် လူတိုင်းကို မျက်နှာချိုသွေးရသော ဇာတ်သမ တစ်ယောက်ကို ဤမျှ သဲသဲမဲမဲဖြစ်နေသောအခါ လုလင်ပျို၏ မေတ္တာကို ဇာတ်သူ ဇာတ်သားများကပင် အလေးထားလာကြရသည်။

အတုလကာရီ ကိုယ်တိုင်ကလည်း သနားသလိုလို ရှိလာပါ၏။ သို့ရာတွင် မိမိတို့၏ ဖမ်းစားတတ်သော အဆင်း အသံ၊ အနုပညာတည်းဟူသော အတတ်ပညာတို့ဖြင့် အကြင်ယောကျ်ားတစ်ယောက်အား ဖမ်းစားမိရာ၌ တကယ်တမ်း ဆိုသောအခါ ပင်ကိုကပင် လေးလေးစားစား မဟုတ်မှုကြောင့် အချစ်ပြယ်ကာ မိမိတို့မှာသာ အရည်အသွေးအပျက်ခံရခြင်း၊ ယင်းသို့မဟုတ်မူ၍ အကယ်ချစ်ပါသည် ဆိုသောအခါတွင်လည်း လင်ထက်ချစ်သော မိမိ၏အနုပညာကို စွန့်ပစ်ရတတ်ခြင်း စသော အနုပညာရှင် သမိုင်းအဆက်ဆက်မှ အစ်မကြီးများ၏ ထုံးကို မပြတ်နှလုံးမူမိသောကြောင့် သူက တမ်းတမ်းစွဲသလောက် မိမိကလည်း ကိုဥက္ကါ အပေါ်၌ အနုညာအသိဖြင့် တမ်းတမ်းတင်းတင်းပင် နေခဲ့ရ၏။

ဤအတွင်း ဇာတ်အဖွဲ့တွင် နေ့မရှောင် ညဉ့်မရှောင် တောက်တဲ့ကပ် ကပ်နေသော မောင်ဥက္ကါ၏ ပြဿနာကို ဆရာကြီး သိသွားသောအခါ ဆရာကြီး၏ အစီအမံကြောင့် ဤပြဿနာ ရှင်းသွားမယောင်ရှိသည်။ အကြောင်းကား နေ့တွင်ဖြစ်စေ၊ ညဉ့်တွင်ဖြစ်စေ အခွင့်အမိန့်ရမဲ့ ဇာတ်ခုံနောက်ပိုင်း ဇာတ်အဖွဲ့ အတွင်းသို့ မည်သူ့ကိုမျှ အဝင်မခံစေရဟူသော သံမဏိစည်းမျဉ်း ချမှတ်လိုက်သော ကြောင့်တည်း။ ဤမျှသာမဟုတ်၊ ဇာတ်အဖွဲ့တွင် ခြေရှုပ်စေသော အတုလကာရီ ကိုလည်း နေ့ပိုင်းတွင် တစ်နေရာသို့ ပို့ထားလိုက်သည်။

ဤနည်းဖြင့် ဤပြဿနာ ရှင်းသွားသယောင် ရှိပါ၏။ ဘုရင့်နန်းတွင်း ပွဲတော်ရက်သို့ ရောက်လာသဖြင့် နေရာဌာန အရှိန်အဟုန်ကြောင့် အခြားသော ရွှေစွန်ညိုကြီး ရွှေစွန်ညိုလေးတို့ ပြဿနာမှလည်း ကင်းဝေးကာ ခန့်ခန့်သန့်သန့် ကပြနေဆဲ တစ်နေ့ခင်းတွင် မျက်နှာကြီးပိုင်းမှဖြစ်ဟန်ရှိသော လူကြီးနှစ်ဦးတို့က မောင်ဥက္ကါကိစ္စအတွက် ဇာတ်ဆရာကြီးထံတွင် အရေးဆိုလာသည်ကို တွေ့ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ သဘင်သည်တွေဆိုတာ အကြောင်းကိစ္စ တစ်စုံတစ်ရာ ကြုံလာရင် ဆူးကျလည်း ဖက်ပေါက်၊ ဖက်ကျလည်း ဖက်ပေါက်ဆိုတဲ့ ဖက်မျိုးတွေပါ ခင်ဗျား။ သူဌေးမင်း ကိုယ်စားလှယ်ကြီးတို့ အရေးဆိုလာတဲ့စကားကို ကြားရတာဟာ အင်မတန် ဝမ်းသာစရာကြီးပါပဲ။ နို့ပေမယ့် ကျွန်တော်တို့နဲ့ မတန်မရာကိစ္စ ဖြစ်နေပါတယ်"

"ဒီလိုလည်း သဘောမထားပါနဲ့ ဆရာကြီး၊ ဆရာကြီးပြောတဲ့စကားဟာ ယေဘုယျသဘောတော့ မှန်ပါတယ်။ နို့ပေမယ့် ကျွန်တော်တို့ သူဌေးမင်းရော၊ ကျွန်တော်တို့ပါ အနုပညာနဲ့ အနုပညာရှင်တွေကို တန်ဖိုးထားတတ်ကြတဲ့သူတွေပါ။ အခုကိစ္စကတော့ အထူးကိစ္စဆိုပါတော့ခင်ဗျာ။ ဒီသူငယ်မှာ အတုလကာရီနဲ့သာ ကွဲရမယ်ဆိုရင် သေပွဲဝင်ရကိန်း ကြုံနေပါတယ်"

"ဒါကတော့ လူကြီးမင်းတို့စကား တစ်ဆိတ်များလွန်းသွားပြီထင်ပါ့"

"မများပါဘူး ဆရာကြီး၊ ဝေကန် အမှန်စကားပါ။ မယုံလို့ ဆရာကြီး ကိုယ်တိုင်များ လိုက်ကြည့်နိုင်လျှင် အမှန်ကို တွေ့ရပါလိမ့်မယ်။ ဆရာကြီးသမီးကို မရလျှင် အသေခံတော့မည်ဆိုပြီး အစာရေစာ ဖြတ်ထားသည်မှာ ခြောက်ရက်ပင်ရှိခဲ့ပါပြီ။ ဆရာကြီးထံ ကျွန်တော်တို့ အခုလာရတာဟာ ဒီသူငယ်ရဲ့သေရေးရှင်ရေး ကိစ္စပါ ခင်ဗျား"

"ဪ...ဒါလောက်တောင်ပဲကိုး"

"အမှန်ပါပဲ ဆရာကြီး"

"ဒီသူငယ်ကို ကျွန်တော် သတိပြုမိခဲ့တာ ကြာပါပြီ။ အမှန်ပြောရရင် သမီးကိုတောင်မှ ဒီသူငယ်ကို သတိထားဖို့ ပြောထားရပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ယောကျ်ားဆိုတာ အထူးသဖြင့် မင်းပိုင်းစိုးပိုင်း ဂုဏ်ကြီးရှင်ပိုင်းက ယောကျ်ားတွေဆိုပါတော့။ ကျွန်တော်တို့ သဘင်သည်များအပေါ်မှာ အိုင်တွေ့ရင် ခြေဆေးမယ်ဆိုတဲ့ အပျော်အပါးပုံစံမျိုးနဲ့ ချဉ်းကပ်လာတတ်ကြပါတယ်။ နို့ပေမယ့် ကျွန်တော့် သမီးလေးက လုပ်ငန်းခွင်မှာ ဘယ်လိုပင်ဆွဲဆောင်ပြသရပေမယ့် တကယ့်ကိုယ်ရေးကိုယ်တာနဲ့ ပတ်သတ်လာရင်တော့ အင်မတန်စည်းကမ်းကြီးခဲ့ပါတယ်။ ဒီသူငယ်ကို ကျွန်တော် သတိပြုခဲ့မိတာမှာတော့ သူများတကာလို ပေါ့ပေါ့တန်တန်နဲ့ ချဉ်းကပ်လာတာ မဟုတ်ဘူး။ စိတ်ရင်းသဘောမှန်နဲ့ ချဉ်းကပ်လာတာ အကဲခတ်မိလို့ သမီးကို သတိပေးခဲ့ရတာပါ။ အခုတော့ အခြေအနေက တစ်မျိုးဖြစ်ပြီး လူကြီးများ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တောင် ရောက်လာတယ်ဆိုတော့ ကျွန်တော်တို့က ငြင်းပယ်နေစရာ မရှိပါဘူး။ သို့သော် တစ်ဖက်နဲ့တစ်ဖက် စည်းကမ်းကလေးတော့ ပြောကြပါဦးစို့"

"အမိန့်ရှိပါ ခင်ဗျာ၊ ကျွန်တော်တို့ဘက်က အနေနဲ့တော့ ဆရာကြီးရဲ့သမီးကို ကြိုက်တဲ့နည်းနဲ့ အကုန်အကျခံပြီး လက်ထပ်ယူပါ့မယ်။ လက်ထပ်ပြီးတဲ့အခါမှာ လည်း "ရွှေပေါ်မြတင် ဆိုသလို..."

"ကျွန်တော် နားလည်ပါပြီ။ လူကြီးမင်းတို့ဘက်က ဒီလိုပြောလာမယ်ဆိုတာ ကြိုတင်တွက်ပြီးသားပါ။ ကျွန်တော်တို့ဘက်က သဘောထားကို ခပ်ပြတ်ပြတ်ပဲ အစီရင်ခံပါ့မယ်၊ နားဆင်တော်မူပါ"

"လောကမှာ စည်းစိမ်ဂုဏ်သိန်ဆိုတာ လိုအပ်ပေမယ့် ငွေကြေးစည်းစိမ် ထက် အရေးကြီးတဲ့အရာတွေ ရှိပါသေးတယ်ခင်ဗျာ။ ကျွန်တော်တို့သဘောထားကို တိတိကျကျပြောရရင်တော့ ကျွန်တော်တို့ဟာ ငွေကြေးစည်းစိမ်ဂုဏ်သိန် ဆိုတာတွေ ထက် အနုပညာကို ပိုပြီးတန်ဖိုးထားပါတယ်။ အတုလကာရီဟာ လက်ထပ်ပြီးတာနဲ့ တစ်ပြိုင်နက် သူ့အနုပညာလုပ်ငန်းကို စွန့်ပစ်လိုက်ရမယ် ဆိုတာကတော့ မဖြစ် နိုင်ပါဘူး။ ဒီတော့ ရှည်ရှည်ဝေးဝေး မပြောတော့ပါဘူး။ အပြီးအပိုင် ပြောလိုက်ပါ့ မယ်။ လူကြီးမင်းတို့ဘက်က ပစ္စည်းဥစ္စာ တစ်စုံတစ်ရာ ပါသည်ဖြစ်စေ၊ မပါသည် ဖြစ်စေ ဒီသူငယ်ဟာ လက်ထပ်ပြီးတဲ့အခါမှာ ကျွန်တော်တို့နဲ့ လက်ရေတစ်ပြင်စီး ကျွန်တော်တို့နောက်ကို လိုက်နေနိုင်မယ်ဆိုရင် ပေးစားပါ့မယ်"

"ဒါကတော့ ခင်ဗျာ..."

"ပြင်ဆင်ချက်မဝင်ပါနဲ့တော့ လူကြီးမင်းခင်ဗျား၊ လူငယ်တို့မည်သည် တစ်နေ့ နေ့တွင် တစ်ယောက်ယောက်နဲ့ လက်ဆက်ကြမယ့်အတူတူ ဒီသူငယ်ရဲ့ စိတ် စေတနာနဲ့ နဖူးရေ ဒူးရေကို ကြည့်ပြီး ကျွန်တော်တို့ဘက်က အလိုက်လျောနိုင်ဆုံး စည်းကမ်းပါ။ ဒီအချက်ကို သဘောတူနိုင်မယ်ဆိုရင် ကြိုက်တဲ့နေ့ကောင်းရက်သာ ရွေးပြီး ကြွကြဖို့ပါပဲ"

## [ ၃ ]

သူဌေးကိုယ်စားလှယ်ကြီးများ သက်ပြင်းချ၍ ပြန်သွားကြသည်။ ဇာတ်ဆရာ ကြီး ခွင့်ပြုသည့်အတိုင်း ကြွခဲ့ကြပါ၏။ သို့သော် မောင်ဥက္ကာ၏မိဘများ မပါ။ အတုလကာရီအပေါ်တွင် မေတ္တာစစ် မေတ္တာမှန်ဖြင့် ဖွဲ့ကောင်းကောင်းနှင့် တင်းခံခဲ့

www.burmeseclassic.com

www.burmeseclassic.com



သော မောင်ဥက္ကါ၏အလိုကို မိဘများက တတ်နိုင်သလောက် လိုက်လျောလိုက်သော်လည်း တစ်ဖက်တွင် ဓာတ်သမကိုမှ ကြိုက်ရသော်ကောဟု မိဘအလိုကို ပုန်ကန်သည့် သားဆိုးအဖြစ် ပစ်ပယ်လိုက်ကြသည်။ ထို့ကြောင့် မကောင်းရာမကောင်းကြောင်း လူကြီးများ အသိုင်းအဝိုင်းဖြင့် မောင်ဥက္ကါနှင့် အတုလကာရီတို့ လက်ထပ်လိုက်ကြကာ မောင်ဥက္ကါအဖို့ စည်းစိမ်ရှင် သူဌေးသားအဖြစ်မှ ဓာတ်အလုပ်သမား တစ်ယောက်အဖြစ်သို့ ကျရောက်သွားသည်။

ကျရောက်ပါစေ။ မေတ္တာစစ် မေတ္တာမှန်တို့မည်သည် ဖြစ်နိုင်သမျှကို အစွမ်းကုန် စွန့်လွှတ်စွန့်စားတတ်ကြမြဲ ဓမ္မတာအတိုင်း သူချစ်သော အတုလကာရီအနီးတွင် နေကာ ဓာတ်အလုပ်သမားဘဝကို ပျော်ပျော်ကြီးခံယူသည်။

ဓာတ်သဘင်အလုပ် ဆိုသည်မှာ ရှေ့ပိုင်း မီးရောင်အောက်တွင် ကြည့်၍လှသလောက် နောက်ပိုင်းအလုပ်ခွင်တွင်မူ ထွေလာကိစ္စ အင်မတန်များသောအလုပ်ဖြစ်သည်။

ဓာတ်အလုပ်သမား ဆိုရာ၌လည်း ပညာသည် အလုပ်သမားနှင့် ရိုးရိုးအလုပ်သမားဟူ၍ နှစ်မျိုးရှိသည်။ ပညာသည် အလုပ်သမားမှာ ဓာတ်ခုံရှေ့ပိုင်းတွင် တာဝန်ကြီး၍ နာမည်ကြီးသလောက် ဓာတ်ခုံနောက်ပိုင်းတွင် သက်သက်သာသာ နေရသည်။ ရိုးရိုးအလုပ်သမားအဖို့မူ လုပ်ရန်ရှိသမျှကို ကျုံး၍လုပ်ရသည်။ အလုပ်တာဝန်များကို ဓာတ်ဆရာကြီးက စီမံခန့်ခွဲပေးထား၏။

မောင်ဥက္ကါအဖို့ မင်းသမီးယောကျ်ား ဖြစ်စေကာမူ ဆရာကြီး စီမံခန့်ခွဲပေးထားသော အလုပ်တာဝန်များမှာ ကျိုးနွံအောင် တမင်စေခိုင်းလေရော့သလား မသိ၊ သေးနုပ်လှသည်။

တစ်နေရာမှ တစ်နေရာသို့ ဓာတ်အဖွဲ့ကို လှည်းများဖြင့် ရွှေ့ပြောင်းသောအခါ လှည်းပေါ်သို့ ဓာတ်ပစ္စည်းများကို ထမ်းပိုး၍ တင်ပို့ရသည်။ လှည်းများ ရပ်နားလျှင် နွားများကို ထိန်းကျောင်းရသည်။ ဓာတ်ကသည့်အချိန်များတွင် ဓာတ်သူဓာတ်သားများအတွက် ချက်ပြုတ်သော စားဖိုအသိုင်းဝိုင်း၌ တာဝန်ယူရသည်။ လှည်းပေါ်သို့ ဓာတ်ပစ္စည်းများ တင်ပြီးဆိုလျှင် အတုလကာရီ၏ ခန့်ခွဲမှုအရ အတုလကာရီ၏ ထဘီအဝတ်မကျန် ဓာတ်ပစ္စည်း၊ အရပ်ပစ္စည်းသေတ္တာများ၊ ဖာများကို နေရာကောင်းရရန် အရင်သယ်ပို့ပေးရသည်။ အတုလကာရီ စသော မင်းသမီး၊ မင်းသား ဓာတ်ဆောင်များသည်ကား ပစ္စည်းထိန်းသိမ်းမှုတွင် လက်ဖျားနှင့်မှမတို့။ မောင်ဥက္ကါ

www.burmeseclassic.com

www.burmeseclassic.com



တို့ သိမ်းဆည်းပြင်ဆင် နေရာတကျတင်ပြီးမှ အခန့်သား လိုက်ပါကြသည်။

အချစ်ကိုသာ အဓိကထားသော မောင်ဥက္ကါအဖို့က ဒါတွေအရေးမကြီး။ ပင်ပန်းသည်ဟု မထင်။ အောက်ကျသည်ဟုလည်း မထင်။ အရေးကြီးသယောင် ဖြစ်လာသည်ကား တစ်နေရာမှ တစ်နေရာသို့ လှည်းများဖြင့် ဇာတ်ကူးရာတွင် မောင်ဥက္ကါမှာ လင်ယောက်ျားပင် ဖြစ်သော်လည်း အတုလကာရီနှင့် တွဲ၍ မထိုင်ရ။ အတုလကာရီနှင့် တွဲ၍ထိုင်သူမှာ တစ်ခါတစ်ရံ မင်းသားဖြစ်၍ တစ်ခါတစ်ရံ သီချင်းရေးဆရာတို့၊ ဇာတ်ကွက်စီမံခန့်ခွဲသူတို့၊ ဆိုင်းဆရာတို့ ဖြစ်သည်။ အဓိပ္ပာယ်မှာ နာမည်ကြီးသော အတုလကာရီဇာတ်အဖွဲ့တို့အဖို့ ဇာတ်တိုက်ရန် အချိန်မရှိ။ ခရီးသွားရင်း ဇာတ်ကချိန်ဆိုလျှင်လည်း နေ့လယ်ပိုင်း၊ ညဦးပိုင်း တစ်ချိန်ချိန်တွင် ဇာတ်တိုက်ကြရသည်ဟု ဆိုသည်။

အကြောင်းပြချက် ကောင်းလှသောကြောင့် မောင်ဥက္ကါအဖို့ ယင်းအပြုအမူများကို ခပ်မဆိတ် နေလိုက်ရသော်လည်း များလွန်းတော့ ရင်အောင့်လှသည်။

အထူးသဖြင့် ရင်အောင့်ရသည်မှာ ဇနီးဖြစ်သူ အတုလကာရီက မိမိအပေါ်တွင် မျက်နှာသာမပေး၊ မှန်တမ်းမျှသာ ဆက်ဆံပြောဆို၍ သူတို့ပညာသည်ချင်းအပေါ်တွင်မူ သွက်သွက်လက်လက် ချက်ချက်ချာချာ ဝါစာကမ္မာမျိုးစုံဖြင့် မျက်နှာသာပေးခြင်းပင် ဖြစ်ပေသည်။

ရှိပါစေ၊ ကိုယ်က ချစ်သူမို့ အောင့်၍သာ ခံရတော့မည်။ သို့သော် မောင်ဥက္ကါ မခံမရပ်နိုင်အောင်ဖြစ်ရသော ကိစ္စတစ်ရပ် ပေါ်ပေါက်လာသည်။

မောင်ဥက္ကါ မခံမရပ်နိုင်သောကိစ္စမှာ မိမိချစ်သူကို မပြတ်ရှုမြင်နေလိုသော မောင်ဥက္ကါအဖို့ အတုလကာရီ ဇာတ်ခုံရှေ့ထွက်၍ ကပြနေသည့် အချိန်များတွင် ကန့်လန့်ကာအကြားမှ ကြည့်နေတတ်မြဲဖြစ်ရာ ထိုအချိန်တွင် အတုလကာရီက ဇာတ်ခုံပေါ်မှနေ၍ ဆိုင်းဆရာကို စကားမျိုးစုံ၊ အမူအရာမျိုးစုံဖြင့် တစ်ချက်တစ်ချက်တွင် ဖြတ်၍ မျက်နှာချိုသွေးသည်ကို တွေ့မြင်ရခြင်းပင် ဖြစ်ပေသည်။

နေ့လယ်ပိုင်းတွင် ဇာတ်တိုက်ရင်း တွေ့ရသော ဆိုင်းဆရာ၊ သီချင်းဆရာတို့၏ အမူအရာများကို မောင်ဥက္ကါ သဘောမကျလှ။ အထူးသဖြင့် သူ့လိုပင် ငယ်ငယ်ရွယ်ရွယ်နှင့် ကြာရပ်ပေါက်သော ဆိုင်းခေါင်းဆောင်နှင့် အတုလကာရီတို့ ဆက်ဆံပုံမှာ လိုသည်ထက် ပိုသည်ဟု မောင်ဥက္ကါ ထင်သည်။ အတုလကာရီရော သူတို့ပါ လိုအပ်သည်ထက် အမူအရာပိုသည်ဟုထင်သည်။ ယင်းသို့ အတွင်းပိုင်း

www.burmeseclassic.com

www.burmeseclassic.com



တွင်သာမက ဇာတ်ခုံပရိသတ်ရှေ့ မီးရောင်အောက်တွင်ပင် စကားဖြင့်လည်းကောင်း၊ အမူအရာဖြင့်လည်းကောင်း အပေါ်နှင့်အောက် လှမ်း၍ ထေ့ကြ ညုကြသည်ကို တွေ့ရသောအခါ မောင်ဥက္ကါအဖို့ မခံမရပ်နိုင်အောင် ဖြစ်လာရသည်။

ထို့ကြောင့် တစ်နေ့တွင်မူ မောင်ဥက္ကါထံမှ အတုလကာရီသို့ ရင်ဖွင့်သံထွက်လာရသည်။

"မင်းတို့ဟာက တစ်ဆိတ်တော့ လွန်လွန်းနေပြီထင်တယ် အတုလကာရီရယ်"

"ဘာများ လွန်တာတွေ တွေ့နေလို့တုံး ကိုဥက္ကါ"

"ဒီဆိုင်းဆရာနဲ့ဟာ အပြင်မှာ ဇာတ်တိုက်တယ်ဆိုပြီး ဆက်ဆံတာတွေတော့ထားပါတော့။ အခုတော့ ဇာတ်ခုံရှေ့မှာတောင်မှ မင်းက အပေါ်ကနေပြီး လှမ်းလှမ်းညုနေတာကိုး..."

မောင်ဥက္ကါစကားမဆုံးမီပင် အတုလကာရီက ဟားတိုက်၍ရယ်သည်။ ရယ်ပုံမှာမနှစ်သက်သူနှင့် တွေ့သောအခါ မထီမဲ့မြင် ရယ်နည်းမျိုး လှောင်သံပါသည်။ ခနဲ့ခနဲ့သံ ပါသည်။ အတွင်းသဘော မပါ၊ အပေါ်ယံကြောဖြင့် ဟန်လုပ်၍ရယ်တတ်သော ဇာတ်သမားတို့၏ ရယ်နည်းမျိုးကို မောင်ဥက္ကါ နားလည်သည်။ ယခု ဇာတ်သမားပုံစံဖြင့် မောင်ဥက္ကါစကားကို အလေးအနက်မထား။ စကားမဆုံးမီပင် လှောင်ရယ်ကလေး ရယ်လိုက်သည်ကို ကြားရသောအခါ မောင်ဥက္ကါအဖို့ ပေါက်ကွဲလုမတတ် ဖြစ်သွားရသည်။

"ဘာ...ရယ်တာလဲကွ၊ မင်းတို့အမူအရာတွေ ငါ မမြင်ဘူး၊ မကြားဘူးမှတ်နေလို့လား"

အတုလကာရီက တခစ်ခစ်ဆက်၍ရယ်ရင်း...

"မင်းသမီးကိုယူရင် ဒါမျိုးတွေကို သည်းခံနိုင်ရတယ် ဆရာလေးရဲ့။ အပျိုယောင်ဆောင်ပြီး လူမြင်သမျှကို ကြိုက်အောင်လုပ်ပြရတဲ့ မင်းသမီးအလုပ်ကိုဆရာလေး နားမလည်နိုင်တော့ဘူးလား..."

ပရိသတ်မက်အောင် လုပ်ရတာကို ငါနားလည်တယ်။ ဆိုင်းဆရာကို မက်လုံးပေးနေတာကတော့ ဘာဆိုင်လို့တုံး။ ငါက မပြောချင်လို့ကြည့်နေတာ။ နေ့မှာရောညမှာရော မင်းတို့အမူအရာတွေ ငါမသိဘူးမှတ်လို့..."

"တော်...တော် ကိုဥက္ကါ၊ ရှင့်စကားတွေက လွန်လာပြီ။ ပရိသတ်ထက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဆရာက ပိုအရေးကြီးတယ်ရှင့်။ မင်းသမီးကို ယူထားပြီး အခုလောက် ကြာလာတာတောင် ဒီကိစ္စမျိုးကို ရှင်နားမလည်တာ အံ့ဩဖို့ကောင်းလှတယ်။ ဘာလဲ ဆိုင်းဆရာကို ကြိုက်လို့ ညုတယ်ထင်လို့လား"

"ဇာတ်အဖွဲ့ဆိုတာ အတုလကာရီတို့၊ ဘယ်သူတို့၊ ဘယ်ဝါတို့၊ ဘယ်ကလောက် နာမည်ကြီးပေမယ့် တစ်ယောက်တည်းလုပ်လို့ ပြီးတာမဟုတ်ဘူးရှင့်။ အသိုင်းဝိုင်းက ပို့ပေးမှ အလုပ်ဖြစ်တာ။ အဲဒီအသိုင်းဝိုင်းထဲမှာ ဆိုင်းဆရာဟာ အခရာပဲ။ သူကျေနပ်မှ သူကြည်နူးမှ အလုပ်ဟာ ရှင်လာတယ်၊ ကြွလာတယ်။ သူမကျေနပ်လို့ ပညာပြလိုက်ရင် ဇာတ်ခုံပေါ်ကလူတွေ ဘယ်ကလောက်ပဲ တော်တော်၊ ဘယ့်ကလောက်ပဲ တတ်တတ် အိုးနင်းခွက်နင်း ဖြစ်ကုန်တာပဲ။ ဒါလောက်မှ ရှင် နားမလည်ဘူးလား"

သူ့အကြောင်းပြချက်နှင့် သူတော့ ကွက်တိဝင်နေ၍ မောင်ဥက္ကါအဖို့ စကား ဆက်စရာ မရှိတော့။ မျက်လုံးပုတ်ခတ်နှင့်သာ ငြိမ်နေရသည်။ သို့ရာတွင် ဤ ဆွေးနွေးခန်း၌ မောင်ဥက္ကါနှင့် အတုလကာရီတို့ မေတ္တာအစေးကွာဟချက် ပေါ်လာ သည်။

မောင်ဥက္ကါက အတုလကာရီကို ချစ်စနိုးဖြင့် "ရီရီ"ဟု ခေါ်သည်။ တစ်ခါတစ်ရံ "အချစ်"ဟု ခေါ်၏။ တစ်ခါတစ်ရံ "ကိုယ့်ရွှေမင်းသမီးလေး"ဟု ပြောင်းလဲ၍ ခေါ်ခဲ့သည်။ အတုလကာရီကမူ "ကိုဥက္ကါ"ဟုပင် ခပ်တည်တည် ခေါ်သည်။

ယခုသော် "မင်း"တွေ၊ "ငါ"တွေ၊ "ရှင်"တွေ ဖြစ်လာကြသည်။ အတုလ ကာရီက "ဆရာလေး"ဟုပင် ခနဲ့ခနဲ့ ခေါ်လိုက်သေးသည်။ ဤအချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး ဆက်ဆံမှုမှာ ရှေးကထက် တင်းမာကွာဟလာခဲ့သော်လည်း အတုလကာရီတွင် သားလေးတစ်ယောက် ပေါ်ပေါက် ထွန်းကားလာခဲ့သည်။ အတုလကာရီအဖို့ လင်ဖြစ်သူနှင့် အစေးကွာသော်လည်း သားကလေးကိုမူ အင်မတန် ဂရုစိုက်သည်ကို တွေ့ရသည်။

တစ်ဦးနှင့်တစ်ဦး အစေးမကပ်မှုမှာ လျော့၍မသွား၊ တစ်နေ့တခြား ကြီးမား လာသည်။ စကားဖြင့်လည်းကောင်း၊ အမူအရာဖြင့်လည်းကောင်း အတုလကာရီက မောင်ဥက္ကါအပေါ်တွင် မထီမဲ့မြင်ပြုမူပုံများ တိုးတက်လာသည်။

အတုလကာရီက "ဆရာလေး"ဟု ခနဲ့ခနဲ့ခေါ်ခဲ့သောအသံကို ကြားခဲ့ရသည့် အချိန်မှစ၍ ထိုအသံသည် မောင်ဥက္ကါ၏ ဦးနှောက်တွင် ချိုးကပ်သကဲ့သို့ စွဲ၍

www.burmeseclassic.com

www.burmeseclassic.com



နေခဲ့သည်။ နတ်နှိုးဆော်၍ အခေါ်ခံခဲ့ရသော အသံဟုပင် မောင်ဉက္ကါထင်သည်။ အကြောင်းမူကား မိမိသည် တစ်ဖက်သတ်မေတ္တာဖြင့် မိဘစည်းစိမ်ကိုပင် စွန့်လွှတ်ကာ သူ့အပေါ်တွင် ချစ်ခဲ့မိသော်လည်း သူကမူ ချစ်မေတ္တာ မတုံ့ပြန်လာရုံမက အခါများစွာ မထီမဲ့ပင် အပြုခံနေရသည်။

ယင်းသို့ အပြုခံရခြင်း၏ အကြောင်းရင်းမှာ မိမိတွင် သူ့လိုစွမ်းအင်၊ သူ့လို အနုပညာ မရှိသောကြောင့် ဖြစ်သည်။ ဇာတ်တိုက်သည်ဆိုကာ သူ့အသိုင်းဝိုင်းများ အား မိမိထက် အရေးပေးနေခြင်းမှာ မိမိတွင် သူ့ပညာမျိုး မဲ့နေသောကြောင့် ဖြစ်သည်။

သူ့ပညာသည် ဘယ်ကလောက် ခက်ခဲပါသနည်း။ တကယ်ဆိုတော့ ပညာ ဟူသည် လူချင်းအတူတူ သင်လျှင် တတ်ရမည်။ လုပ်လျှင် ဖြစ်ရမည်။ မိမိမှာ အဆင်းရှိသည်။ အရွယ်လည်း ရှိသေးသည်။ သူ့လိုအနုပညာမျိုးဖြစ်အောင် အဘယ်ကြောင့် မစွမ်းဆောင်နိုင်ရမည်နည်း စသည်ဖြင့် "ဆရာလေး"မှ ဆက်၍ တွေးတောလာသည်။

အတုလကာရီ၏ အနုပညာအစွမ်းမှာ အဆို အကထက် အတောင်လေးဆယ် ခန့်မြင့်သော ဝါးတိုင်၏ထိပ်ဖျား ကြိုးတန်းပေါ်တွင် တက်၍ လှုပ်ရှားကပြခြင်း ကို ပရိသတ်က ပို၍ စွဲမက်ခြင်းဖြစ်ကြောင်း မောင်ဉက္ကါ သိသည်။ ပရိသတ်သည် အတုလကာရီ၏ ကျွမ်းဘားမယ်အဖြစ် ကျွမ်းကျင်မှုပညာကို ရင်သပ်ရှုမော ကြည့်ရှု အားပေးကြခြင်း ဖြစ်သည်။ သူ့ပညာမျိုးကို ဆရာကောင်းရှာ၍ သင်ကြားခဲ့ပါက အမျိုးသမီးဖြစ်သော အတုလကာရီက အတောင်လေးဆယ်မျှကို တက်ပြနိုင်သည် ဆိုလျှင် ယောကျ်ားရင့်မကြီး မိမိအဖို့ သူ့ထက်သာအောင် အဘယ့်ကြောင့် မစွမ်း ဆောင်နိုင်ရအံ့နည်းဟု စဉ်းစားလာသည်။

ထိုအချိန်တွင်ပင် အတုလကာရီသည် ပခက်တွင် ကလေးသိပ်ရင်းဖြင့် မိမိကို စောင်းမြောင်းကာ သီချင်းမဟုတ်သည်ကို သီချင်းလုပ် ဆိုလာသည်ကို ကြားရ သောအခါ မအောင့်အည်းနိုင်တော့ပေ။ မောင်ဉက္ကါ၏ ပေါက်ကွဲမှုသည် ပွင့်ပွင့် လင်းလင်းကြီး ဖြစ်ပေါ်လာသည်။

"အေး...အေး...လူကလေး...အိပ်ပါတော့လေး၊
အေ...အေး...ငါ့သား၊ အိပ်ပါတော့လား...

www.burmeseclassic.com

www.burmeseclassic.com



မယ့်သားလူလေး၊ မယ့်ရွှေသွေးငဲ့
လူရေးမလှ၊ လူ့အန္တနှယ်
ဘဝဖြစ်ရှုံး၊ လူညွန့်တုံးမယ်
လုံးလုံးမွေးမေ…စိုးလှတယ်…
အို…အို…ငါ့သား…အိပ်ပါတော့လား။

သားလှလူလေး၊ မယ့်ရင်သွေးငဲ့
အနှစ်ပညာ၊ မရှိတာမို့
ဖာထဘီထမ်း၊ ပေါ့သွမ်းလူစ
လူ့အန္တနှယ်၊ သားလှရွှေသွေး
ဖြစ်မည်ရေးကို မွေးမေ စိုးရိမ်မိလှတယ်…
အေ…အေ…ငါ့သား၊ အိပ်ပါတော့လား။

မယ့်သားလူလေး၊ မယ့်ရွှေသွေးငဲ့
ပညာမထည်၊ ဉာဏ်မကြွယ်မို့
နောက်ဆွယ်နေရ၊ လူ့အန္တနှယ်
မိန်းမအလုပ်၊ ချက်ပြုတ်ခိုင်းစေ
ကျွန်မွေခံစား၊ ဖြစ်မည်လားဟု
မယ့်သားလူလေး စိုးမိတယ်…
အေ…အေ…ငါသား၊ အိပ်ပါတော့လား။

သားလှလူလေး၊ မယ့်ရင်သွေးငယ်
လူဝယ်နောက်ဆုံး၊ လူမသုံးမို့
လူလုံးမလှ၊ လူ့အန္တနှယ်
တောစ ထင်းခွေ၊ နေကုန်နွားကျောင်း
ကြိမ်းမောင်းခံရ၊ ကျွန်ဘဝသို့
သားလှလူလေး၊ ဖြစ်မည်ရေးကို
မွေးမေတွေးလို့ စိုးမိတယ်
အေ…အေ…ငါ့သား၊ အိပ်ပါတော့လား
အေ…အေ…လူကလေး၊ အိပ်ပါတော့လေး။ ။

www.burmeseclassic.com

www.burmeseclassic.com



အဆင်းမာန်၊ ပစ္စည်းမာန်၊ ဆွေမျိုးမာန် စသော အမျိုးသမီးတို့၏ မာန်အမျိုးမျိုးတို့အနက် အတုလကာရီသည်ကား အနုပညာမာန်ပါ ထပ်လောင်းထားသည်ဟု မောင်ဥက္ကါ မြင်ခဲ့ရာက ယခုသော် သားမာန်ပါ တိုးတက်လာပါပေါ့တကားဟု မောင်ဥက္ကါ မြင်လာသည်။

"မင်းက သားချော့တာ ရိုးရိုးမချော့ဘူး။ ငါ့ကို စောင်းပြီး ဆိုတာပေါ့လေ..."

"ဟား...ဟား၊ ကျားကိုက်ပါတယ်ဆို နာတာရှည်လား ဆိုတာမျိုး ကျနေတာပဲ။ စောင်းပြီးဆိုတာ မဟုတ်ဘူး ဆရာလေးရဲ့။ တည့်တည့်ဆိုတာ၊ တည့်တည့်ဆိုတာ။ ကဲ-သိပြီလား"

"မင်းကို ငါပစ်သွားရင် မင်း အခက်တွေ့နေရစ်တော့မယ်နော်"

ဤစကားတွင်မူ အတုလကာရီက တစ်စုံတစ်ရာ ပြန်၍မပြော။ မောင်ဥက္ကါကို မျက်စောင်းချိတ်၍ ကြည့်ကာ ခနိုးခနဲ့အသံဖြင့် တဟားဟား တဟက်ဟက် ရယ်သည်။ အဆက်မပြတ် ရယ်သည်။ သို့သော် အတုလကာရီ၏ အသံသည် တဖြည်းဖြည်း ဝေး၍ တိမ်၍သွားသည်။ အကြောင်းမူကား အတုလကာရီ၏ ရယ်သံမဆုံးမီပင် ဥက္ကါသေနသည် ချစ်လှပါသည်ဆိုသော ဇနီးကို ကျောခိုင်း၍ တဖြည်းဖြည်း ထွက်ခွာလာခဲ့သောကြောင့် ဖြစ်ပေသည်။

[ ၄ ]

အချစ်ဆိုသည်မှာ ခက်သည်။ အချစ်ဆိုသည်မှာ စိတ်ပင်ဖြစ်၏။ အမုန်းဆိုသည်မှာလည်း စိတ်ပင်ဖြစ်၏။ အချစ်ကို ချေဖျက်နိုင်သော စိတ်မှာ မာနဖြစ်သည်။ အကြောင်းမူကား တဏှာပေမခေါ် အချစ်၊ မာနနှင့် အယူဝါဒဟူသော စိတ်များမှာ အရင်းအမြစ်ကျသော စိတ်သုံးမျိုးဖြစ်သည်။ ဤစိတ်သုံးမျိုးဖြင့် လောကကို တည်ဆောက်၍ ဤစိတ်သုံးမျိုးဖြင့်လည်း လောကကို ဖျက်ဆီးသည်။

အတုလကာရီကို ချစ်မြတ်နိုးခဲ့သော မောင်ဥက္ကါသည် မာနကို ထိခိုက်လာသောအခါ အချစ်ကို စွန့်ပစ်နိုင်ခဲ့သည်။ စွန့်ပစ်ခဲ့ရုံမျှမက ငါ ယောကျ်ားတကားဟူသော မာန်ဖြင့် အတုလကာရီ၏ အနုပညာအတတ်မျိုးကို ဆရာကောင်းရှာ၍ ကြိုးစားလိုက်သောအခါ တစ်နှစ်ခန့်အတွင်းမှာပင် တတ်မြောက်၍ **"ဥက္ကါပျံ့ ဓာတ်သဘင်အဖွဲ့"**ဟူသော အမည်သည် ရာဇဂြိုဟ်တစ်မြို့လုံးကို လွှမ်းဖုံး၍လာခဲ့သည်။ သားဆိုးသမီးဆိုးကို ပစ်ရိုးထုံးစံမရှိသော မိဘများ၏ ပစ္စည်းအကူအညီဖြင့် တောင့်တင်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားသော ဥက္ကါပျံအဖွဲ့ကြီး ပေါ်ပေါက်လာရုံမက မိဘမျက်နှာ အသိုင်းအဝိုင်းဖြင့် ဘုရင့်နန်းတော်တွင်း အနုပညာပြိုင်ပွဲကြီးသို့ ဝင်ရောက်လာနိုင်ခဲ့ပေသည်။

အတုလကာရီတို့အဖို့ ဥက္ကါပျံအဖွဲ့၏ ကောင်းသတင်းကို ကြားရတိုင်း ဆတ်ဆတ်ခါလျက်ရှိနေရာက ကပြမည့်အချိန်နှင့် ကပ်၍ လျှို့ဝှက်ထားသော ပညာအစွမ်းကိုထုတ်ကာ ယနေ့ နေ့လယ် ဥက္ကါပျံမင်းသားသည် အတုလကာရီထက် ပို၍မြင့်သော အတောင်ခြောက်ဆယ် အမြင့်တွင်တက်၍ ကပြမည်ဟု ကြေညာလိုက်သောအခါ တစ်မြို့လုံး ရုတ်ရုတ်သဲသဲပင် ဖြစ်သွားသည်။

ထိုနေ့တွင်ပင် ထူးခြားလှစွာသော သတင်းတစ်ရပ်သည် မောင်ဥက္ကါ၏အထံသို့ ရောက်ရှိ၍လာရာက သတင်းပျံ့လွင့်သွားရာတွင် ဘုရင်မင်းမြတ် ကိုယ်တော်တိုင် နှင့် မင်းညီမင်းသား ဂုဏ်သရေရှင်တို့ အသိုင်းအဝိုင်းသာမက တစ်မြို့လုံး သူ့ထက် ငါဦး အစောကြီးကပင် ဥက္ကါပျံ၏ပွဲကိုကြည့်ရန် နေရာယူထားကြသည်ကို တွေ့ရသည်။ ယင်းသတင်းသည်ကား ဘုရားရှင်ကိုယ်တော်တိုင် ဥက္ကါပျံအစွမ်းကို လာရောက်ရှုစားတော်မူမည်ဟူသော သတင်းပင် ဖြစ်ပေ၏။

ယနေ့နံနက်ပိုင်းတွင် ရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးသည် ဥက္ကါသေနထံသို့ လာရောက်၍ ယနေ့ နေ့လယ်ပိုင်း ကပြမည့် ဥက္ကါသေန၏ပွဲသို့ ဘုရားရှင် ကိုယ်တော်တိုင် ကြွရောက်ရှုစားတော်မူမည်။ သို့ဖြစ်၍ ဥက္ကါသေနက အစွမ်းကုန် ကပြရန် နှိုးဆော်စကား မိန့်ကြားလာသည်ကို မမျှော်လင့်ဘဲ ကြားရသောအခါ ဥက္ကါသေနအဖို့ ဝမ်းမြောက်မဆုံးအောင် ပီတိဖြစ်ရသည်။

ဘုရားရှင်ကိုယ်တော်တိုင် ပွဲကြည့်မည်ဟူသော သတင်းမှာ ဘုရင်မင်းမြတ် ကိုယ်တော်နှင့် ရာဇဗြိုဟ်သားတို့အဖို့ မယုံရခက် ယုံရခက်နှင့် အံ့သြဘနန်း ဖြစ်သွားကြသည်။ သို့ရာတွင် ရှင်မောဂ္ဂလာန်ကိုယ်တိုင် လာရောက်ပို့သော သတင်း ဖြစ်သောကြောင့် ဘုရားလည်းဖူး လိပ်ဥလည်းတူး ဆိုသကဲ့သို့ ဘုရားရှင်ကိုလည်း ဖူးမြင်ရင်းနှင့် ပွဲကြည့်နိုင်ရန် သူ့ထက်ငါသာ နေရာယူလာကြခြင်း ဖြစ်သည်။ စဉ်းစားဉာဏ်ရှိသူအချို့ကမူ ဘုရားရှင်ကိုယ်တော်တိုင် ပွဲကြည့်မည်ဆိုရာ၌ အကြောင်း ထူးတစ်ရပ်ရပ် ရှိပေလိမ့်မည်။ ယင်းအကြောင်းထူးကို သိရှိရန် နေရာယူလာကြသည်။

သို့နှင့် အချိန်ရောက်သောအခါ ဥက္ကါသေနသည် မိမိသင်ကြားထားသမျှ ပညာကို အစွမ်းကုန်ထုတ်၍ အတောင်ခြောက်ဆယ် မြင့်သော တိုင်ထိပ်ကြိုးတန်း

www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ တက်ကာ နည်းမျိုးစုံဖြင့် ပြသခိုက်တွင် ဘုရားရှင်သည် ကောင်းကင်ခရီးဖြင့် ဥဂ္ဂါသေနထံသို့ ကြွရောက်ကာ ဥဂ္ဂါသေနအနီး ကောင်းကင်ပြင်တွင် ရပ်တော်မူသည်ကို ပရိသတ်တို့ ဖူးတွေ့ကြလေရာ အချို့က အသံမျိုးစုံဖြင့် ချီးကျူးသြဘာ ပေးကြသည်။ အချို့ကမူ ဘုရားရှင်အား ထိုင်၍ ရှိခိုးကြသည်။

ဘုရားရှင် ကြွတော်မူလာခြင်းကား အကြောင်းရှိပေ၏။ ယင်းအကြောင်းသည်ကား ယနေ့ပင် ကျွတ်တမ်းဝင်၍ ရဟန္တာဖြစ်လတ္တံ့သော ဥဂ္ဂါသေန၏ အသိဉာဏ်ပွင့်လင်းရင့်မာမှုကို သိရှိတော်မူသော အကြောင်းပင် ဖြစ်ပေသည်။

အတောင်ခြောက်ဆယ်မြင့်သော တိုင်ထိပ်တွင်ပင် ဥဂ္ဂါသေနသည် ကပြမှုကို ခေတ္တရပ်၍ ဘုရားရှင်အား ဦးခိုက်ရှိခိုးမိခိုက် ဘုရားရှင်က ဥဂ္ဂါသေနအား တဏှာမာန၏ အပြစ်ကို ပြတော်မူ၍ သစ္စာလေးပါး တရားတော်ဖြင့် လမ်းခင်းပေးလိုက်သောအခါ ဥဂ္ဂါသေနအဖို့ လောက အတွေ့အမြင်တွင် မျက်စိလည်နေခြင်းမှ ကင်းလွတ်ကာ နိဗ္ဗာန်တည်းဟူသော အငြိမ်းဓာတ်နယ်တွင်းသို့ သက်ဆင်းဝင်ရောက်သွားသည်။

ဤတွင် ဘုရားရှင်က "ငါ့သားရဟန်း၊ လာခဲ့လော့။ ငါဘုရား၏ သာသနာတွင် ငြိမ်းချမ်းစွာနေထိုင်၍ ကောင်းမွန်စွာ ကျင့်လေလော့"ဟု "ဧဟိဘိက္ခု"မိန့်ကြားချက်ဖြင့် နှုတ်မြွက် ခေါ်ဆောင်လိုက်သောအခါ သူဌေးသား ဥဂ္ဂါသေန၊ သို့မဟုတ် ဥဂ္ဂါပျံအဖွဲ့၏ ခေါင်းဆောင်မင်းသား ဓာတ်မင်းသား ဥဂ္ဂါသေနအဖြစ်မှ ရုတ်ခြည်းပင် ပရိက္ခရာရှစ်ပါးကို လွယ်သော ရဟန်းတော် ဥဂ္ဂါသေနအဖြစ်သို့ ကူးပြောင်းကာ ဘုရားရှင် နောက်တော်က လိုက်ပါရင်း ဇေတဝန်ကျောင်းတော်သို့ ကြွချီတော်မူကြသည်။

အံ့အားသင့်လျက်ရှိသော ပရိသတ်ကြီးအဖို့ကား ဘုရားရှင်နှင့် ဥဂ္ဂါသေနတို့ အတွေ့တွင် မိန်းမော ကြည့်ရှုနေ၍ နေကြရင်း အချို့ကမူ ဘုရားရှင်၏ တရားတော်ကို နာကြားရင်းနှင့် ကောင်းကင်ခရီးဖြင့် ကြွသွားကြသည်ကို တွေ့ရသော အခါတွင်မှ သာဓု သုံးကြိမ်ခေါ်၍ ကောင်းချီးပေးလိုက်ကြသည်။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# မာယာရှင်

[ ၁ ]

အမျိုးသမီးများ အိမ်ထောင်ထိန်းသိမ်းရေးအလုပ်ဟူသည် အတတ်ပညာတစ်ပါး ဖြစ်၏။ သာမန်အတတ်ပညာမျှမဟုတ်၊ အရေးကြီး အတတ်ပညာဖြစ်သည်။ အကြောင်းမူကား သံယောဇဉ်ဓာတ် ရစ်ပတ်ဖွဲ့နှောင် ဤလူ့ဘောင်၌ အိမ်ထောင် သာယာရေးထက် အရေးကြီးသောကိစ္စဟူသည် ရှိပါသေး၏လော။

တစ်ကြောင်းမှာလည်း အိမ်ထောင်ထိန်းသိမ်းမှု ပညာဟူသည် ယေဘုယျ အမျိုးသားတို့က အထင်သေးကော မထီမဲ့ ရှိတတ်ကြသော်လည်း ကျယ်ဝန်းလှ၏။ များပြားလှ၏။ သိမ်မွေ့လှ၏။ လျှို့ဝှက်နက်နဲလှ၏။ ပုခက်လွှဲသော မိခင်၏လက် သည် ကမ္ဘာကိုအုပ်စိုး၏ဟူသော ကမ္ဘာ့ဆိုရိုးဝေါဟာရမှာ အိမ်ထောင်ထိန်းသိမ်းမှု ပညာ၏ အကြီးဆုံးသော သာဓကဖြစ်၏။

ယင်းသို့ကျယ်ပြန့်သိမ်မွေ့သော အိမ်ထောင်ထိန်းသိမ်းမှုပညာကို အမျိုးသမီးတို့ အား သင်ကြားပေးသည့် ကျောင်းဟူ၍ကား မရှိ။ အိမ်တိုင်း အိမ်တိုင်းသည်ပင် ကျောင်းဖြစ်၍ အမိက သမီးကိုသင်ပေးသည်။ အမျိုးသမီးကြီးက အမျိုးသမီးငယ်ကို သင်ပေးသည်။ ဤနည်းဖြင့် အိမ်ထောင်ပညာရပ်သည် အမျိုးသမီးတို့လောကတွင် လူ့သမိုင်းနှင့်ချီ၍ ဆက်နွယ်ပြန့်ပွားလာခဲ့ရသည်။

ယင်းသို့ ကျယ်ပြန့်သော အိမ်ထောင်ပညာရပ်များအနက် ဤအကြောင်းရပ် တွင် ထုတ်ဖော်လိုသည်ကား အချက် အပြုတ် အချုပ် အလုပ် အထိန်းအသိမ်း

www.burmeseclassic.com

www.burmeseclassic.com



စသော ကိစ္စရပ်များမဟုတ်၊ ယောကျ်ားနှင့် စပ်လျဉ်းလာလျှင် အသုံးပြုအပ်သော အမျိုးသမီးတို့၏ မာယာအတတ်၊ လိုအပ်သည့်အခါမှ ထုတ်၍သုံးသော ကြောင်လက်သည်းအတတ် လျှို့ဝှက်ပညာဖြစ်၏။ အကြောင်းမူကား ယောကျ်ားတစ်ဦး အပေါ်တွင် အသုံးမပြုတော့လျှင် မဖြစ်တော့သည့် အခြေအနေအရ မာယာဒေဝီ မိဖုရားအဖို့ အသုံးပြုရန် လိုအပ်သောကြောင့် ဖြစ်သည်။

အမျိုးသမီးတို့တွင် မာယာလေးဆယ်၊ ပရိယာယ်တစ်သိန်း၊ အပလိန်းအနန္တ ရှိသည်ဟု ဆိုကြ၏။ ဤစကားသည် အမျိုးသမီးမှန်သမျှကို ရှုတ်ချလာခဲ့သော၊ သို့မဟုတ် အမျိုးသမီးတို့၏ ပရိယာယ်ဒဏ်ကို ကော့နေအောင် ခံရလွန်းသော ယောကျ်ားတို့၏ စကားလွန်ဖြစ်သော်လည်း အကယ်ဆိုသော် အမျိုးသမီးတို့၏ အိမ်ထောင်ကျွမ်းကျင်မှုပညာကို ချီးပပြောဆိုသောစကားဖြစ်သည်။

သို့ရာတွင် ရှုတ်ချမှုကို မခံချင်သော အမျိုးသမီးတို့က မိန်းမမာယာ သဲကိုးဖြာ ဟု ဆိုသည်ကို ယောကျ်ားမာယာ သောင်းကိုးရာနှင့် မလောက်သောကြောင့် မန်ကျည်းကိုးပင်ကိုပင် နှောက်ရသေးသည်ဟု ပြန်လည်ချေပသည်။

ယောကျ်ားတို့မာယာဟူသည် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး စသော အခြား အရေးအခင်းတို့တွင် များပြားကျွမ်းကျင်တန်ရာပါ၏။ သို့ရာတွင် အမျိုးသမီးတို့နှင့် ရင်ဆိုင်လာလျှင်မူကား မာယာစစ်ပွဲတွင် ပြားပြားဝပ်ကြရသည်ချည်းသာ ဖြစ်၏။ အကြောင်းမူကား အဘယ်မျှ ကြီးမြင့်ခိုင်မာသော ယောကျ်ားပင် ဖြစ်စေကာမူ အမျိုးသမီးတို့ ရင်ခွင်၌ ဖယောင်းမဖြစ်သော ယောကျ်ားဟူ၍ မရှိသလောက် ရှားပါးသောကြောင့် ဖြစ်သည်။

ပရိယာယ်တစ်သိန်း အပလိန်းအနန္တ ဆိုသည်ကတော့ လွန်လွန်းပါ၏။ သို့ရာတွင် အမျိုးသမီးဆိုလျှင် စေ့စေ့စပ်စပ် ရှုမြင်တတ်သော အမျိုးသားပညာရှိတို့က အမျိုးသမီးတို့တွင် မာယာလေးဆယ် ရှိသည်ဟူ၍ကား သူတို့ကျမ်းဂန်များတွင် တိတိကျကျ ဖေယားထိုး၍ သတ်မှတ်ညွှန်ပြထားသည်။ ရှိသည် မှန်ပါ၏။ သို့ရာတွင် ယခုကိစ္စတွင်ကား ယင်းမာယာလေးဆယ်အနက်မှ အစွမ်းအထက်ဆုံး ဟု ထုတ်နုတ်ဖော်ပြထားသော မိန်းမလက်နက် အင်(အင်္ဂါ)ရှစ်ချက်မျှကို အသုံးမပြုလျှင် မဖြစ်တော့အောင် အကြောင်းဆိုက်လာသောကြောင့် မိဖုရားကြီး မာယာဒေဝီအဖို့ ထုတ်နုတ်အသုံးပြုရတော့မည် ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



မိုတ် ဟာသော ဘယော လဇ္ဇာ
မန္ဒဝါစာ အဒေက္ခဏာ
ရှုဒါစ ကဟလာဍျံသ်
ဓော ထိန် မဟာဝုစာ

၁။ မိုတ်စ–တကယ်ပြုံးသည်လည်းမဟုတ်၊ မပြုံးသည်လည်း မဟုတ်၊ မပြုံးသယောင် ပြုံးသယောင်ဖြင့် ပြုံးစနဲ့နဲ့ကလေး လုပ်၍ပြသခြင်းသည်လည်းကောင်း။

၂။ ဟာသောစ–အကြင်ယောကျ်ား ကြားလောက်အောင် ခနိုးခနဲ့ကလေး ရယ်သံထွက်၍ပြခြင်းသည်လည်းကောင်း၊ ဝါ–အကြင်ယောကျ်ားသူက ချစ်စနိုး စတင်ပြောဆိုလာသည်ကို လှောင်သလို ပြောင်သလို မရယ်သယောင် ရယ်သယောင်နှင့် လှောင်ရယ်ကလေး ရယ်၍ပြခြင်းသည်လည်းကောင်း။

၃။ ဘယောစ–ဆက်ဆံလာသော အကြင်ယောကျ်ားကို တကယ်မကြောက်သော်လည်း ကြောက်လေတော့သယောင်နှင့် ကြောက်တောက်တောက် ရွံ့တွန့်တွန့် အမူအရာကလေးလုပ်၍ ပြခြင်းသည်လည်းကောင်း။

၄။ လဇ္ဇာစ–အကြင်ယောကျ်ားက ဆက်ဆံလာသော အမူအရာ၊ ပြောဆိုလာသော စကားများကို ရှက်စနိုးကလေး ပြုလုပ်၍ ပြခြင်းသည် လည်းကောင်း။

၅။ မန္ဒဝါစာစ–ပွင့်ပွင့်ကြည်ကြည် တည်တည်ခန့်ခန့်မပြောဘဲ အကြင်ယောကျ်ားက ပြောဆိုလာသော စကားကို 'ကြည့်ပါလား လူကြီးကိုက မုန်းစရာကြီး၊ ကြောက်စရာကြီး' စသည်ဖြင့် ခနဲ့တဲ့တဲ့ မဲ့တဲ့တဲ့ မပွင့်တပွင့် အသံကလေးဖြင့် မထိတထိ ပြောဆိုခြင်းသည်လည်းကောင်း။

၆။ အဒေက္ခဏာစ–အကြင်ယောကျ်ားအား တည့်တည့် ကြည်ကြည် ပြီပြီ ခန့်ခန့်မကြည့်၊ ဦးခေါင်းကလေး စောင်းငဲ့ကာ မျက်စောင်းကလေးခဲကာဖြင့် စပါးကြည့်ကြည့်၊ ဝါ–စပါးကြီးမြွေ အကြည့်မျိုးဖြင့် ကြည့်ခြင်းသည်လည်းကောင်း။

www.burmeseclassic.com

www.burmeseclassic.com



၇။ ရုဒါဝ–အကြင်ယောက်ျား၏ ငိုစရာမဟုတ်သော ချစ်တင်း စကားလေးမျှကို မခံချင်သယောင်၊ အားနွဲ့သယောင်ဖြင့် နှာရည်ကလေး တရှုပ်ရှုပ်ရှုံ့ကြောက်သယောင် အမူလုပ်ကာ မရဲတရဲ မဟာတဟာဖြင့် မငိုချင့်ငိုချင်ငို၍ပြခြင်းသည်လည်းကောင်း။

၈။ ကဟာလာဤသံဇ–'ဟင်း–လူကြီးကိုက ရိုးသလိုလိုနဲ့ လူလည်ကြီး၊ လူညာကြီး၊ ကြည့်ပါလား။ သူမျှားကို စစမနေနဲ့' စသည်ဖြင့် ကလိတိတိ ရိတိတိ မခိုးမခန့် ခနိုးခနဲ့ စကားကလေးများဖြင့် တွတ်ထိုးသလို ပြောဆိုခြင်းသည်လည်းကောင်း။

တေ–မိန်းမလက်နက် အင်ရှစ်ချက်ဟု ဆိုအပ်သော ဤအင်္ဂါရှစ်ပါးသည် ထိန်–အစွမ်းကောင်းလှ အကြင်မိန်းမတို့၏၊ မဟာဝုဓာ–ရန်နိုင်ရင်ရန်း၊ ခံနိုင်ရင်ခံ၊ ရှောင်နိုင်ရင်ရှောင်၊ ခွာနိုင်ရင်ခွာ၊ မခွာနိုင်ရင်တော့ အကြင်ယောက်ျားတို့ ကော့နေအောင် ခံရသော ကမ္ဘာ့အစဉ်အလာ မဟာလက်နက်ကြီးများပါပေတည်း။

ရိုးရိုးလက်နက်မျှမဟုတ်၊ လိုအပ်လာပြီဆိုလျှင် ထုတ်၍ အသုံးပြုသော မာယာလေးဆယ် ပရိယာယ်တစ်သိန်းမှ အဆီညှစ် အနှစ်ထုတ်ထားအပ်သော နောက်ဆုံးလက်နက် မဟာလက်နက်ကြီးများ ဖြစ်၏။

အိမ်ထောင်အတတ်တွင် ဤပညာရပ်ကြီးများ ပါဝင်သည်။ ယင်းပညာကို အမျိုးသမီးတို့၏ မွေးရာပါ သဘာဝအရ အလိုအလျောက် တတ်လည်းတတ်၊ သိလည်း သိနေကြသည်ဖြစ်ရာ ကျွမ်းကျင်ပြီးသူ အမျိုးသမီးကြီးများထံမှ စနစ်တကျ ထပ်မံသင်ကြားရပါသော် အဘယ်ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။

မာယာဒေဝီမိဖုရားကား ယင်းအတတ်ပညာတို့ စုံလင်စွာသော နန်းတွင်းမွေးသည့် နန်းသွေးဖြစ်ရုံမက မိဖုရားကြီးအဆင့်သို့ပင် ရောက်ရှိခဲ့ပြီးသူ ဖြစ်ပေရာ မာယာဒေဝီဟူသော အမည်ဖြင့်ပင် ယင်းအတတ်ပညာ ကျွမ်းကျင်မှုတွင် အဓိပ္ပာယ် ပြည့်စုံပြီးဖြစ်၏။

[ ၂ ]

လင် ဘုရင်ကြီး ရှိခဲ့သည် မှန်ပါ၏။ သို့ရာတွင် အရေးဟဲ့ဆိုတော့ အားမကိုးလောက်သည့် လင်ပါကလားဟု မာယာဒေဝီ တွေးသည်။ တွေးစရာအကြောင်း အခြေခံကလည်း ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်အရင့်အမာကြီးနှင့်ဖြစ်၍ ပင်ပန်းလှသည်။ ပင်ပန်းသောကြောင့် ညနေခင်းဆိုလျှင် နန်းဦးကပြင်သို့ထွက်၍ လေညင်းခံရသည်။ မိမိတို့၏ ကောသမ္ဗီနိုင်ငံတော်မှာ မဇ္ဈိမမြောက်ပိုင်း၏ တောရိပ်တောင်ရိပ်နှင့် နီးစပ်လှသောကြောင့် အမြဲတမ်းလိုလို ရာသီဥတု အေးမြလှပေရာ နံနက်ခင်းဆိုလျှင် ယင်းနန်းကပြင်တွင်ပင် ထွက်၍ နေဆာလှုံရသည်။

ယနေ့ညနေပိုင်းတွင်လည်း နေ့ဖွားမည်လား၊ ညဥ့်ဖွားတော့မည်လားဟု ခန့်မှန်းရလောက်အောင် ရင့်ကျက်လျက်ရှိပြီဖြစ်သော ကိုယ်ဝန်ကို ဖြေသိမ့်ရင်း နန်းကပြင်တွင် လေညင်းခံခိုက် ငှက်ဆင် အချီခံခဲ့ရသည်။

ဟိမဝန္တာနှင့် ဆက်စပ်လျက်ရှိသော ကောသမ္ဗီနေပြည်တော်တွင် နွားငယ်သားငယ်တို့ကိုသော်လည်းကောင်း၊ မှဆိုးရပ်ကွက်၊ ဈေးရပ်ကွက်တို့မှ သားတစ်ကောင် တစ်စုံတစ်ရာကိုသော်လည်းကောင်း၊ တောင်တန်း တောအုပ်ပျော် ငှက်ဆင်ခေါ် ထီးလှိုင်ကာငှက်ကြီးတို့ လာရောက်၍ ချီလေ့ သုတ်လေ့ရှိသည်မှာ ရိုး၍နေပြီဖြစ်၏။

သုတ်ချီလေ့ရှိသည် မှန်ပါ၏။ သို့ရာတွင် ယင်းငှက်ဆင်ကြီးများသည် သုတ်ချီနိုင်သော်လည်း လူကို သုတ်ချီလေ့ရှိသည်ဟူ၍ကား မကြားစဖူးခဲ့။ အကြောင်းမှာ ထီးလှိုင်ကာငှက်ကြီးများသည် ကြီးမားသော်လည်း လူကိုသော်လည်းကောင်း၊ လူသံကိုသော်လည်းကောင်း ကြောက်ရွံ့တတ်ကြသောကြောင့် ဖြစ်သည်။ သို့ရာတွင် မိမိမှာမူကား အစောင့် အရှောက် များစွာတို့အလယ်မှ မိဖုရားကြီး ဖြစ်ပါလျက် ငှက်ဆင်အချီခံခဲ့ရသည်။

အကြောင်းတစ်ရပ်တော့ ရှိပါ၏။ ထိုအချိန်က မိမိသည် ရဲရဲငြိ နီမြန်းသော ကမ္ဗလာခြုံထည်ကြီးကို ခြုံထားမိသည်။ ယင်းကမ္ဗလာနီကြီးသည် ထီးလှိုင်ကာငှက်ကြီးအား သူတို့ စွန့်စားချီသုတ်ဖူးသော အသားတုံး အသားစိုင်ကြီးဟု ထင်စေဟန်ရှိသည်။

ငှက်ဆင်ချီချိန်က မိမိအနီးတွင် ချစ်လှပါသည်ဆိုသော လင်တော်မောင်ဘုရင်ကြီးကိုယ်တိုင် ရှိနေသည်။ မလှမ်းမကမ်းတစ်ဝိုက်တွင် ထုံးစံအတိုင်း နန်းတော်အစောင့်အကြပ်တို့ ရှိနေသည်။

ဤအချိန်တွင် ရုတ်ခြည်း ကောင်းကင်မှထိုးကျလာသော ငှက်ဆင် အချီခံရသည်။ ဝဋ်ကြွေးမကင်း အကြောင်းဆိုက်လာ၍ ခံရသည်ကို ခံရပါစေတော့။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အစောင့်တို့ ချက်တစ်ဖြုတ်ရောက်မလာနိုင်သည့်တိုင်အောင် အနီးတွင် ရှိနေသော လင်ဖြစ်သူက စွမ်းနိုင်သမျှ ကာကွယ်ဖို့ကောင်းသည်။ အော်ဟစ် အသံပေး ခြောက်လှန့်ဖို့ကောင်းသည်။

ယခုမူ ထီးလှိုင်ကာကြီး ကျရောက်လာသည်နှင့် တစ်ပြိုင်နက် လင်သား ဖြစ်သူက ကိုယ့်အသက်ကိုယ်လု၍ နန်းတွင်းသို့ စောတလျင် ဝင်ပြေး ရှောင် တိမ်းသွားသည်ကို တွေ့ရသည်မှာကား မာယာဒေဝီအဖို့ ရင်နာဖွယ်ကောင်းလှသည်။

ရှိပါစေတော့။ ကံကောင်းသည်မှာကား ထီးလှိုင်ကာကြီး သုတ်ချီစဉ်ကသော် လည်းကောင်း၊ သူ့လက်အတွင်း လိုက်ပါနေစဉ်တွင်လည်းကောင်း တစ်စုံတစ်ရာ ထိခိုက်မှု အန္တရာယ်မရှိခြင်းပင် ဖြစ်ပေသည်။ အန္တရာယ်မရှိရုံမျှသာမဟုတ်၊ ပုခက် သဖွယ် ကွေးဝိုက်ချိတ်ဆက်ထားသော လက်ညည်းချောင်းကြီးများ နှစ်ဖက်အကြား တွင် ကမ္ဗလာနီဖြင့် ထွေးပိုက်ထားပြီးဖြစ်သောကြောင့် နွေးထွေးစွာ လိုက်ပါလာ ရသည်။

ကြောက်လိုက်သည်မှာကား ပြောစရာမရှိ။ ကြက်ကလေး၊ ငှက်ကလေးများက ပိုးမွှားကလေးများကို ထိုးပေါက်စားသောက်သကဲ့သို့ မိမိကို ငှက်ဆင်ကြီးက ထိုးပေါက်စားတော့မည်ကိုလည်းကောင်း၊ အဘယ်တော အဘယ်တောင်ပေါ်တွင် မိမိ၏ လေးလံလှသော ကိုယ်ကို လွှတ်၍ချလိုက်မည်နည်းဟုလည်းကောင်း တွေးမိတိုင်း အညည်းတုန် အူတုန် ရှိနေရသည်။

အဘယ်သို့ပျံလေသည်မသိ၊ တစ်ညနေခင်းလုံး ပျံသန်းသည်။ အရှေ့အနောက်၊ တောင်မြောက် ဟူ၍လည်း ကြောက်စိတ်ကြောင့် မသိပါနိုင်တော့။ တစ်နေရာတွင် ကိုယ်ရှိန်သတ်၍ နားနေပြီကို သိရတော့မှ ကြီးမားလှစွာသော ညောင်ပင်ကြီး တစ်ပင်အထက်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သတိပြုမိပေတော့သည်။

ထိုအချိန်တွင်ပင် မိုးကြီး ကြီးစွာ ထစ်ချုန်းသည်။ မိုးချုန်းသံနှင့်အတူ အရပ် လေးမျက်နှာလုံး၌ မိုးကြိုးစက်မီးများ ကျဆင်းလာသည့်ပမာ လျှပ်စစ် လျှပ်ပန်းတွေ တဝင်းဝင်းလက်သည်။ ငှက်ဆင်ကြီးသည် ယင်း သဘာဝအန္တရာယ်များကို ကြောက်ရွံ့ဟန်ရှိသည်။ ထိတ်လန့်စွာဖြင့် အရပ်လေးမျက်နှာသို့ ကြည့်သည်ကို တွေ့ရသည်။

ဤအခွင့်အရေးကလေးကို ယူ၍ လူနှင့်လူသံကို ငှက်ဆင်ကြီးတို့ ကြောက် တတ်သည်ဟူသော အသိကို အရင်းတည်ကာ ကြောက်ကြောက်လန့်လန့်နှင့်ပင်

www.burmeseclassic.com

www.burmeseclassic.com



တအားကုန် ခြောက်လှန့်အော်ဟစ်လိုက်သောအခါ ထီးလှိုင်ကာကြီး လန့်၍ ထပျံသွားသည်။ ထီးလှိုင်ကာကြီး ထ၍ပျံချိန်နှင့် တစ်ပြိုင်နက်လိုလိုပင် ကြီးစွာသော မိုးကြီးရွာချသည်။ မိုးကြီးရွာသည်နှင့် တစ်ပြိုင်နက်လိုလိုပင် သန္ဓေသားကို ဖွားမြင်သည်။

တစ်ဖက်တွင် အဘယ်မျှ အန္တရာယ်ကြီးမားနေစေကာမူ သားရင်သွေးကလေး ပေါ်ပေါက်လာသောအခါ မိခင်တို့ ဓမ္မတာ အင်အားတိုးတက်လာလိုက်သည်မှာ ပြောစရာမရှိ။ ဖွားမြင်ချိန်တွင် ဖြစ်ပေါ်လာသော ရာသီဥတုဖျူပွတ်ကို စွဲ၍ သားကလေး၏ အမည်ကို 'ဥတေန'ဟုပင် စိတ်ကူးထဲမှ အမည်မှည့်လိုက်ပါ၏။

မစိုမရွဲသော ကမ္ဗလာပိုင်းဖြင့် သားကလေးကို ထွေးပိုက်ရသည်။ မိုးလွတ်ရာ သစ်ခေါင်းကြီးအရင်းသို့ရွေ့၍ ထွေးသိပ်ရသည်။ အလိုက်သင့် ရွာချလိုက်သော မိုးကြောင့်ပင် မွေးဖွားမှုကို သန့်စင်စေရသည်။ စိုတစ်ဝက် ခြောက်တစ်ဝက်နှင့်ပင် သားကလေးကို ထွေးပိုက်ရင်း အိပ်ပျော်သွားသည်။

အိပ်ရာမှ နိုးသောအခါတွင်ကား ညောင်ရွက်တို့အကြားမှ ကျဲကျဲတောက် ဖျန်းပူလျက်ရှိသော နံနက်ခင်းနေရောင်ခြည်ကို တွေ့ရ၏။ တစ်ပြိုင်နက်လိုလိုပင် ညောင်ပင်ကြီးအောက်ဆီမှ တစ်စုံတစ်ရာ လှုပ်ရှားသံကို ကြားရသည်။

[ ၃ ]

တောကြီးတောင်စွယ်တွင် အန္တရာယ်တစ်စုံတစ်ရာ ပေါ်ပေါက်လာပြန်လေပြီလားဟု မာယာဒေဝီမိဖုရားက ညောင်ရွက်တို့အကြားမှ အသံကြားရာ ညောင်ပင်အောက်ဆီသို့ ချောင်းမြောင်း၍ ကြည့်လိုက်သောအခါ ညောင်ပင်အောက်တွင် ဝါးဆစ်ဘူးကြီးတစ်ခုအတွင်းသို့ အရိုးများကို ကောက်၍ထည့်နေသော ရသေ့တစ်ပါးကို တွေ့ရသောကြောင့် ဝမ်းမြောက်သွားသည်။ အကြောင်းမူကား ရသေ့သူတော်ကောင်းတို့မည်သည် အန္တရာယ်ရှင် မဖြစ်နိုင်။ မိမိအတွက် မှီခိုအားထားရာ ဖြစ်နိုင်သောကြောင့် ဖြစ်သည်။

ရဟန်းမှာ ဂမ္ဘဝါသီ ရွာနေရဟန်းနှင့် အရညဝါသီ တောနေရဟန်းဟူ၍ နှစ်မျိုးသာရှိရာ ရသေ့မူကား သူတို့နေပုံနေနည်းများကို ခွဲခြား၍ ရှစ်မျိုးရှိ၏။ ယင်းရှစ်မျိုးအနက် တောကြီးခေါင်ခေါင်တွင် တစ်ပါးတည်း ပျော်ပိုက်လေ့ရှိသော

www.burmeseclassic.com

www.burmeseclassic.com



ကေစာ တောပျော်ရသေ့ ဖြစ်နိုင်သည့်အကြောင်းကိုလည်း မာယာဒေဝီ သိရှိရသဖြင့် ပို၍ ဝမ်းမြောက်ရ၏။

စဉ်းစားနေ၍ မပြီးနိုင်။ ဤနေရာမှ ရသေ့ထွက်သွားလျှင် မိမိအဖို့ ခိုကိုးရာမဲ့ပေတော့မည်။ သို့ဖြစ်၍ ရသေ့ သိရှိရန် 'ကယ်တော်မူပါဘုရား'ဟု အော်လိုက်ရမည်လား။ 'အို…ရှင့်…ရသေ့အရှင်ဘုရား'ဟု လှမ်း၍ အသံပေးလိုက်ရမည်လားဟု စဉ်းစားခိုက် အိပ်ပျော်နေသော သားကလေးကို သတိရလာသည်။

သနားကြင်နာစေဖို့အရာ၌ လူကြီးထက် ကလေးက ပို၍ အင်အားကြီး၏။ လူကြီးလည်းဖြစ်၊ ရသေ့ရဟန်းတို့နှင့် မအပ်စပ်သည့် အမျိုးသမီးလည်း ဖြစ်သော မိမိထက် ကလေးကို ပို၍ သနားကြင်နာဖို့ရှိသည်ဟု တွေးမိရာမှ ကလေးကို လှုပ်နှိုးလိုက်သောအခါ ဥတေနကလေးက အူဝဲသံချင်းထပ်အောင် ငိုလိုက်သည်။ ကလေးကို ပွေ့ချီရင်း ရသေ့ဆီသို့ ငုံ့ကြည့်လိုက်သောအခါ အံ့ဩသောမျက်နှာဖြင့် မိမိဆီသို့ မော့ကြည့်နေသော ရသေ့ကို တွေ့ရ၏။ "ဟဲ့…ဟဲ့…ညောင်ပင်ပေါ်က ကလေးသံပါကလား၊ ထူးဆန်းလှချည့်လား"

"ကယ်တော်မူပါဘုရား၊ တပည့်တော်တို့ ခိုကိုးရာမဲ့ သားအမိပါ။ ထီးလှိုင်ကာကြီး ချီလာလို့ပါဘုရား"

"အလို ဖြစ်မှဖြစ်ရပလေ၊ ဒီလိုဆို ငြိမ်ငြိမ်နေ၊ လှေကား သွားယူဦးမယ်။ ငါတက်လာခဲ့မယ်၊ ခဏနေဦးနော်"

ရသေ့ ကသုတ်ကပျာ ထွက်လာသည်။ သူ့သင်္ခမ်းသို့ သွားဟန်ရှိသည်။ လှေကားရှည်ကြီး ထမ်းယူလာသည်၊ ညောင်ပင်သို့ ထောင်လိုက်သောအခါ အလိုက်သင့် နေသားတကျဖြင့် မာယာဒေဝီတို့ နေရာအထိ လှေကားဦး ရောက်လာသည်။ ယခင်ကလည်း ဤလှေကားကို ဤနေရာတွင် ကြိမ်ဖန်များစွာ အသုံးပြုခဲ့ဖူးဟန်တူသည်။ လှေကားမှ ရသေ့ တက်လာသည်။ လှေကားတစ်ထစ်ပြီးတစ်ထစ် နီးကပ်လာသလောက် ရသေ့၏ရုပ်သွင် ပီပြင်လာသည်။

ရသေ့ကလေးဟု ဆိုရမည်လည်း အခက်၊ ရသေ့ကြီးဟုလည်း မဆိုနိုင်။ မကြီးမငယ် အရွယ်ကောင်းရုပ်သွင်ဖြစ်သည်။ ရသေ့ချောဟု မဆိုနိုင်စေဦးတော့၊ မဟာဆန်သောသွင်ပြင် ရှိသည်။ မျိုးကောင်းရိုးကောင်းထဲက ရသေ့ဖြစ်လာဟန်ရှိသည်။

"ကဲ…ကဲ…မင့်ကလေး ငါ့ကိုပေး၊ မင်းက တဖြည်းဖြည်းဆင်းခဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် အရေးထဲပင်ဖြစ်စေကာမူ အမျိုးသမီးတို့၏ စပ်စုလိုသော ဝါသနာဖြင့် မိမိတွက်ကိန်း မှန်,မမှန်ကို သိရှိရန် ပထမဆုံးသော ပရိယာယ်မာယာ စာမေးပွဲကို စတင်လိုက်သည်။

"ရှင်ရသေ့… ကျွန်မတို့ဟာ ခိုရာမဲ့ ဒုက္ခသည် သားအမိပါပဲ။ သို့သော် ဆင်းရဲဒုက္ခအရေးထက် အမျိုးဇာတ်က ပိုပြီးအရေးကြီးပါတယ်။ မျိုးမတူသူရဲ့ အကူအညီ အထိအပါးကို မခံယူလိုပါ။ ကျွန်မဟာဆိုရင် ကောသမ္ဗီနိုင်ငံ၊ ပူရန္တပ္ပ ဘုရင်ရဲ့ မိဖုရားကြီး ဖြစ်ပါတယ်ရှင့်"

"ဟဲ့…အမျိုးသမီးရဲ့၊ မီးလောင်ရာမှာ ဝါစဥ်ထေရ်စဥ် ရွေးနေရသေးသကိုး။ ကဲ…ဖွင့်ပြောလိုက်ပါ့မယ်။ ငါလည်းပဲ သတိသံဝေဂရလို့ ရသေ့လုပ်နေပေမယ့် အလ္လကပ္ပ နိုင်ငံတော်က အလ္လကပ္ပ ဘုရင်ပါပဲတဲ့ဗျား"

မာယာဒေဝီ ပြုံးသွား၏။ သို့သော် တစ်ဆင့်တက်လိုက်ချေသေး၏။

"အရှင်ရသေ့စကား ကြားရလို့ ဝမ်းမြောက်လှပါတယ် အရှင်ရသေ့ရှင့်။ သို့သော် ပို၍သေချာအောင် မင်းမျိုး ဖြစ်ခဲ့ပါလျှင် လျှို့ဝှက် ရာဇမာယာကို ဆိုပြတော်မူပါရှင့်"

မင်္ဂြိမ၏ အမျိုးဇာတ်ကိစ္စသည် ကြီးမားသလောက် ရှုပ်ထွေးလှ၏။ အမျိုးဂုဏ်ကြီးသော မင်းများတွင် အကြောင်းရှိက မင်းဟူ၍ သိနိုင်စေကြောင်း လျှို့ဝှက် ရာဇမာယာ အလင်္ကာ စကားဟူ၍ ရှိသည်။ မာယာဒေဝီက ယခုတောင်းဆိုလာသောကြောင့် ဆို၍ပြလိုက်ရသည်။ ထိုအခါကျမှသာ သားကလေးကို ပြုံးရွှင်စွာဖြင့် ရသေ့၏လက်သို့ ပေးအပ်လိုက်၏။

တောကြီးအလယ်တွင် ဒုက္ခိတ သားအမိအဖို့ အမျိုးဇာတ် မတူစေကာမူ ယောကျာ်းသားတစ်ယောက်ကို အားပြုရမည်ဖြစ်သော်လည်း မိမိ၏စပ်စုမှုဖြင့် အမျိုးဇာတ်တူသည်ကို သိလာရသောကြောင့် ဝမ်းမြောက်လှသည်။ အကြောင်းသော်ကား…အမျိုးဇာတ်တူခြင်းသည် ရင်းနှီးမှု၏ ထက်ဝက်ကို အောင်မြင်ပြီးသောကြောင့် ဖြစ်သည်။

ရသေ့က ကလေးကို ပွေ့ချီ ဆင်းသွား၍ အောက်သို့ရောက်မှ မာယာဒေဝီ ဆင်းသည်။ ဆင်းရာ၌ ညောင်ပင်ကြီး မြင့်သလောက် လေဟာနယ်မှာ မြင့်ရှည်လှသဖြင့် ရသေ့က စိုးရိမ်ကြောင့်ကြစွာဖြင့် အောက်မှ စောင့်ကြည့်နေသည်။ ဤတွင်

www.burmeseclassic.com

www.burmeseclassic.com



မိမိအပေါ်၌ ထားရှိအပ်သော ရသေ့၏ စေတနာ၊ ကိုင်းညွှတ်အပ်သော သဘောထား ထွေတလာကို မာယာဒေဝီ နားလည်လိုက်ပြီ ဖြစ်၏။

ညောင်ပင်အောက်သို့ ရောက်သောအခါ သခ်မ်းဆီသို့ ရသေ့က ရှေ့မှသွား သည်။ မာယာဒေဝီက ကလေးကိုချီ၍ နောက်မှလိုက်သည်။

သွားရင်းဖြင့် ဤနေရာသည် ကောသမ္ဗိနိုင်ငံသို့လည်းကောင်း၊ အလ္လကပ္ပ သို့လည်းကောင်း အမျိုးသမီးတစ်ယောက်၏ ခြေဖြင့် မရောက်နိုင်လောက်အောင် ဝေးလံလှကြောင်း၊ အနီးဆုံးသော မြို့ရွာသည်ပင် အလွန်ဝေးလံလှကြောင်း၊ မိမိ သည် လူသူမရောက်နိုင်သော ဤနေရာကို တမင်ရွေးချယ်၍ တရားကျင့်သုံးနေ ခဲ့ကြောင်း၊ အစာ အာဟာရအတွက် သစ်သီးဝလံကိုသာ စားသုံးကြောင်း၊ ရံဖန် ရာသီဥတု အဆင်မပြေသည့်အခါ ယခု ညောင်ပင်ကြီးအောက်သို့ သွား၍ ငှက်ဆင် များ စားသုံးစွန့်ပစ်သည့် တိရစ္ဆာန်တို့အရိုးများကို ကောက်ယူ ထောင်းကျို၍ စားသုံးကြောင်း၊ အမျိုးသမီးတို့အတွက် အာဟာရမှာ ပူပန်စရာ မလိုကြောင်း၊ လောလုပ္ပတဏှာကို ပယ်လိုသောကြောင့် မိမိအသုံးမပြုခဲ့သော်လည်း ဤနေရာ ဝန်းကျင်တွင် အလိုအလျောက်ပေါက်ရောက်နေသော သလေးစပါးခင်းတို့ရှိကြောင်း၊ ပျားတို့ စွန့်ပစ်ထားသော ပျားလပို့ကြီးများလည်းရှိကြောင်း၊ အခြားစားသုံးဖွယ် သစ်သီးဝလံတို့လည်း မျိုးစုံပေါများလှကြောင်း၊ ဤနေရာသို့ ကံပို့လိုက်သကဲ့သို့ပင် မိဖုရားအဖို့ ကံတော်လျှင် မိမိနိုင်ငံသို့ ပြန်ရောက်နိုင်ဖို့ ရှိကြောင်း၊ အကောင်းဆုံး မှာ မိမိကဲ့သို့ပင် ယောဂီရသေ့မအဖြစ် ပြောင်းလဲ၍ တရားကျင့်သုံးနေသင့်ကြောင်း၊ ခေတ္တယာယီအဖြစ် မိမိသခ်မ်းအတွင်း၌ပင် သင့်သလိုနေပြီး မကြာမီ နေရာ ရွေးချယ်၍ သီးသန့်အဆောက်အအုံကလေးတစ်ခု ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း စသည်ဖြင့် ရသေ့က အကျိုးအကြောင်း ဇာတ်စုံခင်း၍ ပြောသည်။

မကြာမီအတွင်းမှာပင် ညောင်ပင်နှင့် မနီးမဝေးရှိ တောင်ကုန်းကလေးတစ်ခု ထက်၌ မိုးလုံလေလုံ ကွတ်ကွတ်ရွတ်ရွတ် ဆောက်လုပ်ထားသော သခ်မ်းကလေးသို့ ရောက်၏။

ရောက်သည့်အချိန်မှစ၍ မိမိ မိန်းမတွက် တွက်ထားသော တွက်ကိန်းမှာ မှားယွင်းကြောင်း တစ်နေ့တခြား သိရှိလာရသည်။ အကြောင်းမူကား ရသေ့ မောင်မင်းကြီးသားသည် ညောင်ပင်မှာ တွေ့စတွင်လည်းကောင်း၊ ညောင်ပင်မှ အလာလမ်းတွင်လည်းကောင်း လိုက်လျောကြည်သာနှင့် ထွေထွေလာလာ ပြောဆို

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်စုံခင်းခဲ့သော်လည်း သခ်မ်းသို့ ရောက်သည့်အချိန်မှစ၍ အထိုက်အလျောက်မျှ စကားမပြော အရေးမဝင်တော့ဘဲ သခ်မ်းတစ်ပိုင်းကို မိမိတို့ နေထိုင်ရန် အကာအရံကလေး လုပ်ပေးပြီးနောက် မိမိက မေးနိုင် ပြောနိုင်မှ တစ်ခွန်းတလေ ပြန်လည်ပြောဆိုကာ ခေါင်းရင်းပိုင်း သခ်မ်းဆောင်အတွင်း၌ တစ်ပါးတည်းလိုပင် နေထိုင်တော့သောကြောင့် ဖြစ်သည်။

အာဟာရအတွက်တော့ ဂရုစိုက်ရှာပါ၏။ သလေးစပါးများကို ရူးဆွတ်ပေးသည်။ ပျားအုံလွတ်ကြီးများကို ထမ်းဆောင်လာသည်။ သစ်သီးသစ်နှံ ဆိုသည်မှာလည်း အလျှံပယ်ဖြစ်၏။

ဤမျှဖြင့် မိမိ၏ဘဝသည် အစတုံးရတော့မည်လော။ တောကြီး တောင်စွယ်တို့အလယ်တွင် အရေးတစ်စုံ ကိုယ်၌ ကြုံလာခဲ့ပါသော် မိမိမှာ တွယ်ရာမဲ့အမျိုးသမီးတစ်ယောက်မျှ ဖြစ်၏။ မိမိအတွက် ထားပါဦးတော့။ စာမမြောက်ဥမမယ် သားငယ်ကလေးက ရှိပါသေးသည်။ သားကလေး၏ အားထားရာသည်အဘယ်မှာနည်း။ သားကလေး၏ အနာဂတ်သည် အဘယ်သို့နည်း။

ရသေ့မှာ တွေ့စက လိုက်လျောသယောင်နှင့် ယခုတော့ ကေစာ ထီးတည်းပျော်သမား ဖြစ်နေသည်။ လူကိုကြောက်၍ ကေစာ ကျင့်သုံးနေထိုင်လာခဲ့သည်မှာကြာလှပြီဟု ဆိုသည်။ သို့ဆိုလျှင် မိမိတို့ကိုလည်း တစ်နေ့သောအခါ ပစ်ခွာသွားပါက ပသို့ ပြုရပါအံ့နည်း။

ယင်းသို့ဖြင့် စကားပြောနိုင်သူနှစ်ယောက်ပင် ရှိသော်လည်း မေးတစ်ခွန်းပြောတစ်ခွန်းမျှသော စကား၊ သားကလေး၏မျက်နှာ၊ ထွေထွေရာရာ အတွေးတို့ဖြင့်သာ ဖြစ်သလိုနေခဲ့ရသည်မှာ နှစ်အတန်ကြာသွားခဲ့ပေပြီ။ သားကလေးက စကားပြောတတ်လာသောအခါ နှစ်သိမ့်စရာယောင်ယောင် ဖြစ်လာရ၏။

[ ၄ ]

ဥတေနကလေးမှာ မိမိအတွက်သာမဟုတ်၊ အဖော်လိုဟန်မတူသော ရှင်ရသေ့အတွက်လည်း အဖော်ဖြစ်လာသည်ကို တွေ့ရ၍ ဝမ်းမြောက်ရသည်။ အကြောင်းမှာ ရှင်ရသေ့သည် မိမိအား အရေးမထားခဲ့သော်လည်း ဥတေနကလေးကိုမူ လိုက်လိုက်လျောလျော ပြောပြောဆိုဆိုနှင့် အရောတဝင် ပြုလာသည်ကို တွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရံဖန် အစာရှာထွက်သောအခါ သားကလေးကို ခေါ်ဆောင်သွားသည်ကို တွေ့ရသည်။

ရသေ့တွင် လူအဖော် မရှိခဲ့သော်လည်း အခြားအဖော်များ ရှိနေသည်ကိုကား တွေ့ရသည်။ ယင်းတို့သည်ကား သမင်များ၊ ဥဒေါင်းများ၊ ကြက်တူရွေး စသော အမည်မသိ ကျေးငှက်များဖြစ်၏။ အံ့ဖွယ်ကောင်းသော အခြားအဖော်ကြီးတစ်စုမှာကား ဆင်များပင်ဖြစ်၏။ ဆင်များသည် သစ်မ်းကလေးတစ်ဝိုက်နှင့် ရသေ့အနီးသို့ ရောက်လာကြလျှင် သမင်ကလေးများကဲ့သို့ပင် အထူးယဉ်ပါးနေကြသည်ကို တွေ့ရ၏။

ပထမသော် မာယာဒေဝီအဖို့ ဆင်များကို ကြောက်၏။ သို့သော် မကြာမီ အတွင်းမှာပင် ရသေ့နည်းတူ ဆင်များနှင့် ယဉ်ပါးလာသည်။ ခေါ်လိုက်လျှင် လာ၏။ အလိုမရှိ၍ နှင်ထုတ်လိုက်လျှင် ထွက်သွားကြ၏။ သားကလေးမှုကား ဆင်များနှင့် အထူးကျွမ်းဝင်လျက်ပင် ရှိနေပေပြီ။

ရသေ့၏ အံ့ဖွယ်ကောင်းသော အခြားအဖော်တစ်ခုမှာ ရသေ့ ရဟန်း သစ်မ်းကျောင်းနှင့် မဆိုင်လှသော စောင်းကြီးတစ်ခု ရှိနေခြင်းပင် ဖြစ်ပေသည်။ တရားရှင် ရသေ့သည် ဤစောင်းဖြင့် အငြီးဖြေလေသလော။

ဤသို့ကား ဟုတ်ဟန်မတူ။ အကြောင်းမှုကား သစ်မ်းနယ်ပယ်အတွင်းသို့ ရံဖန် တောဆင်အုပ်ကြီးများ ရောက်လာသည့်အခါမှသာ ဤစောင်းကို သစ်မ်း ခေါင်းရင်းတွင် တရိုတသေ ဆွဲချိတ်ထားရာမှ ဖြုတ်၍ ဂါထာမန္တာန် ရွတ်သံလိုလို ထူးဆန်းသော ဂီတသံဖြင့် တီးခတ်တတ်သည်ကို တွေ့ရသောကြောင့် ဖြစ်သည်။ ထိုအခါ ဆင်အုပ်ကြီးသည် အလွယ်တကူပင် တိမ်းရှောင်၍ သွားကြသည်ကို တွေ့ရ၏။

သစ်မ်းနှင့် တာသုံးရာခန့်အကွာတွင် မာယာဒေဝတို့ ရောက်ရှိခဲ့သော ပညောင် ပင်ကြီးရှိ၏။ တစ်ဖန် သစ်မ်းမှ အခြား တာသုံးရာခန့်အကွာတွင် ရေကန်ကြီးရှိ၏။ သစ်မ်း၊ ပညောင်ပင်နှင့် ရေကန်တို့မှာ တြိဂံပမာ တည်ရှိကြသည်။ ရသေ့က မိမိအား ဤတြိဂံနယ်မြေအတွင်းမှ အပြင်သို့ မသွားရ။ သွားခဲ့သော် သားရဲတို့ အန္တရာယ်ရှိသည်ဟု တားမြစ်ထားသည်။ ဤတြိဂံအတွင်း၌မူကား ယဉ်ပါးပြီးသော တိရစ္ဆာန်များသာ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကန်ပေါင် မြေပြန့်တစ်နေရာတွင် သလေးစပါးများ ပေါက်ရောက်နေသည်။ အလေ့ကျများ ဖြစ်ဟန်တူသော်လည်း မာယာဒေဝီတို့ ရောက်လာ၍ အနည်းငယ် စိုက်ပျိုးပြုပြင်လိုက်သောအခါ လှပစိုပြည်သော သလေးခင်း ဖြစ်လာသည်။ ရေကန်နှင့် တြိဂံတစ်ဝိုက်တွင် ငှက်ပျော၊ ပန်နှဲ စသော စားဖွယ် သစ်သီးတို့ ပေါများလှ၏။ သို့ရာတွင် ရသေ့သည် သီးနှံ အမွှန်အကောင်းများကို ရရှိစေရန် ရံဖန် တြိဂံနယ်မြေမှ ထွက်၍ ရှာတတ်သည်။ သစ်သီးရှာမှ ပြန်လျှင် ရေကန်ထိပ်ရှိ လမ်းမှ သင်္ချမ်းဆီသို့ ဝင်ရသည်။

မွန်းလွဲပိုင်း ညနေပိုင်း၌ ရေကန်တွင် ရေမချိုးရဟု ရသေ့က တားမြစ်ထားသည်။ ရသေ့သည် သစ်သီးရှာမှအပြန် ညနေပိုင်းများတွင် ဤရေကန်၌ ရေချိုးလေ့ရှိရာ သူနှင့် ရှောင်လွဲစေရန် ဖြစ်၏။ သို့ရာတွင် ထိုနေ့ ညနေစောင်းက ရသေ့ သစ်သီးရှာမှ ပြန်လာချိန်တွင် ရေကန်အနီးသို့ရောက်၍ ရေလှုပ်ရှားသံ ကြားရသောကြောင့် လှမ်း၍ ကြည့်လိုက်သောအခါ ရေကန်တွင် မြုပ်ပျံလှုပ်ရှားလျက်ရှိသော မာယာဒေဝီ၏ ဖွေးဖွေးဖြူသော ဝိသဘာဂအာရုံ ကိုယ်လုံးကလေးကို တွေ့လိုက်ရသောကြောင့် တုံ့ဆိုင်းသွားသည်။ မိမိကို မာယာဒေဝီ လှမ်း၍ မြင်လေမည်လားဟု သစ်ပင်တစ်ပင်ကို ကွယ်လိုက်မိသည်။ ထို့နောက် ဆန့်ကျင်အာရုံကို မကြည့်လိုသော်လည်း မရဲတရဲ ကြည့်မိသည်။ ရေကြည်ကန်တွင် ရွှေငါးကလေးပမာ လှုပ်ရှားနေသည့် သဏ္ဌာန်ကို သစ်ရွက်များကြားမှ တွေ့ရသည်။

ရသေ့အဖို့ ရေချိုးဖို့ စိတ်ကူးခဲ့သော်လည်း မချိုးနိုင်တော့ပေ။ တုံ့ဆိုင်းသော ခြေလှမ်းများဖြင့် ထမ်းယူလာခဲ့သော သစ်သီးခိုင်များကိုပင် မနိုင်တော့သည့်ပမာ ထမ်းသယ်ကာ သင်္ချမ်းဆီသို့ တုံ့နှေးစွာ လာခဲ့ရသည်။ စင်စစ်သော်ကား ရသေ့ပြန်လာချိန်ကို ချိန်ကိုက်ကာ မာယာဒေဝီ၏ မာယာစက်မောင်း စတင်လှုပ်ရှားလိုက်ခြင်းပင် ဖြစ်၏။

သင်္ချမ်းသို့ အဝတ်အဆင် ကပိုကယိုဖြင့် မာယာဒေဝီ ပြန်ရောက်လာသောအခါ လပြည့်ကျော်တစ်ရက် ဖြစ်သည့်အတိုင်း အရှေ့ မိုးကုပ်စက်ဝိုင်း အစပ်မှ ရဲရဲလုံးလုံး လမင်းကြီးသည်ပင် ထွက်ပေါ်စပြုနေပြီဖြစ်၏။ ရသေ့ကို သင်္ချမ်းရှေ့ရှိ ကပြင်ကလေးတွင် ခပ်ငူငူ ခပ်စောင်းစောင်း ထိုင်နေသည်ကို တွေ့ရ၏။ သားကလေး ဥတေနမှာ တစ်နေရာတွင် သမင်တစ်ကောင်နှင့် ဆော့ကစားလျက်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညနေဘက်ကို ရေမချိုးရဘူးလို့ တားမြစ်ထားတယ် မဟုတ်လား မိဖုရား"

အသံကို ကြားရသော်လည်း မျက်နှာမူကား မာယာဒေဝီဘက်သို့ လှည့်မလာပေ။ အသံမှာ ကြိမ်းမောင်းလိုဟန်ဖြင့် ခက်ထန်သယောင် ရှိသော်လည်း တုန်လှုပ်နေ၏။ မာယာဒေဝီ ပြုံးသည်။ သိက္ခာတောင်ထု ရသေ့ဖြစ်၍ မာယာမြား ဆယ်စင်းခန့် ပစ်ခတ်ရဖို့ ရှိသည်ဟု တွေးထင်ခဲ့သော်လည်း မြားတစ်စင်းမျှဖြင့်ပင် စူးဝင် တုန်လှုပ်လျက် ရှိနေပြီကို တွေ့ရသောကြောင့် ဖြစ်၏။

ပင်ကိုဒေါသအသံနှင့် ဟန်လုပ်ဒေါသသံမှာ ကွာခြား၏။ ရသေ့၏ ဒေါသသံမှာ ဟန်ဆောင်ဒေါသသံ ဖြစ်သည်။

"ဒီကနေ့ လူရောစိတ်ပါ ပူအိုက်လွန်းလို့ ချိုးမိပါတယ် ရှင်ရသေ့"

"ပြောစကားကို နားမထောင်ရင် ဒုက္ခနဲ့ တွေ့တတ်တယ်ခင်ဗျ"

"သည်းခံပါ ရှင်ရသေ့"

[ ၅ ]

စောင်းကြိုးညှိသံ တစ်ချက်နှစ်ချက်ကြောင့် အိပ်ရာမှ ဖျတ်ခနဲ နိုးသောအခါ လလုံးကြီးသည် သစ်မ်းကလေးခေါင်မိုးပေါ်သို့ပင် ရောက်ရှိနေပြီဖြစ်ကြောင်းကို ခေါင်မိုး သစ်ရွက်အကြိုအကြားတို့မှ တိုးဝင်လျက်ရှိသော လရောင်ကို မြင်ရခြင်းဖြင့် သိရှိရ၏။ သားကလေး ဥတေနသည် အိပ်ရာတစ်ဖက် နံဘေးတွင် နှစ်ခြိုက်စွာ အိပ်ပျော်လျက်ရှိ၏။ ရှင်ရသေ့သည်ကား ယခုတိုင် အိပ်သေးဟန်မတူ။

ရှင်ရသေ့သည် အကြောင်းရှိမှသာ စောင်းကို ကိုင်၍ အလွတ်မဲ့ ကိုင်ခဲတီးခဲသည်။ ညကြီးသန်းခေါင်ပင် စောင်းကို ယခု စမ်းသပ်လျက်ရှိသည်မှာ အကြောင်းရှိလာပြန်သလော။ သို့မဟုတ် သာယာသော လမင်းကြီးသည် တရားရှင် ရသေ့ကို ဖမ်းစားနိုင်နေပြီလော။

ထိုအကြောင်းသည် ရုတ်ခြည်း ပေါ်ပေါက်လာ၏။ အကြောင်းကား အနောက်ဘက်တခိုဆီမှ တောမြည်သံ တောဟည်းသံကို ကြားလာရခြင်းပင် ဖြစ်ပေသည်။ ဆင်အုပ်ကြီး၏ လှုပ်ရှားသံပင် ဖြစ်သည်။ ဆင်တို့သည် ကြည်လင်သော လရောင်ကြောင့် မြူးကြွကြဟန်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



စောင်းသံသည် စမ်းသပ်သံမှ ရှင်ရသေ့၏ ဂီတလိုလို ဂါထာရွတ်ဖတ်သံလိုလို အသံနှင့် ယှဉ်တွဲရောထွေးကာ ကျယ်လောင်စွာ ပေါ်ပေါက်လာသည်။ ရှင်ရသေ့၏ ထိုအသံသည် ခါတိုင်းထက် ဒေါသံ မာန်သံ ပို၍ပါလာသည်ကို ကြားရ၏။

တောမြည်သံ ပျောက်သွား၏။ ကပြင်တွင် စောင်းကိုကိုင်ကာ ထိုင်လျက်ရှိသော ရှင်ရသေ့ကမူကား မိမိကိုလှည့်၍မျှ မကြည့်ချေ။ ကပြင်တစ်ဖက်စွန်းတွင် ဝင်၍ထိုင်၏။

"တပည့်တော်ကို စိတ်ဆိုးမပျောက်သေးဘူးလား ရှင်ရသေ့"

"စိတ်ဆိုးတယ်ဆိုတာ ကိုယ်ကျိုးပျက်တဲ့အလုပ်ပဲ၊ မဆိုးတတ်ပါဘူး"

"ဒီကနေ့ စိတ်ရောကိုယ်ပါ အားငယ်နေမိပါတယ်။ အိပ်မက်တွေလည်း ကယောင်ချောက်ချားနဲ့ အိပ်လို့မပျော်ဘူး"

"ဒီအတိုင်းပဲ ဖြစ်ရမှာပေါ့လေ၊ အကြောင်းက ကြုံလာပြီကိုး"

"ဘယ်လိုအကြောင်းပါလဲ ရှင်ရသေ့၊ သိပါရစေ"

"မိဖုရားရဲ့ခင်ပွန်းလင် ပူရန္တပ္ပဘုရင် ဒီနေ့ ကွယ်လွန်ရှာပြီလေ"

"ဘုရား...ဘုရား၊ ရှင်ရသေ့ ဘယ်လိုသိပါသလဲ"

"ဘယ်လိုသိတယ်ဆိုတာတော့ ဘယ်လိုပြောလို့ ဖြစ်မှာလဲ။ ဒါက ပညာပိုင်းဆိုင်ရာ အသိအမြင်ပဲ။ နားလည်နိုင်သလောက် ပြောရမှာဖြင့် နက္ခတ်ကို ကြည့်လို့ သိရတာပေါ့"

မာယာဒေဝီထံမှ ရှိုက်သံထွက်လာ၏။ ထိုအသံကြောင့် တစ်ဖက်သို့ လှည့်နေသော ရသေ့၏ ဦးခေါင်းသည် မာယာဒေဝီဘက်သို့ လှည့်လာသောအခါ ကိုယ်ဟန်တလှုပ်လှုပ်ဖြင့် ငိုရှိုက်လျက်ရှိသည်ကို တွေ့ရသည်။

"မငိုပါနဲ့လေ၊ သတ္တဝါမှန်သမျှတို့ရဲ့ သခ်ါရသဘောကို နားမလည်ဘူးလား"

"မိန်းမသားဘုရာ့...မိန်းမသား။ ရှင်ရသေ့လို တရားရှင်ကြီး မဟုတ်ဘူး။ လင်တစ်ယောက်လုံးသေတာကိုမှ မငိုရဘူးလား"

"ငိုတယ်ဆိုတာ ကိုယ့်အဖို့ ရှုံးတာပဲ။ ဘာဖြစ်လို့ အရှုံးခံချင်ရတာလဲ။ တရားနဲ့ ဆင်ခြင်မှပေါ့"

"အချိန်ကို စဉ်းစားကြည့်လိုက်တော့ မောင်တော်ဘုရားဟာ ကွယ်လွန်မယ် ဆိုလည်း ကွယ်လွန်လောက်ပါပြီ။ တပည့်တော်တို့မှာ အခုမှ မျောက်သစ်ကိုင်းလွတ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပြီ။ အရင်က မျှော်လင့်ချက်ကလေးနဲ့ အားရှိနေရသေးတယ်။ အခုတော့ ဘယ်သူ့ အားကိုးရတော့မှာလဲ"

"မိဖုရားတို့ ရောက်လာတာ ဆယ်နှစ်ကျော် ဆယ့်ငါးနှစ်ထဲတောင် ရောက်လာပြီ။ ဘယ်သူ့အားကိုးနေခဲ့သလဲ"

"ရှင်ရသေ့ကျေးဇူးတွေ မမေ့ပါဘူး။ နို့ပေမယ့် တထိတ်ထိတ်နဲ့ အားကိုးနေရတယ်။ တို့သားအမိကို ဘယ်တော့ပစ်သွားမလဲ၊ ဘယ်တော့နှင်ထုတ်လိုက်မလဲ၊ တစ်ခါတလေများ ရှင်ရသေ့က တစ်နေ့လုံးနေလို့တောင် စကားတစ်လုံး ပြောဖော်မရဘူး"

ဤနေရာတွင် အသံမပွင့်တပွင့်နှင့် ရှင်ရသေ့ကို မကြည့်သလို ကြည့်သလို မျက်စောင်းချိတ် ပြောသည်။ ရှင်ရသေ့သည် စောင်းကို နံဘေးသို့ချကာ မာယာဒေဝီဘက်သို့ လှည့်လာပြီဖြစ်၏။

"အားမငယ်ပါနဲ့လေ"

"မငယ်နဲ့ဆိုလည်း ငယ်မိတာပဲ။ ရေကလေး ချိုးမိတာနဲ့ အဆူခံရတယ်။ မျက်နှာကြီးကလည်း အိုထားလိုက်တာ ဘယ်ထွက်ပြေးရမှန်းတောင် မသိဘူး"

"ဆုံးမစရာရှိလို့ ဆုံးမတာပဲဟာ"

"ကိုယ့်အတွက်ကတော့ ထားပါတော့။ အသက်လည်း ကြီးပါပြီ။ ဘယ်လိုနေရနေရ၊ ဘယ်လိုစားရစားရ အရေးမကြီးပါဘူး။ သားကလေးရေ့ရေးကိုတော့ တွေးမိတိုင်း စိတ်မအေးရဘူး"

"သားကလေးအတွက်လည်း မပူပါနဲ့လေ။ လူဆိုတာ ဘယ်နေရာမှာမွေးမွေး၊ ဘယ်နေရာမှာနေနေ ပညာသာ အင်အားပါ"

"သားကလေးက အရေးအဖတ်လောက်ကလွဲလို့ ဘာပညာတွေများ တတ်သေးလို့တုံး ရှင်ရသေ့ရဲ့"

"ဟောဒီစောင်းဟာ 'ဟတ္ထိကန္တ'စောင်းလို့ ခေါ်တယ်။ ကျုပ်ရွတ်နေတဲ့ မန္တာန်ဟာ ဟတ္ထိကန္တမန္တာန်လို့ ခေါ်တယ်။ ဒီမန္တာန်နဲ့ ဒီစောင်းဟာ ဆင်တွေကို နိုင်တယ်။ မိဖုရားတို့ ကြောက်မှာစိုးလို့ ပြေးအောင်လို့ ရွတ်နေပေမယ့် လာစေချင်ရင်လည်း လာစေနိုင်တဲ့ တခြားစောင်းညှို့ကိုတီးရင် ဆင်တွေလာတယ်။ ရပ်စေချင်တဲ့ စောင်းညှို့ကိုတီးရင် ရပ်တယ်။ အချုပ်ကတော့ ဆင်မှန်သမျှကို ကိုယ်လိုသလို ခိုင်းစေလို့ရတဲ့ စောင်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆင်တွေကို နိုင်ရုံနဲ့ ဘာလုပ်မှာတဲ့တုံး။ ဆင်တွေအပေါ် ဘုရင်လုပ်ရမှာတဲ့လား"

"အမြင်တိုလိုက်ပါဘိ မိဖုရားရယ်၊ လောကမှာ ဆင်ထက်ကြီးတဲ့ လက်နက်အင်အား ရှိသေးလို့လား။ ဆင်ကို ဘယ်ဘုရင် ဘယ်နိုင်ငံ ခံနိုင်မှာတဲ့တုံး"

"တကတဲမှပဲ၊ ရှင်ရသေ့ကလည်း စိတ်တိုတတ်လိုက်တာ လွန်ပါရော။ သဘောပေါက်ပါပြီတဲ့ရှင်"

"နက်ဖြန်ကစပြီး ဥတေနကို ဒီမန္တာန်နဲ့ ဒီစောင်းကို သင်ပေးရမယ်"

"အားရှိလိုက်တာ ရှင်ရသေ့ရယ်။ သူတစ်ပါးနိုင်ငံကို မကြံစည်စေလိုပါဘူး။ ကိုယ့်ထီး ကိုယ့်နိုင်ငံကို ပြန်ပြီး သားကလေး အမွေခံရရင် တော်ပါပြီ"

"လွယ်ပါ့ဗျား...လွယ်ပါ့"

"အကြံအစည် အောင်မြင်တဲ့အခါ ရှင်ရသေ့ကလည်း နန်းတော်ပေါ် လိုက်ပြီး တရားအားထုတ်ပေါ့။ ဒီလောက်ကြာအောင် အတူနေလာရတော့ တပည့်တော်မတို့လည်း ရှင်ရသေ့ကို သံယောဇဉ် ဖြစ်နေပြီ။ ခွဲနိုင်တော့မှာ မဟုတ်တော့ဘူး"

"အဟမ်း...အဟမ်း"

"နောင်ကို မျက်နှာထားကြီး တင်းနေဦးမှာလား။ စကားမပြောဘဲ နေဦးမှာလား ဘုရာ့"

"ပြောစရာရှိတာကတော့ ပြောရမှာပေါ့လေ"

"ပြီးတော့...ဘယ်လိုရေမချိုးရဘူး၊ ဘယ်အချိန် ရေမချိုးရဘူးလို့ရော ဟန့်တားနေဦးမှာလား ဘုရာ့"

"ကြိုက်သလိုချိုးစေဗျား...ချိုးစေ"

သုံးရက်အတွင်း၌ပင် သစ်မ်းကလေးအတွင်း ခေါင်းရင်းပိုင်း ခြေရင်းပိုင်း ကာရံထားသော ခန်းဆီးအကာကလေးသည် ပြုတ်သွားပြီဖြစ်၏။ သုံးရက်အတွင်း၌ပင် အလ္လာကပ္ပရသေ့အဖြစ်မှ ဆရာကြီး အလ္လာကပ္ပအသွင်သို့ ကူးပြောင်းသွားသည်။

ဆင်များဖြင့် ထီးမွေနန်းမွေကို ဆက်ခံနိုင်ခဲ့သော ဥတေနဘုရင်၏ ကောသမ္ဗီနိုင်ငံသည် နောင်ခါ၌ သာသနာတော် အခြေစိုက်ရာ နိုင်ငံတစ်ခု ဖြစ်လာခဲ့သတည်း။

◆

www.burmeseclassic.com

www.burmeseclassic.com



# ဇာတ်တော်ရှင်

[ ၁ ]

"ယနေ့ခေတ် လူငယ်များသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနှင့် အဆက်အစပ် နည်းလှပါသည်။ ကျောင်းကန် ရိပ်သာများသို့ အဝင်အထွက် နည်းလှပါသည်။ ဤသို့ဖြစ်ရခြင်းအတွက် တပည့်တော်များတွင် တာဝန်ရှိပါသည်။ သို့ပါ၍ တပည့်တော် အုပ်ချုပ်မှုနယ်ပယ်မှ လူငယ်များ ရတနာသုံးပါးနှင့် နီးစပ်လာစေရန် အရှင်ဘုရား ကျောင်းတော်တွင် ရတနာသုံးပါးနှင့် သက်ဆိုင်သော လူငယ်ပွဲတော်တစ်ရပ် ကျင်းပပေးရန် ရည်မှန်းချက် ရှိပါသည်။ အခွင့်ပြုတော်မူပါ ဘုရား"

ကျောင်းဒကာကြီး ဘုရင်ဗိမ္ဗိသာရ၏ ခပ်ဆန်းဆန်း လျှောက်တင်ချက်ကြောင့် ဘုရားရှင်သည် မျက်ဝန်းတော်နှစ်ဖက် ကျုံ့ရှုံ့မျှ ပြုံးတော်မူ၏။ မင်းတို့၏ ပရိယာယ်သည် ကျယ်ဝန်းလှပေ၏။ အဖြူကိစ္စအတွက် အမည်းကို ပြောတတ်သည်။ အနီအကြောင်းကြောင့် အစိမ်းကို လုပ်တတ်သည်။ အကြောင်းကား မင်းတို့တွင် စောင့်ထိန်းဆင်ခြင်ရသည့် အကြောင်းရပ် အမျိုးမျိုး ရှိနေတတ်သည်။ ယခုလည်း မိမိလိုအပ်သော အခြားကိစ္စတစ်ရပ်အတွက် ဗိမ္ဗိသာရဘုရင်က နည်းပရိယာယ် တစ်ခု ဆင်လာသည်ကို ဘုရားရှင် နားလည်တော်မူလိုက်သည်။ သို့ရာတွင် ဘုရင်၏ ပရိယာယ်စက်ကွင်းမှာ ဘုရင်ကိုယ်တိုင်က မသိသော်လည်း သာသနာတော်နှင့် မှုရင်းပုဂ္ဂိုလ်အတွက် အကျိုးပွားဖို့ ရှိသောကြောင့် "ဒကာဘုရင့် ဆန္ဒအတိုင်း ပြုလုပ်နိုင်ပါသည်"ဟု ခွင့်ပြုတော်မူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

ဗိမ္ဗိသာရဘုရင်၏ နယ်ပယ်ဖြစ်သော စမ္ပာနဂိုရ်မြို့မှ သူဌေးသား သောဏ လုလင်၏ သတင်းများမှာ ထူးခြားကြီးကျယ်လှ၏။ ရာဇဂြိုဟ်မြို့တော်ကိုပင် လွှမ်း၍နေသည်။ လူ့လောကတွင်သာမက ရဟန်းလောကသို့ပင် ပျံ့နှံ့တိုးဝင်၍ နေသည်။ လူတိုင်းလိုလိုပင် သူ့အကြောင်းကို အံ့သြပြောဆိုကြသည်။ လူပေါင်း များစွာတို့သည် သူ့ကိုသွား၍ ကြည့်ကြသည်မှာ နေ့စဉ်နှင့်အမျှ ဖြစ်၏။ လူတွေလာ လွန်းသောကြောင့် သူတို့သား ပင်ပန်းမည်စိုး၍ သူ့မိဘများက ပိတ်ပင်ထားရ၏။ သူဌေးသားအဖို့ သူ့ပြာသာဒ် တိုက်ခန်းများမှ မဆင်းဝံ့အောင်အထိ ဖြစ်ရသည်။

ဤသတို့သားသည် မွေးစဉ်ကပင် ဘုန်းနှင့်သမ္ဘာ ထက်ကြပ်ပါလာသူ ဖြစ်၏။ ရွှေအဆင်းနှင့်တူ၍ ရွှေရုပ်ကလေးလို လှသည်ဟူသော သူ့သတင်းသည် မွေးသည် နှင့် တစ်မုဟုတ်ချင်းပင် မြို့တော်အထိ လွှမ်းတက်သည်။ သူ့အကြောင်းကို ပြော၍ သူ့ကို သွားကြည့်ကြရသည်ကပင် အလုပ်ကြီးတစ်ခု ဖြစ်နေကြသည်။ ပင်ကိုကပင် သုံးမကုန်အောင် ချမ်းသာသော သူ့မိဘများအဖို့လည်း သူ့ကို မွေးဖွားလာသော အချိန်မှစ၍ စီးပွားဥစ္စာ ကျိုကျိုတက် တိုးတက်လာသည်။

ယင်းသို့ တစ်နိုင်ငံလုံးအတွက် ချစ်မွေးပါလာခဲ့သော သူ့သတင်းသည် ရက်ပိုင်းမျှလည်းမဟုတ်၊ လပိုင်းလည်းမဟုတ်၊ နှစ်ပိုင်းပင်မက ယခုဆိုလျှင် အနှစ် နှစ်ဆယ်ကျော် ရှိခဲ့ပေပြီ။ သူ့သတင်းသည် ပျံ့နှံ့ဆဲပင်ဖြစ်၏။ သူ၏ သတင်း ကောင်း သတင်းဆန်း မျိုးစုံတို့အနက် အထူးခြားဆုံးသော သတင်းမှာ ရွှေရုပ်လို လှ၍ ဝွမ်းပုံဝွမ်းဆိုင်ကဲ့သို့ နူးညံ့သော သူ့ခန္ဓာကိုယ်မှ ခြေဖဝါးနှစ်ဖက်တွင် အမွေးနုများ ဝဲလှည့်၍ ပေါက်သည်ဟူသော သတင်းပင် ဖြစ်ပေသည်။

သူ့သတင်းကို ထိန်းထားသည့် ထူးခြားသော အခြားသတင်းတစ်ခုမှာလည်း ဤမျှ စည်းစိမ်ကြီးမားလှသော သတို့သားသည် အရွယ်ပင် ရောက်လာလင့်ကစား မိန်းမအာရုံ ကာမဂုဏ်သို့ မသက်ဝင်လှဘဲ စောင်းနှင့်သာ ပျော်ပိုက်သည်။ ဂီတဖြင့်သာ မွေ့လျော်သည်ဟူသော သတင်းဖြစ်၏။ မည်သည့်ပွဲလမ်းသဘင်သို့မျှ ဝင်ဖို့ရန် မလိုသဖြင့် မဝင်သေးသော်လည်း သူ့စောင်း၊ သူ့ဂီတ၏ အရည်အသွေးမှာ ပင်ကိုဗီဇကောင်းတွင် ထိတ်ထိတ်ကြဲဆရာတို့ဖြင့် မွမ်းကဲနိုင်သောကြောင့် အထက်တန်းကျလှ၏။ သို့ဖြစ်၍ လူများစွာသည် သူ့ကိုကြည့်ရန် သွားကြသလို လူများစွာသည် သူ့စောင်းသံကို နားဆင်ရန် သူ့ဝန်းကျင်သို့ သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ အနှစ် နှစ်ဆယ်ကျော်တိုင် သူ့သတင်းများ လွှမ်းနေရာ၌ သူ့ပင်ကိုကောင်းသတင်းများအပြင် သူ့မိဘများကလည်း သတင်းထူး သတင်းဆန်း မျိုးစုံဖြစ်အောင် ဖန်တီးတတ်ပါပေ၏။

ဥပမာအားဖြင့် ဤသတို့သားစားဖို့အတွက် သူ့မိဘများက အာဟာရကိစ္စ ဖန်တီးပေးပုံတစ်ရပ်ကိုပင် ကြည့်ပါ။ မြေသန့်မြေကောင်း သီးသန့်နေရာတွင် လက်ရွေးစင် သလေးစပါးကို နို့ရည်ဖြင့်စိုက်သည်။ စပါးစိုက်ရာတွင် ရေအစား နို့ရည်ကိုသွန်၍ သုံးသည်။ သီးလာသောအခါ အသီးကို တစ်ခိုင်ချင်း လက်ဖြင့် ဆွတ်ကြရသည်။ ဆွတ်ပြီးစပါးကို နံ့သာနှစ်တို့ဖြင့်သာ လိမ်းကျံမွမ်းမံထားသည့် လှပသော စပါးကျီတွင် စနစ်တကျ သိုမှီးရသည်။ ဆန်ဟောင်းဖြစ်စေဖို့ သုံးနှစ် တစ်ကြိမ် အလဲအလှယ်နှင့် ဖွင့်ယူသုံးဆောင်နိုင်ရန်အတွက် အလားတူ နံ့သာကျီ သုံးလုံး တည်ဆောက်သည်။ စားချိန်တန်သော စပါးကျီမှ အသီးများကို တစ်လုံး ချင်း လက်ဖြင့်နွှာကြရသည်။ ထို့နောက် အလုံးမပျက်သော လက်ရွေးစင် ဆန်များ ကိုသာ ပေါင်းသည်။ ပေါင်း၍ပြီးသော် ထမင်းလုံးကလေးများသည် မြတ်လေး ပန်းနှင့်တူ၏။ ဤသတို့သား၏ အာဟာရမှ 'မြတ်လေးဆန်'ဟူသော ဝေါဟာရ တစ်ရပ်ပင် တိုးတက်လာရ၏။

သူနေသည့် အဆောက်အအုံများကိုလည်း ကြည့်ဦးလော့။ ဘုရင့် နန်းမဆောင် များနှင့် ပြိုင်လုဘနန်း ရာသီအလိုက် အဆောက်အအုံ သုံးဆောင် ဆောက်လုပ် ပေးထားသည်။ နွေရာသီဆိုလျှင် နွေခန်းဆောင်တွင်နေ၍ မိုးရာသီဆိုလျှင် မိုးတိုက် ဆောင်သို့ရွှေ့သည်။ ဆောင်းတိုက်ဆောင်မှာ ရာသီနှင့် ကိုက်ညီ၍ အချမ်းဓာတ် နည်းပါးအောင် အစွမ်းကုန် ပြုပြင်ထားသဖြင့် အကောင်းဆုံး အဆောက်အအုံဟု ဆိုကြသည်။ အကြောင်းကား ရာဇဂြိုဟ်နိုင်ငံတော်သည် တောင်ငါးလုံးဖြင့် ဝိုင်းပတ် ထားသောကြောင့် အအေးဓာတ် ပိုမိုသောနိုင်ငံ ဖြစ်သည်။ သတို့သားနှင့် အရွယ်တူ ယောကျ်ားမိန်းမ အခြံအရံ ဆိုသည်မှာ ဘုရင့်နန်းဆောင်များမှ မင်းညီမင်းသား တို့၏ အခြွေအရံများထက် အပုံကြီး များသည်ဟု ခန့်မှန်းကြ၏။ ယောကျ်ား အခြံအရံထက် မိန်းမအခြံအရံက ပို၍ မိဘဖြစ်သူများ၏ သွေးဆောင်မှု ရည်မှန်းချက် အစီအစဉ်အရ အချောအလှကလေးတွေချည်း ဖြစ်၏။ သို့ပါလျက် ဤအချော အလှများ၏ ဝိုင်းဝိုင်းလည်အောင် ယုယမှု၊ ပြုစုမှုအလယ်တွင် ကာမဂုဏ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်၍ မငြိစွန်းဟူသော သတင်းမွှေး သတင်းကောင်း ထွက်လာနိုင်သေးသည်မှာ အံ့သြဖွယ် ကောင်းသည်။

ဤမျှဆိုလျှင် ကျောင်းဒကာကြီး ဘုရင် ဗိမ္ဗိသာရက ဘုရားရှင်အား လျှောက်ထားသော မင်းပရိယာယ်ဆိုသည့် စကားကို ရိပ်စားလောက်ပေပြီ။ ဘုရင်သည် မိမိနိုင်ငံအတွင်း၌ ဤမျှ သတင်းမွှေးလျက်ရှိသော သောဏလုလင်ပျိုအား တွေ့မြင်လိုသည်။ တွေ့မြင်လို၍ ရှေ့တော်ဝင်စေဆိုလျှင် အဆင်မပြေလှ။ အရပ်သူ အရပ်သား အများသူငါလို သူ့ထံသို့သွားဖို့ ဆိုသည်မှာ သာ၍ အဆင်မပြေ။ နိုင်ငံတော် အဓိပတိအနေဖြင့် ထိန်းသိမ်းရသော ရာဇဣန္ဒြေ ပျက်ယွင်းဖို့ ရှိသည်။

ထို့ကြောင့် အတွင်းလူ အတိုင်ပင်ခံ အမတ်များ၏ အကြံပေးချက်အရ ဘုရားရှင်ကျောင်းတော်တွင် ဗုဒ္ဓပူဇနိယ လှူငယ်ပွဲတော်တစ်ရပ် စီမံစေ၍ ဘုရင်က ဘုရားရှင်ကျောင်းတော်သို့ သွားမြဲအတိုင်း သွားရင်းဖြင့် ဤထူးခြားသော လုလင်ကို တွေ့မြင်ရဖို့ အစီအစဉ်ဖြစ်သည်။ ဘုရင်၏ဆန္ဒလည်း ပြည့်စုံစေနိုင်၏။ လှူငယ်တို့ စည်းလုံးစုစည်းမှုလည်း ဖြစ်စေနိုင်၏။ တိုင်းပြည် သာယာမှုလည်း ဖြစ်စေနိုင်၏။ ကုသိုလ်ပွားများမှုလည်း ဖြစ်စေနိုင်၏။ လေးဘက်ပြည့် လေးကျိုးရ အစီအစဉ် ဖြစ်ပေသည်။

[ ၃ ]

ဝေဠုဝန်တွင် ဗုဒ္ဓပူဇနိယ လှူငယ်ပွဲတော် ကျင်းပမည်ဟူသော အစီအစဉ်ကို သက်ဆိုင်ရာရုံးမှ တစ်နိုင်ငံလုံးသို့ ကြေညာသည်။ ဤအစီအစဉ်တွင် သောဏ လုလင် မပါဝင်မရှိစေရန် တစ်ဖက်တွင် သတို့သားမိဘများသို့ တိုက်တွန်းမှာကြားထားသည်။ ခြေဖဝါးတွင် မွေးနုများ ပေါက်သည်အထိ နူးညံ့လှသောကြောင့် တစ်သက်နှင့်တစ်ကိုယ် မြေအပြင်ကို ခြေမတင်ဖူးသော မိမိတို့သားအတွက် ကျောင်းတော်မြေပြင်တွင် အများနည်းတူ ပါဝင်ရမည်ဆို၍ စိုးရိမ်သော်လည်း ခပ်တင်းတင်း ချမှတ်လာသော သက်ဆိုင်ရာ အမိန့်ကြောင့် ခွင့်ပြုရသည်။

သို့ဖြစ်၍ သောဏလုလင် လှူငယ်ပွဲတော်သို့ လာမည်ဟူသော သတင်းကပင် ကြီးကျယ်လှ၏။

လှူငယ်ပွဲတော်အတွက် အစီအစဉ်တို့မှာ မြိုင်ဆိုင်လှ၏။ အဆို၊ အက၊ အတီး၊ စောင်းနှင့် ပြဇာတ်တိုတို့ ဖြစ်သည်။ အားလုံးသည် ရတနာသုံးပါးသို့

www.burmeseclassic.com

www.burmeseclassic.com



ရည်ညွှတ်သော အစီအစဉ်များ ဖြစ်ကြသလို အားလုံးသည်လည်း အပြိုင်အဆိုင်များ ဖြစ်ကြသည်။ ပြိုင်ဆိုင်ရာ၌ အဆို၊ အတီး၊ အကတို့၏ အနှစ်သာရကိုသာမက အဝတ်အဆင် အဆင်ပြေမှု၊ ခမ်းနားသေသပ်မှုကိုလည်း ထည့်သွင်းအကဲဖြတ်မည်။ အနိုင်ရသူများအား ဘုရင်ကိုယ်တော်တိုင် ဆုချီးမြှင့်မည် ဖြစ်၏။

သို့ဖြစ်၍ ရာဇဂြိုဟ်မြို့တော်နှင့်တကွ အနီးဝန်းကျင်မြို့များမှ ပြိုင်ပွဲတွင် ပါဝင်မည့် လူငယ်အဖွဲ့များသည် ပြိုင်ပွဲရက်မတိုင်မီအတွင်း သူ့ထက်ငါသာ ကျိုတ်၍ စီစဉ်ကြိုးပမ်းကြသည်မှာ လူငယ်လောကအတွင်း သဲသဲရတ်မျှ ဖြစ်သည်။

လူငယ်ပွဲတော်သဘင်အတွက် ဝေဠုဝန်ကျောင်းတော်ဝင်း အတွင်းတွင် ကျယ်ပြန့်ခမ်းနားသော ပြိုင်ပွဲမဏ္ဍပ်တစ်ခု သီးသန့်ဆောက်လုပ်ပေးထားသည်။ မဏ္ဍပ်ထိပ်ပိုင်းတွင် ပြိုင်ပွဲဝင်တို့အတွက် ဇာတ်ခုံနိမ့်နိမ့် ပူးတွဲထား၏။ မဏ္ဍပ်နှင့် ကျောင်းတော်ဝင်း တစ်ခုလုံးလိုလို၌ပင် စက္ကူပန်းရုပ်၊ ပန်းဆိုင်း၊ ပန်းပွားတို့ဖြင့် အလှအပဆင်ယင်ထားသည်။ ညဥ့်အချိန်တွင် မီးထွန်းရန်အတွက် မီးတိုင် မီးခွက်တို့ကိုလည်း လိုအပ်သောနေရာတိုင်းတွင်ပင် အပြည့်အနှံ့ စိုက်ဆွဲထား၏။

အပြိုင်အဆိုင်များသောကြောင့် ပွဲတော်ကို ညနေပိုင်းကပင် စတင်ရမည်။ အစီအစဉ်အရ သန်းခေါင်မတိုင်မီ လူငယ်ပွဲတော် ပြီးစီးမည်။ ပွဲတော်ပြီးလျှင် တရားနာလိုသူများသည် ဘုရားရှင်၏ တရားမဏ္ဍပ်တော်သို့ ကူးပြောင်းနာယူနိုင်ကြသည်။ ဘုရားရှင်၏ ယနေ့ တရားပွဲတော်ကို လူငယ်ပွဲတော်ကြောင့် ညဥ့်နက်ပိုင်းသို့ အချိန်အနည်းငယ် ရွှေ့ပေးရသည်။

သို့နှင့် ဗုဒ္ဓပူဇနိယ လူငယ်ပွဲတော်ရက်သို့ ဆိုက်ရောက်၍လာ၏။

[ ၄ ]

ဗုဒ္ဓပူဇနိယပွဲတော်သို့ သောဏလုလင်နှင့် သူ့အဖွဲ့၊ သူ့အခြံအရံများ ရောက်လာသည်ကပင် ထူးခြားလှ၏။ သောဏလုလင်၏ ရထားကို အခြွေအရံ ရထားငါးရာ ခြံရံသည်။ ထိုရထားငါးရာကျော်မှ ထွက်ပေါ်လာသော ချူသံ ဆည်းလည်းသံတို့သည် တူရိယာငါးပါး အသံကဲ့သို့ သံစုံမြည်၍ လူငယ်ပွဲတော်ဆီသို့ ရောက်လာ၏။ သို့ဖြစ်၍ သောဏလုလင်တို့အဖွဲ့ လာပြီဟူသော သတင်းမှာ ပွဲတော်တစ်ခုလုံးကို လှုပ်ရှားစေ၍ ရထားများဆီသို့ ထွက်မျှော်ကြည့်ရှုကြလေရာ သောဏလုလင်လာသည်ကိုပင် ပွဲတော်တစ်ခုလုံးက ကြိုဆိုနေရဘိသို့ ဖြစ်သွားစေသည်။

www.burmeseclassic.com

www.burmeseclassic.com



သောဏာလုလင် စောင်းနှင့် စောင်းအဖွဲ့၏ ခမ်းနားပုံကိုလည်း ကြည့်ပါဦး။ ရထား တစ်စီးတွင် စောင်းလုလင်တစ်ယောက် ပါ၏။ ပထမရထားမှ စောင်းသည် အနီရောင်ဖြင့် ထိန်ထိန်လက်၏။ ဒုတိယရထားမှစောင်းသည် အဖြူရောင်ဖြင့် ဝင်းဝင်းပြောင်၏။ အကြောင်းကား ပထမစောင်းသည် ရွှေစောင်းဖြစ်၍ ဒုတိယ စောင်းသည် ငွေစောင်းဖြစ်သည်။ ယင်းသို့ အဖြူတစ်လှည့်၊ အနီတစ်လှည့်ဖြင့် ရွှေစောင်း နှစ်ရာ့ငါးဆယ်၊ ငွေစောင်း နှစ်ရာ့ငါးဆယ်တို့ဖြင့် ခြံရံအပ်၏။ စောင်း လုလင်တို့၏ တင့်တယ်ခြင်း၊ ရထားတို့၏ ခမ်းနားခြင်း၊ မြင်းတို့၏ တင့်တယ်ခြင်း တို့ကပင် ရင်သပ်ရှုမောဖွယ် ဖြစ်သည်။

သောဏာလုလင်၏ တင့်တယ်ခြင်းမှာကား ထိုသည်တို့မှ တသီးတခြားတည်း။ သောဏာလုလင်၏ အဝတ်အဆင်မှာ အဝတ်အထည်မှ ဟုတ်ပါလေစဟု ထင်မှတ် ရသည်။ အကြောင်းကား နန်းခက်ထားအပ်သော ရွှေမှုန်ရွှေပြားတို့ အကြားတွင် ပတ္တမြား၊ နီလာ၊ ကျောက်မျိုးစုံတို့ကို အလိုက်သင့်စွာ ခြယ်ဆင်၍ထားသော အဝတ်ဖြစ်သည်။ သို့ရာတွင် တစ်ကိုယ်လုံး ရတနာဖြင့် ဖုံးလွှမ်း၍ထားခြင်းမဟုတ်၊ အမြင်လှရုံမျှ အလိုက်သင့် ဆင်ယင်ထားခြင်းဖြစ်၍ မွေးစကပင် ရွှေအဆင်းလို လှသည်ဟူသော သူ၏ကျော်ကြားမှု ပင်ကိုရုပ်ရည်ကို ပေါ်လွင်စေသည်။

ရတနာမျိုးစုံဖြင့် သွန်၍ စီခြယ်အပ်သော အရာသည်ကား သူ၏စောင်း ဖြစ်သည်။ သောဏာ၏စောင်းသည် အခြံအရံအားလုံးထက် အတန်ကြီးသည်။ အလုံးအထည် ကြီးရုံမျှမက အပြင်အဆင်အားဖြင့်လည်း အဟန့်ကြီးသည်။ စောင်းကို သောဏာလုလင်ကိုယ်တိုင် ပွေ့ပိုက်ထားသည်။ စောင်းအိုးတွင် စီခြယ် အပ်သော ကျောက်မျိုးစုံတို့ကြောင့် စောင်းတစ်ခုလုံးမှ ပြိုးပြိုးပြက်အရောင်တို့ တဖျပ်ဖျပ်ထွက်လျက်ရှိသည်။

စောင်းထိပ်တွင်ကား လှပသော အကွက်အပြောက်တို့ဖြင့် သွေးထားအပ် သော ကြီးမားသော စိန်ကြီးဖြစ်၏။

သောဏာလုလင် ရထားမှဆင်းသောနေရာသည် ကျောင်းတော်တံခါးဝ ဖြစ်၏။ သောဏာလုလင်က ရထားမှဆင်းရန် ပြင်သောအခါ အခြံအရံအချို့က သောဏာ လုလင်သွားရာလမ်း၌ ကတ္တီပါအခင်းတို့ကို ဆက်၍ ဆက်၍ ခင်းပေးရန် အကြံဖြင့် ကတ္တီပါတစ်ချပ်ကို ရထားခြေရင်းသို့ ခင်းလာသည်ကို သောဏာလုလင်က လက်ဟန်ပြ၍ ရပ်သိမ်းခိုင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင် မိဘဖြစ်သူတို့၏ မေတ္တာအစွမ်းဖြင့် မြေကြီးခြေမကျသော အစီအစဉ်ကို လိုက်နာခဲ့ရသော်လည်း ဤနေရာသည် ရှိသေအပ်သော နေရာဖြစ်၏။ အများနှင့် ဆက်ဆံသော နေရာလည်း ဖြစ်၏။ မိမိသည် အရွယ်ရောက်သော ယောကျ်ားရင့်မကြီးတစ်ယောက် ဖြစ်ပါလျက် ပိုးမွေးသလို တယုတယ အပြုအစုခံရလွန်းသည်ကို မိဘတို့၏ စေတနာကိုငဲ့၍ အလိုလိုက်ခဲ့ရသော်လည်း သောဏလုလင် အဖို့ ဘဝင်မကျနိုင် ဖြစ်ခဲ့ရ၏။ သို့ဖြစ်၍ ငါယောကျ်ားတကားဟု ရင်ကို ဝင့်ကြွားစွာ ကော့လိုက်ပြီးလျှင် ကျောင်းမြေပြင်သို့ ဆင်းသက်လိုက်သည်။ မြေကို ခြေနှင့် နင်းမိလိုက်သည် ဆိုပြန်တော့လည်း မွေးနုပေါက်အောင် နူးညံ့သည်ဆိုသော ခြေဖဝါးတို့မှာ ဤမျှ စိုးရိမ်စရာ မဟုတ်ပြန်ပေ။ သို့နှင့် အလိုက်သင့်ပင် ပြိုင်ပွဲမဏ္ဍပ်သို့ ဝင်သည်။

သောဏလုလင်တို့နှင့် မရှေးမနှောင်းမှာပင် ဗိမ္ဗိသာရ ဘုရင်ကိုယ်တိုင်နှင့် နန်းတော် အသိုင်းအဝိုင်းတို့ ပြိုင်ပွဲမဏ္ဍပ်သို့ ဆိုက်ရောက်လာကြကာ စီစဉ်ထားသော သီးသန့်နေရာများတွင် ထိုင်သည်။ ပရိသတ်အားလုံးသည် နာမည်ကြီးလှသော သောဏလုလင်ကို အာရုံပြုသကဲ့သို့ ဘုရင်ကိုယ်တိုင်လည်း ပရိသတ်ထဲတွင် ထိုင်လျက်ရှိသော သောဏလုလင်ဆီသို့ မကြာခဏ မျက်နှာမူလာသည်ကို တွေ့ကြရသည်။

အချိန်ရောက်သောအခါ အစီအစဉ်အတိုင်း အဆို၊ အက၊ အတီးပြိုင်ပွဲများကို အားကြိုးမာန်တက် ဆင်နွှဲကြသည်။ စောင်းပြိုင်ပွဲကို နောက်ပိုင်းသို့ အနည်းငယ် ရွှေ့ထားသည်။ အကြောင်းကား သောဏတို့ ပါဝင်သော စောင်းပြိုင်ပွဲကို ဘုရင်ကိုယ်တော်တိုင် စိတ်ဝင်စားနေသည်ကို လူတိုင်း မသိကြသော်လည်း သိသော စီစဉ်သူများက အကြောင်းတစ်ခုခုကြောင့် ပြိုင်ပွဲသို့ ဘုရင် အရောက် နောက်ကျနေခဲ့လျှင် မလွတ်စေရန် နောက်ပိုင်း အစီအစဉ်အဖြစ် စီစဉ်ပေးထားခြင်း ဖြစ်သည်။ စောင်းပြိုင်ပွဲပြီး၍ ပြဇာတ်တိုနှစ်ခု အပြိုင်ပြီးလျှင် ပွဲတော်ဆုံးမည် ဖြစ်၏။

သို့နှင့် စောင်းပြိုင်ပွဲ အလှည့်သို့ ဆိုက်ရောက်လာသည်။ သောဏတို့နှင့် ပြိုင်ရမည့် အဖွဲ့နှစ်ဖွဲ့သည် အခြေအနေ အရပ်ရပ်ကို မြင်ရကာမျှဖြင့် မပြိုင်ရမီကပင် အရှုံးစာရင်း ထွက်နေကြပြီ ဖြစ်ကြရရှာသည်။ သို့ရာတွင် ပြိုင်ပွဲဝင်ခဲ့သော တာဝန်အရလည်းကောင်း၊ အနုပညာကို မထီမဲ့မြင်ပြုသော အနုပညာမာန်ဖြင့် လည်းကောင်း၊ အစွမ်းရှိသမျှကို လေးလေးစားစား ဖွင့်ထုတ်၍ ယှဉ်ပြိုင်သွားကြရှာ

www.burmeseclassic.com

www.burmeseclassic.com



အနုပညာကို လေးစားသည့် စိတ်ဓာတ်ကို အားပေးသောအားဖြင့်လည်းကောင်း၊ ရှုံးသူကို အားပေးတတ်သည့် ပရိသတ်၏ သဘာဝအရလည်းကောင်း ကျေနပ်လောက်အောင်ပင် ဩဘာလက်ခုပ်သံများ လွှမ်းလျက် ရှိပေသည်။ ထို့နောက်ကား သောဏလုလင်တို့၏ အလှည့်ဖြစ်၏။

သောဏလုလင်အဖွဲ့က လက်ဝဲဘက်နေရာတွင် ငွေရောင်စောင်း နှစ်ရာ့ငါးဆယ်တို့ နေရာယူ၍ လက်ယာဘက်တွင် ရွှေရောင်စောင်း နှစ်ရာ့ငါးဆယ်တို့ နေရာယူကြသည်။ စောင်းငါးရာတို့ နေရာယူပြီးနောက်မှ အလယ်တွင် အတန်မြင့်သော ကတ္တီပါဖုံထူတစ်ခုကို ခင်း၍ သောဏလုလင်နှင့် သူ၏ ကြွားရွှားသောစောင်းတို့ နေရာယူသည်။ ဖြည်းညင်းသေသပ်စွာ လှုပ်ရှားရင်း သူတို့နေရာယူစဉ်ကပင် ပရိသတ်၏ အာရုံအားလုံးသည် သူတို့ဆီသို့ ကျရောက်၍ အပ်ကျသံကြားရမတတ် တိတ်ဆိတ်လျက်ရှိသည်။ ဓာတ်ခုံပေါ်သို့ ရောက်သဖြင့် ပို၍ထင်ရှားလာသော သောဏလုလင်၏ စောင်းပိုက်ထားရာမှ အလိုက်သင့်စွာပေါ်လျက်ရှိသော ခြေဖဝါးနှင့် အမူအရာအားလုံးကို ဘုရင်မင်းမြတ်သည် စူးစူးစိုက်စိုက် ရှုကြည့်တော်မူ၏။ ယင်းသို့ ထင်းထင်းတွေ့ရသောအခါတွင်မှ ကျော်ကြားလောက်ပါပေသည်ဟုလည်း စိတ်ထဲမှ မှတ်ချက်ချလိုက်မိ၏။

ထို့နောက် အစီအစဉ် ကြေညာသူက သောဏလုလင်နှင့် စောင်းအဖွဲ့က ဘုရားရှင်၏ ဂုဏ်တော်ကိုးပါးဘွဲ့ တီးကွက်များဖြင့် စတင် ယှဉ်ပြိုင်ပါတော့မည်ဟု ကြေညာလိုက်သည်။ ထူးခြားချက်မှာ ဤမျှ ခမ်းနား များပြားသော စောင်းများမှ ပြိုင်ပွဲမစမီအတွင်း၌ အခြားသော အဖွဲ့များကဲ့သို့ စောင်းကြိုးစမ်းသပ်မှု၊ ဗုံစမ်းသပ်မှု အနေဖြင့် စမ်းသပ်ကြသလို ဒိုးဒိုးဒေါင်ဒေါင် အသံ တစ်ချက်ကလေးမျှ ထွက်ပေါ်လာသည်ကိုမှ မကြားကြရဘဲ အစီအစဉ် ကြေညာသူက ကြေညာပြီးသည့်နောက်တွင် သောဏလုလင်၏ စောင်းမှ သီချင်းသား တီးကွက်ကို စတင်လိုက်ခြင်းပင် ဖြစ်ပေသည်။

ပထမသော် စောင်းများကို ရွှေရောင် ငွေရောင်တို့ဖြင့် ဆင်ယင်ထားခြင်းသည် အလှအပအတွက်မျှသာဟု ထင်မှတ်ခဲ့ကြ၏။ ယခု တီးကွက် ဝင်လာသည့်အခါတွင်မှ ရွှေရောင် ငွေရောင် ခွဲခြားမှု၏သဘော ပေါ်လာသည်။ လက်ဝဲဘက်မှ ငွေရောင် စောင်းများသည် လက်ရင်းသံ၊ အသံကြီး၊ ဒုံးသံ စောင်းများဖြစ်၏။ လက်ယာဘက်မှ ရွှေရောင်စောင်းများသည် သွက်လက်စီရီသော အသံသေးများ၏

www.burmeseclassic.com

www.burmeseclassic.com



လက်ဖျားသံစောင်းများ ဖြစ်ကြ၏။ ပင်မဖြစ်သော သောဏလုလင်၏ တီးကွက်ကို လိုက်၍ လက်ရင်းသို့ရောက်၍ စောင်းအများ လိုက်ရမည့် အကွက်တွင် လက်ရင်း ခုံးသံကြီးများသည် မိုးခြိမ်းသံ၊ လေကျသံ၊ တောင်ကျရေစီးသံကြီးတို့ တစ်ခဲနက် ထွက်ပေါ်လာသကဲ့သို့ ဟိန်း၍ ကား၍ တစ်ပြိုင်နက် ထွက်ပေါ်လာကြသည်။ အလားတူပင် လက်ဖျားသံ အလှည့်တွင် စောင်းအများ လိုက်ပါရမည့် တီးကွက်သို့ ရောက်သောအခါ ဆည်းလည်းသံ ခြူသံကဲ့သို့ စီရီသော အသံစိတ်၊ အသံငယ် များသည် မိုးသီးမိုးပေါက်ပမာ မြိုင်ဆိုင်စွာ ထွက်ပေါ်လာကြသည်။ ပရိသတ်၏ စိတ်၌ တာဝတိံသာနတ်ပြည်မှ နတ်လုလင်တို့၏ တီးဝိုင်းတွင် ပဥ္စသိခ နတ်မင်း ကြီးကိုယ်တိုင် ခေါင်းဆောင်နေလေသလောဟုပင် ထင်မှတ်ကြရသည်။

သို့နှင့် သောဏလုလင်၏ စောင်းအဖွဲ့သည် သတ်မှတ်ထားသော ဆုများ သာမက နှစ်သိမ့်မှုကို မအောင့်နိုင်သဖြင့် ရုတ်တရက် ထွက်ပေါ်လာသော ပရိသတ်၏ ဆုများသည်ပင်လျှင် ပျားပန်းခပ်မျှ ကျရောက်လာသည်။ အလိုတော်ပြည့်သဖြင့် တပြုံးပြုံး ဖြစ်လျက်ရှိသော ဘုရင်၏ အမူအရာကို ကြည့်၍ ပွဲတော်တစ်ခုလုံး ရွှင်လန်းကြရသည်။ စင်စစ်ဆိုသော် အများအတွက် လှူငယ်ပွဲတော် ဆိုသော်လည်း သောဏလုလင်၏ ပွဲတော်ပမာပင် ဖြစ်ခဲ့ရသည်။

## [ ၅ ]

ပွဲတော်အပြီးတွင် ဘုရင်သည် ဘုရားရှင်၏ တရားမဏ္ဍပ်သို့ ကူး၏။ လှူငယ် များစွာတို့ ပွဲတော်မှ ပြန်ကြပြီဖြစ်သော်လည်း သောဏလုလင်အဖို့ ကြုံတုန်းကြုံခိုက် တရားနာလိုသည်ဟု ဆို၍ ဘုရင့်အဖွဲ့ နောက်ဆွယ်နားမှ တရားမဏ္ဍပ်သို့ လိုက်ပါ ကြလေရာ ပင်ကိုကပင် ထူးခြားသူ ဖြစ်သောကြောင့်လည်းကောင်း၊ လှူငယ်ပွဲတော် တွင် ထင်ရှားသူ ဖြစ်သောကြောင့်လည်းကောင်း သောဏလုလင်အဖို့ တရားမဏ္ဍပ် တွင် နေရာကောင်းကို ရရှိသည်။

ဘုရင်နှင့် သောဏလုလင်တို့ ရောက်ခိုက်လိုလို၌ပင် ဘုရားရှင်သည် တရား မဏ္ဍပ်သို့ ကြွတော်မူလာပေရာ ပရိသတ်အားလုံးသည် ဘုရားရှင်သို့ ဦးညွတ်ရှိခိုး ကြသည်။ သောဏလုလင်အဖို့လည်း ရှိခိုးအံ့ဟု လက်ကြာငုံကို ရင်တွင်အပ်၍ ဘုရားရှင်သို့ ဖူးမြော်လိုက်သောအခါ အများနည်းတူ ရှိမခိုး ဦးမညွှတ်မိတော့ဘဲ လက်ငုံရင်သပ် တန်းလန်းနှင့်ပင် မျက်လုံးအဝိုင်းသားနှင့် အံ့သြရှုမော၍ နေရပေ

www.burmeseclassic.com



တော့သည်။ အကြောင်းမှာကား သူ တစ်ကြိမ်မျှ မဖူးတွေ့ခဲ့ရဖူးသေးသော ဘုရားရှင်၏ ရုပ်အဆင်းတော်က သူ့ကို ဖမ်းစားလိုက်သလို ဖြစ်နေသောကြောင့်တည်း။

သောဏလုလင်သည် မိမိအဆင်းရူပါရုံတွင် နှစ်သိမ့်ခဲ့သူဖြစ်၏။ နှစ်သိမ့်သင့်ပါပေသည်။ အကြောင်းကား သူ့ဝန်းကျင်တွင် မည်သည့်အလှပိုင်ရှင်မျှ သူ့အဆင်းကို မီသူမရှိခဲ့။ သူ့ကို ရွှေရုပ်ကလေးလို လှသူဟု အများကပင် ချီးကျူးကြသည်။ ထို့ကြောင့် အလှဟူသည် မိမိသာတည်းဟုပင် ဘဝင်ခိုက်မိသည်။ ယခု ဘုရားရှင်၏ အဆင်းတော်ကို ဖူးတွေ့ရသောအခါ လှသည်ဆိုသော သူ့အဆင်းမှာ လဝန်းစန္ဒာ၏ အောက်ခြေမှ ပိုးစုန်းကြူးပမာမျှသာတည်း။

အဆင်းတွင် စိတ်ဝင်စားသူအတွက် ကဲလွန် ထူးထွေ ကျက်သရေအတိနှင့်ပြည့်စုံသော ဘုရားရှင်၏ အဆင်းတော်နှင့် တွေ့ကြုံရသောအခါ စိတ်ဝင်စားလှသဖြင့် တရားမနာမီ ရှေးဦးကိစ္စများအဖြစ် ပရိသတ်က နမောတဿဖြင့် သံပြိုင်ဘုရားရှိခိုးကြသည်ကိုလည်း သတိမပြုလိုက်မိ။ သီလခံယူရာတွင်လည်း မိမိမပါဝင်လိုက်မိနှင့် ဘုရားရှင်၏ အဆင်းတော်တွင်သာ မမှိတ်သော မျက်လုံးများဖြင့် အာရုံစိုက်မိခိုက်တွင် "အဆင်း ရူပါရုံဟူသည်ကား အချည်းနှီးသာတည်း။ ခန္ဓာငါးဝဟူသည်ကား အနှစ်မရှိ အကာအတိသာတည်း။ ဘဝအသင်္ချေ အနန္တမှစ၍ ယခုဘဝတိုင်အောင် သတိမထားခဲ့ကြသဖြင့် ခန္ဓာငါးပါးတည်းဟူသော မျက်လှည့်ဆရာ၏ လှည့်စားမှုမျိုးစုံအောက်တွင် ဒုက္ခဆင်းရဲမျိုးစုံနှင့် ဆုံတွေ့နေကြရသည်" စသည်ဖြင့် ရုပ်အဆင်း၏ အပြစ်ကို ဦးတည် ဟောကြားတော်မူသော ဘုရားရှင်၏ ထူးခြားသော တရားတော်နှင့် အသံတော်ကို ကြားနာလိုက်ရသောအခါ အဆင်းတော် ထူးခြားသည်ထက် ကြားနာရသော တရားတော်က ပို၍ ထူးခြားလှသဖြင့် လှသည်ဆိုသော မိမိ၏ရုပ်အစု နာမ်အစုကို တစ်မျှင်ချင်း တစ်ဖတ်ချင်း တစ်စုချင်း ဆုပ်ကိုင်၍ ပြသည့်နှယ် အနှစ်သာရ မရှိသည်များကို ကွင်းကွင်းကွက်ကွက် မြင်၍လာသဖြင့် ဘုရားရှင်ရှိရာသို့ ညွတ်ကိုင်ထားသော သောဏလုလင်၏ ဦးခေါင်းမှာ ဓမ္မသံဝေဂအပြည့်ဖြင့် ဖိနှိပ်ခံရသည့်အလား မဏ္ဍပ်မြေပြင်တွင် ပြားပြားဝပ်မျှ ဦးနှိမ်လျက်ရှိလေတော့သည်။

ယင်းသို့ဖြင့် ဘုရားရှင် ဟောကြားအပ်သော တရားသံဝေတွင် အဘယ်မျှနစ်မျော သဘောပေါက်သွားလေသည်မသိ၊ နံဘေးမှ အခြံအရံတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



"အရှင့်သား…တရားပွဲ ပြီးဆုံးပါပြီ။ ပရိသတ်အားလုံးလည်း ပြန်ကုန်ကြပါပြီ။ ညဥ့်လည်းနက်လှပါပြီ။ ပြန်ဖို့ အချိန်သင့်ပါပြီ"ဟု ပြောလာမှ သတိရ၍ ဦးခေါင်းကို မော့ကြည့်လိုက်သောအခါ မဏ္ဍပ်တစ်ခုလုံးတွင် မိမိအား ငံ့မျှော်လျက်ရှိသော မိမိအခြံအရံများမှအပ ပရိသတ်အားလုံး မရှိကြတော့ပြီ။ သို့ရာတွင် ဘုရားရှင်သည်မူကား နေမြဲတိုင်း တရားပလ္လင်တွင် ထိုင်နေတော်မူကာ ကရုဏာအပြည့် ဖုံးလွှမ်းအပ်သော မျက်လုံးတော်ဖြင့် မိမိအား ရှုကြည့်တော်မူသည်ကို ဝမ်းမြောက်စွာ တွေ့ရသဖြင့် ဓမ္မသံဝေဂမှ ထွက်ပေါ်လာသည့် တုန်ယင်သောအသံဖြင့် "အရှင်မြတ်ဘုရား…တပည့်တော်အား ရုပ်နာမ်ဓမ္မတို့၏ ဒုက္ခဝဋ်ဆင်းရဲအပေါင်းမှ ကယ်တင်တော်မူပါ။ ကယ်တင်နိုင်ရန်အတွက် တပည့်တော်အား အရှင်ဘုရားကဲ့သို့ ရဟန်းဘောင်သို့ ယူဆောင်၍ အရှင်ဘုရား၏ တပည့်အဖြစ် သိမ်းသွင်းတော်မူပါ"ဟု လျှောက်ထားလိုက်သည်။

"သာဓု…သာဓု သောဏလုလင်။ သင့်ဆန္ဒအတိုင်း ငါဘုရား ကယ်တင်လိုသည်။ သို့ရာတွင် ရဟန်းဘောင်သို့ ရောက်ဖို့ရန်မူကား မိဘတို့ ခွင့်မပြုသေးသော သတို့သားအား ငါဘုရား သာသနာတော်သို့ သွတ်သွင်းပေးရိုး မရှိ။ ထို့ကြောင့် မိဘများထံ ပြန်၍ ခွင့်တောင်းခံပေဦးတော့"

"ကောင်းပါပြီ အရှင်မြတ်ဘုရား"

သို့ဖြစ်၍ ရက်ပိုင်းအတွင်း၌ပင်လျှင် လူငယ်ပွဲတော်အလား ကြီးကျယ်သော သောဏလုလင် ရဟန်းခံပွဲကြီးသည် ဝေဠုဝန်ကျောင်းတော်၌ ဖြစ်ပေါ်လာရပြန်သည်။ သောဏအဖို့ ရဟန်းခံခွင့်ကို လွယ်လွယ်နှင့် ရခဲ့သည်ကား မဟုတ်ပါပေ။ ပိုးလိုမွေး၍ ရွှေလိုဥထားသော မိမိတို့သားအား အလွယ်တကူဖြင့် ခွင့်ပေးခဲ့သည် မဟုတ်ပေ။ ဝေဠုဝန်သို့ တစ်ကြိမ်သွားမိကာမျှနှင့် ဦးခေါင်းငိုက်စိုက်ကျကာ အပြောင်းလဲကြီး ပြောင်းလဲ၍လာသော သားဖြစ်သူ၏ အရိပ်အခြည်ကို ကြည့်ကာ နောက်ဆုံးတွင် ဘယ်နည်းနှင့်မျှ တား၍ မဖြစ်နိုင်တော့သည့် အခြေကြောင့် အကြံတစ်မျိုးဖြင့် အခွင့်ပြုကြရခြင်းဖြစ်သည်။ လတ်တလောအနေအားဖြင့် ဆန္ဒရှိရာ လုပ်ပါစေ၊ သို့သော် မိမိတို့ထောင်ချောက်အတွင်းမှ သင်းကလေး ရုန်းထွက်နိုင်မည် လောဟူသော မိဘများ၏ အကြံတစ်မျိုးဖြင့် ရဟန်းပြုခွင့် ပေးလိုက်ခြင်းပင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၆ ]

မှန်ပေ၏။ ရဟန်းဖြစ်ပြီးသည့် အချိန်မှစ၍ ဝေဠုဝန်နှင့် သောဏလုလင်တို့ အိမ်မှာ မိဘများ၏ သံယောဇဉ်ကွန်ရက် အစီအစဉ်အရ တစ်ဦးပြီးတစ်ဦး၊ တစ်ယောက်ပြီးတစ်ယောက်၊ တစ်ကိစ္စပြီး တစ်ကိစ္စ အကြောင်းအမျိုးမျိုးပြ၍ ဆိုက်ရောက်နေကြရာ ချောင်းပေါက်လုမတတ်ဟုပင် ဆိုရဖို့ရှိသည်။ မိဘတို့၏ ယင်းသို့သော အနှောင့်အယှက်များအပြင် ယခင်ကပင် နာမည်ကြီးခဲ့သူ ဖြစ်ပေရာ ဘုရားရှင်ကျောင်းတော်ကဲ့သို့ လွတ်လပ်သောနေရာသို့ ရဟန်းအဖြစ် ရောက်လာသောအခါ၌ မြို့သူမြို့သား ပြင်ပပုဂ္ဂိုလ်အများကလည်း ဆွမ်းလှူပါရစေ၊ သင်္ကန်း လှူပါရစေနှင့် ရောက်လာကြသည်မှာ အချိန်ရှိသမျှလိုလို ဖြစ်တော့၏။

သို့ဖြစ်၍ အရှင်သောဏအဖို့ ကြီးစွာသော အနှောင့်အယှက် ဖြစ်ရသည်။ လွတ်လွတ်လပ်လပ် မနေနိုင်၊ အေးအေးချမ်းချမ်းမရှိ၊ ရဟန်းတရား အားထုတ်ချိန် မရှိ။ သို့ရာတွင် ဘုရားရှင်၏အဆုံးအမ ခါတ်ခံကောင်းထားသောကြောင့် မိဘ ဖြစ်သူတို့၏ မည်သည့် ကာမဂုဏ် ဆိပ်လူးမြားမျှ အရှင်သောဏအား ထိုးဖောက် နိုင်စွမ်း မရှိသေး။ မလွတ်လပ် မအေးချမ်းရရုံမျှ အနှောင့်အယှက် ရှိသည်။

မတတ်နိုင်တော့ပြီ။ ဤအနှောင့်အယှက်များမှ ရုန်းထွက်နိုင်ဖို့ နေရာမှာ တစ်နေရာတည်းသာ ရှိတော့သည်။ လိုက်နိုင်လည်း လိုက်ကြပေရော့။ ထိုနေရာသို့ ဘုရားရှင်အား လျှောက်ထား၍ ယနေ့ပင် တိတ်တဆိတ် ထွက်ခဲ့သည်။ ထိုနေရာ ကား သုသာန်တည်း။

သုသာန်ဟူသည် ကိလေသာပွမ်းသူ သာမန်လူသားတို့အတွက် စက်ဆုပ်ဖွယ်၊ ထိတ်လန့်ဖွယ် ဖြစ်သော်လည်း တရားရှာသူ၊ ဝိဝေကကို နှစ်သက်သူတို့အတွက်ကား အကောင်းဆုံး နေရာတစ်ရပ် ဖြစ်ကြောင်းကို ဘုရားရှင်၏ အဆုံးအမအရ အရှင် သောဏအဖို့ သုသာန်မြေသို့ ဝင်လိုက်မိသည်နှင့် တစ်ပြိုင်နက် သိရှိခံစားရ၏။ ထို့ကြောင့် "ချမ်းသာစွ၊ ချမ်းသာလေစွ"ဟုပင် နူတ်မှထုတ်၍ ကျူးရင့်လိုက်မိသည်။

ပရိသတ် ရုတ်ရုတ်သဲသဲကြောင့် စိတ်မချမ်းမြေ့ရသည့် အကြားမှ ဆိတ်ငြိမ် လှစွာသော ပတ်ဝန်းကျင်ကို ရရှိလာသောအခါ တရားဓမ္မဘက်သို့ သက်ဝင်သော အမြင်သည် ပို၍ထက်သန်လာ၏။ သို့ဖြစ်၍ သုသာန်သို့ ရောက်လျှင်ရောက်ချင်းပင် သစ်ပင်တစ်ပင်ကို အမှီပြု၍ ဘုရားရှင် ညွှန်ကြားလိုက်သော ကာယဂတာ သတိ တရား အလုပ်စခန်းကို စတင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမသော် ညဥ့်နက်၍ လူခြေတိတ်လျှင် ကျောင်းတော်သို့ ပြန်မည်ဟု အာသီသထားခဲ့၏။ သို့ရာတွင် တရားအလုပ်နှင့် ယခုကဲ့သို့ မုချဆတ်ဆတ် ထိတွေ့လာရသောအခါ၌ တရားအလုပ်တွင် စိတ်၏အင်အားမှာ ထက်သန်၍ လာသည်။ သို့ဖြစ်၍ ညဥ့်ဦးပိုင်းမှ သုသာန်သို့ ရောက်ခဲ့ရာတွင် ညဥ့်နက်သည့် တိုင်အောင်လည်း တရားသို့ သက်ဝင်သောစိတ်ဓာတ်မှာ ထက်သန်လျက်ရှိသော ကြောင့် ယနေ့ညဥ့်အဖို့ မပြန်တော့ဘဲ ရဟန်းကိစ္စ ပြီးသည်အထိ အားထုတ်တော့ မည်ဟု အင်သစ်အားသစ်ကို မွေးမြူလိုက်သည်။

အထိုင်များ၍ ညောင်းညာသောအခါ လမ်းလျှောက်၍ ကျင့်၏။ အလျှောက် များလာသောအခါ ထိုင်၍ကျင့်သည်။ စိတ်ထက်သန်မှုကြောင့် အိပ်ချင်စိတ် ထိနမိဒ္ဓ သည် ပေါ်မလာ။ ပေါ်လာလျှင်လည်း ဝီရိယဖြင့် တွန်းလှန်ပစ်မည်သာ ဖြစ်၏။ အရှင်သောဏအဖို့ တည်ခုတည်းသော အနှောင့်အယှက်မှာ မိမိ၏ နုနယ်လှသော ခြေဖဝါးများကြောင့် စင်္ကြံလျှောက်ရာတွင် ခြေဖဝါးပြင်တို့ ဖူးရောင် ပေါက်ကွဲ၍ လာကြခြင်းပင် ဖြစ်၏။ သို့ရာတွင် ကြီးမားလှသော သံသရာဒုက္ခဆိုးကြီးကို တွန်းလှန်ရန်အတွက် မိမိကိုယ်ပိုင်မဟုတ်သော ခန္ဓာကိုယ်မှ ဤမျှ ဖြစ်ပေါ်လာသော ဆင်းရဲကို သာမန်ဆင်းရဲကလေးမျှဟုသာ ယူဆကာ ခြေထောက်အနာကို တရား တည်းဟူသော ဆေးဖြင့် ဆေးကြော၍ လျစ်လျူရှုသည်။

မိမိသည် ဘုရားရှင်နှင့် အတွေ့နောက်ကျရပလေသည်။ မိမိအရင် ဘုရားရှင်နှင့် တွေ့ကြသော အရှင်ကောင်းများစွာတို့ ကျွတ်တမ်းဝင်ကုန်ကြလေပြီ။ ကျွတ်တမ်း ဝင်ကုန်ကြသူများအနက် ဂါထာတစ်ပုဒ်၊ တရားတစ်ခါနာ၊ တစ်ခါထိုင်မျှဖြင့် ကျွတ်တမ်းဝင်သူ မြောက်မြားစွာရှိသည်။ မိမိသည် ပျို့ရွယ်သေး၏။ ဘုရားရှင်၏ အဆုံးအမကိုလည်း တိုက်ရိုက်ရရှိသူဖြစ်၏။ စိတ်အားလည်း ထက်သန်၏။ သို့ဖြစ်လျှင် လိုအပ်သော ဓမ္မပန်းတိုင်သို့ အဘယ့်ကြောင့် ယနေ့တစ်ညတည်းဖြင့် မရနိုင် ရှိရအံ့နည်းဟု အားမာန်ကို တည်ဆောက်၍ ကျင့်သည်။

သို့ရာတွင် ယင်းကဲ့သို့ စိတ်ဓာတ်ကို ခိုင်ခိုင်မာမာ တည်ဆောက်၍ တစ်ညလုံး ပြင်းပြင်းထန်ထန် ကျင့်ပါလျက် လိုအပ်သော ဓမ္မပန်းတိုင်မှာ နံနက်လင်းအားကြီး အချိန်သို့ ရောက်သည့်တိုင်အောင် ရိုးတိုးရိပ်တိပ်မျှ ပေါ်ထွက်၍မလာ။ အထိုင် များလျှင် ထိနမိဒ္ဓ ဖြစ်ပေါ်လာမည်စိုး၍ တစ်ချောင်းတည်းသော စိတ်ဖြင့် စင်္ကြံ ကိုသာ အားထားကျင့်ဆောင်ခဲ့ပေရာ နုနယ်သော ခြေဖဝါးနှစ်ဖက်တို့မှာ ပေါက်ကွဲ၍

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သွေးအလိမ်းလိမ်း ကပ်ငြိနေကြပြီဖြစ်၏။ သို့နှင့် အရှေ့ဘက်တခိုမှ ရောင်နီတန်းပင် ထွက်ပေါ်၍လာခဲ့ပေပြီ။

ပုထုဇဉ်ဆိုသည်မှာ ခက်၏။ ဘဝသံသရာတည်းဟူသော ရေဆန်တွင် မိမိခန္ဓာကိုယ်တည်းဟူသော လှေကို တရားဓမ္မတည်းဟူသော ရွက်စုံဖွင့်၍ အဘယ်မျှအားထုတ်လွှင့်စေကာမူ အားလျှော့မှု၊ ဆုတ်နစ်မှု ဟူသော ရေစုန်တရားဆိုးများ၏ အလှည့်သည် လစ်သည်နှင့်တစ်ပြိုင်နက် ပေါ်ပေါက်နှောင့်ယှက်လာကြစမြဲ ဖြစ်၏။

အရှင်သောဏအဖို့လည်း တစ်ညဉ့်လုံး အစွမ်းကုန် အားထုတ်လျက်မှ တရားပန်းတိုင်ကို ရေးရေးမှ မမြင်ရလေသောအခါ ငါသည် တရားနှင့် ထိုက်တန်သူမှ ဟုတ်ပါလေစ ဟူသော အားလျှော့စိတ် သံသယကလေး ဝင်၍လာသည်။ တရားနှင့်ထိုက်သူတို့ မြောက်မြားစွာရှိသော်လည်း တရားနှင့် မထိုက်သဖြင့် ဘဝသံသရာတွင် ဘာသာအလျောက် နေထိုင်ကြရသောသူများက ပို၍များ၏။ ငါ့အဖို့ မိဘအိမ်သို့ပြန်၍ ရှေးကကဲ့သို့ ချမ်းချမ်းသာသာ နေရခြင်းကပင် သင့်လျော်အံ့ထင်သည် ဟူသော အဖျက်စိတ်၊ အားလျှော့စိတ် ဝင်လာမိရာက စင်္ကြံလျှောက်နေရာမှပင် တန့်ခနဲ ရပ်သွားမိသည်။

ထိုအခိုက် အရှေ့ဘက် လင်းရောင်ခြည်တန်းကြီးကို ဖြတ်သန်း၍ ယခုချက်ချင်းပင် နေမင်းကြီး ထွက်ပြူလာသည့်ပမာ မိမိရှေ့သို့ ဘုရားရှင် ရောက်ရှိလာသည်ကို ဖူးတွေ့ရသောအခါ မသေမသပ် ဖြစ်လျက်ရှိသော သင်္ကန်းကို သေသပ်အောင် ပြုပြင်၍ ဘုရားရှင်အား ရှိခိုးလိုက်သည်။ တရားမှ ပျက်ယွင်းမိလေသော မိမိ၏ စိတ်ဓာတ်အခြေကို ဘုရားရှင် သိလေပြီလားဟု ရှက်စနိုးဖြင့် ဦးခေါင်းကို အတန်ငယ်ငုံ့ထားမိသည်။

"သာဓု-သာဓု ချစ်သားသောဏ၊ သူတော်ကောင်းတို့၏ ပဋ္ဌမတန်းလမ်းစဉ်အတိုင်း ကျင့်သုံးနိုင်ပါပေသည်။ ကောင်းပေစွ၊ ကောင်းပေစွ"

"ကျင့်သည်ကား မှန်ပါ၏ အရှင်မြတ်ဘုရား။ သို့ရာတွင် ဤမျှ အားထုတ်ပါလျက် တရားရောင်ခြည် မသီလာသေးသဖြင့် အားလျှော့မိပါသည် ဘုရား"

"မလျှော့လေနှင့် ချစ်သားသောဏ၊ သင်လိုအပ်သော တရားပန်းတိုင်သည် သင့်လက်တစ်ကမ်းအတွင်း၌ပင် ရှိပါလေသည်။ သို့ရာတွင် သင့်အားထုတ်မှုအနည်းငယ် အံချော်နေမှုကြောင့် နီးလျက်နှင့် ဝေးနေရပေသည်"

"ဆုံးမတော်မူပါ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သားသောဏ...သင်သည် စောင်းအတတ်၌ လိမ္မာခဲ့သည် မဟုတ်တုန်လော"

"မှန်ပါသည် ဘုရား"

"အသို့နည်း သောဏ၊ စောင်းကြိုးတို့သည် လျော့လွန်းလျှင် သင်လိုအပ်သော အသံသို့ ရောက်ပါ၏လော"

"မရောက်ပါ ဘုရား"

"တင်းလွန်းလျှင်ရော"

"မရောက်ပါ ဘုရား"

"ချစ်သားသောဏ...တရားဟူသည်လည်း စောင်းနှယ်တည်း။ သဒ္ဓါနှင့် ပညာကို ညီမျှစေရသည်။ ဝီရိယကိုလည်း မျှစေရသည်။ သတိကို ရှေ့ဆောင်ရသည်။ တင်းလျှင် ပြတ်သည်၊ လျော့လျှင် ပတ်သည်။ ဓမ္မဟူသည် မဇ္ဈိမပဋိပဒါတည်း။ သင့်မှာ တရားပန်းတိုင်ကို လှမ်းကိုင်နိုင်ဖို့ရန် အရည်အချင်း အပြည့်အစုံရှိသည်။ အင်အားအပြည့်အဝရှိသည်။ သို့ရာတွင် တရားဓမ္မ၌ သင့်သဒ္ဓါ လွန်ကဲနေသည်။ ဝီရိယ ပိုမိုနေသည်။ သဒ္ဓါနှင့် ဝီရိယ တည်းဟူသော စောင်းကြိုးများကို မတင်းလွန်း၊ မလျော့လွန်းစေဘဲ မဇ္ဈိမပဋိပဒါနည်းဖြင့် တီးခတ်လေလော့ ချစ်သား"

ဆရာကောင်းနှင့် တွေ့ပြန်တော့လည်း လွယ်ကူလှသည်။ ဘုရားရှင်၏ တရားအဆုံး၌ပင်လျှင် တစ်ညဉ့်လုံး ကျင့်သုံး အားသစ်လာခဲ့သော အရှိန်ကြောင့် မလျော့မတင်း စောင်းကြိုးညင်းသကဲ့သို့ မဇ္ဈိမပဋိပဒါလမ်းစဉ်တွင် စိတ်ထားကလေးကို ပြင်လိုက်ရုံမျှဖြင့် တရားတည်းဟူသော ရွှေတံခါးကြီးသည် ဟင်းလင်းပွင့်သွားလေတော့သည်။

ထိုအချိန်၌ အရှေ့လောကဓာတ်မှ တက်လတ်သော နေရောင်ခြည်ကြောင့် လောကဓာတ်သည်လည်း ပွင့်လာပြီဖြစ်၏။ ဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်သို့ ရှေ့ရှုကြွ၏။ အရှင်သောဏသည် ဝါတော်ခြောက်ဆယ်မျှ ရပြီးသော တရားရှင်၊ သိက္ခာရှင်၏ အသွင်ဖြင့် ဘုရားရှင်နောက်တော်မှ လိုက်ပါ၏။ ဤအချိန်မှစ၍ မည်သည့် ကိလေသာများမှ အရှင်သောဏအား စူးဝင်နှောင့်ယှက်နိုင်တော့မည် မဟုတ်ပေ။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# အကျိုးတော်ဆောင်

[ ၁ ]

ဘုရားရှင်၏ တပည့်သား သံဃာတော်တို့ကို မြင်လေတိုင်း မြင်လေတိုင်း စိတ်မချမ်းမသာပင် မဟုတ်စေကာမူ စနိုးစနောင့်ဖြစ်လျက် ရှိရသူမှာ အမ္ဗာဝန သရက်ဥယျာဉ် သရက်တောကျောင်းဒကာကြီး ဆရာဇီဝကပင် ဖြစ်ပေ၏။ ဖြစ်ရပုံမှာ... တပည့်သား သံဃာတော်များသည် မြို့ရွာလူသူနှင့် ကင်းကွာသော အရညဝါသီ တောကိုချည်း မှီခို သီတင်းသုံးနေသူများ မဟုတ်ကြ။ မြို့ထဲရွာထဲတွင် ဘုရင် အစရှိသော နန်းတော်သူ နန်းတော်သားများ အပါအဝင် သူဌေးသူကြွယ် ဖွယ်ဖွယ်ရာရာ ဒါယကာ, ဒါယိကာမ မျိုးစုံတို့၏ အလှူကိုခံကာ သီတင်းသုံး ဆက်ဆံနေကြသော သံဃာတော် များစွာရှိနေသည်။

သို့ရာတွင် ဘုရင့်ရွှေနန်းတော်အစ အဘယ်မျှချမ်းနားဖွယ်ရာသော ပရိသတ်မျိုး အလှူမျိုး၌ပင် ဖြစ်စေကာမူ တပည့်သား သံဃာတော်များမှာ သုသာန်သင်္ချိုင်းတို့မှ လူသေလွှမ်းသော အဝတ်မှစ၍ ထိုထိုအမှိုက်ပုံနှင့် လမ်းဘေးနေရာမျိုးစုံတို့မှ ရတတ်သမျှသော ပံ့သကူသင်္ကန်းတို့ဖြင့်သာ ဝတ်ရုံလျက်ရှိကြသောကြောင့် ကြည်ညိုတတ်သူတို့အဖို့မူ တဏှာလောဘ ကင်းဆိတ်သောအဝတ်၊ သန္တုဋ္ဌိသလ္လေခ မြိုးခြံမှုတရား၏ အမှတ်တံဆိပ်အဖြစ် ကြည်ညိုနိုင်ကြသော်လည်း ယေဘုယျ ဒါယကာ သာမန်ပုဂ္ဂိုလ်တို့အဖို့မူ အမြင်မလှ အဆင်မလှသော အဝတ်အဆင်များ ဖြစ်နေရပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင် ကိုယ်တော်တိုင်ကပင် စံပြပုဂ္ဂိုလ်အနေဖြင့် ပံ့သကူဖျင်သင်္ကန်းတော်ကြီးကို ဝတ်ဆင်ထားသည် မှန်ပါ၏။ သို့ရာတွင် ကျက်သရေတို့၏ စုဝေးရာဘုရားရှင်အဖို့ မည်သို့ ဝတ်ဆင်စေကာမူ ယင်းအဝတ်အဆင်တို့ကို ထွင်းဖောက်ကာ တင့်တယ်လှစွာသော အသရေတော် ရောင်ခြည်တော်တို့ဖြင့်သာ ရှုမငြီးအောင် တင့်တယ်ပြီး ရှိနေသည်။ တပည့်သား သံဃာတော်တို့အဖို့မူကား အဆင်အသွေး မျိုးစုံတို့ဖြင့် အမြင်မလျော် ရှိနေရသည်ဟု ဆရာဇီဝက မြင်သည်။

ဆရာဇီဝက၏ စေတနာမှာ အစုတ်အပြတ်မျိုးစုံတို့ကို ကျက်သရေမဲ့စွာ ဝတ်ဆင်လျက်ရှိနေကြသော ဤမဇ္ဈိမတိုက်ရှိ ဘာသာတစ်ပါးမှ ရသေ့ ရဟန်းဆိုသူတို့နှင့် ဘုရားရှင်၏ တပည့်သားတို့အား ခြားနားစေလိုခြင်း ဖြစ်၏။ ရှေးဘုန်းရှေးကံရှိသော ဇေဟိဘိက္ခု ရဟန်းမဟုတ်ခဲ့လျှင် ပံ့သကူသင်္ကန်းကိုသာ ဝတ်ဆင်ရမည်ဟူသော မူကို ဆရာဇီဝကအဖို့ ဘဝင်မကျနိုင်သည့် အခြားသော အကြောင်းကြီးတစ်ရပ်လည်း ရှိနေပေသေး၏။ ယင်းအကြောင်းသည်ကား ရဟန်းပြုရာတွင် သင်္ကန်းရှာဖွေရမှုကြောင့် အသက် ကွယ်လွန်ရသည်အထိ ဆုံးရှုံးမှုကြီးများ ဖြစ်ပေါ်လာရခြင်းပင် ဖြစ်ပေ၏။

တရားအရ လျင်မြန်မှုတွင် သူမတူသော ဉာဏ်တော်ရှင်ဖြစ်၍ ဘုရားရှင်ကိုယ်တော်တိုင်ကပင် လွမ်းစေတီအဖြစ် တည်ထားခိုင်း ခံအပ်သော ထေရ်အရှင် ဗာဟိယဒါရုစိယသည် သင်္ကန်းရှာဖွေရမှုကလေးကြောင့် နွားအဝှေ့ခံရ၍ ရဟန်းဘဝဖြင့်ပင် မနေလိုက်ရဘဲ ကွယ်လွန်သွားရှာရသည်မှာ အဘယ်မျှ ဝမ်းနည်းဖွယ် ကောင်းပါသနည်း။ သာသနာတော်အတွက် ဆုံးရှုံးမှုတစ်ရပ် မဟုတ်ပါလော။

ဗာဟိယဒါရုစိယသည် အဖော်မဲ့၊ အသိုင်းအဝိုင်းမဲ့သော အထီးကျန်ပုဂ္ဂိုလ်ဖြစ်၍ သင်္ကန်းအခက်ကြောင့် အသက်ဆုံးရှုံးရသည်ဆိုလျှင် ထားပါဦးတော့။ ပက္ကုသာတိဘုရင်နှင့် သန္တတိ အမတ်ကြီးတို့သည်လည်း တရားထူးအရှင်များ ဖြစ်ကြပါလျက် သင်္ကန်းရမှုကလေးအတွက်ကြောင့်ပင်လျှင် ဘဝအဆုံးခံကြရသည်မှာ အဘယ်မျှ ဝမ်းနည်းဖွယ် ကောင်းပါသနည်း။ မဖြစ်သင့်သော ကိစ္စရပ်များဟုသာ ဆရာဇီဝက အနေဖြင့် မြင်သည်။

ထို့ကြောင့် ကြီးမြတ်သော သာသနာ့မုခ်ဦးသို့ ဝင်ရမည့်အရေး၌ အရေးမကြီးစလောက်သော သင်္ကန်းရမှုကလေးကြောင့် အပိတ်အပင် အတားအဆီး အနှောင့်အယှက် အခက်အခဲ ဖြစ်မနေစေသင့်တော့ပါ။ အရှင်မြတ် သာသနာတော်၌

www.burmeseclassic.com

www.burmeseclassic.com



အရှင်မြတ်ကသာ ခွင့်ပြုမည်ဆိုလျှင် သင်္ကန်းလှူလိုသည့် ဒါယကာတို့ ပေါများလှပါဘိ၏။ သို့ပါ၍ သင်္ကန်းရှာဖွေရမှု အခက်အခဲကို ပယ်ရှားကာ ဒါယကာတို့ ပေးလှူအပ်သော သင်္ကန်းကို ခွင့်ပြုတော်မူပါဘုရားဟု ဘုရားရှင်အား လျှောက်ထားလိုနေသည်မှာ ကြာမြင့်ခဲ့ပြီ ဖြစ်၏။

သို့ရာတွင် ယင်းသို့ လျှောက်ထားလိုက်လျှင် ခွင့်ပြုတော်မူမှ မူပါမည်လားဟု မပိုင်မနိုင်လှသော သံသယစိတ်ကလေးကြောင့် ယနေ့တိုင်အောင် မလျှောက်တင်မိသေးဘဲ ဆိုင်းငံ့ခဲ့ရသည်။ အကြောင်းမူကား ဘုရားရှင်သည် လိုအပ်လျှင် ပြုလုပ်မည်သာဖြစ်၍ သိတော်မူ မြင်တော်မူသော ဘုရားရှင်အဖို့ မလိုအပ်သေး၍သာ ခွင့်မပြုသေးခြင်း ဖြစ်မည်ဟု တစ်ဖက်မှလည်း ဆရာဇီဝက စဉ်းစားသည်။

တော်ပါပေသေး၏။ ယခင်ကဆိုလျှင် အကောင်း အညံ့ အကြီး အငယ် အစုတ် အပြတ်မရွေး သုသာန် လမ်းဘေးတို့မှ ရတတ်သမျှသော အဝတ်ကို ဖြစ်သလို စပ်ဟ ချုပ်ဆိုး၍ ဝတ်ကြရာတွင် ကြီးသည့် အစက ကြီး၊ ငယ်သည့် အစက ငယ်၊ ထောင့်ဖြတ်တစ်မျိုး၊ စွေစွေတစ်မျိုးနှင့် အမြင်မလှ အဆင်မလှနှင့် ဖြစ်ချင်သလို ဖြစ်နေရာမှ ဘုရားရှင်၏အမြင် အရှင်အာနန္ဒာ၏ အစီအစဉ်ဖြင့် ရလာသမျှ ပံ့သကူ အဝတ်စများကို လယ်ကွက်များသဖွယ် အစီအစဉ်ကျကျ ချုပ်လုပ်ဝတ်ဆင်ကြရမည်ဟု သတ်မှတ်လိုက်သောကြောင့် အတန်အသင့် သင့်လျော်သလိုတော့ ရှိလာပါ၏။ သို့ရာတွင် သင်္ကန်းတစ်ထည်စာ ဖြစ်လာနိုင်ဖို့ရန်အတွက် သံဃာတော်တို့ အခက်အခဲကြီး ရှိနေသေးသည်မှာကား အမှန်ပင် ဖြစ်ပေသည်။

ယနေ့အဖို့သော် မအောင်မြင်ကာမှ ရှိစေ၊ မိမိအမြင် မိမိစေတနာကို လျှောက်ထားဖို့ရန် အချိန်အခွင့် သင့်ပေပြီဟု ဆရာဇီဝက ဆုံးဖြတ်လိုက်သည်။ အကြောင်းကား မိမိလျှောက်ထားလိုက်သည့်အခါတွင် မိမိအပေါ်၌ ဘုရားရှင်က ငဲ့ညှာစဉ်းစားတော်မူဖို့ရန် အကြောင်းကြီးတစ်ရပ် ပေါ်ပေါက်လာသည့်အပြင် မိမိလျှောက်ကြားလိုသည့်ကိစ္စကို စကားစပ်အဖြစ် လျှောက်ထားနိုင်ဖို့ရန်အတွက် ဘုရားရှင်အား ပေးလှူရန် မွန်မြတ်ထူးခြားလှသော အဖိုးတစ်သိန်းတန် ကမ္ဗလာကြီးတစ်ထည် ရှိနေသောကြောင့် ဖြစ်ပေ၏။

ငဲ့ညှာတော်မူဖို့ အကြောင်းဟူသည်ကား ဘုရားရှင်သည် ကိုယ်တော်၌ ခက်ထရော်ထူပြောသော စမြင်းဒေါသကြောင့် မအီမသာ မကျန်းမမာချင်သယောင် ရှိရာ၌ မိမိက ကုသပေး၍ ပျောက်ကင်းသွားရသောအကြောင်း ဖြစ်သည်။ တစ်သိန်း

www.burmeseclassic.com



တန် ကမ္ဘာလောကကြီး ရရှိလာသည့် အကြောင်းရပ်မှာကား အတန်ပင် ထူးခြား၍ ဖော်ပြရန် ရှိပေ၏။

[ ၂ ]

"အကြည်တော် စဏ္ဍပဇ္ဇောတဘုရင်ဆီက သင့်ကို အပင့်အခေါ် လွှတ်လိုက်တဲ့ အထောက်တော်တွေ ရောက်လာကြတာ သင်သိပြီးရောပေါ့"

"သိပြီးပါ ဘုရား"

"အမှန်အတိုင်းပြောရရင် သင့်ကို ဥဇ္ဇေနီကို မလွှတ်ချင်လှဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ သင်ကုရမယ့်ကိစ္စက ရိုးရိုးလိုနဲ့ အတန်ငယ် ရှုပ်ထွေးနေတယ်။ သို့ပေမယ့် မလွှတ်ပြန်ရင်လည်း မကောင်းဘူး"

"ဘယ်လိုရှုပ်ထွေးပါသလဲ ဘုရား"

"အကြည်တော်ဘုရင်ရဲ့ ရောဂါဆိုတာက သင့်ကို တကူးတက ပင့်ခေါ်ရ လောက်အောင် ကြီးကြီးကျယ်ကျယ်ရောဂါမျိုး မဟုတ်ပါဘူး။ သလွန်မှာ လဲလျောင်း နေရလောက်အောင် ပြင်းထန်တဲ့ရောဂါ မဟုတ်ဘူး။ သွားလာလှုပ်ရှားနေရင်းနဲ့ စားမဝင် သောက်မကောင်း ကိုယ်လက်အင်္ဂါ မအီမသာဖြစ်တဲ့ ရောဂါတဲ့"

"သွားလာလှုပ်ရှားရင်းနဲ့လည်း ခန္ဓာကိုယ်အတွင်းမှာ ကြီးမားသော ရောဂါမျိုး ရှိတတ်ပါတယ်ဘုရား"

"ဟုတ်ချင်လည်း ဟုတ်မပေါ့။ သို့သော် အမြင်အားဖြင့်တော့ သာမန်ရောဂါ သာဖြစ်ကြောင်း အထောက်တော်များဆီက အတွင်းစကား ကြားသိရတယ်။ ဒီကိစ္စ သင့်ကိုပြောပြချင်လို့ အခုခေါ်ပြီး တိုင်ပင်တာပဲ"

"ဝမ်းမြောက်လှပါသည် ဘုရား"

"ဥဇ္ဇေနီ နန်းတွင်းမှာရော အပြင်အပမှာပါ ထိပ်သီး သမားတော်ကြီးတွေ တစ်ပြုံကြီး ရှိနေတာပဲ။ အဲဒီသမားတော်ကြီးတွေဟာ အကြည်တော်ဘုရင်ရဲ့ ရောဂါကို ကုသဖို့ရန် တစ်နည်းမဟုတ် တစ်နည်းနဲ့ ရှောင်ဖယ်နေကြသတဲ့။ အထောက်တော်များဆီက ကြားသိရတယ်။ ဒီတော့ အတွင်းရေး တစ်စုံတစ်ရာ ရှိနေဟန် တူပေတယ်။ ဒါကို သင်သိထားပြီး သတိထားဖို့ပေါ့"

"မည်သည့်အကြောင်းမျိုး ရှိနေစေကာမူ ကျွန်တော်မျိုးတို့လို သမားတော်များ အဖို့ ပြဿနာ တစ်စုံတစ်ရာ ရှိဖွယ်မမြင်မိပါ။ ပြီးတော့ ရောဂါသာမန်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ကံနာဝင့်နှာ မဟုတ်သမျှ ကျွန်တော်မျိုးကုသရင် ပျောက်ကင်းရမည်သာ ဖြစ်ပါသည် ဘုရား"

"မှန်ပေတာပေါ့။ သို့သော် သင်သတိပြုဖို့က အကြည်တော် စဏ္ဍာပဇ္ဇောတတို့၊ ဥတေနတို့ဆိုတဲ့ ဘုရင်တွေက ပင်ကိုစရိုက် ခပ်ကြမ်းကြမ်းရယ်။ အဲဒါကို အလိုက်သင့် သည်းခံဆင်ခြင်ပြီး ကုသဖို့ပါပဲ"

"မှန်လှပါ။ အစစ စိတ်ချတော်မူပါ။ အခုလို အတွင်းရေး သိထားရန် ခေါ်ယူမိန့်ကြားသည့်အတွက် ကျေးဇူးတင် ဝမ်းမြောက်လို့ မဆုံးပါဘုရား"

"ဒီလိုဆိုရင် သင် အဆင်သင့်ဖြစ်မယ်ဆိုရင် နက်ဖြန် ညီလာခံမှာပဲ ဥဇ္ဇေနီကို ထွက်ခွာဖို့ အမိန့်ချမှတ်ပေးလိုက်တော့မယ်"

"အဆင်သင့်ပါပဲ ဘုရား"

မိမိနိုင်ငံ ရာဇဂြိုဟ်တွင်သာမက နိုင်ငံတကာသို့ပင် ကျော်ကြားလျက်ရှိသော ဆရာဇီဝကအဖို့ နိုင်ငံမျိုးစုံသို့ သွားရောက်ကုသရသည်မှာ အဆန်းမဟုတ်တော့ပေ။ သို့ရာတွင် ရာဇဂြိုဟ်ကဲ့သို့ပင် ထုထည်ကြီးမား၍ မရောက်ဖူးသေးသော နိုင်ငံကြီးတစ်နိုင်ငံမှ ဘုရင်ကိုယ်တိုင် ပင့်ဖိတ်သည့်ပြင် အတွင်းရေး အထောက်တော်များ၏ သတင်းအရ ပြဿနာယောင်ယောင် ကိစ္စဖြစ်နေသောကြောင့် ဆရာဇီဝကအား ဘိုးတော် ဘုရင်ဗိမ္ဗိသာရကိုယ်တော်တိုင် အတွင်းဆောင် လျောင်းတော်ဦးသို့ ခေါ်ယူ၍ တိုင်ပင် ပြောကြားလိုက်ခြင်း ဖြစ်ပေသည်။

မှန်လှပေ၏။ ဥဇ္ဇေနီနန်းတော်သို့ ရောက်သည်ဆိုလျှင်ပင် ဆရာဇီဝကအဖို့ မမျှော်လင့်သောပြဿနာနှင့် ရင်ဆိုင်လိုက်ရပေသည်။ သို့ရာတွင် သာမန်နေရာ သာမန်ပုဂ္ဂိုလ်တို့အဖို့မူ ပြဿနာဟု မဆိုနိုင်သော်လည်း ဥဇ္ဇေနီနန်းတော်နှင့် စဏ္ဍာပဇ္ဇောတဘုရင်အဖို့ကား ပြဿနာကြီးတစ်ရပ်ပင် ဖြစ်နေပေသည်။

ယင်းပြဿနာဟူသည်ကား ဥဇ္ဇေနီနန်းတော်တစ်ခုလုံးတွင် ထောပတ်ကို အသုံးမပြုရခြင်းပင်တည်း။

စဏ္ဍာပဇ္ဇောတဘုရင်သည် ထောပတ်ကိုမုန်းသူ၊ ထောပတ်နှင့်မတည့်သူ၊ ထောပတ်ဆိုလျှင် နားမှ လေသံ မကြားလိုသူဖြစ်၏။ ထို့ကြောင့် ဥဇ္ဇေနီ ရွှေနန်းတော်တစ်ခုလုံးသည် ထောပတ်နှင့်ကင်း၏။ ရယ်စရာ ယောင်ယောင်နှင့် ဤနန်းတော်တွင် တိတ်တခိုးပြောကြသော စကားတစ်ရပ်သည်ကား စဏ္ဍာပဇ္ဇောတဘုရင်၏

www.burmeseclassic.com

www.burmeseclassic.com



မယ်တော်သည် ကင်းသတ္တဝါနှင့် သန္ဓေရ၍ စဏ္ဍာပဇ္ဇောတကို မွေးဖွားလာသည်ဟူ၏။ ကင်းသည် ထောပတ်နှင့် နည်းနည်းမျှမတည့်။

အချို့သော ပုဂ္ဂိုလ်တို့တွင် ယင်းကဲ့သို့ ထူးထူးဆန်းဆန်း မတည့်သောအရာများ ရှိနေတတ်ကြ၏။ သို့ရာတွင် ထောပတ်နှင့် မတည့်ရုံမျှဖြင့် အဘယ်ပုံပြဿနာဖြစ်ရပါသနည်း ဟူငြားအံ့။ ပညာရှင်ကြီးဆရာဇီဝကသည် ဥဇ္ဇေနီနန်းတော်သို့ ရောက်၍ စဏ္ဍာပဇ္ဇောတဘုရင်ကို ဖူးတွေ့လိုက်ရသည် ဆိုကတည်းကပင် ဤဘုရင်တွင် ဆီဦးထောပတ်ဓာတ်စာ ကင်းမဲ့လျက် ရှိနေသူဖြစ်ကြောင်း အကဲဖြတ်မိခဲ့ရာက ရောက်သည့် ညဦးပိုင်းမှာပင် ဘုရင်၏ ရောဂါလက္ခဏာကို စမ်းသပ်စစ်ဆေးလိုက်သည့်အခါတွင်လည်း ထောပတ်ပါသည့် ဆေးနှင့်မှ ပျောက်မည့်ရောဂါဖြစ်ကြောင်း သိရှိရခြင်းပင်တည်း။

ဤအချက်ကို မိမိသာမဟုတ်၊ ဥဇ္ဇေနီမှ သမားတော်ကြီးများလည်း သိနိုင်ကြသည်သာ ဖြစ်သည်။ သို့ရာတွင် တကယ်ပျောက်အောင် ကုသရမည်ဆိုလျှင် ထောပတ်ဆေးဝါး ဓာတ်စာကို ရှောင်လွှဲ၍ မဖြစ်နိုင်သောကြောင့် အန္တရာယ်ကို ကြောက်သဖြင့် ဥဇ္ဇေနီသမားတော်ကြီးများသည် နည်းမျိုးစုံဖြင့် ရှောင်ဖယ်နေကြခြင်း ဖြစ်ပေသည်။

ဘုရင့်ရောဂါကို စမ်းသပ်စစ်ဆေးသည့် အချိန်၌ပင် စဏ္ဍာပဇ္ဇောတဘုရင်က စကားဦးပိတ်၍ မိန့်ကြားလိုက်သည်။

"ဒီနန်းတော်မှာ လွတ်လွတ်လပ်လပ် ချမ်းချမ်းသာသာ နေထိုင်ပြီး ပျောက်အောင် ကုပေးပါ သမားတော်ကြီး။ ကုသရေးအတွက် လိုအပ်သမျှကိုလည်းပြောပါ။ သို့သော် ဧည့်သမားတော်ကြီး ဖြစ်နေသည့်အတွက် ပြောထားရန်ရှိသည်မှာ ဤနန်းတော်တွင် ထောပတ်ကိုမူကား လုံးဝမသုံးပါ။ ကျွန်ုပ်အဖို့ ထောပတ်နှင့် လုံးဝမတည့်ပါ။ သို့ပါ၍ သမားတော်ကြီး ကုသမည့် ဆေးဝါးဓာတ်စာတွင် ထောပတ်ကိုတော့ လုံးဝမသုံးဖို့ အထူးသတိပြုပါဘိ"

ဘုရင့်စကားကို ဆရာဇီဝက,က တစ်စုံတစ်ရာ ပဋိညာဉ်မပေး။ ပြုံးရုံသာ ပြုံးလိုက်သည်။ အကြောင်းသော်ကား ဘုရင့်ရောဂါသည် ထောပတ်မပါလျှင် မည်သည့်နည်းနှင့်မျှ ပျောက်မည်မဟုတ်သည်ကို သိရှိသောကြောင့် ဖြစ်သည်။

ရောဂါ မပျောက်၍လည်း မဖြစ်။ ထောပတ်မပါလျှင်လည်း မဖြစ်။ ထောပတ်ဆေးနှင့်သာဆိုလျှင် ဘုရင့်ရောဂါမှာ ဆေးတစ်ခွက်မျှဖြင့်ပင် ယူပစ်သလို ပျောက်

www.burmeseclassic.com

www.burmeseclassic.com



မည်။ မိမိကုသရာ၌ ပျောက်နိုင်သောရောဂါ ဖြစ်ပါလျက် မပျောက်သည့် အဖြစ်မျိုးကို အဖြစ်မခံနိုင် ကိစ္စမရှိ။ ဆရာဇီဝကတွင် ထောပတ်ဖြစ်ပါလျက် ထောပတ်မှန်းမသိအောင် ပြုလုပ်သော နည်းမျိုးစုံရှိသည်။ ယင်းနည်းဖြင့်ပင် စွန့်စား၍ ကုသရပေမည်ဟု ဆရာဇီဝက ဆုံးဖြတ်လိုက်၏။

"အရှင်မင်းမြတ်၏ မိန့်ခွန်းကို ကြားရ၍ ဝမ်းမြောက်လှပါသည်။ အရှင်မင်းမြတ်၏ ရောဂါကို ရက်ပိုင်းအတွင်းမှာပင် ပျောက်အောင် ကုသပါမည်။ သို့သော် ကျွန်တော်တို့ သမားမည်သည် လိုအပ်သည့်အခါ အချိန်မရွေး ဆေးဥဆေးမြစ် အရှာထွက်ရပါသည်။ ယင်းသို့ ထွက်နိုင်ရန်အတွက် ကျွန်တော် အလိုရှိသည့်အခါ အဆီးအတားမရှိ ထွက်နိုင်သော တံခါးလေးပေါက်နှင့် ယာဉ်တစ်စီးကို ပေးသနား ထားစေလိုပါသည်"

ဆရာဇီဝက၏ တောင်းဆိုချက်အတိုင်း ဘုရင်က အကုန်စီစဉ်ပေး၏။ သို့ရာတွင် ယာဉ်ကိုပေးရာ၌မူ ဘုရင့်လက်သုံး အညံ့ဆုံး ဆင်မဘဒ္ဒဝတီကိုသာ ပေးထားသည်။

စဏ္ဍပဇ္ဇောတဘုရင်၌ ကိုယ်ရေးကိုယ်တာ လက်သုံးတော် ဆင်နှစ်စီး၊ မြင်းနှစ်စီးနှင့် ခြေမြန်တော်တစ်ဦး ရှိသည်။ ဆရာဇီဝကကို ပေးထားသော ဘဒ္ဒဝတီဆင်မသည် တစ်နေ့လျှင် ယူဇနာငါးဆယ်မျှသာ သွားနိုင်သော အညံ့ဆုံးဆင်မဖြစ်၍ ကျန်သောဆင်နှင့် မြင်းများမှာ တစ်နေ့လျှင် ယူဇနာတစ်ရာမှ တစ်ရာ့နှစ်ဆယ်တိုင်အောင် သွားနိုင်သော ယာဉ်များဖြစ်ကြသည်။ ခြေမြန်တော်ကား တစ်နေ့လျှင် ယူဇနာခြောက်ဆယ်မျှ သွားနိုင်သော ယူတစ်ပိုင်း ဘီလူးတစ်ပိုင်း ကာကအမည်ရှိသော ကျွန်ဖြစ်၏။

နောက်တစ်နေ့တွင်ပင် ဆရာဇီဝကသည် ထောပတ်ကို အနံ့မျှမထွက်စေရဘဲ ထောပတ်မှန်းမသိအောင် ဆေးချက်၍ ဆက်သသည်။ ဤဆေးတစ်ခွက်မျှဖြင့်ပင် ဘုရင့်ရောဂါသည် ယူပစ်သလို ပျောက်တော့မည်ဖြစ်၏။ သို့ရာတွင် ဆေးရည်လည်း၍ လေချဉ်တက်သောအခါတွင်မူ ထောပတ်နံ့ ထွက်လာတော့မည်ဖြစ်ရာ ထောပတ်ပါမှန်း သိသည်နှင့်တစ်ပြိုင်နက် ကြမ်းကြုတ်သော ဤဘုရင်သည် ဆရာဟူ၍လည်းကောင်း၊ မိမိရောဂါ ကင်းပျောက်မှုကိုလည်းကောင်း ဂရုမထားတော့ဘဲ ဆရာဇီဝကအား အန္တရာယ်ပြုတော့မည်မှာ သေချာလှပေရာ ဆေးကို ညဉ့်ဦးပိုင်းတွင် သောက်ရန် ဆက်သပြီးသည်နှင့် မိမိကို ပေးထားသော ဘဒ္ဒဝတီ

www.burmeseclassic.com

www.burmeseclassic.com



ဆင်မဖြင့် ဆေးအရှာ ထွက်မည့်ဟန်ပြ၍ ရာဇဂြိုဟ်သို့ တစ်ကြိုးတည်း ပြေးထွက်ခဲ့ရလေတော့သည်။

ဥဇ္ဇေနီနှင့် ရာဇဂြိုဟ်သည် အတန်ကွာဝေး၏။ အကြားတွင် ကောသမ္ဗီနိုင်ငံခြားလျက်ရှိပေသေးသည်။ ဆင်ကို တရကြမ်းစီးရသည်မှာလည်း ပင်ပန်းလှသည်။ အစားစားသုံးဖို့ကလည်း ရှိပေသေး၏။ သို့ဖြစ်ရာ စဏ္ဍပဇ္ဇောတဘုရင် အဖြစ်မှန်ကို သိသောအခါ၌ ဥဇ္ဇေနီလူများကို အဖမ်းလွှတ်သည့်တိုင်အောင် မိမိက အချိန်များစွာ ဦး၍နေသောကြောင့် လွတ်နိုင်လောက်ပြီ အထင်ဖြင့် ကောသမ္ဗီရှိ မိတ်ဆွေတစ်ဦးအိမ်၌ ထမင်းစားနေလေသည်။ ထိုစဉ်မှာပင် ဥဇ္ဇေနီ ရန်သူတစ်ယောက် ပေါ်ပေါက်၍လာသည်။ ခြေမြန်တော် လူ့ဘီလူး ကာကပင်တည်း။

ခန့်မှန်းသည့်အတိုင်းပင်လျှင် စဏ္ဍပဇ္ဇောတမင်းသည် လေချဉ်တက်သည်နှင့်တစ်ပြိုင်နက် ထောပတ်မှန်းသိကာ ဒေါသထွက်၍ ခြေမြန်တော် ကာကကိုစေလွှတ်လိုက်သည်။ ကာက၏ တာဝန်မှာ ဆရာဇီဝကကို မီရာအရပ်မှ ဖမ်းဆီး၍ခေါ်ဆောင်လာရန် ဖြစ်၏။

သို့ရာတွင် ဘဝအောက်တန်း လူကြမ်းကြီးတစ်ယောက်မျှသာဖြစ်သော ကာကအဖို့ ဆရာဇီဝကနှင့် ပက်ပင်းတွေ့ရသောအခါ ဘုရင်တို့ပင် လေးစားရသောနိုင်ငံတကာအကျော် သမားတော်ကြီးလည်းဖြစ်၊ တရားရှင် ကျက်သရေအရှင်လည်းဖြစ်သော ဆရာဇီဝကအား အရမ်းမဲ့ မဖမ်းဆီးဝံ့။ အနီးသို့သာ တတ်နိုင်သမျှချဉ်းကပ်၍ "အကျွန်ုပ်သည်ကား ဥဇ္ဇေနီဘုရင်၏ ကျွန်ရင်း ကာကတည်း။ ဘုရင်မင်းမြတ်က ဆရာ့အား ပြန်လိုက်ခဲ့ဖို့ အခေါ်လွှတ်လိုက်ပါသည်။ အသာတကြည်နှင့်မလိုက်လျှင် ဖမ်းဆီး၍ ခေါ်ဆောင်ရပါလိမ့်မည်"ဟု ဆို၏။

"အချင်းကာက...ဘုရင့်အမိန့်တော်အတိုင်း ဆောင်ရွက်တာပေါ့။ သို့သော်သင့်ကိုကြည့်ရသည်မှာ ခရီးပန်းလွန်းခဲ့သည်။ အစာလည်း လုံးဝစားရဟန်မတူ။ ငါနှင့်အတူ ထမင်းဝင်၍စားလှည့်ဦး"

"ခရီးပန်းသည်လည်း မှန်ပါ၏။ အစာမစားရသည်လည်း မှန်ပါ၏။ သို့ရာတွင် ဘုရင်မင်းမြတ်က မိန့်မှာလိုက်သည်မှာ ဆရာ့ထံမှ မည်သည့် အစားအစာမျှမစားရ ဟူ၍ ဖြစ်ပါသည်"

"ကာက...အမိန့်အရ ထမင်း မစားသော် ရှိစေ။ သို့သော် သင့်မှာ ခရီးပန်းလှသောကြောင့် မောဟိုက်လျက် ရှိသည်။ တစ်ကိုယ်လုံးလည်း ခရီးအားထုတ်၍

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ကြောင့် နီရဲလျက် ရှိနေပေသည်။ ဤအတိုင်း ပြန်ခဲ့သော် သင့်အသက်သည် ဥဒ္ဒေနီသို့ ပြန်ရောက်ဖို့ပင် မမြင်။ ငါသည် ရောဂါမှန်သမျှတို့ကို ကုသသော သမားတော်ဖြစ်၏။ သင့်အဖို့ အမိန့်တော်အရ ထမင်း အာဟာရကို မစားသည့် တိုင်အောင် ကြစုသီးတစ်ခြမ်းမျှကိုတော့ ဆေးဝါးအဖြစ် စားသုံးသင့်ပေသည်။ ဤကြစုသီးတစ်ခြမ်းမျှသည် သင့်အင်အားကို ပြန်လည် ပြည့်တင်းစေလိမ့်မည်။ ရော့...စားလေလော့"

ထိုအခိုက်သည် ဆရာဇီဝက ထမင်းစားပြီးခိုက်ဖြစ်ရာ ဆေးအိတ်အတွင်းမှ ကြစုသီးလေး တစ်လုံးကို ထုတ်၍ တစ်ခြမ်းကို ဆရာဇီဝကကိုယ်တိုင် စားသုံးရင်း ကျန်တစ်ခြမ်းကို ကာကသို့ ပေးခြင်းဖြစ်သည်။

ကာကအဖို့ ခရီးပြင်း အားထုတ်၍ လာခဲ့ရသောကြောင့် ဆရာဇီဝက ပြောသည့်အတိုင်း ပင်ပန်းနွမ်းရိလွန်းနေသည်မှာ အမှန်ပင်ဖြစ်၏။ သို့ဖြစ်ရာ ဆရာကိုယ်တိုင် တစ်ပိုင်းစားထားပြီးဖြစ်သော ကြစုသီးတစ်ခြမ်းကို ဆေးအဖြစ်စားလျှင် ဘာမျှမဖြစ်နိုင်ဟု ယူဆကာ မဝံ့မရဲဖြင့်ပင် ယူ၍ စားလိုက်မိလေတော့သည်။ မိမိကိုပေးသော ကြစုသီးတစ်ခြမ်းတွင် လက်သည်းကြားမှ ဝမ်းလားဆေး အမှတ်မဲ့ ထည့်လိုက်သည်ကိုကား ကာက မသိရှာပေ။

ထို့ကြောင့် ကြစုသီးသည် ကာက၏ ဝမ်းထဲသို့ ရောက်သည်နှင့် တစ်ပြိုင်နက် မအောင့်နိုင် မဆည်းနိုင် တရကြမ်း ဝမ်းသွားလေတော့သည်။ ထိုအခါတွင်မှ ကာကအဖို့ ဆရာဇီဝက၏ ပရိယာယ်ကို သိရလေပြီဖြစ်၏။ သို့ရာတွင် မည်သို့မျှ မတတ်နိုင်။ ဝမ်းမပြတ်သွားခြင်းဖြင့်သာ နုန်းခွေ၍နေတော့သည်။

"ကျွန်တော် သေရတော့မှာလား ဆရာ။ ကျွန်တော့်ကို အသေသတ်တော့မှာလား"

"မသေသေးပါဘူး ကာကရယ်၊ မသေစေရပါဘူး။ ဆရာဆိုတာ ဘယ်သူ့ကိုမှ မသတ်ပါဘူး။ သူတစ်ပါးအသက်ကိုသာ ကယ်တဲ့သူပါ။ မင်းတို့ဘုရင်ကိုလည်း ကယ်ခဲ့တာပဲ။ နို့ပေမယ့် မလွဲသာလို့ ထောပတ်ဆေး တိုက်ခဲ့ရတာကို ရောဂါ ပျောက်ရဲ့သားနဲ့ မင်းတို့ဘုရင်က ငါ့ကို ရန်သူကြီးလုပ်နေတာ တော်ရော့လား။ မင်းကိုလည်း မရှောင်သာလို့ ပရိယာယ်ဆင်လိုက်ရတာပါ။ ဟောဒီဆေး စားလိုက် ရင် မကြာခင် ပျောက်သွားပါလိမ့်မယ်။ ပျောက်တဲ့အခါ မင်းတို့ဆင်ကို ယူပြီး ပြန်ပေတော့။ ငါ့နောက်တော့ မလိုက်ခဲ့နဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဤနည်းဖြင့် ဆရာဇီဝကအဖို့ အသက်ဘေးမှ လွတ်ခဲ့ရ၏။ သို့ရာတွင် စဏ္ဍပဇ္ဇောတမင်းအဖို့ မဆိုးလှပါ။ ရောဂါပျောက်၍ ဆရာ့ကျေးဇူးကို တစိမ့်စိမ့် တွေးမိလာသောအခါ၌ ဆရာဇီဝကအား ထိုက်ထိုက်တန်တန် ဂုဏ်ပြုပူဇော်ရန် အတွက် နောက်တစ်ကြိမ် တမန်လွှတ်၍ စိတ်ရိုး စေတနာရိုးဖြင့် အနူးအညွတ် ဖိတ်ခေါ်သေး၏။ သို့သော် ဆရာဇီဝက မသွားတော့သဖြင့် အဖိုးတစ်သိန်းစီ တန်သော သိဝိရာဇ်တိုင်းဖြစ် ကမ္ဗလာပုဆိုးကြီး နှစ်ထည်ကို ဆရာစားအဖြစ် ကန်တော့လိုက်သည်။

ဆရာဇီဝကအဖို့ ရတောင့်ရခဲ ထူးကဲကောင်းမွန်လှသော ဤပုဆိုးကြီးများကို မြင်တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် ရှေးဦးစွာ ဘုရားရှင်အား တစ်ထည်ကို သင်္ကန်းတော်အဖြစ် ကပ်လှူလိုက်ရန် ရည်စူးလိုက်သည်။ ကျန်တစ်ထည်ကို မိမိအဘိုးလည်းဖြစ်၊ ကျေးဇူးရှင်လည်းဖြစ်သော ဗိမ္ဗိသာရဘုရင်အား ပေးဆက်ရန် သတိရသည်။ သတိရသည့်အတိုင်းပင် ဘုရင်ကြီးအား ပေးဆက်ပြီးနောက် ဘုရားရှင်ကိုမူ ချက်ချင်းမပေးလှူသေးဘဲ မိမိသင်္ကန်း အလှူနှင့်စပ်၍ ဖော်ပြပါအတိုင်း တပည့်သား သံဃာတော်များအား ဒါယကာ, ဒါယိကာမတို့ ကပ်လှူသော သင်္ကန်းကို ခွင့်ပြုရန် လျှောက်ထားဖို့ ရှိနေသောကြောင့် အခွင့်အခါကို စောင့်ရင်း သိမ်းဆည်းထားခဲ့သည်။

[ ၃ ]

အကြောင်းထူး မရှိလျှင် နေ့စဉ်မပျက် ဆောင်ရွက်လျက်ရှိသော ဘုရားရှင်၏ ကိစ္စတော်များအနက် ညဥ့်ဦးပိုင်း တရားမဏ္ဍပ်တွင် တပည့်သား ရဟန်း သံဃာ များနှင့် တွေ့ဆုံခြင်း၊ ပြဿနာ တစ်စုံတစ်ရာ ရှိခဲ့လျှင် ဖြေရှင်းပေးတော်မူခြင်း၊ တရားဟောခြင်းတည်းဟူသော ကိစ္စရပ်သည်လည်း အပါအဝင် ဖြစ်ပေ၏။ သို့ရာတွင် ဒေသစာရီ ကြွချီမှု စသော အကြောင်းကြီးငယ် တစ်စုံတစ်ရာ ရှိသည်ဟု မကြားသိပါဘဲလျက် ညဥ့်ဦးပိုင်း တရားမဏ္ဍပ်သို့ ဘုရားရှင် ယနေ့ကြွရောက် မလာ၍ အရှင်အာနန္ဒာသို့ သတင်းမေးသောအခါ ဘုရားရှင် အနည်းငယ် မကျန်း မမာ ဖြစ်တော်မူ၍ ဂန္ဓကုဋိတွင်ပင် အနားယူလျက် ရှိနေကြောင်းကို ကြားသိရ၏။ သို့ဖြစ်၍ အရှင်အဿဇိ အမျူးပြုသော မထေရ်ကြီးတို့ ဦးဆောင်ကာ ရဟန်းတော် များသည် ဘုရားရှင် သီတင်းသုံးတော်မူရာ ဂန္ဓကုဋိသို့ ဝိုင်းရံ၍လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ညဉ့်သန့်၊ နေ့သန့်မှု အိပ်စက် နားနေတော်မူချိန်ကလေး အနည်းငယ်ကို ချန်ထားကာ တစ်နေ့တစ်နေ့အတွင်း နာရီဗီဇနာ မလပ်ဟု ဆိုရလောက်အောင် ဘုရားရှင် အလုပ်လုပ်တော်မူပုံများမှာ တန်ခိုးတော်အရှင် ဘုရားရှင်မို့သာ တော်ပေ ရှော့သည်။ သာမန်ပုဂ္ဂိုလ်များ အနေဖြင့်သာဆိုလျှင် ကျန်းမာရေးအတွက် စိတ်မအေး စရာကြီး ဖြစ်ခဲ့ရပေ၏။

ဘုရားရှင်ပင် ဖြစ်စေဦးတော့ ဓာတ်ကြီးလေးပါး အစုအဝေး ခန္ဓာကိုယ် ရုပ်တရားဟူသည် ဖောက်ပြန်ပျက်ယွင်းတတ်သော ရုပ်တရားအစုမျှသာ ဖြစ်ပေရာ ဓာတ်လေးပါး မညီညွတ်လွန်းသည့်အခါများတွင် ဖောက်ပြန်မှု၊ မကျန်းမာမှုဟူသည် အနည်းနှင့် အများ ဆိုက်ရောက်လာရတော့သည်သာ ဖြစ်ပေ၏။ ဘုရားရှင်ပင် ဖြစ်စေဦးတော့ ရုပ်နာမ်နှင့် မကင်းနိုင်သေးသမျှ ကာလပတ်လုံး ရုပ်နာမ်တရားတို့၏ အသီးအပွင့်ဖြစ်သော မကျန်းမာမှု စသည့် ဖောက်ပြန်သောဒုက္ခကို ခံစားရမြဲသာ တည်း။

ဤနည်းဖြင့် ဘုရားရှင်အား တစ်ချိန်သောအခါက ရောဂါပြင်းပြင်းထန်ထန် တစ်ချီကပ်ရောက်ခဲ့ဖူးရာ ပရိတ်အရံအတား ဆေးဝါးမျိုးစုံဖြင့် ကုသပျောက်ကင်း ခဲ့ရသည်။ ယခုလည်း ဘုရားရှင် ကျန်းမာတော်မမူဟု ကြားသိရသောအခါ တပည့် သံဃာတော်များအဖို့ စိုးရိမ်ပူပန်စွာဖြင့် ဝိုင်းရံ၍လာကြ၏။ သို့ရာတွင် ဘုရားရှင်က ထူးထူးထွေထွေရောဂါ မဟုတ်ပါ။ ဝမ်းအချုပ်လွန်သဖြင့် မအီမသာရောဂါမျှ ဖြစ်ပါသည်။ မကြာမီ ပျောက်ကင်းပါလိမ့်မည်ဟု မိန့်တော်မူလိုက်၍ တပည့်သံဃာ များ စိတ်အေးကြရတော့သည်။

ထို့နောက် ဘုရားရှင်က အရှင်အာနန္ဒာအား ကျောင်းဒကာသမားတော်ကြီး ဆရာဇီဝကအထံသို့ မိမိမကျန်းမာသည့်အကြောင်း သတင်းပို့ရန် စေလွှတ်တော်မူ သည်။

ပုံစံအားဖြင့်ဆိုလျှင် အရှင်အာနန္ဒာသည် ဝေဒနာသည် ဘုရားရှင်အတွက် ဆရာအပင့်သွားသူ ဖြစ်လေ၏။ ဆရာအပင့်သွားသူတို့မည်သည် ဝေဒနာ၏ အကြောင်းရပ်ကို ဝေဒနာရှင် ကိုယ်တိုင်ပမာ ပြောပြတတ်သူများ ဖြစ်ဖို့လိုပေရာ ဆရာဇီဝက,က အရှင်အာနန္ဒာအား ဘုရားရှင်၏ ဝေဒနာအကြောင်းကို စစ်မေး မြန်း၍ အရှင်အာနန္ဒာက ပြောပြသောအခါ ဆရာဇီဝက,က စိုးရိမ်ဖွယ်ရာ ရောဂါ မဟုတ်ပါ၊ ဓာတ်ချုပ်လွန်းသောကြောင့်ဖြစ်သော မအီမသာရောဂါမျှ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နက်ဖြန်မှစ၍ ဘုရားရှင်အား ဝမ်းနူးစေရန်အတွက် ဆီများများရောသောဆွမ်းကို သုံးရက်ဆက်ကပ်တော်မူပါ။ စတုတ္ထမြောက်နေ့တွင် တပည့်တော် ဆေးယူ၍လာခဲ့ပါမည်။ ဤအတွင်းလည်း တပည့်တော် လာရောက်ကြည့်ရှုပါမည်ဟု လျှောက်ထားလိုက်၏။

ဘုရားရှင် မကျန်းမာသည့်အကြောင်း ရှင်အာနန္ဒာ လာရောက် သတင်းပို့သည့်အချိန်ကစ၍ ဆရာဇီဝကအဖို့ ဝမ်းမြောက်လှသဖြင့် တက်တက်ကြွကြွ ရှိနေခဲ့ရသည်။ ဘုရားရှင် မကျန်းမာသည်ကို ဝမ်းမြောက်ရာသလောဟု မေးဖွယ်ရှိ၏။ ဝမ်းမြောက်သည် မှန်လှပေ၏။ အကြောင်းသော် တစ်မူကား ကျောင်းဒကာသမားတော်ကြီး ဆရာဇီဝကအဖို့ မိမိပညာကို ထိရောက်စွာ အသုံးချမှုတည်းဟူသော အလုပ်တွင် ဘုရားရှင်ကဲ့သို့ မိမိစေတနာ စုပုံရာပုဂ္ဂိုလ်သို့ အစွမ်းကုန် အသုံးပြုကူညီဖို့ အခွင့်အရေးကို ဖွင့်မပြောသင့်သော်လည်း စောင့်မျှော်ခဲ့ရသူ ဖြစ်သည်။ ယခုသော် ကြုံလာပြီဖြစ်၍ ဝမ်းသာရခြင်း ဖြစ်ပေ၏။

သို့ဖြစ်၍ သာမန်စာတ်ချုပ်သော ရောဂါကလေးမျှပင် ဖြစ်စေကာမူ အစွမ်းကုန်ပြုစုနိုင်ရန် မိမိပညာဖြင့် စဉ်းစားဆင်ခြင်သည်။ ဆင်ခြင်ဟန်ကား ဘုရားရှင်သည် ကြီးမြတ်သောပုဂ္ဂိုလ်မျှသာမဟုတ်၊ နူးညံ့သိမ်မွေ့လှစွာသော ရုပ်လက္ခဏာတော်၏ ပိုင်ရှင်ဖြစ်ပေရာ သာမန်ပုဂ္ဂိုလ်တို့ကိုပေးသော ဝမ်းနုတ်ဆေးမျှဖြင့် မသင့်လျော်နိုင်။ အသိမ်မွေ့ဆုံးသော နည်းဖြင့် ဝမ်းလျှောစေမှသာ သင့်လျော်ပေမည်။

သို့ဖြစ်ရာ သိမ်မွေ့တင့်တယ်လှစွာသော ကြာပန်းတွင် အနံ့ကို ရှူရှိုက်ရုံမျှဖြင့် ဝမ်းတော်သွားစေနိုင်သည့် အစွမ်းလည်းထက်၍ နူးညံ့သိမ်မွေ့လှစွာသော ရှူဆေးဖြင့် မွှမ်းထုံသည်။ မွှမ်းထုံရာ၌ ကြာပန်းသုံးလက်ကို အဆင့်သုံးဆင့် ခွဲခြား၍ ပြုလုပ်ပေး၏။ ယင်းသို့ဖြင့် အစာလည်းဆေး၊ ဆေးလည်းအစာ ဆိုသကဲ့သို့ ဘုရားရှင်အား ပူဇော်ကပ်လှူရန် ကြာပန်းလည်းဖြစ်၍ ဆေးလည်းဖြစ်သော ကြာပန်းသုံးလက်သည် အဆင်သင့် ဖြစ်လာပေသည်။

မှာကြားထားသည့်အတိုင်း ဆီဆမ်း ဝမ်းနူးဆွမ်းဖြင့် သုံးရက်ဝမ်းနူးပြီးသော စတုတ္ထနေ့ နံနက်ပိုင်းတွင် ကြာပန်းသုံးခိုင်ကို ပူဇော်ပစ္စည်းအဖြစ် ကိုင်ဆောင်ကာ ဘုရားရှင်အထံတော်သို့ ဆရာဇီဝက ရောက်သွားသောအခါ၌ ဂန္ဓကုဋီတွင် ဘုရားရှင်အား ဆင်သင့် ဖူးတွေ့ရ၍ ကြာပန်းသုံးလက်ကို တစ်လက်စီ အလိုက်သင့် ဆက်ကပ်ရင်းဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မြတ်ဘုရား... ဤပထမကြောပန်းကို သုံးကြိမ် နမ်းရှုတော်မူပါလျှင် ရန့်ရင်းသော စမြင်းဒေါသများ ဝမ်းသွားတော်မူပါလိမ့်မည်။ ဤဒုတိယကြောပန်းကို နမ်းရှုတော်မူပါလျှင် အလယ်အလတ်ဖြစ်သော စမြင်းဒေါသများ ဝမ်းသွားတော်မူပါလိမ့်မည်။ ကျန်တတိယကြောပန်းကို နမ်းရှုတော်မူပါလျှင် သိမ်မွေ့သော စမြင်းဒေါသများ ဝမ်းသွား၍ နွမ်းနယ်သမျှ ပျောက်ကင်းကာ ရွှင်လန်းချမ်းမြေ့ပါလိမ့်မည်။ သို့ရာတွင် ယနေ့အဖို့မူ ကိစ္စတစ်စုံတစ်ရာ ဆောင်ရွက်တော်မမူဘဲ ကျောင်းတော်မှာပင် နားနားနေနေ အလိုက်သင့် သီတင်းသုံးနေထိုင်တော်မူ၍ နက်ဖြန် နံနက်ဆွမ်းအတွက် တပည့်တော်၏အိမ်သို့ ကြွရောက် အလှူခံတော်မူပါဘုရား"ဟု လျှောက်ထားသည်။

ဘုရားရှင် ကျန်းမာတော်မူလာပြီဆိုသည်နှင့် တစ်ပြိုင်နက် မကျန်းမာစဉ်အတွင်း ရက်အနည်းငယ်မျှ ဘုရားရှင်အဖို့ ဆွမ်းကွမ်း သုံးဆောင်မှုကိစ္စ ချို့တဲ့ခဲ့ရသည်ကို အတိုးချကာ ဘုရားရှင်အား ဆွမ်းကောင်းဆွမ်းမွန်ဖြင့် ပြုစုလုပ်ကျွေးလိုသူမှာ အရှင်မောဂ္ဂလာန်ပင် ဖြစ်၏။ ထို့ကြောင့် ယခင်က မသွားရောက်ခဲ့ဖူးသော အိမ်သို့ ဘုရားရှင်အတွက် ရည်စူးကာ ဆွမ်းအလှူခံ ကြွတော်မူသည်။ ထိုအိမ်သည်ကား သောဏသူဌေးသား၏အိမ်ပင် ဖြစ်ပေ၏။

သောဏသူဌေးသား၏ အတိတ်ကံပါရမီ ထူးခြားပုံ၊ အတိတ်ကံ ထူးခြားသလောက် သောဏသူဌေးသား၏ ရုပ်ရည် အနေအထိုင်နှင့်တကွ သူ့ဆွမ်းအာဟာရ၏ ထူးခြားပုံတို့မှာ ရာဇဗြိုဟ်တွင် ကျော်ကြားလှပေ၏။ သောဏသူဌေးသားအား ဘုရားရှင်၏ မင်းသားဘဝစည်းစိမ်နှင့်ပင် နှိုင်းယှဉ်၍ ပြောစမှတ်ပြုကြရသည်။

သူဌေးသား သောဏသည် နောင်အခါ၌ ဘုရားရှင် သာသနာတော်သို့ ထူးထူးခြားခြား ရောက်ရှိလာမည့် တရားအရှင် ပါရမီရှင်လည်း ဖြစ်လေရာ အရှင်မောဂ္ဂလာန်သည် မိမိအိမ်သို့ မလာစဖူး ယနေ့ရောက်လာ ဆွမ်းအလှူခံသည်ကို တွေ့ရသောအခါ သဒ္ဓါအပြည့်ဖြင့် ဝမ်းမြောက်ဝမ်းသာ လောင်းလှူသည်။

ဆွမ်းအလှူရရှိသည်နှင့် တစ်ပြိုင်နက် အရှင်မောဂ္ဂလာန်က ကျောင်းသို့ပြန်ရန် ဟန်ပြင်လိုက်သောအခါ "တပည့်တော် ကြည်ညိုလိုလှပါသဖြင့် ဤအိမ်တွင်ပင် ကျောင်းအမှတ်ပြု၍ ဘုဉ်းပေး သုံးဆောင်တော်မူပါဘုရား"ဟု လျှောက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဤမွှန်မြတ်လှသော ဆွမ်းသည် ငါ့အတွက်မဟုတ်ပါ ဒါယကာသောဏ။ မကျန်းမာရာမှ ယနေ့ နာလန်ထတော်မူလာသော ဘုရားရှင်အတွက် ရည်စူး၍ လာရောက် အလှူခံခြင်း ဖြစ်ပါသည်"

"သို့ဆိုလျှင် တပည့်တော်အဖို့ ဆတက်ထမ်းပိုး သဒ္ဓါတိုးရပါတော့သည်။ အရှင်မြတ် ဘုဉ်းပေးတော်မူပါဘိ။ အရှင်မြတ် ဆွမ်းကိစ္စပြီးလျှင် ဘုရားရှင်အတွက် သီးသန့် လောင်းလှူပါမည်ဘုရား"

ယင်းသို့ဖြင့် သောဏ၏ဆွမ်းကိုလည်း စား၍ ဘုရားရှင်အတွက်လည်း အလှူခံခဲ့ရသည်။ ကျောင်းသို့ရောက်သော် သောဏ၏ ထူးခြားသောဆွမ်းကြောင့် ပြဿနာနှင့် တိုးရသူမှာကား ဗိမ္ဗိသာရဘုရင် ဖြစ်၏။ ကျောင်းဒကာဘုရင်ကြီးသည် ဘုရားရှင် မကျန်းမာတော်မူသည့် သတင်းကို ယနေ့မှ ကြားသိရသဖြင့် ကြားလျှင် ကြားချင်း ဘုရားရှင် အထံတော်သို့ ဆောတလျင် ရောက်လာခဲ့ရာ ဘုရားရှင် ကျန်းကျန်းမာမာ ဖြစ်နေပြီကို တွေ့ရ၍ ဝမ်းမြောက်သည်။

သို့ရာတွင် မိမိရောက်ခိုက် ဘုရားရှင် ဘုဉ်းပေးနေသော ဆွမ်းမှာ ဘုရင်ပင် ဖြစ်လင့်ကစား ယခင်က မကြုံဖူးအောင် ထူးခြားမွှေးကြိုင်လှသော ဆွမ်းဖြစ်ပေရာ ယင်းဆွမ်းရနံ့ကြောင့် ဘုရင်ကြီးအဖို့ ဣန္ဒြေမဆည်နိုင်လောက်အောင်ပင် ဖြစ်ရသဖြင့် "နတ်ပြည်မှ အလှူခံလာသော နတ်ဆွမ်း ဖြစ်ပါသလားဘုရား"ဟုပင် မေးလျှောက်မိ၏။

ထိုအခါ ဘုရားရှင်အနီးတွင် ဆွမ်းလုပ်ကျွေးလျက်ရှိနေသော အရှင်မောဂ္ဂလာန်က "နတ်ဆွမ်းမဟုတ်ပါ၊ ဘုရင်မင်းမြတ် နိုင်ငံအတွင်းမှ သောဏသူဌေးသား၏ ဆွမ်းဖြစ်ပါသည် ဒါယကာကြီး"ဟု မိန့်ကြားသောကြောင့် အံ့အားသင့်ရသည်။

သောဏ၏ဆွမ်းတွင် ဣန္ဒြေပျက်လောက်အောင် အာလျှဖြစ်လျက်ရှိသော ဘုရင်ကြီး၏ဆန္ဒကို သိရသဖြင့် ဘုရားရှင်က ဆွမ်းတစ်ဝက်ကို ခွဲခြမ်းပြီးလျှင် ဘုရင်ကြီး အာသာပြေစေရန် ကျွေးလိုက်ရသေးသည်။

သို့ရာတွင် ဤဆွမ်းကိစ္စသည် ဤမျှနှင့်မပြီး၊ ဤမျှထူးခြားသော သောဏသူဌေးသားကို ဘုရင်ကြီး တွေ့မြင်လိုလှသဖြင့် ရာဇပရိယာယ်ဖြင့် ဆက်လက်စီမံရာမှ သောဏသူဌေးသားသည် ဘုရားရှင်နှင့် တွေ့ဆုံကာ ဧတဒဂ်ရှင် သောဏမထေရ် ဖြစ်လာရသည်။

www.burmeseclassic.com

www.burmeseclassic.com



[ထူးခြားသော သောဏာသူဌေးသားနှင့် သူ့ဆွမ်းအာဟာရ အကြောင်းကို ဤစာအုပ်တွင် “စောင်းတော်ရှင်”ဇာတ်လမ်းဖြင့် ဖော်ပြခဲ့ပြီးပေပြီ]

[ ၄ ]

နောက်နေ့နံနက်တွင် ဆရာဇီဝက၏ ပင့်လျှောက်ချက်အရ ဘုရားရှင်နှင့် နောက်ပါ သံဃာကြီးအချို့တို့ ဆရာဇီဝကအိမ်သို့ ဆွမ်းစားကြွရောက်လာသော အခါ ဆရာဇီဝက,က အိမ်တံခါးဝတွင် မိမိဆေးဝါးကြောင့် လန်းဆတ်ကြည်လင် လျက် ရှိနေပြီဖြစ်သော ဘုရားရှင်အား ရွှန်းရွှန်းစားစား ဖူးမြင်ရှုကြည့်ရင်း သပိတ် တော်ကို လှမ်းယူသည်။ ထို့နောက် “နာလန်ထတော်မူစ အရှင်မြတ်အတွက် သင့်လျော်အောင် စီစဉ်ချက်ပြုတ်ထားသော ဆွမ်းဖြစ်ပါသည်ဘုရား”ဟု လျှောက် ထား၍ ဆွမ်းဆက်ကပ်သည်။

ဆွမ်းစားပြီး၍ ဆွမ်းအနုမောဒနာ ပြုပြီးသောအခါ ဘုရားရှင်၏ ရှေ့တော်တွင် ချထားပြီးဖြစ်သော ယခင် သိမ်းဆည်းထားခဲ့သည့် ပုဆိုးကို ဘုရားရှင်အား ဆက်ကပ်ရင်း–

“အရှင်မြတ်ဘုရား... ဤပုဆိုးသည် ဥဇ္ဇေနီပြည် စဏ္ဍပဇ္ဇောတမင်းထံမှ ဆေးကု၍ရခဲ့သော အဖိုးတစ်သိန်းတန် သိဝိရာဇ်ကမ္ဗလာပုဆိုး ဖြစ်ပါသည်။ သင်္ကန်းတော်အဖြစ် အလှူခံတော်မူပါဘုရား။ ဤပုဆိုးသင်္ကန်းကို လှူရသော ကောင်းမှုကြောင့်လည်းကောင်း၊ ဆေးလှူ, ဆွမ်းလှူရသော ကောင်းမှုကြောင့် လည်းကောင်း အရှင်မြတ်ထံမှ တစ်ခုသောဆုကို တောင်းခံလိုပါသည်။ ခွင့်ပြုတော် မူပါဘုရား”ဟု လျှောက်ထားသည်။

“ဒကာဇီဝက...ဆုဟူသည် ပေးသင့်သောဆု၊ မပေးသင့်သောဆုဟူ၍ ရှိပေ သေးသည်။ ဒကာဇီဝက တောင်းခံလိုသည့် ဆုဟူသည် ဘုရားရှင်တို့ နှစ်သက် အပ်သောဆု ဟုတ်ပါ၏လော”

“အပြစ်မရှိ ကောင်းကျိုးများဘိသော ဆုဖြစ်ပါသည် အရှင်ဘုရား”

“သို့ဆိုလျှင် ကြားလျှောက်လေလော့”

“အရှင်ဘုရား...အရှင်မြတ်၏ တပည့်သား သံဃာတော်တို့မှာ ပံ့သကူသင်္ကန်း ကိုသာ ဆောင်ခွင့်ပြုထား၍ သင်္ကန်းအတွက် ပင်ပန်းနွမ်းနယ်လွန်းကြရပါသည်။ ပံ့သကူသင်္ကန်းသည် မွန်မြတ်သော်လည်း မသိနားမလည်သူ ဒါယကာ, ဒါယိကာမ

www.burmeseclassic.com

www.burmeseclassic.com



တို့ အလယ်တွင်မူ အမြင်မလှ အဆင်မလှလည်း ဖြစ်နေရပါတော့သည်။ သို့ပါ၍ တပည့်သံဃာတို့ ပင်ပန်းနွမ်းနယ်မှုမှ ကင်းလွတ်မှုအကျိုး၊ လှူဒါန်းသူ ဒါယကာတို့၏ ကောင်းမှုကုသိုလ်အကျိုး၊ သာသနာတော်၏ တင့်တယ်မှုအကျိုးကို ထောက်ထား၍ ဒါယကာတို့ ပေးလှူအပ်သော သင်္ကန်းကို သုံးဆောင်နိုင်ဖို့ ခွင့်ပြုတော်မူပါ အရှင်ဘုရား"

"ဒါယကာဇီဝက...ငါဘုရားသည် သာသနာတော်၏အစတွင် တပည့်သံဃာတို့ ကျိုးနွံကြပါစိမ့်သောငှာ ပံ့သကူသင်္ကန်းကိုသာ သုံးဆောင်ကြရန် ပညတ်ခဲ့သည်မှန်ပေ၏။ ယခုသော် သာသနာတော် အတန်ရင့်ကြာ၍ တပည့်သားသံဃာတို့ တစ်နေ့တခြား တိုးပွားလာခဲ့ရာတွင် ပံ့သကူသင်္ကန်းရဖို့ရန်မှာ အခက်အခဲ ပို၍ လာသည်ကို ငါဘုရားလည်း သိမြင်တော်မူပြီး ဖြစ်ပေသည်။

သို့ရာတွင် ဘုရားရှင်တို့မည်သည် အကြောင်းပေါ်ပေါက်လာမှသော် လည်းကောင်း၊ လျှောက်ထားသူရှိမှသော် လည်းကောင်း ပညတ်ပြုပြင်ကြမြဲ ဖြစ်သည်။ ယခု ဒါယကာဇီဝက၏ တောင်းဆိုမှု လျှောက်ထားချက်သည် အခါသင့် အခွင့်တော် သင့်လျော်လှပါပေ၏။ စင်စစ်သော်ကား တပည့်သား သံဃာတို့သည် ငါ၏အဆုံးအမတွင် တစ်နေ့တခြား ရင့်ကျက်လာကြသူများ ဖြစ်ကြသည့်အတိုင်း သင်္ကန်းကိစ္စတွင် မြေမှုန့်လိမ်းသော ပံ့သကူသင်္ကန်းကို သုံးဆောင်ကြသည်ဖြစ်စေ၊ ပိုးဖဲကတ္တီပါသင်္ကန်းတို့ကို သုံးဆောင်သည်ပင်ဖြစ်စေ ဆင်ခြင်သုံးသပ် ရှုမှတ်မှု တရားဖြင့် သုံးဆောင်ခြင်းသည်သာ ပဓာနဖြစ်တော့သည်။

"သို့ဖြစ်သောကြောင့် ယနေ့မှစ၍ ဒါယကာ ဇီဝက၏ လျှောက်ထားချက်အရ ဒါယကာ, ဒါယိကာမတို့ ပေးလှူအပ်သော သင်္ကန်းကို ပိုးဖဲကတ္တီပါပင်ဖြစ်စေ ဝိနည်းအရ တပည့်သားသံဃာတို့ သုံးဆောင်ကြစေရန် ခွင့်ပြုတော်မူလိုက်ပါသည်"

ဤတောင်းဆိုလျှောက်ထားချက်၊ ဤခွင့်ပြုတော်မူချက်အရ သဒ္ဓါပီတိ တဖွားဖွား ဖြစ်ကြရသဖြင့် ဘုရားရှင်အနီးတွင် ဝိုင်းရံလျက်ရှိသော တပည့်သား သံဃာတော်ကြီးများနှင့်အတူ ဆရာဇီဝကတို့ သာခုသုံးကြိမ် ခေါ်လိုက်သော အသံမှာ ယနေ့ခေတ် သာသနာတော်အထိပင် စိမ့်ဝင်လျက် ရှိနေတော့သည်ဟု ထင်မှတ်ရပေတော့သည်။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# စောင်းတော်သခင် ဆင်မျှားရှင်

[ ၁ ]

"တောကစားရတာများ တစ်နေ့တခြား ပျင်းလာပြီ အမတ်ကြီး"

"ဘယ်လိုအကြောင်းများကြောင့်ပါလဲ ဘုရင်မင်းမြတ်"

"တောကစားထွက်ရင်း စိတ်က ကောသမ္ဗီဘုရင်ဆီကိုချည်း ရောက်ရောက်နေတယ်"

သေနာပတိက ပြုံးသည်။ နေ့လယ်က တောကစားရာတွင်လည်း ဘုရင်မင်းမြတ်သည် ဤစကားကိုပင် ပြောခဲ့သောကြောင့် ဖြစ်၏။ သက်ရွယ်ကြီးလာသော နန်းရင်းဝန်ကြီးသည် တောကစားသည့်အလုပ်တွင် ငယ်ရွယ်စဉ်က ထက်သန်ခဲ့သော်လည်း စွန့်လွှတ်ထားခဲ့သည်မှာ ကြာပြီ။

သူတို့သုံးဦးသည် ဥဇ္ဇေနီ၏ ဗိသုကာများ ဖြစ်ကြ၏။ စဏ္ဍပဇ္ဇောတဘုရင် ထီးနန်းမစိုးစံမီ ငယ်စဉ်ကပင် ရင်းနှီးကျွမ်းဝင်ခဲ့သော လူယုံတော်များ ဖြစ်ကြသည်။ နန်းရင်းဝန်ကြီးသည် စဏ္ဍပဇ္ဇောတ၏ ဦးရီးလည်းတော်၍ အစစ အရာရာ ဖေးမ သွန်သင်ခဲ့သူ ဖြစ်သည်။ သေနာပတိကား တက္ကသိုလ်တွင် ပညာသင်စဉ်ကပင် အတူတွဲခဲ့ရသူ ငယ်ပေါင်းမိတ်ရင်း ဖြစ်သည်။

သူတို့သုံးယောက်သည် အလုပ်တာဝန်မှ အားလပ်သည့် အချိန်များတွင် တတွဲတွဲ ရှိနေတတ်ကြသည်။ ဥဇ္ဇေနီ၏ အရေးပါသော ကိစ္စများသည် သူတို့သုံးယောက်မှ ဆင်းသက်လာကြသည်သာ များ၏။ ယနေ့လည်း ဘုရင်နှင့် သေနာပတိတို့ တောကစားရာမှ ပြန်၍တွေ့ဆုံနေကျ နန်းဆောင်သို့ ဝင်လာကြသောအခါ နန်းရင်းဝန်ကြီး အဆင်သင့်ရောက်နေသည်ကို တွေ့ရသည်။

www.burmeseclassic.com

“ဘယ်လိုစိတ်ကူးအဆန်းတွေများ ပေါ်နေရပြန်တာလဲ ဘုရင်မင်းမြတ်”

“တောကစားရတာဟာ အပျော်မွေ့ဆုံး၊ ဝါသနာအပါဆုံးဆိုတာ ဦးရီးတော်ရော သေနာပတိပါ သိကြပြီးပဲ။ နို့ပေမယ့် တကယ်လို့သာ ကောသမ္ဗီဘုရင်လို ဆင်တွေကို နိုင်နင်းမယ်ဆိုရင် ဘယ်ကလောက် ပျော်စရာကောင်းလိုက်မလဲလို့ တွေးတွေးနေမိတယ်”

“ဘုရင်မင်းမြတ် ဆန္ဒရှိတယ်ဆိုရင် ဖြစ်လာရမှာပေါ့”

“ဘယ်လိုဖြစ်လာမှာလဲ”

“အနုနည်း၊ အကြမ်းနည်း နှစ်မျိုးရှိတယ်။ အနုနည်းကတော့ သူနဲ့ချစ်ကြည်အောင်လုပ်ပြီး သူ့ဆီက ပညာကို တောင်းယူဖို့”

“ဒါကတော့ မဖြစ်နိုင်ပေဘူးထင်တယ် ဦးရီးတော်။ ဥဒေနီဟာ ကောသမ္ဗီကို အောက်မကျို့နိုင်ဘူး။ ပညာလိုချင်လို့ အောက်ကျို့တယ် ဆိုရင်တောင် သူ့ပညာကို ပေးမှာမဟုတ်ဘူး”

“ဒီလိုဆိုရင်လည်း အကြမ်းနည်းသုံးဖို့ပဲရှိတယ်”

“ဘယ်လိုသုံးရမှာလဲ”

“သူ့ပညာလိုရင် သူ့ကို ဖမ်းရမှာပေါ့”

“လက်နက်အင်အား၊ စစ်အင်အားထဲမှာ ဆင်ဟာ အကြီးဆုံးမဟုတ်လား။ ဥတေနမှာ သူမတူတဲ့ ဆင်တပ်ကြီးရှိနေလို့ နိုင်ငံတကာက ခံ့ညားနေရတယ်။ သူ့ကိုဖမ်းဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား”

“စစ်အင်အားထဲမှာ ဆင်ဟာ အကြီးဆုံးဆိုတာ မဟုတ်ပါဘူး။ ဆင်ထက် ကြီးမားတဲ့ အင်အားရှိပါသေးတယ် ဘုရင်မင်းမြတ်”

“ဘာပါလိမ့် ဦးရီးတော်”

“ပရိယာယ်အင်အား ပညာအင်အားပါ”

“ဦးရီးတော်မှာ ဥတေနကို ဖမ်းနိုင်ဖို့ နည်းပရိယာယ် ရှိနေပြီလား”

“ကြိုးစားရမှာပေါ့ ဘုရင်မင်းမြတ်။ ကောသမ္ဗီဘုရင်ဟာ သက်ရှိဆင်တွေကို နိုင်နင်းတယ်ဆိုပေမယ့် သက်မဲ့ဆင်ကိုတော့ နိုင်မှာမဟုတ်ပါဘူး”

“ဘယ်လို သက်မဲ့ဆင်လဲ”

“သက်မဲ့ဆင်ဆိုတာ စက်ရုပ်ဆင်ပေါ့။ စက်ရုပ်ဆင်ကို ဥဒေနီနဲ့ ကောသမ္ဗီ နယ်စပ် တောထဲတစ်နေရာမှာ လျှို့ဝှက်စွာပြုလုပ်ပြီး ဆင်ဖမ်း အင်မတန်ဝါသနာ

www.burmeseclassic.com

www.burmeseclassic.com



ပါတဲ့ ဥတေနကို မြှူခေါ်ယူရပါမယ်။ ပြီးတော့ ဥတေနကို ဥဇ္ဇေနီအင်အားနဲ့ ဝိုင်းညှပ်ဖမ်းလိုက်ရုံပေါ့"

"ဦးရှီးတော်ရဲ့စကားက သိပ်ပြီး စိတ်ဝင်စားစရာ ကောင်းလာပြီ။ စက်ရုပ်ဆင် အစီအစဉ်က ဘယ်လိုလုပ်မှာလဲ"

"သာမန်အားဖြင့်တော့ စက်ရုပ်ဆင် လုပ်ဖို့ဆိုတာ မလွယ်ပါဘူး။ နို့ပေမယ့် နာမည်ကျော် စက္ကောမ ယန္တရားဆရာကြီး ကဋ္ဌဝါဟနရဲ့တပည့်၊ လက်သမား ဆရာကြီးတစ်ဦးဟာ ဗောဓိမင်းရဲ့ အန္တရာယ်ကြောင့် ဥဇ္ဇေနီမှာ လျှို့ဝှက်စွာ လာရောက်ခိုလှုံနေတာကို ကျွန်တော်မျိုး သိထားပါတယ်။ သေနာပတိကြီးလည်း သိပါတယ်။ အဲဒီယန္တရားဆရာကြီးဟာ စက်ရုပ်ဆင်လောက်တော့ အလွယ်တကူ လုပ်နိုင်ဖို့ ရှိပါတယ်"

"ဦးရှီးတော်တို့၊ သေနာပတိတို့က တယ်ပြီး အားကိုးရပါကလား။ အဲဒီ ယန္တရားဆရာဆိုတာက ကဋ္ဌဝါဟနလို ဂဠုန်ရုပ်အထိများ လုပ်နိုင်မှာလား"

"ဂဠုန်ရုပ်တော့ လုပ်နိုင်မည် မထင်ပါ။ အကြောင်းကတော့ ဆရာတို့မည်သည် ပညာကို အကုန်ပေးရိုးမရှိ၊ ဟတ္ထမုဋ္ဌိ ဆရာ့လက်ဆုပ်၊ ဆရာစားဆိုတာ ချန်ထား စမြဲမို့ပါ။ သို့သော် ကဋ္ဌဝါဟနရဲ့ တပည့်ကြီးတစ်ယောက် ဖြစ်လေတော့ စက်ဆင် ရုပ်လောက်ကိုတော့ အလွယ်တကူ ပြုလုပ်နိုင်ဖို့ ရှိပါတယ်"

ဗောဓိနိုင်ငံမှ ဗောဓိမင်း၏ လက်သမားဆရာကြီး ကဋ္ဌဝါဟနသည် စက်မှု ပညာတွင် မြေလျှိုး မိုးပျံသည်အထိ ကျွမ်းကျင်လှသော အနောက်ကျွန်း စက္ကောမ ဆရာကြီးများ၏ ပညာကို ရရှိခဲ့သူဟု ဆိုကြသည်။

ကဋ္ဌဝါဟနသည် သူ့သခင်မင်းအတွက် အံ့ဖွယ်နန်းဆောင်တစ်ခုကို ဆောက် လုပ်ပေးခဲ့ရာတွင် သဘောထားသေးလှသော ဗောဓိမင်းက အခြားနေရာတွင် အလားတူ အဆောက်အအုံမျိုး မဆောက်လုပ်နိုင်ရန် ကဋ္ဌဝါဟနအား သတ်ပစ်မည် အထိ ကြံစည်ခဲ့သည်။ ဤသည်ကိုသိသော ကဋ္ဌဝါဟနက ကောင်းကင်သို့ ပျံတက် နိုင်သော ဂဠုန်စက်ရုပ်ကြီးကို ပြုလုပ်ကာ ကောင်းကင်သို့ ပျံတက် ထွက်ပြေးပြီး နောက် ဟိမဝန္တာနယ်စပ် တောတွင်းတစ်နေရာတွင် ကဋ္ဌဝါဟနမြို့ တည်ထောင်၍ နေခဲ့သည်။ ဤအကြောင်းရပ်များသည် မဇ္ဈိမနိုင်ငံအလုံး အံ့ဩမဆုံး သိရှိ၍ ပုံပြင်သဖွယ်ပင် ပြောဆိုနေကြသော အကြောင်းရပ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဇောမိမင်းသည် နောင်အခါ၌ ဂေါတမဘုရားရှင်နှင့် တွေ့၍ တရားနာရသောကြောင့် ရဟန်းဘ၀သို့ ကူးပြောင်းသွားသော်လည်း ဇောမိမင်း၏ အဆက်အနွယ်တို့က ကဋ္ဌ၀ါဟနနှင့် သူ့အသိုင်းအဝိုင်းတို့အား ဆက်လက်ရန်ပြုလျက်ပင် ရှိခဲ့ကြသည်။

ကဋ္ဌ၀ါဟနတောမြို့တွင် အကြောင်းတစ်ခုကြောင့် မနေနိုင်သော ကဋ္ဌ၀ါဟနဆရာကြီး၏ တပည့်ကြီးတစ်ဦးသည် ဥဇ္ဇေနီတွင် လျှို့ဝှက်စွာ လာရောက်ခိုလှုံနေထိုင်ခဲ့သည်မှာ အတန်ကြာခဲ့ပြီ။ ဤသည်ကို သိရှိထားသော ဦးရီးတော် အမတ်ကြီးက ဥတေနဘုရင်အား စက်ရုပ်ဆင်ဖြင့် ဖမ်းဆီးရန် သူ့အကြံအစည်ကို ယခု တင်လျှောက်နေခြင်းဖြစ်၏။

“ကဲ–ဦးရီးတော်အမတ်ကြီး၊ ကျုပ် သဘောပေါက်ပြီ။ ကျုပ်တို့မှာ ဘယ်နိုင်ငံ၊ ဘယ်ဘုရင်ကိုမှ ရန်မပြုလိုပါဘူး။ ကျုပ်တို့မှာ ဘယ်နိုင်ငံနဲ့မှ ရန်သူရယ်လို့လည်း မရှိပါဘူး။ ကိုယ့်နိုင်ငံကို ထိပါးမလာရင် သာ၀တ္ထိတို့၊ ရာဇဂြိုဟ်တို့လို အားအားရှိတိုင်း စစ်ခင်းရန်ရှာချင်နေတဲ့ နိုင်ငံလည်း မဟုတ်ဘူး။ နို့ပေမယ့် အခုဆွေးနွေးရင်း ပေါ်ပေါက်လာတဲ့ ကောသမ္ဗီဘုရင်ကို ဖမ်းယူဖို့ အကြံအစည်ကတော့ စစ်ခင်းတာ မဟုတ်ပေမယ့် အင်မတန် ပျော်စရာကောင်းတဲ့ အစီအစဉ် ဖြစ်ပေတယ်။

“ဒီတော့ ဒီကိစ္စကို ထိပ်တန်းလျှို့ဝှက်အနေနဲ့ ဦးရီးတော်နဲ့ သေနာပတိတို့က လိုအပ်သမျှ ဆောင်ရွက်ပါ။ လိုအပ်သမျှ ဘဏ္ဍာတော်ကို သုံးစွဲပါ။ မှာကြားလိုတာ တစ်ခုကတော့ ဥတေနကို ဖမ်းတဲ့နေရာမှာ သူ့ကို ရန်သူလို သဘောမထားဘဲ ဖြစ်နိုင်သမျှ သိမ်သိမ်မွေ့မွေ့နဲ့ ဖမ်းဆီးဖို့ပါပဲ။ အကြောင်းကတော့ ကျုပ်တို့ဟာ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ကောသမ္ဗီကို အကြောင်းမရှိဘဲ ရန်သူမလုပ်ချင်ဘူး။ ဖြစ်နိုင်ရင် ရွှေလမ်းငွေလမ်းပဲ ဖောက်ချင်တယ်”

“ဖြစ်မြောက်အောင် ကြိုးစားပါမည် ဘုရင်မင်းမြတ်”

ဤကိစ္စကို စတင်ဆွေးနွေးကြစဉ်က ဘုရင်မင်းမြတ်ဆန္ဒတွင် ဖြစ်ပေါ်လာသည့်အတိုင်း သာမန်အကြောင်းရပ် အဖြစ်မျှ စကားဦးတည်ရာ ဆွေးနွေးခဲ့ကြခြင်းဖြစ်၏။ သို့ရာတွင် ဦးရီးတော် ပညာရှိအမတ်ကြီး၏ လျှောက်တင်ချက် အစီအစဉ်အရ ကြီးမားသောကိစ္စရပ်ကြီး ဖြစ်လာရာက ယင်းကိစ္စရပ်နှင့်အတူ ဘုရင်စဏ္ဍပဇ္ဇောတအဖို့ လူယုံများကိုပင် ဖွင့်မပြောနိုင်လောက်သော အတွင်းရေး ရည်မှန်းချက်တစ်ရပ် ပေါ်ပေါက်၍လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းရည်မှန်းချက်သည်ကား အရွယ်ရောက်လာ၍ ခမည်းတော်၊ မယ်တော်တို့အဖို့ သူ့နောင်ရေးကို စဉ်းစားလျက်ရှိနေသော သမီးတော် ဝါသုလဒတ္တာ၏ကိစ္စဖြစ်ပေ၏။

[ ၂ ]

နန်းရင်းဝန်အမတ်ကြီး၏ အမိန့်ဖြင့် လက်သမားဆရာကြီး သုကမ္မကို အမတ်ကြီး၏အိမ်သို့ ခေါ်ဆောင်လာသောအခါ အမှုထမ်းများက သိမ်မွေ့ချိုသာစွာ ခေါ်ဆောင်ခဲ့ခြင်းဖြစ်သော်လည်း နောက်ကြောင်းမလုံသော ဆရာကြီးအဖို့မူ မင်းစိုးရာဇာတို့နှင့် ဆက်စပ်၍ လာသောကြောင့် တုန်လှုပ်စွာဖြင့် လိုက်ပါလာခဲ့ရ၏။

အမတ်ကြီး၏အိမ်သို့ ရောက်သောအခါ မျက်နှာချိုသာသော်လည်း ခံ့ညားစွာထိုင်လျက်ရှိသော အမတ်ကြီးကို တွေ့ရသည်။ အမတ်ကြီးနှင့်အတူ ဥဇ္ဈေနီတွင် တန်ခိုးကြီးလှစွာသော သေနာပတိကြီးကိုလည်း တွေ့ရသဖြင့် ပို၍တုန်လှုပ်မိရသည်။

"ဆရာကြီးသုကမ္မ...ဥဇ္ဈေနီကို ရောက်နေတာ ဘယ့်လောက်ကြာပြီလဲ"

"သုံးနှစ် သုံးမိုး ပြည့်ပါတော့မည်ဘုရား"

"နေရေးထိုင်ရေး အဆင်ပြေရဲ့လား"

"အေးချမ်းသာယာသော ဥဇ္ဈေနီ၏အရိပ်ကို ခိုလှုံရသဖြင့် အဆင်ပြေပါသည်ဘုရား"

"ဆရာကြီးသုကမ္မဟာ ကဗ္ဗဝါဟန ယန္တရားဆရာကြီးရဲ့တပည့်လို့ သိထားပါတယ်၊ မှန်ပါရဲ့လား"

မိမိကို ညင်သာစွာ ခေါ်ယူခဲ့၏။ ပြုံးရွှင်စွာ ကြိုဆို၏။ ဆရာကြီးဟု လေးစားစွာခေါ်၏။ သို့ဖြစ်ရာ အန္တရာယ်တော့ မဖြစ်နိုင်ဟု ထင်မှတ်ဆဲမှာပင် မိမိလျှို့ဝှက်ချက် အတွင်းရေးကို တိုက်ရိုက် မေးလိုက်သောကြောင့် တုန်လှုပ်ရသည်။ အမှန်အတိုင်း ပြန်လည် မလျှောက်တင်ဝံ့အောင် ဖြစ်သွားမိ၏။ ဤတွင် သေနာပတိကြီးက ဝင်ပြောသည်။

"ဆရာကြီးသုကမ္မ...ကျုပ်တို့ဟာ ဆရာကြီးရဲ့ ရန်သူ မဟုတ်ဘူး။ ဆရာကြီးကို အန္တရာယ်ပြုဖို့ခေါ်တာ မဟုတ်ဘူး။ ကျုပ်တို့မှာ ဆရာကြီးနဲ့ ပူးပေါင်းလိုတဲ့ကိစ္စတစ်ရပ် ရှိနေတယ်။ ဒီတော့ မေးသမျှကို မကြောက်မရွံ့နဲ့ မှန်မှန်ကန်ကန်ဖြေပါ။ ကျုပ်တို့နဲ့ ပူးပေါင်းနိုင်ရင် ဆရာကြီးအဖို့ ကျေးဇူးရှိပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါ၊ ရန်စ မအေးသော ဆရာကြီး ကဋ္ဌဝါဟနရဲ့ တပည့်မို့ မင်းရေးစိုးခွင်နဲ့ ပတ်သက်လာလို့ ကြောက်ရွံ့မိခြင်းပါ။ လုံခြုံမှု ရှိမယ်ဆိုရင် စေခိုင်းသမျှကို ဦးလည်မသုန် ဆောင်ရွက်ဖို့ အသင့်ပါဘုရား"

"ဆရာကြီး ကဋ္ဌဝါဟနလို ကောင်းကင်ပျံတဲ့ ဂဠုန်ယာဉ်ပျံ စက်ရုပ် ပြုလုပ်နိုင်ပါမည်လား"

"ဤအထိတော့ မစွမ်းနိုင်ပါ။ ကျွန်တော်တို့ အလွန်ကျိုးနွံခဲ့သော်လည်း ယာဉ်ပျံစက်ရုပ် အတတ်မှာ ဆရာကြီး၏ ဟတ္ထမုဋ္ဌိ ဆရာ့လက်ဆုပ် အတတ်ဖြစ်၍ မရခဲ့ပါ"

အမတ်ကြီးက မိမိအသိဖြင့် ဘုရင်မင်းမြတ်အား လျှောက်တင်ခဲ့သော စကား မှန်ကန်နေ၍ ပြုံးသည်။ အမတ်ကြီးက ဆက်၍–

"ကောင်းပြီလေ၊ ဒီအတိုင်းပဲ ဖြစ်ရမှာပဲ။ ဆရာကြီး အဖြေကို ကျေနပ်ပါတယ်။ သို့သော် ယာဉ်ပျံစက်ရုပ်အတတ်ကို မတတ်ခဲ့သည့်တိုင်အောင် မြေပြင်စက်ရုပ် ပညာလောက်ကိုတော့ တတ်မှာပေါ့"

"အမတ်ကြီးတို့ အကြံအစည် မည်သို့ရှိသည်၊ မည်သို့လိုချင်သည်ကို သိရလျှင် လျှောက်ထားနိုင်ပါလိမ့်မည်"

"အလိုရှိသလို လှုပ်ရှား ပြေးလွှားနိုင်တဲ့ ယန္တရား ဆင်ရုပ်ကြီးတစ်ရုပ် လိုချင်တယ်။ ဖြစ်နိုင်ရင် ဆင်ရုပ်ရဲ့ ဝမ်းထဲမှာ စစ်သည်ရဲမက်များကို ထည့်ထားချင်တယ်။ ဖြစ်နိုင်ပါမည်လား"

"မှန်လှပါ၊ အလိုရှိသော ပစ္စည်းများကိုသာ ရမည်ဆိုလျှင် ဖြစ်နိုင်ပါသည် ဘုရား"

"ဥဇ္ဇေနီမှာ ရနိုင်သော ပစ္စည်းမှန်သမျှ ရစေမည်"

"ဥဇ္ဇေနီမှာပင် ရနိုင်ပါသည် ဘုရား"

"ကောင်းပြီ၊ ဒီအချိန်ကစပြီး ဆရာကြီးဟာ ကျုပ်တို့ရဲ့ အကျဉ်းသားဖြစ်ပြီ။ အကျဉ်းသားဆိုလို့ ထိတ်လန့်မသွားနဲ့ဦး။ ဒီကိစ္စဟာ ကျုပ်တို့ရဲ့ လျှို့ဝှက်ကိစ္စဖြစ်တယ်။ ဆရာကြီးကို ကျုပ်တို့ရဲ့ လျှို့ဝှက်ကိစ္စကို ဖွင့်ပြောပြီးပြီ။ ပြန်မလွှတ်နိုင်တော့ဘူး"

"ဆရာကြီးနဲ့ ဆရာကြီး သားမယားများ ကောင်းကောင်းမွန်မွန် နေရေးထိုင်ရေးကိစ္စကို ကျုပ်တို့ တာဝန်ယူမယ်။ တောတွင်း တစ်နေရာမှာ ယန္တရား

www.burmeseclassic.com

www.burmeseclassic.com



ဆင်ရုပ်ကြီးတရုတ် လှို့ဝှက် တည်ဆောက်မယ်။ ဆင်ရုပ်ကြီးဟာ အဝေးက ကြည့်ရင် တကယ့်ဆင်နဲ့ တူစေရမယ်။ လိုအပ်သလို လှုပ်ရှား ပြေးသွားနိုင်ရမယ်။ ဆင်ရုပ်ဝမ်းဗိုက်ထဲမှာ ရဲမက်များနိုင်သမျှ များများ ဝင်နေနိုင်အောင် တည်ဆောက်ရမယ်။ ဘာပြောစရာ ရှိသေးသလဲ"

"လျှောက်တင်ရန် မရှိပါ။ အမိန့်အတိုင်း အားလုံး ပြီးပြည့်စုံအောင် ဆောင်ရွက် တည်ဆောက်ပေးပါမည် ဘုရား"

"ကောင်းပြီ၊ ဒီအချိန်ကစပြီး ကျုပ်အိမ်မှာပဲ ချမ်းချမ်းသာသာ နေပေတော့။ တစ်ရက် နှစ်ရက်အတွင်း အစီအစဉ် ပြုလုပ်ပြီးရင် တောထဲကို ရွှေ့ရမယ်"

## [ ၃ ]

ကုဌာဝနတောအုပ်သည် ဥဇ္ဇေနီနိုင်ငံ၊ ကောသမ္ဗီနိုင်ငံတို့နှင့် တြိဂံအရပ်တွင် တည်ရှိ၏။ ဥဇ္ဇေနီကလည်း မပိုင်၊ ကောသမ္ဗီကလည်း မပိုင်။ တောအုပ်မှာ နက်ရှိုင်းကြီးမားလှသည့်ပြင် တစ်စုံတစ်ရာ အသုံးမဝင်လှသောကြောင့် မည်သည့် နိုင်ငံကမှလည်း ပိုင်စိုးအောင် မကြိုးစားကြ။ လူတို့မြို့ရွာနှင့် အလှမ်းကွာလှသောကြောင့် တောနေ ရသေ့ ရဟန်းများပင်လျှင် ကုဌာဝနကို ရှောင်ရှားကြသည်။

အဝေးမှကြည့်လျှင် ကြီးမားသော မြို့ကြီးတစ်မြို့ တည်ရှိနေသည့်ပမာ သစ်ကြီး ဝါးကြီးတို့ကို တိုက်အိမ် အဆောက်အအုံကြီးများပမာ မြင်နေကြသောကြောင့် ကုဌာဝနဟု ခေါ်သည်။

ယခုတလော၌ ယင်းတောအုပ်အနီးသို့ ရံဖန်ရံခါ ရောက်သွားကြသူတို့အဖို့ ဥဇ္ဇေနီမှ လက်နက်ကိုင် စစ်သားများ စောင့်ကြပ်လျက်ရှိသည်ကို တွေ့ကြရသည်။ တောအုပ်အနီးသို့ ကပ်လာလျှင် မောင်းထုတ်ခံရသည်။ တောအုပ်အတွင်း၌ ဥဇ္ဇေနီ တပ်မတော်က စစ်ရေးလေ့ကျင့်နေကြသည်ဟု တစ်ဆင့်စကား ကြားသိလာကြရသည်။ သို့ဖြစ်ရာ နဂိုကမှ အသွားအလာနည်းသော ကုဌာဝနဆီသို့ ခြေဦးမျှ မသမ်းဝံ့ကြတော့ပေ။

ကုဌာဝန အလယ်တစ်နေရာ၌ ကြီးမားသော စစ်ရုပ်ဆင်ကြီးသည် တစ်နေ့တခြား အကောင်အထည်ပေါ်လာလျက် ရှိနေ၏။ စက်ရုပ်ဆင်ကြီး အကောင်အထည် ပေါ်လာသလောက် သတင်းမျိုးစုံကလည်း ဥဇ္ဇေနီနှင့် ကောသမ္ဗီတို့သို့ တစ်မျိုးပြီးတစ်မျိုး ပျံ့နှံ့လျက် ရှိနေသည်။ ကုဌာဝန အတွင်း၌ သရဲတစ္ဆေများ

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားနေသယောင်၊ ကြီးမားသော ဘီလူးကြီးတစ်ကောင်ကို မြင်တွေ့ကြရသယောင် သတင်းများ ဖြစ်သည်။

မှန်လှပေ၏။ သတင်းဟူသည် အဘယ်မျှ လျှို့ဝှက်ထားစေကာမူ လုံခြုံခဲလှသည်။ အမှန်မဟုတ်သည့်တိုင်အောင် အမှန်တစ်ဝက် အမှားတစ်ဝက် ပျံ့နှံ့တတ်မြဲ ဖြစ်သည်။

စက်ရုပ်ဆင်ကြီး ရုပ်လုံးမပေါ် မပြီးစီးသေးမီကပင် တပ်ဆင်ထားသော စက်ယန္တရားများဖြင့် လှုပ်ရှားသွားလာ ကြည့်သည်။ စက်ရုပ်ကြီးအတွင်း၌ ယန္တရားဆရာကြီး သုကမ္မ အမှူးပြုသော ရဲမက် ခြောက်ဆယ်အထိ ဝင်ရောက်ပါဝင်၍ စက်ရုပ်ဆင်ကြီး လှုပ်ရှားသွားလာရေးကို လေ့ကျင့်ကြသည်။ ယင်းသို့ဖြင့် ဘီလူးကြီး တစ်ကောင် လှုပ်ရှားသွားလာနေသည်ဟူသော သတင်း ဖြစ်ပေါ်လာခြင်း ဖြစ်၏။

ကုဗ္ဗာဝနမှ ဥဇ္ဇေနီဆီသို့ စက်ရုပ်ကြီး ပြေးသွားလှုပ်ရှားနိုင်ရန် လမ်းကို မသိမသာ မထင်မရှား ဖောက်လုပ်ထားပြီးဖြစ်သည်။ မကြာမီအတွင်းမှာပင် ဘီလူးတစ်ကောင်ဟူသော သတင်းမှ သစ်ပင်ကြီးတစ်ရုပ်စာမျှ ကြီးမားလှသော ဆင်ဖြူကြီးတစ်ကောင် ကုဗ္ဗာဝနတွင် လှုပ်ရှားလျက်ရှိသည်ဟူသော သတင်းသို့ ပြောင်းလဲလာသည်။

သတင်းသည် ဘုရင်ဥတေန နန်းတော်သို့ မကြာမတင်ပင် ရောက်ရှိ၍ လာသည်။ သတင်းယူလာသူကား ကောသမ္ဗီမှ ထင်ရှားသော မုဆိုးကြီးတစ်ဦး ဖြစ်၏။ အမှန်သော်ကား စဏ္ဍပဇ္ဇောတ၏ စီမံကိန်း စက်ဝိုင်းတွင် ပါဝင်ခဲ့သော ဥဇ္ဇေနီ၏ ပုဆိန်ရိုး အထောက်တော် မုဆိုးကြီးပင် ဖြစ်ပေသည်။

ဥတေနဘုရင်အဖို့ ကောသမ္ဗီ ဝန်းကျင်တွင် ဆင်ဖမ်းရသည်မှာ ရိုးနေပေပြီ။ ဥဇ္ဇေနီဝန်းကျင်မှ ဆင်မှန်သမျှသည် ဟတ္ထိကန္တမန္တာန် အစွမ်းကြောင့် ဥတေနဘုရင် အလိုရှိသမျှ လက်ဝယ်ရောက်ရှိလာကြရသည်။ အကြမ်းဆုံး အစွမ်းဆုံးသော ဆင်ဆိုးကြီးများကို ဖမ်းရာ၌ပင် အခက်အခဲဟူ၍ မရှိခဲ့။ သို့ဖြစ်၍ ကြီးမားသော ဆင်၊ ထူးခြားသောဆင်၊ အထူးသဖြင့် နိုင်ငံတကာဘုရင်တို့အဖို့ မင်္ဂလာဟူ၍ သတ်မှတ်အပ်သော ဆင်ဖြူများကို တွေ့၍ သတင်းပို့လာခဲ့လျှင် ပို့သူအား ဆုတော်လာဘ်တော်များ ပေးမည်ဟူ၍ပင် ကောသမ္ဗီမုဆိုး လောကသို့ ကြေညာထားသည်။

"မောင်မင်း၊ ဘယ်မှာတွေ့ခဲ့တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကုဋ္ဌာဝနမှာ ပါဘုရား"

"သေချာရဲ့လား၊ တစ်ဆင့်ကြားလား၊ ကိုယ်တိုင်မြင်တာလား"

"တစ်ဆင့်ကြားမဟုတ်၊ ကိုယ်တိုင်အမြင်ဖြစ်ကြောင်းပါ။ တောကောင်မရတာကြာလို့ ဒီကနေ့ ကုဋ္ဌာဝနကို စွန့်စားအသွားမှာ ရှေးဦးစွာ ဆင်ချေးစိမ်းစိမ်းလတ်လတ်များကို အငွေ့တထောင်းထောင်းနဲ့ တွေ့ရကြောင်းပါ။ ဆင်ကိုကြောက်ပေမယ့် အရှင်မင်းကြီးကို သတိရလို့ စွန့်စားပြီး ချောင်းမြောင်းစူးစမ်းတဲ့အခါ သစ်ပင်ကြီးတစ်ရပ်မျှ မြင့်မားကြီးထွားလှတဲ့ ဆင်ကြီးကို ကုဋ္ဌာဝန တစ်နေရာမှာ လှုပ်ရှားနေသည်ကို တွေ့ရကြောင်းပါ။ သည့်ထက်ပိုပြီး ထူးခြားတာကတော့..."

မုဆိုး၏ လျှောက်တင်ချက်ကို ဥတေနဘုရင် စိတ်ဝင်စားလှသဖြင့် "လျှောက်တင်ပါဦး ထူးခြားပုံ"ဟု ဖြတ်၍ပင် မေးလိုက်မိသည်။

"ဆင်ဖြူတော်ကြီးဘုရား"

"ကောင်းလှပေပြီ။ ဒီနေ့တော့ အချိန်မရှိတော့ဘူး။ နက်ဖြန်ကို ဆင်ဖမ်းထွက်မည်။ မောင်မင်း၏ လျှောက်တင်ချက် မှန်ကန်ခဲ့သော် ကြီးမားသော ဆုတော်လာဘ်တော်များ ချမည်"

နက်ဖြန်ကို ဆင်ဖမ်းထွက်မည်ဟူသော သတင်းသည် ထိုနေ့ညနေပိုင်းတွင် ဥဇ္ဇေနီသို့ ရောက်ရှိသွားသောကြောင့် ကောသမ္ဗီဘုရင် ရောက်လာသည့်အခါ အနေအထားအသင့် ဖြစ်စေရန် စီစဉ်နိုင်ပေပြီ ဖြစ်၏။

## [ ၄ ]

နောက်တစ်ရက် နေ့လယ်ပိုင်းတွင် ဥတေနဘုရင်နှင့် ဆင်ဖမ်းအဖွဲ့သားများသည် ကုဋ္ဌာဝနသို့ ရောက်လာကြသောအခါ မရောက်မီ ခပ်လှမ်းလှမ်းမှပင် ကုဋ္ဌာဝန တောစပ်၌ မိမိတစ်သက်တာတွင် မိမိငယ်စဉ်က ဝေးခေါင်နက်ရှိုင်းလှသော တောကြီးအတွင်း၌ပင် တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့စဖူးသေးသော ထူးထူးခြားခြား ကြီးမားခန့်ထည်၍ ဖွေးဖွေးဖြူသော ဆင်ဖြူတော်ကြီးကို လှမ်း၍ မြင်ကြရသောအခါ ဆင်မှန်လျှင် စိုးရွံ့စိတ် အနည်းငယ်မျှ မရှိသော ဘုရင်ဥတေနက တစ်ဟုန်တည်း ရှေ့သို့ တိုးလာသည်။ နောက်တော်ပါများကလည်း သူတို့ဘုရင်၏ အစွမ်းကို စိတ်ချပြီး ဖြစ်သောကြောင့် ဘုရင်နှင့်အတူ ဝိုင်းရံ၍ လိုက်ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဥတေနဘုရင် ဆင်ဖမ်းဟန်ကား လက်နက် တစ်စုံတစ်ရာ စွဲကိုင်၍ အကြမ်းဖက် ဖမ်းဆီးခြင်းမဟုတ်။ အကြမ်းဖက် ဖမ်းဆီးရိုး ထုံးစံရှိ။ ဟတ္ထိကန္တမန္တာန်၊ ဟတ္ထိကန္တစောင်းသံ အစွမ်းဖြင့်သာ လုပစွာ ဖမ်းဆီးခြင်းဖြစ်သည်။

သင်ကြားထားအပ်ပြီးသော ဆင်ယဉ်အပေါ်တွင် ထိုင်၍ စောင်းကိုပိုက်၍ လိုက်သည်။ ဆင်ကြားလောက်သော နေရာသို့ရောက်လျှင် မန္တာန်ကို ရွတ်သီ၍ စောင်းညှို့ကို တီးခတ်သည်။

ဟတ္ထိကန္တစောင်းတွင် စောင်းညှို့ကြိုး သုံးချောင်းမျှသာ ရှိပေရာ မန္တာန်ရွတ်သီရင်း ပထမစောင်းညှို့ကို တီးခတ်လျှင် ဆင်မှန်သမျှ ကြောက်လန့်ထွက်ပြေးကြရသည်။ ဒုတိယစောင်းညှို့ကို တီးခတ်လျှင် ဆင်မှန်သမျှသည် စောင်းတော်ရှင်ရှိရာသို့ အပြေးအလွှား ရောက်လာကြစမြဲဖြစ်၍ တတိယစောင်းညှို့ကို တီးခတ်သော် အဘယ်မျှ ရန့်ရင်းကြမ်းတမ်းသော ဆင်ပင်ဖြစ်စေကာမူ ယဉ်ပါးအပ်ပြီးသော ခွေးလိမ္မာသည် သခင်၏အပါး၌ ခစားသကဲ့သို့ စောင်းတော်ရှင်အနီး၌ ပျပ်ဝပ်ငြိမ်သက်သွားကြစမြဲဖြစ်၏။

ဆင်များကို ပြေးစေသော ပထမစောင်းညှို့ကို အသုံးပြုခဲသည်။ အကြောင်းကား ဟတ္ထိကန္တမန္တာန်နှင့် စောင်းသည် ဥတေနဘုရင်၏ ဒုတိယဖခင် အလ္လကပ္ပရသေ့ကြီး တရားအားထုတ်သည့် နေရာတွင် ဆင်များက နှောင့်ယှက်သောကြောင့် ဆင်များကို မောင်းနှင်ပစ်ရန် အဓိကထား၍ ရရှိခဲ့သော မန္တာန်ဖြစ်ပေရာ ဥတေနအဖို့ ဆင်များကို မောင်းနှင်ပစ်ဖို့ မလို၊ အသုံးပြုရန်သာ လိုသောကြောင့်ဖြစ်၏။

တောကစားခြင်းသည် ဘုရင်များနှင့် ထိုခေတ် ထိုအခါက အထက်တန်းလွှာ ယောက်ျားတို့ နှစ်ခြိုက်ပျော်မွေ့သော အလုပ်တစ်ခုဖြစ်၏။ တောကစားရာတွင်လည်း တော၏ဘုရင်ဖြစ်သော ဆင်ကို ဖမ်းဆီးနိုင်စွမ်းရှိလျှင် အပျော်မွေ့ဆုံးအလုပ်ဖြစ်၏။ သို့ရာတွင် တောတွင်မွေး၊ တောတွင်ကြီး၍ ဆင်များကို နိုင်နင်းလျက်ရှိသော ဥတေနအဖို့ကား ဆင်ဖမ်းရသော အလုပ်မှာ ငြီးငွေ့ဖွယ်ပင် ဖြစ်လျက်ရှိရသည်။ အကြောင်းမှာကား ဆင်ဖမ်းရာ၌ လွယ်ကူလှသောကြောင့် ဖြစ်၏။ ထို့ကြောင့် ခက်ခဲထူးခြားသော ဆင်များကို ရှာခြင်းဖြစ်သည်။

ယခုသော် ကုဋ္ဌာဝနတွင် တွေ့ရသော ဆင်ကြီးမှာ မကြုံဖူးအောင် ကြီးမားသည့်အပြင် နိုင်ငံကျက်သရေကို ဆောင်မည့် ဆင်ဖြူကြီးလည်း ဖြစ်သောကြောင့် ဘုရင်ဥတေနအဖို့ စိတ်အားထက်သန်စွာဖြင့် ဆင်ကြီးအနီးသို့ ချဉ်းကပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အံ့ဖွယ်ကောင်းသည်မှာကား ဆင်ဇာတိမှန်လျှင် မိမိ၏စောင်းညှို့ မန္တာန်အောက်၌ ဝပ်စင်းရမြဲဖြစ်ခဲ့ရသည်ကို ယခု ဆင်ကြီးမှာကား စောင်းသံကို ကြားနိုင်ပါလျက် မထိမဲ့မြင်သဘောဖြင့် တောအတွင်းသို့ ဝင်ပြေးသည်ကို တွေ့ရသည်။ ပြေးရာမှ နောက်သို့ ရုတ်တရက်လှည့်၍ ရန်မူမယောင်လည်းပြုသည်။ ထိုအခါ ဥတေနအဖို့ မတုန်လှုပ်သော်လည်း နောက်တော်ပါးမှ လိုက်ပါလာသော အခြံအရံများအဖို့ ဖရိုဖရဲဖြစ်ကုန်ကြရသည်။

သို့ရာတွင် ဆင်ကြီးက သူ့အနီးသို့ အကပ်မခံ။ ခပ်လှမ်းလှမ်းမှပင် ထွက်ပြေးတော့မယောင်၊ ပြန်လှန်ရန်မူချင်သယောင် အမူအရာမျိုးစုံကို တွေ့နေရသည်။ ဤဆင်ကြီးကို ဥတေန အလွတ်မခံနိုင်။ သူ့အမိန့်ကို မနာခံ၍ တစ်နည်းတော့လည်း သဘောကျသည်။ အကြောင်းကား အမိန့်ကို နာခံသူချည်း မပြတ်တွေ့ကြုံနေရသူအဖို့ ရံဖန် အမိန့်မနာခံနိုင်သူကိုတွေ့ရလျှင် နှစ်သက်တတ်သည်မှာ လူ့သဘာဝ တစ်မျိုးဖြစ်သည်။

တစ်နည်းမှာလည်း အလွယ်ချည်းသာ တွေ့နေရသော ဥတေနအဖို့ ခက်ခက်ခဲခဲ ဖမ်းရမည်ကြောင့် ပျော်သယောင်ရှိလာသည်။ ထို့ကြောင့် သင်း ငါ့လက်က လွတ်နိုင်အံ့လောဟု မာန်သွင်းကာ အားသွန်၍လိုက်သည်။ ဆင်ကြီးကို ဆင်ငယ်ဖြင့် လိုက်နေရသည်မှာ အားမလိုအားမရ ရှိလာသောကြောင့် အတူပါလာသည့် သိန္ဓဝ လက်သုံးတော်မြင်းသို့ ပြောင်းလဲ၍စီးသည်။ ထို့နောက်တွင်ကား နောက်တော်ပါတို့ကို စောင့်ငဲ့၍မကြည့်တော့ဘဲ သင်းက ပြေးနိုင်မည်လား ငါကလိုက်နိုင်မည်လားဟု ဒေါမာန်ဝင်လာကာ တစ်ဟုန်ထိုးလိုက်သည်။ သို့ရာတွင် ဆင်ကြီးကိုကား လိုက်၍မမီခဲ့ပေ။

သို့နှင့် နောက်တော်ပါများနှင့် အုပ်စုကွဲ၍ ဆင်ကြီးနှင့်အတူ ပါလာခဲ့သည်။ နောက်လိုက်များနှင့် သာမန်ကွဲခြင်းမျှမဟုတ်၊ မမြင်ရလောက်အောင်ပင် အလှမ်းကွာလာခဲ့သည်။ ယင်းသို့ဖြင့် ပြေးရင်းလိုက်ရင်း ကုဠာဝနတောအလွန် ဥဇ္ဇေနီ နယ်စပ်သို့ ရောက်သောအခါ ဆင်ကြီး ရုတ်တရက် ရပ်တန့်သွားသည်ကို တွေ့ရသောကြောင့် ဆင်ကြီးသည် မိမိ၏ အမိန့်ကို နားခံပြီး အလွယ်တကူ ဖမ်းယူနိုင်ပြီဟု ယူဆကာ ဆင်ကြီး၏အနီးသို့ ချဉ်းကပ်လာ၍ အနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဆင်ကြီး၏နံပါးမှ တံခါးတစ်ချပ်သည် မျက်လှည့်ပြသကဲ့သို့ ဖြန်းခနဲ

www.burmeseclassic.com

www.burmeseclassic.com



ပွင့်၍သွားကာ ဆင်ဝမ်းဗိုက်အတွင်းမှ ဥဇ္ဇေနီ၏ လက်နက်ကိုင်ရဲမက်များ လျှင်မြန်သော အဟုန်ဖြင့် ဆင်းသက်လာကြသည်ကို အံ့သြစွာ တွေ့ရသည်။

ဆင်ဝမ်းဗိုက်အတွင်းမှသာမဟုတ်၊ ထိုအခိုက်တွင် တောတွင်းတစ်ဖက်တစ်ချက်မှ တပ်နှစ်တပ်သည် ဥတေနအား ဝိုင်းညှပ်၍ ပေါ်ပေါက်လာကြသည်ကိုလည်း တွေ့ရသည်။ မိမိအား စက်ရုပ်ဆင်ပရိယာယ်ဖြင့် ဖမ်းကြတော့မည်ကို ဘုရင်ဥတေန သိလိုက်သည်။ မိမိနောက်ပါတပ်ကိုလည်း အစအနမျှ မမြင်ရတော့ပေ။

ထို့ကြောင့် ဥတေနက ရှေ့တွင်လွယ်ထားသော စောင်းကို နောက်ကျောဘက်သို့ လှည့်ထားလိုက်ပြီးလျှင် တစ်ယောက်နှင့်အများ ဖြစ်သော်လည်း စွမ်းအားရှိသမျှ ခုခံရန်အတွက် ခါးတွင်ချပ်လျက်ပါလာသော တောလိုက်ဓားကို ဆွဲထုတ်လိုက်သောအခါ "ဥတေနဘုရင်...ငါတို့သည် သင့်ရန်သူ မဟုတ်ပါ။ အကြောင်းရှိ၍ သင့်ကို ဖမ်းဆီးခြင်း ဖြစ်ပါသည်။ သင်မခုခံလျှင် ငြိမ်းချမ်းစွာဖမ်း၍ ငါတို့ဘုရင်မင်းမြတ်ထံသို့ ငြိမ်းချမ်းစွာ ခေါ်ဆောင်သွားပါမည်"ဟု ရှေ့ပိုင်းသို့ ထွက်လာကာ အောင်မြင်လှသောအသံဖြင့် ဟစ်အော်၍ ပြောလိုက်သော သေနာပတိ၏စကားကို ကြားလိုက်ရသောကြောင့် ဥတေန၏ လှုပ်ရှားမှုမှာ တန့်ခနဲဖြစ်သွားရသည်။

မှန်လှပေ၏။ စဉ်းစားစရာပင် ဖြစ်သည်။ ကောသမ္ဗီသည် ဥဇ္ဇေနီ၏ ရန်သူမဟုတ်ပေ။ ရန်သူဖြစ်လောက်ဖို့ရန် အကြောင်း စိုးစဉ်းမျှလည်း မရှိခဲ့ပေ။ တစ်နိုင်ငံနှင့် တစ်နိုင်ငံသည် ငြိမ်းချမ်းစွာ ရောင်းဝယ်ဖောက်ကားခြင်း၊ ငြိမ်းချမ်းစွာ ကူးလူးဆက်ဆံခြင်းဖြင့် ချစ်ကြည်၍နေသည်ကိုသာ တွေ့ခဲ့ရသည်။ စစ်မှူးထံမှ "သင့်ရန်သူမဟုတ်ပါ"ဟူသောစကား၊ မခက်ထန်သော အသံတို့သည် ဥတေန၏ ဒေါသကို ပြေပျောက်စေ၏။

သို့ရာတွင် ဘုရင်တစ်ပါး ဖြစ်သည့်အပြင် ဟန်ကိုယ့်ဖို့ ရှိနေသဖြင့် "သင်တို့က ငါတစ်ယောက်တည်းကို ကလိမ်ဉာဏ်တပ်နဲ့ ဝိုင်းပြီးဖမ်းတာဟာ တယ်ပြီး အစွမ်းကောင်းကြတာပေါ့လေ"ဟု ပြောလိုက်သောအခါ "ဒါကတော့ တပ်ချင်းရင်ဆိုင်ရမယ်ထင်လို့ တပ်ကိုတွေ့ရတာပါ"ဟု စစ်မှူးက ပြန်ပြောသည်။

"ဘာအတွက် ငါ့ကို ဖမ်းတာလဲ"

"ဘုရင်မင်းမြတ်၏ အလိုတော်ဖြစ်၍ ကျွန်ုပ်တို့ မသိပါ"

"ကောင်းပြီ...သင်တို့ဆန္ဒအတိုင်း ငြိမ်းချမ်းစွာလိုက်ခဲ့ပါမည်။ သို့သော် ငါ့ကို အန္တရာယ်ပြုခဲ့လျှင် ကောသမ္ဗီက ဥဇ္ဇေနီကို မှုန့်မှုန့်ညက်ညက် ချေပစ်လိမ့်မည်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါက နောက်ကိစ္စပါ ဘုရင်ဥတေန၊ ယခု ငြိမ်းချမ်းစွာ လိုက်ပါလျှင် ဝမ်းမြောက်ရပါမည်"

ထို့နောက် စစ်သည်တော်နှစ်ဦးက ဥတေနဘုရင်အနီးသို့ တိုးလာကာ ကတ္တီပါကြိုးဖြင့် ချည်နှောင်ရန် ဟန်ပြင်သောအခါ ဥတေနက "ဘယ်လိုလဲ စစ်မှူးကြီး၊ ငြိမ်းချမ်းစွာ ခေါ်ဆောင်မယ်လည်းဆိုတယ်။ ငါတစ်ယောက်တည်းကို သင်တို့တစ်တပ်လုံး ဝိုင်းရံလို့လည်း ထားတယ်။ ဒါလောက်ပဲ အကြောက်ကြီးရသလား"

"သည်းခံပါ ဘုရင်ဥတေန။ တပ်က တခြားတစ်နေရာက ပြန်ကြမှာပါ။ သင်နှင့်အတူ ငါတို့နှစ်ဦးတည်း လိုက်ပါပါ့မယ်။ နန်းတော်ထဲ ရောက်သည်အထိသာ ချည်ပါ့မယ်။ ဘေးကလူတွေ မမြင်အောင် သင့်ကိုယ်မှာ ကတ္တီပါ လွှမ်းခြုံထားပါ့မယ်"

ဘုရင်ဥတေန ငြိမ်သက်စွာနေသည်။ မြင်းပေါ်သို့ တက်စေ၍ ကတ္တီပါကြိုးဖြင့် လက်ပြန်ချည်သည်။ ကတ္တီပါခြုံထည်ကို လွှမ်းပေးသည်။ စစ်မှူးနှစ်ယောက်က ဥတေန၏ ဝဲယာသို့ မြင်းဖြင့် ဝိုင်းညှပ်ရပ်တည်လိုက်ကြသည်။ ယန္တရား ဆင်ရုပ်ကြီးသည် လှုပ်ရှားလာပြီးနောက် တကယ့်ဆင်ကြီးကဲ့သို့ ကုဋာဝနဘက်သို့ ပြန်လည်ထွက်ခွာသွားသည်ကို ဥတေန အံ့သြစွာ ကြည့်လိုက်သည်။ ဝိုင်းရံထားသော စစ်သည်တော်များသည် အမိန့်ပေးသံ၊ လှုပ်ရှားသံများ ကြားရပြီးနောက် တစ်နေရာသို့ ထွက်ခွာသွားကြသည်ကို တွေ့ရသည်။

စစ်မှူးနှစ်ဦး ဝိုင်းရံထားသော ဘုရင်ဥတေနတို့သည် ဥဇ္ဇေနီကို ကွေ့ပတ်၍ ထွက်ခွာလာကြပြီးနောက် မလွယ်တံခါး ဖြစ်ဟန်ရှိသော တံခါးမှ မြို့တွင်းသို့ ဝင်သည်။ နန်းတော်ဝင်းသို့ ရောက်သောအခါ ဘုရင်ဥနေတအား ကျယ်ဝန်းသော အခန်းတစ်ခုတွင် ကြိုးကိုဖြည်၍ ထည့်သွင်းလိုက်ကြသည်။

◆

www.burmeseclassic.com

www.burmeseclassic.com



# ပရိယာယ်စက်ကွင်းဝယ်

[ ၁ ]

အဘယ်မျှ လျှို့ဝှက်ထားစေကာမူ ကောသမ္ဗီဘုရင်အား ငါတို့တပ်မတော်က ဖမ်းမိလာသည်ဟူသော သတင်းသည် ဥဇ္ဇေနီနိုင်ငံအလုံး လွှမ်းဖုံးပျံ့နှံ့လျက်ရှိ၏။ သို့ရာတွင် ပွင့်ပွင့်လင်းလင်း ကျယ်ကျယ်လောင်လောင်ကား မပြောဝံ့ကြ။ အကြောင်းကား ဝမ်းမြောက်ဖွယ်သတင်း ဖြစ်ပါလျက် အဘယ့်ကြောင့်မသိ၊ လျှို့ဝှက်သတင်းကြီး ဖြစ်နေ၍ တိုးတိုးတိတ်တိတ်သာ ပြောဝံ့ကြရသည်။ ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကျယ်ပါဘိ။

တစ်နိုင်ငံလုံးကို တိုက်ခိုက်ယူရသည် မဟုတ်ဘဲနှင့် ဘုရင်တစ်ပါးအား ဖမ်းဆီးရမိခြင်း ဆိုသည်မှာ ဖြစ်တောင့်ဖြစ်ခဲ ဖြစ်သည်။ ယခုသော် ကောသမ္ဗီနိုင်ငံနှင့် စစ်ဖြစ်သည် ဟူ၍လည်း စိုးစဉ်းမျှ မကြားခဲ့ကြရ။ ဥဇ္ဇေနီတပ်မတော်၏ လှုပ်ရှားမှုဟူ၍လည်း ထင်ထင်ရှားရှား မတွေ့ခဲ့ကြရ။ သို့ပါလျက် ကောသမ္ဗီဘုရင်အား အရှင်လတ်လတ် ဖမ်းမိလာသည်ဟူသော သတင်းမှာ တောမီးပမာ ဥဇ္ဇေနီတစ်ခွင်လုံးသို့ လှိုက်၍ ပျံ့နှံ့လျက်ရှိသည်။

ကောသမ္ဗီဟူသည် သာမန်တိုင်းငယ် ပြည်ငယ်ကလေး မဟုတ်၊ ဥဇ္ဇေနီအလားတူ အင်အားကြီး လက်နက်နိုင်ငံကြီး ဖြစ်သည်။ သာမန်လက်နက်နိုင်ငံမျှပင် မဟုတ်၊ နိုင်ငံတိုင်းအတွက် အရေးပါဆုံး လက်နက်ဖြစ်သော ဆင်များပိုင်ရှင်နိုင်ငံဖြစ်သည်။ ဆင်များကို သာမန်ပိုင်ရုံမျှမဟုတ်၊ တောအတွင်း တောင်အတွင်း ရှိသမျှ ဆင်အားလုံးကို အလိုရှိလျှင် ရှိသလောက် ရယူနိုင်သော ဟတ္ထိကန္တ မန္တ ဏ အား

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရှင်၊ ဟတ္ထိကန္တ စောင်းတော်ပိုင်ရှင် ဘုရင်၏နိုင်ငံ ဖြစ်သည်။ ဤနိုင်ငံ၏ဘုရင်ကို အရှင်လတ်လတ် ဖမ်းမိလာသည်ဟူသော သတင်းမှာ ယုံနိုင်ဖွယ်ပင် မရှိသော်လည်း သတင်းမှုကား တစ်နိုင်ငံလုံး လှိုက်၍ ပျံ့နှံ့လျက်ရှိနေသည်မှာ အမှန်ပင် ဖြစ်၏။

ဖမ်းမိသည်ဟူသော သတင်းနှင့်အတူ ကောသမ္ဗီဘုရင်၏ ရုပ်ရည်ပုံစံ သတင်းသည်လည်း အမျိုးမျိုး ဖြစ်ပေါ်လျက်ရှိ၏။ အချို့က ဘီလူးကြီးသဏ္ဍာန် နှုတ်ခမ်းမွေးကားကားကြီးနှင့် ကြောက်ဖွယ်လူကြီးဟု ဆိုကြသည်။ အချို့က မန္တရားပိုင်ရှင် ဘုရင်ဖြစ်သောကြောင့် ရသေ့ရဟန်းလို အဝတ်အဆင်နှင့် သိမ်သိမ်မွေ့မွေ့ဟု ဆိုကြသည်။ အချို့က နှုတ်ခမ်းမွေးသဲ့သဲ့၊ အရုပ်အမောင်းကောင်းကောင်းနှင့် သူ့မန္တရားစောင်းကို မပြတ်လွယ်ထားသော ပျိုပျိုရွယ်ရွယ် ဘုရင်ချောကလေးဟု ပြောကြသည်။

ကောသမ္ဗီပြည့်ရှင် ဘုရင်ဥတေန၏ သတင်းများသည် ရှေးမဆွကပင် အဆန်းတွေချည်း ဖြစ်ခဲ့သည်။ မိခင်ဝမ်းတွင်း ပဋိသန္ဓေရှိစဉ်ကပင် သူ့မိခင်ကို ငှက်ဆင်ချီ၍သွားခြင်း၊ တောထဲတွင် တစ်ယောက်တည်း ကြီးပြင်း၍လာရခြင်း၊ သူ့ဒုတိယဖခင် ရသေ့ကြီးထံမှ ဆင်နိုင်သော ဟတ္ထိကန္တမန္တရားနှင့် ထူးဆန်းသောစောင်းကို ရရှိခြင်း၊ ကောသမ္ဗီသို့ ဆင်တပ်ဖြင့် ပြန်လည်ရောက်ရှိလာခြင်း စသော ဥတေနဘုရင်၏ ဒဏ္ဍာရီဆန်ဆန် သတင်းများမှာ ဝန်းကျင်နိုင်ငံများသို့ ရှေးမဆွကပင် ပုံပြင်သဖွယ် ပျံ့နှံ့နေသကဲ့သို့ သူ့ကို ယခု ဖမ်းဆီးလာသည်ဆိုသောအခါတွင်လည်း ဆန်းဆန်းကြယ်ကြယ်နှင့် မယုံရခက် ယုံရခက် သတင်းများ ဖြစ်နေပေသည်။

ဥက္ကောဋ္ဌေယျ ကောလာဟလ သတင်းဟူသည် တစ်ဝက်မှန် တစ်ဝက်မှားဟု ဆိုတတ်ကြသော်လည်း ဘုရင်ဥတေန၏ ယခင်သတင်းများမှာ မှန်သကဲ့သို့၊ ဖမ်းမိလာသည်ဟူသော ယခုသတင်းမှာလည်း မှန်သည်။ သို့ရာတွင် ကောသမ္ဗီဘုရင်အား ဖမ်းဆီးရန် စီစဉ်ခြင်းနှင့် ဖမ်းဆီးခြင်းတို့မှာ ဥဇ္ဇေနီ၏ စဏ္ဍပဇ္ဇောတ ဘုရင်ကြီးကိုယ်တိုင် ဦးစီးသော ထိပ်တန်းလျှို့ဝှက်အစီအစဉ်ဖြစ်၍ သတင်းမှာ ပွင့်လင်း၍မလာခြင်း ဖြစ်သည်။

လက်နက်နိုင်ငံကြီးအရှင်၊ မန္တရားတန်ခိုးရှင် ဘုရင်အား ဖမ်းဆီးပေးနိုင်ခြင်းဟူသော ကိစ္စမှာ တစ်နိုင်ငံလုံး ဝမ်းမြောက်ဂုဏ်ယူသင့်သော ကိစ္စကြီး ဖြစ်ပါလျက် အဘယ့်ကြောင့် ဤမျှလျှို့လျှို့ဝှက်ဝှက် ပြုလုပ်နေရပါသနည်း ဟူသည်မှာကား ဥဇ္ဇေနီဘုရင်ကြီး၏ အသိရခက်သော သဘောထားပင် ဖြစ်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

မိမိအဖို့ ဥဇ္ဇေနီဘုရင်နှင့် တွေ့ဆုံဖို့ကိစ္စမှာ ဥဇ္ဇေနီဘုရင်ကြီးသည် မိမိအား ပရိသတ်ဗိုလ်ပုံ အလယ်တွင် ဝင့်ကြွားစွာ တွေ့ဆုံ၍ အရှက်ကွဲရတော့မည်ဟု ဥတေနဘုရင် ထင်ခဲ့မိ၏။ ယခု တွေ့ဆုံရသောအခါ မိမိထင်ခဲ့သလို မဟုတ်။ ဥဇ္ဇေနီဘုရင်ကြီး ဝန်းကျင်တွင် သုံးယောက်တည်းသာ ခြံရံလျက် ရှိသည်ကို တွေ့ရသည်။ တစ်ယောက်မှာ အမတ်ကြီးဖြစ်၍ ကျန်နှစ်ဦးမှာ တပ်မတော်ဝန်ထမ်း စစ်မှူးများ ဖြစ်သည်။ တစ်ဦးမှာ မိမိအား ဦးဆောင်ဖမ်းဆီးခဲ့သူ ဖြစ်၏။ ဘုရင့်အတွင်းသား လူယုံများ ဖြစ်ဟန်ရှိသည်။

ထိုအခါကျမှ နေ့လယ်ပိုင်းက မိမိကြုံတွေ့ခဲ့သော အခြေအနေကို ပြန်လည် စဉ်းစားမိ၏။

ဥဇ္ဇေနီစစ်ကြောင်းအတွင်းသို့ မြင်းဖြင့်ကျွံ၍ ဝင်ခဲ့မိသော မိမိကို ဝဲယာညှပ်၍ ဖမ်းသည်။ အဘယ်မျှ အင်အားရှိစေကာမူ တစ်ယောက်နှင့်အများဖြစ်၍ မတတ်သာ ခဲ့ပေ။ မခံချင်စိတ်ကြောင့် မိမိတပ်မှခွာကာ ကျွံ၍ ဝင်ခဲ့မိသော မိမိအမှား ဖြစ်သည်။ သို့ရာတွင် ဥဇ္ဇေနီ တပ်မတော်သားများသည် မိမိအား ဖမ်းဆီးရာ၌ တတ်နိုင်သမျှ မိမိအား မနာမကျင် အထိအခိုက် မရှိစေရန် ပြုမူကြသည်ကို သတိပြုမိသည်။ မိမိထံမှ လက်နက်ကို သိမ်းယူသော်လည်း စောင်းကိုမူကား မိမိက တားမြစ်သော အခါ မသိမ်းယူဘဲ အလွယ်တကူပင် ခွင့်ပြုထားခဲ့သည်။

မိမိအား ဖမ်းဆီး၍ နန်းတော်ဝင်းသို့ သွင်းခဲ့ရာ၌ မိမိကို ကမ္ဗလာဖြင့် လွှမ်းခြုံကာ မြင်းစီးလျက်နှင့်ပင် သူတို့နှင့်အတူ ရောနှောကာ ခေါ်ဆောင်ခဲ့သည်။ မိမိအား သူတို့နှင့် ရောနှောခြင်းဖြင့် ကိုယ်ရောင် ပျောက်စေလိုဟန်ရှိ၏။ အစောင့် များ ကျဉ်းကျပ်သော်လည်း နန်းတော်အချုပ်ခန်းတွင် မတုပ်မနှောင်ဘဲ လွတ်လပ်စွာ ထားသည်။

ယခုလည်း ဥဇ္ဇေနီဘုရင်နှင့် တွေ့ဆုံသည့်အချိန်မှာ နေ့လယ်ပိုင်းမဟုတ်၊ ညဉ့်ဦးပိုင်း ဖြစ်နေ၏။ ညီလာခံမဟုတ်၊ သီးသန့်တွေ့ဆုံသည့် ပုံစံမျိုးဖြစ်သည်။ ကေန္တ မိမိအပေါ်၌ သဘောထား တစ်စုံတစ်ရာ ရှိတန်ရာ၏ဟု ဥတေနဘုရင် တွေးသည်။

ဥတေနအား လူရောင်မကွဲတကွဲ နေဝင်ဖြိုးဖျအချိန်တွင် ဥဇ္ဇေနီဘုရင့်ခန်း ဆောင်သို့ ခေါ်ဆောင်လာသူများမှာ အဆင့်မြင့် တပ်မတော်သား ခြောက်ဦးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဥတေန၏ လက်များကို ကတ္တီပါကြိုးဖြင့် နောက်ပြန် ချည်သည်။ သို့ရာတွင် ခိုင်ရုံမျှသာဖြစ်၍ ကျဉ်းကျဉ်းကျပ်ကျပ် မရှိ။ ထို့နောက် နန်းတော်ဆောင်ရိပ်များမှ ဖြတ်သန်း၍ ဘုရင့်ခန်းမဆောင်သို့ သွင်းသည်။ လေးယောက်သည် အောက်တွင် နေခဲ့၍ နှစ်ယောက်က တံခါးဝမှ အတွင်းသို့ သွင်းလိုက်သောအခါ မီးရောင်များ အောက်တွင် ဥဇ္ဇေနီဘုရင်နှင့် ဖော်ပြပါ သုံးဦးကိုသာ တွေ့ရသည်။

အတွင်းသို့ ရောက်သောအခါ ဘုရင်နှင့် သုံးဦးစလုံးက ဥတေနသို့ ဖျတ်ခနဲ မော်ကြည့်လိုက်ကြသည်။ အရပ်အမောင်းကောင်း၍ ကျောက်တိုင်ကျောက်ရုပ် ကဲ့သို့ တောင့်တင်းသော ဥတေနဘုရင်သည် ခြေနှစ်ချောင်းကို ခပ်ကားကားထား ကာ တံခါးပေါက်ဝတွင် မားမားကြီး ရပ်လျက်ရှိသည်ကို တွေ့ကြရသည်။ မီးရောင် သည် သာမန်အချိန်များတွင် ဘုရင်တို့ လွတ်လွတ်လပ်လပ် စွပ်ဆင်အပ်သော ဥတေန၏ မကိုဋ်ငယ်သို့ တဖျတ်ဖျတ် လှုပ်ရှားစေလျက်ရှိ၏။

လက်ပြန်ကြိုးချည်ထားသော နောက်သို့ပစ်လျက်ရှိသည့် ရှည်လျားပြည့်ဖြိုး သော လက်ရုံးနှစ်ဖက်သည် တစ်ဖက်တစ်ချက် ကြွတက်လျက်ရှိ၏။ မို့မောက် ပွင့်ကားလျက်ရှိသော ရင်ဘတ်ပေါ်တွင် လွယ်ထားသော ကတ္တီပါစောင်းကြိုးက ဖြတ်သန်းလျက်ရှိသည်။

ဥတေန၏ နုပျိုသောမျက်နှာတွင် ရွံ့ကြောက်သည့်အသွင်မရှိ။ ဖြောင့်တန်း သော နှာတံ၏ တစ်ဖက်တစ်ချက်မှ ဝန်းဝိုင်းသော မျက်လုံးများသည် တစ်နေရာသို့ စူးစိုက်ကာ မျက်နှာကို ခပ်မော့မော့ထားသည်။ သို့ရာတွင် အခန်းတွင်းသို့ ဝင်လာ သည့်အခိုက်ကပင် ဥတေနက ဥဇ္ဇေနီဘုရင်နှင့် အားလုံး၏ အသွင်အပြင်များကို အကဲခတ်လိုက်မိပြီး ဖြစ်သည်။

စဏ္ဍပဇ္ဇောတဘုရင်သည် စရိုက်ကြမ်းသကဲ့သို့ သဘောထားလည်း ကြမ်း တမ်းသည်ဟု ကြားခဲ့ရဖူး၏။ သွင်ပြင်ဟန်ပန်ကို တွေ့ရသည်မှာ ဟုတ်ဟန်ရှိသည်။ သို့ရာတွင် မိမိအား ယခုတွေ့ဆုံရ၍မှု သိမ်မွေ့သယောင် ရှိသည်။ မျက်နှာသည် ခန့်ထည်သော်လည်း ပြုံးနေသယောင်ရှိသည်။

ထိုအခိုက် ဘုရင်က သူ့သေနာပတိသို့ကပ်၍ တိုးတိုးပြောလိုက်သောအခါ သေနာပတိက ဥတေန၏ တစ်ဖက်တစ်ချက်တွင် ရပ်လျက်ရှိသော သူ့ရဲဘော်များ ကို "ကြိုးဖြုတ်လိုက်ကြဟေ့"ဟု အမိန့်ပေးလိုက်သည်ကို အံ့ဩစွာ ကြားရသည်။

သို့ရာတွင် ရဲဘော်နှစ်ယောက်က ဖြုတ်ရမလို မဖြုတ်ရမလို တုံ့ဆိုင်းဆိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လျက်ရှိနေကြသည်ကို နောက်ထပ် "ကြိုးဖြုတ်လိုက်"ဟူသော ခပ်တင်းတင်း အမိန့်နှင့်အတူ "ဖြုတ်ပြီးရင် မင်းတို့ အပြင်ကသွားစောင့်နေကြ"ဟူသော အမိန့်ကိုလည်း ဆက်၍ပေးလိုက်သောအခါ ရဲဘော်နှစ်ယောက်က ဥတေန၏ကြိုးများကို ဖြုတ်၍ ထွက်သွားကြသည်။ တံခါးကို ခပ်တင်းတင်း ဆွဲ၍ပိတ်ခဲ့သည်ကိုလည်း ကြားလိုက်ရ၏။ ဘုရင့်ရှေ့တော်၌ အင်အားကောင်းသော ရန်သူတစ်ယောက်အား ခြေလွတ်လက်လွတ် အနေခိုင်းလိုက်သည်မှာ ရဲဘော်များအဖို့ ခပ်ဆန်းဆန်း ဖြစ်သွားကြဖို့ရှိသည်။ ဥတေနကိုယ်တိုင်လည်း အံ့အားသင့်မိ၏။ ဘုရင်ကိုယ်တိုင် ဥတေနသို့ စ၍ စကားပြော၏။

"ဘုရင်ဥတေန၊ အတော်စိတ်ဆင်းရဲနေသလား"

"သူတစ်ပါးလက်မှာ အဖမ်းတောင် ခံနေရမှတော့ စိတ်ဆင်းရဲတာ၊ လူဆင်းရဲတာ အကြောင်းမဟုတ်ပါဘူး"

"ခဏပါ...ကြာကြာမထားပါဘူး"

"ကြာကြာတွေ နေ့နေ့တွေ လုပ်မနေပါနဲ့၊ သတ်မှာဖြင့်လည်း မြန်မြန်သတ်လိုက်ကြပေါ့"

"ဥတေနကို သတ်ဖို့ဖမ်းတာ မဟုတ်ပါဘူးလေ"

"မသတ်ဘဲနဲ့ အပျော်ဖမ်းတာတဲ့လား"

"ဟုတ်ပေတာပေါ့၊ ဘုရင်ဥတေနက ဆင်တွေကို အပျော်ဖမ်းတယ်၊ ငါတို့က ဥတေနကို အပျော်ဖမ်းတယ်"

ထိုစကားကို ဘုရင်ကိုယ်တိုင်က ပြုံး၍ပြောလိုက်သောအခါ အမတ်ကြီးနှင့် သေနာပတိတို့က မပွင့်တပွင့် ရယ်လိုက်ကြသည်။

"ဒါကတော့ သက်သက်လိမ်တာပဲ။ တကယ့်ဆင်သာဆိုရင် ကျုပ်လက်က မလွတ်ပါဘူး"

"ဒီမှာ ဥတေနဘုရင်၊ လိမ်တယ်ဆိုတာ ဆင်းရဲသားစကားပါ။ မင်းစကား ဆိုရင် ရာဇပရိယာယ်လို့ ခေါ်သဗျ"

"နိုင်တော့ ပြောနိုင်တာပေါ့လေ"

"ကဲ...ဒါတွေ ထားလိုက်ပါတော့ အလုပ်စကား ပြောကြရအောင်။ ပထမဆုံး ပြောချင်တာက ဥတေနဘုရင်ဟာ ထွက်မပြေးပါဘူးလို့ ကတိပေးရင် နန်းတော်ထဲမှာ လွတ်လွတ်လပ်လပ်ထားမယ်၊ ထိုက်တန်တဲ့ အဆောင်အယောင်ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ပေးထားမယ်”

“ကျုပ်ကို ကြိုးစားပမ်းစားဖမ်းပြီး ဘာအဓိပ္ပာယ်နဲ့ အချိန်ဆွဲထားကြမှာလဲ။ သတ်ရင်လည်းသတ်၊ မသတ်ရင်လည်း လွှတ်”

“အကြောင်းရှိလို့ ဖမ်းသပေါ့ဗျာ။ အဲဒီအကြောင်းကတော့ ဘုရင်ဥတေနရဲ့ ဟတ္ထိကန္တမန္တာန်ကို လိုချင်လို့ပဲ”

ထိုစကားကြောင့် ဘုရင်ဥတေနအဖို့ တုံ့ခနဲ ဖြစ်သွားသည်။ နောက်ပြန် လွယ်ထားသော စောင်းကိုပင် စမ်းသပ်လိုက်မိသည်။ ဤမန္တာန်နှင့် ဤစောင်းသည် မိမိ၏ အသက်သွေးခဲပမာဖြစ်၏။ ယခု မန္တာန်ကို တောင်းဆိုနေသည်ကို တွေ့ရ သည်။ သို့ရာတွင် မန္တာန်တွင်လား၊ မန္တာန်အပြင် ဘာမျှတိုး၍မတောင်းဆိုဘူးလား၊ သေချာစွာသိလိုသည်။

ထို့ကြောင့် “မန္တာန်ကိုလား”ဟု မပွင့်တပွင့် မေးလိုက်သည်။

“ဟုတ်တယ်၊ ဟတ္ထိကန္တမန္တာန်ကို လိုချင်တယ်”

“မပေးရင်ရော”

“မပေးရင် ထိုက်တန်တဲ့ဒဏ် သင့်မှာပဲ။ ထိုက်တန်တဲ့ဒဏ် ဆိုတာက သေဒဏ်ပဲ”

ဥတေန ဆိုင်း၍ စဉ်းစားနေဟန်ပြုသည်။ ဥဇ္ဇေနီဘုရင်သည် မိမိ၏ မပြည့်မစုံ သော သတင်းကိုသာ ကြားသိထားဟန်ရှိသည်။ မန္တာန်ကိုသာ တောင်းဆိုသည်။ စောင်းကို မတောင်းဆိုပေ။ စင်စစ်အားဖြင့် မန္တာန်သည် စောင်းနှင့် တွဲဖက်ပြီးမှ အသုံးပြုရသည်။ မန္တာန်ကို ရွတ်ဆိုရင်း လိုအပ်သော စောင်းညှို့များကို တီးခတ်မှ သာ ဆင်များကို လိုအပ်သလို အောင်နိုင်သည်။ စောင်းမပါဘဲ မန္တာန်ချည်း အောင်နိုင်ဖို့မရှိ။ ဤသို့ အပြည့်အစုံ သိထားဟန်မရှိ။ မန္တာန်ကိုရလျှင် ဆင်များကို အောင်နိုင်ပြီဟု ထင်ဟန်ရှိသည်။ ဤအချက်သည် မိမိအဖို့ ကံကောင်းခြင်းပင် ဖြစ်၏။ သို့ရာတွင် ဟန်ကိုယ့်ဖို့ ပြုလုပ်ရန်ရှိသည်။

ဥတေန စဉ်းစားခိုက် ဥဇ္ဇေနီဘုရင်က သိမ်မွေ့သယောင်၊ ခက်ထန်သယောင် လေသံဖြင့် ဆက်ပြောသည်။

“ဘုရင်ဥတေန၊ ကျုပ်တို့က ဘယ်သူ့ကိုမှ ရန်မရှာလိုဘူး။ ဘယ်နိုင်ငံ ကိုမှလည်း နယ်မချဲ့လိုဘူး။ ကောသလတို့၊ ရာဇဂြိုဟ်တို့လို အားအားရှိတိုင်း တိုက်ချင်ခိုက်ချင်နေတဲ့ နိုင်ငံလည်း မဟုတ်ဘူး။ ကိုယ့်နိုင်ငံနဲ့ကိုယ်ပဲ လုံလုံခြုံခြုံ

www.burmeseclassic.com

www.burmeseclassic.com



နေချင်တယ်။ နို့ပေမယ့် ဘုရင်ဥတေနရဲ့ ပညာကိုတော့ လိုချင်တယ်။ ဘုရင်ဥတေန လိုပဲ ဆင်များနဲ့ တောကစားချင်တယ်။

"မန္တာန်ကိုပေးဖို့ ဥတေနဘုရင်အဖို့ အခက်အခဲရှိလိမ့်မယ် မထင်ပါဘူး။ ကျုပ်တို့နှစ်ဦးဟာ မန္တာန်ပိုင်ရှင်များ ဖြစ်လာကြရင် ဥဇ္ဇေနီနဲ့ ကောသမ္ဗီဟာ ရွှေလမ်း ငွေလမ်းပွင့်ကြဖို့ပဲ ရှိပါတယ်။ ဒီရည်မှန်းချက်ကြောင့် သင့်ကို ဖမ်းဆီးတဲ့ ကိစ္စမှာ တတ်နိုင်သမျှ သိမ်သိမ်မွေ့မွေ့ဖြစ်အောင် စီစဉ်ပေးခဲ့ခြင်း ဖြစ်တယ်။ ဘယ့်နှယ်လဲ ဟတ္ထိကန္တမန္တာန်ကို ပေးမှာလား"

"ဘုရင်ကြီးရဲ့ သဘောထားကို နှစ်ခြိုက်ပါတယ်။ မန္တာန်ပေးဖို့ ကျုပ်ဘက်ကတော့ တာဝန်မကြီးပါဘူး။ သို့ရာတွင် ဘုရင်ကြီးဘက်မှာတော့ မန္တာန်ကို ယူဖို့ရန် အခက်အခဲ ရှိပေလိမ့်မယ်"

"ဘယ်လိုအခက်အခဲလဲ"

"ပညာ သင်ကြားမှုဆိုတာ ဘယ့်ကလောက် ကြီးမြင့်သူပင်ဖြစ်စေ သင်ကြားပေးသူက ဆရာ၊ ခံယူသူက တပည့်ပါပဲ။ ထို့ကြောင့် ကျုပ်ဆီက ပညာကို အလိုရှိရင် ကျုပ်ကို ရှိခိုးပြီးမှ သင်ယူနိုင်သူ ဖြစ်ဖို့လိုပါတယ်"

ထိုစကားကြောင့် ဥဇ္ဇေနီဘုရင်ကြီး၏ ဟင်း…ခနဲ ညည်းညူသံကို ကြားလိုက်ရသည်။ ဘုရင်ကြီးသည် သူ့အမတ်ကြီး သေနာပတိတို့နှင့် တိုးတိုးတိတ်တိတ် တိုင်ပင်ပြောဆိုနေသည်ကို တွေ့ရ၏။ အတန်ကြာမှ ဥတေနဆီသို့ ဦးခေါင်းမော့လာကာ…

"ကျုပ်ကိုယ်တိုင်က သင့်ထံမှာ ရှိခိုးသင်ယူဖို့ ဆိုတာတော့ မဖြစ်နိုင်ပေဘူး။ သို့သော် ကျုပ်ကိုယ်စား ရှိခိုးသင်ယူမည့်သူ ဆိုရင်ရော ဖြစ်နိုင်ပါမည်လား"

"မည်သူ့ကိုမဆို ရှိခိုးသင်ယူလျှင် သင်ကြားပေးပါမည်"

"ကောင်းပြီ၊ စီစဉ်ပေးပါမည်။ ယခုဆိုလျှင် သင့်အပေါ်၌ ကျုပ်တို့ သဘောထားကို နားလည်လောက်ပေပြီ။ သင့်ကို ချုပ်ချုပ်ချယ်ချယ် မထားလိုပါ။ ထွက်မပြေးပါဘူးလို့ သင်ကတိပြုလျှင် လွတ်လွတ်လပ်လပ် ထားမည်ဟု ပြောခဲ့ပြီးပြီ၊ အကယ်၍ ထွက်ပြေးဖို့ ကြံစည်လျှင်လည်း လွတ်နိုင်ဖို့ မရှိပါ။ ဘယ့်နှယ်လဲ ကတိပေးမည်လား"

"ကတိပေးပါသည်။ သို့သော် မေးရန်တစ်ချက် ကျန်ရှိနေပါသေးသည်။ မန္တာန်သင်ကြားပြီးလျှင် ကျွန်ုပ်ကို လွှတ်မည်လား"

www.burmeseclassic.com

www.burmeseclassic.com



"လွှတ်ပါမည်။ သာမန် လွှတ်ရုံမဟုတ်၊ သင့်နိုင်ငံ နယ်ပယ်သို့ အရောက် ထိုက်တန်သော အခမ်းအနားဖြင့် ပို့ဆောင်ပါမည်"

[ ၃ ]

ဥဖွေနီဘုရင်ကြီးသည် ဥတေနနှင့် တွေ့ဆုံရာ အဆောင်မှ နန်းတော်သို့ ရောက်လာသောအခါ ပွဲတော်ဆောင်တွင် ပွဲတော်အုပ်များ အဆင်သင့်ဖြစ်နေပြီကို တွေ့ရသည်။ ပွဲတော်ဆောင်သို့ ဝင်လိုက်သောအခါ ဘုရင်ကြီးအား အခန်းဝမှ လက်ကိုဆွဲကာ သမီးတော်က ဆီးကြိုသည်။ ဝါသုလဒတ္တာတည်း။

"ခမည်းတော်ကို တွေ့ချင်လို့ ဥယျာဉ်က ပြန်လာကတည်းက တစ်ညနေလုံး သမီးလိုက်ရှာနေတာ အဝတ်တောင် မလဲရသေးဘူး။ ခမည်းတော် ပွဲတော်မတည် ရသေးဘူးဆိုလို့ ပွဲတော်ဆောင်က လာစောင့်နေတာ"

ဘုရင်ကြီးက ဝါသုလဒတ္တာ၏ နဖူးပြင်ကို နမ်း၍ နှုတ်ဆက်လိုက်ရင်း ပွဲတော်အုပ်များဆီသို့ ရောက်လာသည်။ ဝါသုလဒတ္တာက သူ့ဖခင်ကို လက်တွဲရင်း လိုက်ပါလာသည်။ မင်းယောကျ်ားလေးယောင်ယောင် ဥယျာဉ်ထွက် အဝတ်အဆင် ပေါ့ပေါ့ပါးပါးနှင့် တစ်မျိုးတစ်ဖုံလှနေသော သမီးကို ဘုရင်ကြီးက နှစ်နှစ်ခြိုက်ခြိုက် ကြည့်ရင်း ပီတိဖြစ်နေသည်။

"ဥယျာဉ်မှာ တော်တော်ပျော်ခဲ့ရဲ့လား"

"မဟုတ်ပါဘူး၊ တစ်ကောင်တစ်မြီးမှ မရခဲ့ဘူး"

ဘုရင်ကြီးက ပြုံးရင်း "သမီးကိုယ်တိုင် ပွဲတော်ဆက်မလို့ ဆိုပါတော့"

"ဒါပေါ့၊ ဆက်မှာပေါ့။ ပွဲတော်ဆက်ရင်း ခမည်းတော်ကို မေးစရာတွေ ရှိနေတယ်"

"ခမည်းတော်လည်း သမီးတော်နဲ့ တိုင်ပင်စရာရှိလို့ အခေါ်ခိုင်းမလို့။ ဒီလို ဆိုရင် ခမည်းတော်နဲ့ သမီးနဲ့ ပွဲတော်တည်ရင်း စကားပြောကြရအောင်"

စကားနှင့်အတူ ဘုရင်ကြီးက အနီးတွင် ခစားဝိုင်းရံလျက် ရှိကြသော မိဖုရား များ၊ အခြွေအရံများကို လက်ဟန်ပြလိုက်သောအခါ အားလုံးပင် ထွက်ခွာသွား ကြသည်။ နှစ်ယောက်တည်းကျန်သောအခါ ဘုရင်ကြီးက...

"ဆိုပါဦး၊ သမီးက ဘာတွေကြားလို့ ဘာတွေများ မေးစရာရှိလို့လဲ"

"ကောသမ္ဘီဘုရင်ကို ခမည်းတော်တို့ ဖမ်းမိလာတယ်ဆို"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ လျှို့ဝှက်ကိစ္စပဲ၊ သမီး ဘယ်က ကြားလာတာလဲ"

"သတင်းဆိုတာ လျှို့ဝှက်လေ လူသိလေပဲ။ တစ်နန်းတော်လုံး တိုးတိုး ကျိတ်ကျိတ် လူတိုင်းပြောနေကြတယ်။ သမီး ဝမ်းသာချင်လို့ မေးတာပါ"

"မှန်ပါတယ်"

"သမီး ဝမ်းသာလိုက်တာ။ ကောသမ္ဗီဘုရင်က လူစွမ်းကောင်းဆိုပဲ။ လူ မပြောနဲ့ ဆင်တွေကတောင် သူ့ကို ကြောက်ရသတဲ့။ အဲဒီဘုရင်ကိုတောင် ဖမ်းလာတယ်ဆိုတော့ ခမည်းတော်တို့ သိပ်တော်တာပေါ့။ အခု သတ်ပစ်လိုက်ပြီလား၊ သတ်ပစ်မှာလား"

"မသတ်ပါဘူး"

"ပြီးတော့..."

"ပြီးတော့ ဘာဖြစ်သလဲ"

"ပြီးတော့ အဲဒီဘုရင်က ငယ်ငယ်ရွယ်ရွယ်နဲ့ လူချောလူလှကလေးဆို"ဟု မပွင့်တပွင့် မရဲတရဲ မေးလိုက်ရင်း ဆက်၍ "သတင်းတွေက အဲဒီဘုရင်ဟာ ခမည်းတော်လိုပဲ နှုတ်ခမ်းမွေး ကားကားကြီးနဲ့ ကြောက်စရာ လူ့ဘီလူးကြီးလို့လည်း ပြောကြတယ်။ နှုတ်ခမ်းမွေးသဲ့သဲ့ ထွားထွားကျိုင်းကျိုင်းနဲ့ လူချောလူလှကလေး လို့လည်း ပြောကြတယ်။ ကွဲကွဲပြားပြား သိချင်လို့ပါ"

ဝါသုလဒတ္တာ၏ မလုံ့တလုံ စကားများကြောင့် ဘုရင်ကြီးက သမီးချောကို ကြည့်ရင်း ပြုံးနေသည်။ ပြုံးခြင်းမှာ သမီးပျို၏ အချိန်အရွယ် စိတ်နိုးကြွလာဟန် ရှိသော မလုံတစ်ဝက် လုံတစ်ဝက် စကားကြောင့်လည်း ဖြစ်၏။ သည်သမီးအတွက် ပင်လျှင် လျှို့ဝှက်ကြံစည်ခဲ့ရသော မိမိ၏ စိမ်ကိန်းဆောင်အတွင်းသို့ အခြေအနေက အလိုက်သင့် ဝင်ရောက်လာသည်ကို တွေ့ရသောကြောင့်လည်း ဖြစ်၏။

ဆင်းရဲသားဖြစ်စေ၊ ဘုရင်ဖြစ်စေ သမီးတစ်ယောက် အရွယ်ရောက်လာပြီ ဆိုလျှင် ထိုသမီးအတွက် ထိုက်သင့်သော အလားအလာကို စိမ်ကိန်းထုတ်ကြရ တော့သည်မှာ မွေတာပင် ဖြစ်ပေ၏။ သမီးချော ဝါသုလဒတ္တာအတွက် ခမည်း တော်နှင့် မယ်တော်တို့ စိတ်ကူးစိမ်ကိန်း ထုတ်ခဲ့ကြသည်မှာ အကြိမ်ကြိမ် အခါခါ ရှိပြီဖြစ်၏။ သို့ရာတွင် လွယ်မယောင်နှင့် ခက်သည်။

အချော အလှလည်းဖြစ်၊ ဘုန်းကြီးသော ဘုရင့်သမီးလည်းဖြစ်၍ အချစ်ရေး၊ အိမ်ထောင်ရေးအတွက် လွယ်မယောင်ရှိ၏။ သို့ရာတွင် ယင်းသို့ အဆင်းချော

www.burmeseclassic.com

www.burmeseclassic.com



အချင်းပါ မြင့်လွန်းနေ၍ပင် အခက်ဖြစ်ရသည်။

မဝံ့မရဲဖြင့် လှမ်းချူလိုကြသော သာမန်မင်းညီမင်းသားတို့ ဝါသုလဒတ္တာ ဝန်းကျင်တွင် ဝိုင်းဝိုင်းလည်နေသည် မှန်ပါ၏။ သို့ရာတွင် ခမည်းတော် မယ်တော်၊ အထူးသဖြင့် ခမည်းတော်၏ ရည်မှန်းချက်မှာ သာမန် မထင်မရှား မင်းညီမင်းသားတို့၏ မြို့စား၊ ရွာစား ကတော်နေရာမျိုး မဟုတ်။ ဘုရင်တစ်ပါး၏ မိဖုရား၊ မိဖုရားမှ ဒုတိယနေရာ၊ တတိယနေရာလို မိဖုရားမျိုးမဟုတ်။ အဂ္ဂမဟေသီ တောင်ညာစံဒေဝီလို နေရာမျိုး။

ဤအချက်တွင် ခမည်းတော် ဘုရင်ကြီးနှင့် ဝါသုလဒတ္တာတို့ သဘောထားမှာ တစ်ထပ်တည်း ဖြစ်သည်။ ဝါသုလဒတ္တာက မစားရ အရှင်း၊ စားရ ဆီထမင်း ဆိုသော သဘောထားပင် ဖြစ်သည်။ သဘောထားရုံမျှမဟုတ်၊ တစ်ချိန်က ခမည်း တော် မယ်တော်တို့နှင့် မိသားစု အတွင်းရေး ဆွေးနွေးပွဲတွင် သူ့သဘောထားကို အတည့်အလင်း ဖွင့်၍ပင် ပြောထားပြီး ဖြစ်သည်။ ရည်မှန်းချက်အတိုင်းမှ ဖြစ်မလာ ခဲ့သော် တစ်ကိုယ်တည်း အပျိုကြီးဘဝဖြင့်ပင် အရိုးထုတ်မည်ဟုပင် ပြောထားပြီး ဖြစ်သည်။

ပြောသည့်အတိုင်းလည်း ကိုက်ညီအောင်နေသည်။ နီးစပ်လာသမျှ မည်သည့် မင်းညီမင်းသားမှ ကပ်၍မရ။ တပင်တိုင်နန်းတွင် ယင်ဖိုသမ်းပင် မခံခဲ့ပေ။ ကာယကံမြောက် အပထား၍ လူငယ်ဘဝ အချစ်ကိစ္စဆို၍ စကားစွန်း စကားစ မျှပင် မကြားခဲ့ရပေ။

ခမည်းတော်နှင့်တူ၍ စရိုက်ကလည်း ယောကျ်ားလေးဆန်ဆန် ခပ်ကြမ်းကြမ်း ခပ်ထန်ထန် ဖြစ်သည်။ ရုပ်ရည်က ချောသောမိခင်နှင့်တူ၍ စရိုက်က ဖခင်နှင့် တူသည်ဟု ပြောကြသည်။ ဉယျာဉ်မွေ့သည်။ တောလိုက်သည်။ ပွင့်ပွင့်လင်းလင်း ပြောတတ်ဆိုတတ်သည်။

သည်တော့လည်း ရည်မှန်းချက် ကြီးမားသော သမီး၏ အိမ်ထောင်ရေး၊ အချစ်ရေးမှာ ဖခင် မိခင်တို့ တာဝန်လုံးလုံး ရှိတော့သလို ဖြစ်လာသည်။ အထူး သဖြင့် အေးအေးနေတတ်သော မိခင်ထက် ဖခင်ကြီး၏တာဝန် ဖြစ်လာသည်။

အဂ္ဂမဟေသီအောက် ရည်မှန်းချက် မရှိလေသောအခါ အဂ္ဂမဟေသီ ဖြစ်နိုင် သော ဘုရင်များကို စဉ်းစားလာရသည်။ ရာဇဝြိုဟ်ပြည့်ရှင် အဇာတသတ်မှာ မင်းပျိုမင်းလွင်ပင် ဖြစ်သော်လည်း လူ့စည်းကမ်း ပျက်ယွင်းသည်အထိ စရိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းလွန်းသည်ကို သဘောမကျနိုင်ပေ။ ကောသလဘုရင်မှာ အိမ်နီး၍ မိဖုရားကလည်း များလှစွာသည်။ ဝေသာလီမင်းများမှာ မင်းဟုပင် ဆိုသော်လည်း စဉ်းစားအပ်သူများ မဟုတ်ပေ။ အကြောင်းမှာ မိမိတို့ ကေရာဇ် ပဒေသရာဇ်စနစ်ကို ဆန့်ကျင်သူများ ဖြစ်သည်။ သူတို့သည် မိမိတို့၏ ဘုံရန်သူဖြစ်သည်။ သူတို့သည် မိမိတို့ ပဒေသရာဇ်များ အလယ်တွင် အနေးနှင့် အမြန် ပျက်စီးရမည့်သူများ ဖြစ်သည်။

ကောသမ္ဗီဘုရင်သည်ကား တောတွင်းမှ ရှောင်တခင် ပေါ်ပေါက်လာသော ဘုရင်ဖြစ်သည်။ မူလ ကောသမ္ဗီ ပူရန္တပ္ပမင်း နတ်ရွာစံသည့်အချိန်တွင် ကောသမ္ဗီသည် ပျက်စီးတော့မယောင် ဖရိုဖရဲ ဖြစ်ခဲ့၏။ ထိုအခိုက် ဖခင်၏ ရိုက်ရာကို ဆက်ခံရန် တောတွင်းမှ ပေါ်ပေါက်လာသော ဆင်များအရှင် ဖြစ်သည်။

ပျိုရွယ်သော ဥတေနသည် တောတွင်း၌ ကြီးပြင်းခဲ့ရသောကြောင့် အတန်ရန့်ရင်းဟန် ရှိသော်လည်း စိတ်ရင်းကောင်းသည်ဟု အထောက်တော်များထံမှ ကြားသိခဲ့ရပြီး ဖြစ်၏။ သူ၏ အားကြီးချက်သည် ဟတ္ထိကန္တမန္တာန်ပိုင်ရှင် ဖြစ်သကဲ့သို့ သူ၏ အားနည်းချက်သည်လည်း ဆင်ဖမ်းကိစ္စတွင် ပျော်မွေ့ခြင်း၊ တောတွင် ပျော်မွေ့လွန်းခြင်းပင် ဖြစ်ပေသည်။

ခက်သည်ကား ကေရာဇ်ကိုသာ ရည်မှန်းသော မိမိတို့အတွက် ကေရာဇ်တစ်ပါးပါးသည် ဝါသုလဒတ္တာကို တောင်းဆိုဝံ့ကြမည်မဟုတ်။ မိမိတို့ကလည်း အကြောင်းမဲ့ ပေးဆက်၍ မလျော်။ ယင်းသို့ဖြင့် ဥတေနကို ဖမ်းသော ပရိယာယ် စီမံကိန်းကို ချမှတ်ရင်းဖြင့် သမီးတော် အတွက်ပါ အဆင်ပြေစေသော အခြေအနေများ ပေါ်ပေါက်လာသဖြင့် တိတ်တခိုး ဝမ်းမြောက်နေရသည်။

သမီးချစ် ဝါသုလဒတ္တာ၏ ကံဇာတာစန်းသည် ပွင့်လန်းလာဟန် ရှိ၏။ အကြောင်းကား စီမံကိန်းတံခါးများသည် တစ်ချပ်ပြီးတစ်ချပ် ပွင့်၍လာသည်ကို တွေ့ရသည်။ ယောက်ျားနှင့် စပ်လျဉ်းလာလျှင် စကားဟခဲသော ဝါသုလဒတ္တာသည် ဥတေနအား မေးမြန်းလာသည်ကို တွေ့ရသည်။ စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ရန် ကျန်ပေသေးသည်။

"ခမည်းတော် ဘာတွေစဉ်းစားနေသလဲ။ ပွဲတော်တောင် ဖြောင့်ဖြောင့်မတည်ဘူး။ သမီးတော် မေးနေတယ်လေ"

"အဲ...အဲ...သမီးတော်မေးတာ ဘာပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



"ဥတေနဘုရင်ဆိုတာက အဘိုးကြီးလား၊ ကြောက်စရာကြီးလား။ ပျိုပျို ရွယ်ရွယ်လား"

"မင်းပျိုမင်းလွင် လူငယ်ဘုရင်ပါပဲ။ နို့ပေမယ့်..."

"နို့ပေမယ့် ဘာဖြစ်သလဲ"

"ကုဋ္ဌ"

"ဟင်...ကုဋ္ဌကြီးလား၊ ဒါကြောင့်မို့ အရုပ်ဆိုးတယ်လို့ ပြောကြတာ ဖြစ်မှာ ပေါ့။ ကုဋ္ဌဘုရင်ရယ်လို့"

"ကုဋ္ဌမှ သာမန်မဟုတ်ဘူး၊ တစ်ကိုယ်လုံး ခရုသင်းစွဲသလို ဖြူဖွေးပြီး မြင်ရက်စရာတောင် မရှိဘူး"

"ဖြစ်မှ ဖြစ်ရပလေ"

"နို့ပေမယ့် သူဟာ မန္တာန်သခင်ပညာရှင် ဖြစ်ပေတယ်"

"ဒါကတော့ ဟိုးဟိုးကျော်နေတဲ့ သတင်းပဲ"

ပွဲတော်ပြီးစီးသွားသည်။ ဝါသုလဒတ္တာက လက်ဆေးပေးသည်။ လက်သုတ် ပေးသည်။ ရေငုံ့ပေးသည်။

"ဒီမှာ သမီး၊ သမီးကို ခေါ်မလို့ဆိုတာ ဒီကိစ္စ သမီးနဲ့ တိုင်ပင်စရာရှိလို့ပဲ။ သူ့ကို ခမည်းတော်တို့ ဖမ်းတာက သူ့ပညာကို လိုချင်လို့ပဲ။ နို့ပေမယ့် သူ့ပညာက လွယ်လွယ်နဲ့ ယူလို့မရဘူး"

"ဒါပေါ့၊ အဖိုးတန်တဲ့ပညာဆိုတာ ခက်ခဲပေမှာပေါ့"

"ပညာက ခက်လှမယ်မထင်ပါဘူး။ ယူဖို့က ခက်နေတာ"

"ဘယ်လို ခက်တာပါလိမ့်"

"သူ့ကို ရှိခိုးယူမှ သူ့ပညာ ရမတဲ့"

"ပညာဆိုတာ ဆရာကို ရှိခိုးယူရတာ ပဝေဏီထုံးတမ်းစဉ်လာ မဟုတ်လား ခမည်းတော်"

"ခမည်းတော်က သူ့ကို ဘယ်လိုလုပ် ရှိခိုးနိုင်မလဲ။ အဲဒါ သမီး ကူညီရ ပေလိမ့်မယ်"

"ဘယ်လိုကူညီရမှာလဲ"

"သမီးက သူ့ဆီမှာ ရှိခိုးပြီး သင်ယူရမှာပေါ့။ သမီးက မိန်းကလေးဆိုတော့ ရှိခိုးဖို့ တာဝန်မကြီးလှပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး၊ သမီးက ဒီအကျဉ်းသား ကုဋ္ဌကြီးကို ရှိခိုးရမယ်တဲ့လား။ မဖြစ်နိုင်ပါဘူး။ ခမည်းတော်က ကိုယ်ချင်းစာဦးမှပေါ့"

"ဒါကို ခမည်းတော် စီစဉ်ပေးမယ်လေ။ သူ့ကို ဖြောင်ရှိမခိုးရပါဘူး။ သူနဲ့လည်း မတွေ့ရပါဘူး။ ကန့်လန့်ကာထူထူကြီး ကာပေးထားမယ်။ ကန့်လန့်ကာတစ်ဖက်မှာ သမီးက နေပြီး သင်ယူပေါ့။ သူက တစ်ဖက်က သင်ပေးလိမ့်မယ်"

"ဖွင့်များကြည့်ရင် ဒုက္ခပါပဲ"

"ဖွင့်မကြည့်အောင် စီစဉ်ပေးထားမယ်လေ။ ခမည်းတော်မှာ သမီးအပြင်ယုံကြည်ရမယ့်သူ မရှိဘူး။ ဒီပညာ သမီးရရင် ခမည်းတော် ရတာနဲ့ အတူတူပေါ့။ ဒီပညာရလာရင် သမီး တောကစားဖို့ ဘယ်လောက်ပျော်စရာ ကောင်းလိုက်မလဲ။ ပြီးတော့ ဒီပညာရထားရင် ခမည်းတော်တို့ ရှေ့ဆက်ပြီး ကြံချင်ရာ ကြံနိုင်ပြီမဟုတ်လား"

"ဘယ်တော့ သင်ရမလဲ၊ ဘယ်နေရာမှာလဲ"

"အဆင်သင့်ဖြစ်ရင် သမီးကို ပြောမယ်လေ။ နက်ဖြန်ညလောက် ဖြစ်လိမ့်မယ်"

## [ ၄ ]

ကတိစကားကြောင့် ဘုရင်ကြီးတို့အဖွဲ့နှင့် တွေ့ဆုံပြီးသည်နှင့် တစ်ပြိုင်နက် အချုပ်အနှောင်၊ အတားအဆီးမရှိ လွတ်လပ်စွာထားသည်။ မူရင်း အချုပ်နေရာမှ လွတ်လပ်သော သီးသန့်အဆောင် တဲနန်းသို့ ချက်ချင်းပင် ရွှေ့ပြောင်းစီစဉ်ပေးသည်။ ရွှေ့ပြောင်းသော တဲနန်းဆောင်သည် အတန်ပင် ကြီးမားကျယ်ဝန်းသော်လည်း ဥတေနအနီးတွင် လက်တိုလက်တောင်း ခိုင်းစေရန် မင်းမှုထမ်းငယ်တစ်ယောက်မှအပ အခြား ဘယ်သူမျှမရှိ။ အစောင့်အထိန်းများ ရှိခဲ့လျှင် တဲနန်းဆောင် အပြင်အပမှပင် စောင့်ကြလိမ့်မည်ဟု ထင်သည်။

ပညာဟူသည် တန်ခိုးကြီးမားပါဘိ၏။ အချုပ်အနှောင် ဘဝမှာပင် ပညာကြောင့် လွတ်လပ်စွာ နေခွင့်ရပေသည်။ ဒုတိယ ခမည်းတော်၏ကျေးဇူး၊ မယ်တော်၏ကျေးဇူး၊ ပညာ၏ကျေးဇူးသည် ကြီးမားပေစွဟု ဆင်ခြင်သည်။ မန္တာန်ကို သင်ပေးပြီးလျှင် လွှတ်မည်ဆိုသည်။ မန္တာန်သင်ကြားဖို့ရန်မှာ ကြာမြင့်ဖို့မရှိ။ မြန်မြန်သင်ကြားပါစေဟု တောင့်တသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် အဆောင်တံခါးဝမှ ဘုရင်ကြီး၏ ကျယ်လောင်သောအသံနှင့်အတူ လှုပ်လှုပ်ရှရှ ကြားလိုက်ရပြီး အဆောင်တွင်းသို့ ဘုရင်ကြီး ကြွရောက်လာသည်ကို တွေ့ရသည်။ မိမိမှာ အချုပ်သားလည်းဖြစ် ငယ်ရွယ်သူလည်းဖြစ်၍ ဤခန်းဆောင်တွင် အိမ်ရှင်ပမာလည်း ဖြစ်သောကြောင့် ဘုရင်ကြီးအား ဦးညွတ်၍ ရိုသေစွာ ကြိုဆိုပြီး ခေါင်းရင်းပိုင်းသို့ နေရာညွှန်ပြသည်။

"နေရထိုင်ရတာ အဆင်ပြေရဲ့လား။ လိုတာအားလုံး ပြည့်စုံရဲ့လား"

"အဆင်ပြေပါ၏"ဟု ဉတေနက ပြန်ပြောခိုက် နောက်ပိုင်းမှ ပါလာသူများကို ဘုရင်ကြီးက လက်ပြလိုက်သောအခါ အားလုံးပင် အဆောင်အပြင်ဘက်သို့ ထွက်သွားကြသည်။ ဘုရင်ကြီး၏ အမူအရာသည် ညဥ့်ဦးပိုင်း တွေ့ဆုံစဉ်ကကဲ့သို့ပင် နူးညံ့ပြေပြစ်လျက်ရှိသည်။

"မန္တာန်ကို မြန်မြန်လိုချင်လှပြီ။ မြန်မြန်သင်ကြားပြီးရင် သင်လည်း မြန်မြန်ပြန်ရတာပေါ့။ မန္တာန်သင်ကြားဖို့ အစီအစဉ် အားလုံးလုပ်ခဲ့ပြီးပြီ"

"သင်ကြားပေးဖို့ အဆင်သင့်ပါပဲ"

"ခက်တာက မန္တာန်သင်ကြားရေးမှာ အဆင်မပြေတာကလေးတွေတော့ နည်းနည်းရှိနေတယ်"

"အမိန့်ရှိပါ"

"အတွင်းရေးစကားတစ်ခု ပြောရမှာဖြင့် ငါတို့မှာ အမြင်အဆင် မလှသူ အမျိုးသမီးတစ်ယောက် ရှိတယ်။ သူက ခါးကုန်းတယ်၊ ကိုယ်သိမ်တယ်၊ မျက်စိစွေစောင်းတယ်၊ မှုန်တယ်။ နို့ပေမယ့် ဉာဏ်ထက်တယ်၊ အသိအမြင်လွယ်တယ်၊ စိတ်ချရတယ်။ သူ့ကို သင်ကြားပေးရလိမ့်မယ်"

"ဘယ်သူ့ကိုပင်ဖြစ်စေ အကြောင်းမဟုတ်ပါ။ ရိုရိုးသင်ယူနိုင်လျှင် သင်ကြားပေးဖို့ အသင့်ပါ"

"ပြောချင်တာက အဆင်မလှ အမြင်မလှ၊ အမျိုးသမီးလည်း ဖြစ်လေတော့ သူ့ကို အမြင်မခံချင်ဘူး။ ရှက်သတဲ့။ ဒီတော့ ဒီခန်းဆောင် အလယ်လောက်မှာ ကန့်လန့်ကာကြီး ကာပေးမယ်။ သူက ကန့်လန့်ကာအပြင်ဘက်က ရိုရိုးသင်ယူလိမ့်မယ်။ သင်က အတွင်းဘက်က ပို့ချပေးဖို့ပဲ။ ဖြစ်နိုင်မလား"

"ဖြစ်ပါတယ်၊ ဘယ်တော့ ပို့ချရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နက်ဖြန် ညဦးပိုင်းမှာ ဖြစ်ပါလိမ့်မယ်။ မနက်ဖြန် နေ့လယ်မှာ ကန့်လန့်ကာကြီး ကာပေးမယ်။ ညဦးပိုင်း သူရောက်လာရင် ပညာသင်ယူဖို့ အဆင်သင့်ဖြစ်ပါပြီလို့ အပြင်ဘက်က ပြောလိမ့်မယ်။ သင်က မတော်တဆ ကန့်လန့်ကာ အပြင် ထွက်လိုက်ရင် သူထွက်ပြေးလို့ မန္တာန်သင်ကြားရေး ပျက်ပြားဖို့ ရှိပါတယ်"

"နားလည်ပါပြီ၊ သူ့သိက္ခာကို စောင့်စည်းပါ့မယ်"

"ဒါပါပဲ၊ ကဲ…သင်လည်း တစ်နေ့လုံး ပင်ပန်းနွမ်းနယ်လာခဲ့ရသူ ဖြစ်တယ်။ အိပ်ချင်ရောပေါ့။ အနားယူပေတော့။ လိုအပ်သမျှကို ပြောပါ။ စီစဉ်ပေးပါလိမ့်မယ်"

ပြောရင်း နေရာမှထကာ ပြန်သွားဖို့ ဟန်ပြင်သည်။ ဥတေနက ခန်းမဆောင်ဝအထိ လိုက်ပို့သည်။ ပညာရလိုမှုကြောင့် မိမိအား ပရိယာယ်ဖြင့် ဖမ်းဆီးခဲ့သည်မှအပ ဘုရင်ကြီး၏ ဖော်ရွေမှု၊ လိုက်လျောမှုတို့ကြောင့် မိမိ၏ အကျဉ်းသားဘဝကိုပင် မေ့လျော့သယောင် ရှိခဲ့သည်။

◆

www.burmeseclassic.com

www.burmeseclassic.com



# ကုဋေနှင့်ကာန်းမ

[ ၁ ]

ဥဇ္ဇေနီနန်းတော်ဝင်းတစ်ခုလုံးမှာ ဝါသုလဒတ္တာ မရောက်ဖူးသော နေရာဟူ၍ မရှိသလောက် ဖြစ်၏။ ဥတေနကို ထားရှိသော ဧည့်ဆောင်ရိပ်သာသို့မူကား အကြိမ်ကြိမ် အထပ်ထပ်ပင် ရောက်ခဲ့ဖူးသည်။ သို့ရာတွင် ယခုတစ်ခေါက် ရောက်လာရာ၌မူကား အတန်ငယ် တုန်လှုပ်လျက်ရှိသည်။

အခြေအရုံကင်းမဲ့၍ ညဥ့်အမှောင်ကြောင့်လည်း ဖြစ်တန်ရာ၏။ နာမည်ကြီးသော ဘုရင်တစ်ပါးနှင့် နဖူးတွေ့ ဒူးတွေ့ မဟုတ်စေကာမူ မန္တာန်သင်ယူရန် အသံဖြင့် ဆက်ဆံရတော့မည်ကြောင့်လည်း ဖြစ်တန်ရာ၏။

ဧည့်ရိပ်သာအနီးသို့ ခမည်းတော်ကြီးကိုယ်တိုင် လိုက်၍ပို့သည်။ အကျဉ်းသားကို ထားရာဖြစ်သော်လည်း ဧည့်ရိပ်သာ နန်းဆောင်အနီးတွင် အစောင့်အရှောက်ဟူ၍ တစ်ယောက်တလေကိုမျှ မတွေ့ရ။ မမြင်ရသော နေရာများ၌မူ အစောင့်များ ရှိကောင်းရှိမည်ဟု တွေးထင်ရသည်။

မန္တာန်ကို လျှို့ဝှက်သင်ကြားရမည် မှန်ပါ၏။ သို့ရာတွင် လျှို့ဝှက်သင်ကြားမှုထက် ကြီးမားသော အခြားလျှို့ဝှက်မှု တစ်စုံတစ်ရာ ရှိသေးအံ့ဟု ထင်မိသည်။ ဤဘုရင်ကို ဖမ်းမိလာသည့်အချိန်မှစ၍ အကြားအမြင်၊ အတွေ့အသိများမှာ အားလုံး သိပ်သိပ်သည်းသည်းနှင့် လျှို့ဝှက်ကိစ္စတွေချည်း ဖြစ်နေသည်။ ခမည်းတော်တို့တွင် မည်သည့်အကြံအစည်များ ရှိနေသည် မသိရ။ ကေန္တ တိုင်းရေးပြည်ရေး ကြီးကျယ်သောကိစ္စ တစ်စုံတစ်ရာ ရှိတန်ရာ၏ဟု ဝါသုလဒတ္တာ စဉ်းစားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် မတတ်နိုင်။ ခမည်းတော် အစီအစဉ်အတိုင်းသာ လုပ်ရပေမည်။ မန္တာန်သင်ကြားပြီးလျှင် မိမိတာဝန် ပြီးစီးမည်။

ခြည့်နန်းဆောင်ပေါ်သို့ ရောက်လာသောအခါ မီးရောင် ထင်းထင်းလင်းလင်း အောက်တွင် ခန်းဆောင်ကိုဖြတ်၍ တဖိတ်ဖိတ်တောက်လျက်ရှိသော ကတ္တီပါ ကန့်လန့်ကာအစိမ်းကြီး ကာရံထားသည်ကို တွေ့ရ၏။ ကန့်လန့်ကာနှင့် ကပ်၍ အလယ်လောက်တွင် ကော်ဇောကြီးတစ်ချပ်ပေါ်၌ ကတ္တီပါနီအခင်းတစ်ခု ခင်းထား သည်ကို တွေ့ရသည်။ မိမိထိုင်၍ မန္တာန်သင်ယူရန် နေရာဖြစ်သည်ဟု နားလည် လိုက်သည်။

အစီအစဉ်မှာ ထိုနေရာတွင် ထိုင်၍ မန္တာန်သင်ယူရန် အဆင်သင့်ဖြစ်ပြီ ဖြစ်ကြောင်း မိမိက စတင်ပြောကြားလိုက်ရမည်။ ထိုနောက် တစ်ဖက်မှ ဥတေန ဘုရင်က မန္တာန်ကို ပို့ချပေးမည်။ မိမိက လိုက်ဆိုကျက်မှတ်ရမည်။

ခန်းဆောင်ကြီးတစ်ခုလုံးသည် အပ်ကျလျှင်ပင် ကြားရမတတ် တိတ်ဆိတ် လျက် ရှိသော်လည်း ကန့်လန့်ကာတစ်ဖက်တွင် ဥတေနဘုရင် ရှိသည်ဟူသော အသိကြောင့် အနေကျုံ့သလို ဖြစ်နေမိသည်။ အချိန်မှာ မှောင်စသာသာ ညဉ့်ဦး ပိုင်း ဖြစ်၏။

ဤဘုရင်သည် ပညာတတ်၍ နာမည်ကြီးသော်လည်း ကုဋ္ဌလူနူဟု ဆိုသည်။ ကုဋ္ဌပင်ဖြစ်စေကာမူ နာမည်ကြီးသော ဘုရင်တစ်ပါးကို အခွင့်သာခိုက် တွေ့မြင်ရ သော် ကောင်းပေလိမ့်မည်ဟုလည်း အမျိုးသမီးတို့၏ စပ်စုတတ်သော ညာဉ် အတိုင်း စဉ်းစားမိသည်။ ကုဋ္ဌအနာကြောင့် အမြင်မလှ၊ အဆင်မလှ၊ တစ်ကိုယ်လုံး ဖွေးဖွေးဖြူလျက်ရှိသော ဘုရင်ကို မိမိတို့ ပညာယူရမည့် ကျေးဇူးကြောင့် လူမြင် သူမြင် မဖြစ်ရန် ခမည်းတော်တို့ ဤမျှ လျှို့ဝှက်ထားခြင်း ဖြစ်တန်ရာ၏ဟုလည်း စဉ်းစားမိသည်။

နေရာတွင် ထိုင်မိခိုက်မှာပင် တစ်ဖက်မှ တရှပ်ရှပ် လှုပ်ရှားလာသော ခြေသံ ကို ကြားရသည်။ မမြင်ရသော်လည်း ကန့်လန့်ကာ အလွှာကလေးသာ ခြားသဖြင့် နီးကပ်လွန်းလှသော ခြေသံမှာ သူစိမ်းတစ်ဦး မိမိအနီးတွင် ရှိနေပါကလားဟူသော အသိကြောင့် ရင်ခုန်မိရသည်။ မိမိသည် ခမည်းတော်နှင့် မယ်တော်မှတစ်ပါး ရွံ့ကြောက်ရမည့်သူ တစ်ယောက်မှ မရှိခဲ့ဖူးရာ လူကိုမမြင်ရသော ဤနေရာတွင် အဘယ့်ကြောင့် စိုးရွံ့နေရသနည်းဟုလည်း စဉ်းစားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မန္တာန်သင်ယူဖို့ အဆင်သင့်ဖြစ်ပါပြီ"

ကြိုးစား၍ အသံထွက်လိုက်ရသည်။ အသံမှာ အနည်းငယ် တုန်လှုပ်နေဟန် ရှိသည်။ အသံသာမဟုတ်၊ ရှိခိုးထားသော လက်ဖျားကလေးများမှာလည်း မသိမသာ လှုပ်ရှားလျက်ရှိသည်။

"ရှိခိုးနေရဲ့လား" တစ်ဖက်မှအသံ။

"ခိုးပါသည်"

"မန္တာန်သင်ယူဖို့ အဆင်သင့်ဖြစ်ပါပြီ ဆရာ။ ရှိခိုးနေပါသည် ဆရာလို့ ပြန်ပြော"

"အို...မြတ်စွာဘုရား"

ထွက်လာသော အသံမဟုတ်၊ ဝမ်းတဲမှ အံ့ဩစွာဖြင့် တမ်းတလိုက်မိသော စိတ်ကူးအသံ ဖြစ်သည်။ အသံရှင်သည် အကျဉ်းသားပင် ဖြစ်သော်လည်း စိုးမိုးထန်မာလှပါတကား။ ကိစ္စမရှိ။ ပညာရှင်သည် ပညာယူတပည့်အပေါ်၌ စိုးမိုးထန်မာသင့်ပါ၏။ သို့သော် အံ့ဩရသည့် အခြားအကြောင်းလည်း ရှိသေးသည်။ ယင်းသည်ကား အသံရှင်၏ အသံသည် ဆရာ့အဟန်၊ လူကြီးအဟန် ဆောင်ထားသော်လည်း ယောကျ်ားပျိုတစ်ယောက်၏ နုနယ်လတ်ဆတ်သော အသံဖြစ်၏။ အသံအတိုင်းသာဆိုပါလျှင် ပျိုရွယ်နုနယ်သော လူငယ်လူချောတစ်ယောက် ဖြစ်ဖို့ ရှိသည်။

သို့သော် ကုဋ္ဌရောဂါရှင် ခရသင်းလူဖြူတစ်ယောက်သည် ပျိုရွယ်သူ ဖြစ်စေကာမူ လူချောတစ်ယောက်တော့ မဖြစ်နိုင်။ လူမမြင်ရသေးသော အသံကို ကြားရသောအခါ အသံရှင်ကို စိတ်ကူးရုပ်ဖော်ကြည့်တတ်သော လူ့သဘာဝအတိုင်း စိတ်ကူးလိုက်မိပြီးနောက် ခမည်းတော်၏ သင်ကြားချက်ကို သတိရလာသောကြောင့် စိတ်ကူးကို ပြင်လိုက်ရသည်။

"ပြောတာ မကြားဘူးလား၊ ပြင်ပြော"

"မန္တာန်သင်ယူဖို့ အဆင်သင့်ဖြစ်ပါပြီဆရာ"

"အေး...ဒီလိုမှပေါ့၊ ပညာဆိုတာ ရိုရိုသေသေ သဘောထားရတယ်။ ပညာကိုလည်း ရိုသေရတယ်။ ဆရာကိုလည်း ရိုသေရတယ်။ ရှိခိုးနေရဲ့လား"

"ခိုးပါတယ် ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ သင်တော့မည်။ မသင်မီ အစအဆုံး တစ်ခေါက်ရွတ်ပြမယ်၊ နားထောင်"

**အရှံ့ဟာရီ ပတ္တပဂ်ေ၊ ပိငှက ဟရိဟရိ စ မာဟိန္ဒြို၊ ဗာဟိန္ဒြို၊ နရစန္ဒြို။ တြစန္ဒြို။ သောဒါဟာလာ ဂြဟာဂရုသျှ စိန္တာ မုဏိကော၊ ကြံကြံဘန္တုမေ ယေျမဂ်လံ။**

"အဲဒါကို တစ်ပိုဒ်ချင်းချပေမယ်၊ ရအောင်လိုက်ဆိုရမယ်။ ကဲ...လိုက်ဆို၊ အရှံ့ဟာရီ"

"အယ့်ဟာယိ"

"အယ့် မဟုတ်ဘူးဟဲ့...အရှံ့လို့ လျှာလိပ်ပြီးဆို"

"အယ့်"

"ဂါထာမန္တာန် ရွတ်ဖတ်တယ်ဆိုတာ ဂရုလဟု အလေးအပေါ့ မှန်မှန်ကန်ကန် ပီပီသသ ရွတ်ဖတ်ရတယ်။ မရွတ်ရင် အလကားပဲ၊ ဘာမှ အစွမ်းရှိမှာ မဟုတ်ဘူး။ ပီပီဆို အရှံ့လို့"

"အယ့်"

"ဘယ်လိုလဲ နင်တို့သခင်ကပြောတော့ တော်လှချည့်ဆို။ ခုတော့ အက္ခရာတောင် ပီပြင်အောင် မဆိုတတ်ပါလား"

"ဆိုမှ မဆိုတတ်ဘဲဟာ၊ ဆိုတတ်သလို ဆိုမှာပေါ့"

တစ်ဖက်မှ ထန်သံမာန်သံကြောင့် ဝါသုလဒတ္တာ ဒေါလေး ထလာသည်။

"ဆိုတတ်သလို ဆိုလို့မရဘူး၊ ပီအောင်ဆိုရမယ်။ လျှာရှိရင် ဆိုတတ်ရမယ်။ လျှာလိပ်ပြီးဆို အရှံ့လို့"

"အယ့်"

"နင့်လျှာက ဒါလောက်ပဲထူရသလားဟင်...ကုန်းမ။ အစတစ်လုံးတည်းတောင် ဒါလောက်ခက်နေရင် တစ်ပုဒ်လုံးကို နင် ဘယ့်နှယ်လုပ်သင်မလဲ။ နင့်ကြောင့် ငါ့မှာ အချိန်တွေ ကုန်ရတော့မယ်"

"ဘယ်သူ့ကိုလဲ 'ကုန်းမ'လို့ ဆိုလိုက်တာ"

"နင်နဲ့ ငါနဲ့ နှစ်ယောက်တည်းရှိတာပဲ၊ နင့်ကိုမဆိုလို့ ဘယ်သူ့ကို ဆိုရဦးမှာလဲ ကုန်းမ ကန်းမ"

www.burmeseclassic.com

www.burmeseclassic.com



ခမည်းတော် မယ်တော်မှတစ်ပါး မည်သူ့သေးသေးတင်မှ မခံခဲ့ရစဖူးသော ဘုရင့်သမီးတော်၊ တစ်နန်းတော်လုံး ဖူးဖူးမှုတ်ခံ အလိုလိုက်ခံရသူ ဖြစ်ခဲ့ရုံမက ပင်ကိုအားဖြင့် စိတ်ဆတ်သော ဝါသုလဒတ္တာအဖို့ ကြမ်းကြမ်းတမ်းတမ်း တစ်ခွန်း အပြောခံလိုက်ရသောအခါ ထောင်းခနဲ ဒေါသထွက်၍ ထိုင်နေရာမှပင် ရုတ်တရက် ထလိုက်မိလျက်သား ဖြစ်သွားသည်။

"အမယ် ကြီးကျယ်လိုက်တာ၊ ကုဋ္ဌဘုရင်၊ အနူဘုရင် အကျဉ်းသားကများ ငါ့ကို ကုန်းမတဲ့၊ ကန်းမတဲ့လား...ဟင်"

"အလို...ဘယ်သူ့ကိုလဲ ကုဋ္ဌဘုရင်လို့ ဆိုလိုက်တာ"

"နင်နဲ့ ငါနဲ့ နှစ်ယောက်တည်းရှိတာပဲ။ နင့်ကိုမဆိုလို့ ဘယ်သူ့ကို ဆိုရဦးမှာလဲ ကုဋ္ဌ–အနူ"

သူ့စကားနှင့် သူ့ကို ပြန်လည်ချေပလိုက်ရသောကြောင့် ကျေနပ်သယောင် ဖြစ်သွား၏။ သာမန်အချိန်၊ သာမန်ပုဂ္ဂိုလ်သာဆိုလျှင် မိမိအား ဤမျှစော်ကား မောက်မာလာသူအား လက်မရွံ့များကို ခေါ်၍ အဖမ်းခိုင်းပြီးလျှင် မှတ်လောက်သားလောက်အောင် တုံ့ပြန်လိုက်မည်ဖြစ်၏။ ယခုသော် သူ့ပညာကြောင့် သူ့ကို ကျိုးရချိန်တွင် ပညာရှင် ဘုရင်တစ်ပါးလည်းဖြစ်သောကြောင့် ဤမျှနှင့်ပင် သည်းခံလိုက်ရသည်။

သို့ရာတွင် မိမိအသံအဆုံးတွင်ပင် ခြေသံပြင်းပြင်း နှစ်ချက်မျှ ရှေ့သို့တိုးလာသံကို ကြားရရင်း "သယ်...ဒီကန်းမက ငါ့ကိုများ"ဟူသော ဒေါသသံနှင့်အတူ ကန့်လန့်ကာကြီးကို ဥတေနက ဗျန်းခနဲ ဆွဲ၍ ဖွင့်လိုက်သောအခါ နှစ်ယောက်သား အနီးကပ် မျက်နှာချင်းဆိုင် ရပ်မိလျက်သား ဖြစ်နေကြရာက ပထမသော် နှစ်ယောက်စလုံးတွင် ဒေါသမျက်နှာထားများ ဖြစ်နေခဲ့ကြသော်လည်း တစ်ဦးနှင့် တစ်ဦး တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် ဥတေနက "အလို အလို၊ ဘယ်လိုများ ပါလိမ့်"ဟူသော သိမ်သိမ်မွေ့မွေ့ အာမေဋိတ်သံနှင့်အတူ ဝါသုလဒတ္တာအဖို့လည်း အံ့အားသင့်လွန်းလှသဖြင့် ဥတေန၏မျက်နှာကို ရွှန်းရွှန်းစားစားကြည့်ရင်း ရှက်ရွံ့နေဟန်၊ တောင်းပန်ဟန်ဖြင့် "အို...အို"ဟူသော မပွင့်တပွင့် အသံမျှဉ်းကလေးသာ ထွက်နေမိတော့သည်။

ဤကိစ္စမျိုးတွင် အဘယ်မျှ ကြီးမြင့်သည်ဖြစ်စေ ယောကျ်ားကသာ စတင်ရမည် ဖြစ်သည့်အတိုင်း "ဘယ်လိုဖြစ်တာပါလိမ့်ဗျာ၊ အထင်နဲ့အမြင် အကြားနဲ့

www.burmeseclassic.com



အတွေ့က ကွာလှချည့်လား။ ဘုရင်ကြီးပြောတော့ ကုန်းမတဲ့၊ ကန်းမတဲ့။ အမြင်ကျတော့ ချောလှ, လှလှချည့်လား။ မသိလို့ ကြမ်းကြမ်းတမ်းတမ်း ပြောမိတာကို သည်းခံပါနော် နှမက ဘယ်သူပါလိမ့်"

"ဘုရင့်သမီးတော် ဝါသုလဒတ္တာပါ။ နှမတော်ကိုလည်း ဥတေနဘုရင်ဟာ ကုဋ္ဌ၊ တစ်ကိုယ်လုံး ရောဂါတွေ စွဲနေတဲ့သူလို့ ခမည်းတော်က ပြောထားလို့ ကြမ်းကြမ်းတမ်းတမ်း ပြောမိတာပါ။ အခုတော့"

"အခုတော့...ဘာဖြစ်သလဲ၊ ဆုံးအောင်ပြောလေ"

"နှမတော်တို့ အရင်ကြားထားတဲ့အတိုင်း မှန်နေလို့ပေါ့"

"ဘယ်လိုများ ကြားထားပါလိမ့်ဗျာ"

"ဥတေနဘုရင်ဆိုတာ၊ အဲ...အဲ...အခုမြင်တွေ့ရတဲ့အတိုင်း ကြားခဲ့တာပေါ့။ ခမည်းတော်ကို မေးကြည့်တော့ ခမည်းတော် မုသားပြောတယ်၊ ဘာဖြစ်လို့များ ပါလိမ့်"

"ကဲ...ကဲ...အခြေအနေက တစ်မျိုးဖြစ်သွားပြီ။ ကန့်လန့်ကာအတွင်းဘက်ကို ဝင်ပါ။ အပြင်ဘက်မှာဆိုတော့ တစ်စုံတစ်ယောက် မြင်သွားရင် မကောင်းပါဘူး"ဟု ဆိုကာ လက်ကိုဆွဲလိုက်သောအခါ ဝါသုလဒတ္တာက အတွင်းဘက်သို့ အလိုက်သင့် ပါလာသည်။

အတွင်းဘက်သို့ ရောက်သောအခါ လက်ကိုမလွှတ်ဘဲ "နှမတော်ကို မြင်လိုက်ကတည်းက အရှုးအမူး ချစ်မိသွားပါပြီ"ဟု ချစ်ရေးဆိုလိုက်သည်။

"မြန်လှချည့်လား မောင်တော်။ ယောကျ်ားတွေဟာ ဒီလို အခွင့်ကြုံလာရင် ဒီလိုချည်းဖြစ်ကြမှာပဲ ထင်ပါရဲ့"

"မောင်တော်က လူငယ်ဘုရင်ပေမယ့် မုသား မပြောတတ်ပါဘူး။ ရိုးရိုးသားသား ပြောတာပါ။ တကယ်လို့ နှမကသာ အလိုတူမယ်ဆိုရင် နှမတော်ဟာ မောင်တော်ရဲ့ တောင်ညာစံ အဂ္ဂမဟေသီပါပဲ"

"အဂ္ဂမဟေသီတွေ ဘာတွေထားပါဦး၊ မောင်တော်ဟာ ဥဇ္ဇေနီရဲ့ အကျဉ်းသား ဘဝ ရောက်နေတယ်ဆိုတာလည်း သတိပြုပါဦး"

"ဒါကတော့ လွတ်အောင် ကြိုးစားရပေမှာပေါ့။ မကြိုးစားလည်း နှမရဲ့ ခမည်းတော်ကြီးက သက်ညှာလိမ့်မယ်လို့ ထင်ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မထင်နဲ့နော်။ ခမည်းတော်က သိပ်ပရိယာယ်များတယ်။ သူ့စကားကို ကြားတာနဲ့၊ သူ့မျက်နှာကို မြင်တာနဲ့ မယုံရဘူး"

"နှမတော်က ပိုသိမှာပေါ့လေ။ မောင်တော့်ကိုချစ်ရင်၊ နှမတော်ရဲ့ နောင်ရေးကို လိုလားရင် နှမတော်ကလည်း အကြံအစည် ထုတ်ဦးပေါ့။ မောင်တော်ရော နှမတော်ပါ လွတ်မြောက်ရေး အတူကြိုးစားကြတာပေါ့"

"နှမတော်ကို အဂ္ဂမဟေသီနေရာမှာ ထားမယ်ဆိုတာ တကယ်စိတ်စေတနာနဲ့ ပြောတာမှ ဟုတ်ရဲ့လား မောင်တော်"

"မောင်တော်ဟာ ဝမ်းထဲတစ်မျိုး အပြင်တစ်မျိုး ဘယ်တော့မှ မပြောတတ် မလုပ်တတ်ပါဘူး။ ဝမ်းထဲမပါရင် ဘယ်တော့မှ နှုတ်က ပြောလေ့မရှိပါဘူး။ ပြောပြီးရင်လည်း အသက်ကို စွန့်ရဦးတော့ ဘယ်တော့မှ မဖျက်တတ်ပါဘူး။ နှမတော်ကို မြင်လျှင်မြင်ချင်း မေတ္တာသက်ဝင်လို့ အလေးအနက် ပြောလိုက်တဲ့ စကားပါ"

"ဒီလိုဆိုရင် မောင်တော် လွတ်မြောက်ရေးကို နှမတော် ကြံစည်ပါ့မယ်။ အချိန်တွေ အများကြီး ရှိပါသေးတယ်။ မောင်တော်က ဟန်မပျက်သာ အေးအေး ဆေးဆေး စံနေတော်မူပါ"

[ ၂ ]

နောက်တစ်နေ့ ညနေစောင်းတွင် ဘုရင်ကြီး၏ အဆောင်သို့ ဝါသုလဒတ္တာ ဝင်ရောက်လာသောအခါ ဘုရင်ကြီးက သမီး၏ နဖူးပြင်ကို ထုံးစံအတိုင်း နမ်း၍ နှုတ်ဆက်သည်။ သမီးတွင် တိတ်တဆိတ် ပြောစရာစကား ပါလာသည်ကို အမူအရာမြင်ရခြင်းဖြင့် သိသာသည်။ သို့ဖြစ်၍ အခြံအရံများအား ဘုရင်ကြီးက လက်ပြလိုက်သောအခါ အားလုံးပင် ခန်းဆောင်အပြင်သို့ ထွက်သွားကြသည်။

"ဆိုပါဦးသမီး၊ မန္တာန်သင်ကြားရေး အတော်ခရီးရောက်ပြီလား"

"သိပ်ခက်တာပဲ ခမည်းတော်၊ သမီးဖြင့် တစ်ရက်တည်းနဲ့ စိတ်ကိုကုန်ရော"

"အဖိုးတန်ပညာ၊ အဖိုးတန်ပစ္စည်းဆိုတာ လွယ်တယ်လို့ ဘယ်ရှိမလဲ"

"သူ့မန္တာန်က ရှည်လည်းရှည်တယ်၊ အဆိုရ အရွတ်ရလည်း သိပ်ခက်တာပဲ။ မနေ့ညက ရှေ့ဆုံးတစ်ပိုဒ်တည်းကို သင်ကြားရုံနဲ့ အချိန်ကုန်ခဲ့ရတယ်"

"ကြိုးစားရမှာပေါ့ သမီး"

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ တစ်ဖက်မှာ ကုဋေလူနူကြီး ရှိနေတယ် ဆိုတာကို သိနေတော့ နေရထိုင်ရတာ တထိတ်ထိတ်နဲ့၊ စိတ်မလုံဘူး"

"ကန့်လန့်ကာ ခြားထားတာပဲ၊ နေသာပါတယ်"

"ကိုယ်က ပညာလိုချင်တဲ့သူဆိုတော့ ကြိုးစား သည်းခံပြီး သင်ယူရမှာပေါ့။ ဒါထက် မန္တာန်သင်ကြားမှုမှာ သူ့ဘက်က တောင်းဆိုချက်တစ်ခု ပါလာတယ်။ အဲဒါ လျှောက်ချင်လို့ ခမည်းတော်ဆီ လာခဲ့တာ"

"ဘာများပါလိမ့်"

"မန္တာန်သင်ကြားတဲ့အလုပ်မှာ ဆေးပင်ဆေးဝါးသုံးစွဲမှု၊ နက္ခတ်ကြည့်မှုဆိုတဲ့ ပရိယာယ် အဆောင်အယောင်တွေ လုပ်ဖို့ရှိသတဲ့။ အဲဒါတွေ ပြည့်စုံမှ သင်ကြားမှု အောင်မြင်မတဲ့။ အဲဒီကိစ္စတွေ ဆောင်ရွက်ဖို့အတွက် ဆင်တစ်စီးနဲ့ အချိန်မရွေး နန်းတော်အပြင်ကို ထွက်ဖို့ ဝင်ဖို့ အခွင့်လိုချင်သတဲ့"

ထိုစကားကြောင့် ဘုရင်ကြီးက အံ့အားသင့်ဟန်ဖြင့် ရပ်၍ စဉ်းစား၏။ ဟန်ဆောင် စဉ်းစားခြင်းမျှသာ ဖြစ်သည်။ အမှန်သော်ကား မိမိစီမံကိန်းအတွက် တံခါးတစ်ချပ် ပွင့်လာပြန်သည်ကို ကျေနပ်လိုက်မိခြင်း ဖြစ်သည်။ သို့သော် သမီးကို သိစေ၍ မဖြစ်ပေ။

"ဒါကတော့ ထွက်ပြေးဖို့အတွက် အကြံအစည်လုပ်ပြီထင်တယ်"

"ထင်စရာပါပဲ၊ နို့ပေမယ့် သမီးတော့ ဒီလိုမထင်ပါဘူး။ သူဟာ အကျဉ်းသား ပေမယ့် အသက်ထက် ကတိကို လေးစားမယ့်သူလို့ သမီးထင်တယ်။ ပြီးတော့ သူထွက်ပြေးမယ်ဆိုဦးတော့၊ ဥဇ္ဇေနီဝန်းကျင်မှာ သမီးတို့အင်အားက အပြည့်ရှိနေတာပဲဟာ"

"သမီး ယုံသလား"

"ယုံတယ် ခမည်းတော်၊ မယုံရင်လည်း မန္တာန်သင်ကြားရေးဟာ ခရီးရောက်မှာ မဟုတ်ဘူး"

"ကောင်းပြီ၊ ဒီလိုဆိုရင် ဘဒ္ဒဝတီဆင်မကို နက်ဖြန် သူ့ကို ပေးထားမယ်။ ဆင်ကို ကျွမ်းကျင်သူဆိုတော့ သူ့အဖို့ လွယ်ကူပါလိမ့်မယ်။ မြောက်ဘက်တံခါးမှူး ကိုလည်း အချိမ်မရွေး သူဝင်နိုင် ထွက်နိုင်ဖို့ အမိန့်ပေးထားခဲ့မယ်"

"ထားခဲ့မယ်ဆိုတော့ ခမည်းတော်က ဘယ်သွားဦးမလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခမည်းတော်တို့ နက်ဖြန် တောကစားထွက်ဖို့ အစီအစဉ်လုပ်ထားတယ်။ သုံးလေးရက် ကြာချင်ကြာမယ်၊ တစ်ပတ်လောက် ကြာချင်ကြာမယ်။ ဒီအတွင်းမှာ သမီးက မန္တာန်သင်ကြားရေး ပြီးစီးအောင်လုပ်ထားပေါ့"

"စိတ်ချပါ ခမည်းတော်"

[ ၃ ]

ဝါသုလဒတ္တာ ကျိတ်၍ဝမ်းသာခဲ့သည်။ မိမိစိတ်ကူး အစီအစဉ်များ အလိုက်သင့် အဆင်ပြေလာသောကြောင့် ဖြစ်၏။

တံခါးမရှိ ဓားမရှိ အချိန်မရွေး ဝင်ထွက်ခွင့်ကိုလည်း ရပြီ။ ဆင်တစ်စီးကိုလည်း ရပြီ။ ရိုးရိုးဆင်မဟုတ်၊ ခမည်းတော်လက်သုံး အစွမ်းကောင်း သီးသန့်ဆင်ကိုပင် ရခဲ့သည်။ ထို့ထက် ဝမ်းမြောက်ဖွယ်ကား ဤရက်များအတွင်း ခမည်းတော်တို့ နေ့ရက်အတန်ကြာမျှ တောကစားထွက်ကြမည်ဆိုရာ မိမိတို့ ကြံစည်ချင်သလိုလို လွတ်လွတ်လပ်လပ် ကြံစည်လုပ်ကိုင်နိုင်မည်ကြောင့် ဖြစ်၏။

ခမည်းတော် တောကစားထွက်မည်ဆိုလျှင် စစ်ဘက်နယ်ဘက်မှ အရေးပါသူများ လိုက်ပါကြစမြဲဖြစ်သည်။ မိမိတို့ အကြံအစည်အတွက် ဆယ်ရေးတစ်ရေး အခက်အခဲရှိလာသည် ဆိုဦးတော့၊ ဥဇ္ဇေနီအတွင်း အရေးပါသူများ မရှိချိန်ဖြစ်၍ အသက်ရှူပေါက် များစွာရမည် ဖြစ်သောကြောင့် ဖြစ်သည်။

စဏ္ဍပဇ္ဇောတဘုရင်၏ ကိုယ်ပိုင်ယာဉ် ငါးမျိုးမှာ ဥဇ္ဇေနီတွင်သာမဟုတ်၊ နိုင်ငံအနှံ့ပင် နာမည်ကြီးလှ၏။ ဆင်နှစ်စီး၊ မြင်းနှစ်ကောင်နှင့် ခြေမြန်တော်တစ်ဦးတို့ ဖြစ်ကြ၏။ စဏ္ဍပဇ္ဇောတ၏ သီးသန့်ယာဉ်များဖြစ်၍ အခြားနေရာတွင် မသုံးရ။ ဘုရင်ကြီး အသုံးလိုမှ လိုအပ်သလို အသုံးပြုသော ယာဉ်များဖြစ်သည်။

ဘဒ္ဒဝတီဆင်မသည် တစ်နေ့လျှင် ယူဇနာငါးဆယ်တိုင် သွားနိုင်၏။ ကာကမည်သော ကျွန်သည် တစ်နေ့လျှင် ယူဇနာ ခြောက်ဆယ်တိုင် သွားနိုင်၏။ စေလကဏ္ဍီနှင့် မုဉ္စကေသီမည်သော မြင်းနှစ်ကောင်သည် တစ်နေ့လျှင် ယူဇနာ တစ်ရာတိုင် သွားနိုင်၏။ နာဠာဂီရိမည်သော ဆင်ကြီးသည်ကား ယူဇနာ တစ်ရာ့နှစ်ဆယ်တိုင်အထိ သွားနိုင်သည်။

နာမည်ကြီးသော်လည်း သူတို့ကို ခြေဆန့်လက်ဆန့် ကျေးမွေးပြုစုထားသည်မှ တစ်ပါး အသုံးပြုသည်ကို တွေ့ရခဲသည်။ တမြန်တလောက ရာဇဂြိုဟ်၏ သမား

www.burmeseclassic.com



တော်ကြီး ဆရာဇီဝကသည် စဏ္ဍပဇ္ဇောတ၏ ရောဂါကို ဆေးလာကုရင်း အဆင်မပြေ၍ ထွက်ပြေးရာတွင် ခြေမြန်တော် ကာကအား အသုံးပြုသည်ကိုသာ တွေ့ရဖူး၏။

ခမည်းတော်၏ ယင်းကိုယ်ပိုင်အစွမ်းကြီးယာဉ်ငါးမျိုးအနက်မှ မိမိမျှော်လင့်ဘဲ ဘဒ္ဒဝတီကိုပင် အသုံးပြုခွင့်ပေးလိုက်၍ ဝမ်းသာရသည်။

နောက်တစ်နေ့ ညဉ့်ဦးပိုင်းတွင် မန္တာန်အသင် ရောက်လာသောအခါ ဝါသုလဒတ္တာနှင့်အတူ အိတ်ကြီးနှစ်အိတ် ပါလာသည်ကို တွေ့ရသည်။ အိတ်ကြီးများကို မင်းမှုထမ်းနှစ်ယောက်က ထမ်းယူလာခဲ့ပြီးနောက် ဧည့်ခန်းတစ်နေရာတွင် ထားခဲ့ပြီး လျှင် ပြန်သွားကြသည်။ အဆောင်တွင် တစ်ယောက်မျှမရှိသောအခါ ကန့်လန့်ကာအတွင်းသို့ အတုံ့အဆိုင်းမရှိ ဝါသုလဒတ္တာ ဝင်ရောက်လာသည်။ ဥတေနက အဆင်သင့် ဆီးကြိုပွေ့ပိုက်၏။

"မျှော်လိုက်ရတာ နှမတော် မနေ့က ဘာဖြစ်လို့မလာတာလဲ"

"အစီအစဉ်တွေ လုပ်နေရတယ်။ အစီအစဉ်အတိုင်း ဖြစ်,မဖြစ်ဆိုတာလည်း စောင့်ကြည့်ရသေးတယ်။ ဒါကြောင့်မို့ တစ်ရက်လစ်ဟင်းသွားရပါတယ် မောင်တော်"

"ဘယ်လိုအစီအစဉ်တွေလဲ နှမတော်၊ သိချင်လှပြီ"

"ပြောပါ့မယ်။ အေးအေးဆေးဆေး ပြောတာပေါ့"

"အိတ်ကြီးနှစ်အိတ် ယူလာတာ တွေ့ရပါလား ဘာအိတ်တွေများလဲ"

"မောင်တော်ကို ဆရာစားပေးဆက်ဖို့ ရတနာအိတ်တွေပေါ့"

"မလိုပါဘူး နှမတော်၊ ကောသမ္ဗီမှာ ရတနာတွေ ပေါများလှပါတယ်၊ နှမတော်ကို ရတနာပုံပေါ်မှာတောင် တင်ထားမှာပါ"

"သြော်...ယောကျ်ား...ယောကျ်ား၊ အရေးဟုဆိုဆို အကြံတုံး ဉာဏ်တုံး ဖြစ်ကုန်ကြတာပဲ။ ဒါကြောင့်မို့လို့ ရှေးနီတိဆရာတွေက အရေးကြုံလာရင် မိန်းမကို တိုင်ပင်ရမယ်လို့ ဆိုကြတာပဲ။ ပြီးတော့ ဘယ့်ကလောက် ပညာရှိ အစွမ်းထက်တဲ့ ယောကျ်ားဖြစ်ဖြစ် မိန်းမနဲ့ စပ်မိလာရင် အကြံတုံး အစွမ်းတုံး ဖြစ်ကုန်ကြတာပဲတဲ့"

"ဒီနေ့တော့ မောင်တော်က မသင်ရဘူး။ နှမတော်ဆီမှာပဲ သင်တန်းတက်ရတော့မယ် ထင်ပါရဲ့"

"တော်ပါပြီ၊ မောင်တော့်မန္တာန်ကြီးကိုလည်း မသင်ချင်တော့ပါဘူး။ အဆိုရခက်လိုက်တာ လွန်ရော။ အယ့်...ဟယ်"

www.burmeseclassic.com

www.burmeseclassic.com



"မသင်ချင်လည်းနေပါ၊ သင်ချင်လည်း ကောသမ္ဗီရောက်မှ အေးအေးဆေးဆေး သင်ယူပေါ့။ ပညာကိုတော့ မပုတ်ခတ်ကောင်းဘူးနော်"

"ပျော်လို့ ရယ်စရာပြောတာပါ မောင်တော်၊ မန္တာန်က မောင်တော်တို့၊ ခမည်းတော်တို့မှာသာ အသုံးဝင်မှာပါ၊ နှမတော်အဖို့ ဘာအသုံးဝင်မှာတဲ့လဲ"

"ထားပါတော့ ဘာတွေကြံစည်ပြီး စီစဉ်လာခဲ့တယ် ဆိုတာလည်း ပြောပါဦး"

"ခမည်းတော်နဲ့ တွေ့ပြီးပြီ၊ မောင်တော့်မှာ မန္တာန်သင်ကြားမှုအတွက် ဆေးပင်ဆေးမြစ် ရှာဖို့လိုတယ်။ နက္ခတ်တာရာ ကြည့်ဖို့လိုတယ်။ ဒါကြောင့်မို့ ယာဉ်တစ်စီးနဲ့ ဥဒေနီကို အချိန်မရွေး ဝင်နိုင်ထွက်နိုင်ဖို့ စီစဉ်ပေးပါလို့ တောင်းဆိုတော့ အကုန်လုံး ခွင့်ပြုလိုက်တယ်"

"လွယ်လှချည့်လား၊ မောင်တော်တို့ကို မယုံသင်္ကာ မရှိဘူးလား"

"ရှိချင်လည်း ရှိမှာပေါ့။ နို့ပေမယ့် သူ့အင်အား သူယုံလို့ ခွင့်ပြုတာပေါ့။ ခွင့်ပြုတာမှ ရိုးရိုးတောင်မဟုတ်ဘူး၊ ခမည်းတော်ရဲ့ ကိုယ်ပိုင်ဆင် ဘဒ္ဒဝတီကို အသုံးပြုဖို့အထိ ခွင့်ပြုလိုက်တယ်"

"နှမတော် အစွမ်းထက်လှချည့်လား"

"ဒါတွင်မကသေးဘူး။ ခမည်းတော်တို့ ဒီကနေ့ တောကစား ထွက်သွားကြပြီ။ ဒီလို တစ်ချီထွက်ရင် အနည်းဆုံး ရက်သတ္တပတ်တော့ ကြာစမြဲပဲ။ ဒီအချိန်ဟာ မောင်တော်တို့ နှမတော်တို့ ထွက်ပြေးဖို့ အခွင့်အသာဆုံးအချိန်ပဲ။ ပြီးတော့ အခွင့်သာလိုက်ပုံက နှမတော်တို့ပြေးရင် ကောသမ္ဗီရှိရာ မြောက်ဘက်ကို ပြေးရမယ် မဟုတ်လား။ ခမည်းတော်တို့က တောင်ဘက်ကို တောကစားထွက်ကြတယ်။ အဲဒါတွေ စုံစမ်းနေလို့ မနေ့က မလာဖြစ်တာ"

"ပြေးမယ့်အတူတူ ဘာဖြစ်လို့ ဘဒ္ဒဝတီကို ယူခဲ့ရတာလဲ။ ဘာဖြစ်လို့ နာဠာဂီရိကြီးကို မတောင်းဆိုခဲ့ရတာလဲ"

"အမယ် မောင်တော်က ဥဒေနီရဲ့ လျှို့ဝှက်ချက်တွေတောင် သိနေပါကလား"

"ဒါဟာ လျှို့ဝှက်ချက် မဟုတ်ပါဘူး။ တစ်နိုင်ငံလုံးနဲ့ နိုင်ငံတကာ သိနေတဲ့ အချက်ပါ။ ပြီးတော့ လျှို့ဝှက်ချက် ဆိုတာမျိုးဟာ လျှို့ဝှက်သူတွေက ကိုယ့်ဟာကိုယ် လျှို့ဝှက်တယ် ထင်နေပေမယ့် အများသိနေကြတာချည်းပါပဲ။ ပြီးတော့ ဘုရင်ဆိုတာ နိုင်ငံတစ်ခုနဲ့လည်း အကြောင်းရှိရင် အသုံးပြုနိုင်အောင် နိုင်ငံတကာရဲ့ လျှို့ဝှက်ချက်ကို သိအောင် ကြိုးစားရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"နာဠာဂီရိကြီးကို တောင်းဆိုဖို့ သတိရပေမယ့် ကိုယ့်ဘက်က ဟန်လုပ်ထားရတယ်လေ။ ဟန်မလုပ်ရင် ကိုယ့်အကြံအစည် ပေါ်သွားမှာကို စိုးရိမ်ရတာကိုး။ ဘဒ္ဒဝတီနဲ့လည်း နှမတော်တို့အဖို့ လုံလောက်ပါတယ်။ ဒါလောက်တော့ စွန့်စားကြရမှာပေါ့"

"ဟုတ်ပါတယ်လေ၊ နှမတော်ရဲ့ အစီအစဉ်တွေဟာ ရေပက်မဝင် ဆိုရလောက်အောင် ကောင်းမွန်လှပါတယ်။ ဒီလိုဆိုရင် ဒီနေ့ညပဲ မောင်တော်တို့ ထွက်ပြေးကြမှာလား"

"ဒါလောက် အရင်မလိုနဲ့ဦးလေ။ ဟန်ကိုယ့်ဖို့ဆိုတာ ရှိသေးတယ်မဟုတ်လား။ နက်ဖြန်ကို မောင်တော် ဘဒ္ဒဝတီနဲ့ ဆေးမြစ်ရှာထွက်။ ပြီးတော့ ပြန်လာ၊ သန်ဘက်ခါကိုလည်း ထွက်ပြီးတော့ ပြန်ဝင်။ ဒီလိုနဲ့ နှစ်ရက် သုံးရက်လောက် အယုံသွင်းလိုက်ရင် ရှိနေတဲ့ အစောင့်အရှောက်တွေ သံသယမရှိတော့ဘူးပေါ့။ နောက်တစ်ရက်ကျမှ မောင်တော်ရော ဟိုအိတ်နှစ်အိတ်ကို ဆင်ပေါ်တင် တစ်ကြိုးတည်းထွက်"

"အိတ်နှစ်အိတ်က ဘာလုပ်ဖို့လဲ"

"ရတနာတွေလေ၊ တစ်အိတ်ထဲမှာ ငွေတွေ၊ တစ်အိတ်ထဲမှာ ရွှေတွေ။ ထွက်ပြေးလို့ မတော်တဆ လိုက်လာသူတွေရှိရင် အဲဒီရတနာတွေကို ဆင်ပေါ်ကနေ ကြဲချ။ လိုက်လာတဲ့သူတွေ ရတနာတွေ ကောက်ရင်းနဲ့ ကျန်ရစ်ခဲ့"

"ကောင်းလိုက်တဲ့ အစီအစဉ်ဗျာ။ နှမတော်ဟာ အဂ္ဂမဟေသီ နေရာနဲ့ တကယ့်ကို ထိုက်တန်လှပါပေတယ်။ အဂ္ဂမဟေသီ မြှောက်မယ်လို့ အရင်ပြောတာက အချစ်စိတ်ကြောင့် ပြောခဲ့တာ။ အခုတော့ တကယ့်ကို ထိုက်တန်တဲ့ သူလေးမို့ အလေးအနက် ဖြစ်လာပါတယ်"

"သိပ်လည်း မမြှောက်နဲ့လေ"

"မြှောက်တာမဟုတ်ပါဘူး ဘုရင်ကတော်၊ အကြီးအကဲကတော်၊ အဂ္ဂမဟေသီဆိုတာဟာ အကြီးအကဲရဲ့ တာဝန်ကို တစ်စိတ်တစ်ဒေသ ထမ်းဆောင်ရသူလည်း ဖြစ်ပါတယ်။ အကြီးအကဲကတော် ဟန်ရင် နိုင်ငံသာတယ်၊ အကြီးအကဲကတော် မဟန်ရင် နိုင်ငံနာတယ်"

"နားဝင်ချိုလိုက်ပါဘိ မောင်တော်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

နောက်တစ်နေ့တွင် ဝါသုလဒတ္တာ၏ အစီအစဉ်အရ ဘဒ္ဒဝတီကို ကကြိုးတန်ဆာ ဆင်၍ ဆင်တင်းကုပ်မှ ဥတေန၏ ညည့်နန်းဆောင်အနီးသို့ ရွှေ့ပြောင်းထားရသည်။ အသုံးပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ နေ့တိုင်း ညည့်နန်းဆောင်အနီးတွင် ထားရန် ဖြစ်သည်။

အမှန်အားဖြင့် ဆင်ဟူသည် သူ့ကို အသုံးပြုရန်အတွက် နိုင်နင်းယဉ်ပါးအောင် လေ့ကျင့်ထားပြီးသော ဆင်ထိန်းဦးစီး လိုသည်။ လူစိမ်းတစ်ယောက် ဝင်ရောက်ကိုင်တွယ်၍ မဖြစ်နိုင်ပေ။ သို့ရာတွင် ဥတေနဘုရင်အဖို့မူ မွေးကတည်းကပင် တောထဲတွင် ဆင်များဖြင့် ကျွမ်းဝင်နားလည်သူ ဖြစ်၍လည်းကောင်း၊ ဟတ္ထိကန္တဆင်နိုင်မန္တာန်၏ အရှိန်အစော်ကြောင့်လည်းကောင်း ယဉ်ကျေးအောင် သင်ကြားထားပြီးသော မင်းစီးဆင်ကို အပထား၍ တောတွင်းမှ ဆင်ရိုင်းကြီးများပင်လျှင် ဘုရင်ဥတေနအဖို့ ပင်ကိုအားဖြင်ပင် အသားကျပြီး ဖြစ်သည်။

ထို့ကြောင့် နေ့လယ်ပိုင်းတွင် ဘဒ္ဒဝတီကို လှပစွာစီး၍ မြောက်တံခါးမှ ထွက်၏။ ညနေပိုင်းတွင် ဆေးပင် ဆေးမြစ်အဖြစ် တွေ့ကရာ အပင်မျိုးစုံကို တင်ကာ ပြန်၍ဝင်လာ၏။ ထိုအချိန်သည်ကား ဘုရင်ဥတေနအား နီးစပ်ရာလူအများက စတင်တွေ့ရှိကြရသော အချိန်ဖြစ်ရာ ပျို့ရွယ်လှပ၍ နာမည်ကျော်မင်းစီးဆင်ကြီးကို နိုင်နင်းကျင်လည်စွာ အသုံးပြုနိုင်သော ဥတေနဘုရင်ကို သုံးခေါက်မျှ ထွက်လိုက် ဝင်လိုက်၊ သွားလိုက် ပြန်လိုက်နှင့် ရင်သပ်ရှုမောတွေ့ကြရသည်။

စတုတ္ထနေ့ မြို့တံခါးမှအထွက်တွင်မူ ခါတိုင်းထက် ခပ်သွက်သွက် မောင်းနှင်လာသော ဘဒ္ဒဝတီ၏ ကျောပေါ် ဆင်ပေါင်းအတွင်း၌ သမီးတော် ဝါသုလဒတ္တာပါ ပါရှိလာသည်ကို အစောင့်အမှုထမ်းတို့ တွေ့ရှိကြသောအခါ ဥတေနထံတွင် ဝါသုလဒတ္တာက မန္တာန်သင်ကြားနေသည်ဟု တစ်စွန်းတစ်စ ကြားသိထားရသော မင်းမှုထမ်းတို့အဖို့ ပထမတွင် ဇဝေဇဝါရှိနေရာက မသင်္ကာဖွယ် အမူအရာတို့ကို တွေ့မြင်ရသောကြောင့် ဖမ်းဆီးလိုသော်လည်း သမီးတော်ကိုယ်တိုင်၏ အရေးအခင်းဖြစ်သည်လည်းတစ်ကြောင်း၊ ဘုရင်မင်းမြတ် ကိုယ်တော်တိုင် အခွင့်အရေးပေးထားသူလည်း ဖြစ်၍ မဖမ်းဆီးဝံ့ဘဲ ဘုရင်ကြီး တောကစားရာ တောနန်းဆီသို့သာ ခြေမြန်တော်များ လွှတ်၍ အမိန့်နာခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါ၊ အကျဉ်းသား ဥတေနဘုရင်ဟာ ရွှေနန်းရှင် တောကစားထွက်တဲ့ ရက်ကစပြီး ဘဒ္ဒဝတီနဲ့ ဆေးပင်အရှာဆိုပြီး မြို့ပြင်ထွက်ပါတယ်ဘုရား"

"ငါပေးခဲ့တဲ့အမိန့်ပဲ၊ အဲဒါ ဘာဖြစ်သလဲ"

"ဒီနေ့တော့ မြို့ပြင်ထွက်ရာမှာ ဆင်ပေါ်မှာ သမီးတော်ကိုပါ တွေ့ရလို့ မသင်္ကာလို့ လာရောက် အမိန့်နာခံကြောင်းပါ"

"ဟော...ငါအထင်သားပဲ၊ မင်းတို့ လိုက်မဖမ်းဘူးလား"

"သမီးတော် အရေးအခင်းဖြစ်နေတော့ မဆုံးဖြတ်ဝံ့လို့ အမိန့်လာနာခံရကြောင်းပါဘုရား"

"လိုက်...လိုက်၊ ချက်ချင်းလိုက်။ မြို့ပြင်မှာ ဆေးပင်ရှာနေတယ် ဆိုရင်လည်း ဖမ်းပြီးခေါ်ခဲ့။ ထွက်ပြေးတယ် ဆိုရင်လည်း မမီမချင်းလိုက်။ တွေ့ရာနေရာမှာ ဖမ်းပြီး ပြန်ခေါ်ခဲ့။ သွားကြ"

ခြေမြန်တော်တမန်များ ချက်ချင်းထ၍ အသော့ထွက်ခဲ့ကြသည်။ တောင်နှင့်မြောက် လွှန်းထိုးသလို တစ်ကျော့ပြန်၍ လိုက်ကြရမည်ဖြစ်၍ မီဖို့မလွယ်။ သို့သော် အမိန့်တော်ဖြစ်၍ မီလိုမီငြား အစွမ်းကုန် ကြိုးစား၍ လိုက်ကြရပေမည်။

မင်းမှုထမ်းများအဖို့ သံသယစိတ်နှင့် မရှင်းမလင်း ဖြစ်ကြရသည်ကား ဥတေနဘုရင်နှင့် သမီးတော်တို့သည် အစွမ်းကောင်းသော ဘုရင့်သီးသန့်ယာဉ် ဘဒ္ဒဝတီဖြင့် ထွက်ပြေးကြခြင်းဖြစ်ရာ အစောကြီးကပင် အချိန်ဦး၍ ထွက်သွားကြသူများကို တောင်နှင့်မြောက် ဤမျှတစ်ကျော့ပြန်၍ အမီလိုက်ကြရမည် ဖြစ်ပါလျက် ဘဒ္ဒဝတီထက် ပို၍လျင်မြန်၊ ပို၍စွမ်းသော သီးသန့်ယာဉ် နာဠာဂီရိဆင်ကြီး၊ သို့မဟုတ် မြင်းနှစ်စီးကို အသုံးပြုရန် အဘယ့်ကြောင့် အမိန့်မပေးပါသနည်းဟူသော သံသယပင် ဖြစ်ပေသည်။

ဘုရင့်သီးသန့်ယာဉ်များကို ဘုရင်ကိုယ်တော်တိုင် အမိန့်မပေးဘဲနှင့် မည်သည့်အကြောင်းကြောင့်ပင်ဖြစ်စေ သုံးစွဲနိုင်ခွင့် မရှိပေ။ အလားတူ ဆရာဇီဝက ထွက်ပြေးခဲ့သောကိစ္စတွင် ခြေမြန်တော် ကာကကို အသုံးပြုခဲ့သောကြောင့် မီခဲ့သောထုံးရှိပါလျက် ယခုကိစ္စတွင်မှ ခြေမြန်တော် ကာကကိုလည်း အသုံးပြုရန် အမိန့်မပေးခဲ့ပေ။ ယင်းသို့ဖြင့် ဝန်ထမ်းများ၊ အထူးသဖြင့် အကြီးအကဲများစိတ်တွင် အမိန့်တော်ကြောင့် လိုက်ကြရ၍ ဖွင့်၍ပင် မပြောဝံ့ကြသော်လည်း ဥတေနကို ဖမ်းဆီးခဲ့စဉ် အချိန်မှစ၍ အဆင်တစ်မျိုး၊ အမြင်တစ်မျိုး ဖြစ်ခဲ့ရသော အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ရပ်များကိုလည်း သတိရကြကာ သံသယစိတ်ကလေးများ တွဲခိုလျက်ရှိခဲ့ကြပေသည်။

မိမိတို့က ဥဇ္ဇေနီမှ အချိန်များစွာစော၍ ထွက်ခဲ့ကြသောကြောင့်လည်းကောင်း၊ အကယ်၍ လိုက်လံဖမ်းဆီးကြမည် ဆိုဦးတော့ တောကစား ထွက်လျက်ရှိသော ခမည်းတော်ထံသို့ သွားရောက်၍ အမိန့်နာခံရဦးမည်ဟု အတွင်းရေးကို အစင်းသိသော ဝါသုလဒတ္တာ၏ အကြံပေးစကားကြောင့် လည်းကောင်း၊ ဆင်လည်း သက်သာ၍ နမတော်လည်း မမောစေရန်လည်းကောင်း၊ နောက်မှ လိုက်ပါလာသော မည်သည့် အရိပ်အခြည်ကိုမှ မတွေ့၍လည်းကောင်း ဥတေနနှင့် ဝါသုလဒတ္တာတို့သည် ဘဒ္ဒဝတီကို ခပ်မှန်မှန်စီး၍သာ ထွက်ခွာလာခဲ့ကြ၏။ လမ်းတွင် ရေအိုင်တွေ့သောနေရာ၌ ဘဒ္ဒဝတီကို ရေတိုက်ရင်း တစ်ထောက်တစ်နားပင် နားနေခဲ့ကြပေသေးသည်။

ဥဇ္ဇေနီနိုင်ငံနှင့် ကောသမ္ဗီနိုင်ငံတို့သည် မဝေးကွာလှပေ။ ဆင်နှင့်ဆိုလျှင် နေ့ဝက်ခရီးမျှ ဖြစ်သည်။ ဆရာဇီဝက ထွက်ပြေးစဉ်က ဤဘဒ္ဒဝတီဖြင့်ပင် ဥဇ္ဇေနီမှ နံနက်စောစော ထွက်ခဲ့ရာ ရာဇဂြိုဟ်နှင့် ဥဇ္ဇေနီ နှစ်နိုင်ငံအကြားတွင်ရှိသော ဥတေနဘုရင်၏ ကောသမ္ဗီတွင် နံနက်စာစားခိုက် နောက်မှ လိုက်လာသော ခြေမြန်တော်ကာက မီခဲ့သည်။ ဆရာဇီဝက,က ပြန်ပေးလိုက်၍သာ ဥဇ္ဇေနီဘုရင် လက်သို့ ဤဘဒ္ဒဝတီဆင်မကြီး ပြန်လည်ရရှိခဲ့ခြင်း ဖြစ်သည်။

ယင်းသို့ဖြင့် မိမိကို ဥဇ္ဇေနီဘုရင်က ဖမ်းဆီးခဲ့စဉ်အချိန်၌ မိမိတပ်မှ ကျွံ၍ ထွက်လာခဲ့သော ကောသမ္ဗီနိုင်ငံအစပ် တောတန်းကို မနီးမဝေးတွင် လှမ်း၍မြင်ရသော နေရာသို့ ရောက်လာသောအခါ နောက်မှလိုက်လာသော ဥဇ္ဇေနီ မြင်းသည်တော်များကို နောက်ပိုင်းမှစီးသော ဝါသုလဒတ္တာက လှမ်း၍ မြင်ရသောကြောင့်…

"မောင်တော်ရေ…ဘဒ္ဒဝတီကို အသော့နှင်ပေတော့၊ ရန်သူတွေ နောက်က လိုက်လာကြပြီ"ဟု ပြောလိုက်သည်။

"ကိစ္စမရှိပါဘူး နမတော်၊ ရှေ့ကမြင်ရတဲ့ တောတန်းဟာ မောင်တော်တို့ ကောသမ္ဗီနယ်စပ်ပါပဲ။ နယ်စပ်မှာ ကောသမ္ဗီတပ်သားတွေက မောင်တော့်ကို စောင့်မျှော်နေကြမှာ သေချာပါတယ်၊ ဟောဟိုမှာ ဆင်တွေ မြင်းတွေ လှုပ်လှုပ် ရှရှကိုတောင် မြင်နေရပြီ"

"အေးအေးချမ်းချမ်းနဲ့ လွတ်ရင် ပိုကောင်းတာပေါ့ မောင်တော်"

www.burmeseclassic.com

www.burmeseclassic.com



ဥဇ္ဇေနီနှင့် ကောသမ္ဗီ လမ်းမကြီးမှာ ကုန်သည်ယာဉ်မျိုးစုံတို့ သွားရာလမ်းဖြစ်သောကြောင့် ထင်းထင်းကြီး ဖြောင့်ဖြူးချောမောလျက်ရှိ၏။ ရှေ့တွင် ဘဒ္ဒဝတီ ထီးထီးမားမားကြီးကို မြင်ရသောအခါ ဥဇ္ဇေနီရဲမက်တို့ အားသွန်၍ လိုက်လာကြသောကြောင့် နီးကပ်လာသယောင် ရှိသည်။

ဤနေရာတွင် ဝါသုလဒတ္တာက အိတ်များကိုဖွင့်၍ ရွှေတုံးရွှေခဲ၊ ငွေတုံးငွေခဲများကို ကြဲချလိုက်သောအခါ နေရောင်တွင် ရွှေတုံး ရွှေခဲကလေးများသည် ရွှေလမ်း ငွေလမ်း ခင်းထားသည့်ပမာ ဝင်းဝင်းလက်လက် ပြန့်ကျဲလျက်ရှိ၏။ နောက်မှ လိုက်ပါလာကြသော ဥဇ္ဇေနီ ရဲမက်များကလည်း ဆင်ပေါ်မှ ကြဲချနေသည်ကို လည်းကောင်း၊ နေရောင်တွင် တလက်လက် ဝဲပျံ၍ကျလာသော ရတနာများကို လည်းကောင်း လှမ်း၍ မြင်ကြရသည်။ သင်းတို့သည် ရတနာများကို ဆင်း၍ မကောက်ဘဲ နေနိုင်ကြမည်လော။

ဝါသုလဒတ္တာ၏ အတွေးသည် မှန်၏။ ပြန့်ကျဲလျက်ရှိသော ရတနာများကို တွေ့ရသောအခါ ဥဇ္ဇေနီရဲမက်များသည် အလုအယက် ဆင်း၍ ကောက်ကြသည်။ သို့ရာတွင် ရွှေတုံးရွှေခဲကလေးများသည် သူတို့ ထမ်းဆောင်ခဲ့ရသည့် တာဝန်အတွက် အခကြေး လာဘ်လာဘသဖွယ်မျှသာ ဖြစ်ရသည်။ အကြောင်းကား သူတို့လိုက်လျှင်လည်း မမီနိုင်တော့ဘဲ ဘဒ္ဒဝတီသည် ကောသမ္ဗီတောစပ်သို့ ရောက်ရှိပြီဖြစ်ရာ ကောသမ္ဗီတောစပ်တွင် မိမိသခင် မပြန်မချင်း စောင်းကြို့လျက်ရှိသော ကောသမ္ဗီ ရဲမက်တို့က မိမိတို့ဘုရင်ကို မြင်ကြရသောအခါ အလုံးအရင်းနှင့် ဆီးကြိုတွဲခေါ်သွားကြသောကြောင့် ဖြစ်သည်။

ဘုရင်ဥတေနအဖို့ ဥဇ္ဇေနီစွန့်စားခန်းမှာ ရက်အတန်ကြာပင် ကြာသော်လည်း စိတ်ဝင်စားဖွယ် အတွေ့အကြုံများနှင့်အတူ ချစ်လှစွာသော ကြင်ရာတော်ကိုလည်း ရခဲ့သောကြောင့် မမေ့နိုင်သော အတွေ့အကြုံ ဖြစ်ခဲ့ပေသည်။ မှန်လှပေ၏။ ကောသမ္ဗီသို့ ပြန်ရောက်၍ အချိန်အနည်းငယ်အတွင်းမှာပင် ဝါသုလဒတ္တာအား တောင်ညာစံ အဂ္ဂမဟေသီအဖြစ် တင်မြှောက်သည်။

ထူးဆန်းသည်ကား သမီးတစ်ယောက်လုံး ပါသွားသည်သာမက အဖိုးတန်ကိုယ်ပိုင်ဘဒ္ဒဝတီဆင်မကြီးကိုပါ ယူသွားသောကြောင့် ကောသမ္ဗီနှင့် ဥဇ္ဇေနီတို့အဖို့ နောက်ပိုင်းတွင် ပြည်ရေးပြည်ရာ ပြဿနာကြီး တက်လာရတော့ဦးမည်လောဟု

www.burmeseclassic.com

www.burmeseclassic.com



ထင်မှတ်ရသော်လည်း မည်သည့်ပြဿနာမျှ ပေါ်မလာခြင်းပင် ဖြစ်ပေ၏။ ပြဿနာ မပေါ်ရုံမျှမဟုတ်၊ အချိန်အနည်းငယ်အတွင်းမှာ ဥဒ္ဒေနီနှင့် ကောသမ္ဗီတို့သည် ရွှေလမ်း ငွေလမ်းကြီးပွင့်ကာ ချစ်ကြည်လှသော နိုင်ငံများ ဖြစ်လာကြသည်။

ထိုမျှသာမကသော အမြတ်သည်ကား ကောသမ္ဗီတွင် ခက်ခဲစွာ ပြုစုခဲ့ရသော ဘုရားရှင်၏ သာသနာတော်သည် ကောသမ္ဗီတွင် အမြစ်တွယ်လာသောအခါ သမီးတော် ဝါသုလဒတ္တာမှတစ်ဆင့် ဥဒ္ဒေနီသို့ ကူးစက်လာသောကြောင့် ကောသမ္ဗီနှင့် ဥဒ္ဒေနီတို့သည် မေတ္တာကို အရင်းတည်သော သာသနာ့နိုင်ငံတော်များ ဖြစ်လာကြခြင်းပင် ဖြစ်ပေသတည်း။

◆

www.burmeseclassic.com

www.burmeseclassic.com



# လုဂုဏ်ဝင့်သူ

[ ၁ ]

အကြင်အမျိုးသမီးတစ်ယောက်အတွက် အရေးအကြီးဆုံးကိစ္စမှာ လှလိုခြင်းပင်ဖြစ်၏။ အမျိုးသမီးမှန်လျှင် လှသူလည်း လှ၏။ မလှသူလည်း လှ၏။ အကြောင်းမူကား လှသူက လှ၍၊ မလှသူကလည်း လှသည်ဟု ထင်သည်။ ပုခက်မှ ခေါင်းတွင်းအထိ အချိန်ရှိသမျှ လှအောင် မပြတ် ကြိုးပမ်းသည်။ ထို့ကြောင့်ပင် နီတိဆရာများက "ဣတ္ထိနံ–မိန်းမတို့၏၊ ဓနံ–ဥစ္စာကား၊ ရူပံ–အဆင်းတည်း"ဟု ဆိုသည် မဟုတ်လော။

မလှသူကပင် လှသည်ဟု ထင်စေသော် တကယ်လည်း လှ၍ မိမိအလှကို မိမိလည်း သိ၍ မြင်မြင်သမျှ ယောကျ်ား မှန်သမျှကို တိမ်းမူးစေသဖြင့် သမီးအလှကြောင့်ပင် မိဘနှစ်ပါးအဖို့ အခက်အခဲ တွေ့နေရသော မာဂဏ္ဍီအဖို့ မိမိအလှတွင် အဘယ်မျှ မူးယစ်မည်၊ မာန်ယစ်ပေမည်ကို အလွယ်တကူပင် စဉ်းစားနိုင်၏။

အလှကြောင့် အလှမာန် ယစ်စေရုံမျှမက သူ့အလှမာန်ကို ဆောင်းပေးလိုက်သော အကြောင်းအချက်ကလည်း ရှိနေပေသေး၏။ ထိုအကြောင်းအချက်ကား မာဂဏ္ဍီ၏ မိဘနှစ်ပါးသည် နှစ်ဦးစလုံးပင် ကောသမ္ဗီပြည်၏ ကျော်ကြားသော လက္ခဏာဆရာကြီးများ ဖြစ်ကြပေရာ မိမိတို့၏ သမီးသည် အလှဂုဏ်ရှိရုံမျှသာမက အမျိုးသမီးတို့၏ ဘဝအထွတ်အထိပ်ဖြစ်သော မိဖုရားဇာတာ ပါလာသူဖြစ်ကြောင်း သိရှိကြသဖြင့် အလှကြောင့် သမီးလေး လမ်းလွဲရောက်သွားမည်ကို စိုးရွံ့ကြရှာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အကြောင်းမှာ သမီးလေးသည် မျိုးစေ့ကောင်းသော်လည်း မြေကောင်း နေရာကောင်းတွင် ပေါက်ဖွားလာရသူမဟုတ်၊ ကောသမ္ဗီ၏ အဆွယ်အပွားမျှ ဖြစ်သော ကုရုရစ်တိုင်း၊ ကမ္မာသဒမ္မခေါ် ကျေးလက်နိဂုံးတွင်သာ ပေါက်ဖွားလာရ ရှာသူ ဖြစ်သည်။ ထို့ကြောင့် သမီးလေး၏ ရှေ့ရေးကို တွေးပူကာ မိဘနှစ်ပါးက–

"ချစ်သမီး…သမီးသည် ပုဗ္ဗေစ ကတ ပုညတာ ရေးဘုန်း ရေးကံ ကြီးမား၍ မိဖုရားဇာတာ ပါလာသူဖြစ်သည်။ သို့ရာတွင် အဘယ်မျှ ရေးဘုန်းရေးကံ ကြီးမား၍ အဘယ်ဇာတာမျိုး ပါလာသည်ပင်ဖြစ်စေ မိမိကိုယ်ကို ထိန်းသိမ်းစောင့်စည်းမှု တည်းဟူသော သတ္တသမ္မာ ပဏ္ဍိမိဖြင့် ပြည့်စုံအောင် ကြိုးစားမှ မိမိလိုရာ ပန်းတိုင်သို့ ရောက်နိုင်သည်။ မိမိကိုယ်ကို စောင့်ထိန်းမှုသည် ပညာရှိ သူတော်ကောင်း၊ လူကောင်း သူကောင်းနှင့်သာ ပေါင်းဖော်မှီဝဲခြင်း သပ္ပုရိသူပနိဿယစက်နှင့် ပြည့်စုံအောင် သတိဖြင့် ကြိုးစားရသည်။

"ကြီးပွား တိုးတက်နိုင်သူတို့အား ကြီးပွား တိုးတက်စေအပ်သော စက်လေးပါး ရှိသည့်အနက် သမီးမှာ ရေးဘုန်း ရေးကံ စက်တစ်ပါးနှင့် ပြည့်စုံသူဖြစ်ပြီး စက်နှစ်ပါးကို ပြောခဲ့ပြီး ဖြစ်သည်။ ကျန်စက်တစ်ပါးမှာ သင့်တင့်လျောက်ပတ်သော အရပ်၌ နေထိုင်ရခြင်းတည်းဟူသော ပတိရူပဒေသဝါသစက် ဖြစ်သည်။

"မိဖုရားဇာတာပါလာသော သမီးလေးသည် အမှန်အားဖြင့် မိဖုရားဖြစ်နိုင်သော ကောသမ္ဗီတို့လို ဘုရင့်ရွှေမြို့တော်ကြီးများတွင်သာ နေထိုင်သင့်သူဖြစ်သည်။ သို့ရာတွင် အဖေ အမေတို့မှာ နေနိုင်စွမ်း မရှိသောကြောင့် ဇနပုဒ်တွင်သာ နေနေရသည်။ ဤချွတ်ယွင်းမှုအတွက် သမီးက မဆင်ခြင်လျှင် ဇနပုဒ်တွင် သူကြီးကတော်ထက် ပို၍ ဖြစ်နိုင်ဖွယ်မရှိ။ ထို့ကြောင့် သမီးက အနေအထိုင် အပေါင်းအသင်း ဆင်ခြင်ပါဘိ။ အဖေတို့ကလည်း သမီးအထွတ်အထိပ်ဆုံး ရောက်အောင် ကြိုးစားပေးမည်"ဟု ဆုံးမစကား ပြောကြားထားရသည်။

အမှန်အားဖြင့် ယင်းသို့ စိုးရိမ် ကြောင့်ကြစကား ပြောကြားရန်ပင် မလိုလှ။ အကြောင်းမှာ မာဂဏ္ဍီက မိမိအလှကို သိ၍ အလှဂုဏ်တက်သူ ဖြစ်သည်။ ဇနပုဒ် ဝန်းကျင်မှ ဝဲလာသမျှသော ရွှေစွန်ညိုများအား မိမိနှင့် တူသည် တန်သည် ထင်သူမဟုတ်။ အထိုက်အလျောက်သာ ဆက်ဆံပြီး ရှောင်တိမ်းနိုင် လျစ်လျူရှုနိုင်သူ ဖြစ်သည်။ လက္ခဏာပညာ၏ အမြင်တွင် မိခင် ဖခင်တို့၏ သဘောထားနှင့် တစ်သားတည်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က မာဂဏ္ဍီတို့၏ ကောသမ္ဗီနိုင်ငံပိုင်ရှင်သည် မန္တိုမတိုင်းသားတို့ အထူးအလေးထားသော ဆင်များကို အထူးနိုင်နင်းသူ ဆင်တို့ဘုရင် ဆင်များရှင် ဥတေနဖြစ်၏။ ဘုရင်ဥတေနသည် မင်းပျိုမင်းလွင် ဖြစ်သည်။ မာဂဏ္ဍီ၏ မိခင်ဖခင်များက အကယ်၍သာ မိမိတို့ သမီး၏အလှ၊ သမီးလေး၏ အသွင်အပြင်ကို ဥတေနဘုရင် မြင်သာ ကြားသာအောင် ပြနိုင်ခဲ့ပါလျှင် မိဖုရားတစ်ဦးနေရာသို့ မုချရောက်ဖို့ရှိကြောင်း ဗေဒင်လက္ခဏာ ပညာအရလည်း သိသည်။ အတွေးအခေါ်အားဖြင့်လည်း သိသည်။

သို့ရာတွင် အဘိုးကြီး အဘွားကြီးများက ဥတေနဘုရင်ကို သဘောမကျလှ။ အကြောင်းမှာကား ဥတေနဘုရင်သည် တောတွင်းတွင် ကြီးပြင်း၍ တောတွင်းမှ တက်လာသူ ဖြစ်သောကြောင့် ရိုင်းသည်။ ကြမ်းတမ်းသည်။ အတွေးအခေါ် အမြော်အမြင် နည်းသည်။ ထို့ကြောင့် မောင်းမမိဿံ မိဖုရားများ အလယ်၌ မိမိတို့၏ လှသောသမီးကလေးအဖို့ မလိုတမာမှုများကြောင့် ဒုက္ခရောက်ဖွယ်ရှိသည်ဟု မြင်သည်။ ထို့ပြင် သမီးကလေးကလည်း ခပ်ရိုင်းရိုင်း ခပ်ထန်ထန်ကြောင့် ဘုရင့်နန်းတော်တွင် ပြဿနာမျိုးစုံ ပေါ်လာနိုင်သည်။ မာဂဏ္ဍီ၏ အလှမာန်ကြောင့်လည်းကောင်း၊ ပင်ကိုစရိုက်အားဖြင့်လည်းကောင်း ခပ်ထန်ထန် မာကျောကျောရှိနေသော သဘောထားကို မိဘနှစ်ပါးတို့ သိပြီးဖြစ်၏။

မာဂဏ္ဍီအဖို့ အသင့်လျော်ဆုံးနေရာမှာ အမျိုးသမီးတို့၏ ကိစ္စအားလုံးတွင် စိုးပိုင်မှုရှိသော မိဖုရားခေါင်ကြီးနေရာပင် ဖြစ်သည်။ မိဖုရားခေါင်ကြီး ဖြစ်နိုင်သော ဇာတာရှင်လည်း ဖြစ်၏။ သို့သော် ဥတေန နန်းတော်တွင်ဖြင့် မိဖုရားခေါင်ကြီး မဖြစ်နိုင်။ ထို့ကြောင့် မိဖုရားခေါင်ကြီး ဖြစ်နိုင်သော အခွင့်အရေးကို စောင့်ငံ့ရှာဖွေသည်။

မန္တိုမတိုင်း၌ ပဒေသရာဇ်၊ ဧကရာဇ်တို့ ပေါ်များလှစွာ၏။ ပဒေသရာဇ်၊ ဧကရာဇ်တို့ ဖြစ်နိုင်သော ဇာတာရှင်တို့လည်း မရှိနိုင်ပါလော။ လက္ခဏာပညာဖြင့် ကျော်ကြားသော မိမိတို့ထံသို့ လူမျိုးစုံ လာရောက်ချဉ်းကပ် မေးမြန်းကြသည်။ အချို့သည် ရုပ်ဖျောက်၍လာသော မင်းစိုးရာဇာများ ဖြစ်သည်ကို တွေ့ရ၏။ ထိုသူများကို သတိထား၍ ကြည့်ပါ။ ထိုသူတို့တွင် မိမိတို့သမီးနှင့် ထိုက်တန်သော ဇာတာရှင် လက္ခဏာရှင် မပါနိုင်သလော။ ထိုအချိန်တွင်ပင် ဘုရားရှင်နှင့် တွေ့၏။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

ကယ်ချွတ်ထိုက်သူကို ကယ်ချွတ်ဖို့ရန်မှာ ဘုရားရှင်၏ တာဝန်တော်တစ်ရပ် ဖြစ်၏။ သံသရာဝဋ်မှ ကျွတ်ထိုက်သော သတ္တဝါတို့ကို ကယ်ချွတ်လိုသော အဓိက ဆန္ဒ ကရုဏာစိတ်ကြောင့်ပင် သုမေဓာ ဘဝကတည်းက နိဗ္ဗာန်သို့ ကူးနိုင်ခဲ့ပါလျက် တစ်ကိုယ်ကောင်းစိတ် မမွေးဘဲ ကယ်ချွတ်နိုင်သော ဘုရားရှင် အဖြစ်သို့ရောက် အောင် ကြိုးပမ်းခဲ့သည် မဟုတ်ပါလော။

ထို့ကြောင့် နံနက်အရုဏ်တက် ဉာဏ်စခန်း အထူး ကြည်လင်ရာဖြစ်သော အချိန်တွင် ကယ်ချွတ်ထိုက်သော သတ္တဝါတို့အား သဗ္ဗညုတ ရွှေဉာဏ်တော်အမြင် အတွင်းသို့ သွင်သွင်းကြည့်ရှုရသည်မှာ ဘုရားရှင်၏ တာဝန်တော်တစ်ရပ် ဖြစ်သကဲ့ သို့ မည်သည့်အခက်အခဲမျိုးပင် ရှိနေသည်ဖြစ်စေ ထိုသတ္တဝါအား ကယ်ချွတ်ပေး တော်မူခြင်းမှာ အလွန်ကြမ်းသော အာဠာဝကဘီလူး၊ အင်္ဂုလိမာလတို့ကို ကယ်ချွတ် ခဲ့ခြင်းဖြင့် ထင်ရှားပြီ မဟုတ်ပါလော။

ထိုနေ့က ရွှေဉာဏ်တော်တွင် ထင်လာသော မာဂဏ္ဍီ၏ မိဘနှစ်ပါး လက္ခဏာ ဆရာကြီးများကို ကယ်ချွတ်ဖို့ရန်၌ အခက်အခဲကလေးများကို တွေ့မြင်တော်မူ၏။ သို့ရာတွင် ယင်းအခက်အခဲဟူသည် ဖော်ပြပါ လူကြမ်း၊ ဘီလူးကြမ်းကြီးများကို ကယ်ချွတ်ရာတွင် တွေ့ကြုံရသော အခက်အခဲနှင့် နှိုင်းစာသော် မဆိုစလောက်မျှ ဖြစ်ပေသည်။

ထို့ကြောင့် ဘုရားရှင်သည် မာဂဏ္ဍီ၏ မိဘများနေထိုင်ရာ ကုရုရစ်တိုင်း၊ ကမ္မာသဒမ္မနိဂုံးသို့ ကိုယ်တော်တစ်ပါးတည်း အချိန်ကိုက်၍ ကြွချီတော်မူ၏။

ဤတွင် ဖော်ပြရန် ရှိသည်ကား ထိုအချိန်က မဇ္ဈိမတိုင်း၊ အထူးသဖြင့် ဘုရားရှင် သာသနာတော်နှင့်အတူ သာသနာမျိုးစုံ၊ ဆရာ ဘုရား အမည်ခံသူမျိုးစုံ၊ ပရဗိုဇ်ရဟန်းတို့ ထွန်းကားရာ မဇ္ဈိမတိုက် မြောက်ပိုင်းမှ ရဟန်းတို့အကြောင်း ဖြစ်၏။

ဘုရားရှင် သာသနာတော်မှ ရဟန်းနှင့် ပရဗိုဇ် ရဟန်းတို့၏ အသွင်အပြင် သည် ဣန္ဒြေအားဖြင့်သာ ကွာခြား၍ သာမန်အချိန်များ၌ လူနှင့် ရဟန်း ကွာခြားရုံမျှ အသွင်တူ အဆင်တူလိုလို ရှိခဲ့ကြသည်။ ထို့ပြင် ကောသမ္ဗီ၏ ဓနပုဒ်လိုနေရာကို အပထား၍ ကောသမ္ဗီသားတို့၏ အမြင်တွင် ရဟန်းဟူသည် ယခင်က ရှိနေနှင့် သော ပရဗိုဇ် ရဟန်းနှင့် အတူတူချည်းသာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ဘုရားရှင်၏ အလေ့တော် တစ်ရပ်မှာ သာမန်အချိန်များ၌ ပုဂ္ဂလဝိသေသအဖြစ် ထင်ထင်ပေါ်ပေါ် မဖြစ်အောင် အကြောင်းရှိလျှင် မြို့ထဲရွာထဲသို့ အများနည်းတူ သာမန်ရဟန်းများနှင့် ရောနှော၍ ဆွမ်းခံကြွခြင်း၊ ဒေသစာရီကြွခြင်း အမှု ပြုလုပ်တတ်ခြင်းဖြစ်သည်။

ယခု ကောသမ္ဗီဇနပုဒ်သို့ ကြွချီတော်မူလာရာ၌ မာဂဏ္ဍီကို အကြောင်းပြု၍ပင် မကြာမီသောအချိန်၌ မြေရှင်း လူစိမ်းတို့၌သာနေ ကောသမ္ဗီတွင် အနစ်နာခံကာ သာသနာမျိုးစေ့ ချမှတ် စိုက်ပျိုးရန်လည်း ဖြစ်သည်။

ဘုရားရှင်သည် အကြင် သတ္တဝါတစ်ဦးအား ကယ်ချွတ်ရာ၌ ငါးကြင်းသားကို ငါးကြင်းဆီဖြင့် ကြော်ဘိသကဲ့သို့ ထိုသတ္တဝါတို့၏ စရိုက်၊ ထိုသတ္တဝါတို့၏ အာရုံလေ့ကျက်ရာဖြင့် ဥပမာဆောင်၍၊ နည်းလမ်းပြု၍ ဆုံးမ ကယ်ချွတ်တော်မူလေ့ ရှိသည်ကို သိကြပြီးဖြစ်၏။ အပြေးသန်၍ ခက်ထန်လှသော အင်္ဂုလိမာလကို သံသရာသို့ ပြေးသော တရားဖြင့် ဥပမာဆောင်၍ ကယ်ချွတ်၏။ တန်ခိုးကြီးသော အာဠာဝက၊ နန္ဒောပနန္ဒတို့လို သတ္တဝါတို့ကို တန်ခိုးဖြင့် ကယ်ချွတ်၏။ သစ္စက တို့လို ပညာရှင်ကို ပညာဖြင့် ကယ်ချွတ်၏။ လက္ခဏာဆရာကြီးများကို လက္ခဏာ ဖြင့် လမ်းကြောင်းပေးကာ ကယ်ချွတ်ရမည် မဟုတ်ပါလော။

ထိုနေ့က ဘုရားရှင် ကြွလာခိုက်တွင် မာဂဏ္ဍီ၏ မိဘနှစ်ပါးသည် အကြောင်း တစ်ခုဖြင့် ရွာပြင် ခရီးမှ ဖြတ်၍ သွားလာခိုက်နှင့် ကြုံကြိုက်၏။ ထို့ကြောင့် ဘုရားရှင်သည် အဘိုးကြီး အဘွားကြီးများ ရောက်လာမည့် ခရီးလမ်းရှိ မြေပြင် ပျော့ပျော့ချောချော နေရာတစ်ခုတွင် လက္ခဏာဆရာကြီးတို့ မြင်သာအောင် ခြေတော်အစုံကို ချနင်းတော်မူပြီးနောက် မလှမ်းမကမ်းနေရာသို့ ရှောင်တိမ်းတော်မူ ကာ လက္ခဏာဆရာကြီးနှစ်ဦး၏ အခြေအနေကို စောင့်ကြည့်တော်မူသည်။

သတ္တဝါတို့၏ အလေ့အထတစ်ရပ်မှာ မိမိတို့အလုပ်၊ မိမိတို့ အလေ့အထ အလျောက် ပတ်ဝန်းကျင်ကို ဂရုစိုက် ရှုမြင်ခြင်းဖြစ်၏။ ထို့ကြောင့် ရှေ့ကသွား၍ ဘုရားရှင်၏ ခြေတော်ရာကို ရှေးဦးစွာမြင်သော အဘိုးကြီးက အံ့ဩတုန်လှုပ်သော အာမေဋိတ်အသံဖြင့် "တွေ့ပြီဟေ့...ရှင်မရေ တွေ့ပြီဟိတ်"ဟု အော်လိုက်သောအခါ အဘွားကြီးက "ဘာတွေများ တွေ့နေပါလိမ့်၊ အလန့်တကြားရှိလိုက်တာ ကိုရင် ရယ်"ဟု ပြောရင်း အနီးသို့ တိုးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီမှာ ကြည့်လှည့် ရှင်မရေ၊ စာထဲ ကျမ်းပုံစံထဲမှာသာ တွေ့ဖူးတဲ့ လက္ခဏာ၊ သိပ်ထူးတဲ့ခြေရာ၊ စကြဝတေးမင်းလောင်းရဲ့ ခြေရာ အရေးအကြောင်းတွေနဲ့ ထင်ထင်ရှားရှားကြီး ပေါ်နေလိုက်တာ"

အဘွားကြီးက ထူးခြားလှသော ခြေတော်ရာကို သေသေချာချာရှုရင်း "ထူးလိုက်ပုံကတော့ အံ့ဖွယ်ခြေရာပါပဲ။ သို့ပေမယ့် ကိုရင်က သမီးလေးအတွက် ရည်ရွယ်နေဟန်တူတယ်"

"ဒါပေါ့...ရှင်မရဲ့၊ ငါတို့မှာ ဒီကိစ္စထက် အရေးကြီးတာ ဘာများရှိသေးလို့လဲ"

"ကိုရင်တော့ ဒီတစ်ချီလည်း လွဲပြန်ပြီ ကိုရင်ရေ့..."

ထိုစကားကြောင့် အဘိုးကြီးက အဘွားကြီးကို မျက်စောင်းထိုး၍ ကြည့်လိုက်သည်။

ရုပ်ပြကောင်းသော ယောကျ်ားသူ ဖြစ်သောကြောင့် အလုပ်စခန်းတွင် အဘိုးကြီးကို ရှေ့တန်းတင်သော်လည်း လက္ခဏာပညာတွင် အဘွားကြီးက ပိုထက်သည်။ အမြင်စူးသည်။ ထို့ကြောင့် နှစ်ယောက်ချင်း ပညာခန်းတွင် အဘိုးကြီးအဖို့ အဘွားကြီး၏ ဝေဖန်ခံရပေါင်း များခဲ့လေပြီ။ ယခုလည်း မိမိအမြင်ကို လွဲပြီဟု အဘွားကြီးက ဆိုလိုချင်ဟန် တွေ့နေရပြန်၏။

"ခြေရာက ကောင်းလွန်းအားကြီးနေတယ် ကိုရင်ရဲ့။ ကျွန်မဖြင့် နတ်ဒေဝတာများက ကျွန်မတို့ဆန္ဒကို သိနေလို့ လှည့်စားလေရော့သလားတောင် ထင်မိတယ်။ ဒီခြေရာက ဘယ့်ကလောက် ကောင်းသလဲဆိုရင် ရုတ်တရက်ကြည့်ရင် စကြာမန္တတ်တို့ ခြေရာမျိုးလို့ ထင်ရပေမယ့် စေ့စေ့စပ်စပ်ကြည့်ရင် ဒို့ထက်မကဘူး"

"ဒါကတော့ ရှင်မစကား လွန်နေပြီထင်တယ်။ လူ့လောကမှာ စကြာမန္တာတ်ထက် ကြီးတဲ့သူများ ရှိသေးရဲ့လား"

"ရှိပါပြီလားကိုရင်ရယ်၊ ဒါကြောင့်မို့ ကိုရင့်ကို ကျမ်းမစုံသေးဘူးလို့ ပြောပြောနေတာပေါ့။ ဒီခြေရာက စကြာမန္တာတ်ထက် ကြီးမားတဲ့သူရဲ့ခြေရာ၊ ကိလေသာကုန်တဲ့ ခြေရာ၊ လူ့လောကနဲ့ ကင်းလွတ်နေတဲ့ ခြေရာပဲ ကိုရင်ရဲ့။ ဒါကြောင့်မို့ ကိုရင့်အဟောလည်း လွဲတယ်၊ သမီးလေးအတွက် ရည်မှန်းချက်နဲ့လည်း လွဲတယ်လို့ပြောတာ ကိုရင်ရေ့"

"ရှင်မ ဘာပဲပြောပြော ဒီတစ်ခါတော့ ကျုပ်မယုံနိုင်ဘူး ရှင်မရေ့။ ရှင်မပြောတဲ့ ကိလေသာကုန်ခန်းတဲ့သူဆိုတာ ဒီလောကမှာ ရှိနေနိုင်သတဲ့လား။ ခြေရာ

www.burmeseclassic.com



ဟာ လတ်လတ်ဆတ်ဆတ်ကြီး ရှိသေးတယ်။ ဝေးဝေးမရောက်နိုင်သေးဘူး။ ရအောင်ရှာပြီး အကဲခတ်မယ်။ အခွင့်သာရင် ခြေရာရှင်ကို သမီးလေးကို ထိုးအပ်ဖို့အထိ စီစဉ်မယ်။ လာ...ရှင်မ...တို့ ခြေရာရှင်ကို လိုက်ရှာရအောင်။ ခြေရာရှင်တွေ့ရင် အနည်းဆုံး တို့အဖို့ ပညာတိုးနိုင်တာပေါ့ကွာ"ဟုဆိုကာ အဘိုးကြီးက ရှေ့မှ ထွက်ခွာသွားသည်။

အဘွားကြီးက ပြုံးရင်း "ကြည့်ကြသေးတာပေါ့လေ"ဟု ပြောကာ နောက်က လိုက်သည်။

ကြာကြာမရှာရ၊ ခရီးတူရူ မနီးမဝေးရှိ သစ်တစ်ပင်၏ ခြေရင်းတွင် လက်ယာခြေဖဝါးပေါ်အောင် တင်ပျဉ်ခွေ၍ ထိုင်တော်မူနေသော ဘုရားရှင်ကို တွေ့ရသောအခါ အဘိုးကြီးက ခြေတော်ရာ တွေ့စဉ်ကအတိုင်း ဝမ်းသာအားရစွာဖြင့်ပင် "တွေ့ပြီဟေ့ ရှင်မရေ၊ တွေ့ပြီဟိတ်"ဟု အော်လိုက်မိပြန်ရာက မိမိတို့မှာ သမီးရှင်ဖြစ်သည်ကတစ်ကြောင်း၊ ခြေရာရှင်ပုဂ္ဂိုလ်မှာ ရဟန်းရှင် ဖြစ်နေသည်က တစ်ကြောင်းတို့ကြောင့် ကိုယ်ရှိန်သတ်လိုက်ပြီးလျှင် ဇနီးဖြစ်သူကို တီးတိုးလက်တို့စကားဖြင့် အိမ်မှ သမီးလေးကို ပြန်၍ခေါ်စေကာ ဘုရားရှင်အနီးသို့ ချဉ်းကပ်၍ ဖဝါးလက္ခဏာမျှသာမက တစ်ကိုယ်လုံးရှိ လက္ခဏာကြီးငယ်ကို အကဲဖြတ်ရင်း နှုတ်ဆက်စကား ပြောကြားသည်။

ရဟန်းတို့ ပေါများလှသော မဇ္ဈိမတိုက်တွင် လူဝတ်မှ ရဟန်းဝတ်သွားသူများ ရှိသကဲ့သို့ ရဟန်းဘဝမှ လူဘဝသို့ ပြန်လည်သူများလည်း ရှိသည်။ အထူးသဖြင့် ပရိဗိုဇ်ရဟန်းတို့လောကတွင် ဤသို့ ဖောက်လွဲဖောက်ပြန်လုပ်သူများ ပို၍ပေါများသည်။ ပရိဗိုဇ်ရဟန်းတို့ဖြင့် ဆက်ဆံခဲ့ရသော အဘိုးကြီး အဘွားကြီးများအဖို့ ဘုရားရှင်အားလည်း ပရိဗိုဇ် ရဟန်းတစ်ပါးကဲ့သို့ပင် မှတ်ထင်ကာ သီလအမြင်ဖြင့် အထင်မကြီးလှ။ သို့ဖြစ်၍ ခြေဖဝါးလက္ခဏာမျှမက စေ့စေ့စပ်စပ် အကဲဖြတ်လိုက်သောအခါ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာငယ်တို့ဖြင့် ပြည့်စုံ၍ ပျိုမျစ်နုနယ် အရွယ်ကောင်းရှိသေးသော ဤပုဂ္ဂိုလ်ထူးအား မိမိတို့၏ လှသော သမီးကလေးကို ပြ၍ ဆွဲဆောင်ရသော် အလွယ်တကူ ရနိုင်ဖွယ်ရှိသည်ဟု အဘိုးကြီး စဉ်းစားသည်။

ထို့ပြင် ရဟန်းဆိုသည်မှာ အတွယ်အတာမရှိ။ အလျဉ်းသင့်သလို သွားလာလှည့်ပတ်နေတတ်သည်။ ယခုတွေ့သည့်ခိုက်တွင် အချိန်ဆိုင်းငံ့မနေဘဲ မိမိတို့ကသူ

www.burmeseclassic.com



ပွင့်ပွင့်လင်းလင်း ပြောပြဖို့ လိုမည်ဟုလည်း လက္ခဏာဆရာကြီး စဉ်းစား၏။ သို့ဖြစ်၍ သမီးကလေးအား ကြော့ကြော့မော့မော့ ပြင်ဆင်၍ ခေါ်ဆောင်လာသော မိခင်ဖြစ်သူနှင့်အတူ ဘုရားရှင် ရှေ့မှောက်သို့ ရောက်လာကြသောအခါ လက္ခဏာဆရာကြီးက ဆိုင်းမဆင့် ဗုံမဆင့် ဆိုသကဲ့သို့ မိမိတို့၏ဆန္ဒ လိုရင်းကိစ္စကို ဘုရားရှင်အား တည့်တည့်တင်တင်ပင် လျှောက်ထား ပြောကြားလိုက်ပါသည်။

"အရှင်ရဟန်း...ကျွန်ုပ်တို့သည် ဤဇနပုဒ်မှုမက ကောသမ္ဗီနေပြည်တော်သို့ပင် ကျော်ကြားသော လက္ခဏာဆရာကြီးများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့တွင် သမီးကလေးတစ်ယောက်ရှိ၍ ယခု အရှင်ရဟန်း၏ ရှေ့မှောက်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ ဤသမီးကလေးသည် ရှင်ရဟန်းမြင်သည့်အတိုင်းပင် ရုပ်ဆင်းကြန်အင် ပြည့်စုံရုံမျှမက မိဖုရားဖြစ်လတ္တံ့သော ရှေးဘုန်း ရှေးကံ ဇာတာလက္ခဏာပါရှိလာသူ ဖြစ်သည်။

"အရှင်ရဟန်း...ရှင်ရဟန်းသည်လည်း အကယ်၍ လူဝတ်နှင့်သာ ဖြစ်ခဲ့ပါမူ သာမန်ကြီးစားရုံမျှဖြင့် စကြာမင်္ဂလာတ်အဖြစ်သို့ ရောက်နိုင်သော လက္ခဏာရှင်ဖြစ်ကြောင်း သိရှိရပါသည်။ သို့ဖြစ်၍ အရှင်ဘုရားအား ကျွန်ုပ်တို့၏ဆန္ဒကို ပွင့်လင်းစွာ ပြောကြားလိုသည်မှာ ရှင်ရဟန်းအား ကျွန်ုပ်တို့၏ သမီးလေးကို ပေးအပ်လိုပါသည်။ ထူးသောဇာတာရှင် နှစ်ဦးဖြစ်သော ရှင်ရဟန်းနှင့် ကျွန်ုပ်တို့၏ သမီးလေးတို့ ပူးပေါင်း၍ ကြိုးစားလိုက်လျှင် ဤလောကတွင် အထွတ်အထိပ်ဘဝသို့ ရောက်ကြမည်မှာ မလွဲပါ။ သို့ဖြစ်၍ ရှင်ရဟန်းသည် လူထွက်ပြီး ကျွန်ုပ်တို့၏သမီးအား သိမ်းပိုက်ဆောင်ကြဉ်းပါလော့"

အဘိုးကြီးအဖို့ ကြီးမားသော ရည်မှန်းချက်၊ ပြင်းပြသော ဆန္ဒကြောင့် သမီးဖခင်တစ်ယောက်အနေဖြင့် စတင်မပြောသင့် မပြောအပ်သော စကားကို ပြောကြားလိုက်ရသော်လည်း လူငယ်တစ်ဦးအပေါ်တွင် လူကြီး၏ စိုးမိုးမှုမျိုးဖြင့် ပိုင်ပိုင်စီးစီး ပြောနိုင်ခြင်းကားမဟုတ်၊ မဝံ့မရဲ ပြောခြင်းမျိုးမျှ ဖြစ်သည်။ အကြောင်းမူကား လူငယ်လူရွယ်ပင် ဖြစ်သော်လည်း သူမတူအောင် ကြီးမားသော သိက္ခာ၊ မိမိတို့ မတွေ့ဖူး မကြုံဖူးသည့် ရုပ်ဏ္ဍြေတစ်မျိုးဆောင်လျက်ရှိသော ဘုရားရှင်၏ အသွင်မှုကြောင့် ဖြစ်သည်။

ထို့ကြောင့် ကိလေသာ မရှိဆိုသော အဘွားကြီး၏ စကားများ မှန်နေလေရော့ သလားဟု အဘွားကြီးကို လှည့်ကြည့် အကဲခတ်ရင်းဖြင့် ပြောကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးကမူ မလှုပ်မယှက် အလိုက်သင့်နေလျက် ရှိသည်။

သို့ရာတွင် မတွေ့စဖူး မကြုံစဖူးသော ဤမြင်ကွင်းထူးသော ဘုရားရှင်ကို တွေ့လိုက်ရစဉ်ကပင် အဘိုးကြီးကဲ့သို့ ကိုယ်ဟန်မပျက် ဘုရားရှင်ထံသို့ ကိုင်းညွတ်သောကိုယ်ဟန်၊ ရိုကျိုးသော အမူအရာဖြင့်သာ အလိုက်သင့် ရပ်လျက်ရှိသည်။ အပါးက မာဂဏ္ဍီအဖို့ လင်သားတော်စပ်ရမည့် ဘုရားရှင်အား တွေ့လိုက်စဉ်ခဏပင် တစ်ချက်မျှ အကဲခတ်လိုက်ပြီးနောက် အံ့လောက်သော ယောကျ်ားတစ်ယောက် ပါပေတကားဟု အတွင်းသဘောက သိမ်းပိုက်လိုက်မိသော်လည်း မိန်းမတို့မာန်၊ အပျိုတို့ဟန်ဖြင့် ဘုရားရှင်သို့ ခပ်စောင်းစောင်းရပ်ကာ ဖြစ်ပေါ်လာမည့် အခြေအနေကို အကဲခတ်လျက်ရှိသည်။

အဘိုးကြီး လျှောက်ထားပြီးချိန်တွင် ဘုရားရှင်က ခေတ္တမျှ ရပ်ဆိုင်းပြီးနောက် "ဒါယကာကြီး၊ ဒါယိကာမကြီးတို့"ဟု တရားဟောစကားပြောရန် အာလုပ်စကား စတင်လိုက်သောအခါ ရုပ်လက္ခဏာမျှသာမဟုတ်၊ အသံကလည်း ထူးခြားစိုးပိုင်လှသောကြောင့် သမီးဂုဏ်ဖြင့် မာန်တင်းထားသော အဘိုးကြီးပင်လျှင် ရိုညွတ်ဦးလျှိုး၍ သွားသည်။

"ငါဘုရားသည် သင်တို့သမီးကဲ့သို့ပင် လှသော အမျိုးသမီး မောင်းမမိဿံပေါင်း သောင်းခြောက်ထောင်နှင့်တကွ လက်တွင်းသို့ ရောက်လာသော ထီးနန်းစည်းစိမ်ကိုပါ စွန့်လွှတ်ခဲ့သူ ဖြစ်သည်။ လူမိန်းမ၊ လူ့စည်းစိမ်ကို ထားပါဦးတော့။ ငါဘုရားသည် ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်သောအခါ ဝသဝတ္တီနတ်ပြည်ကို ပိုင်စိုးသော မာရ်နတ်မင်းသည် သူ၏သမီး သုံးယောက်ကို သင်တို့ကဲ့သို့ပင် လာရောက်ဆက်သသည်ကို စွန့်ပယ်ခဲ့ပေသည်။ လူမိန်းမတို့ထက် အဆရာထောင် လှသော ချောသော သန့်စင်ကြည်လင်သော နတ်မိန်းမများကိုပင် စွန့်ပယ်ခဲ့သော ငါဘုရားအဖို့ အရေပြား တစ်ထောက်မျှသာလှ၍ အရေပြား၏အောက်တွင် ကျင်ကြီးကျင်ငယ်၊ သလိပ်၊ နှပ်၊ သွေး၊ အပုပ်အသိုးတို့မျှဖြင့် ပြည့်လျှမ်းလျက်ရှိသော သင်တို့သမီးမျှဖြင့် အဘယ်မှုစအံ့နည်း"

"ဒါယကာကြီး၊ ဒါယိကာမကြီးတို့...မိန်းမနှင့် တကွသော ယင်းလူ့စည်းစိမ်၊ နတ်စည်းစိမ်များကို အဘယ့်ကြောင့် ပစ်ပယ်ခဲ့သနည်း။ အကြောင်းမူကား... လူ့စည်းစိမ်၊ စကြာမင်္ဂလာတ်စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ် စသော ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှသော စည်းစိမ်ဆိုသမျှဟူသည် မျက်လှည့်ပမာ

www.burmeseclassic.com

www.burmeseclassic.com



သန်လျက်သွားတွင် တင်သော ပျားရည်ကဲ့သို့ ဆင်းရဲဒုက္ခမျိုးစုံကိုသာ ဖြစ်စေကြောင်း ငါဘုရား သိမြင်တော်မူခဲ့လေပြီ။ ထို့ကြောင့် ကတိုးရုပ် ထင်နေသော်လည်း အသိုးအပုပ်မျှသာဖြစ်သော သင်တို့သမီးအား သိမ်းပိုက်ဖို့ မဆိုထားဘိ ခြေဖျားနှင့်မျှ မထိမတို့လိုပါ"

အစွန်နှစ်ဖက်ရောက်သော တရားစကားဖြစ်၏။ မရောက်၍လည်း မဖြစ်ပေ။ သာသနာတော်တွင်းသို့ ရောက်လာလတ္တံ့သော ဤဥပါသကာ၊ ဥပါသိကာမကြီးများအဖို့ လိုအပ်၍ ပြက်ပြက်ထင်ထင် မြင်လာစေရန် ဟောတော်မူရခြင်း ဖြစ်သည်။ အကြောင်းသော်ကား ဤသူနှစ်ဦးသည် ကာယဂတာသတိ အခြေခံရှိခဲ့သူများဖြစ်ကြောင်း ဘုရားရှင် မြင်တော်မူသည်။ ထို့ကြောင့် သုံးဆယ့်နှစ်ကောဋ္ဌာသတရားထင်ရှားစေရန် ပေါ်ပေါက်လာသော အကြောင်းနှင့် ဆက်၍ ဟောတော်မူခြင်းဖြစ်သည်။ ဟောတော်မူသည့်အတိုင်းပင် အဘိုးကြီး အဘွားကြီးများအဖို့ တစ်ထိုင်တည်းဖြင့်ပင် အနာဂါမ်ဖိုလ်စခန်းသို့ တက်လှမ်း၍ သွားနိုင်ကြသည်။ ဤကား တစ်ဖက်စွန်းဖြစ်၏။

[ ၄ ]

တစ်ဖက်စွန်းဇာတ်လမ်းကား ရှည်လျားကျယ်ပြန့်လှပေ၏။

အကြင်အမျိုးသမီးတစ်ယောက်အဖို့ လှသည်ဖြစ်စေ၊ မလှသည်ဖြစ်စေ သူ့အလှကို ထိခိုက်လာပြီဆိုလျှင် ထိုထိခိုက်စေမှုသည် ထိခိုက်စေသူအား အကြီးဆုံးသော ရန်သူဖြစ်စေ၏။ လှလည်း လှ၍ လှမာန်ဝင့်သော မာဂဏ္ဍီအဖို့ဆိုသော် အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

ဤရဟန်းသည် ငါ့ကို မလိုချင်လျှင် မလိုချင်ဘူးဟု တစ်ခွန်းပြောလိုက်ရုံမျှဖြင့် ပြီးနိုင်ပါလျက် အသိုးအပုပ်စသော ရွတ်ချစကားဖြင့် ရစရာမရှိအောင် ပြောကြားဘိ၏။ ထို့မျှမက ခြေဖျားနှင့်မျှ မထိလို မတို့လိုဟု ဆိုလိုက်ချေသေး၏။ ကောင်းပြီ၊ အခွင့်သာလျှင် မာဂဏ္ဍီအကြောင်း ကောင်းကောင်းသိစေရမည်။ နေသေးသပ ချုံထဲက–ချိုသွေးသပ တမြမြ။

ဘုရားရှင်၏ တရားစကားအဆုံး၌ အဘိုးကြီး အဘွားကြီးတို့ အနာဂါမ် တည်၍ ဓမ္မပီတိဖြင့် ဦးလျှိုးငြိမ်ဝပ်နေကြသော်လည်း မလိုတမာပြောသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



အထင်ခံရသော မာဂဏ္ဍီကမူ ဒေါသဖြင့် ခြေဆောင့်၍ တစ်ဖက်သို့ လှည့်ထွက်သွားသည်မှာ ခြေကျင်းသံ ချွင်ချွင်မြည်သွားသည်။

တရားစကားပင်ဖြစ်စေကာမူ ခံယူတတ်သူအဖို့ မနောယမ ပတ္တမြားဖြစ်စေသော်လည်း မခံယူတတ်သူအဖို့ ဒေါသ၊ သောက ထွေပြား၏။ မခံယူတတ်သော မာဂဏ္ဍီအဖို့ သူ့အလှကို ထိခိုက်စေသော စကားတစ်လုံး တရားတစ်ထုံးကြောင့် ဘုရားရှင်သည် မာဂဏ္ဍီ၏ ဘဝဆုံးတိုင် ရန်သူကြီး ဖြစ်သွားသည်။ သေသည်အထိ ဘုရားရှင်အား တိုက်ခိုက်သွားသည်။

တိုက်ခိုက်နိုင်လောက်အောင် သူ့အလှဂုဏ်ကြောင့် အကျိုးပေးကလည်း မြင့်တက်လာသည်။ အကြောင်းသော်ကား တရားတော်ကြောင့် အနာဂါမ်ဖိုလ်သို့ တစ်ထိုင်တည်း ရောက်ရှိသွားကြသော မိဘနှစ်ပါးသည် ရဟန်းဘဝသို့ ကူးခဲ့ရာတွင် သမီးလေးအား နည်းပေးလမ်းညွှန်ဖြင့် ညီဖြစ်သူသို့ လွှဲအပ်ခဲ့ရာမှ ညီဖြစ်သူ၏ ကြိုးပမ်းချက်ဖြင့် ကောသမ္ဗီပြည် ဥတေနဘုရင်၏ နန်းတော်တွင် အဆောင်ရ မိဖုရားတစ်ပါး ဖြစ်လာရာတွင် အခဲမကျေနိုင်သော ဘုရားရှင်နှင့် တပည့်သားသံဃာ အသိုင်းအဝိုင်း မှန်သမျှတို့အား စွမ်းအားရှိသမျှဖြင့် ဆန့်ကျင်တိုက်ခိုက်လေတော့သည်။

မိဖုရားတစ်ပါး၏ တန်ခိုးအာဏာဖြင့် သူ့တိုက်ခိုက်မှု ဇာတ်လမ်းဇာတ်ကွက်တို့သည် များပြားလှ၏။ သို့ရာတွင် ထိုများပြားသော အဖြစ်အပျက်များအတွင်းမှပင် ပညာဗဟုသုတ အရာ၌ ဧတဒဂ်ရလောက်အောင် ထူးချွန်သော ခုဇ္ဇုတ္တရာ၊ စံမတူ မေတ္တာရှင် သာမာဝတီ စသော သာသနာ့အသီးအပွင့်တို့ ပွင့်ဖူးထွန်းကားလာရသည်။

အကျိုးကိုမြင်လျှင် အပြစ်ကို မြူမထင်သော ဘုရားရှင်သည် ယင်းသာသနာ့အသီးအပွင့်များ ပွင့်သီးနိုင်ရန်အလို့ငှာ မာဂဏ္ဍီတည်းဟူသော ရန်သူကို မြူလောက်မှ သဘောမထားဘဲ မာဂဏ္ဍီ၏ တန်ခိုးအာဏာ သက်ရောက်ရာ ကောသမ္ဗီသို့ ကြွချီတော်မူလာပြန်၏။

မာဂဏ္ဍီ၏ မိဘနှစ်ပါးကို ကယ်ချွတ်ရန် ကောသမ္ဗီနယ်မြေသို့ ကြွရောက်စဉ်က မထင်မရှား တစ်ပါးတည်း ကြွရောက်ခဲ့ခြင်းမျှဖြစ်၍ ယခု ကြွရောက်ခြင်းကား ဘုရားရှင်၏ ဒါယကာ ကောသမ္ဗီသူဌေးသုံးဦး၏ ပင့်လျှောက်ချက်အရ ရှင်အာနန္ဒာ

www.burmeseclassic.com



တို့ အပါအဝင် နောက်ပါသံဃာတော် အသိုင်းအဝိုင်းဖြင့် ကြွချီတော်မူလာခြင်း ဖြစ်သည်။

ကောသမ္ဗီမှ သူဌေးသုံးဦးသည် သာဝတ္ထိမှ အနာထပိဏ်သူဌေးကို အကြောင်းပြု၍ ဘုရားရှင်အား ဖူးတွေ့ကာ တရားတော်ကို နာကြားကြရရာတွင် ဘုရားရှင်အား ကောသမ္ဗီသို့ ပင့်ဖိတ်၍ ကောသမ္ဗီတွင် ဃောသကသူဌေးက ဃောသိတာရုံဟုလည်းကောင်း၊ ပါဝါရိယ သူဌေးက ပါဝါရိယာရုံဟုလည်းကောင်း၊ ကုက္ကုဋသူဌေးက ကုက္ကုဋာရုံဟုလည်းကောင်း ကျောင်းတိုက်ကြီးသုံးရပ်ကို ဆောက်လုပ်ကာ ဘုရားရှင်အား လှူဒါန်းသည်။

ကောသမ္ဗီတွင် ဘုရားရှင်အတွက် ဤကျောင်းတော်ကြီး သုံးကျောင်းကို ဆောက်လုပ်နေသည် ဆိုကတည်းကပင် ဘုရားရှင်၏ လှုပ်ရှားမှုကို မပြတ်အာရုံပြုလျက်ရှိသော မာဂဏ္ဍီက သိရှိပြီးဖြစ်လေတော့ရာ ကောသမ္ဗီသို့ ဘုရားရှင် ကြွလာသည့်အခါ ကျားနှင့်ဆင လယ်ပြင်မှာ တွေ့စိမ့်မည်ဟု ကြိမ်းမောင်း စီစဉ်ထားသည်။ စီစဉ်ဟန်ကား ပညာမဲ့သူ၊ ဒေါသရှေ့ဆောင်သူတို့ စီစဉ်ပုံအတိုင်း လူမိုက်မွေး၍၊ တံစိုးလက်ဆောင်ပေး၍၊ အရက်သေစာ တိုက်ကျွေး၍ ကောသမ္ဗီသို့ ဘုရားရှင် ဝင်ရောက်ကြွချီလာသည့်အခါ နည်းမျိုးစုံဖြင့် ဆဲရေးခိုင်းသည်။ နှင်ထုတ်ခိုင်းသည်။ မိမိအား 'အပုပ်အသိုးမ'ဟု တစ်ခွန်းအပြောခံရသည်ကို အခွန်းပေါင်းရာထောင်ဖြင့် လူမိုက်ငှား၍ ပြန်လည်ချေပခိုင်းသည်။

မာဂဏ္ဍီအဖို့ တန်ခိုးအာဏာရှိသည့်အပေါ်တွင် ကောသမ္ဗီ လူမိုက်တို့ကို ဘုရားရှင် ဆန့်ကျင်ရေး စည်းရုံးသမှု ပြုရသည်မှာလည်း လွယ်ကူလှ၏။ အကြောင်းမှာ– ဘုရားရှင်တည်းဟူသော နေမင်းရောင်ခြည် ရောက်လာသဖြင့် ကောသမ္ဗီတွင် ရှိနှင့်ပြီးသော မိမိတို့ဆီးနှင်းများ ကွယ်ပျောက်ရမည်ကိုသိသော မိစ္ဆာဒိဋ္ဌိအများက မာဂဏ္ဍီဘက်မှ ကူညီလာကြသည်။

ဤနည်းဖြင့် ဘုရားရှင်နှင့် သံဃာတော်များ ကြွချီလာကြသောအခါ ဘက်တော်သား ဆန့်ကျင်ရေးသမားများသည် ဆဲရေးနည်းဆယ်မျိုး၊ စိတ်ကူးရသမျှ ဆဲရေးနည်းမျိုးစုံတို့ဖြင့် လမ်းတစ်ဖက်တစ်ချက်မှနေ၍ ကြိမ်းမောင်း ဆဲရေးကြလေတော့သည်။ ရည်ရွယ်ချက်ကား– ဘုရားရှင်အား လက်စားချေရုံ၊ အရှက်ရစေရုံမျှ မဟုတ်။ ကောသမ္ဗီမှ ထွက်သွားစေလိုသည်အထိ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှိစေ၊ ဆဲစေ။ လောကနှင့် မကင်းနိုင်သေးသဖြင့် လောကဓံလှိုင်း အနိမ့်အမြင့်တွင် ရံဖန် မျောပါရသေးစေကာမူ အရက်ကိုးမောင်းတိုက်၍ နာဠာဂီရိလို ဆင်ကြမ်းကြီးဖြင့်ပင် အသက်သေစေသည်အထိ လောကဓံဆိုး၊ လောကဓံကြမ်းမျိုး၏ အတိုက်ခံရဖူးသော ဘုရားရှင်၊ ဝေဘာတောင်စောင်းတွင် ကျောက်မောင်းတင်၍ ခြေမတော်တွင် သွေးစိမ်းရှင်ရှင်ထွက်စေသည့် လောကဓံမျိုးဖြင့် ကြုံကြိုက်ခဲ့ဖူးသော ဘုရားရှင်အဖို့ ဆဲရေးခံရခြင်းမျှမည်သည် အဘယ်မှုစလောက်အံ့နည်း။

ဤကား နှိုင်းယှဉ်ချက်အဖြစ်မျှ ပြောဆိုရခြင်းဖြစ်၍ စင်စစ်သော်ကား ကိုယ်တွင်းကိုယ်ပြင် ကိလေသာမှန်သမျှကို ပယ်သတ်တော်မူပြီးကြသော ဘုရားရှင်နှင့် ရဟန္တာအရှင်မြတ်တို့အဖို့ လောက၏ ဆိုးရွားစွာ ရောက်လာသော အပြုအမူများကြောင့်လည်းကောင်း၊ မြင့်ထည်ကြီးမားစွာ ရောက်ရှိ ရရှိလာသော ကောင်းကျိုးသုခများကြောင့်လည်းကောင်း အကြောင်းထူးတော့သည်မဟုတ်။ ကျောက်တိုင်ကြီးသည် အရပ်လေးမျက်နှာတို့မှ တိုက်ခတ်အပ်သောလေကြောင့် မတုန်လှုပ်လေသကဲ့သို့ နကပ္ပတိ မတုန်လှုပ်၊ တုန်လှုပ်စေမှု မှန်သမျှကို ပယ်သတ်ပြီးပြီ။ တုန်လှုပ်သူကား တရားမပြည့်သဖြင့် တရားအောက်ခြေမျှသာ ရှိပေသေးသော ရှင်အာနန္ဒာတည်း။

ထို့ကြောင့် ရှင်အာနန္ဒာက ဘုရားရှင်အား "အရှင်မြတ်ဘုရား...ကောသမ္ဗီသားတို့သည် ကြမ်းတမ်းလှပါသည်။ ဘုရား တရား သံဃာ ရတနာသုံးပါးမှန်းသိသူများမဟုတ်ကြပါ။ သို့ပါ၍ ဤအရပ်တွင် ဘုရားရှင် သီတင်းသုံးရန် သင့်လျော်မည် မဟုတ်ပါ။ အခြားအရပ်သို့ သွားကြပါစို့ဘုရား"ဟု လျှောက်ထားသောအခါ ဘုရားရှင်က ပြုံးတော်မူ၍ "အာနန္ဒာ...လောကဟူသည် လူလိမ္မာတို့နည်းပါး၍ လူမိုက်တို့သာ များသည်။ ကောသမ္ဗီတွင် လူမိုက်များ ရှိသော်လည်း သာသနာ့စစ်မြေပြင်သို့ ဝင်ရောက်လာသော ဆင်ပြောင်ကြီးဖြစ်ပေသည်။ ကောင်းပြီ၊ ကောသမ္ဗီသားတို့ ဆဲရေးခံရ၍ အခြားအရပ်သို့ သွားသည့်အခါ အခြားအရပ်က လူမိုက်များကလည်း ယခုလိုပင် ဆဲရေးသော် အဘယ်သို့ သွားမည်နည်း အာနန္ဒာ"

"အခြားတစ်ပါးဒေသသို့ သွားပါမည်ဘုရား"

"အဲဒီအခြားတစ်ပါးဒေသက ဆဲရေးကြပြန်ရင်ရော"

"အခြားသော အခြားတစ်ပါးသို့ သွားပါမည် ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"အာနန္ဒာ...ဤကဲ့သို့ မဖြစ်သင့်။ တာဝန်ရှိသော ပုဂ္ဂိုလ်ဟူသည် ပေါ်ပေါက်လာသော ကောသမ္ဗီပြဿနာကို တိမ်းရှောင်ခြင်းဖြင့် မဖြေရှင်းသင့်။ စစ်မြေပြင်သို့ ဝင်သော ဆင်ပြောင်ကြီးသည် အရပ်လေးမျက်နှာမှ ကျရောက်လာသော မြားတို့ကို သည်းခံ တိုးဝင်ရသကဲ့သို့ ပေါ်ပေါက်လာသော ပြဿနာကို ပေါ်ပေါက်လာသော နေရာ၌ပင် သည်းခံဝေဖန်ခြင်းဖြင့် ဖြေရှင်းရမည်။

အာနန္ဒာ...ငါဘုရားသည် ကောသမ္ဗီတည်းဟူသော စစ်မြေပြင်တွင် သာသနာ့တိုက်ပွဲဆင်ရန်၊ သာသနာ့ အောင်ပွဲခံရန် ဝင်ရောက်လာသော ဆင်ပြောင်ကြီးဖြစ်ပေသည်။ ငါတို့၌ လက်နက်တကာတို့တွင် သူမတူအောင် စွမ်းသော သည်းခံမှု လက်နက် ရှိကြပြီးဖြစ်သည်။ ယင်းသည်းခံမှု လက်နက်ကို စွမ်းစွမ်းတမံ အသုံးပြုပါဘိ"

"အာနန္ဒာ...ယခုဆဲရေးကြသော ကောသမ္ဗီသား လူမိုက်များသည် အဘယ်မျှ ဒေါသမွေး၍ အဘယ်မျှ ဆဲရေးနိုင်ကြသည်ဆိုစေ ခုနစ်ရက်ထက် ပို၍ ဆဲရေးနိုင်ကြမည် မဟုတ်ပါ။ ဤအတွင်း သည်းခံစိတ်ထား၍ ကိုယ့်တရားကိုသာ ကိုယ်အားထုတ်ပါဘိ။ ကိုယ့်အလုပ်ကိုသာ ကိုယ်လုပ်ပါဘိ။

ဘုရားရှင်၏ အဆဲခံတရားကြောင့် ရှင်အာနန္ဒာနှင့်တကွ ရဟန်းအများ ဓမ္မသံဝေဂ ရကြကုန်သည်။ မှန်၏။ ဘုရားရှင်တို့အဖို့ ပေါ်ပေါက်လာသော ပြဿနာဟူသည် ခုနစ်ရက်ထက် ပိုလွန်းသည် မရှိကုန်။

ဘုရားရှင်၏ ယင်းအဆဲခံတရားကြောင့် သာသနာ့သမိုင်း တစ်လျှောက်လုံးတွင် လူပြိန်းများအထိပင် ယနေ့တိုင်အောင် အသုံးဝင်လှသော စကားရပ် ထွန်းတောက်တည်ရှိလာရသည်။ ယင်းအသုံးဝင် စကားသည်ကား "ကဲ့ရဲ့ ခုနစ်ရက်၊ ချီးမွမ်း ခုနစ်ရက်" ဟူသတည်း။

◆

www.burmeseclassic.com

www.burmeseclassic.com



# ပုလဲမြိုင်

[ ၁ ]

ငြိမ်းချမ်းရေးသမားများအဖို့ အကယ်၍ နေနိုင်ခဲ့ပါလျှင် တစ်ကိုယ်တည်း နေခြင်းသည် အကောင်းဆုံးဖြစ်၏။ တစ်ကိုယ်တည်းမျှပင် မရှိစေတော့ဘဲ ရုပ်ပျောက်၊ နာမ်ပျောက်၊ နိဗ္ဗာန်ရောက်ခြင်းသည်ကား အကောင်းတကာ့ အကောင်းဆုံး အငြိမ်းချမ်းတကာ့ အငြိမ်းချမ်းဆုံးပေတည်း။

သို့ရာတွင် လူဟူသည် ဘ၀တာ၀န်များ ရှိသေးသည့်အလျောက် ပတ်၀န်းကျင်ကို ဖြတ်တောက်ချင်တိုင်း ဖြတ်တောက်၍မဖြစ်။ အထူးသဖြင့် လောကအကျိုး၊ ပရဟိတ ရည်မှန်းချက်ကြီးသူများအတွက် ပတ်၀န်းကျင်ကို ငဲ့ရ ညှာရမြဲဖြစ်သည်။ တစ်ကိုယ်ကောင်းနေလိုလျှင် နေနိုင်ခွင့်ရှိသော်လည်း ပရဟိတအကျိုးဆောင်သူကောင်းများအဖို့ နေရိုးထုံးစံမရှိ၊ ကိုယ်ကျိုးကိုချည်း ကြည့်၍ လျစ်လျူရှုနေခဲ့လျှင် သတ္တ၀ါတို့ ပျက်စီးကြောင်းဖြစ်သည်။ ထို့ကြောင့် "တစ်ယောက်ချမ်းသာကိုယ့်ဖို့ရှာ သတ္တ၀ါအပေါင်း ပျက်စီးကြောင်း"ဟူသော ဆိုရိုးစကားပင် ရှိနေသည် မဟုတ်ပါလော။ ဘုရားရှင်သည်ကား ပရဟိတ လောကကျိုး ရည်မှန်းချက်အမြင့်ဆုံးထားခဲ့သူတည်း။

ထို့ကြောင့် ကိုယ်ကျိုးစွန့်၍ လောကအကျိုး၊ အများအကျိုး၊ သတ္တ၀ါတို့အကျိုးကို သံသရာတစ်လျှောက်လုံး စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်။ ဖြစ်နိုင်ခဲ့ပါလျှင် လောကတည်းဟူသော သမုဒ္ဒရာခရီးကြမ်းတွင် နစ်မွန်းမြုပ်ကြွ ဒုက္ခပင်လယ်ဝေလျက်က် ရှိနေကြသော သတ္တ၀ါအားလုံးကို မိမိ၏ တရားတော်တည်းဟူသော မဂ္ဂင်ရွှေဖောင်ဖြင့် တစ်ယောက်မကျန် ပို့ဆောင်လိုသော မဟာကရုဏာရှင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ကိုယ့်အကျိုး၊ ကိုယ့်ငြိမ်းချမ်းရေးအတွက် အနားပေးရသည့် အချိန်များလည်း လိုအပ်ပေသေးရာ သာသနာတော်အကျိုး၊ အများအကျိုး ဆောင်ရွက်ရင်းက ပတ်ဝန်းကျင်ကိစ္စနှင့် ကင်းသော လွတ်မြောက်ရာသို့ ရှန်းထွက်ရ၏။ ဂိန္ဒကုဋ္ဌ စသော တောတောင်တစ်ခွင်သို့ ရံဖန် တစ်ကိုယ်တည်း ခရီးဒေသစာရီ ထွက်ခဲ့သည်လည်း ရှိ၏။ ရံဖန် စိတ်တူ သဘောတူ တပည့်ကြီးများနှင့် ခရီးထွက်သည်လည်း ရှိ၏။ တစ်ခါတစ်ရံတွင်လည်း တောတောင်စုံမြိုင် ဂူလိုဏ်စသော သဘာဝ ဆိတ်ငြိမ်ဒေသများသို့ပင် မဟုတ်စေကာမူ ကျောင်းတော် ဂန္ဓကုဋီအတွင်းမှာပင် ရဟန်းများအား ဆိတ်ငြိမ်စည်းကမ်း သတ်မှတ်ကာ တစ်ပါးတည်း သီတင်းသုံးရသည်လည်း ရှိ၏။

ယင်းသို့ ဆိတ်ငြိမ်မှု အရပ်ရပ်ကို ရှာဖွေစီစဉ်ခဲ့တိုင်း ပတ်ဝန်းကျင် ဗလိဗောဓ ထွေလာကိစ္စများကို ပြီးပြတ်အောင် ပြင်ဆင်ရခြင်း၊ တပည့်တပန်းများအား အသိပေး အကြောင်းကြားခြင်း စသည်ဖြင့် ဆောင်ရွက်ခဲ့မြဲ ဖြစ်သော်လည်း ယနေ့ ယခုကိစ္စတွင်မူ မိမိဘက်မှ အကြောင်းကြားဖွယ်၊ ကြိုတင်ဆောင်ရွက်ဖွယ် မလိုတော့သဖြင့် တစ်နည်းအားဖြင့် နှစ်သိမ့်ရသည်။

ကိစ္စကား– ကောသမ္ဗီပြည်၊ ဃောသိတာရုံ ကျောင်းတော်တွင် သီတင်းသုံးခိုက် တပည့်သံဃာအများသည် မိမိကိုယ်တိုင် တရားဟောပြ ဆုံးမကာမြစ်၍ မရနိုင်လောက်အောင် စိတ်ဝမ်းကွဲပြားကြမှုပင်တည်း။

စွဲလမ်းတပ်မက်မှုတဏှာ၊ ခက်ထန်တင်းမာမှု မာနနှင့် အယူသည်းမှု ဒိဋ္ဌိတည်း ဟူသော တရားသုံးပါးသည် ဘဝကို အမြစ်တွယ်စေတတ်သော၊ ဆင်းရဲမျိုးစုံကို ချဲ့ထွင်တတ်သော တရားဆိုးများဖြစ်ကြောင်း မိမိသည် အကြိမ်ကြိမ် အထပ်ထပ် ဟောပြောခဲ့ပြီးပြီ။ ဟောပြော၍လည်း ကျွတ်တမ်းဝင်သူတို့ ဝင်ခဲ့ကြပြီ။ ခက်သည်ကား ယခုကိစ္စတွင် ဤတရားဆိုးသုံးမျိုးကို ဆုပ်ကိုင်ထားသူများမှာ မိမိ၏ လက်ရင်းတပည့် ရဟန်းများကိုယ်တိုင် ဖြစ်နေခြင်းကို တွေ့လာရခြင်းပင်တည်း။

ကုဋီရေစရုံးအိမ်တွင် သန့်သက်ရေကလေး ထည့်ထားသည့်ကိစ္စနှင့် ပတ်သက်၍ ဝိနည်းဂိုဏ်းရဟန်းနှင့် အဘိဓမ္မာဂိုဏ်း ရဟန်းတို့ အငြင်းအခုံ ပဋိပက္ခ ဖြစ်လာကြသည်။ သန့်သက်ရေကိစ္စသည် ရေနံဆီ လောင်းထားသည့် အမှိုက်ပုံကို ရှို့လိုက်သော မီးပွားမီးစာမျှဖြစ်၏။ စင်စစ်သော်ကား သာသနာတော်တွင် ရဟန်းသံဃာတို့ သိုက်အုံကြီးမားလာရာ၌ လူ့အသိုက်အအုံတို့၏ သဘာဝအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



အုပ်စုဖွဲ့မှု၊ တပည့်တပန်း အခြွေအရံမွေးမှုများလည်း ကြီးမားလာခဲ့ရာက အုပ်စုခေါင်းဆောင် ပညာရှင် ရဟန်းတို့၏ မာနတံခွန်ထူမှုတည်း။

ပဋိပက္ခသည် တစ်နေ့တခြား ကြီးထွားလာ၏။ ရဟန်းအချင်းချင်း သူ့အုပ်စုကိုယ့်အုပ်စု သိသိသာသာ ကွဲပြားလာကြတယ်။ ရဟန်းတို့ကွဲသော် သူတို့ကိုဆည်းကပ်သော ဒါယကာ ဒါယိကာမတို့အဖို့ ဆိုဖွယ်မရှိ။

ဤပဋိပက္ခ ပြေငြိမ်းရေးအတွက် ဘုရားရှင်သည် တပည့်ရဟန်းများအားစည်းဝေးစေ၍ ညီညွတ်ရေးတရား ဟောတော်မူသည်။ ဟောသည်မှ တစ်ကြိမ်မဟုတ်၊ အကြိမ်ကြိမ် အထပ်ထပ် ဟောတော်မူသည်။ မာန်မာန သိမ်းဆည်းရေးဓမ္မလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ လဋုကိလဇာတ်၊ ဝဋ္ဋဇာတ်၊ ဒီဃိတိကောသလဇာတ် စသော အတုယူဖွယ် ဇာတ်တော်များကို ဆောင်၍ ဆရာကောင်းတို့ တာဝန်အရ ဆုံးမကံမြစ်သော နည်းဖြင့်သော်လည်းကောင်း ဟောကြားတော်မူသည်။

သို့ရာတွင် ပညာမာန၊ ဂိုဏ်းဂဏအစွဲတန်းလန်းဖြင့် ဤရဟန်းတို့ တင်းမာလိုက်ပုံမှာ ဆရာဘုရား ဆုံးမကံမြစ်သည်ကို မနာခံရုံမျှမ ဤကိစ္စတွင် ဆရာဘုရားသည် မိမိဘာသာ အေးငြိမ်းသက်သာစွာ နေတော်မူပါ။ အဓိကရုဏ်းကိစ္စကိုတော့တပည့်တော်တို့တာဝန်သာ ဖြစ်ပါစေဟူသော ဆရာကို တော်လှန်တန်ပြန်သည့်စကားမျိုးကိုပင် အသုံးပြုလာကြသည်။

သည်တော့လည်း ဘယ်သို့ပြုရမည်နည်း။ ပတ်ဝန်းကျင်နှင့် ဆန့်ကျင်ရခြင်း၊ အထူးသဖြင့် အချင်းချင်း အားပြုအားထားပြုအပ်သော အတွင်းသားများနှင့်ဆန့်ကျင်ရခြင်းသည် ဆင်းရဲစေမှုအကြောင်းမျှသာ ဖြစ်၏။ မိမိသည် ဧကစာသမားဖြစ်ပါလျက် သူတို့တပည့်တပန်း ရဟန်းဝန်းကျင်ကို ငဲ့၍ သူတို့နှင့်အတူ နေထိုင်သီတင်းသုံးရခြင်း ဖြစ်သည်။ ယခုသော် မိမိ၏ ဧကစာဆန္ဒ ပြည့်စုံမှုအတွက်အခြေအနေက ပေးအပ်လာသည်ကို အလိုက်သင့် အသုံးပြုရုံမျှသာ ရှိတော့သည်။

ထို့ကြောင့် ဘုရားရှင်သည် ဆယ်ဝါမြောက် ဝါတော်၏ ဝါဆိုဦးရာသီတစ်ရက်တွင် ကောသမ္ဗီမြို့တွင်းသို့ ဆွမ်းခံကြွခဲ့ရာမှ တစ်ဆက်တည်းပင် မည်သူ့ကိုမျှ မပန်ကြား အသိပေးမနေတော့ဘဲ ကောသမ္ဗီမှ ခုနစ်ယူဇနာခန့် အကွာအဝေးရှိပါလိလေယျက ရွာဘက်ဆီသို့ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်မျှကိုပင် အဖော်ပြုကာ ထွက်ကြွတော်မူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

ဆိတ်ငြိမ်မှုဟူသည် ခန္ဓာကိုယ်တွင်း ဆိတ်ငြိမ်မှု၊ ကိုယ်ပဆိတ်ငြိမ်မှုဟူ၍ နှစ်မျိုးရှိ၏။ အကျဉ်းအားဖြင့် အတွင်းဆိတ်ငြိမ်မှုနှင့် အပဆိတ်ငြိမ်မှု ဟူ၍လည်း ခေါ်နိုင်သည်။

ကိုယ်တွင်းဆိတ်ငြိမ်မှု ဟူရာ၌ ဆိတ်ငြိမ် တည်ငြိမ်မှုဟူသည် သူကောင်းတို့ လက္ခဏာ ဖြစ်သည့်အတိုင်း မျက်နှာနှင့် ကိုယ်အမူအရာတွင် တည်ငြိမ်ဆိတ်ငြိမ် ဟန်ဆောင်ထားသော်လည်း ကိုယ်တွင်းမှာမူ တကယ်မငြိမ်းချမ်း မဆိတ်ငြိမ်ဘဲ ဆိတ်ကွယ်ရာ ရလျှင် လှုပ်ရှား ယိမ်းယိုင်သော အတု ဆိတ်ငြိမ်ခြင်းနှင့် အတွင်းစိတ် ဆိတ်ငြိမ်အောင် အလေ့အထုံ ပြုထားသောကြောင့် အတွင်းရော အပြင်ပါ တကယ်တမ်း ဆိတ်ငြိမ်သော အစစ်အမှန် ဆိတ်ငြိမ်ခြင်းဟူသည် နှစ်မျိုးရှိပြန်သည်။

ဘုရား ရဟန္တာ စသော သူကောင်းတို့မှာ အတွင်းရော အပြင်ပါ ဆိတ်ငြိမ် တည်ငြိမ် အေးချမ်းအောင် တရားလုပ်ငန်းဖြင့် ကျင့်ထုံပြီးသူများ ဖြစ်ကြ၏။ သို့ရာတွင် ရေရှည် ဆိတ်ငြိမ်မှုကို ခိုင်ခိုင်မြဲမြဲ အချိန်များများ လိုသောအခါများ၌ ပြင်ပဆိတ်ငြိမ်မှုကို ရှာဖွေကြရသည်။ အကြောင်းမူကား တောတောင် ဂူလိုဏ် စသော ပြင်ပဆိတ်ငြိမ်မှုများသည် အတွင်းဆိတ်ငြိမ်မှုကို ကြီးစွာသော အထောက် အကူပြုသည်။

ပြင်ပဆိတ်ငြိမ်မှု မရှိသော အရပ်တွင် ပြင်ပမှ လှုပ်ရှားတိုက်ခိုက်လာသော အာရုံ ခြောက်ပါးကို သတိတည်းဟူသော စောင်ရမ်းမပြတ်ချ၍ အကာအကွယ် ပြုထားရသည်။ တောတောင်ဂူလိုဏ် ဟူသည် အတိုက်သမား အာရုံခြောက်ပါးတို့ ကင်းဆိတ်ရာ ဖြစ်၏။ မျက်စိအာရုံ၊ နားအာရုံတို့၏ ဆန့်ကျင်ဘက် အဆင်း၊ အသံ စသည်တို့ ကင်းဆိတ်ရာဖြစ်သည်။ ပြောရ၊ ဆိုရ၊ လှုပ်ရ၊ ရှားရ၊ ပတ်ဝန်း ကျင် ထွေလာကီစွတို့ ကင်းဆိတ်ရာ ဖြစ်သည်။ ထို့ကြောင့် ဘုရား အစရှိသော သူတော်ကောင်းတို့သည် အတွင်းဆိတ်ငြိမ်မှုကို အထောက်အကူပြုသော ပြင်ပအာရုံ ခြောက်ပါးတို့၏ ကင်းဆိတ်ရာတွင် ကေစာနေထိုင်မှု တောတောင်ဂူလိုဏ်ကို နှစ်သက်တော်မူကြခြင်း ဖြစ်သည်။

ပါလိလေယျက ပုလဲမြိုင်တောသည် ကေစာသမားများအတွက် ဥရုဝေလ၊ ဂိဇ္ဈကုဋ် စသော ဒေသများကဲ့သို့ ဆိတ်ငြိမ်မှုတွင် ကျော်ကြားသော ဒေသတစ်ခု ဖြစ်ကြောင်း ရှေးမဆွကပင် ဘုရားရှင် သိတော်မူခဲ့ပြီး ဖြစ်သည့်အလျောက်

www.burmeseclassic.com

www.burmeseclassic.com



အလျဉ်းသင့်သော တစ်ချိန်ချိန်၌ ပုလဲမြိုင်တွင် သီတင်းသုံးရန် လျာထားတော်မူခဲ့ပြီး ဖြစ်သည်။ ၎င်းပြင် ဤဒေသသို့ ကြွရန် အခြားအကြောင်းရပ်များလည်း ရှိနေခဲ့ပေ၏။

ယင်းပုလဲမြိုင် တောကြီးအနီးရှိ ပုလဲမြိုင် ကျေးရွာကို အမှီပြုကာ တစ်ပါးတည်း ကေစာရဝတ်ကို ကျင့်သုံး သီတင်းသုံးလျက်ရှိသော ရဟန်းတော် ဘဂုမထေရ်ကို ကေစာရလုပ်ငန်းအတွက် အားဖြည့်တရား ဟောကြားတော်မူရန် တရားဓမ္မကိစ္စ ရှိနေသည်။ ပုလဲမြိုင် ခရီးလမ်းခုလတ်ရှိ မိဂဒါဝုန်တောတွင် အချင်းချင်း အားပြုကာ တရားအားထုတ်လျက် ရှိနေကြသော တပည့် ရဟန်းသုံးပါးကိုလည်း အားပေး အားဖြည့် ဟောကြားတော်မူလိုသည့် ကိစ္စတစ်ရပ်လည်း ရှိနေသည်။

ဘဂုမထေရ်သည် ပင်ကိုအားဖြင့် တောကိုချစ်သူ ဖြစ်၏။ ရဟန်းဖြစ်သည့် အချိန်မှစ၍ တောတောင်တစ်ခွင်တွင် တစ်ပါးတည်း သီတင်းသုံးခဲ့သည့် အချိန်သာ များခဲ့သည်။ သို့ရာတွင် ဤရွေ့ဤမျှ အားထုတ်ခဲ့ပါလျက် လိုအပ်သော တရားထူး တရားမြတ်နှင့် မတွေ့လေသောအခါ မိမိ၏ တရားလမ်းစဉ်သည် ယွင်းချွတ်၍ပင် နေလေသလောဟု ဆုတ်နစ်သောစိတ် ဖြစ်ပေါ်ခိုက်ဝယ် မမျှော်လင့်ဘဲ ဘုရားရှင်ကိုယ်တော်တိုင် မိမိတောရကျောင်းသို့ ကြွရောက်လာသည်ကို ဖူးတွေ့ရသောကြောင့် အားတက် ရွှင်လန်းလာသည်။

သတ္တဝါတို့၏ ပင်ကိုစရိုက် အရင်းအမြစ်ကို သိတော်မူသော ဘုရားရှင်က တောကိုခင်သော တောပျော် စရိုက်ရှင် ဘဂုမထေရ်အား တောတရားကို ဟောတော်မူ၏။

"ချစ်သားဘဂု...ငါဘုရားသည် တပည့် ရဟန်းတို့အား မြို့ရွာ၌ နေခြင်းကို ခွင့်ပြုသော်လည်း အကယ်၍ နေနိုင်ခဲ့ပါလျှင် တော၌ နေခြင်းကို ချီးမွမ်းတော်မူ၏။ မြို့ရွာတွင် ဈာန်ဝင်စားနေသူထက် တောတွင် အိပ်နေသူကို ချီးကျူးသည်။ အကြောင်းမူကား– မြို့ရွာတွင် ဈာန်ဝင်စားနေသူ၏ ဝန်းကျင်သည် မဂ်ဖိုလ်၏ အန္တရာယ်နှင့်နီး၍ တောတွင်အိပ်နေသော ရဟန်း၏ ဝန်းကျင်သည် မဂ်ဖိုလ် အန္တရာယ်နှင့် ဝေးသည်"

"ချစ်သားဘဂု...တောနေသည်ကို ချီးကျူးသည် ဆိုရာ၌လည်း တောနေသူတိုင်းကို ချီးကျူးသည်မဟုတ်။ အကြောင်းမူကား– တောနေခြင်းဟူသည် ငါးမျိုး

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ ယင်းငါးမျိုးသည်ကား (၁) မသိမိုက်မှား၊ မောဟပွားသောကြောင့်နေခြင်း (၂) ရည်မှန်းချက်တစ်မျိုးနှင့် အလိုဆိုးရှိသောကြောင့် နေခြင်း (၃) စိတ်ဓာတ်မမှန်၊ ဖောက်ပြန် ရူးသွပ်သောကြောင့် နေခြင်း (၄) တော၌နေခြင်းကို ဘုရားရှင်ချီးမွမ်းသည်၊ ဒါယကာ, ဒါယိကာမတို့ နှစ်လိုသည်ဟူသော ချီးမွမ်းခံလိုမှုကြောင့်နေခြင်းနှင့် (၅) ဝဋ်မှ လွတ်မြောက်လို၍ နေခြင်းတို့တည်း"

"ချစ်သားဘဂု…သင်သည် ပင်ကိုအားဖြင့် တောကို ချစ်၍ သံသရာဝဋ်မှထွက်မြောက်လိုသူဖြစ်သည်။ အပြစ်များသော လူ့လောက ပတ်ဝန်းကျင်ကို ရှုမှန်း၍ ဧကစာရဝတ်ကို ကျင့်သုံးသူဖြစ်သည်။ တောတွင်လည်း ပန်းမန်သစ်ပင်၊ သမင်၊ ဆင်၊ ကျား စသော တောသဘာဝ ပတ်ဝန်းကျင်အာရုံတို့ သာမန်အားဖြင့်ရှိသည်သာ ဖြစ်၏။ သို့ရာတွင် ယင်းပတ်ဝန်းကျင် အာရုံတို့သည် ကိလေသာအခိုးအငွေ့ ကင်း၍ ယင်းပတ်ဝန်းကျင်ကို မြင်ရ ကြားရသောအခါ တောဟူသောအသိနှင့် တရားသတိကို တိုးပွားစေသည်။ ဝိမုတ္တိဓမ္မဟူသော အမြတ်အစွန်းအတွက် တောတည်းဟူသော အရင်းအနှီးကောင်း ရှိနေသူ သင်ချစ်သားအဖို့ အဘယ့်ကြောင့် တရားထူး တရားမွန်ကို မရဘဲ ရှိချေတုံအံ့နည်း"ဟု တောတရားဖြင့် အားပေးတော်မူခဲ့သည်။

ကောသမ္ဗီမှ ပုလဲမြို့သို့ သွားရာ၌ ဓမ္မစကြာ တရားဦး တရားထူး ဟောတော်မူခဲ့ရာ နာမည်ကျော် ဣသိပတန မိဂဒါဝုန်တောကို ဖြတ်၍သွားရသည်။ ဤတောသည် ရေမြေသလင်း အခင်းအကျင်း ကောင်းမှုကြောင့် တောပျော်သူ သူတော်စင်တို့ နှစ်ခြိုက်သဖြင့် ကျော်ကြားသော တောဖြစ်သည်။ ဘုရားရှင် ကိုယ်တော်တိုင်ပင်မိမိ သာသနာတော်၏ အစကို ဤတောဖြင့် အရင်းတည်ခဲ့သည် မဟုတ်ပါလော။

သို့ရာတွင် အချင်းချင်း ဓမ္မမိတ်ဆွေပြု၍ ဤတောတွင် တရားအားထုတ်လျက်ရှိကြသော တပည့်ရဟန်း သုံးပါးတို့အဖို့မူ အချိန်ကာလ ကြာမြင့်သည့်တိုင်အောင်တရားထူး တရားမြတ်နှင့် ဝေးလျက်ပင် ရှိနေသောကြောင့် စိတ်ဓာတ် ဆုတ်နစ်နေသည်ကို ဘုရားရှင်က ခရီးသွားဟန်လွှဲ ဝင်ရောက် အားပေးတော်မူသည်။

"ချစ်သားတို့…ငါဘုရားသည် သင်တို့ကဲ့သို့ ဝိမုတ္တိဓမ္မကို ရှာဖွေစဉ်ကသင်တို့ကဲ့သို့ နည်းပေးလမ်းညွှန် ဆရာကောင်း ဆရာမွန်ဟူ၍ မရှိခဲ့။ ကိုယ့်လမ်းကိုယ်ထွင်၍ ကိုယ့်ကိုယ်ကိုယ်ပင် အားထားခဲ့ရသည်။ ခြောက်နှစ်တိုင်တိုင် အရိုးကျေကျေ အရေခန်းခန်း အားထုတ်ခဲ့ရသည်။ လိုအပ်သော တရားကို မရရှိ

www.burmeseclassic.com



သေပေစေတော့ဟု ခန္ဓာကိုယ် ဗုန်းဗုန်းလဲသည်အထိ အစာရေစာကိုပင် ဖြတ်၍ အားထုတ်ခဲ့ရသည်။

သင်တို့မှာမူကား ဆရာအသင့်၊ တရားလမ်းစဉ် အဆင်သင့်ဖြင့် အားထုတ်ကြရသည်။ သင်တို့လိုအပ်သော ဝိမုတ္တိမွေသည် သင်တို့ လက်တစ်ကမ်းတွင်ပင် ရှိနေ၏။ အဘယ်ကြောင့် ဆုတ်နစ်ကြရမည်နည်း။ အဘယ့်ကြောင့် အပျင်းစိတ်ကို အရှုံးပေးကြမည်နည်း"ဟု အားပေးအားမြှောက်စကား ဟောကြားတော်မူခဲ့ရသည်။

ယင်းကိစ္စများကို ဆောင်ရွက်ပြီးသည့်အချိန်၌ ဝါဆိုရက်သို့ ရောက်လာရာတွင် ဘုရားရှင်သည် ပုလဲမြိုင်ရွာတွင် ဆွမ်းခံပြီးနောက် ပုလဲမြိုင်တောတွင်းသို့ ဝင်တော်မူသောအခါ သီတင်းသုံးရန်အတွက် ဥရုဝေလမှာတုန်းကကဲ့သို့ပင် သဘာဝက ဖန်တီး၍ထားအပ်သော ကျောင်းသခ်မ်းသဖွယ်ပင် ညောင်ရိပ်ကုန်းမြင့်ကို အဆင်သင့် တွေ့ရသဖြင့် ဝင်ရောက် သီတင်းသုံးတော်မူသည်။

စေစာ သီတင်းသုံးဖို့ ဆိုသော်လည်း ပုလဲမြိုင်တောအုပ်သို့ ဘုရားရှင် ဝင်လာစကပင် အုပ်ဆိုင်းနေသော သစ်ပင် သစ်အုပ် ညှိညိုမောင်းမောင်းများဖြင့် မိမိကိုယ်ကို ကိုယ်ရောင်ဖျောက်ကာ မိမိကို အနှောင့်အယှက်ပေးမည့်သူ ရောက်လာပြန်ပြီကောဟု မသင်္ကာသော မှုန်ဆန်ဆန် မျက်လုံးများဖြင့် ဘုရားရှင်အား ပုလဲမြိုင်အတွင်းပိုင်းမှ စူးစူးစိုက်စိုက်ကြည့်နေသူတစ်ဦး ရှိနေသည်။ သူကား ကိုယ်လုံးကိုယ်ထည် ထွားထွားမားမားဖြင့် ပုလဲမြိုင်တွင် ရောက်ရှိနေသည်ကို ရိုးတိုးရိပ်တိတ် မြင်ကြ တွေ့ကြသဖြင့် ပုလဲမြိုင်ရွာသူရွာသားများက "ပုလဲမြိုင် ဆင်ကြီး"ဟု အမည်ပေးထားသူ ပါလိလေယျက ဆင်ကြီးပင် ဖြစ်ပေသည်။

မေတ္တာတောင်ထုသခင် ဘုရားရှင်အဖို့ ဘုရားဖြစ်တော်မူပြီးသည့်နောက်ကို အပထား၍ ဘုရားမဖြစ်မီ ဥရုဝေလတောတွင် သီတင်းသုံးစဉ်ကပင် တောပျော် သတ္တဝါအားလုံးကို ရေတွက်စဉ်းစားတော်မမူခဲ့။ မိမိမေတ္တာကွန်းရိပ်မှ မိမိ၏ အဖော်များဟုသာ စေတနာထားတော်မူခဲ့ပြီး ဖြစ်သည်။

နာဠာဂီရိတို့လို၊ နန္ဒောပနန္ဒတို့လို စံမတူ တိရစ္ဆာန်ရိုင်းများကိုပင်လျှင် မိမိ မေတ္တာတန်ခိုးဖြင့် လွှမ်းမိုးနိုင်သည်ဆိုလျှင် အခြားတိရစ္ဆာန်များအဖို့ ဆိုဖွယ်မရှိ။ ရေတွက်ဖွယ်မရှိ။

ယခုလည်း ပုလဲမြိုင်သို့ ဝင်လိုက်သည် ဆိုလျှင်ပင် မိမိအား စူးစမ်းသည့် သဘောဖြင့် မှုန်ဆန်ဆန် ကြည့်လျက်ရှိသော ပုလဲမြိုင်ဆင်ကြီးကို မြင်တော်မူပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ သို့ရာတွင် ဘုရားရှင်ကို အန္တရာယ်ပြုဖို့ အပထား၍ သူ့ကိုမြင်လိုက်သည်ဆိုလျှင်ပင် မိမိကဲ့သို့ ဘဝတူ တစ်ယောက်ဖြစ်ကြောင်း သိတော်မူလိုက်ရာ နှစ်သက်သော ဆန္ဒတော်ဖြင့် ပြုံးရင်း သဘာဝ၏ ခင်းကျင်းထားအပ်သော ညောင်ရိပ် ကျောင်းတော်တွင် ထိုင်တော်မူသည်။ အကြောင်းတစ်မူကား– ပုလဲမြိုင်ဆင်ကြီးသည်လည်း ပရိသတ်ကို ကြောက်၍ တစ်ကိုယ်တည်း ရှန်းရှောင်လာသော ကေစာ သမားပေတည်း။

တရားသမား၊ အတွေးသမား၊ သက်ကြီးရွယ်အိုများသည် ကေစာကို မက်မောသူများ ဖြစ်တတ်ကြ၏။ တရားသမား၊ အတွေးသမားသည် တရားရှာရေး၊ တွေးတောရေးအတွက် ဆိတ်ငြိမ်မှုလည်း လိုသည်။ ဘဝအမောပိုင်းသို့ ရောက်လာသောကြောင့်လည်း သက်ကြီးများအဖို့ လွတ်လွတ်လပ်လပ် အနားယူလိုတတ်ကြသည်။ ဆင်ပျို ဆင်ငယ်တို့ နှောင့်ယှက်မှုကြောင့် အေးဆေးသက်သာ မနေရ၊ မစားရရှာသော ပုလဲမြိုင်ဆင်ကြီးသည်လည်း ပုလဲမြိုင် ဤနေရာကိုပင် အေးရိပ်ခိုရန် ရွေးခဲ့မိသည်။

မိမိနေရာ အဝန်းအဝိုင်းကို သတ်မှတ်၍ ဤနေရာသို့ ဝင်ရောက်လာသော တိရစ္ဆာန်များအား ခြောက်လှန့် ရှင်းလင်းပစ်ခဲ့သည်။ ယခု ဘုရားရှင် ဝင်ရောက်လာသည်ကို တွေ့ရ၍ အကဲခတ်လိုက်သောအခါတွင်မူ ဝင်လာသူမှာ မိမိအား တစ်စုံတစ်ရာ အနှောင့်အယှက်ပေးမည့်သူ မဟုတ်ရုံမက မိမိအတွက် အဖော်မွန် အဖော်ထူးဖြစ်ကြောင်း သိလာရသည်နှင့် တစ်ပြိုင်နက် ပန်းကိုင်းတစ်ကိုင်းကို ချိုးကာ ဘုရားရှင်၏ ပလ္လင်ညောင်ရင်းတွင် ထား၍ ဝပ်စင်းပူဇော်လိုက်သည်။

"ပါလိလေယျက...စိတ်ဝမ်းညီညွတ်သော အဖော်ကောင်း၊ မိတ်ဆွေကောင်းကို မရခဲ့လျှင် တစ်ဦးတည်းနေခြင်းသည် အကောင်းဆုံးဖြစ်၏။ သင်သည် စိတ်တိုင်းမကျသော အခြံအရံမှ ရှန်းထွက်လာသူ ဖြစ်သကဲ့သို့ ငါသည်လည်း စိတ်ဝမ်းမညီညွတ်သော တပည့်ပရိသတ်ကို ကျောခိုင်းလာခဲ့သူ ဖြစ်သည်။ သင်နှင့် ငါတို့သည် အေးချမ်းစွာနေလိုမှု စိတ်ထားချင်း တူညီကြသည်။ အေးချမ်းစွာနေပေတော့ ပါလိလေယျက"

ပုလဲမြိုင်ကြီးက ဘုရားရှင်၏စကားကို နားလည်သည့်ဟန်ဖြင့် ကိုယ်ဟန်ကို အနည်းငယ် လှုပ်ယမ်း၍ ဘုရားရှင်တော်အား မေတ္တာမျက်လုံးဖြင့် ရှန်းရှန်းစားစား မော်ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

ရေကန်တွင်းမှ ရေကို သပိတ်ဖြင့် ခပ်၍ ချိုးခိုက်ဝယ် အလုပ်အကျွေး သာမဏေကလေးကဲ့သို့ သက်နှိးကို နှာမောင်းတွင်တင်၍ ရပ်စောင့်ရင်း ပီတိမျက်လုံးဖြင့် ရှုကြည့်လျက်ရှိသော ပုလဲမြိုင်ကြီးကို ဘုရားရှင်က ကြည့်ကာ ပြုံးတော်မူ၏။ အေးအေးချမ်းချမ်းမနေရသော ပတ်ဝန်းကျင်ဒုက္ခမှ ရုန်းထွက်ကာ ပုလဲမြိုင်တောတွင် တစ်ကိုယ်တည်း လာရောက်နေထိုင်ပါသည် ဆိုကာမှ အလုပ်များလျက် ရှိရရှာသော ပုလဲမြိုင်ကြီး၏အဖြစ်ကို ဆင်ခြင်တော်မူမိသောကြောင့် ဖြစ်၏။

ပြောင်၊ ဆင်၊ သစ်ကျား သားရဲတိရစ္ဆာန်တို့ ပေါများထူထပ်သော ပါလိလေယျက တော၏ နေရာထိုင်ခင်း အကောင်းဆုံးဖြစ်သော ဤအပိုင်းကို လျှောက်၍ မပြတ်သောသတိဖြင့် ကင်းစောင့်ရသည်မှာ ညစဉ်ညတိုင်း ဖြစ်၏။ မိုးရာသီဖြစ်၍ မိုးရွာလျှင် ဘုရားရှင် ခြောက်သွေ့စွာ သီတင်းသုံးနိုင်ရန် ကြီးမားသော သစ်ခေါင်းကြီးတစ်ခုကို ချောမွေ့အောင် ပြုပြင်ပေးထားသည်။

သောက်ရေချိုးရေအတွက် သဘာဝရေကန်သည် အသင့်ပင်ဖြစ်၏။ သို့ရာတွင် ပုလဲမြိုင်ကြီးက ဘုရားရှင်အတွက် ရေကန်မှုဖြင့် တင်းမတိမ်ဘဲ ခက်ခဲသော အလုပ်တစ်ခုကို လုပ်သည်။ ထိုအလုပ်မှာ ချမ်းအေးသောနေ့များတွင် ဘုရားရှင်အား ရေပူရေနွေး သုံးဆောင်နိုင်ရေးအတွက် ကြိုးပမ်း ပြင်ဆင်ပေးခြင်း ဖြစ်သည်။

သဘာဝရေအိုင်အနီးတွင် ရေကန်ငယ်တစ်ခုကို တည်ဆောက်သည်။ ထင်းချောင်းချင်းကို ပွတ်၍ မီးမွေးသည်။ မီးတွင် ကျောက်တုံးများကို ထည့်၍ဖုတ်သည်။ ကျောက်တုံးပူများကို ကုတ်ဖြင့်ကော်၍ ရေကန်သို့ချသည်။ ဤနည်းဖြင့် ရေနွေးကို ရယူသည်။

နံနက်ပိုင်း ပုလဲမြိုင်ရွာမှ ဘုရားရှင် ဆွမ်းခံပြန်သည်ဆိုလျှင် တောစပ်မှ စောင့်ကြို၍ သပိတ်ကို ယူရသည်မှာ နေ့စဉ်အလုပ် ဖြစ်ပေ၏။ ငှက်ပျော၊ သရက်၊ ပိန္နဲ၊ ဩဇာ၊ မာလကာ စသော တောတွက်ပစ္စည်းများမှာ ဘုရားရှင် ဆွမ်းဘုဉ်းပေးသည့် နေရာအနီးတွင် ပြတ်သည်ဟူ၍မရှိ။ အဟောင်းအနွမ်းပင်မခံ။ အသစ် အသစ်တို့ အဆင်သင့်ရှိနေစေသည်။ ဘုရားရှင်ဝန်းကျင်သို့ နေ့ညမပြတ် ဂရုစိုက်ခင်းကျင်းသောအရာကား ပန်းမွှေ့ရာခင်းသည့်အလား တောပန်း တောင်ပန်း မျိုးစုံတို့ဖြင့် အပြည့်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ပုလဲမြိုင်ကြီးအဖို့ ဘုရားရှင်ဝန်းကျင်တွင် အနှောင့်အယှက်ပြုလာမည့် တိရစ္ဆာန်မျိုးစုံတို့၏ အန္တရာယ်မှ ကာကွယ်နိုင်သော်လည်း "ရှေ့ကခြောက်လျှင် နောက်ကဝင်" ဆိုသကဲ့သို့ ထိန်းသိမ်း၍ မနိုင်နိုင်အောင် ရှိရသော သတ္တဝါများသည်ကား မျောက်များဖြစ်၏။ သို့ရာတွင် မျောက်များသည် သူတို့၏ မတည်ငြိမ်သော သဘာဝလှုပ်ရှားမှုများကြောင့် ဘုရားရှင်အား အနှောင့်အယှက် ဖြစ်စေသယောင်ရှိသော်လည်း ဘုရားရှင်ဝန်းကျင်တွင် အချည်းနှီး လှုပ်ရှားကြသည်ကားမဟုတ်။ အတုယူတတ်သော သတ္တဝါများပီပီ ပုလဲမြိုင်ဆင်ကြီး၏ လှုပ်ရှားမှု အတုကိုယူကာ သစ်သီးမျိုးစုံ၊ ပန်းမျိုးစုံတို့ကို ခူးဆွတ်၍ မပြတ်ပူဇော်သည်။ အကယ်ဆိုသော် ဘုရားရှင်အတွက် သစ်သီးဆွမ်းနှင့် ပန်းမန်တို့အတွက်မှာ မျောက်များကပင် တာဝန်ယူထားသကဲ့သို့ရှိသည်။ ချုံနွယ် သစ်ပင်အစွန်အဖျားရှိ အမြင့်တွင် ပွင့်ဖူးသော ပန်းမျိုးစုံတို့ကို ဘုရားရှင်ဝန်းကျင်တွင် ရှိနေသည်မှာ မျောက်တို့၏ ကောင်းမှုပင် ဖြစ်၏။

တစ်နေ့နံနက်ခင်းတွင်မူ မျောက်ကြီးတစ်ကောင်သည် ပျားအုံကြီးတစ်ခုကို ရရှိလာ၏။ ပျားအုံမှာ အတန်ပင်ကြီးမား၍ ပျားရည်တို့ဖြင့် ပြည့်ရွှမ်း၍နေသောကြောင့် မျောက်အဖို့ မနည်းကြီး ကြိုးစား၍ ထမ်းဆောင် သယ်ပိုးလာရသည်။ မျောက်ကြီးသည် သူ့ပျားအုံကို ဘုရားရှင် ဆွမ်းဘုဉ်းပေးရာ ထားမြဲနေရာတွင် ထားပြီးနောက် ထွက်ခွာ၍မသွား၊ ပျားအုံကြီးအနီးတွင်ပင် ရစ်ဝဲ စောင့်ကြည့်လျက်ရှိသည်။ ဘုရားရှင် ဆွမ်းဘုဉ်းပေးသောအခါ ပို၍ စူးစိုက်သောအာရုံဖြင့် ဘုရားရှင်နှင့် သူ့ပျားအုံကို ကြည့်လျက်ရှိ၏။ သူလှူဒါန်းသော ပျားအုံဆုပ်ကို ဘုရားရှင်ဘုဉ်းပေး,မပေး စောင့်ကြည့်ဟန်ရှိသည်။

ထိုအခိုက် ဘုရားရှင်က သူ့ပျားအုံမှ ပျားသလက်ကို ဖဲ့၍ ဘုဉ်းပေးသုံးဆောင်သည်ကို မြင်ရလေသောအခါ မျောက်ကြီးအဖို့ ပီတိအထူးဖြစ်ဟန်ဖြင့် စူးစိုက်ကြည့်နေရာမှ အကြိမ်ကြိမ် ထ၍ခုန်ပါလေသည်။ ခုန်ရင်း မြူးရင်း ဝမ်းမြောက်လှသည့်အဟန်ဖြင့် တခစ်ခစ် တဟာစ်ဟာစ် အသံမျိုးစုံမြည်သည်။ ဤမျှဖြင့်လည်း မပြီးသေး။ တခစ်ခစ် မြည်ရင်း မြူးရင်းဖြင့် အနီးရှိ သစ်ခြောက်ပင်ကြီးပေါ်သို့ အရှိန်ဖြင့် ပြေးတက်သည်။ သစ်ခြောက်ပင်ကြီး၏ သစ်ကိုင်းများတွင် တစ်ကိုင်းမှ တစ်ကိုင်းသို့ မြူးခုန်ကူးသန်းသည်။ သို့နှင့် သစ်ကိုင်းတစ်ခုသို့ ခုန်အကူးတွင် သစ်ကိုင်းကျိုးကာ မြေပြင်ပေါ်သို့ကျ၍ သေရှာပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ဖြင့် ဘုရားရှင်၏ ဝါတော် ၄၅ ဝါအနက် ပုလဲမြိုင်ဆင်မင်းနှင့် တောသတ္တဝါတို့၏ အကူအညီဖြင့် ဆယ်ဝါမြောက် ဝါတော်တွင် သီတင်းသုံးခဲ့ရသော ပုလဲမြိုင်၏ ဇာတ်လမ်းများသည် ဘုရားရှင်၏ ဗုဒ္ဓဝင်တွင် စာတင်ရလောက်အောင် ယင်းကဲ့သို့ ထူးထွေသော ဖြစ်ရပ်ကလေးများသည်လည်း ကြုံတွေ့ခဲ့ရပေသည်။

[ ၄ ]

ပုလဲမြိုင်တွင် တစ်ဝါတွင်းလုံး ဘုရားရှင် အေးချမ်းသာယာသလောက် တစ်ဝါတွင်းလုံး ပူပင်သောကရောက်လျက် ရှိကြသူများသည်ကား ဘုရားရှင်၏ အဆုံးအမကို မနာခံသော ဃောသိတာရုံရှိ တပည့်ရဟန်းတို့ပင် ဖြစ်ပေသည်။ ယင်းသို့ဖြစ်ရသည့်အတွက် အံ့ဖွယ်မရှိ။ အကြောင်းမူကား ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယ စသော တရားဆိုးတို့ကို သိမ်းပိုက်မွေးမြူခြင်း၏ အသီးအပွင့်ဟူသည် နောင်တရမှု၊ ပူပန်သောကရောက်ရမှုတို့သာ ဖြစ်ကြသည် မဟုတ်ပါလော။

ပြဿနာ အရှိန်တက်ခိုက်တွင် မိမိတို့အမှုကို ဟုတ်လှပြီဟု အထင်ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယ စသော တရားဆိုး၊ စိတ်ဓာတ်ဆိုးများကို သိမ်းပိုက်မွေးမြူသူများသည် သိမ်းပိုက်မွေးမြူစဉ်ကပင်လည်း ပူပန်သောက ဆင်းရဲလှစွာ၏။ နောင်တွင်လည်း ပူပန်ဆင်းရဲဒုက္ခပွဲဖြင့်ပင် အဆုံးသတ်ရမြဲဖြစ်သော အစ အလယ် အဆုံး သုံးပါးလုံး မကောင်းသည့် နိယာမ စိတ်ဆိုး စိတ်ညံ့များ ဖြစ်ကြသည်။

ယင်းတရားဆိုး၊ စိတ်ဆိုးများသည် ပုဂ္ဂလိက တစ်ဦးတစ်ယောက်တွင် ဖြစ်ပေါ်လျှင် တော်သေးသည်ဟု ဆိုနိုင်ပါသေး၏။ အသင်းအဖွဲ့၊ ဂိုဏ်းဂဏတွင် ဖြစ်ပေါ်လာသောအခါ အကူးအစက်မြန်၍ တစ်ဂိုဏ်းလုံး၊ တစ်သင်းဖွဲ့လုံး၊ တစ်နိုင်ငံလုံး ဆင်းရဲဒုက္ခ ပွေရုံမက ပျက်စီးခြင်းဖြင့်ပင် အဆုံးသတ်တတ်သည်။

ဤအပျက်တရားလမ်းစဉ်သည် ဘုရားရှင်ကဲ့သို့သော ပညာရှင်များကပင် ဟောပြလမ်းညွှန်ဖွယ် မလို၊ သဘောတရားမှာ ရှင်းလှ၏။ အကြောင်းသော်ကား လူ့သမိုင်းတစ်လျှောက်တွင် မာန၊ ဒေါသ၊ အခုအခံနှင့် မညီညွတ်မှုကြောင့် ဆင်းရဲပျက်စီးခဲ့သော သာဓကများသည် တင်းကြမ်းထပ်၍ နေခဲ့သောကြောင့်တည်း။

သို့ရာတွင် တရားရှင်ရာထူးကို ယူထားကြသော ဃောသိတာရုံ ရဟန်းတို့၏

www.burmeseclassic.com



အဖြစ်မှာ ပို၍ရှက်ဖို့ကောင်း၏။ ထိုအဖြစ်ကို ဃောသိတာရုံရဟန်းတို့ တစ်ဝါတွင်းလုံး ကောင်းကောင်းကြီး ခံကြရပြီတည်း။

အကြောင်းမူကား– ဆရာကို ကာပြန်ရဲလောက်အောင် မိုက်အားသည်းကြသော ဃောသိတာရုံ ရဟန်းတို့သတင်းကို ကြားသိရသောအခါ ဒါယကာတို့ စေတနာပျက်ကြသည်။ ထို့မျှမက မေတ္တာတောင်ထုသခင် ဘုရားရှင်ကိုယ်တိုင်ကပင် စွန့်ပစ်မှုကို သိကြရသောအခါ ကောသမ္ဗီဒကာတို့က ခပ်ရှင်းရှင်းပင် ဃောသိတာရုံ ရဟန်းများကို သပိတ်မှောက်လိုက်ကြသည်။ လျစ်လျူရှုလိုက်ကြသည်။ ရဟန်းဟူသည် ကိုယ့်ကိုယ်ကိုယ် အဘယ်မျှ အထင်ရောက်နေသည်ဆိုစေ ဒါယကာတို့ကို မှီခိုနေကြရသူများသာ ဖြစ်၏။ ဒါယကာတို့က သပိတ်မှောက်သည်ဆိုလျှင် ခက်ပြီတည်း။

ကောသမ္ဗီဒါယကာတို့က မာနရှင် သင်းကွဲရဟန်းများအား သိသိသာသာ ဝိုင်းပယ်လိုက်ကြသည်။ သာမန် ဝိုင်းပယ်ရုံမျှမက သင်းကွဲရဟန်းမှန်လျှင် တစ်ဖွန်းတစ်ယောက်မသော ဆွမ်းမျှကိုပင် မလောင်းမလှူဘဲ လျစ်လျူရှုလိုက်ကြသောကြောင့် သင်းကွဲသမားချင်း ညှိနှိုင်း ညီညွတ်လာကြရတော့သည်။

ထို့နောက် မညီညွတ်သော ရဟန်းတို့က မိမိတို့ ညီညွတ်ကြပြီဖြစ်ကြောင်း ညီညွတ်သော ရဟန်းများအား သိစေ၍ ဒါယကာများသို့ အကြောင်းကြားသည်။ သို့ရာတွင် ဒါယကာတို့ လိုလားချက်မှာ ရဟန်းတို့ ညီညွတ်စေရုံမျှ မဟုတ်၊ ဘုရားရှင် ပြန်လည်ကြွလာစေရန်အထိ ဖြစ်ပေရာ တပည့်သံဃာတို့ သတိသံဝေဂဖြင့် ပြန်လည်ညီညွတ်ကြပြီဖြစ်၍ ဘုရားရှင်အား လျှောက်ထား ပင့်ဆောင်ပေးရန် ရှင်အာနန္ဒာအား တောင်းပန်အကူအညီတောင်းကြသည်။

ကောသမ္ဗီဒါယကာတို့သာမက ကောသမ္ဗီရဟန်းတို့ မညီညွတ်မှုကြောင့် ဘုရားရှင်တစ်ပါးတည်း ထွက်ကြွသွားကြောင်း သတင်းရကြသော သာဝတ္ထိမှ အနာထပိဏ်၊ ဝိသာခါ စသည့် ဒါယကာတို့ကလည်း ဘုရားရှင်အား ပြန်လည်ပင့်ဆောင်ပေးရန် အရှင်အာနန္ဒာထံ တမန်စေလွှတ်၍ လျှောက်ထားကြသည်။ ထို့ကြောင့် အရှင်အာနန္ဒာအဖို့ ဘုရားရှင်အား ပုလဲမြိုင်တောသို့ သွားရောက်ပင့်ဆောင်ရန် အစီအစဉ်လုပ်ရ၏။

ယင်းအစီအစဉ်မှာ မိမိတစ်ပါးတည်း ပုဂ္ဂလိကအင်အားထက် ငြင်းပယ်ဖို့ခက်သော ဘုရားရှင်အလိုတော်ကျ သံဃာ့အားဖြင့် ပင့်လျှောက်ဖို့ အရှင်အာနန္ဒာ

www.burmeseclassic.com



စီစဉ်သည်။ အကြောင်းမှာ– ဘုရားရှင်သည် ပုဂ္ဂလိကထက် ဂိုဏ်းဂဏသံဃာ့အင်အားကို အလေးထားတော်မူသည်။ ပုဂ္ဂလိက တပည့်သံဃာ တစ်ပါးချင်းကို အပထား၍ မိမိကိုပင်လျှင် ပုဂ္ဂလိကအနေဖြင့် အလေးထားသည်ထက် သံဃာ့ဂိုဏ်းဂဏအနေဖြင့် အလေးထားရန် ဟောကြားတော်မူသည်။ ထို့ကြောင့် သံဃာအများစု အင်အားဖြင့် ပင့်လျှောက်ရန် စီစဉ်ရ၏။

လက်ရွေးစင် သံဃာငါးရာကို အရှင်အာနန္ဒာကိုယ်တိုင် ရွေးချယ်ဦးဆောင်၍ ဝါကျွတ်ရက်တွင် ပုလဲမြိုင်တောအုပ်သို့ ဘုရားပင့် ကြွရောက်ကြသည်။ ပုလဲမြိုင်အနီးသို့ ရောက်သောအခါ တစ်ပါးတည်း အေးချမ်းစွာ သီတင်းသုံးနေသော ဘုရားရှင်ထံတော်မှောက်သို့ သံဃာအများနှင့် သိုက်သိုက်ဝန်းဝန်းကြီး ဝင်ရောက်ဖို့ရန်မှာ မသင့်လျော်ဟု ယူဆသည်တစ်ကြောင်း၊ ဘုရားရှင် အလိုတော်ကိုလည်း မသိရသေးသည် တစ်ကြောင်းကြောင့် သံဃာငါးရာကို တောအပြင်ဘက်တွင် ခေတ္တသီတင်းသုံးစေပြီး မိမိတစ်ပါးတည်း ပုလဲမြိုင်အတွင်းသို့ ဝင်၍ ဘုရားရှင်အနီးသို့ ချဉ်းကပ်မိသောအခါ မမျှော်လင့်ဘဲ ရှေးဦးစွာ တွေ့ရသော အခြင်းအရာကား ပုလဲမြိုင်ဆင်ကြီးက မှုန်ဆန်သော အသွင်ပုံဟန်ဖြင့် မိမိအား အန္တရာယ်ပြုတော့မယောင် ရှေးရှုချဉ်းကပ်လာခြင်းပင် ဖြစ်ပေသည်။

သို့ရာတွင် ထိုအခိုက်မှာပင် "ချစ်သား ပါလိလေယျက…ဤသူကား ငါ၏ တပည့် အလုပ်အကျွေးရဟန်း ဖြစ်သည်။ ရန်သူမဟုတ်"ဟု ဘုရားရှင်က မိန့်ကြားလိုက်သောကြောင့် ပုလဲမြိုင်ကြီး အရှိန်တန့်သွားသည်။ သို့ရာတွင် ပုလဲမြိုင်ကြီး ကျေနပ်သေးဟန်မတူ။ အရှင်အာနန္ဒာအား ဂရုတစိုက် ကြည့်နေသေးရာ အရှင်အာနန္ဒာ၏ ချဉ်းကပ်မှု သိမ်မွေ့ပုံ၊ သပိတ်ပရိက္ခရာ ထားသည်မှအစ သေသပ်ပုံကို တွေ့ရသည့်အခါတွင်မှ ငြိမ်ဝပ်စွာနေသည်။

ဘုရားရှင် ရှေ့တော်မှောက်သို့ အရှင်အာနန္ဒာ ဝပ်တွားချဉ်းကပ်မိသောအခါ ဘုရားရှင်က "အာနန္ဒာ…သင်တစ်ပါးတည်း လာသလော"ဟု မေးတော်မူသဖြင့် အရှင်အာနန္ဒာက "တစ်ပါးတည်းမဟုတ်ပါ၊ သံဃာငါးရာနှင့်အတူ အရှင်မြတ်ကို ပင့်လျှောက်ရန် လာရောက်ကြပါသည် အရှင်ဘုရား။ အရှင်မြတ်၏ ဆန္ဒတော်ကို မသိရ၍ အတူပါ သံဃာများသည် တောအုပ်အပြင်ဘက်တွင် သီတင်းသုံးရစ်ကြပါသည်။ အရှင်မြတ် ပြန်လည်ကြွရောက်ဖို့ရန်မှာ သံဃာအများ၏ ဆန္ဒသာမဟုတ်၊ ကောသမ္ဗီဒါယကာ, ဒါယိကာမတို့ ဆန္ဒသာမက သာဝတ္ထိမှ ကောသလဘုရင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



တကွ အနာထပိဏ်၊ ဝိသာခါ စသော ဒါယကာ ဒါယိကာမတို့ကလည်း အရှင်မြတ် ပြန်လည်ကြွရောက်ရန် လျှောက်ထားဆန္ဒပြုကြပါသည်။ ဇေတဝန်ကျောင်းရှိ ပြည်သူ ရှင် သံဃာများသည်လည်း ယခုအခါ သတိသံဝေဂရကြ၍ အညီအညွတ် ဖြစ်ကြ ပါပြီ။ သို့ပါ၍ အရှင်မြတ်သည် သာဝတ္ထိနှင့် ကောသမ္ဗီ အလိုတော်ရှိရာ ကျောင်းသို့ ကြွရောက်တော်မူပါဘုရား"ဟု လျှောက်ထားသည်။

"အာနန္ဒာ...အတူပါသော သံဃာများကို ငါဘုရားထံသို့ ခေါ်ချေလော့"ဟု မိန့်ကြားသောအခါ အရှင်အာနန္ဒာက တောအုပ်အပြင်မှ သံဃာများကို သွားရောက် ပင့်ခေါ်သည်။ သံဃာတော်များသည် ဘုရားရှင် ရှေ့တော်မှောက်သို့ ရောက်လာ ဖူးမြော်ကြ၍ ဘုရားရှင် တစ်ဝါတွင်းလုံး သီတင်းသုံးတော်မူရာ နေရာဝန်းကျင်ကို ကြည့်ရှုပြီးလျှင် "အရှင်မြတ်သည် ဤတောအုပ်အတွင်း၌ အလုပ်အကျွေးမရှိ တစ်ဝါတွင်းလုံး တစ်ပါးတည်း သီတင်းသုံးတော်မူသည်မှာ ဆင်းရဲခက်ခဲတော်မူ ချိမ့်မည်"ဟု လျှောက်ထားကြသောအခါ ဘုရားရှင်က "ငါတစ်ပါးတည်းမဟုတ်၊ သင်တို့အနီးမှ ဤပုလဲမြိုင် ဆင်မင်းသည် ငါဘုရား၏ အလုပ်အကျွေးပေတည်း။ ပါလိလေယျကသည် ငါဘုရားအား လိမ္မာသော အလုပ်အကျွေးပေတည်း။ ပါလိလေယျကသည် ငါဘုရားအား လိမ္မာသော အလုပ်အကျွေး တစ်ဦးကဲ့သို့ ရေပူရေချမ်း, ဆွမ်း, ကွမ်း, နေရာထိုင်ခင်းမှအစ လိုလေသည်မရှိအောင် ပြုစု လုပ်ကျွေးရှာသဖြင့် ငါဘုရား ချမ်းသာစွာ နေရပေသည်"ဟု မိန့်တော်မူသဖြင့် သံဃာတော်များက ပုလဲမြိုင်ကြီးအား အံ့သြစွာ ကြည့်ရှုရင်း ချီးကျူးစကား ပြောကြားကာ သာဓုခေါ်ကြသည်။

ထို့နောက်တွင်ကား အရှင်အာနန္ဒာက ထုံးစံအတိုင်း ဘုရားရှင်၏ သပိတ် ပရိက္ခရာကိုယူ၍ ထွက်ကြွတော်မူရန် ဟန်ပြင်လိုက်သောအခါ တစ်ဝါတွင်းလုံး အေးဆေးငြိမ်သက်စွာသော လုပ်ရှားခဲ့သော ပုလဲမြိုင်ဆင်ကြီးအဖို့ ဘုရားရှင်နှင့် ခွဲခွာရတော့မည်ကို မလိုလားသည့် အသွင်ဖြင့် ဟန်ပျက်လောက်အောင် သွက်သွက် ခါခါ လှုပ်ရှားရင်း ဘုရားရှင် ခရီးဦးတည်ရာ ရှေ့တော်တွင် ကန့်လန့်ဝင်ကာ အသံကျယ်လောင်စွာဖြင့် အော်မြည်လေသောအခါ သံဃာတို့အဖို့ အံ့အားသင့် ကြရ၏။

ပုလဲမြိုင်ကြီး၏ အလိုကိုသိသော ဘုရားရှင်က "ချစ်သားရဟန်းတို့... ပါလိလေယျကသည် သင်တို့အား ဆွမ်းကျွေးလိုသည်။ ပါလိလေယျက၏ ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



သည် ငါဘုရားအပေါ်တွင် များလှစွာ၏။ သူ့အလိုကို လိုက်လျော၍ ယနေ့အဖို့ သူကပ်လှူသော သစ်သီးဆွမ်းကိုသာ အလှူခံကြစို့”ဟု မိန့်တော်မူသဖြင့် သံဃာအားလုံး ပြန်ထိုင်မိကြသောအခါ ပုလဲမြိုင်ကြီးက အသင့်ရှိပြီးသော သစ်သီးမျိုးစုံဖြင့်လည်းကောင်း၊ ဆွမ်းစားချိန်ရောက်တိုင်း အခွင့်ကောင်းကို စောင့်လျက်ရှိကြသော မျောက်များကလည်း သစ်သီးမျိုးစုံကို ယူဆောင်လာကြ၍လည်းကောင်း သစ်သီးဆွမ်း ကပ်လှူကြသည်။

ဆွမ်းကိစ္စ ပြီးစီး၍ ဘုရားရှင် အမှူးပြုသော သံဃာများသည် ပုလဲမြိုင်တောအုပ်မှ ထွက်ကြွသွားသောအခါ မျောက်များသည် တောအုပ်အစပ် သစ်ပင်အသီးသီးမှ ဘုရားရှင်အား နှုတ်ဆက်သည့် အဟန်ဖြင့် စုပြုံငေးမျှော်၍ ကျန်ရစ်ကြသော်လည်း ပုလဲမြိုင်ကြီးမူကား ဘုရားရှင်၏ အပါးမှ မခွာဘဲ တောအုပ်လွန်သည်အထိ ပူးကပ်၍ လိုက်ပါလာသည်။ သာမန်လိုက်ပါရုံမျှမဟုတ်၊ ဘုရားရှင်နှင့် သံဃာတော်များကို ဖြတ်၍ ဖြတ်၍ သံဃာတော်များအကြားမှ လိုက်ပါသည်။

သို့နှင့် ပုလဲမြိုင်ရွာအနီးသို့ ရောက်လာ၍ ဘုရားရှင်က အနီးသို့ရောက်လာသော ပုလဲမြိုင်ကြီး၏ ဦးခေါင်းကို လက်တော်ဖြင့် သုံးသပ်လိုက်သောအခါ ပုလဲမြိုင်ကြီးက ရှိခိုးဦးခိုက်သည့် အသွင်ဖြင့် ဘုရားရှင် ရှေ့တော်တွင် ဝပ်လိုက်သည်။

“ပါလိလေယျက… လူတို့နေရာအနီးသို့ ရောက်လာပြီဖြစ်၍ သင့်အဖို့ အန္တရာယ်ရှိသည်။ ငါဘုရားနှင့် မခွဲလိုသော သင့်ဆန္ဒကို နားလည်ပါ၏။ သင့်စေတနာကို သိပါ၏။ သို့ရာတွင် သင့်မှာ ငါဘုရားနှင့် အဘယ်မျှ အတူနေရသော်လည်း တရားထူး တရားမြတ်ကို မရနိုင်သော ဘဝဇာတ်ချင်း ခြားနားလျက်ရှိနေလေသည်။

“ပါလိလေယျက…ငါဘုရားအား တစ်ဝါတွင်းလုံး ပြုစုလုပ်ကျွေးခဲ့သော သင့်ကုသိုလ်, သင့်ကျေးဇူးသည် ကြီးမားလှပါ၏။ ထိုကုသိုလ်သည် သင့်အဖို့ အချည်းနှီး ဖြစ်မည်မဟုတ်ပါ။ ဤမျှသော ကုသိုလ်သည် သင့်အဖို့ လုံလောက်ပေပြီ။ ယခုသော် သင်နှင့် ငါတို့ ဤနေရာတွင် ခွဲခွာကြစို့။ သင့်နေရာသို့ ပြန်ပေတော့ ပါလိလေယျက…”

ဘုရားရှင် မိန့်တော်မူနေခိုက်တွင် ပုလဲမြိုင်ကြီး၏ မျက်လုံးအစုံမှ မျက်ရည်တို့သည် တသွင်သွင် စီးကျလျက်ရှိသည်။ မြင့်မားသော ဦးခေါင်းသည် ကြေကွဲဆုတ်နစ်သော စိတ်ကြောင့် မြေကြီးသို့ တဖြည်းဖြည်း နိမ့်ကျပြီး ဝပ်၍သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်က မိန့်ခွန်းတော်အဆုံးတွင် နှုတ်ဆက်သည့်အဟန်ဖြင့် ပုလဲမြိုင်ကြီး၏ ဦးထိပ်ကို လက်တော်ဖြင့် ဖြည်းညင်းစွာ သုံးသပ်လိုက်သောအခါ ပုလဲမြိုင်ကြီးသည် ဘုရားရှင်အား နောက်ဆုံးအကြိမ်အဖြစ် အားရပါးရ ဖူးမြော်သည့်အသွင်ဖြင့် မျက်ရည်ပြည့်ဆိုင်း အံ့မှိုင်းရီဝေသော မျက်လုံးကြီးများဖြင့် ရှုန်းရှုန်းစားစား ကြည့်ရှုဖူးမြော်သည်။ ဘုရားရှင်က လက်တော်ကို ရုပ်၍ ရှေ့တော်တွင် ဝပ်တွားလျက်ရှိသော ပုလဲမြိုင်ကြီးကို ကွေ့ရှောင်ကာ ရှေ့သို့ ခရီးဆက်လိုက်သောအခါ ပုလဲမြိုင်ကြီးက မျက်လုံးနှစ်ဖက်ကို မှိတ်လိုက်၏။

သို့နှင့် သံဃာတန်းကြီးသည် မိမိကို လွန်၍ သွားသောအခါ ပုလဲမြိုင်ကြီးသည် ဝပ်တွားရာမှ ရုတ်တရက်ထ၍ ဘုရားရှင်နှင့် သံဃာတော်တန်းနောက်သို့ ဦးခေါင်းလှည့်လိုက်၏။ ထို့နောက်တွင်ကား မိမိ၏ နှာမောင်းကို ပါးစပ်အတွင်းသို့ ထည့်၍ စူးစူးပြင်းပြင်း ကျယ်လောင်စွာ အဆက်မပြတ် အော်မြည်သည်။ ထိုအသံသည် အသည်းနှလုံးထဲမှ ထွက်ပေါ်လာသော ကြေကွဲသံဖြစ်သည်။ နှာမောင်းကို သွင်း၍ အော်မြည်သည်။ ထုတ်၍ အော်မြည်သည်။ အသံနှင့်အတူ ပုလဲမြိုင်ကြီး၏ ကြီးမားသော ကိုယ်ခန္ဓာသည် လှုပ်ရှားယိမ်းယိုင်သည်။ ယိမ်းယိုင်ရာမှ လက်ယာန်ဘေးသို့ ဗုန်းဗုန်းလဲကျသွားသည်။ ပုလဲမြိုင်ကြီးသည် ချစ်စွာသော ဘုရားရှင်နှင့် ခွဲခွာရသောကြောင့် နှလုံးကွဲ၍ ကွယ်လွန်ရှာပြီတည်း။

[ ၅ ]

ပုလဲမြိုင်တောမှ ခရီးစဉ်အတိုင်း ပြန်လည်ကြွလာခဲ့ရာ၌ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရှေးဦးစွာ ရောက်တော်မူသည်။ ဘုရားရှင်သည် ကောသမ္ဗီပြည်၊ ဃောသိတာရုံ ကျောင်းတော်သို့ ကြွရောက် သီတင်းသုံးခဲ့ရာတွင် သာမန်အားဖြင့် မဖူးမြင်ရသည်ထက် ပုလဲမြိုင်တွင် တစ်ကိုယ်တော်တည်း ဆင်းရဲစွာ သီတင်းသုံးတော်မူနေရသည် ဟူသော သတင်းကို ကြားသိထားကြသောကြောင့် ယခု ဘုရားရှင် ဇေတဝန်သို့ ရောက်လာသောအခါ၌ အရင်းအမြစ်ဖြစ်သော ကောသလဘုရင်၊ အနာထပိဏ်၊ ဝိသာခါတို့အစ သာဝတ္ထိဒကာ အားလုံး အုတ်အုတ်ကျက်ကျက်မျှ လာရောက်ဖူးမြော်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ ဘုရား ပူဇော်ပွဲကြီးကို ရဟန်းရော လူပါ ရွှင်လန်းစွာ ဆင်နွှဲနေကြ ခိုက်ဝယ် ဇေတဝန်သို့ မျက်နှာညှိုးငယ်စွာဖြင့် ရောက်လာကြသော ဘုရားဖူးပရိသတ် တစ်စုသည်ကား ကောသမ္ဗီမှ ပြဿနာရှင် ဃောသိတာရုံ ရဟန်းစုပေတည်း။

ဃောသိတာရုံရဟန်းစုက မိမိတို့၏အမှားကို ဘုရားရှင်အား လျှောက်ထား တောင်းပန်လိုကြသည်။ မိမိတို့ ညီညွတ်ကြပြီဖြစ်သည့် အကြောင်းကိုလည်း လျှောက်ထားလိုကြသည်။ ထို့ကြောင့် ဃောသိတာရုံသို့ ဘုရားရှင် ကြွလာတော် မူသည်အထိပင် မစောင့်နိုင်ဘဲ ဇေတဝန်သို့ ကြိုတင်ရောက်လာကြခြင်း ဖြစ်သည်။

သူတို့ကို ပြဿနာရှင်တွေမှန်း သိကြသောအခါတွင် သာမန် ဒါယကာ, ဒါယိကာမများကို အပထား၍ ရဟန်းဆိုလျှင် သွေးရင်း သားရင်းအသွင် သဘော ထားမှုကြောင့် ရဟန်းမိခင် ဖခင်အဖြစ်ပင် ကျော်ကြားသော ဝိသာခါ အနာထပိဏ် တို့ကပင်လျှင် ရှုတ်ချပြစ်တင်သော အသွင်ဖြင့် ဆက်ဆံကြ၏။

အာဏာပိုင် ကောသလဘုရင်ကမူ ဘုရားရှင်ကို ဒုက္ခပေးခဲ့သော ဤရဟန်း များအား ဘုရားရှင်အား ဖူးတွေ့ခွင့်မပေးရ။ ဤရဟန်းများနှင့် အဆက်အဆံမလုပ်ရ စသည်ဖြင့်ပင် စီစဉ်ရန် ဟန်ပြင်လာသောအခါ မျက်နှာကြီးသော ဒကာ၏ အလိုသို့ မလိုက်ဘဲ တရားနည်းလမ်းအတိုင်းသာ ဖြစ်စေအပ်သော ခေါင်းဆောင် ကောင်း၊ စည်းရုံးရေးမှူးကောင်းတို့၏ လမ်းစဉ်အတိုင်း ဘုရားရှင်က တားမြစ် တော်မူ၍ ကောသမ္ဗီရဟန်းများကို မိမိရှေ့တော်မှောက် ပရိသတ်၏အလယ်သို့ အရှင်အာနန္ဒာအား ခေါ်ယူစေလိုက်သည်။

ပြဿနာရှင် ရဟန်းတို့အဖို့ ရှုတ်ချစွာ ကြည့်ရှုအပ်သော ပရိသတ်အလယ်တွင် ညှိုးငယ်သောမျက်နှာများဖြင့် ဘုရားရှင်ရှေ့တော်မှောက်သို့ ရောက်လာကြသည့် အခါဝယ် ဘုရားရှင်က ပရိသတ်၏ အကြီးအမှူးဖြစ်သော ကောသလဘုရင်အား "ဒါယကာဘုရင်မင်းမြတ်"ဟု ခေါ်တော်မူ၍ "ဤရဟန်းများတွင် အပြစ်ရှိခဲ့သည် ကား မှန်ပေသည်။ သို့ရာတွင် ပြုပြင်၍ မရစကောင်းသော အပြစ်မဟုတ်။ ပုထုဇဉ်နယ်မှ မကျွတ်လွတ်သေးသမျှ ကာလပတ်လုံး ရဟန်းသော်လည်းကောင်း၊ လူသော်လည်းကောင်း အပြစ်တစ်စုံတစ်ရာကို ကျူးလွန်မိတတ်ကြသည်မှာ ဓမ္မတာ ပင် ဖြစ်ပေသည်။ အပြစ်တစ်စုံတစ်ရာ ရှိလာ၍ အပြစ်ကို ကုစားလျှင် ကောင်းပျောက် တော့သည်။ ဤရဟန်းများသည် မိမိအပြစ်ကို သိ၍ ကုစားပြီးကြပေပြီ။ ထို့ကြောင့် ပြစ်တင်ရှုတ်ချဖွယ် တစ်စုံတစ်ရာမရှိ။ စင်စစ်သော်ကား ရှိခဲ့ဖူးသော ယင်းအပြစ်မှ

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါး ငါ့သားတော်များသည် လူတို့ထက် ပညာဂုဏ်၊ သိက္ခာဂုဏ် ကြီးမြတ်သော ရဟန်းများသာ ဖြစ်ကြပေသည်”ဟု ပြဿနာရှင်ရဟန်းများကို ချီးမြှင့်မိန့်တော်မူပြီး နောက် ပြဿနာရှင် ရဟန်းများအား...

“ချစ်သားရဟန်းတို့... ခိုက်ရန်ငြိုးထား အချင်းများရခြင်း၊ အချင်းချင်း မညီမညွတ်ဖြစ်ရခြင်း၏ အကျိုးဟူသည် ပစ္စုပ္ပန်တွင်လည်းမကောင်း၊ သံသရာ တွင်လည်း မကောင်းသည်ကို သင်တို့ မျက်ဝါးထင်ထင် တွေ့မြင်ကြရပေပြီ။ ထို့ကြောင့် ယနေ့မှစ၍ ခိုက်ရန်ဖြစ်ကြောင်း အစမကောင်းသော ဒုစရိုက် မှန်သမျှကို သတိဖြင့် ရှောင်ကြဉ်ကြကုန်လော့”ဟု ငြိမ်းချမ်းရေးတရား ဟောကြားလိုက်သော အခါ ရဟန်းရော လူပါ သာဓု သုံးကြိမ်ခေါ်သံဖြင့် ပြေပြစ် ငြိမ်းအေး၍သွား ကြပေ၏။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# ရွှေတံခါးကြီးပွင့်လေပြီ

[ ၁ ]

"ရဟန်းတို့…အရိယာတို့၏ အကျင့်မဟုတ်သော၊ ဆင်းရဲမျိုးစုံတို့ကို ဖြစ်ပွားစေသော၊ ယုတ်ညံ့သော အစွန်းထွက် အကျင့်နှစ်ပါးကို မကျင့်ရ။ ယင်းနှစ်ပါးဟူသည်ကား…

(၁) ကာမဂုဏ်သို့ ခုံမင်လိုက်စားသော အကျင့်တစ်ပါး။

(၂) ရေချိုး မီးလှူ တုံးခုန် ဇယ်ခုပ် မဟုတ်မတရား အကျင့်တစ်ပါး၊ ယင်းအကျင့်နှစ်ပါးတည်း"

ဘုရားဖြစ်တော်မူပြီးနောက် မိဂဒါဝုန်တွင် ပဥ္စဝဂ္ဂီတို့အား တရားဦးဟောရာမှ မိမိသာလျှင်သိသော မဂ္ဂင်ရှစ်ဖြာ၊ သစ္စာလေးပါး၊ မဇ္ဈိမပဋိပဒါ ဒေသနာကို မဟောမီ နိဒါန်းခံလိုက်သော နာမည်ကျော် ဓမ္မစကြာ ဒေသနာတော်အစဖြစ်၏။ ယင်းနိဒါနကထာ၌ ဘုရားရှင်က မည်သို့မျှ စေတနာ မထားစေကာမူ ထိုအချိန်က မဇ္ဈိမဒေသ၌ ဘုရားရှင် အလျှင်ပွင့်ထွန်းလျက် ရှိနေကြသော ဘုရားကြီး ဘုရားငယ် အသွယ်သွယ်တို့အား သိမ့်သိမ့်တုန်သွားစေသည့် စကားတစ်ရပ်ပါရှိသည်။ ယင်းတရားကား အရိယာသူတော်ကောင်းတို့၏ အကျင့်မဟုတ်သော ရေချိုး မီးလှူ တုံးခုန် ဇယ်ခုပ်၊ မဟုတ်မတရား နွားအကျင့်၊ ခွေးအကျင့် ဟူသတည်း။

တစ်နည်းအားဖြင့် မိမိအလျင် ရှိနှင့်ပြီးသော ဘုရားကြီး ဘုရားငယ်တို့၏ အရိုက်ကို လက်သီးပြင်းပြင်းနှင့် ထိုးနက်လိုက်ရာလည်းရောက်၏။ တစ်နည်းဆိုသော် သစ္စာလေးပါး တရားထူး တရားမြတ် မပေါ်မီက မဇ္ဈိမနိုင်ငံအားလုံးတွင်

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းဆရာအစားစား၊ ဘုရားအမည်ခံ ပုဂ္ဂိုလ်ကြီးတို့ စိတ်ကူးရသမျှ တီထွင်၍ထား ကြသော တရားထူး တရားဆန်း တောရမ်းမယ်ဖွဲ့ အရွဲ့အစောင်း သောင်းပြောင်း ထွေလာ ဒေသနာအသီးသီးနှင့် ဂိုဏ်းကြီးဂိုဏ်းငယ် မှန်သမျှတို့အား တရားမဂ္ဂင် အောင်လံတင်၍ စစ်အင်ခင်းကျင်းလိုက်ရာလည်း ရောက်၏။

ခင်းကျင်းသည့်အလျောက်လည်း တစ်ဖက်မှ ရန်သူစစ်တပ်ကြီးများသည် တစ်တပ်ပြီးတစ်တပ် ဝိုင်းဝိုင်းလည် ပေါ်ပေါက်လာကြသည်။ ပြောင်ပြောင် တင်းတင်း စစ်ခင်းသည်လည်းရှိ၍ ပြောက်ကျားစနစ်ဆင်ကာ စစ်ဆင်တိုက်ခိုက်ကြ သည်လည်း ရှိ၏။ ယင်းတရားရေး စစ်တပ်ဂိုဏ်းများအနက် အထင်ရှားဆုံးသော ဂိုဏ်းကြီးများမှာ မက္ခလိဂေါသာလ၊ ပုရာဏကဿပ စသည်တို့ ဂိုဏ်းများဖြစ်၍ နည်းပရိယာယ်မျိုးစုံဖြင့် မြမြစွဲစွဲ သဲသဲစိုက်စိုက် တိုက်ခိုက်သော ဂိုဏ်းတစ်ဂိုဏ်း သည်ကား ထင်ရှားသော တရားဂိုဏ်းကြီး ဖြစ်သတည်း။

ကြိုတင်၍ သတိပြုရန်ရှိသည်ကား နာမ်တရားတစ်လှည့်၊ ရုပ်တရားတစ်ဖြာ ထွန်းကားလေ့ရှိသော ဤကမ္ဘာသံသရာတွင် နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော် ထိုစဉ်အချိန်အခါသည် နာမ်တရား ထွန်းကားသော ခေတ်ဖြစ်၏။ တရားထူး တစ်ချက်၊ အသိထူးတစ်သွယ်ကို ရွှေငွေအစုအပုံထက် တန်ဖိုးထားကြသော ခေတ် ဖြစ်၏။ ဗုဒ္ဓလောကေ သမုပ္ပန္နော ဤလောက၌ ဘုရားပွင့်တော်မူပြီဟူသော သတင်းစကား တစ်ခွန်းမျှကို အသပြာ ထောင်သောင်းပေး၍ ဝယ်ယူသောခေတ် ဖြစ်သည်။

ထို့ကြောင့် ယနေ့ ရုပ်တရား ထွန်းကားသောခေတ်၌ ရုပ်ဝတ္ထုဆိုင်ရာ တိုးတက် မှုမျိုးစုံကို ကြိုးစားကြသည့်နည်းတူ ထိုစဉ် နာမ်တရားခေတ်၌လည်း ဘုရား လုပ်ချင်သူ၊ ဆရာကြီးလုပ်ချင်သူတို့က အတွေးအခေါ်ဆိုင်ရာ နည်းမျိုးစုံကို စိတ်ကူး ရှိသမျှ ကြိုးစားကြ၍ ပေါက်တတ်ကရ တရားနည်း အထွေထွေ၊ တရားဂိုဏ်း အသွယ်သွယ်တို့ ထွန်းကားချိန်ဝယ် ရှိနေသမျှသော တရားနည်းမျိုးစုံတို့မှ ထွင်း ဖောက်၍ ဘုရားရှင်၏ မဂ္ဂင်ရှစ်ဖြာ အနတ္တဒေသနာ သစ္စာအောင်လံဖွင့်၍ ပွင့်ထွန်း လာခဲ့ပေရာ အတ္တကိုအခြေခံသော ယင်းတရားဂိုဏ်းအားလုံး၏ ရန်သူအဖြစ်သို့ ကျရောက်ခဲ့ရပေသည်။

ယင်းအတိုက်အခံတို့တွင် နိဂဏ္ဌနာဋပုတ္တသည် နည်းမျိုးစုံဖြင့် သဲသဲမဲမဲ စွဲစွဲမြဲမြဲ တိုက်ခိုက်ရာ၌ အကြောင်းကြီးစွာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤလောကဌ် ဣသာမစ္ဆရိယခေါ် မနာလိုဝန်တိုမှု၊ ငြူစူစောင်းမြောင်းချုပ်ချယ်မှုဟူသည် တန်းတူရည်တူ အခြေအနေ၊ တန်းတူရည်တူပုဂ္ဂိုလ်ချင်း အပေါ်တွင်သာ ထားရှိဖြစ်ပေါ်မြဲ ဖြစ်သည်။ နိဂဏ္ဌနာဋပုတ္တသည် ဗုဒ္ဓနှင့် အခြေအနေများစွာ၊ အချက်အလက် အသွယ်သွယ်တွင် တန်းတူရည်တူ ရှိခဲ့သူဖြစ်၏။ ထို့ပြင် ဗုဒ္ဓထက် အသက်အရွယ်ကြီး၍ ဗုဒ္ဓအလျင်ပွင့်ပေါ်နေသူလည်း ဖြစ်၏။

သူသည် ဘုရားရှင်ကဲ့သို့ပင် အမျိုးကောင်း၊ အနွယ်ကောင်းမှ ဆင်းသက်သူဖြစ်၍ သူ့အမည်ကို ဇိန(အောင်နိုင်သူ) (ဂျိန်း)ဟု အသိများသည်။ မဟာဝီရ (သူရဲကောင်းကြီး)ဟုလည်း ခေါ်ကြသည်။ သဗ္ဗဒဿဝီ(အားလုံးကိုသိမြင်သူ)ဟုလည်း ခေါ်ကြသည်။ သို့ရာတွင် ဘုရားရှင်၏ ပရိသတ်၊ ဘုရားရှင်၏ ဒေသနာတော်၌မူ နိဂဏ္ဌနာဋပုတ္တဟု ထင်ရှား၏။

ဥပတိဿ၊ ကောလိတဟု အများခေါ် အမည်ရှိသော်လည်း သာရီပုဏ္ဏေးမ၏ သားဖြစ်သောကြောင့် သာရိပုတ္တရာ၊ မောဂ္ဂလီ၏သားဖြစ်သူကို မောဂ္ဂလာန် စသည်ဖြင့် ဘုရားရှင်သည် အမျိုးအနွယ်အမည်၊ မိဘအမည်တို့ဖြင့်သာ စွဲခေါ်လေ့ရှိသည့်အတိုင်း နိဂဏ္ဌဂိုဏ်းမှ နာဋမြို့စား၏သားဖြစ်သူ ဂိုဏ်းဆရာကြီးကိုလည်း နိဂဏ္ဌနာဋပုတ္တဟုပင် ခေါ်သည်။

'နိဂဏ္ဌ'ဟူသော အမည်သည် အခြားတိတ္ထိဂိုဏ်းအမည်များထက် ပရိသတ်ကို ပို၍ဖမ်းစား၏။ အကြောင်းမူကား 'အနှောင်အဖွဲ့မရှိသူ'ဟု အဓိပ္ပာယ်ထွက်ရာ တရားရှင် သူတော်ကောင်းအလုပ်နှင့် လိုက်ဖက်လှသောအမည် ဖြစ်သည်။ အမည်လိုက်ဖက်ရုံမျှမဟုတ်၊ အကျင့်အားဖြင့်လည်း နိဂဏ္ဌများသည် အနှောင်အဖွဲ့ကင်းလွတ်စေမှု၊ စိတ်ကူးရသမျှ စားမှု နေမှု ဝတ်မှု ကိစ္စများတွင် ရှုပ်ရှုပ်ချုံချုံ စွန့်စွန့်လွှတ်လွှတ် ကျားကုတ်ကျားခဲ ကျင့်သူများ ဖြစ်ကြလေရာ မဇ္ဈိမတိုက်၏ တိတ္ထိဂိုဏ်းအားလုံးတွင် အထင်ရှားဆုံး ဖြစ်သည်။

နိဂဏ္ဌသည် ဗုဒ္ဓသာသနာတော်နှင့် ဆန့်ကျင်ဘက်ဖြစ်သော်လည်း အောက်ခြေတရားအချက်များစွာတွင် တူသယောင်ရှိသော ကျင့်ဝတ်ပဋိပတ်များစွာ ရှိနေပေရာ ဗုဒ္ဓဂိုဏ်းနှင့် နိဂဏ္ဌဂိုဏ်းတို့မှာ မတဲ့အတူနေဟူသော စကားအရ ပူးချည်တစ်လှည့် ခွာချည်တစ်ခါဖြင့် နေရာများစွာ ယှဉ်တွဲလျက်ရှိသော ဂိုဏ်းကြီးနှစ်ရပ် ဖြစ်ခဲ့သည်။

ဘုရားရှင် ပွင့်တော်မူစတွင် ကျွတ်တမ်းဝင်လာကြသော ရှင်တစ်ထောင်သည် နိဂဏ္ဌဂိုဏ်းသားများ ဖြစ်ကြပေ၏။ တေဒဂ်ဂိုဏ်းထူးရှင် ကုဏ္ဍလကေသီထေရီ

www.burmeseclassic.com

www.burmeseclassic.com



မယ်သည် နိဂဏ္ဌာဂိုဏ်းမှ ကူးပြောင်းလာသူဖြစ်၏။ နောင်အခါတွင် ကျွတ်တမ်းဝင်၍ ဘုရားဖြစ်စတွင် ပဉ္စဝဂ္ဂီတို့ထက် အလျင်ပင် ဘုရားရှင်နှင့် တွေ့ကြုံခဲ့သော ဥပက ပုရဗိုဇ်သည် နိဂဏ္ဌာဂိုဏ်းဝင် ဖြစ်၏။

ယင်းသို့ဆိုလျှင် ဗုဒ္ဓသာသနာဝင် ရဟန်းတော်များနှင့် နိဂဏ္ဌာရဟန်းများသည် နေရာများစွာတွင် အကြိမ်အခါများစွာ ဒွေးရောယှက်တင် ကူးလူးဝင်ဆံ့မှု ရှိခဲ့ကြသည်။ ဘုရားရှင်ကိုယ်တော်တိုင်ပင် နိဂဏ္ဌာသခ်မ်းကျောင်းများသို့လည်းကောင်း၊ နိဂဏ္ဌာရဟန်းများနှင့်လည်းကောင်း ကြိမ်ဖန်များစွာ ကြွရောက်ဆွေးနွေး တရားပေးမှုများ ရှိသည်။

ယင်းသို့ ယှက်နွယ်ဝင်ဆံ့ကြရာ၌ ကွာဟမှုမှာကား အခြေခံသဘောထားပင် ဖြစ်ပေ၏။ ဘုရားရှင်နှင့် တပည့်သား သံဃာတို့ ဆက်ဆံမှုမှာ အကျွတ်တရားရစေမှု စေတနာရှေးရှုခြင်းမျှဖြစ်၍ နိဂဏ္ဌာတို့မှာမူ ဣဿာမစ္ဆရိယ အခြေခံကာ ယှဉ်ပြိုင်လာသည်ဟု ယူဆသော ဘုရားရှင်နှင့် ဘုရားရှင်သာသနာတော် ပျက်စီးစေမှု၊ တစ်နည်းအားဖြင့် အရှက်တကွဲအကျိုးနည်းစေမှု ဖြစ်သည်။

ယင်းသို့အခြေတွင် နိဂဏ္ဌာသာသနာ စည်ပင်ထွန်းကားလျက်ရှိသော နာဠန္ဒမြို့၊ ပါဝါရိကဥယျာဉ်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဘုရားရှင် အထံတော်သို့ နိဂဏ္ဌာနဋပုတ္တ၏ တပည့်ကြီးတစ်ပါးသည် ဝေ့လည်ကြောင်ပတ် အကဲခတ်သည့်သဘောဖြင့် မယောင်မလည် ရောက်လာ၏။

[ ၂ ]

နိဂဏ္ဌာနာဋပုတ္တ၏ လက်ယာရံလား၊ လက်ဝဲရံလားမသိ။ အတွင်းနေ တပည့်ကြီးတစ်ပါးဖြစ်၍ သူ့အမည်ကို 'ဒီဃတပဿီ'ဟု ခေါ်၏။ သူသည် အသိဉာဏ် စံချိန်မမီသေးသော်လည်း အခြားနိဂဏ္ဌာများနှင့် နှိုင်းစာသော် နှိုင်းနှိုင်းချိန်ချိန် သုခမိန် သဘောထားရှိသူဖြစ်၏။ ကိုယ်ဟန်ပြေပြေ ရုပ်ရည်သန့်သန့်နှင့် နိဂဏ္ဌာတို့၏ ထောက်လှမ်းရေးသမားတစ်ဦးလည်း ဖြစ်၏။

သူတို့၏ နေရာများစွာ၊ စားကျက်များစွာတွင် ဘုရားရှင်ကိုယ်တော်တိုင်နှင့် တပည့်သံဃာတို့ ဝင်ရောက်တိုက်ခိုက်သည့်ဒဏ်ကို ခံခဲ့ရပေါင်း များပြီဖြစ်ရာတွင် မိမိတို့၏ အခြေခံဌာနဖြစ်သော ယခု နာဠန္ဒမြို့သို့ပင် ဘုရားရှင်ကိုယ်တိုင် ခေါင်းဆောင်သော သာသနာ့တပ်မတော်က ဝင်ရောက်ထိုးဖောက်လာသည်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသောအခါ နိဂဏ္ဌာတို့အဖို့ တုန်တုန်လှုပ်လှုပ်နှင့် ဘုရားရှင်၏ တရားတပ်မတော် ပျက်စီးရေးကို နိဂဏ္ဌာနာဋပုတ္တကိုယ်တိုင် ဦးဆောင်၍ အစီအစဉ်များ ပြုလုပ်၏။

ပြုလုပ်ပုံကား... ရှေးဦးစွာ နိဂဏ္ဌာ ဒကာတစ်ဦးကို ဘုရားရှင် သီတင်းသုံး တော်မူရာ ပါဝါရိကဥယျာဉ်သို့ စေလွှတ်၍ ပြဿနာ အတင်ခိုင်းသည်။ ထိုစဉ်က နာဠန္ဒမြို့တွင် အစာရေစာခေါင်းပါး၍ အစာအာဟာရကို ခွဲတမ်းချကာ စားသောက် နေကြရချိန်ဖြစ်၏။ ထိုအချိန်တွင် နာဠန္ဒသို့ ရောက်လာသော ဘုရားရှင်အား ဘုရားရှင်သည် သတ္တဝါတို့ကို သနားသော မဟာကရုဏာတော်အရှင်ဟု ဆိုပါ လျက် အာဟာရခေါင်းပါးလျက်ရှိနေသော နာဠန္ဒ မြို့သူမြို့သားတို့၏ အစာကို လုယူရန် ရောက်လာခဲ့ရလေသလောဟု ပြဿနာတင်လာခြင်းဖြစ်၏။ ဘုရားရှင်က "ဒါယကာ...အစာရေစာ ရှားပါးသည်ဆိုစေ၊ တစ်ဖွန်း တစ်ယောက်မျှကို မစွန့် လွှတ်နိုင်စရာ မရှိပါ"ဟု ပြန်လည်မိန့်ကြားလိုက်သောကြောင့် ထိုဒါယကာ ခပ်မဆိတ် ပြန်သွားရ၏။ ယခု ထောက်လှမ်းရေးသမားကြီး ဒီဃတပဿီ ရောက် လာပြန်ချေပြီ။

ဘုရားရှင်အား ယခင်က မဖူးတွေ့ခဲ့ဖူးသော ဒီဃတပဿီသည် ပထမသော် ပြဿနာလက်နက် တစ်စုံတစ်ရာဖြင့် ပစ်ပေါက်ချေမှုန်းရန် လာခဲ့ခြင်းဖြစ်၏။ သို့ရာတွင် ဘုရားရှင်နှင့် ရင်ဆိုင်တွေ့ကြုံရသောအခါ သူ့လက်နက် အရှိန်လျော့၍ ကိုယ်ဟန် တန့်သွားရသည်။ အကြောင်းကား ဂေါတမဗုဒ္ဓဟူသည် အခြားဂိုဏ်း ဆရာကြီးများကဲ့သို့ပင် ဆံကေသာ လက်လေးသစ်၊ မုတ်ဆိတ်မွေး ဗရပျစ်နှင့် ညစ်ညစ်ပေပေ ပုဂ္ဂိုလ်ကြီးတစ်ဦးဟု ထင်မှတ်ခဲ့ရာမှ ရောင်ခြည်ခြောက်သွေ ကျက်သရေအပြည့်နှင့် ရှုကြည့်၍ ခန့်ထည်လှစွာသော ဘုရားရှင်အား ရင်ဆိုင် တွေ့လိုက်သောအခါ၌ ပင်ကိုဓာတ်ခံ စဉ်းစားဉာဏ် အထိုက်အလျောက်ရှိသူ ဖြစ်သည့်အတိုင်း တင်လာသော တရားသေနတ်မောင်းကို အသာချေ၍ ဘုရားရှင် ရှေ့တော်၌ ရိုရိုသေသေဖြင့်ပင် မယောင်မလည်ပြုလုပ်နေမိရာတွင် ဘုရားရှင်က ဘယ်အချိန်က မိမိအမည်ကို သိထားလေသည်မသိ 'ဒီဃတပဿီ'ဟု စတင်ခေါ် လိုက်သောကြောင့် အံ့အားသင့်စွာဖြင့် မော်အဖူးတွင် "သာမဏေနသမဏော၊ ဂေါနေနဂေါနော၊ နွားတို့သည် နွားအုပ်ရှိရာသို့ သွားမြဲဖြစ်သကဲ့သို့ ရဟန်းတို့သည် ရဟန်းများရှိရာသို့ လာမြဲ ဆွေးနွေးမြဲဖြစ်သည်။ သင့်လျော်ရာတွင် ထိုင်ပါလော"ဟု

www.burmeseclassic.com



အာလာပသလ္လာပ စကားဖြင့် ဖိတ်ကြားလိုက်သောအခါ ဒီဃတပဿီသည် ခပ်ရွံ့ရွံ့ ပင် ဝင်၍ ထိုင်၏။

"ဒီဃတပဿီ…သင်တို့ဆရာ နာဋပုတ္တက မကောင်းဖြစ်စေမှုကံ အဘယ်မျှ ရှိသည်ဟု ပညတ်ပါသနည်း"

"မကောင်းမှုဟူသည် အတိတ်က မကောင်းပြုလုပ်ခဲ့မှု၏ ဒဏ်ကို ခံရခြင်း ဖြစ်သောကြောင့် ကျွန်ုပ်တို့ဆရာက ကံဟု မခေါ်ပါ။ ဒဏ်ဟုသာ ခေါ်ပါကြောင်း"

"ကောင်းပါပြီ။ မကောင်းဖြစ်စေမှုဒဏ် အဘယ်နှစ်ပါးဟု ပညတ်ပါသနည်း"

"သုံးပါးပါ"

"အဘယ်တို့နည်း"

"ကိုယ်ဖြင့်ပြုလုပ်သော ကာယဒဏ်၊ နှုတ်ဖြင့်ပြောဆိုအပ်သော ဝစီဒဏ်၊ စိတ်ဖြင့်ကြံစည်အပ်သော မနောဒဏ်ဟူ၍ သုံးပါး ပညတ်ပါသည်"

"ထိုဒဏ်သုံးပါးသည် စိတ်နှင့်တကွ အတူတူဖြစ်သလော၊ တသီးတခြား တစ်ပါးစီ ဖြစ်သလော"

"တသီးတခြား တစ်ပါးစီသာ ဖြစ်ကြပါ၏"

"ယင်းဒဏ်သုံးပါးတွင် အဘယ်ဒဏ်သည် အပြစ်အကြီးလေးဆုံးဖြစ်သည်ဟု သင်တို့ဆရာက ပညတ်ပါသနည်း"

"ကာယဒဏ်သည် အပြစ်အကြီးလေးဆုံးဖြစ်ကြောင်း ပညတ်ပါသည်"

"ထပ်ဖြေပါဦး ဒီဃတပဿီ။ ကာယဒဏ်၊ ဝစီဒဏ်၊ မနောဒဏ် သုံးပါး အနက် အဘယ်ဒဏ်သည် အပြစ်အကြီးလေးဆုံး ဖြစ်ပါသနည်း"

"ကာယဒဏ်ပါ"

"တစ်ကြိမ်ထပ်၍ မေးပါရစေဦး ဒီဃတပဿီ။ ကာယဒဏ်သည် အပြစ် အကြီးလေးဆုံးဖြစ်၏ဟု သင် ပြောကြားပေသည်။ ဟုတ်မှန်ပါ၏လား"

"မှန်ပါ၊ ကာယဒဏ်သည် အပြစ်အကြီးလေးဆုံးဟု ကျွန်ုပ်တို့ဆရာက ဟောကြားပါ၏။ ကာယဒဏ်သည်သာ အပြစ်အကြီးလေးဆုံး ဖြစ်သည်ဟု ကျွန်ုပ် ဖြေကြားပါသည်"

မေးခွန်းဟူသည် အကြောင်းအရာ တစ်ရပ်တည်းကို အကြိမ်ကြိမ်ဆင့်၍ မေးလိုက်သောအခါ အမှန်ကို ဆုပ်ကိုင်ထားသူပင်လျှင် ထိုအမှန်ဟူသည်

www.burmeseclassic.com

www.burmeseclassic.com



မှတ်ကျောက်အတင်ခံနိုင်သော 'အမှန်' မဟုတ်ခဲ့ပါသော် အမေးခံရသူအဖို့ စိုးထိတ်ရွံ့ရှာသွားတတ်မြဲဖြစ်ပေရာ မှတ်ကျောက်အတင်မခံနိုင်သော 'အမှန်'ဖြစ်ချေသော် အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

ထို့ကြောင့် စဉ်းစားဉာဏ် စိုးစဉ်းရှိလေသော ဒီဃတပဿီအဖို့ ဘုရားရှင်က သုံးကြိမ်ဆင့်၍ မိမိတရားအပေါ်၌ စဉ်းစားဉာဏ် ဝင်လာလေအောင်၊ ခိုင်ခိုင်မြဲမြဲလည်း ဖြစ်စေအောင် မေးမြန်းတော်မူလိုက်သောအခါ ဒီဃတပဿီအဖို့ အမေးဒဏ်ကို မခံနိုင်တော့သည့်အလား မျက်လုံးပုတ်ခတ်ဖြင့် ဖြေဆိုပြီးသည်နှင့် တစ်ပြိုင်နက် နောက်ထပ် မေးလာဦးမည့်ဒဏ်ကို မခံနိုင်တော့သည့်အလား ဘုရားရှင်ရှေ့တော်မှ မအူမလည်နှင့်ပင် ထ၍ သွားလေတော့သည်။

ဘုရားရှင်က ယင်းသို့ မေးတော်မူသည့် တရားအချက်၌ အကြောင်းရှိပေသည်။ ယင်းအကြောင်းကား အမေးခံဒီဃတပဿီကို ရည်ညွှန်းသည်မဟုတ်၊ သူ့ဆရာဖြစ်သူ နာဋပုတ္တနှင့် နိဂဏ္ဌာတစ်ဂိုဏ်းလုံးသို့ ရည်ညွှန်းပစ်လွှတ်အပ်သော တရားအချက် မိုးကြိုးစက်ပေတည်း။

ကာယဒဏ်သည် အပြစ်အကြီးလေးဆုံးဟူသော တရားသည် စဉ်းစားဉာဏ်မဲ့သော လူပြိန်းတို့အဖို့ သင့်နိုးလှပေ၏။ နှုတ်ဖြင့် သူတစ်ပါးကို ထိခိုက်နစ်နာအောင် ပြုလုပ်နိုင်သည်။ ကိုယ်ဖြင့်သော် သာ၍ပြုလုပ်နိုင်သည်။ ထိခိုက်နစ်နာစေရုံမျှမက သေသည်အထိပင် ပြုလုပ်နိုင်သည် မဟုတ်ပါလော။ ယင်းတရားသည် နိဂဏ္ဌာတို့၏ အခြေခံတရားအချက်ဖြစ်၍ ယင်းတရားအချက်ဖြင့်ပင် နိဂဏ္ဌာသာသနာကို စည်းရုံးတည်ထောင်ထားခဲ့သည် မဟုတ်ပါလော။

မနောကံ အရေးကြီးပုံ၊ မနောကံ အဓိကကျပုံကို ဗုဒ္ဓသာသနာ ပွင့်ထွန်းလာပြီးနောက် ယနေ့အချိန်ထိ အထပ်ထပ် မှတ်သိကြားနာ ဆင်ခြင်သိရှိပြီးဖြစ်ကြသောကြောင့် ယနေ့အချိန်၌ အသိခက်သော တရားသဘောမျိုး မဟုတ်တော့သယောင် ရှိခဲ့သော်လည်း နာဂဏ္ဌာတို့လောက်မျှ အဆင့်မမြင့်သော တွေ့ကရာရှစ်သောင်းဘာသာတရား။ ကလေးကချေ အရည်မရ အဖတ်မရ၊ အတွေးအခေါ် အယူအဆကိုးကွယ်မှုမျိုးစုံကိုပင် ဦးထိပ်ရွက်ဆင် ကိုးကွယ်ဆည်းကပ်ကြရရှာသော ထိုစဉ်အခါကမူကား ကာယဒဏ်သည် အရေးအပါဆုံးဟူသော အတွေးအခေါ်မှာ ဆိုးလှသည်ဟုကား မဆိုနိုင်။ ထို့ကြောင့်လည်း ကြီးမားသော နိဂဏ္ဌာဂိုဏ်းကြီးကို တည်ထောင်ထားနိုင်ခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

ဒီဃတပဿီသို့ မေးခွန်းနှစ်ခု သုံးခုမျှဖြင့် နိဂဏ္ဌာတို့အသည်းနှလုံးသို့ ချိန်၍ ပစ်လွှတ်အပ်သော ဘုရားရှင်၏ တရားစိန်ပြောင်းသည် ရည်မှန်းတော်မူသည့် အတိုင်းပင် စူးဝင်၏။ အကြောင်းမူကား ဘုရားရှင်ထံမှ ထွက်သွား၍ မိမိ၏ ဆောင်ရွက်မှု အတွေ့အကြုံကို သတင်းပို့ရန်ရှိသော ဒီဃတပဿီသည် နာဠန္ဒမြို့တွင် သီတင်းသုံးလျက်ရှိသော နိဂဏ္ဌာဌာနချုပ်ရှိ ဆရာနာဋပုတ္တအထံသို့ အစောတလျင် ဝင်ရောက်ဖူးမြော်၏။ အဆင်သင့်သည်ကား ထိုအချိန်တွင်ပင် နိဂဏ္ဌာတို့၏ အနာထပိဏ်ဟု ဆိုနိုင်လောက်သော နာဠန္ဒမြို့၏ မျက်နှာဖုံး ဥပါလိသူကြွယ်သည် ဆရာနာဋပုတ္တ၏ အနီးသို့ ရောက်ရှိနေခြင်းပင် ဖြစ်ပေသည်။

ဥပါလိသည် ဘုရားရှင်၏ အနာထပိဏ်၊ ဝိသာခါတို့ကဲ့သို့ပင် နိဂဏ္ဌာတရား၌ သက်ဝင်၍ ဆရာနာဋပုတ္တနှင့် တပည့်သား သံဃာတို့အား ဆည်းကပ်သူဖြစ်၏။ သူ့အိမ်သည် တံတိုင်းအထပ်ထပ် ကာရံထားသော်လည်း နိဂဏ္ဌာတို့အဖို့မူ အချိန်မရွေး တံခါးဖွင့်ထားသူ ဖြစ်၏။ ထို့ကြောင့် သူ့အိမ်သည် နိဂဏ္ဌာရဟန်းတို့ မပြတ်ဝင်ထွက်ရာ၊ အလှူခံရာ အခြေခံအိမ်ကြီး ဖြစ်ခဲ့သည်။

ပြောရန်တစ်ခု ရှိသည်ကား ဥပါလိသည် တစ်ဖက်တွင် မိမိဉာဏ်မီသမျှဖြင့် နိဂဏ္ဌာသာသနာနှင့် နိဂဏ္ဌာတို့၏ တရားတွင် သက်ဝင်ဆည်းကပ်သော်လည်း တစ်ဖက်တွင်မူ အမျိုးဂုဏ်၊ ပစ္စည်းဂုဏ်ကြီးသူ ဖြစ်သည့်အလျောက် အမျိုးမာန်၊ ပစ္စည်းမာန်ဖြင့် ဟောဟောဒိုင်းဒိုင်း ပြောဆို ပြုမူတတ်သူ ဖြစ်သည်။

ဆရာ့အထံသို့ ဒီဃတပဿီ ရောက်လာ၍ ဂေါတမဗုဒ္ဓနှင့် တွေ့ဆုံပြီး ဂေါတမဗုဒ္ဓက မည်သို့မည်ပုံမေးကြောင်း၊ မိမိက မည်သို့မည်ပုံ ဖြေဆိုခဲ့ကြောင်း သတင်းစကား လျှောက်တင်လိုက်သောအခါ ဆရာဖြစ်သူ နာဋပုတ္တက မည်သို့မျှ မပြောရမီကပင် ဥပါလိက တက်ကြွစွာဖြင့် လက်ကိုမြှောက်လိုက်ပြီးလျှင်…

"ရွှေ…တော်လိုက်လေ ဘုရား။ တပည့်တော်တို့ တရားကို ရှင်ဂေါတမ နားပေါက်အောင် လျှောက်တင်နိုင်ခဲ့တာဟာ ဆရာကောင်းတပည့် ပီသပါပေ့ ဘုရား။ အရှင်ဂေါတမဟာ မမြင်ရတဲ့ မနောဒဏ်ကိုသာ အဓိကထားပြီး ဟောကြားတယ်လို့ တပည့်တော် ကြားဖူးခဲ့တာ ကြာပြီ။ ဒါကြောင့်မို့ တပည့်တော်ဟာ ရှင်ဂေါတမထံ သွားပြီး ချေပ ဆွေးနွေးချင်နေတာလည်း ကြာလှပါပြီ။ အခု ရှင်ဂေါတမက သုံးကြိမ်သုံးခါတောင် အထပ်ထပ် မေးတယ်ဆိုတော့ တပည့်တော်တို့

www.burmeseclassic.com



တရားကို ဆွေးနွေးချင်နေပုံရတယ်။ ဝါဒပြိုင်ချင်နေပုံရတယ်။ ဒီကိစ္စမှာ တပည့်တော် တာဝန်ယူပါရစေ။ ဆွေးနွေးဆို ဒီနေ့ပဲ ရှင်ဂေါတမထံ တပည့်တော် သွားပါ့မယ်။ နက်ဖြန်ဆိုလျှင် နာဋပုတ္တက ရှင်ဂေါတမ ထွက်ခွာသွားလျှင် မဆွေးနွေးလိုက်ရဘဲနေဦးမယ်"ဟု လျှောက်ထားလိုက်သောအခါ ဆရာနာဋပုတ္တက "ကောင်းပေသပေါ့ ဒါယကာကြီး"ဟု မိန့်ကြားလိုက်၏။

ဤတွင် ဒီဃတပဿီက မျက်ကလူးဆန်ပျာနှင့် ကြားဝင်လာသည်။

"အရှင်ဘုရား...ရှင်ဂေါတမနှင့် သွားရောက် အပြစ်တင်ဆွေးနွေးဖို့ကိုတော့ သဘောတူပါသည်။ သို့ရာတွင် ဥပါလိ ဒါယကာကြီးကိုယ်တိုင် သွားရောက်ဖို့တော့ သင့်လျော်မည် မထင်ပါ"

"အဘယ့်ကြောင့် မသင့်လျော်ရမည်နည်း ဒီဃတပဿီ။ ဥပါလိသည် ငါတို့ တရားတွင် ခိုင်ခိုင်မြဲမြဲ သက်ဝင်နားလည်သူ ဖြစ်၏။ ပြောမှုဆိုမှု ကျွမ်းကျင်သူလည်း ဖြစ်၏။ ဥပါလိထက် သင့်လျော်သူ ရှိနိုင်ဦးအံ့လော"

ထိုအခါ ဥပါလိက တက်ကြွစွာ ဝင်၍လျှောက်သည်။

"မှန်ပါသည် အရှင်ဘုရား။ ဆင်ကောင်ကြီး တွေ့ပါလျက် ဆင်ခြေရာ ရှာသူကဲ့သို့ ကာယဒဏ်သည်သာ မျက်မြင်ထင်ရှား ဖြစ်ပါလျက် မမြင်ရသော မနောဒဏ်ကို ရှေ့တန်းတင်ထားသည်မှာ ရယ်ဖွယ်မျှ ဖြစ်ပေသည်။ တပည့်တော်သည် ရှင်ဂေါတမကို တပည့်တော်တို့၏ ဝါဒတည်းဟူသော လက်နက်ဖြင့် ဆွဲငင်ဖော့ယမ်းပစ်ချင်လှပါသည်။ စိတ်ချပါအရှင်တို့၊ အားကောင်းသော အရက်ဆိုင် အလုပ်သမားသည် အရက်ဆိုင်၌ ခင်းသောဖျာကို ဆေးကြောသောအခါ ရေအိုင်တွင်ချ၍ ဆွဲငင်တွန်းထိုး ယမ်းခါသကဲ့သို့လည်းကောင်း၊ ရေအိုင်တွင် ရေကစားသော ဆင်ပြောင်ကြီးသည် ကြာရိုးကြာစွယ်တို့ကို ယမ်းခါရိုက်ဖွပ်သကဲ့သို့လည်းကောင်း ရှင်ဂေါတမအား တပည့်တော်တို့၏ ဝါဒဖြင့် ယမ်းခါ ရိုက်ဖွပ်ခဲ့ပါအံ့"

"သင့်လျော်ပေစွ ဒါယကာဥပါလိ"ဟု ဆရာနာဋပုတ္တက မိန့်ကြားလိုက်သောအခါ ဒီဃတပဿီက "တပည့်တော် လျှောက်ထားပါရစေဦး"ဟု ကြားဝင်လာပြန်သဖြင့် နှစ်ဦးစလုံးက ဒီဃတပဿီဆီသို့ လှည့်ကြည့်နေကြသည်။

ဒီဃတပဿီသည် ဆရာနှင့် ဒကာတို့၏ စကားကို စဉ်းစဉ်းစားစားနှင့် ကန့်ကွက် ဟန့်တားနေခြင်းဖြစ်သည်။ အကြောင်းကား ဤဆရာရော ဤဒကာပါ

www.burmeseclassic.com

www.burmeseclassic.com



ဂေါတမဘုရားရှင်ကို တွေ့မြင်ဖူးသူများ မဟုတ်ကြပေ။ မိမိသည်လည်း ယနေ့မှပင် တွေ့ဖူး၍ တွေ့သည့်အခါတွင် ဂေါတမဗုဒ္ဓ၏ တင့်တယ်မှုအသရေတော်ကိုလည်းကောင်း၊ တရားဟောပြောမှုတွင် ပိုင်နိုင်ပြတ်သားမှုကိုလည်းကောင်း ချဉ်းကပ်လာသော အခြားသူတစ်ဦးအပေါ်တွင် လွှမ်းမိုးစိုးပိုင်သော သိက္ခာကြီးမားမှုကိုလည်းကောင်း သိရှိခဲ့သူဖြစ်သည်။

မိမိတို့တရားသည် အဘယ်မျှမှန်ကန်စေကာမူ ယင်းအမှန်တရားတို့သည် ပျက်ပြယ်၍ ဂေါတမဗုဒ္ဓဖြစ်ထွန်းစ ရှင်တစ်ထောင်တို့မှစ၍ မိမိတို့ဂိုဏ်းဝင်များသည် ဂေါတမဗုဒ္ဓသာသနာတော်သို့ ကူးပြောင်းသည့်အစဉ်အလာ များစွာရှိနေခဲ့ပေပြီ။ ယင်းသို့ ကူးပြောင်းသွားကြရာ၌ ဂေါတမဗုဒ္ဓ၏ တရားမှန်ကြောင့်သာမဟုတ် ဂေါတမဗုဒ္ဓ၏ ဖော်ပြပါ အဆွဲဓာတ် အင်အားများစွာတို့လည်း ပါဝင်သည်ဟု ဒီဃတပဿီ မြင်၏။

အခြားသူများ ပါသွားသည့်အတွက် အရေးမကြီးလှသေး။ ယခု ဥပါလိ သူကြွယ်များ မတော်တဆ ဂေါတမဗုဒ္ဓ၏ တပည့်ဒကာ ဖြစ်သွားပါချေသော် မိမိတို့တစ်ဂိုဏ်းလုံးအဖို့ ရင်ကျိုးရချေတော့မည်။ ထို့ကြောင့် ဂေါတမဗုဒ္ဓထံ ဥပါလိသွားမည် ဆိုရာ၌ နှိုင်းနှိုင်းချိန်ချိန်ဖြင့် ကန့်ကွက်နေခြင်း ဖြစ်ပေသည်။

သို့သော် အဘယ်သို့သော အကြောင်းပြချက်ဖြင့် ကန့်ကွက်ရပါမည်နည်းဟု စဉ်းစားပြီးမှ သတိရဟန်ဖြင့် "အရှင်ဘုရား...ရှင်ဂေါတမထံသို့ ဥပါလိအား စေလွှတ်ဖို့ကိစ္စကို စဉ်းစဉ်းစားစား ဆုံးဖြတ်တော်မူပါ။ အကြောင်းမှာ တပည့်တော်တို့၏ တပည့်များစွာသည် ရှင်ဂေါတမဘက်သို့ ကူးပြောင်းသွားကြရာ၌ အကြောင်း တစ်ခု ရှိမည်ဟု တပည့်တော် ယုံကြည်ခဲ့သည်။ ထိုအကြောင်းကို ယနေ့ ရှင်ဂေါတမနှင့် တပည့်တော်တွေ့၍ သိရှိခဲ့ရသည်။ ရှင်ဂေါတမသည် တစ်ဖက်သားကို ပြုစားဆွဲဆောင်စွမ်းသော စုန်းအတတ်ကို တတ်သည်ဟု ယုံကြည်ပါသည်။ အကယ်၍ ဥပါလိသည် စုန်းပညာဖြင့် ပြုစားခံခဲ့ရပါသော်..."

"မစိုးရိမ်ပါနှင့် ဒီဃတပဿီ...ဝါဒမခိုင်မြဲသော ရှင်ဂေါတမသည်သာလျှင် ဥပါလိ၏ တပည့်ဖြစ်နိုင်၍ ငါတို့ဝါဒ၌ ခိုင်မြဲသော ဥပါလိသည် ရှင်ဂေါတမ၏ တပည့် ဖြစ်မသွားနိုင်ပါ"

"စိတ်ချပါဆရာ...တပည့်တော်အစွမ်းကို ဆရာတို့ရော ရှင်ဂေါတမပါ ယနေ့ သိရစေ့မည်"

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

ဥပါလိသည် မိမိလက်လှမ်းမီသရွေ့ တွေ့ရှိရသော နိဂဏ္ဌာတို့တရား၌ သက်ဝင်နေသူမျှ ဖြစ်သည်။ ဘုရားရှင်အပေါ်၌ တစ်စုံတစ်ရာ အာဃာတ ထားရှိသူကား မဟုတ်။ ထားဖို့ရန် အကြောင်းလည်း မရှိခဲ့။ သို့ရာတွင် ဆန့်ကျင်ဘက်တရားသမားတို့ ထုံးစံအတိုင်း ကိုယ့်တရားသာ အမှန်ဟူသော မာန်ကလေးဖြင့် ဘုရားရှင်အထံတော်သို့ သွားရောက်ခဲ့ရာ၌ ပထမသော် ရှင်ဂေါတမအား ရင်ကော့ ခေါင်းမော့၍ ဝါဒတင်လိုက်မည်ဟု ဟန်ပြင်၍ လာခဲ့သော်လည်း ဘုရားရှင်အား တွေ့မြင်ရသော အခါတွင်မူ အထင်နှင့် အမြင် အကွာကြီး ကွာလျက်ရှိသော ဏ္ဍ္ဍြေတော် ရုပ်လက္ခဏာတော်တို့ကြောင့် အမြင်အတွေ့နှင့် လိုက်လျောစွာ ဘုရားရှင် အထံတော်သို့ ဦးလျှိုး၍ ဝင်ရ၏။

ဘုရားရှင် ရှေ့တော်မှောက်တွင် ထိုင်ရအံ့လော၊ ထ,ရအံ့လော နဝေတိမ်တောင် ရှိနေခိုက် ဘုရားရှင်က "ဒါယကာ ဥပါလိ...မိဘ၊ ဆရာ၊ ရတနာသုံးပါးတို့အား ပူဇော်ခြင်းသည် မင်္ဂလာမည်၏။ သင်တို့ဆရာ ဒီဃတပဿီ ပုရဗိုဇ်သည် ယနေ့ပင် ငါဘုရားထံ လာရောက်၍ တရားဆွေးနွေးသွားသည်။ သင့်လျော်ရာတွင် ထိုင်ပေတော့"

"တပည့်တော်သည်လည်း ဒီဃတပဿီ ရဟန်းနှင့် ဆွေးနွေးခဲ့သည့်အတိုင်း ဆက်၍ ဆွေးနွေးရန် လာရောက်ခဲ့ခြင်း ဖြစ်ပါသည်"ဟု လျှောက်ရင်း ရှေ့တော်တွင် ထိုင်၏။

"တရားဆွေးနွေးခြင်း၊ တရားနာယူခြင်း ဟူသည် မင်္ဂလာရှိသော အမှုပါပေ ဒါယကာ ဥပလိ။ သို့ရာတွင် တရားဆွေးနွေးမှု ဟူသည် ငါ့တရား၊ ငါ့စကားသာလျှင် အမှန်ဟု မာန်မာန အခုအခံဖြင့် ဆွေးနွေးခြင်းသည် မကောင်းမှုဖြစ်၍ သဘောပေါက်လျှင် ပေါက်သလို အမှန်ကို ခံယူသော သစ္စာတရားဖြင့် ဆွေးနွေးခြင်းသည်သာ မင်္ဂလာ မည်ပေ၏"

"မှန်လှပေသည်။ သစ္စာဖြင့်သာ ဆွေးနွေးပါမည် အရှင်ဂေါတမ"

ထိုအခါ ဘုရားရှင်က ဒီဃတပဿီနှင့် ဆွေးနွေးခဲ့စဉ်ကအတိုင်း ပြန်လည်ဟောကြားပြီးသောအခါ ဥပါလိက "ဒီဃတပဿီ ပြောသည့်အတိုင်း မှန်လှပါချည့်။ ကာယဒဏ်၊ ဝစီဒဏ်ကြောင့် ပျက်စီးဆုတ်ယုတ်မှုဟူသည် ဤလောက၌ အထင်အရှား မဟုတ်ပါလော အရှင်ဂေါတမ။ သူတစ်ပါးအား မည်သို့မျှ မပျက်စီး

www.burmeseclassic.com

www.burmeseclassic.com



စေနိုင်သော မမြင်ရ၊ မကြားရ၊ မတွေ့ရသော မနောဒဏ်သည် အဘယ်ပုံ အရေးကြီးနိုင်ပါမည်နည်း"

"ဒါယကာ ဥပါလိ...တရားဟူသည် ရှုပွားဝေဖန်ခံယူရသော အရာဖြစ်သည်။ ငါ့ဆရာက ဤသို့ဟောသည်၊ ကျမ်းဂန်စာပေက ဤသို့ဆိုသည်၊ အစဉ်အလာက ဤသို့ မိန့်သည် ဆိုသည့်အတိုင်း ခံယူထားလျှင် မှားယွင်းတတ်ပေသည်။ ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်ခံယူမှ အမှန်သို့ ရောက်နိုင်ပေသည်"

"အရှင်ဂေါတမ၏ စကားသည် ရည်မွန်လှပါ၏။ သို့ရာတွင် ကာယဒဏ်၊ ဝစီဒဏ် ကိစ္စတွင်မူ မျက်မြင် ထင်ရှားဖြစ်၍ ကာယဒဏ်သာလျှင် ပဓာနကျသည်ဟု ယူပါသည်"

"သို့ဆိုလျှင် ငါမေးမည် ဥပါလိ...စဉ်းစား၍ ဖြေဆိုပါလော့။ နိဂဏ္ဌတရား၌ ရေအေးကို မသောက်သုံးအပ်ဟု တားမြစ်ထားသည် မဟုတ်လော။ သည်းခြေရောဂါဖြစ်သော နိဂဏ္ဌ ရဟန်းတစ်ပါးသည် ဝစီဒဏ်ကို စောင့်ထိန်း၍ ရေအေးကို မသောက်သုံး၊ မတောင်းဆို။ ထိုရဟန်းသည် ရေအေးသောက်လိုမှုဆန္ဒနှင့် ထိုရောဂါဖြင့် ကွယ်လွန်ခဲ့သော် အဘယ်အရပ်၌ ဖြစ်သည်ဟု မဟာဝီရက ဟောပါသနည်း"

"စွဲလမ်းမှုကြောင့်ဖြစ်သော မနောသတ္တနတ်မျိုး၌ ဖြစ်ပါသည်"

စဉ်းစားလော့ ဥပါလိ...ထိုရဟန်းအား ကာယဒဏ်သည် အကျိုးမပေးခဲ့ချေတကား။ စိတ်စွဲလမ်းမှုကြောင့် မနောသတ္တနတ်မျိုး၌ ဖြစ်သည်ဟု သင်တို့ ကျမ်းဂန်က ဆိုသည်။ သင့်စကားသည် ရှေ့စကားနှင့် နောက်စကား ညီပါ၏လော"

လက်ဝှေ့ကြိုးဝိုင်းတွင် ချက်ကောင်းကို လက်သီးတစ်ချက် အမိခံရသောလက်ဝှေ့သမားကဲ့သို့ ဥပါလိ ဦးခေါင်းတစ်ချက် ငိုက်ဆင်းသွား၏။ သို့ရာတွင် ဤမျှဖြင့် အရှုံးပေးရအံ့လော။ သို့ဖြစ်၍ "ကာယဒဏ်သာလျှင် အပြစ်ကြီးပါသည်" ဟု စကားလက်သီးတစ်ချက် လေထဲသို့ ဝှေ့ယမ်းလိုက်သည်။

"ကောင်းပြီ၊ ဆက်၍မေးဦးအံ့ ဥပါလိ။ နိဂဏ္ဌတစ်ဦးသည် ကာယဒဏ်ကို ရှောင်ကြဉ်၏။ သို့ရာတွင် ထိုရဟန်းသည် ခရီးသွားရာ၌ ပိုးမွှားငယ်များကို နင်းမိ၍ သေကြေခဲ့သော် မည်သည့်အပြစ် ဖြစ်ပါသနည်း"

"စေတနာမပါ၍ မည်သည့်အပြစ်မျှ မဖြစ်ပါ"

"စေတနာဟူသည် အဘယ်ဒဏ်နည်း"

"မနောဒဏ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အသို့နည်း ဥပါလိ။ သင့်စကားသည် ရှေ့နောက်မညီပြန်ချေတကား"

ဤတစ်ကြိမ်တွင်မူ ဥပါလိသည် အလန့်တကြားပင် ဖြစ်သွားသည့်အဟန်ဖြင့် ဘုရားရှင်မျက်နှာတော်ကို မော်၍ဖူးရင်း မိမိတို့တရား၏ ရှေ့နောက်မညီညွတ်ပုံကို စဉ်းစား၍ ငေးငိုင်လျက်ရှိသည်။ သို့ရာတွင် ကြာမြင့်စွာ စွဲယူအပ်ခဲ့သော အယူအဆ တစ်ရပ်ဟူသည် အလွယ်တကူ မစွန့်ပစ်လိုသော အတ္တစွဲအတိုင်း "မှန်လှပါ ပသို့ဆိုစေ၊ ကာယဒဏ်သာလျှင် အဓိက ဖြစ်ပါတော့သည်ဘုရား"ဟု လျှောက်ထား သည်။ ဥပါလိသည် ဝန်မခံ အရှုံးမပေးနိုင်သေးသော်လည်း လေသံနှင့် ဟန်အမူ အရာကား ပျော့ပျောင်း၍လာခဲ့ပေပြီ။

"မေးပါရစေဦး ဥပါလိ။ စွမ်းအားကြီးသော ယောကျာ်းတစ်ဦးသည် သန်လျက် ကို ဆွဲကိုင်၍ ဤနာဠန္ဒမြို့တွင် ရှိသမျှသတ္တဝါများကို တစ်ခဏချင်းဖြင့် သေကြေ အောင် သတ်ဖြတ်နိုင်ပါမည်လော"

"မဖြစ်နိုင်ပါ"

"ဤမဇ္ဈိမရှိ ဒဏ္ဍကီတိုင်း၊ ကာလိင်္ဂတိုင်း၊ မဇ္ဈိမတိုင်း၊ မာတင်္ဂတိုင်းတို့သည် အဘယ်ကြောင့် တောအတိဖြစ်သွားရသည်ဟု သင်ကြားဖူးပါသနည်း"

"ရသေ့တို့အား မရိုသေမှုကြောင့် ရသေ့တို့ ဒဏ်ခတ်၍ တောအတိ ဖြစ်သွား ကြရပါသည်"

"အသို့နည်း ဥပါလိ။ ကာယဒဏ်သည် အရေးကြီးသလော၊ မနောဒဏ်သည် အရေးပါသလော"

နောက်ဆုံးတရားချက်တွင်မူ ဥပါလိသည် ဘုရားရှင်၏ မျက်နှာတော်ကို တွေ့တွေ့ထင်ထင် ရှုမြင်ဖူးမြော်ကာ လက်နှစ်စုံကို ကြာငုံကဲ့သို့ ဦးတင်မြှောက်ချီ ပြီးနောက် တစ်ဖန် ဘုရားရှင်၏ တရားတော်ကို ဖူးမြော်နှစ်သိမ့်လှသည့် အဟန်ဖြင့် မျက်လုံးအစုံကို မှေးမှိန်စဉ်းစားပြီးလျှင် ဘုရားရှင်၏ ခြေတော်အစုံကို လက်နှစ်ဖက် ဖြင့် ဝပ်တွား ကိုင်တွယ်ကာ အားရပါးရ ရှိခိုးဦးခိုက်သည်။ အကြောင်းမူကား ဒဏ္ဍကီတိုင်းတို့ ရတ်ခြည်း ပျက်စီးသွားကြရခြင်းသည် ရသေ့တို့ စိတ်ဆိုးမှုကြောင့် ဖြစ်ကြောင်း၊ ထို့ကြောင့် တန်ခိုးရှင် ရသေ့ရဟန်းတို့အား စော်ကားရိုင်းပျမှုကို အပထား၍ မထိမဲ့မြင် မပြုသင့်ကြောင်းဖြင့် မဇ္ဈိမတိုက်အလုံး အစဉ်အလာ ခံယူကျင့်သုံးမှု စွဲမြဲခဲ့သောကြောင့် ဖြစ်ပေသည်။ ဥပါလိသည် ယင်းသို့ တရားဘဝင် ကျ၍ ဦးချရှိခိုးရင်းဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မြတ်ဘုရား...တပည့်တော်သည် ဆရာစွဲ၊ အစဉ်အလာစွဲဖြင့် မိုက်မဲမှု အားသည်းခဲ့သူ ဖြစ်ပါတော့သည်။ ယခုသော် အရှင်မြတ် တရားကြောင့် တပည့်တော်၏ ဉာဏ်တံခါးကြီး ပွင့်ရပါလေပြီ။ အမှန်အားဖြင့်သော် တပည့်တော်သည် စဉ်းစားလေ့ရှိသူ ဖြစ်သော်လည်း လမ်းညွှန် ဉာဏ်တံခါး ဖွင့်ပေးမည့်သူ မရှိ၍သာ မိုက်မှားခဲ့မိရသူ ဖြစ်ပါသည်။ အရှင်မြတ်၏ ပထမဆုံး ဥပမာစကားတစ်ခွန်း၊ တရားတစ်ခွန်းမျှဖြင့်ပင် တပည့်တော် ဉာဏ်တံခါး ပွင့်ခဲ့ပါသည်။ သို့ရာတွင် အရှင်မြတ်၏ ထူးခြားလှသော အသံတော်နှင့် ဆန်းကြယ်လှသော တရားအချက်များကို ကြားနာလိုလှ၍သာ ကျားကျား–မီးယပ် ဆိုသကဲ့သို့ အထပ်ထပ် လျှောက်ထားခဲ့မိသည်ကို ခွင့်လွှတ်တော်မူပါဘုရား။

"လျှောက်ထားရန် ရှိသည်မှာ ယနေ့ ယခု အချိန်မှစ၍ တပည့်တော်၏ ဉာဏ်တံခါးပွင့်သကဲ့သို့ နိဂဏ္ဌာအဖို့ကား တပည့်တော်၏ အိမ်တံခါး ပိတ်ပါလေပြီ။ တစ်ဖန် နိဂဏ္ဌာတို့အဖို့ အိမ်တံခါးပိတ်သကဲ့သို့ အရှင်မြတ်နှင့် အရှင့်သံဃာအားလုံးအတွက်မူ ယနေ့ ယခုအချိန်မှစ၍ တပည့်တော်၏ အိမ်တံခါးကို အချိန်အခါမရွေး ဖွင့်လှစ်လိုက်ပါပြီ။ တပည့်တော်အား အရှင်မြတ်နှင့်တကွ ရတနာသုံးပါးသို့ သက်ဝင်သော ဥပါသကာအဖြစ် မှတ်ယူတော်မူပါ"

"ဒါယကာဥပါလိ...ယုံကြည်ကိုးကွယ်မှုကတော့ သင့်ခံယူချက်အတိုင်း ဖြစ်ပါစေ။ သို့ရာတွင် သင်သည် ဤနာဠန္ဒမြို့တွင် ဘာသာရေးအရရော လူမှုရေးအရပါ ထင်ရှားလှသူ ဖြစ်ပါ၏။ သို့ဆိုလျှင် အစဉ်အလာကပင် အထင်ကရ ကိုးကွယ်လာခဲ့သော နိဂဏ္ဌာတို့အပေါ်၌ ဤမျှ ရုတ်ခြည်း အပြောင်းအလဲ ပြုလုပ်လိုက်ဖို့အတွက်မူ စဉ်းစဉ်းစားစား ပြုမူသင့်ပါသည်"

"အံ့ဖွယ်ကောင်းလှပါချည့် ဘုရား။ မှန်လှပါ၏။ တပည့်တော်သည် နာဠန္ဒတွင် ထင်ရှားသူ ဖြစ်သည့်အတိုင်း အကယ်၍သာ တပည့်တော်အား ဘုရားရှင်ကဲ့သို့ နိဂဏ္ဌာတို့ ရရှိခဲ့ပါချေသော် ငါတို့ အောင်နိုင်ချေပြီကောဟု နာဠန္ဒတစ်မြို့လုံး လှည့်လည်ကြွေးကြော်ကြမည်မှာ သေချာပါသည်။ ယခုသော် အရှင်မြတ်က စဉ်းစဉ်းစားစား ပြုလုပ်ရန်ပင် မိန့်ကြားနေပါလေသည်။ အံ့ဖွယ်ပါပေ။ ဤစကားကြောင့် တပည့်တော်သည် အရှင်မြတ်၏ ဥပါသကာအစစ် ဖြစ်သွားပြီ ဖြစ်ပါကြောင်း နှစ်ကြိမ်မြောက် ထပ်မံလျှောက်ထားပါသည်"

www.burmeseclassic.com

www.burmeseclassic.com



"ဥပါလိ...နိဂဏ္ဌာတို့အတွက် တံခါးဖွင့်ထားသော သင်၏အိမ်သည် နိဂဏ္ဌာတို့ဖြင့် မပြတ်စည်ပင်ခဲ့သည် မဟုတ်ပါလော။ ယခုသော် တစ်ခဏတည်းဖြင့် တံခါးပိတ်လိုက်မည် ဆိုပါသော် လူမှုရေးအရ အမြင်မလှ ရှိချိမ့်မည်။ ဤသည်ကို ရည်၍ သစ်စိမ်းချိုး မချိုးဖို့ ငါမိန့်ကြားခြင်းဖြစ်သည်။ ခံယူချက်မည်သို့ရှိစေ လှူဒါန်းခြင်းမည်သည်ကား မင်္ဂလာရှိသောအလုပ် ဖြစ်ပါလေသည်။ သို့ပါ၍ နိဂဏ္ဌာတို့အားလည်း ဆက်လက်လှူဒါန်းပါဘိ ဥပါလိ"

"အရှင်မြတ်၏တရားကို ကြားနာရသောအခါ တပည့်တော် ခံယူချက် ပြောင်းပြန်ဖြစ်သွားရသကဲ့သို့ ယခု အရှင်မြတ်၏စကားကို ကြားသိရသောအခါ တွင်လည်း တပည့်တော်၏အသိ ပြောင်းပြန်ဖြစ်သွားပါသည်။ အကြောင်းမှာ ရှင်ဂေါတမသည် သူနှင့် သူ့တပည့်များကိုသာ ပေးလှူစေ၍ အခြားသူများကို လှူလျှင် အကျိုးမရှိဟု ဟောတော်မူကြောင်း ကြားသိထားခဲ့ရသောကြောင့် ဖြစ်ပါ၏။

"အရှင်မြတ်ဘုရား...ဤအရာတွင် တပည့်တော် ခပ်ရှင်းရှင်း လျှောက်ထားပါရစေ။ တပည့်တော်သည် ချစ်လုံးလုံး၊ မုန်းလျားလျား စိတ်ထားစရိုက်ရှိသူ ဖြစ်ပါသည်။ သို့ပါ၍ အဘယ်သူတို့အတွက် အဘယ်မျှ အထင်အမြင်မရှိ မလှစေကာမူ နိဂဏ္ဌာတို့အတွက်ကား တပည့်တော်၏ အိမ်တံခါးသည် ယနေ့ ယခု အချိန်မှစ၍ ပိတ်ပါလေပြီ"

ဤနေရာတွင် ဘုရားရှင်က မဂ္ဂင်ရှစ်ဖြာ သစ္စာလေးပါးတရားကို ဆက်လက် ဟောကြားတော်မူသောအခါ စိတ်ထားမြတ်သူ ဥပါလိသည် တစ်ထိုင်တည်းဖြင့် သောတာပန်စခန်းသို့ တက်လှမ်းသွား၏။

[ ၅ ]

မှန်လှပေ၏။ ဥပါလိသည် အိမ်သို့ရောက် သည်နှင့် တစ်ပြိုင်နက် တံခါးမှူးနှင့် အိမ်လုပ်သားများအား ခေါ်ကာ ဤအိမ်သည် ယခုအချိန်မှစ၍ နိဂဏ္ဌာတို့အတွက် တံခါးပိတ်လိုက်ပြီ။ သို့ဖြစ်၍ ယခုအချိန်မှစ၍ မည်သည့်နိဂဏ္ဌာ တစ်ဦး တစ်ယောက်မျှ ငါ့အမိန့်မရဘဲ အိမ်အတွင်းသို့ မဝင်စေရ၊ တံခါးဖွင့်မပေးရ၊ နိဂဏ္ဌာတို့အား တစ်ဇွန်း တစ်ယောက်မျှပင် မလောင်း မလှူရဟု အမိန့်ပေးလိုက်သည်။ အိမ်သားများသည် ထူးကဲစွာ ပြောင်းလဲလာသော မိမိတို့ အရှင်၏ အမူအရာနှင့် စကားကို မြင်ရ ကြားကြရ၍ အံ့အားသင့်နေကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် အလုပ်များသူမှာကား နိဂဏ္ဌာတို့၏ ထောက်လှမ်းရေးသမားကြီး ဒီဃတပဿီ ပုရဗိုဇ်ပင် ဖြစ်ပေသည်။ သူသည် ဘုရားရှင်ထံသို့ ဥပါလိကို စေလွှတ်လိုက်စဉ်ကပင် ဘဝင်ကျသူမဟုတ်ခဲ့။ ရှင်ဂေါတမ၏ အမြင်စွမ်းပကား၊ တရားစွမ်းပကားသည် ဥပါလိအား အဆွဲအားကြီးကြီးဖြင့် ဆွဲငင်သွားချေအံ့ တကားဟု သံသယရှိခဲ့သူ ဖြစ်သည်။

ထို့ကြောင့် ဥပါလိဒါယကာသည် မည်သို့ဖြစ်လာချေမည်နည်းဟု စောင့်မျှော်ခိုက် ဘုရားရှင်ထံမှ ဥပါလိ ပြန်လာပြီဟု ကြားရ၍ စူးစမ်းရန် ဥပါလိအိမ်သို့ ခါတိုင်းကဲ့သို့ပင် ခပ်ပိုင်ပိုင် ခပ်သွက်သွက်ဖြင့် သွားရောက်သောအခါ ခါတိုင်းလို မဟုတ်တော့ဘဲ တံခါးမှူးက အိမ်တွင်းသို့ မဝင်ရန် အဟန့်အတား ပြုလုပ်ထားသည်ကို တွေ့ရသောကြောင့် အံ့အားသင့်ရသည်။

"ငါတို့ပါကွဲ့ တံခါးမှူးရဲ့။ ဥပါလိဆရာတွေပါ။ လာနေကျ ရဟန်းတွေကို တောင် မမှတ်မိတော့ဘူးလား"

"မှတ်မိပါ၏အရှင်...သို့ရာတွင် မည်သည့်နိဂဏ္ဌာရဟန်းကိုမျှ တံခါးဖွင့်မပေးရဟု ဆရာသူဌေး အမိန့်ပေးထားပါသည်"

"ဘယ်လိုဖြစ်ကုန်ကြတာလဲဗျာရို့... ခက်တော့ကုန်ကြပြီ၊ သည်ကိစ္စမှာ ဆရာအရှင်ကို အမြန်အသိပေးလေမှပဲ။ ဆရာကိုယ်တိုင် ကိုင်တွယ်မှ ဖြစ်တော့မယ့် ကိစ္စပဲ"ဟု ညည်းတွား၍ ဒီဃတပဿီသည် ကျောင်းသို့ အသော့ပြန်ကာ ဆရာဖြစ်သူအား အမြင်အတွေ့ အကျိုးအကြောင်းကို လျှောက်ထားလိုက်သောအခါ ဆရာနာဋပုတ္တက "မင်းတို့ဟာ မဟုတ်သေးပါဘူးကရို့...ဘယ်လိုဖြစ်တာလဲ။ ကဲ...ပြောနေကြာတယ်။ ငါကိုယ်တိုင်လိုက်ပြီး စုံစမ်းမယ်"ဟု မိန့်ကြားရင်း ဥပါလိအိမ်ဆီသို့ အသော့ထွက်လာခဲ့သည်။

တံခါးဝသို့ ရောက်သောအခါ လေးစားခဲ့သော ဆရာဘုရားကိုယ်တိုင် ဖြစ်နေသောကြောင့် နှင်မထုတ်ဝံ့။ တံခါးမှူးက သူ့သခင်အထံသို့ နာဋပုတ္တဆရာဘုရားကိုယ်တိုင် ကြွရောက်လာပါကြောင်း သတင်းပို့သောအခါ ပထမသော် ဆရာဘုရားဖြစ်ဖြစ်၊ ဘယ်သူပင်ဖြစ်စေ တံခါးဖွင့်မပေးဖို့သာ ပြောလိုက်မည် စိတ်ကူးမိသော်လည်း နှစ်ပေါင်းများစွာ ကိုးကွယ် ဆက်နွယ်လာခဲ့သော ဤကိစ္စတွင် မတင်မကျလုပ်ထား၍မဖြစ်။ အကျိုးအကြောင်းကို ပြက်ပြက်ထင်ထင် မြင်သိသွား

www.burmeseclassic.com

www.burmeseclassic.com



မှသာ သင့်လျော်မည်ဟု သဘောရသောကြောင့် "ကောင်းပြီ တံခါးမှူး၊ ဖွင့်ပေးလိုက်၊ ဒုတိယတံခါးအတွင်းရောက်အောင် ခေါ်လာခဲ့"ဟု အမိန့်ပေးလိုက်သည်။

ဥပါလိအိမ်တွင် တံတိုင်းအထပ်ထပ်နှင့် တံခါးကြီးအရပ်ရပ်ရှိရာ၌ ပထမတံတိုင်းနှင့်သာ သင့်လျော်သူများကို ပထမတံတိုင်းအတွင်းသို့သာ ဝင်စေခြင်းစသည်ဖြင့် အဆင့်ဆင့် ခွဲခြားထားသည်။ ယခင်ကသော် ဆရာကြီးနာဋပုတ္တမဆိုထားနှင့် နိဂဏ္ဌာမှန်လျှင် တံခါးမှန်သမျှ အဆီးအတားမရှိ ဟင်းလင်းပွင့်သည်။ ယခုသော် ဆရာဖြစ်ခဲ့ဖူးသူမို့ လိုက်လျောသည့်အပဟန်ဖြင့် ဒုတိယတံခါးဖြင့် ဧည့်ခံတွေ့ဆုံရန် ပြင်ဆင်သည်။

ချစ်လုံးလုံး၊ မုန်းလျားလျား သဘောထား ပြတ်သားသော ဥပါလိက ဆရာဟောင်းဘုရားကို ဧည့်ခံရန် ပြင်ဆင်ပုံမှာလည်း သင်းလှပါပေ၏။ တံခါးဖွင့်ပေးလိုက်၍ အတွေးမာန်တင်းတင်း ကိုယ်ဟန်ဝင့်ဝင့်ဖြင့် ဝင်ရောက်လာသောဆရာနာဋပုတ္တသည် ဒုတိယတံခါးအတွင်း အမြင့်ဆုံးနေရာမှ ထိုင်၍ ဆရာဟောင်းကို ကြိုဆိုနေသည့် ဥပါလိကို တွေ့ရသောအခါ ဆရာနာဋပုတ္တအဖို့ မကြုံစဖူးအတွေ့အမြင်ထူးကြောင့် ကိုယ်ဟန်ပင်တန့်၍သွားရ၏။

"ကဲ...ဆရာကြီး၊ ထိုင်လိုလည်း ထိုင်ပေတော့၊ အောက်ကျမယ်ထင်လို့မထိုင်လိုရင်လည်း ရပ်ပြီးတော့သာနေပေတော့"

တစ်သက်လုံး ကိုးကွယ်လာခဲ့သော ဥပါလိက ယင်းသို့ မထီမဲ့မြင် ပြုလုပ်ပြလိုက်ခြင်းမှာ ဥပါလိ၏ ပင်ကိုစရိုက်ကြောင့်လည်း ဖြစ်၏။ မိမိရရှိခဲ့သော တရားထူးတွင် ဆရာဟောင်း နာဋပုတ္တတို့လို ဣဿာသမား၊ ဒေါသသမား၊ တရားမှောက်တရားမှားတို့အပေါ်၌ အမြင်ပြတ်သားသောကြောင့်လည်း ဖြစ်၏။

"ဘယ်လိုလဲဟရို့၊ ထူးခြားလှချည့်ကလား၊ ကေန္တ ဒီဃတပဿီပြောတဲ့အတိုင်း စုန်းသမားကြီးရှင်ဂေါတမ၏ အတတ်တွေဟာ ငါတို့ဒကာကို စူးဝင်လာခဲ့ပြီထင်တယ်"

"မှန်လှပေသည် ဆရာမဟာဝီရ။ တရားထူး တရားမှန်ပိုင်ရှင် စုန်းသမားကြီးရှင်ဂေါတမ၏အတတ်သည် ကျွန်ုပ်သို့ စူးဝင်ခဲ့ပါချေပြီ။ ယင်းသို့ စုန်းအပူးခံရသည်မှာ ကျွန်ုပ်အဖို့ နောက်ကျလှပါချေ၏"

"ဥပါလိ...သူတစ်ပါး ဝှေးစေ့ကို ထုတ်ယူရန်သွားသူသည် မိမိဝှေးစေ့ အထုတ်ခံ၍ ပြန်လာရသကဲ့သို့ သင် တကယ်ရှုံးသွားပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပေ၏။ တဘက်ကင်း ကျက်သရေအရှင်ဖြစ်ပေသော၊ အတုမဲ့ မဟာကရုဏာအရှင် ဖြစ်ပေသော၊ တရားထူး တရားမှန်ပိုင်ရှင် ဖြစ်တော်မူသော အစိန္တေယျ သုံးလောကထွဋ်တင် သမ္မာသမ္ဗုဒ္ဓဘုရားအရှင်သည် နှစ်ပေါင်းများစွာ ရောဂါစွဲကပ်လျက် ရှိခဲ့ပေသော ကျွန်ုပ်၏ မျက်ကန်းဗေ့စေ့ကို ထုတ်ယူလိုက်ပေပြီ"

"အလိုလေးလေး…ရှင်ဂေါတမ ဂုဏ်ထူးတွေကိုတောင် ချီးကျူးပြောဆိုတတ်နေပါပကော။ ဘယ်အချိန်ကများ သင်ကြားလေ့ကျက်ထားပါလိမ့်ဗျာရို့"

"သည်ကနေ့ပဲ မျက်မြင်ကိုယ်တွေ့ လေ့ကျက်ခဲ့ပေသည် ဆရာကြီး"

ဤနေရာတွင် ဥပါလိက ဘုရားရှင် ရှိတော်မူရာ ပါဝါရိက တောအုပ်ဆီသို့ ရည်ညွှန်းရှိခိုး၍ ဘုရားရှင်၏ ဂုဏ်တော်ပေါင်းများစွာကို ထပ်မံရွတ်ဆိုပြလိုက်သည်။

"ကဲ…ဆရာကြီး နာဋပုတ္တ…ပြန်ကြွချိန်သင့်ပေပြီ။ အထူးလျှောက်ထားလိုက်ရန် ရှိသည်ကား ဆရာနှင့် ကျွန်ုပ်တို့ ဤယနေ့ ဤအချိန်ကစ၍ ကျွန်ုပ်၏ အိမ်တံခါးသည် ဆရာတို့အတွက် လုံးဝပိတ်လိုက်ပါပြီ။ ကြွပေတော့ဆရာကြီး"

"ကောင်းပေ့ကွာ…ဟုတ်ပေ့ကွာ…ရောဂါတက်နေချိန် ဘာမှလုပ်လို့ရမှာ မဟုတ်သေးဘူး။ ရောဂါကျချိန်ရောက်အောင် စောင့်ကြည့်ရဦးမှာပေါ့"ဟု အရှက်ပြေ ပြောဆိုကာ ဒေါနှင့်မောနှင့် လှည့်ထွက်ပြန်လာခဲ့ရသည်။ နာဋပုတ္တအဖို့ ပြီးဆုံးအောင် ပြောရလျှင်ကား ယင်းသို့အရေးပါလှသော ဒါယကာ ဥပါလိကို လက်လွှတ်လိုက်ရမှု ဒေါသနှင့် သောကတရားတို့ နှိပ်စက်မှုကြောင့် ဥပါလိထံမှ ထွက်ခဲ့၍ မကြာမီပင် သွေးအန်ရောဂါဖြင့် ကွယ်လွန်သွားရရှာပါလေသည်။

မှန်လှပေ၏။ ဤယနေ့ ဤအချိန်မှစ၍ ဥပါလိအဖို့ သောတာပန် ဉာဏ်တံခါးကြီး ပွင့်လာမှုကြောင့် နိဂဏ္ဌာတို့အဖို့ လာဘ်တံခါးကြီး ပိတ်သွားသော်လည်း ဘုရားရှင်နှင့်တကွ တပည့်သား တစ်သာသနာလုံးအဖို့မှာကား ဒါယကာ ဥပါလိ၏ မဂ်တံခါး၊ ရွှေတံခါး၊ ရတနာတံခါးကြီး ပွင့်ခဲ့လေပြီ။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# အပြိုင်အဆိုင်

[ ၁ ]

မဇ္ဈိမဒေသသည် လူဦးရေ ထူထပ်လှ၏။ လူဦးရေ ထူထပ်သလောက် စိတ်ကူးယဉ်ဖွယ်ရာ မြစ်၊ ချောင်း၊ တော၊ တောင်၊ လှိုဏ်မြောင် လိုဏ်ဂူတို့လည်း ပေါများထူထပ်လှ၏။ လူဦးရေ ထူထပ်သလောက် အမျိုးဇာတ် ကွဲပြားမှုကလည်း များပြားလှ၏။ လူဦးရေထူထပ်၊ အမျိုးဇာတ်ကွဲပြား၊ တောတောင်လှိုဏ်မြောင်တို့ များပြားသလောက် စိတ်ကူးယဉ်၍ ရသမျှ တီထွင်၍ထားကြသော ဆရာ့ဆရာကြီးတို့၏ သဘောအယူဝါဒ ဆိုသည်တွေကလည်း ပေါများလှပါဘိ၏။

သို့ရာတွင် ဗြာဟ္မဏဆရာကြီးတို့၏ ထိပ်တန်းဗြဟ္မာဝါဒအစ မြက်သစ်ပင်ကိုးကွယ်သည်အထိ အဘယ်မျှ ကွဲပြားစေကာမူ ယင်းအယူဝါဒ မှန်သမျှသည် အတ္တဝါဒ ဘောင်အတွင်းမှသာ ဖြစ်ကြပေရာ ယင်းအတ္တဝါဒအားလုံးကို တော်လှန်ဆန့်ကျင်သော တထာဂတ၏ သစ္စာဝါဒ၊ အနတ္တဝါဒ ထွက်ပေါ်လာသောအခါ လှိုင်းကြက်ခွပ် ရေကန်ထဲသို့ ခဲကြီးတစ်လုံး ပစ်ချလိုက်သကဲ့သို့ သဲသဲရုတ်ရုတ် ဖြစ်သွားကြသည်။

တထာဂတ၏ အနတ္တဝါဒသည် မိမိဝါဒကို ထွန်းပြရုံ၊ လျောက်လျားဘာသာ ထွက်ပေါ်လာရုံမျှမဟုတ်၊ မိဂဒါဝုန်တွင် မိမိ၏ဝါဒ၊ မိမိ၏တရားစကြာကို စတင်ကြေညာသည် ဆိုကတည်းကပင် တောရမ်းမယ်ဖွဲ့ အရွဲ့အစောင်းကောင်းမည်

www.burmeseclassic.com



ထင်သမျှဖြင့် တီထွင်ပြုလုပ်၍ထားကြသော မဇ္ဈိမရှိ အခြားဘာသာဝါဒ အားလုံးကို အတည့်အလင်း တရားစစ်ကြေညာ၍ ထွက်ပေါ်လာခဲ့သည်။

အကြီးအကဲ ဆိုသည်မှာ နေရာတကာတွင် ကြောင့်ကြမဲ့နေ၍ မဖြစ်နိုင်ပေ။ ပြောသင့်သည်ကို ပြောရမည်။ ဟောသင့်သည်ကို ဟောရမည်။ ဆန့်ကျင်သင့်သည်ကို ဆန့်ကျင်ရမည်။ အကျိုးလိုသော စေတနာမှန်ဖို့သာ ပဓာနဖြစ်သည်။

လောကသုံးပါးတွင် အကြီးမားဆုံးသော ဘုရားအဖြစ်ဖြင့် သတ္တဝါမိုလ်လူ ဟိန္ဒူတို့ကို သံသရာပင်လယ်မှ ကယ်တင်ရန် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကျော်မျှ ကရုဏာကြီးကြီး၊ စေတနာကြီးကြီးနှင့် ကြိုးပမ်းခဲ့သော ဘုရားရှင်သည် လွဲမှားသော အယူဝါဒမျိုးစုံတို့ဖြင့် ထူလွန်း ပိန်းလွန်းလှသော မဇ္ဈိမတိုက်ကို ဘုရားဖြစ်ရန်အတွက် တမင်ရွေးချယ်ခဲ့ခြင်း ဖြစ်ပေသည်။

ရွေးချယ်ဟန်ကား ဤသူတို့သည် သနားစရာကောင်းသကဲ့သို့ ချီးကျူးဖွယ်လည်း ကောင်းသည်။ အကြောင်းမူကား ဆရာမှန် တရားမှန်ကို မတွေ့သေးသဖြင့် လွဲမှားနေကြသော်လည်း တရားကို ရှာလိုသူများကား ဖြစ်ကြပေသည်။

လွဲမှားပုံများကိုလည်း ရှုလော့။ ရေချိုး၊ မီးလှုံ၊ တုံးခုန်၊ ဖယ်ခုပ် စသော အကျင့်များဖြင့် အတ္တဝါဒီ ဗြဟ္မာမျှော် ဗြာဟ္မဏတို့၏ ယေဘုယျအကျင့်လွဲများကို ထားပါဦးတော့။ အသိရှင် လူသတ္တဝါတို့၏ ဟိရိဩတ္တပ္ပ စောင့်ထိန်းမှုမျှကိုပင် သွေဖည်ကာ ကိုယ်ဝတ်ချည်းစီးနေမှုကိုပင် အကျင့်ကောင်း အကျင့်မွန်အဖြစ် ယူမှတ် ကျင့်သုံးနေသူ အမြောက်အမြားရှိ၏။ ထို့ထက် ထူးဆန်းသည်ကား သတ္တဝါအောက်တန်းစား ခွေး၊ နွားတို့ကိုပင် အထင်ကြီးကာ ခွေးလိုကျင့်၊ နွားလို ကျင့်နေသူများလည်း ရှိနေ၏။

ခွေးလို, နွားလိုကျင့်မှ ခေါင်းပါးသော အကျင့်ဟု ယူဆကာ ခွေးလို, နွားလို လေးဘက်ထောက်၍ စားသည်၊ သွားသည်။ ခွေးလို, နွားလို အိပ်သည်။ ခွေးနှင့် နွားနှင့် တူနိုင်သမျှတူအောင် နေသည်။ တကယ့်အံ့ဖွယ် သနားစရာ သတ္တဝါများပေတည်း။

ဤလိုအခြေတွင် ဘုရားအဖြစ်သို့ ရောက်လာသောအခါ မိမိ၏ မဂ္ဂင်ရှစ်ဖြာ အနတ္တဝါဒကို စတင်ကြေညာသော ဓမ္မစကြာဖြင့်ပင် မဇ္ဈိမရှိ ဝါဒအားလုံးကို ဆန့်ကျင် တိုက်ခိုက်ရပေသည်။ "ရဟန်းတို့...ရေချိုး၊ မီးလှုံ၊ တုံးခုန်၊ ဖယ်ခုပ် ရှုပ်ရှုပ်ထွေးထွေး ခွေးအကျင့်, နွားအကျင့် စသော အကျင့်များသည် ခန္ဓာကိုယ်ကို

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမဲ့ အနှစ်မဲ့ ပင်ပန်းစေသော အကျင့်များ၊ လွဲမှားသော အကျင့်များ ဖြစ်သည်။ ယင်းအကျင့်မှားများကို မကျင့်သုံးအပ်၊ မမှီဝဲအပ်"ဟု အတည့်အလင်း ကြေညာလိုက်ရသည်။ ရည်မှန်းချက်ကား မိမိတို့၏အကျင့်များကို ရပ်တန့်၍ စဉ်းစားဆင်ခြင်လာနိုင်ကြစေရန် ဖြစ်၏။ ဒုတိယအဆင့် ရည်မှန်းချက်ကား အကျင့်မှန်ကို ချဉ်းကပ် သုံးသပ်လာကြစေရန် ဖြစ်၏။

ယင်းရည်မှန်းချက် စေတနာအတိုင်း ပဉ္စဝဂ္ဂီတို့အစ၊ ကဿပ ညီနောင် ရှင်တစ်ထောင်တို့အလယ်၊ မရေမတွက်နိုင်သော အတ္တဝါဒီတို့ အကျွတ်တရား ရလာကြသည် မှန်ပါ၏။ သို့ရာတွင် ရည်မှန်းသည့်ဘက်သို့ ရောက်မလာဘဲ ဆန့်ကျင်ဘက် ရန်သူတို့လည်း ပေါ်များလာခဲ့ရ၏။

ဂိုဏ်းဆရာ ဆိုသူတို့ကလည်း နည်းမျိုးစုံဖြင့် တိုက်ခိုက်လာကြမည်။ ဆရာတို့ ကွဲသောကြောင့် ဒကာတို့ကွဲသည်။

ရှေးအခါက မိမိတို့အတ္တဝါဒ ဘောင်အတွင်း၌သာ အချင်းချင်း ဆန့်ကျင်ခဲ့ ကြသည်။ ငြင်းခုံဆွေးနွေးကြသည်။ ယခုသော် အတ္တဝါဒီ အားလုံးတို့၏ ဦးတည် ဆန့်ကျင်ရာမှ ဗုဒ္ဓဝါဒ ဖြစ်လာ၏။ နေရာတကာတွင် ရှင်ကြီးဂေါတမ ရှင်ကြီး ဂေါတမ ဟူသော ဆန့်ကျင်သံ တိုက်ခိုက်ပြောဆိုသံများမှာ ကျယ်လောင်လာသည်။

ဗုဒ္ဓဝါဒဘက်သို့ သက်ဝင်သူတို့ ပေါ်များလာသလောက် အချင်းချင်း စိတ်ဝမ်း ကွဲသူတို့လည်း ပေါ်များလာသည်။ ယင်းသို့ ကွဲပြားသွားသူများအနက် သူတို့ နှစ်ယောက်၏ ဖြစ်ရပ်မှာ ပြောစမှတ် ပြုရလောက်အောင်ပင် ဖြစ်ခဲ့သည်။

[ ၂ ]

သာဝတ္ထိတွင် သူတို့နှစ်ယောက်မှာ နေရာတကာ တတွဲတွဲနှင့် စံပြမိတ်ဆွေနှစ်ဦး ဖြစ်ခဲ့ကြသည်။ အရွယ်ချင်းတူ၍ ကုန်သည်အလုပ်ချင်း တူသည်။ အမျိုးအနွယ်ချင်း တူ၍ စရိုက်သဘာဝချင်းလည်း တူသည်။ ပြောမနာ ပြောင်မနာ ဆိုမနာ ဆဲမနာ မိတ်ဆွေများဖြစ်ခဲ့ကြသည်။ တစ်ယောက်၏အမည်မှာ သီရိဂုတ္တဖြစ်၍ တစ်ယောက် က ဂရဟာဒိန္နှာ ဖြစ်သည်။

သို့ရာတွင် သီရိဂုတ္တသည် တစ်ချိန်သောအခါ၌ ဘုရားရှင်၏ တရားတော်ကို နာရ၍ ဗုဒ္ဓဝါဒီဖြစ်လာသောအခါ ဗြာဟ္မဏဝါဒီ၊ အတ္တဝါဒီရှင် ဂရဟာဒိန္နှာနှင့်

www.burmeseclassic.com

www.burmeseclassic.com



သဘောထား ကွဲလွဲလာသည်။ မသိမသာ မျက်စောင်းခဲလာသည်။ အငြင်းအခုံ ပြုလာကြသည်။

လူ့လောကဟူသည် အဘယ်မျှ မေတ္တာနိုင်မြဲပါသည်ဆိုစေ တပ်မက်မွတ်သိပ်မှု တည်းဟူသော တဏှာ၊ ငါတည်းဟူသော မာန်မာန၊ မိမိနှစ်သက်ရာ ယူဆထားမှု တည်းဟူသော ဒိဋ္ဌိ၊ ဤတရားသုံးပါးဖြင့်သာ တည်ဆောက်ထားခြင်းဖြစ်ပေရာ ဤအချက်သုံးရပ်တွင် ထိပါးကွဲလွဲလာလျှင် အခြားဆက်စပ်မှု မှန်သမျှကို ယိုယွင်းပျက်စီးစေတတ်သည် မဟုတ်ပါလော။

အယူဝါဒတည်းဟူသော ရောင်စုံကမ္ဗလာကြီးဖြင့် လွှမ်းခြုံထားအပ်သော မဇ္ဈိမသည် ပင်ကိုကပင် သက်ဆိုင်ရာ ဘာသာရေးလှုပ်ရှားမှုများ၊ ငြင်းခုံဆွေးနွေးမှုများ မပြတ်ရှိခဲ့သည်။ အထူးသဖြင့် တော်လှန်ဆင်ကွဲသော ဘာသာရေးခေါင်းဆောင် တထာဂတ သီတင်းသုံးသော ဒေသများတွင် ပြဿနာလှိုင်းဂယက် ပို၍ကြီးမား သည်။

ရာဇဂြိုဟ်တွင် သီတင်းသုံးစဉ်က တထာဂတဆန့်ကျင်ရေးများ ပွက်ပွက်ဆူ သည်။ အကြောင်းမူကား ရာဇဂြိုဟ်သည် ဘာသာရေးခေါင်းဆောင်တို့ စုဝေးရာ ဒေသ ဖြစ်သည်။ ထိပ်သီးချင်း တန်ခိုးပြိုင်မှုအထိ ကြီးမားသောပွဲကြီးများ ဖြစ်ပေါ် သည်။ စိဉ္စမာန စသူတို့ဖြင့် ကောက်ကျစ်မှု၊ စဉ်းလဲမှု များစွာ ဖြစ်ပေါ်သည်။

ကပ္ပိလဝတ်တစ်ခုတွင်သာ ပြဿနာနည်းပါးသည်။ အကြောင်းကား ဆန့်ကျင် လာသော တထာဂတဟူသည် သူတို့ချစ်သော အရှင့်သား၊ မိမိတို့၏ တိုင်းရင်းသား ဖြစ်သောကြောင့် ဖြစ်သည်။

ယခု သာဝတ္ထိတွင် သီတင်းသုံးပြန်တော့ သာဝတ္ထိ၏ ရှိရင်း ဘာသာရေး ရိပ်သာများ၊ ဆန့်ကျင်ရေး ဂိုဏ်းများတွင် ပွက်ပွက်ထပြန်သည်။ သို့ရာတွင် သာဝတ္ထိသည် တထာဂတ၏ ဘုမ္မိနက်သန် နေရာမှန်ဟု ဆိုရလောက်အောင်ပင် ဘုရင်ကိုယ်တိုင်နှင့် သာဝတ္ထိ၏ သြဇာရှိသော ထိပ်သီးပုဂ္ဂိုလ်များကပါ ဗုဒ္ဓ၏ ဘက်တော်သားများ ဖြစ်လာရုံမက ပြည်သူလူထု အနေဖြင့်လည်း ဗုဒ္ဓဘက်တော် တွင် တစ်နေ့တခြား အင်အားကောင်းကောင်းနှင့် တိုးပွားစည်ပင်လျက် ရှိနေပေရာ ဆန့်ကျင်ရေး ဂိုဏ်းသားများမှာ ရာဇဂြိုဟ်လောက် ထင်ထင်ရှားရှား အင်အားမပြ နိုင်ကြ။ မိမိတို့အသိုင်းအဝိုင်း အတွင်းမှာသာ အငြင်းအခုံ ကျိတ်ပိုင်းများ အဖြစ် များသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ ပြဿနာကျိတ်ဝိုင်းများအနက် မှတ်သားလောက်သော နေရာတစ်ခုကို ထုတ်ပြရဖို့ ရှိသည်။ ဘုရင့်တပ်မတော်သားများ၏ သေတင်းကုပ် သေရိပ်သာ တည်း။

ဘာသာရေးမှန်သမျှနှင့် ပညာရှိ သူကောင်းတို့က သေရည်သောက်သုံးမှုကို နည်းမျိုးစုံဖြင့် ရှုတ်ချ၍ အဘယ်မျှ ဟန့်တားကြစေကာမူ သေရည်ဟူသည် လူသားတို့ အစဉ်အဆက်က စ၍ပင် ယောက်ျားတို့ လောက၌ နှစ်လိုဖွယ်ရာအဖြစ် ခိုင်ခိုင်မြဲမြဲ တည်ရှိခဲ့သောအရာ ဖြစ်သည်။

အထူးသဖြင့် တရားဝင် ထင်ထင်ရှားရှား ခွင့်ပြုထားရသော နေရာသည်ကား အားကောင်းမောင်းသန် ယောက်ျားတို့ စုဝေးရာကမ္ဘာ အစဉ်အဆက် တပ်မတော် တို့၏ နေရာဖြစ်၏။ အကြောင်းမူကား သေရည်ဟူသည် တပ်မတော်သားများကဲ့သို့ ပင်ပန်းနွမ်းလျသော ယောက်ျားသားများကို ချွေးသိပ် မေ့မိတ်စေရာ ဖြစ်သကဲ့သို့ တိုင်းပြည်အတွက် လက်နက်ရှင်၊ သတ္တိရှင်များ၏ အားပြုရာ အင်အားတစ်ရပ်လည်း ဖြစ်စေသောကြောင့် ဖြစ်၏။

သို့ဖြစ်ရာ တပ်မတော်မှန်လျှင် အရပ်ထဲမှ တွေ့ကရာရှစ်သောင်း သေသမား မျိုးစုံနှင့် ပြဿနာမဖြစ်စေရန်၊ ဖြစ်လျှင်လည်း မိမိအသိုင်းအဝိုင်းတွင်သာ တိုးတိုး တိတ်တိတ်ဖြစ်စေရန် တပ်မတော်သားများအတွက် သီးသန့်သေရိပ်သာ သေ တင်းကုပ်များ တရားဝင် ထားရှိပေးရသည်မှာ ကမ္ဘာ့တပ်မတော်များ၏ အစဉ်အလာ တစ်ရပ် ဖြစ်သကဲ့သို့ သာဝတ္ထိ၏ ဘုရင့်တပ်မတော်တွင်လည်း သေရိပ်သာများ ရှိသည်။

သို့ရာတွင် သေရိပ်သာ၊ သေရည်ဟူသည် ပြဿနာမျိုးစုံတို့ ဖွင့်အန်ရာ၊ စကားမျိုးစုံတို့ ပေါ်ပေါက်ရာဖြစ်၏။ သို့ဖြစ်ရာ တပ်မတော်သားဟူသည်လည်း လူသားတစ်ယောက်မျှပင် ဖြစ်၍ အယူဝါဒမျိုးစုံ၊ လူမှုရေးမျိုးစုံတို့၏ ပြဿနာရှင် များ ဖြစ်သည့်အတိုင်း ယင်းပြဿနာများကို သေရိပ်သာတွင် ရင်ဖွင့်တတ်ကြ သည်မှာ အစဉ်အလာတစ်ရပ် ဖြစ်၏။

ယင်းပြဿနာများအနက် သာဝတ္ထိသို့ တထာဂတ လာရောက်သီတင်းသုံးသည့် အချိန်မှစ၍ တပ်မတော် သေရိပ်သာများ၌လည်း သေရည်ကလေးဝင်လာလျှင် နှုတ်ရွှင်ရွှင်နှင့် အယူဝါဒ ငြင်းခုံမှု ပြဿနာများမှာ ပို၍ကြီးမားလာသည်။ ငြင်းခုံ ရုံမျှမက ကြမ်းတမ်းသော တပ်မတော်သားများ ဖြစ်ကြသည့်အတိုင်း ရုံဖန် တုတ်

www.burmeseclassic.com



တစ်ပြက် ခဏတစ်ပြက်အထိ ဖြစ်ပွားလာတတ်သောကြောင့် အထက်အရာရှိများက ထိန်းသိမ်းကွပ်ညှပ်ပေးရသည့် အကြိမ်မှာ များလှပြီဖြစ်၏။

ကြာသော် တစ်သွေးတည်း တစ်သားတည်း၊ တစ်စိတ်တည်း တစ်ဝမ်းတည်း ဖြစ်ရမည့် တပ်မတော်သားများအတွက် ဘာမဟုတ်သည့် ကိစ္စကလေးများကြောင့် စိတ်ဝမ်းမကွဲစေလိုသည်နှင့် တပ်မတော် သေရိပ်သာ မှန်သမျှတွင် ဘုရင့်အမိန့်ဖြင့် အောက်ပါစာတန်းများကို ဆွဲချိတ် ထုတ်ပြန်ထားရသည်။

ယင်းအမိန့်မှာ "ဤသေရိပ်သာ အတွင်း၌–

(၁) ဘာသာရေး၊

(၂) နိုင်ငံရေး၊

(၃) မိန်းမအရေးကိစ္စများ လုံးဝမပြောရ။ ဘုရင့်အမိန့်တော်"ဟူ၍ ဖြစ်၏။ ယင်းအမိန့်များ ထွက်ပေါ်လာသည့်အခါတွင်မှ ရန်းရန်းရင်းရင်း ပြဿနာများ လျော့ပါးသွားသည်။

ပြဿနာဖြေရှင်းရေး ယင်းဘုရင့်အမိန့်တော်ကို သာဝတ္ထိ၏ နေရာများစွာတွင် နမူနာယူကြသည်။ မှန်လှပေ၏။ ယင်းပြဿနာသုံးရပ်ဟူသည် ယောကျ်ားတို့အတွက် သမိုင်းအစဉ်အဆက်ကပင် စိတ်ဝမ်းကွဲဖွယ်ရာများ မဟုတ်ခဲ့ပါလော။ သို့ရာတွင် ပုဂ္ဂလိကဆွေးနွေးဝိုင်း၊ ကျိတ်ဝိုင်းများတွင်မူကား ယင်းပြဿနာမှာ ရှိမြဲ ရှိနေသည်။

[ ၃ ]

"ဘယ့်နှယ်လဲ ရွှေကြာပင်ကြီး၊ ပေါ်မလာတာ ကြာပါပေါ့ကလား"ဟု ပြောမနှာ ဆိုမနှာ ပြောနေကျအတိုင်းပင် ညနေပိုင်း အားလပ်ချိန်တစ်ချိန်၌ မိမိအိမ်သို့ ရောက်လာသော သီရိဂုတ္တအား ဂရဟာဒိန္နာက နှုတ်ဆက်လိုက်သည်။

ဝင်ဝင်ချင်း ဆောက်နှင့်ထွင်း ဟူသကဲ့သို့ တွေ့သည်နှင့် တစ်ပြိုင်နက် အငေါ့စကားကလေးနှင့် နှုတ်ဆက်သည်။ "ရွှေကြာပင်ကြီး"ဟူသော စကားပင် တည်း။

အယူအဆဟူသည် မှားသည် မှန်သည် တစ်ကိစ္စထား၍ မိမိနှစ်သက်သလို အယူအဆ မတူသူကို ဆွေးနွေးလိုလျှင်လည်း အကျိုးသင့် အကြောင်းသင့်သော

www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးညှိနှိုင်းသင့်သည် မဟုတ်ပါလော။ မိမိနှင့် အယူအဆ မတူသော်ကောဟု အငေါ့ကလေး၊ အထေ့ကလေးနှင့် ပြဿနာတင်လာလျှင် ပုထုဇဉ် လူသတ္တဝါ ဟူသည် မာနသမားချည်း ဖြစ်သောကြောင့် မာနချင်းခတ်ကာ ပြဿနာပေါ် ပြဿနာဆင့်လာတတ်သည်ချည်းသာ ဖြစ်သည်။ အကျိုးမဖက် အပြစ်သက်သက် သာ ဖြစ်လာတတ်သည်။

ဂရဟာဒိန္နာအဖို့ ယခင်က မိမိနှင့် တစ်သွေးတည်း တစ်သံတည်း အယူအဆ တူမျှခဲ့သော ချစ်မိတ်ဆွေ သီရိဂုတ္တသည် တထာဂတ၏ ဘက်တော်သား ဖြစ်သွား သည်ကို သိလာရသည့် အချိန်မှစ၍ တစ်ဖက်သတ် သတိရကာ မကျေမချမ်း ဖြစ်နေဟန် တူသည်။ ညနေချမ်း အားလပ်ချိန် အပန်းဖြေခိုက်၌ အာရှင်ဖွယ်ရာ သေရည်ကလေးကလည်း ဝင်နေချိန် မဟုတ်ပါလော။

"ရွှေကြာပင်"ဟူသော စကားသည် သာဝတ္ထိတွင် တထာဂတ ဆန့်ကျင်ရေး သမားများအဖို့ မပြတ်အသုံးပြုသော လက်သုံးစကား၊ အငေါ့စကားတစ်ရပ် ဖြစ်သည်။ အကြောင်းမူကား တထာဂတနှင့် သူ၏သစ္စာဝါဒ၊ အနတ္တဝါဒဆိုသဟာ သည် မဇ္ဈိမတွင် မနေ့တစ်နေ့ကမှ ပေါ်ပေါက်လာသော ဝါဒဟူ၏တည်း။

ဂရဟာဒိန္နာက ယင်းသို့ အငေါ့စကားဖြင့် နှုတ်ဆက်ရင်း အဆင်သင့်ရှိသော သေရည်ခွက်ကို သီရိဂုတ္တဆီသို့ လက်ကမ်းကြိုဆိုသည်။ သီရိဂုတ္တက ချစ်မိတ်ဆွေ၏ အငေါ့စကားကို အပြုံးဖြင့် သည်းခံရင်း သေရည်ခွက်ကို လက်ကာ၍ တားလိုက် သည်။

"ဒါလောက်တောင် ဖြစ်နေပြီလား ကိုယ့်လူ။ ရွှေကြာပင်တို့ အစွမ်းက တယ်လည်း ကြီးလိုက်ပါလား"

"ဒါလောက် ဖြစ်လို့တော့ မဟုတ်ပါဘူးနောင်ကြီး။ ဒီနေ့ သီလခံယူထား ပါတယ်။ ကိုယ့်သီလအမိဋ္ဌာန်ကို ဒီနေ့အဖို့ သေရည်နဲ့ မလဲလိုတော့ပါ"

"သာဓုဗျာ...သာဓု...သာဓု၊ ကိုယ့်လူက တကယ့်ကို သူတော်ကောင်းကြီး ဖြစ်နေပါပေါ့ကလား"

ဂရဟာဒိန္နာက အမူအရာရော စကားသံတွင်ပါ လှောင်သံကလေး နှောလိုက် သည်။ ငယ်ပေါင်းမိတ်ဆွေချင်း ဆိုသော်လည်း ဂရဟာဒိန္နာက သီရိဂုတ္တထက် သုံးနှစ်ခန့်ကြီးရာ အပေါ်စီးကလေးဖြင့် ပြောဆိုတတ် ပြုမူတတ်မြဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အမှန်ကတော့ နောင်ကြီးဆီကို မနေနိုင်လို့ လာရပေမယ့် တခြားအချိန်ကလည်း မအားလပ်လို့ အားတဲ့အချိန် လာခဲ့ရတာပါ။ ညနေခင်းဘက်ဆိုရင် သိပ်မလာချင်လှတော့ပါဘူး"

"ဘာဖြစ်လို့ပါလိမ့်ဗျာ"

"ဩော်...ညနေညခင်းဘက် ဆိုတာဟာ ယောကျ်ားတွေအဖို့ စိတ်လွတ်ကိုယ်လွတ် အားလပ်တဲ့အချိန်လည်းဖြစ်၊ သေရည်ကလေးကလည်း တစ်ဖက်နဲ့ဆိုတော့ နောင်ကြီးတို့လို ဒေါမနဿပွားနေတဲ့သူတွေအဖို့ ပြဿနာတက်တတ်လွန်းလို့ပါ။ ကျွန်တော့်အမြင်အတိုင်း ပြောရမှာဆိုရင် ယောကျ်ားတွေရဲ့ ပြဿနာအများစုဟာ အခုလို ညနေခင်းတွေကချည်း စတင်တတ်လွန်းလို့ပါ"

"ဒါကတော့ ပြဿနာလုပ်ချင်တဲ့သူက ပြဿနာကို စတင်လုပ်ရင် ပြဿနာဆိုတာ ဖြစ်လာရမှာပေါ့။ ကိုယ့်လူက ပြဿနာကို စတင်တဲ့သူ မဟုတ်လား။ သာဝတ္ထိက အခြားရေယောင်နောက်လိုက်တွေလိုပဲ အစဉ်အလာကို သွေဖည်တဲ့သူ၊ လမ်းခွဲထွက်တဲ့သူ"

"အယူအဆရေးရာမှာ ဒီလို ကောက်ချက်မဆွဲကောင်းပါဘူးလေ။ ပုဂ္ဂလိကတွေးခေါ်မှုဆိုတာ ရှိရဦးမှာပေါ့။ ဆရာနဲ့တပည့်၊ မိဘနဲ့သားသမီးတောင် မတူကြသေးတာဘဲ"

"လမ်းခွဲသမားတွေဆိုတာ ဒီလိုပဲ ဆင်ခြေတက်ကြတာပဲ။ ကိုယ့်လူတို့လောက်ကို ထားပါဦး။ ကိုယ့်လူတို့ ရှေ့ကြာပင်ကြီးကိုယ်တိုင်တောင် ဆင်ခြေကန်ရမယ်။ သူတစ်ပါးကို ပုတ်ခတ်ရမယ်ဆိုရင် ပါးစပ်ကြီးနဲ့ တစ်လုံးပဲ။ သူတစ်ပါးတရားတွေကို အချည်းအနှီးသောတရား၊ မဂ်ဖိုလ်မှ ဖည်လာဖြစ်သော တရား၊ ခွေးအကျင့်၊ နွားအကျင့်တဲ့"

"ဒါကတော့ မလိုတဲ့သူအဖို့ ပုတ်ခတ်တယ်လို့ ကောက်ချက်ချတာပဲ။ လိုတဲ့သူ၊ အမြင်မှန်တဲ့သူအဖို့တော့ မှန်သောတရား၊ မှန်သောစကားလို့ ကောက်ချက်ချတာပဲ"

"ကိုယ့်လူတို့၊ ကျုပ်တို့မိဘဘိုးဘွားတွေဟာ တလွဲတွေချည်း လုပ်ခဲ့ကြတယ်လို့ ဆိုလိုတာပေါ့လေ"

"မိဘဘိုးဘွား မပြောနဲ့၊ သံသရာတစ်လျှောက်လုံးမှာ တရားစစ် တရားမှန်၊ ဆရာစစ် ဆရာမှန်နဲ့ မတွေ့သေးသမျှ အလွဲတွေချည်းပဲ။ တရားစစ် တရားမှန်ဆိုတာမှာလည်း မရှိတာကို အရှိလုပ်ပြီး ကိုယ့်ဟာကိုယ် စိတ်ကူးယဉ်ယဉ်နဲ့

www.burmeseclassic.com



တွေးခေါ်မြော်မြင်နေတဲ့ အမှန်၊ စာအုပ်ကြီးထဲက အမှန်၊ မိဘဆရာ ဆိုသူတွေက အစဉ်အလာပြောခဲ့တဲ့ အမှန်မျိုး မဟုတ်ဘူး။ ကိုယ်ပိုင်အသိနဲ့ ဝေဖန်ပိုင်းခြားပြီးမှ သိတဲ့အမှန်၊ ကျင့်သုံးပြီးမှ လက်တွေ့ကိုယ်တွေ့ သိရတဲ့အမှန်မျိုးကို ဆိုလိုပါတယ်"

"မှန်ပေတာပေါ့။ နို့ပေမယ့် သိတယ် မှန်တယ်ဆိုတာ ကိုယ့်ဟာနဲ့ကိုယ်တော့ သိတယ်, မှန်တယ် ထင်နေကြတာပဲ။ ကိုယ့်လူတို့ ရှင်ကြီးဂေါတမဟာလည်း ရှင်ကြီးဂေါတမထက် သိတဲ့, မှန်တဲ့ ဆရာ့ ဆရာကြီးတွေဟာ သမိုင်းအစဉ်အဆက်က စပြီး တစ်ပြုံကြီးပဲ။ အခုလည်း တစ်ပြုံးကြီး။ တကယ်ဆိုတော့ ရှင်ကြီးဂေါတမ ဆိုတာဟာ ကျုပ်တို့ဆရာ အာဠာရနဲ့ ဥဒကတို့ရဲ့ တပည့်ပါ။ အာဠာရနဲ့ ဥဒက တို့ထံ နည်းခံပြီးတော့မှ တထာဂတရယ်လို့ တစ်စင်ထောင်လာခဲ့တဲ့ ရှေ့ကြာပင်ပါ"

"ဒါတွေကတော့ တစ်ဆင့်စကားနဲ့ စာအုပ်ထဲက စကားတွေပဲ။ လက်တွေ့မှာတော့ ကျွန်တော်လည်း ကိုးကွယ်လာခဲ့တဲ့သူပဲ။ တစ်ခါမှ ထူးထူးခြားခြား တရား၊ ထူးထူးခြားခြားအတွေ့ကို မတွေ့ မသိခဲ့ဖူးသေးပါဘူး"

"ဒါမတော့ ကိုယ့်လူက တော်ရုံတန်ရုံ ကိုးကွယ်ခဲ့တာကို တကယ်ချဉ်းကပ် တကယ်စမ်းသပ် ကိုးကွယ်ရင် တကယ်သိရမှာပေါ့"

"ဟုတ်ပါ့မလား နောင်ကြီး"

ဤနေရာတွင်မူ သီရိဂုတ္တ သဘောထား ပြောင်းလဲလာပြီဖြစ်၏။ မိမိသည် တထာဂတ၏လူ ဖြစ်လာသည့်အချိန်မှစ၍ ဂရဟဒိန္နာသည် ယင်းကဲ့သို့ပင် သဘောမှန်၊ စေတနာမှန်ဖြင့် မဆွေးနွေးဘဲ အပေါ်စီးဖြင့်သာ ဖိနှိပ်ပုတ်ခတ်လာခဲ့သည်မှာ များခဲ့ပြီဖြစ်၏။ သို့ဆိုလျှင် ပုထုဇဉ်တို့ သဘာဝအတိုင်း မိမိကလည်း စကားဖြင့် ယှဉ်ပြိုင်မနေတော့ဘဲ လက်တွေ့ယှဉ်ပြိုင်ပြလိုက်လျှင် ပို၍ကောင်းမည်ဟု သဘော ပေါက်လာသည်။

သို့ဖြစ်ရာ လေသံပြောင်းလိုက်ပြီးလျှင် "ဒါဖြင့် ဒီလိုလုပ်ကြစို့ နောင်ကြီး။ နောင်ကြီးနဲ့ အခုလို ဆွေးနွေးငြင်းခုံနေလို့တော့ ပြီးဆုံးမှာ မဟုတ်တော့ဘူး။ အလျှင်က ကျွန်တော်ဟာ ပေါ့ပေါ့ဆဆ တော်ရုံလျော်ရုံ ကိုးကွယ်ခဲ့တယ်ဆိုတာ မှန်ပါတယ်။ အခု တကယ် ကိုးကွယ်တော့မယ်လေ၊ ချဉ်းကပ်ဆွေးနွေးကြည့်တော့ မယ်လေ။ စမ်းသပ်ကြည့်တော့မယ်လေ။ အဲဒီလို တကယ်ချဉ်းကပ် ကိုးကွယ်ကြည့် ပြီးတဲ့အခါကျမှ နောက်ပိုင်းကိစ္စကို ဆက်ကြသေးတာပေါ့"

"ဟ...တကယ်ပြောလိုက်တာလားကွ သီရိဂုတ္တရဲ့"

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထက်သန်လှသဖြင့် ဂရဟာဒိန္နာသည် ထိုင်နေရာမှပင် ရုတ်ခြည်းထလိုက်သည်။ ယခင် ကျိုပိုးကျိုပက်လေသံမှ ရှင်ကြည်သော လေသံသို့ သိသိသာသာ ပြောင်းလာသည်။

"ဒီကိစ္စမျိုးမှာ ကရော်ကမည် မပြောကောင်းပါဘူး နောင်ကြီး"

"ငါ့ညီက ဘယ်လိုစီစဉ်ချင်တာလဲ"

"ဆရာကြီးငါးရာလောက်ကို ကျွန်တော့်အိမ်မှာ ဆွမ်းကျွေးချင်ပါတယ်။ အဲဒီမှာ တရားနာချင်ပါတယ်။ ဆွေးနွေးချင်ပါတယ်။ သိ,မသိ စမ်းသပ်ချင်ပါတယ်"

"ရွှေ့...ကောင်းလိုက်လေဗျာ။ ငါ့ညီက တိမ်ဖုံးနေတာ အခုမှ ပွင့်လာတယ်။ အမြင်မှန်လာပြီပေါ့။ ကဲ...ဘယ်တော့ကျွေးမှာလဲ"

"အိမ်မှာ စီစဉ်စရာရှိတာ စီစဉ်ရပါဦးမယ်။ ပြီးရင် နောင်ကြီးကို အကြောင်းကြားပါ့မယ်။ နောင်ကြီးကသာ ဆရာကြီးငါးရာကို ပင့်ပေးပါတော့"

"ငါ့တာဝန်ထားလိုက်။ ထိပ်တန်းဆရာကြီး ငါးရာကို ရစေရမယ်"

## [ ၄ ]

ပုထုဇဉ်ဆိုသည်မှာ ခက်သည်။ တရားရှင် ဆိုစေဦး၊ အပြိုင်အဆိုင် ဖြစ်လာလျှင် မခံချင်စိတ်ကလေးတော့ ပေါ်လာတတ်သည်။ ဂရဟာဒိန္နာလိုလူမျိုးကို စကားဖြင့် အနိုင်ယူလို့တော့မဖြစ်။ လက်တွေ့ပြမှ ဖြစ်နိုင်ဖို့ရှိသည်။ ပြီးတော့ မိမိဆရာအား ရှေ့ကြာပင် တော်လှန်ရေးသမား၊ သွေဖည်သူ စသည်ဖြင့် အထပ်ထပ် ပုတ်ခတ်ခဲ့သည်ကို မိမိကမူ လက်တွေ့ဖြင့် တုံ့ပြန်ပြလိုသည်။ ထို့ကြောင့် အကြံတစ်မျိုးဖြင့် လိုက်လျောဟန်ဆောင်ခဲ့သည်။

အကြံတစ်မျိုးဟူသည်ကား တရားရှင်၊ တန်ခိုးရှင် တကယ်သိသည် ဆိုသူများအား တကယ်မသိ၊ ဆွမ်းကျွေးပွဲဖြင့် စီစဉ်စမ်းသပ်ရန်ဖြစ်၏။ တကယ်သိလျှင်လည်း ရှောင်ကြပေရော့၊ မသိလျှင်လည်း ခံကြပေရော့။

စီစဉ်ဟန်ကား မိမိအမ်ခြံဝင်းထောင့် နေရာကျယ်ကျယ်တွင် ကျယ်ဝန်းသော ကျင်းကြီးကိုတူး၏။ ကျင်းထဲတွင် မစင်ဘင်ပုပ် စသော အညစ်အကြေးများကို အပြည့်ထည့်သည်။ ကျဉ်းပေါ်တွင် ပျဉ်ပြားများခင်းသည်။ သို့ရာတွင် ခင်းသော ပျဉ်မှာ အခိုင်အမာမဟုတ်၊ အစပ်ကို နင်းလိုက်လျှင်ပင် ကျင်းထဲသို့ ဦးစောက်မှောက်လှန် ကျသွားစေသော ခလုတ်များဖြင့် စီစဉ်ထား၏။ ပျဉ်ပြားပေါ်တွင်မူ

www.burmeseclassic.com

www.burmeseclassic.com



အလှအပ ဒလီကော်ဇောများကို ခင်းသည်။ ကျင်းကြီးအထက်တွင်ကား အမွှမ်းအပြောက်တို့ဖြင့် စီခြယ်အပ်သော အမြင့်ခံ ဆွမ်းကျွေးမဏ္ဍပ်ကြီးဖြစ်၏။

မဏ္ဍပ်ရှေ့ပိုင်း အောက်ခြေပတ်လည်တွင် ပျဉ်များဖြင့် အလုံပိုင်းကာထားသည်။ မဏ္ဍပ်အတွင်းသို့ ဝင်နိုင်ရန် ရှေ့တည့်တည့်တွင် အပေါက်တစ်ပေါက်တည်းသာ ပြုလုပ်ထားသည်။ အဓိပ္ပာယ်မှာ မဏ္ဍပ်အတွင်းသို့ တစ်ယောက်ချင်းသာ ဝင်နိုင်ရန်ဖြစ်၏။ ပင့်ဖိတ်ထားသော ဆရာကြီးများအား မဏ္ဍပ်အတွင်းသို့ တစ်ယောက်ချင်းသာ ဝင်စေမည်ဖြစ်၏။ အကြောင်းကား ရှေ့ပိုင်းမှဝင်သည့် သိသည်ဆိုသော ဆရာကြီးများသည် အကယ်၍ မသိဘဲ လျှို့ဝှက်ပြင်ဆင်ထားသော ကျင်းထဲသို့ ကျခဲ့သော် နောက်ကဆရာကြီးများ မသိစေရန်ဖြစ်၏။

မဏ္ဍပ်ရှေ့၌ ကာရံထားသော ပျဉ်များအပေါ်တွင် ပန်းချီဆေးရုပ်များ ရေးခြယ်ခြင်း၊ ပန်းခက်ပန်းဆိုင်းများ ဆွဲချိတ်ခြင်းဖြင့် အလှအပ ဆင်ယင်ထားသည်။ ဤနည်းဖြင့် အပြင်အဆင် ဆန်းသစ်သော ဆွမ်းကျွေးမဏ္ဍပ်ကြီး ဖြစ်နေသည်။

ဤအစီအစဉ်ကို မိမိ၏ အတွင်းလူများဖြင့် လျှို့ဝှက်စွာ ပြုလုပ်သည်။ သီရိဂုတ္တအယူအဆ ပြောင်းသွားပြီ။ သို့ဖြစ်၍ ဆရာကြီးများကို ဆွမ်းကျွေးပွဲ တရားနာပွဲကြီး ကျင်းပမည်ဟု အသိပေး သတင်းလွှင့်ထား၏။

အားလုံးပြီးစီးသောအခါ ဂရဟဒိန္နသို့ ဆရာကြီးများအား ပင့်ဖိတ်ပေးရန် အကြောင်းကြား၍ ဆွမ်းကျွေးရက်ကို ချိန်းဆိုလိုက်သည်။ ဆွမ်းကျွေးရက်တွင်မူကား ကိစ္စတစ်ခုနှင့် ဂရဟဒိန္နာ မအားလပ်သောကြောင့် မလာရောက်နိုင်တော့ကြောင်း သိရသဖြင့် သီရိဂုတ္တ ဝမ်းမြောက်ရ၏။ အကြောင်းကား မိမိအစီအစဉ်မှာ အလျဉ်းမသင့်ခဲ့သော် ဆရာကြီးများနှင့် ရိုက်မောင်း ပုတ်မောင်းအထိ ပြဿနာတက်ရဖို့ရှိရာ ယင်းသို့ဖြစ်ပါကာ ဂရဟဒိန္နာမတွေ့လျှင် ပို၍ကောင်းသောကြောင့် ဖြစ်၏။

အဘယ်ရဟန်းမျိုးပင်ဖြစ်စေ ရဟန်းဟူသည် ဒကာ, ဒကာမကို အမှီပြုရမြဲဖြစ်သည့်အတိုင်း အကြောင်းတစ်ခုခုကြောင့် ဒကာ, ဒကာမနှင့် ပြဿနာဖြစ်ခဲ့သော် ဒကာ, ဒကာမသို့ အစွမ်းနိုင်ဆုံး ယို့ရွဲ့ ငဲ့ညှာရမြဲဖြစ်၏။ တရားအရှင်၊ သည်းခံမှုအရှင်ဟုလည်း အထင်ခံထားသည် မဟုတ်ပါလော။

သို့သော် ဒိဋ္ဌိဆရာကြီးများမှာ အမြင်အဆင် မာကျောကျောနှင့် ပင်ကိုအားဖြင့် စရိုက်ဆိုး, စရိုက်ကြမ်းများ ရှိကြသည်ကို ဓာတ်သိ နှမ်းဖတ်ချဉ် ဖြစ်ခဲ့သော သီရိဂုတ္တအဖို့ မိမိအစီအစဉ်တွင် မတော်တဆ ရန်းရင်းဆန်ခတ် ပြဿနာ ဖြစ်လေ

www.burmeseclassic.com



ခဲ့ပါသော် နိုင်နင်းဖြေရှင်းနိုင်ရန် မိမိလူများစွာဖြင့် အစီအစဉ် ပြုလုပ်ထားပြီးလည်း ဖြစ်သည်။

ဒိဋ္ဌိဆရာကြီးများအဖို့ ဂရုဟဒိန္နာထံမှ သတင်းစကား ကြားသိရစဉ်ကပင် ခနအင်အားကောင်းကောင်း၊ အသိုင်းအဝိုင်း ကောင်းကောင်း ဒါယကာတစ်ဦးအား ရှင်ကြီးဂေါတမကြောင့် လက်လွတ်သွားခဲ့ရရာက ပြန်လည်ရရှိမည်ဟု သိရသောကြောင့်တစ်ကြောင်း၊ ပြန်လည်ရရှိသည်မှ ရိုးရိုးတိတ်တိတ်မျှ မဟုတ်ဘဲ ဆွမ်းကျွေးပွဲကြီးဖြင့် လူသိရှင်ကြား ကြွားကြွားဝင့်ဝင့် ရရှိမည်ကြောင့်တစ်ကြောင်း တကြွကြွ တရွရွ ဖြစ်နေကြသည်။

သို့နှင့် ဆွမ်းကျွေးမည့် နံနက်စောစောပိုင်းအချိန်တွင် ထိပ်သီးဒိဋ္ဌိဆရာကြီးများကိုယ်တိုင်နှင့် အပေါင်းပါ ငါးရာတို့သည် ယခင်က ရောက်ခဲ့လှဖူးပြီဖြစ်သော သီရိဂုတ္တအိမ်ဝင်းအတွင်း ဆွမ်းကျွေးမဏ္ဍာပ်သို့ ဝင့်ဝင့်ထင်ထင် ရွှင်ရွှင်ပျပျ ကြွရောက်လာကြသည်။

ခြံဝသို့ ရောက်သည်ဆိုလျှင်ပင် စမည်းဟင်းလျာ ရနံ့များက ဆရာကြီးများ၏ နှာဝကို ကြိုဆိုချူလင့်သည်။ ခြံအတွင်းသို့ ရောက်သောအခါ ထည်ဝါသော ဆွမ်းကျွေးမဏ္ဍာပ်က ကြိုဆို၏။ မဏ္ဍာပ်ရှေ့တွင် အလှူတို့၏ ထုံးစံအတိုင်း မိုးပြဲဒယ်အိုးကြီးများဖြင့် ချက်ကြော်မွှေနှောက်လျက်ရှိနေဆဲ အလှူလုပ်သားများကို တွေ့ရသည်။ အမှန်သော်ကား ယုတ္တိတန်စေရန် ပန်းပြအဖြစ် ပြုလုပ်ထားသော အစီအစဉ်မျှသာ ဖြစ်ပေ၏။

မဏ္ဍာပ်အဝမှနေ၍ သီရိဂုတ္တက ဒိဋ္ဌိဆရာကြီးများအား လန်းလန်းရွှင်ရွှင် ဦးတင်ကြိုဆို၏။ အလှူမဏ္ဍာပ်တို့ ထုံးစံမဟုတ်ဘဲ သုံးဘက်သုံးတန် ကာရံထားသည်ကို တွေ့ရသောကြောင့် စီစဉ်ပုံ တစ်မျိုးပါကလား ဟူ၍ကား ဆရာကြီးများ တွေးမိလိုက်ကြ၏။

"ကြွတော်မူကြပါ ဘုရား၊ ကြွတော်မူကြပါ။ အလှူဟူသည် မဏ္ဍာပ်ဝန်းကျင်တွင် ကလေးသူငယ်တို့ လှုပ်ရှားဆူပူတတ်ကြပါသည်။ သို့ပါ၍ တရားအာရုံ လုံခြုံစိမ့်သောငှာ ကာရံထားခြင်း ဖြစ်ပါသည်ဘုရား"ဟု မဏ္ဍာပ်ကို အကဲခတ်မှန်းသိသော သီရိဂုတ္တ လျှောက်ထား၏။

"ဟုတ်ပေသပေါ့၊ ဒကာ့အစီအစဉ် ကောင်းမွန်လှပါပေတယ်။ ဉာဏ်ကောင်း၊ စိတ်ကောင်းလို့ ချီးကျူးရပေမပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"သာဓုပါဘုရား။ ၎င်းအပြင် မဏ္ဍပ်အဝင် အထွက် ဟူသည်မှာလည်း ကျယ်ကျယ်လုပ်ထားလျှင် တစ်ယောက်ဝင် တစ်ယောက်ထွက်နှင့် အမြင်ရှုပ်ယှက်ခတ်လျက် ရှိမည်ကြောင့် တစ်ယောက်ဝင်သာရုံ ထွက်သာရုံမျှသာ ပြုလုပ်ထားပါသည် ဘုရား"

"ကောင်းလှပေသပေါ့"

ထို့ကြောင့် အရှင်မြတ်များ တစ်ပါးချင်းသာ ဝင်ရောက်ကြွချီကြပါရန် လျှောက်ထားအပ်ပါသည်။ အတွင်းတွင် ဆွမ်းပွဲများ၊ နေရာထိုင်ခင်းများ အဆင်သင့်ဖြစ်ကြောင်းပါ ဘုရား"

"သာဓု...သာဓု"

"တစ်ပါးချင်း ခပ်ကွာကွာ ဖြည်းဖြည်း နှေးနှေး ကြွဝင်တော်မူကြပါဘုရား။ အချိန်အများကြီး စောပါသေးသည်၊ ဆွမ်းစားပြီးလျှင် တရားနာရင်း၊ ဆွေးနွေးရင်းနှင့် လှူဖွယ်တန်းရာများ လှူဒါန်းရင်း အရှင်မြတ်များ တစ်နေ့လုံး အေးအေးဆေးဆေး သီတင်းသုံးတော်မူကြပါ ဘုရား"

"သာဓု...သာဓု ဒကာသီရိဂုတ္တ"

သို့နှင့် ရှေ့ဆုံးမှ ဆရာကြီးသည် ဖြည်းညင်းစွာဖြင့် မဏ္ဍပ်အတွင်းသို့ ရှေ့ဦးစွာ ကြွဝင်လိုက်သောအခါ အဝင်ဝမှ ဆယ်လှမ်းခန့်တွင် နံဘေးတစ်ဖက်တစ်ချက်၌ ပျဉ်ပြားများ ကာရံထားသောကြောင့်လည်းကောင်း၊ အချိန်ကလည်း စောသေးသောကြောင့်လည်းကောင်း လိုဏ်ဂူတစ်ခုအတွင်းသို့ ဝင်ရသယောင်ရှိ၏။ သို့ရာတွင် ဆယ်လှမ်းခန့်ကျော်သောအခါတွင်မူ လှပစွာပြင်ဆင်ထားသော အဆင်အပြင်နှင့် မဏ္ဍပ်နောက်ပိုင်းတွင် ဆွမ်းပွဲများကို လှမ်းမြင်ရသောကြောင့် ဝမ်းမြောက်သွားသည်။

ဝမ်းမြောက်၍မှ မဆုံးသေးမီ ခင်းထားအပ်သော ကော်ဇောအစပ်သို့ ခြေတစ်လှမ်းမျှ နင်းမိလိုက်သည်နှင့်တစ်ပြိုင်နက် မြေခွဲမျိုလိုက်ဘိသကဲ့သို့ ကျင်းထဲသို့ ဖြုန်းခနဲ ကျသွားရရှာလေတော့သတည်း။

ဤနည်းဖြင့် တစ်ပါးပြီးတစ်ပါး၊ တစ်ယောက်ပြီးတစ်ယောက် ကျင်းထဲသို့ ကျရောက်လာသည်မှာ အကုန်လုံးဖြစ်၏။ ကျင်းအမှောင်ထဲတွင် ရှန်းရင်းကန်ရင်း လှုပ်ရင်းရှားရင်းနှင့် မကျေနပ်သော အသံမျိုးစုံတို့ ကြွက်ကြွက်ညံလျက်ရှိသည်။ ကျင်းအမှောင်ထဲသို့ သာမန်ကျရောက်ရုံမျှ မဟုတ်သေး အညစ်အကြေးမျိုးစုံတို့ လူးလဲ၍ မစင်နံ့၊ အပုပ်နံ့၊ အနံ့မျိုးစုံဖြင့်လည်း လှိုင်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



စင်စစ်သော်ကား ဒိဋ္ဌိဆရာကြီးများအဖို့ သနားဖွယ်ရာပင် ဖြစ်၏။ အကြောင်းသော်ကား သီရိဂုတ္တနှင့် ဂရဟဒိန္နာတို့ မခံချင်စိတ်နှင့် ကျွဲနှစ်ကောင်ခတ်သည့် အကြားမှ မြေဇာပင်များ ဖြစ်ကြရပြောခြင်း မဟုတ်ပါလော။ ကြွက်မနိုင် ကျီမီးရှို့ခံရသည်ဟုလည်း ဆိုရမယောင် ရှိ၏။

ဆရာကြီးတို့ ရှက်လိုက်ရာကြသည်မှာ ဆိုဖွယ်ရာပင်မရှိ။ အပြင်မှ တဟားဟားနှင့် ရယ်သံသဲ့သဲ့များကိုလည်း ကြားရသောကြောင့် အံ့အားသင့်ကြရ၏။

"ဘယ်လိုလဲဆရာကြီးတို့။ ခင်ဗျားတို့တပည့် ဂရဟဒိန္နာကပြောတော့ ဆရာကြီးတို့ဟာ တန်ခိုးရှင်၊ အသိရှင်တွေ ဆိုပါကလား။ အခုတော့ သိကုန်ကြပြီပေါ့လေ ...ဟား...ဟား...ဟား"

တော်ပါသေး၏။ အကြောင်းကား မကြာမတင်အတွင်းမှာပင် မဏ္ဍပ်နောက်ပိုင်းရှိ ကျင်းအစပ်ဆီမှ အလင်းရောင်တစ်ခု ပေါ်လာကာ ထွက်ပေါက်တစ်ခု ဖွင့်ပေးလိုက်သောအခါ ယင်းအလင်းရောင် ထွက်ပေါက်ဆီသို့ အပြေးအလွှား သွားရောက် ထွက်ကြရသည်။

ပင်ကိုကပင် အဝတ်အဆင် ကိုးရိုးကားရားနှင့်မို့ ပေပေကျံကျံ ပုံဟန်ပျက်ပျက်နှင့် အပြင်သို့ရောက်လာကြသောအခါ ရယ်ဖွယ်ရာကြီး ဖြစ်နေသောကြောင့် အပြင်တွင် ရှုမျှော်စောင့်ကြပ်လျက်ရှိသော လူများက ဝိုင်း၍ဟားတိုက်ကြသည်။ ထို့ကြောင့် ဒေါသမထိန်းနိုင်သော ဆရာငယ်အချို့က တစ်စုံတစ်ရာ တုံ့ပြန်ရန် ဟန်ပြင်သောအခါ အစောင့်တို့ထံတွင် လက်နက်ကိုယ်စီရှိနေသောကြောင့်တစ်ကြောင်း၊ သည်ထက်တိုးလျှင် ဆိုးသည်ထက် ဆိုးလာဖို့သာ ရှိသောကြောင့်လည်းကောင်း ဆရာကြီးများက ထိန်းသိမ်း၍ နံနက်စောစောပိုင်း၏ အမှောင်ရိပ်ကလေးများကို ခိုကာ ရှောင်ထွက်သွားကြသည်။ တကယ့် အရှက်ကွဲပွဲကြီးပေတည်း။

[ ၅ ]

မှတ်ကရော့။ သည့်ကလောက် ကြွားလုံး၊ မောက်လုံးထုတ်လှသည့် ဂရဟဒိန္နာ၊ သည်တစ်ခါတော့ မိတ်ဆွေချင်းရော ဘာသာချင်းပါ ပြတ်ကြပြီ။ ကတ္တားခြားလိုက်ပြီဟု သီရိဂုတ္တ ထင်၏။ မခံချင်လွန်း၍သာ အကွက်ဆင်လိုက်ရသော်လည်း ကြားက ဆရာကြီးများကိုတော့ စိတ်ကောင်းရှိသော သီရိဂုတ္တက အားနာလှပါ၏။

www.burmeseclassic.com



ထို့ကြောင့် မနှစ်လိုဖွယ်ရာ သတင်းကို သူ့တပည့်များအား တတ်နိုင်သလောက် ဖုံးဖုံးဖိဖိ လုပ်စေသည်။

နံနက်စောစောပိုင်းတွင် ဖြစ်ပွားသောကြောင့် ရက်ဖွယ်သတင်းမှာ သိုသို သိပ်သိပ် ရှိသင့်သလောက် ရှိပါ၏။ သို့သော် ဆရာကြီးများမှ တစ်ဆင့်ဖြစ်ခဲ့ပုံ၊ အရှက်ကွဲခဲ့ပုံကို ရေရေလည်လည် သိသူမှာ ဂရဟာဒိန္နာ ဖြစ်၏။ သိသောကြောင့် ဂရဟာဒိန္နာ ဒေါသထွက်လိုက်ပုံမှာ ပြောဖွယ်ရာမရှိ။

ဒိဋ္ဌိဆရာကြီးတို့ ယင်းသို့ ကသောင်းကနင်း ဖြစ်ပွားမှုမှာ ရှက်ဖွယ်ကိစ္စဖြစ်၍ လည်းကောင်း၊ သာဝတ္ထိတွင် ဒိဋ္ဌိဆရာကြီးတို့ ဂုဏ်သိန်လျော့ပါးချိန် ဖြစ်၍ လည်းကောင်း သာမန်အားဖြင့်ဆိုလျှင် ဂရဟာဒိန္နာတို့ ငြိမ်၍နေလိုက်မည်သာဖြစ်၏။ သို့သော် ယခုတလောတလတ်တွင် ဒိဋ္ဌိဆရာကြီးတို့ ဘက်တော်သားများ သာဝတ္ထိ၌ ခေါင်းထနေချိန်ဖြစ်၍ မိမိဆရာများကို ဂုဏ်သရေရှိ သူဌေးသားကလေး သီရိဂုတ္တက ဤသို့ ဤနှယ် မဖွယ်မရာ ပြုချေပါသည်ဟု ရုံးတော်တွင် တရားစွဲဆိုသည်။

ဖြစ်ပုံကား...ဤသို့တည်း။

ဇေတဝန်ကျောင်းတော်ကို အလှူခံကာ သာဝတ္ထိသို့ ကြွရောက်လာသည့် အချိန်မှစ၍ ဘုရားရှင်၏ အရှိန်အဝါ၊ ဘုရားရှင်၏ သာသနာတော်သည် သာဝတ္ထိတွင် တရှိန်ရှိန်တက်သည်။ တက်ပုံမှာ သာမန်မျှမဟုတ်။ ဝိသာခါ အနာထပိဏ် တို့အစ သာဝတ္ထိ၏ ထိပ်သီးပိုင်းများပါ အစဉ်အလာမှ ပြိုကျသက်ဝင်လာကြသော ကြောင့် ဝင့်ဝင့်ကြွားကြွား၊ ပွားပွားစည်စည် ကျယ်ပြန့်လာခြင်းဖြစ်သည်။

သာဝတ္ထိ၏ သရဖူထိပ်သီး ကောသလဘုရင်ကြီး ကိုယ်တိုင်ပင်လျှင် ဘုရားရှင် ဘက်သို့ သက်ရောက်လာသောအခါ ပြောဖွယ်ရာ မရှိတော့။ သို့သော် ကောသလ ဘုရင်ကိုကား ဝိသာခါ အနာထပိဏ်တို့ကဲ့သို့ ဘုရားရှင်၏ဘက်တော်သား စစ်စစ် ဟု ပြောနိုင်ဖို့ ခက်သည်။ အကြောင်းကား ဘုရင်သည် ကျောင်းသွား ကျောင်းတက် ခြင်း၊ တရားနာခြင်း စသည်ဖြင့် ဘုရားရှင်သာသနာသို့ သက်ဝင်ဟန် မြင်ကြရသော် လည်း ရံဖန်တွင်မူ သာသနာတော်နှင့် ပူးတုန်ခွာတုန် ရှိသည်ကိုလည်း တွေ့ကြ ရသည်။

အကြီးအကဲဆိုသည်မှာ ခက်သည်။ အုပ်ချုပ်မှု ပြေပြစ်စေရေးအတွက် စိတ် မဝင်စားသည်ကိုလည်း ဝင်စားယောင် ပြုရသည်။ စိတ်ဝင်စားသည်ကိုလည်း မဝင်စားဟန်ပြုရသည် မဟုတ်ပါလော။ အကြောင်းမူကား ဘုရားရှင်နှင့် သာသနာ

www.burmeseclassic.com

www.burmeseclassic.com



တော်ကို အဘယ်မျှ ကြည်ညိုသည် ဆိုစေဦးတော့ မှုးကြီးမတ်ရာတို့မှစ၍ အရေးပါသော အုပ်ချုပ်ရေးပိုင်းတို့တွင် သာသနာတော်နှင့် ဆန့်ကျင်ဘက် အစဉ်အလာဒိဋ္ဌိဆရာကြီးတို့၏ ဒါယကာများ ရှိနေကြသေးသည် မဟုတ်ပါလော။ မိမိအုပ်ချုပ်ခံနိုင်ငံတော် သာဝတ္ထိတွင်လည်း ဘုရားရှင် ဆန့်ကျင်ရေးသမားများ မြောက်မြားစွာ ရှိနေသေးသည် မဟုတ်ပါလော။ ထို့ကြောင့် ဘုရားရှင်၏ ဘက်တော်သားဟု လုံးလုံးကြီး အထင်ခံစေ၍ မဖြစ်သေးသဖြင့် ပူးတုန်ခွာတုန် ပြုရသည်ဟု ယူဆနိုင်သည်။

သို့သော် မည်သို့ဆိုစေ ကောသလဘုရင် ကိုယ်နှိုက်ကလည်း တွေးခေါ်မြော်မြင်ရေး၊ တရားရေးကိစ္စတွင် ပင်ကိုအားဖြင့်ပင် ဘုတ်ထိုင်းထိုင်းဖြစ်သည်မှာကား အမှန်ပင်ဖြစ်လေသည်။ ကြည့်ပါ။ ဘုရားရှင်နှင့် သံဃာတော်များထံသို့ အကြိမ်ကြိမ်ချဉ်းကပ်ခြင်းမှာ ဟန်ဆောင်မှု ဖြစ်ပုံရသည်။ ဘုရားရှင်၏ တရားတော်ကို တစ်ကြိမ် နာယူရုံမျှဖြင့် သတ္တဝါများစွာတို့ ကျွတ်တမ်းဝင်ကြသည့်အချိန်တွင် ဤဘုရင်သည် အကြိမ်ကြိမ် တရားနာရပါလျက် ကျွဲပါးစောင်းတီးမျှသာ ဖြစ်ရပေသည်။

တစ်နည်းအားဖြင့် တရားနာမှုဟူသော အလုပ်မှာ သာဝတ္ထိတွင် ခေတ်စားလျက်ရှိသောကြောင့် သူ့အဖို့ အလေးအနက် ဟူ၍ကားမရှိ။ အများအထင်ကြီးစေရုံမျှ ပြုလုပ်ဟန်ရှိသည်။ ကြည့်ပါ၊ ဘုရင် ရင့်မကြီးဖြစ်ရာတွင် အနည်းဆုံးအားဖြင့် အရှင်သာရိပုတ္တရာတို့လို၊ အရှင်အာနန္ဒာတို့လို ထိပ်တန်းရဟန်းတော်များအထံ၌ သိက္ခာရှိရှိ တရားနာနိုင်ပါလျက်နှင့် ကြည်ကြည်ဝင်းဝင်း ရုပ်အဆင်းကလေးကြောင့်လည်းကောင်း၊ အသံသာသာနှင့် ဝါစာကမာပြောတတ် ဟောတတ်မှုကြောင့်လည်းကောင်း ဘိက္ခုနီတို့ လောက၌ လျှပ်ပေါ်မှုဖြင့် နာမည်ကြီးလှသော ထုလ္လနန္ဒာထေရီမကလေးထံ မထိန်းတတ် မရှက်တတ် သွားရောက် တရားနာသည်။

ယင်းအပြုအမူကြောင့် တရားရလေသည်လား၊ မရလေသည်လားတော့ မသိ၊ အရှက်နည်းသော ထုလ္လနန္ဒာက ကံကောင်း ဘုန်းကောင်း ဘုရင်ကိုယ်တိုင်နှင့် ကြုံတောင်းကြုံခိုက်တွင် သူခြုံသော သိက္ခာဆောင် ကတ္တီပါခြုံထည်ကြီးကို သင်္ကန်းအဖြစ်လှူရန် အတင်းအလှူခံလိုက်သောကြောင့် ရှက်ရှက်နှင့်ပင် လှူခဲ့ရသည်။

ဤမျှဖြင့် သာသနာတော်နှင့် ဆက်ဆံသော ကောသလဘုရင်၏ အနေအထားကို ရိပ်စားမိနိုင်ကြပြီဖြစ်၏။ သီရိဂုတ္တတို့ အရေးအခင်း ဖြစ်နေသည့်

www.burmeseclassic.com

www.burmeseclassic.com



ယခု တလောတလတ်တွင်လည်း သာသနာတော်နှင့် စပ်လျဉ်းသော ကောသလ ဘုရင်၏ မလျော်မကန်၊ မမှန်မရှင်းသော အရေးအခင်းကြီးတစ်ရပ် ဖြစ်ပွားလျက် ရှိနေသည်။ အကြားမတော်၊ အမြင်မလှ အတော်ပင် ဆိုးရွားလှသော အရေးအခင်း ဖြစ်ပေသည်။

ဇေတဝန်ကျောင်းတော်နှင့် ကပ်၍ ဇေတဝန်နှင့် အလားတူ ဒိဋ္ဌိဆရာကြီးတို့ အတွက် ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်ရန် ကောသလဘုရင်က ခွင့်ပေး လိုက်သော အရေးအခင်းပေတည်း။

သင်းတို့က ဇေတဝန်ဆောက်သည်ဆိုလျှင် ငါတို့က ဇေတဝန်ထက် ဆယ်ပြန် သာသော မဟာကျောင်းတော်ကြီးကို ဆောက်ပြလိုက်မည်။ အကြောင်းမူကား ဒိဋ္ဌိဒါယကာတို့တွင်လည်း အနာထပိဏ်လိုသာမက အနာထပိဏ်ထက် ကြွယ်ဝ သော သူတို့ ရှိကြသောကြောင့် ဖြစ်၏။ တစ်ဦးတည်း မဖြစ်နိုင်လျှင် စုပေါင်း၍ ဆောက်မည်။ ဆောက်သည်မှ လွတ်လွတ်ကျွတ်ကျွတ် နေရာတွင်မဟုတ်၊ ဇေတဝန် အနီး၊ ဇေတဝန်နှင့်မှ ကပ်၍ ဆောက်လိုသည်။ ရည်မှန်းချက်ကား ရှင်းလှ၏။ မနေ့တစ်နေ့ကမှ ပေါ်လာပြီး သာဝတ္ထိတွင် ထောင်ထောင် ထောင်ထောင် လုပ်နေ သော ကပ္ပိလဝတ်သား၊ တစ်မြို့တစ်နိုင်ငံသား ရှင်ကြီးဂေါတမ၏ ရွှေကြာပင် သာသနာကို ပြောင်ပြောင်တင်းတင်း အနီးကပ် တိုက်ခိုက်ချေမှုန်းရန်ပင်တည်း။

သို့သော် အသံကောင်းလွှင့်ထား၏။ လွှင့်ဟန်ကား ဇေတဝန်နှင့် ဇေတဝန်မြေ နေရာတစ်ဝိုက်သည် အဆောက်အအုံ ပိုင်ရှင်တို့အတွက် ကြီးပွားထွန်းကားအပ်သော ဘူမိနက်သန် ကြန်အင်ပြည့်စုံလှသော မြေနေရာ မှန်လှပါသတဲ့။ ထို့ကြောင့် သူတို့လည်း ကြီးပွားလိုသဖြင့် ဤမြေနေရာတွင်ပင် ဆောက်လိုလှပါသတဲ့။

အုပ်ချုပ်ရေးမျက်စိနှင့် ကြည့်ကြည့်၊ သာသနာရေးမျက်စိနှင့် ကြည့်ကြည့် ပဋိပက္ခဖြစ်နိုင်သည့် ဤမျှပြောင်ကျသော ကိစ္စကြီးမှာ ဘုရားရှင်ကို လေးစား ပါသည်ဆိုသော ကောသလဘုရင်ပင် မဟုတ်စေဦးတော့ ဖြစ်ပေါ်လာနိုင်စရာမရှိဟု ယူဆရသည်။ သို့သော် အံ့ဖွယ်ကောင်းလောက်အောင် အမှန်ပင် ဖြစ်ပေါ်လာ၏။

ဇေတဝန်အနီးတွင် ကပ်လျက် မဟာကျောင်းတော်ကြီး ဆောက်မည်ဆိုကာ မြေရှင်းသည်။ သစ်များ၊ အုတ်များကိုပင် စုပုံလျက် ရှိနေသည်ကို တွေ့မြင်ကြ ရသည်။ အဘယ့်ကြောင့် ဖြစ်ပေါ်လာသည်ဟူသော သတင်းမှာလည်း ရှင်းရှင်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးပင် ထွက်ပေါ်လာ၏။ မိစ္ဆာဒိဋ္ဌိ ဒါယကာတို့က ကောသလဘုရင်အား ငွေတစ်သိန်း လာဘ်ထိုးသည် ဟူသတည်း။

ဤကိစ္စအတွက် ကောသလဘုရင် နာမည်ပျက်လိုက်သည်မှာ ပြောဖွယ်ရာမရှိ။ ကြောက်သောကြောင့် ပြောင်ပြောင်မပြောဝံ့ကြသော်လည်း အတွင်းဆူလှိုက် ဂယက်လှိုင်းရိုက်နေသောကိစ္စ ဖြစ်သည်။

လာဘ်ပေးလာဘ်ယူ ဟူသော ကိစ္စသည် လောကကို အခြေတည်သော လူ့သမိုင်းနှင့် ချီ၍ ရှိခဲ့သည် မှန်ပါ၏။ လာဘ်ပေးလာဘ်ယူကိစ္စမှန်သမျှ လုံခြုံလေရော့ဟု တိတ်တဆိတ် ပြုမူခဲ့ကြသည်ချည်းလည်း မှန်ပါ၏။ လာဘ်ပေးလာဘ်ယူသမားတို့က လုံခြုံလှပြီဟု အထင်ရှိထတ်ကြသည်မှာလည်း မှန်ပါ၏။ သို့ရာတွင် လုံခြုံသော လာဘ်ပေးလာဘ်ယူမှုဟူ၍ မည်သည့်အခါမျှ မရှိခဲ့စဖူးချေ။ အကြောင်းမူကား မကောင်းမှုဟူသည် အဘယ်မျှ လုံခြုံသည် ထင်တတ်ကြစေကာမူ ပြုသူနှင့် အပြုခံရသူ နှစ်ဦး သိကြသောကြောင့်တည်း။

သို့ဖြစ်ရာ လာဘ်ပေးလာဘ်ယူမှု၊ သို့မဟုတ် မကောင်းမှုဟူသည် တစ်နည်းမဟုတ် တစ်နည်းဖြင့် အနေးနှင့်အမြန် ပေါ်ပေါက်ကြသည်သာ ဖြစ်၏။ အကြောင်းတစ်ခုခုကြောင့် မပေါ်ပေါက်ဆိုလျှင်လည်း သိကြသည်သာဖြစ်၏။ ယခုကိစ္စမှာကား ရှင်းလွန်းလှသည်။ ပေါ်လောကြီးပေါ်နေသည်။ ကောသလဘုရင်ကို လာဘ်ပေး၍ ဇေတဝန်အနီးတွင် ပြောင်ပြောင်တင်းတင်း အတိုက်အခံလုပ်ရန် ကျောင်းဆောက်မည်ဟူသော သတင်းမှာ ဟိုးလေးတကြော်ကြော် သတင်းတည်း။

အမိကစိတ်မချမ်းသာရသူကား ကျောင်းဒါယကာကြီး အနာထပိဏ် ဖြစ်၏။

စိတ်မချမ်းသာသည့်အထဲမှ ပြုံးလည်း ပြုံးမိရသေးသည်။ အကြောင်းကား ဘုရင်ဖြစ်ပါလျက် ငွေတစ်သိန်းမျှကိုပင် မက်မောသည်ကို သိရသောကြောင့်ဖြစ်၏။ ဘုရင်အလိုရှိသည်ဆိုလျှင် မိမိက တစ်သိန်း၏ ဆယ်ပြန်မကပင် အလွယ်တကူ ပေးလိုက်နိုင်သောကြောင့် ဖြစ်၏။

သို့သော် အာဏာပိုင် ဆိုသည်မှာ ခက်သည်။ သူဌေးများလို ငွေမရှိသော်လည်း အာဏာရှိနေပေရာ ဟန်ဓာတ်ခုတ်ရသေးသည် မဟုတ်ပါလော။

ဤကိစ္စတွင် အမိက တာဝန်ရှိလာသူကား ဘုရားရှင်ပေတည်း။ ကိလေသာအားလုံးကို စွန့်ခွာပြီးသော မိမိနှင့် တပည့်ရဟန္တာများ အတွက်မူ အရေးမကြီးလှပေ။

www.burmeseclassic.com

www.burmeseclassic.com



လျစ်လျူရှုနိုင်ကြပါ၏။ အနေးနှင့်အမြန် သူ့တရားကို သူစီရင်သွားမည်သာ ဖြစ်သည်။ အမှန်တရားသည် တစ်နေ့တွင် အနိုင်ရ, ရမည်သာ မဟုတ်ပါလော။

သို့သော် ဒေါသမာနမကင်းသော တပည့်ရဟန်းတို့ များစွာရှိကြပေသေးသည်။ လူဒါယကာတို့မှုကား ပြောဖွယ်မရှိတော့။ အတိုက်အခံလုပ်ရန် ဟန်တပြင်ပြင် ရှိနေကြသည်။

သို့ဖြစ်ရာ ဖြစ်ပေါ်လာလတ္တံ့သော အဓိကရုဏ်းကို မဖြစ်ပေါ်မီ ပြေငြိမ်းဖို့ရန်မှာ အကြီးအကဲဖြစ်သော ဘုရားရှင်သို့ တာဝန်တစ်ရပ်အဖြစ် သက်ရောက်လာသည်။ အကြီးအကဲဆိုသည်မှာ ဘုရားရှင်ပင် ဖြစ်စေဦးတော့ လောကနှင့် မကင်းသေးသမျှ မထမ်းဆောင်လိုသော်လည်း ယင်းကဲ့သို့ ထမ်းဆောင်ရမည့် တာဝန်တွေ ပေါ်ပေါက်လာတတ်စမြဲဖြစ်သည်။

ဤကိစ္စ ပြေငြိမ်းရေးအတွက် ဖြေသိမ့်နိုင်မည့် အဓိကပုဂ္ဂိုလ်မှာ ကောသလဘုရင်ပင် ဖြစ်ပေတော့ရာ မိမိနှင့် သာသနာတော်အား ကြည်ညိုလှပါသည်ဆိုသော် ကောသလဘုရင် အထံသို့ အကျိုးသင့် အကြောင်းမှန် ဖျောင်းဖျ တရားဟောရန် အတွက် မိမိမှလွဲလျှင် အကြီးဆုံးဖြစ်သော အရှင်သာရိပုတ္တရာအား နန်းတော်သို့ စေလွှတ်သည်။

ကောသလဘုရင် ဆိုးလိုက်ပုံမှာ အရှင်သာရိပုတ္တရာအား အတွေ့မခံ၊ တွေ့ခွင့် မပေး၊ တိမ်းရှောင်၍နေသည်။ ရက်လည်းရက်ဟန်ရှိ၏။ နောက်တစ်ကြိမ် အရှင် မောဂ္ဂလာန်အား စေလွှတ်ပြန်သည်။ အလားတူပင် တိမ်းရှောင်၍နေ၏။ သို့ရာတွင် ဤကိစ္စမှာ မပြေငြိမ်းလျှင် မဖြစ်နိုင်တော့သောကြောင့် ဘုရားရှင် ကိုယ်တော်တိုင် နန်းတော်သို့ ကြွရောက်သည့်အခါတွင်မှ မတိမ်းရှောင်ဝံ့တော့ဘဲ မလုံလဲသော အမူအရာ၊ မလုံလဲသော စကားများဖြင့် အတွေ့ခံသည်။

ယင်းသို့လျှင် ဘုရားရှင်၏ မေတ္တာစကား တရားဒေသနာကြောင့် ဒိဋ္ဌိဆရာကြီးတို့ ရန်မောင်းတင်လာခဲ့သော ကိစ္စကြီးသည် ပျက်ပြယ်သွားခဲ့ရသည်။ ယင်းသို့ ဒိဋ္ဌိဆရာ၊ ဒိဋ္ဌိဒကာများဘက်သို့ ကောသလဘုရင်က မျက်နှာလိုက်ခိုက်တွင် သီရိဂုတ္တတို့၏ အရေးအခင်းဖြစ်ပွားခဲ့ရာ မျက်နှာသာ ရလေသော်ကော၊ နိုင်လေ သော်ကော့ဟု ရုံးတင် တရားစွဲဆိုခြင်း ဖြစ်ပေသည်။

ယင်းသို့ ကျောင်းအပြိုင်ဆောက်ရန် စီစဉ်သည့် အရေးအခင်းနောက်တွင် နောင်အခါ၌ ဖြစ်ပေါ်လာသော ထူးခြားသည့် အကြောင်းနှစ်ရပ် ရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှာ ကောသလဘုရင်သည် ပထမတွင် ဘုရားရှင်နှင့် သာသနာတော်သို့ ကြည်ညိုမှု မပြတ်သားသေးသောကြောင့် ယင်းသို့ မလျော်သောအမှုကို ခွင့်ပြုခဲ့ခြင်း ဖြစ်၍ နောင်အခါတွင်မှု ကြည်ညိုမှု တိုးပွားလာသည်။ ထို့ကြောင့် ပြုခဲ့သော မိမိအပြစ်ကို ဆေးလျှော်ရန်အတွက် ဘုရားရှင် သာသနာတော်သို့ ကျောင်းကြီး တစ်ဆောင် ဆောက်လုပ်လှူဒါန်းသည်။ 'မင်းကျောင်း'၊ 'ရာဇိကာရမ်'ဟုခေါ်သည်။ ဇေတဝန်၊ ပုဗ္ဗာရုံတို့အနီးပါး ထင်ရှားသော ကျောင်းဖြစ်သည်။

ဤသည်ကား ကောင်းကျိုးကောင်းရာဖြစ်၍ နောက်တစ်ခုမှာကား မကောင်းကျိုးဖြစ်၏။ ဘုရားရှင် အမိန့်တော်နှင့် စေလွှတ်သော ထိပ်သီးရဟန္တာ အရှင်ကြီးများအား အတွေ့မခံ၊ မထီမဲ့ပြုခဲ့မိသော မကောင်းမှုကြောင့် ကောသလဘုရင်သည် ဘုရင်နှင့် မတန်မရာလောက်အောင်ပင် ဆင်းရဲပင်ပန်းစွာ ရုပ်ပျက်ဆင်းပျက် ကွယ်လွန်ခဲ့ရခြင်းဖြစ်၏။

ဤအကြောင်းနှင့် အကျိုးမှာ အတင်းဆက်စပ်ယူခြင်း မဟုတ်ပေ။ ယောက္ခမ သုပ္ပဗုဒ္ဓအား ပြောကြားဖူးသော ဗျာဒိတ်စကားကဲ့သို့ ဤအရေးအခင်း၏ နောက်၌ ဘုရားရှင်ကိုယ်တော်တိုင် အကျိုးသင့် အကြောင်းသင့် ဗျာဒိတ်စကား ပြောကြားထားခဲ့သော အကြောင်းရပ်ပင် ဖြစ်ပေသည်။ ပြောကြားစဉ်က မလျော်သောအခင်း၊ မလျော်သောသတင်းကြောင့် အမှတ်မဲ့ နေခဲ့ကြသော်လည်း နောင်ခါတွင် သင်္ဂါယနာ တင်ရာ၌ ဘုရားရှင်၏ မိန့်ခွန်းတော် မှန်သမျှကို တစ်ခုမကျန် ထုတ်ဖော်သောအခါ အဖြေရှင် အရှင်အာနန္ဒာ၏ ဖွင့်ဟချက်အရ ပိဋကတ်တွင် တရားဝင်ပါရှိ၍လာသော အကြောင်းရပ် ဖြစ်ပေသည်။

ရုံးတော်တွင် သီရိဂုတ္တက မိမိသည် သူတို့၏ တပည့်ဒကာဖြစ်သူ ဂရဟာဒိန္နာ၏ စကားအရ စမ်းသပ်ကြည့်ခြင်းမျှသာဖြစ်ကြောင်း၊ ဤလောက၌ ဗုဒ္ဓသာသနာတော်တွင်လည်းကောင်း၊ ရှေးအစဉ်အလာ သာသနာတော်တွင်လည်းကောင်း တန်ခိုးရှင် အသိရှင် ရသေ့ ရဟန်းတို့ မြောက်မြားစွာ ရှိကြကြောင်း၊ ဤဆရာကြီးများသည်လည်း သူတို့ဒကာ ပြောသည့်အတိုင်း အကယ်၍ အသိရှင် တန်ခိုးရှင်များဖြစ်ပါမူ မိမိ၏ကိစ္စကို ရှောင်လွှဲနိုင်ရမည်ဖြစ်ကြောင်း၊ သို့ပါ၍ မိမိတွင် အပြစ်မရှိပါကြောင်း နှင့် လျှောက်လဲသောအခါ အနိုင်ရသည်။ အနိုင်ရရုံမျှမက ထိုစဉ်က တရားရေး အစီအစဉ်အရ ဂရဟာဒိန္နာနှင့် ရုံးတော်သို့ ကြားနာရန် ရောက်ရှိနေကြသော ဒိဋ္ဌိ ဆရာကြီးများမှာ တန်ပြန်ပြစ်ဒဏ်ပင် ခံရပေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဂရဟာဒိန္နာ၏ ဒေါသမှာ အဆုံးအစမရှိ ဖြစ်လေတော့၏။

[ ၆ ]

သို့သော် ဒေါသဟူသည် ဆင်ခြင်တတ်သူ၏ ကောက်တကျစ် ဆင်ခြင်မှုနှင့် တွဲဖက်လိုက်သောအခါ ပုံစံတစ်မျိုး ဖြစ်လာတတ်သည်။ အတွင်းတွင် အသွင်ဆိုးသော်လည်း အပြင်တွင် လှသယောင် ပသယောင် ဖြစ်လာတတ်သည်။ ပညာရှိ အမျက် အပြင်မထွက်ဟု ဆိုသမှုတ်လော။

မခံချင်စိတ်၊ အတိုက်အခံစိတ်ဟူသည် တုံ့ပြန်မှုကို ဖြစ်စေ၏။ တုံ့ပြန်မှုသည် ကလဲ့စားကို ဖြစ်စေ၏။ ကလဲ့စားသည် တစ်ဖန်ကလဲ့စားကို ဖြစ်စေပြန်၏။ ဒေါသမာနတို့၏ အသီးအပွင့်များပေတည်း။

ထို့ကြောင့် သည်တစ်ခါတော့ ပြတ်ကရောဟူသော သီရိဂုတ္တ၏ အတွေးသည်များ၏။ အကြောင်းမှုကား မကြာမီ တစ်နေ့တွင်ပင် ဂရဟာဒိန္နာသည် ပြုံးပြုံးရွှင်ရွှင် ညင်ညင်သာသာ ဘာမှမဖြစ်သည့်အဟန်ဖြင့် သီရိဂုတ္တ၏ အိမ်သို့ ရောက်လာသောကြောင့် ဖြစ်သည်။

သီရိဂုတ္တအဖို့ မိမိ၏ ပြုမူချက်များကြောင့် အံ့အားသင့်စွာဖြင့် မလုံမလဲရှိသော်လည်း မလုံမလဲနှင့်ပင် ဂရဟာဒိန္နာအား ရွှင်ပျသော အမူအရာဖြင့် ဆီးကြိုသည်။

"ငါ့ညီက သည်တစ်ခါတော့ ငါ့အမြင်များကို ရေရေလည်လည် ချွတ်လိုက်တာပဲ"

"ကျွန်တော်လည်း နောင်ကြီးစကားအရ စမ်းကြည့်လိုက်တာပါ။ သိပ်ရှိင်းရာကျသွားမလား မသိဘူး"

"မရှိင်းပါဘူး၊ သူတို့တန်ခိုးရှိလို့ တကယ်သိတယ်ဆိုရင်လည်း မလာဘဲနေကြရုံပေါ့။ တန်ခိုးမရှိလို့ မသိကြတာကို ခံရပေမပေါ့"

"နောင်ကြီး ကျေနပ်တယ်ဆိုတော့ ဝမ်းသာလှပါတယ်"

"ကျေနပ်ရုံဘယ်ကမလဲ၊ ကျေနပ်ကြောင်း၊ ကျေးဇူးတင်ကြောင်း ပြောချင်လွန်းလို့ အခု တမင်လာခဲ့တာပဲ။ ဒါလောက်တောင်မကသေးဘူး"

စကားအဆုံးမသတ်ဘဲထားသဖြင့် သီရိဂုတ္တက ငေးကြည့်နေသည်။ "ပြောသာပြောပါ၊ ဘာများပါလိမ့်"ဟု စကားဆက်ရန် အားပေးလိုက်သောအခါ ဂရဟာဒိန္နာ

www.burmeseclassic.com

www.burmeseclassic.com



က "ရှက်ရှက်နဲ့ ဝန်ခံရမှာဖြင့် ဒီနေ့ကစပြီး ငါ့ကိုလည်း တထာဂတရဲ့ ဒကာ တစ်ယောက်အဖြစ် မှတ်လိုက်ပါတော့"ဟု မပွင့်တပွင့်ဟန်နှင့် ပြောလိုက်၏။

"ဟာ…နောင်ကြီးကလည်း ဒါများ အပြောခက်နေရသေးသလား၊ အင်မတန် ဝမ်းသာရမယ့်စကားပဲ၊ ဝမ်းသာလိုက်တာ မပြောပါနဲ့တော့ နောင်ကြီးရာ"

ဘုရားရှင်၏ အမည်တော်ကို 'နောက်မှပေါ်တဲ့ ရွှေကြာပင်'၊ 'ရှင်ကြီးဂေါတမ' စသည်ဖြင့် အငေါ်ကလေး၊ အထေ့ကလေးများဖြင့်သာ မလိုတမာ ခေါ်ငင်သုံးစွဲ ခဲ့သူက သိရိဂုတ္တတို့ကဲ့သို့ 'တထာဂတ'ဟု အလေးအမြတ် စတင်သုံးစွဲလိုက်ခြင်း ဖြစ်သည်။

"သြော်…ကိုယ်က မသိမိုက်မှားလို့ အမျိုးမျိုး ပုတ်ခတ်စွပ်စွဲမိခဲ့တဲ့ ဆရာဘက် ကို ညီမောင်ရဲ့ရှေ့မှာပဲ ဝင်ရောက်ဝန်ခံမယ်ဆိုတော့ နည်းနည်းခက်နေလို့ပါ ညီမောင်"

"အကျိုးလိုလားတဲ့ မိတ်ဆွေဆိုတာ အဆိုးကို မြင်ရ ကြားရဦးတော့ သည်းခံ စမြဲပါ။ သည်းခံတယ်ဆိုတာ အကြားရ လွယ်သလောက် အလုပ်ရ ခက်လှပါတယ်။ ဒါကြောင့်လည်း တထာဂတက သည်းခံနိုင်မှုကို 'ခန္တီ ပရမံ တပေါ တီ တိက္ခာ' သိပ်ခက်တဲ့အကျင့်၊ သိပ်မြတ်တဲ့အကျင့် 'တီတိက္ခ'လို့ ဟောထားပါတယ်။ ကျွန် တော်ဟာ နောင်ကြီးကို မိတ်ဆွေအနေမျှသာမက ညီနောင်ရင်းချာပမာ ချင်လွှန်း ခင်လွန်းလို့ နောင်ကြီးပြောသမျှကို အမှတ်မထားခဲ့ပါဘူး။ ဖြစ်ခဲ့ရတဲ့ကိစ္စကတော့ ဟုတ်လေမလားလို့ စမ်းသပ်ကြည့်လိုက်မိတာပါ"

"သာဓုပါ ညီမောင်၊ သာဓုပါ။ တထာဂတရဲ့လူလို့ ဝန်ခံတာနဲ့အတူ ဒီကနေ့ က စပြီး ဒိဋ္ဌိဆရာကြီးများကို စွန့်ပယ်ပါတော့မယ်။ စွန့်ပယ်ခြင်းနဲ့အတူပဲ တထာ ဂတ အထံကို ချဉ်းကပ်ကိုးကွယ်ပါတော့မယ်"

"သာဓု-သာဓု-သာဓု နောင်ကြီး၊ အသည်းနှလုံးထဲက လှိုက်လှိုက်လှဲလှဲ နှိုက်နှိုက်နဲ့နဲ့ကြီး ခေါ်လိုက်ပါတယ်"

"သို့သော် တထာဂတဘက် ရောက်လာပြီဆိုပေမယ့် ရတ်ခြည်းဆိုတော့ ခပ်ရှက်ရှက်ပါပဲ။ ဒီတော့ တဖြည်းဖြည်း ပြောင်းလဲသွားရမပေါ့။ ပြောင်းလဲရင်းနဲ့ အခွင့်သာတဲ့အခါမှာ တထာဂတရဲ့ တရားကို နာလိုလှပါတယ်။ အခွင့်သာတဲ့အခါ မှာ တထာဂတနဲ့ တပည့်သံဃာတော်တွေကို ဆွမ်းလေးဘာလေးလည်း ကျွေးချင် လှပါတယ်။ မှန်တာပြောရရင် တထာဂတရယ်လို့ ပြောလို့သာ ပြောနေရတယ်

www.burmeseclassic.com



ဒီနေ့ထိ တစ်ကြိမ်တစ်ခါမှ မဖူးတွေ့ရဖူးသေးဘူး။ ဒီတော့ ဖူးလည်း ဖူးတွေ့ချင်လှ ပါတယ်"

"တထာဂတမှာတော့ အခွင့်မသာတာရယ်လို့ မရှိပါဘူး။ ကုသိုလ်ကောင်းမှု ပြုရာမှာ အခွင့်မသာ အခါမသင့်တယ်ရယ်လို့ မရှိပါဘူး နောင်ကြီး။ အဆင်ပြေ သလိုသာ လုပ်ပါတော့"

"အဲဒါပြောချင်လို့ အလုပ်တွေဖျက်ပြီးတော့တောင် တမင်လာခဲ့တာပဲ။ ပြီးတော့ ငါ့ညီအဖို့ တွေ့ကရာရှစ်သောင်း တလွဲတချော်တွေ တွေးနေမှာလည်း စိုးလို့ ဖြေရှင်းဝန်ခံရအောင် လာခဲ့တာပါ"

"ဝမ်းမြောက်လှပါဘိ နောင်ကြီးခင်ဗျား"

အစပျိုးလိုက်ခြင်း၊ သို့မဟုတ် နောက်ပိုင်း အကြံအစည်ကိစ္စကြီးအတွက် နေရာခင်းလိုက်ခြင်းပေတည်း။ နေသေးသပ ချုံထဲက၊ ချိုသွေးသပ တမြမြ။ သင်းက ငါ့ဆရာတွေကို မစင်တွင်းထဲချသည်။ သင်းရဲ့ဆရာတွေကို မီးကျီးတွင်းထဲ ကျစေရမည်။ သင်းက ငါ့ဆရာတွေကို အရှက်ကွဲစေမည်။ ငါက သင်းရဲ့ဆရာ တွေကို သေစေမည်။

ကြိုးတစ်ချောင်း ပြတ်သွား၍ ပြန်လည်ထုံးဖွဲ့ ဆက်ချည်သောအခါတွင် အဆက်ဖြစ်သွားသော်လည်း မူလအတိုင်း ချောချောပြေပြေ မဖြစ်နိုင်တော့။ အဖု အထုံးကလေးတော့ ရှိနေမြဲပေတည်း။

သီရိဂုတ္တအဖို့လည်း ဂရဟဒိန္နာ၏ ပြောကြားချက်အရ အယူအဆ တစ်ဖက် တည်း ဖြစ်လာပြီ ဆိုစေကာမူ သူ့ဆရာဟောင်းကြီးများအပေါ် ခပ်ပြင်းပြင်း ခပ်ကြမ်းကြမ်း ပြုမူခဲ့မှုကြောင့် ပြတ်ကြပြီရော့ဟုပင် ထင်ခဲ့မိရာက ဆက်သွယ် လာခဲ့မိစေကာမူ ယို့အန်းအန်းရှိနေ၍ ဂရဟဒိန္နာအိမ်သို့ ရှေးကလို မဟုတ်တော့ဘဲ အရောက်အပေါက် နည်းသွားသည်။

ဤသည်ကိုပင် ဂရဟဒိန္နာ ဝမ်းသာရသည်။ အကြောင်းကား မိမိခြံဝိုင်းထဲတွင် ပြုလုပ်နေဆဲ အကြံအဖန် အစီအမံကြီးကို သီရိဂုတ္တ မတွေ့လာသောကြောင့် ဖြစ်သည်။ သို့ရာတွင် သီရိဂုတ္တဖြစ်စေ၊ အခြားသူဖြစ်စေ မတွေ့နိုင်ရန် ခြံအတွင်း ပိုင်းမှ အကြံအဖန် အစီအမံကြီး၏ ရှေ့ပိုင်းတစ်ခုလုံးကို အလုံအခြုံ ကာရံထားပြီး ကား ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂရုဟာဒိန္နာ၏ ခြံဝင်းသည်လည်း သီရိဂုတ္တ၏ ခြံဝင်းကဲ့သို့ပင် ကျယ်ဝန်း၏။ တစ်နေရာတွင် သီရိဂုတ္တကဲ့သို့ပင် လျှို့ဝှက်စွာ ကျင်းကြီးတူးစေသည်။ သို့ရာတွင် သီရိဂုတ္တကျင်းထက် နှစ်ပြန် သုံးပြန်မျှ နက်စေသည်။ အကြောင်းကား ကျင်းထဲတွင် သီရိဂုတ္တကဲ့သို့ မစင်ဘင်ပုပ်များကို ထည့်ရန်မဟုတ်၊ မီးပုံကြီး ပြုလုပ်ရန်ဖြစ်ရာ အပေါ်ပိုင်းသို့ အပူရှိန်နည်းစေရန် နက်နက်တူးစေရခြင်း ဖြစ်သည်။

ကျင်းကျယ်ကြီးဖြစ်ရန်ကား မလို။ အကြောင်းကား ကျင်းထဲသို့ ကျသွားသည်နှင့် တစ်ပြိုင်နက် လူပ်ရှားရုန်းကန်ရန် မရှိ။ တစ်ချိန်တည်း သေစေဖို့သာဖြစ်ရာ အလောင်းချင်း ထပ်နေဖို့သာ နေရာလိုသည်။

ရဲရဲညီသော မီးကျီးခဲများသာ ဖြစ်စေရန် ရှားသားနှင့် မာကျောသော အသားများကို ရွေးချယ်၍ ထည့်သည်။ အပေါ်က ဆွမ်းကျွေးမဏ္ဍပ်ကို အကျအန တည်ဆောက်သည်။ သီရိဂုတ္တကဲ့သို့ပင် မဏ္ဍပ်ဝန်းကျင်တွင် အမွှမ်းအခြယ်၊ အကာအရံများ ပြုလုပ်သည်။

ဤအတွင်း ဂရုဟာဒိန္နာသည် တထာဂတ၏ ဒါယကာ ဖြစ်သွားပြီဟု သတင်းလွှင့်ထားသည်။ သီရိဂုတ္တ၏အိမ်သို့ မကြာခဏ သွားရောက်၍ တထာဂတချီးမွမ်းခန်းများ ဖွင့်သည်။ တထာဂတကို ဆွမ်းကျွေးပွဲ၊ အလှူပွဲကြီးဖြင့် စတင်မိတ်ဆက် ဖူးတွေ့လိုသောကြောင့် ဆွမ်းကျွေးမဏ္ဍပ်ကြီး ဆောက်နေပြီဟု သတင်းပို့သည်။

ယခင်ဖြစ်ရပ် ကင်းပြတ်အဆင်ပြေလာသောကြောင့် သီရိဂုတ္တက ဂရုဟာဒိန္နာအိမ်သို့ ယခင်ထုံးစံအတိုင်း အလည်သွားရောက်သောအခါ မဏ္ဍပ်အတွက် ပြင်ဆင်နေသည့် အရိပ်အယောင်များကို တွေ့ရသည်။ ထိုအခါ မဏ္ဍပ်ပြင်ဆင် ဆောက်လုပ်ပုံမှာ မိမိပြုလုပ်စဉ်ကကဲ့သို့ပင် အသွင်ချင်းဆင်နေသောကြောင့် မြွေမြွေချင်း ခြေမြင် ဆိုသကဲ့သို့ ထင့်ခနဲ သံသယရှိမိသည်။ သို့ရာတွင် ဂရုဟာဒိန္နာ၏ ဟန်ဆောင်ကောင်းမှုကြောင့် ပွင့်ပွင့်လင်းလင်းကား မထင်ဝံ့၊ မမေးဝံ့။

ဘာသာမျိုးစုံ၊ သာသနာမျိုးစုံတို့ ထွန်းကားသော မဇ္ဈိမဒေသ အလှူမဏ္ဍပ်မျိုးစုံကို ဆောက်လုပ်ကြခြင်းမှာ ရိုး၍နေသည်။ တတ်နိုင်လျှင် တတ်နိုင်သလို ချဲ့ကား ဆောက်လုပ်ကြသည်။ မတတ်နိုင်လျှင် လမ်းဘေးမှာပင် ငှက်ပျောပင်ကလေးစိုက်၊ ရာဇမတ်ကွက်ကလေးများ ကာရံ၍ ငှက်ပျောဖက်ဖြင့် စုပုံကျွေးလှူကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝိသာခါ၊ အနာထပိဏ်တို့ကဲ့သို့ သံဃာငါးရာခန့် ဆံ့သည့် ခမ်းခမ်းနားနား ပုံသေမဏ္ဍပ်ကြီးများ တည်ဆောက်ထားသည်အထိ ရှိသည်။

ထို့ကြောင့် အိမ်တစ်အိမ်၌ အလှူမဏ္ဍပ် ဆောက်လုပ်ရန်အတွက် လှုပ်လှုပ်ရွရွ ပြုလုပ်ကြသည်ဆိုလျှင် ပတ်ဝန်းကျင်အဖို့ အဆန်းမဟုတ်တော့။ အမှတ်မဲ့သာ နေလိုက်ကြသည်။

သို့ရာတွင် ခိုးတတ်လျှင် ရိုးတတ်သည်ဟူသော စကားတစ်ရပ် ရှိသည်။ သီရိဂုတ္တအဖို့ ဤကိစ္စတွင် ခိုးဖူးသူဖြစ်သောကြောင့် ဂရဟဒိန္နာ၏ အိမ်မှ လှုပ်ရှားမှု အပြုအမူများကို အမှတ်မဲ့ တွေ့မြင်ရသောအခါ မိမိကဲ့သို့ပင် မသမာအကြံ ရှိလေသလောဟု ယိုးစွပ်ချင်လာသည်။

ထို့ကြောင့် မသင်္ကာစိတ်ဖြင့် စိုးရိမ်၍ တစ်ညဦးခင်း၌ ဇေတဝန်တွင် တရားနာ အပြီး ဘုရားရှင်ရှေ့တော်သို့ ဝင်ရောက်ဖူးတွေ့ကာ မိမိနှင့် ဂရဟဒိန္နာတို့၏ ဖြစ်ရပ်များကို လျှောက်ထားသည်။ မိမိက ဒိဋ္ဌိဆရာကြီးများအပေါ်၌ မတော်မလျော် ပြုလုပ်ခဲ့မိသည်ကိုလည်း ဖွင့်ဟဝန်ခံ လျှောက်ထားသည်။ ထို့ကြောင့် ယခုအခါ ဂရဟဒိန္နာက ကလဲ့စားချေလိုသည့် သဘောဖြင့် ဆွမ်းကျွေးဟန်ဆောင်ကာ မလျော် သော အစီအစဉ်များ ပြုလုပ်နေလေရော့လား မသိနိုင်။ ဆွမ်းအလှူ ပင့်လျှောက် သည့်အခါ ကြွရောက်ဖို့ မလိုပါက မကြွရောက်ပါရန် စိုးရိမ်စိတ်ဖြင့် ကြိုတင် လျှောက်ထားသည်။

ထိုအခါ ဘုရားရှင်က ပြုံးတော်မူ၏။

ဘုရားရှင်၏ ပြုံးတော်မူခြင်း ဆိုသည်မှာ အကြောင်းမဲ့ မဟုတ်ပေ။ အတိတ် တွင်လည်းကောင်း၊ အနာဂတ်အဖို့လည်းကောင်း အကျိုးသက်ရောက်မှု အကြောင်း တစ်စုံတစ်ရာ ရှိမှသာ ပြုံးတော်မူခြင်း ဖြစ်၏။

ပညာရှိတို့ ပြုံးဖွယ်ကောင်းသော သီရိဂုတ္တတို့၏ ဖြစ်ရပ် အပြုအမူကြောင့် လည်း ပြုံးတော်မူခြင်းမဟုတ်။ မာန၊ ဒေါသနယ်ပယ်၌ သီရိဂုတ္တတို့၏ ဖြစ်ရပ် အပြုအမူမျိုးများမှာ ကိုယ့်ဟာကိုယ် ကြီးကျယ်နေကြသော်လည်း ပညာရှိများအဖို့မူ ဆန်းတော့သည် မဟုတ်။

သို့ရာတွင် ယင်းဖြစ်ရပ်မှပင် မခေါ်ပင့်ချေ၊ ဆိုက်ရောက်လာသော အကျိုးထူး တစ်ရပ်ကို မြင်တော်မူသောကြောင့် ပြုံးတော်မူလိုက်ခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အကြီးဆုံးရန်သူဟု ဆိုကြသော ဒေဝဒတ်ကိုဖြစ်စေ၊ အချစ်ဆုံးသော သားဟု ဆိုကြသော ရာဟုလာကိုဖြစ်စေ တစ်ချောင်းတည်းသော စေတနာ၊ တစ်ပြင်တည်းသော မဟာကရုဏာ၊ သတ္တဝါမှန်လျှင် ရင်ဝယ်သားကဲ့သို့ သဘောထားပြီးသော ဘုရားရှင်အဖို့ ကျွတ်ထိုက်သော သတ္တဝါတို့ကို အဆင်သင့် တွေ့လျှင်တွေ့၊ မတွေ့လျှင် နံနက် အရုဏ်တက်ချိန်ခါ၌ ကျွတ်ထိုက်သော သတ္တဝါတို့အား သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ဆင်ခြင်ရှာဖွေ ကြည့်ရှုရသည်မှာ ဗုဒ္ဓကိစ္စတော်တစ်ရပ် ဖြစ်၏။

ရံဖန်တွင်မူ ကျွတ်ထိုက်သော သတ္တဝါတို့က မရှာဖွေရဘဲနှင့် အကြောင်းအားလျော်စွာ အလိုက်သင့် ပေါ်ပေါက်လာတတ်သည်။ ထိုအခါ ဝမ်းမြောက်တော်မူရ၏။ ယခု သီရိဂုတ္တတို့ ကိစ္စတွင်လည်း အလိုက်သင့် ပေါ်ပေါက်လာသော အခြင်းအရာ ဖြစ်နေသောကြောင့် ဝမ်းမြောက်ဝမ်းသာ မဟာကုသိုလ် သောမနဿ စိတ်ဖြင့် ပြုံးတော်မူလိုက်ခြင်း ဖြစ်သည်။

ဒါယကာ သီရိဂုတ္တ၏ လျှောက်ထားချက်ကို ဆိတ်ဆိတ်နေခြင်းဖြင့် တုံ့ပြန်လိုက်သည်။ မိမိ၏ လျှောက်ထားချက်ကို ဘုရားရှင် သိတော်မူလျှင် တော်ပြီ။ နောက်ပိုင်း ဖြစ်ပေါ်လာမည့်ကိစ္စမှာ သိတော်မူ မြင်တော်မူသော ဘုရားရှင်၏ တာဝန်သာ ဖြစ်တော့သည်။ အဆင်ပြေကောင်းပါ၏ဟု သီရိဂုတ္တ မျှော်လင့်သည်။

သို့နှင့် ဂရဟဒိန္နာက ဘုရားရှင်နှင့် သံဃာတော် ငါးရာတို့အား ဆွမ်းကျွေးမည့်နေ့သို့ ရောက်လာ၏။ နက်ဖြန်နံနက် ဆွမ်းစားကြွရန် ဂရဟဒိန္န၏ မှာထားချက်ဖြင့် သီရိဂုတ္တကိုယ်တိုင် သွားရောက် လျှောက်ထားသောအခါ ဆိတ်ဆိတ်နေခြင်းဖြင့် ကြွရောက်မည်ဟု ဝန်ခံလိုက်သောကြောင့် သီရိဂုတ္တ ဝမ်းမြောက်သွားသည်။ အကြောင်းသော်ကား ဂရဟဒိန္နာ အပေါ်၌ မိမိအထင်လွဲခဲ့ခြင်းမှာ မှားလေပြီဟု ယူဆလိုက်သောကြောင့် ဖြစ်သည်။

[ ၇ ]

နောက်နေ့ နံနက်တွင် သီရိဂုတ္တကိုယ်တိုင် နောက်ပါ ဒါယကာအဖြစ် လိုက်ပါ၍ ဘုရားရှင်နှင့် သံဃာတော်များအား ပင့်ဆောင်ခဲ့သောအခါ ဆွမ်းကျွေးမဏ္ဍပ် အဝသို့ အရောက်တွင် ဂရဟဒိန္နာကိုယ်တိုင် ဆီးကြို၏။ ထိုအခါ ဘုရားရှင်အား ရှေးအခါက တစ်ကြိမ်တစ်ခါမျှ မဖူးတွေ့ရဖူးသော ဂရဟဒိန္နာအဖို့ အံ့အားသင့်ရ

www.burmeseclassic.com



သည်။ အံ့အားသင့်မှုကြောင့် မိမိ၏ အစီအစဉ်သည် မှားယွင်းကောင်း မှားယွင်း လေပြီလားဟုပင် သံသယဖြစ်မိလိုက်ရသည်။ အကြောင်းမှုကား ကိလေသာကင်း စင်၍ ကြည်လင်ထူးခြား ခံ့ညားသပ္ပာယ်လှသော ဘုရားရှင်၏ ရုပ်အဆင်းတော်ကို မျက်ဝါးထင်ထင် ရင်ဆိုင်ဖူးတွေ့ရသောကြောင့်ပေတည်း။

ရှေးမဆွက တွေ့ဖူးသော အကြင်သူတစ်ဦးနှင့် အခြားသူတစ်ဦး စတင်တွေ့ဆုံ ရာ၌ တွေ့ဆုံသူ၏ အသွင်အပြင် 'နဖူးရည်ဒူးရည်'ကို ကြည့်ရှုအကဲခတ်ခြင်းမှာ လူသတ္တဝါတို့၏ သဘာဝတစ်ရပ် ဖြစ်၏။ အကဲဖြတ်၍ရသည့်အပေါ်၌ မူတည်၍ ဆက်လက်ဆက်ဆံတတ်ကြသည်မှာလည်း သဘာဝပင်ဖြစ်လေသည်။

အခြေခံမည့်သော ဂရဟာဒိန္နာအဖို့ အတုမဲ့အဆင်းတော်သခင် ဘုရားရှင်အား စတင်တွေ့ရှိသောအခါ ရှိနေဆဲ ဒေါသ၊ မာန်မာနများပင် ပျောက်ကွယ်သွားလု မတတ် တုန်လှုပ်ယိမ်းယိုင်မိသည်မှာ အမှန်ပင်ဖြစ်၏။ သို့ရာတွင် တစ်ဖက်မှ အယူစွဲမာနနှင့် မခံချင်သော ဒေါသက မဲတင်းထားသည်။

တစ်ကြောင်းမှာလည်း ဘုရားရှင်အား ကြည်ညိုကြသည် ဆိုရာ၌ အပြစ်ကင်း သော အဆင်းတော်စွဲအားကြောင့် ကြည်ညိုကြသူမှာ ပထမအများဆုံးဖြစ်၏။ ဒုတိယကား သူမတူသော အသံတော်ဆွဲအားကြောင့် အများစုဖြစ်သည်။ တတိယ တွင်မှ တရားတော်၏ အနှစ်သာရကို သိသော အမြင်ကျယ်သူတို့၏ အင်အားစု ဖြစ်သည်။

ထို့ကြောင့် ခန္ဓာကိုယ်တစ်ခုတွင် မျက်စိ၊ နား၊ လျှာ စသော အတွင်းခံအာရုံ ခြောက်ပါးရှိရာ အရေးကြီးဆုံးသော မျက်စိနှင့် နားကို ရွေးဦးထား၍ ဟောတော်မူ သည်။ မျက်စိနှင့် နားကို အရေးကြီးသော အမြင်အကြားအာရုံ နှစ်ပါးဟုလည်း ခွဲခြားညွှန်ပြ၏။ အကြင်သူတစ်ဦးအဖို့ မျက်စိအာရုံ၊ နားအာရုံ ကင်းဆိတ်သည် ဆိုလျှင် လောကုတ် လောကီနှစ်လီအကျိုး မျှော်လင့်ချက် ဝေးလေတော့ပြီ။ မွေးကတည်းကပင် ယင်းနှစ်ပါး ကင်းဆိတ်ခဲ့လျှင်ကား မဂ်ဖိုလ်မှ ကင်းဆိတ်သူ လူညွန့်တုံးဘဝဖြင့်ပင် သတ်မှတ်သည်။

ဘုရားရှင်အပေါ်၌ ဂရဟာဒိန္နာ၏ အမြင်အာရုံသည် အများနည်းတူပင် ကြည်ညိုလေးစားမှုသို့ ဆွဲဆောင်လိုက်သည် မှန်ပါ၏။ သို့ရာတွင် ဒေါသအခံ ကြောင့် တိတ်တခိုးဆွဲဆောင်မှုအဖြစ်မျှသာရှိ၍ မျိုသိပ်ဟန်လုပ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အပြိုင်အဆိုင်ကိစ္စတွင် ဒေါသကြောင့် တုံ့ပြန်ပြုလုပ်ရသော်လည်း စင်စစ်သော်ကား ဂရဟာဒိန္နာမှာ အခြေခံညံ့လှသူ မဟုတ်ခဲ့ပေ။ တစ်နည်းဆိုသော် အစဉ်အလာစွဲနှင့် ပတ်ဝန်းကျင်ကြောင့် ကိုးကွယ်မှု လွဲမှားနေခဲ့ရာတွင် ဂရဟာဒိန္နာအဖို့ ရေဝေးသောကြာပမာ ဖြစ်ခဲ့ရသည်။ သို့ရာတွင် ဒေါသမာန်မာနဟူသည် အခြေတည်မိလျှင် နောက်ဆုတ်နိုင်ဖို့ခက်၏။ သို့ဖြစ်ရာ မည်ကဲ့သို့သောပုဂ္ဂိုလ်ပင်ဖြစ်စေ ကလဲ့စားချေရမှ အေးတော့မည်ဟု ဒေါသစိတ်က ဆွဲအားကြီးထားသဖြင့် အစီအစဉ်တိုင်းပင် ပြုလုပ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် "မဏ္ဍပ်တွင်းသို့ တစ်ပါးချင်း ကြွဝင်တော်မူကြပါဘုရား။ လှူဖွယ်ပစ္စည်းများ အဆင်သင့်ဖြစ်နေပါပြီ။ နံဘေးက ကာရံထားရတာကတော့ အဝင်အထွက်မရှုပ်ဖို့ စီမံရခြင်းပါဘုရား"ဟု မလုံ့လှသောအသံ၊ မလုံလှသော အမူအရာဖြင့် ဘုရားရှင်အား ရှိခိုးလျှောက်ထားလိုက်သောအခါ ဘုရားရှင်က မည်သို့မျှ တုံ့ပြန်မပြောတော့ဘဲ အလိုက်သင့်ပင် ရှေ့ဆုံးမှ ဦးဆောင်၍ မဏ္ဍပ်အတွင်းသို့ ဝင်သောအခါ နောက်ပါသံဃာတော်များကလည်း အလိုက်သင့်ပင် အစီအစဉ်အတိုင်း တစ်ပါးချင်းပင် ဘုရားရှင်နောက်တော်ပါးမှ ဝင်ကြွတော်မူကြသည်။

ဂရဟာဒိန္နာနှင့် အတွင်းသားတို့၏ အမြင်တွင်ကား ဘုရားရှင် ဆိုသူနှင့် သူ့တပည့် သံဃာများသည် တစ်ပါးပြီးတစ်ပါး မောင်းဆင်၍ထားအပ်သော ခလုတ်မှတစ်ဆင့် မဏ္ဍပ်အောက် မီးကျီးတွင်းသို့ ကျဆင်းကွယ်လွန်ကုန်ကြပြီဟု ဖြစ်၏။ သို့ရာတွင် အတန်ကလေးကြာသည်အထိ မဏ္ဍပ်အတွင်းမှ လှုပ်ရှားမှုဟူ၍ တစ်စုံတစ်ရာ မကြားရ၊ အသံဟူ၍လည်း သဲ့သဲ့မျှပင် မကြားကြရသောကြောင့် အကြောင်း ဘယ်သို့ထူးလေသည်ဟု မဏ္ဍပ်အတွင်းပိုင်းသို့ အကဲခတ်ရန် အချို့က နံဘေး အပေါက်များမှ ချောင်းမြှော်၍ကြည့်ကြသည်။ ဂရဟာဒိန္နာကိုယ်တိုင်မူကား ဖြစ်ရပ်သွင်ပြင်ကို ပြက်ပြက်ထင်ထင် သိနိုင်ရန်အတွက် မဏ္ဍပ်အတွင်းသို့ ဝင်လိုက်သောအခါ တွေ့မြင်ရပုံမှာ အံ့မခန်း ထူးဆန်းလှသဖြင့် ပတ်ဝန်းကျင်ကိုပင် သတိမေ့ကာ ကျောက်တိုင် ကျောက်ရုပ်ပမာပင် ငေးငိုင်သွားရသည်။

တွေ့ရပုံကား မဏ္ဍပ်တစ်ခုလုံးတွင် မိမိတို့ အတုအယောင်ဟန်ပြင်ခင်းကျင်းထားအပ်သော ပစ္စည်းများ ကွယ်ပျောက်ကာ ကြာပန်းကြီးပမာ ဝန်းဝိုင်းလှပသော အခင်းအကျင်းကြီးတစ်ခု ပေါ်ပေါက်လျက်ရှိနေသည်။ ကြာပန်းကြီးနှင့် အသွင်တူ၍ ကြာပန်းကြီးဟု ဆိုရသော်လည်း ကြာပန်းစင်စစ်ဟုလည်း မဆိုသာ။ မည်သည့်

www.burmeseclassic.com



အခင်းအကျင်းမျိုးဟု နှိုင်းဆစရာ မရှိသော အလှအပ၊ အမွှမ်းအပြောက်တို့ဖြင့် တန်ဆာဆင်အပ်သော အခင်းအကျင်းကြီးတစ်ခုသည် မဏ္ဍာပ်မြေပြင်မှ စုံ့စုံ့တက်ကာ ပေါ်ပေါက်လျက်ရှိနေသည်။ မွှေးရနံ့တို့ကလည်း ကြိုင်သင်းလျက်ရှိ၏။

မီးကျိုးခဲတို့ဖြင့် ခင်းထားသည် ဖြစ်သောကြောင့် မဏ္ဍာပ်ခင်းပျဉ်များသည် အပူရှိန်တက်လျက် ရှိရမည်ဖြစ်၏။ သို့ရာတွင် ပူရှိန်ကင်းပ အေးမြလျက်ရှိသည်။ အံ့ဘနန်း ထူးဆန်းလှသော ယင်းအခင်းအကျင်းကြီးပေါ်မှ သီးသန့်နေရာတွင် ဘုရားရှင်သည် နေထိုင်တော်မူကာ သံဃာတော်များက ဘုရားရှင်ဝန်းကျင်တွင် ဝိုင်းရံလျက်ရှိသည်။

ဤမျှသာမဟုတ်၊ အခြားအံ့ဖွယ်တစ်ရပ်သည်လည်း ဖြစ်ပေါ်လျက်ရှိ၏။ ယင်းသည်ကား ဟန်ဆောင်ပြင်ဆင်၍ထားအပ်သော အိုးကြီးအိုးငယ်၊ ခွက်ကြီး ခွက်ငယ်မှန်သမျှတို့တွင် နတ်သုဒ္ဓါအလား တသင်းသင်း တကြိုင်ကြိုင် မွှေးလှိုင် သန့်ရှင်းသော ဆွမ်း၊ ဆွမ်းဟင်း စသော အာဟာရတို့ ပြည့်လျှံနေခြင်းပင် ဖြစ်ပေသည်။

ဤအကြောင်းကို တပည့်တစ်ဦးက ကျောက်ရုပ်ပမာ ငေးငိုင်လျက်ရှိနေသော ဂရဟဒိန္နာသို့ လာရောက်ပြောသောအခါ ဂရဟဒိန္နာအဖို့ ငေးငိုင်အံ့အားသင့်ရာမှ သတိရနိုးကြားလာသည်။ အံ့ဘနန်း အမြင်အတွေ့များသည် ဂရဟဒိန္နာအား ပြောင်းပြန်လှန်ပစ်လိုက်ပြီဖြစ်၏။ ထို့ကြောင့် ထွက်ပေါ်လာသော အဖြေမှာကား ဂရဟဒိန္နာသည် မိမိတပ်ဆင်ထားသော မောင်းခလုတ်များကိုပင် သတိမရနိုင် တော့ဘဲ ဘုရားရှင်အနီးသို့ တစ်ဟုန်တည်းသွားရောက်ကာ ဘုရားရှင်၏ ခြေတော်စုံကို ကိုင်ငင်ရှိခိုး၍ "တပည့်တော်အား အပြစ်မှ သည်းခံတော်မူပါဘုရား"ဟု ဝပ်တွား လျှောက်ထားခြင်းပင် ဖြစ်ပေသည်။

သီရိဂုတ္တအဖို့ကား ရုတ်ခြည်းဖြစ်ပေါ်လာသော အံ့ဖွယ်ဖြစ်ရပ်များကို ဘာမျှ မသိ။ မိမိသည် ဂရဟဒိန္နာအပေါ်၌ အထင်မှားခဲ့မိ၏။ ဂရဟဒိန္နာသည်ကား အကယ်ပင်ပြုလုပ်၍ ဘုရားရှင်အား မိမိထက်ပင် ကြည်ညိုကာ အံ့ဘနန်း အစီအစဉ် များပင် ပြုလုပ်ထားပါပေတကားဟု ယူဆချီးကျူးသည်။ ထို့နောက်တွင်ကား ဂရဟဒိန္နာနှင့် အတူပင် ဘုရားရှင် ခြေတော်ရင်းသို့ ရောက်ရှိသွားကာ ဂရဟဒိန္နာ သည် ရှေးအခါက မှားယွင်းခဲ့မှုကို တောင်းပန်နေသယောင်တကားဟု ပီတိတဝေဝေ ဖြင့် ကြည့်ရှုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါယကာတို့… ပဒုမ္မာကြာသည် ရွံ့ညွန်မှ ပေါက်သကဲ့သို့ တရားစစ် တရားမှန်တည်းဟူသော ပဒုမ္မာကြာသည်လည်း ပါပညစ်ကျူ မကောင်းမှုတည်း ဟူသော ရွံ့ညွှန်မှ ဖောက်ခွဲ၍ထွက်သည်။ အဆိုးကို သုံးသပ်၍ အကောင်းကို ထုတ်နုတ် ယူငင်ရာ၏။ အဆိုးကို ပစ်ပယ်ရာ၏။ အကောင်းကို သိမ်းပိုက်ရာ၏။ ဤသည်ကား သူတော်ကောင်းတို့ လမ်းစဉ်ပေတည်း" စသည်ဖြင့် အံ့ဘနန်း ကြာပန်းကြီးတွင် စိတ်ဝင်စားနေကြခိုက် ကြာပန်းဥပမာတရားတော်ဖြင့် အလိုက်သင့် ဟောကြားကာ ရုပ် နာမ် ဓမ္မ သင်္ခါရဖြင့် အချောသပ်ပေးလိုက်သောအခါ ကြားနာ ရသူအားလုံး အကျွတ်တရား ရကုန်ကြ၏။

ဂရဟာဒိန္နာနှင့် သိရိဂုတ္တတို့အဖို့ကား အရဟတ္တဖိုလ်သို့ပင် ဆိုက်ရောက်၍ သွားသောကြောင့် မကြာမတင်ပင်လျှင် ရဟန်းတော်အရှင်ဂရဟာဒိန္နာနှင့် အရှင် သိရိဂုတ္တအဖြစ်သို့ ကူးပြောင်းသွားကြသတည်း။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# မိုက်မှောင်ကင်းသောည

[ ၁ ]

ခက်လှချေသည်။

တပည့်များလျှင် ဆရာက ပြုပြင်သည်။ သားသမီးများလျှင် မိဘက ပြုပြင်သည်။ လူငယ်များလျှင် လူကြီးက ပြုပြင်သည်။

လူကြီးများသောအခါ မည်သူက ပြုပြင်မည်နည်း။ ထို့ထက် ဘုရင်များလျှင် ပြုပြင်ရန် သာ၍ခက်သည်။

အမှားဆိုသည်မှာ မသိ၍ မှားခြင်းလည်း ရှိ၏။ သိလျက်ဖြင့် မှားခြင်းလည်း ရှိ၏။ သိလျက်ဖြင့်မှားသော အမှားကို လူကြီးများသာ လုပ်တတ်ကြသည်။

မသိသောအမှားကို ပြင်ဖို့လွယ်သေး၏။ သိလျက်ဖြင့်မှားသော အမှားကိုကား ပြင်ဖို့ ခက်လှသည်။ ယခုမူ တိုင်းပြည်၏သခင် ဘုရင်ကိုယ်တိုင် မှားနေ၍ ပို၍ ခက်လှချေသည်။ ရိုးရိုးမှားရုံမျှမဟုတ်၊ ဖခင် သူတော်ကောင်းကြီးကို သတ်ပစ်သည် အထိ မိုက်မိုက်ကန်းကန်း မှားမိသည်။

အမှားကို အမှားမှန်းသိ၍ သတ်လိုသည်ကိုပင် ရဲရဲမသတ်ဝံ့ခဲ့။ ပရိယာယ်ဆင်၍ သတ်သည်။ ထောင်သွင်း၍ အစာငတ်ထားသည်။ ခြေဖဝါးကို ဓားဖြင့်ခွဲ၍ မီးရဲရဲဖြင့် ကင်စေသည်။

ဤမျှဆိုလျှင် သူ့ကို သိလောက်ပေပြီ။ သူကား အဇာတသတ်တည်း။

ဘုရင်ကိုယ်တိုင် မှားသောအခါ ဘယ်သူမှ မပြင်နိုင်၊ မပြင်ဝံ့။ ပြင်မည့်သူ မှန်သမျှ တပ်လန်သွားကြရသည်။ ပညာရှိ မျူးကောင်း မတ်ကောင်း မှန်သမျှ နောက်သို့ ဆုတ်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဘယ်သူ၏ ပြုပြင်ဆုံးမမှုကိုမျှ မနာခံခဲ့သော်လည်း မမျှော်လင့်သောနေရာမှ ဆုံးမနိုင်မည့်သူ ပေါ်ပေါက်လာသည်။ ထိုသည်ကား ရင်သွေးရင်နှစ် ကလေး ပေါက်ဖွားလာခြင်းပင် ဖြစ်၏။

အဇာတသတ်သည် မိမိရင်သွေးရင်နှစ် ပေါ်ပေါက်လာသည့်အခါတွင်မှ မိဘ၏ မေတ္တာကို နားလည်လာသည်။ ကိုယ်ချင်းစာမိလာသည်။ သူကား လူပေါင်းများ၍ ငါးပါးမှောက်ခဲ့ရသော်လည်း ဗီဇညံ့သူကား မဟုတ်ပါပေ။

ထိုအခါ အမှားကို ပြင်လိုသော်လည်း လက်လွန်ပြီတည်း။ အဇာတသတ်သည် အမှား၏ တုံ့ပြန်ချက်ကို ထိုအချိန်မှစ၍ မရှုနိုင် မကယ်နိုင် ခံရချေပြီ။

စားသမျှသည် အရသာမရှိ၊ စက်တော်ခေါ်၍လည်း မွေးပျော်သည် မရှိ။ ပင့်သက်တမျှဉ်းမျှဉ်း သက်ပြင်းတချချနှင့်သာ ရှိရသည်။

ဘယ်သူ့ကိုမျှလည်း မကြည့်ချင်၊ မမြင်ချင်၊ ကြည့်လိုက်လျှင်လည်း မိုက်မှားစဉ်အခါက ဝိုင်းရံလျက်ရှိသော ပပြားပင် အသိုက်အဝန်းကိုသာ တွေ့ရမည်။ သို့ဖြစ်၍ မင်းရေး မင်းရာ ညီလာခံ မခေါ်သည်မှာပင် ကြာပေပြီ။

ဖခင် ကွယ်လွန်သွားပြီဖြစ်သော်လည်း ဖခင် သူတော်ကောင်းကြီး၏ မေတ္တာအခိုးအငွေ့များသည်ကား မကွယ်မပျောက်သေး။ စိတ်နှလုံးထဲဝယ် တရိပ်ရိပ်ပေါ်လွင်လျက်ရှိသည်။ ဖခင်ကို သတိရတိုင်းလည်း ဖခင်နိစ္စဘတ် ကိုးကွယ်သော ဘုရားရှင်ကို သတိရသည်။

မိမိ၏ မိုက်ရိုင်းစွာ ပြစ်မှားနှိပ်စက်မှု အမျိုးမျိုးကို ဖခင်သူတော်ကောင်းကြီးသည် နှုတ်ဝစီကံမျှဖြင့်ပင် မတုံ့ပြန်ဘဲ သေသည်အထိ သည်းခံသကဲ့သို့ပင် ဘုရားရှင်သည်လည်း ဒေဝဒတ်၏ ပြစ်မှားနှိပ်စက်မှုအမျိုးမျိုးကို မျက်နှာမညိုးဘဲ သည်းခံတော်မူသည်ကို မြင်လာသည်။

ထိုအခါ မရှိတော့ပြီဖြစ်သော ဖခင်ကို ကျော်၍ ဖခင်၏ဆရာ ဘုရားရှင်ကို မြင်လာသည်။ ဘုရားရှင်သို့ စိတ်နှလုံးကိုင်းညွတ်လာသည်။ ဘုရားရှင်သို့ ချဉ်းကပ်လိုလာသည်။ သူ့အမှု၊ သူ့အမှားကို စင်ကြယ်အောင် ဆေးကြောရန်အတွက် ဘုရားရှင်မှတစ်ပါး အားထားရာ မရှိတော့သည်ကို သိမြင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

ရာဇဂြိုဟ်တစ်မြို့လုံးသည် တန်ဆောင်မုန်းလပြည့် နက္ခတ်သဘင်အတွက် ပြင်ကြ ဆင်ကြ မြူးကြွလျက်ရှိသည်။ တန်ဆောင်မုန်းလ၏ ရာသီဥတုသည် ပူလည်းမပူလွန်း၊ အေးလည်း မအေးလွန်းဘဲ လူတို့စိတ်ကြိုက် အနေတော် ဖြစ်သည်။

တစ်မိုးလုံးတွင်မူ ရွာသွန်းသောမိုးကြောင့် သစ်ပင်တောတောင်တို့မှာ စိုပြည် ရှဲသာမဟုတ်၊ ယိမ်းငိုက်ကြရသည်။ လန်းဆန်းမြူးကြွခွင့်ပင်မရ။ မိုး၏ဒဏ်ကို ကုန်း၍ ခံကြရသည်။ တော်သလင်း, သီတင်းကျွတ်တွင် နေရောင်ကလေး မြင်ရ သောအခါ သစ်ပင်ပန်းမန်တို့ ဦးထောင်လန်းဆတ်ခွင့်ကလေး ရလာသည်။ တန်ဆောင်မုန်းသည်ကား လောကတစ်ခုလုံး ရွှင်ပြုံးသည့်အခါတည်း။

ကောင်းကင်သည် မြူခိုးကင်းစင်၍ သာယာ၏။ မြစ်ချောင်း အင်းအိုင်တို့ လည်း ပြည့်လျှံရေကို ပုတ်ချသက်လျှောစေ၍ ညီညာပြန့်ပြူးစေသည်။ ကြာမျိုးစုံ၊ ပန်းမျိုးစုံတို့ကလည်း ပွင့်၏။ ထိုသို့ တလောကလုံး မြူးကြွချိန်တွင် နက္ခတ် ပျော်ပွဲသဘင်ကို ဆင်ယင်ကျင်းပကြမြဲ ဖြစ်သည်။

ညဘက်တွင် မီးပွဲသဘင် ဆင်ယင်ရေးအတွက် မှန်ဦးမုန်နန်းများ ဆောက်လုပ် ကြသည်။ ပုံစံအမျိုးမျိုးဖြင့် မီးပုံးများ ချိတ်ဆွဲကြသည်။ ပွဲလမ်းသဘင် အမျိုးမျိုး အတွက် ပြင်ဆင်ထားကြသည်။ ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားကြသည်။ တန်ဆောင်တိုင် နက္ခတ်ပွဲသဘင်ကြီးကို ဝှဲချီးဆင်နွှဲကြမည်။

ဤကဲ့သို့ အဘက်ဘက်မှ သာယာချိန်တွင် စိတ်ကူးစိတ်သန်းများသည်လည်း ပွင့်လန်းလာတတ်သည်။ ဖခင်ကြီး ကွယ်လွန်ချိန်မှစ၍ စိတ်ဒုက္ခအမှောင်ကျနေခဲ့ ရသော အဇာတသတ်အဖို့ စိတ်ကူးအလင်းရောင်ကလေးတစ်ချက် ဝင်လာသည်။

မင်းပရိယာယ်ဆိုသည်မှာ များပြားလှစွာ၏။ ပေါ်လာသော စိတ်ကူးအလင်း ရောင်ကလေးကို အသုံးချရေးအတွက် ပရိယာယ်တစ်ကွက် ဆင်ဖို့လိုသည်။ မိမိ ပရိယာယ်အတိုင်း အကွက်ဝင်လာလျှင် အမှားမှ အမှန်သို့၊ အမှောင်မှ အလင်းသို့ ကူးပြောင်းခွင့် ကြုံရပေမည်။

ဟုတ်လှပေပြီ။ အချိန်ကြာမြင့်စွာကပင် မခေါ်ဘဲထားခဲ့သော ဘုရင့်ညီလာခံကို ယနေ့ည ခေါ်စေဟု အမိန့်ပေးလိုက်သည်။ ညီလာခံသို့ မှူးမတ်စုံညီ တက်ရောက် ရမည်ဟုလည်း ထပ်ဆင့် အမိန့်ထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မထုတ်၍ မဖြစ်ပေ။ ညီလာခံဆိုလျှင် ပပြားပင် အမတ်များသာ ရှေ့တန်းမှ ရောက်လာ၍ ဆရာဇီဝက စသော ဘုရားရှင် ဘက်တော်သားများသည် ရောင် ဖယ်ဖယ် လုပ်နေတတ်ကြသည်။

နက္ခတ်သဘင်ကြီး၏ အရှိန်ဖြင့် ယနေ့ည ဘုရင့်ညီလာခံသည် ခါတိုင်းထက် စည်ကားမြိုင်ဆိုင်လှပေသည်။ ညီလာခံမခေါ်ခဲ့သည်မှာ ကြာပြီဖြစ်၍လည်း ကြိုးစား၍ တက်ကြသည်။ အသစ်ဆုံး၊ အလွင်ဆုံး အဝတ်များဖြင့်လည်း တောက်ပလျက် ရှိသည်။

ညီလာခံသည် အချင်းချင်း နှုတ်ဆက်သံ၊ ပြောဆိုသံများဖြင့် တလှုပ်လှုပ် တရှုရှု၊ တကျက်ကျက် တစီစီ ရှိနေရာမှ ဘုရင်ထွက်ကြွလာသောအခါ မီးကို ရေနှင့် သတ်လိုက်သကဲ့သို့ ငြိမ်၍သွားသည်။ မှူးကြီးမတ်ရာတို့ တောက်ပစွာ ဝတ်စားလာကြသော်လည်း ဘုရင်မှုကား သာမန်ဝတ်လဲတော်မျှဖြင့်ပင် ထွက်ကြွ တော်မူလာသည်ကို တွေ့ကြရသည်။ မျက်နှာတော်မှာလည်း မသာယာလှပေ။

ဘုရင်သည် ရာဇပလ္လင်တွင် ထိုင်မိလျှင် ထိုင်မိချင်း ညီလာခံသို့ မျက်လုံး တစ်ချက် ဝေ့ခြုံ၍ကြည့်လိုက်သည်။ ညီလာခံတွင် ခါတိုင်းကဲ့သို့ပင် မာလောနွယ် အမတ်တို့သာ တက်ရောက်လာကြသလော။

ဟုတ်ပြီ။ ဆရာဇီဝကကို နောက်နားတစ်နေရာတွင် တွေ့ရသည်။ တွေ့ရသော ကြောင့် ဘုရင့်မျက်နှာတော်တွင် ပြုံးကွက်ကလေးတစ်ကွက် ဖြစ်ပေါ်သွားသည်ကို မှုကား မှူးမတ်များ သတိမထားလိုက်မိကြ။

အဇာတသတ်သည် ညီလာခံ စလျှင်စချင်းပင် မိမိရည်မှန်းထားသော ဇာတ် ကွက်ကို စတင်လိုက်သည်။

"မှူးကြီးမတ်ကြီးတို့... ယခုအခါတွင် နက္ခတ်ပွဲသဘင်ကြီးကို အမှီပြု၍ တစ်နိုင်ငံလုံး ရွှင်မြူးလျက်ရှိကြသော်လည်း ငါကိုယ်တော်မြတ်မှာမူ ဖခမည်းတော် ကွယ်လွန်သည့်အချိန်မှစ၍ ရွှေစိတ်တော် မရွှင်နိုင် မလန်းနိုင် ဖြစ်နေရသည်။ ယင်းသို့ဖြစ်နေရသည်ကို အဘယ်ပညာရှိများသည် ပြေပျောက်အောင် ကြံဆောင် ကုစွမ်းနိုင်ပါအံ့နည်း။ လျှောက်ထားကြစမ်းပါ မှူးကြီးမတ်ကြီးတို့"

ဘုရင်သည် အမိန့်ရှိရင်းဖြင့် ဆရာဇီဝကထံသို့သာ မျက်နှာတော် ကွက်ခနဲ ကွက်ခနဲ ရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင့်အမေးတော် ဆုံးသည်နှင့် တစ်ပြိုင်နက် အမတ်ကြီးတစ်ပါးက လက်နှစ်ဖက်ကို ရုတ်တရက်မြှောက်ပြီး ဦးဆောင်လျှောက်တင်လိုက်၏။

"မှန်လှပါ၊ ကျွန်တော်မျိုးတို့ဆရာ ပုရာဏကဿပသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တည်းဟူသော ဘဝသုံးပါးလုံးကို သိမြင်သူ ဖြစ်ပါသည်။ ထိုဆရာသည် အရှင်၏အပူကို ဖြေဖျောက်နိုင်ခြင်းငှာ စွမ်းနိုင်ပါလတ္တံ့ဘုရား"

ဘုရင့်မျက်နှာတော်သည် ပြောင်းလဲ၍မသွားပေ။ မပြောင်းလဲရုံမဟုတ်၊ အလို မကျဟန်ဖြင့် ဦးခေါင်းကို တစ်ဖက်သို့ အနည်းငယ်စောင်းသွားသည်ကိုပင် တွေ့ရသည်။

ထိုအခါ အခြားအမတ်တစ်ယောက်က လျှောက်ထားပြန်သည်။

"မှန်လှပါ၊ ကျွန်တော်မျိုးတို့ဆရာ ကေသကမ္ဗလသည် လောကခြင်းရာ အားလုံးကို အပိတ်အဖုံးမရှိ သိမြင်သူဖြစ်ပါသည်။ ထိုဆရာကို ချဉ်းကပ်တော်မူပါ အရှင်ဘုရား"

ဘုရင့်ဦးခေါင်းသည် စောင်းငဲ့နေရာမှ အနည်းငယ်မျှပင် လှည့်၍မလာပေ။ ယင်းသို့လျှင် ဆရာနာဋပုတ္တ၏ အမတ်ကလည်းကောင်း၊ ဆရာပကုဓကစ္စာယန၏ အမတ်ကလည်းကောင်း မိမိတို့ဆရာများဘက်သို့ မဲဆွယ်စကားများ လျှောက်တင်ကြသည်။

ဆရာတွေ ပေါများလှချေသည်။ စိန်ကောင်း ကျောက်ကောင်း ရောင်းရာတွင် ဆေးရိုးသည်တွေက ကန့်လန့် ကန့်လန့် လုပ်လျက်ရှိချေသည်။ အချိန်သာကြာ၍ လိုရင်းသို့ မရောက်နိုင်ပေ။ သူရို့လျှောက်တင်ချက်တွေကိုသာ ကြားနာနေရလျှင် ဆုံးနိုင်တော့မည် မဟုတ်ပေ။

မိမိအကွက်ဆင်ထားသော ဆရာဇီဝက,ကမူ တုတ်တုတ်မျှမလှုပ်။ နေနိုင်အား ပါပေသည်။ နေလည်း နေသင့်ပါ၏။ မိမိ၏ စော်ကားမှားယွင်းမှုက ရှိနေသည် မဟုတ်ပါလော။

ဘုရင်သည် စိတ်မရှည်နိုင်တော့သည့်အဟန်ဖြင့်...

"ဘယ်နှယ့် ဆရာဇီဝက"ဟု အမည်တပ်၍ လှမ်းမိန့်လိုက်ရသည်။

"သူများတကာတွေက မိမိတို့ဆရာများ၏ အစွမ်းကို လျှောက်တင်ကြသည်မှာ နားမဆံ့မျှ ရှိချေပြီ။ သင့်မှာတော့ လျှောက်တင်ရန် မရှိပြီလော။ ကိုးကွယ်သည့်အရာ မရှိပြီလော"

www.burmeseclassic.com

www.burmeseclassic.com



မအောင့်နိုင်တော့၍ စကားဦးသမ်းလိုက်သည်။

ထိုအခါမှ ဆရာဇီဝက,က ကိုယ်ဟန်ကိုပြင်၍ လက်အုပ်ချီလိုက်သည်။ ထိုလက်အုပ်မှာ ဘုရင်သို့ ချီခြင်းမဟုတ်၊ ဘုရားရှင် ရှိတော်မူရာ ဝေဠုဝန်ကျောင်းတော်သို့ ရည်မှန်း၍ ချီခြင်းဖြစ်သည်။ ထို့နောက် အောက်ပါအတိုင်း လျှောက်တင်သည်။

"မှန်လှပါ၊ ကျွန်တော်၏ဆရာသည် သူတစ်ပါးတို့ဆရာများကဲ့သို့ ယမ်းဝါ တမ်းဝါ တော်စွ လျော်စွ ဆရာ မဟုတ်ပါ။ သီလ၊ သမာဓိ၊ ပညာဂုဏ်ဒြဗ် တစ်စုံတစ်ယောက်နှင့်မျှ တူတော်မမူသော အသဒိသအစစ် ဖြစ်ကြီးဖြစ်၍ အရှင့်ခမည်းတော်ကိုယ်တိုင် ကိုးကွယ်သော ဆရာပါတည်း။ အရှင်မင်းမြတ် ဆည်းကပ်ကိုးကွယ်ရာ ရပါလိမ့်မည် ဘုရား"

ထိုစကားကိုပင် လိုချင်လှ၍ အကွက်ဆင်ခဲ့သော အဇာတသတ်၏ မျက်နှာတော်သည် နေထိကြာကဲ့သို့ လန်းပွင့်သွားသည်။ အမူအရာသည်လည်း လှုပ်ရှားမြူးကြွလာသည်။

"ကောင်းပြီ ဆရာဇီဝက...ငါ့အား ဘုရားရှင်ထံတော်သို့ ပို့ပါဘိ။ ယခုပင် ဝေဠုဝန် ကျောင်းတော်သို့ သွားရောက်ကြကုန်အံ့။ ဆင်, မြင်း, ရထား မိုလ်ခြေများကို ခမ်းနားစွာ ယခုပင် စီစဉ်လေလော့"

ဘုရင်သည် အမိန့်တော် ချမှတ်ပြီးနောက် ညီလာခံကို ရုပ်သိမ်းလိုက်သည်။ ထို့ကြောင့် ရာဇဂြိုဟ်၏ တန်ဆောင်မုန်းလပြည့် နက္ခတ်ပွဲသဘင်ကြီးသည် ဘုရားရှင်ကျောင်းတော်သို့ ဘုရင်ကြွချီတော်မူသည့် အခမ်းအနားကြောင့် ပို၍ စည်ကားလာ၏။

ဘုရားရှင်သည် အဇာတသတ် အမှူးပြုသော ပရိသတ်အား သမညဖလသုတ္တန်ကို ဟောကြားတော်မူသည်။ ထိုဒေသနာတော်ကြောင့် ဗီဇမညံ့သော အဇာတသတ်အဖို့ မဂ်ဖိုလ်ကို ရဖွယ်ရှိသော်လည်း အဖကိုသတ်မိသော ကြီးမားသည့်ကံကြောင့် ရတနာသုံးပါးကို ယုံကြည်သည့် ဥပါသကာ အဖြစ်ဖြင့်သာ တင်းတိမ်ရရှာသည်။

ယင်းသို့လျှင် အဇာတသတ်ဘုရင်အား မိုက်မှောင်ပယ်ခွင်း၍ အလင်းသို့ ရောက်စေခဲ့သည့်နေ့သည်ကား တန်ဆောင်မုန်းလပြည့်နေ့ ဖြစ်သတည်း။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# လက်စားချေလိုသူ

[ ၁ ]

ဆရာကြီးက အခေါ်လွှတ်လိုက်ပါသည်ဟု တပည့်တစ်ယောက်က လာ၍ ပြောသည်ကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် အမ္ဗဋ္ဌသည် မိတ်ဆွေများနှင့် ပြောလက်စ စကားကိုပင် အစမသတ်နိုင်ဘဲ စိတ်အားထက်သန်စွာဖြင့် ထိုင်ရာမှ ရုတ်ခြည်းထသွားသည်။ အမ္ဗဋ္ဌအဖို့ ဆရာကြီး အခေါ်ကိုပင် စောင့်နေသူ မဟုတ်ပါလော။

ယခုတလော၌ ဆရာကြီးသည် ရှင်ဂေါတမအပေါ်၌ စိတ်ဝင်စားနေသည်ကို အမ္ဗဋ္ဌ သိသည်။ ဆရာကြီးသည် ရှင်ဂေါတမအပေါ်၌ ရှေးကပင် အတန် စိတ်ဝင်စားခဲ့သည်ကို မိမိကိုပင် ရှင်ဂေါတမအကြောင်းနှင့် စပ်၍ မေးမြန်းဆွေးနွေးခဲ့ဖူးသည်။ ရှင်ဂေါတမသည် မိမိတို့အနီးသို့ ရောက်လာသော ယနေ့အချိန်၌ ဆရာကြီးသည် ရှင်ဂေါတမအပေါ်၌ ပို၍ စိတ်ဝင်စားလာသည်။

ဆရာကြီးသည် လေးစားအပ်သော သူ၏မိတ်ဆွေများနှင့် ရှင်ဂေါတမ အကြောင်း အလေးအနက်ထား၍ ဆွေးနွေးကြသည်ကို ကြားရ၏။ ရှင်ဂေါတမထံ သင့်လျော်သူတစ်ယောက်ယောက်ကိုလွှတ်၍ စုံစမ်းစေသင့်သည်ဟု ဆွေးနွေးကြသည်ကိုလည်း အမ္ဗဋ္ဌ ကြားရ၏။

ဆရာကြီးသည် မိမိတို့တပည့်များအပေါ်၌ ယခုတလော ခါတိုင်းကဲ့သို့ စကားဖွယ်ဖွယ်ရာရာ မပြောနိုင်လောက်အောင်ပင် စဉ်းစားဆင်ခြင်လျက်ရှိသည်ကို တွေ့ရသည်။ ရှင်ဂေါတမအကြောင်းကို စဉ်းစားခြင်းပင် ဖြစ်တန်ရာ၏။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက ရှင်ဂေါတမထံသို့ အကြောင်းတစ်စုံတစ်ရာဖြင့် သင့်လျော်သူ တစ်ယောက်ကို စေခိုင်းမည်ဆိုလျှင် ထိုသင့်လျော်သူမှာ မိမိအပြင် အခြားသူ မဖြစ်နိုင်ဟု အမ္ဗဋ္ဌ ကျိန်းသေတွက်ထားသည်။ ဤအချက်သည် မိမိအတွက် ကံကောင်းထောက်မ၍ မခေါ်ပင့်ချေ၊ ဆိုက်ရောက်လာမည့် အချက်ကောင်းဖြစ်ပေသည်။

အမ္ဗဋ္ဌသည် သာကီဝင်ဆိုသူတစ်ဦးဦးနှင့် ရင်ဆိုင်တွေ့ချင်နေသည်မှာ ကြာခဲ့ပြီ။ သာကီဝင်ဆိုသူတို့သည် ငါ့ဂုဏ်သိက္ခာကို စော်ကားသော၊ ငါ့အပေါ်၌ မောက်မာသော ငါ့ရန်သူများ ဖြစ်ကြ၏။ ဗြာဟ္မဏတို့ကို ရှုတ်ချလေ့ရှိသော ရှင်ဂေါတမသည်လည်း ငါ့ရန်သူပင်ဖြစ်၏။ ထို့ကြောင့် သာကီဝင်တို့၏ ထိပ်သီးဖြစ်သော ရှင်ဂေါတမလို ပုဂ္ဂိုလ်မျိုးနှင့် ရင်ဆိုင်လိုက်ချင်သည်မှာ ကြာလှပေပြီ။

ယင်းသို့ တွက်ကိန်းချထားရာမှ ဆရာကြီးက အခေါ်လွှတ်လိုက်သည်ဆိုသောအခါ မိမိတွက်ကိန်းအတိုင်း ဖြစ်လာပြီဟူသော ယုံကြည်ချက်ဖြင့် အမ္ဗဋ္ဌသည် အလွန်စိတ်အားထက်သန်လှစွာဖြင့် ဆရာကြီးရှေ့မှောက်သို့ ရောက်ခဲ့သည်။

ဆရာကြီးသည် စာသင်ခန်း ခေါင်းရင်းပိုင်းတွင် တစ်စုံတစ်ရာကို စဉ်းစားဆဲ တန်းလန်းအရှိန်ဖြင့် ဦးခေါင်းကိုငုံ့၍ ဖြည်းညင်းစွာ စင်္ကြံလျှောက်နေ၏။ အမ္ဗဋ္ဌသည် ဆရာကြီးနှင့် မလှမ်းမကမ်းတွင် ရှိခိုး၍ရပ်သည်။ အမ္ဗဋ္ဌရောက်လာသည်ကို ဆရာကြီး သိ၏။ သို့ရာတွင် ရုတ်တရက် စကားမပြောသေးဘဲ နှစ်ခေါက်,သုံးခေါက်မျှ စင်္ကြံလျှောက်နေသေးသည်။

ပေါက္ခရသာတိ ဆရာကြီးသည် ကောသလဘုရင်ကိုယ်တိုင် ခန့်ထားအပ်သော ဤဥက္ကဋ္ဌမြို့၏ မြို့တော်ဝန်လည်းဖြစ်၏။ ပညာဂုဏ်၊ သိက္ခာဂုဏ်၊ ဥစ္စာဂုဏ် ကြီးမား၍ တပည့်တပန်း အခြံအရံမှာလည်း မြောက်မြားလှစွာသည်။ ယင်းတပည့်များအနက် အမ္ဗဋ္ဌသည် ဆရာကြီး၏ ပညာရည်ချွန်ဆုံး လက်ရင်းတပည့်ဖြစ်၏။ ပညာစွမ်းထက်မြက်မှုကြောင့် ဆရာကြီးကိုယ်တိုင်ကပင် အမ္ဗဋ္ဌသည် ငါတတ်သလောက် တတ်သူဟု ကြေညာခံရသူ ဖြစ်ပေသည်။

ဘုရားရှင်သည် ကောသလတိုင်းတွင် ဒေသစာရီ လှည့်လည်ရင်း အမ္ဗဋ္ဌတို့၏ ဥက္ကဋ္ဌမြို့အနီးရှိ ဣစ္ဆာလင်္ဂန တောအုပ်သို့ ရောက်ရှိနေသည်။ ဥက္ကဋ္ဌမြို့နှင့် ဣစ္ဆာလင်္ဂနရွာရှိ ဘုရားရှင်ကို ကြည်ညိုသူတို့က ဘုရားရှင် ကြွလာသည်ကို သိကြသောအခါ တောကို နှစ်သက်သော ဘုရားရှင်နှင့် နောက်ပါ တပည့်ရဟန်းများအတွက် ဆိတ်ငြိမ်သာယာလှသော ဣစ္ဆာလင်္ဂနတောအုပ်တွင် ကျောင်းသင်္ခမ်း

www.burmeseclassic.com

www.burmeseclassic.com



များ ဆောက်လုပ်ကာ ပင့်လျှောက်ကြသောကြောင့် ဘုရားရှင်သည် ဣစ္ဆာလင်္ဂန တောအုပ်တွင် သီတင်းသုံးနေတော်မူရသည်။

ပေါက္ခရသာတိဆရာကြီးသည် စကြ်လျှောက်ရာမှ ရပ်၍ အမ္ဗဋ္ဌဘက်သို့ လှည့်လိုက်ပြီလျှင် "အမ္ဗဋ္ဌ…ရှင်ဂေါတမဟာ ငါတို့ရဲ့ ဣစ္ဆာလင်္ဂနတောအုပ်မှာ ရောက်ရှိသီတင်းသုံးနေတယ်ဆိုတာကို သင် သိရဲ့မဟုတ်လား"ဟု မေးလိုက်သည်။

"သိပါတယ် ဆရာ"

"ရှင်ဂေါတမရဲ့ သတင်းကောင်းတွေကဖြင့် အင်မတန်ကို ပျံ့နှံ့ကြီးကျယ်လှပေတယ်။ သတင်းမွှေးရုံမျှသာ မကဘူး၊ ငါတို့အရှင် ကောသလဘုရင်ကိုယ်တော်တိုင်တောင် သူ့ဒကာဖြစ်နေပြီ မဟုတ်လား"

"ဆရာအရှင်… သတင်းမွှေးတယ်ဆိုတာမှာ သတင်းဖြန့်သူတွေရဲ့ အစွမ်းကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ဘုရင်ကိုးကွယ်တယ် ဆိုတာမှာလည်း တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတို့မည်သည် အခြားအကြောင်းအမျိုးမျိုးတို့ကြောင့် ကိုးကွယ်ခြင်းလည်း ဖြစ်နိုင်ပါတယ် ဆရာ"

"မှန်တယ် ငါ့တပည့်…နို့ပေမယ့် ငါတို့လေးစားလောက်တဲ့သူများထံကကို ရှင်ဂေါတမအကြောင်း ကြားသိရတဲ့ သတင်းတွေ၊ ဂုဏ်ထူးတွေက ကြီးကျယ်လှပေတယ်။ ရှင်ဂေါတမဟာ ဗုဒ္ဓတဲ့၊ သမ္မာသမ္ဗုဒ္ဓတဲ့၊ သုဂတတဲ့၊ လောကဝိဒူတဲ့၊ လူနတ်တို့၏ ဆရာတဲ့။ ဒီသတင်းတွေကြောင့် ငါဟာ ရှင်တော်ဂေါတမအပေါ် စိတ်ဝင်စားလာခဲ့တာ အတန်ကြာခဲ့ပြီ။ အခုဆိုရင် ရှင်ဂေါတမဟာ ငါတို့အနီးကို ရောက်လာတယ်၊ သမ္မာသမ္ဗုဒ္ဓဆိုတိုင်း တို့က အလွယ်တကူ လက်မခံနိုင်ဘူး။ လူနတ်တို့ရဲ့ ဆရာဆိုတိုင်း သတင်းကြားနဲ့ တို့က အလွယ်တကူတပည့်မခံနိုင်ဘူး။ တို့အနီးအပါး ရှင်ဂေါတမ ရောက်လာတာဟာ သူ့သတင်းအတိုင်း ဟုတ်,မဟုတ် မှန်,မမှန် တို့စုံစမ်းဖို့ အခွင့်ကြုံလာတာပဲ။ ငါကိုယ်တိုင်စုံစမ်းဖို့က ဟုတ်ရင်တော်ပါရဲ့၊ မဟုတ်ရင် ရှက်စရာ ဖြစ်နေပေလိမ့်မယ်။ ဒီတော့ ရှင်ဂေါတမထံ သတင်းအတိုင်း ဟုတ်,မဟုတ်၊ မှန်,မမှန် သိရအောင် ငါ့တပည့် သွားပြီးစုံစမ်းချေ"

"ဆရာအရှင်…တပည့်ကိုယ်တိုင်လည်း ရှင်ဂေါတမကို စုံစမ်းလိုလှပါတယ်။ နို့ပေမယ့် ဆရာ၊ သူ့သတင်းမှန်,မမှန် သူကိုယ်တိုင်ကို စုံစမ်းဖို့က ဘယ်ဖြစ်နိုင်ပါ့မလဲ။ ဘယ်လိုပေတံနဲ့ တိုင်းထွာမှန်းဆနိုင်ပါ့မလဲ"

www.burmeseclassic.com

www.burmeseclassic.com



အမ္ဗဋ္ဌ၏စကားကြောင့် ဆရာကြီးသည် အမ္ဗဋ္ဌအား စူးခနဲကြည့်လိုက်၏။ ထို့နောက် အမ္ဗဋ္ဌ၏ ညံ့မှုကြောင့် အမ္ဗဋ္ဌအား လှောင်ပြုံးကလေး ပြုံး၍ ကြည့်လိုက်သဖြင့် အမ္ဗဋ္ဌအဖို့ ကိုယ်ဟန်ပျက်သွားလုမတတ်ပင် လှုပ်ရှားသွားသည်။ ဆရာ၏ ရှုတ်ချမှုဆိုသည်မှာ မည်သည့်တပည့်မျှ ခံနိုင်စွမ်းမရှိ။

"အမ္ဗဋ္ဌ...သင်ဟာ ပညာကို တတ်အောင် သင်နိုင်စွမ်းတဲ့နေရာမှာတော့ ရှာမှရှား ဆိုသလောက်ပါပဲ။ ဒါအတွက် သင့်ကို ငါ အကြိမ်ကြိမ်ချီးကျူးပြီးပြီ။ နို့ပေမယ့် အဲဒီပညာကို အသုံးကျအောင်ချတဲ့နေရာမှာတော့ သင့်အစွမ်းက ညံ့ပြန်ရော။ ပညာဆိုတာ ဘာလုပ်ရအောင်သင်သလဲ။ အရာဌာနအားလျော်စွာ တိုင်းထွာတတ်အောင်၊ ဆင်ခြင်တတ်အောင်၊ အသုံးချတတ်အောင် သင်တာမဟုတ်လား၊ ပညာတွေ တတ်ထားပြီး အသုံးမချတတ်ရင် ဘာသွားလုပ်တော့မှာလဲ"

ဆရာကြီး၏စကားစ ပေါ်လာသည့်အခါမှ အမ္ဗဋ္ဌက မိမိတို့၏ ဝေဒကျမ်းတွင် သင်ကြားတတ်မြောက်ထားအပ်သော ၃၂ ပါးသော ယောကျ်ားမြတ်လက္ခဏာကို သတိရလာသဖြင့် "၃၂ ပါးသော လက္ခဏာနှင့် ညီညွတ်ရပါမယ်ဆရာ"ဟု ပြောလိုက်၏။

"အဲ့ဒါပေါ့တပည့်ရဲ့၊ ဒီတော့ ရှင်ဂေါတမအနား ရောက်အောင်သွား၊ အာလာပ သလ္လာပစကား လျှောက်ထားရုံမှတစ်ပါး ဘာမှမေးမြန်းနေစရာမလိုဘူး။ ၃၂ ပါးသော ယောကျ်ားမြတ်လက္ခဏာနဲ့ ရှင်ဂေါတမရုပ်ရည်ဟာ ညီလား,မညီဘူးလား ချိန်ထိုးကြည့်၊ ညီရင် ညီတယ်လို့ပြန်ပြော။ မညီရင် မညီဘူးလို့ပြန်ပြော။ မင်းဆောင်ရွက်ရမယ့်ကိစ္စက ဒါပဲ"

"သဘောပေါက်ပါပြီ ဆရာ"

"သဘောပေါက်ရင် အခုပဲသွားပေတော့။ ဂိုဏ်းဆရာကြီးတစ်ယောက်ထံကို ငါ့ကိုယ်စား သွားရမှာဆိုတော့ ခံ့ညားဖို့လိုတယ်။ ဒီတော့ ငါ့ရထားကို ယူသွား။ သင့်နောက်က တပည့်တပန်းအချို့ကိုလည်း ခေါ်သွား။ ကဲ...သွားပေတော့"

## [ ၂ ]

ပင်ကိုအားဖြင့်ပင် စည်ပင်လှသော ဣစ္ဆာလင်္ဂနတောအုပ်သည် ဘုရားရှင် သီတင်းသုံးရန်အတွက် ပြုပြင်၍ထားသောကြောင့် ဥယျာဉ်ပန်းခြံကြီးသဖွယ် ဖြစ်နေသည်။ သို့ရာတွင် ဆိတ်ငြိမ်မှုကို ကြိုက်သော ဘုရားရှင်၏ အလိုတော်ကို

www.burmeseclassic.com

www.burmeseclassic.com



သိကြသဖြင့် တောအုပ်တစ်ခုလုံးမှာ လေတိုက်၍ သစ်ရွက်လှုပ်သံ၊ ငှက်သံ စိုးစဉ်းမှတစ်ပါး ဆိတ်ငြိမ်လျက်ရှိသည်။ တောအုပ်အလယ်ပိုင်းရှိ ပြန့်ပြူးသော မြေပြင်တွင် သစ်ပင်သစ်ရိပ်တို့ကို အမှီပြုကာ ဘုရားရှင်အတွက် ဂန္ဓကုဋိနှင့် ရဟန်းများအတွက် ယာယီစံကျောင်းများကို အစီအရီတွေ့ရ၏။ နေ့သန့်နားနေချိန်ဖြစ်သောကြောင့် ရဟန်းအချို့သည် ထိုထိုသစ်ပင်ရိပ်တို့တွင် ငြိမ်သက်စွာ ထိုင်လျက်ရှိကြသည်။ အချို့ရဟန်းများအား သစ်ပင်ရိပ်တို့တွင် ဖြည်းညင်းစွာ စင်္ကြံလျှောက်လျက်ရှိသည်ကို တွေ့ရ၏။ ဘုရားရှင်သည် ဂန္ဓကုဋိ၏တံခါးကို ပိတ်ကာ ဂန္ဓကုဋိအတွင်း၌ပင် နေ့သန့်တော်မူလျက်ရှိသည်။

ထိုအခိုက် တောအုပ်အတွင်းသို့ ခပ်ပြင်းပြင်း မောင်းနှင်၍ဝင်သော ရထားသံကို ရဟန်းများ ကြားကြရ၏။ အလိုက်သိသော ဣစ္ဆာလင်္ဂန ရွာသူရွာသားတို့သည် တောအုပ်တွင်းအပ ထား၍ တောအုပ်အနီးအပါး၌ပင် ဆူညံလှုပ်ရှားမှုကို သတိဖြင့်ရှောင်ကြဉ်ကြသည်။ ရွာသားအချို့သည် ဆူညံသော ရထားသံကိုကြား၍ လှမ်းကြည့်လိုက်သောအခါ မြို့ဝန်၏ လက်ရုံးတပည့်ကြီးဖြစ်သော အမ္ဗဋ္ဌတို့အဖွဲ့ကို မြင်လိုက်ကြရသဖြင့် သက်ပြင်းချကြသည်။

အရှိန်ဖြင့်မောင်းနှင်လာသော ရထားသည် ရဟန်းတို့ မနီးမဝေးသို့ရောက်သောအခါ ရပ်လိုက်၏။ ရထားမှ အမ္ဗဋ္ဌတို့ ဆင်းသက်ပြီး ရဟန်းတစ်ပါးအနီးသို့ ချဉ်းကပ်သောအခါ ရဟန်းသည် အမ္ဗဋ္ဌအား မျက်လွှာကို လှန်၍ကြည့်၏။ ကျော်ကြားသော ဂိုဏ်းဆရာကြီးဖြစ်၍ မြို့ဝန်လည်းဖြစ်သော ပေါက္ခရသာတိ၏ လက်ရုံးတပည့် အမ္ဗဋ္ဌလုလင် ဖြစ်ကြောင်း ရဟန်းသိသည်။

အမ္ဗဋ္ဌက "လျှောက်ထားရန် ကိစ္စရှိ၍ ရှင်ဂေါတမကို ဖူးတွေ့လိုပါသည် အရှင်ရဟန်း"ဟု ရဟန်းကို လျှောက်သည်။

ရဟန်းက ဘုရားရှင် သီတင်းသုံးတော်မူရာ ဂန္ဓကုဋိဆီသို့ လက်ညှိုးညွှန်၍ "ဘုရားရှင်သည် အဲဟို ဂန္ဓကုဋိအတွင်း၌ သီတင်းသုံးလျက် ရှိပါသည်။ အပြင်မှ ချောင်းတစ်ချက် နှစ်ချက်ဟန့်၍ အသံပေးပြီး ဂန္ဓကုဋိတံခါးကို ဖြည်းညင်းစွာခေါက်လျှင် တံခါးဖွင့်ပေးလိမ့်မည် ဒကာအမ္ဗဋ္ဌ"ဟု မိန့်သည်။

အမ္ဗဋ္ဌ ထွက်သွားပြီး ရဟန်းမိန့်သည့်အတိုင်း ပြုလုပ်၍ ဘုရားရှင်ကိုယ်တိုင် တံခါးဖွင့်ပေးသဖြင့် ဂန္ဓကုဋိအဝတွင် အမ္ဗဋ္ဌသည် ဘုရားရှင်နှင့် ဘွားခနဲ ရင်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသောအခါ အရှိန်အဟုန်တစ်ခုက အမ္ဗဋ္ဌ၏ရင်ကို ဆီးတွန်းလိုက်ဘိသကဲ့သို့ ရှိသဖြင့် အမ္ဗဋ္ဌအဖို့ နောက်သို့ လန်လဲလုမတတ် ဖြစ်သွားသည်။

အမ္ဗဋ္ဌသည် ဘုရားရှင်အား ယခင်က မတွေ့မမြင်ခဲ့ဖူးပေ။ သူတွေ့ဖူးသည်မှာ အမျိုးအတွက် မာနဟုန်ကြီး၍ မျက်မှောင်တင်းတင်း မေးရိုးမော်မော်ထားတတ်ကြသော ဘုရားရှင်၏ အမျိုးအနွယ် သာကီဝင်တို့ကိုသာဖြစ်သည်။ တစ်ချိန်က ကိစ္စတစ်ခုဖြင့် ဆရာ၏ခိုင်းစေမှုကြောင့် သာကီဝင်တို့ထံ သွားရောက်ခဲ့ရဖူးသည်။ ထိုအခါ အမျိုးမာန်ဝင့်လေ့ရှိသော အမ္ဗဋ္ဌသည် သူ့ထက်အမျိုးမာန်ဟုန်ကြီးလှသော သာကီဝင်တို့အလယ်တွင် မကျေနပ်ဖွယ်ရာများကို တွေ့ခဲ့ရဖူးသည်။ သူ့စိတ်ကူး ရုပ်ပုံတွင် ဘုရားရှင်အားလည်း သူတွေ့ဖူးသော သာကီဝင်တို့ပုံစံအတိုင်း ဖြစ်လိမ့်မည် ထင်ထားသည်။

ပညာဂုဏ်၊ ဥစ္စာဂုဏ်၊ အမျိုးဂုဏ်၊ အခြွေအရံဂုဏ်၊ အလှဂုဏ် စသော ဂုဏ်ကြီးသူတို့၏ ကိုယ်၌ မာန၏အရိပ်အယောင်သည် တစ်နေရာရာတွင် တွဲခို၍ နေတတ်သည်။ အထူးသဖြင့် မျက်နှာတွင် ပေါ်လွင်၍နေတတ်သည်။ သူတို့မျက်လုံးသည် သူတို့လို လူမျိုးအပေါ်မှတစ်ပါး ခက်ထန်စိမ်းကား၏။ မျက်မှောင်တင်း၏။ ပါးစပ်စေ့စေ့နှင့် မဲ့စူ၏။ ဦးခေါင်းသည် တည့်မတ်၏။ မေးရိုးမော့၏။ ရင်ကြွ၍ ကိုယ်ဟန်မာကျော၏။ လေသံသည် ပတ်ဝန်းကျင်နှင့် မရောနှော။ အခြားသူများကို အပထား၍ လူတို့၏ စံပြဖြစ်သော ဂိုဏ်းဆရာကြီးများ၌ပင် ယင်းမာန၏ အရိပ်အယောင် သွင်ပြင်များသည် ထင်းထင်းကြီးပေါ်လျက်ရှိတတ်သည်။

အမ္ဗဋ္ဌသည် ဂုဏ်အမျိုးမျိုးကြီးလှသည်။ ပြည့်စုံလှသည်ဆိုသော ဘုရားရှင်အားလည်း ဂုဏ်ပိုင်ရှင် အခြားပုဂ္ဂိုလ်များနှင့် အလားတူ ပုဂ္ဂိုလ်တစ်ယောက်ပင် ဖြစ်လိမ့်မည်ဟု သူ့စိတ်ကူးရုပ်ပုံတွင် ထင်ဟပ်ခဲ့ရာက ဘုရားရှင်နှင့် အနီးကပ် ရင်ဆိုင်တွေ့လိုက်ရသောအခါ ဘုရားရှင်၏ ပြည့်ဖြိုးငြိမ်းအေးလှသော ရုပ်အသွင်တော်က သူ၏ ပူလောင်သောမာနသွင်ပြင်ကို ရေစင်ဖြင့် ပက်ဖျန်းလိုက်ဘိသကဲ့သို့ ဖြစ်သွားရ၏။ သို့ရာတွင် တစ်ချိန်က သာကီဝင်တို့အပေါ်၌ တင်ရှိခဲ့သော အကျိတ်အခဲမှာ မကျေနပ်နိုင် ဖြစ်ရသဖြင့် အခွင့်သာခိုက် တွေ့ဆုံရသော သာကီဝင် တစ်ယောက်အပေါ်၌ လက်စားချေနိုင်ရန် အားတင်းလိုက်၏။

ဘုရားရှင်က တံခါးဖွင့်ပေးပြီးနောက် အမ္ဗဋ္ဌအား စူးစမ်းသည့်အနေဖြင့် မျက်လွှာတော် တစ်ချက်ပင့်၍ ကြည့်လိုက်သောအခါ ဗုဒ္ဓ၏မျက်လုံးများသည်

www.burmeseclassic.com

www.burmeseclassic.com



အမ္ဗဋ္ဌမျက်လုံးများနှင့် ရင်ဆိုင်သွားသည်။ ထိုအခါ အမ္ဗဋ္ဌ၏ ကျောရိုးတစ်လျှောက်တွင် စိမ့်ကျဉ်၍သွားသောကြောင့် အမ္ဗဋ္ဌသည် မျက်လုံးများကို လွှဲလိုက်ရ၏။ သူတွေ့လိုလှသောပုဂ္ဂိုလ်သည် သူထင်သလိုမဟုတ်သည်ကို တွေ့ရသော်လည်း အမ္ဗဋ္ဌသည် မာန်ကိုမူကား တင်း၍ပင်ထားသည်။

ဘုရားရှင်သည် တံခါးဖွင့်ပေးပြီးနောက် အတွင်းသို့ပြန်လှည့်၍ နေရာတော်တွင် ထိုင်သည်။ အမ္ဗဋ္ဌက ဘုရားရှင်နောက်မှလိုက်၍ ဘုရားရှင် ထိုင်သော်လည်း မထိုင်။ ဘုရားရှင်အနီးတွင် မာန်သွင်း၍ မတ်တတ်ရပ်လျက်သာနေသည်။ မာန်တင်းသော်လည်း အပြင်ဘက်အသွင်အပြင်ကိုသာ မခန့်လေးစားမာန်၏ သဏ္ဌာန်ကို ဖော်ပြနိုင်၍ အတွင်းအသိစိတ်ကမူ တုန်လှုပ်လျက်ရှိသောကြောင့် မိမိကိုယ်ကိုမိမိ အားပေးသည့်အနေဖြင့် လက်ပိုက်ပြီး ရင်ကို ခပ်တောင့်တောင့်ထားလိုက်သည်။ ထို့နောက် ဘုရားရှင်နှင့် သူ့နောက်ပါ မိတ်ဆွေများအကြားတွင် အရေးပါသူတစ်ယောက်အသွင်ဖြင့် ခပ်တင်းတင်း အပြန်အလှန် လမ်းလျှောက်သည်။

ဘုရားရှင်က ကြီးစွာသော ကာယိန္ဒြေဖြင့် မျက်လွှာတော်ချနေ၏။

[ ၃ ]

အမ္ဗဋ္ဌသည် လမ်းလျှောက်ရင်းနှင့် တည့်တည့်မကြည့်ဝံ့သော ဘုရားရှင်အား တိတ်တခိုးကြည့်လိုက်သောအခါ မျက်လွှာချနေသော ဘုရားရှင်နှင့် မျက်လုံးချင်း မဆိုင်ရသောကြောင့် ဝမ်းမြောက်၏။ ၃၂ ပါးသော လက္ခဏာပေတံဖြင့် တစ်ကိုယ်လုံးသို့ တိုင်းထွာကြည့်ရှုရမည့် တာဝန်သည် သူ့တာဝန် မဟုတ်ပါလော။ ထို့ကြောင့် ဘုရားရှင်အား တွေ့စကပင် သူသိထားသော ၃၂ ပါးသော လက္ခဏာပေတံဖြင့် တိုင်းထွာ စူးစမ်းသောအခါ ဘုရားရှင်၏ ကိုယ်ကာယတော်မှာ သာမာန်ပြည့်စုံရုံမျှ မဟုတ်၊ အစွမ်းထက်သော အနုပညာသည်တစ်ဦး၏ အချောသပ်ပြုပြင်ထားအပ်သော ရုပ်ကြွရုပ်လုံးကဲ့သို့ ထူးထူးခြားခြားကြီး ပြည့်စုံနေသည်ကို တွေ့ရသောကြောင့် အံ့အားသင့်သည်။

သို့ဖြစ်၍ အမ္ဗဋ္ဌ၏အတွင်းစိတ်ကမူ ဘုရားရှင်အား ထူးခြားသော သမ္မာသမ္ဗုဒ္ဓစင်စစ်ဖြစ်ပေမည်ဟု ဘဝင်ကျလိုက်ပြီးဖြစ်သော်လည်း အခဲမကျေနိုင်သော မာန်က ခုခံလျက်ရှိသောကြောင့် သာကီဝင်တစ်ယောက်အပေါ်တွင် မထီမဲ့မြင် ဆက်၍ပြုလုပ်သည်။ သို့ရာတွင် ဒေဝဒတ်၊ စိဉ္စမာဏ၊ မာဂဏ္ဍီတို့လို ဆန့်ကျင်ဘက်များ၏

www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်သော ရှုတ်ချပုတ်ခတ်မှုမျိုးကိုပင် စိုးစဉ်းမျှ မတုန်လှုပ်ခဲ့သော ဘုရားရှင် အဖို့ အမ္ဗဋ္ဌ၏ ညံ့ဖျင်းသောအပြုအမူသည် အဘယ်ပုံတုန်လှုပ်စေနိုင်ပါအံ့နည်း။

ထို့နောက် အမ္ဗဋ္ဌက "အရှင်ဂေါတမ...အရှင်ဂေါတမနှင့် ရဟန်းအားလုံးတို့ ဘောဇနေသပ္ပါယ မျှတပါ၏လော၊ ကျန်းခံ့သာ၍ မာကြပါ၏လော"ဟု ညွှေ့သည်တို့ ထုံးတမ်းအစဉ်အစပ်စကား လျှောက်ထားသည်။

ဘုရားရှင်က "မျှတပါ၏။ ကျန်းခံ့သာ၍ မာကြပါ၏" ဟု မိန့်ကြားပြီးနောက် ဆက်၍ "ဒကာအမ္ဗဋ္ဌ...သင့်ဆရာများ၊ သင့်ထက်ဂုဏ်သိက္ခာကြီးသော ပုဂ္ဂိုလ်များနှင့် စကားပြောသည့်အခါ၌ ယခုကဲ့သို့ပင် မတ်တတ်ရပ်၍ ပြောသလော"ဟု မေးခွန်းတစ်ချက်ဖြင့် ဆက်လက်မိန့်ကြားလိုက်သောအခါ အမ္ဗဋ္ဌအဖို့ နဂိုကပင် မလုံမလဲရှိသူ ဖြစ်သောကြောင့် ဆတ်ခနဲတုန်လှုပ်သွားသည်။ သို့ရာတွင် မိမိပြောလိုသည့်စကားသို့ အကွက်ဆိုက်လာသောကြောင့် ဝမ်းလည်းသာသည်။

ထို့ကြောင့် အမ္ဗဋ္ဌက "ဤသို့မပြောပါ ရှင်ဂေါတမ...အနည်းဆုံးအားဖြင့် ရပ်နေသူကို ရပ်လျက်သာ ပြောနိုင်သည်။ ထိုင်သူကို ထိုင်လျက်သာပြောနိုင်သည်။ အရိုအသေပြု၍သာ ပြောဆိုရပါသည်။ သို့ရာတွင် သာကီဝင် ဆိုသူတို့ကဲ့သို့ အမျိုးညံ့သောသူများကိုမူ ကျွန်ပ်တို့ကဲ့သို့ အမျိုးမြတ်သော ဗြာဟ္မဏများက အရိုအသေပြုနေစရာမလိုပါ"ဟု အမ္ဗဋ္ဌက တစ်တစ်ခွခွပြောချလိုက်သည်။ "အမျိုးညံ့သော"ဟူသော စကား၌ အလေးအနက်ဖြစ်အောင် လေးလေးပင်ပင် ကျယ်ကျယ်ပြင်းပြင်းပြောသည်။ ရင်တွင်းဝယ် သိုလှောင်ထားခဲ့ရသော အငြိုးကို ဖွင့်သွန်ခွင့်ကြုံလိုက်ရသောကြောင့် ကျေနပ်သွားသယောင်ရှိသည်။ ထို့နောက် ဘုရားရှင်က မိမိစကားကို တစ်စုံတစ်ရာတုံ့ပြန်မည်လောဟု အနည်းငယ် ဆိုင်းငံ့လိုက်သည်။ မတုံ့ပြန်သောအခါ နိုင်ကွက်ကို ဖိ၍ ထောင်းသည့်သဘောဖြင့်–

"ရှင်ဂေါတမ...မင်း၊ ပုဏ္ဏား၊ ကုန်သွယ်၊ ဆင်းရဲသား ဟူသော အမျိုးလေးပါးတွင် ပုဏ္ဏားဗြာဟ္မဏမျိုးသည် အမြတ်ဆုံးတည်း။ ကျန်သောအမျိုးသုံးပါးသည် ဗြာဟ္မဏတို့၏ အလုပ်အကျွေးများသာ ဖြစ်ကြကုန်၏။ သူတို့က ဗြာဟ္မဏကို ရိုသေရမည်။ ဗြာဟ္မဏတို့က သူတို့ကို ရိုသေဖို့မလို။ ထို့ကြောင့် သကျသာကီဝင်ဆိုသော ရှင်ဂေါတမတို့လို မင်းမျိုးတို့အပေါ်တွင် ကျွန်ပ်တို့ကဲ့သို့သော ဗြာဟ္မဏတစ်ယောက်က တလေးတစားပြုနေဖို့ မလိုပါ"

www.burmeseclassic.com

www.burmeseclassic.com



အမ္ဗဋ္ဌက မိမိပြောလိုသည်ကို ပြော၍ အမူအရာကို တင်းတင်းထားသည်။ လေးစားခံ့ညားအပ်သော ဘုရားရှင်၏ အရှိန်အဝါကြောင့် အတွင်းစိတ်က စိုးရွံ့သော်လည်း ထိုစိုးရွံ့စိတ်ကို ဖုံးလွှမ်းနိုင်ရန် ရင်ကိုမောက်၍ ထိုရင်ပေါ်တွင် လက်ကို တင်းတင်းပိုက်ထားသည်။ ထို့နောက် မိမိသည် ကြီးမြတ်သည့် အသွင်ဖြင့် ထိုမှ ဤသို့၊ ဤမှ ထိုသို့ ခေါက်တုံ့ခေါက်ပြန် ခပ်တင်းတင်း လမ်းလျှောက်သည်။

အတူပါ မိတ်ဆွေတပည့်များအနက် အမ္ဗဋ္ဌနှင့် အလိုတူသူတို့က အမ္ဗဋ္ဌ၏ အမူအရာကို နှစ်သက်ဟန်ဖြင့် တပြုံးပြုံးကြည့်ကြသည်။ ဘုရားရှင်၏ လေးစားအပ်သောအသွင်တွင် ကိုင်းညွတ်သူတို့က အမ္ဗဋ္ဌ၏ တက်ထောင်မောင်းနင်းနိုင်လှသော မာန်မာန၏ အပြုအမူမှ မည်သို့သောအဖြေ ထွက်လာမည်နည်းဟု ငံ့မျှော်စောင့်စားသောသဘောဖြင့် ခပ်မဆိတ်ရှိကြသည်။

ထိုအခိုက် “ဒကာအမ္ဗဋ္ဌ”ဟု ဘုရားရှင်က မိန့်သည်။ ဆက်၍ “သင့်စကား သင့်အမူအရာသည် အမျိုးမြတ်သည်ဟု စွဲယူထားသော ဗြာဟ္မဏတို့၏ သဘောမှ ရိုးရိုးသားသားထွက်ပေါ်လာခြင်းမဟုတ်။ သကျသာကီဝင်တို့နှင့် ပတ်သက်သော အကြောင်းတစ်စုံတစ်ရာ ရှိအံ့ထင်သည်။ မှန်ပါသလော အမ္ဗဋ္ဌ”ဟု မိန့်သည်။

“မှန်ပါပေသည် ရှင်ဂေါတမ... ကျွန်ုပ်သည် တစ်ကြိမ်သောအခါက ပေါက္ခရသာတိ ဆရာကြီး၏ ခိုင်းစေချက်အရ အကြောင်းတစ်ခုဖြင့် သကျသာကီဝင်တို့ထံ သွားရောက်ခဲ့ဖူးသည်။ ထိုအခါ သကျသာကီဝင်တို့သည် ကျွန်ုပ်ကဲ့သို့သော အမျိုးမြတ်သူတစ်ယောက်အား နေရာပေးရမှန်းမသိ၊ အရိုအသေပြုရမှန်းမသိ၊ မလေးမစား ပြုလုပ်လိုက်ကြသည်။ ကျွန်ုပ်ကို ပေယျာလထား၍ သူတို့အချင်းချင်း ဟားတိုက်ရယ်မော တသောသော ပြုလုပ်နေကြသည်။ သကျသာကီဝင်တို့၏ ထိုအပြုအမူသည် သင့်နိုးပါအံ့လော ရှင်ဂေါတမ”ဟု အမ္ဗဋ္ဌက အသံမြှင့်၍ ရင်ဖွင့်လျှောက်ကြားသည်။

“ဒကာ အမ္ဗဋ္ဌ...ကပိလဝတ်သည် သကျသာကီဝင်တို့၏ ကိုယ်ပိုင်တိုင်းပြည် ဖြစ်ပေသည်။ ကိုယ်ပိုင်ဖြစ်သောနေရာ၌ ဘီလုံးငှက်ကလေးများတောင်မှ မိမိတို့အသိုက်တွင် လွတ်လပ်စွာ အော်မြည်နိုင်ကြပါသေးသည်။ သကျသာကီဝင်တို့၏ ဤမျှသော အသေးအဖွဲ အပြုအမူမျှဖြင့် ဤမျှ အခဲမကျေ မဖြစ်သင့်ပါ။ သကျသာကီဝင်တို့က သင့်အား မထီမဲ့ပြုသည်ဆိုရာ၌ သင်ကဲ့သို့ပင် အမျိုးမာန်ဝင့်သော သူတို့၌လည်း အကြောင်းတစ်စုံတစ်ရာ ရှိပါလိမ့်မည်။ ကောင်းပြီ၊ ထိုအကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



ယခု စစ်ဆေးကြည့်ကြပါစို့။ သင်၏အမျိုးအနွယ်သည် အဘယ်အမျိုးအနွယ် ဖြစ်ပါသနည်း အမ္ဗဋ္ဌ”

ဘုရားရှင်၏အမေးကြောင့် အမ္ဗဋ္ဌ တုန်လှုပ်သွားသည်။ သာမန်တုန်လှုပ်ရုံမျှ မဟုတ်၊ မာန်သွင်း၍ တောင့်တောင့်ရပ်နေသော ခန္ဓာကိုယ်သည် ခွေညွတ်၍ ကျုလုမတတ် တုန်လှုပ်သွားသည်။ အကြောင်းကား ပတ်ဝန်းကျင်အရှိန်အဟုန် ကြောင့် မိမိကိုယ်ကို မိမိ လိမ်ညာ၍ထားမိသော အကြောင်းရပ်သည် ဘုရားရှင်၏ အမေးစကားကြောင့် ပေါ်ရတော့မည် ဖြစ်သောကြောင့်တည်း။

မဇ္ဈိမတိုက်၏ လူမှုရေးပြဿနာများအနက် အမျိုးဇာတ် ပြဿနာသည် အကြီးဆုံးဖြစ်၏။ သာမန် ယာယီပြဿနာမျှမဟုတ်၊ သမိုင်းနှင့်ချီ၍ စွဲစွဲသည်းသည်း ကြီးသည်။ ဘယ်အမျိုးက မြတ်သည်။ ဘယ်အမျိုးက နိမ့်သည်။ ဘယ်အမျိုးသည် အမြတ်ဆုံး။

အမျိုးမြတ်ဆိုသူများသည် အမျိုးနိမ့်သူများနှင့် ရေကိုပင် အတူမသောက်။ ကြမ်းတစ်ပြေးတည်း ထိုင်ဖို့မျှပင် ခက်သည်။

အမျိုးမြတ်ဆိုသူတို့တွင်လည်း ဗြာဟ္မဏနှင့် မင်းမျိုးတို့အတွက် ငါသာလျှင် မြတ်သည်ဟူသော ပြဿနာမှာ သမိုင်းနှင့်ချီ၍ပင် ရှိခဲ့၏။

ကောင်းမှု မကောင်းမှုကိုသာ အဓိကထား၍ ယင်းအမျိုးဇာတ်အရေးကို ရှုံ့ရှာခဲ့ရသော ဘုရားရှင်သည် မိမိသာသနာတော်ကို တည်ထောင်ရာ၌ သံဃာ့ အစည်းအရုံးကို တစ်ပြေးညီဖြစ်အောင် အားသစ်ပြုပြင်တော်မူခဲ့သည်။

ယခုသော် အမျိုးဇာတ် အမျိုးမာန်တဝင့်ဝင့်နှင့် အမျိုးဇာတ်ရေးကို ရှေ့တန်း တင်လာသော ဗြာဟ္မဏထိပ်သီးကလေး အမ္ဗဋ္ဌနှင့် ရင်ဆိုင်ရပေတော့မည်။ ကျားနှင့် ဆင် လယ်ပြင်မှာ တွေ့ကြရပြီဟု ဆိုရဖို့ရှိ၏။

ဘုရားရှင်က ထပ်၍မေးသည်။ မဖြေချင်သည်ကို အဖြေခက်သော်လည်း ဘုရားရှင်ကိုယ်တော်တိုင်က ဆက်၍ဖြေခဲ့လျှင် ပို၍ အခြေမလှ ဖြစ်ချေမည်။ အမ္ဗဋ္ဌအဖို့ မရှုနိုင် မကယ်နိုင် မဖြေဝံ့ ဖြေဝံ့ ဖြစ်နေခိုက် ဘုရားရှင်က တတိယအကြိမ်မြောက် မေးတော်မူသောအခါ အမ္ဗဋ္ဌ၏ဒူးသည် ကွေးညွတ်၍ကျု ရင်း “ကဏှာယနအနွယ်ဖြစ်ပါသည် ရှင်ဂေါတမ”ဟု ဖြေလိုက်ရသည်။ ဒူးသာမက ဦးခေါင်းပါ ညွတ်ကိုင်း၍ကျသည်။

www.burmeseclassic.com

www.burmeseclassic.com



"အမ္ဗဋ္ဌ...ကဏှာသည် ဒိသာအမည်ရှိသော ကျွန်မ၏သားတည်း။ ဒိသာသည် ဥက္ကာက၏ကျွန်တည်း။ ဥက္ကာကသည် သကျသာကီဝင်တို့၏ အဦးအစသော မင်းတည်း။ ထို့ကြောင့် ကဏှာယနအနွယ်ဟူသည် ဥက္ကာကမင်း၏ ကျွန်မ၊ ထိုကျွန်မ၏သားမှ ဆင်းသက်သည်။ ဤကဲ့သို့ သင်တို့ ဗြာဟ္မဏတို့အဖို့ အမျိုးအနွယ်နှင့် ပတ်သက်၍ ပြင်းထန်လှသောစကားကို ကြားရသောအခါ အဘယ်မှာ မတုန်လှုပ်ဘဲ ရှိကြပါအံ့နည်း။ ဘုရားရှင်ကဲ့သို့သော ပုဂ္ဂိုလ်က ဤမျှပြင်းထန်သော စကားကို မဟုတ်မမှန်ဘဲ မဆိုတန်ရာ။ အမ္ဗဋ္ဌ၏ အမူအရာကလည်း ပထမတစ်ခွန်း မေးလိုက်စဉ်ကပင် ရှုံ့ရှားဟန်ပျက်၍နေသည်။ အမ္ဗဋ္ဌသည် မိမိတပ်မလုံဘဲနှင့် မာန်စစ်တိုက်လိုသူတည်း။

အမ္ဗဋ္ဌအပေါ်တွင် မျှမျှတတသဘောထားသူတို့က ဤသို့စဉ်းစား၏။ အဆင်ပြေအောင် ပေါင်းသင်းဆက်ဆံနေရသော်လည်း အမျိုးမာန်၊ ပညာမာန်ဝင့်လှသော အမ္ဗဋ္ဌအပေါ်၌ မကျေမလည် ဖြစ်နေကြသူတို့ကမူ "အမ္ဗဋ္ဌဟာ ကျွန်မသား ဆိုပါကလား ကွယ်ရို့"ဟုပင် ပွင့်အန်၍ထွက်သည်။ သို့ရာတွင် စစ်ရှုံးသော အမ္ဗဋ္ဌအား သနားစိတ် ဖြစ်ပေါ်လာကြသဖြင့်...

"အရှင်ဂေါတမ...အမ္ဗဋ္ဌအား ဤမျှ မဖိနှိပ်သင့်ပါ"ဟု လျှောက်ထားမိကြသည်။

"ဒကာ ပုဏ္ဏားလေးတို့...ငါသည် အမ္ဗဋ္ဌအား ဖိနှိပ်ခြင်းမဟုတ်၊ မိမိကိုယ်ကို မိမိ လိမ်သဖြင့် အတ္တာနုဝါဒ ဘေးသင့်၍နေသော အမ္ဗဋ္ဌအား လမ်းပေါ်သို့ရောက်ရန် အမှန်ကို ပြောဆိုခြင်းတည်း။ ဤကိစ္စ၌ သင်တို့ ဆိတ်ဆိတ်နေကြပါဘိ။ ငါ့အမေးကို အမ္ဗဋ္ဌသည် မဖြေရသေး။ ယခု အမ္ဗဋ္ဌ ဖြေပါလိမ့်မည်"ဟု မိန့်ကြားသည်။

ပညာရထားတွင် လူငယ်တို့၏ တက်ကြွသောစိတ်ဖြင့် မာနတံခွန် လွှင့်ခဲ့မိသော အမ္ဗဋ္ဌက ဦးခေါင်းမဖော်ဘဲ "မှန်ပါသည် ရှင်ဂေါတမ၊ ကဏှာအနွယ်ဝင်တို့သည် ထိုကျွန်မ၏သား ကဏှမှ စ၍ ဖြစ်ပါကုန်၏။ ထိုကဏှာသည်ပင် ကဏှနွယ်ဝင်တို့၏ ရှေးဦးစွာသော ပုဂ္ဂိုလ်ပါတည်း"ဟု တိုးလွန်းတိမ်လွန်းသော အသံဖြင့် လျှောက်ထားလိုက်သောအခါ မိတ်ဆွေပုဏ္ဏားတို့က ဟင်းခနဲ သက်ပြင်းချကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဘုရားရှင်က အမ္ဗဋ္ဌ၏ အသရေကို ဆည်သည့်သဘောဖြင့် ကဏှာသည် ကျွန်မသား ဖြစ်သော်လည်း ထိုအမျိုး၏ပညာကြီးပုံ၊ တန်ခိုးကြီးမားလှပုံ၊ ပညာတန်ခိုးကြီးမား၍ ဥက္ကာကမင်းမျိုးတို့ စိုးရွံ့ရှိသေရပုံကို ဆက်လက်ဟောကြားတော်မူသည်။

ထို့နောက်မှ ဘုရားရှင်က "ဒကာအမ္ဗဋ္ဌ…လူတို့၌ အကြင်သူတို့သည် အမျိုးအနွယ်ကို အားကိုးကုန်၏။ ထိုသူတို့တွင် မင်းမျိုးသည် မြတ်၏။ အကြင်နတ်လူတို့၌ အသိဉာဏ်တည်းဟူသော ဝိဇ္ဇာ၊ အကျင့်တည်းဟူသော စရဏတရားနှင့် ပြည့်စုံ၏။ ထိုသူသည် မြတ်၏ဟု သနင်္ကုမာရဗြဟ္မာသည် ဟောအပ်၏။ ငါသည်လည်း ဤအတူပင် ဟော၏"ဟု မိန့်ဆိုသောအခါ…

အမ္ဗဋ္ဌက "အရှင်ဂေါတမ…စရဏဟူသည် အဘယ်ပါနည်း။ ဝိဇ္ဇာဟူသည် အဘယ်ပါနည်း"ဟု လျှောက်ကြားသောကြောင့် ဘုရားရှင်က ဝိဇ္ဇာတရား၊ စရဏတရားတို့ကို အကျယ်တဝင့် ဟောပြတော်မူသည်။ သို့ရာတွင် အမ္ဗဋ္ဌအဖို့ ခြသေ့်နှင့် ရင်ဆိုင်ရသော သားကောင်ကဲ့သို့ မန်မာနမကျသောကြောင့် တစ်စုံတစ်ရာ အကျွတ်တရား မရ။

ထို့နောက်မှ ဘုရားရှင်က အမ္ဗဋ္ဌတို့၏ လာရင်းကိစ္စကို သိတော်မူ၍ ၃၂ ပါးသော လက္ခဏာတွင် ပိုင်းပိုင်းခြားခြား ဆုံးဖြတ်ရန် ဘုရားရှင်က စကြ်လျှောက်၍ ပြတော်မူသည်။

[ ၄ ]

အပြန်ခရီး၌ အမ္ဗဋ္ဌသည် ညိုပိတ်သောမျက်နှာဖြင့် ရထားကို ကိုယ်တိုင် တရကြမ်းမောင်းသည်။ စကားတစ်စုံတစ်ရာ မပြော။ မိတ်ဆွေများကလည်း အရေးမသာခဲ့သော အမ္ဗဋ္ဌအား အလိုက်သိစွာဖြင့် စကားတစ်စုံတစ်ရာမပြောကြ။ မြင်းများကို ကြာပွတ်ဖြင့် တရှွန်းရှွန်းရိုက်သည်။ ရထားသည် လျင်မြန်လှသောကြောင့် ဤနေရာ၊ ထိုနေရာတို့၌ မှောက်သွားလုလုပင် ဖြစ်သည်။ အမ္ဗဋ္ဌအဖို့မူ ရထားမှောက်၍ သေသွားသော် ကောင်းမည်ဟုပင် အထင်ရောက်သည်။

ဥက္ကဋ္ဌမြို့အဝင် ဥယျာဉ်ကြီးအနီးသို့ ရောက်သောအခါ ဥယျာဉ်ဝမှ ထွက်၍ ကြည့်နေကြသော လူအုပ်လူတန်းကြီးကို တွေ့ရသည်။ အမ္ဗဋ္ဌက ရထားကို တရကြမ်း မောင်းလာသောကြောင့် မိမိတို့အား မြို့သူမြို့သားများက ထွက်၍ကြည့်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ထင်သည်။ အရှက်ရခဲ့သော အမ္ဗဋ္ဌအဖို့ လူတွေနှင့်မတွေ့ချင်။ လူတွေနှင့် တွေ့ရမည်ကို သွေးလန့်သည်။ သို့ဖြစ်၍ ရထားကို တိုး၍မောင်းသည်။

သို့ရာတွင် ဥယျာဉ်အနီး ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ ဥယျာဉ်ဝတွင် တွေ့ခဲ့ရသူများမှာ အခြားသူမဟုတ်ပေ။ ပေါက္ခရသာတိ ဆရာကြီးကိုယ်တိုင်နှင့် တပည့်များ ဖြစ်၍နေသည်ကို တွေ့ရသောကြောင့် ရထားအရှိန်ကို ချက်ချင်းရပ်ပြီး ဆရာကြီးထံသို့ ရှိခိုး၍ဝင်ရသည်။

ဆရာကြီးက အမ္ဗဋ္ဌ၏ မသာသောမျက်နှာကိုကြည့်၍ အကဲခတ်ရင်း "အမ္ဗဋ္ဌ… အရှင်ဂေါတမကို တွေ့မြင်ခဲ့၏လော"ဟု မေးလိုက်သည်။

"တွေ့ခဲ့ပါသည် ဆရာ"

အမ္ဗဋ္ဌ၏မျက်နှာသည် မသာသကဲ့သို့ပင် သူ့အသံသည်လည်း ကြည်ကြည် လင်လင်မရှိ။ ကေန္တ မလိုလားအပ်သော အကြောင်းတစ်စုံတစ်ရာ ဖြစ်ခဲ့ပြီထင်သည် ဟု ဆရာကြီးတွေးသည်။ ဤသို့ တွေးလိုက်မိသည်နှင့်တစ်ပြိုင်နက် ဆရာကြီး၏ မျက်နှာသည် တင်းမာသွား၏။ သုတစွယ်စုံသော သူ့ပညာကြောင့် သူ့ကို လွှတ်လိုက်ရသော်လည်း အမ္ဗဋ္ဌသည် ပညာမာန်ကြီးလွန်းသူဖြစ်ရာ ထိုပညာမာန် ကြောင့်ပင် ရှင်ဂေါတမနှင့် တစ်စုံတစ်ရာ အဆင်မပြေ ဖြစ်ခဲ့ပြီလောဟု ဆရာကြီး စဉ်းစားသည်။ ထို့ကြောင့် "အရှင်ဂေါတမနှင့် စကားတစ်စုံတစ်ရာ ပြောခဲ့ရပါ၏လော အမ္ဗဋ္ဌ"ဟု နောက်တစ်ခွန်းဆင့်၍ မေးလိုက်သောအခါ ဆရာကြီးအသံမှာ ခပ်ထန်ထန်ဖြစ်သွားသည်။

"ပြောခဲ့ပါသည် ဆရာ"ဟု အမ္ဗဋ္ဌက ဦးခေါင်းကိုမဖော်ဘဲ ခပ်တိုးတိုးပြော သည်။

"ကဲ…ပြောခဲ့ရတယ်ဆိုရင် ဘာတွေပြောခဲ့ရတယ်။ အရှင်ဂေါတမက ဘာတွေ ပြောလိုက်တယ်ဆိုတာ တစ်လုံးမကျန် ပြန်ပြောစမ်း"ဟု ဆရာကြီးက အမိန့်ပေးသံ ဖြင့် ပြောလိုက်သည်။

အမ္ဗဋ္ဌက အတူပါ မိတ်ဆွေတပည့်များကို မလုံသောမျက်နှာဖြင့် လှည့်၍ ကြည့်၏။ မိတ်ဆွေများက သူ့အား ဝိုင်းဝန်းသောမျက်လုံးများဖြင့် ကြည့်နေကြ သည်ကို တွေ့ရသည်။ စိတ်ဝင်စားဖွယ် အရေးအခင်းကြောင့် ဆရာကြီးနှင့် အတူပါ တပည့်အများသည်လည်း မူလသာမန်အခြေအနေမှ ဆရာကြီးနှင့် အမ္ဗဋ္ဌ

www.burmeseclassic.com

www.burmeseclassic.com



အနီးသို့ တိုးကပ်၍လာကြသည်ကို တွေ့ရသည်။ အမ္ဗဋ္ဌအဖို့ မိမိတစ်ယောက်တည်းသာ သွားမိခဲ့လျှင် သက်သေမရှိသောကြောင့် ဆရာကြီးအား လိမ်လည်လှည့်ပတ်၍ ပြောမိကောင်း ပြောမိမည်။ ယခုသော် လှည့်ပတ်၍ ရနိုင်ခွင့်မပေါ်။ ထို့ကြောင့် အမ္ဗဋ္ဌနှင့် စတင်တွေ့ရှိသည့်အချိန်မှစ၍ သူတွေ့ခဲ့၊ ပြောခဲ့၊ ဆွေးနွေးခဲ့သမျှတို့ကို တစ်လုံးမကျန် ပြောပြလိုက်ရသည်။

ပြောနေစဉ်အတွင်းမှာပင် အမ္ဗဋ္ဌစကားများကြောင့် ဆရာကြီးအဖို့ တည်တည်ငြိမ်ငြိမ်မနေနိုင်။ ကိုယ်ဟန်လှုပ်ရှားရင်း "ဟုတ်ပေ့ဗျာ" "ကောင်းပေ့ဗျာ" "တော်ပေ့ဗျာ" စသည်ဖြင့် အငေါ်စကားများကြောင့် ဝင်ထောက်သည်။

အမ္ဗဋ္ဌစကား ဆုံးသည်နှင့်တစ်ပြိုင်နက် ငုံ့၍နေသော အမ္ဗဋ္ဌ၏မေးစေ့ကို ဆရာကြီးက ခြေထောက်ဖြင့် မော့တင်၍ "တယ်တော်ပါလား ပညာရှိကလေးရဲ့၊ မျက်နှာကိုလည်း နည်းနည်းမော်ထားပါဦး၊ ပညာဗဟုသုတနဲ့ ပြည့်စုံလှတဲ့ ငါတို့ ပညာရှိကလေးရဲ့ မျက်နှာကိုလည်း ကြည့်လိုက်ကြစမ်းပါဦး တပည့်တို့၊ ဒီကိစ္စမှာ ဘယ်သူအပြစ်ရှိရတယ်ဆိုတာ ဘာမှအဆုံးအဖြတ်ပေးနေဖို့မလိုဘူး။ ခေါင်းတောင်မဖော်ဝံ့တဲ့ သူ့မျက်နှာကိုပဲ ကြည့်ကြပေတော့။ ဒီမှာ အမ္ဗဋ္ဌ...သင်ဟာ ပညာတတ်သလောက် သဘောထားညံ့တဲ့အကောင်ပဲ။ အပါယ်စာကောင်ပဲ၊ အပါယ်ငရဲကို သေမှရောက်နေရင် ကြာလှတယ်။ အခုပဲရောက်ပေတော့"ဟုဆိုကာ လှိမ့်၍ကန်သည်။ အမ္ဗဋ္ဌအဖို့ တုတ်တုတ်မျှမလှုပ်ဝံ့။ ရှိခိုးကိုပင် မဖျက်ဝံ့။

ထို့နောက် ပေါက္ခရသာတိဆရာကြီးသည် အမ္ဗဋ္ဌတို့လူအုပ်ကို ထားခဲ့ကာ ရထားများကို ချက်ချင်းစီစဉ်၍ တပည့်အသိုင်းအဝန်းနှင့် ဘုရားရှင်အထံတော်သို့ ချက်ချင်းသွားသည်။ ထိုအချိန်သည် ညဦးပိုင်းသို့ရောက်ပေပြီ။

ဗုဒ္ဓထံတော်သို့ ရောက်သောအခါ အရှိအသေပြောဆိုပြီးလျှင် "တပည့်အမ္ဗဋ္ဌ၏ မလိမ္မာသောအပြစ်ကို သည်းခံတော်မူပါ"ဟု လျှောက်ထားသဖြင့် ဘုရားရှင်က "အမ္ဗဋ္ဌသည် ချမ်းသာစေသတည်း"ဟု အပြစ်လွှတ် ဆုပေးတော်မူသည်။

ပေါက္ခရသာတိဆရာကြီးအဖို့ ဘုရားရှင်ကိုယ်တိုင် ဖူးတွေ့ရသောအခါ ၃၂ ပါးသော လက္ခဏာတို့အား ကိုယ်တိုင်မြင်တွေ့ရသည့်အပြင် သတင်းထက် ကိုယ်တွေ့က ပို၍နေသောကြောင့် ပီတိတစိမ့်စိမ့်ဖြစ်ရသည်။

ရှုပကာယတော်မျှသာမဟုတ်၊ ယခင်က တစ်ဆင့်စကား ဝိုးတဝါးမျှသာ ကြားရဖူးသော ဘုရားရှင်၏ တရားတော်ကို ကြားနာလိုသဖြင့် လျှောက်ထား:

www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်သောအခါ ဘုရားရှင်က ဗြာဟ္မဏကြီးတို့ ကျင့်သုံးသော သီလထက် များစွာသာလွန်သော အရိယာသီလတရားကို ဟောပြောတော်မူသည်။

ထို့ကြောင့် နောက်တစ်နေ့ နံနက်အတွက် ဗုဒ္ဓနှင့် သံဃာအားလုံးအား ဆွမ်းလုပ်ကျွေးရန် ပင့်ဖိတ်ပြီးနောက် "ယနေ့မှစ၍ တပည့်တော်နှင့် သားမယား တပည့်တပန်းအားလုံးအား ဥပရသကာအရင်း၊ ဒကာအရင်းအဖြစ် မှတ်တော်မူပါ ဘုရား"ဟု လျှောက်ထားသည်။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# ဆိပ်ကမ်းသာဝယ်

[ ၁ ]

ဆောင်းလွန်၍ နွေဦး အအေးဓာတ်ကလေး ပေါ်လာသည်နှင့်တစ်ပြိုင်နက် ဆိပ်ကမ်းသာသည် သာဝတ္ထိနေပြည်တော်အစ ဥက္ကဋ္ဌ၊ ဣစ္ဆာလင်္ဂန စသော ထိုထို မြို့ရွာများမှ စည်းစိမ်ရှင်တို့ဖြင့် စည်ကားလာစမြဲ ဖြစ်၏။ အကြောင်းကား ဗာရာဏသီ၏ ဂင်္ဂါမြစ်ဆိပ်သည် စည်ကားမှုဖြင့် ကျော်ကြားသကဲ့သို့ သာဝတ္ထိ နယ်ပယ်မှ အစိရဝတီမြစ်၏ ဆိပ်ကမ်းသာရွာ ရေချိုးဆိပ်သည်လည်း သာယာမှုဖြင့် ကျော်ကြားသည်။

မဇ္ဈိမ၏ ထင်ရှားသော မြစ်ကြီးငါးသွယ်တွင် အပါအဝင် အစိရဝတီ မြစ်တစ်လျှောက်၌ မြို့ရွာတို့၏ သဘာဝဆိပ်ကမ်းပေါင်း များစွာရှိပါ၏။ သို့ရာတွင် ရေချိုးဆိပ်၏ ပြေပြစ်မှု၊ ရှုမျှော်ခင်းများ ကောင်းမွန်မှု၊ ပြန့်ပြူးသော ဆိပ်ကမ်းတစ်လျှောက်တွင် နေရာထိုင်ခင်းသာယာမှု စသော စည်းစိမ်ခံလိုသူတို့အတွက် နှလုံးမွေ့လျော် ရွှင်ပျော်ဖွယ် ပြည့်စုံမှုတို့မှာကား ဆိပ်ကမ်းသာသည် ထိပ်ဆုံးမှ ဖြစ်၏။ ယင်းသို့ သာယာလှသောဆိပ်ကမ်းကြောင့်ပင်လျှင် 'ဆိပ်ကမ်းသာ'ဟူသော အနွတ္ထအမည် ရရှိထားခဲ့ခြင်း ဖြစ်သည်။

သို့ရာတွင် ဆိပ်ကမ်းသာသည် ဆယ့်နှစ်လ ဆယ့်နှစ်ရာသီလုံးလုံး သာယာနေသည်တော့ မဟုတ်။ မိုးရာသီဆိုလျှင် ဝန်းကျင်တော်ရိပ် တောင်စွယ်တို့အလယ်၌ မိုးများသောအပိုင်းတွင် ကျရောက်လျက်ရှိသောကြောင့် မပြတ်လိုလို ရွာသွန်းလျက်ရှိသော မိုးအောက်တွင် ပြားဝပ်၍နေရသည်။ ဆောင်းဆိုလျှင်လည်း အစိရဝတီနှင့်

www.burmeseclassic.com

www.burmeseclassic.com



တောတောင်တို့မှ ပို့ဆောင်လာသော မိုးလောက်ပြင်းထန် စေးကျုံကျုံ အောက်ဝယ် တစ်ဆောင်းလုံး ငြိမ်သက်၍နေရသည်။

နွေဦးအစ တပေါင်းလဘက်သို့ ခြေတစ်ဖက် လှမ်းလိုက်သည်နှင့်တစ်ပြိုင်နက် မူကား ဆိပ်ကမ်းသာသည် တန်ဆာဆင်အပ်သော တောသူအပျိုမကလေး၏ မျက်နှာ အသွင်အပြင်ဖြင့် ခေါင်းထောင်၍ ထလာမြဲဖြစ်သည်။

မိုးကြောင့် ရွံ့နွံအမှိုက်သရိုက်တို့ဖြင့် ညစ်ရောင်သမ်းနေခဲ့သော ဆိပ်ကမ်း တစ်လျှောက်ကို ဆောင်းလေဖြင့် တိုက်ခတ်ထုတ်ပယ်ပစ်ထားသောကြောင့် ကမ်းစပ် သဲသောင်ပြင်တစ်လျှောက်သည် ပုလဲဥကလေးများကို ကြဲဖြန့်ခင်းစီထားသည့် အလား နင်းရက်စရာပင်မရှိအောင် ဖွေးဖွေးနုလျက်ရှိသည်။ လိုအပ်သလောက် သာ တသုန်သုန်တိုက်ခတ်လျက်ရှိသော လေပြည်လေညင်းကြောင့် လှိုင်းကြက်သီး ကလေးများသည် ပုလဲငွေသောင်ကို ဇာနားသပ်ထားဘိသို့ တစ်နွေလုံး တည်ရှိသည်။ မိုး၏ အထောက်အပံ့ကြောင့် ကြွရွစိုပြည်ခဲ့ရသော သစ်ပင် ပန်းပင်မျိုးစုံတို့မှာ နှိပ်စက်မှုကြောင့် အသက်ဓာတ်ကင်းလုမတတ်ရှိ၍ ကျုံ့၍ခံခဲ့ကြရရာမှ သာယာသော နွေဦးရာသီတွင် ရိုးတံပွင့်ရွက်တို့ စည်စည်ပင်ပင်ဖြင့် လှပလာကြပြန်စမြဲ ဖြစ်သည်။

ယင်းသို့ဖြင့် ဆိပ်ကမ်းသာ အလှမယ်သည် နွေဦးရာသီ ရောက်သည်နှင့် တစ်ပြိုင်နက် အရပ်လေးမျက်နှာမှ စည်းစိမ်ခံလိုသူအပေါင်းကို လက်ယပ်ခေါ်စမြဲ ဖြစ်သည်။ ခေါ်သည့်အလျောက်လည်း ရောက်လာကြစမြဲ ဖြစ်သည်။ သို့သော် လူတိုင်းအဖို့တော့မဟုတ်၊ အချိန်နှင့် အသပြာကို ဖြုန်းနိုင်သော ခနရှင်၊ ရာထူးရှင် တို့အတွက်သာဖြစ်သည်။ ဆိပ်ကမ်းသာ တည်းခိုရိပ်သာများတွင် တစ်ဦးဝင် တစ်ဦး ထွက်နှင့် နွေရာသီတစ်ခုလုံး စည်ကားမြဲဖြစ်၏။

သို့ရာတွင် ယင်းသို့ အများစုနေရာ တည်းခိုရိပ်သာများတွင် စည်ကားခြင်းမှာ အလယ်အလတ်တန်းစား စည်းစိမ်ရှင်တို့အတွက်သာဖြစ်၍ အထက်တန်းစား စည်းစိမ်ရှင်၊ ရာထူးရှင်တို့အတွက် ဆိပ်ကမ်းသာတွင် သီးသန့်ရပ်ကွက် သီးသန့် နေရာများ ရှိပေသေး၏။

ဆိပ်ကမ်းသာ ပင်မမြစ်ဆိပ်၏ တစ်ဖက်တစ်ချက် မလှမ်းမကမ်းရှိ သင့်လျော်ရာ နေရာကောင်းမှန်သမျှတွင် ခနရှင် ရာထူးရှင်များက နွေရာသီ ဘုရင့်စံနန်းတော် များကဲ့သို့ ဗိမ်ခံအဆောက်အအုံများ ဆောက်လုပ်၍ တသီတခြား စည်းစိမ်ခံကြ ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအဆောက်အအုံများအနက် ဥက္ကဋ္ဌမြို့စား ပေါက္ခရသာတိဆရာကြီး၏ အဆောက်အအုံ၊ ဣစ္ဆာလင်္ဂနမြို့စား တာရုက္ခဆရာကြီး၏ အဆောက်အအုံ၊ ဩပါသာဒမြို့စား စင်္ကီဆရာကြီး၏ တည်းခိုရိပ်သာ၊ တုဒီမြို့စား တောဒေယျ ဆရာကြီး၏ ဇိမ်ခံအိမ်နှင့် ဇာနုသောဏီဆရာကြီးတို့၏ အဆောက်အအုံတို့မှာ ထင်ရှား၏။ အထင်ရှားဆုံး အဆောက်အအုံသည်ကား ဘုရင့်မင်းတဲ အဆောက် အအုံကြီးပင် ဖြစ်သည်။

ဘုရင့်မင်းတဲ အဆောက်အအုံမှာ ကောသလဘုရင်ကိုယ်တော်တိုင် အသုံးပြု လိုသည့်အခါ အသုံးပြုရန်ဖြစ်၍ ဘုရင့်အတိုင်ပင်ခံ အမတ်ကြီးများ၊ အထက်တန်း အစိုးရအရာရှိကြီးများ လိုအပ်သလို အသုံးပြုကြရန်ဖြစ်သည်။

ဆိပ်ကမ်းသာသည် ရိုးရိုးပုံမှန်စည်ကားရာက အစိုးရကိစ္စ၊ သို့မဟုတ် မျက်နှာကြီးအသိုင်းအဝိုင်းတို့ ရောက်လာလျှင် ပို၍စည်ကားလေ့ရှိသည်။ အကြောင်း ကား ဂုဏ်ရှိသူတို့နောက်တွင် ဂုဏ်လိုသူတို့ ပါရှိမြဲကြောင့်တစ်ကြောင်း၊ ရာထူးရှင် မျက်နှာကြီးတို့ ရောက်လာလျှင် အဖြေအဖျော်ပွဲလမ်းသဘင်တို့ ပါရှိခြင်း၊ ခရီး လမ်းပန်း ပို၍လွယ်ကူခြင်း၊ အစောင့်အရှောက်တို့ ပြည့်စုံသဖြင့် လုံခြုံရေးအတွက် စိတ်အေးလက်အေးရှိရခြင်းတို့ကြောင့် ဖြစ်သည်။

ယခုတလော နွေရာသီများတွင် ဆိပ်ကမ်းသာသည် အထူးစည်ကားလျက် ရှိနေပေသည်။ ယမန်နှစ်က ဗန္ဓုလစစ်သူကြီးနှင့် မလ္လိကာတို့အဖွဲ့ အပန်းဖြေ ရောက်လာကြရာ ဆိပ်ကမ်းသာတစ်ခုလုံး စစ်ဗိုလ် စစ်မှူး စစ်သည်တော်တို့ဖြင့် ခြိမ့်ခြိမ့်သဲ စည်ကားခဲ့သည်။ ယခုနှစ်တွင်မူ တစ်မျိုးစည်ကား၏။ အကြောင်းမှာ ဘုရင့်အတိုင်ပင်ခံအဖွဲ့ဝင် ပညာရှိ ဗြဟ္မဏကြီးငါးဦး၊ သို့မဟုတ် သာဝတ္ထိနိုင်ငံ တော်၏ ဝေဝိစ္ဆာဆရာကြီး ငါးဦး၊ သို့မဟုတ် သာဝတ္ထိ အပါအဝင် ဖော်ပြပါ မြို့ကြီးငါးမြို့မှ အာဏာပိုင် မြို့တော်ဝန်ကြီး ငါးဦးစလုံး ဆိပ်ကမ်းသာသို့ ရောက်လာကြသောကြောင့် ဖြစ်သည်။

ဆရာကြီးတို့သည် ဆိပ်ကမ်းသာတွင် အပန်းဖြေနားနေရင်းဖြင့် ကျမ်းဂန် အချက်အလက်များ ညှိနှိုင်းဆွေးနွေးခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာများ ညှိနှိုင်းခြင်း စသည်တို့ကို ပြုလုပ်ကြမည်ဖြစ်သည်။ ယင်းသို့ပြုလုပ်နိုင်ရန် အခွင့်သာသော နှစ်များတွင် ဘုရင်က စီစဉ်ပေး၍ မိမိတို့အစီအစဉ်ဖြင့်လည်း တွေ့ဆုံတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သာမ၊ ယဇု၊ ဣဿျှ၊ အတဗ္ဗနတည်းဟူသော ဗြာဟ္မဏတို့၏ ပိဋကတ်ဗေဒင် ကျမ်းလေးပုံအနက် အာတဗ္ဗနကို ချန်ထား၍ ကျန်သုံးပုံကို ဤဆရာကြီးများသည် တစ်ဖက်ကမ်းခတ် တတ်မြောက်သူများဖြစ်၍ တေဝိဇ္ဇာ၊ ဝိဇ္ဇာသုံးပါး ပါရဂူဆရာ ကြီးများဟု သတ်မှတ်ကြသည်။

ဗြာဟ္မဏဘာသာ ထွန်းကားရာ၊ သို့မဟုတ် ဗြာဟ္မဏဆရာကြီးတို့ ကြီးစိုးရာ မဇ္ဈိမတိုက်တွင် ယင်းသို့ တစ်ဖက်ကမ်းခတ် တတ်မြောက်သူ ဝေဒပါရဂူဆရာကြီး တို့ ပေါများလှပါ၏။ သို့ရာတွင် ဤဆရာကြီးများသည်ကား ဘုရင့်အတိုင်ပင်ခံ၊ ဘုရင်အသိအမှတ်ပြု ထိပ်တန်းဆရာကြီးများ ဖြစ်ကြသည်။

ဘုရင်အသိအမှတ်ပြု တေဝိဇ္ဇာပညာရှိကြီးများ၊ တေဝိဇ္ဇာအဖွဲ့၊ "တေဝိဇ္ဇာ" ဟူသော ဝေါဟာရသည် ယခင်ကပင် ရှိခဲ့သော်လည်း ယခုအခါ ပို၍ ကျယ်လောင် လာသည်။ ကျယ်လောင်လာအောင်လည်း ယခုကဲ့သို့ အစည်းအဝေးပွဲများ ပြုလုပ် ခြင်း၊ လူထုကြားတွင် ဟစ်ကြွေးပြောဆိုခြင်းတို့ဖြင့် ထင်ရှားအောင် ပြုလုပ်လာကြ သည်။ အကြောင်းသော်ကား ယခုအခါ ဂေါတမဘုရားရှင် ပွင့်ထွန်းရာ၌ အနှစ်သာရ အဓိပ္ပာယ်ချင်းပင် မတူသော်လည်း တေဝိဇ္ဇာ၊ သို့မဟုတ် ဝိဇ္ဇာသုံးပါး ဟူသော ဝေါဟာရတစ်ရပ် ထွန်းကားလာသည်ကို တွေ့ကြရသောကြောင့် ဖြစ်သည်။

ဂေါတမဗုဒ္ဓ၏ သတင်းကို ကြားသိရသည့်အခါတိုင်း ဘုရားရှင်၏ ဂုဏ်တော် ကိုးပါးသတင်းကိုလည်း ပူးတွဲကြားသိကြရသည်။ ယင်း ဂုဏ်တော်ကိုးပါးအနက် တတိယမြောက်ဂုဏ်တော်မှာ ဝိဇ္ဇာသုံးပါး၊ စရဏ ၁၅ ပါးနှင့် ပြည့်စုံတော်မူသော သတင်းပင်ဖြစ်သည်။ ထို့ကြောင့် မိမိတို့၏ ဂုဏ်ထူးသုံးရပ်၊ တေဝိဇ္ဇာကို သိမ်ငယ်၍ မသွား၊ အလွှမ်းမိုးမခံရလေအောင် သတိပြု ကြိုးပမ်းနေကြရသည်။

ယင်းသို့ဖြင့် ယခုနှစ် ဆိပ်ကမ်းသာတွင် တေဝိဇ္ဇာဗြာဟ္မဏဆရာကြီးတို့၏ အစည်းအဝေးကား ယင်းရည်မှန်းချက် ရှင်သန်ထမြောက်ရေးပင် ဖြစ်ပေ၏။ သဘောတရားရေးအားဖြင့် ထိပ်တန်းပညာရှင်ကြီးများ၊ အုပ်ချုပ်ရေးအားဖြင့် ဘုရင်မှလွဲလျှင် ထိပ်တန်းအာဏာရှင်ပိုင်ကြီးများ စုဝေးရာဖြစ်သောကြောင့် ယခုနှစ် ဆိပ်ကမ်းသာသည် သိုသိုသိပ်သိပ်ဖြင့် စည်ကားသည်။ ပညာပေါင်းစုံတို့ ရောက်လာ ကြသည်။ ဆွေးနွေးပွဲများ၊ မီးပူဇော်ပွဲများ ကျင်းပကြ၏။ ညင်သာစွာ သီဆိုတီးမှုတ် ကြသော အချို့အဖွဲ့များ၏ ဓမ္မတေးသံများ၊ စောင်းသံများမှအပ ပွဲလမ်းသဘင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးကျယ်ကျယ်ဟူ၍ မရှိ။ ဤနည်းဖြင့် ဆိပ်ကမ်းသာသည် ယခုနှစ်အဖို့ တစ်မျိုးချမ်းမြေ့ဖွယ်ကောင်းသည်။

ဆိပ်ကမ်းသာလူထုက ဆူဆူညံညံမလုပ်ကြသည့် အခြားအကြောင်းတစ်ရပ်လည်း ရှိပေသေး၏။ ယင်းသည်ကား ဆိပ်ကမ်းသာနှင့် မနီးမဝေးရှိ သရက်တောအုပ်တွင် မိမိတို့ကဲ့သို့ပင် ဆိပ်ကမ်းသာ၏ အရသာကို ခံလိုကြရှာ့ထင့်၊ ဘုရားရှင်နှင့် သံဃာအများ လာရောက်သီတင်းသုံးနေကြသည်ကို တွေ့ကြရသောကြောင့်ပင် ဖြစ်ပေသည်။

[ ၂ ]

ယနေ့အချိန်၌ နိဗ္ဗာန်သို့ သွားရောက်ဖို့ရန် ညွှန်ပြသူ ဆရာအမျိုးမျိုး၊ ဂိုဏ်းအသီးသီး၊ နည်းလမ်းအသွယ်သွယ် ရှိနေသကဲ့သို့ ဗြာဟ္မဏဆရာကြီးတို့၏ ရည်မှန်းချက်ပန်းတိုင် ဗြဟ္မာ့ပြည်သို့ရောက်ဖို့ရန်အတွက်လည်း ဆရာအသီးသီး၊ ဂိုဏ်းအသွယ်သွယ်၊ လမ်းညွှန်မှုမျိုးစုံ ရှိနေခဲ့ကြ၏။ စင်စစ်အားဖြင့် ကောသလဘုရင်လက်အောက်တွင် အုပ်ချုပ်ရေးအာဏာအတွင်း၌ တေဝိဇ္ဇာဆရာကြီးများဟု တစ်စိတ်တည်း တစ်သဘောတည်း ညီညွတ်သယောင် ရှိနေကြသော်လည်း သဘောတရားအားဖြင့်မူ သူ့လမ်းစဉ်မှ မှန်သည်၊ ငါ့လမ်းစဉ်မှ မှန်သည်ဟု ထိုဆရာကြီးများသည်ပင်လျှင် တသီးတခြားစီ တည်ရှိကြသော ဂိုဏ်းခေါင်းဆောင်များ ဖြစ်နေကြပေသည်။

ခေါင်းဆောင်များ ကွဲသောအခါ နောက်လိုက်တပည့်များ ကွဲ၏။ ဗြာဟ္မဏဘာသာသည် မဇ္ဈိမ၏ အဓိကဘာသာဖြစ်လေရာ ဆရာကြီးတို့၏ သြဝါဒကြောင့် တိုင်းသူပြည်သား အများစုအဖို့ စိတ်ဝမ်းကွဲသယောင် ဖြစ်နေရသည်။ ထို့ကြောင့်လည်း ဆရာကြီးတို့၏ တရားညီညွတ်ရေး၊ စိတ်ဝမ်းညီညွတ်ရေး ရနိုင်အောင် ယခုကဲ့သို့ စည်းဝေးဆွေးနွေးပွဲကြီးများကို အုပ်ချုပ်ရေးအမြင်ဖြင့် ဘုရင်က စီစဉ်ပေးခြင်း ဖြစ်ပေသည်။ ယင်းသို့ဖြင့် သတ်မှတ်ထားသောအချိန်တွင် ဘုရင့်မင်းတဲရိပ်သာ၌ ဆရာကြီးတို့၏ ဆွေးနွေးပွဲကြီးများ ရှိသကဲ့သို့ ထိုထိုနေရာများစွာတွင်လည်း ဆိပ်ကမ်းသာ၏ အရသာကို ခံစားရင်း အောက်ခြေဆွေးနွေးပွဲများစွာ ရှိနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးတို့၏ တာဝန်မှ အားလပ်ချိန် ညနေရီဆည်းဆာရိပ်ဝယ် ဆိပ်ကမ်းသာ၏ ဖြူလွလွသဲသောင်ရေစပ်တွင် အညောင်းပြေ လမ်းအတူလျှောက်ရင်း ဖြပ်ဟွာ့ပြည်သို့ ရောက်နိုင်ရန် သူ့ဆရာ၏လမ်းစဉ်က မှန်သည်။ ငါ့ဆရာ၏ တရားက မှန်သည်ဟု နှစ်ယောက်တည်း အကြိတ်အနယ် ဆွေးနွေးကြသူများကား ဝါသေဋ္ဌနှင့် ဘာရဒွါဇလုလင်တို့ ဖြစ်ကြသည်။ ဝါသေဋ္ဌသည် နာမည်ကျော် ပေါက္ခရသာတိ ဆရာကြီး၏ တပည့်ဖြစ်၍ ဘာရဒွါဇကား တာရုက္ခဆရာကြီး၏ တပည့်ဖြစ်၏။

ထိပ်တန်းပညာရှင်ကြီးများ ဖြစ်ကြသည့်အတိုင်း ကျမ်းဂန်မျိုးစုံတို့မှ အချက်အလက်မျိုးစုံတို့ဖြင့် တင်ပြဆွေးနွေးကြသည်မှာ သူမနိုင် ကိုယ်မနိုင်၊ သူလည်း ဝန်မခံနိုင်၊ ကိုယ်လည်းဝန်မခံနိုင် ဖြစ်နေကြသည်။ ဆွေးနွေးပွဲတွင် စိတ်ဝင်စားလိုက်ကြသည်မှာ ဆိပ်ကမ်းသာ မြစ်ဆိပ်အလွန် သရက်အုပ်ရေဆိပ်အနီးသို့ ရောက်လာကြသည်ကိုပင် သတိထားမိလိုက်ကြ။ ထိုအခါ ဝါသေဋ္ဌလုလင်က သရက်အုပ်ဆီသို့ တစ်ဖက်မျှ ဖျတ်ခနဲ မော်ကြည့်ပြီး စကားတစ်ရပ် စတင်ဆိုလာသည်။

"မိတ်ဆွေနဲ့ ကျွန်တော်နဲ့တော့ ငြင်းလို့ ဆွေးနွေးလို့ ဆုံးမှာမဟုတ်ဘူး။ တကယ်ဆိုတော့ ဘယ်တော့မှ ငြင်းလို့ဆုံးကြမှာ မဟုတ်ပါဘူး။ ဒီတော့ ကျွန်တော်တို့ ငြင်းခုံပွဲကို ရပ်ပြီး ဂေါတမဗုဒ္ဓဆီ သွားရောက်ဆွေးနွေးကြည့်ကြရင် မကောင်းဘူးလား။ ဂေါတမဗုဒ္ဓဟာ ဆရာကြီးတစ်ဆူဆိုတော့ ရည်မှန်းချက်ချင်း မတူလို့၊ သဘောချင်း မတိုက်ဆိုင်နဲ့ဦးတော့ အသိအမြင် တစ်စုံတစ်ရာ ရလာဖို့ရှိတယ်။ ညဦးပိုင်း ဆွေးနွေးပွဲဆိုတော့ ပျော်စရာလည်းကောင်းမယ်"

"မိတ်ဆွေရဲ့စိတ်ကူး မဆိုးပါဘူး။ နို့ပေမယ့် ဂေါတမဗုဒ္ဓဆီ သွားတာကို ကျွန်တော်တို့ ဆရာကြီးတွေ သိသွားရင် နှစ်သက်ပါ့မလား"

"ဘာဖြစ်လို့မနှစ်သက်ရမှာလဲ။ ဂေါတမဗုဒ္ဓကိုယ်တိုင်ရော၊ သူ့တပည့်ရဟန်းတွေရောဟာ ကျွန်တော်တို့ ဘာသာဝင်တွေနဲ့ မကြာခဏ ဆွေးနွေးဆက်ဆံနေကြတာပဲ။ ကျွန်တော်တို့ဆရာကြီးတွေ ကိုယ်တိုင်တောင် ဂေါတမဗုဒ္ဓထံကို အသွားရအဝင်ရ ခက်နေလို့သာ။ မခက်ရင် သွားကြတာ ကြာပြီ"

"မိတ်ဆွေပြောတာ ဟုတ်ပေလိမ့်မယ်။ သောဏဒဏ္ဍ ဆရာကြီးတောင် ဂေါတမဗုဒ္ဓထံ ရောက်ပြီးပြီဆိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရောက်ပြီးရုံဘယ်ကမလဲ မိတ်ဆွေ၊ ဂေါတမဗုဒ္ဓကိုတောင် တိတ်တိတ်ပုန်း ကိုးကွယ်နေပါပြီ"

မှန်လှပေ၏။ သောဏဒဏ္ဍဆရာကြီးသည် ဘုရားရှင်နှင့် တစ်ကြိမ်တွေ့ရုံမျှဖြင့် တရားနာရသောအခါ ဒကာရင်း ဖြစ်သွားသည်။ သို့ရာတွင် ဘာသာတစ်ပါးကိုး ကွယ်သည်ကို လူအများ သိသွားလျှင် အုပ်ချုပ်ရေးလည်းခက်၊ အကဲ့ရဲ့လည်းခံရ သောကြောင့် တိတ်တိတ်ပုန်း ကိုးကွယ်သည့်အဆင့်တွင်ပင် ရှိပေသေးသည်။ သောဏဒဏ္ဍသည်လည်း တေဝိဇ္ဇာဆရာကြီးများကဲ့သို့ ဘုရင့်အတိုင်ပင်ခံအဖွဲ့ဝင် မဟုတ်စေကာမူ သာဝတ္ထိ၏ ကျော်ကြားသော စည်းစိမ်ရှင်၊ ဂုဏ်ထူးရှင် ဂိုဏ်းဆရာ ကြီးတစ်ဦးပင် ဖြစ်ပေသည်။

"ကျွန်တော်တို့ရဲ့ ဗြဟ္မာ့ပြည် အကြောင်းကိုရော ဂေါတမဗုဒ္ဓ လက်ခံပြီး ဆွေးနွေးပါ့မလား"

"သိပ်ပြီးဆွေးနွေးတာပေါ့မိတ်ဆွေ၊ ဂေါတမဗုဒ္ဓဟာ ကျွန်တော်တို့ရဲ့ ဗြဟ္မာဏ ဝါဒကို သိပ်ပြီးစိတ်ဝင်စားတာပေါ့။ ကြည့်ပါလား၊ သူဘုရားဖြစ်စကတည်းက အတ္တကိလမထနုယောဂဆိုပြီး ကျွန်တော်တို့ရဲ့ ဗြာဟ္မဏဝါဒကို ထိပ်တန်းကထားပြီး တိုက်ဖျက်ခဲ့တာ"

"ဒီလိုဆိုလည်း သွားကြမယ်လေ"

ဝါသေဋ္ဌစကား မှန်လှပေသည်။ ဘုရားရှင်သည် မိမိ၏သစ္စာ ဓမ္မမဂ္ဂင်လမ်းစဉ် ကို ကြဖြန့်ရန် ပထမဦးစွာ စိတ်ကူးလိုက်စဉ်ကပင် အကြီးဆုံးသော အနှောင့်အယှက် အတားအဆီးမှာ ဗြာဟ္မဏဝါဒဖြစ်ကြောင်း သိမြင်တော်မူခဲ့သည်။ ထို့ကြောင့် ဘုရားရှင်၏ အခြေခံမူဝါဒဖြစ်သော ဓမ္မစကြာ တရားတော်ကို စတင် ဟောလိုက် စဉ်ကပင်လျှင် အတ္တကိလမထ နုယောဂ၊ မိမိကိုယ်ကို ညှဉ်းပန်းနှိပ်စက်၍ ကျင့်ခြင်းတည်းဟူသော ဗြာဟ္မဏဝါဒကို သစ္စာလမ်းစဉ်၏ အကြီးဆုံးရန်သူအဖြစ် ထိပ်ဆုံးတင်၍ ဟောကြားတော်မူခဲ့သည်။

ဗြာဟ္မဏဝါဒသည် သစ္စာဝါဒ၏ သာမန်ရန်သူမဟုတ်၊ မိတ်ဆွေယောင် ယောင်နှင့် ပုန်း၍သတ်သော ကြောက်ဖွယ်ရန်သူဖြစ်သည်။ အတွင်းရန်သူဖြစ်သည်။ လူသာမန်တို့ သိနိုင်မြင်နိုင်ရန်ခက်သော ရန်သူဖြစ်သည်။ လူပြိန်းကြိုက်တရား တို့ဖြင့် လွှမ်းထုံထားအပ်သော ရန်သူဖြစ်သည်။ သူ့လူလိုလိုနှင့် ကိုယ့်ဘက်သို့

www.burmeseclassic.com

www.burmeseclassic.com



ဆွဲနိုင်စွမ်းသော ရန်သူဖြစ်သည်။ ထို့ကြောင့် ဗြာဟ္မဏဝါဒကို ထိပ်တန်းမှတင်၍ တိုက်ခဲ့ရခြင်းဖြစ်သည်။

သို့နှင့် ဘုရားရှင်ရှိရာသို့ ရည်မှန်း၍ သရက်အုပ်သို့ လာခဲ့ကြရာ၌ သရက်အုပ် အတွင်းသို့ ရောက်သည်ဆိုလျှင်ပင် မမြင်ရသော အရှိန်အဟုန်တစ်ခုက သူတို့ နှစ်ဦး၏ အသည်းနှလုံးကို ချမ်းမြေ့စွာ ဆုပ်ကိုင်လိုက်သကဲ့သို့ သောင်စပ်တွင် လမ်းလျှောက်စဉ်က လွတ်လွတ်လပ်လပ်ရှိခဲ့သော ကိုယ်ဟန်မှာ ကျုံ့ယုံ့၍သွားကာ ဘုရားရှင်နှင့် ရဟန်းများရှိနိုင်သော တောအုပ်အလယ်ဆီသို့ တိုးလျှိုး၍ ဝင်ခဲ့ကြ သည်။

စင်စစ်အားဖြင့် ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့သည်လည်း ဖွင့်ဟ၍ပင် ဝန်မခံ စေကာမူ သူတို့ဆရာကြီးများကဲ့သို့ပင် အတွင်းသဘောအားဖြင့်မူ ဘုရားရှင်အပေါ်၌ လေးစားရိုညွတ်မှု ရှိမှန်းမသိ ရှိနေပြီးသူများ ဖြစ်ကြပေသည်။ အကြောင်းမူကား သာဝတ္ထိ၊ ရာဇဂြိုဟ် စသော မဇ္ဈိမမြောက်ပိုင်းတစ်ခွင်၌ ဘုရားရှင်နှင့် သူတို့ဗြာဟ္မဏ များသည် မတဲ့အတူနေ ဆိုသကဲ့သို့ပင် ဒွေးရောယှက်တင် နေထိုင်ခဲ့ကြရာ၌ ဘုရားရှင်နှင့် သံဃာတော်များ၏ သီလ၊ သမာဓိ၊ ပညာဆိုင်ရာ မွေးသောသတင်း များသည် သူတို့ထံသို့ မပြတ်ရိုက်ခတ် တိုးဝင်လျက်ရှိနေခဲ့သည်ဖြစ်ရာ အသိအမြင် ရှိသောသူတို့သည် မိမိတို့နှင့် ဝါဒမတူ အဆင်မတူသော အတ္တစွဲကြောင့် အတည့် အလင်း သဘောမကျနိုင်သည်ဖြစ်စေ၊ အတွင်းသဘောကမူကား လေးစားမြဲ ဖြစ်ပေ သည်။

ဘုရားရှင်နှင့် သံဃာငါးရာခန့်တို့သည် မိမိတို့နှင့်အတူ အစီရဝတီ၏ ဆိပ်ကမ်းသာ ချမ်းမြေ့ရိပ်မြုံကို ခိုလှုံရင်း ဤသရက်အုပ်အတွင်း၌ သီတင်းသုံး နေကြသည်ကို မုချဆတ်ဆတ် သိပြီးဖြစ်ကြပါ၏။ သို့ရာတွင် ယခု သရက်အုပ် အတွင်းသို့ ဝင်ရောက်လာသောအခါ၌ ရဟန်းများ တစ်ပါးမျှမရှိသယောင် သိသိပ် ငြိမ်ဆိတ်လွန်းလှသည်။ အတန်ကြီးသတိပြု၍ကြည့်မိမှ သရက်တစ်ပင်၏ ခြေရင်း ဝယ် ကျောက်တိုင်ကဲ့သို့ ငြိမ်သက်စွာထိုင်လျက်ရှိသော ရဟန်းတစ်ပါးကို တွေ့ရ သောကြောင့် ဘုရားရှင်ရှိရာသို့ ချဉ်းကပ်မေးမြန်းသောအခါ ရဟန်းတော်က ခပ်လှမ်းလှမ်းရှိ သရက်ပင်ကြီးတစ်ပင်ဆီသို့ ညွှန်ပြသည်။

ညောင်ပင်ထီးဝန်းပမာ အုပ်ဆိုင်းလျက်ရှိသော သရက်ပင်ကြီးအောက်ရှိ ပြန့်ပြူးသောမြေပြင်ဝယ် ခင်းထားအပ်သောနေရာ၌ ထိုင်လျက်ရှိသော ဘုရားရှင်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြရသောအခါ ဝါသေဋ္ဌက ရှေ့ဆောင်၍ ချဉ်းကပ်သည်။ သို့ရာတွင် ဆရာမိဘ စသည့် ကြီးမြတ်သောပုဂ္ဂိုလ်များရှေ့သို့ ရောက်သောအခါ ရှိခိုးခြင်း၊ အနည်းဆုံးအားဖြင့် ကိုယ်နှင့်ဦးခေါင်း ကိုင်း၍ အရိုအသေပြုခြင်း၊ ဗြာဟ္မဏတို့၏ ထုံးစံလေးစားအပ်သူချင်းတွေ့လျှင် ရင်ဘတ်ဝယ် လက်အုပ်ချီ၍ နှုတ်ဆက်ခြင်း စသည့်အပြုအမူမျိုးကို လုံးဝမပြဘဲ ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့က ဘုရားရှင်၏ မနီးမဝေးနေရာတွင် ခန့်ညားစွာ ထိုင်လိုက်ကြသည်။

ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့သည် ပေါက္ခရသာတိ ဆရာကြီးတို့၏ တပည့်များဟုဆိုစေကာမူ ဆရာကြီးတို့မှလွဲလျှင် လေးစားအပ်သော ပညာရှင်တပည့်ကြီးများပင်ဖြစ်ကြပေသည်။ ပညာဟူသည် သာမန်အားဖြင့် စဉ်းစားလျှင် မာနပဏ္ဍသာစသော စိတ်ဝေဒနာဆိုးများ၏ ဆန့်ကျင်ဘက် ဖြစ်သင့်ပါလျက် သတိမရှိသူများအဖို့မှာ မာန်တုံးမာန်ခဲကြီးပမာ ဖြစ်နေတတ်သည်။

နာမည်ကျော် ဂိုဏ်းဆရာကြီးတစ်ဦးနှင့် အလိုက်သင့် ကြုံကြိုက်သောကြောင့်အပျင်းပြေသဘော၊ အခွင့်သာခဲ့ပါလျှင် မိမိတို့ ပညာတံခွန်ကို ထူ၍ပြရန်သဘောဖြင့် ဘုရားရှင်ထံ ရောက်လာကြရာ၌ ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့က ပညာရှိချင်းတန်းတူရည်တူသာ ဆက်ဆံလိုသည်။ သို့ရာတွင် ဘုရားရှင်က သူတို့အပြုအမူကြောင့် ထူးခြားမှုတစ်စုံတစ်ရာကို မပြဘဲ သူတို့ကိုကြိုဆိုသောအမူအရာ၊ ငြိမ်သက်ကြည်ရွှင်သော မျက်နှာကိုယ်ဟန်ဖြင့်ပင် ထိုင်နေတော်မူသည်။ အကြောင်းမူကားဘုရားရှင်က ဆိပ်ကမ်းသာတွင် မိမိဖြန့်ကြက်၍ထားအပ်သော ဓမ္မကွန်ရက် မေတ္တာကွန်ယက်အတွင်းသို့ ဝါသေဋ္ဌတို့နှင့် ဘာရဒွါဇတို့သည် အလိုအလျောက် အလိုက်သင့် ခုန်ဝင်လာကြသော ငါးနှစ်ကောင်ပမာဖြစ်၍ အခိုက်အတန့်အားဖြင့် ဝါသေဋ္ဌတို့ ရှေ့တွင် မြူမာနကန့်လန့်ကာပိတ်ဆီးလျက်ရှိသော်လည်း ယင်းကန့်လန့်ကာနောက်တွင် ရှင်သန်လျက်ရှိသော သစ္စာမီးရှူးကို မြင်တော်မူသောကြောင့် ဖြစ်၏။ ဝါသေဋ္ဌက စတင်စကားပြောသည်။

"အရှင်ဂေါတမ...ကျွန်ုပ်သည် ဆိပ်ကမ်းသာသို့ ရောက်လျက်ရှိကြသော ဝိဇ္ဇာဆရာကြီးများအနက် ပေါက္ခရသာတိဆရာကြီး၏တပည့် ဝါသေဋ္ဌ ဖြစ်၍ သူကတော့ တာရုက္ခဆရာကြီး၏တပည့် ဘာရဒွါဇ ဖြစ်ပါသည်"ဟု မိတ်ဆက်သည်။

"သိပါ၏ ဝါသေဋ္ဌ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်တို့သည် အရှင်ဂေါတမနှင့် ဆွေးနွေးလို၍ လာရောက်ကြပါသည်။ မြို့ကြီးတစ်မြို့သို့ ဝင်ရောက်နိုင်သော လမ်းပေါက်များစွာရှိသကဲ့သို့ ကျွန်ုပ်တို့ ကျမ်းဂန်တွင် ဗြဟ္မာ့ပြည်သို့ ရောက်နိုင်သော နည်းလမ်းများစွာ ရှိပါသည်"

"သိပါ၏ ဝါသေဋ္ဌ"

"ကျွန်ုပ်တို့နှစ်ယောက်သည် ဆိပ်ကမ်းသာသောင်ယံတွင် လမ်းလျှောက်ရင်းဖြင့် သူ့ဆရာ၏နည်းလမ်းက ဗြဟ္မာ့ပြည်သို့ အလျင်ရောက်သည်၊ ငါ့ဆရာ၏ နည်းလမ်းကမှ သာ၍ရောက်လွယ်သည်ဟု ငြင်းခုံဆွေးနွေးကြသည်မှာ အဆုံးမသတ်နိုင်ခဲ့ပါ။ ဤကိစ္စတွင် အရှင်ဂေါတမသည်လည်း ပညာရှိတစ်ဦး ဖြစ်သည့်အတိုင်း ကျွန်ုပ်တို့ကို အဆုံးအဖြတ်ပေးနိုင်မည်လား။ သို့မဟုတ် ဗြဟ္မာ့ပြည်သို့ ရောက်နိုင်သော အခြားနည်းတစ်ခုကို ညွှန်ပြနိုင်မည်လားဟု ဆွေးနွေးလိုသဖြင့် လာရောက်ခဲ့ကြခြင်း ဖြစ်ပါသည် အရှင်ဂေါတမ"

"ဗြဟ္မာ့ပြည်သို့ရောက်သည်ဟု သင်ပြောပါသလော ဝါသေဋ္ဌ"

"ဗြဟ္မာ့ပြည်သို့သွားရာ အကျင့်ကို ကျင့်ခြင်းဖြင့် ဗြဟ္မာ့ပြည်သို့ ရောက်သည်ဟု ကျွန်ုပ်ပြောပါသည် အရှင်ဂေါတမ"

"ဝါသေဋ္ဌ...ပညာရှိတို့မည်သည် စကားကို သတိဖြင့်ပြောရာသည်။ ကိုယ်ပိုင်ဉာဏ်ဖြင့် ဆင်ခြင်၍ ပြောရာသည်။ ဗြဟ္မာ့ပြည်သို့ ရောက်သည်ဟု သင်ပြောသလော"

"ဗြဟ္မာ့ပြည်သို့ ရောက်သည်ဟု ကျွန်ုပ်တို့ကျမ်းဂန်က ဆိုသည့်အတိုင်း ပြောပါသည်"

"ဝါသေဋ္ဌ...ပညာရှိတို့မည်သည် ကျမ်းဂန်ကဆိုသည် ဆိုတိုင်း မလိုက်နာကြကုန်။ ကိုယ်ပိုင်ဉာဏ်ဖြင့် ဆင်ခြင်ဆုံးဖြတ်၍သာ လိုက်နာကြကုန်၏။ ကောင်းပြီ။ ဗြဟ္မာ့ပြည်ကို အပထားဦး။ ဤဗြဟ္မာကို သင်မြင်ဖူးပါသလော"

"မမြင်ဖူးပါ"

"သင့်ဆရာများရော"

"မမြင်ဖူးကြပါ"

"သင်တို့ ဆရာစဉ်ဆက်တွေရော မြင်ဖူးသည်ဟု ကြားဖူးပါသလော"

"မကြားဖူးပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဝါသေဋ္ဌ…သင်တို့ကျမ်းဂန်မှ ညွှန်ပြသော ဗြဟ္မာ့ပြည်ရောက် နည်းလမ်းဟူသည် အမှားများသာဖြစ်သည်။ ဗြဟ္မာ့ပြည်သို့ ရောက်စေနိုင်သော တရားများမဟုတ်။ ဗြဟ္မာကို မြင်စေနိုင်သော တရားများမဟုတ်။ ဤအရာ၌ ဥပမာစကား ငါပြောကြားမည်။ သာဝတ္ထိမှ မျက်မမြင်ပုဏ္ဏား ၅၂ ယောက်၏ အကြောင်းကို သင်တို့ ကြားဖူးပါ၏လော"

"မကြားဖူးပါ အရှင်ဂေါတမ"

"မျက်မမြင်ပုဏ္ဏား ၅၂ ယောက်သည် ဇရပ်တစ်ခုတွင် စုဝေးမိကြသည်။ ဤသည်ကိုသိသော သေသောက်ကြူး လူရှုပ်တစ်ယောက်က ပြက်ရယ်ပြုလိုသဖြင့် ပုဏ္ဏားများထံသွား၍ "သာဝတ္ထိ၏ တစ်နေရာတွင် အလှူကြီးပေးလျက်ရှိသည်။ သင်တို့ကို ငါခေါ်ဆောင်သွားမည်။ ငါ့နောက်လိုက်ခဲ့ကြ"ဟု သူ့ပုဆိုးစနောက်မြီးကို ပုဏ္ဏားတစ်ဦးအား ဆွဲစေသည်။ ထိုပုဏ္ဏား၏နောက်မြီးကို အခြားပုဏ္ဏားများအား အဆင့်ဆင့် ဆွဲစေ၍ ခေါ်ဆောင်သည်။ ချုံကြီးတစ်ခုသို့ ရောက်သောအခါ သေသောက်ကြူးသည် ပုဏ္ဏားများအား လှည့်ပတ်၍ ခေါ်ပြီးလျှင် မိမိပုဆိုးစဆွဲသူကို နောက်ဆုံးပုဏ္ဏား၏ပုဆိုးစကို ဆွဲစေ၍ ရှောင်ထွက်သွားသည်။ ဤသို့ဖြင့် မျက်မမြင်ပုဏ္ဏားများသည် တစ်ယောက်ခါးပုံစကို တစ်ယောက်ဆွဲရင်း ပတ်ချာလည်၍ ကျန်ရစ်ခဲ့ကြရသည်။

"ဤအတူပင် မျက်မမြင်ပုဏ္ဏားများပမာ သင်တို့သည်လည်း ကျမ်းဂန်အစဉ်အလာတည်းဟူသော တစ်ယောက်ခါးပုံစကို တစ်ယောက်ဆွဲ၍ လိုရင်းမရောက်နိုင်သူများ ဖြစ်ကြချေသည်။

မိမိတို့ဝါဒကို နှိမ်၍ပြောလိုက်သောစကားဖြစ်သော်လည်း ဘုရားရှင်၏ ဟာသကြောင့် အခြေခံကောင်းသော ဝါသေဋ္ဌနှင့် ဘာရဒ္ဒါဇတို့အဖို့ စိတ်မဆိုးနိုင်ဘဲ ပြုံးရွှင်စွာဖြင့် နားထောင်ကြသည်။

"သို့ဆိုလျှင် ဗြဟ္မာ့ပြည်သို့ ရောက်စေနိုင်သော အရှင်ဂေါတမ၏ တရားကို ကြားနာလိုပါသည်"

"ကောင်းပြီ၊ ငါနှင့် ငါ့တပည့်သာဝကတို့သည် ဗြဟ္မာ့ပြည်သို့ရောက်ရန် ကျင့်ကြံကြသည်မဟုတ်သော်လည်း ဗြဟ္မာ့ပြည်သို့ ရောက်စေနိုင်သော နည်းလမ်းကို သိသည်။ ဗြဟ္မာ့ပြည်ထက် သာလွန်သည့် နိဗ္ဗာန်သို့ရောက်စေနိုင်သော တရားကို

www.burmeseclassic.com

www.burmeseclassic.com



လည်း သိသည်။ ထိုတရားများကို သင်တို့အား ယခုဟောကြားမည်။ ကိုယ်ပိုင်ဆင်ခြင်အပ်သော သတိတရားဖြင့် ကောင်းစွာနာယူကြကုန်လော့"

ဤနေရာတွင် သီလ၊ သမာဓိ၊ ပညာတည်းဟူသော သိက္ခာသုံးပါးလမ်းစဉ်အတိုင်း ရှေးဦးစွာ ကျင့်ဆောင်အပ်သော အရိယာတို့၏ သီလကို အကျယ်တဝင့်ဆစ်ပိုင်း၍ ဟောတော်မူသည်။ သီလတရား ဟောကြားအပြီးတွင် ပညာမာန်အခုအခံကြောင့် ကိုယ်ဟန်တင်းတင်းနှင့် ဘုရားရှင်အလားတူပင် တင်ပျဉ်ခွေထိုင်လျက်ရှိရာမှ ဒူးကွေး၍ ကိုယ်ဟန်ယို့လာကြသည်ကို တွေ့ရသည်။

သီလတရား ပြီးဆုံးသောအခါ သမာဓိစခန်းမှ ဈာန်အဆင့်ဆင့်ဖြင့် ဗြဟ္မာဘုံမျိုးစုံနှင့် ထိပ်ဆုံးဗြဟ္မာ့ဘုံအထိ အလိုရှိလျှင် ရောက်နိုင် ရနိုင်သော သမာဓိကျင့်စဉ်တရားကို ဟောကြားတော်မူသည်။ ဤနေရာတွင်မူ ပညာရှိကလေးနှစ်ဦးတို့သည် ဘုရားရှင်သို့ လက်အုပ်ချီလာကြပြီဖြစ်၏။

ထို့နောက်တွင်မှ ပညာစခန်းသို့ကူး၍ မဂ္ဂင်ရှစ်ပါး တရားဒေသနာဖြင့် နိဗ္ဗာန်တရားကို ဖွင့်ပြတော်မူလိုက်သောအခါ ဘုရားရှင်၏ ခြေတော်အစုံကို နှစ်ယောက်စလုံးပင် အထပ်ထပ် ဆုပ်ကိုင်ဦးတိုက်ကြသည်။

"အရှင်မြတ်ဘုရား...တပည့်တော်တို့သည် မောဟဖုံးလွှမ်း၍ မာနတံခွန်ထူကာ အရှင်မြတ်အား မထိမဲ့မြင်ပြုခဲ့မိသည်ကို သည်းခံတော်မူပါ။ အရှင်မြတ်၏ တရားသည် ဗြဟ္မာ့ဘုံမျှကိုသာ အထင်ကြီးခဲ့သော တပည့်တော်တို့အား မိုက်မှောင်ကိုခွင်း၍ အလင်းသို့ပို့ဆောင်အပ်သော တရားဖြစ်ပါသည်။ သို့ရာတွင် တပည့်တော်တို့သည် ယခုအချိန်၌ ဆရာ့ဝတ္တရားကို ဆောင်ရွက်ရန် တာဝန်မကင်းသူ ဖြစ်၍သွားချိန်တန်ပါပြီ။ အရှင်မြတ်၏တရားကို နောက်တစ်ကြိမ် လာရောက်နာယူပါဦးမည်။ ခွင့်ပြုတော်မူပါဘုရား"

ဘုရားရှင်က "သင်တို့ဆောင်ရွက်ဖွယ်ကိစ္စကို သင်တို့သိပေ၏"ဟု ခွင့်ပြုစကား မိန့်ကြားလိုက်သောအခါ ဘုရားရှင်ထံပါးမှ ရှိခိုးရင်း နောက်ဆုတ်၍ ထွက်ခွာလာခဲ့ကြသည်။ သို့ရာတွင် အလာတုန်းကကဲ့သို့ ဆွေးနွေးငြင်းခုံသံလည်း မရှိ။ တစ်ဦးနှင့်တစ်ဦး စကားမျှပင် မပြောကြဘဲ နာခဲ့ရသော တရားအာရုံတွင်သာ ကိုယ်စီထုံ၍ ဦးခေါင်းငိုက်စိုက်နှင့် ပြန်ခဲ့ကြသည်။

နောက်တစ်ညနေတွင်ပင် ဘုရားရှင်အထံတော်သို့ နှစ်ဦးစလုံး ရောက်လာကြပြန်သည်။ အခြေခံရင့်ပြီးသူများ ဖြစ်ကြသည့်အတိုင်း သမာဓိတရားတော်မှ ပညာ

www.burmeseclassic.com

www.burmeseclassic.com



စခန်းသို့ ကူးလိုက်သောအခါ ပင်ကိုရှိရင်းစွဲ ဖြဟ္မာ့အာရုံ ကင်းပြတ်သွားကြပြီး ဖြစ်သော်လည်း ပညာစခန်းတွင် နိဗ္ဗာန်၏ သရုပ်သကန်ကို မသိမ်းပိုက်နိုင်သေးဘဲ ရှိနေသောကြောင့် နှစ်ဦးစလုံးပင် ဆောတလျှင် ရောက်လာကြပြန်ခြင်းဖြစ်သည်။

ဤနေ့တွင်မူ ဘုရားရှင်က သရုပ်ကို လက်ဝါးပေါ်တွင် ဆီးဖြူသီးတင်သကဲ့သို့ အဂ္ဂညသုတ်တရားတော်ကို ဟောကြားတော်မူ၏။ ဤတရားကြောင့် ထူးခြားချက်ကား နှစ်ယောက်စလုံးပင် ဆရာကြီးထံသို့ မပြန်ကြတော့ဘဲ ဘုရားရှင်ခြေတော်ရင်း၌ ရဟန်းပြုလိုက်ကြခြင်းပင် ဖြစ်ပေ၏။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# မယ်တော်ကြီး

**ဆိတ်ငြိမ်ရိပ်သာသို့**

မဇ္ဈိမနိုင်ငံသည် တောတောင်တို့ ထူထပ်များပြားသည် မှန်ပါ၏။ သို့ရာတွင် ရသေ့ ရဟန်းတို့အဖို့ ဆိတ်ငြိမ်ရိပ်သာအဖြစ် အမှီသဟဲပြုကာ တရားအားထုတ်ဖို့ရန် သင့်လျော်သော တောတောင်ဟူ၍ကား တစ်နေ့တခြား ရှားပါးလာခဲ့သည်။ ကျေးလက်တောရွာတို့ ပေါများသည်လည်း မှန်ပါ၏။ သို့ရာတွင် ရသေ့ ရဟန်းတို့ အမှီသဟဲပြုနိုင်သော ဒေသဟူ၍ကား တစ်နေ့တခြား ရှားပါးလာခဲ့သည်။

အကြောင်းကား ဗုဒ္ဓသာသနာတော် မပေါ်လာမီကပင် ရသေ့ ရဟန်း အလုပ်ဟူသည် မိမိဘာသာအလျောက် အလေ့အထုံ ထွန်းကားခဲ့သောနိုင်ငံ ဖြစ်လေရာ ရသေ့ ရဟန်းအလုပ်ဟူသည် မည်သည့်ဘာသာကပင်ဖြစ်စေ တောတောင်ဆိတ်ငြိမ် ဒေသသို့သာ အဓိကရည်ညွှန်း၍ အစာအာဟာရအတွက်မှာလည်း ပေးလှူမည့်သူ ဒါယကာ, ဒါယိကာမတို့ကိုသာ အမှီပြုသဟဲပြုခဲ့ကြသောကြောင့် ဖြစ်ပေ၏။

သို့ဖြစ်ရာ ဗုဒ္ဓသာသနာတော် ပေါ်ပေါက်ထွန်းကားလာသော ယနေ့အချိန်တွင်မူကား မဇ္ဈိမမြောက်ပိုင်းတခိုတွင် သင်္ကန်းတော်ရောင်တို့ဖြင့် ဖုံးလွှမ်းလုမတတ်ပင် ရှိခဲ့လေရာ ရဟန်းတော်များအတွက် သင်္ကန်း၊ ဆွမ်း၊ ကျောင်း တည်းဟူသော အခြေခံလိုအပ်ချက်များမှာ တစ်နေ့တခြား ရှားပါးခက်ခဲ၍လာခဲ့ပေသည်။

ရှာန်အရှင်၊ သမာပတ်အရှင် မဟုတ်သေးသော ရဟန်းတို့အတွက် တောတောင် ဆိတ်ငြိမ်ရာအရပ် ဆိုတိုင်းလည်း သီတင်းသုံးဖို့ရန် မသင့်လျော်သေးပေ။ ဆိတ်ငြိမ်ရာအရပ်လည်းဖြစ်၍ ဆွမ်းကွမ်းအတွက် လက်လှမ်းမီရာ အရပ်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖို့လိုသေးသည်။ ဆိတ်ငြိမ်ရာအရပ် ဆိုသမင့်လည်း ဖြောင့်အေးစွာ တရားအားထုတ်နိုင်ရေးအတွက် တောကျောင်းကလေး အစ၊ ရေမိုးစသည့် အဆင်ပြေဖို့ကလည်း လိုပေသေးသည်။

အရှင်မဟာကဿပကြီးတို့လို၊ အရှင်သာရိပုတ္တရာ၏ညီတော် အရှင်ရေဝတတို့လို အရိုးကြေကြေ အရေခန်းခန်း၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် အသက်နှင့်ခန္ဓာကို လုံးဝမငဲ့၊ တရားရေးတစ်ခုတည်းကိုသာ ဦးတည်၍ ခက်ခက်ကြမ်းကြမ်းနေနိုင်စွမ်းသော ရဟန်းမျိုးချည်းလည်း မဖြစ်နိုင်။

ရဟန်းတစ်စုသည် အမြင်အတွေ့အားဖြင့် သင့်တင့်လျော်ကန်လှသော ဆိတ်ငြိမ်တောအုပ်တစ်ခုတွင် မှီတင်းသီတင်းသုံးမိကြ၏။ နေရာထိုင်ခင်း၊ ဆွမ်းကွမ်း၊ ရေမိုး အားလုံးအဆင်ပြေပါ၏။ သို့ရာတွင် ယင်းဒေသရှိ တောစောင့်နတ်၊ တောင်စောင့်နတ်တို့က လက်မခံသောဒေသ ဖြစ်နေပြန်သည်။ ယင်းရဟန်းတော်များအဖို့ တရားကို ဖြောင့်အောင် အားမထုတ်နိုင်တော့သဖြင့် ဘုရားရှင်ထံတော်ပါးသို့ ပြန်၍သွားကြရတော့ရာ နေရာရှားပါးလှသော အခက်အခဲကြောင့် ဘုရားရှင်က အဆင်မပြေသောကိစ္စအတွက် အဆင်ပြေအောင် စီစဉ်ပေးလိုက်ရသည်။ ဤတွင် ယနေ့ခေတ်တိုင် သာသနာတော်တစ်လျှောက်လုံး ကျော်ကြားလှသော 'မေတ္တာသုတ်' ပေါ်ပေါက်လာရသည်။

တောတောင်ဆိတ်ငြိမ်ရပ်တွင်နေ၍ ကြောက်လန့်လျှင်ဖြစ်စေ၊ အခြောက်အလန့်ခံရလျှင်ဖြစ်စေ အားဆေးကြီးတစ်ပါးဖြစ်သော 'ဓဇဂ္ဂသုတ်'ပေါ်ပေါက်လာရသည်။ နောင်အခါတွင် ရဟန်းတော်များအဖို့ ယင်းသို့အခက်အခဲမျိုးများရှိကြောင်း သိရှိလာရကြသော သာသနာချစ်နတ်မင်းကြီးများက နတ်ချစ်ပရိတ်များ ပေးလှူသဖြင့် ဘုရားရှင်က ပြန်လည်ဟောကြားသော 'အာဋာနာဋိယသုတ်'လို ပရိတ်မျိုးပေါ်ပေါက်လာရသည်။

တောတောင်တခိုတွင်နေ၍ အစစ အဆင်ပြေပြီဆိုသမင့်လည်း အနှောင့်အယှက်အန္တရာယ်တစ်ပါး ရှိနေတတ်ချေသေးသည်။ ယင်းသည်ကား မြွေအန္တရာယ်ပင် ဖြစ်ပေ၏။ တောတောင်ထူထပ်၍ ရာသီဥတုပူအိုက်သော မဇ္ဈိမနိုင်ငံသည် သဘာဝအားဖြင့် မြွေပေါသောနိုင်ငံ ဖြစ်သည်။ မြေရိုးရိုးမျှမဟုတ်၊ ကြည့်ရုံထိရုံမျှဖြင့် အန္တရာယ်ဖြစ်နိုင်သော မြွေဆိုး၊ မြွေတန်ခိုးရှင်တို့လည်း ပေါများလှသည်။ အရှင်သာရိပုတ္တရာ၏ညီ တန်ခိုးတော်ရှင် အရှင်ဥပသေနသည်ပင်လျှင် လိုဏ်ဂူ

www.burmeseclassic.com



တစ်ခုတွင် တရားအားထုတ်ရင်း ယင်းမြွေအန္တရာယ်ကြောင့် ပရိနိဗ္ဗာန်ပြုခဲ့ရသည်။ ထို့ကြောင့်ပင် တော၏မိတ်ဆွေ ရဟန်းတော်တို့အတွက် မြွေအန္တရာယ်ကိုတားသော 'ခန္ဓသုတ်'ပရိတ် ပေါ်ပေါက်ခဲ့ရ၏။

ယင်းသို့လျှင် ယခုနှစ် ဝါဆိုတော်ဦး၌ တစုတဝေးတည်း ရဟန်းဖြစ်၍လာကြသော အရှင်တိဿ အမှူးပြုသည့် ရဟန်းတော်ခြောက်ကျိပ်အဖို့ တရားအလုပ်ကို ကျားကုတ်ကျားခဲ အားထုတ်နိုင်ရန်အတွက် မည်သည့်တောရွာဒေသ၊ မည်သည့်တောတောင်ကို အမှီပြုကြရပါမည်နည်းဟူသော ပြဿနာတစ်ရပ် ပေါ်ပေါက်၍ လာခဲ့ရသည်။

ဝါတော်ဦးအချိန်တွင် ရဟန်းဖြစ်လာကြခြင်းမှာ ငြိမ်ဆိတ်သော ဝါတော်ရာသီအတွင်း၌ တရားအားထုတ်နိုင်ရန်ဟု ရည်မှန်း ရဟန်းဖြစ်လာကြခြင်းဖြစ်သည်။ ရဟန်းတော်တို့အတွက် တစ်နှစ်အတွင်း ဝါတော်ရာသီဟူသည် အခြားရည်မှန်းချက်မည်သို့ရှိသည်ဆိုစေ၊ နွေရာသီကဲ့သို့ ခရီးသွားလာမှု စသော အာရုံထွေပြားမှုမရှိဘဲ တစ်မိုးတစ်ယာမ်၊ တစ်ကျောင်းတည်းတွင် ကျစ်လျစ်ငြိမ်ဆိတ်စွာနေထိုင်၍ ရဟန်း၏ အဓိကအလုပ်ဖြစ်သော တရားအားထုတ်ရန် အချိန်အဖြစ် ဘုရားရှင်က ရည်မှန်းချက်ပြု၍ သတ်မှတ်ထားသောအချိန်ဟု အရှင်တိဿတို့ ယူဆသည်။

သာဝတ္ထိတွင်ပင် ဝိသာခါ၊ အနာထပိဏ် စသော သာဝတ္ထိသားတို့၏ စေတနာကို ခိုလှုံကာ မိမိတို့အဖို့ စားရကာမတ္တ၊ သောက်ရကာမတ္တမျှဖြင့် ပေါ့ပေါ့တန်တန် နေသွား၍ မသင့်လျော်ဟု အရှင်တိဿတို့ ယူဆသည်။

သို့ဖြစ်၍ မိမိတို့စရိုက်နှင့် သင့်လျော်ရာ ကျင့်သုံးမှုတရားများကို ကိုယ်စီတောင်း၍ ဆိတ်ငြိမ်ရာ တောတောင်တစ်ခုခုကို မှီခိုကြဖို့ စိစဉ်လိုက်သောအခါ မိမိတို့မှာ တစ်ပါးစ၊ နှစ်ပါးစမျှမက စိတ်တူကိုယ်တူ တစုတပေါင်းတည်း ခြောက်ကျိပ်မျှ ရှိနေရုံမက သိရှိဖူးကြသမျှ တောတောင်ဒေသ ကျေးရွာတခိုကို စဉ်းစားလိုက်သည့်အခါတိုင်းတွင်လည်း သူ့နေရာနှင့်သူ ရဟန်းတော်တို့ ရှိနေပြီးဖြစ်သောကြောင့် နေရာအတွက် ပြဿနာ ဖြစ်နေကြရတော့သည်။

သို့ရာတွင် သာဝတ္ထိတို့လို မြို့ကြီးပြကြီးများတွင်တော့ မနေလိုကြ။ ကျယ်ပြန့်သော ဘုရားရှင်၏ သာသနာတော်တွင် မိမိတို့အတွက် နေရာတစ်ခုတော့ ရှိတန်ကောင်းရာပါ၏ဟူသော မရေမရာ မျှော်လင့်ချက်ဖြင့်ပင် သာဝတ္ထိ၏ မြောက်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



တခိုရှိ တောတောင်ထူထပ်ရာဘက်သို့ တစ်တောဝင် တစ်ရွာထွက်ဖြင့်ပင် စွန့်စားထွက်ခွာလာကြသည်။

ဤတွင် အရှင်တိဿတို့ရဟန်းစုနှင့် ဘဝရေစက်နီးသော မာတိကမယ်တော်ကြီးနှင့် တွေ့ကြရသည်။

သာဝတ္ထိတောင်ခြေမှ မာတိကရွာသည် မြို့တော်နှင့် အလှမ်းဝေးသော်လည်း စည်ပင်သာယာသော ရွာကြီးဖြစ်၏။ မာတိက အမည်ရှိသူက ကြီးမှူးအုပ်ချုပ်၍ မာတိကရွာဟု ခေါ်သည်။ မာတိက၏ မိခင်ကြီးကို အကြီးအကဲ၏ အမေဖြစ်၍ 'မယ်တော်ကြီး'ဟုပင် ခေါ်ကြသည်။

အရှင်တိဿတို့အဖို့ မိမိတို့ရဟန်းအုပ်စု များပြားသောကြောင့် နံနက်ပိုင်းဆွမ်းခံချိန်များ၌ တစ်နေရာ၊ တစ်ရပ်ကွက်တွင်ပင် တစုတဝေးတည်း မနေဘဲ နေရာတစ်ခုကို အချိန်းအချက်ပြုကာ ကိုယ့်နည်း ကိုယ့်ကံဖြင့် ဆွမ်းရှာကြရသည်။ ပြည့်စုံသည်လည်း ရှိ၏။ မပြည့်စုံသည်လည်း ရှိ၏။ ဝေဌ စားကြရသည်လည်း ရှိ၏။

ယင်းသို့ တစ်တောဝင် တစ်ရွာထွက် ဆွမ်းခံလှည့်လည်ရင်းဖြင့်ပင် မိမိတို့အားလုံးအတွက် သင့်လျော်မည်ထင်သော ပုံမှန်နေထားတကျ သီတင်းသုံးရမည့်နေရာကိုလည်း ရှာခဲ့၏။ သို့နှင့် ဝါဆိုရက်ကလည်း နီးကပ်လာခဲ့ပြီ။ ဝါဆိုရက်ရောက်မှ သင့်လျော်သောနေရာ မတွေ့ရသေးလျှင် ရတတ်သမျှ နေရာတွင်ပင် ဖြစ်တတ်သလို သီတင်းသုံး ဝါကပ်ကြရတော့မည် ဖြစ်၏။

မာတိကရွာသို့ရောက်၍ တစ်နေရာတွင် အချိန်းအချက်ပြုကာ ကိုယ်စီခွဲ၍ ဆွမ်းခံ ထွက်ကြတော့မည့်ဆဲဆဲတွင်ပင် တစ်နေရာမှ ကိစ္စတစ်ခုဖြင့် ပြန်လာသော မယ်တော်ကြီးနှင့် တွေ့သည်။ တွေ့သည်နှင့် တစ်ပြိုင်နက်ပင် မယ်တော်ကြီးသည် နှစ်ပေါင်းများစွာ ကွဲကွာနေသော သားများကို ပြန်လည် တွေ့ဆုံရသကဲ့သို့ ရွှင်လန်းတက်ကြွသော အမူအရာဖြင့် ဝင်ရောက်ရှိခိုးကာ "ငါ့သားတို့...ဆွမ်းခံကြွကြမည်ထင်ပါ့"ဟု လျှောက်ထားသည်။

"မှန်ပါသည် မယ်တော် ဒါယိကာမကြီး"

"ငါ့သားတို့ ဘယ်နှစ်ပါး ရှိပါသနည်း"

"ခြောက်ဆယ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ခြောက်ဆယ်လုံးကိုပင် တပည့်တော်မ ဆွမ်းကပ်ပါမည်။ အိမ်သို့ ကြွတော်မူကြပါဘိ"

ရဟန်းတော်များက ဆိတ်ဆိတ်နေကြသည်။ မယ်တော်ကြီးသည် နောက်ပါ အခြံအရံအချို့အား အိမ်သို့ အမြန်စေလွှတ်၍ ဆွမ်း ကွမ်း ချက်ပြုတ်ရန်နှင့် နေရာထိုင်ခင်း စီစဉ်ရန် ခိုင်းစေလိုက်သည်။ သို့နှင့် မယ်တော်ကြီးနှင့်အတူ အိမ်သို့ ကြွရောက်၍ ခင်းထားအပ်သော နေရာတွင် ဆွမ်းချက်သည်ကို စောင့်ရင်း မယ်တော်ကြီးနှင့် အာလာပသလ္လာပ ပြောဆိုကြသည်။

ရဟန်းအားလုံး၏ မယ်တော်ကြီးအရွယ် ဖြစ်ရာတွင် မယ်တော်ကြီးအား တွေ့လျှင်တွေ့ချင်းပင် မိခင်ပမာ မေတ္တာရေးရှုမိကြသည်တစ်ကြောင်း၊ အခြွေအရံတို့က မယ်တော်ကြီးဟု ခေါ်သည်ကို ကြားရသည်လည်း တစ်ကြောင်းကြောင့် အရှင်တိဿတို့ကလည်း အလိုက်သင့်ပင် "မယ်တော်ကြီး"ဟု ခေါ်ကြသည်။ ဘုရားရှင်ကလည်း ဒါယိကာမများနှင့် မရှောင်သာ၍ တွေ့ဆုံ ဆက်ဆံရသည် ဆိုလျှင် မိခင်အရွယ်ကို မိခင်၊ နှမအရွယ်ဖြစ်လျှင် နှမ၊ ပြောဆိုဆက်ဆံရမည်ဟု မိန့်ကြား ဆုံးမထားသည် မဟုတ်ပါလော။

"ငါ့သားတို့ ဘယ်ကလာ၍ ဘယ်ကိုကြွကြမှာတုံး"

"လာသည်ကတော့ ဇေတဝန်ကျောင်းတော် ဘုရားရှင် အထံတော်မှ လာခဲ့ကြပါသည်။ ဘယ်ကိုကြွမည်ဟုတော့ ရည်မှန်းချက် အတိအကျမရှိပါ။ တရားအား ထုတ်ရန်အတွက် သင့်လျော်ရာ နေရာကို ရှာနေကြဆဲပါ မယ်တော်ကြီး"

ထိုစကားကြောင့် မယ်တော်ကြီးက ဝမ်းမြောက် တက်ကြွစွာဖြင့် နဖူးထက်တွင် ဦးတင်ရင်း "အဆင်သင့်လိုက်ပါလေခြင်း ငါ့သားဟန်းတို့... တပည့်တော်သည် ဘုရားရှင်၏ သမီးတစ်ယောက်ပါ။ ရတနာသုံးပါး ဆည်းကပ်ရင်း ဥပုသ်သီတင်း စောင့်သုံးရန်အတွက် ရဟန်းတော်တစ်ပါးပါးကို မပြတ်လုပ်ကျွေး ကိုးကွယ်ရန် ရည်မှန်းချက် ရှိခဲ့သည်မှာ ကြာပါပြီ။ တပည့်တော်ကလည်း အသက်ကြီး၍ ဘုရားရှင် သီတင်းသုံးရာ သာဝတ္ထိသို့ မရောက်နိုင်၊ တပည့်တော်တို့အရပ်က ဝေးခေါင်လှသောကြောင့် ရဟန်းတော်များကလည်း အရောက်အပေါက် နည်းပါဘိသနှင့် ယနေ့တိုင် အဆင်မပြေ ဖြစ်နေရပါသည်။

"ယခု ငါ့သား ရဟန်းတို့ ရောက်လာ၍ ဝမ်းမြောက်ရပါသည်။ ငါ့သားများအား တောခြေတောအုပ် တစ်နေရာတွင် ကျောင်းဆောက်၍ လှူဒါန်းပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းကိုတော့ တပည့်တော်၏ အသက်ကို ငဲ့၍လည်းကောင်း၊ နေ့စဉ်ဖူးတွေ့၍ ဥပုသ်သီတင်း စောင့်နိုင်ရန်အတွက်လည်းကောင်း အိမ်သို့ကြွရောက် ဘုဉ်းပေးတော်မူကြပါဘုရား"

"ဝမ်းမြောက်ဖွယ် အလှူဖြစ်ပါသည် မယ်တော်ကြီး၊ သို့သော် အပါးခြောက်ဆယ်လုံးကို အနည်းဆုံး ဝါတွင်းသုံးလပတ်လုံး မယ်တော်ကြီး တာဝန်ယူဖို့ရန် ခက်ခဲအံ့ ထင်မိပါသည်"

"ကိစ္စမရှိပါ၊ တပည့်တော် စဉ်းစားပြီးမှ လျှောက်ထားခြင်းပါ။ အရှင်ဘုရားတို့ ချမ်းမြေ့စွာ သီတင်းသုံးရင်း တရားအားထုတ်နိုင်ကြဖို့ ဖြစ်ပါသည်။ တစ်ကြောင်းမှာလည်း ယနေ့အချိန်မှာ ဝါဆိုရက် နီးကပ်လာပြီဖြစ်၍ အခြားနေရာတွင် ငါ့သားတို့အတွက် သည့်ထက် အခက်အခဲဖြစ်ရဖို့သာ ရှိပါသည်။ သို့ပါ၍ တပည့်တော်ကျောင်းတွင်ပင် သီတင်းသုံးကြပါကုန်"

"သာဓု...သာဓု...သာဓု မယ်တော်ကြီး"

သို့နှင့် တစ်ဖက်တွင် ဆွမ်းကွမ်းအတွက် စီစဉ်ရင်းနှင့်ပင် တစ်ဖက်မှလည်း ရွာသားများကိုခေါ်၍ ကျောင်းအတွက် စီစဉ်လိုက်သောအခါ တောခြေတောင်အုပ်၏ မြေပြန့်ပြန့် ရေသန့်သန့်တစ်နေရာတွင် တစ်ပါးလျှင် တစ်ကျောင်းကျစီဖြင့် တရားအားထုတ် သီတင်းသုံးရန် သင့်လျော်သော ကျောင်းကလေးများသည် နေ့ချင်းညချင်း ဆိုသလိုပင် အစီအရီနှင့် နှလုံးမွေ့လျော်ဖွယ်ရာ ဓမ္မရိပ်သာကြီး ဖြစ်လာရ၏။

ဝါဆိုချိန်ကလည်းနီးကပ်၊ တောအုပ်အတွင်း ရတ်ခြည်းဖြစ်၍ နေရာအခင်းအကျင်း အဆင်ပြေအောင် သစ်ကြီးဝါးကြီးများကိုတော့ မပယ်ရှားနိုင်တော့။ သစ်ပင်ကြီးများအောက် ချောက်ကမ္ဘားစသည့် နေရာမျိုးစုံတွင် သင့်လျော်သလို ကျောင်းကလေးများဆောက်သည်။ အကြောင်းကြီးငယ် ရှိသည့်အခါ သို့မဟုတ် နေ့သန့် ညသန့်ရန်အတွက် ကျောင်းအားလုံး၏အလယ် မြေကျယ်ကျယ်နေရာတွင်မူ သံဃာအားလုံး သီတင်းသုံး နားနေနိုင်လောက်သော တရားမဏ္ဍပ်သဖွယ် ဇရပ်ကျယ်ကျယ်တစ်ဆောင်ကို ဆောက်သည်။ ယင်းတရားမဏ္ဍပ်တွင်ပင် စိတ်ကူးကောင်းသော ဒါယကာတစ်ဦးက အကြောင်းရှိလျှင် အသုံးပြုနိုင်ရန်ဆိုကာ သစ်အုန်းမောင်းတစ်လုံး ထွင်းထု ဆင်ယင်ပေးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် မာတိကရွာကြီးသည် ယခင်ကလည်း သဘာဝအလျောက် သာယာစည်ပင်လျက် ရှိခဲ့ရာက မယ်တော် ဒါယိကာမကြီး၏ ကျေးဇူးကြောင့် ကျောင်းကန် ဘုရား သံဃာတော်အများနှင့် စည်စည်ကားကား ဖြစ်လာလေတော့သည်။

**အားထုတ်ကြစို့**

"အရှင်ဘုရားတို့...တပည့်တော်တို့မှာ ဘုရားရှင်၏ အရှိန်အစော် သာသနာတော်၏ ထီးရိပ်၊ မယ်တော်ကြီး၏ စေတနာကြောင့် နေရေးရော စားရေးပါ မတောင့်မတ မကြောင့်မကြ ရှိကြရလေပြီ။ မယ်တော်ကြီး၏ ကျေးဇူးကားကြီးမားလှပါဘိ၏"

ဝါတော်ဝင် ညဉ့်ဦး တရားဇရပ်၌ ခေါင်းဆောင် ရဟန်းတော် အရှင်တိဿက ဝါကပ်ပြီးစအချိန်တွင် အပေါင်းပါ ရဟန်းတော်များအား သြဝါဒ မိန့်ကြားနေခြင်း ဖြစ်၏။

ဇေတဝန်ကျောင်းတော် ဘုရားရှင် ရှိတော်မူရာ အရပ်သို့ ရည်မှန်း၍ ဘုရား ရှိခိုးပြီးကြပြီ။ ပရိတ်ဘာဝနာ ရွတ်ဖတ် ပွားများပြီးကြပြီ။ မေတ္တာတရား ပွားများ ပို့သပြီးကြပြီ။ အမျှအတန်း ပေးဝေပြီးကြပြီ။ ဤကျောင်းတွင် ဝါတော်ချိန် သုံးလပတ်လုံး သီတင်းသုံး ဝါကပ်ပါမည်ဟု ပဋိညာဉ်ပြုပြီးကြပြီ။ နေ့နာရီ၊ ညဉ့်နာရီတို့ ညီမျှသော ဝါဆိုလပြည့်ကျော် တစ်ရက်နေ့ ညဉ့်၏ ထိန်ထိန်သာသော လရောင်အောက်ရှိ တရားမဏ္ဍပ်တွင် ရဟန်းတော်တို့သည် ရတနာသုံးပါးသို့ ဦးညွတ်သောစိတ်ဖြင့် ငြိမ်ဝပ်လျက် ရှိကြ၏။

"မယ်တော်ကြီးရဲ့ ကျေးဇူးကို ပြန်ဆပ်ဖို့ကတော့ တပည့်တော်တို့ဟာ တရားအလုပ်ကို ကျားကုတ်ကျားခဲ အားထုတ်ကြဖို့ပဲ။ တရားအားထုတ်ရအောင်လို့ပဲ တပည့်တော်တို့ဟာ ဘုရားရှင်ထံတော်က ကိုယ်စီတရားတောင်းလာခဲ့ကြတယ်။ သာဝတ္ထိက ခွာလာခဲ့ကြတယ်။ နို့ပေမယ့် ဆွမ်းကွမ်း မပြည့်စုံမှု၊ နေရာထိုင်ခင်း အခြေမကျမှုကြောင့် တပည့်တော်တို့ဟာ ဒီနေ့အထိ တရားအလုပ်ကို ဟုတ်တိပတ်တိ မလုပ်နိုင်ခဲ့ကြသေးဘူး။ အခုတော့ တရားအလုပ်ကို ဟုတ်တိပတ်တိ လုပ်ကြဖို့ အချိန်ရောက်ပြီ။

"တရားအားထုတ်ရာမှာ တပည့်တော်မြင်တဲ့ အခက်အခဲတစ်ခုကတော့ တပည့်တော်တို့ဟာ ဆိတ်ငြိမ်ရာ တောရိပ်ခိုဖို့ ထွက်လာခဲ့ကြပေမယ့် လူများစု ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ လူများစုရဲ့ အပြစ်ဟာ လက်ကောက်နှစ်ခုရှိလျှင် တချွင်ချွင် လှုပ်ခတ် အသံမြည်တတ်သလို စကားပြောလို၊ စကားနာလိုကြခြင်းပဲ။ တကယ်မလိုအပ်ဘဲနဲ့ အပျင်းတရား နှိပ်စက်မှုကြောင့် စကားပြော၊ စကားနာခြင်း ဆိုတာဟာ တရား အားထုတ်မှုအလုပ်ရဲ့ ချွတ်ယွင်းချက်ကြီး တစ်ခုပါပဲ။ ဒါကြောင့်မို့ သူတော်ကောင်း များဟာ အဖော်မပါ ဧကစာရီ တောမိုကျင့်သုံးကြခြင်း ဖြစ်ပါတယ်။

"ယောဂီဟာ စကားပြောချင်လာပြီဆိုလျှင် သူတော်ကောင်းအလုပ်ဖြစ်တဲ့ ဓမ္မသဝန ဓမ္မဒေသနာ တရားနာ တရားဟော အလုပ်ဆိုပြီး ကိုယ့်ဟာကိုယ် ဆင်ခြေဝင်လာတတ်တယ်။ စကားပြောခြင်းဆိုတဲ့ လူသာမန်တို့အလုပ်ဟာ တရား ဟောခြင်းဆိုတဲ့ သူတော်ကောင်း အလုပ်ယောင်ဆောင်ပြီး မိမိကိုယ်ကို လှည့်စားလာ တတ်ပါတယ်"

"အဲဒီလို လူမသိဘူးဆိုပြီး မဟုတ်တာကို အဟုတ်လုပ်ယူတဲ့ လှည့်စားမှုမျိုး၊ မဟုတ်တာကို အဟုတ်လုပ်ပြောတဲ့ လှည့်စားမှုမျိုးဟာ တရားသမားတို့ရဲ့ အခြေခံ အင်္ဂါရပ်ငါးပါးအနက် လူမသိပေမယ့် ရိုးသားရမယ်ဆိုတဲ့ အခြေခံအင်္ဂါရပ် တစ်ပါး ပါပဲ။ တရားသမားတို့အဖို့ အဲဒီလူသာမန်တို့နဲ့မတူ၊ သီးခြားလိုက်နာရမယ့် အကျင့် စရဏတရား တစ်ဆယ့်ငါးပါးတောင် ရှိပါတယ်။ ဒီဆယ့်ငါးပါးအတိုင်း မကျင့်ရင် တရားထူး မရနိုင်ပါဘူး"

"ဒီနေ့တော့ တပည့်တော်တို့အတွက် အရေးကြီးလှတဲ့ နှစ်ပါးကိုသာ ပြောကြား လိုပါတယ်။ တစ်အချက် တပည့်တော်တို့ဟာ ဒီနေ့ ဒီအချိန်ကစပြီး မယ်တော်ကြီး အိမ် ဆွမ်းစား သွားကြဖို့ နံနက်ပိုင်း စဝေးချိန်နဲ့ ညဦးပိုင်း အခုလို ဘုရားရှိခိုးချိန်မှ တစ်ပါး တရားကိုသာ ဖွဲ့နပဲနဲ့ အားထုတ်ပြီး စကားမပြောကြစတမ်း၊ တစ်နေရာ တည်းမှာ နှစ်ယောက်အတူ မနေကြစတမ်း"

"ဒုတိယအချက်ကတော့ မယ်တော်ကြီးဟာ စေတနာထက်သန်လို့ ဆွမ်း ကွမ်းတာဝန် ယူထားပေမယ့် ဝိသာခါ၊ အနာထပိဏ်တို့လို သူဌေးကြီး မဟုတ် ပါဘူး။ ဒါကြောင့်မို့ နေ့စဉ်လှူဒါန်းတဲ့ ဆွမ်း ကွမ်းဟာ ခေါင်းပါးချင်လည်း ခေါင်းပါးပေလိမ့်မယ်။ ပေါများချင်လည်း ပေါများပေလိမ့်မယ်။ ခေါင်းပါးသည် ဖြစ်စေ၊ ပေါများသည်ဖြစ်စေ ဆွမ်း ကွမ်း ကိစ္စအတွက် မယ်တော်ကြီးကို တစ်စုံ တစ်ရာ မပြောဆိုကြစတမ်း။ ကဲ...ဒီအချိန်ကစပြီး မမေ့မလျော့၊ မပေါ့တန်သော သတိနဲ့ တရားအားထုတ်ကြပါစို့"

www.burmeseclassic.com

www.burmeseclassic.com



"သာဓု...သာဓု...သာဓုပါ ဘုရား"ဟု သံဃာအားလုံးကပင် သဘောတူ အနုမောဒနာ ပြုလိုက်ကြသည်။

## တရားရှင် မယ်တော်ကြီး

မှန်လှပေ၏။ သူကြီးမိခင် ဆိုသော်လည်း သံဃာအပေါ် ခြောက်ဆယ်ကို နေ့စဉ် ဆွမ်းကျွေးရသည့် အလုပ်မှာ စေတနာပင် ရှိစေကာမူ လွယ်လှသည်မဟုတ်။ တောရွာ ဇနပုဒ်ဖြစ်၍လည်း အပါးခြောက်ဆယ်အတွက် နေ့စဉ် ဟင်းကျွေးပစ္စည်း အကောင်းအမွန် ရရှိနိုင်ဖို့ အခက်အခဲရှိသည်။

သို့ဖြစ်ရာ ဆီဦးထောပတ် စသော ဟင်းကောင်း ဟင်းမွန် အလှည့်မှာ ရံဖန်ရံခါမျှဖြစ်၍ နေ့စဉ်မူကား တောလက်ကျေးရွာထွက် ပစ္စည်းဖြစ်သော ပွဲတစ်လှည့်၊ ဟင်းရွက် ဟင်းသီး တစ်လှည့်သာ ဖြစ်နိုင်ပေတော့သည်။

ယင်းကဲ့သို့ သံဃာတော်များအဖို့ ကွမ်းအမွန်အမြတ် ချို့တဲ့လေသယောင်ကို မယ်တော်ကြီးအဖို့ ယနေ့ည အထူးသတိရလေ၏။ ယနေ့ည ဟူသည်ကား ဝါဆိုလပြည့် ညဦးကဲ့သို့ပင် လမင်း ထိန်ထိန်သာလျက်ရှိသော ဝါခေါင်လပြည့်နေ့ည ပေတည်း။

ပုဂ္ဂိုလ်အလျောက် ခံစားမှုမျိုးစုံဖြင့် နှိုးဆွတတ်သော လမင်းသည် မယ်တော်ကြီးအားလည်း စေတနာပေါ်အောင် နှိုးဆွ၏။ စေတနာရှိသော်လည်း မပြည့်စုံမှုကြောင့် ငါ့သားများသည် ဆွမ်း ကွမ်းချို့တဲ့ရရှာ၏။ ယနေ့ညအဖို့ ငါ့သားများအား စတုမဓု ကပ်လှူရသော် ကောင်းမည်ဟု စဉ်းစားမိသည့်အတိုင်း အသက်အရွယ်ကြီးရင့်သောကြောင့် ကျောင်းဆောက်ပြီးချိန်မှစ၍ ကျောင်းသို့ တစ်ခေါက်မျှ မရောက်ခဲ့လေသော မယ်တော်ကြီးသည် လရောင်လင်းလင်းအောက်တွင် ကျောင်းသို့သွား၍ စတုမဓု ကပ်လှူရန် ချက်ချင်းပင် နှိုးဆော် အစီအစဉ်လုပ်သည်။

သို့ဖြင့် ဆိတ်ဆိတ်ငြိမ်ငြိမ်နှင့် ကျောင်းတွင်းဇရပ်ဆီသို့ ဝင်ရောက်သွားသော အခါ သံဃာတော် တစ်ပါးတလေကိုမျှ မတွေ့ရ။ တစ်ကျောင်းလုံးမှာလည်း ဆိတ်ငြိမ်လျက် ရှိသောကြောင့် မယ်တော်ကြီးအဖို့ အံ့အားသင့်မိသည်။ အကြောင်းမှာ ရဟန်းများသည်လည်း မိမိကဲ့သို့ပင် လရောင်အရသာကို ခံစားနေကြလိမ့်မည်ဟု ထင်ခဲ့မိသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်ပါးမှလည်း မတွေ့ပါလားဟဲ့၊ ကျိန်းစက်ကုန်ကြပြီ ထင်ပါရဲ့"ဟု မယ်တော်ကြီးက မေးလိုက်သောအခါ နေ့စဉ် သံဃာ့ဝေယျာဝစ္စလုပ်၍ သံဃာတော်များနှင့် ရင်းနှီးနေသော အိမ်သားတစ်ယောက်က "ဒီအချိန်ဟာ ကျိန်းစက်တဲ့အချိန် မဟုတ်ပါဘူး မယ်တော်ကြီး"ဟု ပြန်ပြောသည်။

"အနို့ ဘယ်ကြွကုန်ကြသလဲ"

"ကျောင်းကိုယ်စီမှာ တရားအားထုတ်နေကြပါတယ် မယ်တော်ကြီး"

"ဒီအချိန်ဟာ တရားအားထုတ်နေကြတဲ့ အချိန်လားဟဲ့။ မိုးပဲချုပ်လှပြီ။ ပြီးတော့ လကလေးသာသာနဲ့ ဘယ့်ကလောက် အနားယူဖို့ ကောင်းသလဲ"

"ကျွန်တော်သိရသလောက်တော့ လသာတာ မသာတာဟာ သံဃာတော်များအဖို့ အကြောင်းမဟုတ်ပါဘူး။ နံနက်ပိုင်း ဆွမ်းစားကြွဖို့ စုဝေးတဲ့ အချိန်ကလေးရယ်၊ ညဦးပိုင်း ဘုရားဝတ်တက် မေတ္တာပို့တဲ့ အချိန်ကလေးရယ် အဲဒီနှစ်ချိန်က လွဲရင် တရားအားထုတ်နေတတ်ကြတာချည်းပါပဲ"

"သာဓုကွယ်၊ သာဓု...သာဓု၊ အနို့...ဒီလိုဆိုရင် ငါ့သားတွေကို စတုမဓု ဘယ်လိုကပ်ရပါ့"

"ဒါကတော့ မယ်တော်ကြီး အလိုရှိတယ်ဆိုရင် ဟောဒီဇရပ်ပေါ်က အုန်းမောင်းကို ခုနစ်ချက်တီးလိုက်ရင် မယ်တော်ကြီးသားတွေ အကုန်ကြွလာကြမှာပေါ့"

"တယ်ဟုတ်တဲ့ အစီအစဉ်ပါလားဟဲ့။ ငါ့သားတွေကို စတုမဓု ကပ်လှူရုံတင် မကဘူး၊ သိပ်ပြီးတော့လည်း ဖူးတွေ့ချင်တဲ့စိတ် ပေါ်လာတယ်။ ဒီတော့ ငါ့သားတွေ ကြွလာအောင် ခေါက်စမ်းဟဲ့ ခေါက်စမ်း။ မင်းတို့ အုန်းမောင်းကို"

အသက်အရွယ်ကြီး၍ ပုတီးဖြင့်သာ အေးအေးနေလေ့ရှိသော မယ်တော်ကြီးအဖို့ ကြားရမြင်ရသည်များမှာ ခပ်ဆန်းဆန်းလို ဖြစ်နေသည်။ ပြည့်ဝန်းသော လမင်း၏ အရောင်ဟူသည် လူတိုင်းကို နှစ်သိမ့်စေသော အရောင်ဖြစ်သည်။ ပြီးတော့ မိုးရာသီဖြစ်၍ ဥတုအဆင်ပြေသောကြောင့်သာ တွေ့မြင်ရသော အရောင်ဖြစ်သည်။ စိမ်းလန်းသော တောတောင်နှင့် အလွန်ပနံရသော အရောင်ဖြစ်သည်။ မိမိပင်လျှင် ဤလရောင်ကြောင့် စေတနာပေါ်ခဲ့ရသည်။ ငါ့သားများသည် ဤလရောင်၏ အရသာကို တစ်ပါးမှ မခံစားကြဘူးလား။ မယ်တော်ကြီးအဖို့ စေတနာ တဖွားဖွား ပေါ်ပေါက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အုန်းမောင်းသံ သုံးချက်မျှ အရောက်တွင် ဇရပ်ဆီသို့ တစ်နေရာမှ သံဃာတစ်ပါး ကြွလာသည်ကို တွေ့ရ၏။ နောက်တစ်နေရာမှ တစ်ပါး၊ နောက်တစ်ပါး။ နှစ်ပါးပြိုင် အတူကြွလာသည်ကို မတွေ့ရ။ တစ်ပါးစီသာ တကွဲတပြားစီ ကြွလာသည်ကို တွေ့ရသောကြောင့် မယ်တော်ကြီးအဖို့ အံ့အားသင့်ရပြန်၏။ ငါ့သားများသည် တစ်စုံတစ်ခုသော အကြောင်းကြောင့် စိတ်ဝမ်းကွဲနေကြလေယောင်တကား။

သံဃာများသည် မိမိတို့ ကတိကဝတ် ထားသည့်အတိုင်း အကြောင်းကြီးတစ်ခုခု ရှိ၍သာ အုန်းမောင်းကို တီးခေါက်လေသည်ဟု ရုတ်ခြည်း ကြွလာကြရာက ကျောင်းသို့ မလာစဖူး အလာထူးသော မယ်တော်ကြီးကို တွေ့ရသောကြောင့် အကြောင်းမည်သို့ ရှိပါသနည်းဟု မယ်တော်ကြီးအား မေးသောအခါ စတုမဓုကပ်လှူရန် လာပါသည်ဟု လျှောက်ထား၍ မိမိတို့ နေရာအသီးသီးတွင် ထိုင်ကြသည်။

"ငါ့သားများသည် အိမ်သို့ ဆွမ်းစားကြွလာသောအခါ တညီတညွတ်တည်း ကြွလာကြသည်ကိုသာ တွေ့ရပါသည်။ ယခုတွေ့ရသည်မှာ တစ်ပါးစီ တကွဲတပြားစီ ဖြစ်နေပါသည်။ ငါ့သားတို့ စိတ်ဝမ်းကွဲပြားနေကြပြီဟု ထင်မိပါ၏"

"မဟုတ်ပါ မယ်တော်ကြီး"

"အနို့...ဘောက်မဲ့ကြောင့်..."

"ဆွမ်းစားကြွချိန်နှင့် ညဦးပိုင်း ဘုရားဝတ်တက်ချိန်မှတစ်ပါး တစ်နေရာတည်းတွင် နှစ်ဦးမနေကြစတမ်း၊ တစ်လမ်းတည်းတွင် နှစ်ဦးတွဲ၍ မသွားကြစတမ်း၊ စကားမပြောကြစတမ်းဟု ကတိကဝတ်ပြုထား၍ ဖြစ်ပါသည်"

"အတူနေပြီး စကားမပြောကြစတမ်းဟူသော ကတိကဝတ် ဆိုသည်မှာ တပည့်တော်အဖို့ မကြားစဖူး ထူးဆန်းနေပါတော့သည်။ မည်သည့်အကြောင်းကြောင့်ပါလဲ ဘုရား"

"တရားအားထုတ်ရာ၌ အနှောင့်အယှက် မဖြစ်စေရန် ဖြစ်ပါသည်"

"ငါ့သားတို့ တစ်နေ့လုံး တစ်ညဉ့်လုံးပဲ တရားအားထုတ်နေကြပါသလား"

"စွမ်းနိုင်သမျှ အားထုတ်ကြရပါသည် မယ်တော်ကြီး"

တရားအားထုတ်မှု၊ သို့မဟုတ် ခုတင်စသော ရဟန်းအလုပ်တစ်ခုခုကို ပြုလုပ်သော ဘုရားရှင်သားတော် ယောဂီရဟန်းတို့မည်သည် မိမိတို့၏ အကျင့်ကို

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်သိပ်သည်းရ၏။ တရားရှင်ကြီးအဖြစ် အတ္တုက္ကံ့သန မိမိကိုယ်ကို မပလွှားမိစေရန် သတိပြုရ၏။ သို့ဖြစ်၍ ဒါယိကာမကြီး မေးလျှောက်သည်ကို တတ်နိုင်သမျှ တိမ်းရှောင်၍ မိန့်ကြားခြင်းဖြစ်၏။ မယ်တော်ကြီးအဖို့မှုကား သူ့သားများ၏ ထက်သန်သော ဝီရိယ၊ ကောင်းမွန်လှသော စည်းကမ်းကို သိရှိရ၍ တစိမ့်စိမ့် တအိအိဖြင့် ဓမ္မပီတိတွေ ဝေဝေဖြာဖြာ သဒ္ဒါပွားလျက် ရှိနေပေသည်။

သို့နှင့် အခွင့်ကြုံခိုက်တွင် မိမိသိလိုနေသည့် အချက်တစ်ရပ် ရှိနေသည့်အလျောက် "အနို့...မောင်ပဉ္စင်းတို့ကျင့်တဲ့ တရားကို တပည့်တော်လည်း ကျင့်လို့ မဖြစ်နိုင်ပေဘူးလား"ဟု မေးလျှောက်လိုက်သည်။

သာသနာတော် စည်ပင်ပြန့်ပွား ထွန်းကားနေသည့် နေရာမျိုး၌ ဘုရားရှင်၏ တရားတော်နည်းလမ်းမျိုးစုံ၊ သိဖွယ်မျိုးစုံတို့မှာ ကျင့်မည့်သူက မကျင့်ကာမှရှိလေရော့၊ ကျင့်နိုင် သိနိုင်သည့် အခွင့်အရေးများစွာ ရှိနေသော်လည်း ကျေးရွာဇနပုဒ်တွင်သာ ကြီးပြင်းခဲ့ရရှာသော ဒါယိကာမကြီးအဖို့မှု ဗဟုသုတ နည်းပါးခဲ့ရသည်။

"ဘုရားရှင်၏ တရားတော် ဆိုသည်မှာ မည်သူမကျင့်ရဟူ၍ အတားအဆီး မရှိပါ။ သာသနာတော်ဟူသည် အမြဲဖွင့်ထားအပ်သော တံခါးရှိပါ၏။ တရားဟူသည် ကျင့်သုံးနိုင်သလောက် အကျိုးရသော အကာလိက ဂုဏ်တော်ရှင် ဖြစ်ပါသည် မယ်တော်ကြီး"

"သို့ဆိုလျှင် တပည့်တော်သည်လည်း ကျင့်သုံးလိုလှပါသည်။ ငါ့သားများ ကျင့်သုံးသော တရားကို ဟောကြားပါဘိ"

"ကောင်းပါပြီ၊ ဟောကြားပါမည်။ မလစ်သောသတိဖြင့် ထိထိမိမိ နာယူပေတော့ မယ်တော်ကြီး။ အတ္ထိကြိမသ္မိံ ကာယေ၊ ကေသာ..." စသည်ဖြင့် တစပဉ္စကတရားတော်ကို ခေါင်းဆောင်ရဟန်းဖြစ်သော အရှင်တိဿက ပိုင်းပိုင်းခြားခြား ဟောကြားလိုက်သောအခါ ဝပ်တွားနာယူလျက်ရှိသော မယ်တော်ကြီးအဖို့ အတန်ကြာမျှ မတုန်မလှုပ်နှင့် တရားအဟုန်တွင် နစ်ထုံလျက် ရှိနေသည်ကို တွေ့ကြရသည်။

အကြောင်းကား တရားပေါက်ရောက်မှုဟူသည် မိမိတို့၏ ပါရမီဓာတ်ခံအလျောက် နှစ်-လ ရှည်ကြာ ကျားခဲကျားကုတ် အားထုတ်ယူရသည်လည်းရှိ၏။ အရှင်အာနန္ဒာ စသူတို့လို တစ်နေ့တာမျှ အချိန်တိုတိုနှင့် အားထုတ်ယူရသည်လည်း

www.burmeseclassic.com

www.burmeseclassic.com



ရှိ၍ တရားတစ်ထုံး၊ ဂါထာတစ်ပုဒ်မျှဖြင့် ကျွတ်တမ်းဝင်ကြသူများလည်း ရှိရာတွင် ပါရမီရှင် ဣဒ္ဒါယိကာမကြီးသည်လည်း ရေနှင့်မတွေ့သေးသော ကြာပန်းကဲ့သို့ နှစ်ရှည်လများ တရားနှင့် ကင်းဝေးခဲ့ရသော်လည်း ယခု တစပဋ္ဌကတရားတော်ကို ကြားနာလိုက်ရသောအခါ သာသနာတော်တံခါးကြီး ဟင်းလင်းပွင့်၍ အနာဂါမ် စခန်းသို့ တစ်ထိုင်တည်း တက်လှမ်း ဆိုက်ရောက်သွားသတည်း။

## မယ်တော်ကြီး၏အပြုံး

အနာဂါမ်မှ သာမန်အနာဂါမ် မဟုတ်၊ သိစရာရှိသမျှ အဆီးအတားမရှိ၊ အကုန်သိ၊ မြင်စရာရှိသမျှ အပိတ်အပင်မရှိ အကုန်မြင်သော တန်ခိုးရှင်၊ ပါရမီရှင် ဘက်စုံပြည့် အနာဂါမ်မယ်တော်ကြီး ဖြစ်၏။

နှစ်သက်အပ်သော အဖိုးတန်ပစ္စည်းတစ်ခုကို ရရှိသည့်အခါ တစိမ့်စိမ့် အထပ်ထပ် သုံးသပ်ရှုကြည့်လိုက်သကဲ့သို့ မယ်တော်ကြီးသည်လည်း မိမိ လတ်တလော ရရှိအပ်သော အနာဂါမ်ပတ္တမြား တရားရတနာကို မိမိနေရာတိုက်ခန်းတွင် လွတ်လွတ်လပ်လပ် အထပ်ထပ် သုံးသပ်မွေ့လျော်လိုသည်။ ထို့ကြောင့် မိမိ၏ တရားပျိုးခင်း စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ်ဖြစ်သော ကျေးဇူးရှင် သားရဟန်းများကို အကြိမ်ကြိမ် ရှိခိုးဦးချပြီးနောက် အိမ်သို့ ဆိတ်ငြိမ်စွာ ပြန်ခဲ့သည်။

ဘက်စုံပြည့် အနာဂါမ်ဟူသည် လောကီအဘိညာဉ် တန်ခိုးရှင်တည်း။ မြင်လိုသောအရာမှန်သမျှကို အဆီးအတားမရှိ မြင်သည်။ ကြားလိုသော အသံမှန်သမျှကို အပိတ်အပင်မရှိ ကြားသည်။ လိုအပ်လျှင် သူတစ်ပါး၏ စိတ်အကြံကို သိသည်။ လိုအပ်သမျှကို ဖန်ဆင်းနိုင်သည်။ ပတ်ဝန်းကျင်ဟူသမျှသည် အနာဂါမ် အဖို့ ဟင်းလင်းပွင့်၏။ လောကပတ်ဝန်းကျင်မျှမက အကြင်သူတစ်ယောက်၏ အတိတ်ဘဝများကိုပင် အလိုရှိလျှင် မြင်နိုင်စွမ်းသည်။

သို့ရာတွင် ယင်းအဘိညာဉ် တန်ခိုးအမျိုးမျိုးဟူသည် ကြီးမြတ်သော တရားတော်၏ သဘာဝအလျောက် သူ့အလိုလို ရောက်ရှိ ရရှိလာအပ်သော အရာများသာ ဖြစ်၍ တရားတော်ရှင်အဖို့ကား အလေးထားအပ်သောအရာများမဟုတ်။ မလိုဘဲ အသုံးပြုလျှင် တရားရှင်နှင့် သာသနာတော်အား အနှောင့်အယှက်ပင် ဖြစ်စေနိုင်၏။ ထို့ကြောင့်လည်း ဘုရားရှင်က မလိုအပ်ဘဲ တန်ခိုးကို အသုံးပြုမိသော အရှင်

www.burmeseclassic.com

www.burmeseclassic.com



ပိဋကတ္တာလ ဘာရဒွါဇထေရ်အား အပြစ်တင်၍ တန်ခိုးပြခြင်းကို တားမြစ်တော်မူခဲ့လေသည်။

ယခုသော် သံဃာ့မိခင် မယ်တော်ကြီးအဖို့ တရားထူး တရားမြတ်ကို သိမ်းပိုက်ရရှိလာ၍လည်းကောင်း၊ ပတ်ဝန်းကျင် အခြေအနေ အရပ်ရပ်ကို အလိုအလျောက် ထွင်းဖောက်သိမြင်လာသော မိမိ၏ အဘိညာဉ်ကို သိမြင်လာ၍လည်းကောင်း ဝမ်းမြောက်ရ၏။ ထို့ကြောင့် ရရှိလာအပ်သော တရားကို အိပ်ရာတိုက်ခန်းတွင် အကြိမ်ကြိမ် အထပ်ထပ် သုံးသပ်ကြည့်နူးရင်းနှင့် မိမိကဲ့သို့ပင် တရားရှင် သားရဟန်းများ တရားကျင့်သုံး၍ အဘယ်စခန်း၊ အဘယ်အဆင့်သို့ ရောက်ရှိနေကြပါမည်နည်းဟု အဘိညာဉ်ဖြင့် ဆင်ခြင်သုံးသပ်ကြည့်လိုက်သောအခါ သားရဟန်းတို့အပေါ်တွင် ကရုဏာလည်းသက်မိ၏။ မိမိချင်းယှဉ်းမှုတစ်ခုအတွက် တရားအနှောင့်အယှက် ဖြစ်နေကြရရှာသည်ကို တွေ့ရပေရာ လွယ်လွယ်နှင့်ပင် သားရဟန်းတို့ ကျွတ်တမ်းဝင်နိုင်ကြပေတော့မည်ကို သိရ၍ ပြုံးလည်း ပြုံးမိ၏။

ယင်းချွတ်ယွင်းချက် ဟူသည်ကား တရားကျင့်သုံးသော သားရဟန်းတို့အတွက် အာဟာရ မပြည့်မစုံ ဖြစ်နေမှုပင်တည်း။

လောကုတ် လောကီ နှစ်လီသော အကျိုးပြည့်စုံမှုအတွက် အကြင်သူတစ်ယောက်အဖို့ ဥတုသပ္ပာယတည်းဟူသော ရာသီဥတု မျှတညီညွတ်မှု၊ ပုဂ္ဂလသပ္ပာယတည်းဟူသော ပတ်ဝန်းကျင် သီတင်းသုံးဖော်တို့နှင့် မျှတညီညွတ်မှု၊ အာဝါသသပ္ပာယတည်းဟူသော နေရာထိုင်ခင်း မျှတညီညွတ်မှုနှင့် ဘောဇနသပ္ပာယတည်းဟူသော အစာအဟာရ မျှတညီညွတ်မှု လေးမျိုးလိုအပ်ရာတွင် မိမိ၏ သားရဟန်းတော်များမှာ ဘောဇနသပ္ပာယ အာဟာရမပြည့်စုံမှုကြောင့် တရားအားထုတ်မှုတွင် နှောင့်နှေး လေးကန်နေရကြောင်း တွေ့ရှိရသည်။

သားရဟန်းများသည် အိမ်သို့ နေ့စဉ်ကြွရောက် ဆွမ်းစားကြရာ၌ ကောင်းသည်လည်း မပြော၊ ဆိုးသည်လည်း မပြော၊ လေးသည် ပေါ့သည်ကိုမျှ မပြောဘဲ ဆက်ကပ်သမျှဖြင့်သာ ရောင့်ရဲကြရရှာပေသည်။ ယခုသော် သားရဟန်းများအား ရောင့်ရဲစေရမည်။ တင်းတိမ်စေရမည်။ အစုလိုက် အပေါင်းလိုက်မျှသာမဟုတ်၊ တစ်ပါးချင်းပင်လျှင်လည်း အလိုရှိအပ်သလို ပြည့်စုံစေရမည်ဟု မယ်တော်ကြီး အာရုံကပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တရားမွန် တရားမြတ်ဟူသည် အတိတ်ဘဝက တည်ဆောက်ပြီးခဲ့အပ်သော ပါရမီရှင်တို့မှအပ ပင်ပန်းစွာဖြင့် တင်းတင်းကျပ်ကျပ် အားထုတ်၍ယူမှသာ ရရှိနိုင်သောအရာ ဖြစ်သည်။ ယင်းတရားအလုပ်သမား ယောဂီမှန်လျှင် ဆောက်တည်အပ်သော တရားလမ်းစဉ်မှအပ မုချမသွေ လိုက်နာကျင့်သုံးရမည့် စရဏတရား တစ်ဆယ့်ငါးပါးအနက် အာဟာရကို မျှတရုံမျှ ခြိုးခြံစားသုံးရမည်ဟူသော အချက်တစ်ရပ် ရှိသည်မှန်ပါ၏။ သို့ရာတွင် အာဟာရချို့တဲ့ နွမ်းပန်းလွန်းလျှင်လည်း တရားအားထုတ်ရမည့် ခန္ဓာကိုယ်တွင် အနှောင့်အယှက် ဖြစ်ရပြန်တော့သည်။

အာဟာရကို စွမ်းနိုင်သမျှ ကင်းပြတ်စေခြင်းသည် ကောင်းသောအမှုတည်းဟူသော ဗြာဟ္မဏတို့၏ မှားသောအယူကို လိုက်နာကာ ဝမ်းရေသည် ကျောနှင့်ထိမျှ အာဟာရကို ခြိုးခြံကာ ခန္ဓာကိုယ် လဲပြိုသည်အထိ ကျင့်သုံးခဲ့မိသော ဘုရားရှင်သည် နောင်အခါတွင် အာဟာရဖြင့် မျှတစေ၍ ကျင့်သုံးသောအခါမှ ဘုရားအဖြစ်ကို ရောက်တော်မူသည် မဟုတ်ပါလော။ စင်စစ်သော်ကား တရားကျင့်သုံးစေရန် ခန္ဓာကိုယ် ခိုင်ခံ့မျှတစေရုံမျှမက အဘယ်မျှကောင်းမွန်သော အာဟာရပင် ဖြစ်စေကာမူ တပ်မက်မှု လောလုပ္ပတဏှာနောက်သို့ မရောက်စေဘဲ လိုအပ်သမျှကို ဆင်ခြင်သုံးဆောင်မှုသည်သာ ပဓာနဖြစ်ပေသည်။

သို့ဖြစ်ရာ နောက်တစ်နေ့မှစ၍ သားရဟန်းများအား ဆွမ်းကောင်းဟင်းမွန်တို့ဖြင့် ကိုယ်တိုင်ကြပ်မတ် ဆက်ကပ်သည်။ အစုလိုက် အပေါင်းလိုက်သာမက တစ်ပါးချင်းအတွက်ကိုလည်း မိမိ၏ အဘိညာဉ်တန်ခိုးဖြင့် အကြင်ရဟန်းသည် အကြင်အာဟာရကို တောင့်တမှုရှိအံ့။ ထိုရဟန်းအား ထိုအာဟာရဖြင့် ပြည့်စုံအောင် သီးခြားစီစဉ်ပေးသည်။ အကြောင်းကား အာဟာရဟူသည် မိမိစရိုက်အလျောက် အချိုကြိုက်သူလည်း ရှိ၏။ အငန်ကြိုက်သူလည်း ရှိ၏။ အာဟာရတစ်ခုသည် အကြင်သူတစ်ဦးအတွက် အဘယ်မျှကောင်းမွန်စေကာမူ အခြားသူတစ်ဦးအတွက် အချည်းအနှီးဖြစ်ချင် ဖြစ်တတ်သည် မဟုတ်ပါလော။

ယင်းသို့ မယ်တော်ကြီး ဂရုစိုက်သလောက် သားရဟန်းများ၏ တရားအလုပ်ကလည်း သိသိသာသာပင် ပြောင်းလဲတိုးတက်လာခဲ့ပေ၏။ ပထမသော် ရဟန်းများအဖို့ ထူးခြားစွာ လုပ်ကျွေးအပ်သော ဆွမ်းကို တွေ့လာရသောအခါ မယ်တော်

www.burmeseclassic.com

www.burmeseclassic.com



ကြီးသည် မိမိတို့အပေါ်၌ အခါတိုင်းထက် သဒ္ဓါပိုလာယောင်တကားဟု တွေးထင်မိကြ၏။ နောင်အခါ၌သော် မယ်တော်ကြီး၏ ပြုစုလုပ်ကျွေးမှုကို အကြောင်းမှန်အတိုင်း ပြက်ပြက်ထင်ထင် သိမြင်လာကြကုန်သည်။ အကြောင်းသော်ကား သီတင်းဝါလမကုန်မီအတွင်းမှာပင် ရဟန်းတော်အားလုံးသည် ရဟန်းကိစ္စ ပြီးငြိမ်းသည်အထိ ဘက်စုံပြည့်ရဟန္တာများအဖြစ်သို့ ရောက်လာကြပေရာ အနာဂါမ်အဖြစ်မိမိတို့အောက်တစ်ဆင့်ပင် နိမ့်သော်လည်း မိမိတို့ထက်အလျင် တရားရှင် အဖြစ်သို့ရောက်နေသော မယ်တော်ဒါယိကာမကြီး၏ အစီအမံကောင်းမှုကို သိရှိလာကြသောကြောင့်ပေတည်း။

**ကျောင်းတော်သို့**

သီတင်းဝါလကျွတ်သည်နှင့် တစ်ပြိုင်နက် သာသနာ့ စည်းကမ်းအတိုင်း ပဝါရဏာပြုကာ ဘုရားရှင်အထံတော်သို့ သွားရန် ပြင်ဆင်ကြ၏။

သာသနာတော်ဟူသည် အဖွဲ့အစည်းတစ်ရပ်ပင် ဖြစ်ပေသည်။ အဖွဲ့အစည်းတစ်ရပ်၏ အရှည်တည်တံ့ရေးမှာ အဖွဲ့အစည်း ကောင်းမွန်မှုနှင့် အဖွဲ့ဝင်များညီညွတ်ရေးပင် ဖြစ်ပေသည်။ ရဟန်းတော်များသို့ ချမှတ်ပေးအပ်ထားသမျှသော စည်းကမ်းဝိနည်းဟူသည် နိဗ္ဗာန်မဂ်ဖိုလ်သို့ ရည်ညွှန်းအပ်သည်ချည်း ဖြစ်သောကြောင့် စည်းကမ်းကောင်းမွန်ပြည့်စုံမှုမှာ အထူးဖော်ပြဖွယ်မလို။

သာသနာတော် အရှည်တည်တံ့မှု၊ သံဃာ့ညီညွတ်မှုကို အလိုရှိတော်မူသောဘုရားရှင်သည် ဝိနည်းစည်းကမ်းများအပြင် မကွဲမပြိုစေနိုင်သော နည်းလမ်းမျိုးစုံကိုလည်း ချမှတ်ပေးထားပေသည်။ သာသနာတော်သို့ ဝင်လာသော အကြင်သူတစ်ယောက်အဖို့ လူငယ်ဘဝ သာသနာတော်သို့ ဝင်စကပင်လျှင် အပြစ်ကြီးငယ်ကို မပြတ်ကြည့်ရှုဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာနှင့် ထက်ကြပ်နေရသည်။ လူငယ်ရာဟုလာ၏ ဥပဇ္ဈာယ်ဆရာမှာ အရှင်သာရိပုတ္တရာ ဖြစ်၏။

လူကြီးရဟန်းကြီး ဖြစ်လာသည့်အခါတွင်လည်း သတ်မှတ်ထားအပ်သောအရည်အချင်းနှင့် မပြည့်စုံမချင်း ဥပဇ္ဈာယ်ဆရာနှင့်ပင် နေရသည်။ စောင့်ထိန်းပါလျက် အပြစ်ကြီးငယ်ရှိလာလျှင် နေ့မကူးဘဲ တောင်းပန်ဝန်ခံရသည်။ အကြောင်းမူကား အပြစ်မရှိအောင်နေ၍ ပုထုစဉ်သဘာဝ အပြစ်ရှိလာလျှင်လည်း မိမိအပြစ်ကိုထင်စွာပြသခြင်းသည် သူတော်ကောင်းတို့၏ အလုပ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းများအတွက်မူ လပြည့် လကွယ် ၁၅ ရက်တစ်ကြိမ်၊ ၁၄ ရက်တစ်ကြိမ် ဥပုသ်အိမ်သိမ်အတွင်း၌ မပြတ်စည်းဝေး၍ အပြစ်ကြီးငယ်ကို ပြရသည်။ ဩဝါဒ နာခံရသည်။ သာမန်အစည်းအဝေးမဟုတ်၊ ရဟန်းမှန်လျှင် မလာမနေရ၊ စည်းကမ်း ကြပ်ကြပ်သတ်မှတ်ကာ တစ်ပါးနှင့်တစ်ပါး ရှောင်ဖယ်ဖယ်၊ စောင်ပယ်ပယ်မနေရ။ နှစ်တောင့်ထွာအတွင်း ချင်းနင်းပူးကပ်ကာ တစ်ပါးနှင့်တစ်ပါး ညီညွတ်ရင်းနှီးမှုကို ပြရသည်။ အကြောင်းမူကား ညီညွတ်မှုဟူသည် စိတ်ရောကိုယ်ပါ တကယ်ညီညွတ် မှုလည်းရှိ၍ ဟန်ဆောင်ညီညွတ်မှုလည်း ရှိသည်။

ဘုရားရှင်သည် သမဂ္ဂါနံတပေါသုခေါ-ညီညွတ်ခြင်းသည် ကောင်း၏။ ချမ်းသာ၏ဟု ဟောတော်မူသည်။ သို့ရာတွင် အတွင်းသား ရဟန်းတော်များသို့မူ သာမာန်ညီညွတ်ရုံမျှမဟုတ်။ "သမ္မောဒါန စိတ်ညီကိုယ်ညီ ရွှင်ရွှင်ကြည်ကြည် ညီညွတ်နိုင်ကြရမည်။ စကားတစ်ခွန်း ဩဝါဒတစ်ရပ်ကို အညီအညွတ်ပြော၍ အညီအညွတ် လက်ခံနိုင်အောင် ကျင့်သုံးကြရမည်"ဟု ဟောတော်မူ၏။

မကောင်းမှုကို သတိဖြင့်ရှောင်ကြ၍ ပြုမိလျှင်လည်း ဝန်ခံခြင်းသည် သာသနာ တော်တည်းဟူသော အစည်းအရုံး၏ အသက်ဖြစ်၏။ သို့ရာတွင် ဝါဆိုရာသီကဲ့သို့ တစ်နေရာတည်း တစ်စုတည်း တစ်ပွင့်တည်း နေကြရာ၌ မိမိပင် မသိစေကာမူ တစ်ဖက်သား မနှစ်သက်စေနိုင်တတ်သော အပြစ်ကြီးငယ်တို့ ရှိနေတတ်ပေသေး သည်။ ယင်းအပြစ်ကြီးငယ်ကို သီတင်းဝါလကျွတ်၍ တစ်ပါးနှင့်တစ်ပါး ခွဲခွာ လို၍ ခွဲခွာနိုင်ကြသည့်အခါတွင် တစ်ပါးနှင့်တစ်ပါး တောင်းပန်ခြင်း၊ ညီညွတ်မှုကို ပြခြင်းသည် ပဝါရဏာ၏ အဓိကရည်ရွယ်ချက်တစ်ချက် ဖြစ်ပေသည်။

ပဝါရဏာပြုကြပြီးသောအခါ ရဟန်းတော်အားလုံးပင် ဘုရားရှင်အထံတော်သို့ သွားရောက်ဖူးမြော်ကြရန် ထက်သန်သောစိတ် ဖြစ်ပေါ်လျက်ရှိကြ၏။ သီတင်း ဝါလကျွတ်သည်ဆိုလျှင် ဘုရားရှင် သီတင်းသုံးတော်မူရာနှင့် အလှမ်းမီသမျှသော တပည့်သား ရဟန်းတို့အဖို့ ဘုရားဖူး ကြွရောက်ကြသည်မှာ အစဉ်အလာတစ်ရပ် ပင် ဖြစ်၏။ ယင်းသို့ အစဉ်အလာတွင် မာတိကာသံဃာတော်ခြောက်ကျိပ်တို့အဖို့ အခြားအကြောင်းတစ်ရပ်လည်း ရှိနေပေ၏။ ယင်းအကြောင်းသည်ကား မိမိတို့ တရားကျင့်သုံးသည့်ကိစ္စတွင် ကျေးဇူးရှင် မယ်တော်ကြီး၏ ထူးခြားသော ပြုစု လုပ်ကျွေးမှုကို ဘုရားရှင်အား လျှောက်ထားလိုခြင်းပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ မယ်တော်ကြီးအား ယခုအခါ သီတင်းဝါလကျွတ်ပြီဖြစ်၍ သာဝတ္ထိသို့ မိမိတို့ ဘုရားဖူးသွားကြမည့်အကြောင်း ခွင့်ပန်ကြားလာသောအခါ မယ်တော်ကြီးအဖို့ သံဃာအားလုံးပင် ဘုရားဖူးသွားရန် ပြင်ဆင်ပြီးဖြစ်ကြောင်း တွေ့ရသဖြင့် "မောင်ပဥ္စင်းတို့မှာ အရွယ်ရှိသူများဖြစ်၍ ဘုရားဖူးသွားရန် လွယ်ကူပါသည်။ တပည့်တော်အဖို့တော့ အိုမင်းပြီဖြစ်၍ ဘုရားရှင်ထံတော်သို့ စိတ်ရောက်သော်လည်း လူရောက်ဖို့ မလွယ်ကူတော့ပါ။ ဘုရားရှင်ကို ကိုယ်တိုင်ဖူးဖို့ထားဦး၊ မောင်ပဥ္စင်းတို့တစ်ပါးမှမရှိလျှင် တပည့်တော်အဖို့ နေ့စဉ် လှူဒါန်းဆည်းကပ်နိုင်ဖို့အရေးပင် ခက်ပါတော့သည်။ သို့ပါ၍ ဘုရားဖူးသွားတာလည်း သွားကြတာပေါ့။ သို့သော် တပည့်တော်ကိုလည်း ငဲ့ညှာသနားသမှုပြုကြပါဦး"ဟု လျှောက်ထားသဖြင့် ရဟန်းများက ဘုရားဖူးပြီးလျှင် အချို့သောရဟန်းများ ပြန်လာကြမည်ဖြစ်ကြောင်း၊ သင့်တင့်အောင် စီစဉ်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

မှန်လှလေ၏။ တောရွာဇနပုဒ်တွင် နေရသော အနာဂါမ်မယ်တော်ကြီးအဖို့ ဘုရားရှင်အား မဖူးတွေ့နိုင်သည့်တိုင်အောင် ကောင်းမှုမပြတ် စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ်ဖြစ်သော သံဃာတော်များနှင့်တော့ အဆက်မပြတ်လိုပေ။ သံဃာတော်တို့အား နေ့စဉ် ဆွမ်းလုပ်ကျွေးခြင်း၊ မပြတ်ဆည်းကပ်ခြင်းဟူသော နိစ္စပါတ်ကုသိုလ်အလုပ်ကလည်း မယ်တော်ကြီးအဖို့ စွဲမြဲလျက်ရှိနေပေပြီ။

ဘုရားရှင် အထံတော်မှောက်သို့ ဝပ်တွားဦးချမိကြသောအခါ ရဟန်းများအား ဘုရားရှင်က "ချစ်သားတို့...ကျန်းခံ့သာ၍ မာကြပါ၏လော။ ဥတုတရား ကမ္ဘဋ္ဌာန်းဖြောင့်တန်းစွာ အားထုတ်ကြရပါ၏လော။ ဥတုသပ္ပါယ မျှတကြပါ၏လော။ ဆွမ်း၊ ကွမ်း အာဟာရမျှတကြပါ၏လော"ဟု ပဋိသန္ထာရစကား ပြောကြားမေးမြန်းတော်မူသည်။ ဤကား အဝေးမှရောက်လာသော တပည့်ရဟန်းများအား မေးမြန်းတော်မူရိုး ထုံးစံစကားပင် ဖြစ်ပေသည်။

ရဟန်းများက "အားလုံးသော သပ္ပါယ မျှတကြပါ၏။ ဆွမ်း ကွမ်းကိစ္စတွင်မူ မျှတရုံမက တစ်ဝါတွင်းလုံး ဆွမ်းခံ၍ပင် မစားကြရပါ။ မာတိက မယ်တော်ကြီးက သူ့အိမ်မှာ နေ့စဉ်ပင့်ဖိတ်လုပ်ကျွေးပါသည်။ သာမန်လုပ်ကျွေးရုံမျှလည်း မကသေးဘဲ အကြင်ရဟန်းသည် အကြင်ဆွမ်း၊ အကြင်အာဟာရကို အလိုရှိ၏ဟု စိတ်ကူးကာမျှဖြင့်ပင် ထိုဆွမ်းအာဟာရကို ဒါယိကာမကြီးသည် အိမ်မှာပင်နေရင်း သိရှိကာ ထိုရဟန်းအား သီးခြားလုပ်ကျွေး လှူဒါန်းပါသည်။ တပည့်တော်တို့ အားမိုး

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း သူ့သားများသဖွယ် တွယ်တာစောင့်ရှောက်ပါ၏။ သို့ပါ၍ ထိုမိခင် ဒါယိကာမကြီး၏ ကျေးဇူးမှာ ကြီးမားလှပါ၏ဘုရား”ဟု လျှောက်ထားကြသော အခါ ဘုရားရှင်က သာဓုသုံးကြိမ် ခေါ်တော်မူသည်။

**ကိုယ်တော်လေး**

ထိုစဉ်ကြိုက်ဝယ် ဘုရားရှင် ထံတော်ပါး၌ ဝပ်တွားလျက်ရှိသော ရဟန်း ကိုယ်တော်လေးအဖို့ မာတိက ရဟန်းများက လျှောက်ထားသော မာတိက မယ်တော်ကြီး ဆိုသူ၏ ဆွမ်းလှူပုံလှူနည်းကို ကြားရသောအခါ ပြဿနာပေါ်လာ လေတော့သည်။ အလှူခံရဟန်းက မိမိအလိုရှိသည်ကို စိတ်ကူးလိုက်ရုံမျှဖြင့် အိမ်မှနေရင်း အလိုလိုသိကာ လိုအပ်သမျှ လာရောက်လှူဒါန်းသည်ဟူ၍ ကြားသိ ရသည်မှာ ထူးဆန်းလေစွ။ သို့သော် ထူးဆန်းသည် မထူးဆန်းသည် အပထား၍ ဤလိုဒါယကာမျိုးနှင့် နေရလျှင် အဘယ်မျှ အဆင်ပြေမည်နည်း။ ထို့ပြင် မာတိက ရဟန်းတို့ လျှောက်ထားချက် ဟုတ်၏, မဟုတ်၏ကိုလည်း သိလိုလှသည်။ ဤသည်ကား ကိုယ်တော်လေး၏ ပြဿနာဖြစ်ပေ၏။

ဤတွင် ပြေရန်ရှိသည်ကား လောကထွဋ်တင် ဘုရားရှင်ကိုတော့ ထားပါတော့။ အရှင်မောဂ္ဂလာန် စသော ထိုထိုအဘိညာဉ်ပိုင်ရှင် ဘုရားသားတော် တန်ခိုးရှင်တို့၏ အကြောင်းမျိုးစုံကို နောင်အခါ သာသနာတော် တစ်ခေတ်၌ နားမဆံ့အောင် ကြားကြ သိကြရသော်လည်း သာသနာတော်အစ ထိုစဉ်ကမူ သာမန် ပုထုဇဉ်တို့ဖို့ သိနိုင်ခဲဘိခြင်း ဖြစ်ပေ၏။

အကြောင်းသော်ကား မိမိကိုယ်ကိုနှိမ့်ချမှု၊ မာနအစွမ်းကို အစွမ်းကုန် ပယ်သတ် ကာ ထောင်လွှားမှု ပုံစံတစ်မျိုးဖြစ်သော တန်ခိုးအရာကို အပထား၍ မိမိတို့ ကျင့်သုံးရရှိသော အနိမ့်ဆုံး တရားအလုပ်ကိုပင် အစွမ်းကုန် လျှို့ဝှက်သိပ်သည်း ရသော အလုပ်ဟူသည်မှာ သူတော်ကောင်း တပည့်သာဝက မှန်သမျှတို့၏အလုပ် ဖြစ်လေရာ ပုထုဇဉ်တို့အဖို့ သိနိုင်ခက်သော အလုပ်ဖြစ်ပေ၏။ ရဟန္တာ သို့မဟုတ် တန်ခိုးရှင်တို့နှင့် အတူနေရပါလျက်နှင့်ပင် လျှို့ဝှက်သိပ်သည်းမှုကြောင့် ရဟန္တာမှန်း, တန်ခိုးရှင်မှန်း မသိနိုင် ဖြစ်ကြသည်။

အခြားပုဂ္ဂိုလ်ကို အပထား၍ လက်ယာတော်ရံ အရှင်သာရိပုတ္တရာ မထေရ်ကြီး ပင်လျှင် လေးစားအပ်ရမှန်း မသိရာသော တပည့်မိုက်က ကျောင်းကို မီးရှို့ပေါ်

www.burmeseclassic.com



သည်အထိ မထီမဲ့ အပြုခံရသည်။ တန်ခိုးရှင် ရဟန္တာပင် ဖြစ်စေကာမူ အရပ်အမောင်း ပုငယ်သေးသွယ်လွန်းသဖြင့် မထီမဲ့အပြုခံရသော လာဠုဒါယီမထေရ်အား ယင်းသို့ မပြုမိကြစေရန် ဘုရားရှင်က ဖွင့်ထုတ် မိန့်ကြား၍ တားမြစ်ယူခဲ့ရသည်။ အမြင်အားဖြင့် မလောက်လေး မလောက်စား ခုနစ်နှစ်သားမျှသာဖြစ်သော တန်ခိုးအရှင် တရားအရှင် သုမနသာမဏေကလေးအား ပုထုဇဉ်ရဟန်းကြီးများက မသိရှာကြသောကြောင့် ထိပ်ပုတ် ကျောသပ်ဖြင့် မထီမဲ့ပြုကြသည်ကို မပြုမိကြလေအောင် ဘုရားရှင်ကိုယ်တော်တိုင် ဖွင့်ထုတ်မိန့်ကြား၍ တားမြစ်တော်မူခဲ့ရသည်။

သို့ဖြစ်ရာ သာမန်ဒါယိကာမကြီးတစ်ယောက်က သူတစ်ပါး၏ စိတ်အကြံကို သိသည်ဆိုရာ၌ မယုံနိုင်ဖွယ် အထူးအဆန်းဖြစ်လျက်ရှိနေသော ကိုယ်တော်လေး အဖို့ လက်တွေ့စမ်းသပ်ကြည့်လိုလှသည်။ စမ်းသပ်ကြည့်ရာ၌လည်း မာတိကရဟန်းများထံမှ ကြားရသည့်အတိုင်းသာဆိုလျှင် မိမိအတွက် မပင်ပန်းဘဲ ဆွမ်းကွမ်းအတွက် အဆင်ပြေလေဦးမည် ဖြစ်သဖြင့် ဝမ်းမြောက်နှစ်လိုဖွယ်ပင် ဖြစ်ပေသည်။

ထို့ကြောင့် မိမိသည် ထိုဒါယိကာမကြီးကျောင်းသို့ သွား၍ တရားအားထုတ်လိုလှပါသည်။ ခွင့်ပြုတော်မူပါဘုရားဟု ဘုရားရှင်အား လျှောက်ထားလိုက်သော အခါ ကိုးကွယ်ရန် ရဟန်းလိုလျက်ရှိသော ဒါယိကာမကြီး၏ အလိုကို သိ၍ အခြားနည်းအားဖြင့်လည်း သိတော်မူ မြင်တော်မူသော ဘုရားရှင်က လျှောက်ထားသူ ကိုယ်တော်လေးအား သင့်လျော်သော ကမ္မဋ္ဌာန်းတရားကို ပေး၍ မာတိကရွာသို့ သွားရန် ခွင့်ပြုတော်မူလိုက်သည်။

သို့ဖြစ်ရာ မာတိကရွာသို့ သွားရာလမ်းခရီးနှင့် မာတိကကျောင်းများ၏ အနေအထားကို ပြန်လာခဲ့သော ရဟန်းများအထံ အသေအချာ မေး၍ ရက်ပိုင်းအတွင်းမှာပင် မာတိကရွာသို့ ထွက်ခွာလာခဲ့သည်။

ဒါယိကာမကြီးအား ပညာစမ်းလိုသည့် ကိုယ်တော်ကလေးအတွက် စိတ်ကူးတစ်မျိုးဖြင့် မေးမြန်းစီစဉ်ခဲ့ခြင်း ဖြစ်ပေသည်။ ယင်းသည်ကား မာတိကသို့ရောက်လျှင် အလိုလိုသိသည်ဆိုသော ဒါယိကာမကြီးအား အသိမပေးဘဲ ကျောင်းသို့ တိတ်တဆိတ် သွားရောက် သီတင်းသုံးမည်၊ ကျောင်းမှနေ၍ လိုအပ်သမျှကို ခိုင်းစေမည်။ ဤနည်းဖြင့် ဒါယိကာမကြီး တကယ်သိ, မသိ၊ မိမိသိရပေမည် ဟူသော စိတ်ကူးပင် ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် မာတိက ကျောင်းများသို့ တိတ်တဆိတ် ရောက်လာ၍ ကျောင်းတစ်ကျောင်းတွင် နေထိုင်ရန် ပြင်ဆင်လိုက်သောအခါ ရောက်မဆိုက်ပင် စိတ်ကူးဖြင့် နိုင်းစေရန် ကိစ္စပေါ်လာ၍ ဝမ်းမြောက်မိ၏။ ယင်းသည်ကား ရက်အတန်ကြာမျှ နေထိုင်သူမရှိ၍ ကျောင်းတွင် အမှိုက်သရိုက်များ ရှုပ်ပွေလျက်ရှိသည်ကို တွေ့ရပေရာ ဒါယိကာမကြီးသည် အမှိုက်လှည်းကျင်းမည့်သူ တစ်ယောက်ကို စေလွှတ်လိုက်သော် ကောင်းပေစွဟု တောင့်တကြည့်လိုက်၏။

မကြာပါပေ၊ ဒါယကာတစ်ယောက် တံမြက်စည်းကိုင်၍ ရောက်လာပြီး ကျောင်းကို လှည်းကျင်းသုတ်သင်သည်ကို တွေ့ရသည်။ သို့သော် မိမိရောက်လာသည်ကို မြင်သော ဒါယကာဖြစ်နိုင်၍ "ဒါယကာ...ငါရောက်လာသည်ကို မြင်၍ လာရောက်လှည်းကျင်းသလော"ဟု မေးလိုက်သောအခါ ဒါယကာက "မဟုတ်ပါ၊ မယ်တော်ကြီးက လွှတ်လိုက်၍ လာရောက်လှည်းကျင်းပါသည်ဘုရား"ဟု လျှောက်ထား၍ ပထမဆုံးအကြိမ် အံ့အားသင့်ရသည်။

"ရွာအပြင်လမ်းဖြင့် ဤကျောင်းသို့ ငါရောက်လာခဲ့ပေသည်။ ငါလာသည်ကို ဒါယိကာမကြီး မြင်နိုင်ပါသလော"

"မြင်နိုင်ဖို့မရှိပါ"

"သို့ဆိုလျှင် သင့်ကို အဘယ့်ကြောင့် စေလွှတ်ရသနည်း"

"တပည့်တော် မလျှောက်တတ်ပါ"

"ရှိစေတော့၊ ငါသည် ခရီးဝေးမှ ရောက်လာရသည်။ ရဟန်းတို့အတွက် သင့်လျော်သော အဖျော်ယမကာတစ်ခု ရရှိခဲ့သော် ကောင်းလေစွ"ဟု ဒုတိယအကြိမ် သွေးတိုးစမ်းလိုက်ပြန်သည်။

ဒါယကာက "တပည့်တော် မယ်တော်ကြီးကို ပြောလိုက်ပါမည်"ဟု လျှောက်ထားသည်။ သို့ရာတွင် ထိုဒါယကာ မပြန်မီအတွင်းမှာပင် အခြားဒါယကာတစ်ယောက်သည် အဖျော်ယမကာချိုင့်ကို ယူ၍ ရောက်လာ ဆက်ကပ်သဖြင့် ကိုယ်တော်လေးအဖို့ ဒုတိယအကြိမ် အံ့အားသင့်ရပြန်သည်။

သို့သော် မကျေနပ်လှသေးပေ။ တံမြက်လှည်းခြင်း၊ အဖျော်ကပ်ခြင်းတို့သည် လွယ်ကူ၏။ အလိုက်သင့် ဆောင်ရွက်ခြင်းများလည်း ဖြစ်နိုင်သည်။ နံနက်ကျမှ သိရစေတော့အံ့ဟု စိတ်ကူးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရဟာန်းရှိ၍ ဆွမ်းချက်ခြင်းမှာ လွယ်ကူ၏။ သို့သော် မည်သည့်ဟင်းကျွေးမျိုး ချက်ရန်အတွက်မူ ရနိုင်ခက်ပေမည်။ သို့ဖြစ်ရာ နံနက်ချိန် ရောက်သောအခါ ဒါယိကာမကြီးသည် မည်သည့်ဟင်းကျွေးမျိုးဖြင့် ဆွမ်းအပို့ လွှတ်ခဲ့သော် ကောင်းလေစွဟု ခက်ခက်ခဲခဲဟင်းကို စဉ်းစား၍ တောင့်တလိုက်သောအခါ မကြာမီအတွင်းမှာပင် တောင့်တတိုင်းသော ဟင်းကျွေးများဖြင့် ဆွမ်းအပို့ လွှတ်လိုက်သည်ကို တွေ့ရပြန်သဖြင့် ဒါယိကာမကြီး၏ စွမ်းအင်အပေါ်တွင် ကိုယ်တော်လေး ဘဝင်ကျသွားလေတော့၏။

ထိုအခါ ဒါယိကာမကြီးကို ဆောတလျင် တွေ့ချင် မြင်ချင်လာလေတော့သည်။ ဒါယိကာမကြီးသည် ဂန္ဓာရီအတတ်ကို တတ်သော ပညာရှင်ကြီးပေလော။ ထူးဆန်းပေစွ၊ ဂန္ဓာရီပညာရှင်တို့၏ အစွမ်းအမျိုးမျိုးကို ကြားဖူးပါ၏။ သို့ရာတွင် သူတစ်ပါးစိတ်အကြံကိုပင် သိနိုင်သော အတတ်မှာမူ အံ့ဖွယ်ဖြစ်သည်။

တန်ခိုးရှင်၊ ပညာရှင်တို့အား တွေ့လို၊ မြင်လို၊ ဆက်ဆံလိုခြင်းသည် ပုထုဇဉ်တို့၏ သဘာဝပင်ဖြစ်၏။ သို့ဖြစ်၍ ဒါယိကာမကြီးသည် ငါ့ထံသို့ ကိုယ်တိုင်လာစေသတည်းဟု တောင့်တလိုက်သောအခါ ကပ်လှူဖွယ်ပစ္စည်းများကို ကိုင်တွယ်၍ မကြာမီအတွင်းမှာပင် ဒါယိကာမကြီးကိုယ်တိုင် ကျောင်းသို့ ရောက်လာလေတော့သည်။

ဒါယိကာမကြီးကို တွေ့ရသောအခါ အံ့အားသင့်ရပြန်သည်။ အကြောင်းကား ဒါယိကာမကြီးအား အစွမ်းထက်သော လောကီပညာရှင်ကြီးအဖြစ် ထင်မှတ်ထားခဲ့ရာမှ လောကီပညာရှင်တို့မည်သည် တန်ခိုးရှင်ကို အပထား၍ သာမန်ပညာရှင်ဆိုလျှင်ပင် ပညာမာန်၊ ဆရာမာန် တဝင့်ဝင့်ဖြင့် လွှင့်တင်မောက်ကြွားသော မျက်နှာထား အမူအရာမျိုး ရှိတတ်ကြပေ၏။ ယခု ဒါယိကာမကြီးမှာမူ သန့်စင်ကြည်လင်လှသော မျက်နှာ၊ နူးညံ့သိမ်မွေ့လှသော အမူအရာတို့ဖြင့် လေးစားကြည်ညိုဖွယ် အသွင်ကို တွေ့ရသောကြောင့် ဖြစ်ပေ၏။

"မာတိကမာတာ ဒါယိကာမကြီးဟူသည် အသင်ပင်လော"

"မှန်ပါသည် မောင်ပဥ္စင်း"

"သင် ဒါယိကာမကြီးသည် သူတစ်ပါး စိတ်အကြံ မှန်သမျှကို သိလေသလော"

"အဘယ်ကြောင့် ဤသို့မေးရပါသနည်း မောင်ပဥ္စင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဒါယိကာမကြီးသည် သူတစ်ပါးစိတ်အကြံကို သိသည့်အကြောင်းကို ယခင်ကြွသွားသော သံဃာများက ဘုရားရှင်အား လျှောက်ထား၍ ဦးပဥ္စင်း ကြားသိခဲ့ရပါသည်။ ဦးပဥ္စင်း မယုံ၍ ယခု ကိုယ်တိုင်လာရောက်ပြီး စမ်းသပ်သည့်အခါတွင်လည်း ဦးပဥ္စင်း တောင့်တတိုင်းသမျှသော အကြံများကို ဒါယိကာမကြီး သိနှင့်လေတော့သည်။ ထို့ကြောင့် တပ်တပ်အပ်အပ် သိလို၍ မေးပါသည် ဒါယိကာမကြီး"

"ဘုရားရှင်၏ တပည့်သားသာဝကတို့တွင် သူတစ်ပါး၏ စိတ်အကြံကို သိသူတို့ ပေါများလှပါ၏ မောင်ပဥ္စင်း"

"ကြားဖူးပါ၏။ မကြုံဖူးပါ။ ယခု ကိုယ်တိုင်တွေ့ကြုံရသော ဒါယိကာမကြီးအား မေးမြန်းခြင်း ဖြစ်ပါ၏"

"မောင်ပဥ္စင်း...သူတစ်ပါးအကြံကို သိသောသူတို့သည် ယခု မောင်ပဥ္စင်းကြားသော ကြုံသောအတိုင်း ပြုမူတတ်ကြပါ၏"

တိုက်ရိုက်မဖြေ၊ မိမိသိမြင်အပ်သော တရားကို တိုက်ရိုက်အပထား၍ ဖြစ်နိုင်လျှင် အရိပ်အမြွက်မျှပင် မပြောကြားရခြင်းမှာ ဘုရားရှင် တပည့်သားတို့၏ စည်းကမ်းဖြစ်ကြောင်း၊ ဤဒါယိကာမကြီးသည်လည်း ရဟန်းပင် မဟုတ်စေကာမူ သာသနာတော်အား ကြည်ညိုကျွမ်းဝင်သူ ဖြစ်ပေရာ တရားထူးပေါက်ရောက်လျက်ရှိသော အဘိညာဉ်ရှင် တန်ခိုးရှင် ဖြစ်လေရာ၏ဟု ကိုယ်တော်လေး သတိရ၍ ဆက်လက်မမေးတော့ပေ။

သို့ရာတွင် ကျောင်းခန်း၌ သီတင်းသုံးရင်းဖြင့် ညနေ ညဥ့်ဦးတွင်ပင် တစ်စုံတစ်ခုကို သတိရမိလာလေရာ ယင်းသတိ၊ ယင်းအသိကြောင့် ကိုယ်တော်လေးအဖို့ ထိုင်ရာမှ ရုတ်ခြည်း ထမိသည်အထိပင် တုန်လှုပ်သွားရပေ၏။ ယင်းသည်ကား မိမိသည် ဒါယိကာမကြီး၏ အစွမ်းကို သိလိုသောကြောင့် နည်းမျိုးစုံဖြင့် စမ်းသပ်ခဲ့ပြီးပြီ။ စမ်းသပ်သမျှလည်း မှန်ကန်နေသည်။ သို့ဆိုလျှင် သူတစ်ပါးစိတ်အကြံကိုသိသော ဒါယိကာမကြီးသည် အိမ်မှာနေလျက်နှင့်ပင် ရဟန်းဖြစ်ပါလျက် ပုထုဇဉ်သဘာဝ တွေးချင်ရာတွေး၊ ရောက်ချင်ရာရောက်၊ တစ်ခါတစ်ရံ ပေါက်လွတ်ပဲစား ဖြစ်နေလေ့ရှိသော ငါ၏ မသင့်သောအကြံများကို သိလေတော့မည်တကား။ ရှက်ဖွယ်ကောင်းလေစွ ဟူ၍ သတိရလာခြင်းပင် ဖြစ်ပေ၏။

အစာကိုသာမြင်၍ ချိတ်ကိုမမြင်သော ငါးမိုက်ကဲ့သို့ ငါသည် ဤဒါယိကာမကြီး၏ ကျောင်းသို့ ရောက်လာခဲ့မိချေ၏။ မဖြစ်ချေဘူး၊ မိမိမှာ ရဟန်းအသွင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



တရားမင်သူ ဆိုသမင့်လည်း ရောက်တတ်ရာရာ တွေးမိသည့် အကြိမ်များစွာ ရှိကြောင်း မိမိကိုယ်ကိုမိမိ အသိဆုံးဖြစ်သည်။ ဤဒါယိကာမကြီးအနီးတွင် နေ၍ တော့ဖြင့် ဆွမ်းကောင်းစားရသော်လည်း နေ့စဉ် အရှက်ကွဲ၍ နေရချေတော့မည်။

ယင်းသို့ဖြင့် တွေးမိတိုင်း ရှက်သွေးဖြာမိရုံမက ထိတ်လန့်၍ပင်လာတော့ရာ နောက်တစ်နေ့နံနက်တွင်ပင် ဒါယိကာမကြီးကိုမျှ အသိမပေးဝံ့တော့ဘဲ ဇေတဝန်သို့ တစ်ကြိုးတည်း ပြန်ခဲ့ရလေတော့သည်။

**စိတ်ချင်းအပြိုင်**

ဘုရားရှင်ထံတော်ပါး၌ ဝပ်တွားမိသည့်အခါ ဘုရားရှင်က ထုံးစံအတိုင်းပင် သပ္ပာယလေးပါး မျှတပါ၏လားဟု ပဋိသန္ထာရစကား မြွက်ကြား မေးမြန်းသော အခါ ကိုယ်တော်လေးက...

"မျှတပါ၏။ မာတိက သံဃာအများထံမှ ကြားသိရသော သတင်းသည်လည်း မှန်ကန်ပါ၏။ သို့ရာတွင် တပည့်တော်အဖို့တော့ ဒါယိကာမကြီးအနီးတွင် မနေဝံ့ အောင်ဖြစ်၍ ပြန်ခဲ့ရပါသည် အရှင်ဘုရား"ဟု လျှောက်ထားသည်။

"ဘာကြောင့်ပါလဲ ချစ်သား"

"မှန်လှပါ၊ ပုထုဇဉ်တို့မည်သည် မသင့်သော အကြံများကိုလည်း ရံဖန် ကြံမိတတ်ကြပါသည်။ ယင်းသို့ ကြံမိသည်ဆိုလျှင် ကြံတိုင်းကို သိနေသော ဒါယိကာမကြီးအား ရှက်ဖွယ်ကောင်းလှပါသည်ဘုရား"

"မှန်ပေသည် ချစ်သား၊ စိတ်ဟူသည် ပေါ့ပါးသည်။ လျင်မြန်သည်။ အာရုံ တစ်ခုမှ တစ်ခုသို့ မပြတ်ကူးပြောင်း၍နေသည်။ ဆုံးမရခက်သည်။ သို့ရာတွင် ဆုံးမရန် ခက်ခဲခြင်းမျှဖြစ်၍ ဆုံးမ၍ မဖြစ်နိုင်သည်ကား မဟုတ်ပေ။ စိတ်ကို ဆုံးမနိုင်သော နည်းလမ်းများစွာ ရှိသည်။

"သင့်စိတ်ကို ဆုံးမနိုင်သောနည်းလမ်း စိတ္တာနုပဿနာ ကမ္မဋ္ဌာန်းတရားကို သင့်အား ငါဘုရား ပေးထားပြီးပေပြီ။ မသင့်စိတ်၊ လေလွင့်စိတ် ဖြစ်ပေါ်လာ သည့်အခါတိုင်း မိမိစိတ်ကို စိတ္တာနုပဿနာသတိဖြင့် စောင့်၍ကြည့်ကာ သတိ မပြတ် ရှုမှတ်အားထုတ်ရမည် ချစ်သား"

"ယင်းသို့ ရှုမှတ်အားထုတ်နိုင်ရန် သင့်အတွက် မာတိက ဒါယိကာမကြီး၏ ကျောင်းနေရာထက် သင့်လျော်သော အခြားနေရာကို ငါဘုရား မြင်တော်မမူ။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ဒါယိကာမကြီး၏ ကျောင်းသို့သာ ပြန်သွား၍ ပေးအပ်သော ကမ္မဋ္ဌာန်းတရားကို တင်းတင်းကျပ်ကျပ် အားထုတ်လေတော့ ချစ်သား”

မှန်လှပေ၏။ တရားအားထုတ်ရန်ဆို၍ ဘုရားရှင် အထံတော်မှ ကမ္မဋ္ဌာန်းတောင်း၍ မာတိကကျောင်းသို့ သွားခဲ့ပါသည်ကို တရားကိုတော့ အားမထုတ်၊ မိမိကိစ္စကိုတော့မလုပ်၊ မဆီမဆိုင် သူတစ်ပါးကိစ္စကို သိလိုစိတ်ဖြင့်သာ အချိန်ဖြုန်းမိခဲ့ပါလေသည်။

သိတော်မူ မြင်တော်မူသော ဘုရားရှင်၏ အမိန့်တော်အရ မာတိကသို့သာ သွားရလေမည်။ တွေးမိလျှင် ရက်ဖွယ်တော့ရှိ၏။ သို့ရာတွင် မတွေးမိအောင် ကမ္မဋ္ဌာန်းသတိ မပြတ်ရှုမှတ် ပွားများရလေတော့မည်။ အကယ်ဆိုသော် သပ္ပါယမျိုးစုံ ပြည့်စုံလှသော ရဟန်းများကို သားရင်းသဖွယ် ဂရုစိုက်လှစွာသော ဤဒါယိကာမကြီးကျောင်းမှာ တရားအားထုတ်ရန် သင့်လျော်လှသော နေရာဖြစ်လေသည်။ သို့ဖြစ်ရာ အမိန့်တော်အတိုင်း မာတိကကဲ့သို့ပင် ပြန်ခဲ့ရ၏။ သို့ရာတွင် ဤတစ်ခေါက်၌မူ တပည့်တော်ကို ငဲ့ပါဦးဟူသော ဒါယိကာမကြီး၏ လျှောက်ထားချက်အရ ရဟန်းခြောက်ကျိပ်အနက်မှ အချို့ရဟန်းများလည်း ပြန်လည်လိုက်ပါလာကြ၏။

ဤတစ်ကြိမ်တွင် မာတိကကျောင်းသို့ ရောက်သည်နှင့်တစ်ပြိုင်နက် တောင်တောင်အီအီ မကြံစည်တော့ဘဲ စိတ္တာနုပဿနာ အလုပ်စခန်းသို့ တန်းတန်းမတ်မတ် ဝင်၍ မပြတ်သောသတိဖြင့် ရှုမှတ်အားထုတ်၏။ ဒါယိကာမကြီးကလည်း ယခင်အတိုင်းပင် ဆွမ်းကောင်းဆွမ်းမွန်တို့ဖြင့် ဆက်ကပ်လှူဒါန်းသည်။ ဘုရားရှင်၏ အမိန့်တော်သည် မှန်ကန်လှပါပေ၏။ အကြောင်းကား မာတိကကျောင်းသို့ ပြန်ရောက်၍ နှစ်ရက်သုံးရက်မျှ အားထုတ်လိုက်သည်နှင့် တစ်ပြိုင်နက်ပင် ကိုယ်တော်လေးအဖို့ ပဋိသမ္ဘိဒါပတ္တ ဘက်စုံပြည့် ရဟန္တာအဖြစ်သို့ ရောက်သတည်း။

ထိုအခါ ဘုရားရှင်၏ ကျေးဇူးတော်နှင့်အတူ ဒါယိကာမကြီး၏ ကျေးဇူးကို အထပ်ထပ် ဆင်ခြင်မိသည်။ မိမိ၏အရင် အနာဂါမ်အဆင့်သို့ ရောက်လေပြီးသော ဒါယိကာမကြီး၏ အရည်အသွေးကိုလည်း ပြက်ပြက်ထင်ထင် မြင်လာသည်။ မိမိတို့ကဲ့သို့ ဘုရားရှင်အား မဖူးတွေ့ရ၊ ဘုရားရှင်၏ တရားတော်ကိုမျှ တိုက်ရိုက်မနာမကြားရပါဘဲလျက် အနာဂါမ်အဆင့်သို့ ရောက်နိုင်ခဲ့သော ဒါယိကာမကြီး၏ အတိတ်ပါရမီ၊ ရေးကောင်းမှုတို့ကိုလည်း တစ်ဆက်တည်း ဆင်ခြင်ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဘဝသံသရာတစ်လျှောက်တွင် ကျင်လည်ခဲ့ကြရာ၌ လွန်ခဲ့သော ကိုးဆယ့်ကိုးဘဝ တစ်ချိန်က ဤဒါယိကာမကြီးသည် မိမိ၏ဇနီးအဖြစ် တော်စပ် ဆက်သွယ်မိခဲ့ကြရာ၌ ယခုဘဝတွင်လည်း ဤဒါယိကာမကြီး၏ သတင်းကို ကြားရရုံမျှဖြင့် မာတိကရွာသို့ ဆက်နွယ်ရောက်ရှိလာရသော ပုဗ္ဗေဝသန္နိဝါသေန တရားတော်ကို သတိရသည်။ တစ်ဆက်တည်းမှာပင် မိမိ၏ ဇနီးဘဝတွင် တစ်ပါး ယောကျ်ားကို တပ်မက်သောကြောင့် ဒါယိကာမကြီးက မိမိအား သတ်ခဲ့ဖူးသည့် အဖြစ်ကို သံသရာတွင် ကျင်လည်ရသမျှ ကယောက်ကယက်နိုင်လှသော ပုထုဇဉ် တို့၏ အဖြစ်ကို သတိရလာ၍ ပြုံးမိ၏။

ယင်းသို့ အဆင်မပြေခဲ့သော မိမိနှင့် ဒါယိကာမကြီးတို့၏ အဖြစ်ဟောင်းကို သတိရ၍ ပြုံးမိစဉ် "လက်စနှင့် ရှေ့တစ်ဘဝလောက်ကို တိုးကြည့်လိုက်ပါဦး မောင်ပဉ္စင်း"ဟူသော ဒါယိကာမကြီး၏ အသံကို ကြားရ၍ ရှေ့တစ်ဘဝတိုး၍ ဆင်ခြင်လိုက်သောအခါ တစ်ရာမြောက်သောဘဝတွင်လည်း မိမိနှင့် ဤဒါယိကာမ ကြီးတို့မှာ ဇနီးခင်ပွန်းပင် တော်စပ်ခဲ့ပြီး မိမိအသက်အား ကယ်တင်ခဲ့ဖူးသည့် ကျေးဇူးကို သတိရသည်။

တစ်ဆက်တည်းမှာပင် မိမိ၏အသက်တမ်းကို ဆင်ခြင်မိလိုက်သောအခါတွင် ယခုပင်လျှင် ကွယ်လွန်ရတော့မည်ကို သိရသဖြင့် သိတော်မူ၊ မြင်တော်မူသော ဘုရားရှင်၏ ဂုဏ်တော်၊ ကျေးဇူးတော်များကို ပွားများရင်း ဘဝသံသရာမှ စ၍ ယနေ့တိုင် ကျေးဇူးရှိလေသော ဒါယိကာမကြီးအားလည်း 'အရဟတ္တဖိုလ်သို့ တစ်ဆင့်တက်ရန် ကျန်နေသေးသည်ကို ကြိုးစားရန်' စိတ်ဖြင့်ပင် သတိပေး တရားဟောကာ ပရိနိဗ္ဗာန် စံဝင်တော်မူသည်။

သို့ဖြစ်ရာ မာတိက ကျောင်းအနီးတွင် ရဟန္တာကိုယ်တော်လေး၏ အရိုးအိုး စေတီကလေးတစ်ဆူသည် မာတိကကျောင်း၏ ကျက်သရေမင်္ဂလာ အဖြစ်လည်း ကောင်း၊ ဖူးမြင်ရသူတို့အဖို့ မွေ့သံဝေဂနှင့်အတူ သဒ္ဓါတရားပွားများစေရန်အတွက် လည်းကောင်း ပေါ်ပေါက်လာရ၏။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# ဥပဒေရှင်

[ ၁ ]

ဘုရားရှင်အထံတော်သို့ ယနေ့နံနက် ညီတောင်အာနန္ဒာ ဆွမ်းပို့ ဆွမ်းကပ် ရောက်လာသောအခါ ညီတော်အာနန္ဒာက ဘုရားရှင်အား "အရှင်မြတ်ဘုရား... ယမန်နေ့ညက တရားမဏ္ဍပ် သံဃာ့အစည်းအဝေးတွင် သံဃာတော်များသည် ဘုရားရှင်အထံတော်သို့ အကြောင်းကြီးငယ် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဝင်ရောက်မဖူးမြော်ရ၊ အကယ်၍ ဝင်ရောက်ဖူးမြော်ခဲ့သော် အပြစ်သင့်စေ၊ အာပတ်သို့ ရောက်စေရမည်ဟု မိမိတို့အချင်းချင်း ညှိနှိုင်းဆုံးဖြတ် ကတိကဝတ်ထားကြပါသည်ဘုရား"ဟု လျှောက်ထားသောအခါ ဘုရားရှင်က ပြုံးတော်မူ၏။

ဘုရားရှင် ပြုံးတော်မူသည်ဆိုလျှင် အကြောင်းထူးတစ်ရပ်ရပ် ရှိပြီဖြစ်သောကြောင့် ထိုအကြောင်းထူးကို သိစေရန် အဘယ့်ကြောင့် ပြုံးတော်မူပါသနည်းဘုရားဟု ညီတော်အာနန္ဒာအဖို့ ခါတိုင်း လျှောက်ထားမြဲဖြစ်သော်လည်း ယနေ့အဖို့မှာမူ ဘုရားရှင်သည် ကာယကံမှု၊ ဝစီကံမှု ကင်းဆိတ်မှုကို အထူးလိုလားတော်မူရန် ဖြစ်သောကြောင့်ရှိသော အကြောင်းထူးကို သင့်လျော်သောအချိန်တွင် မိန့်ကြားတော်မူလိမ့်မည်ဟု တစ်စုံတစ်ရာ မလျှောက်ကြားတော့ဘဲ ခပ်မဆိတ် နေလိုက်သည်။

ဘုရားရှင် ပြုံးတော်မူခြင်းကား တပည့်သံဃာတို့သည် မိမိအပေါ်၌ အလိုက်သိစွာ စေတနာထက်သန်ကြသော်လည်း လုပ်ငန်းရပ်အနေဖြင့် လွဲမှားနေတော့သည်ကို အကြောင်းပြု၍ တရားတစ်ထုံး၊ ဝိနည်းသိက္ခာပုဒ်တစ်ရပ်ကို ပညတ်ဖို့အကြောင်း ပေါ်ပေါက်လာမည်ကို သိတော်မူသောကြောင့် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

ဘုရားရဟန္တာတို့၏ စိတ်ဓာတ်ကြံ့ခိုင် ငြိမ်သက်မှုကို ကျောက်တိုင် ကျောက်သားဖြင့် ဥပမာပေးကာ အရပ်လေးမျက်နှာမှ တိုက်ခတ်သော လောကဓံလေတို့ကြောင့် မတုန်မလှုပ်ဟု ဆိုသော်လည်း တိုက်ဖန်များလတ်သော် အနှောင့်အယှက်ဖြစ်ရသည်လည်း ရှိပေသေး၏။

ကောသမ္ဗီတွင် တရားရေအေးတိုက်ကျွေး၍ မရနိုင်လောက်အောင် တပည့်ရဟန်းတို့ ကွဲပြားကြခြင်းမှာ ကျောက်တိုင်ကြီးပင် ငြီးငွေ့စေနိုင်သော လောကဓံအနှောင့်အယှက်ဖြစ်သည်ဟု ဆိုနိုင်၏။ ထို့ကြောင့်လည်း ဘုရားရှင်သည် အလွန်ရင်းနှီးသော အတွင်းနေ အလုပ်အကျွေးကိုပင် အသိမပေးဘဲ တစ်ကိုယ်တော်တည်း ပလိလေယျကတောသို့ သွားရောက် ဝါဆိုတော်မူခြင်း ဖြစ်၏။ ဝါတွင်းသုံးလတိုင်တိုင်တည်း။

ဝေရဉ္ဇာ ပုဏ္ဏားသူဌေး၏ ပင့်ဖိတ်ချက်အရ ဝေရဉ္ဇာတိုင်းသို့ ရဟန်းများနှင့်ကြွရောက် ဝါဆိုစဉ်ကလည်း ဝေရဉ္ဇာပုဏ္ဏား မေ့လျော့မှုကြောင့် တပည့်ရဟန်းများနှင့်အတူ ဘုရားရှင်ကိုယ်တော်တိုင် မြင်းစာ မုယောကြမ်းမှုကိုထောင်း၍ မှုတတော်မူခဲ့ကြရသည်မှာလည်း လောကဓံမုန်တိုင်း၏ ကျီစယ်မှုဖြစ်၏။ သုံးလတိုင်တိုင်တည်း။

ကောသမ္ဗီကိစ္စ၊ ဝေရဉ္ဇာကိစ္စတို့လောက် မကြီးကျယ်စေကာမူ မိမိသာသနာတော်အတွက် ဘုရားရှင် ဆောင်ရွက်ရသော နေ့စဉ်ကိစ္စများမှာ နားနေချိန်ဟူ၍ပင် ရတော်မမူလောက်အောင် များပြားလှ၏။ စွန့်ပစ်၍မဖြစ်နိုင်သေးသော ခန္ဓာကိုယ်၏ သဘာဝကို ငြိမ်းအေးစေရန်အတွက် တစ်နေ့လျှင် အချိန်အနည်းငယ်ကလေးသာ လျောင်းစက်တော်မူရသည်။

ယင်းသို့ဖြင့် ထွေပြား များမြောင်လှသော ဗုဒ္ဓကိစ္စများအကြားမှ မိမိ၏ ကိုယ်ရေး ကိုယ်တာအတွက် ငြိမ်းအေးမှု ဝိဝေကကို အလိုရှိတော်မူသောအခါ ရှုပ်ထွေးများပြားလှသော ယင်းဗုဒ္ဓကိစ္စများမှ ရံဖန်ရံခါ အတင်းရုန်းထွက်တော်မူရသည်။ ခရီးဒေသစာရီ လှည့်လည်သည်လည်း ရှိ၏။ တောရိပ်တောင်ဆွယ်တို့တွင် တစ်ပါးတည်း သီတင်းသုံးတော်မူသည့် အကြိမ်လည်းရှိ၏။ တောရိပ်တောင်ဆွယ်သို့ပင် မဟုတ်စေကာမူ၊ သီတင်းသုံးရာ ဂန္ဓကုဋိတိုက်အတွင်း၌ပင် ရက်အကန့်အသတ်ဖြင့် တစ်ကိုယ်တည်း မွေ့လျော်တော်မူရသည်လည်း ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းဆိုသော် ဘုရားရဟန္တာတို့မည်သည်မှာ ငြိမ်းချမ်းမှု သန္တိသုခကို ပိုင်ပိုင်ကြီး ရယူထားပြီးသော ပုဂ္ဂိုလ်များဖြစ်ကြသည် မှန်ပါ၏။ သို့ရာတွင် ငြိမ်းအေးမှုဆိုသည်မှာ အကြောင်းအမျိုးမျိုးကြောင့် မစွန့်လွှတ်နိုင်သေးသော ဒုက္ခမှတ်တိုင် ခန္ဓာကိုယ် တန်းလန်းနှင့် ရှုမှတ်ဆင်ခြင်ကာ ရယူအပ်သော ငြိမ်းအေးမှု၊ ဒုက္ခလောင်စာ ဤခန္ဓာကို စွန့်လွှတ်ပြီးသည့်အခါတွင် မုချဆတ်ဆတ် ရအပ်၊ ရောက်အပ်၊ ခံစားအပ်တော့မည်ဖြစ်သော အပြီးအပိုင် ငြိမ်းအေးမှုဟူ၍ နှစ်မျိုးနှစ်စား ရှိပေရာ ခန္ဓာလွတ် အမြင့်ဆုံး သန္တိသုခကို ခံစားတော်မူလိုသည့်အခါများ၌ စွန့်လွှတ်ခွင့်မကြုံသေးသည့် ခန္ဓာကိုယ်ကို အငြိမ်းဆုံး၊ အအေးဆုံးနေရာတွင်ထား၍ သန္တိဓမ္မကို ခံစားတော်မူခြင်း၊ နိရောဓသမာပတ်ကို ဝင်စားတော်မူခြင်းလည်းဖြစ်၏။

ယင်းသို့ဖြင့် သာသနာတော်ကိစ္စ နည်းပါးသည့် အချိန်ကလေးများတွင် ရံဖန်ခုနစ်ရက်တန်သည်၊ ရံဖန် ရက်အနည်းငယ်မျှ ဗုဒ္ဓကိစ္စတော်များမှ ရှန်းထွက်၍ အမြင့်ဆုံးသန္တိဓမ္မကို ခံစားတော်မူရသည်။

ယခုလည်း သာမန် နေ့စဉ်ကိစ္စလေးများမှတစ်ပါး သာသနာတော်အတွက် ကိစ္စကြီးများကို ဆောင်ရွက်ဖွယ် မမြင်သောကြောင့် ငါဘုရားသည် တစ်ပါးတည်း ဂန္ဓကုဋီတိုက်၌ပင် စံတော်မူလိုသည်။ ငါဘုရားအထံတော်သို့ ဆွမ်းပို့ ဆွမ်းကပ်ရန်အတွက် အာနန္ဒာတစ်ပါးတည်း ဝင်စေဟု အမိန့်ပေး သတ်မှတ်တော်မူသည်။ ကိစ္စများမြောင်လှသောကြောင့် တစ်ထောင့်တစ်နားမှ နောင်တော်အား အမြဲတမ်းလိုလို သနား၍နေသော ချစ်သောအာနန္ဒာအတွက် ယခုကဲ့သို့ တစ်ပါးတည်း စံနေတော်မူလိုပြန်သည်ဟု သိရသောအခါ ဝမ်းမြောက်ဝမ်းသာရှိလှသည် မှန်ပါ၏။ သို့ရာတွင် သည်တစ်ခါ နောင်တော်ဘုရားရှင် အချိန်ယူပုံကတော့ တစ်ဆိတ်များလွန်းလှသည်ဟု ညီတော်အာနန္ဒာက တွေးထင်လိုက်မိ၏။ သုံးလတိုင်တိုင်တည်း။ တစ်ဝါတွင်းစာပေတည်း။

အချိန်ယူပုံ များစေကာမူ နောင်တော်၏ အလိုဆန္ဒမို့ ညီတော်အာနန္ဒာအဖို့ တစ်စုံတစ်ရာ အထွန့်မတက်ဝံ့ခဲ့။ ကိစ္စကြီးငယ်ရှိလျှင် နောင်တော့်အလား အားထားရသော အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် စသူတို့ ရှိနေပေသေးတာပဲဟု ခပ်မဆိတ် နေလိုက်ရသည်။

ဘုရားရှင် ယင်းကဲ့သို့ ကေစာ သီတင်းသုံးတော်မူမည်ကို ရှင်အာနန္ဒာမှတစ်ဆင့် သိရသည့်အတွက် ကျိတ်၍ ဝမ်းမြောက်သူကတော့ ဝိသာခါကျောင်းအမကြီးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမူကား ဘုရားရှင်သည် ယခုတစ်ကြိမ် ဧကစာ သီတင်းသုံးရန်အတွက် ကျောင်းအမကြီး ဝိသာခါ၏ ပုဗ္ဗာရုံကျောင်းတော်ကို ရွေးချယ်တော်မူသည်။ ထို့ကြောင့် ဘုရားရှင်အား သုံးလတိုင်တိုင် ဖူးမြင်ခွင့်ပင် မရစေဦးတော့၊ ရှင်အာနန္ဒာနှင့် တိုင်ပင်စိမ်၍ မကောင်း,ကောင်းကြောင်း နေ့စဉ် ပို့ဆွမ်းကပ်နိုင်တော့မည်ကြောင့် ဖြစ်၏။

အရှင်အာနန္ဒာကဲ့သို့ပင် တပည့်ရဟန်းများကလည်း ဘုရားရှင် ဧကစာ အချိန်ယူပုံမှာ များလွန်းပါလေသည်ဟု သဘောရကြ၏။ သို့ရာတွင် ဘုရားရှင်၏ အလိုတော်ကိုလည်း မဆန့်ကျင်ဝံ့ကြ။ ယင်းကဲ့သို့ အချိန်များများယူသည်မှာ ဘုရားရှင်တွင် ထူးခြားသော အမြင်တစ်ရပ်ရပ် ရှိတန်ရာ၏ဟုလည်း သဘောရကြသည်။

ဤတွင် ဘုရားရှင် ဧကစာကျင့်သုံးချိန်များ၌ ပေါ်ပေါက်လာတတ်သော ပြဿနာတစ်ရပ်ကို တားဆီးဖြေရှင်းနိုင်ရန်အတွက် တရားမဏ္ဍပ်၌ ရဟန်းများ စည်းဝေး၍ မိမိတို့အချင်းချင်း ဆုံးဖြတ်ချက်တစ်ရပ် ချမှတ် သဘောတူလိုက်ကြသည်။ ယင်းဆုံးဖြတ်ချက်ကား သည်တစ်ကြိမ် ဘုရားရှင် ဧကစာကျင့်သုံးချိန်ယူသည်မှာ အတန်များသည်။ ဧကစာအတွက် ဘုရားရှင်ဆန္ဒတော် ပြင်းပြတော်မူသောကြောင့် ဖြစ်တန်ရာ၏။ ယင်းသို့ ဧကစာကျင့်သုံးချိန်များ၌ အချိန်နည်းနည်းနှင့်ပင် ဘုရားရှင်အထံတော်သို့ အတင်းဝင်ရောက် ဖူးမြော်လိုသူ အနှောင့်အယှက်များ ပေါ်ပေါက်လာတတ်ချေသေး၏။ ယခု အချိန်များများယူထားသောကြောင့် အနှောင့်အယှက်များ ပို၍ပေါ်ပေါက်လာဖွယ်ရှိသည်။

သို့ဖြစ်၍ ဘုရားရှင်၏ ဆန္ဒတော်ကို မနှောင့်ယှက်စေရန် အရင်းအမြစ်ဖြစ်သော မိမိတို့က ကြိုတင်တားဆီးထားနိုင်မှ တန်ကာကျမည်။ ထို့ကြောင့် ဆွမ်းကပ်ရန်အတွက် ခွင့်ပြုတော်မူထားသော အလုပ်အကျွေး အရှင်အာနန္ဒာမှတစ်ပါး ဘုရားရှင်ထံတော်သို့ မည်သည့်ရဟန်းမျှ ဝင်ရောက်မဖူးမြော်ရ။ ဖူးမြော်ဝင်ရောက်ခဲ့သော် အပြစ်သင့်ရမည်၊ အာပတ်သို့ ရောက်စေရမည်ဟူသော ဆုံးဖြတ်ချက်ပင် ဖြစ်ပေ၏။ မိမိတို့ ဆုံးဖြတ်ချက်ကို စကြဝဠာတစ်တိုက်လုံး ကြားစေရန်ဟု သာခုသုံးကြိမ် ကျယ်စွာခေါ်၍ ဆုံးဖြတ်တော်မူကြသည်။

မှန်လည်းမှန်၏။ ဘုရားရှင်၏ ဧကစာကျင့်သုံးချိန်များ၌ တစ်ပါးတည်း နေလိုတော်မူသည့် ဆန္ဒကို သိပါလျက် ကောသလဘုရင်တို့လို တန်ခိုးဣဒ္ဓိပါဒ်ရှိ၍ မဖူးရ မနေနိုင်သူများက အတင်းဝင်ရောက် ဖူးတွေ့ကြသည်များကို ကြုံခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓကုဋိတွင် နေတော်မူသည်ကို အပထား၍ တောအုပ်တောင်စွယ်တွင် သီတင်းသုံးတော်မူသည်ကိုပင် သွားရောက်ဖူးတွေ့သူများ ရှိခဲ့ကြသည်။ ယခုသော် အရင်းအမြစ်ဖြစ်သော ရဟန်းများကပင် အလိုက်သိစွာ အတားအဆီး ပြုထားလိုက်သောကြောင့် အခြားနှောင့်ယှက်မည့်သူတို့ ကင်းဝေးစေလိမ့်မည်ဟု ရဟန်းများက မျှော်လင့်သည်။

ဤတွင် အရှင်ဥပသေန ပြဿနာဝင်လာပါလေသည်။ ဝင်မည့်ဝင်တော့လည်း အခြားသူမဟုတ်။ မိမိတို့ ရဟန်းအချင်းချင်းပင် ဖြစ်နေသည်။ သို့ရာတွင် အရှင်ဥပသေနဟူသည်ကား သာမန် နှယ်နှယ်ရရ ရဟန်းမျှမဟုတ်၊ ရဟန်းပရိသတ်၊ လူပရိသတ်အလယ်တွင် ကြည်ညိုဖွယ်ကို ဆောင်နိုင်စွမ်းရာ၌ ဘုရားရှင်ကိုယ်တော်တိုင် ချီးကျူးတော်မူအပ်သော ဧတဒဂ်ရ ရဟန်းထူးဖြစ်သည်။ ဘုရားရှင်၏ လက်ယာတော်ရံ လက်ရွေးစင် ရဟန်း ၄၀ အနက် တစ်ပါးအပါအဝင်လည်း ဖြစ်သည်။

[ ၃ ]

ဘုရားရှင်အထံတော်သို့ သုံးလအတွင်း ဝင်ရောက်မဖူးမြော်ရဟု မိမိတို့အချင်းချင်း ဥပဒေပြုလုပ် သိက္ခာပုဒ် ပညတ်ကြစဉ်အချိန်က အရှင်ဥပသေနသည် ပုဗ္ဗာရုံကျောင်းတော်၌ မရှိ။ ရှိဖွယ်ရာအကြောင်း မရှိ။ အကြောင်းသော်ကား အရှင်ဥပသေနသည် တစ်သက်ပတ်လုံး တောတွင်သာ နေပါမည်ဟု အရညကင် ဓုတင်ကို ဆောင်ထားသော တောနေရဟန်းတည်း။

တောနေသည်ဆိုရာ၌ တစ်ပါးတည်းကား မဟုတ်။ မိမိအလားတူ အရညကင်ဓုတင်ဆောင် တပည့်ရဟန်းငါးရာနှင့် ဖြစ်သည်။ အရှင် ဥပသေနနှင့် တပည့်ငါးရာလုံးသည် အရညကင် တစ်ပါးတည်းသာမဟုတ်၊ ဆွမ်းခံ၍စားသော ပိဏ္ဍပါတ် ဓုတင်နှင့် ဒါယကာတို့လှူဒါန်းသော သင်္ကန်းကိုပယ်၍ သချိုင်းအမှိုက်ပုံနှင့် လမ်းကြိုလမ်းကြား စသည်တို့မှရသော သင်္ကန်းကိုသာ ဝတ်ရုံသော ပံ့သကူဓုတင်ဆောင် ရဟန်းများချည်း ဖြစ်ကြ၏။ မိမိတစ်ပါးတည်းသာဆိုလျှင် အရှင်မဟာကဿပထုံး နှလုံးမူ၍ ဓုတင်ဆယ့်သုံးပါးလုံးကိုပင် ဆောင်လိုသော်လည်း တပည့်များနှင့်ဖြစ်သောကြောင့် တပည့်များနှင့် ညီညွတ်ရန် ငဲ့ညှာ၍ သုံးပါးစီကိုသာ ဆောင်ရသည်။

တပည့်ငါးရာနှင့်အတူ ယခု ဘုရားရှင်အထံတော်သို့ လာရာ၌ အရှင်ဥပသေနတွင် ကြီးစွာသောအကြောင်း ရှိနေ၍ဖြစ်သည်။ ထိုအကြောင်းကား တစ်ချိန်သော

www.burmeseclassic.com

www.burmeseclassic.com



အခါက အရှင်ဥပသေနသည် ဘုရားရှင်၏အကဲ့ရဲ့ကို ခံခဲ့ရဖူးသည်။ အရှင်ဥပသေန ရဟန်းနှစ်ဝါရစဉ် တစ်ဝါရ ရဟန်းကို တပည့်အဖြစ်ခေါ်၍ ဘုရားရှင်အထံတော်သို့ ဝင်ရောက်ဖူးမြော်မိရာတွင် မိမိကိုယ်တိုင်က ဆုံးမခံရမည့် အရွယ်ရှိပါသေးလျက် သူတစ်ပါးကို ဆုံးမသော ဆရာလုပ်ရပါမည်လားဟု ဘုရားရှင် ကဲ့ရဲ့တော်မူသည်။ ယင်းသို့ ကဲ့ရဲ့အပ်သော ဘုရားရှင်၏ အဆုံးအမစကားတစ်လုံးသည် အရှင်ဥပသေန အား အသည်းတွင် သံမှိုနှက်သကဲ့သို့ စွဲမြဲနေအောင်တရ၍သွားကာ ငါးကြင်းဆီဖြင့် ငါးကြင်းသားကို ကြော်သည်ဆိုသကဲ့သို့ တပည့်မမွေးတတ်မှုကြောင့် အကဲ့ရဲ့ခံရသည်ကို တပည့်မွေးတတ်ခြင်းဖြင့် အချီးမွမ်းခံရစိမ့်မည်ဟု တပည့်မွေးနိုင်ခွင့်ရှိသည့် ဆယ်ဝါပြည့်သော အချိန်မှစ၍ မိမိကိုယ်တိုင်ကလည်း ဓူတင်သုံးပါးကိုဆောင်ပြီး မိမိအလားတူ တပည့်ငါးရာပြည့်အောင် မဆုတ်မနစ်သော စိတ်ဓာတ်ဖြင့် ကြိုးစားတော်မူခဲ့သည်။

ယခုအခါ ကြည်ညိုဖွယ်သော တပည့်ငါးရာ အသိုင်းအဝိုင်းဖြင့် ဘုရားရှင်အထံတော်သို့ မျက်နှာပြတော်မူလိုသည်မှာ အရှင်ဥပသေန၏ ကြီးစွာသောအကြောင်း ဖြစ်ပေ၏။

အရှင်ဥပသေနလို ပုဂ္ဂိုလ်က ဘုရားရှင်အား ဖူးမြော်လိုသည်ဟု တောင်းဆိုလာသောအခါ အရှင်အာနန္ဒာအဖို့ အထူးအခွင့်အရေးအနေဖြင့် စဉ်းစားရတော့သည်။ အကြောင်းမူကား အရှင်ဥပသေနသည် ဘုရားရှင်အား မဖူးတွေ့ရသည်မှာ နှစ်ပရိစ္ဆေဒ အတန်ကြာမြင့်ခဲ့ပေပြီ။ ဓူတင်သုံးပါးဆောင်၍ သစ်ရိပ်တောခြေတို့တွင်သာ သီတင်းသုံးသူဖြစ်ပေရာ တပည့်ရဟန်းငါးရာ အသိုက်အဝန်းကြီးနှင့် ရောက်လာသူမို့ ဤတစ်ကြိမ် ဖူးတွေ့ခွင့်မရလိုက်လျှင် နောက်တစ်ကြိမ်လာဖို့ ခက်ခဲချိမ့်မည်။ ဘုရားရှင်ထံတော်သို့ အကျိုးအကြောင်း သွားရောက်လျှောက်ထားသောအခါ ဓူတင်ဆောင်သော ရဟန်းများအတွက် အထူးအခွင့်အရေး အနေဖြင့် ဖူးတွေ့ခွင့် ပြုတော်မူလေသည်။

ဖူးတွေ့ခွင့်ပြုရာ၌ ဂန္ဓကုဋီတိုက်အတွင်းဆိုလျှင် ရဟန်းငါးရာအတွက် ဦးညွတ်လက်ပြင် ကျဉ်းကျပ်မည်ကြောင့် ဘုရားရှင်ကိုယ်တော်တိုင် ဂန္ဓကုဋီအပြင်ရှိ နားနေရာ ပန်းခုံတော်တွင် ထွက်ကြွ ဖူးမြော်ခံတော်မူသည်။

အရှင်ဥပသေနနှင့် တပည့်ရဟန်း ငါးရာတို့ ဘုရားရှင်ရှေ့တော်မှောက်တွင် ဝပ်စင်း ဦးတိုက်မိသောအခါ ဘုရားရှင်က အရှင်ဥပသေနအား မာကြောင်း သာ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ သပ္ပါယမျှတကြောင်း ပဋိသန္ထာရစကား မေးမြန်းမိန့်ကြားတော်မူပြီးနောက် အရှင်ဥပသေန၏ တပည့်ရဟန်းများအား စူးစူးစိုက်စိုက်ရှုစားတော်မူကာ "ဥပသေန ...သင့်တပည့်ပရိသတ်သည် ကြည်ညိုဖွယ် ကောင်းလှပါပေ၏။ ဤကဲ့သို့ ကြည်ညို ဖွယ် အတိရှိလေအောင် အဘယ်ပုံ အဘယ်နည်းများ ဆုံးမထားလေသနည်း"ဟု မေးတော်မူလိုက်သောအခါ ဤလို ချီးကျူးတော်မူပုံ တစ်ခွန်း၊ ဤလိုအမေးတော် တစ်ရပ်ကို နာကြားဖြေဆိုလိုသောကြောင့် နှစ်,လများစွာ ကြိုးပမ်းပြင်ဆင်ခဲ့ရသော အရှင်ဥပသေနအဖို့ စိတ်အားတက်ကြွလှသဖြင့် သေသပ်စွာ ပြင်ဆင်ပြီးသော သက်နှင့် ကိုယ်ဟန်ကိုပင် ပို၍ကျစ်လျစ်စွာ ပြင်ဆင်လိုက်မိသေးသည်။

စင်စစ်အားဖြင့် သိတော်မူ မြင်တော်မူသော ဘုရားရှင်အဖို့ အရှင်ဥပသေန၏ ဆန္ဒကို သိပြီးဖြစ်သည်။ တပည့်ကောင်းတစ်ယောက်ကို မြေတောင်မြှောက်သည့် သဘောဖြင့် တစ်ကြိမ်သောအခါက အချိန်မရောက်သေးဘဲ ဆရာလုပ်ချင်မှု၊ တပည့် မွေးချင်မှုကို ကဲ့ရဲ့တော်မူလိုက်ပြီးသည့်နောက်တွင် ဥပသေနသည် တစ်ချိန်သော အခါ၌ ဤနည်းဤဟန်ဖြင့် မိမိထံ ရောက်လာတော့မည်ကို ဘုရားရှင် မျှော်လင့် ထားပြီး ဖြစ်ခဲ့ပေသည်။ ယခုသော် ကဲ့ရဲ့ခဲ့မှု ဆုံးမစကားနေရာတွင် ချီးမွမ်းစကား ဖြင့် အားဖြည့်ပေးဖို့ အခွင့်ကြုံခဲ့ပေပြီ။

"ဘုန်းတော်ကြီးသော အရှင်မြတ်ဘုရား...တပည့်တော်သည် ဆုံးမနိုင်သူ၏ အဖြစ်သို့ရောက်အောင် တပည့်တော်ကိုယ်တိုင် အရညကင်၊ ပိဏ္ဍပါတ်နှင့် ပံ့သကူ ရှုတင်သုံးပါးကို ဆောင်ပါသည်။ တပည့်များကိုလည်း တပည့်တော်အလားတူ ရှုတင်သုံးပါး ဆောင်နိုင်သူကိုမှ တပည့်အဖြစ် သိမ်းသွင်းမွေးမြူခဲ့ရပါသည်ဘုရား"

"သာဓု...သာဓု...သာဓု ဥပသေန...တော်လှပါပေ၏။ သင့်လှပါပေ၏။ သင် အဆုံးအမ ကောင်းသည့်အတိုင်း သင့်ပရိသတ်သည် ကြည်ညိုဖွယ်အတိကို ဆောင်ပါပေ၏"

ဆရာမိဘမည်သည်မှာ တပည့်သားမြေးတို့၏ အပြစ်ကိုမြင်လျှင် ပြုပြင်စေလိုမှု စေတနာမြန်၍ ခဏမဆိုင်း ဆိုဆုံးမလွယ်သည်။ အကောင်းကိုမြင်လျှင် သိလျှင် မူကား ခံယူမှုမပြည့်သေးလျှင် ရောင့်တက်လမ်းလွဲသွားမည့် စေတနာကြောင့် တည့် တည့်တင်တင် ချီးမွမ်းခဲသည်။ ထို့ကြောင့်လည်း တပည့်သားမြေးကို ကွယ်ရာ တွင် ချီးမွမ်းရာ၏ဟူသော နီတိစကားတစ်ရပ် ရှိနေခြင်းပင်ဖြစ်သည်။

ဘုရားရှင် သာဓုခေါ်နိုင်လောက်အောင် စွမ်းဆောင်မှုဟူသည်မှာ ဖြစ်နိုင်ခဲ

www.burmeseclassic.com



ခြင်း ဖြစ်၏။ ထို့ထက် လုပ်ကိုင်မှုသရုပ်ဖော်ကာ တည့်တည့်တင်တင် ချီးကျူး ခံရမှုဟူသည်ကား အဆရာ,ထောင်ပို၍ ခက်လေရာ ဘုရားရှင်က ယခုကဲ့သို့ တိုက်ရိုက်ချီးကျူးလိုက်မှုကြောင့် အရှင်ဥပသေနနှင့် တပည့်များအဖို့ ပီတိအဟုန် စိမ့်ထုံ ကျုံ့ဝင်သွားကြသည်။

ယင်းသို့ ဘုရားရှင်၏ ချီးကျူးမှု ဓမ္မပီတိတွင် ခေတ္တခဏမျှ နစ်မြောစေပြီး နောက် ဘုရားရှင်က "ဥပသေန… ရှုတင်ဆောင် ရဟန်းတို့အား ငါဘုရားကို အချိန်မရွေး ဖူးတွေ့ခွင့်ပေးရမည်ဟူ၍ ချမှတ်ထားသောမူအတိုင်း ငါဘုရားသည် သုံးလတိုင်တိုင် ဧကစာကျင့်နေသော်လည်း သင်တို့ကို ဖူးတွေ့ခွင့်ပေးခဲ့ပေသည်။ သို့ရာတွင် ယင်း ဧကစာသုံးလအတွင်း ငါဘုရားထံ ဝင်ရောက်ဖူးမြော်သော ရဟန်း သည် အပြစ်သို့ရောက်စေ၊ အာပတ်သို့ ရောက်စေဟု ရဟန်းများ စည်းဝေးဆုံးဖြတ် ဥပဒေချမှတ်ထားကြသည်ကို သင် သိပါ၏လော"

"မသိပါ အရှင်မြတ်…သို့သော် သိလျှင်လည်း ယင်းဥပဒေကို တပည့်တော် သဘောကြိုက်ညီမည် မဟုတ်မူ၍ ကန့်ကွက်ရပါမည်။ အကြောင်းမူကား ဥပဒေ ပညတ် သတ်မှတ်ချက်အသစ်ဟူသည် တပည့် ရဟန်းများက ပြုလုပ်ရမည့် အရာ မဟုတ်ဟု တပည့်တော် ထင်ပါသည်ဘုရား"

"မှန်ပေ၏ ဥပသေန…ဥပဒေပညတ်ချက် ပြုလုပ်မှုဟူသည် ရဟန်းများ၊ သို့မဟုတ် တပည့်သားငယ်တို့၏ အလုပ်မဟုတ်ပေ။ ရဟန်းများသည် စေတနာ စော၍ ပညတ်ချက်ထုတ်ကြသည်မှာ မှားယွင်းသည်။ အကြောင်းမူကား ဥပဒေ ပညတ် သတ်မှတ်ချက်ဟူသည် ဂိုဏ်းဂဏကို ဦးဆောင်သော၊ တိုင်းနိုင်ငံကို ဦးဆောင်သော အကြီးအချုပ်တို့သာ ပြုလုပ်အပ်သော အရာတည်း"

"ဥပသေန…လူ,သတ္တဝါတို့သည် အကြီးအချုပ် မပြုလုပ်သင့်ဘဲလျက် ပြု လုပ်ခြင်း၌ သာယာမက်မောတတ်ကြသည်။ တပည့်မမွေးသင့်ဘဲနှင့် မွေး၍ ဆရာ ပြုလုပ်ရခြင်း၌ သာယာ မက်မောတတ်ကြသည်။ ဒေဝဒတ်သည် အကြီးအချုပ် ပြုလုပ်ဖို့ရန် အရည်အချင်းမရှိဘဲနှင့် အကြီးအချုပ် ပြုလုပ်ကာ ဥပဒေသစ် ပညတ် ချက်အသစ်များကို ထုတ်လိုသူတည်း။ ထို့ကြောင့် ဒေဝဒတ်သည် ပျက်စီးရ၏"

"ဥပသေန…သင်ကိုယ်တိုင်ပင် ရဟန်းနှစ်ဝါရစဉ်က ဆရာလုပ်၍ တပည့်မွေး မှုတွင် သာယာခဲ့သောကြောင့် ငါဘုရား ဆုံးမခဲ့ရသေးသည် မဟုတ်ပါလော။

"ဥပသေန…အကြီးအချုပ် ပြုလုပ်သင့်သူပင် ဖြစ်စေဦးတော့၊ ဥပဒေတစ်ရပ်

www.burmeseclassic.com



ပညတ်ချက် တစ်ထုံးဟူသည် စိတ်ကူးရတိုင်း ထ၍ပြုလုပ်ရသော အရာမဟုတ်၊ အကြောင်းပေါ်လာ၍ ပြုလုပ်သင့်သည့်အခါမှသာလျှင် ပြုလုပ်အပ်သော အရာ ဖြစ်သည်။ အခြားသူတို့ကို အပထား၍ သာရိပုတ္တရာပင်လျှင် ဝေရဉ္ဇာတိုင်းတွင် ဝါဆိုစဉ် အချိန်က သိက္ခာပုဒ်အထွေထွေ၊ ဥပဒေအရပ်ရပ်ကို ထုတ်ပြန်ရန် စိတ်စော၍ ငါဘုရားကို လျှောက်ထားခဲ့ဖူးသည်။ ယခုအချိန်၌ မသင့်သေးဘူး သာရိပုတ္တရာ၊ မည်သည့်အချိန်တွင်မှ ထုတ်ပြန်ရမည်ကို ငါဘုရား သိတော်မူ၏။ ဆိုင်းဦးလော့"ဟု တားမြစ်ထားခဲ့ရသည်။

"ဥပသေန။ ။ဥပဒေတစ်ရပ် ပညတ်ချက်အသစ်ဟူသည် မထုတ်သင့်သေးသည့်အချိန်တွင် ထုတ်ပြန်မှုကြောင့် အကျိုးမသက်ရောက်သကဲ့သို့ ထုတ်သင့်သည့်အချိန်၌ ထုတ်သင့်သူက ထုတ်ပြန်သောအခါတွင်မူ အကျိုး ၁၀ ပါး သက်ရောက်ပေသည်။ ယင်းအကျိုး ၁၀ ပါးကား (၁) ထုတ်ပြန်သင့်သူက ထုတ်ပြန်ခြင်းဖြစ်သောကြောင့် လက်ခံသူတို့ ကျေကျေနပ်နပ်လက်ခံနိုင်ခြင်း (၂) လက်ခံလိုက်နာသူတို့ ချမ်းသာစွာနေရခြင်း (၃) စည်းကမ်းမဲ့နေလိုသူများကို နှိမ်နင်းနိုင်ခြင်း (၄) တိုင်းနိုင်ငံ ဂိုဏ်းဂဏအတွင်း အေးချမ်းသာယာစွာ နေနိုင်ခြင်း (၅) ပစ္စုပ္ပန် အန္တရာယ်အသွယ်သွယ်ကို ကာကွယ်စောင့်ရှောက်ပြီးဖြစ်ခြင်း (၇) မကြည်ညိုသေးသူများ ကြည်ညိုလာစေနိုင်ခြင်း (၈) ကြည်ညိုပြီးသူများ တိုးကြည်ညိုလာစေနိုင်ခြင်း (၉) သူတော်ကောင်းတရားတို့ တည်တံ့စေနိုင်ခြင်းနှင့် (၁၀) ကိုယ်ကျင့်တရားကို ချီးမြှောက်စေနိုင်ခြင်းအကျိုးတို့ ဖြစ်ပေသည်"

"ဥပသေန...ငါဘုရား မပညတ်အပ်သည်ကို ရဟန်းများက မပညတ်ကောင်း၊ ပညတ်အပ်ပြီးကိုလည်း မဖျက်စကောင်း၊ ပညတ်ထားတိုင်းသာ လိုက်နာကျင့်သုံးထိုက်သည်။ ထို့ကြောင့် ငါဘုရား မပညတ်သည်ကို ရဟန်းများက ပညတ်ချက်အသစ်ပြုလုပ်ကြသည်မှာ မှားယွင်းသည်။ ယင်းမှားယွင်းမှုကို သဘောမတူဟူသော သင်၏အမြင်မှာ မှန်ကန်ပေသည်။ သာဓု၊ သာဓု၊ သာဓု ပဥသန။ စင်စစ်သော်ကား အာနန္ဒာအား အလုပ်အကျွေးအရာ ထားစဉ်ကပင် အာနန္ဒာ၏ လျှောက်ထားချက်အရ အဝေးနေ ရဟန်းများအဖို့ ငါဘုရားအား အချိန်မရွေးဖူးတွေ့ဖို့ရန် ခွင့်ပြုတော်မူခဲ့ပြီး ဖြစ်ပေသည်"ဟု မိန့်ကြား၍ ဘုရားရှင်သည် ဂန္ဓကုဋိတိုက်သို့ ဝင်တော်မူ၏။

အရှင်ဥပသေနနှင့် တပည့်ရဟန်းများအဖို့ ဘုရားရှင်အား အလွယ်တကူ ဖူးမြော်ရခြင်းအကျိုး၊ ဘုရားရှင်ကိုယ်တော်တိုင်၏ သာဓုသံအထပ်ထပ်၊ ကောင်းချီး

www.burmeseclassic.com

www.burmeseclassic.com



အထွေထွေ ကြားနာရခြင်းအကျိုးတို့ကြောင့် ပီတိတဝေဝေ၊ စေတနာအထပ်ထပ်ဖြင့် ဦးခိုက်ကြရင်း ကျောင်းတွင်မနေ တောခြေသစ်ရိပ်တွင်သာနေသော အရညကင် ဓုတင်ဆောက်တည်ထားသူများ ဖြစ်သည့်အတိုင်း ဘုရားရှင်ထံတော်မှထ၍ ပုဗ္ဗာရုံ ကျောင်းတော်မှ ထွက်ကြွတော့မည်ရှိသောအခါ ကျောင်းတော်အဝတွင် ပြဿနာ ရင်ဆိုင်ရန် စောင့်မျှော်နေကြသော ရဟန်းများနှင့် တွေ့နေရ၏။

[ ၄ ]

အကြီးအကဲ ရဟန်းတစ်ပါးက အရှင်ဥပသေနနှင့် ရင်ဆိုင်မိသောအခါ "အရှင် ဥပသေန...ငါတို့ရဟန်းအများ စည်းဝေး၍ သုံးလအတွင်း ဘုရားရှင်အား ဝင် ရောက် မဖူးမြော်ရ၊ အကြင်ရဟန်းသည် ဘုရားရှင်ထံတော် ဝင်ရောက်ချဉ်းကပ် ငြားအံ့ ထိုရဟန်းအား အာပတ်သင့်စေ၊ အပြစ်သို့ရောက်စေရမည်ဟု ပညတ်ချက် တစ်ရပ် ဆုံးဖြတ်ထားကြသည်။ ယခု ရှင်ဥပသေနသည် ယင်းပညတ်ချက်ကို ချိုးဖောက်လာသူဖြစ်၍ အပြစ်ကိုဝန်ခံရမည်"ဟု မိန့်ကြားသောအခါ အရှင်ဥပသေန က ဤအကြောင်းခြင်းရာကို ဘုရားရှင်က မိမိအား မိန့်ကြားလိုက်ပုံ၊ ရဟန်းများ သည် မိမိတို့အရာမဟုတ်ဘဲနှင့် ဥပဒေပညတ်ချက် အသစ်တစ်ရပ် ထုတ်ပြန်သည် ကို ဘုရားရှင် ကဲ့ရဲ့တော်မူလိုက်ပုံနှင့် ဓုတင်ဆောင်ရဟန်းများ အချိန်မရွေး ဖူး တွေ့ခွင့်ပြုတော်မူပုံတို့ကို ပြန်လည်လျှောက်ထားလိုက်သောအခါ ရဟန်းအားလုံးပင် မိမိတို့ပြုမိမှားသော အပြစ်အတွက် သတိသံဝေဂရစွာနှင့် ဦးခေါင်းငုံ့လျှိုး၍သွားကြ ရလေသည်။

အကျိုးသက်ရောက်မှုမှာကား ဓုတင်ဆောင်ရဟန်းတို့အဖို့ ဘုရားရှင်အား ဖူးမြော်ချဉ်းကပ်လိုသည့်အချိန်တွင် ချဉ်းကပ်ဖူးမြော်နိုင်ခွင့် ရှိသည်ကို သိလာရသော ကြောင့်လည်းကောင်း၊ ဓုတင်ဆောင် ရဟန်း၏ သီလသိက္ခာနှင့် အကျိုးသက် ရောက်မှု ကြီးမားလှပုံကို သိသည်ထက် ပို၍သိခွင့်ကြုံလာရသောကြောင့်လည်း ကောင်း ဓုတင်အကျင့် ဆယ့်သုံးပါးအနက် အရညကင်၊ ပိဏ္ဍပါတ် ပံ့သကူစသော ဓုတင် မျိုးကို ကြိုးပမ်းကျင့်သုံးရန် ရဟန်းအများ အားသစ်ပြင်ဆင်လာကြခြင်းပင် ဖြစ်ပေ သည်။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# သုန္ဒရီ

[ ၁ ]

အဘွားဖြစ်သူ၏ ဂုဏ်ရှိန်အောက်တွင် ပေါ့ပေါ့နေ ပေါ့ပေါ့စားခဲ့သော လုလင်ပျို မောင်သာဠတစ်ယောက် ယခုတလော ကုသိုလ်ရေးတွင် စိတ်ဝင်စားကာ အဘွားဖြစ်သူ၏ အတုယူ၍ 'ကျောင်းဒကာ'ဟူသော အမည်ကိုပင် ခံယူလာသည်ကို တွေ့ကြရသောအခါ ခေတ်မသိသူတို့က သာဓုခေါ်ကြ၏။ ခေတ်သိများကမူ ပြုံးကြသည်။

သူဆောက်သောကျောင်းမှာ အဘွားဖြစ်သူ၏ ပုဗ္ဗာရုံကျောင်းကြီးမျိုးလို ခန့်ခန့်ထည်ထည်ကား မဟုတ်၊ ဘိက္ခုနီမယ်များအတွက် ကျောင်းငယ်တစ်ဆောင်မျှ ဖြစ်သည်။ သို့ရာတွင် အဘွားကြီးကဲ့သို့ပင် သူ့ကျောင်းကိုတော့ သူအလွန်ဝါယမစိုက်သည်ကို တွေ့မြင်ကြရ၏။ ကျောင်းဆောက်စဉ်ကပင် ကျောင်းတွင်မနေတော့ရုံတစ်မယ်မျှ သွားရောက်စီမံကြီးကြပ်သည်။ ကျောင်းဆောက်ပြီးပြန်တော့လည်း နေ့စဉ်နှင့်အမျှဆိုသလို ကိစ္စတစ်မျိုးမျိုး၊ အလှူတစ်မျိုးမျိုးနှင့် ကျောင်းသို့သွားသည်။

ယင်းသို့ လူငယ်လူပေါ့တစ်ယောက်က ကျောင်းကိစ္စတွင် ရှောင်တခင် ဝါယမစိုက်လွန်းလာသည်မှာ ကုသိုလ်ရေးထက် ကြီးစွာသော အခြားအကြောင်းတစ်ရပ်ရှိ၏။ သူ့ချစ်သူ သုန္ဒရီ၏ အကြောင်းတည်း။

[ ၂ ]

ဓမ္မဒိန္နာ၊ ဘဒ္ဒကာပိလာနီတို့လို လောကစည်းစိမ်ကို စွန့်ပစ်ကာ သဒ္ဓါသက်သက်ဖြင့် တောထွက်စွန့်စားလာသော၊ ရဟန်းပြုသော အာဇာနည်အမျိုးသမီးတို့

www.burmeseclassic.com



အနည်းအကျဉ်းမျှရှိသည်မှန်သော်လည်း ယေဘုယျအားဖြင့်မူ ရသေ့ ရဟန်းလုပ်မှု၊ တောထွက်မှုဟူသည်မှာ ယောကျာ်းများ၏အလုပ်သာ ဖြစ်တော့သယောင် ထင်မှတ်ခဲ့ကြ၏။ အမျိုးသမီးတစ်ယောက် ရသေ့ ရဟန်းပြုသည်ဆိုလျှင် သားသေ လင်ဆုံး ကုန်ရှုံး ကြွေးတင် စသော အပူအပင်တစ်ရပ်ရပ်ကြောင့်သာ ဖြစ်တော့သယောင် ပြောစမှတ်ပြုတတ်ကြသည်။

သို့ရာတွင် မိထွေးတော်ဂေါတမီ၏ ကျေးဇူးကြောင့် ဘုရားရှင်က ဘိက္ခုနီသာသနာတော်ကို ခွင့်ပြုလိုက်သောအခါ ဘယာမဖက် သဒ္ဓါသက်သက်ဖြင့် သာသနာတော်သို့ ဝင်ရောက်လာသော အမျိုးသမီးများကို တွေ့ကြရသည်။ သာမန်အမျိုးသမီးများသာမက ဥပ္ပလဝဏ်၊ ခေမာ စသော စည်းစိမ်ရှင် ထိပ်တန်းအမျိုးသမီးများစွာကိုလည်း တွေ့လာရသည်။ စင်စစ်သော်ကား သဒ္ဓါတရားတွင် အမျိုးသမီးများက ယောကျာ်းသူများအောက် ယိုယွင်းချို့တဲ့သောကြောင့် မဟုတ်၊ အမျိုးသမီးတို့၏ အားနည်းသောသဘာဝတွင် ယောကျာ်းများကဲ့သို့ ထီးထီးလွတ်လွတ် စွန့်လွှတ်လုပ်ကိုင်ဖို့ရန် အခက်အခဲကြောင့်သာ ဖြစ်ပေသည်။

ယင်းသို့ အခက်အခဲကို ဘိက္ခုနီသာသနာတော်တွင် ဘုရားရှင်က လိုအပ်သမျှ စည်းကမ်းသိက္ခာပုဒ်များဖြင့် ဘောင်ခတ်စီစဉ်ပေးလိုက်သောအခါ အမျိုးသမီးတို့၏ တရားရိပ်သာ အဝန်းအဝိုင်းသည် လှပစွာ ကျယ်ပြန့်၍လာခဲ့ပေသည်။

ရာဇဂြိုဟ်၊ သာဝတ္ထိ၊ ဝေသာလီ စသော ဘုရားရှင်သာသနာထွန်းကားရာ ဒေသများတွင် အမျိုးသမီးသာသနာ၊ ဘိက္ခုနီရိပ်သာများ တစ်ခုပြီးတစ်ခု ပေါ်ပေါက်၍လာ၏။ တရားရှင်အမျိုးသမီးများသည် တစ်ဦးချင်း၊ တစ်ယောက်ချင်းသော်လည်းကောင်း၊ အစုလိုက်အပြုံလိုက်သော်လည်းကောင်း သာသနာတော်သို့ ဝင်ရောက်၍ လာကြသည်။

ယင်းသို့ ဝင်ရောက်လာကြရာ၌ အခြား ဘယ်သူတွေဝင်ဝင်၊ ဘယ်အမျိုးသမီးတွေ ရောက်ရောက် မောင်သာဋ္ဌအဖို့ အရေးမကြီး၊ သူ့ချစ်သူ သုန္ဒရီနှင့် အစ်မတစ်တွေ ရဟန်းပြုသွားပြီဆိုသောအခါ မောင်သာဋ္ဌမျာ ဆတ်ဆတ်ခါသွားရလေတော့သည်။

သာဝတ္ထိတွင် နန္ဒာ၊ နန္ဒာဝတီ၊ သုန္ဒရီနန္ဒာ၊ ထုလ္လနန္ဒာဟူသော ညီအစ်မလေးဖော်တို့၏ အလှသတင်းသည် သူ့အဆင့်နှင့်သူ မွှေးပျံ့လျက်ရှိပေ၏။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးတို့၏ အလှဆိုသည်မှာ လှနေရုံနှင့်မပြီး၊ အလှနှင့်လိုက်ဖက်သော ပြည့်စုံမှုရှိဖို့လည်း လိုသေးသည်။ ဆင်းရဲသူတစ်ယောက်၏ အလှသည် အန္တရာယ်ရှိတတ်သည်။ နန္ဒာတို့၏အလှသည် သူ့အဆင်းနှင့်သူတွင် ဝင့်ကြွားစရာဖြစ်သော်လည်း ဂုဏ်ပေါင်းစုံတို့၏အရှင် ကျောင်းအမကြီး ဝိသာခါ၏ မြေးဖြစ်သူ တစ်ယောက်လုံးက ရွှေစွန်ညို ဝဲလာသောအခါ အထူးသတိပြုကြရသည်။

အလှပိုင်ရှင်များပင် ဖြစ်စေကာမူ နန္ဒာနှင့် နန္ဒာဝတီဟူသော အစ်မကြီး နှစ်ယောက်အဖို့မှာ မိမိတို့အလှကိုပင် မေ့ပျောက်ကာ တရားဓမ္မဘက်တွင် ထက်သန်သူများဖြစ်ကြသည့်အတိုင်း ဘိက္ခုနီ သာသနာတော်သို့ ဦးဆောင်ဝင်ရောက်လိုက်သောအခါ သုန္ဒရီနန္ဒာနှင့် ထုလ္လနန္ဒာ ညီအစ်မနှစ်ယောက်အဖို့လည်း ခွဲ၍မနေတော့ဘဲ အစ်မများနှင့်အတူ ရောယောင် နောက်လိုက်အဖြစ် ဘိက္ခုနီမယ်များ ဖြစ်သွားကြ၏။ သို့ရာတွင် သုန္ဒရီနန္ဒာအဖို့သာ လူ့ဘဝက ပါလာခဲ့သည့် မောင်သာဋ္ဌတည်းဟူသော အချစ်ကြောင့်တန်းလန်းတွင် လူ့ဘဝလိုလို ရဟန်းဘဝလိုလို နယီးနယားနှင့် ရှိနေသည်။ ညီမငယ်ထုလ္လနန္ဒာမူကား သာသနာတော်သို့ ရောက်လာသောအခါ ဉာဏ်ပညာထက်မြက်မှု၊ အပြောအပြောကောင်းမှု၊ ရဟန်းအများနှင့် ဆက်ဆံရေးပြေပြစ်မှုတို့အပေါ်တွင် ငယ်ရွယ်သူပီပီ သာသနာရေးကိစ္စများတွင် တက်တက်ကြွကြွ ဆောင်ရွက်မှုတို့ကြောင့် အစ်မများကိုလွှမ်း၍ ထင်ရှားသော ထေရီမယ်လေးတစ်ဦး ဖြစ်လာသည်။

ဘုရားရှင်သည် ပေါ်ပေါက်လာသော ဖြစ်ရပ်အထွေထွေ၊ ပြဿနာတစ်ခုခုအားလျော်စွာ ဝိနည်းသိက္ခာပုဒ်ပေါင်းများစွာကို ပညတ်တော်မူခဲ့ရာ တက်တက်ကြွကြွရှိလှသော ထုလ္လနန္ဒာကို အကြောင်းပြု၍ ပညတ်ခဲ့ရသော သိက္ခာပုဒ်ပေါင်း မြောက်မြားစွာ ပါဝင်၏။

ယင်းဖြစ်ရပ်များအနက် ရဟန်းပင်ဖြစ်သော်လည်း ချစ်ညီမတို့၏ ထုံးတမ်းစဉ်လာ အစ်မဖြစ်သူ၏ အချစ်ကိစ္စတွင် ပါဝင်ကူညီခဲ့သော ဖြစ်ရပ်တစ်ခုလည်း ပါ၏။ အချစ်ပင် အချစ်ကြောင့်တန်းလန်းနှင့် သာနာတော်သို့ ဝင်ရောက်လာသော အစ်မကို သနားသည်။ သူကလည်းချစ်၊ ကိုယ်ကလည်းချစ် ဘက်ညီသောအချစ်ဖြစ်ပါလျက် ဘက်မညီသော ဂုဏ်ပစ္စည်းအဆင့်အတန်း ကွာခြားမှုကြောင့် မဝံ့မရဲဖြစ်နေသော အစ်မကို သနားသည်။ ထို့ထက်ကား သာသနာတော်တွင် တကယ်ဆန္ဒမရှိဘဲနှင့် အမျိုးသမီးတို့၏ အနှစ်သက်ဆုံး အလှတန်ဆာဖြစ်သော ဆံပင်ကို

www.burmeseclassic.com



ဖြတ်ပစ်သည်အထိ စွန့်စားမှုကို တွေ့ရသောအခါ အစ်မအတွက် ရင်ထုမနာဖြစ်ရသည်။

သာသနာတော်သို့ သုန္ဒရီ ဝင်ရောက်လာခဲ့သော အကြောင်းသည် အစ်မ၊ ညီမများနှင့်အတူ ရောယောင်နောက်လိုက် လုပ်ခဲ့ခြင်းလည်း မှန်၏။ ဘိက္ခုနီလုပ်၍ ဆံပင်ကို ဖြတ်ပစ်လိုက်သည့်အခါ ယောကျ်ားတို့မြတ်နိုးသော အလှမရှိတော့ပြီ ကြောင့် မောင်သာဋ္ဌ နောက်ဆုတ်သွားလိမ့်မည်ဟု သုန္ဒရီ မျှော်လင့်ခြင်းဖြင့် စွန့်စားပြုလုပ်ခဲ့သည်လည်း မှန်၏။ သို့ရာတွင် မောင်သာဋ္ဌက နောက်ဆုတ်မသွား။ ခြေဖျားမှ နဖူးအထိ သုန္ဒရီ၏အလှမျိုးစုံတွင် အနားသပ် သရဖူဆောင်းထားဟန်တူသော ပိတုံးရောင် မှောင်မှောင်ကော့ကော့ ဆံလှိုင်း ဆံထွေးကလေးများ ဆုံးရှုံးသွားသောကြောင့် ရင်ထုမနာဖြစ်သွားဟန် တူသော်လည်း နောက်ဆုတ်မသွား။ ယခင်က အချစ်စိတ် အချစ်ဓာတ်ရီးရီးတွင် ကရုဏာစိတ်ပင် အလေးကဲ၍လာသည်။

ဆံပင်သည် အမျိုးသမီးများ၏အလှကို ထိန်း၍ထားသော သရဖူ၊ အလှမျိုးစုံကို ဖြစ်ပေါ်စေသော သဘာဝအလှပြင်ပစ္စည်းအဖြစ် အမျိုးသမီးများ၏ ပင်ကိုအင်အားတစ်ရပ်ဖြစ်သည်။ အကြောင်းမူကား ဆံပင်ကို ပုံစံအမျိုးမျိုး ပြုပြင်လိုက်ခြင်းဖြင့် အလှကို မျက်လှည့်ပြနိုင်သည်။ ပင်ကိုအားဖြင့် မလှနှင့်ဦးတော့၊ ဆံပင်ဖြင့် မျက်လှည့်ပြကာ အလှရုပ်ကို ဖန်တီးနိုင်သည်။

သို့ရာတွင် သုန္ဒရီအဖို့မူ အလှအပသရဖူဆံပင်ကို ရိတ်ပစ်လိုက်သည့်အခါမှပင် သူ့ပင်ကိုအလှသည် ထင်းထင်းကြီးပေါ်၍လာသည်ဟု မောင်သာဋ္ဌက မြင်သည်။ တစ်ချိန်တွင်မူ ကျောင်းကိစ္စလုပ်ရင်းကိုင်ရင်းနှင့် သုန္ဒရီ၏အနီးသို့ ရောက်အလာတွင် "အခုမှ ပိုပြီးလှလာသဗျ"ဟုပင် မောင်သာဋ္ဌက လေသံဖြင့်ပြောလိုက်၏။

ပို၍လှသည်ဟူသောအမြင်မှာ ချစ်မျက်လုံး၊ ချစ်မျက်မှန်တပ်ထားသူ မျက်စိရှင်တို့အဖို့ အချစ်၏လှည့်စားမှုလည်း ဖြစ်တန်ရာ၏။ သုန္ဒရီ၏ လှရက်လွန်းသော ဆံပင်ကို ရိတ်ပယ်လိုက်သောအခါ သုန္ဒရီ၏ ဖြူနုဝင်းအိ၍နေသော မျက်နှာအလှသည် ပေါင်းမြက်လောင်းရိပ်ကို ဖယ်ရှားပစ်လိုက်သော ပန်းဆုပ်ပန်းခိုင်ကလေးကဲ့သို့ ပို၍ ပေါ်လွင်လာသောကြောင့်လည်း ဖြစ်သည်။ ဆံပင်မရှိသောကြောင့် ဖွေးဖွေးအိအိ ပေါ်လွင်၍လှနေသော သုန္ဒရီ၏နဖူးရေမှ အလှငွေ့၊ အလှဓာတ်များ လျှံထွက်နေသယောင်ပင် ထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ ခေါင်းတုံးရိတ် သင်္ကန်းဝတ်ကာ ဘဝခြားပစ်လိုက်သော်လည်း မောင်သာဥက နောက်ဆုတ်၍မသွားသောကြောင့် သုန္ဒရီအဖို့ ခက်ရတော့သည်။ 'သူ့မေတ္တာမှာ အလှကိုမက်မောရုံမျှမဟုတ်ဘဲ ငါ့အပေါ်မှာ တကယ့်မေတ္တာ၊ တကယ့်အချစ်ပါကလား'ဟု သုန္ဒရီ တွေးလာရတော့သည်။ အမျိုးဂုဏ်၊ ပစ္စည်းဂုဏ်ခြား၍ ကြောက်အားပိုခဲ့မိသော်လည်း တကယ်ဆိုတော့ မိမိဘက်မှလည်း မောင်သာဥအပေါ် မစွမ်းရင်းရှိခဲ့သည်သာ ဖြစ်ပေသည်။

သို့ရာတွင် မိမိသည် ဟုတ်တိပတ်တိဘဝပြောင်းကာ သျှောင်တစ်လုံး အဆုံးခံခဲ့ပြီးသည်မို့ သာသနာတော်ကို ထောက်ထားရပေဦးမည်။ ဘုရားရှင်၏ မျက်နှာတော်ကို ငဲ့ရပေဦးမည်။ မိမိအဖော် သူတော်ကောင်းတို့၏အသိုင်းအဝိုင်းကို ရှက်ရပေဦးမည်။ သို့ဖြစ်၍ တစ်ချိန်မဟုတ် တစ်ချိန်ချိန်၊ တစ်နေ့နေ့တွင်မူ ကိုသာဥ တစ်ယောက် လက်လျှော့သွားပါစေတော့ဟု ကျောင်းဝင်းအထိ လိုက်၍ ဝဲပျံနေသေးသော ရွှေစွန်ညိုရဲ့ဘေးရန်မှ နည်းမျိုးစုံဖြင့် ရှောင်တိမ်းရတော့သည်။

ကျောင်းသို့ မောင်သာဥ လာတတ်သည့်အချိန်တွင် အခြားသို့ ရှောင်တိမ်းသည်။ မရှောင်သာသည့်အခါတွင် အခန်းထဲမှ မထွက်။ စကားတစ်လုံးမှ မပြော။ ထိုအခါမျိုးကျတော့လည်း မျက်နှာငယ်ကလေးနှင့် ပြန်၍ ပြန်၍ သွားသည်ကို တွေ့ရသောအခါ သနားစရာ ဖြစ်ရပြန်သည်။

ယင်းသို့ နည်းမျိုးစုံ ဟန်ဓာတ်ခုတ်၍နေသော်လည်း မိမိက မစွမ်းရင်းရှိနေသည်ကိုသိသော အတွင်းသိ အစင်းသိ ညီမဖြစ်သူကမူ သာသနာတော်တွင် မပျော်ဘဲနှင့် ဟန်လုပ်မနေဖို့၊ တကယ့်မေတ္တာရှင် ကိုသာဥအလိုသို့လိုက်ဖို့၊ နောင်တစ်ချိန် အခွင့်သာ အခါကြုံသည့် တစ်ချိန်ချိန်တွင်မူ သာသနာတော်သို့ ပြန်ဝင်လာဖို့ ညီအစ်မချင်း ခေါင်းချင်းရိုက်ကာ တွတ်ထိုးတိုက်တွန်းပေါင်း များလှပြီဖြစ်သော်လည်း မိမိကမူ တောင့်ထားဆဲ၊ တင်းထားဆဲပင် ဖြစ်သည်။

ညီမ ထုလ္လနန္ဒာက တိုက်တွန်းရုံသာမဟုတ်၊ မောင်သာဥနှင့် နီးစပ်ဖို့ရန် အကြောင်းတစ်ရပ်ပင် ဖန်လာသည်။ ခြေတို ချောင်းပေါက်လုမတတ် ကျောင်းသို့ လာသော်လည်း အတွေ့မခံသည်ကို တွေ့ရစေရန် မောင်သာဥနှင့် ထုလ္လနန္ဒာတို့ တိုင်ပင်၍ ဖန်တီးလာသည်။ ယင်းအကြောင်းရပ်ကား မောင်သာဥက ဒကာခံကာ ဘိက္ခုနီမယ်များအတွက် ကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆောက်သည်ဆိုတော့ ကျောင်းဒကာအဖို့ ကျောင်းသို့ တစ်နေ့ ဘယ်နှစ်ကြိမ်သွားသွား တင့်တယ်သည်။ ကျောင်းအမကြီး ဝိသာခါရဲ့မြေး၊ ဂုဏ်ကြီးရှင်ရဲ့မြေး၊ ပစ္စည်းရှင်၊ ခေနရှင် အရွယ်ကောင်း လူချောလူလှတစ်ယောက်ဖြစ်သော မောင်သာဋ္ဌအဖို့ သာဝတ္ထိတစ်မြို့လုံးမှာ မိန်းမရှားသမို့လား၊ မျက်စိသကျိုး လွဲနေပြီနဲ့ တူပါရဲ့၊ ဘိက္ခုနီမယ်ကလေးကိုမှ တမ်းတမ်းစွဲနေရသလားဟု ပတ်ဝန်းကျင်၏ မျက်စောင်းထိုးမှု၊ ရှုတ်ချမှုဒဏ်ကို ကြာတော့လည်း ရက်သယောင်ရှိ၍လာရာမှ စိတ်ကူးကောင်းသူ ထုလ္လနန္ဒာ၏ အကြံပေးချက်အရ ကျောင်းဒကာဟု ဖြစ်လာသော အခါ ခြေလှမ်း ပိုသွက်လာပြန်တော့သည်။

ကျောင်းဆောက်ရာတွင် အချစ်စေတမန် ထုလ္လနန္ဒာက ရိုးရိုးမျှပင်မကဘဲ အမှုပိုသူ သုန္ဒရီအဖို့ ရှောင်၍မလွတ်အောင်လည်း ဖန်တီး၍ပေးသည်။ ပေးဟန်ကား ကျောင်းဆောက်ရာတွင် ရဟန်းမယ်များဘက်မှ လိုအပ်သမျှ စီမံဖန်တီးသူ အမှုဆောင်အဖြစ် သုန္ဒရီအား တာဝန်ချထားလိုက်ခြင်းပင် ဖြစ်ပေသည်။

ထို့ကြောင့် သုန္ဒရီအဖို့ မောင်သာဋ္ဌနှင့် ရှောင်၍မလွတ်တော့။ အကြိမ်ကြိမ် တွေ့ရသည်။ အကြိမ်ကြိမ်ဆွေးနွေးရသည်။ ရံဖန်တွင်မူ ဘိက္ခုနီမကြီးများ၏ အမိန့်ဖြင့် မောင်သာဋ္ဌအိမ်သို့ သွားရောက်ပြောဆိုရသည့် အချိန်များပင် ရှိခဲ့သည်။

ယင်းသို့ဖြင့် အပြင်တွင် အမြင်တစ်မျိုး၊ အတွင်းကမူ ဆင်ကြံကြံ၍နေသော အသွင်တစ်မျိုးဖြင့် မောင်သာဋ္ဌတစ်ယောက် အဘယ်မျှ ကြိုးပမ်းစေကာမူ ကျောင်းကိစ္စ ပြီးစီးသွားသည်အထိ အကြောင်းထူးမလာရုံမျှမက ကျောင်းကိစ္စ ပြီးပြတ်သွားသော အချိန်မှစ၍ သုန္ဒရီက အငွေ့အရိပ်ကလေးမှ အတွေ့မခံတော့သဖြင့် မောင်သာဋ္ဌအဖို့ ခက်ရပြန်တော့သည်။

ယောကျ်ားဆိုသည်မှာ ခက်သည်။ သူတို့နှလုံးသည်းပွတ်၌ အချစ်မြားစူးဝင်နေပြီဆိုလျှင် ထိုအချစ်မြားကို စတေးနိုင်ရေးအတွက် အကြောင်းဟုတ်သည် မဟုတ်သည်၊ နည်းလမ်းကျသည် မကျသည် မကြည့်။ မရှု။ မမြင်။ ဖြစ်နိုင်သမျှကို ဆင်ကန်းတောတိုး လုပ်တော့သည်။ တိုင်းပြည်ကိုပင်သော်လည်း စွန့်မည်။ တိုက်စရာရှိလျှင် တိုက်မည်။ စွန့်စရာရှိသမျှ စွန့်မည်။ ရွှေမြင်းမိုရ်တစ်တောင်လုံးကိုပင် တုံးမှတ်လို့ခုန်မည်။ ထို့ကြောင့်လည်း သာမန်လူပြိန်း ယောကျ်ားများကိုထားဦး၍ ပညာရှင် လူလိမ္မာများပင်သော်လည်း အချစ်နှင့်ပတ်သက်လာလျှင် မိုက်ကြတော့သည်ဟု ဘုရားရှင်ကိုယ်တော်တိုင် ဟောတော်မူသည် မဟုတ်လော။

www.burmeseclassic.com

www.burmeseclassic.com



သုန္ဒရီကြောင့် အချစ်ရူး ရူးနေပြီဖြစ်သော မောင်သာဥတစ်ယောက်ကတော့ မမိုက်သေးပါ။ သို့ရာတွင် ဆန္ဒပြင်းသူအဖို့ မဆုတ်မနစ် ကြိုးစားလျှင် အောင်မြင်မြဲ သဘာဝအတိုင်း မိုက်ဖို့အခြေအနေက ဖန်တီးလာတော့သဖြင့် မိုက်သည်ပဲဆိုဆို၊ မှားသည်ပဲဆိုဆို၊ သူ့ဘက်ကကြည့်လျှင် သူ့အောင်မြင်မှုပင် ဖြစ်တော့သည်။

ကျောင်းပြီးသည့်အချိန်မှစ၍ သုန္ဒရီက ယတိပြတ်ဆိုသလို အရိပ်အယောင်ကလေးမျှပင် အတွေ့မခံတော့သဖြင့် မောင်သာဥအဖို့ ယခုလောလောလတ်လတ်တွင်တော့ သုန္ဒရီကိုတွေ့ဖို့ မြင်ဖို့ကလေးမျှပင် အရေးကြီး၍နေပေသည်။ ကျောင်းသို့ အကြိမ်ကြိမ်သွား၍၊ ချောင်း၍၊ စောင့်၍ နည်းမျိုးစုံဖြင့် ကြိုးစားသော်လည်း အမြင်မခံတော့ပေ။

[ ၃ ]

ထို့ကြောင့် သုန္ဒရီနှင့်တွေ့ဖို့အရေးကို တွေးလိုက်သောအခါ နည်းလမ်းတစ်ခုကို လွယ်လွယ်နှင့် စဉ်းစား၍ရသောကြောင့် အဘွားဖြစ်သူကို မျက်နှာချိုသွေး၍ "ဘွားဘွား...ကျွန်တော်လည်း ဆွမ်းကျွေးချင်တယ်"ဟု ပြောလိုက်သောအခါ ကျောင်းအမကြီး မိသားစုတွင် သံဃာတော်များ ဆွမ်းကျွေးမှုဆိုသည်မှာ အဆန်းမဟုတ်သည်ကို အဆန်းလုပ်၍ပြောလာသော မြေးချစ်၏စကားကို အဘွားကြီးအံ့အားသင့်ကာ "ဟဲ့...ဆွမ်းကျွေးတာများ ငါ့မြေးက အဆန်းလုပ်ပြီး ပြောရသေးလား၊ အိမ်မှာ တစ်နေ့တစ်နေ့ သံဃာ ထောင်ကိုးရာကျွေးနေတယ်မဟုတ်လား"ဟု ပြန်ပြောလိုက်သည်။

"ကျွေးတာကတော့ ကျွေးတာပေါ့ ဘွားဘွားရဲ့၊ ဒါပေမယ့် ကျွန်တော်က ကျွန်တော့်အတွက် တစ်နေ့သပ်သပ် ခွဲပြီး ကျွေးချင်လို့ပါ"

"အဲဒီတစ်နေ့ သပ်သပ်ဆိုတာက ဘိက္ခုနီမတွေ ကျွေးမှာမဟုတ်လား"ဟု အနီးရှိ ဓာတ်သိ နှမ်းဖတ်ချဉ်ညီမတစ်ယောက်က ဝင်ထောင်လိုက်သောအခါ သူတို့ဓာတ်လမ်းကို မသိသော အဘွားကြီးက မြေးနှစ်ယောက်၏ မျက်နှာများကို နယ်းနယားဖြင့်ကြည့်ရင်း "ဘိက္ခုနီမကို ကျွေးကျွေး၊ ဘိက္ခုကိုကျွေးကျွေး ကုသိုလ်ဟာ ကုသိုလ်ပဲ၊ ငါ့မြေးကြိုက်တဲ့နေ့မှာ ငါ့မြေးကြိုက်သလို စီမံချက်ပြုတ်ပြီး ကျွေးပေတော့"ဟု ခွင့်ပြုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခုတလော အစ်ကို့ခေါင်းထဲမှာ ဘိက္ခုမရှိဘူး၊ ဘိက္ခုနီမတွေပဲ ရှိတယ် ဘွားဘွားရဲ့"

"ဟဲ့…နင် မဟုတ်တာတွေ လျှောက်ပြောမနေနဲ့။ ဘွားဘွား သံဃာစင်မှာ ဘယ်တော့ကြည့်လိုက်ကြည့်လိုက် ဘိက္ခုတွေပဲပြည့်နေတတ်တယ်။ သူ့ခမျာ ဘိက္ခုနီမလေးတွေ မျက်နှာငယ်ရှာတယ်။ ဘွားဘွားသံဃာစင်ကို လာချင်ဝင်ချင်ပေမယ့် ဘိက္ခုတွေပြည့်ပြည့်နေတော့ မဝင်ဝံ့ရှာကြဘူး။ ဒါကြောင့်မို့ ကျွန်တော်က ဘိက္ခုနီမတွေချည်း တစ်နေ့သက်သက် ဆွမ်းကျွေးချင်လို့"

"ငါ့မြေးပြောတာ မှန်တယ်ဟဲ့၊ ငါ့မြေးစိတ်ကူးကောင်းတယ်၊ ကြိုက်သလိုသာ ကျွေးပေတော့"ဟု အဘွားကြီး စကားအဆုံးတွင် ညီမ မယ်စပ်စုက "အားကြီးကြီး ဟုတ်ပါလိမ့်မယ်၊ အဲဒီနေ့မှာ ရလိုက်မယ့် ကုသိုလ်ကြီးတွေကတော့ မြင်လိုက်ပါသေးရဲ့၊ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿဆိုတာ အဲဒီနေ့အလှူမျိုးကို ခေါ်မှာပဲ"ဟု လှောင်ရှည်လိုက်သောအခါ ခိုးထုပ်ခိုးထည်နှင့် မိတော့မယောင် မောင်သာဋ္ဌက သူ့ညီမအား တစ်ချက်လှမ်းဟောက်လိုက်ပြီး "အသာနေစမ်း၊ နင် ဝင်မရှုပ်နဲ့၊ ဒါ လူကြီးတွေအလုပ်၊ ဘွားဘွားဆီက အမိန့်ရပြီးပြီ"ဟု ပြောလိုက်ရ၏။

သို့နှင့် ထိုနေ့ကို ရဟန်းမယ်များအတွက် သီးသန့်နေ့ဟု သတ်မှတ် လျှောက်ထားပြီးလျှင် တစ်ပါးကိုသာ လာစေချင်သည်ကို တစ်ကျောင်းတိုက်လုံးရှိ ဘိက္ခုနီသံဃာအားလုံး ပင့်ဖိတ်၍ ဆွမ်းကျွေးပွဲကြီး ဆင်နွှဲသည်။ ဆွမ်းကျွေးမှုအစီအစဉ်ကို မောင်သာဋ္ဌတစ်ယောက် အဖြစ်သဲလိုက်ပုံမှာ ဘိက္ခုနီတွေ ကြွလာပြီး သူ့အချစ်ကလေး သုန္ဒရီက သူ့ကိုရှောင်ရန်အတွက် လွတ်လွတ်ကျွတ်ကျွတ်မနေဘဲ အရှိန်အဝါ ကြီးမားလှသော ဥပ္ပလဝဏ်၊ ခေမာ၊ ယသော်ဓယာ၊ ဘဒ္ဒကာပိလာနီ စသော ဘိက္ခုမယ်ကြီးများအကြားသို့ တိုးကပ်နေလျှင် အတွေ့အမြင်ခက်မည်ကြောင့် နေရာခင်းရာတွင် ဘိက္ခုမယ်ကြီးများအတွက် တသီးတသန့်၊ ဘိက္ခုမယ်ကလေးများအတွက် တသီးတခြား ကန့်သတ်ခင်းပေးရုံမျှမက သူ့ချစ်သူအား ထင်ထင်ကြီး မြင်နိုင်၊ တွေ့နိုင်အောင် သုန္ဒရီတို့လို အလတ်စား ဘိက္ခုမယ်များအတွက်ဟူ၍ သီးသန့်နေရာ စီစဉ်ထားလိုက်ပေသေးသည်။

စိတ်ကူးကောင်းပါ၏။ စီစဉ်ပုံ လှပါ၏။ ဆွမ်းဒကာကြီး မောင်သာဋ္ဌ စီစဉ်သည့်အတိုင်းလည်း ဘိက္ခုနီအားလုံး နေရာယူကြသည် မှန်ပါ၏။ သို့ရာတွင် သူ့

www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်အတိုင်း မကောင်း၊ မလှ၊ မမှန်သည်ကတော့ သူ့ဆွမ်းကျွေးသို့ သုန္ဒရီ လိုက်မလာခြင်းပင် ဖြစ်တော့သည်။

ကုသိုလ်ရေးဇန်းပြကာ မောင်သာဥ ဘာတွေလုပ်လုပ်၊ သည်ယုန်မြင်၍ သည်ချုံထွင်သည်ကို သုန္ဒရီ မသိဘဲရှိမည်လား။ အကြောင်းဟုတ်သည်ရှိ၊ မဟုတ်သည်ရှိ၊ ဟို့နှယ် သည့်နှယ် အကြောင်းအမျိုးမျိုးဖြင့် မောင်သာဥတစ်ယောက် ကျောင်းသို့လာလွန်းသည်နှင့်ပင် သုန္ဒရီအဖို့ ရှက်လှပြီ။ ရှက်လှ၍ ရှောင်နေသည်ကို ယခု အိမ်ကိုပင့်၍ လှူပုံအလယ် လူကြီးများရှေ့တွင် မိမိအပေါ်၌ မောင်သာဥ ဣန္ဒြေပျက်ဦးတော့မည်ကိုသိ၍ သုန္ဒရီက ရှောင်လက်စနှင့်ပင် ဆက်၍ရှောင်သည်။

မောင်သာဥအဖို့မူ ဆွမ်းကျွေးမဏ္ဍပ်သို့ ဘိက္ခုနီတွေ ကြွလာသည် ဆိုကတည်းက ရက်အတန်ကြာ မမြင်ရ၊ မတွေ့ရ ဖြစ်နေခဲ့သော သူ့ချစ်သူလေးကို လည်ပင်းညောင်ရေအိုးဖြင့် တစ်ပါးပြီးတစ်ပါး စောင့်မျှော်၍ ကြည့်နေသည်။ သုန္ဒရီ ပါမလာသောအခါ အကြံအဖန်လုပ်ခဲ့သမျှ၊ ကြိုးစားခဲ့သမျှ ဖတ်ဖတ်မောသွားရသည်။ သို့သော် နေသေးရီးလား။

[ ၄ ]

သည်တစ်ခါတော့ သုန္ဒရီ အတော့်ကိုလွန်နေပြီဟု မောင်သာဥ တွေးလိုက်သည်။ သူ့တစ်ဖက်တည်းက တစ်ဖက်သတ်အချစ်မျိုးဆိုလျှင်လည်း ရှိပါစေဦးတော့၊ တိမ်းရှောင်သူလည်းဖြစ်သည်၊ ရဟန်းလည်းဖြစ်သည်ဟု စဉ်းစားနိုင်၊ ရှောင်နိုင်သေးသည်။ အခုတော့ သုန္ဒရီက သူ့ကိုချစ်သည်ကိုလည်း သူသိသည်။ အချစ်ဆိုသည်မှာ အချစ်မှတ်တိုင်သို့ မရောက်ကြသေးမီ တစ်ဦးနှင့်တစ်ဦး အဘယ်မျှ ဟန်လုပ်ဝှေ့လည်နေကြစေကာမူ နှလုံးသားချင်းတော့ သိကြသည်သာဖြစ်သည်။ အမူအရာချင်းတော့ သိကြသည်သာ မဟုတ်ပါလော။

အချစ် စစ်ပွဲတွင် စကားနာမျိုးစုံ၊ အပြုအမူမျိုးစုံဖြင့် ဟန်လုပ်ကြခြင်းမှာ ဓမ္မတာဖြစ်ပါ၏။ သို့ရာတွင် သုန္ဒရီတစ်ယောက်ကတော့ လွန်လွန်းနေပေပြီ။

သို့ဖြစ်၍ ကြည့်ရှုကလေးအတွက် အကွက်ဆင်ပေးသည်ကိုမျှ ရောက်မလာသော သုန္ဒရီအား ခပ်ကြမ်းကြမ်းကလေး တိုးဝင်ကိုင်တွယ်ဖို့သာရှိတော့သည်ဟု ဆုံးဖြတ်လိုက်သော ဆွမ်းဒါယကာကြီး မောင်သာဥအဖို့ ကျွေးချင်လှပါသည်ဆိုသော

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းကျွေးကိစ္စကြီးကို အိမ်ကလူများနှင့်ပင် ပစ်ထားလိုက်ပြီးလျှင် သုန္ဒရီရှိရာကျောင်းသို့ တစ်ဟုန်ထိုး လိုက်သွားသည်။

ကျောင်းတိုက်တစ်ခုလုံးတွင် သုန္ဒရီတစ်ပါးတည်းသာ ကျန်ရစ်သည်။ ချန်ရစ်သည်။ နံနက်ပိုင်းအချိန်လည်းဖြစ်၊ ဆွမ်းကျွေးကိစ္စ တန်းလန်းနှင့်မို့ မောင်သာဋ္ဌတစ်ယောက် ကျောင်းသို့ရောက်လာဖို့ရန် စိတ်ကူးပင် ထည့်မထားသဖြင့် ကျောင်းတွင် အိပ်ရာပေါ်၌ လွတ်လွတ်လပ်လပ် နွေးထွေးလျက်ရှိသော သုန္ဒရီအဖို့ ကျောင်းပေါက်ဝ တံခါးမမှ ဘွားခနဲပေါ်လာသော မောင်သာဋ္ဌကို တွေ့လိုက်ရသောအခါ အံ့အားကြီးသင့်စွာ မျက်လုံးကြီးအဝိုင်းသားနှင့် ကြည့်နေမိလျက်သား ဖြစ်သွားတော့သည်။

မောင်သာဋ္ဌက တံခါးဝတွင် တန့်ခနဲ တစ်ချက်ရပ်လိုက်ပြီးနောက် သုန္ဒရီထံသို့ တစ်ဟုန်ထိုး တိုးဝင်လာကာ အတင်းဖက်လိုက်သောအခါ သုန္ဒရီက တွန်းဖယ်ပစ်ရင်း "အလို...ဘယ့်နှယ်ဟာတုံး၊ ဘယ့်နှယ်လုပ်တာလဲ၊ ကိုသာဋ္ဌ...ရှင် လွန်မယ်နော်၊ လွန်မယ်"ဟု ပြောသည်။

သို့ရာတွင် အသံမှာ အင်အားမရှိ၊ တွန်းသောလက်မှာလည်း အင်အားမရှိ။ ရှိချင်ရှိ မရှိချင်နေ၊ အချစ်ရေတံခွန်ကြီး ပေါက်ကျနေပြီဖြစ်သော မောင်သာဋ္ဌက တင်းတင်းကျပ်ကျပ် အတင်းဖက်သည်။ တအားဖက်သည်။ ပွေ့သည်။ ပြီးတော့ သုန္ဒရီ၏ မော့လှန်ထားသော မျက်နှာ ပါးပြင်ကလေးကို အတင်းဆွဲ၍ နမ်းသည်။ နမ်းရုံမဟုတ်၊ မျက်နှာချင်း တအားကပ်ထားသည်။

သုန္ဒရီက "ကိုသာဋ္ဌ ရှင် လွန်ကုန်ပြီနော်၊ မှားကုန်တော့မယ်နော်၊ လွှတ်...လွှတ်နော်...လွှတ်ဆို အခုလွှတ်"ဟု မောသံကလေးနှင့် ပြောသောအခါ သဲကြီးမဲကြီး စီးမိနေပြီဖြစ်သော မောင်သာဋ္ဌက "ကဲ...လွန်ဦးကွာ၊ ကဲ...မှားဦးကွာ၊ ကဲ...ဟာန်လုပ်ဦးကွာ၊ ကဲ...အတွေ့မခံဘဲ နေဦးကွာ"ဟု တစ်ခါ "ကွာ"လိုက်ရင်း တစ်ချက်နမ်းရင်းဖြင့် မလွှတ်တမ်း ကျားပိန်တွယ် တွယ်ကပ်ထားသည်။ သုန္ဒရီအဖို့ တွန်းရင်း၊ ဖယ်ရင်း၊ ငြင်းရင်းဖြင့် ကဇွန်းခင်းက တကယ်ငြိလာသောအချိန်တွင် မစွန်းရင်းကလည်း ပြုံကျ၍လာသဖြင့် တောင့်ထားခဲ့သမျှ တင်းထားသော အားကလေး အင်ကလေးများကို ဖြေလျှော့ချလိုက်ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် မောင်သာဋ္ဌ၏ အချစ်စစ်ပွဲအဖို့မှု အောင်မြင်၏။ ပြီးဆုံး၏ဟု ဆိုရန် ရှိပါ၏။ သို့သော်လည်း သာသနာတော်အတွက် အရေးအခင်းများမှုကား နောက်ပိုင်းတွင် ပေါ်ပေါက်လာခဲ့သည်။

အချစ်ဟူသည် မျက်စိမရှိဟု သဘောတရားအားဖြင့် ဆိုသော်လည်း မောင်သာဋ္ဌနှင့် သုန္ဒရီတို့အဖို့မှု တကယ့်မျက်စိလည်းမရှိတော့သဖြင့် ပတ်ဝန်းကျင်ကို သတိမထားမိကြ။ တစ်နည်းအားဖြင့် မကောင်းမှုဟူသည် ဖုံးကွယ်ရာမရှိဟု သဘောတရားအားဖြင့် ဆိုရာ၌ မောင်သာဋ္ဌနှင့် သုန္ဒရီတို့အဖို့မှု တစ်ကျောင်းလုံးတွင် နှစ်ယောက်တည်းသာဟု ထင်မိခဲ့ရာက သာသနာတော်နှင့် မလျော်သည့် ခိုးထုပ်ခိုးထည် အမှုကို ဖော်မည့်သူ ပေါ်ပေါက်လာသည်။ အကြောင်းမှာကား သုန္ဒရီမှတစ်ပါး သံဃာကုန် ဆွမ်းစားကြွသွားကြပြီဟု သူတို့ထင်နေသော်လည်း အသက်ကြီးသဖြင့် မစွမ်းမသန် မလှုပ်မရှားနိုင်သော ဘိက္ခုနီအဘွားကြီးတစ်ဦး၊ သူတို့အနီးတွင် ကျန်ရစ်ခဲ့သည်ကို သူတို့ မသိရာမှ သူတို့အကြောင်းသည် တစ်ကျောင်းလုံးသို့ နေ့ချင်းပင် ပျံ့နှံ့၍သွားတော့ရာ ဘုရားရှင် ရွှေနားတော်အထိ ရောက်သွားတော့သည်။

အဆိုးထဲမှာ အကောင်းပါ ဆိုရမည့်ကဲ့သို့ အကြောင်းပေါ်လာမှ ဝိနည်းသိက္ခာပုဒ် ပညတ်တော်မူရန် စောင့်ဆိုင်းလျက်ရှိသော ဘုရားရှင်က မယ်ဘိက္ခုနီ သုန္ဒရီ၏ အချစ်ဇာတ်လမ်းကို အကြောင်းပြုကာ ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာအားလုံးကို စည်းဝေးစေ၍ ဘိက္ခုနီတို့အတွက် ပထမဆုံး သိက္ခာပုဒ်အဖြစ် အကြီးဆုံးသိက္ခာပုဒ် တစ်ရပ်ကို ပညတ်တော်မူခွင့် ကြုံလာရသည်။

ပညတ်ရာ၌ အပြစ်ချင်းတူပါလျက် ရဟန်းယောကျ်ားများထက် ပို၍ပြင်းထန် တင်းကျပ်လှပေ၏။ အကြောင်းမှာ တင်းကျပ်လွန်းမှ တန်ကာကျမည်ဟု မြင်တော်မူသောကြောင့်ဖြစ်သည်။

အမျိုးသမီးများသည် အမျိုးသားများအလားတူပင် နိဗ္ဗာန် မဂ်ဖိုလ်တည်းဟူသော သန္တိသုခကို ရနိုင်စွမ်းသည် မှန်ပါ၏။ သို့ရာတွင် မိခင်အလား ကျေးဇူးများပေသော မိထွေးတော်ဂေါတမီ၊ ညီချစ် အာနန္ဒာတို့၏ အပြင်းအထန် တောင်းဆိုချက်အရ အမျိုးသမီးများအား အမျိုးသားများအလားတူ ရဟန်းအသွင် သာသနာတော်၏ အတွင်းသားအဖြစ် သွတ်သွင်းခွင့်ပြုရာ၌ အမျိုးသား အမျိုးသမီးတည်း

www.burmeseclassic.com

www.burmeseclassic.com



ဟူသော ဆန့်ကျင်ဘက်အာရုံတို့၏ အန္တရာယ်ကို မြင်တော်မူသဖြင့် သိက္ခာပုဒ် စည်းကမ်းကို တင်းတင်းကျပ်ကျပ် ပြုလုပ်ပေးထားရသည်။

ထို့ကြောင့် ရဟန်းယောက်ျားများအဖို့ အမျိုးသမီးနှင့် အကြင်လင်မယားအသွင် ကာယကံမြောက် ကျူးလွန်မှုသာ သာသနာတော်မှ ဆုံးရှုံးစေသော်လည်း ဘိက္ခုနီ မယ်များအဖို့မူ ယခု သုန္ဒရီ၏ မှုခင်းခြင်းရာကို အကြောင်းပြု၍ အကြင်ဘိက္ခုနီမ သည် အမျိုးသားတစ်ဦးနှင့် ကိုယ်ထိလက်ရောက် ကျူးလွန်မှုကိုမဆိုထားဘိ အမျိုး သားက မိမိကိုယ်ခန္ဓာအား ဖျစ်ညှစ်ကိုင်တွယ်ခြင်း၊ ဟိုရွှေ့သည်ရွှေ့ ပွတ်သပ်ခြင်း၊ မဖျစ်မညှစ် မပွတ်မသပ်ဘဲ ကိုင်ရုံမျှကိုင်ခြင်း၊ နောက်ဆုံးတွင် ထိရုံတို့ရုံကလေးမျှ ထိတို့ခြင်းတည်းဟူသော အပြုအမူများကို သာယာအံ့၊ ထိုဘိက္ခုနီမသည် သာသနာ တော်မှ ဆုံးရှုံးစေ၊ အပဖြစ်စေဟူ၍ သံမဏိစည်းကမ်းကို ချမှတ်လိုက်သောအခါ သံဃာ့ပရိသတ်ကြီးက သာဓုသုံးကြိမ်ခေါ်၍ ဦးထိပ်ရွက်တင် ပန်ဆင်ခဲ့ကြသတည်း။

◆

www.burmeseclassic.com

www.burmeseclassic.com



# ထုလ္လနန္ဒာ

[ ၁ ]

"သုန္ဒရီ"ဝတ္ထုတွင် အကြောင်းစပ်၍နေသောကြောင့် သုန္ဒရီ၏ညီမဖြစ်သော ထုလ္လနန္ဒာ ဘိက္ခုနီမအကြောင်းကို သာမန်အားဖြင့် ဖော်ပြခဲ့သည်။ စင်စစ်အားဖြင့် ထုလ္လနန္ဒာ၏ လှုပ်ရှားဆောင်ရွက်မှု ဖြစ်ရပ်တို့မှာ များပြားလှစွာ၏။

ဘိက္ခုနီသာသနာတော်တွင် ကျော်ကြားသော ဘိက္ခုမယ် မြောက်မြားစွာတို့ အနက် ထုလ္လနန္ဒာလည်း တစ်ပါးအပါအဝင်ဖြစ်၏။ သို့ရာတွင် မိထွေးတော် ဂေါတမီ၊ ယသော်ဓရာ၊ ခေမာ၊ ဥပ္ပလဝဏ် စသော ဘိက္ခုမယ်ကြီးများကဲ့သို့ သာသနာ့အတွင်းအပြင် နှစ်ရပ်လုံးတွင် ကျော်ကြားသူကား မဟုတ်။ သာသနာ့ အတွင်းပိုင်းတွင် သူ့နည်းသူ့ဟန်ဖြင့် ကျော်ကြားသူဖြစ်သည်။

သာသနာတော်သမိုင်း၌ အမျိုးသမီးများနှင့် စပ်သောအပိုင်းကို လေ့လာသော အခါ သာသနာ့အတွင်း၊ သို့မဟုတ် ရဟန်းဘဝရောက်လာကြသော အကြင်အမျိုး သမီးတစ်ယောက်သည် ထိပ်တန်းမှ ထင်ရှားသော ဘိက္ခုမယ်ကြီးအချို့မှတစ်ပါး ရဟန်းဘဝ ရောက်ပြီးသည့်နောက်မှ မှတ်တမ်းတင်ရလောက်အောင် ဆောင်ရွက်မှု လှုပ်ရှားမှုရှိသူဟူ၍ ရှားပါးသည်။

သုတ္တန်ပိဋကတ်၊ ဝိနည်းပိဋကတ်၊ သို့မဟုတ် ရဟန္တာ အရှင်မကြီးများ အကြောင်းကို စုပေါင်းထားသည့် ထေရီအပါဒါန်လို အပိုင်းအခန်းတွင် ဘိက္ခု မယ် အမျိုးသမီးကြီးများ၏ ဇာတ်လမ်းပေါင်းများစွာကို တွေ့ရှိကြရမည် မှန်ပါ၏။ သို့ရာတွင် ယင်းဇာတ်လမ်း ဖြစ်ရပ်များသည် ရဟန်းဖြစ်ပြီးမှ လှုပ်ရှားဖြစ်ပျက်

www.burmeseclassic.com



သော ဓာတ်လမ်းဟူ၍ ရှားပါးပြီး ရဟန်းမဖြစ်မီ ဘဝမျိုးစုံတို့မှ ဓာတ်လမ်းဖြစ်ပျက် မျိုးစုံတို့ကိုသာ တွေ့ကြရမည်ဖြစ်၏။

ယင်းသို့ဖြစ်ရခြင်းမှာ အမျိုးသမီးများသည် ရဟန်းဘဝရောက်ပြီး၊ သို့မဟုတ် ရဟန္တာဖြစ်ပြီးသည့်နောက်တွင် အမျိုးသား ရဟန်းတော်များကဲ့သို့ မဟုတ်ဘဲ လှုပ်ရှား ဆောင်ရွက်ရမှု နည်းပါးသောကြောင့်လည်း ဖြစ်တန်ရာ၏။ ဘိက္ခုနီ သာသနာတော် သည် တစ်နေ့တခြားအားသေး၍ ကွယ်ပျောက်သည်အထိ ဖြစ်ခဲ့ရာတွင် ဘိက္ခုမယ် များနှင့် စပ်လျဉ်းသော မှတ်ချက် မှတ်တမ်းများ အားနည်း ကွယ်ပျောက်ကုန်သော ကြောင့် ဖြစ်တန်ရာ၏ဟုလည်း စဉ်းစားရသည်။

အတိတ်၏ မှိုင်းမှုန်ပြာရီဖြစ်ရပ်များကို အပထား၍ ပစ္စုပ္ပန်ဆတ်ဆတ်တွင် လည်း ဘိက္ခုမယ်များ၏ အနွယ်အဆက်ဖြစ်သော သီလရှင်တို့၏ အခြေခံသမိုင်းပင် လျှင် ခြေခြေမြစ်မြစ် ခိုင်ခိုင်မြဲမြဲမရှိ၊ ပျောက်ပြယ်လျက်ရှိကြောင်း တွေ့ရှိကြရသည်။

ယင်းသို့ ဘိက္ခုမယ်များ၏ မှတ်ချက်မှတ်တမ်း ဖြစ်ဆန်းဖြစ်ရိုးတို့ ရှားပါးရာ တွင် ထုလ္လနန္ဒာ ဘိက္ခုနီမက တစ်ပါးတည်း ဒိုင်ခံ၍ လှုပ်ရှားပြတော့သလို သူ့ ဖြစ်ရပ် သူ့လှုပ်ရှားမှု အထွေထွေကို တွေ့ရ၏။ ထို့ပြင် သူ့လှုပ်ရှားမှုများသည် လှုပ်ရှားပြီးနောက် ပျောက်ပြယ်၍မသွား၊ သာသနာတော်သမိုင်း၏ ပိဋကတ် အစီ အစဉ်တွင် ယနေ့တိုင်အောင် တိတိကျကျ မှတ်တမ်းတင်ထားကြရသည်။

အကြောင်းသော်ကား သူ့လှုပ်ရှားမှုများသည် ဘုရားရှင်၏ ဝိနည်းပိဋကတ်နှင့် စပ်၍နေလေရာ သင်္ဂါယနာအဆက်ဆက်တွင် ဝိနည်းသိက္ခာပုဒ်တစ်ရပ်ကို ဖြစ်ရပ် တို့နှင့်တွဲ၍ မှတ်တမ်းတင်တိုင်း သူ့အကြောင်းမှာ တွဲပါ၍ချည်းနေရသောကြောင့် ဖြစ်၏။

တစ်နည်းဆိုသော် ရဟန်းယောကျ်ားတို့အတွက် စည်းကမ်းဥပဒေ မြောက်မြား စွာ ရှိသကဲ့သို့ ဘိက္ခုမယ်များအတွက်လည်း ဝိနည်းစည်းကမ်း အမြောက်အမြား ရှိခဲ့ရာတွင် ထုလ္လနန္ဒာတည်းဟူသော ခပ်ဆန်းဆန်း၊ ခပ်ကြမ်းကြမ်း ဘိက္ခုမယ် ကလေးသည် ယင်းရဟန်းမယ်တို့၏ အစစွာသော ဝိနည်းသိက္ခာပုဒ်များစွာကို တစ်ပါးတည်း ဒိုင်ခံ၍ ဖောက်ဖျက်နေတော့သယောင် ဖောက်ဖျက်ကျူးလွန်သူ ဖြစ်ပေရာ အဆိုးလည်းပါ၊ အကောင်းလည်းရော၊ ရယ်စရာအကြောင်းရပ်များပင် တွဲပါလျက်ရှိသော သူ့ဖြစ်ရပ်မျိုးစုံတို့သည် ယနေ့ခေတ် သာသနာတိုင်အောင် သာသနာ့အတွင်းပိုင်းတွင် ထင်ရှားလျက် ရှိနေရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းသော်ကား စည်းကမ်းဥပဒေသာရှိ၍ လိုက်နာကျင့်သုံးမည့်သူ မရှိတော့သော ဘိက္ခုမယ်တို့၏ သိက္ခာပုဒ် ဝိနည်းများကို သာသနာတော်ကိုချစ်သော ရဟန်းတော်များက အစဉ်တစိုက် ထိန်းသိမ်းခဲ့ရုံမက မိမိတို့နှင့် ကျင့်သုံးရန်မဆိုင်ဆိုသော်လည်း ဘုရားရှင်၏ နှုတ်ခပတ်တော်ပါတကားဟု ဘုရားရှင်ကိုချစ်သော စေတနာဖြင့် အပိုတာဝန်တစ်ခုအဖြစ် ယနေ့တိုင် တွဲဖက်သင်ကြားနေကြသောကြောင့် ဖြစ်သည်။

ယင်းသို့ ထုလ္လနန္ဒာ ရဟန်းမယ်ကလေး၏ လုပ်ရှားမှုဖြစ်ရပ်များစွာအနက် ဤဝတ္ထုတွင် စိတ်ဝင်စားဖွယ် ဖြစ်ရပ်အချို့ကို ဖော်ပြရမည်ဆိုသော်...

[ ၂ ]

**"သုန္ဒရီ..."** ဝတ္ထုတွင် ဖော်ပြခဲ့သည့်အတိုင်း အလှဖြင့်ကျော်ကြားသော နန္ဒာ၏ညီမ ရဟန်းမယ်လေးယောက်တွင် အငယ်ဆုံးဖြစ်သော ထုလ္လနန္ဒာ၏ အလှမှာ အစ်မများကဲ့သို့ သွယ်သွယ်ပြေပြေ လှခြင်းမဟုတ်၊ ဝဝအိုင့်အိုင့်ကလေးနှင့် တစ်တစ်ရစ်ရစ် ကွပ်ကွပ်ရှပ်ရှပ်ကလေးလှသည်။

လှရုံမျှမဟုတ်၊ ထုလ္လနန္ဒာ၏ အခြားအရည်အသွေးများမှာ ဝီရိယရှိသည်။ ဉာဏ်ကောင်းသည်။ ဉာဏ်ကောင်းသူဖြစ်၍ ပိဋကတ်ကို လွယ်လွယ်နှင့် တတ်မြောက်ထားသူဖြစ်သည်။ ပင်ကိုအလှတွင် ပညာမာန်ကလေးဖြင့် လွှမ်းခြုံထားသော အခါ ကျက်သရေရှိသည်။ သွက်လက်ချက်ချာသည်။ ထုလ္လနန္ဒာ၏ အကြီးဆုံးသော အရည်အချင်းမှာ စာတတ်သလောက် အပြောအဟောကောင်းလှခြင်း ဖြစ်ပေ၏။

ဤကား ထုလ္လနန္ဒာ၏ အရည်အသွေးများဖြစ်၏။ တစ်ဖက်တွင် ယင်း အရည်အသွေးများ ရှိနေသကဲ့သို့ တစ်ဖက်တွင် ချွတ်ချော် ယိုယွင်းမှုကလေးများလည်း ရှိနေပေသေး၏။ ယင်းချွတ်ယွင်းမှုများကား ထုလ္လနန္ဒာသည် လျှပ်ပေါ်၏။ နှုတ်သွက် လျှာသွက်နိုင်လွန်း၏။ ခုတစ်မျိုး ခုတစ်မျိုး လုပ်တတ်၏။ ပါလေရာ ငါးပိချက် ဆိုသကဲ့သို့ ဟိုစပ်စပ် သည်စပ်စပ် ပါဝင်တတ်၏။

ထိုနေ့က ဘိက္ခုမယ်တို့ရိပ်သာသို့ ကောသလဘုရင်ကိုယ်တိုင် ကြွရောက်၍ ထုလ္လနန္ဒာထံ တရားနာလိမ့်မည်ဟူသော သတင်းကြောင့် ဘိက္ခုနီရိပ်သာတစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ ထိုအချိန်သည်ကား ဟေမန္တ ဆောင်းရာသီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တရားနာမှု၌ အလေ့အထုံသည်းသော ကောသလဘုရင်သည် အခွင့်သာ၍ အချိန်ရသည့်အခါတိုင်း ဘုရားရှင်တော်ထံသို့ ကြိမ်ဖန်များစွာ လာရောက်ဆည်းကပ် တရားနာခဲ့သည်မှန်၏။ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အရှင်အာနန္ဒာ စသော မထေရ်ကြီးများထံတော်တို့သို့လည်း အကြောင်းအခွင့်သင့်တိုင်း ဆည်းကပ် ဝင်ရောက်လေ့ရှိသည်။ သို့ရာတွင် ဘုရင်ရင့်မကြီးဖြစ်သော ကောသလရာဇာအဖို့ ဘိက္ခုနီများရိပ်သာသို့ အပထား၍ ဘုရားကျောင်းတော်ရှိ ထိုထိုရဟန်းများထံသို့ပင် ဝင်ရောက်ခဲသည်။

ထိုနေ့က ဘိက္ခုနီရိပ်သာ ထုလ္လနန္ဒာထံသို့ တရားနာကြွရောက်မည်ဆိုရာ၌ တရားအဟောကောင်းလှသော ထုလ္လနန္ဒာ၏ သတင်းက ဆွဲဆောင်မှုကြီးမားလှ သောကြောင့် ဖြစ်၏။

အဟော အပြော အက အပြ စသော ပရိသတ်ဇန်းပြ အလုပ်လုပ်ကြရာတွင် ဟောပြောမှု ပြသမှု စသော ပင်ကိုအလုပ်၌ ဟောပြောပြသသူ၏ အလှတည်း ဟူသော အရည်အချင်းနှင့် တွဲဖက်နိုင်ခဲ့ပါလျှင် ပရိသတ်ကို ဆွဲဆောင်မှုအင်အား ကြီးမားမြဲဖြစ်ပေရာ ထုလ္လနန္ဒာ၏ တရားကို ဘုရင်ကြီးကိုယ်တိုင် နာယူလိုသည် ဆိုရာ၌ ထုလ္လနန္ဒာ၏ ပုံ့ပုံ့ဝဝကလေးနှင့် လှသော အလှသတင်းကြောင့်လည်း ဖြစ်တန်ရာ၏။

ထိုနေ့ညနေစောင်း ဘုရားကျောင်းတော်မှအပြန်တွင် အစီအစဉ်အတိုင်း ဘုရင်ကြီးသည် ဘိက္ခုနီရိပ်သာသို့ ကြွရောက်ကာ ထုလ္လနန္ဒာ၏တရားကို နာယူ၏။ နာယူ၍အပြီးတွင် ကျော်ကြားသလောက် တရားဟောကောင်းလှသဖြင့် ဘဝင်ကျ သွားသော ဘုရင်ကြီးက တရားရှင် ထုလ္လနန္ဒာသို့ သဒ္ဓါစိတ်ကြွလာသည့်အလျောက် အရှင်မ တရားတော်ကို ကြားနာရသည်မှာ နှစ်ထောင်းအားရ ရှိလှပါသည်၊ သို့ ဖြစ်၍ အရှင်မအား ပေးလှူလိုပါသည်၊ အရှင်မ အလိုရှိရာကို မိန့်ကြားတော်မူပါ ဘိဟု အခွင့်ထူးအလှူအနေဖြင့် ဖိတ်ကြားလျှောက်ထားသည်။

"အလိုရှိရာ"ဟူသော ဖိတ်ကြားချက်သည် ကျယ်ဝန်းလှ၏။ သို့ရာတွင် အရာ ရာကို လှူစွန်းနိုင်သော ဘုရင်ဖြစ်လေရာ ကျောင်းအလှူခံလျှင်လည်း အလွယ်တကူ ပြီးမြောက်လေရာ၏။ သင်္ကန်းအလှူခံလျှင်လည်း တစ်စုံတစ်ရာ ခက်ခဲဖို့မရှိ။ မိမိ တစ်ပါးသာမက ဘိက္ခုမယ်အများအတွက်ပါ နိစ္စပတ်ဆွမ်း အလှူခံလျှင်လည်း ပြီး

www.burmeseclassic.com

www.burmeseclassic.com



မြောက်လေရာ၏။ သာသနာတော်နှင့်စပ်သမျှ အခြားအခြားသော အလှူခံဖွယ် မှန်သမျှ ပြီးမြောက်လေရာ၏။

သို့ရာတွင် တရားဟောသာကောင်းပြီး အချိန်အခါ၊ အရာဌာန ဟုတ်၏ မဟုတ်၏ မချင့်တွက်တတ်၊ လျှပ်လျှပ်ပေါ်ပေါ် လုပ်တတ်လေ့ရှိသော ထုလ္လနန္ဒာက မိမိရှေ့တွင် ဘုရင်တို့၏သိက္ခာဖြင့် ဆောင်းရာသီဖြစ်သောကြောင့် အဖိုးများစွာ ထိုက်တန်သော ကမ္ဗလာခြုံထည်ကြီးကို ခြုံလွှမ်း၍ အေးအေးချမ်းချမ်းထိုင်နေလျက် ရှိသော ဘုရင်ကြီးအား "သည်လိုဆိုလျှင် ဆောင်းရာသီမို့ ချမ်းလှပါတယ်၊ အခု ဘုရင်ကြီးခြုံထားတဲ့ ဝတ်ရုံကြီးကို လှူခဲ့ပါလား"ဟု ပြောကြားလိုက်သောအခါ ဘုရင်ကြီးမှာ ရာဇဏက္ခန္ဓြေပျက်လောက်အောင် အနေအထိုင် ခက်သွားရပြီး ထုလ္လနန္ဒာမျက်နှာသို့ ဘယ်လိုအရှင်မများပါလိမ့်ဟူသော သဘောဖြင့် မော်၍ကြည့်သည်။

ထုလ္လနန္ဒာ အလိုက်မသိမှုကြောင့် ဘုရင်ကြီး ဟန်ပျက်သွားရသည်ကို တွေ့ကြရသော ဘုရင့်အခြွေအရံများက မရဲတရဲပြုံး၍ အနီးဝန်းကျင်ရှိ ဘိက္ခုနီမများက အားနာပြုံး ပြုံးကြသည်။

အချိန်အခါအားလျော်စွာ ရာသီအလိုက် ဆင်မြန်းလာသည့် မင်းဝတ်တန်ဆာ တစ်ပါးဖြစ်သော ခြုံထည်ကိုမှ ကတ်ကတ်သတ်သတ် အလှူခံလေသောကြောင့် ဘုရင်ကြီးအဖို့ ကသိကအောင့် ဖြစ်ရတော့သည် မှန်သော်လည်း အလိုရှိရာ ပင့် ဖိတ်လိုက်မိသော နှုတ်လွန်စကားကြောင့် သည့်ကလောက် အလိုက်မသိတတ်သော အရှင်မက ဝတ်လာသော ဝတ်လဲတော်ပုဆိုးကို အလှူမခံသည်မှာပင် တော်ပေသေး ၏ဟု တွေးရင်း ကမ္ဗလာဝတ်ရုံကြီးကိုချွတ်၍ ဆက်ကပ်လိုက်ရသည်။

ဤအကြောင်း၊ ဤကိစ္စကို ရယ်ဖွယ် ပြုံးဖွယ် စကားတစ်ရပ်အနေဖြင့် လည်း ကောင်း၊ အလိုက်မသိတတ်ရန်ကောဟု ပြစ်တင် ဝေဖန်သည့် စကားတစ်ရပ်အနေ ဖြင့်သော်လည်းကောင်း ပြောဆိုကြရင်းက ဘုရားရှင်နားတော်သို့ ရောက်သွားလေ တော့ရာ ထုလ္လနန္ဒာအား ခေါ်ယူစစ်ဆေး၍ ဘိက္ခုနီမများသည် ဤကဲ့သို့သော အမူအကျင့်တို့ကို မပြုလုပ်ရ၊ အကယ်၍ အအေးကြောင့် ခြုံထည်အလိုရှိခဲ့လျှင် ၄ ကံသ (၁၆ ကျပ်)တန်ထက် ပိုလွန်သော ခြုံထည်ကို အလှူမခံရဟု သိက္ခာပုဒ် တစ်ရပ် ပညတ်တော်မူသည်။

သို့ဆိုလျှင် ထုလ္လနန္ဒာ၏ အလိုက်မသိသော အပြုအမူကြောင့် ဘုရင်ကြီးသည် ထုလ္လနန္ဒာအပေါ် နောင်ကြဉ်သွားဖို့ရှိ၏။ သို့ရာတွင် သာသနာတော်၌ သဒ္ဓါအား

www.burmeseclassic.com

www.burmeseclassic.com



သည်းသော ဘုရင်ဖြစ်သောကြောင့်ပေလား၊ ထုလ္လနန္ဒာ၏ အပြုအမူကို မေ့လျော့သွားလေ၍လား၊ သို့မဟုတ် တရားဟောကောင်းသော၊ ရုပ်ချောသော ထုလ္လနန္ဒာ၏ အဆွဲဓာတ်ကပင် အားကြီးသောကြောင့်ပေးလားမသိ။ နွေရာသီတစ်နေ့၌ အလားတူပင် တရားနာလာ၍ အလားတူ ကသိကအောက်မျိုးပင် ထပ်မံကြုံရလေသေးသည်။ သို့ရာတွင် ထိုအကြောင်းကို မဖော်ပြမီ ထိုအကြောင်းနှစ်ရပ်၏အကြား၌ ထိုအကြောင်းကြောင့်ပင် ဖြစ်ပေါ်လာသော ထုလ္လနန္ဒာ၏ အခြားအကြောင်းတစ်ရပ်ကို ဖော်ပြရပေဦးမည်။

[ ၃ ]

သာသနာစည်းဝိုင်းအတွင်းမှ ဘိက္ခုမယ်ချင်းအတူတူပင် ဖြစ်သော်လည်း ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့ ဆိုသကဲ့သို့ ထုလ္လနန္ဒာတို့ အဘယ်မျှ အရေးပါအရာရောက်သည်ဆိုစေ ပင်ကိုကပင် အမျိုးဇာတ်ကြီးသောကြောင့်လည်းကောင်း၊ သိက္ခာတော်ရ ဂုဏ်ထူးဆောင် ရဟန္တာ ထေရီမယ်ကြီးများဖြစ်ကြသောကြောင့်လည်းကောင်း၊ ယင်းထေရီမယ်ကြီးများ၏ အနေအထိုင်သိက္ခာ ကြီးမားလှသောကြောင့်လည်း ထုလ္လနန္ဒာတို့ ရဲရဲကြီး မချဉ်းကပ်ဝံ့ဘဲ စိုးရွံ့ရသော ထိပ်တန်းထေရီမယ်ကြီးများ ရှိကြ၏။ ယင်းထေရီမယ်ကြီးတို့ကား ဂေါတမီ၊ ယသော်ဓရာ၊ ခေမာ၊ ဘဒ္ဒကာပိလာနီ စသော ထေရီမယ်ကြီးတို့ပေတည်း။

လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ အဘယ်မျှ ကြီးမြင့်သောသူပင် ဖြစ်စေကာမူ သတိပညာမရှိသမျှ နိမ့်ကျဆင်းရဲမှု အပျက်လောကဓံကိုသာ ခံနိုင်စွမ်းရှိကြ၍ အထက်လောကဓံ အပင့်အမြှောက်လောကဓံကိုမူ ခံနိုင်စွမ်းရှိသူ အလွန်နည်းပါးသည်။

ပညာဉာဏ်ကြီးသော်လည်း တပည့်တပန်း အသိုင်းအဝိုင်းတို့မှ ပင့်မြှောက်မှုကြောင့် အောက်ခြေလွတ်သော ပေါဋ္ဌိလ ကိုယ်တော်ကြီးကို ဘုရားရှင်ကိုယ်တော်တိုင် သတိပေး ကယ်ချွတ်ခဲ့ရ၏။ ပညာဉာဏ်ကြီးသော်လည်း အဇာတသတ် ဘုရင်ကိုယ်တိုင်၏ ပင့်မြှောက်မှုကိုရသော ယောက်ဖတော် ဒေဝဒတ်ကိုမူကား ဘုရားရှင်ကိုယ်တော်တိုင်ပင် မကယ်ချွတ်နိုင်ခဲ့ပေ။ ထုလ္လနန္ဒာလို ငယ်ငယ်ရွယ်ရွယ်နှင့် ကောသလဘုရင်၏ ချဉ်းကပ် အရေးပေးမှုကို ခံလာရသောသူအဖို့ကား အောက်ခြေလွတ် ဘဝင်ကိုင်လာဖို့လမ်းမှာ ဖြောင့်တန်း၍နေပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ထုလ္လနန္ဒာသည် ကောသလဘုရင်ကိုယ်တော်တိုင် ကြွရောက်အလေးပေးမှုကို ခံလာရသောအခါ ရှေးအခါက ရဲရဲမျှ မော်၍မကြည့်ဝံ့ခဲ့သော ဖော်ပြပါ ထိပ်တန်းထေရီမယ်ကြီးများကို မထီမဲ့မြင်ပြုလုပ်လာသည်။ ဘုရားရှင်၏ မိထွေးတော်၊ ဘုရားရှင်၏ ဇနီးဟောင်း၊ သာကီဝင်မင်းသမီး၊ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ၏ မိဖုရားကြီး စသည်ဖြင့် ဂေါတမီ၊ ယသော်၊ ခေမာ စသူတို့၏ ဂုဏ်ပုဒ်များကို ရှေးအခါက ချီးပပြောဆိုခဲ့ရာမှ သူတို့တစ်တွေက ဘာတွေမို့လဲ ဘုရားရှင်သာသနာမှာ ရဟန်းချင်းအတူတူဟာကပဲ၊ ဘယ်သူ့ကို ဦးစားပေးနေရဦးမှာလဲ စသည်ဖြင့် မာန်ဓာတ်ခုတ်လာသည်။

ထိုမျှသာမက ငယ်စဉ်ကပင် အလွန်သိမ်မွေ့၍ တရားဟန် တရားစိတ်ဖြင့် သိပ်သိပ်သည်းသည်းကလေးသာ အစဉ်နေလေ့ရှိသူ၊ သားသေ လင်ဆုံး စသည်ဖြင့် ဘဝနောက်ကြောင်းမရှင်းခဲ့ကြလှသော ယေဘုယျ ဘိက္ခုနီမယ်များကဲ့သို့မဟုတ်၊ ရဟန်းမဖြစ်မီကပင် ရဟန်းတစ်ပါးပမာ ဘဝစင်ကြယ်လှသူ၊ သုံးမကုန် စွဲမကုန် လှူမကုန်ဟု ဆိုရလောက်အောင်ပင် ကြွယ်ဝချမ်းသာလှသော စည်းစိမ်ပစ္စည်းများကို သာသနာတော်သို့ စွန့်ပစ်၍ ရဟန်းဘဝသို့ ရှင်းရှင်းကလေးရောက်လာခဲ့သူ စသော ဂုဏ်ထူးမျိုးစုံတို့ကြောင့် ထေရီမများသာမက ထိပ်တန်းထေရီမယ်ကြီးများကပင် မေတ္တာစိတ်အပြည့်ဖြင့် လေးစားသမှု အပြုခံရသော ဘဒ္ဒကာပိလာနီ ဘိက္ခုနီမကြီးကိုမူ ထုလ္လနန္ဒာက လေလုံးမိုးလုံး မာန်ခုတ်ရုံမျှမကဘဲ ဘဒ္ဒကာပိလာနီ၏ရှေ့တွင် ကောသလဘုရင်ထံမှ သူရထားသော ခြုံထည်ကြီး တရွှမ်းရွှမ်း၊ ကိုယ်ဟန်လှုပ်ရှားမှု တကြွားကြွား၊ မျက်နှာထားတင်းတင်းဖြင့် မာန်ဓာတ်ခုတ်၍ ပြလေသောအခါ မြင်ရ ကြားရသမျှ ဘိက္ခုနီမယ်အများပင် မခံမရပ်နိုင် ဖြစ်လာကြသည်။

ထုလ္လနန္ဒာ လွန်လိုက်ပုံမှာ ဘဒ္ဒကာပိလာနီ၏ရှေ့တွင် မလေးမစား ဆောင့်ကြွားကြွား နေထိုင်လုပ်ကိုင်ရုံမျှမက အကြောင်းမရှိဘဲ ဘဒ္ဒကာပိလာနီ၏ရှေ့ အနီးကပ်မှ ခေါက်တုံ့ခေါက်ပြန် တမင်လမ်းလျှောက်သည်။ ရှေ့တည့်တည့်တွင် တမင် မတ်တတ်ရပ်၍နေသည်။ ထိုမျှမက ဘဒ္ဒကာပိလာနီရှေ့တွင် ကိုးရိုးကားရားနှင့် တမင် အိပ်၍ပြလိုက်သေးသည်။ ထိုမျှလည်း မကသေး၊ သူ့တပည့်မများကို စာသင်ချချိန်၌ ခါတိုင်းလို ကိုယ့်နေရာတွင် ကိုယ်မချဘဲ ဘဒ္ဒကာပိလာနီရှေ့သို့ တမင်ရွှေ့၍ ချပို့ပြန်သည်။ ထိုမျှလည်းမကသေး၊ ယင်းသို့ စာပေပို့ချချိန်ကုန်၍

www.burmeseclassic.com



ချပို့ရန်မရှိသောအခါ ဤမျှလောက် အရွဲ့တိုက်ရရုံနှင့် အားမရသေးဟန်ဖြင့် သူ့တပည့်မတစ်ယောက်က သူ့ကို တစ်ဖန် ပြန်၍ ချပို့စေသည်။

ထုလ္လနန္ဒာလုပ်ပုံများမှာ ဘဒ္ဒကာပိလာနီအဖို့ မခံမရပ်နိုင်ဖြစ်ပြီး ပေါက်ကွဲလာအောင် တမင်ရန်စသည့်ပုံစံဖြစ်သည်။ သို့ရာတွင် အာသဝေါကင်းပြီးလေသော အရှင်မကြီးကမူ လူမိုက်တို့က ခန္ဓာကိုယ်လက်မက အသက်အထိလုပ်ကြံသည်ကိုပင် ခန္တီတောင်ထုဖြင့် သည်းခံတော်မူနိုင်စွမ်းခဲ့သော ဘုရားရှင်အလောင်းတော် ခန္တီဝါဒီရသေ့ စသည်တို့၏ထုံးကို နှလုံးမူကာ ထုလ္လနန္ဒာပြုလေသမျှ တစိုးတစိမျှ မတုံ့ပြန်ဘဲ သည်းခံ၍သာ နေတော်မူရှာသည်။

ဘဒ္ဒကာပိလာနီကိုကွက်၍ ထုလ္လနန္ဒာက ယင်းသို့ အရွဲ့ကြီးရွဲ့ကာ ကတ်ဖဲ့တိုက်နေရာ၌ အကြောင်းရှိ၏။ ယင်းအကြောင်းမှာ မခိုင်လုံသော်လည်း လူမိုက်တို့တွင်ရှိတတ်မြဲအကြောင်းဖြစ်သည်။ ယင်းအကြောင်းကား ဘဒ္ဒကာပိလာနီသည်လည်း သူကဲ့သို့ပင် အဟောအပြောကောင်း၍ ကျော်ကြားသော အရှင်မတစ်ဦးဖြစ်သောကြောင့်တည်း။

ရှေးအခါက ကျော်ကြားခြင်းမှာ ကိုယ့်အပိုင်းနှင့်ကိုယ်ဖြစ်၍ တသီးတခြားခပ်မဆိတ်နေခဲ့သော်လည်း ဘုရင်ကိုယ်တိုင်၏ အားပေးမှုကို ရလာသောအခါ ဂုဏ်ရည်တူ၊ အကြံတူ ရန်သူဆိုသော လူမိုက်သုံး လူမိုက်စကားကဲ့သို့ အရှင်မကြီးအပေါ်ရန်လုပ်လာခြင်းဖြစ်သည်။

ဤသည်ကို မခံမရပ်နိုင်ဖြစ်လာကြသော ဘိက္ခုနီအများက ထုလ္လနန္ဒာသည် ဤကဲ့သို့သော အမူအကျင့်များကို ပြုကျင့်နေပါသည်ဘုရားဟု ဘုရားရှင် နားတော်ရောက် လျှောက်ထားကြသဖြင့် ထုလ္လနန္ဒာအား ဘုရားရှင်က ခေါ်ယူဆုံးမကာ အကြင်ဘိက္ခုနီမတစ်ယောက်သည် အခြားဘိက္ခုမယ်ကြီးများအား အထူးသဖြင့် လေးစားရိုသေအပ်သော ထေရီမယ်ကြီးများအား မလေးစား မရိုသေ၊ မထီမဲ့မြင်မပြုရ၊ မလေးစားသော ကိုယ်အမူအရာ မပြုလုပ်ရဟု သိက္ခာပုဒ်တစ်ရပ် ပညတ်တော်မူလိုက်ရသည်။

အထက်ဖော်ပြပါအတိုင်း နွေရာသီအချိန်၌ ကောသလဘုရင်သည် ထုလ္လနန္ဒာထံသို့ တရားနာရန် အကြောင်းပြချက်ဖြင့် နောက်တစ်ကြိမ် ရောက်လာခဲ့သေး၏။

သူတော်ကောင်းများသည် မိမိအပြစ်ကို မြင်သူရှိ၍ ဆိုဆုံးမသည့်သူ ပေါ်လာလျှင် ယင်းအပြစ်မျိုးကို နောင်တွင် မပြုမိအောင် ရှောင်ကြဉ်မြဲဖြစ်၏။ ဤသည်

www.burmeseclassic.com

www.burmeseclassic.com



ကို ဘုရားရှင်၏ မင်္ဂလာတရားတော်အရ သောဝစ္စသတာဂုဏ်၊ နာယူလွယ်သော ဂုဏ်ဟု မင်္ဂလာတစ်ပါးအဖြစ် သတ်မှတ်ရခြင်းဖြစ်သည်။

လူညံ့လူမွှားများသည်မှုကား မိမိအပြစ်ကို ဆိုဆုံးမည့်သူ ပေါ်လာလျှင် မိမိ အပြစ်ကို မိမိကိုယ်တိုင်က အပြစ်ဟုသိပါလျက်နှင့်ပင် ဆရာလုပ်လာသည်ကို မခံချင်သော ဒေါသစိတ်ဖြင့် ဆိုဆုံးမသူကိုသော်လည်း ပြန်၍ရန်လုပ်တတ်သည်။ ဆိုဆုံးမသူက ကြောက်ရမည့်သူဖြစ်၍ ပြန်လှန်မလုပ်ဝံ့သည့်အခါတွင်လည်း အရွဲ့ တိုက်သောသဘောဖြင့် ယင်းအပြုအမူမျိုးကို ထပ်ကာထပ်ကာ ပြုလုပ်လေ့ရှိသည်။

ဘုရင့်ခြုံထည်ကြီးကို မအပ်မရာ အလှူခံလိုက်သောကြောင့် ဘုရားရှင်၏ အဆိုအဆုံးအမကိုပင် ခံရသော ထုလ္လနန္ဒာသည် နောက်တစ်ကြိမ် ဘုရင်ကြီး လာ ရောက်၍ တရားနာပြီးသောအခါတွင်လည်း ရှေးအဖြစ်၏ အလားတူပင် ဘုရင့်ခြုံ ထည်ကြီးကို အလှူခံလိုက်ပြန်ပါလေသည်။ ဘုရင်သည် မိမိကိုယ်တိုင်က တစ်ကြိမ် နှင့်မမှတ်၊ ဆတ်ဆော့မိလေသောကြောင့် အောင့်သက်သက်နှင့်ပင် လှူခဲ့ရပြန်၏။ သို့ရာတွင် ထုလ္လနန္ဒာအပေါ်တွင်တော့ နောင်ကြဉ်သွားပုံရသည်။ နောက်တစ်ကြိမ် ချဉ်းကပ်လာသည်ကို မတွေ့ရတော့။

ထုလ္လနန္ဒာ၏ နောက်တစ်ကြိမ် အပြစ်ကြောင့်လည်း ဘုရားရှင်က အလားတူ သိက္ခာပုဒ်တစ်ရပ် ထပ်မံ ပညတ်လိုက်ရသေးသည်။

ဘုရင်ကြီး နောက်တစ်ကြိမ် မလာလိုသော် ရှိစေတော့။ သို့သော် ဘုရင်ကိုယ် တော်တိုင်က တစ်ကြိမ်မက နှစ်ကြိမ်တိုင်တိုင် ထုလ္လနန္ဒာထံသို့ လာရောက်လိုက် ခြင်းသည် လူမိုက်အားပေးဆိုသကဲ့သို့ ထုလ္လနန္ဒာအား ကြီးစွာသောအထောက်အကူ ပြုလိုက်သလို ဖြစ်သွားစေသည်။ ဂုဏ်ရှိသူတို့၏ အပြုအမူကို စောင့်ကြည့် တုပ တတ်သော လူ့သဘာဝအတိုင်း ကောသလဘုရင် ရှေ့ဆောင်မှုကြောင့် ထုလ္လနန္ဒာ တွင် လာဘ်လာဘ အသိုင်းအဝိုင်းများ တိုးပွားလာသည်။

ပညာမဲ့သူတို့အဖို့ ဂုဏ်၏သဘာဝမှာ ပစ္စည်း၏သဘာဝနှင့် အတူတူပင် ဖြစ်၏။ ပစ္စည်း၏သဘာဝသည် ရလေလိုလေဖြစ်သကဲ့သို့ ဂုဏ်၏သဘာဝသည် လည်း ရလေလိုလေပင်ဖြစ်သည်။ ဘုရင်၏အားပေးမှုကြောင့် ဂုဏ်ကြီးရှင်ဖြစ်လာ သော ထုလ္လနန္ဒာသည် ဂုဏ်ကြီးသည်ထက် ကြီးရန်၊ မိမိနာမည်သတင်းကျော်စော ခြင်း ရှိသည်ထက်ရှိရန် ကြိုးစားလာသည်။ ကြိုးစားဟန်ကား ထုံးတမ်းစဉ်လာ

www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပင် ကျော်စောခြင်းကို ပြုလုပ်ပေးနိုင်စွမ်းသော ဓာတ်သမား သဘင်သမားများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းပင် ဖြစ်သည်။

သို့သော် ဤအကြောင်းမပြောမီ ယင်းဂုဏ်ကိစ္စကြောင့် ဖြစ်ပွားခဲ့သော ထုလ္လနန္ဒာ၏ အခြားစိတ်ဝင်စားဖွယ်ရာ အကြောင်းတစ်ရပ်ကို ဖော်ပြလိုပေသေးသည်။

[ ၄ ]

ထုလ္လနန္ဒာတွင် ဂုဏ်ပိုလာသောကြောင့် ဂုဏ်လိုသူတို့က ချဉ်းကပ် ဝိုင်းရံလာကြသည် မှန်ပါ၏။ သို့သော် အပြစ်မြူမတင်သော ဘုရားရှင်လို သူတော်စင်မျိုးတွင်သော်မှ မလိုသူများ၊ ငြိုးသူရန်ဘက်များ ရှိလေသေးပေရာ မီးစတစ်ဖက် ရေမှုတ်တစ်ဖက် ဆိုသကဲ့သို့ တစ်ဖက်တွင် ဂုဏ်သတင်းနှင့်အတူ၊ တစ်ဖက်တွင် ဂုဏ်မဲ့သတင်းမျိုးစုံတို့ဖြင့် လွှမ်း၍ထားသော ထုလ္လနန္ဒာအဖို့မူ အဘယ်မှာ မလိုလားသူ၊ မေတ္တာမဲ့သူ မရှိဘဲ နေနိုင်အံ့ပါနည်း။

ဂုဏ်မဲ့မှုအဖြေကား ထုလ္လနန္ဒာ၏ကျောင်းကို မီးအလောင်ခံရခြင်းပင်ဖြစ်ပေ၏။ ထုလ္လနန္ဒာမရှိခိုက်တွင် သူ့ကျောင်းကလေး မီးလောင်ခံရသည်။ သူ့အား အကြည်ညိုပျက်နေသူတစ်ဦးဦးက မလိုတမာစိတ်ထားဖြင့် မှတ်ကရော့ဟု ပြုလုပ်ဟန်တူသည်။

ဘုရားရှင်၏ သာသနာတော်တွင် သူတော်ကောင်းအသွင်ဖြင့်ရှိသော်လည်း ဘုရားရှင်လက်ထက်ဝယ် ထုလ္လနန္ဒာလို ငယ်ငယ်ရွယ်ရွယ်တွင် မနာလိုချင်စရာဂုဏ်ကလည်းရှိ၊ ရုပ်ကလေးကလည်း ချောချောနှင့် မလိုသူတို့ အမြင်ကတ်စရာမာနရှင်ကလေးမျိုးကို မဆိုထားဘိ၊ ဂိုဏ်းအနေနှင့်သော်လည်းကောင်း၊ ပုဂ္ဂလိကအနေဖြင့်သော်လည်းကောင်း မလိုသူ အတိုက်အခံ အဖျက်အဆီးတို့ များပြားလှသောကြောင့် အားနွဲ့သူ သူတော်စင် ဘိက္ခုမယ်ကြီးများပင်လျှင် ယင်းသို့ အနှောင့်အယှက် အဖျက်အဆီးများစွာ ခံခဲ့ကြရသည်။ ယခုကဲ့သို့ ကျောင်းမီးရှို့မှု၊ ခပ်ပြောင်ပြောင် ရန်ထောင်မှု စသည် အပထား၍ နာမည်ကျော် ဥပ္ပလဝဏ် ထေရီမယ်ကြီးများပင်လျှင် ယောကျ်ားလူမိုက်တစ်ဦး၏ မရိုသေ့စကား၊ မတော်မတရားပြုမှုကို ခံခဲ့ရရှာသည်။

ထို့ကြောင့်လည်း ဘုရားရှင်က ဘိက္ခုမယ်များအား ရဟန်းယောကျ်ားတို့၏ လက်လှမ်းမီသလောက်သော မျက်မှောက်ဥပစာမှ ကင်းကွာ၍မနေရဟု သိက္ခာပုဒ်တစ်ရပ် ပညတ်ပေးတော်မူခဲ့ရဟန် တူပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထုလ္လနန္ဒာအတွက်သာ ကွက်၍ပြောရပါမူကား ဂုဏ်ရှင်ကံမြင့်ရှင်တို့ မည်သည် အဆိုးလုပ်ရင်းနှင့် အကျိုးထွက်၊ မကောင်းထဲမှပင် အကောင်းထွက်လာ တတ်သော လောကသဘာဝအတိုင်း သူ့ကျောင်း မီးအလောင်ခံရသောကြောင့် ဝမ်းသာသည်။ မီးရှို့သူကိုပင် သူ့အား တစ်ဖက်တစ်လမ်းမှ ကူညီသူကဲ့သို့ ကျိတ်၍ ကျေးဇူးတင် ဝမ်းမြောက်သည်။ အကြောင်းသော်ကား သူ့ဂုဏ်နှင့် မတန်လှတော့ ဟု ထင်နေရသော ကျောင်းကလေး သေးသေးကုပ်ကုပ်နေရာတွင် ကျောင်းကြီး ဆောက်ဖို့ရန် အခွင့်ကြုံလာသောကြောင့်ပေတည်း။

ထို့ကြောင့် ကျောင်းကလေးနေရာတွင် ကျောင်းကြီးဖြစ်လာဖို့ ချက်ချင်းစီစဉ် သည်။ နဂိုကမှ အလုပ်များ၊ စကားပေါချင်လှသူအတွက် ကျောင်းဆောက်ကိစ္စ ကြောင့် မနားမနေရအောင်ပင် ကိစ္စပိုလာသည်။ အဟောအပြောကောင်းရုံမက ဘုရင့်ကိုးကွယ်ခံ ဂုဏ်ရှင်ဖြစ်၍ ကျောင်းဒကာတို့ အလုအယက်ပေါ်လာသည်။

"သုန္ဒရီ"ဝတ္ထုတွင် အစ်မဖြစ်သူ သုန္ဒရီနန္ဒာအတွက် နာမည်ကျော် ဝိသာခါ သူဌေး ကျောင်းအမကြီး၏မြေး ဒကာသာဠှက ပိုး၍ဆောက်ပေးထားသော ကျောင်း ထက်ပင် သာလွန်သောကြောင့် အခြားသူများ အပထား၍ အစ်မချစ်ကိုပင် ဂုဏ်ပြိုင် လာသည်။

သို့သော် လျှပ်ပေါ်လာဘ်မျှော်သူတို့ ထုံးစံအတိုင်း ကျောင်းဆောက်သည်ကို ရိုးရိုးမဆောက်၊ ကျောင်းကိစ္စကို ဗန်းပြ၍ လာဘ်ပေါက်ထွင်သည်။ လိုသည်ထက် ပို၍ အလှူခံသည်။ ဤကိစ္စအတွက်ပြော၍ ထိုကိစ္စတွင် အသုံးပြုသည်။ ကဲ့သည်။ ဝှက်သည်။

အဆိုးထဲမှ အကောင်းထွက်လာသည်ကား ယင်းသို့ မမှန်မကန်လုပ်မှုသတင်း များ ဘုရားရှင်နားတော်သို့ ရောက်သောအခါ ယင်းသို့သော အပြုအမူများကို မပြုလုပ်ရဟု သိက္ခာပုဒ်တစ်ရပ် ပညတ်တော်မူနိုင်ခဲ့ခြင်းပင် ဖြစ်ပေသည်။

[ ၅ ]

ရန်မလိုမှ ရန်ပြုသည်၊ ရန်လိုလျှင် ရန်ပိုသည်ဆိုသော စကားကဲ့သို့ ဂုဏ်မလို မှ ဂုဏ်ပိုသည်။ ဂုဏ်လိုလျှင် ဂုဏ်ပြုသည်ဟု ဆိုနိုင်သော်လည်း ထုလ္လနန္ဒာတို့လို သတိမဲ့များအဖို့မူ အဘယ်မျှ ဂုဏ်ပိုလာစေကာမူ လိုနေသည်သာဖြစ်၏။ ထို့ကြောင့် ထုလ္လနန္ဒာက ဂုဏ်ပွဲ့အောင် ကျော်ကြားသည်ထက် ကျော်ကြားနိုင်သော နည်းစနစ်

www.burmeseclassic.com

www.burmeseclassic.com



များကို ရှာကြံစိတ်ကူးထုတ်လာ၏။ ယင်းစနစ်ကား ထူးထူးထွေထွေတော့ မဟုတ်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်းပင် ဂုဏ်လုပ်ငန်းရှင်များ၏ ထုံးတမ်းစဉ်လာ ဇာတ်ဆရာ၊ သီချင်းဆရာ၊ သဘင်သမားတို့နှင့် ပူးပေါင်းခြင်းပင် ဖြစ်ပေသည်။

သို့ရာတွင် ထင်ရှားသူတို့အတွက် ရဟန်းလည်းဖြစ်သည့်အလျောက် ဇာတ်သမား သဘင်သည်တို့နှင့် ပူးပေါင်းမှုဟူသည်မှာ ရံဖန်ရံခါဆိုလျှင် အမြင်လှပါသေး၏။ မကြာခဏ ဆက်သွယ် ပူးပေါင်းလျှင်မူကား သူတော်ကောင်းဝန်းကျင်နှင့် ဒါယကာတို့အတွက် အမြင်တစ်မျိုးဖြစ်လာနိုင်သောကြောင့် တိုးတိုးကျိတ်ကျိတ် ပူးပေါင်းရသည်။ မမြင်ကွယ်ရာတွင် ဆက်ဆံရသည်။ ဇာတ်သဘင်သမားတို့နှင့် ယင်းသို့ ဆက်ဆံ၍ ပွဲလမ်းသဘင်များတွင် မိမိ၏ရှိသော၊ မရှိသော ဂုဏ်ပုဒ်မျိုးစုံကို သွယ်ဝိုက်နည်း၊ တိုက်ရိုက်နည်း၊ နည်းမျိုးစုံဖြင့် ဖြန့်ချိပေးကြရန် ပစ္စည်းအားဖြင့်လည်းကောင်း အခွင့်အရေးပြ၍လည်းကောင်း လာဘ်ထိုးသည်။

ထုလ္လနန္ဒာ ကဲလိုက်ပုံမှာ ထင်ရှားသော ဇာတ်ဆရာ၊ သဘင်သည်၊ သီချင်းရေးဆရာတို့ လက်အောက်မှ ကချေသည် မျိုးစုံတို့ကိုသာမက ဘားကျွမ်းသမား၊ လမ်းဘေး မျက်လှည့်သမားတို့ အပါအဝင် အိုးစည်ဗိုင်းသမားတို့ကိုပါမကျန် သူ့ကောင်းသတင်းကို လွှင့်ဖြန့်နိုင်သူ မှန်သမျှတို့သို့ ချဉ်းကပ်ပူးပေါင်းသည်။

ပူးပေါင်းရာ၌ မကြာခဏ ဆက်သွယ်ပူးပေါင်းရသောကြောင့် ရှက်စနိုးလာ၍ သဘင်သမား၊ ကျွမ်းသမား၊ အိုးစည်သမား ယောကျ်ားများနှင့် ဖော်ပြခဲ့သည့်အတိုင်း ကွယ်ထောင့်ရာတွင် ကျိတ်ဝိုင်းဖွင့်ရသောအခါ ယင်းကျိတ်ဝိုင်းကို တွေ့သူ သိသူများ၏ အမြင်တွင် ယယ်ယယ်ရွှယ်ရွှယ် ဘိက္ခုမယ်တစ်ယောက်အဖို့ အခြားနည်းဖြင့် ရှုတ်ချ ပြောဆိုဖွယ်ရာ ဖြစ်လာသောကြောင့် ဘုရားရှင်နားတော်အရောက် လျှောက်ထားရာတွင် အကြင် ဘိက္ခုနီမတစ်ယောက်သည် ယောကျ်ားတစ်ဦးနှင့် ယုံမှားသံသယဖြစ်လောက်ဖွယ် ကွယ်ရာထောင့်ရာ၊ စကားသံကို မကြားနိုင်ရာ နေရာတွင် မတွေ့ဆုံ၊ မဆက်သွယ်ရဟူသော ဝိနည်းတစ်ရပ် ထွက်ပေါ်လာပေသေးသည်။

ယင်းသို့လျှင် ဂုဏ်လိုလှသည့် ထုလ္လနန္ဒာအဖို့ သဘင်သည်တို့နှင့် ပူးပေါင်းမှု၊ လှုပ်ရှားမှု များပြားလာသောအခါ ပတ်ဝန်းကျင်က သိရုံမျှမက ဘုရားရှင်နားတော်သို့ပင် ရောက်လာသောကြောင့် ဘိက္ခုနီမများသည် ယင်းသို့သော အပြုအမူများအတွက် လာဘ်မပေးရဟူသော သိက္ခာပုဒ်တစ်ရပ်ကိုလည်း ပညတ်တော်မူလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်တို့ကား ခံယူမှုရင့်ကျက်၍ တရားသားတက်လာသောအခါ၌ အပြစ်ကင်းစင်သော ထေရီမယ်ကြီးတစ်ဦး ဖြစ်လာဟန်တူသော်လည်း ငယ်ရွယ်စဉ်ကမူ အချိန်အခါကို စောင့်ကြည့် သည်းခံတော်မူခဲ့သော ဘုရားရှင်၏ ဘိက္ခုနီသာသနာတော်အတွက် ဝိနည်းသိက္ခာပုဒ် ပညတ်ရန် အပြစ်မှန်သမျှကို တစ်ဦးတည်းပင် ဒိုင်ခံ၍ ကျူးလွန်တော့သည့်ပမာ ကောင်းသတင်း မကောင်းသတင်း လှုပ်ရှားမှုများပြားလှစွာသော ထုလ္လနန္ဒာ အရှင်မ၏ အနည်းအကျဉ်းမျှသော အကြောင်းတစ်ရပ်တို့ ဖြစ်ပေ၏။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# ရွှေယောက်ဖ

[ ၁ ]

ကျွန်ုပ်၏အမည်ကို အများပင်သိကြပါသည်။ ကျွန်ုပ်၏အမည်ကား ဒေဝဒတ်တည်း။

[ ၂ ]

ရသေ့ ရဟန်းအလုပ်သည် ကျွန်ုပ်တို့ တစ်ချိန်က ခေတ်စား၍ ဂုဏ်ရှိလှသော အလုပ်ဖြစ်၏။ အကြင်သူတစ်ယောက်သည် ရသေ့ ရဟန်းဘဝသို့ အရွယ်ငယ်ငယ်ဖြင့် ကူးပြောင်းနိုင်လေ၊ ပို၍ ဂုဏ်ရှိလေဖြစ်၏။ တတိယအရွယ်ကိုမူကား ရသေ့ ရဟန်းဘဝသို့ ကူးပြောင်းအပ်သည့် အရွယ်ဟူ၍ပင် သတ်မှတ်ထားသည်။ အကြင်သူသည် အကြောင်းကြောင်းတို့ကြောင့် ရသေ့ ရဟန်းဘဝသို့ မကူးပြောင်းနိုင်ခဲ့သည် ဖြစ်စေ၊ ထိုသူသည် သူ့ဘဝ၏ တစ်ချိန်ချိန်တွင် ရသေ့ ရဟန်းဘဝသို့ ကူးပြောင်းရန် ကြိုးစားခဲ့သည်ကား အမှန်ပင်ဖြစ်ပေသည်။

သို့ရာတွင် ကျွန်ုပ်တို့ သာကီဝင်များအဖို့မူ ရသေ့ ရဟန်းပြုလုပ်မှု အလေ့အထ နည်း၏။ သာကီဝင်တို့သည် အကြီးအကဲတို့မှစ၍ ရသေ့ ရဟန်းတို့ကို ကိုးကွယ်ဆည်းကပ်ကြသော်လည်း ကိုယ်တိုင် ရသေ့ ရဟန်းပြုသူဟူ၍ကား မရှိသလောက်ပင် ဖြစ်၏။ အကြောင်းမှာကား ကျွန်ုပ်တို့ သာကီဝင်တိုင်း၏ အမျိုးစရိုက်အားဖြင့် ကြိုးပမ်းချက်မှာ မိမိအမျိုး ပြန့်ပွားကြီးမားရေး၊ မိမိအမျိုးအား စောင့်ရှောက်ရေးဖြစ်ပေရာ အမျိုးကိုဆိတ်သုဉ်းစေသော ရသေ့ ရဟန်းအလုပ်သည် ကျွန်ုပ်တို့နှင့် ဗီလာဖြစ်သောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ရသေ့ ရဟန်းလုပ်မည့် လုပ်ကြပြန်တော့လည်း သာကီဝင်မင်းမျိုး ပြုတ်လုမတတ်အထိ ဖြစ်သည်။ ယင်းသို့ ရသေ့ ရဟန်းပြုလုပ်လာကြခြင်း၏ အရင်းခံပုဂ္ဂိုလ်ကား ကျွန်ုပ်၏ ရွှေယောက်ဖ သိဒ္ဓတ္ထတည်း။

ဤနေရာတွင် ကျွန်ုပ်ကိုယ်တိုင် ရဟန်းဘဝသို့ ရောက်ရခြင်း၏ အကြောင်းကို မပြောမီ ကျွန်ုပ်၏ယောက်ဖ၊ သို့မဟုတ် ကျွန်ုပ်၏နောင်တော် သိဒ္ဓတ္ထ၏အကြောင်းကို ကျွန်ုပ်၏ရှုထောင့်မှနေ၍ ပြောပြရဖို့ရှိသည်။

**'ကျွန်ုပ်၏နောင်တော်'** ဟူသော အခေါ်နှင့်ပတ်သက်၍ သိဒ္ဓတ္ထနှင့် ကျွန်ုပ်သည် အဖေ ညီအစ်မအရင်းတို့မှ မွေးဖွားကြသူများဖြစ်၍ ညီနောင်ရင်း ခေါက်ခေါက်မျှ သွေးနီးကြသူများဖြစ်၏။ ထို့ပြင် သူ့တွင် ကျွန်ုပ်နှင့် အာနန္ဒာ၊ နန္ဒ စသူတို့ကဲ့သို့ ဝမ်းကွဲညီအစ်ကိုတို့မှလွဲ၍ ညီရင်း နောင်ရင်း ခေါင်းနင်းဆင်းသူဟူ၍လည်း မရှိ။ စင်စစ်သော် သိဒ္ဓတ္ထသည် ဥတစ်လုံး အထီးကျန်တည်း။

သူ့မိခင် မာယာဒေဝီသည် အမျိုးသမီးတို့၏ အရွယ်လွန်ချိန် ၅၈ နှစ်တိုင်ကျမှ သူ့ကိုမွေးအပ်သော လူအိုနောက်ကျသားတည်း။

သူနှင့်ကျွန်ုပ်သည် အာနန္ဒာ၊ နန္ဒ စသူတို့ကဲ့သို့ပင် ယင်းသို့ ညီနောင်ဖြစ်ရုံမျှ မဟုတ်၊ ကျွန်ုပ်၏အစ်မ ယသော်နှင့် သူ လက်ဆက်လိုက်သောအခါ သူနှင့်ကျွန်ုပ်သည် သွေးချင်းပို၍ နီးစပ်သွားဖို့ရှိ၏။ သို့ရာတွင် မနီးစပ်။ နီးစပ်အောင် ကျွန်ုပ်က အကြိမ်ကြိမ် ကြိုးစားခဲ့ဖူးသော်လည်း မနီးစပ်။ သို့ဖြစ်၍ သူသည် ကျွန်ုပ်အပေါ်၌ ညီတစ်ယောက်ကဲ့သို့ သဘောထားပါလေစဟု ကျွန်ုပ် သံသယရှိလာသည်။ သူသည် အကြောင်းရှိသည့်အခါတွင်မှ **'ဒေဝဒတ္တ'** ဟူသောအမည်ကိုသုံး၍ ချစ်ကြည်စွာ သွေးနီးသောအားဖြင့် **'ညီတော်'** ဟူ၍ တစ်ခွန်းတစ်ပါဒမျှ မသုံးစဖူး။

ထို့ပြင် သူနှင့် ကျွန်ုပ်၏အစ်မယသော်တို့ လက်ဆက်မိကြသောအခါ သူနှင့် ကျွန်ုပ်သည် ရင်းနီးလာဖို့ကောင်းသည်။ သို့ရာတွင် သူသည် ယသော်နှင့် လက်ဆက်မိသောကြောင့် ကျွန်ုပ်နှင့်သာမက ကျွန်ုပ်တို့အသိုက်အဝန်းနှင့် ပို၍ဝေးကွာသွားခဲ့သည်။ အကြောင်းသော်ကား ပင်ကိုအားဖြင့် ကျွန်ုပ်တို့အသိုက်အဝန်းနှင့် တသီးတခြားနေထိုင်လေ့ရှိသော သိဒ္ဓတ္ထအဖို့ ကျွန်ုပ်တို့နှင့် ပို၍သီးခြားစေရန် **'ယသော်'** တည်းဟူသော **'အဖော်'** ရသွားသောကြောင့် ဖြစ်ပေသည်။

သိဒ္ဓတ္ထသည် **'ကံထူးသူ'** ဖြစ်သည်ကား အမှန်ပင်ဖြစ်ပေသည်။ သူ့မိခင် မာယာဒေဝီအား သားသမီး မထွန်းကားသူဟု သတ်မှတ်ထားကြရင်းက သိဒ္ဓတ္ထကို

www.burmeseclassic.com

www.burmeseclassic.com



အသက် ၆၀ နီးပါး အရွယ်ကျမှ မမျှော်လင့်ဘဲ မွေးဖွားခဲ့ရာတွင် သူ့ခမည်းတော် အဘိုးကြီး သုဒ္ဓေါဒနကရော၊ သူ့မိထွေးတော် ဂေါတမီကပါ သည်းအူတုန်မျှ ဂရုတစိုက် အမြတ်တနိုး အလိုလိုက်ခံခဲ့ရပေသည်။ ကျွန်ုပ်တို့မိဘများက ကျွန်ုပ်တို့အပေါ်တွင် မြတ်နိုးမှုထက် သူ့မိဘများက အလေးပေး မြတ်နိုးမှုက ပိုသည်ဟု ဆိုလိုပေသည်။ ဤသည်ကား 'ဧကပုတ္တ မနုရက္ခေ'ဆိုသော စကားအတိုင်း ဥတစ်လုံး တစ်ကောင်ကြွက် လူအိုနောက်ကျသားများ ရရှိမြဲအခွင့်အရေးဟု ဆိုရဖို့ ရှိသည်။

သို့သော် မိဘဂရုစိုက်ခံရသော သားသမီးတို့မည်သည် ပျော့ညံ့တတ်သည့် လူ့သဘာဝအတိုင်း သူသည် လူပျော့တစ်ယောက် ဖြစ်ခဲ့ပေသည်။ ဖျတ်ဖျတ်လတ်လတ် တက်တက်ကြွကြွ ရှိရမည်ဖြစ်သော မင်းပျိုမင်းလွင်ဘဝတိုင်အောင်ပင် သူသည် လူအေးလူပျော့တစ်ယောက်သာ ဖြစ်ခဲ့သည်။ ထို့ကြောင့် နန္ဒ၊ အာနန္ဒာ၊ အနုရုဒ္ဓါ စသော ကျွန်ုပ်တို့လူပ်ရှားမှုအများတွင် သူ မပါဝင်သည်က များသည်။ နီးစပ်အောင် ကျွန်ုပ်တို့က ကြိုးစားကြည့်ကြသော်လည်း အချည်းနှီးသာ ဖြစ်ခဲ့ပေသည်။

သို့ရာတွင် သူသည် ဒုတိယအကြိမ် **'ကံထူးသူ'**ဖြစ်ပြန်၏။ အကြောင်းကား နည်းမျိုးစုံဖြင့် ဝိုင်းဝိုင်းလည်အောင် ကြိုးပမ်းနေကြသည့် ကျွန်ုပ်၏မိတ်ဆွေ မင်းပျိုမင်းလွင်တို့အလယ်တွင် သိဒ္ဓတ္ထသည် **'ယသော်ထိ'**ပေါက်သူတည်း။

ကျွန်ုပ်၏အစ်မ ယသော်၏အလှသည် သာကီဝင် မင်းပျိုမင်းလွင်တို့အလယ်တွင် သောက်ရှူးကြယ်ပမာ ဖြစ်ခဲ့၏။

သာကီနွယ် အမျိုးသမီးတစ်ယောက်သည် သာကီနွယ်အမျိုးသားတစ်ယောက်နှင့်သာ ထိမ်းမြားလက်ထပ်ရမည် ဖြစ်ပေရာ ကျွန်ုပ်အဖို့မူ ကျွန်ုပ်တို့အသိုက်အဝန်းမှ မည်သူနှင့်မဆို လက်ဆက်လျှင် သဘောတူသည်သာဖြစ်၏။ သို့ရာတွင် ယသော်၏ ဣန္ဒြေကြီးမားမှုသည် အခြားသာကီနွယ် မင်းပျိုမင်းလွင်များကို ထားဦး၍ ကျွန်ုပ်နှင့် ထဲဝင်ပြင်ထွက် ပေါင်းဖော်သင်းဘက် နီးနီးစပ်စပ်ရှိသော မင်းပျိုမင်းလွင်များကိုပင် ကုမ္ဘန်တစ်ထောင် စောင့်သည့်ပမာ အဆီးအတားဖြစ်ခဲ့သော်လည်း သိဒ္ဓတ္ထအပေါ်တွင်မူ တစ်ကြိမ်တွေ့မျှဖြင့်ပင် ယသော်၏ ကြီးမားသောဣန္ဒြေမှာ ပြိုဆင်း၍ သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သိဒ္ဓတ္ထတို့လို လူပျော့လူအေးများအပေါ်တွင် လွယ်လွယ်နှင့် နှစ်လိုတတ်ကြခြင်းမှာ မိန်းမများ၏ သဘာဝ ဖြစ်ဟန်တူပေသည်။

သိဒ္ဓတ္ထသည် ဦးရီးတော် သုဒ္ဓေါဒန၏နောက်တွင် သာကီဝင်တို့၏ ထီးနန်းရိုက်ရာကို ဆက်ခံရမည့်သူပင်ဖြစ်စေ၊ လူပျော့လူညံ့တို့မည်သည် ကိုယ်ရေးကိုယ်တာအားဖြင့် မိန်းမတို့ မှီခိုအားထားလောက်သည့်သူ မဟုတ်နိုင်သောကြောင့် သိဒ္ဓတ္ထနှင့် ယသော်တို့၏ လက်ဆက်ရေးအတွက် သိဒ္ဓတ္ထဘက်က လူကြီးများထံမှ အစေ့အစပ်ရောက်လာသောအခါ ကျွန်ုပ်သည် ဦးဆောင်၍ ကန့်ကွက်ခဲ့သေးသည်။ သို့ရာတွင် အချည်းနှီးတည်း။

## [ ၃ ]

ထိုနေ့သည် ကျွန်ုပ်တို့အတွက် အဆင်မပြေသော နေ့တစ်နေ့ဖြစ်ပေသည်။

ထိုနေ့မတိုင်မီ လေးငါးရက်ခန့်ကပင် တွဲနေကျ ကျွန်ုပ်တို့ညီနောင်တစ်စုသည် ထိုနေ့တွင် ပျော်ပျော်ပါးပါး တောကစားထွက်ကြရန် စီစဉ်စိုင်းပြင်းထားသည်။ ကျွန်ုပ်တို့၏ ညီနောင်တစ်စုဆိုရာ၌ သိဒ္ဓတ္ထမူကား မပါပေ။ သိဒ္ဓတ္ထသည် တောကစားခြင်းကဲ့သို့ ခပ်ကြမ်းကြမ်း ပျော်ပါးမှုမျိုးကို အပထား၍ ပျိုရွယ်သူတို့သဘာဝ အခြားသော ခပ်နုနုလှုပ်ရှားမှုမျိုး၌ပင်လည်း ကျွန်ုပ်တို့အသိုက်အဝန်းတွင် မပါဝင်တတ်ပေ။

ကျွန်ုပ်တို့အသိုက်အဝန်းတွင် ဘဒ္ဒိယသည် အကြီးအကဲဖြစ်၏။ သို့ရာတွင် သူသည် တည်တည်ခန့်ခန့်နှင့် စကားနည်းသူဖြစ်ရာ အစစအရာရာတွင် များသောအားဖြင့် ကျွန်ုပ်ကသာ စီမံခန့်ခွဲရသည်။ အာနန္ဒာ၊ နန္ဒ၊ ကိမိလ စသူတို့သည် အပေါင်းပါများဖြစ်၍ ကျွန်ုပ်တို့၏ လှုပ်ရှားမှုတိုင်းလိုလိုတွင် သူတို့ပါဝင်ကြမြဲဖြစ်သည်။

ထိုနေ့တွင် ကျွန်ုပ်တို့၏ ညီထွေးတစ်ယောက်ဖြစ်သော အနုရုဒ္ဓါပါဝင်မည်ဆို၍လည်း ကျွန်ုပ်တို့ ကြိုတင်ပျော်မွေ့နေကြသည်။ အသိုက်အဝန်းတစ်ခု၌ လူငယ်၊လူသစ်တစ်ယောက် ပါဝင်လာခြင်းမှာ ပျော်မွေ့ဖွယ်ဖြစ်၏။ ကျီစယ်ယုယရသောကြောင့် ဖြစ်သည်။ သို့ရာတွင် ဥပါလိ ပါရှိလာသည်ကိုမူ ကျွန်ုပ် မနှစ်သက်လှသော်လည်း ဘဒ္ဒိယ၏ လိုလားမှုကြောင့် လက်ခံလိုက်ရသည်။ ဥပါလိသည်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ အသိုက်အဝန်းကပင် ဖြစ်သော်လည်း အရာရာတွင် စည်းကမ်းကြီးလှသော ဆတ္တာသည် ကျွန်တည်း။

ဥပါလိကို ကျွန်ဖြစ်သော်လည်း အရာရာတွင် စည်းကမ်းရှိမှု၊ သိက္ခာရှိမှုတို့ကြောင့် ကျွန်ုပ်တို့က လေးစားရ၏။ စင်စစ်အားဖြင့် လူငယ်တစ်သိုက်ဖြစ်သော ကျွန်ုပ်တို့အား အရာရာတွင် စည်းကမ်းလက်လွတ် မဖြစ်စေရန် လူကြီးများက ဥပါလိအား ကျွန်ုပ်တို့နှင့် တွဲဖက်ပေးထားခြင်းဖြစ်၏။ သို့ရာတွင် ဥပါလိကိုယ်တိုင်ကလည်း ကျွန်ုပ်တို့ညီနောင်များအပေါ်တွင် ခင်တွယ်လေးစားလှပါပေသည်။

ထိုနေ့က တောစကားထွက်ကြရာ၌ ဥပါလိအား မပါဝင်စေလိုသည်မှာ ကျွန်ုပ်တို့ ရည်ရွယ်ချက်တစ်ခုရှိ၍ဖြစ်၏။ ထိုရည်ရွယ်ချက်မှာ တောစကားရာ၌ ဆယ်ရေးတစ်ရေးဆိုသလို အကယ်၍ သားကောင်တစ်စုံတစ်ရာ မရခဲ့သော် နိဂြောဓာရုံတွင် ကျွန်ုပ်သည် သမင်ပေါက် တစ်ကောင်တလေကို ပစ်ခတ်လိုသောကြောင့် ဖြစ်၏။

ယခုသော် ဥပါလိ ပါရှိသောကြောင့် တောကစားရာ၌ အခြားတစ်နေရာတွင် အဆင်ပြေသည်ဖြစ်စေ၊ မပြေသည်ဖြစ်စေ နိဂြောဓာရုံဘက်သို့ကား ခြေဦးလှည့်ရတော့မည် မဟုတ်ပေ။ အကြောင်းသော်ကား နိဂြောဓာရုံသည် အလှအပမွေးထားသော သမင်များကို အပထား၍ မည်သည့်တိရစ္ဆာန်ကိုမျှ မပစ်ခတ် မသတ်ဖြတ်ရန် မင်းမိန့်ဖြင့် ဘေးမဲ့ပေးထားသော တောဖြစ်သောကြောင့်တည်း။

ဆယ်ရေးတစ်ရေးဟု ခန့်မှန်းခဲ့သည့်အတိုင်းပင် ထိုနေ့က တောကစားထွက်ရာ၌ မည်သည့်သားကောင်မျှမရ၊ အစစအရာရာ လွဲချော်၍ အဆင်မပြေခဲ့ပေ။ ထိုနေ့သည် နွေရာသီ၏ နောက်ပိုင်းဖြစ်လေရာ ရာသီဥတုအနေဖြင့်လည်း မိုးတိမ်များ အုံ့ဆိုင်းလျက်ရှိသောကြောင့် သားကောင်များ မမြူးထူးကြပေ။

အချိန်ကုန်အောင် ငါးမျှားပါလျက် ငါးမရခြင်း၊ တောလိုက်သူ သားကောင်မရခြင်းတို့၏ မကျေနပ်ဖွယ်ဖြစ်ရပုံကို ကိုယ်တိုင်ခံစားဖူးသူများသာ သိကြပေမည်။ ကျွန်ုပ်တို့အဖို့မူ ညီငယ် အနုရုဒ္ဓါလေး ပါဝင်လာသည့်နေ့တွင်မှ အဆင်မပြေဖြစ်ရသောကြောင့် ပို၍ မကျေမနပ်ဖြစ်မိ၏။ နိဂြောဓာရုံဘက်သို့ စိတ်ကူးလိုက်မိသေးသော်လည်း ဥပါလိ၏ ခပ်တည်တည်မျက်နှာထားကြောင့် ရှေ့မတိုးဝံ့ပေ။ နောင်ကြီးဘဒ္ဒိယကမူ ကျွန်ုပ်၏ တဖျစ်တောက်တောက်အသံနှင့် မကျေနပ်သော အမူအရာကို ကြည့်၍ ခပ်ပြုံးပြုံးလုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ထိုနေ့အဖို့ လက်ချည်းစီးဖြင့်သာ အချိန်ကုန်ပြီး ဟန်တစ်လုံး ပန်တစ်လုံးနှင့် လေးနှင့်မြားအိတ်ကို ကိုယ်စီလွယ်သိုင်း၍ ပြန်လာကြသောအခါ နန်းတော်ဝင်းအနီးသို့ အရောက်တွင် အနောက်တစ်ခွင်ဆီသို့ တကျီကျီအော်မြည်၍ ပျံသန်းလာကြသော ဟင်္သာတစ်အုပ်ကို တွေ့ရသည်။ တောကစားသူတို့အဖို့ ဟင်္သာများကို ပစ်ခတ်ရခြင်းသည် ရယ်ဖွယ်အလုပ်မျှဖြစ်၏။ သို့ရာတွင် ဟင်္သာအုပ်သည် လေးတစ်ကမ်းသို့ အဆင်သင့်ရောက်လာရာတွင် လက်ချည်းစီး ပြန်ရသည်ထက် တော်သေး၏ဟု မှန်သည့်အကောင် မှန်ကရောဆိုကာ ကျွန်ုပ်၏မြားတစ်စင်းကို မလွဲနိုင်သော ဟင်္သာအုပ်ဆီသို့ လွှတ်လိုက်၏။

ကျွန်ုပ်၏မြားသည် သဟင်္သာအကောင်ကြီးတစ်ကောင်ကို ထိမှန်၍ ဝေ့လည်ကာ နန်းတော်ဝင်း ပန်းခြံစပ်ဆီသို့ ကျသွား၏။ ကျွန်ုပ်သည် ဟင်္သာကို ကောက်ယူရန် နန်းတော်ဝင်းအတွင်းဆီသို့ ဖြတ်ကျော်၍သွားလေရာ အနီးသို့ရောက်သောအခါ မြားတန်းလန်းနှင့် ဟင်္သာအား တယုတယ ပွေ့ချီထားသူကို တွေ့ရ၏။ ဘယ်သူဟု ထင်သနည်း။ သိဒ္ဓတ္ထတည်း။

ကျွန်ုပ်သည် အခြေအနေကို မြင်လိုက်စဉ်ကပင် သိဒ္ဓတ္ထနှင့် ပြဿနာဖြစ်ရတော့မည်ကို နားလည်လိုက်ပါ၏။ ကရုဏာမျက်လုံးများဖြင့်ကြည့်ကာ မြားကိုဆွဲနုတ်တော့မယောင်နှင့် ယုယစွာကိုင်၏။ ကျွန်ုပ် အလျှော့မပေးနိုင်ပေ။

"သိဒ္ဓတ္ထ...ဤဟင်္သာကား ကျွန်ုပ်ပစ်လိုက်သော ဟင်္သာဖြစ်သည်။ ကျွန်ုပ်ကို ပေးပါလော့"

"ဒေဝဒတ္တ...သင့်ဟင်္သာ ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ သို့ရာတွင် သူ မသေသေးပါ။ သူ့ကို ကယ်တင်နေပါပြီ"

"သိဒ္ဓတ္ထ...သင်ကယ်တင်သည်ဖြစ်စေ၊ မကယ်တင်သည်ဖြစ်စေ ကျွန်ုပ်၏ ဟင်္သာပင် ဖြစ်ပေသည်။ ကျွန်ုပ်အား ပေးလော့"

"ဒေဝဒတ္တ...အပြစ်မဲ့သော သတ္တဝါတို့အား အဘယ့်ကြောင့် သတ်ဖြတ်ချင်ရသနည်း။ သူတစ်ပါးအသက်ကို သတ်ခြင်းသည် မကောင်းပါ။ ဤအပြစ်မဲ့သော ဟင်္သာကို ကျွန်ုပ် အစွမ်းကုန်ကယ်တင်ပါမည်။ ဟင်္သာသည် မသေသေးပါ"

"အို...သိဒ္ဓတ္ထ...ယခုအချိန်သည် တရားဟောနေဖို့ အချိန်မဟုတ်၊ ကျွန်ုပ်၏ ပစ္စည်းကိုသာ ကျွန်ုပ်လက်သို့ပေးအပ်လော့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏အသံသည် အတန်ပင် တင်းမာသွားသောကြောင့် သိဒ္ဓတ္ထ၏မျက်နှာသည် ဟသ်ာသို့ငုံ့ထားရာမှ ကျွန်ုပ်သို့ တူရူလှည့်၍ ကြည့်လိုက်သည်။ ထိုအကြည့်သည် ဒေါသကြည့်၊ ဒေါသမျက်လုံးဆိုလျှင် ကောင်း၏။ ဖြစ်လာသမျှ ပြဿနာကို ဖြစ်သည့်နည်းဖြင့် ဖြေရှင်းပစ်လိုက်မည်။ သို့ရာတွင် သူ့မျက်လုံးသည် ဒေါသရိပ်၊ ဒေါသငွေ့ လုံးဝမပါဘဲ မေတ္တာမျက်လုံး၊ ကရုဏာမျက်လုံးသာ ဖြစ်နေသောကြောင့် ကျွန်ုပ်သည် အရှုံးမပေးလို၍ ဟန်တင်းလိုက်ရသော်လည်း ကျောစိမ့်မိသည်ကား အမှန်ပင်ဖြစ်၏။

ထိုအခိုက်မှာပင် ကျွန်ုပ်၏အဖွဲ့သည် ကျွန်ုပ်၏ အနီးသို့ ရောက်လာကာ ကျွန်ုပ်၏ ပြဿနာကို မြင်သိကြသည်။ သို့ဖြစ်၍ ကျွန်ုပ်၏ စကားအဆုံးတွင် ဥပါလိအသံ ကြားဝင်လာ၏။

"အရှင်မင်းသားတို့...ဤပြဿနာကို ဤနည်းဖြင့်ဖြေရှင်းရန် မသင့်လျော်ပါ။ ဖြေရှင်းဖို့အကောင်းဆုံးမှာ တော်ကြီးဘုရား၏ အဆုံးအဖြတ်ကို ခံယူရန် ဖြစ်ပါသည်"

ဘဒ္ဒိယ "ဥပါလိစကားမှန်သည်"ဟု ဝင်ထောက်သည်။ ဘဒ္ဒိယစကားအဆုံးတွင် သိဒ္ဓတ္ထသည် ဟသ်ာကိုပိုက်၍ နန်းတော်ဘက်ဆီသို့ ခြေဦးလှည့်၏။ သို့ရာတွင် ကျွန်ုပ်တို့သည် နန်းတော်ပေါ်ရောက်အောင်သွားရန် မလို။ အကြောင်းကား ဦးရီးတော် သုဒ္ဓေါဒနဘုရင်သည် ပန်းခုံတော်တွင် အညောင်းပြေ လမ်းလျှောက်နေခိုက်နှင့် ကြုံသောကြောင့်ဖြစ်သည်။

ဦးရီးတော်သည် ဟသ်ာကိုပိုက်ထားသော သိဒ္ဓတ္ထနှင့် လေးမြှားစွဲကိုင်ထားသော ကျွန်ုပ်တို့တစ်သိုက်ကို ခပ်လှမ်းလှမ်းကပင် စူးစမ်းသည့်သဘောဖြင့် မှုန်၍ ကြည့်နေ၏။ အနီးသို့ရောက်သောအခါ နောင်ကြီးဘဒ္ဒိယက အကျိုးအကြောင်း အခြေအနေကို ဖော်ပြ၍ အဆုံးအဖြတ်ပေးရန် လျှောက်တင်သည်။

ဦးရီးတော်သည် ပုတီးကိုလက်စွဲရင်း စဉ်းစားသည့်အဟန်ဖြင့် တစ်ခေါက် နှစ်ခေါက် လမ်းလျှောက်ရာမှ အောက်ပါအတိုင်း အမိန့်ရှိသည်။

"ဒေဝဒတ္တက ပစ်ခတ်သူဖြစ်သော်လည်း ဟသ်ာသည် မသေမီ ကယ်တင်ရှင် လက်တွင်းသို့ ရောက်သွားသည်။ ကယ်တင်သူသည် ဒုက္ခိတ သတ္တဝါကို ကယ်တင်နိုင်ခွင့်ရှိသည်။ ကယ်တင်သူသည် လောကကိုတည်ဆောက်သူဖြစ်၍ သတ်ဖြတ်သူသည် လောကကိုဖျက်ဆီးသူဖြစ်သည်။ သို့ရာတွင် တစ်ဖက်၌ တောကစားခြင်း

www.burmeseclassic.com



ဟူသော လူမှုရေးရှိနေသောကြောင့် အကယ်၍ ဟသ်ာသည် သေဆုံးခဲ့သော် ပစ်ခတ်သူသာ ပိုင်ဆိုင်ခွင့်ရှိသည်။ ယခုသော် ဟသ်ာမသေသောကြောင့် ကယ်တင်သူ့လက်တွင်ရှိစေ၊ ရှင်အောင်ကုစား၍ ပြန်လွှတ်စေ။ ဟသ်ာသေခဲ့သော် ပစ်ခတ်သူသို့ ပေးစေ”

ဦးရိုးတော်ဘုရင်၏ အဆုံးအဖြတ်သည် သူ့သား လူပျော့ဘက်သို့ လိုက်လိုရိပ်ကလေး ရှိဟန်တူသော်လည်း အပြုနှင့်အပျက်တို့အကြားတွင် မလှုပ်သာအောင် အလွန်တရာတည့်မတ်လှသော အဆုံးအဖြတ်ဖြစ်သောကြောင့် ကျွန်ုပ်သည် ခပ်မဆိတ် နေလိုက်ရ၏။ သိဒ္ဓတ္ထသည် ဟသ်ာကို သူ့အဆောင်ဆီသို့ ပွေ့ယူသွားသည်။ သူ့ကုစားမှုကြောင့် ရှင်ဟန်တူ၏။ နောက်ထပ် တစ်စုံတစ်ရာ မကြားရပေ။

ဤပြဿနာသည် ကျွန်ုပ်နှင့် သိဒ္ဓတ္ထတို့၏ လူ့ဘဝတွင် ရင်ဆိုင်ခဲ့ရသော ပြဿနာတစ်ရပ် ဖြစ်ခဲ့ပေသည်။

## [ ၄ ]

သိဒ္ဓတ္ထ တောထွက်သွားပြီး ရဟန်းဝတ်သွားပြီဟု ကြားရသောအခါ ကျွန်ုပ်တို့သည် မအံ့ဩပေ။ ကျွန်ုပ်တို့ အထင်အမြင်နှင့် ကိုက်ညီလာသောကြောင့် ပြုံးမိကြ၏။ ကျွန်ုပ်စကား နားမထောင်ဘဲ လူပျော့ကိုကြိုက်သော အစ်မအတွက်ကြောင့်လည်း “မှတ်ကရော့”ဟု ဆိုလိုက်မိ၏။ တစ်ဖက်တွင် သွေးသားရင်းနှီးမှုစိတ်ဖြင့် ကျွန်ုပ်၏အစ်မကို ကောင်းပြီး ကောင်းရက်နှင့် လက်ထပ်ပြီးနောက် ထင်းပုံခေါင်းချမပေါင်းနိုင်ဘဲ သစ်စိမ်းချိုး ချိုးသွားမှုကြောင့်လည်း မကျေမနပ်ဖြစ်၏။

သိဒ္ဓတ္ထကို မွေးစကပင် ‘ရဟန်းဇာတာပါသူ’ဟု ပုဏ္ဏားတော်များက ဟောခဲ့ကြသည်။ အချို့ကမူ ရဟန်းမျှမက ရဟန်းတို့၏ အကြီးအကဲ ဂိုဏ်းဆရာဘုရားဖြစ်မည်ဟုပင် အဟောရှိခဲ့သည်။

ကျွန်ုပ်တို့ခေတ်၌ ရဟန်းဖြစ်မည်ဟု အဟောခံရခြင်းမှာ အဆန်းမဟုတ်ချေ။ ရဟန်းလုပ်ခြင်းသည် ကျွန်ုပ်တို့ခေတ်၏ အလေ့အထဖြစ်သည့်အတိုင်း အချို့သည် ပထမအရွယ်ကပင်လည်းကောင်း၊ အချို့ ဒုတိယအရွယ်တွင်လည်းကောင်း ရဟန်းဘဝ ကူးကြ၏။ တတိယအရွယ်တွင်မူ မဖြစ်မြောက်ကာမရှိစေ၊ ရဟန်းဖြစ်ရန်သူသူငါငါ ကြိုးပမ်းကြသည်ချည်းဖြစ်သည်။ သို့ရာတွင် အမျိုးမာန်ကြီးသော ကျွန်ုပ်တို့ သာကီဝင်များအဖို့မူ ရဟန်းပြုသူဟူ၍ ရှားပါးလှသည်။ ဖြစ်ချင်လည်း

www.burmeseclassic.com



ဖြစ်မည်၊ မဖြစ်ချင်လည်း နေနိုင်သည်။ ဖြစ်သောကြောင့်လည်း အဆန်းမဟုတ်။ မဖြစ်သောကြောင့်လည်း အဆန်းမဟုတ်။

သိဒ္ဓတ္ထသည် ရဟန်းဖြစ်ရုံမျှမက ဂိုဏ်းဆရာ ဘုရားဖြစ်မည်ဟူသော အဟောကြောင့် သူ့မိဘများ ထိပ်ထိပ်ပျာပျာ ဖြစ်ကြသည်ဟု ကြားရသောအခါ ကျွန်ုပ်အဖို့ ပြုံးမိခဲ့သည်။ ရဟန်းဖြစ်မည်ဟူသော အဟောထက် ဘုရားဖြစ်မည်ဟူသော အဟောက ပိုမိုလေးနက်စေလေရာ သားသမီးရှားပါးသော မိဘတို့ထုံးစံအတိုင်း ထိပ်ထိပ်ပျာပျာ ဖြစ်ခဲ့ကြခြင်းဖြစ်ပေသည်။

သိဒ္ဓတ္ထသည် သာကီဝင်တို့၏ ထီးညွန့်နန်းလျာ ဖြစ်သောကြောင့်လည်းကောင်း၊ လူကြီးများ ဘဝင်ခိုက်လောက်အောင် သိမ်မွေ့ ပျော့ပျောင်းသူဖြစ်သောကြောင့်လည်းကောင်း ရဟန်းဘဝ ကူးသွားမည်ကို စိုးရိမ်ခဲ့ကြစေကာမူ ရဟန်းဘဝသို့ တကယ် ကူးသွားသောအခါတွင်မူ မည်သူကမျှ မတားမြစ်ကြချေ။ အကယ်ဆိုသော် သိဒ္ဓတ္ထ တောထွက်စဉ်က နန်းတော်တွင် မဟန့်တားနိုင်သည်ရှိစေ။ ဥရုဝေလ၌ ခြောက်နှစ်တိုင်တိုင် ရှိနေစဉ်တွင် ဦးရီးတော်သုဒ္ဓေါဒနသည် မင်းမိန့်အာဏာဖြင့် ပြန်လည်ခေါ်ဆောင်လိုသော် ခေါ်ဆောင်နိုင်ခွင့်ရှိသည်။ ပြန်လည်သွေးဆောင်လိုသော် သွေးဆောင်နိုင်ချိန်ရသည်။ သို့သော် ဦးရီးတော်နှင့် သာကီဝင် အကြီးအကဲများသည် ခပ်မဆိတ်သာ နေခဲ့ကြ၏။ မူလက သိဒ္ဓတ္ထအပေါ်တွင် တောထွက်မည် စိုးရိမ်ခဲ့သည် မှန်သော်လည်း ရာဟုလာတည်းဟူသော ထီးညွန့်နန်းလျာကလေး အစားထိုး ရရှိလာသောကြောင့် သိဒ္ဓတ္ထအပေါ်တွင် အာရုံလျှော့လိုက်သည်ဟု ကျွန်ုပ်တို့ စဉ်းစားရသည်။

ကျွန်ုပ်သည် ဤစကားကို တွက်သားချ၍ ပြောနေရာ၌ ကြီးစွာသောအကြောင်း ရှိ၏။ ထိုအကြောင်းကား ထိုစဉ်က ကျွန်ုပ်တို့ တစ်စုံတစ်ရာ မသိနိုင်ခဲ့သော်လည်း တောထွက်ခြင်းဖြင့် ရဟန်းဘဝသို့ သိဒ္ဓတ္ထ စတင်လိုက်သောအချိန်သည် ပုဂ္ဂလ ဓိဋ္ဌာန်အားဖြင့်ဆိုသော် ကျွန်ုပ်၏၊ ဓမ္မာဓိဋ္ဌာန်အားဖြင့်ဆိုသော် ကျွန်ုပ်တို့ သာကီဝင် တို့၏ အစွန်းနှစ်ဖက်ရောက် ကံကြမ္မာခရီးကို စတင်လိုက်သည် ဖြစ်ခြင်းကြောင့် တည်း။

အဟောထက်လှပါသည်ဆိုသော ဦးရီးတော်၏ ပုဏ္ဏားဆရာကြီးများသည် သိဒ္ဓတ္ထဘုရားဖြစ်မည်ဟူ၍သာ ဟော၍ ဘုရားဖြစ်ပြီးနောက် ပေါ်ပေါက်လာလတ္တံ့

www.burmeseclassic.com

www.burmeseclassic.com



သော သာကီဝင်တို့၏ ကံကြမ္မာကိုကား မဟောခဲ့ချေ။ ကျွန်ုပ်အတွက် ကွက်၍ဆို ရသော် ကျွန်ုပ်၏ ဘဝဇာတ်လမ်းသည် သိဒ္ဓတ္ထတောထွက်သည်မှ စတင်ခဲ့ပေသည်။

သိဒ္ဓတ္ထ တောထွက်၍ ဥရုဝေလတွင် ခြောက်နှစ်တိုင်တိုင် တရားအားထုတ် နေသည်ဆိုစဉ်က အကြောင်းတစ်စုံတစ်ရာ မထူးခြားလှသေးချေ။ သို့ရာတွင် ဥရု ဝေလမှ ထွက်သောအခါ သူ့သတင်းများသည် ကျွန်ုပ်တို့ထံသို့ လှိုက်၍ လှိုက်၍ ရိုက်ခတ်လာသည်။ ထိုသတင်းများအနက် သိဒ္ဓတ္ထ အလျှင် အလွန်ထင်ရှားခဲ့သော တရားဂိုဏ်းဆရာကြီးများဖြစ်သည့် ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ ဆရာကြီးများသည်ပင် သိဒ္ဓတ္ထထံတွင် တပည့်ခံကုန်ကြပြီဟူသော သတင်း၊ ကျွန်ုပ် တို့ ကပိလဝတ်ထက် ကြီးမားသော ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် ဗိမ္ဗိသာရကိုယ်တိုင် သိဒ္ဓတ္ထအား အမြတ်တနိုးကိုးကွယ်ပြီဟူသော သတင်းများသည် ကျွန်ုပ်တို့ သာကီဝင် လောကကို လှုပ်ရှားစေသော သတင်းများ ဖြစ်ကြပေ၏။

သိဒ္ဓတ္ထသည် တောမှထွက်လျှင် ကပိလဝတ်သို့သာ လာဖို့ရှိပါလျက် ရာဇဂြိုဟ် တွင် သောင်တင်နေသောကြောင့် ဦးရီးတော် သုဒ္ဓေါဒနက အကြိမ်ကြိမ် အထပ်ထပ် အပင့်လွှတ်ရသည်မှာလည်း အမောဖြစ်၏။ အပင့်လွှတ်သည့်ကိစ္စထက် အပင့်လွှတ် လိုက်သော အဖွဲ့ဝင်တိုင်းကို တစ်ခါရောက်က တစ်ခေါက်မပြန် ဆိုသကဲ့သို့ ရဟန်း ဘဝရောက်အောင် သွတ်သွင်းဆွဲဆောင်နိုင်သည်မှာ သိဒ္ဓတ္ထ၏ ထူးခြားသော အရည် အချင်းပင် ဖြစ်ပေသည်။

သို့ရာတွင် ဆွဲဆောင်ချဉ်းကပ်မှု ပါးနပ်သော ကာဠုဒါယီတို့အဖွဲ့ကို အပင့် လွှတ်လိုက်သောအခါ တစ်ဖွဲ့လုံး ရဟန်းပင် ဖြစ်သွားကြသော်လည်း သိဒ္ဓတ္ထသည် ကပိလဝတ်သို့ ရောက်လာခဲ့ပေသည်။

ပထမတွင် ကပိလဝတ်သို့ သူရောက်လာရခြင်းသည် နှစ်အတန်ကြာ ကွဲကွာ နေခဲ့သော ဆွေသိုက်မျိုးသိုက်နှင့် တွေ့ဆုံရုံမျှဟု ထင်မှတ်ခဲ့သော်လည်း သူရောက် လာသည့် အချိန်မှစ၍ သာကီဝင်တစ်သိုက်လုံးသည် အလှုပ်ရှားကြီး လှုပ်ရှားကြရ သည်။ အပြောင်းလဲကြီး ပြောင်းလဲကြရသည်။

အကြောင်းသော်ကား သာကီဝင်တို့၏ အကြီးအကဲဖြစ်သော ဦးရီးတော် သုဒ္ဓေါဒနကိုယ်တိုင် သူ့ဘက်သို့ ကိုင်းညွတ်သွားသည်။ နန်းလျာအဖြစ် သတ်မှတ် ထားသော ကျွန်ုပ်၏တူ ရာဟုလာကလေးအား ခရီးရောက်မဆိုက် ဆိုရလောက် အောင်ပင် သာမဏေဘဝသို့ ကူးပြောင်းစေလိုက်သည်။ ကျွန်ုပ်၏အဖွဲ့ပင် ဖြစ်သော်

www.burmeseclassic.com

www.burmeseclassic.com



လည်း သိဒ္ဓတ္ထဆိုလျှင် အမြဲတမ်း ဦးခေါင်းလျှိုခဲ့သော နန္ဒမင်းသားအား လက်ထပ်တော့အံ့ဆဲဆဲတွင်ပင် သိဒ္ဓတ္ထသည် ဘဒ္ဒကလျာဏီ၏ ရင်ခွင်မှ ဆွဲထုတ်၍ ရဟန်းဘဝသို့ ကူးပြောင်းစေနိုင်ခဲ့သည်။ ဤကား ထူးခြားမှုများကို ဖော်ပြခြင်းမျှသာဖြစ်၍ သာမန်အားဖြင့် ကပိလဝတ်ပြည်သားတို့၏ ရဟန်းပြုပွဲများမှာကား နေ့ပိုင်း ညဉ့်ပိုင်းဆိုသလို ဆက်လျက်ရှိသည်။ ရဟန်းပြုရန် ဓာတ်ခံရှိကြသည့်အပေါ်၌ သူနှင့်တွေ့ကြသောအခါ ရှေးက မကြားဖူး မနာဖူးသော သူ့တရားသည် ထူးခြားသည်မှာ အမှန်ပင်ဖြစ်ပေသည်။

ဤတွင် ကျွန်ုပ်တို့အလှည့်သို့ ရောက်လာသည်။

ကပိလဝတ်သို့ ရောက်လာသော သူ့ရဟန်းပရိသတ်သည် ကြီးမားလှသည်။ ကပိလဝတ်ရောက်၍ ရဟန်းပရိသတ် တိုးပွားလာသောအခါ ပို၍ကြီးမားသည်။ သို့ရာတွင် သူ့ဝန်းကျင်၌ ဆွေရင်းမျိုးရင်းဟူ၍ကား နည်းပါးလှသည်ကို သာကီဝင်အကြီးအကဲတို့က သတိပြုမိကြသည်။ ဤရွေ့ဤမျှ ကြီးမားသော ရဟန်းပရိသတ်ကို ထိန်းချုပ်လှုပ်ရှားရာ၌ သိဒ္ဓတ္ထဝန်းကျင်တွင် ဆွေထဲမျိုးထဲမှ သွေးရင်းသားရင်းများ ရှိသင့်သည်။ သို့ဖြစ်၍ သွေးရင်းသားရင်းထဲမှ ရဟန်းပြုလိုသူများ ထွက်ခဲ့ကြဟု စာရင်းကောက်လိုက်သောအခါတွင် ကျွန်ုပ်တို့အသိုက်မှ နောင်ကြီးဘဒ္ဒိယသည် ရှေ့ဆုံးမှ စာရင်းသွင်း၏။ ဘဒ္ဒိယနောက်တွင် အာနန္ဒာ၊ ဘဂု၊ ကိမိလနှင့် အနုရုဒ္ဓါတို့သည် ကပ်၍ပါလာ၏။

ကျွန်ုပ်သည်လည်း လွယ်လွယ်ပင် စဉ်းစား၍ စာရင်းသွင်းလိုက်သည်။

ကျွန်ုပ်တို့အဖို့ လူ့ဘဝတွင် သာကီဝင် အကြီးအကဲဖြစ်ရန်မှာ မလွယ်ကူလှပေ။ မင်းသားတစ်ယောက်ဖြစ်၍ အကြီးအကဲဖြစ်နိုင်သည်ထားဦးတော့။ အိုကာမှ ငွေတစ်ရာဆိုသကဲ့သို့ပင် မသေချာသော ကျွန်ုပ်၏အလှည့်ကို အချိန်ကြာမြင့်စွာ စောင့်စားရမည်။ ကျွန်ုပ်တို့ သာကီဝင်များအဖို့ ရဟန်းဘဝသည် အသစ်အဆန်းလိုလိုဖြစ်၍ ရဟန်းဘဝတွင် အထွတ်အထိပ်သို့ ရောက်နိုင်ဖို့ အခွင့်အလမ်းများစွာ ရှိသည်ဟု ကျွန်ုပ်မျှော်လင့်သည်။ လူပျော့ လူအေးတစ်ယောက်သည်ပင် အကြီးအကဲဖြစ်နိုင်သည်ဆိုလျှင် ကျွန်ုပ်ကဲ့သို့ ထက်မြက်သူတစ်ယောက်သည် အခွင့်သာသည့်အချိန်တွင် အဘယ့်ကြောင့် အထွတ်အထိပ်သို့ မရောက်နိုင်ရမည်နည်းဟု ကျွန်ုပ်တွက်ဆသည်။ ထို့ပြင် ကျွန်ုပ်တို့၏ အသိုက်အဝန်းတစ်ခုလုံးသည် ရဟန်းဘဝသို့ အသွင်ကူးပြောင်းကြသည့်အချိန်၌ ကျွန်ုပ်သည် အဖော်မဲ့စွာဖြင့် မနေလိုခဲ့ပေ။

www.burmeseclassic.com



ထို့ကြောင့် ကျွန်ုပ်သည်လည်း အာနန္ဒာအလားတူ စာရင်းသွင်းလိုက်ခြင်း ဖြစ်ပေသည်။

ကျွန်ုပ်တို့ ရဟန်းပြုအဖွဲ့သို့ နောက်ဆုံးမှဝင်ရောက်လာသူကား ကျွန်ုပ်တို့၏ အစေအပါး ဥပါလိပင်ဖြစ်ပေ၏။ ကျွန်ုပ်တို့ မင်းသားခြောက်ဦးအား ရဟန်းပြုရန် စီစဉ်သောအခါ ကျွန်ုပ်တို့၏ လက်ဝတ်တန်ဆာ ရတနာအားလုံးကို အလုပ်အကျွေးပင် ဖြစ်သော်လည်း သစ္စာရှိ၍ လေးစားအပ်သော ဥပါလိသို့ပေး၏။ ဥပါလိအဖို့ ရတနာတို့ဖြင့် တစ်သက်တွင် ဖူလုံနိုင်၏။ သို့ရာတွင် ဥပါလိသည် ထိုရတနာများကို စွန့်ပစ်ကာ ကျွန်ုပ်တို့နှင့်အတူ ရဟန်းဘောင်သို့ဝင်သည်။

ကျွန်ုပ်တို့ ရဟန်းဘောင်ဝင်ပွဲ ကျင်းပရာ၌ ဘဒ္ဒိယ၊ အာနန္ဒာတို့၏ ထူးခြားသော သဘောတရားတစ်ရပ်ကို တွေ့လာရ၏။ ကျွန်ုပ်ပင် ဖြစ်သော်ငြားလည်း ဥပါလိ၏ အရည်အသွေးကို လေးစားလှသော အာနန္ဒာတို့သည် ရဟန်းဘဝတွင်လည်း မိမိတို့ထက် ဂုဏ်ငယ်နေဦးရှော့မည်ကို မလိုလားသောကြောင့် ရဟန်းဖြစ်ချိန်အလိုက် လေးစားရသော ရဟန်းဘဝတွင် ဥပါလိအား မိမိတို့က ရှိသေနိုင်ကြစေရန် ဥပါလိကို ရှေးဦးစွာ ရဟန်းပြုစေခြင်းပင် ဖြစ်ပေသည်။

ကျွန်ုပ်ကလည်း တစ်စုံတစ်ရာ မကန့်ကွက်ပါ။ အာနန္ဒာတို့ သဘောအတိုင်းပင် လိုက်လျောညီထွေ နေလိုက်ပေသည်။ အာနန္ဒာတို့ သဘောထား မှန်ကန်ပါ၏။ အကြောင်းမှာ လူ့ဘဝကပင် စည်းကမ်းသေဝပ်လှသော ဥပါလိသည် နောင်အခါ၌ စည်းကမ်းဝိနည်းအရာတွင် ဧတဒဂ်ရ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ် ဖြစ်လာခဲ့ပေသည်။

[ ၅ ]

ကျွန်ုပ်သည် ရဟန်းဖြစ်လာသောအခါ သိဒ္ဓတ္ထ၊ သို့မဟုတ် ဘုရားရှင်အား အသက်အထိ အတိုက်အခံပြုခဲ့မှုကြောင့် ကျွန်ုပ်၏အမည်သည် ထင်ရှား၏။ မမျှိုသိပ်နိုင်သော လောဘ ဒေါသနှင့် မာနတို့၏ အစွမ်းကြောင့် ဘုရားရှင်အပေါ်၌ ကျွန်ုပ်ပြုမူခဲ့သော အပြုအမူအားလုံးသည် မှားသည်၊ မိုက်သည်ဟု ကျွန်ုပ်ဝန်ခံပါ၏။ သို့ရာတွင် ဤအပြုအမူများ ဖြစ်ပေါ်လာခြင်း၌ ကျွန်ုပ်၏ဘက်မှ ပြောစရာများ ရှိပါသေးသည်။

ရဟန်းပြုသစ်စအချိန်၌ ဘဒ္ဒိယ၊ အာနန္ဒာ၊ အနုရုဒ္ဓါ စသူတို့လောက် အလေးအနက် မဟုတ်သော်လည်း ကျွန်ုပ်သည်လည်း ဘုရားရှင်၏ သာသနာသို့ စိတ်ရှင်း

www.burmeseclassic.com

www.burmeseclassic.com



စေတနာရင်းဖြင့် ဝင်ခဲ့ခြင်းသာဖြစ်၏။ ဖြစ်သောကြောင့်လည်း ရဟန်းတရားကို ကျွန်ုပ်စွမ်းအားရှိသမျှ စိုက်လိုက်မတ်တတ် အားထုတ်ခဲ့သည့်အလျောက် ကျွန်ုပ်သည် လောကီရျာန် အဘိညာဉ်အထိ ရရှိခဲ့ပေသည်။

နောက်ပိုင်းတွင်မူ ဘုရားရှင်နှင့်လည်းကောင်း၊ ဘုရားရှင်၏ အသိုက်အဝန်းများနှင့်လည်းကောင်း တစ်နေ့တခြား သဘောကွဲလွဲလာသည်။ သဘောကွဲရာ၌ အကြောင်းရှိ၏။

ပထမအကြောင်းမှာ ကျွန်ုပ်နှင့် သိဒ္ဓတ္ထသည် လူ့ဘဝကပင် ညီနောင်ဆိုသော်လည်း ခပ်စိမ်းစိမ်းဖြစ်ခဲ့ကြသည်။ ရန်ဘက်မဟုတ်သော်လည်း လက်ပွန်းတတီး ရင်းနှီးသည့်အခြေသို့ မရောက်ခဲ့။ မင်းသားဘဝတွင် သူ၏ပျော့ညံ့သော အသွင်အမူများသည် ကျွန်ုပ်၏အမြင်တွင် အားမလိုအားမရ ဖြစ်သကဲ့သို့ ကျွန်ုပ်၏ ထက်မြက်သော အပြုအမူများသည်လည်း သူ့အဖို့ ဆန့်ကျင်ဘက်ဖြစ်ဟန်တူသည်။

ဒုတိယအကြောင်းမှာ ညီနောင်ချင်း သွေးနီးသည့်အနေဖြင့် သူ၏သာသနာလုပ်ငန်းများတွင် လက်ရင်းဖော်အဖြစ် ရည်မှန်း၍ ရဟန်းဘဝသို့ ဝင်ခဲ့သော်လည်း အတွင်းသို့ ရောက်သောအခါ ကျွန်ုပ်မှာ အချည်းအနှီးသာ ဖြစ်ရ၏။ သွေးသားမတော်စပ်သော သာရိပုတ္တရာ၊ မောဂ္ဂလာန် စသူတို့သာ အဂ္ဂသာဝက၊ မဟာသာဝက စသည်ဖြင့် အရေးပါလာကြ၍ ကျွန်ုပ်မှာမူ မည်သည့်စာရင်းတွင်မှ အသွင်းမခံရပေ။

တတိယအကြောင်းမှာ ယင်းသို့ လူရင်းအဖြစ် အသွင်းမခံရရုံမက အကြောင်းကြုံတိုင်း အနှိမ်ခံရသေးသည်။ သိဒ္ဓတ္ထသည် ကျွန်ုပ်အပေါ်၌ သူ့မကျေနပ်ချက်များကို သူ အခွင့်သာနေသည့်အချိန်တွင် အငြိုးနှင့် ကျွန်ုပ်ကို နှိမ်နေသည်ဟု ကျွန်ုပ် ယူဆခဲ့သည်။ အကြောင်းသော်ကား ဟောလေသမျှ ဇာတ်နိပါတ်များကို အတိတ်ဆောင်ရာ၌ ကျွန်ုပ်သည်သာလျှင် လူဆိုးလူမိုက် ဖြစ်ခဲ့ရသည်။

ဤ၌ မြောက်မြားစွာသော အတိတ်အကြောင်းရပ်များကို အပထား၍ ထင်ရှားသော ပစ္စုပ္ပန်အကြောင်းတစ်ရပ်ကို ဖော်ပြလိုသည်။

တစ်ချိန်၌ ကျွန်ုပ်သည် ထူးခြားသော သင်္ကန်းတစ်ထည်ကို သူ့သာဝကများဖြစ်သော သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့နှင့် ယှဉ်ပြိုင်၍ ကျွန်ုပ်ရရှိ၏။ ထိုသင်္ကန်းသည် အဖိုးတစ်သိန်းတန် နုံ့သာသင်္ကန်းဖြစ်၏။ ဤသည်ကို ကျွန်ုပ်သည် ထိုသင်္ကန်း

www.burmeseclassic.com

www.burmeseclassic.com



နှင့်ထိုက်တန်သူမဟုတ်ဟု သိဒ္ဓတ္ထက တရားတစ်ပုဒ်ပြုလုပ်၍ ဟောသည်။ ကျွန်ုပ် ကျေနပ်နိုင်ပါအံ့လော။

စတုတ္ထအကြောင်းကား ကျွန်ုပ်သည် ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်၏ ထက်မြက်သောအင်အားကို ကျွန်ုပ်နှစ်သက်သလို အသုံးပြုရန် ရရှိလာခြင်းပင် ဖြစ်သည်။

ဤစတုတ္ထအကြောင်းသည် ကျွန်ုပ်အား မီးလောင်ရာ လေပင့်သကဲ့သို့ သိဒ္ဓတ္ထအား လေးသမားလွှတ်၍ သတ်ခြင်း၊ ကျောက်မောင်းဆင်၍ သတ်ခြင်း၊ ဆင်ဆိုးလွှတ်၍ သတ်ခြင်းဟူသော အဆုံးစွန်ကိစ္စများကို ဖြစ်ပွားစေခဲ့သည့် အကြောင်းရပ်ကြီး ဖြစ်ခဲ့ပေသည်။

ကျွန်ုပ်သည် သာသနာရေးကိစ္စ၌ သိဒ္ဓတ္ထအား မည်သည့်နည်းနှင့်မျှ မလွှမ်းနိုင်သည်ကိုကား နားလည်ပါ၏။ သို့ရာတွင် သူ့လက်အောက်၌ သွေးနီးမှု မူလရည်မှန်းချက်အတိုင်း သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့လောက် နေရာမျိုးကို ရလျှင် ကျွန်ုပ် ကျေနပ်နိုင်ပေသေးသည်။ သို့ရာတွင် မည်သည့်နည်းနှင့်မျှ မရနိုင်သည့် အခြေတွင် အဇာတသတ်၏ အင်အားရလာသောအခါ စိတ်ကူးဖြင့် စီစဉ်မနေတော့ဘဲ သိဒ္ဓတ္ထ၏ သဘောထားကို နဖူးတွေ့ ဒူးတွေ့ ပြတ်ပြတ်သားသား သိရှိနိုင်ရန်အတွက် တစ်နေ့သော သံဃာ့အစည်းအဝေးကြီးတွင် သူ့ကို တရားသဖြင့်ပင် အေးအေးချမ်းချမ်း နေထိုင်စေ၍ သူ့တပည့်သံဃာတို့ကို ကျွန်ုပ်အား လွှဲအပ်ရန် ဖွင့်ထုတ်၍ တောင်းဆိုလိုက်သည်။

ထိုအခါ သိဒ္ဓတ္ထ၏ ငြင်းပယ်လိုက်မှုမှာ သာမန်ငြင်းပယ်မှုမဟုတ်၊ ပရိသတ်အလယ်တွင် ကျွန်ုပ်အား "တံတွေးကိုမျိုသူ"ဟူသော အပြင်းထန်ဆုံးသော စကားဖြင့် ရှုတ်ချခေါ်ငင်၍ ငြင်းပယ်လိုက်သည်။ "တံတွေးကိုမျိုသူ"ဟူသည်မှာ မတန်သည်ကိုစား၊ မတန်သည်ကိုဝတ်၍နေသော ရဟန်းမဟုတ်သူ၊ သူယုတ်မာဟု ဆိုလိုခြင်းဖြစ်၏။ ထိုစကားကြောင့် သိဒ္ဓတ္ထအား ကျွန်ုပ်ပြုလုပ်အပ်သည်ကို ပြုလုပ်ရန် ခိုင်လုံသွားသည်။ ထို့ကြောင့် ကျွန်ုပ်သည် သံဃာပရိသတ်မှ ကိုယ်ရောင်ဖျောက်၍ ဖဲထွက်ခဲ့သည်။

သို့ရာတွင် သိဒ္ဓတ္ထအပေါ်တွင် ကျွန်ုပ်၏ ကြီးမားသော ကြုံးပမ်းတိုက်ခိုက်မှုများသည် သူ့ခြေမတွင် သွေးခြေကလေးဥစေသည်မှအပ မည်သို့မျှ အရာမထင်ခဲ့ပေ။ အံ့ဖွယ်ကောင်းသည်မှာ သိဒ္ဓတ္ထသည် ကျွန်ုပ်၏ ယင်းအပြုအမူများအပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာ မတုံ့ပြန်ဘဲ အစွမ်းကုန်သည်းခံခြင်းပင် ဖြစ်ပေ၏။ ပထမသော် ကျွန်ုပ်၏ အပြုအမူများကို သိဒ္ဓတ္ထသည် မသိကျိုးကျွန်အနေဖြင့် လျစ်လျူရှုနေခဲ့ပေသေးသည်။ ကျွန်ုပ်၏အပြုအမူများသည် ပြင်းထန်သည်ထက် ပြင်းထန်လာသောအခါ ကျွန်ုပ်အား သံဃာ့အသိုင်းအဝိုင်းမှ ကြဉ်၍ ဆေးဖော် ကြောဖက်မလုပ်ကြရန် အမိန့်ပေးသည်။ ထိုအခါတွင်ကား ကျွန်ုပ်အဖို့ မျောက်သစ်ကိုင်းလွတ်ပြီတည်း။

သို့ရာတွင် ကျွန်ုပ်သည် ထိုအချိန်ထိ မာန်မလျှော့၊ သံဝေဂမရနိုင်သေးပေ။ သံဃာ့အသိုင်းအဝိုင်းမှ ကြဉ်အပ်သော ကျွန်ုပ်အဖို့ ပြုလုပ်ရန် နည်းတစ်နည်းသာ ရှိတော့၏။ ထိုနည်းသည်ကား ကျွန်ုပ်အဖို့ ရနိုင်သမျှသော သံဃာဖြင့် တစ်ဂိုဏ်းတစ်ဖွဲ့ တည်ထောင်ရန်ပင် ဖြစ်ပေသည်။

ထိုအချိန်ကား ကျွန်ုပ်တို့သည် သိဒ္ဓတ္ထ၏ သာသနာ့အဖွဲ့သို့ ဝင်ရောက်ခဲ့သည်မှာ အချိန်ကြာမြင့်ခဲ့ပြီဖြစ်၍ အသက်အရွယ်အားဖြင့် ဇရာပိုင်းသို့ ရောက်လာကြပေပြီ။ ကပ္ပိလဝတ်ရှိ သာကီဝင်အသိုင်းအဝိုင်းမှ အရေးပါသော ပုဂ္ဂိုလ်များနှင့် ဂေါတမီ၊ ယသော်၊ ခေမာ စသော အမျိုးသမီးများပါမကျန် သာသနာ့ဘောင်သို့ ရောက်လာကြ၍ ကြွင်းကျန်သော သာကီဝင်တို့မှာလည်း ဝိဋ္ဋူဘ၏ ဘေးရန်ကြောင့် ပျက်စီးကုန်ကြပြီဖြစ်သဖြင့် ကျွန်ုပ်အဖို့ နောက်ကြောင်းပြန်၍ ကြည့်ရန်မလိုတော့ဘဲ သာသနာ့ဘောင်တွင်ပင် ဖြစ်သည့်နည်းဖြင့် တစ်ဂိုဏ်းတစ်ဖွဲ့ တည်ထောင်နေထိုင်ရန် ရှိပေတော့သည်။

ကျွန်ုပ်အဖို့ ရနိုင်သမျှ သံဃာ့အသိုင်းအဝိုင်းဟူသည်မှာလည်း သိဒ္ဓတ္ထထံတွင်သာ ရှိပေ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် နောက်ဆုံးအနေဖြင့် သံဃာ့အစည်းအဝေးတစ်ခုတွင် သိဒ္ဓတ္ထထံသို့ မျက်နှာပြောင်ပြောင်နှင့်ပင် ဝင်ရောက်ကာ ရဟန်းများအတွက် အကောင်းဆုံးသော စည်းကမ်းငါးချက်ကို ချမှတ်ပေးရန် တောင်းဆိုလိုက်သည်။

ထိုငါးချက်မှာ (၁) ရဟန်းများသည် အသက်ထက်ဆုံး တောဌ်သာ နေထိုင်ကြရမည်။ (၂) ဆွမ်းခံ၍သာ စားရမည်။ (၃) ပံ့သကူသင်္ကန်းကိုသာ ဝတ်ဆင်ရမည်။ (၄) တောတွင်လည်း ကျောင်းဆောက်မနေရ၊ သစ်ပင်ရင်း၌သာ နေရမည်။ (၅) သက်သတ်လွတ်စားရမည်ဟူ၍ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ စေတနာသည် မမှန်ပေ။ သိဒ္ဓတ္ထသည် ဤအချက်ကို ခွင့်ပြုမည် မဟုတ်သည်ကိုလည်း ကျွန်ုပ်သိ၏။ သို့ရာတွင် ပညာနည်းသော လူပြိန်းများကို ဆွဲဆောင်ဖို့ရာ၌ ကျွန်ုပ်၏ တင်ပြချက်များသည် ထိရောက်လိမ့်မည်ဟု ကျွန်ုပ် ယုံကြည်သည်။

ကျွန်ုပ်၏ ထင်မြင်ချက် မှန်၏။ သိဒ္ဓတ္ထသည် ခွင့်မပြု။ သို့ရာတွင် ရဟန်းငယ် အတန်များများနှင့် အပြောကောင်းလျှင် ဘဝင်ခိုက်လွယ်တတ်သော ရဟန်းအချို့ တို့သည် ကျွန်ုပ်ဘက်သို့ ပါလာကြသည်။ ထိုရဟန်းများဖြင့် ကျွန်ုပ်သည် တောရ ဂိုဏ်း တစ်ဂိုဏ်းအဖြစ် သိဒ္ဓတ္ထ အသိုင်းအဝိုင်းမှ သီးခြားတည်ထောင်လိုက်လေသည်။

## [ ၅ ]

ဤမျှ ဖော်ပြနေခြင်းမှာ ငယ်ရွယ်စဉ်အချိန်မှစ၍ နောင်တော်သိဒ္ဓတ္ထ၊ သို့မဟုတ် ဘုရားရှင်အပေါ်တွင် ကျွန်ုပ်၏ မောက်မာပြစ်မှား စော်ကားရိုင်းပျမှုများအတွက် ဆင်ခြေပေးနေခြင်း မဟုတ်ပါ။

လူဟူသည် လုပ်တိုင်းလုပ်တိုင်းသော မိမိအပြစ်ကိုသိသည်သာဖြစ်၏။ ကျွန်ုပ် အဘယ်မှာ မသိဘဲရှိအံ့နည်း။ နေရာလိုချင်သော လောဘ၊ သူတကာထက် သာလို သော မာန၊ မခံချင်သော ဒေါသတို့ကြောင့်သာ မိမိအပြစ်ကို လျစ်လျူရှုမိခဲ့ခြင်း ဖြစ်ပေသည်။

ယခုသော် ကျွန်ုပ်သည် ကောင်းကောင်းကြီး သံဝေဂရနေပြီဖြစ်၏။ သို့ရာတွင် သံဝေဂရသော အချိန်သည် နောက်ကျခဲ့လေပြီ။ အကြောင်းကား ကျွန်ုပ်သည် အသက်အရွယ်ကြီးရင့်ပေပြီ။ အသက်ကြီးရင့်ခြင်းနှင့်အတူ ရောဂါဝေဒနာ၏ ဖိစီး နှိပ်စက်ခြင်းကိုလည်း အပြင်းအထန် ခံနေရပေပြီ။ သေမင်းသည် ကျွန်ုပ်၏ နှလုံးအိမ်တံခါးကို တီးခေါက်လျက်ရှိပေပြီ။

တစ်သက်တာအတွင်း ကျွန်ုပ် မိုက်မှားခဲ့သော အပြုအမူများသည် အကွင်းသား အထင်းသား ပေါ်လျက်ရှိ၏။ အထူးသဖြင့် သူတော်ကောင်းကြီး သိဒ္ဓတ္ထအပေါ် ကျွန်ုပ်ပြစ်မှားခဲ့မှုများမှာ မတွေးဘဲလည်း မနေနိုင်၊ တွေးလျှင်လည်း နှလုံးသားကို သံချွန်ဖြင့်ထိုးသကဲ့သို့ တစစ်စစ် နာကျင်လှသည်။ အကယ်ဆိုလျှင် ကျွန်ုပ်၏ မိတ်ဆွေ အာနန္ဒာ၊ အနုရုဒ္ဓါ၊ ဥပါလိ စသူတို့ကဲ့သို့ သူတော်ကောင်းကြီး၏

www.burmeseclassic.com

www.burmeseclassic.com



တရားကို ပိုက်ထွေး၍ အေးအေးငြိမ်းငြိမ်းဖြစ်ဖို့ကောင်းသည်။ ယခုသော် နောက်ကျပါလေပြီ။

သူတော်ကောင်းကြီးအပေါ်တွင် ပြစ်မှားမိခဲ့သော အပြစ်အားလုံးအတွက် ကျွန်ုပ်ပြုလုပ်နိုင်သော နည်းလမ်းမှာ တစ်ခုတည်းသာရှိတော့၏။ ထိုနည်းလမ်းမှာ သူတော်ကောင်းကြီးထံ သွားရောက်၍ သူတော်ကောင်းကြီး၏ ခြေအစုံတို့ကို ကျွန်ုပ်၏ဦးခေါင်းဖြင့် ပွတ်တိုက်၍ သူတော်ကောင်းကြီး၏ ခြေအစုံတို့ကို ကျွန်ုပ်၏ မျက်ရည်တို့ဖြင့် အထပ်ထပ် လိမ်းကျံစေ၍ တောင်းပန်သောနည်းလမ်းဖြစ်ပေသည်။ သို့ရာတွင် သွေးအန်ဝေဒနာ၏ ဖိစီးနှိပ်စက်မှုကြောင့် အရိုးပေါ် အရေမျှသာ ကျန်၍ မလှုပ်နိုင် မယှက်နိုင် အခြေသို့ပင် ရောက်ရှိနေပြီဖြစ်ရာ သူတော်ကောင်းကြီးထံသို့ ရောက်မှ ရောက်နိုင်ပါမည်လားမသိ။

မည်သို့ပင်ဖြစ်စေ သူတော်ကောင်းကြီးအား တောင်းပန်လိုသော ဆန္ဒပြင်းပြလှသဖြင့် ထမ်းစင်ဖြင့်ပို့ပေးရန် တပည့်များ‌အား တောင်းပန်ရသည်။ တပည့်များလည်း ကျွန်ုပ်၏စိတ် ပြောင်းလဲလာသည်ကို မသိ၊ သူတို့အနေနှင့် ရန်သူဟုထင်နေသူထံသို့ အပို့ခိုင်းသောအခါ အံ့အားသင့်စွာဖြင့် ငြင်းဆိုကြသည်။ သို့ရာတွင် ကျွန်ုပ်၏ အနူးအညွတ်တောင်းပန်မှုကြောင့် ထမ်းစင်တစ်ခုပြုလုပ်ပြီး တပည့်လေးယောက်က ထမ်း၍ ဇေတဝန်ကျောင်းတော်ဆီသို့ ဦးတည်ထွက်ခဲ့ကြသည်။

တပည့်တို့၏ ထမ်းစင်သည် ညင်ညင်သာသာမရှိ။ မလိုဘဲပြုလုပ်ကြရသည့်အတွက် လှုပ်လှုပ်ရှားရှား ကသိကအောက်နိုင်လှသည်။ သို့ဖြစ်၍ အိပ်ရာပေါ်တွင် ယှဲ့ယှဲ့မျှရှိနေခဲ့သော ကျွန်ုပ်၏ဝေဒနာကို ပို၍ဆိုးရွားစေသည်။ ထမ်းစင်ပေါ်က လိုက်ရသော်လည်း မသက်သာလွန်းသဖြင့် ဇေတဝန်ကျောင်း မရောက်မီ တစ်ထောက် တစ်နားမျှ နားနေလိုသေးသည်။ ဤအတိုင်းသာဆိုလျှင် သူတော်ကောင်းကြီးထံ အသက်ပါဖို့ပင် မရှိတော့။

သို့ဖြစ်၍ တစ်နေရာတွင် ခေတ္တနားကြပါဦးဟု တပည့်များကို တောင်းပန်ရသည်။ တပည့်များသည် ကျွန်ုပ်၏စကားကို တစ်ကြိမ်ပြောရုံမျှဖြင့် နားမထောင်ဘဲ ဇေတဝန်အနီးရှိ ရေကန်သို့ ရောက်သည့်အခါတွင်မှ သူတို့လည်း အမောပြေရေသောက်ရန် ကန်နံဘေးတွင် ကျွန်ုပ်ကို ချထားကြသည်။

ရေကန်သည် သာယာလှ၏။ ကြည်လင်လှ၏။ တပည့်များသည် ကျွန်ုပ်ကို ချထားပြီး ရေချိုးကြသည်။ ရေတွင်မြူးထူးကြသည်။ ကျွန်ုပ်သည် ခေတ္တအပန်းဖြေ

www.burmeseclassic.com

www.burmeseclassic.com



နားနေရုံမျှ ရည်ရွယ်သော်လည်း သာယာကြည်လင်သော ရေကန်ကို မြင်ရသော အခါ ကျွန်ုပ်ကိုယ်တိုင်ကလည်း ရေချိုးလိုစိတ် ပေါ်ပေါက်လာသည်။ သို့ဖြစ်၍ ရေသို့ဆင်းရန် ကျွန်ုပ်၏ကိုယ်ကို ရှိသမျှအင်အားကလေးဖြင့် လှုပ်ရှား၍ ခြေနှစ်ချောင်းကို ထမ်းစင်မှ မြေပြင်သို့ချကြည့်လိုက်သောအခါ ကျွန်ုပ်၏အခြေကို ကျွန်ုပ် သိလိုက်ရပေပြီ။

ကျွန်ုပ်အဖို့ ဤဘဝ၌ ကျွန်ုပ်တွင်ရှိသမျှအင်အား ကုန်ခန်းပါလေပြီ။ ဤနေရာသည် ကျွန်ုပ်၏ မထသောလျောင်းစက်ရာနေရာ ဖြစ်ပေတော့မည်။ ကျွန်ုပ်သည် သူတော်ကောင်းကြီးထံသို့ အသက်နှင့်ကိုယ်နှင့် မရောက်နိုင်တော့ပြီကို စိတ်နှလုံး ဒုံးဒုံးချလိုက်ပါတော့သည်။

သို့ဖြစ်၍ ကျွန်ုပ်အဖို့ သူတော်ကောင်းကြီးဆီသို့ ရည်မှန်း၍ ကန်တော့ဖို့ရန်သာ တတ်နိုင်တော့မည်။ ထို့ကြောင့် ကျွန်ုပ်သည် မလှုပ်နိုင်တော့သော လက်နှစ်ဖက်ကို ရှိသေးသမျှ အင်အားကလေးဖြင့် နဖူးဆီသို့ဆွဲယူ၍ သူတော်ကောင်းကြီးအား ကန်တော့လိုက်ပါ၏။

အို…ဘုရားရှင်…

အရှင်သည် ကိစ္စအားလုံးတွင် လေးနက်မှန်ကန်သူ ဖြစ်ပါ၏။ ကိစ္စအားလုံးတွင် အခြားသူများ မယှဉ်နိုင်အောင် သာလွန်သူဖြစ်ပါ၏။ သို့ပါလျက် တပည့်တော်သည် လောဘ၊ ဒေါသ၊ မာနတည်းဟူသော အယုတ်တရားတို့ ဖုံးလွှမ်းခဲ့မိသည့်အလျောက် အရှင့်အား အန်တုခဲ့မိပါသည်။ အရှင့်ပေါ် စော်ကားမောက်မာခဲ့မိပါသည်။

ယခုအခါ တပည့်တော်သည် နောင်တကြီး ရလျက်ရှိပါပြီ။ သို့ပါ၍ အရှင်ရှေ့တော်သို့ ဝပ်စင်းတောင်းပန်လိုလှပါသည်။ သို့သော်လည်း မရောက်နိုင်တော့ပါ။ သို့ဖြစ်၍ တပည့်တော်တွင် ကျန်ရှိနေသေးသမျှ အရိုးတို့ဖြင့်လည်းကောင်း၊ အသက်မျှင်မျှင်ကလေးမျှဖြင့် လည်းကောင်း အရှင်မြတ်အား ရည်မှန်း၍ ရှိခိုးတောင်းပန်ကန်တော့လိုက်ပါ၏ဘုရား…။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# နေညိုညို

[ ၁ ]

နှောင်တော်သည် ကျောင်းအမကြီး၏ ပုဗ္ဗာရုံသို့ ယနေ့ အလှည့်ကျ၏။ ယနေ့သာမဟုတ်၊ ပြီးခဲ့သော ဝါတော်တွင် နှောင်တော်သည် ပုဗ္ဗာရုံ၌ ဝါဆိုတော်မူ၍ ဝါဆိုရာသီလွန်သော ရက်များတွင်လည်း ဇေတဝန်နှင့် မင်းကျောင်း စသည်တို့ကို ရံဖန်ရက်များတွင်သာ အလှည့်ပေးတော်မူကာ ပုဗ္ဗာရုံတွင်ပင် သီတင်းအသုံးများသည်။

နှောင်တော်ဘုရားသည် ယခုနှစ် ဆောင်းဥတုတစ်ခုလုံးကိုပင် ကျောင်းအမကြီး ဝိသာခါ၏ ပုဗ္ဗာရုံကျောင်းတော်အား အလှည့်ပေးတော်မူလိုဟန်ရှိသည်။

သာဝတ္ထိတစ်မြို့တည်း၌ ကျောင်းဒကာကြီး အနာထပိဏ်၏ ကျော်ကြားသော ဇေတဝန်ကျောင်းတော်နောက်တွင် ကျောင်းအမကြီး ဝိသာခါ၏ ပုဗ္ဗာရုံကျောင်းတော်ကြီး ပေါ်ပေါက်လာသောအခါ နှစ်ကျောင်းလုံးတွင် နှောင်တော်ဘုရား သီတင်းသုံးတော်မူရေးကိစ္စ၌ ကျောင်းဒကာနှစ်ဦးအတွက် ပြဿနာပေါ်လာလေမည်လောဟု ကျွန်ုပ်တို့ စိုးရိမ်ခဲ့မိ၏။ သို့ရာတွင် နှောင်တော်၏ ကြီးမားသော သမာဓိကြောင့်လည်းကောင်း၊ နှောင်တော်သည် တောင်ကျောင်း၌ သီတင်းသုံးတော်မူလျှင် ညဦးအချိန်၌ အရှေ့ကျောင်းတွင် သီတင်းသုံးခြင်း၊ သို့မဟုတ် တောင်တိုက်နှင့် အရှေ့တိုက်တို့ကို တစ်ရက်စီ၊ တစ်လစီ၊ တစ်ဝါစီဖြစ်စေ သီတင်းသုံးတော်မူခြင်း၊ ယင်းသို့ မျှတစွာအလှည့်ပေး သီတင်းသုံးတော်မူခြင်းကြောင့်လည်းကောင်း ကျောင်းဒကာ နှစ်ဦးလုံးပင် ကျေနပ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အများအသိအားဖြင့် သာဝတ္ထိ၏ တောင်ဘက်၌ရှိသော ကျောင်းဒကာကြီး အနာထပိဏ်၏ ကျောင်းတော်ကို ဇေတဝန်ကျောင်းတော်ဟူ၍ လည်းကောင်း၊ သာဝတ္ထိ၏ အရှေ့ဘက်၌ရှိသော ကျောင်းအမကြီး ဝိသာခါ၏ကျောင်းတော်ကို ပုဗ္ဗာရုံ၊ သို့မဟုတ် ပုပ္ဗာရုံကျောင်းတော်ဟူ၍လည်းကောင်း ခေါ်ကြသော်လည်း ကျွန်ုပ်တို့ရဟန်းများကမူ အလွယ်နည်းအားဖြင့် တောင်တိုက်၊ အရှေ့တိုက်၊ သို့မဟုတ် တောင်ကျောင်း၊ အရှေ့ကျောင်းဟု အခေါ်များသည်။

သာဝတ္ထိတွင် ဇေတဝန်သည် အနာထပိဏ်သူဌေးက ရက်ရက်ရောရော စွန့်လှူဒါန်းခဲ့သော ပထမကျောင်းတော်ဖြစ်၏။

နောင်တော်ဗုဒ္ဓသည် ပထမ ဗောဓိဆိုအပ်သော ဝါတော် ၂၀ အတွင်း၌ မိမိ၏ နိဗ္ဗူတဓမ္မအဝဝကို ပျံ့နှံ့စေခြင်းငှာလည်းကောင်း၊ အနည်မထိုင်သေးသော မိမိ၏ တပည့်သားမြေး၊ သာသနာရေးကိစ္စ အဝဝကို အနည်ထိုင်စေရန် လည်းကောင်း ရာဇဂြိုဟ်၊ ဗာရာဏသီ၊ ဝေသာလီ စသော ထိုထိုအရပ်တို့၌ အကြောင်းအားလျော်စွာ အခါအားအလိုက် ထိုက်သင့်သလို လှည့်လည်သီတင်းသုံးတော်မူခဲ့သော်လည်း သက်တော် ၅၀ ကျော် ၆၀ အတွင်းရောက်၍ ဇရာရိပ်ခိုလာသော အခါ၌မူ သာသနာရေးကိစ္စ အဝဝတို့ကလည်း နေသားတကျရှိလာသည့်အလျောက် ဒုတိယဗောဓိဟု ဆိုအပ်သော မိမိ၏ ဘဝနောက်ပိုင်းအတွက်ကိုမူ အဘက်ဘက်တွင် အဆင်ပြေလှစွာသော ယခုသာဝတ္ထိ၏ ဇေတဝန်၊ ပုဗ္ဗာရုံတို့ဖြင့်ပင် မိမိ၏ ဘဝနိဂုံးကို အဆုံးသတ်ဖို့ ရည်ရွယ်တော်မူဟန်ရှိသည်။

သာဝတ္ထိတွင် သီတင်းသုံးတော်မူခဲ့သည်မှာ ယခုပင်လျှင် ဝါတော် ၂၀ ကျော်ခဲ့ပေပြီ။ လောကီသားဖြစ်စေ၊ လောကုတ္တရာသားဖြစ်စေ လူသတ္တဝါဟူသည် ဘဝရှေ့ပိုင်း၌ မိမိတို့ရည်မှန်းချက်ရှိသည့်အတိုင်း နည်းမျိုးစုံဖြင့် ကြိုးပမ်းလှုပ်ရှားခဲ့ပြီးသည့်နောက် ဘဝ၏နောက်ပိုင်းတွင်မူ မိမိ၏ ဇရာဒုဗ္ဗလကို ငဲ့ညှာယင်း အေးအေးချမ်းချမ်းနေလိုကြသည်မှာ ဓမ္မတာသဘာဝပင်ဖြစ်၏။

နောင်တော်ဘုရားရှင် ဖွားမြင်တော်မူရာ ဇာတိနက်သန်မှန်လှသည့် ကပိလ၏ ခရိုင်မြို့တော်ဖြစ်သော သာဝတ္ထိသည် နောင်တော်၏ ဘဝနောက်ပိုင်းအတွက် အဘက်ဘက်တွင် ပြည့်စုံလှသော ဒေသဖြစ်ကြောင်းကို အထက်တွင်ပြဆိုခဲ့ပြီ။ သာဝတ္ထိသည် တောင်ငါးလုံး ကာခိုသည့် ရာဇဂြိုဟ်တို့လို အအေးဓာတ်လွန်ကဲသည့် ဒေသမျိုးမဟုတ်။ ရာသီဥတုမျှတ၍ အနာထပိဏ်၊ ဝိသာခါ စသော သာဝတ္ထိ၏

www.burmeseclassic.com

www.burmeseclassic.com



ဒါယကာ, ဒါယိကာမများသည် ဘုန်းတန်ခိုးကြီးမားလှသော နောင်တော်အပေါ်၌သာမဟုတ် နောင်ကြီး ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန် စသော ကျွန်ုပ်တို့ တပည့်သား သံဃာအားလုံးအပေါ်၌လည်း နောင်တော်အလား တစ်သားတည်း ကြည်ညိုလေးစားသူများ ဖြစ်ကြ၏။ သာဝတ္ထိတွင် နောင်တော်အတွက် အထူးခြားဆုံး ပုဂ္ဂိုလ်ကား သာဝတ္ထိ၏အရှင် ကောသလဘုရင်တည်း။

ဘုရင်ဖြစ်၍ ထူးခြားသည်လည်းဟုတ်၏။ နောင်တော့်အတွက် အခြားနည်းအားဖြင့် ထူးခြားသူလည်းဟုတ်၏။

ရဟန်းဖြစ်စေ၊ လူဖြစ်စေ လောကဟူသည် အဖွဲ့အစည်းဖြင့် နေကြသူများဖြစ်သောကြောင့် အကယ်ဆိုသော် ဘုရင်ဟူသည် လူတို့၏အရှင်သခင်သာမဟုတ်၊ ရဟန်းတို့၏ ကံကြမ္မာကိုလည်း ဖန်တီးနိုင်သော စိုးမိုးပိုင်ဆိုင်သူဖြစ်သည်။ သို့ဖြစ်၍ အကြင်အရပ်၌ ဘုရင်နှင့် သာသနာတော်တို့ လိုက်လျောညီစွာရှိသောအခါ ချမ်းသာရ၏။ ဤသည်ကိုပင် ထူးခြားသည်ဟုဆိုရ၏။

နောင်တော်နှင့် ကောသလဘုရင်တို့၏ အခြားနည်းဖြင့် ထူးခြားပုံကို နောက်ပိုင်းတွင် ပြောပြမည်။ ယခုသော် နောင်ကြီး ရှင်သာရိပုတ္တရာဆို၍ ရှင်သာရိပုတ္တရာနှင့် သာဝတ္ထိတို့ ထူးခြားပုံကို ပထမ ပြောပြလိုသည်။

ရှင်သာရိပုတ္တရာနှင့် သာဝတ္ထိဆိုသည်ထက် ရှင်သာရိပုတ္တရာနှင့် အနာထပိဏ်ဆိုလျှင် ပို၍တိကျမည်။

အကြောင်းသော်ကား ကျောင်းဒကာကြီးသည် နောင်တော်ဘုရားရှင်အား ကျောက်ထီးတန္တု အလေးပြုသည်မှန်၏။ ရက်ရက်ရဲရဲ စွဲမြဲကြည်ညိုသည်လည်းမှန်၏။ လေးစားကြည်ညိုလွန်းသောကြောင့် သူသူငါငါတို့ထားနိုင်ခဲသည့် စွဲမြဲလှသော သဒ္ဓါတရားဖြင့် နောင်တော့်အပေါ်တွင် သွန်၍ စွန့်လွှတ်သူဖြစ်သည်လည်းမှန်၏။ သို့သော်လည်း ကျောင်းဒကာကြီးက ရှင်သာရိပုတ္တရာအပေါ် ကြည်ညိုသည်ကား တစ်မျိုးဖြစ်ပေသည်။ ဒကာတစ်ဦးက ရဟန်းတစ်ပါးအပေါ် ကြည်ညိုပုံ ကြည်ညိုနည်းမျှမဟုတ်၊ ထို့ထက်လွန်ကဲသည်။ အနီးကပ်ဆုံး ဥပမာထုတ်ရသော် ဖခင်၊ သို့မဟုတ် မိခင်တစ်ဦးက မိမိသားရဟန်းအပေါ်တွင် ကြည်ညို ခင်တွယ်ပုံမျိုးဖြစ်သည်။ ကျောင်းဒကာကြီးသည် နောင်ကြီး ရှင်သာရိပုတ္တရာအပေါ်တွင် ကြည်ညိုလေးစားရုံမျှမဟုတ်၊ ခင်တွယ်သည်။ အမြဲဂရုပြု စောင့်ရှောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အတိအကျဆိုရသော် ရှင်သာရိပုတ္တရာသည် ကျောင်းဒကာကြီး၏ မိတ်ရင်းဆွေရင်း **"အဖော်"**ဖြစ်သည်။

ဘုရားရှင်ခေတ် မတိုင်မီက နီတိကျမ်းများစွာတွင်လည်းကောင်း၊ ဘုရားရှင်ကိုယ်တော်တိုင်လည်းကောင်း **"မိတ်ရင်းဆွေရင်း"**ဆိုသည်၏ အဓိပ္ပာယ်အကြောင်းအချက်များကို ဖွင့်ဆို ဟောကြားကြသော်လည်း သူသူငါငါ လူများစွာတို့သည် မိတ်ရင်းဆွေရင်းဆိုသည်၏ အပေါ်တွင် ပေါ့ပေါ့တန်တန် ခံယူနားလည်ထားတတ်ကြ၏။

အကြင်ယောကျ်ားနှင့် မိန်းမတို့သည် ချစ်ကြင်ခင်တွယ်ကြ၏။ သို့ရာတွင် ထိုယောကျ်ားနှင့် မိန်းမတို့သည် မိတ်ရင်းဆွေဖော် ဟုတ်သော်မှ ဟုတ်မည်။ အကြင်သားအမိသည် ချစ်ကြင်ခင်တွယ်သည်မှန်၏။ သို့ရာတွင် ထိုသားအမိသည် မိတ်ရင်းဆွေဖော် ဟုတ်သော်မှဟုတ်မည်။ အကြင်ညီနှင့် အစ်ကိုတို့သည် ချစ်ကြင်ခင်တွယ်ကြသည်မှန်၏။ သို့သော် ထိုညီနှင့် အစ်ကိုတို့သည် မိတ်ရင်းဆွေဖော် ဟုတ်သော်မှ ဟုတ်မည်။ အကြင်သူနှစ်ယောက်တို့သည် မိတ်ဆွေဖြစ်၏။ သို့ရာတွင် မိတ်ရင်းဆွေဖော် ဟုတ်သော်မှဟုတ်မည်။

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးသည်ဖြစ်စေ၊ မသုံးသည်ဖြစ်စေ ကျောင်းဒကာကြီး၏ သဘောထားမှာ ထူးခြားလှဟန်မတူ။ ဘုရားရှင်အလားအားထားလောက်သော သူ့မိတ်ရင်းဆွေဖော် နောင်ကြီး ရှင်သာရိပုတ္တရာ ရှိနေလျှင် နှစ်သိမ့်မည်၊ လုံလောက်သည်။ ထို့ကြောင့်လည်း သာဝတ္ထိ၏ ဤကျောင်း၊ ထိုကျောင်း၊ ထိုထိုကျောင်းတို့၌ အကြောင်းအားလျော်စွာ အလှည့်ပေး၍ ဘုရားရှင်သီတင်းသုံးတော်မူရာတွင် ပြဿနာမပေါ်ခြင်းဖြစ်ပေသည်။

[ ၂ ]

ပြဿနာရှင်ကား ကောသလဘုရင်ဖြစ်ပေ၏။

ဘုရင်ကြီးသည် ဘုရားရှင်အပေါ်၌ ဆရာဒကာ အနေမျှသာမဟုတ်၊ ဖော်ပြပါအတိုင်း မိတ်ရင်းဆွေဖော်လို သဘောထားသည်ဟု ကျွန်ုပ်တို့ ယူဆသည်။ အကြောင်းသော်ကား ကောသလဘုရင်သည် အကြောင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဘုရားရှင်ထံတော်ပါးသို့ ချဉ်းကပ်ဖန်များ၏။ ချဉ်းကပ်ဖန် တွေ့ဆုံဖန်

www.burmeseclassic.com

www.burmeseclassic.com



များသူတို့အဖို့ စကားအကြောင်းရပ်သည် ထပ်၍နေတတ်သည်။ စကားမရှိ စကား ရှာ၍လည်း ပြောတတ်လေ့ရှိသည်။

တစ်ခါတစ်ရံ နန်းတော်မှ တိုင်းရေးပြည်မှုကိစ္စများသာမက မိဖုရားကိစ္စ စသော ကိုယ်ရေးကိုယ်တာ ကိစ္စများပင် ဘုရားရှင်ထံတော်သို့ ရောက်လာတတ် သည်။ တစ်ခါတစ်ရံတွင်လည်း လျှောက်ထားစရာ၊ ပြောစရာ အကြောင်းခြင်းရပ် မရှိတော့သဖြင့် ဘုရားရှင်ထံတော်သို့ ရောက်စေကာမူ ထံတော်ပါးတွင် ငုတ်တုတ် ထိုင်နေသည့်အခါများလည်းရှိ၏။ ဘုရားရှင်၏အဆင်း၊ သို့မဟုတ် ဘုရားရှင်က အကြောင်းအားလျော်စွာ အခြားသူတစ်ဦးဦးအား ဟောကြားတော်မူနေသည့်အသံ ကို ကြားနေရလျှင်ပင် နှစ်သိမ့်မှုရှိနေသည်ဟု ယူဆရသည်။

ကောသလဘုရင်က ဘုရားရှင်အပေါ်တွင် စေတနာ မေတ္တာ ကိုင်းညွတ်ပုံမှာ တစ်ဆိတ် လွန်လွန်းသည်ဟုပင် ပြောစလောက်၏။ အကြောင်းမူကား ဘုရားရှင်နှင့် ဉာဏ်မျှနီးစပ်နေသော်လည်း အကြောင်းစပ်သဖြင့်သာ ဘုရားရှင်၏ တရားတော်ကို နာယူရမည်။ သူ့အလိုအလျောက်အားဖြင့်မူ ဘုရားရှင်အား တရားဟောတော်မူ ပါဟု မည်သည့်အခါမျှ လျှောက်ထားတောင်းဆိုမှုမရှိ။ အဘယ့်ကြောင့်ဆိုသော် သူတောင်းပန်၍ တရားဟောရသော် ဘုရားရှင်အဖို့ ပင်ပန်းတော်မူမည်ကို စိုးရိမ် သောကြောင့်ဟူ၏။

ထို့ကြောင့် ဘုရားရှင်သည် ကောသလဘုရင်၏ **"အဖော်"**၊ သို့မဟုတ် စေတနာမေတ္တာလွန်ကဲသော **"မိတ်ရင်း ဆွေဖော်"**အဖြစ် သဘောထားသည်ဟု အထက်တွင် ဖော်ပြခဲ့ရခြင်းဖြစ်၏။

ဘုရားရှင်နှင့် တွေ့ဖန်များသော ဘုရင်ကြီးသည် နန်းတွင်းကိစ္စ၊ ကိုယ်ရေး ကိုယ်တာ ကိစ္စများကိုသာမက တစ်ချိန်တွင်မူ စကားမရှိ စကားရှာ၍ သူ့အလိုအား ဖြင့် ဘုရားရှင်အား အပျင်းဖြေသည့်အနေဖြင့် ထူးဆန်းသောအကြောင်းရပ်တစ်ခု လျှောက်ထားသည်ကိုပင် ကြုံခဲ့ရဖူး၏။ ထိုအကြောင်းရပ်သည် ရှင်ပြုံးဖွယ်မျှ ဖြစ်သော်လည်း မည်သည့်အကြောင်းရပ်ပင်ဖြစ်စေ၊ တရားသဘောဖြင့်သာ သုံးသပ် တော်မူလေ့ရှိသော ဘုရားရှင်က တရားသဘောဖြင့်သာ ပြန်ကြား မိန့်ဆိုတော်မူ သဖြင့် နောင်ခါတွင် ဘုရားရှင်၏ နှုတ်ခပတ်တော် "သတ္တဇဋိလ"သုတ္တန်တစ်ရပ် အနေဖြင့် သံဂါယနာတင်ခဲ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ဘုရားရှင်သည် သိသာခါ ဒါယိကာမကြီး၏ ပုဗ္ဗာရုံကျောင်းတော်တွင် သီတင်းသုံးတော်မူခိုက်ဖြစ်ရာ အနည်းငယ် အားလပ်တော်မူသည့် ညချမ်းအချိန်တွင် အညောင်းအညာဖြေတော်မူရန် တပည့်တပန်း လူသူကင်းဆိတ်သည့် ကျောင်းတော်အပြင်သို့ထွက်၍ စင်္ကြံလျှောက်တော်မူသည်။ ထိုအချိန်၌ပင်လျှင် ဘုရင်ကြီးသည် ဘုရားရှင်ထံတော်ပါးသို့ ရောက်၍လာခဲ့သည်။ ကျောင်းတော်သို့ ထုံးစံအတိုင်း လာခဲ့ရာတွင် ကျောင်းတွင်း၌ ဘုရားရှင်နှင့် မတွေ့၍ ဘုရားရှင်ရှိရာသို့ လာခဲ့ဟန်တူသည်။ တွေ့ပြန်တော့လည်း လျှောက်ထားဖွယ်ရာ ထူးထူးထွေထွေ ရှိဟန်မတူပေ။ ထူးထူးထွေထွေ အပထား၍ စကားမရှိ စကားရှာတတ်သော နန်းတော် တရားရုံးတို့မှ မှုခင်းကိစ္စ၊ နန်းတွင်း ကိုယ်ရေးကိုယ်တာကိစ္စများပင် လျှောက်ထားဖွယ်ရှိဟန်မတူပေ။

သို့နှင့် ခပ်မဆိတ်ဖြစ်နေခိုက်တွင် သာသနာတော်မှအပဖြစ်သော ဆံကျစ်ထုံး နိဂဏ္ဌာ တက္ကတွန်း ခုနစ်ယောက်တို့သည် ကျွန်ုပ်တို့၏ မလှမ်းမကမ်းမှ ဖြတ်သွားကြသည်ကို မြင်ရသောအခါ ကောသလဘုရင်က ထိုပရိဗိုဇ်များထံသို့ လက်ညှိုးညွှန်၍ ဘုရားရှင်အား "အရှင်ဘုရား...ဟောဟိုမှာ ရဟန္တာပုဂ္ဂိုလ်ခုနစ်ပါး ကြွသွားကြပါသည်ဘုရား..."ဟု ခပ်ပြုံးပြုံးဖြင့် လျှောက်ထားလိုက်သည်။

ထိုအခါ ဘုရားရှင်က ထိုသူများ၏သရုပ်မှန်နှင့် ဘုရင်၏ ပြက်ရယ်ပြုမှုကို သိတော်မူသည့်အတိုင်း မျက်ဝန်းတော် ကျုံ့ရုံမျှ ပြုံးတော်မူ၍ "မင်းကြီး... ရဟန္တာဆိုကာမျှဖြင့် ရဟန္တာဖြစ်ရတော့မည်လော၊ လောက၌ ရဟန္တာပညာရှိဟူသည် မြင်ကာမျှဖြင့် သိနိုင်ခဲသည်။ ဆွေးနွေး နှီးနှောပြီးမှသာ သိနိုင်သည်။ ကာလကြာမြင့်စွာ စူးစမ်းပြီးမှ သိနိုင်ပေသည်" စသည်ဖြင့် တရားတစ်ပုဒ်အဖြစ် ဟောကြားတော်မူပေသည်။

ထိုအခါတွင်မှ ကောသလဘုရင်သည် မိမိပြက်ရယ်ပြုမှုကို ဖြေလျှော့ကာ "အရှင်ဘုရား...ထိုသူများသည်ကား တပည့်တော်၏ သူလျှိုများပါတည်း။ တပည့်တော်မှာ လူများကိုသာမက ရဟန်းများကိုပါ အုပ်ချုပ်ရသော တာဝန်ရှိသဖြင့် တိုင်းရေးပြည်မှု မင်းမှုစိုးတာကိစ္စအလျောက် တိတ္ထိတက္ကတွန်းများအကြားတွင် သူလျှိုများကို ထားရပါသည်။ တပည့်တော်ကို ခွင့်ပြုတော်မူပါဘုရား"ဟု ဖွင့်ဖြည်၍ လျှောက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောသလဘုရင်၏ အကြီးဆုံးပြဿနာတစ်ရပ်ကား သာသနာရေးကိစ္စတွင် အနာထပိဏ်၊ ဝိသာခါတို့နှင့်ယှဉ်ပြိုင်သော ပြဿနာတည်း။

ဘုရားရှင်နှင့် ရဟန်းတော်များအပေါ်၌ ကောသလဘုရင်၏ ထားအပ်သော စေတနာနှင့် မေတ္တာသည် ဘုရားရှင်နှင့် ရဟန်းတော်များအပေါ်၌ ဝိသာခါနှင့် အနာထပိဏ်တို့ထားအပ်သော စေတနာ မေတ္တာအောက် မနိမ့်ကျဟု ဆိုနိုင်ပါ၏။ သို့ရာတွင် ဘုရားရှင်အဖို့ အကြောင်းအားလျော်စွာ ဆက်ဆံမှုရှိသည်ကို ထားပါတော့။ ရဟန်းများအဖို့မူ အနာထပိဏ်၊ ဝိသာခါနှင့်သာ ပို၍ရင်းနှီး၏။ ဇေတဝန် ပုဗ္ဗာရုံတို့ကို ထားဦး၍ ဝိသာခါ၊ အနာထပိဏ်တို့အိမ်သည် ရဟန်းများ၏အိမ်ဟု ဆိုစလောက်သည်။ ဝိသာခါ၊ အနာထပိဏ်တို့၏ အိမ်များသည် သာသနာတော်နှင့် ဆက်စပ်သည်။ ဝိသာခါ၊ အနာထပိဏ်တို့ သာသနာနှင့် ရင်းနှီးပုံမှာ သာဝတ္ထိတွင် မည်သူမျှမလွှမ်းနိုင်ပေ။

ဤသည်ပင်လျှင် ကောသလဘုရင်အဖို့ မကျေနပ်နိုင်သည့်အချက်ဖြစ်သည်။ မိမိသည် ဘုရင်ဖြစ်၍ ဘုရားရှင်နှင့် ရဟန်းများအပေါ်၌ ဤမျှအာရုံထားသူ ဖြစ်ပါလျက် အနာထပိဏ် ဝိသာခါတို့ကဲ့သို့ ရဟန်းများ၏ ရင်းနှီးမှုကို မရသည်မှာ ကောသလဘုရင်အဖို့ ဘဝင်မကျနိုင်သော အချက်ဖြစ်နေရပေသည်။

ကြည့်ပါ။ သူသည် အနာထပိဏ်၊ ဝိသာခါတို့ကဲ့သို့ပင် ကျောင်းဆောက်၍ လှူ၏။ သူ့ကျောင်းကို "မင်းကျောင်း"ဟုခေါ်သည်။ သူ့ကျောင်းတွင် ဘုရားရှင်ကိုယ်တော်တိုင် အကြောင်းအားလျော်စွာ အလှည့်ပေး သီတင်းသုံးတော်မူ၍ ရဟန်းအချို့ ရှိကြပါ၏။ သို့ရာတွင် ဇေတဝန်၊ ပုဗ္ဗာရုံတို့လောက် မည်သည့်အခါမျှ မစည်ကား။ စွဲစွဲမြဲမြဲ သီတင်းသုံးသူပင်ရှား၏။ ဝိသာခါ၊ အနာထပိဏ်တို့ကဲ့သို့ပင် နန်းတော်အနီး တစ်နေရာတွင် သံဃာစင်ကြီးထိုး၍ ရဟန်းတော်များ နှစ်သက်သလို သီတင်းသုံးရန် စီစဉ်ဆောက်လုပ်ပေးပါ၏။ သို့ရာတွင် အနာထပိဏ်၊ ဝိသာခါတို့၏ တရားမဏ္ဍပ် သံဃာ့ဘုံအိမ်ကဲ့သို့ မည်သည့်အခါမျှ မစည်ကား။

ဤသည်ကို မကျေနပ်နိုင်လွန်းသော ဘုရင်ကြီးသည် သံဃာတော်အများနှင့် နီးစပ်နိုင်ရန် သူ့ပညာရှိများနှင့် တိုင်ပင်၍ အကြံအစည်တစ်ခု ပြုလုပ်လာသည်။ ထိုအကြံအစည်သည် သာသနာတော်အပေါ်၌ စေတနာ,မေတ္တာလွန်ကဲသော ကောသလဘုရင်၏ အကြံအစည်ကောင်း၊ စိတ်ကူးကောင်းတစ်ရပ်ဟု ဆိုနိုင်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



နောင်အခါ သာသနာ့သမိုင်း၊ လူ့သမိုင်းတွင်မူ တစ်မျိုးလုံးပါ ပြုတ်ပြုတ်ပြုန်းရသည့် ကြီးစွာသော အရေးအခင်းကြီးတစ်ရပ် ဖြစ်ခဲ့ရသည်။

ထိုအရေးအခင်းကြီးသည်ကား ဘုရားရှင်နှင့် ဆွေမျိုးတော်စပ်မှ ဘုရားရှင်၏ သားတော်ဖြစ်စေ ရဟန်းများနှင့် ရင်းနှီးမှုရပါလိမ့်မည်ဟူသော သူ့ပညာရှိများ၏ အကြံပေးချက်အရ ဘုရားရှင်နှင့် အမျိုးတော်စပ်ရန် အမျိုးမာန် အလွန်မွန်သည်း ပြင်းထန်လှသော ဘုရားရှင်၏ သာကီဝင်တို့ထံ သမီးတောင်းရာမှ ပေါ်ပေါက်လာခဲ့သော သာကီဝင်တစ်မျိုးလုံး အသတ်ခံရသည့် ဝိဋူဋျပတို့၏ အရေးအခင်းကြီး ပေတည်း။ ထားပါဦး။

ရဟန်းတော်များသည် ယင်းကဲ့သို့ ဘုရင်နှင့် မနီးမစပ်ဖြစ်ရသည်မှာ ရဟန်း တော်များက ဝိသာခါ၊ အနာထပိဏ်တို့သို့ မျက်နှာလိုက်ခြင်းကား မဟုတ်၊ သဘာဝ အတိုင်း မနီးစပ်ခြင်းသာဖြစ်သည်။ အကြောင်းသော်ကား ဘုရင် သို့မဟုတ် အစိုးရ ဟူသည် ရဟန်းဖြစ်စေ၊ တိုင်းသူပြည်သားဖြစ်စေ လွတ်လပ်စွာဆက်ဆံနိုင်ခွင့်ရှိသူ များမဟုတ်၊ စိုးမိုးအုပ်ချုပ်ရသူများ ဖြစ်သဖြင့် မလွတ်လပ်သော ဆက်ဆံမှုရှိသည်။ ရင်းနှီးပြောဆိုမှု၊ ရင်းနှီးသော ကိုယ်လက်လှုပ်ရှားမှုမရှိ။ ထို့ပြင် ဘုရင်ဟူသည် မင်းရေးမင်းရာ ထွေလာကိစ္စများပြားသူ ဖြစ်သောကြောင့် ဝိသာခါ၊ အနာထပိဏ် တို့လို အရပ်သူအရပ်သားများကဲ့သို့ မိမိလိုအပ်သလို အချိန်လွတ်လပ်သူ မဟုတ်ပေ ရာ ရဟန်းတော်များအပေါ်တွင် အဘယ်မျှ ဂရုစိုက်ပါသည်ဆိုသည့်တိုင်အောင် အခါများစွာတွင် မင်းမှုထမ်းတို့ဖြင့်သာ ကိုယ်စားလွှဲအပ်ထားရသည်။ ထိုအခါ ရင်းနှီးမှုဟူသည် ပို၍ဝေးကွာသွားရ၏။ ပြဿနာတစ်ရပ်အပေါ်၌ ခပ်ရိုးရိုးသာ စဉ်းစားတတ်လေ့ရှိသော ကောသလဘုရင်ကြီးသည် ဤအချက်များကို စဉ်းစားမိခဲ့ ဟန်မတူပေ။

တစ်ချိန်တွင်လည်း ဘုရားရှင်ရှေ့တော်၌ ဘုရင်ကြီးဖြစ်ပုံမှာ ကျွန်ပ်ကဲ့သို့ ကိုယ် တိုင်တွေ့ရသူများ အပထား၍ ကြားရသူများပင် ရယ်ဖွယ်ဖြစ်ခဲ့၏။

ထိုနေ့က ကောသလဘုရင်သည် နန်းတော်၌ မင်းရေးစိုးခွင် ပါးလျားဟန် တူသည်။ ဘုရားရှင်ရှေ့တော်သို့ နေ့လယ်ထမင်းစားပြီးစ သာသာလောက်တွင်ပင် ရောက်လာ၏။ ရောက်လာပြန်တော့လည်း ထူးထူးထွေထွေ လျှောက်ထားဖွယ်မရှိ။ ဘုရားရှင်ရှေ့တော်တွင် သူ၏ဆူဖြိုးသော ခန္ဓာကိုယ်ကြီးကို သက်သာသလိုထိုင်ကာ ဘုရားရှင်သည် ရဟန်းများနှင့် အကြောင်းအားလျော်စွာ ပြောကြားနေသည်ကို

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်တစ်လှည့် ရဟန်းများတစ်လှည့် ကြည့်နေသည်။ ကြည့်နေရင်းနှင့်ပင် ကိုယ်လက်မအီမသာဟန်ဖြင့် လက်ကိုဆန့်တန်းလိုက်၊ ပါးစပ်ဟလိုက်၊ ဦးခေါင်းကို ဘယ်လှည့်ညာစောင်း လှည့်လိုက်နှင့် ပြုလုပ်သည်။ မကြာပါလေ မျက်လုံးများ စင်းလာသည်။ ထို့နောက်တွင်မူ မအောင့်နိုင်မဆီးနိုင်နှင့် ဘုရားရှင်ရှေ့တော်တွင် ငိုက်ပါလေတော့သည်။

ဘုရင်ကြီးအား မကြာသေးမီကလေးကမှ နန်းတော်တွင် ဖိမ်ခံ၍စားလာခဲ့သော အစာက နှိပ်စက်ဟန်တူသည်။ ကောသလဘုရင်သည် အစာစားရာ၌ လျှာကို အလိုလိုက်လွန်းလှသည်။ စည်းစိမ်ခံလွန်းသည်ဟု ပြောကြ၏။ အစာတွင် စည်းစိမ်ခံ ရုံမျှမဟုတ်၊ အစားကလည်း အလွန်ကြီးသည်ဟု ကြားရဖူးသည်။ ကောသလဘုရင် အစားကြီးမှု၊ အအိပ်ကြီးမှုနှင့် စပ်လျဉ်း၍ သာဝတ္ထိတွင် ရယ်စရာ ကဗျာတစ်ပုဒ်ပင် တိတ်တခိုး သီဆိုနေကြပါသည်ဟု ဒကာတစ်ယောက်က လျှောက်ဖူး၏။

အိပ်လို့ရယ်မပျော်၊
ဆင်အော်လို့မနိုး၊
စားလို့ရယ်မဝင်
ဆန်တစ်တင်းချက်မှလည်း တင်းမတိမ်၊
အမယ်မင်း...ငါကိုယ်တော် ပိန်လှချည့်
ရွှေဖရုံတုံး...ဟူ၍ ဖြစ်၏။

သူ့ခန္ဓာကိုယ်နှင့် ရုပ်ရည်ကိုတွေ့ရသည်မှာ ကြားရသော သတင်းများသည် ဟုတ်တန်ရာ၏။ ယခုသော် ဘုရားရှင်ရှေ့တော်တွင်ပင် မအောင့်နိုင် မထိန်းနိုင်သည် ကို မြင်ရသဖြင့် လက်တွေ့ဖြစ်ပေပြီ။

ဘုရားရှင်ကိုယ်တော်တိုင်ကလည်း ကောသလဘုရင်ကြီးပေါ်တွင် အတန်ပင် လိုက်လျောတော်မူပေသည်။ သတ္တဝါတို့၏ ဝသီစရိုက်ကိုကြည့်၍ မည်သူ့အားမဆို လိုက်လျောတော်မူလေ့ရှိသော ဘုရားရှင်၏ ပင်ကိုကရုဏာအနေတွင် မိမိအပေါ်၌ ကိုင်းညွတ်လွန်းသော ဘုရင်၏စိတ်စေတနာကိုလည်းငဲ့၍ သာသနာအတွက် အကျိုး ရှိသူတစ်ယောက် ဖြစ်သောကြောင့်လည်း ဖြစ်တန်ရာ၏။

ယင်းသို့ငိုက်ရာမှ သတိလက်လွတ်၍ ထိုင်ရင်းပင် တခေါခေါနှင့် အိပ်လေဦး တော့မယောင် အနေတွင် ဘုရားရှင်က "မင်းကြီး"ဟု ခေါ်တော်မူလိုက်သော အသံ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အိပ်လုလုဘုရင်ကြီး ဆတ်ခနဲနိုးကြွလာကာ အားနာရုက်စနိုးသည့်ပုံစံဖြင့် ပုံပျက်နေသောကိုယ်ဟန်ကို ပြင်ထိုင်လိုက်သည်။

"မင်းကြီး...အစာအာဟာရသည် သတိဖြင့်သုံးဆောင်အပ်၏။ အစာအာဟာရကို သင့်တင့်လျောက်ပတ်စွာဖြင့် သတိဖြင့် သုံးဆောင်ခြင်းသည် အသက်ရှည်ခြင်း၏ အကြောင်းဖြစ်၏။ ကျန်းမာစေ၏။ အစာအာဟာရကို သတိမရှိဘဲ တဒင်္ဂသော လျှာ၏အလိုသို့လိုက်၍ သုံးဆောင်ခြင်းသည် မကျန်းမာစေမှု အန္တရာယ်အသွယ်သွယ်ကို မိမိကိုယ်တိုင်က ဖိတ်ခေါ်သည်နှင့် အတူတူတည်း။

ဘုရားရှင်၏ တရားတော်ကြောင့် ဘုရင်သည် အတန်ကြီးပင် သတိတရား ရသွားပုံပေါ်ရုံမက ဘုရားရှေ့တော်တွင် ငိုက်မိလေသည့် မိမိ၏မလျော်သောအမှုကိုလည်း ဖုံးဖိလိုဟန်ဖြင့် ချက်ချင်းပင် မနီးမဝေးတွင်ရှိသော သူ့သက်တော်စောင့် သုဒဿနလုလင်ကိုခေါ်၍ ဘုရားရှင်ဟောကြားသော ယင်းဂါထာကို အသင်ခိုင်းကာ သူ ထမင်းစားတိုင်း ဤဂါထာကိုရွတ်ဆိုရမည်။ ရွတ်ဆိုတိုင်း အသပြာတစ်ရာ ပေးမည်ဟု အမိန့်ချမှတ်လိုက်သည်ကို တွေ့ရသည်။

ဘုရင်ကြီးသည် နောင်ခါတွင် ဘုရားရှင်၏ အာဟာရတရားတော်အတိုင်း အမှန်ပင် လိုက်နာ၍ လုလင်ကိုလည်း အသပြာတစ်ရာကျ ပေးသည်ဟု ကြားသိရ၏။ ရယ်ဖွယ်မြင်ကွင်းမှ ပေါ်ပေါက်လာသော အကြောင်းရပ်များဖြစ်သော်လည်း ဘုရင်ကြီးသည် အစာလျှော့စားသဖြင့် ကိုယ်ရေစစ်ကာ ရှေးကထက် ကျန်းမာဖျတ်လတ်၍လာသည်ကို တွေ့ရ၍လည်းကောင်း၊ မင်းမှုထမ်းတစ်ဦး အခွင့်အရေး တက်သွားသည်ကို သိရ၍လည်းကောင်း ကျွန်ုပ်တို့ ဝမ်းမြောက်ကြရ၏။

တစ်ခါတစ်ရံတွင်မူ ဘုရင်ကြီးသည် ဘုရားရှင်အား ရင်းနှီးလွန်းသဖြင့် ရိုသေလေးစားအပ်သော ဘုရားဟူ၍မှသဘောထားပါလေစဟုပင် ထင်ရလောက်သည်။ အကြောင်းကား သူ့ကိုယ်ရေးကိုယ်တာတွင် အတွင်းအလွန်ကျသော သူ့မိဖုရားနှင့် ကလေးကလား ချစ်ရေးကိစ္စတစ်ရပ်ကို လျှောက်ထားရမည် မသိ၊ မလျှောက်ထား ရမည် မသိ ဘုရားရှင်အား ဖွင့်၍လျှောက်ထားသောကြောင့် ဖြစ်သည်။

ဘုရင်ကြီးသည် မလ္လိကာဒေဝီကို အလွန်ချစ်မြတ်နိုးတော်မူသည်။ မြတ်နိုးတော်မူလွန်းသဖြင့် မလ္လိကာဒေဝီအပေါ် အလိုလိုက်ပုံ၊ မလ္လိကာဒေဝီနှင့် ပတ်သက်၍ ဘုရင်ကြီး ဣန္ဒြေပျက်ယွင်းရပုံများမှာ သူ့နန်းတော်တွင် တီးတိုးရယ်ပွဲဖွဲ့ရသည့် အကြောင်းရပ်များ ဖြစ်နေကြသည်ဟု ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကချစ်သလောက် မလ္လိကာဒေဝီကလည်း မေတ္တာတုံ့ပြန်ပါ၏။ သို့ရာတွင် ဘုရင်ကြီးအဖို့ မလ္လိကာဒေဝီအပေါ်တွင် မကျေမနပ်ဖြစ်နေရသော ကိစ္စတစ်ရပ်မှာ မလ္လိကာဒေဝီထံမှ သူ့ကိုသာအချစ်ဆုံးဟူသော စကားလေးတစ်လုံးကို တောင်းခံ၍ မရခြင်းပင် ဖြစ်ပေသည်။ သူ့ချစ်သူထံမှ ဤချစ်စကားလေးတစ်လုံးကို နားဆင်လိုလှသဖြင့် အမျိုးမျိုး လှည့်ပတ်မေးသော်လည်း မလ္လိကာက သူ့ကိုယ်ကိုသာ အချစ်ဆုံးဖြစ်ပါသည်ဟု လျှောက်ထားသည်ဆို၏။

ဤမကျေနပ်ချက်ကို ဘုရင်ကြီးသည် ဤမျှ အသိုင်းအဝိုင်းများပြားလှသော သူ့နန်းတော်တွင် ပြောစရာ တိုင်ပင်စရာ ရှားရှော့ထင့်၊ ဘုရားရှင်ထံတော်သို့ ပို့လာသည်။ မိဖုရားနှင့် မပြေမလည်ဖြစ်မှုကို ဘုရားရှင်ထံတော်သို့ ရင်ဖွင့်လာသည်။

မလ္လိကာဒေဝီက ဘုရင်ကြီး၏ဆန္ဒ၊ ဘုရင်ကြီးအလိုရှိသော စကားလုံးကို သိစေကာမူ စကားတုံ့တင် ချစ်ခင်တတ်ကြသော ချစ်သူတို့သဘာဝအတိုင်း ဘုရင်ကြီးကို အချစ်စမ်းလိုခြင်း ဖြစ်ဟန်တူသော်လည်း ဘုရားရှင်ကမူ တရားတော်အတိုင်း မလ္လိကာဒေဝီ၏ စကားသည် မှန်သည်။ လူသတ္တဝါတို့၏ ခိုင်မြဲသော အတ္တစိတ်အရ မိမိကိုယ်ကို မိမိသာ အချစ်ဆုံးဟုသိလျှင် မိမိကိုယ်ကို မနစ်မွန်းရအောင် အကုသိုလ်တရားများကို ရှောင်ကြဉ်ရမည် စသည်ဖြင့် တရားတစ်ပုဒ်ပြုလုပ်၍ ဟောကြားတော်မူလိုက်သည်ကို ကြားနာရပေသည်။ ဘုရင်ကြီးအဖို့ မငြင်းသာသော တရားသဘောဖြစ်၍ နားထောင်ရသော်လည်း ကျေနပ်နိုင်ဟန် မတူလှပေ။

သာဝတ္ထိတည်းဟူသော တရားဇာတ်ခုံတွင် ဘုရားရှင်တည်းဟူသော ပွဲကြည့်သူအား အနာထပိဏ်နှင့် ဝိသာခါတို့က မင်းသား မင်းသမီးအဖြစ် ကပြကြ၍ ကောသလဘုရင်ကမူ လူရွှင်တော်နေရာမှ ဖျော်ဖြေကြသည်ဟု ဥပမာတင်စားရသော် များနိုင်အံ့မထင်ပေ။

[ ၄ ]

ယနေ့တွင်လည်း ဘုရင်ကြီးသည် ဘုရားရှင်ထံတော်သို့ နေ့လယ်စောစောပိုင်းကပင် ရောက်လာပြန်ကာ စကားမရှိ စကားရှာ၍ သူ့နန်းတော်မှ ကိစ္စတစ်ရပ်ကို လျှောက်ထားနေသည်ကို ကြားရပြန်သည်။

လျှောက်ထားသည့် အကြောင်းရပ်မှာ သာဝတ္ထိမှ သူဌေးတစ်ဦးသည် ယခုရက်ပိုင်းအတွင်း ကွယ်လွန်ခဲ့၏။ ကွယ်လွန်ရာ၌ ထိုသူဌေး၏အမွေကို ဆက်ခံမည့်

www.burmeseclassic.com

www.burmeseclassic.com



သားထောက်မြေးခံမရှိသောကြောင့် စည်းကမ်းဥပဒေအတိုင်း ဘုရင်က သိမ်းယူရသည်။ သိမ်းယူရာ၌ ရွှေချည်းပင် ရှစ်သန်းတန်ဖိုးရှိသည်။ ငွေမူကား အရေအတွက်ပြောဖွယ်မရှိ။ သို့ရာတွင် ဤသူဌေးသည် အသက်ရှိစဉ် အလွန်စေးနှဲလွန်းသူဖြစ်ခဲ့သည်။ အဘယ်မျှ စေးနှဲသနည်းဟူမူ ထမင်းစားရာ၌ ဆန်ကွဲထမင်းနှင့် ပုန်းရည်ဟင်းကိုသာစားသည်။ အဝတ်,ဝတ်ရာ၌ သုံးလွှာစပ် ပိုက်ဆံလျှော်ကိုသာဝတ်သည်။ ခရီးသွားလျှင် ရထားစုတ် ရထားအိုကလေးနှင့်သာ သွား၍ နေပူလျှင် သစ်ရွက်ထီးကိုသာဆောင်းသည်။ ဤမျှစေးနဲ့သူဖြစ်ခဲ့ပါ၏ စသည်ဖြင့် လျှောက်ထားသည်။ ဘုရားရှင်ကမူ ဘုရင်၏စကားအရ ပစ္စည်း၏ သခါရတရားနှင့် ပစ္စည်းအပေါ်တွင်ထားအပ်သော သဘောတရားများကို ဟောကြားတော်မူသည်။

ဘုရားရှင်အဖို့ ယနေ့သည် ခါတိုင်းနေ့များထက် ကိစ္စများပြားလှသည်ကို ကျွန်ုပ် သတိပြုမိသည်။ နံနက်မိုးသောက်သည်မှ ညနေစောင်းအချိန်အထိ ဘုရင်ကြွလာသော ကိစ္စအပြင် ရဟန်းတို့ကိစ္စ၊ အခြားလူဒါယကာတို့ ကိစ္စများသည် တစ်ခုပြီးတစ်ခု ဆက်လျက်ရှိ၏။ နေ့လယ်ပိုင်းတွင် ခါတိုင်းလို နေ့သန့်တော်မူရချိန်ပင် မရှိခဲ့။ ယနေ့အဖို့ ဆွမ်းဘုဉ်းပေးတော်မူချိန်ကလေးမျှသည်ပင် နားနေတော်မူရချိန်ဖြစ်သည်။

ဘုရားရှင်အဖို့ ဤကဲ့သို့ အချိန်နှင့်တိုင်း၍ မအားမလပ်သောနေ့များသည် ရှေးကလည်း ရှိခဲ့သည်မှန်ပါ၏။ သို့ရာတွင် ယနေ့အချိန်၌ ဘုရားရှင်၏ သက်တော်မှာ ကြီးရင့်လှပေပြီ။ ရှစ်ဆယ်အတွင်းသို့ပင် ရောက်ခဲ့ပေပြီ။ လူဖြစ်စေ၊ ရဟန်းဖြစ်စေ ဤမျှ သက်ရွယ်ကြီးရင့်သူများအဖို့ သက်သက်သာသာနှင့် နားနားနေနေရှိဖို့တော်ပေပြီ။ ကျွန်ုပ်သည် ဘုရားရှင်၏ သက်တော်ကြီးရင့်လာသည့်အခါ၌ ဤကဲ့သို့ မအားမလပ်လောက်အောင် ကိစ္စများသည်ကို တွေ့ရတိုင်း နောင်တော်၏ ကျန်းမာရေးအတွက် တစိုးရိမ်ရိမ် တကြောင့်ကြကြနှင့် ရှိခဲ့သည်။

ယနေ့လည်း နောင်တော် ညောင်းညာတော်မူပေရော့မည်ဟု တစိုးရိမ်ရိမ် တကြောင့်ကြကြနှင့်ပင် အကဲခတ်နေရပေသည်။ တော်ပါသေး၏။ ညနေပိုင်း စောစောအချိန်လောက်တွင် နောင်တော်ရှေ့၌ လူသူကင်းရှင်းကာ ကိစ္စများ ပြီးပြတ်သွားပေသည်။

ထိုအချိန်တွင် ဘုရားရှင်သည် ထိုင်နေရာမှ ထတော်မူကာ ဂန္ဓကုဋီနံဘေးသော်ကပန်းရုံကြီးများအကြားရှိ စင်္ကြံတွင် အညောင်းပြေလမ်းလျှောက်တော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်ခြင်းသည် အညောင်းအညာ ပြေစေသည် မှန်ပါ၏။ သို့ရာတွင် အသက်ကြီးရင့်လွန်းသူများအဖို့ ကြာကြာလျှောက်ပြန်တော့လည်း မောပန်းလာဟန်တူသည်။ ထို့ကြောင့် နောင်တော်သည် စင်္ကြံအတန်လျှောက်မိသောအခါ သော်ကရုံနံဘေးရှိ ထိုင်ခုံတွင် ဆောင်းရာသီ၏ ညင်းညှံ့ညှံ့နေရောင်ကို ကျောပေးကာ ထိုင်တော်မူ၏။ ဆောင်းရာသီ၏ အအေးဓာတ်အောက်တွင် နောင်တော်သည် နေဆာလှုံလိုဟန်ရှိသည်။

ပုပ္ဖာရုံကျောင်းတော်၌ ကျောင်းအမကြီးသည် ပန်းမျိုးစုံတို့ကို နေရာများစွာတွင် အဆင်ပြေအောင် ဝေဝေဆာဆာ စိုက်ဆင်ထားပေသည်။ ပုပ္ဖာရုံသည် ကြီးမားခန့်ထည်မှုအားဖြင့် အတိုင်းအဆမရှိ သွန်း၍ဆောက်လုပ်ထားအပ်သော ဇေတဝန်ကို မမီ။ သို့ရာတွင် အလှအပ ရှုကွင်းရှုကွက် သာယာအောင် ဖန်တီးမှုတွင်မူ ဇေတဝန်က ပုပ္ဖာရုံကိုမမီ။ ယင်းသို့ အလှအပတွင် ဇေတဝန်က ပုပ္ဖာရုံကို မမီနိုင်ခြင်းမှာ သဘာဝအတိုင်းပင်ဖြစ်၏။ အကြောင်းကား အလှနှင့်ပတ်သက်လာလျှင် အလှကို မြင်တတ်၊ တွေးတတ်သော အမျိုးသမီးများက သာစမြဲဖြစ်သောကြောင့်ဖြစ်၏။

ထို့ကြောင့် အလှအပ မြိုင်မြိုင်ဆိုင်ဆိုင်၊ ပန်းရနံ့တို့ တကြိုင်ကြိုင် တထုံထုံရှိလှသော ပုပ္ဖာရုံကျောင်းတော်အား အချို့က ပန်းကိုအစွဲပြုကာ “ပုပ္ဖာရုံ”ဟု အသံလည်းနီးကပ် ဗျူပ္ပတ်ကိုလည်းလိုက်၍ ခေါ်ဝေါ်ကြခြင်းဖြစ်၏။

ပုပ္ဖာရုံ လှသည်ဆိုရာ၌ အထူးသဖြင့် ဘုရားရှင်၏ ဂန္ဓကုဋိဝန်းကျင်ကိုမူ ကျောင်းအမကြီး စိတ်ကူးရှိသမျှ သွန်း၍ တန်ဆာဆင်ထားသည်ဟု ဆိုစလောက်၏။ ပန်းမျိုးစုံတို့ကို အစီအစဉ်ကျအောင် စိုက်ပျိုး၍ ဘုရားရှင်လမ်းလျှောက်ရန် စင်္ကြံလမ်းသွယ်။ ထိုလမ်းသွယ်၏ဘေးတွင် နားနားနေနေ ထိုင်နေတော်မူရန် ထိုင်ခုံအမျိုးမျိုးကို ဆင်ယင်ထားသည်။ ထို့ကြောင့် ဘုရားရှင် လမ်းလျှောက်တော်မူရာ၌ ပန်းရနံ့မျိုးစုံသည် တသင်းသင်း တဝေဝေရှိလှ၏။ သို့ရာတွင် မည်သည့်ပန်းရနံ့က ထူးကဲသည်ဆိုစေ ဆောင်းရာသီဖြစ်သောကြောင့် ဆောင်းရတုတွင် အနံ့ဘုရင်ဖြစ်သော ညမွှေးပန်းရနံ့ကသာ လွှမ်းကဲ၍ထွက်နေသည်။

ထိုအခိုက် “အာနန္ဒာ”ဟုခေါ်လိုက်သော နောင်တော်၏အသံကို ကြားလိုက်ရသောကြောင့် ကျွန်ုပ်သည် နောင်တော် ထိုင်နေတော်မူရာ ပန်းရိပ်သာခုံကလေးဆီသို့ အသော့ကလေး ချဉ်းကပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အာနန္ဒာ...တစ်နေ့လုံးလိုလို ထိုင်နေခဲ့ရသည့်အတွက် ညောင်းညာတော်မူလှသည်။ အနည်းငယ်နှိပ်နယ်ပေးပါဘိ"ဟု ကျောကုန်းဆီသို့ လက်တော်ဖြင့်ပြ၍ စေခိုင်းတော်မူသဖြင့် ကျွန်ုပ်သည် ဝမ်းမြောက်ဝမ်းသာဖြင့် အသာအယာ ဆုပ်နယ်ပေးသည်။

ကျွန်ုပ်သည် နောင်တော်ဘုရားရှင်အား ယခုကဲ့သို့ ကိုယ်ထိလက်ရောက် ပြုစုရမှု အခွင့်အရေးမျိုးကို အခါခပ်သိမ်း စောင့်မျှော်ခဲ့သူဖြစ်ပါ၏။ သို့ရာတွင် နောင်တော်အား အခြားနည်းအားဖြင့်သာ ပြုစုလုပ်ကျွေးရ၍ ယခုကဲ့သို့ ကိုယ်ထိလက်ရောက် ပြုစုပေးရမှုဟူသည်မှာ အလွန်နည်းပါးခဲ့သည်။ ရှီးရှီးအချိန်တွင် အပထား၍ မကျန်းမာတော်မူသည့် အချိန်အခါမျိုး၌ပင် ခြေဆုပ်လက်နယ်ပြုရန် ခိုင်းစေခဲ့သည်။ ယခုသော် နောင်တော်သည် သက်ရွယ်ကြီးရင့်လာမှ ဇရာဒဏ်ကို အတန်ပင်ခံစားရ၍သာ ခိုင်းစေတော်မူသည်ဟု ကျွန်ုပ်ယူဆ၏။

သို့ဖြစ်၍ ဝမ်းမြောက်ဝမ်းသာနှင့် နောင်တော်၏ ကျောကုန်းနှင့်လက်ပြင် လက်မောင်းတော် စသည်တို့ကို ဖြည်းညင်းစွာဆုပ်ကိုင်လိုက်စဉ် ခဏ၌ပင် နောင်တော်ဘုရား၏ ကိုယ်တော်မှ မမျှော်လင့်သော အထိတွေ့မျိုးကို ထိတွေ့လိုက်ရသဖြင့် ကျွန်ုပ် ထိတ်လန့်အံ့သြသွား၏။ ထိတ်လန့်အံ့သြခြင်းနှင့်အတူ ကြေကွဲဝမ်းနည်းစိတ်လည်း ပေါ်ပေါက်လာသည်။

ရှုကြပါလော့...ပြည့်ဖြိုးတင်းမာခဲ့သော နောင်တော်ဘုရားရှင်၏ ကျောက်ကုန်းသားတို့သည် လျော့ပါးကုန်ကြလေပြီ။ လျော့ပါးရုံမျှမက နံရိုးနှစ်ဖက်တို့ပင် အမြှောင်းလိုက် အချောင်းလိုက် စမ်းသပ်ကိုင်တွယ်၍ ရနေကြကုန်ပြီ။ စိုပြည်ဝင်းဝါခဲ့သော အသားတော် အရောင်တို့သည် မွဲခြောက်မှေးမှိန်ကြလေကုန်ပြီ။ ရွှေမှုရိုးစည်ကဲ့သို့ လုံးကျစ် တောင့်တင်းခဲ့သော လက်ရုံးတော်တို့သည် လျော့လျော့ပါးပါးနှင့် တွဲလျားကျနေကြကုန်လေပြီ။ နုပျိုခြင်း၏ အင်အားကြောင့် လည်းကောင်း၊ ကြိမ်ဖန်များစွာ တရားအားထုတ်မှု၏ အလေ့အကျင့်ကြောင့်လည်းကောင်း ဖြောင့်ဖြောင့်တန်းမတ်နေခဲ့သော ကိုယ်လုံးတော်သည် ရှေ့သို့ အတန်ပင် ကိုင်းညွတ်လျက်ရှိလေပြီ။ ရွှေပိတုန်းရောင်ကဲ့သို့ ပြောင်ပြောင်လက်လက် နက်လှစွာသော ဆံတော်တို့သည် ဖွေးဖွေးဖြူကြလေကုန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် နေ့စဉ်နှင့်အမျှလိုလို မပြတ်လုပ်ကျွေး ဆက်ဆံနေခဲ့သော်လည်း နောင်တော်၏ ဤမျှလောက် ပြောင်းလဲမှုများကို သတိမပြုခဲ့မိ။ ယခု အနီးကပ် ထိတွေ့သည့်အခါတွင်မှ ယခင်နှင့်မတူ အပြောင်းအလဲကြီး ပြောင်းလဲလျက်ရှိသော နောင်တော်၏ ရုပ်လက္ခဏာကို တွေ့ရသောအခါ မမျှော်လင့်သော အတွေ့ဆန်း အမြင်ဆန်းအနေဖြင့် ဝမ်းနည်းမိသည် အမှန်ဖြစ်၏။ အံ့ဩမိသည်လည်း အမှန်ပင် ဖြစ်၏။

အံ့ဩဝမ်းနည်းစိတ်ကို မတားဆီးနိုင်သဖြင့် နောင်တော်အား နှိပ်နယ်လျက် ရှိသော လက်အင်အားများသည်ပင် လျော့ပါး၍သွားကာ…

"အရှင်မြတ်ဘုရား…အရှင်မြတ်၏ ကိုယ်တော်သည် ရှေးကနှင့်မတူ အသား အရေတို့ လျော့ပါးလွန်းလှပါပြီ"ဟု အသံတိုးတိုးတိမ်တိမ်ဖြင့် ဝမ်းနည်းစကား လျှောက်ထားလိုက်မိ၏။

"အသို့နည်း အာနန္ဒာ…ရုပ်နာမ်နစ်ဝ ရှိနေကြသူမှန်သမျှ အိုနာသေရေး ဒုက္ခဘေးမှ ပြေး၍မလွတ်နိုင်သည့် တရားသဘောကိုမျှ သင် သတိမထားတော့ ပြီလော၊ ငါသည်လည်း ရုပ်နာမ်နစ်ဝ ပိုင်ရှင်မျှသာဖြစ်၍ အိုနာသေဘေးမှ အဘယ်ပုံ ကင်းလွတ်နိုင်ပါမည်နည်း"

"အာနန္ဒာ…နံနက်ချိန်၌ တက်လတ်သော နေမင်းသည် ညနေအချိန်၌ နေညို သိမ်း၍ ညချမ်းချိန်၌ ဝင်ရသကဲ့သို့ ဇာတိပဋိသန္ဓေ နေသူမှန်သမျှ အိုရမည်၊ နာရမည်၊ သေရမည် မလွဲတည်း"

"အာနန္ဒာ…ပညာရှိဟူသည် သူတစ်ပါးကိုမြင်သည်ထက် မိမိကိုယ်ကို မြင် တတ်မြဲဖြစ်၏။ သင်သည် ငါဘုရား၏ ဇရာဒုက္ခကိုသာမြင်၍ ငါဘုရားနှင့် အသက် အရွယ် မတိမ်းမယိမ်းမျှဖြစ်သော သင်၏ဇရာကိုမူ မမြင်တော့ပြီလော"

ကျွန်ုပ်သည် နောင်တော်၏တရားတော်ကို ရှေးကလည်း သဘောပေါက်ပါ၏။ ယခုလည်း သဘောပေါက်ပါ၏။ သို့ရာတွင် နောင်တော့်အပေါ်၌ ပြင်းထန်လှစွာ သော မေတ္တာအဟုန်ကြောင့် တရားသဘောမှ သွေဖည်သည်ဆိုစေ၊ ကျွန်ုပ်၏ ခံယူချက်မှာ တစ်မျိုးဖြစ်ပါ၏။ ယင်းခံယူချက်ကို နောင်တော် သိကောင်းမှ သိပါလေစ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် နောင်တော်အား အောက်ပါအတိုင်း လျှောက်ထားလိုက်မိပါတော့သည်။

"နောင်တော်အရှင်မြတ်ဘုရား...နောင်တော်၏တရားတော်ကို အထပ်ထပ်နာယူခဲ့ရသောကြောင့် တပည့်တော်သည် ပုဂ္ဂိုလ်သတ္တဝါ သူသူငါငါမှန်သမျှတို့၏ အိုခြင်းသဘော၊ နာခြင်းသဘော၊ သေခြင်းသဘောတရားများကို နားလည်ပါသည်။ သို့ရာတွင် တပည့်တော် လျှောက်ထားပါရစေ နောင်တော် အရှင်ဘုရား။ တပည့်တော်နှင့်တကွ အခြားသူတွေ အဘယ်မျှပင် အိုကြပါစေ၊ နာကြပါစေ နောင်တော်ဘုရားကိုမူကား စိုးစဉ်း မြူမှုန်မျှ မနာစေချင်၊ မအိုစေချင်ပါဘုရား"။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# သတ္တိ

[ ၁ ]

ပင်ကိုအားဖြင့်လည်း ရင့်ကျက်၊ ပညာအရည် ရာထူးဂုဏ်သိန်တို့ဖြင့်လည်း ထိန်းချုပ်ထားအပ်သော အစ်ကို့မျက်နှာတွင် သာမန်အတွေ့အကြုံ တစ်စုံတစ်ရာကြောင့် ပြောင်းလဲသွားသည်ကို တွေ့ရခဲသည်။ မပြတ်ဂရုပြုလျက်ရှိသော ဇနီးသည်ပင်လျှင် အင်မတန်ကြီး သတိထားနိုင်မှ သိရတတ်၏။

ယနေ့ ရွှေနန်းတော်မှပြန်လာသော အစ်ကို၏မျက်နှာတွင် အမှောင်ရိပ်ကလေး သမ်းဝေလာသည်ကို တွေ့ရသောကြောင့် ကျွန်မသည် အခါတိုင်းထက်ပို၍ အစ်ကို့အား တယုတယ ကြိုဆိုလိုက်ရသည်။ အဘယ်မျှ ခိုင်ခံ့သောယောကျ်ားပင်ဖြစ်စေ ချစ်သူ၏ရင်ခွင်၌ ဖယောင်းမဖြစ်သူဟူ၍ ရှိပါသေးသလော။ အဘယ်မျှ ကြီးမြတ်သော ယောကျ်ားဖြစ်စေ သူတို့၏ လဲလျောင်းရာ၊ ပုန်းအောင်းရာမှာ ချစ်သူ၏ရင်ခွင်သာ မဟုတ်ပါလော။

ကျွန်မ၏ယုယမှုကြောင့် သူ့မျက်နှာအပြောင်းအလဲအား ကျွန်မ အကဲခတ်မိသည်ကို သိရှိသွားဟန်ဖြင့် အစ်ကိုသည် သူ့မျက်နှာကို ပြုံးပြုံးရွှင်ရွှင်အမူအရာသို့ ချက်ချင်းပြင်ဆင်လိုက်၏။ အကြောင်းမှာ အိမ်တွင်အတူနေသော သားများ၊ ချွေးမများ ရှိနေကြသေးသည်။ ကျွန်မတို့လူကြီးများတွင် ပြဿနာ တစ်စုံတစ်ရာရှိခဲ့လျှင် ယင်းပြဿနာကို သာမန်အားဖြင့် ကလေးများသို့ မကူးစက်စေလိုသောကြောင့် ဖြစ်၏။

ထို့ကြောင့် ကျွန်မသည် အလုပ်တာဝန်အရ တစ်နေ့လုံးဝတ်ဆင်ထားရသော အစ်ကို၏ အဝတ်တန်ဆာများကို တစ်ခုပြီးတစ်ခု တယုတယဖြုတ်ပေးရင်း အူ့

www.burmeseclassic.com



နောက်မှ အတူပါလာကြသော သားများအားလည်း ကြားစေနိုင်သည့်အသံနှင့် "ရွှေနန်းတော်က ဘာတွေများ စားလာသေးသလဲ အဖေကြီး၊ စားလာလို့တော့ မဖြစ်ဘူးနော်၊ ဒီနေ့ ငါးကြင်းသားကောင်းကောင်းရလို့ အားရပါးရချက်ထားတယ်၊ ပါးစပ်သာ ပြင်ထားကြပေတော့။ ဒီနေ့ ထမင်းစောစောစားကြမယ်"ဟု ရယ်ရွှမ်းပတ်ရွှမ်းနှင့် ပြောလိုက်သောအခါ အစ်ကိုက ကျွန်မကို ပြုံး၍ကြည့်ရင်း "ဒီနေ့ အလုပ်တာဝန်တွေကများလို့ စားခန်းသောက်ခန်းတောင် မရောက်ခဲ့ရဘူးညီမ၊ ဗိုက်ဟာနေတာနဲ့ အတော်ပဲ"ဟု ပြန်ပြောသည်။ သားများကမူ "ဒါမှ တို့မေမေကွ" ဟု အော်လိုက်ကြသည်။

ထို့နောက် ဖအေကြီးရော၊ သားများပါ အသီးသီး ရေချိုးခန်းသို့ ဝင်ကြသည်။

ကျွန်မနှင့် လိုက်လျောညီထွေ ဟန်လုပ်ပြောဆိုနေသော်လည်း အစ်ကို၏မျက်နှာတွင် အမှောင်ရိပ်ကလေး သမ်း၍ဝေ့၍နေသည်ကိုကား တွေ့နေရ၏။ ထို့ကြောင့် ယနေ့ည အိပ်ရာစက်ခန်းသို့ရောက်လျှင်မူ အစ်ကိုက ဖွင့်၍မပြောလျှင်ပင် ကျွန်မက စတင်မေးမြန်းမည်ဟု စိတ်ကူးထားသည်။ အကြောင်းမှာ အစ်ကိုသည် အလုပ်တာဝန်နှင့်စပ်သော စကားများကို အိမ်တွင်၊ သို့မဟုတ် ကျွန်မတို့သိအောင် ပြောခဲသည်။ မနေနိုင်လွန်း၍ ကျွန်မက မေးလျှင်သော်မှ အဟန့်အတားပြုတတ်သည်။

ကျွန်မသည် အစ်ကို၏ ကြီးလေးသော တိုင်းပြည်တာဝန်များ၊ လျှို့ဝှက်သောကိစ္စများ၊ ကျွန်မတို့ မစွက်ဖက်သင့်သော ကိစ္စများကို တိုက်ရိုက်မဟုတ်စေကာမူ သဘောတရားအားဖြင့် နားလည်ပါ၏။ နားလည်သည့်အလျောက်လည်း လူ့စည်း၊ ဘီလူးစည်းဆိုသကဲ့သို့ မစွက်ဖက်မိအောင် စောင့်ထိန်းပါ၏။ သို့ရာတွင် အစ်ကိုသည် နိုင်ငံတော်၏သားကောင်းရတနာဖြစ်သကဲ့သို့ တစ်ချိန်းတည်းမှာပင် ကျွန်မ၏အားပြုပိုင်ဆိုင်အပ်သော ခင်ပွန်းလင်နှင့် သားသမီးတို့၏ ဖခင်တစ်ယောက်လည်းဖြစ်ပေရာ ယင်းနိုင်ငံတော်တာဝန်များသည်ပင် ကျွန်မတို့နှင့် စပ်လျဉ်း ဆက်နွယ်လာသည်ဟု ထင်ရသောအခါများ၌ မစွက်ဖက်ဘဲ မနေနိုင်ခဲ့ပေ။

သာမန်လှုပ်ရှားစေမှုမျိုးဖြင့် အိမ်သို့ရောက်အောင် ယူမလာတတ်သော ယနေ့ အစ်ကို၏မျက်နှာ အပြောင်းအလဲမှာလည်း ကျွန်မတို့နှင့် တစ်စုံတစ်ရာ သက်ဆိုင်နေသလောဟု သံသယရှိသည်။ သို့မဟုတ် အိမ်တွင်းရေးနှင့်ပင် မဆိုင်စေဦးတော့၊ လှုပ်ရှားလာသော အစ်ကိုကျောက်တိုင် ကျောက်ခဲကြီးအား စိတ်ဓာတ်ရေးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာ မေးကူဖို့လိုသည်ဟု ကျွန်မ ယူဆသည်။ ထို့ကြောင့် ယနေ့ည အိပ်ရာစက်ခန်းတွင်ပင် မေးရမည်ဟု ကျွန်မ ဆုံးဖြတ်ထားသည်။

အစ်ကိုသည် အနေအစားတွင် သတိထားသူဖြစ်သည်။ အပိုဖြစ်သော အသေးအမွှား အာဟာရများကို ရှောင်၍ ထမင်းကိုအားပြုစားသူဖြစ်သည်။ ကျန်းမာရေးပြည့်စုံ၍ ကိုယ်အင်္ဂါကြံ့ခိုင်သလောက် ထမင်းဝိုင်းတွင်ဖြင့် စားလုံးကြီးသူဖြစ်သည်။ အထူးသဖြင့် သူနှစ်သက်သော ဟင်းကျွေးမျိုးနှင့် အဆင်သင့်ပြီဆိုလျှင် အားရပါးရ စားသုံးတတ်သူဖြစ်သည်။ သို့ရာတွင် ယနေ့ည ထမင်းဝိုင်းသည် သူကြိုက်သော ငါးကြင်းသားနှင့် အခြားသူကြိုက် အစာတွေချည်း ဖြစ်ပါလျက် စားသည်ဆိုရုံမျှ ဟန်မပျက်အောင် ထိန်းချုပ်၍စားနေသည်ကို တွေ့ရသည်။

ထို့ပြင် ကျွန်မတို့ ထမင်းဝိုင်းသည် မိသားစုတို့ ကြည်ရွှင်စွာတွေ့ဆုံရာဝိုင်းလည်းဖြစ်၏။ အခြားနေရာ၊ အခြားအချိန်များတွင် အဘယ်မျှ သိက္ခာကြီးစေကာမူ ထမင်းဝိုင်းတွင်တော့ ဖအေကြီးသည် ကြည်ရွှင်စွာဦးဆောင်တတ်သူဖြစ်သည်။

သို့ရာတွင် ယနေ့ထမင်းဝိုင်းတွင်မူ ထမင်းတခြား၊ သူတခြား၊ မိသားစုတခြား ဖြစ်လောက်အောင် အစ်ကို ဟန်ပျက်နေသည်။ သို့ဖြစ်၍ ကျွန်မသည် အစ်ကို့ကိုရော၊ သားများ၊ ချွေးမများကိုပါ ညဉ့်ဦးတစ်ဝိုင်းလုံး သတိဖြင့် ယုယထိန်းသိမ်းရင်းမှ အစ်ကိုရော၊ ကျွန်မပါ ခပ်စောစောကပင် အိပ်ခန်းဆောင်သို့ ဝင်ခဲ့ကြ၏။

[ ၂ ]

ခါတိုင်း အိပ်ခန်းဆောင်သို့ဝင်လျှင် ကိစ္စတစ်စုံတစ်ရာဖြင့် ဝင်ရောက်လာတတ်သော သားများ၊ မြေးများရှိနေတတ်သေးသောကြောင့် အိပ်ချိန်ရောက်မှ အိပ်ခန်းတံခါးကို ပိတ်လေ့ပိတ်ထရှိသော်လည်း ယနေ့ညတွင်မူ ကျွန်မတို့ဝင်ပြီးသည်နှင့် တစ်ပြိုင်နက် တံခါးကိုပိတ်လိုက်သည်။ ထို့နောက် ကျွန်မသည် အစ်ကို၏ခါးကို ယုယစွာပွေ့ဖက်ကာ အိပ်ရာဆီသို့ လာခဲ့ကြ၏။ ခုတင်စွန်းသို့အရောက်တွင် ဆီမီးရောင်ဖြင့် မှိုင်းညို့တည်ငြိမ်လျက်ရှိသော အစ်ကို၏မျက်နှာကို ကျွန်မ ရွှန်းရွှန်းစားစားကြည့်ကာ "ဒီနေ့ ရွှေနန်းတော်ကအပြန်မှာ ဖအေကြီးမျက်နှာ မကောင်းဘူးနော"ဟု စတင်လိုက်သည်။

အိပ်ရာထက်တွင် ယုယပူးကပ်ရင်း မေးမည်ဟု ကျွန်မစိတ်ကူးခဲ့သော်လည်း အစ်ကိုသည် အားရပါးရ စကားပြောစရာရှိလျှင် ခါတိုင်း သူလုပ်နေကျပုံစံအတိုင်း ကျွန်မအနီးမှ ခွာထွက်ကာ လက်နှစ်ဖက်ကို နောက်ပစ်၍ ကျွန်မရှေ့တွင် ခေါက်တုံ့

www.burmeseclassic.com



ခေါက်ပြန် ဖြည်းညင်းစွာလျှောက်ရင်း "ဟုတ်တယ်ညီမ၊ ဒီနေ့ညတော့ ညီမက မမေးတောင် အစ်ကိုက ပြောမလို့"ဟုဆိုကာ အတန်ငယ် ရပ်ဆိုင်းထားသည်။ ကျွန်မကလည်း ခါတိုင်းပုံစံအတိုင်းပင် အစ်ကို၏စကားကို အလေးအနက် နား ထောင် ဆွေးနွေးရန် ခုတင်ပေါ်တွင် ကျုံ့ကျုံ့ယုံ့ယုံ့ ပြင်ထိုင်လိုက်သည်။

"အရှေ့ပစ္စန္တရစ်မှာ သူပုန်ထလို့ အစ်ကိုကိုယ်တိုင်နဲ့ သားတွေပါ သွားရောက် နှိမ်နင်းရမယ်လို့ ဒီနေ့ ရွှေနန်းတော်က ဘုရင်မင်းမြတ်ကိုယ်တိုင် အမိန့်ချမှတ်လိုက် တယ် ညီမ"

"ဟင်...အရှေ့ပစ္စန္တရစ်က အင်မတန် အေးဆေးငြိမ်ဆိတ်တဲ့ ဒေသပဲ၊ အစ်ကို တို့ ညီမတို့ တပည့်တပန်းတွေလည်း အများကြီးရှိတယ်၊ ဘာသတင်းမှ မကြားခဲ့ ရပါလား"

"အဲဒါ ဒီနေ့ ပြဿနာပေါ့ ညီမ"

သာဝတ္ထိပြည် တစ်နံတစ်လျားဌ် ခိုးသားဓားပြ သူပုန်သူကန် ပေါ်ပေါက်ခဲ့လျှင် နှိမ်နင်းဖို့ဆိုသည်မှာ မဟာဗန္ဓုလလို စစ်သူကြီးအတွက် လုပ်ရိုးလုပ်စဉ်မှုဖြစ်၍ တစ်စုံတစ်ရာ ပြဿနာမဟုတ်ပေ။ သို့ရာတွင် ယနေ့အချိန်၌ သာဝတ္ထိနိုင်ငံ တစ်ခွင်လုံးသည် အလွန်အေးငြိမ်း စည်ပင်လျက် ရှိနေပေသည်။

သာဝတ္ထိတွင် ဘုရားရှင် ခိုင်ခိုင်မြဲမြဲ သီတင်းသုံးခဲ့သည့်အချိန်မှစ၍ ယခင်က မကြာခဏ ရန်မီးပွားတတ်လေ့ရှိခဲ့သော သာဝတ္ထိနှင့် ရာဇဂြိုဟ်တို့၏ နယ်စပ် ပြဿနာများမှာလည်း တစ်နေ့တခြား ကင်းရှင်းသာယာလာခဲ့သည်။ ဘုရားရှင်၏ အဆုံးအမ သာသနာတော်သည် ဘုရင်မင်းမြတ်နှင့်တကွ သာဝတ္ထိပြည်အလုံးကို လွှမ်းမတတ် သက်န်းရောင်တို့ဖြင့် တပြောင်ပြောင်ရှိနေသောကြောင့် တိုက်ရေး ခိုက်ရေး လက်နက်အရေးတို့ကို မေ့လုမတတ်ပင် ရှိနေကြကာ အစ်ကိုသည်ပင်လျှင် တစ်နေ့တခြား လုပ်ငန်းတာဝန် နည်းပါးလာသော စစ်သူကြီးတာဝန်မှ တစ်ဖက် တွင် လစ်ဟင်းသယောင်ရှိနေသော တရားရေးတာဝန်များကို ပူးတွဲထမ်းဆောင်နေရ သည် မဟုတ်ပါလော။

ရပ်ရွာထုံးစံ တစ်ခါတစ်ရံ သူခိုးဓားပြ အလေ့အမွှားတို့ကိစ္စ ပေါ်ပေါက်လာပြီ ဆိုလျှင် ထိုတာဝန်မျှသည် အစ်ကို၏အဆင့်သို့ ရောက်မလာ၊ မြို့ပြအုပ်ချုပ်ရေး ပိုင်းမျှဖြင့် ပြီးစီးသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုကဲ့သို့ ကြီးမားသောသူပုန်သူကန် နိုင်ငံရေးကိစ္စဆိုသည်မှာ ဖြစ်ပေါ်လာသည် ဆိုဦးတော့၊ အနည်းဆုံး ရွှေနန်းတော် အစိုးရအတွင်းပိုင်းသို့ သတင်းတစ်စုံတစ်ရာ ကြိုတင်ရောက်လာမြဲဖြစ်သည်။ ယခုမူ အရှေ့ပစ္စန္တရစ်၌ သူပုန်ထသည်ဆိုသော ကိစ္စမှာ ချက်တစ်ဖြုတ် သတင်းဖြစ်နေသောကြောင့် ဆန်းပြားသည်။ မမျှော်လင့်ဘဲ ဤသူပုန်ကိစ္စမှာ ရုတ်ခြည်းပေါ်ပေါက်လာသည်ဆိုဦးတော့ အစ်ကို့အဖို့ အစဉ်အလာ သာမန်တာဝန်တစ်ရပ်မျှဖြစ်၍ တုန်လှုပ်ဖို့မရှိနိုင်ပေ။ ယခုသော် ဤကိစ္စ၏နောက်ကွယ်တွင် ပြဿနာတစ်စုံတစ်ရာ ရှိနေသည်ဟု စဉ်းစားကွက်ပေါ်လာရ၏။

"အရေးဟဲ့ဆိုတော့ သွေးက စကားပြောလာတာပဲ ညီမ"

ကျွန်မသည် ကြီးမားလှသော အစ်ကို၏စကားအသုံးကြောင့် မျက်လုံးအဝိုင်းသားနှင့် အစ်ကို့အား ပင့်မော့ကြည့်လျက်မိသား ဖြစ်သွားရ၏။ ကျွန်မ၏လည်တံသည် အစ်ကို့ထံမှ နောက်ထပ်ထွက်ပေါ်လာမည့် စကားများဆီသို့ ဆန့်ရှည်၍ထွက်သွားသည်။

အစ်ကိုသည် ဤကဲ့သို့ "သွေး..."ဟူသော စကားလုံးကို မှတ်မှတ်ရရ ဤအကြိမ်ပါနှင့် နှစ်ကြိမ်မျှသာ ပြောခဲ့ဖူးပေသည်။ အကြိမ်ကြိမ် ဖွင့်မပြောသော်လည်း အစ်ကို့ခံစားချက်ကိုမူ ကျွန်မ သိနေခဲ့သည်သာဖြစ်၏။

အစ်ကိုသည် သာဝတ္ထိ၏ ဩဇာခံ ကောသလဘုရင်၏ စစ်သူကြီးဖြစ်သော်လည်း ဇာတိအခြေခံအားဖြင့်မူ ကျွန်မကဲ့သို့ပင် မလ္လာတိုင်းသား မလ္လာသွေးဖြစ်ပေသည်။ ငယ်စဉ်က ဒိသာပါမောက္ခဆရာကြီး ကျောင်းတော်တွင် ပညာသင်စဉ်က သာဝတ္ထိ၏ ယခုဘုရင်မင်းမြတ် ကောသလမင်း၊ ဝေသာလီ၏ လိစ္ဆဝီမင်းသားနှင့် ကုသိနာရုံ၏ မလ္လာမင်းသား အစ်ကိုတို့သည် ငယ်သူငယ်ချင်းများဖြစ်ကြ၏။ သုံးယောက်ပေါင်း လောင်းကျော်ဟု ဆိုရလောက်အောင် ဖက်တွဲချစ်ခင်ခဲ့ကြသော သူငယ်ချင်းများ ဖြစ်ကြသည်။

သူငယ်ချင်းများအပေါ်၌ ခင်တွယ်လွန်းသော အစ်ကို့မေတ္တာစိတ်သည် ပြင်းပြလွန်းသကဲ့သို့ပင် မိမိပညာ မိမိစွမ်းအား မိမိအရည်အသွေးပေါ်၌ ထားရှိအပ်သော အစ်ကို့စိတ်ဓာတ်၊ အစ်ကို့မာနသည်လည်း ငယ်ရွယ်သေးသလောက် ခက်ထန်ကြီးမားလှသူ ဖြစ်ခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် အစ်ကိုသည် မလ္လာသွေးရင်းတို့အလယ်တွင် ပေါ်ပေါက်လာခဲ့သော သာမန်ပြဿနာတစ်ရပ်မျှဖြင့် မလ္လာကို ကျောခိုင်းကာ ငယ်ချစ် သူငယ်ချင်း ကောသလဘုရင်ထံသို့ သစ္စာခံကာ အမှုတော်ထမ်းခဲ့သည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်၏။

သူငယ်ချင်းဘုရင်က မိမိနှင့် တန်းတူမျှ ချီးမြှောက်ထားရှိခဲ့သည်လည်း မှန်ပါ၏။ ငယ်ချစ်သူငယ်ချင်း၏ သစ္စာကိုခံပြီး ပေါ်ပေါက်လာသမျှ သာဝတ္ထိ၏ တိုင်းရေးပြည်မှုကိစ္စများတွင် သာဝတ္ထိနှင့်တကွ အခြားပြည်နယ် အားလုံးသို့ပင် "မဟာဗန္ဓုလ"ဟူသောအမည်ဖြင့် လွှမ်းဖုံးလောက်အောင် စွမ်းလွန်းတမံ တာဝန် ထမ်းဆောင် ကျေပွန်ခဲ့သည်လည်း မှန်ပါ၏။

သို့ရာတွင် အစ်ကိုသည် အသိစိတ်အခြေခံကြီးသူလည်း ဖြစ်သည့်အလျောက် ငယ်သွေးငယ်မာန်ဖြင့် မိမိအမျိုးမှ သွေဖည်ခဲ့မိသည့် အမှားကိုမူကား သတိရလျက်ပင် ရှိနေခဲ့ပေသည်။

စကားစပ်သဖြင့် ပြောရသော် သူငယ်ချင်းချစ်၊ မယားချစ်၊ အချစ်နှင့်ပတ်သက်လာလျှင် စွမ်းပကား အားသည်းလာတတ်သော အစ်ကိုသည် ကုသိနာရုံပြည်မှ ကျွန်မကို ရယူခဲ့သည့်ကိစ္စနှင့် ကျွန်မ၏ ပထမသားဦး ချင်ခြင်းကိစ္စများတွင် ရှုပ်ရှုပ်ချွံချွံ စွမ်းအင်ပြခဲ့ပုံများမှာ ရာဇဝင်တွင်လောက်ပါပေသည်။

ထိုစဉ်အချိန် ကျွန်မနှင့် စကားစပ်တစ်ခုတွင် အစ်ကိုသည် တမြုံ့မြုံ့ရှိနေခဲ့သော သူ့အမှား သွေးစကားကို စကားစွန်း စကားစအနေဖြင့် တစ်ကြိမ်ထွက်ပေါ်လာခဲ့ဖူးသည်။ သို့ရာတွင် သူ့စကားကို သတိဖြင့် ချက်ချင်းပင် ပြန်လည်ရုပ်သိမ်းခဲ့သည်။

ယနေ့ အစ်ကို့ထံမှ မမျှော်လင့်သော သွေးစကားကို အစ်ကိုကိုယ်တိုင်ကပင် ပြောလာသဖြင့် အံ့အားသင့်စွာဖြင့်ပင် ဆက်လာမည့်စကားကို စောင့်မျှော်နေမိ၏။

"ဘုရင်မင်းမြတ်နှင့် နီးစပ်မှုကြောင့် အစ်ကို့မှာ ပင်ကိုက မလိုသူများရတဲ့အထဲမှာ တရားရေးကို ကိုင်လိုက်တဲ့အခါကျတော့ ပိုများလာတယ်"

"အစ်ကိုလည်း ဖြောင့်မှန်အားကြီးလွန်းပါတယ်"

ဤကိစ္စကိုတော့ ကျွန်မ အသေအချာသိ၏။ သိရုံမက ပူးတွဲခံစားချက်များပင် ရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောသလဘုရင်၏ ရှိရင်းတရားရေးအဖွဲ့သည် လာဘ်မိုးစွေကာ ဣန္ဒြေပျက်လွန်းလှသည်။ ပြည်သူတို့ မခံနိုင်သောကြောင့် ဘုရင့်ရှေ့နားပေါက်သည်အထိဖြစ်လာသောအခါ တရားရေးတာဝန်ကို အစ်ကိုသို့ လွှဲပြောင်းပေးသည်။ အစ်ကိုဖြောင့်သည် မှန်ပါ၏။ သို့သော် တစ်ဖက်တွင် အတွင်းသားရန်သူတို့ တိုးပွားလာသည်။

စစ်မိုလ်ကတော်ဘဝနှင့်အတူ တရားသူကြီးကတော်ဖြစ်လာသော ကျွန်မထံသို့ ထုံးစံအတိုင်း နောက်ဖေးပေါက်မှ ရောက်လာကြသည်များ ရှိခဲ့သည်မှန်ပါ၏။ သို့ရာတွင် တင်းကျပ်ဖြောင့်မှန်လွန်းသော အစ်ကို၏ အတိန်းအကွပ်ကြောင့် သင့်လျော်သည့်အကူအညီမျိုးပင် ဖြစ်စေဦးတော့ မစွက်ဖက်နိုင်ခဲ့ပေ။ ဤအကြောင်းရပ် အခြေခံအရ လင်မယားချင်း နှစ်ကိုယ်ကြားတွင် ကိုယ်တိုင်သိ၊ ကိုယ်တိုင်ခံစားရသော ကိစ္စမို့ အစ်ကို့အား စကားလွန်ကလေး သုံးလိုက်မိခြင်းဖြစ်ပါသည်။

ကျွန်မစကားလွန်ကြောင့် အစ်ကိုသည် မှန်မှန်လျှောက်ရင်း ပြောနေရာမှ ရုတ်တရက်ရပ်ကာ ကျွန်မကို တူရူကြည့်ရင်း "ဖြောင့်မှန်တာဟာ အပြစ်လားညီမ၊ ဖြောင့်မှန်တာကို အပြစ်လို့တော့ မပြောလိုက်ပါနဲ့ ညီမ"ဟု ဟန့်လိုက်ပြီးနောက်...

"အဲဒီ တရားသမားဆိုသူတွေက အစ်ကို့ကို ကုန်းတိုက်ကြတယ်၊ ကုန်းတိုက်ရုံတောင် မကဘူး၊ သူပုန်မရှိတဲ့နေရာကို သူပုန်ထသလေး ဘာလေးနဲ့ အကွက်ဆင်ပြီး လွှတ်နိုင်အောင် သူတို့က ပိုင်နိုင်သွားကြတယ်"

"ဘုရင်မင်းမြတ်ကရော ဒီလိုကုန်းတိုက်တာကို မသိတော့ဘူးတဲ့လား၊ ချစ်ပါတယ်ဆိုတဲ့ သူငယ်ချင်းကို မငဲ့တော့ဘူးတဲ့လား"

အစ်ကိုက ကျွန်မဆီသို့ လက်ကိုမြှောက်၍ "ဘုရင်မင်းမြတ်ကို ဒီလိုမဝေဖန်နဲ့ညီမ၊ ဒါက ညီမတို့,အစ်ကိုတို့ကိစ္စမဟုတ်ဘူး၊ အစ်ကိုတို့ဟာ ဘုရင်မင်းမြတ်အမိန့်ကို နာခံဖို့ပဲရှိတယ်၊ တစ်စုံတစ်ရာ အထွန့်တက်ဖို့မရှိဘူး"ဟု ဟန့်တားလိုက်သည်။

"ဒါကတော့ လင်မယားချင်း နှစ်ယောက်တည်းမို့ ပြောတာပဲအစ်ကိုရဲ့"

"မပြောရဘူးညီမ၊ နိုင်ငံရဲ့သစ္စာ၊ ဘုရင်မင်းမြတ်ရဲ့သစ္စာကို စောင့်သိတယ်ဆိုတာ ကိုယ်နှုတ်နှစ်ပါးလုံး ရှေ့မှာလည်း စောင့်ရတယ်၊ ကွယ်ရာမှာလည်း စောင့်ရတယ်၊ လင်မယားချင်းလည်း စောင့်ရတယ်။ အစ်ကိုပြောချင်တာက ကိုယ်ရေးကိုယ်တာ အထိခံလာရတဲ့ တရားရေးအမတ်တွေဟာ အစ်ကို့ကို သွေးခွဲပြီး တိုက်ခိုက်လာကြတယ်ဆိုတဲ့ ကိစ္စပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရန်သူမရှိဘဲ စစ်တိုက်ထွက်ရမယ်ဆိုတော့ နောက်ပိုင်းမှာ စိုးရိမ်စရာတွေများ ရှိနေဦးမှာလား အစ်ကို"

"စစ်သားတစ်ယောက်အဖို့ စိုးရိမ်စရာဆိုတာ ဘာအဓိပ္ပာယ်မှ မရှိဘူးညီမ၊ အမိန့်ဟာ အမိန့်ပဲ၊ အမိန့်ကိုနာခံဖို့သာ စစ်သားရဲ့အလုပ်ပဲ။ စစ်သားဆိုတာ အချိန်အခါမရွေး နိုင်ငံနဲ့ ဘုရင်မင်းမြတ်အတွက် အသက်ကို ပေးလှူပြီးသားပဲ မဟုတ်လား"

"ညီမ သိပါရဲ့အစ်ကို၊ သို့ပေမယ့် မိန်းမသားဆိုတော့ စိုးရိမ်မိတာပဲ။ ဒါကြောင့်မို့ ကိုယ့်လင်သား စစ်ထွက်တိုင်း ပန်းသပြေ ညောင်ရေလောင်းနေရတယ်၊ ရတနာသုံးပါး မပြတ်ဆည်းကပ်နေရတယ်။ အခုလည်း အစ်ကိုတို့သွားရင် သံဃာတော်တွေ ဆွမ်းကျွေးရမယ်၊ အစ်ကို မပြန်မချင်း သီတင်းသီလစောင့်ဦးမယ် အစ်ကို"

"သိပ်ကောင်းတာပေါ့ ညီမ၊ သို့ပေမယ့် ဘုရားရှင်တော့ ဒေသစာရီကြွလို့ သာဝတ္ထိမှာ မရှိဘူး၊ အဂ္ဂသာဝကနှစ်ပါးကို ရအောင်ပင့်ပြီး သံဃာငါးရာလောက် ဆွမ်းကျွေးပေါ့"

"အစ်ကိုတို့ ဘယ်တော့ထွက်မှာလဲ"

"နက်ဖြန် နေ့လယ်ပဲ"

"သားတွေပါ ပါနေလို့လားမသိဘူး၊ ညီမအဖို့ ဒီတစ်ခါ စိုးရိမ်စိတ်ပိုကြီးနေမိတယ် အစ်ကိုရယ်။ အမိန့်နာခံရာလည်းရောက်၊ ကိုယ့်အဖို့လည်း အကာအကွယ်ဖြစ်အောင် တခြားလမ်းနဲ့ထွက်ရင်ရော မဖြစ်နိုင်ဘူးလား အစ်ကို"

"တော်...တော်...ညီမ၊ အလုပ်တာဝန်နဲ့ ပတ်သက်တဲ့ကိစ္စမှာ ညီမ ဘာမှ ဝင်မစွက်နဲ့။ စစ်သားကောင်းဆိုတာ အမိန့်ကိုနာခံရမယ်၊ သတ္တိရှိရမယ်။ သတ္တိဆိုတာ တိုက်ရဲခိုက်ရဲတာကို ခေါ်တာမဟုတ်ဘူး၊ အမိန့်ကိုနာခံတာ စည်းကမ်းသေဝပ်တာ ကိုယ့်ဘုရင်နဲ့ ကိုယ့်နိုင်ငံအပေါ်မှာ သစ္စာရှိတာကို သတ္တိလို့ခေါ်တယ်။ သေတာဟာ စစ်သားအဖို့ အဆန်းမဟုတ်ဘူး။ စစ်သားအဖို့ သတ္တိရှိဖို့၊ ရာဇဝင်တွင်ဖို့သာ အရေးကြီးတယ်။ သားတွေကို ဒီကိစ္စ ဘာမှမပြောနဲ့၊ သားတွေက အဖေအားကိုးနဲ့ စစ်ထွက်ရမယ်ဆိုလို့ ပျော်နေကြတယ်။ ကဲ...ညီမ အိပ်ပေတော့၊ မနက်ကို ပြင်စရာ ဆင်စရာ ဆွမ်းကွမ်းကိစ္စ စီစဉ်စရာတွေ ရှိသေးတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

လင်ယောကျ်ား စစ်သည်တော်များ စစ်ချီထွက်သည်ဆိုလျှင် အိမ်သူဇနီးအဖို့ အနည်းနှင့်အများ တစိုးစိုး တထိတ်ထိတ်ရှိကြသည်မှာ ဓမ္မတာပင်ဖြစ်၏။ သို့ရာတွင် ရှုံးပွဲမရှိ အောင်ပွဲချည့်လိုလိုဖြစ်ခဲ့သော အစ်ကို့အတွက်မူ အစ်ကို့အရည်အသွေး၊ အစ်ကို့သတ္တိနှင့်ကျော်ကြားလာသော အစ်ကို၏အမည်တို့အပေါ်တွင် ယုံကြည်ချက်ကြီးမားလှသောကြောင့် စိုးရိမ်စိတ်ဟူ၍ မရှိသလောက်ပင် ဖြစ်ခဲ့ပေသည်။ စိုးရိမ်စိတ် မရှိရုံမျှမက ရံဖန်ရံခါ ကြီးမားသောတာဝန်များကြောင့် စစ်သည်တော် မြောက်မြားစွာ စစ်ရေး စစ်ဝင်းကြီး ခင်းကျင်းလှုပ်ရှားနေသည်များကို ကြည့်ရှု၍ ပျော်စရာ ရွှင်မြူးစရာပင် ဖြစ်ခဲ့ရပေသေးသည်။

သည်အကြိမ်တွင်မူ စိတ်နောက်ကျူစရာ အကြောင်းခိုင်လုံလှသည်မဟုတ်သော်လည်း အစ်ကိုစစ်ထွက်ရမည်ဆိုကတည်းက စိတ်နှလုံးမရွှင်လန်းနိုင်ဘဲ လေးလေးပင် ဖြစ်၍နေမိသည်။ သည်တစ်ကြိမ် အစ်ကို စစ်ရေးစစ်ခင်း ပြင်ဆင်သည်ကိုမြင်ရသည် ကလည်း ခါတိုင်းလို စစ်သည်တော် အမြောက်အမြားဖြင့် ဝင်းကြီး ကျင်းကြီးနှင့် မဟုတ်ဘဲ သားအဖတစ်တွေချည်းသာ ဖြစ်လေရာ ကျွန်မအဖို့ အထီးကျန်နိုင်လွန်းသယောင် ထင်မြင်မိသည်။

ပင်ကိုအားဖြင့် အဘယ်မျှ တည်ငြိမ်စေကာမူ စစ်ဝတ်တန်ဆာ ဝတ်ဆင်လိုက်သည်ဆိုလျှင် တက်တက်ကြွကြွဖြစ်လေ့ရှိသော အစ်ကို၏ သဘာဝမှာလည်း ဤတစ်ကြိမ်တွင်မူ လေးကန်သယောင် ဖြစ်၍နေသည်။ သို့ရာတွင် ကျွန်မကပါ ညှိုးငယ်နေလျှင် စစ်ထွက်ဆဲ အစ်ကို့အတွက် ပို၍မသင့်လျော်သောကြောင့် လေးသောစိတ်ကို အစွမ်းနိုင်ဆုံး ပေါ့ပါးရွှင်လန်းအောင် သတိဖြင့်ထိန်းချုပ်ကာ အစ်ကို့ကို ပြုစုသည်။ ဖခင်၏ ကြီးမားသောဂုဏ်ကို စိတ်ချအားပြုထားကြသော သားများ အဖို့မူ ခါတိုင်းကဲ့သို့ပင် စစ်ထွက်ရမည့်အရေးကို အားကစားကွင်း သွားကြသကဲ့သို့ တက်တက်ကြွကြွ ရှိနေကြသည်။

သို့ဖြင့် လင်နှင့်သား စစ်သည်များ မြင်းကိုယ်စီနှင့် အိမ်ဝင်းအတွင်း လှုပ်ရှား ပြင်ဆင်ပြီးသည်မှတစ်ဆင့် ကျွန်မတို့မျက်စိအောက်မှ ပျောက်ကွယ်သွားသည်။ အစ်ကိုတို့ ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက်လိုလိုပင် နက်ဖြန်နံနက် ဆွမ်းကျွေးရမည့်ကိစ္စတွင် ချက်ရေးပြုတ်ရေး နေရာခင်းကျင်း ပြင်ဆင်ရေး စသည်တို့ အတွက် ကျွန်မတို့ ဆက်၍ လှုပ်ရှားဆောင်ရွက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်၏။ အစ်ကိုပြောသည့်အတိုင်းပင် ဇေတဝန်တွင် ဘုရားရှင်မရှိခိုက်နှင့် ကြုံသည်။ ဒေသစာရီထွက်ခိုက်နှင့် ကြုံသည်။ သို့ရာတွင် အဂ္ဂသာဝကကြီးနှစ်ပါးနှင့် လိုအပ်သမျှ ရဟန်းများကိုမူ အလွယ်တကူပင့်ဖိတ်၍ ရခဲ့ပေသည်။

တစ်နည်းအားဖြင့်လည်း ဘုရားရှင် မရှိသည့်အတွက် နှစ်သိမ့်ဖွယ်တစ်မျိုးဖြစ်ရပေသည်။ အကြောင်းမှာ အရှိန်အဟုန်ကြီးမားတော်မူလှသော ဘုရားရှင်၏မျက်ဝန်းအောက်တွင် အဂ္ဂသာဝကကြီးများ အပါအဝင် တပည့်ရဟန်းများရော ကျွန်မတို့ တပည့်ဒါယကာ ဒါယိကာမတို့ပါ ကိုယ်နှုတ်လက္ခဏာကို လေးစားကော်ရော်လှစွာဖြင့် ပို၍ထိန်းအုပ်သိမ်းဆည်းကြရသည်။ ယခုသော် ဆရာရင်း ဒကာရင်းသဖွယ်ဖြစ်နေပြီးသော သာဝကကြီးများ၊ မောင်ရင်း ဖွားရင်းသဖွယ် ခင်တွယ်ပြီးသော ရှင်အာနန္ဒာ စသည့်ကိုယ်တော်ကြီးများအား ရင်းရင်းနှီးနှီး ရဲရဲတင်းတင်း လျှောက်ထားပြောဆိုရင်း ဆွမ်းဆက်ကပ်နိုင်သည်။

ဤသို့ တွေးမိသောအခါ အမှတ်မဲ့ နောက်ကျူထိုင်းမှိုင်းလျက်ရှိသော ကျွန်မ၏စိတ်များသည် ကြည်လင်၍လာ၏။ အမှန်အားဖြင့် ကျွန်မသည် ဘုရားရှင်ထက် အဂ္ဂသာဝကကြီး ရှင်သာရိပုတ္တရာနှင့် ပို၍ရင်းနှီးသည်။ ရှင်သာရိပုတ္တရာ၏တရားဓမ္မများကို ပို၍နာဖူးသည်။ ဘုရားရှင်ထက် ရှင်အာနန္ဒာနှင့် ပို၍ရင်းနှီးသည်။ ရှင်အာနန္ဒာကို မောင်ရင်းဖွားရင်းသဖွယ် သဘောထားသည်။ ယင်းသို့ဖြင့် ကျွန်မတို့သည် ချက်ပြုတ်စီမံရင်းနှင့် မည်သည့်ကိုယ်တော်အား မည်သည့်အချိန်က ဖူးတွေ့ခဲ့ရသည်၊ မည်သည့်တရားမျိုး နာခဲ့ရသည်၊ မည်သည့်ကိုယ်တော်က မည်သည့်ဟင်းလျာမျိုးကို ကြိုက်တတ်သည် စသည်ဖြင့် မေးကြမြန်းကြ ပြောဆိုကြရင်းနှင့် ကုသိုလ်ရေးပြင်ဆင်မှုမှာ ပျော်ရွှင်စရာကြီး ဖြစ်လာရသည်။

သို့နှင့် နောက်တစ်နေ့နံနက်တွင် ရဟန်းတော်များ ကြွလာ၍ ဆွမ်းကျွေးမှုအိမ်တွင်းအခင်းအကျင်းတွင် ကျွန်မတို့မိန်းမသားချည်းသာဖြစ်၍ ယောကျ်ားသနာတစ်ယောက်ကိုမျှ မမြင်ရသောအခါ အရှင်သာရိပုတ္တရာကိုယ်တော်ကြီးက စကားစပ်အနေဖြင့် ဒါယကာကြီး ဗန္ဓုလကို မေးသည်။ ကျွန်မက မနေ့ကပင် စစ်ထွက်သွားသည့်အကြောင်း၊ ဤသည်ကို အကြောင်းပြု၍ ဆွမ်းကျွေးခြင်းဖြစ်ကြောင်း လျှောက်ထားရသည်။ မာတုဂါမအရေးတွင် အလေးအနက်ဆုံးမထားပြီးဖြစ်ကြသော ရဟန်းများက ဆွမ်းကျွေးသည့်ကိစ္စတွင် ကျွန်မတို့ချည်းဖြစ်သည်ကို သိရသောအခါ စက္ခုန္ဒြေ ပို၍ချလိုက်သည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် အဝတ်အဆင်ကို ကျစ်ကျစ်လျစ်လျစ် ဝတ်ဆင်ထားသော သမီးများသည် သံဃာတော်များအကြားတွင် တစ်ယောက်ဝင် တစ်ယောက်ထွက်ဖြင့် ဆွမ်းကပ်မှုကိစ္စ လိုအပ်သမျှကို ဆောင်ရွက်နေကြ၏။ ကျွန်မကမူ အဂ္ဂသာဝကကြီးနှစ်ပါးနှင့် မနီးမဝေး ခေါင်းရင်းပိုင်းကျကျ တစ်နေရာတွင်ထိုင်ကာ သံဃာတော်များကို ကြည်ညိုရင်း အစ်ကိုနှင့်သားများကို ရည်စူးမေတ္တာပို့သလျက်ရှိသည်။

ထိုအခိုက် အိမ်ဝင်းအတွင်းသို့ ခပ်သွက်သွက် ခပ်ကြမ်းကြမ်း ဝင်ရောက်လာသော မြင်းခွာသံနှင့် ခရီးပန်းသည့်အခါ မှုတ်ထုတ်သော မြင်းအသက်ရှူသံနှင့်၊ နှာမှုတ်သံများကို ရုတ်တရက် ကြားလိုက်ရသည်။ အကြောင်းမည်သို့ဟု တံခါးဝသို့ လှမ်းကြည့်လိုက်စဉ်မှာပင် သမီးတစ်ယောက် ကျွန်မဆီသို့ ရောက်လာကာ ရပ်ဝေးမှ ကျွန်မတို့၏ ကျွန်ဟောင်း မြင်းသည်ကျော်တစ်ဦး အရေးတကြီးကိစ္စတစ်ခုကြောင့် ကျွန်မနှင့် ခေတ္တမျှတွေ့လိုကြောင်း ပြောလာသဖြင့် တံခါးဝဆီသို့ ထလိုက်သွားရသည်။

တံခါးဝတွင် ကျွန်မကို ငံ့မျှော်လျက်ရှိသော မြင်းသည်ကျော်၏ မျက်နှာမှာ မကောင်းလှပေ။ ကျွန်မကိုမြင်သည်နှင့်တစ်ပြိုင်နက် ဘေးအိတ်မှ စာခွေတစ်ခုကို ထုတ်ယူကာ ကျွန်မသို့ ဦးညွှတ်၍ပေးသည်။ ကျွန်မလက်သို့ စာရောက်သည်နှင့် တစ်ပြိုင်နက်ပင် မြင်းသည်ကျော်သည် ဆောတလျင် လှည့်ပြန်သွားသည်။

စာခွေမှာ အရှေ့ပစ္စန္တရစ်ရှိ ကျွန်မတို့၏ လူယုံတော်ရွာသူကြီးတစ်ဦးထံမှဖြစ်၍ အကြောင်းရပ်မှာကား...အစ်ကိုနှင့် သားသုံးကျိပ်လုံးပင် ယနေ့နံနက်စောစောပိုင်းက ရန်သူနှင့်တိုက်ခိုက်ရာတွင် ကျဆုံးကွယ်လွန်ကုန်ကြကြောင်း သတင်းပင် ဖြစ်ပါတော့သည်။

ကျွန်မသည် ရုတ်တရက်သော် အရုပ်ကြိုးပြတ် ခွေယိုင်လဲကျလုမတတ် မိုက်ခနဲ ဖြစ်သွားသည်။ ရင်ဝဆီသို့ ဒိုင်းခနဲ အလုံးကြီးဆောင့်တက်လာသည်။ ကျွန်မတို့ မိန်းမသားများအဖို့ ဤအပူထက်ကြီးသော အပူမီးဟူ၍ ရှိနိုင်သေးပါအံ့လော။

သို့ရာတွင် ကျွန်မသည် မပြတ်လေ့လာထားသော သတိတရားကို အချိန်မီပင် ဖမ်းယူသိမ်းပိုက်လိုက်နိုင်သည်။ အချိန်မီ သတိတရားရောက်လာဖို့ရန် တရား၏ အရှင်ဖြစ်သော သံဃာတော်များကလည်း အနီးကပ်ရှိသောကြောင့် ဖြစ်တန်ရာပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် ဘုရားရှင်ပွင့်ထွန်းတော်မူ၍ ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်လာသည့် အချိန်မှစပြီး ဘုရားရှင်နှင့် သံဃာတော်များ၏ အဆုံးအမအရ ကျွန်မ အထူးပြု သိမ်းပိုက်မိသော တရားမှာ "သတိ"တရားပင် ဖြစ်ပါသည်။ အကြောင်းမှာ ဘုရားရှင်သည် အခြားတရားတော်များကို အကြောင်းကြိမ်သည့်အားလျော်စွာ ဟောကြားတော်မူသော်လည်း သတိမပြတ်ဖို့ မလစ်ဖို့ တရားကိုမူ နေ့စဉ်မပြတ် ဟောပါသည်။ ယင်းသတိတရားပေါ်တွင် မပြတ်လေ့လာမှုအရ ကျွန်မ သိရှိရသည်မှာလည်း မိမိ မိမိနှင့် တစ်မိတည်း မိလျက်ရှိနေကြသော ကျွန်မတို့၏ အတ္တ ရုပ်နာမ်ခန္ဓာတစ်ခုလုံးတွင် ကျွန်မတို့ဘက်၌ ကျွန်မတို့အတွက် "သတိ"တစ်ခုသာရှိကြောင်း သိရှိရပါသည်။

ထို့ပြင် ကျွန်မတို့ ဗုဒ္ဓဘာသာဝင်များ၏ ပန်းတိုင်ဖြစ်သော နိဗ္ဗာန်သို့ မရောက်နိုင်သေးသော်လည်း နိဗ္ဗာန်သို့ရောက်ပြီးသော ဘုရားရှင်နှင့် သံဃာတော်များ၏ အတုကိုမူ စွမ်းနိုင်သလောက် ယူရပါသည်။ ကျွန်မ ဉာဏ်မီသလောက် ဘုရား ရဟန္တာများနှင့် ကျွန်မတို့ ကွာခြားမှုမှာ သတိရှိမှု မရှိမှုပင် ဖြစ်ပါ၏။ နိဗ္ဗာန်သို့ရောက်ပြီးသော ဘုရားရှင်နှင့် ရဟန္တာတို့မှာ မပြတ်သတိ ရှိတော်မူကြသည်။ ကျွန်မတို့သည် နိဗ္ဗာန်အလုပ်ကို မလုပ်နိုင်သေးမီအတွင်း နေ့စဉ်လှုပ်ရှားလျက်ရှိသော ကာယကံမှု၊ ဝစီကံမှုများတွင်သာမက ကောင်းတစ်ချီ ဆိုးတစ်လှည့် မပြတ်ပြောင်းလဲလျက်ရှိသော စိတ်ဓာတ်အပေါ်တွင်လည်း ဘုရားရဟန္တာများ၏ အတုကိုယူကာ မပြတ်သောသတိဖြင့် ထိန်းသိမ်းလာခဲ့ပါသည်။

နောက်တစ်မျိုးအားဖြင့် ဘုရားရဟန္တာများနှင့် ကျွန်မတို့ ပုထုဇဉ်များ၏ ကွာခြားမှုမှာ ကျွန်မတို့အမြင်အားဖြင့် လောကဓံနှင့် ကြုံလာလျှင် ခံနိုင်ရည်ရှိမှု မရှိမှုပင် ဖြစ်ပါသည်။ ကျွန်မသည် ကြုံလာသော လောကဓံကို ခံနိုင်ရည်ရှိပြီဟု မဆိုလိုသော်လည်း ဘုရားရဟန္တာကြီးများ၏ အတုကိုယူကာ ခံနိုင်ရည်ရှိအောင်ကား မပြတ်သောသတိဖြင့် ကြိုးစားခဲ့ပေသည်။

ထို့ကြောင့် လင်ရော သားများပါ လောလောလတ်လတ် ကွယ်လွန်သွားကြပြီဟူသည့် ကျွန်မတို့ အမျိုးသမီးများအဖို့ အကြီးဆုံးသော လောကဓံနှင့် ယခုကြုံလာသောအခါ ရုတ်တရက် လဲပြိုလုမတတ် ဖြစ်သွားသော်လည်း မပြတ်လေ့လာခဲ့သော သတိတရားဝင်လာကာ ထိန်းထားလိုက်နိုင်ပါသည်။ သာမန် ထိန်းထားနိုင်ရုံမျှ မဟုတ်ဘဲ ကြည်သောရုပ်မှ မကြည်သောရုပ်သို့ မပြောင်းမိစေရန်ပင် သတိပြု

www.burmeseclassic.com



ထိန်းချုပ်ကာ မူလနေရာ ရဟန္တာကြီးများရှေ့သို့ ဟန်မပျက် ဝင်ရောက်ပြီး ဆွမ်းဒါနတွင် ကြည်ညိုလျက်ရှိရပါသည်။

သို့နှင့် သံဃာတော်များ ဆွမ်းစားပြီးကြ၍ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးကိုယ်တိုင် ဆွမ်းအနုမောဒနာတရား ဟောကြားပြီးကာ ကျောင်းသို့ပြန်ကြွရန် အချိန်သို့ပင် ရောက်လာသည်။

သဒ္ဓါစိတ်ဖြင့် ဆိတ်ငြိမ်လျက်ရှိသော ထိုအချိန်၌ လှုပ်ရှားမှုအကြောင်းတစ်ရပ် ပေါ်ပေါက်လာ၏။ ထိုအကြောင်းသည်ကား ပန်းကန် ခွက်ယောက် ဆွမ်းကျွေးပစ္စည်းများကို ရွှေ့ရင်းပြောင်းရင်းနှင့် သမီးတစ်ယောက်၏လက်မှ ထောပတ်ထည့်သော အိုးသည် သံဃာတော်များရှေ့တွင် ရုတ်တရက် မတော်တဆကျ၍ ကွဲသွားခြင်းပင် ဖြစ်သည်။

ကြီးမားသောကိစ္စများ ဆောင်ရွက်ရာ၌ ဤလို အသေးအမွှားကိစ္စကြောင့် စိတ်အနှောင့်အယှက် ဖြစ်ကြရတတ်သည်။ ကျွန်မအဖို့လည်း ဤကိစ္စကလေးကြောင့် စိတ်အနှောင့်အယှက်မဖြစ်မိစေရန် အရှင်သာရိပုတ္တရာက "ဒါယိကာမကြီး မလ္လိကာ...သဒ္ဓါစိတ်ကို အနှောင့်အယှက်မဖြစ်စေလင့်။ ဘိန္ဒန ဓမ္မော ဘိန္နတိ–ကွဲတတ်သောသဘာဝသည် ကွဲသည်သာတည်း"ဟု တရားပြ မိန့်တော်မူကာ ကျောင်းသို့ကြွရန် နေရာမှ ထတော်မူကြသည်။

အလွန်လိုက်ဖက် အဆင်ပြေလှသော တရားတော်ဖြစ်၍ ရိုးရိုးအတိုင်းသာ ဆိုလျှင် အလိုက်သင့် နာယူလိုက်ရုံမျှဖြစ်သည်။ သို့ရာတွင် ကျွန်မသည် ဤအရှင်တို့၏ တပည့်ရင်းဖြစ်၍ ကျွန်မသည်လည်း အရှင်တို့အလားတူပင် အဘယ်မျှ စိတ်ဓာတ်ခိုင်ကြည်လျက်ရှိပါသည်ဟူသောအကြောင်းကို ဆရာအား တပည့်က မျက်နှာလုပ်သလို လုပ်ပြလိုစိတ် ပေါ်လာသောကြောင့် ပြန်ကြွရင်း ကျွန်မအနီးသို့ ရောက်လာသော အရှင်သာရိပုတ္တရာအား ကျွန်မ၏ ခါးကြားထဲမှ သဝဏ်လွှာကို ထုတ်ယူကာ ဆက်ကပ်လိုက်သည်။

ကိုယ်တော်ကြီးသည် စာလွှာကိုဖတ်ရှုပြီးသည်နှင့် ကျွန်မမျက်နှာသို့ စိမ်းစိမ်းရှန်းရှန်း စိုက်ကြည့်တော်မူလိုက်သည်။ ထိုအကြည့်သည် ဓမ္မရသ အဓိပ္ပာယ် ရာ,ထောင်ကို ဆောင်၏ဟု ကျွန်မ နားလည်လိုက်ရသည်။

မျက်စိပသာဒရုပ်နှင့် အဆင်းအာရုံ တစ်စုံတစ်ခုသို့ ထိတွေ့ရာ၌ မြင်ခြင်း၊ ကြည့်ခြင်း၊ ရှုခြင်းဟု အဓိပ္ပာယ်သုံးရပ်ရှိသည်ဟု ကျွန်မ နားလည်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်ခြင်းမှာ မျက်စိအကြည် ပသာဒရုပ်ကို ဖွင့်ထားသည့်အခါ၌ တူရူတွင် ရှိသမျှကို အလိုအလျောက် မြင်နေရသည်။ ကြည့်ခြင်းမှာ အကြောင်းထူးထွေ မဟုတ်စေကာမူ သာမန်အားဖြင့် ကြည့်လိုက်ခြင်းမျိုးဖြစ်သည်။ ရှုခြင်းမှာကား ရှုသူ၏ နှလုံးဟဒယတွင် ထိတွေ့အပ်သော အရှုခံပုဂ္ဂိုလ်အပေါ်၌ ရွှန်းရွှန်းစူးစူး ရှုမြင်ထိတွေ့ခြင်းပင် ဖြစ်သည်။

ရဟန္တာပုဂ္ဂိုလ်များသည် အာရုံငါးပါးတည်းဟူသော လောက၏အထိအတွေ့ များ၌ ခံစားမှုအာရုံ တစ်စုံတစ်ရာမရှိ၊ မလွဲသာမရှောင်သာသဖြင့် သာမာန်ပြုလုပ်မှု ကြိယာသဘောမျှ ပြုလုပ်တတ်စမြဲဖြစ်သည်။

ယခု အရှင်မြတ်ကြီးက ကျွန်မသို့ ရွှန်းရွှန်းစားစား ရှုကြည့်လိုက်ရာ၌မူ လူသာမန်တို့တွင် တွေ့ရခဲသော သောကထိန်းနိုင်မှု အပြုအမူကြီးကို စာလွှာအရ တွေ့လိုက်ရသောကြောင့် ကျွန်မအပေါ်တွင် အရှင်မြတ်ကြီးက အထင်ကြီးမှု၊ ချီးကျူးမှု၊ ဤဒါယိကာမကြီးသည် လောကီနယ်ပယ်မှပင် လွတ်မြောက်နေလေပြီ လောဟု စူးစမ်းမှုသဘောတရားများ ပါဝင်နေသောကြောင့် ဖိနှိပ်ထိန်းကွပ်ထားအပ် သော သောကမီးနေရာတွင် သဒ္ဓါစိတ်၊ ပီတိစိတ်အပြည့်ဖြင့် ကြည်နူးရင်း ကျန်ရစ် ခဲ့ရပါတော့သည်။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# တောင်ကြီးပြုချိန်

[ ၁ ]

နွေရာသီပင်ဖြစ်သော်လည်း မိုးဘက်သို့ လုနေပြီဖြစ်၏။ လေတွင် မိုးငွေ့ မိုးသက် အေးမြမြကလေး ပါလာသည်။ ကောင်းကင်တစ်ခုလုံးသည်လည်း မြူခိုး မြူငွေ့တို့ဖြင့် မှိုင်းပျပျ အုပ်ဖုံးလျက်ရှိ၏။ မိုးသားတိမ်တိုက်တို့ကဲ့သို့ အစိုင်လိုက် အဆုပ်လိုက် မညီမညာ ဖုံးအုပ်ခြင်းမဟုတ်၊ မိုးကောင်းကင်တစ်ခုလုံးတွင် မြူကမ္ဗလာညိုကြီး ဖုံးအုပ်ထားသည့်အလား ထက်အောက်ဝန်းကျင် တညီတညာတည်း မှိုင်းညို့ရည်မှောင်လျက်ရှိသည်။

လောကဓာတ်သည် ဝမ်းနည်းခြင်း အထိမ်းအမှတ်ကို ဆောင်လေယောင် တကား။

ဘုရားရှင်သည် တယိမ်းယိမ်း တယိုင်ယိုင် ခန္ဓာ,ခြေ,လက်တို့ကို အနိုင်နိုင် သယ်ရသော အဟန်ဖြင့် အင်ကြင်းတောအုပ်သို့ဝင်၏။ လက်ယာဘက်တွင် ရှင်အာနန္ဒာမှီတွဲ၍ လက်ဝဲဘက်တွင် ရှင်စုန္ဒက မှီတွဲထောက်ကူထားရသည်။

တစ်နေ့လုံး အကြိမ်များစွာ ဝမ်းတော်လားနေပါလျက်နှင့် မလ္လာမင်းတို့၏ အင်ကြင်းတောသို့ ကြီးစွာသောဝီရိယဖြင့် အရောက်လာခဲ့၏။ သက်တော်ရှစ်ဆယ် ရောက်၍ အိုမင်းကြီးရင့်လှုပြီဖြစ်သည့်ပြင် ဝမ်းသွန်ဝေဒနာကလည်း နှိပ်စက်လျက် ရှိသောကြောင့် ပင်ပန်းတော်မူလှ၏။ သို့ရာတွင် ပင်ပန်းခြင်းကို ဂရုမပြုနိုင်။ သတ္တဝါဝေနေယျတို့ အကျိုးရှိဖို့ဆိုလျှင် အရိုးကြေကြေ အရေခန်းခန်း မဆုတ်တမ်း

www.burmeseclassic.com



မလျှော့တန်း ဝီရိယမျိုးဖြင့် တစ်သက်တာလုံးတွင်ပင် အားထုတ်လုပ်ဆောင်ခဲ့သည် မဟုတ်ပါလော။

ဘုရားရှင်သည် ယနေ့ပင် ပရိနိဗ္ဗာန် စံတော်မူမည်။ အာယုသင်္ခါရ လွှတ်တော်မူရန် ပိုင်းဖြတ်ထားခဲ့ပြီး ဖြစ်တော်မူသည်။ ယင်းသို့ ပရိနိဗ္ဗာန်စံတော်မူရာ၌ ရာဇဂြိုဟ်၊ သာဝတ္ထိ၊ ကောသလ၊ ပါဝါ၊ ဝေသာလီ စသော နိုင်ငံကြီးများတွင် ခမ်းနားစွာ ခံယူနိုင်ပါ၏။ သို့ရာတွင် ခမ်းနားကြီးကျယ်ခြင်းသည် ဘုရားသခင်၏ လိုအပ်သောအရာမဟုတ်၊ ဝေနေယျ သတ္တဝါတို့အကျိုးရှိခြင်းသာ ဘုရားသခင်၏ လိုအပ်ချက်ဖြစ်သည်။

မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တွင် ပရိနိဗ္ဗာန်ယူတော်မူခြင်းဖြင့် မဟာသုဒဿနသုတ္တန်ကို ဟောကြားရဖို့ အကြောင်းရှိသည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်လျှင် ဖြစ်ပေါ်လာလတ္တံ့သော ဘုရင်တို့၏ အဓိကရုဏ်းမှ ငြိမ်းအေးဖွယ်ရာနေရာလည်း ဖြစ်သည်။ ထို့ထက် ကြီးကျယ်သောကိစ္စ ဘုရားရှင်၏ တပည့်သာဝကတို့တွင် နောက်ဆုံးဖြစ်သော ဥပက၏သား သုဘဒ္ဒပရိဗိုဇ် ကျွတ်တမ်းဝင်မည့်နေရာလည်း ဖြစ်သည်။

လူကြီးများသည် မိမိတို့ငယ်စဉ်က ရှေးဟောင်းနှောင်းဖြစ်များကို သတိရတတ်သကဲ့သို့ ဘုရားရှင်သည်လည်း သက်တမ်း၏ နောက်ဆုံးအချိန်၌ ဥပက၏သားဖြစ်သော သုဘဒ္ဒကို သတိရ၏။

အမှန်တရားကိုရှာ၍ တရားဖြင့်မွေ့လျော်သော ဥပက တက္ကဒွန်းသည် ထူးခြားသူဖြစ်၏။ အကြောင်းသော်မူကား ဗုဒ္ဓသည် ဘုရားဖြစ်ရာ မဟာဗောဓိမှ ပဉ္စဝဂ္ဂီတို့ထံ တရားဦးဟောရန် အသွား၌ လမ်းခရီးတွင် ဥပကနှင့် ရင်ဆိုင်တိုးသည်။ ထို့ကြောင့် ဘုရားအဖြစ်သို့ ရောက်ပြီးသည်၌ ဥပကသည် တဖုဿနှင့် ဘလ္လိက ဥပါသကာနှစ်ယောက်တို့နောက်တွင် ရှေးဦးတွေ့ခဲ့သူ ဖြစ်သောကြောင့်တည်း။

ထိုအချိန်က ဘုရားရှင်သည် မိမိရရှိအပ်သော တရားမျိုးစေ့ကို ဖြန့်ဖြူးရန် ကြိုးပမ်းချိန်ဖြစ်၏။ တရားဆိုသည်မှာ နားလည်ခံယူနိုင်သူကို ဟောရမှ အကျိုးရှိသည်။ မိမိတရားရှာစဉ်က ဆရာဖြစ်ဖူးသော အာဠာရနှင့် ဥဒကရသေ့တို့သည် ခံယူနိုင်သူများ ဖြစ်ကြပါ၏။ သို့ရာတွင် ကွယ်လွန်ကုန်ကြပေပြီ။ တဖုဿနှင့် ဘလ္လိကတို့သည် သရဏဂုဏ်မျှဖြင့်သာ သင့်လျော်သူများ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဥပကသည်လည်း မိမိ၏တရားမျိုးစေ့ကို ခံယူနိုင်သူ မဟုတ်သေးပေ။ အကြောင်းမူကား ဥပက၌ မဇ္ဈိမမှ တရားဂိုဏ်းဆရာများအပေါ်တွင် တင်ရှိသော သံသယသည် ကြီးစွာနှောင့်ယှက်လျက် ရှိသောကြောင့်တည်း။

မဇ္ဈိမ၌ တရားနှင့် တရားဂိုဏ်းဆရာ ဘုရားအမည်ခံတွေ ပေါများလှသည်။ အမှန်ဟူသည် နှစ်ခုမဖြစ်နိုင်သကဲ့သို့ ဆရာဘုရားဟူသည်လည်း တစ်ဦးတည်းသာ ဖြစ်သင့်သည်။ ယခုမူ မဇ္ဈိမရှိ တရားနည်းအမျိုးမျိုးဖြင့် ဆရာတွေ မှိုလိုပေါက်နေသည်။

ဤကား ဥပက၏ သံသယဖြစ်၏။

ဥရုဝေလတောအတွင်း၌ ဘုရားရှင်နှင့် ခရီးရင်ဆိုင်တိုးသောအခါ ဥပကသည် ညက ထွန်းတောက်ခဲ့သော လ,လုံးကြီး တောထဲသို့ပြုတ်ကျနေသည်ကို တွေ့ရဘိ အလား အံ့အားသင့်သွားသည်။

ဥပကသည် ဘုရားရှင်အား မျက်လုံးကို စုံမှုန်၍ကြည့်၏။ အားမရသောကြောင့် လက်ဖြင့်ကာ၍ကြည့်၏။ အဝတ်အဆင်ကြောင့် သူကဲ့သို့ပင် တရားရှင် ရဟန်းဖြစ် သည်ကိုကား သိ၏။ သို့ရာတွင် ဤရဟန်းမျိုး တစ်ကြိမ်မျှမတွေ့ခဲ့စဖူး။ ထို့ကြောင့် ဥပက,က...

**"ငါ့ရှင်...သင့်ရုပ်ရည်ကား ဖြူးဖြူးပြေပြေ ကျက်သရေရှိလှပါဘိသည်။ သင့်မှာ တရားထူးရှိဟန်တူသည်။ သင့်ဆရာ မည်သူနည်း။ သင့်အမည် ဘယ်သို့ ခေါ်သနည်း"**ဟု မေး၏။

**"ဥပက...ငါ့မှာ ဆရာမရှိ။ ငါ့အမည်ကား အနန္တဇိနတည်း"**ဟု ဘုရားရှင်က တိုတိုပင်ဖြေ၏။

ထိုအဖြေကြောင့် ဥပက တွန့်သွားသည်။ လာပြန်ပြီကော ဘုရားတစ်ဦး။ သို့သော် ဤဘုရားကတော့ အတော်ကျေနပ်လောက်သည်။ ရင့်ကျက်သောဣန္ဒြေ အသရေအပြည့်နှင့် တရားထူးရှိပုံရသည်။ ယင်းသို့ သံသယဖြစ်ဆဲမှာပင်...

"ဥပက...ယခုကား သင်လည်း ခရီးသွားဆဲ၊ ငါလည်း ခရီးတန်းလန်း ဖြစ်သည်။ ငါ့ကိုမှတ်ထားပါ၊ အလျဉ်းသင့်သည့်အခါ ငါ့ထံလာပါ၊ **အနန္တဇိန** ဟု မေးလျှင် ငါ့ထံရောက်ပါလိမ့်မည်"ဟု မိန့်တော်မူ၍ ဘုရားရှင်သည် ဥပကမှ ဖဲခွာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဥပကသည် ဘုရားရှင်နောက်မှ မျက်စိတစ်ဆုံးကြည့်ရင်း ကျန်ခဲ့သည်။ နောင်အခါ၌ ဥပကသည် **အနန္တဇိနု**ကိုမေးရင်း ဘုရားရှင်ထံရောက်၍ ကျွတ်တမ်းဝင်ခဲ့၏။

ဥပကနှင့် မုဆိုးသမီး စာဝါတို့၏သား သုဘဒ္ဒသည် သူ့အဖေကဲ့သို့ပင် ပရိဗိုဇ်ဖြစ်လာ၏။ သူ့အဖေကဲ့သို့ပင် မဇ္ဈိမမှ များလှစွာသော ဂိုဏ်းဆရာများအပေါ်တွင် သံသယတန်းလန်းနှင့်ရှိရင်း ယခု မလ္လာပြည်၏ တစ်ခုသောသစ်မ်းသို့ ရောက်နေသည်။ သုဘဒ္ဒသည် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူခါနီးဆဲဆဲ၌ ကျွတ်တမ်းဝင်ဖို့ရှိသည်။ ဘုရားရှင်သည် သာသနာတော် အကျိုးဖြစ်ဖို့ဆိုလျှင် မိမိအကျိုးကို ခြင်ရွေးမှု ငဲ့ကွက်ရီးမရှိခဲ့။

[ ၂ ]

ဤအကြောင်းများကြောင့် ဘုရားရှင်သည် ခန္ဓာကိုယ်ကိုမထိန်းနိုင် မဆယ်နိုင်သည်အထိ ပင်ပန်းလှသည်ကိုပင် ပင်ပန်းသည်သို့ သဘောမထား၊ အရီးကြေကြေအရေခန်းခန်း ကြီးစွာသောဝီရိယဖြင့် မလ္လာမင်းတို့၏ အင်ကြင်းတောသို့ အရောက်ကြွတော်မူခဲ့သည်။

ထို့ပြင် ဘုရားရှင်သည် သူတော်ကောင်းတို့ထုံးတမ်း သဘောအတိုင်း တောကိုနှစ်သက်သည်။ တောဖြင့် ဗုဒ္ဓအဖြစ်ကို ရယူခဲ့သလို တောဖြင့်ပင် ပရိနိဗ္ဗာန်စံလိုသည်။

ထို့ကြောင့်ပင် ပါဝါပြည်မှ မလ္လာမင်းတို့၏ အင်ကြင်းတောသို့ အရောက်လာခဲ့ရာတွင် အကြိမ် ၂၀ ကျော်မျှ ဝမ်းတော်လားလျက်နှင့် အရောက်လာခဲ့ရသောကြောင့် ခန္ဓာကိုယ်တော်ကိုမျှ မထိန်းနိုင်လောက်အောင် အားတော်ကုန်ခန်းတော်မူလှသဖြင့် ရှင်အာနန္ဒာနှင့် ရှင်စုန္ဒတို့က တစ်ဖက်တစ်ချက် တွဲယူတော်မူကြရသည်။

ထိုအချိန်သည်ကား မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်နေ့၏ ညနေပိုင်းအချိန် ဖြစ်လေ၏။

အင်ကြင်းတောအုပ်အစပ်သို့ ဘုရားရှင်၏ ခြေတော်အစုံ ချလိုက်မိသည်နှင့်တစ်ပြိုင်နက် အင်ကြင်းပန်းတို့သည် ဘုရားရှင်အား အစွမ်းကုန်ပူဇော်ကြသည့်ပမာအစွမ်းကုန်ပွင့်ကြသည်။ မိုးကောင်းကင်သည် မှိုင်းကုပ် မှုန်ရီလျက် ဝမ်းနည်းခြင်းအသွင်ဖြင့် ဘုရားရှင်အားပူဇော်၏။ သို့ရာတွင် လေကလည်း တစ်နေ့လုံး ပင်ပန်း

www.burmeseclassic.com



နှမ်းရိတော်မူလာရသော ဘုရားရှင်အား တညင်းညင်း တသုန်သုန်ဖြင့် တိုက်ခတ်ပူဇော်သောအခါ အင်ကြင်းပန်းတို့က တလှုပ်လှုပ် ခါထွက်ပစ်ခြင်းဖြင့် လေကိုစိတ်ဆိုးသယောင်ရှိသည်။ အကြောင်းမူကား လေ၏တိုက်ခတ်မှုကြောင့် အင်ကြင်းပန်း အင်ကြင်းရွက်တို့ မလှုပ်ရှားချင်ဘဲလျက် လှုပ်ရှားရ၏။ လှုပ်ရှားခြင်းသည် မြူးကြွခြင်း၏ ရိပ်လက္ခဏာဖြစ်သည်။ ဘုရားရှင်အား အင်ကြင်းပန်းတို့က အစွမ်းကုန် ပွင့်ခြင်းဖြင့်သာ ငြိမ်သက်စွာပူဇော်လိုသည်၊ မလှုပ်ရှားလိုကြ။

အင်ကြင်းတောရှိ ကျေးငှက်သာရကာတို့ကလည်း ဆိတ်ငြိမ်စွာဖြင့် ဘုရားရှင်အား ပူဇော်ကြသည်။ ခါတိုင်းဆိုလျှင် ဤအင်ကြင်းတောသည် ပင်ကိုအားဖြင့် သာယာလှသည့်အပြင် မလ္လာမင်းတို့ အပန်းဖြေရာဒေသဖြစ်သည့်အတိုင်း ဥယျာဉ်မှူးတို့က အစွမ်းကုန်ပြုပြင်ထားအပ်သော တောဖြစ်ပေရာ ကျေးငှက်သာရကာတို့ အလွန်ပျော်ရွှင်၍ အသံမစဲ တသဲသဲ တရုတ်ရုတ်ရှိသော တောဖြစ်ခဲ့၏။ ယခုမူ ကျေးသံ ငှက်သံဟူ၍ တစိုးတစိမျှ မကြားရဘဲ ဝမ်းနည်းခြင်းဖြင့် ငြိမ်သက်နေကြသည်။

ဘုရားရှင်သည် တောအုပ်သို့ အတန်ငယ်ဝင်မိသောအခါ ရှင်အာနန္ဒာအား တစ်နေရာသို့ လက်ညှိုးညွှန်ပြတော်မူသဖြင့် ကြည့်လိုက်သောအခါ မလ္လာမင်းတို့ အပန်းဖြေရာတွင် အသုံးပြုသော သလွန်ညောင်စောင်းကို တွေ့ရသည်။ အရှင်အာနန္ဒာသည် ဘုရားရှင် အလိုတော်ကို သိတော်မူသဖြင့် ရဟန်းငယ်တစ်ပါးကို ခေါ်ကာ ထိုသလွန်ညောင်စောင်းကို ချီမကြပြီးလျှင် ရဟန်းပရိသတ်, လူပရိသတ် အတွက် နေရာအကွက်အကွင်း အသင့်လျော်ဆုံးဖြစ်သော အင်ကြင်းပင်ကြီးနှစ်ပင်၏ အကြားတွင် ခင်းသည်။ ထို့နောက် ဒုကုဋ်သင်္ကန်းကြီးကို အခင်းအဖြစ်ခင်း၍ ဘုရားရှင်အား ကိုယ်တိုင်တွဲယူပြီး သလွန်တွင် သီတင်းသုံးစေသည်။ ဘုရားရှင်သည် သလွန်ပေါ်၌ လျောင်း၍ ငြိမ်သက်စွာ နားနေတော်မူ၏။

ဘုရားရှင်၏ မျက်နှာတော်ကို ဖူးမြော်မပြတ် တရစပ်ကြည့်ညိုရာ၌ ဝက္ကလိမထေရ်သည် သရဖူဆောင်းသူ ဖြစ်သည်မှန်ပါ၏။ သို့ရာတွင် ဘုရားရှင်မျက်နှာတော်ကို ဖူးမြော်ကြည်ညိုရာ၌ ရှင်ဝက္ကလိသည် ရှင်အာနန္ဒာထက် သာနိုင်အံ့မထင်ဟုပင် နှိုင်းယှဉ်စလောက်သည်။

ရှင်အာနန္ဒာသည် ဘုရားရှင်အား မပြတ်ဆည်းကပ်ရသော လက်ကသုံး တောင်ဓား ဖြစ်ရုံမျှမက ညီနောင်သွေးရင်းလည်း ဖြစ်သည်။ ဘုရားရှင်ကိုယ်တော်ကို

www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်အလား အရာရာသည်းခံ၍ နေ့ညဥ့်မရွေး နေရာမရွေး ကိစ္စမရွေး ကြီးမားသော မေတ္တာဖြင့် ပြုစုနိုင်သူလည်း ဖြစ်သည်။

ဖြစ်နိုင်လျှင် ရှင်အာနန္ဒာသည် ဘုရားရှင်မျက်နှာတော်ကို မပြတ်ရှုကြည့်ဖူးမြော်၍သာ နေလိုသည်။ သို့ရာတွင် ဤသို့ကြည်ညိုပုံ ကြည်ညိုနည်းကို ဘုရားရှင်က မကြိုက်မှန်းသိ၍သာ ဘုရားရှင်၏ မျက်နှာတော်ကို ကြည်ညိုလိုသည့်အခါတိုင်း တိတ်တခိုး ကြည်ညိုခဲ့ရသည်။

ဘုရားရှင်၏ဆန္ဒမှာ မိမိကိုကြည့်၍ ကြည်ညိုသည်ထက် မိမိတရားကို ကျင့်စေလိုသည်။ သူတစ်ပါးကိုကြည့်သည်ထက် မိမိကိုယ်ကိုသာ ကြည့်စေလိုသည်။ သို့ဖြစ်၍ ဘုရားရှင်အား တစိမ့်စိမ့်ရှုခြင်းဖြင့် အကြည်ညိုလွန်သော ဝက္ကလိမထေရ်အား ဘုရားရှင်က အပြစ်ဆိုတော်မူခဲ့ဖူးသည်။ ဤသည်မှာ ရှင်အာနန္ဒာအဖို့လည်း သင်ခန်းစာဖြစ်သောကြောင့် နောင်တော်အား ချစ်ခြင်းမေတ္တာအပြည့်ဖြင့် တစ်ရံမပြတ် ကြည့်ရှုခစားလိုလှသော်လည်း အပြစ်ဆိုခံရမည်ကြောင့် မဝံ့ခဲ့။

ယခုသော် အပြစ်ဆိုရုံမက ရိုက်နှက်ဆုံးမလိုသော်ပင် ဆုံးမပစေ၊ မကြည့်ဘဲ မနေနိုင်ပေ။ အကြောင်းမှာ ဘုရားရှင်သည် ကြွေခါနီးပန်းပွင့်ကဲ့သို့ ယဲ့ယဲ့မျှသာ ရှိတော်မူရှာသည်။ ဝေဒနာဆိုးသည် နှိပ်စက်လျက်ရှိသဖြင့် ဝေဒနာ၏ဒဏ်ကို တရားတည်းဟူသော ဆေးဖြင့်သာ ကုစားတော်မူကာ သည်းခံ၍နေတော်မူရ၏။ သက်တော်ကလည်း ကြီးရင့်လှပြီ။

သည်အချိန်အခါမျိုးတွင် ဘုရားရှင်၏မျက်နှာတော်ကို အမြဲမပြတ် အကဲခတ်နေဖို့ လိုသည်။ ထို့ကြောင့် ရှင်အာနန္ဒာသည် သလွန်ညောင်စောင်း၌ နေထားတကျ ဘုရားရှင် စံနေတော်မူပြီးသောအခါ ဘုရားရှင်၏ ခြေတော်ရင်းမှ မတ်တတ်ရပ်ရင်း ဘုရားရှင်၏မျက်နှာတော်ကို မမိုတ်သောမျက်လုံးတို့ဖြင့် တစိုးရိမ်ရိမ် တကြောင့်ကြကြ ရှုကြည့်လျက်ရှိသည်။ နောက်ပါရဟန်းပရိသတ်သည် ဘုရားရှင်၏ ပတ်ဝန်းကျင်တွင် ငြိမ်သက်စွာထိုင်ရင်း ပူဇော်လျက်ရှိကြ၏။

သည်လိုရှုကြည့်မိပြန်တော့လည်း မသက်မသာဖြစ်ရပြန်၏။ အခါတိုင်းဆိုလျှင် ဘုရားရှင်၏ မျက်နှာတော်ကို ရှုမြင်ရသည်မှာ လပြည့်ဝန်းကြီးကို ရှုမြင်ရသည့်အလား အားမရနိုင်၊ သဒ္ဒါစိတ် တလှိုင်လှိုင်ဖြင့်သာ ပီတိတဖြာဖြာ၊ စေတနာတဝေဝေ ရှိခဲ့ရသည်။ ယခုမူ သေမင်းနှင့် စစ်ခင်းလျက်ရှိသော ဘုရားရှင်၏မျက်နှာတော်မှာ ဟန်မပျက်အောင် အနိုင်နိုင် သည်းခံထိန်းချုပ်နေတော်မူရဟန်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်အာနန္ဒာ၏စိတ်တွင် ဖြစ်နိုင်လျှင် ဘုရားရှင်နှင့် ခန္ဓာကိုယ်ချင်း လဲလိုက်ချင်၏။ ရနိုင်လျှင် သေမင်းကိုတောင်းပန်လိုသည်။ ဘယ်လိုမှမဖြစ်နိုင်မှန်း သိသောအခါ ယူကျုံးမရသဖြင့် မျက်ရည်ဖြိုင်ဖြိုင်ကျရှာသည်။ ကျလာသောမျက်ရည်ကို အစွမ်းကုန်ချုပ်တည်းပါ၏။ မရ။

သို့ဆိုလျှင် မျက်ရည်အပြည့်ရှိသော မိမိ၏မျက်နှာကို ဘုရားရှင် မြင်တော်မူပါက အပြစ်တင်တော်မူချိမ့်မည်။ သို့မဟုတ် ဘုရားရှင်အဖို့ ပို၍များ အားငယ်သွားလေမည်လားဟု ရှင်အာနန္ဒာ ထင်၏။ သို့ဖြစ်ရာ မိမိမျက်ရည်ကို မထိန်းနိုင်သောအခါ ကျေနပ်လျက်ရှိသော မိမိကိုယ်ကို သိုဝှက်ရန်အလို့ငှာ ဘုရားရှင် ခြေတော်ရင်းမှ ဖဲခွာ၍ ပရိသတ်အပြင်ဘက်သို့ ထွက်ခဲ့ပြီး မျက်ရည်ကို သွန်ရ၏။

ဘုရားရှင်အနီးမှ အာသဝေါကုန်ပြီးသော ရှေ့တန်းရဟန်းပရိသတ်သည် ဓမ္မသံဝေဂဖြင့်သာ ဦးခေါင်းများကို ကိုယ်စီချလျက် ငြိမ်သက်စွာရှိကြသော်လည်း ရှင်အာနန္ဒာကိုယ်တိုင် မျက်ရည်ကျသည်ကို မြင်ကြသော နောက်ပိုင်းမှ ပုထုဇဉ်ရဟန်းပရိသတ်မှာမူ မထိန်းနိုင် မအောင့်နိုင်ကြသဖြင့် သင်္ကန်းစဖြင့် မျက်နှာကို သုတ်ကြရှာသည်။ သို့ရာတွင် အသံကိုမူ တစိုးတစိမျှ မထွက်စေကြ။ အသံစိုးစဉ်းထွက်ခဲ့လျှင် ဘုရားရှင်အား အနှောင့်အယှက်ဖြစ်သွားမှာ အလွန်စိုးရိမ်ကြသည်။

ဘုရားရှင်သည် သလွန်တွင် နားနေ၍ အတန်ငယ် အပန်းပြေသောအခါ ရှင်အာနန္ဒာကို မမြင်သဖြင့် **"အာနန္ဒာ ဘယ်မှာနည်း"**ဟု မေးတော်မူ၏။ ထိုအသံကို ရှင်အာနန္ဒာ ကြားသဖြင့် ဘုရားရှင်ရှေ့တော်သို့ အသော့ရောက်လာသည်။ ဘုရားရှင်မိန့်တော်မူမည်ကို ရှိခိုးလျက် နားဆင်၏။ သို့ရာတွင် ငိုခြင်းကို အောင့်အည်းထားသောမျက်နှာဖြင့် ဘုရားရှင်အား တည့်တည့်မရှု။ မျက်နှာကို လွှဲထားသည်။ တည့်တည့်ရှုမိလျှင် မအောင့်နိုင် မဆည်နိုင် မျက်ရည်ကျလာပေဦးမည်။

ဘုရားရှင်သည် ရှေ့တော်မှောက်တွင် ရပ်လျက်ရှိသော ရှင်အာနန္ဒာအား အားနည်းသောမျက်လုံးတော်ကို စဉ်းငယ်ဖွင့်၍ တူရူရှု၏။ ရှင်အာနန္ဒာက ဘုရားရှင်သို့ တူရူမကြည့်။ အရှေ့လောကဓာတ်မှ ထွက်လာသော လပြည့်ဝန်းဆီသို့ တွေဝေသော မျက်လုံးတို့ဖြင့် အမှတ်မထင် ရှုကြည့်လျက်ရှိသည်။ လဝန်းသည်လည်း ဘုရားရှင်ကို အစွမ်းကုန်ပူဇော်လိုဟန်ရှိသည်။ ရီမှောင်လျက်ရှိသော လောကဓာတ်ကို ထွင်းဖောက်ကာ အစွမ်းကုန်လင်းသာလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်အာနန္ဒာ၏ မျက်လုံးများသည် လပြည့်ဝန်းသို့ တန်းမျှော်လျက်ရှိသော်လည်း လပြည့်ဝန်းကို မမြင်။ အဘယ်အရာကိုမျှလည်း မြင်ဟန်မတူ။ ရှင်အာနန္ဒာ၏ နှလုံး၌ ကြီးစွာသော ပရိဒေဝသည်သာ စိုးကဲလျက်ရှိသည်။

ဘုရားရှင်ရှေ့တော်တွင် မပူရပ်ကို ဆောင်ပါ၏။ သို့ရာတွင် ဆောင်၍မရ။ မကြည်သောမျက်နှာ၊ မသာသောကိုယ်ဟန်တို့ကို ဟန်ဖြင့်ဖုံးလွှမ်း၍မရ။ မျက်ရည်မကျအောင် ချုပ်တည်းပါ၏။ သို့ရာတွင် အစွမ်းကုန်ချုပ်တည်းထားသည့်ကြားမှပင် မျက်လုံးနှစ်ဖက်တို့မှ မျက်ရည်စများ တတွေတွေ ယိုစီးလျက်ရှိသည်။

"အသို့နည်း အာနန္ဒာ...သင့်ပရိဒေဝကား ကြီးမားလှဘိသည်။ အဘယ့်ကြောင့် ငါ့အပေါ် ဤမျှ ခင်တွယ်ရသနည်း။ ငါ့အပေါ် ခင်တွယ်ခြင်းဖြင့် သင့်၌ အသို့လျှင် အကျိုးရှိပါအံ့နည်း"

ထိုအခါ၌မူ ရှင်အာနန္ဒာ၏မျက်ရည်သည် စမ်းရေကဲ့သို့ သွန်၍ကျလေ၏။ နောင်တော်ဘုရားရှင်သည် မိန့်ရက်ပေလေသည်။ မိမိမှာ တစ်နေ့တခြား အားငယ်လာခဲ့ရသည်။ မိမိချစ်သော သာရိပုတ္တရာ၊ မောဂ္ဂလာန် မထေရ်တို့သည်လည်း မရှိတော့ပြီ။ မိမိ အားထားရာဖြစ်သော မဟာကဿပမထေရ်ကြီးနှင့်လည်း အတူနေရခဲ၊ မြင်ရခဲလှသည်။ ယခုကဲ့သို့ အားနည်းချိန်တွင်ပင် ရှင်မဟာကဿပ မရှိခဲ့။ ဧကစာပျော်တော်မူလွန်းလှသည်။ မိမိမှာ ဘုရားရှင်တစ်ပါးတည်းကိုသာ နောင်တော်မျှမက အမိကဲ့သို့လည်းကောင်း၊ အဖကဲ့သို့လည်းကောင်း မှီခိုရာ ရွှေတောင်ကြီးပမာ အားထားမွေ့လျော်ခဲ့ရသည်။ ယခု ဘုရားရှင် မျက်ကွယ်ပြုတော့မည်။ ဘယ်သူ့ကို အားပြုရပါမည်နည်း။ ဘယ်သူ့ကို လုပ်ကျွေးပြုစုရပါမည်နည်း။ ဤမျှ အားငယ်လျက်ရှိသော မိမိအပေါ်၌ နောင်တော်သည် သို့စဉ် မိန့်တော်မူရက်ပလေသည်။

ရှင်အာနန္ဒာသည် တွေတွေဆင်းသောမျက်ရည်များကို သင်္ကန်းစဖြင့်သုတ်ပြီး ပရိဒေဝအရှိန်ဖြင့် ရှိုက်လိုက်မိသည်များကို ကိုယ်ဟန်မပျက်အောင် ချုပ်တည်းထားသော်လည်း မရ။ ခန္ဓာကိုယ်သည် သိမ့်ခနဲတုန်ခါ၏။

"အာနန္ဒာ...ငါဘုရားကို ခင်တွယ်ခြင်းဖြင့် သင်တို့မှာ အကျိုးစီးပွားမရှိ။ သင်တို့အတွက် တကယ့်အကျိုးကား ငါဘုရား၏ ဓမ္မတည်း"

"အာနန္ဒာ...ငါဘုရားသည် လေးဆယ့်ငါးဝါတို့ပတ်လုံး သုတ်ကို လည်းကောင်း၊ ဝိနည်းကိုလည်းကောင်း၊ အဘိဓမ္မာကိုလည်းကောင်း ဟောပြောအပ်ပြီ၊

www.burmeseclassic.com

www.burmeseclassic.com



လမ်းညွှန်အပ်ပြီ။ ထိုတရားအားလုံးသည် သင်တို့အတွက် အဓိကဖြစ်သော အမွေအနှစ်ပစ္စည်းများ ဖြစ်ကြ၏"

"အာနန္ဒာ...လောကစဉ်လာအားဖြင့် ဆရာတို့မည်သည်မှာ တပည့်တို့ကို ပညာပေးရာ၌ နောင်ခါတွင် တပည့်တို့ မတော်လှန်နိုင်စိမ့်သောငှာ ဆရာ့လက်ဆုပ်ဟု ဆိုအပ်သော ဆရာစားပညာကိုချန်၍ သင်ပေးတတ်ကြ၏။ ငါဘုရားသည်ကား သင်တို့အား သင်ကြားပေးခဲ့ရာ၌ ဆရာ့လက်ဆုပ်ဟူ၍ စိုးစဉ်းမျှမချန်၊ ငါဘုရား ဟောအပ်သမျှ၊ သင်ကြားအပ်သမျှ တရားအားလုံးကိုပင် သင်တို့အား သင်ကြားပေးခဲ့ပြီ"

"အာနန္ဒာ...ထိုတရားအားလုံးသည် ငါမရှိသည့်အခါ၌ ငါ့ကိုယ်စားဖြစ်သည်။ ထိုတရားအတိုင်း ကျင့်သုံးခြင်းသည်ပင် ငါဘုရားကို ပူဇော်သည်မည်၏။ ငါဘုရားကို သတိရသည်မည်၏။ ငါဘုရားကို ချစ်သည်မည်၏။ သို့ဆိုလျှင် သင်တို့အဖို့ ဘယ်သို့အားငယ်စရာ ရှိချေသေးသနည်း"

"အာနန္ဒာ...မလ္လာမင်းတို့ထံ သွားချေ။ ငါ ပရိနိဗ္ဗာန်ယူမည့်အကြောင်းကို နီးလျက်နှင့် ကြိုတင်မသိရလျှင် နောင်အခါ၌ သင်တို့အပေါ် အပြစ်တင်ဖွယ်ရှိချိမ့်မည်။ ထို့ကြောင့် မလ္လာမင်းတို့ထံသွား၍ ငါဘုရားသည် သူတို့၏ အင်ကြင်းဥယျာဉ်၌ ယနေ့ည ပရိနိဗ္ဗာန်စံဝင်မည့်အကြောင်း ပြောကြားချေလော့..."

[ ၃ ]

ဘုရားရှင်၏ အမိန့်ဖြင့် ရှင်အာနန္ဒာသည် နောက်ပါရဟန်းနှစ်ပါးနှင့်အတူ ဘုရားရှင်ရှေ့တော်မှ ထွက်ခဲ့၏။ မလ္လာမင်းတို့၏ ကုသိနာရုံအရောက် စကားတစ်ခွန်းမျှ မပြောမိကြဘဲ ပရိဒေဝကိုယ်စီဖြင့်သာ မလ္လာမင်းတို့၏ မြို့လယ်မင်းတဲသို့ ရောက်လာခဲ့၏။

အင်ကြင်းတောသို့ ဘုရားရှင် ကြွလာသည့်သတင်းကို ညနေပိုင်းကပင် မလ္လာမင်းတို့ ရရှိခဲ့ပြီးဖြစ်၏။ နံနက်တွင် ဆွမ်းဘောဇဉ်တို့ဖြင့် သွားရောက်ပူဇော်ကြရန် စီစဉ်ပြီးဖြစ်သည်။

မလ္လာမင်းတို့၏ ဂဏနိုင်ငံသည် သာယာဝပြောသည်။ စိတ်ဝမ်းညီညွတ်ကြသည်။ လုပ်ငန်းကိုင်ငန်းလည်း ဖြိုးဖြောင့်သည်။ လပြည့်ညဥ့်ဦး၏ လရောင်ဖြာဖြာအောက်တွင် မြို့သည် လှပလျက်ရှိ၏။ ကလေးသူငယ်တို့သည် လရောင်

www.burmeseclassic.com

www.burmeseclassic.com



အောက်တွင် ဆူညံစွာ ဆော့စကားလျက်ရှိကြ၏။ တစ်နေရာတွင် ဇာတ်သဘင်တစ်ခုရှိနေဟန်တူ၏။ ပုံမောင်းသံသဲ့သဲ့ ကြားရသည်။ မလ္လာပြည်သူတို့ ဝတ်ကောင်းစားလှ ဝတ်၍ ထိုအသံဆီသို့ သွားနေကြသည်ကိုလည်း တွေ့ရသည်။

မင်းတဲအဆောက်အအုံ ခေါင်းရင်းဘက်တွင် သက်ကြီးတစ်စုတို့ စကားဝိုင်းဖွဲ့နေကြ၏။ ထောင့်တစ်နေရာတွင် ပြည့်ဝန်းသောလကို ငေးမျှော်ကြည့်ရင်း စောင်းကို ညင်သာစွာခတ်လျက်ရှိသော မင်းပျိုတစ်ပါးကိုလည်း တွေ့ရ၏။

မင်းတဲသို့ ရှင်အာနန္ဒာတို့ ဝင်မိသောအခါ မင်းတဲအဝတွင် စုဝေးလျက်ရှိကြသော မင်းပျိုတစ်စုတို့သည် မတ်တတ်ရပ် ရှိခိုးရင်း လမ်းဖယ်ပေးကြ၏။ ရှင်အာနန္ဒာသို့ လှမ်း၍ မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ခေါင်းရင်းဘက်တွင် စုဝေးလျက်ရှိကြသော မလ္လာမင်းတို့သည် လျင်မြန်စွာထလာကြပြီး ရှင်အာနန္ဒာကို ရှိခိုး၍ ကြိုဆိုသည်။ သို့ရာတွင် အားလုံးပင် အံ့အားသင့်လျက်ရှိကြ၏။ အကြောင်းကား ရှင်အာနန္ဒာတို့၏ မျက်နှာတွင် မျက်ရည်ပြည့်လျက်ရှိသည်ကို တွေ့ကြရသောကြောင့်တည်း။

"အမိန့်ရှိပါ အရှင်ဘုရား...ကြောင်းအသို့နည်း။ အင်ကြင်းတောတွင် ဘုရားရှင်သည် အန္တရာယ်တစ်စုံတစ်ခုနှင့် တွေ့လေသလော"ဟု မလ္လာမင်းတစ်ပါးက အဆောတလျင် လျှောက်ထား၏။

"နောင်တော်ဘုရားရှင်သည် ယနေ့ည ဒါယကာတို့ဥယျာဉ်၌ ပရိနိဗ္ဗာန်စံဝင်တော့မည်။ ဤအကြောင်းကို ဒါယကာတို့အား ဘုရားရှင်က အပြောခိုင်း၍ လာပြောခြင်းဖြစ်ပါသည် ဒါယကာတို့..."

ရှင်အာနန္ဒာ၏စကားကြောင့် မင်းတဲတစ်ခုလုံးသည် အသက်ရှူပင် ရပ်သွားကြသည်။ တစ်ခဏအတွင်း စကားတစ်လုံးမျှ မပြောနိုင်ကြဘဲ မျက်ရည်ပြိုင်တူကျလာကြသည်။ ထို့နောက်မှ အကြီးအကဲဖြစ်သော မလ္လာမင်းတစ်ပါးက **"ယနေ့ည အင်ကြင်းဥယျာဉ်မှာ ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူတော့မတဲ့ ကွယ်ရို့..."**ဟု ပရိဒေဝမှ ပေါက်ကွဲသောအသံဖြင့် ဟစ်အော်ပြောဆိုလိုက်ရာ မင်းတဲနှင့် ပတ်ဝန်းကျင်တစ်ခုလုံးသည် ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ ထို့နောက်ကား လရောင်ဖြင့် သာယာရွှန်းစိုလျက်ရှိသော ကုသိနာရုံပြည်တစ်ခုလုံးမှာ ပရိဒေဝဖြင့် လွှမ်းဖုံး၍သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ဖြင့် ရှင်အာနန္ဒာဦးဆောင်သော မလ္လာလူထုသည် မျက်ရည်ကိုယ်စီဖြင့် အင်ကြင်းတောသို့ ဦးတည်ချီတက်ကြသည်။

[ ၄ ]

မလ္လာပြည်သားတို့ တရုတ်ရုတ် တသဲသဲ လှုပ်ရှားမှုကြောင့် သစ်ခက်မိုး ကျောင်းသခ်မ်းကလေးတစ်ခုမှ တက္ကဒွန်းတစ်ယောက်သည် ခေါင်းပြူ၍ကြည့်၏။ နားစွင့်၏။ မျက်တောင်ကို ပုတ်ခတ်ကာ မေးကိုပွတ်၍ စဉ်းစား၏။ အင်ကြင်းတော တွင် ယနေ့ည ဘုရားရှင် ပရိနိဗ္ဗာန်ပြုမည်တဲ့။ သုဘဒ္ဒ တက္ကဒွန်းတည်း။

ငါ့ဖခင်သည် လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်က ဗုဒ္ဓဆိုသူနှင့် ဥရုဝေလ တွင် ခရီးရင်ဆိုင် တွေ့ခဲ့ဖူးသည်ဟု ငါ့ကိုပြောသည်။ သူ့ကိုယ်သူ **အနန္တဇိန**တဲ့၊ **ဗုဒ္ဓ**တဲ့၊ **သမ္မာသမ္ဗုဒ္ဓ**တဲ့။

သူ့သတင်းသည် မဇ္ဈိမကိုလွှမ်း၏။ သူ့ဂိုဏ်းသည် ကြီးကျယ်စည်ကားလှ သည်။ မလ္လာမင်းတို့ ကိုးကွယ်သည်မှာ ဤဗုဒ္ဓပင်ဖြစ်သည်။ ယခု ပရိနိဗ္ဗာန်စံမည် ဆိုသည်မှာ သူပင်ဖြစ်ချိမ့်မည်။

မဇ္ဈိမတွင် ဗုဒ္ဓတွေက ပေါများလှချေသည်။ သူကလည်း ဗုဒ္ဓ၊ ငါကလည်း ဗုဒ္ဓ၊ သူကတစ်ဂိုဏ်း၊ ငါကတစ်ဂိုဏ်း။ အမှန်အားဖြင့် ဗုဒ္ဓဆိုသည် တစ်ပါးသာ ရှိရပေမည်။ ဘယ်သူ့ကို ယုံရပါမည်နည်း။ ငါ့မှာ ဗုဒ္ဓဆိုသူများအပေါ်တွင် ကြီး မားသော သံသယအထုပ်ကြီးကိုသာ ပိုက်၍နေခဲ့ရချေသည်။ သို့သော် အခြားဗုဒ္ဓ ဆိုသူတွေနှင့်စာလျှင် ဤဗုဒ္ဓသည် ဗုဒ္ဓအစစ် ဖြစ်စကောင်း၏။ ရုပ်ရည်ကြည်လင် သန့်ပြန့်သည်၊ ဣန္ဒြေရင့်ကျက်သည်၊ အနေအထိုင်ကောင်းသည်ဟု ကျော်ကြား သည်။

ယနေ့ည သူ ပရိနိဗ္ဗာန်ပြုတော့မည်ဟုဆိုသည်။ မပြုမီ ပြတ်ပြတ်သားသား ဖြစ်အောင် မေးကြည့်လိုက်လျှင် ကောင်းမည်၊ သို့မဟုတ်လျှင် ငါ့မှာ သံသယတန်း လန်းနှင့် ကျန်ရစ်ချိမ့်မည်။

သုဘဒ္ဒပရဗိုဇ်သည် သက်န်းကိုပြင်၍၊ တောင်ဝှေးကိုဆွဲ၍၊ မိမိ ပရိက္ခရာကို လွယ်၍ ရုတ်ခြည်းပင် ရှင်အာနန္ဒာတို့၏နောက်သို့ လိုက်၏။ အင်ကြင်းတောသို့ အသော့သွား၏။

www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်းတောသို့ရောက်သောအခါ တောတစ်ခုလုံး မလွှာပရိသတ်၊ ရဟန်းပရိသတ်တို့ဖြင့် ပြည့်ညှပ်လျက်ရှိသည်ကို တွေ့ရ၏။ အချို့မှာ ငိုယိုလျက်ရှိကြသည်။ အချို့မှာ ငေးမောလျက်ရှိကြသည်။ အချို့ကား ဘုရားရှင်သို့ ဝပ်တွားလျက်ရှိကြ၏။

သုဘဒ္ဒသည် ပြည့်ကျပ်လျက်ရှိသော ပရိသတ်သို့ အတင်းတိုးဝှေ့ခဲ့ရာ ရှေ့ပိုင်းသို့ ရောက်လာ၏။ သို့ရာတွင် ဘုရားရှင်ထံတော်သို့ ရောက်လုခါနီးမှ ရဟန်းသုံးပါးက ကိုယ်ချင်းဆက်ကာ လမ်းပိတ်၍ သုဘဒ္ဒအား တားဆီးထားသည်။ အလယ်ရဟန်းကား ရှင်အာနန္ဒာတည်း။

"ငါ့မှာ ဗုဒ္ဓနှင့်တွေ့ရန် အရေးတကြီးကိစ္စ ရှိနေပါသည်။ ငါ့ကို လမ်းပေးပါ ရှင်အာနန္ဒာ၊ မတားဆီးပါလင့်"

"ဘုရားရှင်ထံတော်သို့သွားရန် အချိန်မဟုတ်တော့ပြီ။ ဘုရားရှင်သည် ပင်ပန်းလှပြီ။ သွားခွင့်မပြုနိုင်ဘူး တက္ကဒွန်းကြီး"ဟု ရှင်အာနန္ဒာက တားမြစ်ဆဲတွင်...

"အာနန္ဒာ...သုဘဒ္ဒကို မတားလင့်၊ ငါ့ထံ လွှတ်လိုက်လော့၊ သုဘဒ္ဒ အကြောင်းကြောင့်ပင် ဤနေရာသို့ အရောက်လာခဲ့ရခြင်းဖြစ်သည်။ လွှတ်လိုက်လော့ အာနန္ဒာ"ဟူသော ဘုရားရှင်၏မိန့်သံကို ကြားရသဖြင့် လမ်းဖယ်ပေးလိုက်ရသည်။

ထို့ကြောင့် သုဘဒ္ဒတက္ကဒွန်းသည် ဘုရားရှင်အနီးသို့ ရောက်သွားသည်။ တည်ငြိမ်သိမ်မွေ့သော ရဟန်းပရိသတ်ရှေ့တွင် သုဘဒ္ဒသည် မိမိ၏ မသေမသပ်သော ပရဗိုဇ်တို့ အဝတ်အဆင်နှင့် ပရိက္ခရာကိုလွယ်ရင်း ထိုင်ရတော့မလို၊ ထရတော့မလိုဖြစ်ကာ တောင်ဝှေးကို အားပြု၍ထောက်ရင်း ကြောင်တက်တက် ရပ်လျက်ရှိသည်။

ပရိသတ်အားလုံးသည် ဘုရားရှင်သို့ ဦးညွှတ်လျက်ရှိကြသော်လည်း ဘုရားရှင်အပေါ်တွင် သံသယတန်းလန်းရှိနေသေးသော သုဘဒ္ဒအဖို့ ရှိခိုးဦးညွှတ်ဖို့ရန် ဝန်လေးလျက်ရှိ၏။ ဘုရားရှင်သည် ဝေဒနာတော်ကြောင့် မျက်လုံးတော်မှေးမှိတ်လျက်ရှိရာမှ သုဘဒ္ဒအား မျက်လွှာတော်ဖွင့်၍ ရှုစားတော်မူသည်။

ထို့နောက် "လျှောက်ထားလိုသမျှကို လျှောက်ထားလော့ သုဘဒ္ဒ၊ အချိန်မရှိပြီ"ဟု မိန့်တော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



သုဘဒ္ဒသည် မိမိသို့ အာရုံစိုက်လျက်ရှိကြသော ပရိသတ်ကို မျက်လုံးတစ်ချက်ဝေ့၍ အကဲခတ်လိုက်ပြီးနောက်...

"လျှောက်ထားရန်ရှိပါသည် ဗုဒ္ဓအရှင်ဘုရား...ကျွန်ုပ်သည် ဤမန္တိမတိုက်ရှိ မြောက်မြားလှစွာသော ဘုရားအမည်ခံ ဂိုဏ်းဆရာများအပေါ်၌ သံသယဖြစ်လျက်ရှိခဲ့ပါသည်။ ဘုရားဟူသည် တစ်ဆူတည်းသာရှိသင့်ပါသည်။ အဘယ်ဆရာသည် ဘုရားအစစ် ဖြစ်ပါသနည်းအရှင်မြတ်ဗုဒ္ဓ"ဟု မေးလျှောက်လိုက်သည်။

"နားထောင်လော့ သုဘဒ္ဒ...အကြင်ဆရာသည် မဂ္ဂင်ရှစ်ပါး တရားလမ်းစဉ်ဖြင့် သစ္စာလေးပါးကို ထိုးထွင်း၍ သိမြင်အပ်၏။ အကြင်ဆရာ၌ မဂ္ဂင်ရှစ်ပါး တရားလမ်းစဉ်ဖြင့် သစ္စာလေးပါးကို သိမြင်သော တပည့်သာဝကတို့ရှိ၏။ ထိုဆရာကား ဘုရားကေန်တည်း"ဟု မိန့်တော်မူကာ မဂ္ဂင်ရှစ်ပါး တရားတော်ကို ဟောတော်မူသည်။

ဘုရားရှင်၏ တရားအဆုံး၌ တောင့်တောင့်ရပ်လျက်ရှိသော သုဘဒ္ဒ၏ ခန္ဓာကိုယ်သည် ပျော့ပျောင်းကိုင်းညွတ်၍သွားကာ ရပ်ရာမှ ထိုင်လိုက်၏။ ကိုင်ထားသော တောင်ဝှေးသည် မြေသို့ကျ၍ လက်နှစ်ဖက်သည် ဘုရားရှင်သို့ ကြည်ညိုရှိညွတ်သောအဟုန်၊ တစ်သက်လုံး လမ်းလွဲလိုက်ခဲ့သည်ကို နောင်တရသော သံဝေဂအဟုန်ကြောင့် တုန်တုန်ယင်ယင်ဖြင့် လက်အုပ်ချီမိပြီး ဖြစ်သွားသည်။

ထို့နောက်တွင်မှ "ဗုဒ္ဓအရှင်မြတ်ဘုရား...တပည့်တော်သည် အရှင်မြတ်၏ ကျေးဇူးကြောင့် ကြီးစွာသောအမှောင်တိုက်မှ အလင်းသို့ရောက်ပါပြီ။ တပည့်တော်အား အရှင်မြတ်၏ တပည့်သားရဟန်းအဖြစ်သို့ ချီးမြှင့်တော်မူပါဘုရား"ဟု လျှောက်ထားသည်။

ဘုရားရှင်သည် ဆန့်ကျင်ဘက်ဂိုဏ်းမှလာသော တက္ကဒွန်းများအား ချက်ချင်းရဟန်းပြုပေးလေ့ မရှိသော်လည်း သုဘဒ္ဒကိုမူ အချိန်မရှူကို ထောက်ရှု၍ လည်းကောင်း၊ သုဘဒ္ဒ၏ ရင့်ကျက်မှုကို သိရှိ၍လည်းကောင်း ချက်ချင်းပင် ဆံမုတ်ဆိတ်ကို ပယ်ကာ ရဟန်းပြုစေသည်။ ယင်းသို့ဖြင့် သုဘဒ္ဒသည် ဘုရားရှင်၏ မျက်မှောက်တွင် နောက်ဆုံးကျွတ်တမ်းဝင်သူအဖြစ်သို့ ရောက်ရှိလာ၏။

www.burmeseclassic.com

www.burmeseclassic.com



[ ၅ ]

အချိန်သည် ကဆုန်လပြည့်ကျော် တစ်ရက်နေ့၊ နံနက်ပိုင်းသို့ လုလျက်ရှိပေပြီ။

ဘုရားရှင်သည် **"ရဟန်းတို့...မမေ့မလျော့သော သတိဖြင့် မပြတ်ပြည့်စုံကြကုန်လော့..."**ဟု နောက်ဆုံးစကားကို မိန့်တော်မူကာ မျက်လွှာတော်ကိုမှိတ်၍ ညောင်စောင်းတွင် ငြိမ်သက်စွာ စံနေတော်မူသည်။ ခန္ဓာမဲ့ နိဗ္ဗာန်သို့သာ အာရုံပြုသော တရားအာရုံဖြင့် ထုံနေတော်မူ၏။ ရှင်အာနန္ဒာ စသော ရဟန်းပရိသတ်သည် အသက်ရှူများပင် မှားမတတ်၊ မမှိတ်သော မျက်လုံးများဖြင့် ဘုရားရှင်သို့ ငြိမ်သက်စွာ အကဲခတ်လျက်ရှိကြ၏။ အတန်ကြာမျှအတွင်းမှာပင် ဘုရားရှင်၏ ထွက်သက်ဝင်သက်အရှိန်သည် ငြိမ်သက်၍သွားသည်။

**"အပ္ပမာဒေန သမ္ပာဒေထ..."**ဟူသော ဘုရားရှင်၏ နောက်ဆုံးမိန့်ခွန်းတော်သည် လောကဓာတ်တစ်ခုလုံးသို့ ထွင်းဖောက်၍သွားသတည်း။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# စန္ဒာမရှိ

[ ၁ ]

ဘုရားရှင်၏ ဒေသစာရီနှင့်ပတ်သက်၍ သည်တစ်ကြိမ်တွင်လည်း ညီတော်အာနန္ဒာ မကျေမလည် ဖြစ်ရပြန်ပေပြီ။

တန်ခိုးကြီးသော မိဖုရားမာဂဏ္ဍီက မိမိတို့သွားရောက်ခဲ့လျှင် အစွမ်းကုန်ရန်ပြုရန် စောင့်ကြိုနေမှန်း သိပါလျက်နှင့် နောင်တော်ဘုရားရှင်သည် ညီတော်အာနန္ဒာတို့ တားမြစ်နေသည့်အကြားကပင် ကောသမ္ဗီသို့ ဖွတ်ကြွချီခဲ့သည်။ ထိုစဉ်ကလည်း ညီတော်အာနန္ဒာ မကျေမလည်။

ပုလဲတောသို့ နောင်တော်ဘုရားရှင် တစ်ပါးတည်းကြွချီကာ တစ်ပါးတည်း ဝါဆိုခဲ့စဉ်ကလည်း အရှင်အာနန္ဒာ မကျေမလည်။ ဆုံးမစကားကို နားမထောင်သော ရဟန်းတို့ကြောင့် တပည့်ရဟန်းတို့ကို ကျောခိုင်းကာ ကြွတော်မူသည် မှန်ပါ၏။ သို့ရာတွင် အခြားရဟန်းများကို အသိမပေးလိုသော်ရှိစေ။ နှစ်ကိုယ့်တစ်စိတ် အရိပ်မကွာဖြစ်သော မိမိကိုမူမခေါ်နှင့်ဦးတော့၊ အသိပေးသင့်သည်ဟု ရှင်အာနန္ဒာ ယူဆသည်။

ရာဇဂြိုဟ်မြို့လယ်တွင် အဇာတသတ်နှင့် ဒေဝဒတ်တို့၏လူများက ဘုရားရှင်ကြွလာလျှင် နာဠာဂီရိဆင်ဆိုးကြီးနှင့် တိုက်သတ်ရန် အထင်အရှားသိပါလျက်နှင့် မကြွရန် တားမြစ်လျှောက်ထားခဲ့သည်ကို ပစ်ပယ်ကာ ဖွတ်အတင်းပင် ထွက်ကြွတော်မူစဉ်ကလည်း ရှင်အာနန္ဒာ မကျေလည်။

ယခုလည်း နောင်တော်၏ ဒေသစာရီကို မကျေမလည်ဖြစ်ရပြန်ပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



လေးဆယ့်ငါး၀ါ မျက်မှောက်သာသနာတော်အတွင်း၌ ဒေသစာရီ ကြွချီခြင်း အလုပ်သည် ဗုဒ္ဓကိစ္စတော်ကြီးတစ်ခုပမာ လိုအပ်သလို ထိုထိုအရပ်ဒေသများသို့ မပြတ် ကြွချီတော်မူခဲ့သည် မှန်ပါ၏။ သို့သော် သက်တော် ရှစ်ဆယ်အရွယ် ယွင်းယို လူအိုတစ်ဦးအနေဖြင့်မူ နောင်တော်ဘုရားရှင်သည် ဒေသစာရီ ကြွချီသည့် အလုပ်ကို လျှော့ကာ သက်သက်သာသာနှင့်သာ သီတင်းသုံးတော်မူသင့်ပြီဟု အရှင်အာနန္ဒာ အမြင်ရှိသည်။

ကြည့်ပါ။ သက်တော်ရှစ်ဆယ်၊ ၀ါတော်လေးဆယ့်ငါး၊ ဝေဠုဝရွာတွင် ၀ါဆို၍ ၀ါကျွတ်သည်ဆိုကတည်းက ကြွချီတော်မူလိုက်သည့် ဒေသစာရီမှာ သက်ရှယ် ငယ်စဉ်ကထက်ပင် ပိုလိုက်သေးသည်။ ဝေဠုဝမှ သာဝတ္ထိ၊ သာဝတ္ထိမှ ရာဇဂြိုဟ်။ ရာဇဂြိုဟ်မှ ဥက္ကာစေလ။ ဥက္ကာစေလမှ ဝေသာလီ။ နောင်တော်ဘုရား၏ ဒေသစာရီ မှာ ရက်ကန်းရက်သကဲ့သို့ပင် ဖြစ်နေတော့သည်။

ဝေသာလီတွင်လည်း နောင်တော်၏ ဒေသစာရီမှာ ရပ်နားတော်မူလိုသေးအံ့ မထင်။ အဘယ့်ကြောင့်ဆိုသော် ဝေသာလီတွင် အေးအေးငြိမ်ငြိမ် သီတင်းသုံးရန် ကျောင်းတော်ရှိပြီး ဖြစ်ပါလျက် ယင်းကျောင်းတော်တွင် သီတင်းမသုံးဘဲ ခရီးဆက် ဦးရန် ဟန်ပြင်ထားသည့်အနေဖြင့် စာပါလစေတီ ရင်ပြင်ရိပ်သာတွင်သာ ယာယီ အသွင်အားဖြင့် သီတင်းသုံးတော်မူသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။

ဝေဠုဝတွင် ၀ါမဆိုမီကလည်း မရပ်မနားဆိုရလောက်အောင်ပင် ခရီးအများ ကြီး သွားခဲ့ရသည်။ ရာဇဂြိုဟ်မှ နာဠန္ဒမြို့၊ နာဠန္ဒာမှ ပါဋလိရွာ ပါဋလိမှ ကောဋိဂါမ။ ကောဋိဂါမမှ နာဋိက။ နာဋိကမှ ဝေသာလီရှိ အမ္ဗပါလီ၏ သရက် ဥယျာဉ်။ ဝေသာလီမှ သာဝတ္ထိဇေတဝန်။ ဇေတဝန်မှ တစ်ဖန် ဝေသာလီသို့...။

တစ်ဖန် ဝေသာလီမှ သာဝတ္ထိသို့အကူးတွင် ဝေသာလီနှင့် ရာဇဂြိုဟ်အကြားရှိ ဝေဠုဝရွာသို့ ရောက်သောအခါ ၀ါကပ်ချိန်နှင့် ကြိမ်ကြိုက်သောကြောင့် ဝေဠုဝ တွင် ၀ါတွင်းသုံးလမျှ ရပ်နားလိုက်ရဟန်တူသည်။ ၀ါကျွတ်သည်နှင့်တစ်ပြိုင်နက် ဖော်ပြပါခရီးအတိုင်း ဒေသစာရီ ဆက်ပြန်သည်။

သက်ကြီးရွယ်ရင့်အဖို့ ဤမျှ ဒေသစာရီခရီးမှာ များလွန်းပြီဟု ရှင်အာနန္ဒာ ယူဆသည်။ သာမန်အားဖြင့်ဆိုလျှင် ခရီးသွားခြင်းမှာ ကျန်းမာရေး၏ အထောက် အကူ ဖြစ်နိုင်သည် မှန်ပါ၏။ သို့ရာတွင် သက်တော်ရှစ်ဆယ် သက်ကြီးရွယ်ရင့်သူ အဖို့မူ ပင်ပန်းတော်မူလွန်းအံ့ဟု အရှင်အာနန္ဒာ စိုးရိမ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤမျှ ဒေသစာရီ ကြွချီတော်မူရာ၌ အရှင်အာနန္ဒာအဖို့ တစ်ခုတော့စဉ်းစား မိသည်။ သက်တော်အိုမင်းလာပြီဖြစ်သော ဘုရားရှင်အဖို့ သဘာဝအားဖြင့် သာယာ သော ကျေးရွာတောရိပ်၊ မြစ်ဆိပ်၊ စေတီ စသော ဆိတ်ငြိမ်အေးချမ်းရာ ဒေသများ တွင် နောင်တော်ဘုရားသည် သက်ဝင်သီတင်းသုံးလိုဟန် ရှိပေသည်တကား။ အကြောင်းကား ဤမျှ ကူးလူးလျက်ရှိသော နောင်တော်ဘုရား၏ ဒေသစာရီများ မှာ သာဝတ္ထိ၊ ရာဇဂြိုဟ်တို့လို မြို့ကြီး ကျောင်းကြီးများတွင် သာမန်အားဖြင့်သာ ရောက်၍ များစွာသောဒေသတို့မှာ ဂင်္ဂါမြစ်ကမ်းပါးမှ ကျေးရွာများ၊ သရက်ဥယျာဉ် များ၊ စေတီများတွင်သာဖြစ်သောကြောင့် ဖြစ်သည်။

ဝေဠုဝရွာတွင် ဝါဆိုမည်ပြုစဉ်က နောင်တော်ဘုရား၏ မိန့်ခွန်းကြောင့် ရှင်အာနန္ဒာအဖို့ ထင့်ခနဲ တစ်ချက်ဖြစ်မိ၏။ ယင်းမိန့်ခွန်းကား ဝေဠုဝသည် ရွာငယ် တစ်ရွာမျှဖြစ်ပေရာ နောက်တော်ပါ သံဃာအကုန်နှင့် ဝေဠုဝတွင် ဝါဆိုဖို့ရန်မှာ ဝေဠုဝအဖို့ မနိုင်မနင်းရှိပေမည်။ ထို့ကြောင့် နောက်တော်ပါ တပည့်သံဃာများအား ဝေဠုဝရွာ ဘုရားရှင်အထံတော်တွင် စုပြုံ၍ ဝါမကပ်ကြဘဲ အခြားသင့်လျော်ရာ ဒေသများတွင်ခွဲ၍ ဝါကပ်ကြရန်။ သို့ရာတွင် အခြားဒေသဆိုရာ၌ မိမိနှင့်ဝေးသော အရပ်များသို့မသွားဘဲ မိမိအနီးအပါးတွင်သာ ဝါကပ်ကြရန် မိန့်တော်မူခြင်းဖြစ် သည်။

ဤမိန့်ခွန်းသည် ထူးခြား၏၊ ဆန်း၏။ အကြောင်းကား ဝေးသည်ဖြစ်စေ၊ နီးသည်ဖြစ်စေ သင့်လျော်သလို ခရီးသွား သီတင်းသုံးကြသော တပည့်သံဃာများ၏ ခရီးကို ချုပ်ချယ်ရိုး မရှိခဲ့ရာက ယခုသော် မိမိအနီးအပါးတွင်သာ သီတင်းသုံး ဝါကပ်ကြရန် တားမြစ်လိုက်သောကြောင့်ဖြစ်သည်။ ထိုအကြောင်းသည် သက်တော် ကြီးရင့်လှပြီဖြစ်သော နောင်တော်ဘုရားရှင်အတွက် စိုးရိမ်ဖွယ်ရာများပင်လော။

ဖွင့်၍ပင် မလျှောက်ထား မတားမြစ်ဝံ့ကြစေကာမူ တပည့်သံဃာအများက လည်း ဘုရားရှင်၏ သက်တော်ရွယ်တော် ကြီးရင့်လှပြီကိုထောက်၍ ဤမျှ မရပ် မနား သွားလျက်ရှိသော ဒေသစာရီအပေါ်တွင် စိုးရိမ်စိတ်ရှိနေကြသည်မှာ ထင်ရှား သည်။ အကြောင်းကား အနီးအဝေး အရပ်လေးမျက်နှာတွင် လျော်သလို သီတင်း သုံးလျက် ရှိနေကြသော တပည့်သံဃာများသည် ဝေဠုဝတွင် ဝါမဆိုမီအချိန်ကပင် ဘုရားရှင်ထံတော်ပါးသို့ တစ်ပါးပြီးတစ်ပါး စုပြုံရောက်လာကြသည်။ ဝါဆိုပြီးချိန် တွင်မူ ပို၍များပြားလာ၏။ သူတို့သည် များလွန်းသောကြောင့် ခက်ခဲသယောင်

www.burmeseclassic.com



ရှိသော စာရေး နေရေး ကိစ္စများကို ဖြစ်တတ်သမျှဖြင့်သာ ရောင့်ရဲ၍ ဘုရားရှင်၏ နောက်တော်သို့သာ တကောက်ကောက် လိုက်ပါဝိုင်းရံလျက် ရှိနေကြသည်။

သက်ရွယ်ကြီးရင့်မှုနှင့်ပတ်သက်၍ သံဃာအများ စိုးရိမ်သောက သံဝေဂနှင့် သတိတရားရဖို့ရန်အတွက် အခြားသော အကြောင်းကြီးနှစ်ရပ်ကလည်း ယခုတလော တွင် ဆက်တိုက်ဆိုသလို ဖြစ်ပေါ်လာခဲ့သည် မဟုတ်ပါလော။ ယင်းအကြောင်း ကြီးများသည်ကား ဘုရားရှင်နှင့် သက်တော်ရွယ်တော် မတိမ်းမယိမ်းမျှဖြစ်၍ ဘုရားရှင်နည်းတူ ရွှေတောင်ကြီးနှစ်ဆူပမာ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် တို့သည် ဝေဠုဝတွင် ဝါမဆိုမီကလေးပင် ရှေ့ဆင့်နောက်ဆင့် ဆိုသလို ပရိနိဗ္ဗာန် စံဝင်သွားကြပြီ မဟုတ်ပါလော။

စင်စစ်အားဖြင့်သော် သူတို့စိုးရိမ်မှုမှာ ဘုရားရှင်သို့သာမဟုတ်၊ အရှင်အာနန္ဒာ သို့လည်း ရည်ညွှတ်သည်။ အကြောင်းမူကား အလုပ်အကျွေးဟု ဆိုရစေကာမူ အရှင်အာနန္ဒာသည်လည်း ဘုရားရှင်နှင့် မတိမ်းမယိမ်း သက်ရွယ်ရှစ်ဆယ်ပင် မဟုတ်ပါလော။ နှစ်ပါးလုံးသည်ပင် သက်သက်သာသာနှင့် ဖေးကူ ယုယထားရဖို့ အချိန်တန်ပေပြီ။

## [ ၂ ]

ဝေသာလီပြည် စာပါလ နတ်ကွန်းစေတီတွင် ရပ်နားခိုက်အတွင်း ဘုရားရှင် အထံတော်မှ ထူးဆန်းသယောင်ရှိသော မိန့်ခွန်းတစ်ရပ်ကို ကြားနာရ၏။

ဘုရားရှင်၏ မိန့်ခွန်းတော်မှန်သမျှသည် တစ်နည်းနည်းဖြင့် ဓမ္မလမ်းကြောင်း နှင့် ဆက်သွယ်သည်ချည်းသာ ဖြစ်ခဲ့၏။ တစ်နည်းအားဖြင့်သော် ဘုရားရှင်၏ မိန့်ခွန်းတော်မှန်သမျှသည် တရားချည်းဖြစ်၏။ အကြောင်းတစ်စုံတစ်ရာမရှိဘဲ သို့မဟုတ် အကျိုးတစ်စုံတစ်ရာမမြင်ဘဲ မိန့်ဆိုတော်မူသည် မရှိ။

"အာနန္ဒာ...ဤဝေသာလီသည် သာယာလှ၏။ စုပေါင်းအုပ်ချုပ်သော ဂဏ နိုင်ငံဖြစ်၍ တိုင်းသူပြည်သားတို့ ညီညွတ်သည်။ ပြေပြစ်သည်။ ဝေသာလီသည် နတ်ပြည်ပမာဖြစ်၍ လိစ္ဆဝီမင်းသားများသည် နတ်သားတို့ပမာ ဖြစ်သည်"

"ရှုလော့ အာနန္ဒာ...ဤ စာပါလနတ်ကွန်းစေတီ ဝန်းကျင်သည် သူတော် ကောင်းတို့ နှလုံးမွေ့လျော် ပျော်ဖွယ်ရာအဖြစ် အဘယ်မျှ နေချင့်စဖွယ်ကောင်းပါ

www.burmeseclassic.com

www.burmeseclassic.com



သနည်း။ စာပါလ နတ်ကွန်းစေတီမျှသာမဟုတ်၊ အခြားသော မွေ့လျော်ဖွယ်ရာ နတ်ကွန်းစေတီတို့လည်း ဝေသာလီတွင် မြောက်မြားစွာ ရှိကြပေ၏"

"ဥဒေန နတ်ကွန်းစေတီသည် အဘယ်မျှ မွေ့လျော်ဖွယ်ကောင်းပါသနည်း။ ဂေါတမ နတ်ကွန်းစေတီသည် အဘယ်မျှသာယာသနည်း။ အလားတူပင် သတ္တမ္ဗ နတ်ကွန်းစေတီသည် လည်းကောင်း၊ ဗဟုပုတ္တိကနတ်ကွန်း စေတီသည်လည်း ကောင်း၊ သာနန္ဒာရနတ်ကွန်းစေတီသည်လည်းကောင်း အဘယ်မျှ နှလုံးငြိမ့်လေး အေးဆေးသာယာပါသနည်း"

"အာနန္ဒာ...ဘုရားရှင်တို့မည်သည် လျှောက်ထားတောင်းပန်သူရှိ၍ အကယ်၍ နေလိုခဲ့ပါသော် သက်တမ်းပင် ကုန်ဆုံးစေကာမူ ကြီးစွာသော ဘာဝနာ ဖလသမာပတ်ဖြင့်ထိန်း၍ အာယုကပ်ပတ်လုံး နေနိုင်ကြပေ၏။ အကယ်၍ အလိုရှိခဲ့သော် တစ်ကမ္ဘာပတ်လုံးပင်သော်လည်း နေနိုင်ကြပေသည်"

ဤမိန့်ခွန်းတော်သည် ဗဟုသုတတစ်ရပ်အဖြစ် ကြားနာဖွယ်ရာမျှဖြစ်၍ အဘယ်ပုံ ရည်မှန်းချက်ရှိသည်၊ အဘယ်သို့ အဓိပ္ပာယ်သက်ရောက်သည်ဟု အရှင်အာနန္ဒာ နားမလည်နိုင်ခဲ့ရှာ။

ဘုရားရှင်ပွင့်တော်မမူမီကပင် ရှိနှင့်နေသော မဇ္ဈိမတိုက် ဘာသာအရပ်ရပ်တို့၏ သာယာသောနတ်ကွန်းများ၊ ဓမ္မသာလာများကို ဘုရားရှင် နှစ်သက်တော်မူသည်။ ဘာသာခြားတို့၏ ရိပ်သာများဟူ၍ လျစ်လျူရှုတော်မမူ။ ယင်းနတ်ကွန်းစေတီ၊ ဓမ္မသာလာများတွင် သက်တော်တစ်လျှောက်လုံး၌ အလျဉ်းသင့်သလို သီတင်းသုံးခဲ့သည်မှာ ကြိမ်ဖန်များစွာရှိခဲ့သည်။

ဝေသာလီ၏ နတ်ကွန်းများသည် ခမ်းနားသာယာမှုကြောင့် ကျော်ကြား၏။ ယခု သီတင်းသုံးလျက်ရှိသော စာပါလ နတ်ကွန်းသည်လည်းကောင်း၊ ဖော်ပြပါ အခြားနတ်ကွန်းများသည်လည်းကောင်း သာယာခမ်းနားမှုကြောင့် ရေခြား မြေခြား ပုဂ္ဂိုလ်အများပင်လျှင် တခုတ်တရ လာရောက်ချဉ်းကပ် မွေ့လျော်ကြရသော နတ်ကွန်း စေတီများ ဖြစ်ကြသည်။ သို့ရာတွင် တောတောင်ရေမြေကိုချစ်သော နောင်တော်ဘုရားသည်၊ ဆိတ်ငြိမ်သာယာမှုတွင်သာ အစဉ်မွေ့သော နောင်တော်ဘုရားသည် သက်ကြီးရွယ်ရင့်တို့သဘာဝအတိုင်း ချီးပမိန့်ဆိုခြင်းမျှသာ ဖြစ်သည်ဟု အရှင်အာနန္ဒာ နားလည်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အမ္ဗပါလီ၏ သရက်ဥယျာဉ်တွင် သီတင်းသုံးစဉ်က စုဝေးရောက်လာကြသော ဝေသာလီ၏ လိစ္ဆဝီမင်းသားများကိုရည်၍ "နတ်တို့နိုင်ငံသို့ မရောက်ဖူးကြသေးသော ချစ်သားရဟန်းတို့...တာဝတိံသာနတ်တို့ကိုလည်းကောင်း၊ တာဝတိံသာနတ်တို့၏ အဝတ်အဆင်ကိုလည်းကောင်း ရှုမြင်လိုကြသော် ဤလိစ္ဆဝီမင်းသားများကိုသာ ရှုကြကုန်လော့"ဟု တစ်ကြိမ်ချီးကျူး မိန့်ဆိုခဲ့ဖူးသည်။ အလားတူပင် ညီညွတ်သာယာသော ဝေသာလီနိုင်ငံကိုလည်း ချီးကျူးမိန့်ဆိုခဲ့ဖူးသည်။ ဤသည်လည်း သက်ကြီးရွယ်ရင့်တို့၏ သဘာဝအတိုင်း တမ်းတမိန့်ဆိုခြင်းမျှသာ ဖြစ်ချေသည် တကားဟု အရှင်အာနန္ဒာ နားလည်လိုက်မိသည်။

တန်ခိုးတော်ရှင် ဘုရားရှင်တို့၏ သက်တမ်းနှင့်ပတ်သက်၍ မိန့်ဆိုခြင်းမှာလည်း မှတ်သားဖွယ်ရာ ဗဟုသုတတစ်ရပ်အဖြစ်မျှသာဟုပင် အရှင်အာနန္ဒာ နားလည်လိုက်မိသည်။

အဘယ်မျှ တိမ်သေးမှေးမှုန်လှသော နားလည်မှုပါနည်း။ တေဒဂ်ငါးတန်ရ၊ ဗဟုသုတ တေဒဂ်ရှင်ကြီးဖြစ်ပါလျက် ဤအချက် ဤနေရာတွင်မူ အဘယ့်ကြောင့် ဉာဏ်တိမ် ဉာဏ်သေးပြီး မှေးမှိန်နေရပါသနည်း။ အဘယ့်ကြောင့် ဤမျှ မိုက်မဲရပါသနည်းဟုပင် အရှင်အာနန္ဒာ မကျေနပ်နိုင်လွန်းသောကြောင့် နောင်ခါ၌ မိမိကိုယ်ကိုမိမိ နှိမ်၍ စဉ်းစားသည်။ သာမန် မကျေနပ်နိုင်ရုံမဟုတ်၊ မျက်ရည်ကြီးငယ်ကျရသည်အထိ မကျေမနပ်ဖြစ်ရရှာသည်။

အကြောင်းကား ယင်းမိန့်ခွန်းတော်၏ အဖြေသည် နေ့တွင်းချင်း အခိုက်အတန့်အတွင်း၌သော်လည်းကောင်း၊ မကြာမီသောကာလတွင်လည်းကောင်း၊ ပြက်ပြက်ထော်ထော် ပေါ်လာသောကြောင့်ဖြစ်သည်။ **ဘုရားရှင် အာယုသင်္ခါရ လွှတ်တော်မူပြီတည်း။**

လွှတ်ဟန်ကား တောထွက်တော်မူချိန်၊ ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူချိန်မှစ၍ သဗ္ဗညုတရွှေဉာဏ်တော်တွင် မနာလိုလွန်း၊ မရှုဆိတ်လွန်းသော ငြူစူမှုဏှာသာ အပြည့်ဖြင့် လေးဆယ့်ငါးဝါ သက်တော်တစ်လျှောက်လုံးတွင် ဘုရားရှင်ကိုယ်တိုင်တော်အားသော်လည်းကောင်း၊ အရှင်သာရိပုတ္တရာ စသော ထိပ်တန်းပုဂ္ဂိုလ်များအပါအဝင် သံဃာတော်များအားလည်းကောင်း စွမ်းအားရှိသမျှ အနှောင့်အယှက်ပေးခဲ့သော မာရ်နတ်သည် အာယုသင်္ခါရ လွှတ်တော်မူရန် အချိန်တန်ပါပြီ၊ လွှတ်တော်မူပါဟု လျှောက်ထားတောင်းပန်ရာတွင် ရောက်ဆဲ သက်တမ်း

www.burmeseclassic.com

www.burmeseclassic.com



အာယုကပ်ကို ငါးပုံ,ပုံ၍ လေးပုံမျှသာ နေလေ့ရှိသော ရှေးရှေးနှောင်တော် ဘုရားရှင်၏ထုံးကို နှလုံးမူ၍လည်းကောင်း၊ လာမည့်အချိန် သုံးလအတွင်း၌ ဆောင်ရွက်ရန်ရှိသော သာသနာရေးကိစ္စ အနည်းအကျဉ်းမှတစ်ပါး တပည့်သား သံဃာ သာသနာတော်အတွက် ဆောင်ရွက်ဖွယ်ရာများ ကုန်ဆုံးပြီဖြစ်၍လည်းကောင်း အကြောင်းသင့်သော မာရ်နတ်၏ တောင်းပန်လာချက်ကို လက်ခံ၍ အာယုသင်္ခါရ လွှတ်တော်မူလိုက်ခြင်း ဖြစ်သတည်း။

အာယုသင်္ခါရ လွှတ်သည်ဆိုခြင်းမှာ အသက်ဓာတ်ကို စွန့်ဖြတ်ရန် ဆုံးဖြတ်လိုက်ခြင်းပင် ဖြစ်ပေသည်။ အသက်ဓာတ်စွန့်ဖြတ်ပြီးနောက် ကုသိနာရုံရောက်မှ ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းမှာကား သာသနာရေးကိစ္စ အနည်းအကျဉ်းရှိနေသေးသောကြောင့် ခန္ဓာကိုယ်တော်ကို ဖလသမာပတ်တည်းဟူသော မဟာဘာဝနာဖြင့် ထိန်းကွပ် ချုပ်တည်းထားခြင်းမျှ ဖြစ်ပေသည်။

ဤနေရာ၌ **'စိတ္တေန နီယတေ လောကော'** လောကကို စိတ်ဆောင်သည်ဟူသော ဒေသနာတော်သည် ပို၍ထင်ရှား၏။ တန်ခိုးရော ပညာပါ ဘက်စုံပြည့်ဘုရား ရဟန္တာများကို ထားဦး၍ ရှင်ဒေဝဒတ်တို့လို လောကီယ သမာဓိ ဘာဝနာသမားများသည်ပင်လျှင် လေ့ကျင့်ထားအပ်ပြီးသော စိတ်တန်ခိုးကြောင့် ဗဟိဒ္ဓဖြစ်ရပ်မျိုးစုံကို ဖန်တီးပြုပြင်နိုင်ခဲ့သည်မှာ သာသနာတော်တွင် အကြောင်းရပ်မျိုးစုံထပ်၍နေခဲ့ပြီ။ ပညာရော တန်ခိုးပါ ဘက်စုံပြည့်သူ ဘုရားရဟန္တာတို့အဖို့ကား ဗဟိဒ္ဓအကြောင်းရပ်များကို အပထား၍ မိမိကိုယ်ကိုလည်း သမာဓိပညာ မဟာဘာဝနာဖြင့် လိုအပ်သလို ပြုပြင်နိုင်စွမ်းသည်။

လွန်ခဲ့သော တန်ဆောင်မုန်းလကွယ်နေ့ကပင် ပရိနိဗ္ဗာန်စံဝင်ခဲ့သော တန်ခိုးတော်သခင် အရှင်မောဂ္ဂလာန်သည် ခိုးသားတို့ ထောင်းသတ်၍ အရိုးအသားမျှ မကျန် ခန္ဓာကိုယ်တစ်ခုလုံး မှုန့်မှုန့်ညက်ညက် ကျေနေပြီဖြစ်ပါလျက်ကို သမာဓိပညာ မဟာဘာဝနာဖြင့် မိမိ၏ ကွဲကြေပြီးသော ခန္ဓာကိုယ်ကို ထိန်းပတ်၍ ဘုရားရှင်၏ ရှေ့တော်မှောက်အရောက် ဆောင်ယူလာနိုင်ခဲ့သည်။

ယင်းသို့ ဘုရားရှင် အာယုသင်္ခါရ လွှတ်တော်မူလိုက်သောအခါ ပဋိသန္ဓေနေတော်မူသောအခါ၌လည်းကောင်း၊ ဖွားတော်မူချိန်၊ ဗုဒ္ဓပလ္လင်ပေါ်တွင် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူချိန်၊ ဓမ္မစကြာ ဒေသနာ တရားထူးတရားဦး ဟောတော်မူချိန် စသော ထိုထိုဗုဒ္ဓကိစ္စတော်ကြီးများ ဖြစ်ပေါ်လာသည့်အခါတိုင်း မင်္ဂလာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကြီးဖြင့် ဖွဲ့ချီးလှူပ်တုန် ဂုဏ်ပြုခဲ့သော မဟာပထဝီမြေကြီးသည် အာယုသင်္ခါရ လွှတ်တော်မူသောအခါ၌မူ ဝမ်းနည်းမှုအကြောင်းအချက်ဖြင့် သွက်သွက်ခါမျှ တုန်လှုပ်သတည်း။

[ ၃ ]

လျှောင်သက်သက်မျှမဟုတ်။ လျှောင်နှင့်အတူ လောကဓာတ်တစ်ခွင်သည် ချောက်ချားလျက်ရှိသည်ကိုလည်း တွေ့ရ၏။ လျှောင်နှင့်အတူ ထူးခြားကြီးမားသော အသံကြီး မြည်ဟည်းကာ တော်လည်းသည်။ မိုးသားတိမ်ပုပ်တို့ ညိုညို့မှိုင်းမှိုင်းနှင့် အပြင်းအထန် လှုပ်ရှားသည်။ သစ်ကြီးဝါးကြီးတို့ တသဲသဲလှုပ်သည်။ အဆောက်အအုံတို့ ယိမ်းယိုင်သည်။ အချို့ ပြိုကျသည်။ ကျေးငှက်တိရစ္ဆာန်တို့ တသဲသဲ အော်မြည်သည်။ လျှောင်သည် တစ်ကြိမ်မျှမဟုတ်၊ ထပ်ကာထပ်ကာလှုပ်သည်။

ထူးခြားပြင်းထန်သော မြေလျှောင်ကြောင့် အရှင်အာနန္ဒာသည် ဘုရားရှင်၏ ရှေ့တော်မှောက်သို့ အသော့လျှင်စွာ ရောက်လာခဲ့၏။ ပြင်းသောမြေလျှောင်ကြောင့် ဘုရားရှင် လဲပြိုမည်စိုး၍ဖြစ်၏။ မူလနေရာတွင် ဣန္ဒြေမပျက် ထိုင်နေတော်မူသည်ကို တွေ့ရမှ စိတ်အေးရသည်။

ဤမျှထူးခြားသော မြေလျှောင်အကြောင်းကို ရှင်အာနန္ဒာ သိလိုလှသောကြောင့် ဘုရားရှင်အား မေးလျှောက်သောအခါ ဘုရားရှင်က မြေကြီးလှုပ်ခြင်း၏ အကြောင်း ရှစ်ပါးကို မိန့်ကြားတော်မူသည်။

ယင်းရှစ်ပါးအနက် တစ်ပါးမှာ ဘုရားရှင်တို့ အာယုသင်္ခါရ လွှတ်တော်မူသော အခါ၌ ပြင်းထန်စွာလှုပ်သည်ဟူသော အချက်တစ်ရပ်ကို ကြားနာရသောအခါ ယခု ကလေးတွင်ပင် အာယုသင်္ခါရနှင့်စပ်သောစကား မြွက်ကြားတော်မူပြီးသည်နှင့် ဆက်၍ တွေးမိကာ ဘုရားရှင်သည် အာယုသင်္ခါရ လွှတ်တော်မူပြီလောဟု စိုးရိမ် တကြီး ဖြစ်သွားရသည်။

"နောင်တော်ဘုရား...အရှင်မြတ်သည် အာယုသင်္ခါရ လွှတ်တော်မူသည် ထင်မိပါ၏ဘုရား"

"မှန်ပေသည် အာနန္ဒာ...မာရ်နတ် တောင်းပန်မှုကြောင့် ယခုကလေးတွင်ပင် အာယုသင်္ခါရ လွှတ်တော်မူလိုက်ပေပြီ။ နောက်သုံးလကြာသည်အထိသာ မဟာ

www.burmeseclassic.com

www.burmeseclassic.com



ဘာဝနာ ဖလသမာပတ်ဖြင့် ငါဘုရားခန္ဓာကိုယ်ကို ချုပ်ထိန်းထားပြီး သုံးလမြောက်သော ကဆုန်လပြည့်နေ့တွင် ကုသိနာရုံ၌ ဖလသမာပတ်ကို စွန့်လွှတ်မည်”

ယင်းမိန့်ခွန်းကြောင့် စိုးရိမ်စိတ်ဖြင့် အရှင်အာနန္ဒာအဖို့ တုန်လှုပ်ယိမ်းယိုင်သည်အထိ ကိုယ်ဟန်ပင် ပျက်သွားသည်။ ထို့ကြောင့် ပျာပျာသလဲဖြင့် “အရှင်မြတ်ဘုရား…ဘုရားရှင်တို့သည် အလိုရှိခဲ့လျှင် အာယုကပ်ပတ်လုံး နေနိုင်သည်ဟု ယခုပင် မိန့်တော်မူပြီးပါသည်။ သို့ပါ၍ သာသနာအကျိုး၊ ကောလသုံးပါးအကျိုးအတွက် အာယုကပ်ပတ်လုံး ဆက်လက်သီတင်းသုံးတော်မူပါဘုရား။ အာယုသင်္ခါရစွန့်လွှတ်မှုကို ပယ်ဖျက်တော်မူပါဘုရား”ဟု ဆို့နစ်သောအသံဖြင့် လျှောက်ထားသည်။

ဆို့နစ်ရခြင်းမှာ မိမိသည် ဘုရားရှင် အရိပ်နိမိတ် မြွက်ကြားစဉ်က မတောင်းပန်မိဘဲနှင့် ယခုမှပင် သတိရ၍ တောင်းပန်ရသည်မှာ နောက်ကျခဲ့ပြီလောဟု တွေးမိ၍ဖြစ်သည်။ မိမိမျှော်လင့်ချက်သည် ရေးရေးမှုန်မှုန်မျှသာ ရှိ၏။ အကြောင်းဖြင့်ပင် ပယ်ဖျက်တော်မူလေ့မရှိသည်ကို အရှင်အာနန္ဒာတို့ သိပြီးဖြစ်သောကြောင့်ဖြစ်သည်။

“အာနန္ဒာ…သင့် တောင်းပန်မှုကား နောက်ကျခဲ့လေပြီ။ သည်းခံလေတော့။ ငါဘုရားသည် အလိုရှိခဲ့လျှင် အာယုကပ်ပတ်လုံး တည်နေနိုင်၏ဟု သင့်ကို အရိပ် အမြွက်စကား ထင်ထင်ရှားရှားကြီး မိန့်ကြားခဲ့ပါလျက် ထိုစဉ်က သင် မတောင်းပန်သည်မှာ သင့်ချွတ်ယွင်းမှု ဖြစ်ပေသည်”

အရှင်အာနန္ဒာအဖို့ မျက်ရည်ကျရုံမှတစ်ပါး မည်သို့မျှ မတတ်နိုင်လေတော့ပေ။ ထို့ကြောင့် မျက်ရည်ကျသည်အထိ မိုက်မဲခဲ့မိလေခြင်းဟု မိမိကိုယ်ကိုမိမိ မချိတင်ကဲနှင့် နိမ်၍ တွေးခဲ့မိကြောင်း ဖော်ပြခဲ့ခြင်းဖြစ်သည်။

မိမိချွတ်ယွင်းမှုမှာ ဘုရားရှင်ကို လက်မလွှတ်ချင်ဘဲနှင့် အချိန်တိုတိုနှင့် လက်လွှတ်ရတော့မည့် အကြောင်းတစ်ရပ်သာမဟုတ်၊ အခြားအကြောင်းကြီးတစ်ရပ်လည်း ရှိပေသေးကြောင်း နောင်အခါမှ သိလာရသည်။ ယင်းအကြောင်းကြီးသည်ကား ဘုရားရှင် မျက်နှာတော်လွှဲပြီးသည့်အခါ၌ သာယာစည်ပင်လှသော ဝေသာလီပြည်ကြီးသည် အဇာတသတ်ဘုရင်၏ လက်ချက်ကြောင့် ပျက်စီးသွားရခြင်းပင်ဖြစ်ပေသည်။ အကယ်၍သာ ဘုရားရှင် ထင်ရှားရှိနေခဲ့ပါသော် သာသနာတော်၏

www.burmeseclassic.com

www.burmeseclassic.com



ထီးဝန်း၊ ဘုရားရှင်၏ အဆုံးအမအောက်မှ ဤနှစ်နိုင်ငံသည် ပြဿနာတစ်စုံတစ်ရာ ဖြစ်ဖွယ်မရှိဟု နောင်အခါမှ စဉ်းစားမိရသည်။

ရာဇဂြိုဟ်၊ သာဝတ္ထိ၊ ကောသမ္ဗီ စသော ကောရာဇ် ပဒေသရာဇ် နိုင်ငံတို့ ဝိုင်းညှပ် ထိစပ်လျက်ရှိသော ဝေသာလီပြည်သူ့နိုင်ငံသည် ပြဿနာမျိုးစုံနှင့် မပြတ် ရင်ဆိုင်နေခဲ့ရ၏။ အထူးသဖြင့် ရာဇဂြိုဟ်နှင့် ဆက်စပ် နီးကပ်လျက်ရှိလေရာ နယ်စပ်ပြဿနာ မကြာခဏပေါ်၏။ သို့ရာတွင် ပေါ်လာသော ပြဿနာတို့မှာ အကြောင်းရင်းမဟုတ်၊ ပြဿနာ တမင်ပေါ်အောင် ပြုလုပ်ခြင်းမျှဖြစ်၍ အဓိက အကြောင်းကား ကောရာဇ်၊ ပဒေသရာဇ် သက်ဦးဆံပိုင်ဘုရင်တို့၏ ဘုန်းတန်ခိုး အစဉ်အလာကို ပြည်သူ့အဖွဲ့၊ ပြည်သူ့အာဏာဖြင့် စုပေါင်းအုပ်ချုပ်သော ဝေသာလီ ဂဏနိုင်ငံက မပြတ်ခြိမ်းခြောက် ကပျက်ယပျက် လုပ်နေသည်ဟု ယူဆသော အကြောင်းပင် ဖြစ်ပေသည်။

သို့ရာတွင် သဘောထားကြီး၍ တရားပြည့်ဝသော ဘုရင်ဗိမ္ဗိသာရ၏ လက်ထက်နှင့် ဘုရားရှင်မျက်မှောက် တရားရိပ်အောက်တွင် ယင်းပြဿနာသည် မှေးမှိန် နေခဲ့ပြီးနောက် ဘုရားရှင် မျက်နှာလွှဲသည့်အခါတွင်မူ ခက်ထန်မာန်ကြီးသော အဇာ တသတ်ဘုရင်နှင့် ပရိယာယ်ကြွယ်သော သူ့အမတ်ကြီး ဝဿကာရတို့၏ ဓား အောက်၌ ဝေသာလီသည် ပျက်စီးခဲ့ရရှာသည်။

ဤအကြောင်းကိုလည်း ဘုရားရှင်သည် အရိပ်အမြွက် မိန့်ကြားခဲ့ပါလျက် မသိနိုင်ခဲ့သည်မှာ မိမိ၏ချွတ်ယွင်းချက်ဟု နောင်အခါ၌ အရှင်အာနန္ဒာ မကျေ မလည် ဖြစ်ရရှာသည်။ မတတ်နိုင်။ ပုပ္ပရွှမြင့်လေသမျှ၊ ခိုင်မြဲသည်ထင်လေသမျှ တို့သည် သင်္ခါရတို့ပါတကားဟု တရားနှင့်သာ ဖြေရပေတော့မည်။

[ ၄ ]

ကုသိနာရုံအထိ အရောက်သွားမည်ဆိုသောကြောင့် ဘုရားရှင်၏ ဒေသစာရီ သည် မဆုံးသေးသည်မှာ သေချာပေပြီ။ ဝေဠုဝန်၊ ဇေတဝန်၊ ပုဗ္ဗာရုံ စသော ထိုထိုကျောင်းကြီးများ၌ မိမိမျှော်လင့်သလို ငြိမ်ငြိမ်ဝပ်ဝပ် အေးအေးဆေးဆေး ဘုရားရှင် သီတင်းမသုံးတော့မည်မှာ သေချာလေပြီ။

မှန်လှပေ၏။ ထိုနေ့တွင်ပင် ဝေသာလီပြည်၊ စာပါလနတ်ကွန်းစေတီမှ ကူဋာ ဂါရရွာသို့ ခရီးဆက်သည်။ ကူဋာဂါရမှ ဘဏ္ဍဂါမ။ ဘဏ္ဍဂါမမှ ဟတ္ထိဂါမ၊ အမ္ဗဂါမ၊ ဇမ္ဗုဂါမ၊ ဘောဂမြို့တို့သို့ တစ်မြို့ဝင် တစ်ရွာထွက်ဖြင့် ခရီးဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်မြို့ဝင်တစ်ရွာထွက် နားနားနေနေနှင့်ပင် မိန့်တော်မူခဲ့သော အာယုသင်္ခါရ သုံးလသက်တမ်းမပြည့်မီ တစ်ညခင်းတွင် ပါဝါပြည်သို့ ရောက်ကြသည်။ ပါဝါပြည်တွင် ဘုရားရှင်၏ ဒကာဟောင်းတစ်ဦးဖြစ်သူ ရွှေပန်းထိမ်ဆရာ၏သား စုန္ဒဒါယကာ၏ သရက်ဥယျာဉ်တွင် သီတင်းသုံးမိသောအခါ စုန္ဒဒါယကာက ကြိုတောင့် ကြိုခဲ ရောက်ရှိလာသော ဘုရားရှင်နှင့် သံဃာအားလုံးကို နောက်နေ့ နံနက်အတွက် ဆွမ်းဖိတ်သည်။

ယင်းဆွမ်းအလှူသည် အကြောင်းအမျိုးမျိုးဖြင့် ထူးခြားလှသော ဆွမ်းအလှူဖြစ်ပါပေ၏။

ထူးခြားဟန်ကား ထိုစဉ်ကြိုက်ဝယ် မဇ္ဈိမမြောက်ပိုင်းတခွင်၌ ကျော်ကြားလှသော သုကရမဒ္ဒဝခေါ် ဆေးဆွမ်းအဖြစ် ချက်လုပ်စားသုံးရသည့် အာဟာရပစ္စည်းတစ်မျိုးသည် စုန္ဒဒါယကာ၏ထံတွင် အဆင်သင့်ရှိနေလေရာ သက်ရွယ်အိုမင်း၍ အားအင်ယိုယွင်းနေဟန်လည်းတူသော ဘုရားရှင်အား ရတောင့်ရခဲ ယင်း သုကရမဒ္ဒဝ အာဟာရဆွမ်းဖြင့် ကပ်လှူရန် စီစဉ်သည်။ အကြောင်းကား သုကရမဒ္ဒဝသည် အင်အားကိုဖြစ်စေသော ဆေးအာဟာရအဖြစ် ကျော်ကြား၍ ပစ္စည်းစွမ်းအား တတ်နိုင်သူတို့သာ သုံးဆောင်နိုင်သော ဆေးအာဟာရ ပစ္စည်းဖြစ်သည်။ ဤကား ထူးခြားမှုတစ်ရပ်။

သုကရဟူသော ဝေါဟာရ၏ အဓိပ္ပာယ်မှာ ဝက်ဖြစ်သည်။ အကြောင်းကား သုကရမဒ္ဒဝ ဆေးအာဟာရပစ္စည်း၏သဏ္ဌာန်မှာ ဝက်နှင့်တူသည်။ ထို့ကြောင့် ဗျုပ္ပတ်ကိုလိုက်၍ သုကရမဒ္ဒဝဟု တွင်သည်။ သို့နှင့် သုကရမဒ္ဒဝဟူသည် ဝက်ပျိုသား ဖြစ်သည်။ သို့မဟုတ် ဝက်နှင့်တူသော ဆေးအာဟာရပစ္စည်းဟူသော ပြဿနာမှာ နောင်အခါ၌ သာသနာ့သမိုင်းတွင် ဒွိဟဖြစ်၍ ကျန်ရစ်စေခဲ့သည်။ ဤလည်း ထူးခြားမှုတစ်ရပ်။

ယင်းသုကရမဒ္ဒဝဆွမ်းသည် အစာကြေညက်နိုင်ရန် မိမိနှင့်သာ သင့်လျော်၍ တပည့် ရဟန်းများနှင့် မသင့်လျော်ဟု မြင်တော်မူသောကြောင့် ဘုရားရှင်က မိမိ တစ်ပါးတည်းကိုသာ ကပ်လှူစေ၍ ဘုဉ်းပေးတော်မူပြီးလျှင် ကျန်သောဆွမ်းကို မြေသို့ တူးမြှုပ်ပစ်စေသည်။ သို့ရာတွင် ယင်းဆွမ်းကိုစားပြီးသောအခါ ဘုရားရှင် အဖို့ မရပ်နိုင် မတည်နိုင်အောင် ဆိုသလိုပင် အကြိမ်ကြိမ် ဝမ်းတော်လားရသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ့်ငါးကြိမ်တိုင်မျှပင်ဖြစ်၏။ ထို့ကြောင့် စုန္ဒဒါယကာ၏ ထူးခြားသောဆွမ်းကြောင့် ဝမ်းတော်လားရ၍ ဝမ်းတော်လားရသောကြောင့်ပင် ဘုရားရှင် ပရိနိဗ္ဗာန်စံရသည်ဟူသော အကြောင်းဆက် စကားများမှာ သာမန်ပုထုဇဉ်တို့ လောကလူပြိန်းတို့အကြားတွင် ကျော်ကြားကာ ပြောစမှတ်ပြုစရာကြီးတစ်ရပ်ပင် ဖြစ်ခဲ့သည်။

ဆွမ်းအလှူရှင် စုန္ဒဒါယကာအဖို့ စိတ်မကောင်းဖွယ်ရာကြီးပင် ဖြစ်၏။ သို့ရာတွင် ဘုရားရှင်ကမူ "အာနန္ဒာ...သူ့ဆွမ်းကြောင့် ငါဘုရား ဝမ်းတော်လားရသည်ဟု စုန္ဒဒါယကာ စိတ်မချမ်းမသာ မဖြစ်စေသင့်။ စင်စစ်တစ်မူ စုန္ဒ၏ ဆွမ်းသည် ငါဘုရား ဇောမိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်နိုင်ရန် အင်အားကိုဖြစ်စေခဲ့သဖြင့် ထူးခြားမွန်မြတ်လှသော သုဇာတာဒါယိကာမ၏ ဆွမ်းကဲ့သို့ပင် ထူးခြားမွန်မြတ်လှသော ဆွမ်းအလှူဖြစ်ပေသည်။ ဝမ်းတော်လားရခြင်းမှာ စုန္ဒဆွမ်းကြောင့်မဟုတ်။ ငါဘုရား၏ အတိတ်က တစ်ခုသော ဆေးသမားဘဝတွင် မသမာစိတ်ဖြင့် သူနာတစ်ဦးအား ဝမ်းလားဆေးကို တိုက်ကျွေးမိခဲ့သော ဝဋ်ကြွေးကြောင့် ရုပ်နာမ်နှင့် မကင်းသေးသမျှ ခံလာရသော ဝိပါက်တော်ကြွင်းပေတည်း"ဟု မိန့်ကြားတော်မူသည်။ ဤလည်း ထူးခြားမှုတစ်ရပ်။

မှန်လှပေ၏။ သုဇာတာ၏ဆွမ်းသည် ဘုရားဖြစ်ဖို့ရန် အင်အားအထောက်အကူကို ပေးခဲ့သော ပထမဆုံးဆွမ်းဖြစ်သကဲ့သို့ စုန္ဒ၏ဆွမ်းသည်လည်း တစ်ရက်တာမျှသာ ကျန်ရှိတော့သော ဘုရားရှင်၏အသက်ကို အင်အားအထောက်အကူပေးခဲ့သော နောက်ဆုံးဆွမ်းဖြစ်သည်။ အကြောင်းမူကား စုန္ဒ၏ ဆွမ်းအင်အားကြောင့်ပင် နောက်ဆုံးအချိန်ကလေးအတွင်း၌ ပုက္ကုသမလ္လမင်းအား တရားဟောခြင်း၊ တပည့်ရဟန်းများအား မဟာသုဒဿနသုတ် စသော တရားများဟောခြင်း၊ ဘုရားရှင်မျက်မှောက်တော်တွင် နောက်ဆုံးသာဝကဖြစ်သော သုဘဒ္ဒပရိဗိုဇ်အား တရားဟောခြင်း၊ သခင်အားကိုးနှင့် တစ်လျှောက်လုံး မောက်မာမှားယွင်းလာခဲ့သော အိမ်တော်ပါ ငယ်ကျွန်ရင်း မောင်ဆန် ခေါ် ဆန္နရဟန်းအား ကျွတ်ချိန်ကိုင့်၍ တစ်လျှောက်လုံး လျစ်လျူရှုထားခဲ့ရာမှ ဗြဟ္မဒဏ်ပေးရန် တရားဟောခြင်း စသော နောက်ဆုံးဗုဒ္ဓကိစ္စတော်များကို ဆောင်ရွက်တော်မူနိုင်ခဲ့သည် မဟုတ်ပါလော။ စင်စစ်သော်ကား စုန္ဒ၏ဆွမ်းကြောင့်သာ အင်အားကိုဖြစ်စေနိုင်ခဲ့သည်။ အခြား မည်သူ၏ဆွမ်းကြောင့်ပင်ဖြစ်စေ မလွဲသောဝိပါက်ကြောင့် ဝမ်းတော်လားရမည်သာ ဖြစ်ပေသည်။ ဤသည်လည်း ထူးခြားမှုတစ်ရပ်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ၊ အရှင်အာနန္ဒာ နှလုံးတွင်မူကား ဘုရားရှင်၏ အာယုသင်္ခါရ လွှတ်တော်မူပြီးသည်ကို သိပြီးဖြစ်၍လည်းကောင်း၊ ဝမ်းတော်အကြိမ်ကြိမ်လားလျက် ရှိသည်ကို တွေ့ရသောကြောင့်လည်းကောင်း ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူတော့မည်၊ မျက်ကွယ်ပြုတော်မူတော့မည်ဟူသော ပူပန်မှုသာ တစိုးရိမ်ရိမ် တကြောင့်ကြကြနှင့် လွှမ်းမိုး၍နေခဲ့ရာက ပရိနိဗ္ဗာန်ပြုခြင်းပြုလျှင် ခမ်းခမ်းနားနား ရှိစေလိုသောကြောင့် သာဝတ္ထိ၊ ရာဇဂြိုဟ်တို့လို၊ အနည်းဆုံးအားဖြင့် ရောက်ရှိဆဲ ပါဝါပြည်တို့လို နေရာမျိုးတွင် ပြုတော်မူပါမည့်အကြောင်းနှင့် လျှောက်ထားသောအခါ ဘုရားရှင်က မြစ်ပယ်တော်မူသည်။

ခမ်းနားမှု၊ မခမ်းနားမှု စသော လောကီရေးကိစ္စဟူသမျှသည် ဘုရားရှင် စသော အရိယာတို့တွင် လုံးဝမရှိ။ အရေးမကြီး။ အာရုံမထား။ အရေးကြီး အာရုံထားသည်ကား ကုသိနာရုံတွင် ဆောင်ရွက်ရလတ္တံ့သော သာသနာတော်ရေးကိစ္စများသာ ဖြစ်ပေသည်။ ယင်းကိစ္စများအနက် မိမိမျက်မှောက်တွင် နောက်ဆုံးသာဝက ဖြစ်၍ ကျွတ်တမ်းဝင်လတ္တံ့သော သုဘဒ္ဒပရိဗိုဇ်ကို ကယ်ချွတ်ဖို့ရန်မှာ အရေးကြီးဆုံးဖြစ်သည်။ နောက်တစ်ကြောင်းမှာ ကုသိနာရုံသည် ဘုရားရှင် ပရိနိဗ္ဗာန်စံယူသည့်အခါ အလောင်းလုခြင်းဖြင့် ဖြစ်ပေါ်လာလတ္တံ့သော ဘုရင်တို့၏ စစ်မက်ရေးရာမှ ဘုရင်တို့၏ဆရာ ဒေါနဗြာဟ္မဏကြီး၏ ဩဝါဒဖြင့် ငြိမ်းအေးမှုရစေနိုင်သော နေရာဖြစ်သည်။

ဤအကြောင်းများကြောင့်ပင်လျှင် ယိုင်နဲ့လျက်ရှိသော ခန္ဓာကိုယ်ကိုပင် အညာမပေးဘဲ ကုသိနာရုံသို့ရောက်ရန် တစ်တောဝင်၊ တစ်ရွာနားဖြင့် ဒေသစာရီခရီးကြမ်းကြွချီတော်မူခဲ့သည် မဟုတ်ပါလော။ ဤအကြောင်းများကြောင့်ပင် စွန့်လွှတ်အပ်ပြီးသော အာယုသင်္ခါရကို မဟာသမာပတ်ဖြင့် ချုပ်တည်းထိန်းပတ်ထားခဲ့သည် မဟုတ်ပါလော။ ဘုရားရှင်အပေါ်၌ မေတ္တာအပြည့်၊ စေတနာအပြည့်သာ ရှိ၍ ဤအကြောင်းများကိုကား အရှင်အာနန္ဒာ မသိရှာပါလေ။

သို့နှင့် ထိုနေ့နံနက် ဆွမ်းစားပြီးချိန်တွင် ဝမ်းတော်အကြိမ်ကြိမ် လားနေပါလျက်နှင့်ပင် ပါဝါပြည်မှ ကုသိနာရုံသို့ ဒေသစာရီဆက်သည်။ နဂိုကမှ သက်တော်ကြီးရင့်သည်နှင့် မတန်အောင် မနားမနေ ခရီးပြင်းထွက်ခဲ့ပါသည်ကို ဝမ်းတော်အကြိမ်ကြိမ်လားလေသောအခါ မိမိခန္ဓာကိုယ်ကိုသော်မှ မသယ်နိုင်လောက်အောင် ယိုင်နဲ့၍လာသောကြောင့် အရှင်အာနန္ဒာနှင့် အရှင်စုန္ဒတို့က တွဲကူ ဖေးမရ၏။

www.burmeseclassic.com

www.burmeseclassic.com



ပါဝါနှင့် ကုသိနာရုံသည် မဝေးလှတော့။ သုံးဂါဝုတ်(တစ်မိုင်ခွဲ)ခရီးမျှသာ ရှိသည်။ အကြားတွင် နာမည်ကျော် ဂင်္ဂါ၊ ကကုဓနှင့် ဟိရညဝတီဟူသော မြစ်သုံးစင်းရှိသည်။ အကြိမ်ကြိမ်နား၍ သွားကြရသည်။ နားရင်း၊ သွားရင်းနှင့် ဂင်္ဂါမြစ်ကမ်းပါးသို့ ရောက်သောအခါ သစ်ပင်ကြီးတစ်ပင်ရင်းတွင် နားနေတော်မူ၏။ ဤနေရာတွင် ထူးခြားသော မလ္လာမင်းပုက္ကုသနှင့် တွေ့သည်။

## [ ၅ ]

ထူးခြားဟန်ကား ပုက္ကုသမလ္လာမင်းသည် ကွယ်လွန်လေပြီးသော နာမည်ကျော် အာဠာရ ရသေ့ကြီး၏ တပည့်တည်း။ အာဠာရ ရသေ့ဟူသည်ကား သိဒ္ဓတ်မင်းသား ဘုရားမဖြစ်မီ ဉရုဝေလ၌ လောကီသမာပတ်နည်းနာကို ခံယူခဲ့ဖူးသော သိဒ္ဓတ္ထ ရဟန်း၏ ဆရာတော်ခဲ့ဖူးသူတည်း။ တစ်နည်းဆိုသော် ဘုရားဂေါတမဟူသည် အဘယ်မျှ ကြီးကျယ်နေသည်ဆိုစေ ပုက္ကုသအမြင်ဖြင့်ကြည့်သော် ဆရာတူ တပည့်ချင်းမျှသာတည်း။

မာနဟူသည် ပညာရှိများ၌ပင်လျှင် ငါက အဘယ်ကျောင်းတော်ပြန်တကား၊ အဘယ်ပညာကိုတတ်၍ အဘယ်ဆရာ၏တပည့်တကား၊ သူလည်း ဤဆရာ၏ တပည့်၊ ငါလည်း ဤဆရာ၏တပည့်၊ တပည့်ချင်းအတူတူတကား စသည်ဖြင့် ကတ်သီးကတ်သတ်ကလေးများအထိ ခိုကပ်နေတတ်ပေသေးသည်။ ပုက္ကုသသည် လည်း ဤမာန်ကလေး ရှိနေသူဖြစ်၏။ ဗုဒ္ဓ၊ သမ္မာသမ္ဗုဒ္ဓ၊ ဘုရားရှင်၊ ဘုရားရှင်နှင့် သိဒ္ဓတ္ထ၊ သို့မဟုတ် ဂေါတမ၏သတင်းသည် မွှေးလှပါ၏။ သို့ရာတွင် ဂေါတမသည် ဆရာဖြစ်သူ အာဠာရထက် သာနိုင်ပါအံ့လော။

ယင်းသို့သော အတွေးမာန အခုအခံကလေးကြောင့် ပုက္ကုသသည် အခြားမလ္လာမင်းတို့ ဘုရားရှင်အား ဝပ်စင်းကိုးကွယ်နေသည်ကို မြင်ရ၊ သိရသော်လည်း ရှောင်ဖယ်ဖယ်သာ နေခဲ့သူဖြစ်သည်။ သို့ရာတွင် ဘုရားရှင်အား မလ္လာမင်းတို့မျှသာမက အမင်းမင်းတို့ ဦးခိုက်ခြင်း၊ မိမိလေးစားအပ်သော ပညာရှိကြီးတို့ပင် ဦးခိုက်ခြင်းတို့ကို တွေ့လာရသောအခါ မိမိသည်လည်း လေးစားချဉ်းကပ်ချင်သယောင် ရှိလာပါ၏။ သို့ရာတွင် ဆရာတူတပည့်ဟူသော အချွန်အတက်ကလေး ရှိနေသောကြောင့် ဦးမကျိုးချင်လှ။ ဘုရားရှင်ကို တတ်နိုင်သမျှ ဝေ့ရှောင်၍နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုသော် ပက်ပင်းတိုး၍နေချေပြီ။ အကြောင်းတစ်ခုနှင့် ခရီးထွက်ခဲ့ရာမှ မိမိလမ်းခရီးနံဘေးအနီးတွင်ပင် ထိုင်လျက်ရှိသော ဘုရားရှင်နှင့် မလွဲသာမရှောင်သာ တွေ့နေရပေပြီ။ ဆရာတူတပည့်အချင်းချင်းအပေါ်တွင် ရင်ဆိုင်တွေ့ပါလျက် မသိယောင်ပြုကာ အတင်းမျက်နှာလွှဲရမည်ဆိုလျှင် သင့်လျော်နိုင်ပါအံ့လော။

သို့ဖြစ်၍ ဘုရားရှင်အနီးသို့ ချဉ်းကပ်ရသည်။ မိမိက လူ၊ သူက ရဟန်းဖြစ်၍ အရိုအသေပြုသင့်သလောက် ပြုရသည်။ နှုတ်ခွန်းဆက်စကား၊ ပဋိသန္ထာရစကား ပြောကြားရသည်။ သို့ရာတွင် ရှိနေပြီးသော မာနအခုအခံကလေးနှင့် မိမိမှာတော့ ဘာပညာမှမရှိ၊ ရှိသမျှလေးနှင့် အမောက်ထောင်ပြရမည်ဆိုလျှင်လည်း ဤမျှ ကြီးမြင့်နေသော ဂေါတမကို နိုင်ဖို့ အကြောင်းမရှိ။ သို့ဖြစ်၍ ဆရာနှင့်ကိုင်မှ ဖြစ်ပေတော့မည်ဟူသော အတွေးဖြင့် မိမိတွေ့ကြုံခဲ့ဖူးသော အာဠာရ ရသေ့၏ စွမ်းအင်ကို ဂုဏ်တင်ကာ စကားစ၍ဆိုသည်။

"အရှင်ဂေါတမ...အရှင်ဘုရားနှင့် အခုလိုတွေ့တော့ တပည့်တော် တစ်ခု သတိရလာ၍ လျှောက်ထားပါရစေ။ ဤလောက၌ ငြိမ်သက်မှုကို နှစ်သက်၍ ငြိမ်သက်စွာနေလေ့ရှိသော ရဟန်းတို့၏ ဣန္ဒြေမှာ အံ့ဖွယ်ရှိလှပါသည်။ အရှင်ဘုရားနှင့် တပည့်တော်တို့၏ဆရာ အာဠာရ,ရသေ့ကြီးမှုကား ပို၍အံ့ဖွယ်ရှိသူ ဖြစ်ပါပေသည်။

"ဆရာ အာဠာရ,ရသေ့ကြီးသည် တစ်နေ့သောအခါ ခရီးသွားရင်းနှင့် လမ်းဘေး သစ်ပင်၌ အရှင်ဘုရားကဲ့သို့ပင် ယခုလို ထိုင်နေစဉ် ကုန်သည်လှည်းပေါင်း ငါးရာခန့်တို့သည် ဆရာရသေ့အနီးမှ ဖြတ်သန်း၍သွားသောကြောင့် ဆရာရသေ့၏ သင်္ကန်းတွင် လွင့်လာသော မြူအထပ်ထပ် ကပ်ငြိကုန်ကြပါသည်။ သို့ရာတွင် အနည်းငယ်မျှ လှုပ်ရှားသည်ကို မတွေ့ရသောကြောင့် ဒကာတစ်ယောက်က ရသေ့ကြီးထံသို့ ချဉ်းကပ်၍ လျှောက်ထားပါသည်။

**(ဒကာ)** "အရှင်ဘုရား...လှည်းငါးရာတို့ အရှင်ဘုရားအနီးမှ ဖြတ်သန်းသွားသည်ကို မမြင်လိုက်ပါလော"

**(ဆရာ)** "ဒကာ...ငါ မမြင်လိုက်"

**(ဒကာ)** "အရှင်ဘုရား...လှည်းသံများကိုရော ကြားလိုက်ပါသလား"

**(ဆရာ)** "ဒကာ...ငါ မကြားလိုက်"

**(ဒကာ)** "အရှင်ဘုရား...အိပ်ပျော်လို့များ နေပါသလား"

www.burmeseclassic.com

www.burmeseclassic.com



(ဆရာ) "ဒကာ...ငါ အိပ်မပျော်ပါ"

(ဒကာ) "အရှင်ဘုရား...သို့ဆိုလျှင် အရှင်ဘုရားမှာ မှတ်စိတ် သညာစိတ်များမှ ရှိပါလေစ"

(ဆရာ) "အေး...ငါ့မှာ မှတ်စိတ် သညာစိတ်တော့ ရှိပါ၏ဒကာ"

(ဒကာ) "မှတ်စိတ်ရှိပါလျက် အရှင်ဘုရား၏ သက်နီးတွင် မြူမှုန်အလိမ်းလိမ်း ကပ်ငြိနေသည်ကိုမှ မသိခြင်း၊ ဆူညံသောလှည်းသံများကိုမှ မကြားခြင်း ဆိုသည်မှာ အရှင်ဘုရားတို့၏ ငြိမ်သက်သောဣန္ဒြေ၊ ငြိမ်သက်သော တည်ကြည်မှုသည် အံ့ဖွယ်ရှိပါပေ့ဘုရား"

"အရှင်ဂေါတမ...တပည့်တော်တို့၊ အရှင်ဘုရားတို့၏ ဆရာ အာဠာရရသေ့ ကြီးသည် ဤမျှလောက်ပင် ငြိမ်သက်ခြင်းဣန္ဒြေနှင့် ပြည့်စုံသူဖြစ်သည်ကို သတိရ လာ၍ လျှောက်ထားရပါသည်"

အာဠာရနှင့် ဥဒကရသေ့ကြီးများသည် ဥရုဝေလတွင် အကျင့်စခန်း၌ ကျော် ကြားသူများ ဖြစ်ကြ၏။ သို့ရာတွင် သူတို့ပညာ၊ သူတို့ ပန်းတိုင်သည် ပညာ စခန်းသို့ မရောက်၊ သမာဓိစခန်းဖြင့်သာ အဆုံးသတ်သည်။ သမာဓိစခန်းတွင်ပင် အာဠာရသည် ဗြဟ္မာ့ဘုံ၏ ဒုတိယအဆင့်မျှသာ ရှိခဲ့သူဖြစ်၏။

တရားရှာသော သိဒ္ဓတ္ထရဟန်းသည် အာဠာရနှင့် ဥဒကတို့ထံ နည်းနာခံခဲ့ဖူး သည် မှန်ပါ၏။ သို့ရာတွင် သံသရာထွက်ပေါက်မရှိသော သမာဓိလမ်းစဉ် ဆရာ များသာဖြစ်ကြောင်း တွေ့ရှိလာသောအခါ ဆရာတို့မှ ဖဲခွာ၍ ကိုယ်ပိုင်ပညာစခန်း ဖြစ်သော ဘုရားဖြစ်လာခဲ့ရသည်။

ပုက္ကုသသည်လည်း သမာဓိစခန်းမျှကို အထင်ကြီးနေသူဖြစ်၏။ စင်စစ်သော် ကား ပုက္ကုသသာမဟုတ်၊ မဇ္ဈိမမှ ပညာရှိဆိုသူတို့၏ အယူအစွဲများသည် သမာဓိ စခန်းတွင်သာ အဆုံးသတ်သည်။ ပုက္ကုသသည် မာန အခုအခံကလေး ရှိနေသေး သော်လည်း ဆင်ခြင်ဉာဏ် အခြေခံရှိနေဖြစ်ကြောင်းကိုကား ဘုရားရှင်သိပြီးဖြစ်သည့် အလျောက် အောက်ပါအတိုင်း ပြန်လည်မိန့်ကြားသည်။

"ပုက္ကုသ...အကြင်ပုဂ္ဂိုလ်သည် နိုးကြားသောစိတ် ရှိနေပါလျက် မိမိအနီးမှ ဖြတ်သွားသော လှည်းတို့က မမြင်လိုက်ရ၊ အသံကိုလည်း မကြားလိုက်။ အကြင် ပုဂ္ဂိုလ်သည်ကား နိုးကြားနေခိုက် မိုးကြီးသည်းစွာရွာ၍ ကြီးစွာသောအသံဖြင့် ထစ်ချုန်းပါလျက်၊ လျှပ်စစ် လျှပ်မောင်းများ အကြိမ်ကြိမ်ပြက်ကာ မိုးကြိုးအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကြိမ်ပစ်ပါလျက် မသိလိုက်၊ မမြင်လိုက်၊ အသံကိုမျှလည်း မကြားလိုက်။ ထိုပုဂ္ဂိုလ်နှစ်ဦးအနက် ဘယ်သူက ပို၍ခက်ခဲပါသနည်း"

"အရှင်ဂေါတမ…လှည်းသံဟူသည် သာမန်မျှသာဖြစ်ပါ၏။ လှည်းငါးရာမက ရာ,ထောင်,သိန်း,သန်းပင် ဖြစ်ပါစေ နောက်ပုဂ္ဂိုလ်၏ ရင့်ကျက်မှုက သာလွန်၍ ခက်ခဲပါသည်"

"ပုက္ကုသ…အခါတစ်ပါး၌ ငါသည် အာတုမာမြို့ဝယ် ကောက်နယ်တလင်း လယ်ခင်းတစ်ခု၏ လယ်လုပ်သားတဲကလေး၌ သီတင်းသုံးနေခိုက် ကြီးစွာသော မိုးကြီး ရွာချသည်။ ကြီးစွာထစ်ချုန်းသည်။ လျှပ်စစ်ကြီးစွာပြက်သည်။ မိုးကြိုး အကြိမ်ကြိမ်ပစ်သည်။ မိုးကြိုးပစ်၍ လယ်လုပ်သားတဲကလေးအနီး၌ နေကြသော လယ်လုပ်သားကြီးများသာမက နွားကြီးလေးကောင်သည်လည်း မိုးကြိုးမှန်၍ သေကြရရှာသည်။

"ပုက္ကုသ…မိုးစဲသောအခါ အာတုမာမြို့သားတို့ ရောက်လာကြသည်။ ထိုအချိန်၌ ငါသည် ရှုမှတ်မှုအလုပ်စခန်းမှထ၍ စင်္ကြံသွားလျက်ရှိပေပြီ။ အာတုမာ ဒါယကာတို့သည် ငါ့အနီးသို့ချဉ်းကပ်၍ မိုးကြီးရွာစဉ် အရှင်သည် အဘယ်မှာရှိပါသနည်းဟု မေးသောကြောင့် ဤလယ်တဲကလေးအတွင်း၌ပင် ရှိကြောင်း ပြောကြားသည်။ ဒါယကာတို့ လျှောက်၏"

"အရှင်ဘုရားသည် မိုးကြီးရွာသည်ကို သိလိုက် ကြားလိုက်ပါ၏လော"

"မသိလိုက်၊ မကြားလိုက်ပါ"

"အသို့နည်း အရှင်ဘုရား။ ဤမျှ ထစ်ချုန်း၍ မိုးကြိုးအကြိမ်ကြိမ်ပစ်သည်ကိုမျှ မကြားလိုက်ပါသလော"

"မကြားလိုက်ပါ"

"အသို့ပါနည်း။ အရှင်ဘုရားတို့မှာ နိုးကြားမှုစိတ်သညာမှ ရှိပါလေစ"

"ရှိပါ၏ ဒါယကာ"

"ပုက္ကုသ…ထိုအခါ အာတုမာ ဒါယကာတို့က အရှင်ဘုရားသည် နိုးကြားမှုစိတ်သညာရှိပါလျက် အနီးကပ်၍ အထပ်ထပ် မိုးကြိုးပစ်သည်မျှကို မသိလိုက်သည်မှာ အံ့ဖွယ်သောငြိမ်သက်တည်ကြည်မှုပါတကားဟု ချီးကျူးလျှောက်ထား၍ ပြန်သွားကြသည်"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၌မူ အခြေခံရှိ၍ တရားမွေ့လျော်ပြီးသော ပုက္ကုသက မာနဦးကျိုးကာ ဘုရားရှင်သို့ အကြိမ်ကြိမ်ဦးနိမ့်၍ "အရှင်ဘုရား...အရှင်ဘုရား၏ တည်ငြိမ်မှုသည် ဆရာ အာဠာရ၏ တည်ငြိမ်မှုထက် အဆ ရာ,ထောင်မက သာပါပေသည်။ ယခု အချိန်မှစ၍ အရှင်ဘုရားနှင့် အရှင်သံဃာတော်များကို ကိုးကွယ်ပါ၏။ တပည့်တော်အား ဥပါသကာတစ်ဦးဟု မှတ်ယူတော်မူပါဘုရား"ဟု လျှောက်ထားသည်။

ဦးနိမ့်လျှောက်ထားရုံမျှမဟုတ်၊ မိမိ၏ မထော်မငန်း လျှောက်ထားခဲ့မိသော မာနသံကလေးကို ဖုံးကွယ်လိုသည့်သဘောဖြင့် ဘုရားရှင်အား ထူးခြားသော အလှူပစ္စည်းတစ်ခုကို ပေးလှူသည်။ ယင်းအလှူပစ္စည်းသည်ကား ပုက္ကုသ အလွန်မြတ်နိုး၍ သွားလေရာသို့ပင် ဆောင်ယူခဲ့သော အဖိုးတန် ရွှေရောင်တအိအိတောက်နေသည့် အဝတ်အတည်ကြီးနှစ်ခုပင် ဖြစ်ပေသည်။

"အရှင်မြတ်ဘုရား...တပည့်တော်ကို ချီးမြှင့်သောအားဖြင့် ဤအထည်များကို ချက်ချင်းပင် ဝတ်ရုံတော်မူပါဘုရား။ သင်္ကန်းရောင်ဖြစ်၍ ဝတ်ရုံရန်လည်း သင့်လျော်ပါသည် ဘုရား"

လျှောက်ထားချက်အရ ဘုရားရှင်က ချက်ချင်းပင် ခြုံထည်သင်္ကန်းအဖြစ် ဝတ်ခြုံလိုက်သောအခါ ပုက္ကုသသည် တစိမ့်စိမ့်ဖူးမြော် ပီတိဖြစ်ရင်း ထွက်ခွာသွားသည်။

ပုက္ကုသ ထွက်ခွာသွားသောအခါ ဘုရားရှင်က ကျန်သောဝတ်ရုံတစ်ထည်ကို အရှင်အာနန္ဒာသို့ ပေးသည်။ ပေးရာ၌ အရှင်အာနန္ဒာသို့ ရွှန်းရွှန်းစားစား ရှုကြည့်၍ ပေးတော်မူခြင်းဖြစ်၏။ ထိုအကြည့်မှာ များစွာ အဓိပ္ပာယ်ရှိသည်။ ရှိပုံကား အရှင်အာနန္ဒာသည် ဘုရားရှင်၏ အလုပ်အကျွေးအဖြစ် လက်ခံစဉ်က ဘုရားရှင်နှင့် အရှင်အာနန္ဒာတို့အကြား၌ ချမှတ်ထားသော စည်းကမ်းချက်များအနက် ဘုရားရှင်က အာနန္ဒာသို့ သင်္ကန်းပရိက္ခရာ စသော မည်သည့်ပစ္စည်းမျိုးကိုမှ မစွန့်ကြဲ မပေးကမ်းရဟူသော စည်းကမ်းချက်တစ်ရပ် ပါရှိခဲ့ပေရာ ယင်းစည်းကမ်းချက်ကို ယနေ့အချိန်၌ ပယ်ဖျက်၍ပေးတော်မူလိုက်သောကြောင့် ဖြစ်၏။

မျက်နှာလွှဲတော်မူတော့မည့် နောက်ဆုံးအချိန်ဖြစ်၍ ပယ်ဖျက်ချိန်လည်း တန်ပါလေပြီ။ ပစ္စည်းတစ်စုံတစ်ရာပေးလျှင် အလုပ်အကျွေးမို့ ပေးသည်ဟု အထင်ခံရမည် စိုးသောကြောင့် ယင်းစည်းကမ်းချက်ကို တောင်းဆိုချမှတ်ထားခဲ့ခြင်းဖြစ်ရာ ယခု

www.burmeseclassic.com

www.burmeseclassic.com



အချိန်သည်ကား နောက်ဆုံးအချိန်ကလေးမျှဖြစ်၍ သူတစ်ပါးတို့ ကဲ့ရဲ့သဂြိုဟ် သတင်းဆိုဖို့မရှိတော့ပါ။

မလ္လာမင်း ပုက္ကုသ၏ အဝတ်ကို ထူးခြားသော အဝတ်ဟု ဆိုခဲ့သည်။ အမှန်ပင် ထူးခြားသောအဝတ် ဖြစ်ပါပေ၏။ ရွှေရောင် တအိအိဝင်းသောကြောင့်မျှ ထူးခြားသည်ဆိုခြင်း မဟုတ်ပေ။

ထူးခြားဟန်ကား ဘုရားရှင်သည် ပုက္ကုသ၏အဝတ်ကို ဝတ်ခြုံလိုက်သည် နှင့် တစ်ပြိုင်နက် ရှေးအခါက အရှင်အာနန္ဒာနှင့် တပည့်သံဃာတို့ တစ်ကြိမ်တစ်ခါမျှ မတွေ့ကြုံခဲ့ဖူးသော ရောင်ခြည်တော်တို့သည် ဘုရားရှင်၏ကိုယ်တော်မှ ထူးထူးခြားခြား ကြွားကြွားတောက်တောက် မြူးပေါက်လွင့်ဖြာ၍ ထွက်ပေါ်လာကြသည်ကို အရှင်အာနန္ဒာတို့ အံ့သြစွာ တွေ့ကြရသည်။

သူမတူသောပညာ၊ သူမတူသော မဟာကရုဏာ၊ သူမတူသော ပါရမီတော် အဟုန်တို့ကြောင့် ဘုရားရှင်၏ကိုယ်တော်မှ ပြကတိသော ကိုယ်ရောင်တော်တို့သည် ထွက်ပေါ်လျက်ရှိသည် မှန်ပါ၏။ အလိုရှိအပ်သောအချိန်၌ စကြဝဠာ ထိုထိုလောကဓာတ် တစ်ခုလုံးသို့ပင် ပျံ့လွင့်အောင် ရောင်ခြည်တော်ခြောက်ဆိုင်တို့ တဖြိုင်ဖြိုင် လွင့်ပျံထွက်ပေါ်စေခဲ့သည်လည်း မှန်ပါ၏၊ သို့ရာတွင် ယခုထွက်ပေါ်လျက်ရှိသော ရောင်ခြည်တော်တို့သည်ကား ယခင့်ယခင် အရောင်တော်များထက် အသွင်မတူ တစ်မူထူးခြားလျက်ရှိသည်ကို တွေ့ကြရသည်။

ခါတိုင်းဆိုလျှင် နီလ၊ ပိတ၊ လောဟိတ၊ ဩဒါတ၊ မဉ္ဇိဋ္ဌ၊ ပဘဿရ တည်းဟူသော အညို၊ အရွှေ၊ အနီ၊ အဖြူ၊ အမောင်းနှင့် ပြိုးပြိုးပြက်ပြက်အရောင်တို့သည် တစ်ခုထက် တစ်ခု သာတော့မယောင်နှင့် တစ်ခုက တစ်ခုကို သာနိုင်သည် မရှိဘဲ သူ့ထက်ငါသာ ညီမျှစွာ မြူးပျံထွက်ကြမြဲဖြစ်သည်။ ယခု ရှုမြင်ရသော အရောင်သည်ကား ရွှေရောင်သက်န်းကို အခြေခံသောကြောင့်ထင့်၊ ဘုရားရှင်ကိုယ်တော်မှ ပတ္တမြားရည်များ သွန်းပက်၍ ဖြန့်လိုက်သကဲ့သို့ တဝင်းဝင်း တအိအိနှင့် နီမောင်းသောရွှေရောင်တို့သည် အနီးဝန်းကျင်ရှိ တပည့်ရဟန်းတို့ကိုသာမက သစ်ရွက်၊ သစ်ပင်၊ မြေပြင်၊ ရေပြင်တို့သို့ပင် ရွှေသားတွေချည်း ဖြစ်ကုန်ကြသည့် အလား ထူးထူးခြားခြားကြီး ကူးစက်သည်။

ဂင်္ဂါမြစ်ကိုလွန်၍ ကကုဓမြစ်သို့ ရောက်သောအခါ ဘုရားရှင် ရေသုံးသပ်

www.burmeseclassic.com

www.burmeseclassic.com



တော်မူ၏။ ထိုအခါ မြစ်ရေတို့သည် ကြည်လင်သောရေအသွင်မှ ရေကြည်ကြည်တွင် ရွှေရောင်ရောစပ်လိုက်သကဲ့သို့ နီလွင်သောပတ္တမြားအရောင်၊ ရွှေရောင်အဖြစ်သို့ ကူးပြောင်းသွားသည်။ ထိုမျှသာမက ရေကြည်ကြည်တွင် တွေ့မြင်ရလျက်ရှိသော ကကုဓမြစ်မှ ငါး၊ လိပ်၊ ပုစွန်တို့သည် ရွှေငါး၊ ရွှေလိပ်၊ ရွှေပုစွန်များအဖြစ်သို့ ကူးပြောင်းသွားသည်။ ငါး၊ လိပ်၊ ပုစွန်တို့ကလည်း မိမိတို့ လှသောအသွင်သို့ ကူးပြောင်းရသဖြင့် မြူးပျော်ကြသည့်အလား၊ သို့မဟုတ် ဘုရားရှင်အား ပူဇော်ကြသည့်အသွင်ဖြင့် ရေသုံးသပ်လျက်ရှိသော ဘုရားရှင်ထံတော်ပါးသို့ ဝန်းရံချဉ်းကပ်လျက်ရှိကြသည်ကို တွေ့မြင်ရသည်မှာ အလွန်ကြည်နူးဖွယ်ကောင်းလှသည်။

ဘုရားရှင် ရေသုံးသပ်ပြီးသောအခါ ထူးခြားလှသောအရောင်ကြောင့် သိလိုလှသော အရှင်အာနန္ဒာက "အရှင်မြတ်ဘုရား...ယနေ့ ဘုရားရှင်၏ ကိုယ်ရောင်တော်ကို တွေ့မြင်ရသည်မှာ အခါတိုင်းနှင့် မတူ၊ တစ်မူထူးခြားလှပါချည့်ဘုရား"ဟု လျှောက်ထားသည်။

"ထူးခြားသည် မှန်ပေ၏ အာနန္ဒာ၊ ဆီမီးခွက်ပမာတည်း။ ဆီမီးခွက်သည် တောက်စတွင် ဝင်းထိန်၍ ငြိမ်းခါနီးတွင် လင်းထိန်သကဲ့သို့ ငါဘုရားသည်လည်း ဗောဓိပင်နှင့် ရွှေပလ္လင်ဝယ် သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရစဉ်အချိန်က ယခုအလားတူပင် ကိုယ်ရောင်တော် ထူးထူးခြားခြား ဝင်းထိန်၍ ယခုအချိန်သည်လည်း ပရိနိဗ္ဗာန် စံယူတော့မည့်ဆဲဆဲ ရွှေဉာဏ်ဆီမီး ငြိမ်းခါနီးချိန်ဖြစ်သောကြောင့် ကိုယ်ရောင်တော် ထူးထူးခြားခြား လင်းထိန်ခြင်းဖြစ်ပေသည်"ဟု မိန့်ကြားလိုက်သောအခါ ဝမ်းမြောက်ဖွယ်စကား ကြားရမလိုလိုနှင့် ဝမ်းနည်းဖွယ်စကား ဖြစ်နေသောကြောင့် အရိယာတပည့်ကြီးတို့ မမွှဲ့ဝေဂရကြသော်လည်း အရှင်အာနန္ဒာအဖို့ကား ဘုရားရှင်မမြင်အောင် မျက်နှာကိုကွယ်၍ မျက်ရည်ကို သုတ်လိုက်ရသည်။

ငြိမ်းခါနီး ဆီမီးဥပမာသည် မှန်လှပေ၏။ သက်ရွယ်ယိုယွင်း ဇရာနှင်းသဖြင့်လည်းကောင်း၊ ဒေသစာရီ ဒင်းကြမ်း ခရီးပန်းသောကြောင့်လည်းကောင်း၊ ဝမ်းတော်အကြိမ်ကြိမ်လားကာ အင်းအားဆုတ်ယုတ်ရသောကြောင့်လည်းကောင်း ဘုရားရှင်၏ ပြကတိသောကိုယ်ရောင်တော်တို့သည် မှေးမှိန်သယောင်ပင် ရှိခဲ့ရာမှ ပုက္ကုသ၏ သင်္ကန်းမှ အကြောင်းဆက်၍ ထွက်ပေါ်လာခဲ့သော ထူးထူးခြားခြား ကိုယ်ရောင်တော်၊ ကိုယ်ဟန်တော်တို့သည် ကုသိနာရုံရှိ မလ္လာမင်းတို့၏ အင်ကြင်းတောတွင်

www.burmeseclassic.com

www.burmeseclassic.com



ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသည်အထိ ယုတ်လျော့၍မသွားတော့ဘဲ ဘုရားရှင်၏ အလောင်းတော်မှာ တဝင်းဝင်း တကြွကြွနှင့် အလှကြီးလှ၊ အသပ္ပာယ်ကြီး သပ္ပာယ် လျက် ရှိနေပေတော့သည်။

သာဝတ္ထိ၊ ရာဇဂြိုဟ် ထိုထိုထိပ်တန်းနိုင်ငံကြီးများတွင် ကြွားကြွားထင်ထင် ပရိနိဗ္ဗာန်ဝင်စံနိုင်ပါလျက်ကို မထင်မရှား ကုသိနာရုံတောကြားသို့ ကြိုးစားပမ်းစား လာရောက်ပရိနိဗ္ဗာန်ပြုသောကြောင့် တောကိုချစ်သောနောင်တော်၊ တောကိုအရင်း တည်ကာ ဘုရားဖြစ်လာသောကြောင့် တောတွင်းပင် ပရိနိဗ္ဗာန်ပြုလိုသော နောင် တော်၏ဆန္ဒဟု တွေးမိရုံမှတစ်ပါး မကျေမလည် ဖြစ်နေရရှာသော အရှင်အာနန္ဒာ၏ ဆန္ဒဟု တွေးမိရုံမှတစ်ပါး မကျေမလည်ဖြစ်နေရရှာသော အရှင်အာနန္ဒာအဖို့ ကုသိနာရုံတွင် နောက်ဆုံးသာဝကဖြစ်သော သုဘဒ္ဒပရိဗိုဇ်ကို ကယ်ချွတ်တော် မူပြီးသည့်အခါမှ အမြဲတမ်းဦးစားပေးခဲ့သော သာသနာတော်အရေးကိစ္စပါတကားဟု ဘဝင်ကျနိုင်ပေတော့သည်။

[ ၆ ]

မလ္လာမင်းတို့က ဘုရားရှင်သည် ဘုန်းတန်ခိုးကြီးသောဘုရင်နှင့် နိုင်ငံအများကို ကျော်ခိုင်း၍ ငါတို့အထံသို့ လာရောက်ပရိနိဗ္ဗာန်ပြုသည်။ ငါတို့ကိုချစ်သောဘုရား၊ ငါတို့ဘုရားဟူသော မေတ္တာအသိ၊ စေတနာအပြည့်ဖြင့် ဘုရားရှင်၏အလောင်းတော် ကို ရွှေဘုံနိဒါန်း ထုံးတမ်းစဉ်လာမျှမက အစွမ်းနိုင်ဆုံးသောနည်းဖြင့် သင်္ဂြိုဟ် ပူဇော်ကြရန် ကြိုးပမ်းပြင်ဆင်သည်။ မလ္လာမင်းပုက္ကုသအဖို့မှာလည်း မနေ့ကပင် တွေ့မြင် ဖူးမြော်ခဲ့ရပြီး ယနေ့တွင်မှ အလောင်းတော်ကိုသာ တွေ့ရတော့သဖြင့် ဝမ်းနည်းလှသော်လည်း ဘုရားရှင်အလောင်းတော်မှာ မိမိလှူခဲ့သော သင်္ကန်းဖြင့် တဝင်းဝင်း တပြောင်ပြောင် တင့်တယ်လျက်ရှိသည်ကို တွေ့ရသောကြောင့် ဝမ်း မြောက်ရသည်။

မလ္လာမင်းတို့၏ သာစုကိုဋနသဘင် အစီအစဉ်များ၌ မလ္လာတိုင်းသား လူ အများတို့ ဘုရားရှင်၏အလောင်းတော်ကို ဖူးမြော်နိုင်ကြရန် အလောင်းတော်အား မလ္လာနိုင်ငံအတွင်း မြို့ပေါက်လမ်းမတော်ကြီးအတိုင်း လှည့်လည် ပြသ ခင်းကျင်းရန် အစီအစဉ်တစ်ရပ်ရှိပါသည်။ အကြောင်းမှုကား ဘုရားရှင်၏အလောင်းတော်ကို မလ္လာသူ မလ္လာသားတို့ ဖူးမြော်လိုကြသော်လည်း ကုသိနာရုံတွင် ရဟန်းပရိသတ်၊

www.burmeseclassic.com

www.burmeseclassic.com



မင်းပရိသတ် စသော ထိပ်တန်းပရိသတ်တို့သာ မပြတ် ပြည့်ညပ်လျက်ရှိနေသော ကြောင့် ဖူးမြော်ခွင့်မသာ ဖြစ်နေကြရရာသည်ကို မလ္လာသူ မလ္လာသားတို့ တောင်းဆိုချက်အရ အစီအစဉ်ပြုလုပ်ရခြင်း ဖြစ်သည်။ စင်စစ်သော်ကား ကုသိနာရုံတွင် ရဟန်းပရိသတ်၊ မင်းပရိသတ် စသော ထိပ်တန်းပရိသတ်များသာမက နတ်ဗြဟ္မာပရိသတ်သည်လည်း ကြုံတောင့်ကြုံခဲ ပူဇော်ပွဲကြီးဖြစ်၍ ကိုယ်ထင်ပြကာ လာရောက် ပူဇော်ကြသည်။ လူနှင့်နတ်တို့ ရောချနေသော ပူဇော်ပွဲကြီးဖြစ်၏။

အလောင်းတော်ကို မလ္လာမြို့တော်တွင်းသို့ လှည့်လည်ပြန်အစီအစဉ်ကား ရှေ့ဆုံးမှ မလ္လာမင်းအဘိုးအိုတို့ တံခွန် ကုက္ကား၊ မုလေးပွားတို့ကို ကိုင်သည်။ ထို့နောက်တွင် သံဃာတော်များဖြစ်၏။ သံဃာတော်များနောက်တွင် အရေးပါသော မလ္လာမင်းမိဖုရားတို့က တံခွန် ကုက္ကားနှင့် ပန်းသွတ်အိုးတို့ကိုကိုင်၍ လိုက်သည်။ ထို့နောက်တွင် မလ္လာ မင်းပျိုမင်းလွင်တို့က ဝတ်စားတန်ဆာ အပြည့်အစုံနှင့် အလောင်းတော်ပြာသာဒ်ကို တစ်ဖက်တစ်ချက် ကြိုးရှည်နှင့်ဆွဲကြသည်။ နောက်တွင်ကား အလောင်းတော်ပြာသာဒ်စင် ဖြစ်သည်။

ပြာသာဒ်စင်ကို ရွှေကြိုး၊ ငွေကြိုး ပန်းစိုက်အိုး အခြယ်အလှမျိုးစုံတို့ဖြင့် အလှဆုံးဆင်ယင်သည်။ အလောင်းတင်ပြာသာဒ်၏နောက်တွင် မလ္လာမင်းပိုင်းမှ သမီးပျိုများ၊ မျက်နှာကြီး သမီးပျိုများက ပန်းမျိုးစုံအိုး ကိုယ်စီကိုင်ကာ တစ်ဖက်တစ်ချက် နှစ်တန်းစီ၍ လိုက်သည်။ မင်းသမီးတို့နောက်တွင်ကား မြင်းတပ်၊ ခြေလျင်တပ်၊ တပ်ဝင်း အခင်းအကျင်းတို့ဖြစ်၏။ ကြိုကြားကြိုကြားတွင် သင်္ခါရ ဓမ္မကို ရည်ညွှန်းသော ဂီတဝိုင်းများ ပါရှိသည်။ အလောင်းတော်ရှေ့မှ မင်းသားများ ကိုင်သောကြိုးမှာ အလောင်းတော်ကိုဆွဲသော ကြိုးဖြစ်၍ အလောင်းတော်နောက်တွင်လည်း မလ္လာမင်းသမီးတို့ တညီတညွတ်တည်းဖြစ်စေရန်နှင့် သီးသန့်ဖြစ်စေရန် ကြိုးဖြင့်ပင် ပိုင်းခြားပေးသည်။ ယင်းအခမ်းအနားအပြင်ဘက် တစ်ဖက်တစ်ချက်တွင်မှ မလ္လာတပ်မတော်သားတို့က ဝိုင်းရံ၍လိုက်သည်။

ဤနည်းဖြင့် မလ္လာပြည်သူပြည်သားတို့သည် အလောင်းတော်ကို ဖူးမြော်နိုင်ကြ၍ အလောင်းတော်ရောက်လေရာ လမ်းတစ်ဖက်တစ်ချက်မှ ပျပ်ဝပ် ရှိခိုးကြသည်။ ငိုကြွေးကြသည်။ လမ်းတစ်ဖက်တစ်ချက်ရှိ တိုက်များ၊ အိမ်များပေါ်တွင် ရှိသူတို့ကား အလောင်းတော်ကို အပေါ်စီးဖြင့် အားရပါးရ ဖူးမြော်နိုင်ခွင့်ရကြသည်။

တစ်နေရာသို့ရောက်သောအခါ ကိစ္စတစ်ရပ် ပေါ်လာ၏။ အမျိုးသမီးကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးက အလောင်းတော်ကို ခေတ္တရပ်ကြပါဦးဟု သက်ဆိုင်ရာ အကြီးအကဲများအား တောင်းပန်ရင်း အရပ်ခိုင်းသည်။ သာဝတ္ထိတွင် ဘုရားရှင်တို့၏ ဒါယိကာမကြီးတစ်ဦးဖြစ်ခဲ့သော မလ္လိကာတည်း။

သာဝတ္ထိတွင် ခင်ပွန်းသည် ဗန္ဓုလစစ်သူကြီးနှင့် သားများ ကွယ်လွန်ပြီးသည့်အချိန်မှစ၍ မလ္လာတိုင်းရင်းသူဖြစ်သော မလ္လိကာသည် မိမိဇာတိ မလ္လာပြည်သို့ပြန်ကာ မုဆိုးမဘဝဖြင့်ပင် ရိုးရိုးကုပ်ကုပ်နေထိုင်ခဲ့သည်မှာ ကြာမြင့်ခဲ့ပေပြီ။

သာဝတ္ထိတွင် နေစဉ်တုန်းကမူကား ဘုရားရှင်နှင့်တကွ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် စသော ထိပ်တန်းပုဂ္ဂိုလ်ကြီးများနှင့် ရင်းနှီးကာ အလှူရေစက်လက်နှင့်မကွာဆိုသလို ရှိခဲ့ရသည်။ မလ္လာသို့ရောက်လာချိန်၌မူ ဘုရားရှင်တို့နှင့်အလှမ်းကွာ၍ မလ္လာသို့ ရံဖန်ရောက်လာသော ရဟန်းသံဃာများကိုသာ ကိုးကွယ်ရင်း ပုတီးကိုသာ အဖော်ပြု၍နေခဲ့ရသည်။

မိမိ၏ဆရာရင်း၊ မောင်ကြီးအရင်းများသဖွယ်ဖြစ်သော အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ မကြာမီကလေးကပင် ပရိနိဗ္ဗာန်ပြုကြပြီဟူသော သတင်းကိုကြားရသောကြောင့် ဝမ်းနည်းကြေကွဲ၍မှ မဆုံးသေးမီ ဘုရားရှင်ကိုယ်တော်တိုင်မိမိတို့၏ ကုသိနာရုံတွင် ပရိနိဗ္ဗာန်ပြုပြီဟူသော သတင်းကို အလန့်တကြား ကြားသိခဲ့ရပြီးနောက် ယခုမူ မိမိမျက်မှောက်သို့ ဘုရားရှင်၏ အလောင်းတော်ကိုယ်တိုင်ရောက်ရှိလာသည်ကို ဖူးတွေ့ရသောအခါ ထူးခြားသောအလှူတစ်ခုကို ပြုလုပ်ရန်အတွက် အလောင်းတော်ကို တားလိုက်ခြင်းဖြစ်သည်။ ယင်းအလှူသည်ကား သူ၏နာမည်ကျော် မဟာလ္လတာတန်ဆာကို ဘုရားရှင်သို့ ပေးလှူရန်ပင်တည်း။

မဇ္ဈိမတိုက်အလုံးတွင် ထိပ်တန်းအမျိုးသမီးများသည် အလှတန်ဆာ ထည်ဝါမှုချင်း ဂုဏ်ပြိုင်ကြရာ၌ သူမတူသော မဟာလ္လတာတန်ဆာ ပိုင်ရှင်များအဖြစ် အမျိုးသမီး သုံးဦးမျှသာ ထိပ်ဆုံးမှ ထွက်ပေါ်ကျော်ကြားခဲ့၏။ တစ်ဦးမှာ အများသိကြပြီးဖြစ်သော ပုဗ္ဗာရုံ ကျောင်းအမကြီးဝိသာခါဖြစ်၍၊ တစ်ဦးမှာ မလ္လိကာဖြစ်သည်။ ကျန်တစ်ဦးကား ဗာရာဏသီမှ သူဌေးသမီး သုမန ဖြစ်သည်။

မဟာလ္လတာတန်ဆာ၏ တန်ဖိုးကြီးမားလှသောကြောင့်လည်း နာမည်ကြီး၏။ ရတနာမျိုးစုံအတိ ဖြည့်သိပ်ထားသဖြင့် လေးလံလှသော ဝတ်ရုံတန်ဆာကြီးကို ဆင်မြန်းနိုင်သော အင်အားရှိသူများ ဖြစ်သောကြောင့်လည်း ဘဝပါရမီရှင်များအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီး၏။ သို့ရာတွင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့်သာ တသီးတခြား နာမည်ကြီးခဲ့ကြသည်။

ဝိသာခါ၏ မဟာလ္လတာမှာ မင်းပေါက်စိုးခွင် အဝင်အထွက်များသောကြောင့် အထက်ပိုင်းလောကတွင် နာမည်ကြီး၏။ ရှေးထုံးစဉ်လာ မဟာလ္လတာတန်ဆာလုပ်ကိုင်မှုမှ အနည်းငယ်သွေဖည်ကာ စိန်ရတနာအများဆုံး အလေးကဲ၍ ပြုလုပ်ထားသောကြောင့် ဝတ်ဆင်လိုက်သည့်အခါတွင် စိန်ရောင်တွေ တဖြိုးဖြိုးတဖျပ်ဖျပ်နှင့် မြူးပျံတော့မည့် ဒေါင်းပျိုမလေးအသွင် ရှိသောကြောင့် စိန်ဒေါင်းပျံဝတ်ရုံဟုပင် သီးခြားအမည် ထွက်ပေါ်ခဲ့သည်။

မဟာလ္လိကာ၏ မဟာလ္လတာကား မင်းပေါက်စိုးခွင် ဆင်ယင်မှု အဝင်အထွက်ရှိသော်လည်း အထက်ရော အောက်ပါ လူတန်းစားမရွေး ပေါင်းသင်းတတ်သူဖြစ်သောကြောင့် သာဝတ္ထိ၏ အမျိုးသမီးအများစုအကြားတွင် ပို၍ကျော်ကြားလူသိများသည်။

အမျိုးသမီးအများစု အမြင်အတွေ့များသောကြောင့် မူရင်းအခေါ် 'မဟာလ္လတာတန်ဆာ'မှ 'မလ္လိကာတန်ဆာ'ဟုပင် ချီးမြှောက်အခေါ်ခံခဲ့ရသည်။ ဗာရာဏသီသူဌေးသမီး၏ မဟာလ္လတာမှာလည်း သူ့နေရာနှင့် သူ့ဒေသတွင် သူ့နည်းသူ့ဟန်ဖြင့် ကျော်ကြားသည်။

နောက်ပိုင်းအချိန်များတွင်မူ လင်လည်းဆုံး၊ သားများလည်း ကွယ်လွန်၊ အရွယ်ကလည်း ထောက်လာသောကြောင့် လှမှုပမှုကို ကွင်းရှောင်ကာ မဟာလ္လတာကြီးကို မဝတ်လိုတော့သော်လည်း ပစ်လည်း မပစ်ရက်သဖြင့် သေတ္တာတံတင်းအတွင်း၌သာ မေ့မေ့ပျောက်ပျောက် သိမ်းဆည်းထားခဲ့ရာမှ ယခုသော် ဘုရားရှင်အဖို့ ပေးလှူရန် မခေါ်ပင့်ချေ အခွင့်ကြုံလာလေသောကြောင့် ဘုရားရှင်၏ အလောင်းတော်ပေါ်တွင် လွှမ်းခြုံဆင်ယင်၍ ပူဇော်လိုက်လေရာ နဂိုက ရွှေရောင်တအိအိဖြင့် တင့်တယ်လျက်ရှိသော အလောင်းတော်မှာ စိန်ရောင်၊ မြရောင်၊ ပတ္တမြားနီလာရောင် စသောရတနာမျိုးစုံ အရောင်တို့ဖြင့် ရောင်စုံဖြာ၍သွားလေတော့သည်။

[ ၇ ]

ဤတွင် ပူဇော်လိုလျှင် ပူဇော်နိုင်ခွင့်ရှိသော မလ္လိကာ၏အလှူကို အတုယူ၍ အခြားအမျိုးသမီးတစ်ယောက်၏ အလှူကိစ္စတစ်ရပ်လည်း ပေါ်ပေါက်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အလှူရှင်ကား မလ္လာပြည်တွင် ထင်ရှားသော မလ္လာမင်းသား ပိုးဖဲကတ္တီပါ ကုန်သည်ကြီး သုဘောဂ၏သမီး စန္ဒာမရိမင်းသမီးကလေးပေတည်း။

စန္ဒာမရိက မလ္လိကာကို အားကျသည်။ မလ္လိကာကဲ့သို့ပင် လှူချင်လှသည်။ သို့ရာတွင် အလိုက်သင့်စွာ ဆင်ယင်လှူဒါန်းနိုင်ရန် မလ္လိကာကဲ့သို့ တန်ဆာ တစ်စုံတစ်ရာ မရှိ။ ရတ်ခြည်း အလှူလည်းဖြစ်၍ ဘုရားရှင်၏အလောင်းတော်ကိုစွနှင့် လိုက်ဖက်သောအလှူလည်း ဖြစ်ဖို့လိုသည့်အတိုင်း လှူနိုင်ဖို့ရန် နည်းလမ်းကို ရှာကြံလိုက်သောအခါ အလောင်းတော်ကို လှည့်သည့် ဤသဘင် ဤအခမ်းအနားတွင် မလ္လာမင်းတို့ စိတ်ကူးရသမျှဖြင့် အစွမ်းကုန်စီစဉ် ဆင်ယင်ပြုလုပ်ထားသောကြောင့် လိုလေသေးမရှိဟုပင်ဆိုနိုင်သော်လည်း လိုနေကွက် ဟာနေချက်တစ်ခုကို ရတ်ခြည်း တွေ့လိုက်ရသောကြောင့် ဝမ်းမြောက်သွားသည်။

ယင်းလိုနေကွက် လစ်ဟာနေချက် တစ်ချက်သည်ကား ဘုရားရှင်၏ အလောင်းတော် ပြာသာဒ်ကို မင်းသားများက ရှေ့မှဆွဲယူရာ၌လည်းကောင်း၊ နောက်ပိုင်းတွင် မင်းသမီးများအား တညီတည်းဖြစ်အောင် အကန့်အသတ် အဟန့်အတား ပြုလုပ်ရာ၌လည်းကောင်း အသုံးပြုသောကြိုးများမှာ သာမန်ကြိုးများမျှသာ ဖြစ်နေခြင်းပင် ဖြစ်ပေ၏။

ထို့ကြောင့် မလ္လိကာကဲ့သို့ပင် သက်ဆိုင်ရာ အကြီးအကဲများသို့ တောင်းဆိုစီစဉ်ကာ မိမိအိမ်တွင် အဆင်သင့်ရှိနေသော ကတ္တီပါကြိုးများကို ထုတ်ယူ၍ လည်းကောင်း၊ လိုအပ်နေသောနေရာများတွင် ကတ္တီပါထည်, ပိုးဖဲထည်တို့ကို ကြိုးအသွင်သို့ ရတ်ခြည်းပြောင်းလဲ၍လည်းကောင်း မူလဆွဲကိုင်၍နေကြသော ကြိုးရိုးရိုးများနေရာတွင် အစားထိုးလှူဒါန်းလိုက်သောအခါ အလောင်းတော်၏ဂုဏ်ဒြပ်နှင့် ထပ်၍သွားရုံမက သာခုကိုဋ္ဌနသဘင် ဆင်ယင်လျက်ရှိသော မလ္လာမင်းသား မင်းသမီးတို့၏ တောက်ကြွားသော ပိုးဖဲကတ္တီပါ အဝတ်အဆင်တို့နှင့်လည်း လိုက်ဖက်ပြေညီ၍သွားသတည်း။

ယင်းစန္ဒာမရိအမျိုးသမီးကလေး၏ ကတ္တီပါကြိုးအလှူမှာ မလ္လိကာ၏ မဟာလ္လတာကဲ့သို့ တန်ဖိုးမကြီးလှသော်လည်း အသုံးဝင်မှု၊ လိုက်ဖက်မှု၊ အသုံးပြုမှု ဂုဏ်ဒြပ်အနေဖြင့်မှု သမိုင်းဝင်အလှူဖြစ်ခဲ့ပေ၏။

အကြောင်းသော်ကား ထင်ရှားသော ရဟန်းတော်များ၊ မင်းမိဖုရားများ ကွယ်လွန်သောအခါ ဘုရားရှင်၏ အလောင်းတော်ကဲ့သို့ပင် အသိုင်းအဝိုင်းနှင့် ဆွဲယူ

www.burmeseclassic.com

www.burmeseclassic.com



လှည့်လည်ကျင်းပမြဲဖြစ်လေရာ ယင်းသို့ ကျင်းပလေတိုင်း အခမ်းအနားနှင့် လိုက်ဖက်သော ကတ္တီပါကြိုး၊ ပိုးကြိုးများကိုသာ အသုံးပြုလာကြရာက စိတ်ကူးကောင်းသော စန္ဒာမရီ အမျိုးသမီးကလေးကို ဂုဏ်ပြုသောအားဖြင့် "စန္ဒာမရီကြိုး"ဟု ခေါ်တွင်လာကြသည်။

ကာလရှည်ကြာသောအခါ "စန္ဒာမရီကြိုး"မှ "စန္ဒာမြားကြိုး"ဟု ဝေါဟာရပြောင်း၍ ထို့ထက်ရှည်ကြာသောအခါ ယနေ့ခေတ်တိုင်အောင်ပင် "စန္ဒာရမြားကြိုး"ဟု တွင်လျက်ရှိသတည်း။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# အမှောင်ရိပ်ဝယ်

[ ၁ ]

ကမ္မဋ္ဌာန်းအလုပ်သို့ အာရုံစိုက်များလိုက်သောကြောင့် စေတီတော် ဝတ်ပျက်ခဲ့ရသည်မှာ သုံးရက်ရှိသွားပေပြီ။ စေတီတော်ဝန်းကျင်တွင် အမှိုက်သရိုက်များ ရှုပ်ပွနေရှာမည်။ လွန်ခဲ့သော သုံးရက်က ကပ်လှူထားခဲ့သော ပန်းများသည်လည်း ခြောက်သွေ့နေရှာမည်။ ယနေ့ညနေနှင့် ညဦးဦးခင်းအဖို့တော့ဖြင့် စေတီတော် ဝတ်ပြုလေဦးမှပဲဟု ခပ်စောစောကပင် ဆရာတော် အတွေးရောက်ထား၏။

ကပ္ပိယ ဒကာကြီးကလည်း ခပ်စောစောကပင် အလိုက်သိစွာဖြင့် ဘုရားတင်ရန် တောပန်း၊ တောင်ပန်းများကို ရှုးဆွတ်ကာ ရေအိုးစင်ကလေးဘေးတွင် တင်ထားခဲ့သောကြောင့်ဖြစ်၏။ "ဣရိယာပုတ်လည်း ဂရုစိုက်ဦးဘုရား။ တရားကလည်း တရားပေါ့၊ နို့ပေမယ့် ကိုယ်တော် ကျောင်းထဲကမထွက်တာ သုံးရက်တောင်ရှိသွားပြီ"ဟု ကပ္ပိယ ဒကာကြီးက ဣရိယာပထမျှတရေး၊ ကျန်းမာရေးရှေးရှုကာ ကရုဏာစကား လျှောက်ထားသွားသေးသည်။

ထို့နောက် "တပည့်တော်လည်း အိမ်မှာ ကိစ္စလေးတွေရှိနေသေးတယ်ဘုရား" ဟု လျှောက်ထားကာ ကပ္ပိယဒကာကြီး ပြန်သွားသည်။

အဖော်သဟဲ တပည့်ဒကာကို အားထား၍ တောထွက်ခဲ့ခြင်း မဟုတ်သော်လည်း ဤတောင်ခြေရွာကလေးကို ဆွမ်းခံရွာ ဂေါစရဂါမ်ပြု၍ ပတ်ဝန်းကျင်ကင်းဆိတ်သာယာလှသော ဤတောင်ဖီလာတောနှင့် တောင်ကို အမှီပြုကာ တရားအားထုတ်ရန် စီစဉ်လိုက်စဉ်ကပင် ရတနာသုံးပါးသို့ ရှိဉွတ်သော ဤဒကာကြီးသည် စေတနာအလျောက် ကပ္ပိယတာဝန်ကို ယူလာခဲ့သည်။ ဤဒကာကြီးကပင်

www.burmeseclassic.com



ဦးဆောင်၍ ဆရာတော်အတွက် သီတင်းသုံးရန်နှင့် တရားအားထုတ်ရန် သင့်လျော်သော တောကျောင်းကလေးတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းခဲ့ပေသည်။ ထို့မျှသာမက တောရမြောက်လောက်အောင် ရွာနှင့် အလှမ်းဝေး၍ တောင်ပေါ်သို့လည်း တက်ရသေးသော ဤတောရကျောင်းကလေးသို့ ထူးထူးထွေထွေမဟုတ်လှသော်လည်း ရေခပ်ပေးခြင်း၊ တံမြက်လှည်းခြင်း၊ သပိတ်ဆေးခြင်း စသော ဆရာတော်၏ ပရိကမ်အလုပ်ကလေးများကို နေ့စဉ်လာရောက် လုပ်ပေးရင်း ကုသိုလ်ယူသည်။

သို့ရာတွင် ဒကာကြီးမှာ တောင်ယာတစ်ဖက်၊ အလုပ်တစ်ဖက်၊ သားမြေးတစ်ဖက်ဖြင့်မို့ ဆရာတော်ကို လွတ်လွတ်ကျွတ်ကျွတ် ပြုစုရင်း တရားအားထုတ်လိုသော်လည်း မထုတ်နိုင်ရှာ။ ညဘက်ဆိုလျှင် ရွာသို့ပြန်ရသည်။ ရံဖန်ရံခါမှသာ ဆရာတော့်ခြေရင်းတွင် အိပ်နိုင်ရှာသည်။

ကပ္ပိယဒကာကြီးနှင့် ရွာသူရွာသားများအဖို့ မိမိတို့ရွာ၊ မိမိတို့တောင်သို့ ရောက်လာသော ကြည်ညိုဖွယ်အသွင်အပြင်နှင့် ဤကိုယ်တော်ကြီးအား ပထမသော် သာမန်တောရကိုယ်တော်ကြီးတစ်ပါးဟုသာ မှတ်ထင်ခဲ့ရာက မကြာမီမှာပင် ကိုယ်တော်ကြီးထံသို့ မမျှော်လင့်သော ကြီးကြီးကျယ်ကျယ်ကိစ္စများ ဆိုက်ရောက် ဖြစ်ပေါ်လာသောအခါ တစ်ရွာလုံး အံ့အားသင့်စွာနှင့် နှစ်ထောင်းအားရ ဖြစ်ကြရသည်။ ကုသိုလ်ရေးအတွက် အားတက်ကြရသည်။ ကိုယ်တော်ကြီးကား နယ်နယ်ရရ မဟုတ်။ စစ်ကိုင်းမင်း၏ အလွန်ကျော်ကြားလှသော နန်းဦး လေးထပ်ကျောင်းကြီး ဆရာတော်၊ တိပိဋကဓရဆရာတော် ဖြစ်နေသောကြောင့်တည်း။

ဆရာတော်၏ ကျော်ကြားမှုမှာ ဘုရင်ကိုးကွယ်သည့် နန်းဦးဆရာတော် ဖြစ်သောကြောင့်မျှ မဟုတ်။ ငယ်စဉ်ကပင် ပညာရည်ချွန်မှုကြောင့် ပိဋကတ်သုံးပုံဆောင် ကိုယ်တော်လေးဟု တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရခဲ့သည်။ ထို့မျှမက မဟာတိပိဋကဓရဟု ထပ်ဆောင်း၍ ရသေးသည်။ ယင်းသို့ ပညာရည်ချွန်မှု မကသေး...ရဟန်းလောကအတွက် လေးစားအပ်သော ကျမ်းဂန်များကို ပြုစုခြင်း၊ စိတ်နေသဘောထား သိမ်မွေ့နူးညံ့ခြင်း၊ ဖူးမြင်ရသူတိုင်း ကြည်ညိုဖွယ်ဖြစ်လောက်အောင် ရုပ်အဆင်း ခံ့ညားပြေပြစ်ခြင်း စသည်တို့မှာ ရဟန်းလောက လူ့လောကတို့တွင် မွေး၍နေသော သတင်းများဖြစ်ခဲ့ပေသည်။

ဤကိုယ်တော်ကို အင်းဝဘုရင် သာလွန်မင်းတရားက နန်းဦးဆရာတော်အဖြစ် ရွှေကျောင်းကြီးဖြင့် ကိုးကွယ်သည်။ ထို့မျှသာမက သာလွန်မင်းတရား၏ ညီတော်

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့စစ်ကိုင်းစားကလည်း ဤကိုယ်တော်ကိုမှ ကိုးကွယ်လိုလှပါချည့်ဟု နောင်တော့်ထံတွင် မရအရ တောင်းဆို၍ စစ်ကိုင်းတွင် လေးထပ်ကျောင်းကြီး ဆောက်လုပ်ကာ နန်းဦးဆရာတော်အဖြစ် ကိုးကွယ်ပြန်သည်။

သို့ရာတွင် မကြာမီကမှ နန်းဦးဆရာတော်သည် မင်းဘူးရွှေစက်တော်သို့ ဘုရားဖူးသွားရာမှ အပြန်တွင် ပခန်းမြို့ ရွှေဥမင်တောရဆရာတော်နှင့် ဝင်ရောက်တွေ့ဆုံခဲ့ရာ ရွှေဥမင်ဆရာတော်က အဘယ်ပုံ ဆုံးမတရားဟောကြားလိုက်လေသည် မသိ၊ ပခန်းမှအပြန် စစ်ကိုင်းသို့အရောက်တွင် နန်းဦးကျောင်းတော်သို့ပင် မဝင်တော့ဘဲ ကျောင်းနှင့်တကွ ဒကာဘုရင်အပါအဝင် တပည့်တပန်းအားလုံးကို ရက်ရက်ရဲရဲ စွန့်ပစ်ကာ ဤတောင်ဖီလာ တောရသို့ တစ်ချောင်းတည်းသော ဓမ္မသံဝေဂဖြင့် တောထွက်တော်မူခဲ့ပေသည်။

ယင်းသို့ တောထွက်ရာ၌ လူသူအရောက်အပေါက်များ၍ နာမည်ကြီးလှသော စစ်ကိုင်းတောင်တစ်ကြောတွင်သာ နေပါက ဘုရင်နှင့်တကွ ကြည်ညိုသူတို့၏ အနှောင့်အယှက်များ ပေါ်ပေါက်လာမည်ကြောင့် အလှမ်းဝေး၍ လူသူအရောက်အပေါက် နည်းလှသော ဤတောင်ဖီလာဒေသကို ရွေးချယ်ခဲ့သည်။

ဆရာတော်ရွေးချယ်လိုက်သော ဤတောင်ဖီလာဒေသကလေးမှာ တောရရဟန်းများအတွက် အဆင်ပြေလှသည်။ တောင်ဖီလာတောင်ကလေးမှာ စစ်ကိုင်းတောင် အများစုလို ဧရာဝတီမြစ်အတိုင်း အလိုက်သင့် အလျားလိုက်မနေဘဲ လူသူနီးသော စစ်ကိုင်းတောင်အလွန်နားတွင် ကန့်လန့်ပုံစံကလေး ရှိနေသောကြောင့် အခြားတောင်များနှင့် ဖီလာဖြစ်နေသော တောင် **"တောင်ဖီလာ"** ဟု အမည်တွင်ကြောင်း ပြောကြသည်။ တောင်ထိပ်နှင့် တောင်ခြေရွာကလေးမှာ တောရမြောက်လောက်အောင် အကွာအဝေးရှိသည်။ တောင်ခြေ ဆွမ်းခံလမ်းတွင် သာယာလှသော ရေကန်တစ်ခုရှိသည်။ တောရကျောင်းနေရာကို တောင်ထိပ်တွင် ရွေးချယ်ခြင်းမှာ လွတ်လွတ်ကျွတ်ကျွတ် ကေစာ တရားအားထုတ်မှုအတွက် လူသူအသွားအလာ နည်းစေဖို့ ဖြစ်သည်။

ထိုသို့ရှိခိုက် တစ်နေ့တွင်မူ စစ်ကိုင်းစားနှင့်အတူ နောင်တော် သာလွန်မင်းတရားကြီးကိုယ်တိုင် ပါလာကာ ဆရာတော်၏ တောရကျောင်းကလေးသို့ တပ်ဝင်းအခင်းအကျင်းနှင့် ရောက်ရှိလာကြသည်။ အဝင်းဝတွင်ဖြစ်စေ၊ စစ်ကိုင်းတွင်ဖြစ်စေ ရွှေကျောင်းတော်ကြီးများသို့ ပြန်လည်သီတင်းသုံးရန် လျှောက်ထားသည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အကြောင်းပြချက်နှင့်မျှ ပင့်၍မရတော့။ မိမိသည် သာသနာတော်အကျိုး၊ အများအကျိုးတို့အတွက် ဆောင်ရွက်ခဲ့ပေါင်း များခဲ့ပြီ။ သက်ရှယ်ထောက်လာပြီဖြစ်သော ယနေ့အချိန်၌ မိမိ၏လွတ်မြောက်ငြိမ်းချမ်းမှုအတွက် ရေမြေ့ရှင်တို့ ခွင့်ပြုကြပါတော့ဟု ခပ်တင်းတင်းပင် ငြင်းပယ်သဖြင့် ဘုရင်ညီနောင်နှစ်ပါးစလုံး လက်လျှော့ကြရသည်။

ဆရာတော် နှစ်ခြိုက်သီတင်းသုံးတော်မူရာ ဤတောင်ဖီလာ စခန်းကလေးကို ဘုရင်တို့၏အစွမ်းဖြင့် ဖွယ်ဖွယ်ရာရာဖြစ်အောင် ပြုပြင်ပေးမည်ရှိကြသောအခါတွင်လည်း ဆရာတော်က ခွင့်မပြု၊ လူ့လောက၏ အတင့်အတယ် ရှုပ်ယှက်ခတ်မြင်ကွင်းများကို ရွံမုန်း၍ ကေစာ တောထွက်ခဲ့ပါသည်ကို တောရတွင်လာ၍ ရှုပ်ဦးမည့် အပြုအမူများအား အဘယ်ပုံ ခွင့်ပြုနိုင်ပါအံ့နည်း။ သို့ရာတွင် ဘုရင်တို့၏ အတင်းအကျပ် လျှောက်ထားမှုကြောင့် ဤမျှလောက်ဖြင့် တောရနှင့်သင့်လျော်သည်ဟု ဆရာတော်ကိုယ်တိုင် ယူဆ၍ တောင်ဖီလာဦးကြီးတို့ ဆောက်လုပ်လှူဒါန်းသော သစ်ခက်မိုးကျောင်းကလေးကို တောင့်တင်းခိုင်မာသော ကျောင်းအဖြစ်သို့လည်းကောင်း၊ ကျောင်းကလေးဆောင်တွင် ဆရာတော် အာရုံယူနိုင်စေရန် စေတီလေးတစ်ဆူ တည်ဆောက်ပေးခြင်းဖြင့်လည်းကောင်း၊ အထူးသဖြင့် ဆရာတော်၏ တောင်ခြေဆွမ်းခံလမ်းမှ ရေကန်ကို ကြာမျိုးငါးပါးနှင့်တကွ ရေကန်ပေါင်တွင် သစ်ပင်ပန်းပင် မျိုးစုံတို့ဖြင့် စိမ်းစိုသာယာအောင်လည်းကောင်း ဆောင်ရွက်ပြုလုပ်ပေးမှုများ မျှလောက်ကိုတော့ ခွင့်ပြုလိုက်ရသည်။

ကမ္မဋ္ဌာန်းအလုပ်မှထ၍ ညနေစောင်းရောက်သောအခါ ဆရာတော်သည် တံမြက်ရှည်ကိုဆွဲကာ ဘုရားတင်ရန် ကပ္ပိယဒကာကြီး ဆွတ်ခူးတင်ထားခဲ့သော ပန်းစည်းကိုယူရင်း စေတီဝတ်ပြုတော့အံ့ဟု ကျောင်းဦးထိပ်ရှိ စေတီကလေးဆီသို့ လျှောက်လာခဲ့သည်။ အညောင်းလည်းပြေ၊ ကုသိုလ်လည်းရစေသော တံမြက်လှည်းမှု အလုပ်ကို စေတီဝန်းကျင်တွင်လုပ်မည်။ ပြီးလျှင် ပန်းစိုက်မြေအိုးတွင် ပန်းအသစ်ကို လဲလှယ်မည်။ ပြီးလျှင် စေတီတော်တွင်ပင် ပန်းရေတို့ကို ကပ်လှူရင်း ဘုရားရှိခိုးတော့မည်ဟု အာရုံကပ်ထားသည်။

နွေဦးရာသီ၏ ပြည့်လုလု ရက်ပိုင်းဖြစ်၍ လမင်းသည် ပြည့်ပြည့်ဖြိုးဖြိုးဖြစ်ရန်အားယူရင်း နွေဦး၏ မြူငွေ့မြူမှုန်များကို မိမိ၏အလင်းရောင်ဖြင့် ကြဲဖြန့်ကာ လင်းသာလျက်ရှိသည်ကို ဆရာတော် တွေ့ရသဖြင့် သဒ္ဓါစိတ် နိုးကြွကြည်လင်

www.burmeseclassic.com



လာသည်။ ရွှေလမင်းက မိမိ၏အရောင်ဖြင့် ထုံးဖွေးဖွေးစေတီတော်ကလေးအား ရွှေသင်္ကန်းကပ်လှူနေဘိသို့ရှိသည်။

ဤလိုအချိန်မျိုးတွင် ဖီလာတောင်ထိပ်မှ စီး၍ လေးဘက်ဝန်းကျင်သို့ ရှုကြည့်လိုက်သောအခါ တောတောင်၏အလှ၊ လရောင်၏အလှနှင့် ဆိတ်ငြိမ်မှုတို့ကို ခံစားတွေ့ထိရသည်မှာ တုဘက်ကင်းသော အရသာများဖြစ်သောကြောင့် "ချမ်းသာစွ… ချမ်းသာစွ"ဟု ဆရာတော် အတွေးရောက်မြဲဖြစ်သည်။ သို့ဖြစ်၍ သဒ္ဓါစိတ် အပြည့်အသိပ်ဖြင့် ဘုရားရှိခိုးရတော့အံ့ဟု တွေးရင်း စေတီဝန်းကျင်တွင် တံမြက်ဝတ်ပြုနေဆဲမှာပင် စေတီကုန်းမြေသို့ ခွေးနှစ်ကောင်ရောက်လာသည်ကို တွေ့ရသည်။

ရှာငယ်တွင် နေ့စဉ်ဆွမ်းခံ၍ တောင်ခြေ ကန်ရိပ်တွင် ဆွမ်းစားသောအခါ ဤခွေးနှစ်ကောင် ရောက်လာသည်ကို တွေ့ခဲ့ရသည်။ ဆွမ်းခံရွာမှ ခွေးများဖြစ်ဟန်တူ၍ ဟင်းနံ့ကျွေးနံ့ကြောင့် ရောက်လာသည်ဟု ဆရာတော် တွေးသည်။ ဆွမ်းကျန်ဟင်းကျန်ကို ဆရာတော်က ကျွေးသည်။ စားပြီးလျှင် ပျောက်သွားကြသည်။ အချိန်မရွေး ရောက်ချင်လည်း ရောက်လာတတ်ကြသည်။ ယခုလည်း လရောင်စိုစိုအောက်တွင် ပတ်ဝန်းကျင်သာယာမှုကြောင့် သင်းတို့ ရောက်လာကြဟန်တူသည်ဟု ဆရာတော်တွေးသည်။ ဆရာတော် တံမြက်လှည်းခိုက်တွင် သင်းတို့နှစ်ယောက်က ဆော့ကစားနေကြသည်။ နိဗ္ဗာန်သို့ မရောက်သေးသမျှ လောကသံယောဇဉ်ဟူသည် ယုတ်သည် မြတ်သည်၊ ကြီးသည် ငယ်သည်မဟူ ပေါ်ပေါက်လာတတ်မြဲပါတကား ဟု ဆရာတော် တွေးသည်။

သို့ရာတွင် တံမြက်လှည်းပြီး၍ ဘုရားရှိခိုးရန် ဟန်ပြင်ခိုက်မှာပင် ဆရာတော့်အနီး၌ ခွေးနှစ်ကောင်တို့ တစ်ကောင်နှင့်တစ်ကောင် မာန်ဖီ ဟိန်းဟောက်သံကို ကြားရသည်။ အဆော့လွန်၍ တစ်ကောင်နှင့်တစ်ကောင် ထိခိုက်ကာ အပျော်ဘဝမှ ဒေါသဘက်သို့ ရောက်သွားကြသည်။ ယင်းတို့ ရောက်သည်က အရေးမကြီး။ ဘုရားရှိခိုးအံ့ဆဲဆဲ ဆရာတော့်အဖို့ အနှောင့်အယှက်ဖြစ်ရတော့သည်။

သို့ဖြစ်၍ ဆရာတော်က အနီးရှိ ကျောက်စရစ်ခဲကလေးများဖြင့် ခွေးနှစ်ကောင်ကို ပစ်ပေါက်မောင်းထုတ်သည်။ သို့ရာတွင် မောင်းထုတ်ကာမှ သင်းတို့ အချင်းအချင်း မာန်တဖီဖီဖြင့် ပို၍ကဲလာသောကြောင့် ဆရာတော်အဖို့ သဒ္ဓါစိတ်မဖြောင့်နိုင်တော့ဘဲ ဒေါသဘက်သို့ အမှတ်မဲ့ကူးသွားကာ ဘုရားရှိခိုးရာမှထ၍ အနီးရှိ

www.burmeseclassic.com

www.burmeseclassic.com



တံမြက်ရှည်ဖြင့် လှဲကာ ခွေးများကိုရိုက်လိုက်တော့အံ့ဆဲဆဲတွင်ပင် သတိမပြတ်သော ဆရာတော်အဖို့ ပေါ်ပေါက်လာသော ဒေါသကို ရုတ်ခြည်း ရုပ်သိမ်းလိုက်ရသည်။

"တယ်...ဒီခွေးနှစ်ကောင် ငါရိုက်လိုက်ရ၊ ငါပါသုံးကောင်ဖြစ်သွားရော့မယ်" ဟုလည်း ပါးစပ်မှ ရေရွတ်လိုက်မိသေးသည်။ "ငါရိုက်လိုက်ရ"အထိသည် ဆရာတော်၏ ဒေါသဖြစ်သည်။ သို့ရာတွင် ပညာရှိ တရားရှင်ပီပီထွက်လာသော ဒေါသကို ချက်ချင်းပင် သတိရ ရုပ်သိမ်း၍ မိမိ၏ ထွက်မိသောဒေါသကို မိမိပင် ပြစ်တင်ရှုတ်ချကာ "ငါပါသုံးကောင် ဖြစ်သွားရော့မယ်"ဟု ဆိုလိုက်မိခြင်းဖြစ်သည်။ အကြောင်းသော်ကား လူနှင့်ခွေးတို့ ဘဝကွာခြားကြသော်လည်း ဒေါသဟူသည် အတူတူပင်ဖြစ်သောကြောင့်တည်း။

တံမြက်စည်းဖြင့် ရွယ်ခိုက်မှာပင် ခွေးနှစ်ကောင် ထွက်ပြေး ပျောက်ကွယ်သွားကြသည်။ ဆရာတော်အဖို့ ဖြောင့်ဖြောင့်ဘုရားရှိခိုးရ၏။ ဆရာတော်တွင် ယနေ့ညအဖို့ ယင်းကဲ့သို့သော အနှောင့်အယှက်နှစ်ခု မမျှော်လင့်ဘဲ ကြုံတွေ့ရ၏။ ဆရာတော်သည် ဒေါသကို နိုင်လိုက်ပါပြီ။ သို့ရာတွင် အခြားအရာတစ်ခုကိုတော့ နိုင်နိုင်ပါမည်လော။

[ ၂ ]

နာရီတစ်မောင်းခန့် ပန်းကပ် ရေကပ်နှင့် ဘုရားရှိခိုးပြီးသောအခါ နွေဦးညဥ့်၏ အချမ်းဓာတ်ကလေးကြောင့် ကိုယ်ရုံသင်္ကန်းကြီးကို လွှမ်းခြုံကာ တံမြက်စည်းကို တောင်ဝှေးပမာ တဒေါက်ဒေါက်ထောက်ရင်း ကျောင်းဆီသို့လျှောက်လာသောအခါ ကျောင်းကလေး လှေကားရင်းတွင် တဘက်နွမ်းကလေးဖြင့် မလုံ့တလုံ လွှမ်းခြုံရင်း တဟင်းဟင်းဖြင့် ညည်းညူလူးလှိမ့်ရှားနေသူတစ်ယောက်ကို လရောင်ဝင်းဝင်းအောက်တွင် မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် ဆရာတော်အဖို့ အံ့အားသင့်ကာ "ဟဲ့... ဘယ်သူတုံး"ဟု မေးလိုက်ရသည်။

"တပည့်တော်မ အရှင်ဘုရားဆွမ်းခံရွာက ရှင်ငြိမ်းပါဘုရား"ဟု ငိုမဲ့မဲ့အသံဖြင့် လျှောက်ထားရင်း ဆရာတော်သို့ ရှိခိုးလိုက်သောအခါ ဒကာမငယ်ငယ်၏ အသံနှင့် စုတ်ပြဲနေသောအင်္ကျီအောက်မှ ကျောပြင်သားကလေး ဖွေးဖွေးတို့ကို လရောင်ဖြင့် မြင်လိုက် ကြားလိုက်ရသောကြောင့် အံ့အားသင့်ရုံမျှ မကတော့ဘဲ တုန်လှုပ်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒကာမလေးသည် ရှိခိုးရာမှ မျက်နှာကို မော်လိုက်သောအခါ ကပိုကရိုနှင့် ဆံနွံဆံယဥ်ဖားဖားအောက်မှ မျက်နှာပြည့်ပြည့်ဖြိုးဖြိုးကလေးတွင် မျက်ရည်စတွေ အတွဲသားနှင့် ဆရာတော်အား မဝံ့တဝံ့ မော်ဖူးနေသည်ကို တွေ့ရသည်။ ဆရာတော်၏ အံ့ဩတုန်လှုပ်မှုမှာ ယင်းသို့ ဆန့်ကျင်ဘက်အမြင်ကြောင့်သာမဟုတ်၊ မလျော်သောနေရာ၊ မလျော်သောအချိန်တွင် မလျော်သောသူတစ်ယောက်နှင့် တွေ့ရသောကြောင့် ဖြစ်သည်။

"ဟဲ့...ဒကာမ သွားသွား၊ ဒါ နင့်နေရာမဟုတ်ဘူး၊ နင်လာရမယ့်နေရာ မဟုတ်ဘူး၊ နင် လူစင်စစ်မှ ဟုတ်ရဲ့လား ဘုရား...ဘုရား"

"တပည့်တော်မ လူစင်စစ်ပါ ဆရာတော်ဘုရား။ တပည့်တော်မကို ကယ်တော်မူပါ၊ သနားတော်မူပါ၊ တပည့်တော်မမှာ ခုအချိန်မှာ အရှင်ဘုရားမှတစ်ပါး အားကိုးရာ မရှိပါဘူး။ တပည့်တော်မ တောထဲကို ဟင်းရွက်ခူးသွားရာက အပြန်မှာ လူဆိုးယောကျ်ားနှစ်ယောက်က လမ်းကစောင့်ပြီး အတင်း ဗလက္ကာရလုပ်ပါတယ်။ တပည့်တော်မ အတင်းရုန်းတွက်ပြီး အစွမ်းရှိသလောက်ခုခံလို့ အင်္ကျီတွေ စုတ်ပြဲကုန်ပါတယ်။ ရုန်းရင်း ပြေးရင်းနဲ့ ဆရာတော့်ကျောင်းကို သတိရလို့ ဆရာတော့်ဆီကို ပြေးလာရတာပါ။ တပည့်တော်မ ရောက်နေတာ ကြာပါပြီ။ ဆရာတော် ဘုရားရှိခိုးနေလို့..."

"ဘာဖြစ်လို့ ကျောင်းကိုပြေးလာရတာလဲ၊ ရွာကိုပြေးပါလား"

"ရွာကိုပြေးရင် မလွတ်ပါဘူးဘုရား၊ သူတို့က ရွာဘက်ကပိတ်ပြီး လိုက်တာပါ"

"အခုလောက်ဆို သူတို့ ပြန်ရောပေါ့၊ နင် ဒီမှာနေလို့ မဖြစ်ဘူး၊ ရွာကိုပြန်ပေတော့"

"မပြန်ရဲပါဘူးဘုရား၊ သူတို့က တစ်ညလုံးစောင့်မယ်တဲ့၊ ဆရာတော်ကို ကြောက်လို့ မလာရဲတာပါ၊ လမ်းကစောင့်နေမှာပါ။ တပည့်တော်မကို ဒီတစ်ညတော့ ကယ်တော်မူပါဘုရား၊ တပည့်တော်မမှာ အားကိုးစရာ မရှိပါဘူး"

"အင်း...ဒုက္ခ ဒုက္ခ"ဟု ညည်းညူကာ ဆရာတော်သည် အရှေ့ဘက်စောင်းစောင်းတွင် တွဲခိုနေသော လမင်းဆီသို့ လှမ်းမျှော်၍ ကြည့်လိုက်သည်။

ဆရာတော်သည် မိုးပေါ်ကကျသလို ရောက်လာသော ရှင်ငြိမ်းဆိုသူကို မေးမြန်းပြောဆိုရာ၌ တည့်တည့်ရပ်၍ ကြည့်၍ ပြောဆိုခြင်းမဟုတ်ပေ။ ရုတ်ခြည်း စတင်တွေ့ရစဉ်က စူးစမ်းလိုသည့်သဘာဝအတိုင်း ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်မိရာတွင်

www.burmeseclassic.com

www.burmeseclassic.com



စုတ်ပြဲနေသောအင်္ကျီအောက်မှ ကျောသားဖွေးဖွေး ကိုယ်ဟန်သေးသေးနှင့် ငယ်ငယ်ရွယ်ရွယ် ဒကာမတစ်ယောက်ပါကလားဟု သိလိုက်မိသည်နှင့် တစ်ပြိုင်နက် ဆရာတော်သည် ရှင်ငြိမ်းဆီသို့ တစ်ချက်မျှမကြည့်တော့ဘဲ တံမြက်ရိုးကိုထောက်၍ တဒေါက်ဒေါက် လမ်းလျှောက်ရင်း တောတောင်တစ်လှည့်၊ လမင်းတစ်လှည့်၊ စေတီတော်သို့တစ်လှည့် ကြည့်၍သာ မေးမြန်းသည်။ သို့ရာတွင် အသံကိုမူကား ကြားနေရသည်။

အသံကလည်း ငယ်ရွယ်သူတစ်ယောက်၏ အသံပင်ဖြစ်သည်။ နနယ်လန်းဆတ်သည်။ ဒုက္ခသည် သောကရှင်၏ အသံဖြစ်သောကြောင့် နွံ့သည်။ လှုပ်ရှားသည်။ သို့ရာတွင် သူ့အသံသည် ရွာသူတစ်ယောက်၏ အသံနှင့်ကား မတူလှ။ ကြည်လင်ရဲရင့်လှပေသည်ဟု ဆရာတော် အတွေးရောက်၏။

ဤအဆင်း ဤအသံသည် ငါနှင့် ဆန့်ကျင်ဘက်ပါတကား။ ဤနေရာနှင့် ဆန့်ကျင်ဘက်ပါတကား။ အချိန်ကလည်း ညဥ့်အချိန်ဖြစ်သည်ဟု ဆင်ခြင်ကာ ဒကာမလေးဆီသို့ မကြည့်ဘဲ လမ်းလျှောက်ရင်း စစ်ဆေးသည်။

သို့ရာတွင် ဒုက္ခသည်ဖြစ်လာ၍ မိမိဝန်းကျင်တွင် သည်တစ်ညအဖို့တော့ လက်ခံရတော့မည့် အခြေသို့ ရောက်လာသောအခါ ကာယကံရှင်ကို စူးစမ်းလိုသည့်သဘောဖြင့် လမင်းဘက်သို့လှည့်ကာ မော့ထားသော မျက်နှာကလေးဆီသို့ တစ်ချက်မျှ ငုံ့၍ကြည့်လိုက်သောအခါ ဆရာတော်သည် ဟင်...ဟုပင် ဆိုလိုက်မိကာ ချက်ချင်းမျက်နှာလွှဲပစ်လိုက်ရသည်။

ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသော ဆရာတော်၏ ခြေလှမ်းများသည်လည်း ပို၍သွက်သွားသည်။ တံမြက်စည်းသံ တဒေါက်ဒေါက်သည် ပို၍မြည်လာသည်။ အကြောင်းသော်ကား-လရောင်ကြည်ကြည်ဖြင့် ထင်းခနဲမြင်လိုက်ရသော ဒကာမလေး၏မျက်နှာမှာ ရွာသူကလေး ဆိုသမင့်လည်း ရွာသူကလေးနှင့် မတူ။ နန်းသူကလေးလို လှနေသောကြောင့်ဖြစ်သည်။ ကပိုကရို ဆံပင်မည်းမည်းအုပ်အုပ်အောက်မှ နဖူးကျယ်ကျယ်၊ နက်မှောင်သောမျက်ခုံးအောက်မှ ဝိုင်းစက်ကြည်လင်သော မျက်လုံးရွဲရွဲကြီးများ၊ ပေါ်လွင်သောနှာတံ၊ ပြည့်ဖြိုးသွယ်လျသောမျက်နှာတို့မှာ ဒေါင်းတိမောင်းတိ ရွာသူကလေးတစ်ယောက်ဟု သိမှတ်ဖို့ ခက်လှသည်။

ဆရာတော်က ကြည့်လိုက်သောအခါ သနပ်ခါးဘဲကျားရိုက်ထားသော ပါးပြင်ဖောင်းဖောင်းကလေးအပေါ်သို့ မျက်ရည်စများ တွဲခိုနေသည့် ဒကာမလေး၏

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးရွဲရွဲကြီးများနှင့် တိုးမိကြသည်။ ထိုမျက်နှာကို အတင်းလွှဲဖယ်ကာ "အင်း …ငါမကယ်ရင်လည်း သူ့ခမျာ ဒုက္ခရောက်တော့မှာပါလားကရို့."ဟု ဆရာတော် တွေးသည်။

"ကဲ…ကဲ…ဒီလိုဆိုရင်လည်း ကယ်ရတော့မှာပေါ့၊ နို့ပေမယ့် နင် ကျောင်းထဲ ဝင်နေလို့တော့ မဖြစ်ဘူး၊ ကျောင်းအပြင်ဘက် အဲဒီနေရာနားမှာပဲ နေရလိမ့်မယ်"

"မှန်လှပါ၊ ဆရာတော်ထားရာမှာ နေပါ့မယ်၊ ဆရာတော့်အရိပ်ကို ခိုလှုံရရင် တော်ပါပြီဘုရား"

"ကောင်းပြီ…ကောင်းပြီ၊ တံခါးကို အထဲကပိတ်ထားမယ်၊ အကြောင်းရှိရင် တော့ တံခါးကို ခေါက်လိုက်ပေတော့။ အင်း…ဒုက္ခ…ဒုက္ခ"ဟု ဆိုကာ ဆရာတော် သည် ဒကာမလေးကို ကွေ့ရှောင်၍ ကျောင်းသို့ဝင်သည်။ မဝင်မီ သူ့ခမျာ ဘယ် လိုနေ ဘယ်လိုအိပ်မှာပါလိမ့်ဟု ကရုဏာမျက်စိဖြင့် တစ်ချက်မျှ ‌ဝေ့လှဲကြည့်လိုက် သောအခါ စုတ်ပြဲနေသောအင်္ကျီအပေါ်တွင် တဘက်နွမ်းကလေးတစ်ထည်ဖြင့်သာ ခြုံလွှမ်းထားသည်ကို တွေ့ရသဖြင့် တန့်ခနဲ တစ်ချက်မျှရပ်၍ စဉ်းစားလိုက်မိသေး သည်။

ဆောင်းအကုန် နွေအကူးဖြစ်၍ နေ့ဘက်တွင် သိသိသာသာ ပူလာပြီဖြစ်သော် လည်း ညဥ့်ဘက်တွင်မူ အအေးဓာတ်လွှမ်းဆဲဖြစ်သည်။ ယခုပင် အတန်အေးလာ ပြီဖြစ်၍ ဆရာတော်အဖို့ ဒုကုဋ်သင်္ကန်းကြီးကို ခြုံထားမိပေပြီ။ သည်အအေးထဲမှာ သူ့ခမျာ ဘယ်လိုများအိပ်မှာပါလိမ့်ဟု တွေးလိုက်မိခြင်းဖြစ်သည်။

မတတ်နိုင်။ မိမိမှာဝတ်ထားဆဲ သင်္ကန်းသုံးထည်မှအပ စောင်ဟူ၍ အပိုမရှိ။ အပိုဟုဆိုနိုင်သော ရေလဲသင်းပိုင်မျှသည်လည်း ဒကာမနှင့် မအပ်စပ်။ တတ်နိုင်ပါ ဘူးလေ…သည်တစ်ညတော့ ဒုက္ခခံပေတော့ဟု တွေးတောရင်း ကျောင်းတွင်းသို့ ဝင်သည်။ တံခါးမင်းတုပ်ကို ထိုးလိုက်သည်။

## [ ၃ ]

ကျောင်းတွင်းရောက်၍ ထိုင်နေကျနေရာတွင် ထိုင်လိုက်ရသော်လည်း ကျောင်း ပြင်ဘက်မှ ဒုက္ခသည် ဒကာမလေးအာရုံက အမျှင်ရတန်းလန်း ပါလာခဲ့သည်။ ထိုအာရုံကို သတိဖြင့်ဖြတ်တောက်၍ ဆောက်တည်နေကျ တရားအာရုံသို့ ထုံလိုက် သည်။ စိတ်ဓာတ်တစ်ခုလုံးကို တရားတည်းဟူသော ဘဏ္ဍာတိုက်သို့ သွတ်သွင်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဆိုက်ရောက်လာသော အတွေ့အာရုံသည် ပြင်းထန်လှသော်လည်း တရားရှင်ဖြစ်သည့်အတိုင်း ရှိပြီး တရားသတိဖြင့် ကြိုးစားလိုက်သောအခါ မူမှန်အခြေသို့ ရောက်သွားသည်။

ခါတိုင်းထက်ပို၍ ကြိုးစားလိုက်ရသောကြောင့် တရားထိုင်ရသည်မှာ ခါတိုင်းထက်ပို၍ ကြာသွားသည်။ သန်းခေါင်ကျော်လောက်ရောက်မှ ကိုယ်လက်နွမ်းနယ်ကာ ကျိန်းစက်လိုစိတ်ဝင်လာသောကြောင့် အိပ်ရာသို့လှဲတော့အံ့ဆဲဆဲတွင် တံခါးကို တဒုန်းဒုန်းခေါက်သံ ကြားရသဖြင့် "အင်း...ဒုက္ခပါတကား၊ ဘယ်လိုများဖြစ်ပြန်ပါလိမ့်"ဟု ညည်းတွားရင်း တံခါးဆီသို့ လာခဲ့ရပြန်သည်။

တံခါးကို ဖွင့်လိုက်သောအခါ လက်ကလေးနှစ်ချောင်းကို ပခုံးတစ်ဖက်တစ်ချက်တွင် တင်းကျပ်စွာဖက်၍ ခိုက်ခိုက်တုန်နေသော ဒကာမလေးကို တွေ့ရသည်။ သူ့ခမျာ ချမ်းရှာပေမည်။ အအေးဓာတ်နှင့်အတူ လေကလည်း တဟူးဟူး တိုက်ခတ်နေသည်။

ဒကာမလေးက "ချမ်းလိုက်တာ ဘုရား၊ ချမ်းလိုက်တာ ဘုရား"ဟု ဆီး၍ လျှောက်သည်။ ချမ်းရှာလွန်း၍ အသံမှာပင် မပီမသ ထွက်လာသည်။

"ချမ်းတော့ ချမ်းတာပဲ၊ နို့ပေမယ့် ငါ့မှာ နင့်ကိုပေးစရာလည်း စောင်မရှိဘူး"

"ကျောင်းထဲမှာ အိပ်ခွင့်ပြုတော်မူပါဘုရား၊ ကျောင်းထဲမှာဆိုရင် လေလုံလို့ အချမ်းသက်သာမှာပါ ဘုရား"

"ကျောင်းထဲမှာအိပ်လို့ ဘယ်ဖြစ်မလဲ၊ ရဟန်းဆိုတာ ဒကာမနဲ့ တစ်မိုးတစ်ယံတည်း မအိပ်ကောင်းဘူးဟဲ့"

"အရှင်ဘုရား မကယ်ရင်တော့ တပည့်တော် ဒီည သေရပါလိမ့်မယ်ဘုရား"

နောက်ဆုံးလျှောက်ထားသံမှာ ရိုးရိုးအသံမဟုတ်၊ ငိုသံပင် ပါလာသည်။ မှန်ပေ၏။ သည်အတိုင်းသာဆိုလျှင် သူ့ခမျာ သေဖွယ်ပင်ရှိသည်။ မတတ်နိုင်ဘူးလေ၊ ဖြစ်နိုင်သလောက်တော့ ကူညီကယ်တင်ရမှာပေါ့ဟု ဆရာတော့် ကရုဏာမိုးပြိုကျလာသည်။

"ကဲ...ကဲ...ကျောင်းထဲဝင်...ကျောင်းထဲဝင်၊ တံခါးဝနားမှာ အိပ်ပေတော့"ဟု ခွင့်ပြုလိုက်သောအခါ ဒကာမလေးသည် ချက်ချင်းပင် ကျောင်းတွင်းတံခါးဝသို့

www.burmeseclassic.com

www.burmeseclassic.com



နေရာရွှေ့လိုက်သည်။ ထိုအခါတွင်မှ ဆရာတော်အဖို့ နောက်ထပ်အတွေ့အမြင်သစ် တစ်ရပ်ကို မြင်လိုက်ရပြန်၏။ ထိုအမြင်ကား ဒကာမလေး၏ ကိုယ်ဝတ်ထဘီမှာ အလွှားလိုက် အမြှောင်းလိုက် စုတ်ပြဲနေခြင်းပင် ဖြစ်ပေသည်။

ဒကာမလေးက စုတ်ပြဲနေသော ထဘီကို အတွင်းသားမပေါ်အောင် လက်ဖြင့် စုကိုင်၍ ကျောင်းတွင်းသို့ဝင်သည်။ သို့ရာတွင် ဆရာတော် မြင်လေသည်၊ မမြင် လေသည် မသိ။ ထဘီမှာ ရှေ့ရော နောက်ပါ စုဖုံးထား၍ မလုံနိုင်လောက်အောင် စုတ်ပြဲနေသောကြောင့် တစ်နေရာကပေါ်သည်၊ သည်ဘက်ကဖုံးလျှင် ဟိုဘက်က ပေါ်နှင့် ဒကာမလေး၏ ပေါင်တွင်းသား တစ်တစ်ရစ်ရစ်ကြီးများမှာ အဖွေးသား အထင်းသား ထွက်ပေါ်လျက်ရှိကြသည်။ ထိုမျှသာမဟုတ် စုတ်ပြဲနေသော ထဘီဆီ သို့ ရင်ဘတ်မှလက်ကို ရွှေ့ရသောအခါ အင်္ကျီအစုတ်အပြဲကြောင့်ပင် မလုံမလဲ ဖုံးအုပ်ထားခဲ့ရသော ရင်ဘတ်မှာ အထိန်းအကွပ်မဲ့သွားပြန်သဖြင့် ဖြိုးဖြိုးအိနေသော ရင်ဘတ်တစ်ခုလုံး ပွင့်အန်၍ ကျလာတော့မယောင် ဖြစ်ရသည်ကိုလည်း ဆရာ တော် မြင်လေမည်လား မမြင်လေမည်လား မသိ။

မည်သို့မျှ မတတ်နိုင် မရှောင်သာ။ မိမိသာလျှင် အားကိုးရာရှိတော့သော ဒကာမလေးအား တံခါးအတွင်းဘက်တွင် လက်ညှိုးညွှန်၍ နေရာချထားလိုက်ရ၏။ သို့ရာတွင် ဆရာတော်သည် ဒကာမလေးထံမှ သူ့အိပ်ရာဆီသို့ ထွက်ခွာသွားသော အခါ ခြေသံမှာ ပြင်းထန်၍ ခြေလှမ်းမှာ သွက်လက်နေသည်ကို ဒကာမလေး အကဲခတ်လိုက်မိသည်။ စောစောပိုင်းက သိမ်မွေ့နူးညံ့နေသော ဆရာတော်၏ ကိုယ်ဟန်အမူအရာများသည် ဒကာမလေးအနီးမှ ထွက်ခွာသွားသောအခါ ပျောက် ကွယ်သွားသယောင် ဖြစ်သည်။

ထိုမျှသာမဟုတ် ဆရာတော်သည် ညဉ့်အချိန်ဖြစ်၍ ပိတ်ထားသော ကျောင်း ပြတင်းပေါက်တစ်ခုဆီသို့ သွားကာ မည်သည့်အဓိပ္ပာယ်နှင့်မသိ၊ ပြတင်းကို ဖွင့် သည်။ ထိုအခါ ပွင့်သောပြတင်းမှ အေးစိမ့်သောလေများ ဝင်လာသဖြင့် ပြန်၍ပိတ် လိုက်ပြန်သည်ကို ဒကာမလေး တွေ့ရသည်။ ဒကာမလေး၏ အမြင်အတွေ့အာရုံ ကြောင့် ဆရာတော့်ခမျာ သိသိသာသာ စူးဝင် တုန်လှုပ်ရရှာလေပြီတကား။

ညဉ့်အချိန် မီးရောင်မရှိသော်လည်း မစေ့စပ်သော ကျောင်းနံရံကြား အမိုးကြား တို့မှ လရောင်ကလေးများသည် တိုးဝင်လျက်ရှိလေရာ ကွဲကွဲပြားပြားမဟုတ်လှသော် လည်း ဆရာတော်၏ လှုပ်ရှားမှုများကိုကား လှမ်းမြင်၍နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်သည် သူ့အိပ်ရာဆီသို့သွား၏။ အိပ်ရာခြေရင်းတွင် အတန်ကြာ ရပ်သည်။ ထို့နောက် အိပ်ရာတွင် ဒကာမလေးကို ကျောပေး၍ ဖြည်းညင်းစွာထိုင် သည်။ တစ်ခါကြည့်လိုက်လျှင် ထိုင်လျက်၊ အတန်ကြာ၍ နောက်တစ်ကြိမ်ကြည့် လိုက်လျှင်လည်း ထိုင်လျက်ပင် တွေ့ရသည်။ ထိုင်သည်မှာ ကြာလွန်းလှ၍ ယနေ့ ညအဖို့ ဆရာတော် ကျိန်းမှ ကျိန်းစက်ပါတော့မည်လားဟု ဒကာမလေးတွေးသည်။

အမှန်အားဖြင့် ဆရာတော်၏အဖြစ်ကို ဒကာမလေး မသိရှာ။ တစ်မိုးတစ်ယံ တည်းသော ကျောင်းအဆောက်အအုံတွင် ဆန့်ကျင်ဘက် ဒကာမနှင့်အတူ မအိပ်ရ ဟူသော ဘုရားရှင်၏ ဝိနည်းဥပဒေတော်ကြီး ရှိနေသည်ကို ဒကာမလေး မသိရှာ။ ဒကာမလေးကို ငဲ့ညှာသောအားဖြင့် ထိုဝိနည်းကို ဆရာတော် စောင့်ထိန်းရပေတော့ မည်ကို ဒကာမလေး မသိရှာ။

သို့နှင့် သန်းခေါင်ကျော် နံနက်ပိုင်းသို့ ရောက်လာသည်။ အအေးဓာတ်က လည်း သိသိသာသာ ပိုကဲလာသည်။ ဆရာတော်သို့ လှမ်းကြည့်လိုက်သောအခါ မလှုပ်မယှက် ထိုင်လျက်ကိုပင် တွေ့ရသည်။ တစ်ချီတွင် ငုတ်တုတ်ထိုင်၍ ဆရာ တော် ဘုရားရှိခိုးသည်ကို ကြားရပြီးနောက် ထိုင်လျက်သာတွေ့ရသည်။ တရားထိုင် ဟန်တူသည်ဟု ဒကာမလေး တွေးသည်။

အချမ်းဓာတ်ကြောင့်လည်းကောင်း၊ သန်းခေါင်ကျော် နံနက်ပိုင်းကြီးသို့ပင် ရောက်လာ၍လည်းကောင်း ဒကာမလေးအဖို့ အိပ်ချင်လွန်းလှပြီ။ သို့ရာတွင် ဦးလည် မသုန် ထမ်းဆောင်လာရသော တာဝန်ကြီးတစ်ရပ်ကြောင့် မအိပ်ဝံ့။ အိပ်ချင်စိတ်ကို သတိဖြင့် တင်းအောင့်ထားရသည်။ ထမ်းဆောင်လာရသော တာဝန်သည် သက်ဆိုင် ရာ၏ အစီအစဉ်ဖြင့် ယခုအထိတော့ ချောချောမောမောရှိနေပေပြီ။ နောက်ဆုံး လုပ်ဆောင်ရမည့်တာဝန်ကို လုပ်ဆောင်ရန် အချိန်ကျရောက်ပြီဟု ဒကာမလေး တွေးသည်။

ဆရာတော်သည် မိမိဖြန့်ကြက်အပ်သော ကွန်ချက်တွင် မိနေပြီကိုကား ဒကာမ လေး သိသည်။ အနီးသို့ သိမ်းငင် ဖမ်းယူဖို့ရန်သာ ကျန်တော့သည်။ ထို့ကြောင့် တဟီးဟီး တဟင်းဟင်း ညည်းညူသောအသံများ ဒကာမလေးထံမှ ထွက်လာသည်။ ခြေတို့၊ လက်တို့ဖြင့် ကျောင်းကြမ်းပြင်ကို ရိုက်ပုတ် ဆောင့်ကန်သော တဒုန်းဒုန်း အသံများကိုလည်း ဆရာတော် ကြားရသည်။ "ကယ်တော်မူပါ ဆရာတော်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ဟူသောအသံ၊ အခြား မပီမသ အော်ဟစ်ညည်းညူသော အသံများလည်း ထွက်လာသည်။

ထို့ကြောင့် "ဟဲ့...ဒကာမလေး၊ ဘာဖြစ်ပြန်တာတုံး"ဟူသော ဆရာတော်ထံမှ အသံထွက်လာသည်။ သို့ရာတွင် ဒကာမလေးထံမှ တစ်စုံတစ်ရာ ပြန်မပြော။ လူးလှိမ့်ရုန်းကန်၍ ညည်းညူနေသည်ကိုသာ တွေ့ရသည်။

"အင်း...ဘယ်လိုဖြစ်ပြန်ပါလိမ့်၊ တယ်လည်း ခက်ပါကလားကရို့၊ ဒုက္ခ...ဒုက္ခ"ဟု ဆရာတော် ညည်းညူရင်း အကြောင်းတစ်စုံတစ်ရာရှိမှသာ ထွန်းလေ့ထွန်းထရှိသော ခြေရင်းတိုင်ဘေးမှ ရေနံမီးခွက်ကို ထွန်းလိုက်သည်။ ထို့နောက်တွင်မူ ရေနံမီးခွက်ကို ကိုင်မြှောက်ရင်း ဒကာမလေးအနီးဆီသို့ သွားလိုက်သောအခါ သတိလွတ်ကင်းစွာဖြင့် တလူးလူး တလိမ့်လိမ့် လူးလိမ့်လှုပ်ရှားနေသော ဒကာမလေးကို တွေ့လိုက်ရသည်။ မြင်ရသောမြင်ကွင်းမှာ တရားရှင် ဆရာတော်အဖို့ ရှန့်ရင်း ဆန့်ကျင်လှသဖြင့် ရေနံခွက် လွတ်ကျမသွားအောင်ပင် သတိထားလိုက်ရသည်။

ဒကာမလေး၏ တစ်ကိုယ်လုံးမှာ စုတ်ပြဲသောအဝတ်တို့မှ ကင်းလွတ်နေသည်။ ညဥ့်ဦးပိုင်းကလို လက်ကလေးနှစ်ဖက်ဖြင့် မထိန်းနိုင်တော့သောကြောင့် အဝတ်အောက်မှ အသားဆိုင် ဖြိုးဖြိုးဝင်းဝင်းများမှာ အထက်အောက် နေရာမလပ် ထွက်ပြူနေကြသည်။ မျက်လုံးမှာ မှိတ်နေသည်။ ဦးခေါင်းကို ဘယ်,ညာ လူးလှိမ့်လိုက်တိုင်း ဆံပင်ထွေးထွေးအုပ်အုပ်မှာ တွဲအိနေပါသည်။ လွတ်လွတ်လပ်လပ် ထွက်ပြူနေသော ရင်သားအစုံသည် လူးတိုင်း လွန့်တိုင်း ဘယ်,ညာ လှုပ်ရှားနေကြသည်။ ပေါင်တံဖွေးဖွေးကြီး နှစ်ချောင်းသည် ကွေးချည် ဆန့်ချည်၊ လှဲချည် ထောင်ချည် ဖြစ်နေကြသည်။

သူ့ခမျာ လူဆိုးပရက္ခတို့နှင့် တွေ့ခဲ့ရ၍တစ်ကြောင်း၊ ခြံစရာကလေးမျှ မရှိ၊ အအေးပတ်၍တစ်ကြောင်း၊ အဖျားဝင်လာဟန် ထင်ပါရဲ့ဟု ဆရာတော်တွေးသည်။ သို့ရာတွင် သူ့အဖျားထက် ထူးခြားဆန်းကြယ်လှသော မြင်ကွင်းအာရုံကြောင့် မိမိတွင် ကာမအဖျားဝင်လာသည်ကိုကား ရုတ်တရက်မို့ ဆရာတော် သတိမထားမိ။ ရှောင်ထွက်သွားဖို့ကလည်း နှစ်ယောက်တည်းသာ ရှိကြသည်မို့ မဖြစ်နိုင်၊ နဖူးကလေးမျှ စမ်းသပ်ကြည့်ဖို့ကလည်း သိက္ခာပုဒ်တော်က တစ်ဖက်ရှိနေပေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် မရှိနိုင် မချနိုင်၊ မရုန်းနိုင် မကန်နိုင်၊ မထွေးနိုင် မအန်နိုင်နှင့် ဒကာမလေး၏ ခေါင်းရင်းအနီးတွင် ထိုင်လိုက်ကာ သတိလက်လွတ်နေဟန်ရှိသော ဒကာမလေးအား "ဟဲ့...ဒကာမလေး...ဒကာမလေး"ဟု ခေါ်လိုက်ရသည်။

ထိုအခါ ဒကာမလေးက အခုမှ သတိရလာဟန်နှင့် မျက်လုံးရွဲရွဲကြီးနှစ်လုံးဖြင့် ဆရာတော်အား မော့်ကြည့်ကာ "တပည့်တော်မကို ကယ်တော်မူပါ ဘုန်းဘုန်းဘုရား၊ ချမ်းလွန်းလို့ တပည့်တော်မ သေရပါတော့မယ်ဘုရား၊ ချမ်းသလား ပူသလားတောင် မသိတော့ပါဘူး၊ အဖျားဝင်နေပြီထင်ပါရဲ့ဘုရား။ တပည့်တော်မမှာ ဘုန်းဘုန်းမှတစ်ပါး ကယ်မယ့်သူ မရှိပါဘူးဘုရား"ဟု မပီတပီ ငိုမဲ့မဲ့သံနှင့် လျှောက်သည်။

လျှောက်သည်လောက်က အရေးမကြီး။ လျှောက်ရင်းဖြင့် ဒကာမလေးက အိပ်ရာမှ လူးထ၍လာကာ ဆရာတော်၏ သင်္ကန်းစကို တင်းတင်းဆွဲသည်။ ထို့နောက် ခြေသလုံးကို တင်းတင်းကျုပ်ကျုပ်ဖက်သည်။ ဆရာတော့်တစ်ကိုယ်လုံးကို မိမိနံဘေးသို့ရောက်လာအောင် ဆွဲယူသည်။

အမြင်အာရုံ အတွေ့အာရုံ အဆွဲဓာတ်ပြင်းထန်မှုကြောင့် ပထမသော် ဆရာတော်အဖို့ ဒကာမလေးအပေါ်သို့ ယိမ်းယိုင်သွားမိတော့မယောင် ဖြစ်မိသေးသည်။ သို့ရာတွင် ထိုအခိုက်တွင်ပင် ဆရာတော်အား ကြီးစွာသော အမှောင်တွင်းနှုတ်ခမ်းမှ ကယ်တင်မည့်အသံတစ်ခု ပေါ်ပေါက်လာသည်။ ထိုအသံကား နံနက်ပိုင်း အရုဏ်တက်လုလု အချိန်ရောက်၍ စစ်ကိုင်းတောင် ပုညရှင်တစ်ဝိုက်ဆီက တရားရှင်သူတော်ကောင်းတို့ ဘုရားရှိခိုးထရန် တုံးခေါက်သောအသံပင် ဖြစ်လေသည်။

တုံးခေါက်သံကြောင့် ဘုရားရှင်ကို သတိရလိုက်သည်။ ဘုရားရှိခိုးဖို့ အချိန်ရောက်ပြီကို သတိကပ်လိုက်သည်။ ဘုရားရှင်၏ အဆုံးအမကို မြတ်နိုးလှသောကြောင့် တစ်သက်လုံးပင် ဘုရားရှင်အား အသက်ပေး၍ တရားအားထုတ်လာခဲ့ပါသည်ကို ဘာမဟုတ်သော ဤနေ့ည အတွေ့အကြုံကလေးဖြင့် အနစ်မွန်းခံတော့မည်လောဟု အားတင်းလိုက်သည်။ ထို့ကြောင့် "ဟဲ့...ဒကာမလေး၊ ဒီလိုမလုပ်နဲ့လေ၊ မလုပ်ကောင်းဘူး၊ သတိထားမှပေါ့"ဟု ပြောဆိုကာ ဒကာမလေး၏လက်မှအတင်းရုန်းထွက်၍ အာရုံကိုဖြေဖျောက်ရန် ကျောင်းနံရံတစ်ဖက်တစ်ချက်ကို ခေါက်တုံ့ခေါက်ပြန် ခပ်ပြင်းပြင်း လမ်းလျှောက်သည်။ သို့ရာတွင် တအိအိငိုရှိုက်ရင်း ဖွေးဖွေးကလေး ပေါ်လွင်စုပုံနေလျက်ရှိသော ဒကာမလေးဆီသို့လည်း ဒက္ခိတသတ္တဝါ

www.burmeseclassic.com



ကို သနားသောကရုဏာကြောင့်လား၊ ဘာကြောင့်လားမသိ တစ်ချက်တစ်ချက် ကြည့်မိလျက်သား ဖြစ်နေရသေးသည်။

ထို့ကြောင့် ခေါင်းရင်းဘက်သို့သွား၍ ဘုရားဝတ်ပြုသည်။ အာရုံပျောက်ရန် အသံကျယ်ကျယ်မြှင့်၍ ဘုရားရှိခိုးသည်။ လမင်းကို ရာဟုအသူရိန်ဖမ်းသကဲ့သို့ တပည့်တော်မှာ ကျဉ်းမြောင်းခက်ခဲလှသောဘဝသို့ ကျရောက်နေပါသည်ဘုရား။ အရှင်မှတစ်ပါး အားထားရာမရှိပါ။ တဿမေ သရဏံ ဘဝ တပည့်တော်အား ကယ်တင်တော်မူပါ။ ရုန်းထွက်နိုင်သောအင်အားကို ပေးတော်မူပါဘုရားဟူ၍ ဘုရားရှိခိုးရင်းမှ ဆုတောင်းသံကိုလည်း ဒကာမလေး ကြားလိုက်ရသည်။

သို့ရာတွင် "တပည့်တော်ကို ပစ်မထားပါနဲ့ ဘုန်းဘုန်းဘုရား၊ ကယ်ဆယ်တော်မူပါဘုရား၊ တပည့်တော်မ သေရပါတော့မယ်ဘုရား"ဟူသော အသံများကိုလည်း နောက်နားမှ ကြားနေရသေးသဖြင့် ဘုရားရှင်ထံသို့ အာရုံဖြောင့်ဖြောင့် မထားနိုင်။ ရှေ့တစ်လှမ်းတိုးဖို့ ကြိုးစားသော်လည်း နောက်သို့ နှစ်လှမ်းပြန်ဆုတ်နေရသကဲ့သို့ ဒကာမလေး၏ ဆွဲဆောင်မှုအာရုံက ပြင်းထန်လျက်ရှိသည်။

ထိုအခိုက် ဘုရားရှိခိုးရာ နံဘေးတွင် နေ့လယ်က တံပူသပ်ရင်း ချထားခဲ့မိသော ဓားမောက်ကလေးကို ဖျတ်ခနဲ တွေ့လိုက်ရသောအခါ အတွေးတစ်ရပ် ဝင်လာသည်။

အာရုံတို့ကို ကျက်စားလူးလွန့်၍ နေသောအရာသည်ကား စိတ်ပင်ဖြစ်ပေသည်။ ထိုစိတ်သည် ထားရာမှာမနေ။ နေစေချင်သလို မနေ။ အဖမ်းရခက်လှချေသည်။ အဆုံးမ,ရ ခက်ချေသည်။ သူ့အလိုသို့ လိုက်ရလျှင် ခက်ရချေတော့မည်။

သူနှစ်ခြိုက်လှသော အာရုံပြင်းပြင်းထန်ထန်နှင့် မတွေ့မီအချိန်က ငါ့စိတ်ကို ဟတ်လှပြီ၊ ငြိမ်လှပြီ၊ နိုင်လှပြီဟု ထင်ခဲ့မိသည်။ ယခု အာရုံပြင်းပြင်းထန်ထန် နှင့် တွေ့သောအခါ သူ့ကိုနိုင်ဖို့ ခက်နေပြီ။ ငါ့အထင်သည် လွဲမှားလေစွတကား။

ကောင်းပြီ၊ ငါးကြင်းဆီဖြင့် ငါးကြင်းသားကို ကြော်ဘိသို့ အာရုံပြင်းပြင်း ကြိုက်သော ငါ့စိတ်ကို အခြားအာရုံပြင်းပြင်းဖြင့် ကုစားရပေမည်။

ငါ့ဖခင် ဘုရားရှင်က အကယ်၍ မလွဲမရှောင်သာ မာတုဂါမနှင့် မြွေဆိုး၊ သို့မဟုတ် မာတုဂါမနှင့် လတ်တလော သေစေတတ်သော အဆိပ်တို့ကို တွေ့ဆုံရလျှင် မာတုဂါမသို့ မသက်ဝင်ပါနှင့် မြွေဆိုးအကိုက်ခံပါ။ အဆိပ်ကိုသောက်ပါ။ အကြောင်းမူကား–မြွေဆိုးနှင့် အဆိပ်သည် တစ်ဘဝကိုသာ သေစေ၊ ဆုံးရှုံးစေ၏။

www.burmeseclassic.com

www.burmeseclassic.com



မာတုဂါမဟူသည်ကား ဘ၀ပေါင်းများစွာကို သေစေနိုင်၊ ဆုံးရှုံးစေနိုင်သောကြောင့် တည်းဟု ညွှန်ကြားတော်မူသည်။ ယခု ငါ့မှာ မာတုဂါမလေးနှင့် မလွဲသာ မရှောင်သာ ရင်ဆိုင်နေရပေသည်။ မြွေဆိုးသည် အဘယ်မှာနည်း၊ အဆိပ်သည် အဘယ်မှာနည်း။

ဘုရားရှင်ကိုသာ ချစ်ခဲ့သော ငါသည် အဖဘုရား၏စကားကို နားထောင်ရမည်။ မြွေဆိုးနှင့် အဆိပ်တို့မရှိခဲ့လျှင် အခြားနည်းဖြင့် ကုစားရပေမည်။ အဆုံးမရ ခက်နေသောစိတ်ကို လမ်းလွှဲပေးရပေလိမ့်မည်။

ယင်းသို့လျှင် တစ်ချောင်းတည်းသောစိတ်ဖြင့် ဆုံးဖြတ်လိုက်ပြီးနောက် ဆရာတော်သည် အနီးရှိ ဓားမောက်ကလေးကို ဆွဲယူလိုက်သည်။ နေ့လယ်ကပင် တံပူ သပ်ရန် သွေး၍ထားသောကြောင့် ဓားမောက်ကလေး၏ ထက်မြပုံကို ဆရာတော် သိပြီးဖြစ်သည်။ ထို့နောက် တင်ပျဉ်ခွေပြီးလျှင် ဘယ်ဘက်ခြေထောက်ကို သင်္ကန်း အတွင်းမှ အပြင်သို့ဆန့်ထုတ်လိုက်သည်။ ထို့နောက်တွင်မူ ထက်လှသော ဓား မောက်ဖြင့် ခြေသလုံးသားကို ခပ်နာနာဖိ၍ လှီးဖြတ်လိုက်သောအခါ ဆရာတော်၏ ခြေသလုံးသားသည် ဟက်တက်ကွဲ၍ သွေးစိမ်းရှင်ရှင်တို့ ပန်းထွက်လာသည်။

ဒကာမလေး၏ အတွေ့အမြင်အာရုံကြောင့် ဣန္ဒြေကိုပင် မထိန်းနိုင်၊ မဟန်နိုင် တုန်လှုပ်ရဘိသကဲ့သို့ ယခုသော် အနာဒဏ်ချက်ကြောင့် ဆရာတော့်တစ်ကိုယ်လုံး တဆတ်ဆတ်တုန်သွားသည်။ သို့ရာတွင် အနာကို တစ်စုံတစ်ရာမပြုပြင်။ နာဖို့ ကိုပင် ဤအမှုကိုပြုခဲ့သည်။ နာလိုက်စမ်းဟဲ့...သေစရာရှိရင်လည်း သေလိုက်စမ်းဟဲ့ ဟု ဆရာတော် အားတင်း၍ခံသည်။

ဆရာတော်၏ ထူးခြားသောလှုပ်ရှားမှုများကြောင့် သည်တစ်ကြိမ်တွင် ထ၍ လာရသူမှာ ဒကာမလေးဖြစ်၏။ မီးရောင်တွင် ဆရာတော်၏ အဖြစ်သနစ်ကို မြင်ရသောအခါ ဒကာမလေး အထူးတုန်လှုပ်သွားရသည်။ "တပည့်တော် မှားမိပါ ပြီ အရှင်ဘုရား၊ တပည့်တော်ကို သည်းခံတော်မူပါ ဆရာတော်ဘုရား"ဟု ဆရာ တော်၏အနာကို အထိတ်တလန့်ကြည့်ရင်း ငိုမဲ့မဲ့အသံဖြင့် လျှောက်ထားသည်။

ထို့နောက် ဆရာတော်၏ဒဏ်ရာ ခြေသလုံးကို ဆွဲကိုင်တော့မယောင်၊ သင်္ကန်းစ ဖြင့် စည်းနှောင်ပေးတော့မယောင် ပြုသောအခါ ဆရာတော်က "ဟဲ့...ဒကာမ၊ ငါ့ကိုမထိနဲ့၊ မထိနဲ့၊ နင့်ကိစ္စမဟုတ်ဘူး၊ နင့်ဘာသာနင်နေ"ဟု ခပ်ထန်ထန်ပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်သောကြောင့် ဒကာမလေးအဖို့ ဆရာတော့်အနီးသို့ မသီဝံ့ဘဲ ကြီးစွာသော နောင်တကြောင့် အသံထွက်၍ပင် ငိုရှိုက်ရင်း ဆရာတော်ကို ဦးခိုက်သည်။ ထို့နောက်တွင်မူ ငိုရှိုက်ရင်းနှင့်ပင် နောက်ဆုတ်ကန်တော့ရင်း ကျောင်းပေါ်မှ ဆင်းသွားသည်။

အကြောင်းသော်ကား–ထိုအချိန်၌ မိုးစင်စင်လင်းခဲ့ချေပြီ။

[ ၄ ]

“ပညာလွန်သော် ကွန့်သည်။ ဝီရိယလွန်သော် ဆွန့်သည်။ သဒ္ဓါလွန်သော် လွန့်သည်”ဟူသော စကားတစ်ရပ်ရှိ၏။ သာသနာတော်တွင် ထက်သန်လှသော သာလွန်မင်းတရားသည်ကား သဒ္ဓါလွန်သူတည်း။

သာလွန်မင်းတရားသည် အကျင့်သိက္ခာတွင်လည်းကောင်း၊ ပညာတွင် လည်းကောင်း ထူးချွန်ကျော်ကြားလှသော သူ့ဆရာတော်ကို ကြည်ညိုကိုးကွယ်ရုံမျှဖြင့် မကျေနပ်နိုင်၊ ရဟန္တာတစ်ဆူမျှ အထင်ရောက်၍ ရဟန္တာဟုတ်၏၊ မဟုတ်၏။ ကိလေသာ အာသဝေါ ကုန်၏၊ မကုန်၏ကိုလည်း သိလိုတော်မူသည်။ သို့ဖြစ်၍ နန်းတွင်းသူ ရှင်ငြိမ်းဖြင့် ဖြားယောင်းဆွဲဆောင်ကြည့်စေသော အကြံထူး၊ စီမံချက်ကို အထူးစီမံခဲ့သည်။

ရှင်ငြိမ်းမှာ ရုပ်ရည်တွင် လည်းကောင်း၊ အရွယ်အားဖြင့် လည်းကောင်း၊ ပရိယာယ်ကြွယ်ဝမှုတွင်လည်းကောင်း ပြည့်စုံသူဖြစ်၍ အထူးတလည် ရွေးချယ်ကာ စနစ်တကျ သင်ကြားစေလွှတ်လိုက်သူဖြစ်သည်။ ရဟန္တာဖြစ်လျှင်လည်း ပို၍ ကြည်ညိုရမည်။ ရဟန္တာမဟုတ်၍ ဈာန်လျှောလာသည်ဆိုလျှင်လည်း မင်းကြီးသက်တော်ရှည် သူကောင်းပညာရှိကြီးအဖြစ် ကိုးကွယ်အသုံးပြုနိုင်မည်။ မည်သို့မျှ အရှုံးမရှိသောနည်းဟု သာလွန်မင်းတရား တွက်ဆ စီမံခဲ့ခြင်းဖြစ်ပေသည်။

သို့ရာတွင် ရှင်ငြိမ်းပြန်ရောက်လာ၍ ထိုညက အဖြစ်သနစ် အကျိုးအကြောင်းကို မျက်ရည်စက်လက်ဖြင့် လျှောက်ထား အစီရင်ခံသောအခါ သာလွန်မင်းတရားအဖို့ ရဟန္တာလော၊ သာမန်လောဟု မဝေနိုင်, မခွဲနိုင်ဖြစ်ရသည်။ အမိန့်ကို ကြောက်ရွံ့လေးစားရသည်ဆိုစေ၊ ဆိတ်ကွယ်ရာတွင် သက်သေအထူးမရှိသောကြောင့် မိန်းမဟူသည် ဝေ့လည်ပြောဆိုတတ်သည်ဟုလည်း ဘုရင်မင်းမြတ် သံသယရှိတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကိုယ်တော်တိုင် စုံစမ်းတော့အံ့ဟု ဆရာတော်သီတင်းသုံးသည့် တောင်ဖီလာတောရသို့ ထွက်ကြွရန် အစီအစဉ်လုပ်သည်။ ထွက်ကြွရာ၌ စိတ်ကူး တစ်ရပ် ရှိနေသောကြောင့် တောင်ခြေရေကန်တွင် ဆရာတော်အား ဖူးတွေ့မည်ဟု အမိန့်ရှိကာ ရေကန်အနီးတွင် ယာယီတဲနန်းကို ထိုးစေသည်။ သို့ဖြစ်၍ ထိုနေ့က တောင်ဖီလာသို့ ဘုရင်ထွက်ကြွလာသောအခါ ဆရာတော်သည် တဲနန်းခေါင်းရင်း ဘက်တွင် ထိုင်ရင်း ဓားမောက်ကလေးဖြင့် တံပူသပ်လျက်ရှိသည်ကို အဆင်သင့် ဖူးတွေ့ရ၏။

ဘုရင်သည် ထိုညက အကြောင်းရပ်များကို တစ်စုံတစ်ရာ မသိလေဟန်ဖြင့် စကားမျှ မစပ်စေဘဲ ဥတုသပ္ပာယ၊ ဘောဇနေသပ္ပာယ မျှ၊မမျှ စသော အခြား အကြောင်းရပ်များကိုသာ ပဋိသန္ထာရစကားအဖြစ် လျှောက်ထားသည်။ ဆရာတော် ၏ ခြေသလုံးတွင် သင်္ကန်းစဖြင့် ပတ်စည်းထားသောအနာကို မြင်သော်လည်း မမြင်ဟန်ဖြင့်နေသည်။

ထို့နောက် မိမိလှူဒါန်းပြုပြင်ထားအပ်သော ရေကန်သည် ယနေ့အချိန်၌ ကြာ မျိုးငါးပါးနှင့်တကွ သစ်ပင်ပန်းမန်တို့ဖြင့် သာသာယာယာရှိလောက်ပြီ၊ အနီးကပ် ရှုကြည့်လိုသည်။ ဆရာတော်လည်း အတူကြွပါဟု လျှောက်ထားသဖြင့် ရေကန် အုတ်ရိုးဆီသို့ ဘုရင်နှင့်အတူ ထွက်ကြွခဲ့ရသည်။ ဆရာတော်လက်တွင် သပ်လက်စ တံပူချောင်းကလေးနှင့်အတူ ဓားမောက်ကိုလည်း ကိုင်စွဲလျက် ပါလာသည်။

ကန်ပေါင်ရိုးသို့ ရောက်သောအခါ ဘုရင်က "ရေကန်က အတော့်ကို သာယာ ပြည့်စုံလာပြီ။ ဤရေကန်ကိုမြင်လျှင် တောသူ တောင်သား နွားကျောင်းသားတို့ ချိုးချင်၊ သောက်ချင်၊ ပျော်မြူးချင်ကြပေလိမ့်မည်။ သို့ဖြစ်၍ ဆရာတော်အတွက် သန့်သန့်အသုံးပြုနိုင်ရန် ရေကန်စောင့်ထားဖို့ လိုပေလိမ့်မည်"ဟု မိန့်ကြားသည်။

"ရေကန်ဟူသည် သတ္တဝါတို့ ချိုးရန် သောက်ရန် လှူဒါန်းခြင်းမဟုတ်ပါလား၊ အစောင့်ထားဖို့ မလိုပါ"ဟု ဆရာတော်က ပြန်လည်မိန့်ကြားသည်။

"ရေကန်ဆိုလို့ ရေကန်နဲ့ပတ်သက်ပြီး ဆရာတော်အား ပြဿနာတစ်ရပ် မေးလျှောက်လိုစိတ် ပေါ်လာပါသည်။ ခွင့်ပြုတော်မူပါ ဆရာတော်"

"မေးစရာရှိလျှင် မေးပါ၊ ဖြေကြားနိုင်လျှင် ဖြေရမှာပေါ့"

"ခရီးသွားတစ်ယောက်ဟာ အလွန်ဝေးလံတဲ့ခရီးကို နေပူစပ်ခါးထဲမှာ သွားရ လို့ အလွန်ပင်ပန်းနေပါတယ်။ ဘယ်နေရာမှမတွေ့လို့ ရေကလေးတစ်ပေါက်မှ

www.burmeseclassic.com



မသောက်ရပါ။ အဲဒီခရီးသွားဟာ အခုလို ကြာမျိုးငါးပါးနဲ့ အင်မတန် သာယာကြည်လင်တဲ့ ရေကန်ကြီးကို မမျှော်လင့်ဘဲ ဘွားခနဲ တွေ့လိုက်ရလို့ရှိရင် မသောက်ဘဲ မချိုးဘဲ နေနိုင်ပါ့မလား ဆရာတော်"

"နေနိုင်သည် ဒကာတော်၊ အဘယ့်ကြောင့်ဆိုသော် ထိုခရီးသွားသည် ပညာရှိတည်း။ သတ္တိရှိသူတည်း။ ထို့ကြောင့် ထိုရေကန်သည် အဆိပ်ဖြင့် ပြည့်သလော။ အန္တရာယ်ရှိသလော စုံစမ်းရပေဦးမည်။ ရေကန်ကို စူးစမ်းပြီးမှ ချဉ်းကပ်သော ဘုရားရှင်၏ ဒေဝဓမ္မဇာတ်တော်လည်း အထင်အရှားရှိပေသည် ဒကာတော်"

ဤနေရာတွင်မှ ဘုရင်သည် အဘယ်သို့ရည်ရွယ်၍ လျှောက်ထားနေသည်ကို ဆရာတော် ရိပ်မိပေပြီ။ ဟိုညက ရှင်ငြိမ်းဆိုသော ဒကာမလေးကို ဆရာတော် သတိရလိုက်သည်။ ရှင်ငြိမ်းဆိုသော ဒကာမသည် ဤအနီးရွာ၌ မရှိသည်ကို ကပ္ပိယဒကာကြီးမှတစ်ဆင့် ဆရာတော် စုံစမ်းသိရပြီးခဲ့ပြီ။ ထို့ပြင် ဒကာမလေး၏ သွင်ပြင် ရုပ်ရည် အမူအရာတို့မှာလည်း တောတွင်းသူ မဟုတ်နိုင်သည်ကို ဆရာတော် စဉ်းစားမိခဲ့ပြီ။ ကေန္တ မိမိအား သီလစမ်းသော ဘုရင်မင်းမြတ်၏ လက်ချက်ဟု ဆရာတော် နားလည်ပြီးခဲ့ပေပြီ။

"စကားအဖြစ်တော့ လှပချောမောပါ၏။ သို့ရာတွင် ကာယကံမြောက်မှာမူ မချိုးမသုံးဘဲ နေနိုင်လိမ့်မည် မဟုတ်ပါ"

"မိမိ၏ အန္တရာယ်ကိုသိသော သံသရာခရီးသည်အဖို့ နေနိုင်ပေသည် ဒကာတော်"

"နေနိုင်ခဲ့သည်ပဲ ထားပါတော့ ဆရာတော်။ သို့သော် လူသူကင်းဆိတ်သော တောကြီးအလယ်တွင် ရေကန်ကို မသုံး မချိုးခဲ့ပါဘူးလို့ အဘယ်သက်သေဖြင့် ခိုင်မာအောင် ပြောနိုင်ပါမည်နည်း"

"မှန်ပေသည် ဒကာတော်။ သူ့မှာ သက်သေမရှိ၊ သက်သေမရှိ၍ ယုံကြည်အောင် သက်သေပြဖို့တော့ ခက်သည်။ သို့သော် လူသက်သေမရှိသော်လည်း ဟောသည် ဓားမောက်သက်သေကား ရှိပေသည်။ ခရီးသည်၏ သီလစင်ကြယ်သည် မစင်ကြယ်သည်ကို ဤဓားမောက်ကပင် သက်သေခံနိုင်ကောင်းစရာရှိပါ၏။ ဒကာတော် ရှုလော့"

စကားအဆုံး၌ ဆရာတော်သည် လက်ထဲမှ ဓားမောက်ကို ရေကန်တွင်းသို့ ပစ်ချလိုက်ရာ ဓားမောက်သည် ရေတွင်မြုပ်မသွားဘဲ ငါးကဲ့သို့ တလန်းလန်း

www.burmeseclassic.com

www.burmeseclassic.com



တထောင်ထောင်ဖြင့် ရေကန်တစ်ဖက်ကမ်းသို့ ကူးသွားသည်ကို ဘုရင်နှင့်တကွ မှူးကြီးမတ်ရာ သေနာပတိအားလုံးပင် မြင်တွေ့ကြရသဖြင့် မဖြစ်ဖူးမြဲ ထူးကဲလှ ပေစွဟု ရင်သပ်ရှုမော အံ့သြကုန်ကြသည်။

ထို့နောက်တွင်မူ ဘုရင်သည် ဆရာတော်၏မျက်နှာတော်ကို ရွှန်းရွှန်းစားစား ဖူးမြော်၍ ခြေတော်စုံကို ဦးခိုက်ကာ "တပည့်တော် မှားမိပါပြီဘုရား။ ဆရာတော်၏ သီလသိက္ခာကို ယုံမှား၍ မဟုတ်ပါ၊ ကြည်ညိုလွန်း၍ အကြံထူးကို ကြံခဲ့ စံမံခဲ့မိပါသည်။ သည်းခံတော်မူပါဘုရား"ဟု လျှောက်ထားလိုက်သောအခါ မှူးကြီးမတ်ရာ အားလုံးတို့လည်း ကန်ပေါင်တစ်လျှောက်တွင် ပြားပြားဝပ်၍ ရှိခိုးကြသည်။

"သည်းခံပါ၏။ သည်းခံပါ၏။ မိမိအပြစ်ကို အပြစ်ဟုသိ၍ တောင်းပန်လျှင် သူတော်ကောင်းဖြစ်တော့သည်။ ထိုအပြစ်ကို နောင်တွင် မကျူးလွန်မိအောင် ဆင်ခြင် လျှင် ပညာရှိဖြစ်တော့သည်။ သာဓု...သာဓု ဒကာတော်"ဟု ဆရာတော်က မိန့် ကြားသည်။

အကျင့်သိက္ခာဂုဏ်၊ ပညာဂုဏ်ကြောင့် ငယ်စဉ်က ပဋ္ဌင်းကျော်၊ ကြီးလာလျှင် တိပိဋကအကျော်၊ မဟာတိပိဋကအကျော်၊ တောထွက်လျှင် တောင်ဖီလာအကျော် ဟု အကျော်တွင် အကျော်ဆင့်၍ ကျော်ကြားခဲ့သော ဆရာတော်အဖို့ ယခုသော် "ဓားမကူး(ဓားမောက်ကူး)ဆရာတော်"ဟူသော အကျော်တစ်ရပ် ထပ်ဆင့်ကာ တိုးပွားလာပြန်တော့သတည်း။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# သူတော်ချင်းချင်း

[ ၁ ]

ယနေ့ ညီလာခံတွင် မင်းဘူး ရွှေစက်တော်သို့ ဘုရားဖူးကြွရောက်လိုပါသည် ဟူသော နန်းဦးဆရာတော်ဘုရားထံမှ သွင်းစာကို ကြားနာရသောအခါ ဘုရင်မင်း မြတ်သည် အလွန်ပင် ဝမ်းမြောက်တော်မူ၏။ ထို့ကြောင့် ဆရာတော် ဘုရားဖူးကြွ ရန်အတွက် ဘုရင့်လက်သုံးတော် လှေကြီးတစ်စင်းကို လိုလေသေးမရှိရအောင် တခမ်းတနား ပြင်ဆင်စေရုံမက ဆရာတော်လိုအပ်သမျှကိုလည်း ဆောင်ရွက်ပေး စေဟု သက်ဆိုင်ရာ ဝန်သို့ အမိန့်ချမှတ်ပေးလိုက်သည်။

ဆရာတော်ကား ငါ ပြည်မြို့ကိုသိမ်းပိုက်ရာ၌ ရှင်တစ်ဆူ၊ လူတစ်ယောက်သာ ရသည်ဟု ရာဇဝင်တွင်လောက်အောင် မှတ်ချက်အပြုခံရသော ရှင်မုနိန္ဒဃောသ ခေါ် ပထမတံဆိပ်၊ တိပိဋကာလင်္ကာရ ခေါ် ဒုတိယတံဆိပ်၊ မဟာတိပိဋကာ လင်္ကာရ ခေါ်၊ နောင်အခါ၌ တောင်ဖီလာဆရာတော် ခေါ်၊ ထို့နောက် ဓားမကျူး ဆရာတော် ခေါ် ရှင်ဥပါလိမထေရ်ဖြစ်၍ ဘုရင်ကား–သာသနာတော်အရေး၊ နိုင်ငံ အရေး၌ ထူးခြားစွာ စိမ်အုပ်ချုပ်ခဲ့သူ အင်းဝဘုရင် သာလွန်မင်းတရား ဖြစ်ပေသည်။

ဘုရင်၏အမြင်တွင် ဆရာတော်သည် ငယ်စဉ်အရွယ်က စာပေပညာကို စွန်း လွန်းတမံ သင်ကြားတတ်မြောက်ခဲ့ရုံမက သက်ရွယ်ကြီးရင့်တော်မူလာသည့်အခါ တွင်လည်း သာသနာတော်အရေး၊ တပည့်တပန်းတို့အား ပညာသင်ကြားရေးတွင် ဝါယမစိုက်လွန်းတော်မူလှသည်။ သာသနာတော်ကျမ်း၊ လောကီကျမ်း အမြောက် အမြားကို ပြုစုတော်မူရုံမက အကြောင်းဆိုက်သည့်အခါတိုင်း မိမိက မေးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြေကြားတော်မူသည့် အဖြေလွှာများသည်ပင် တစ်ကျမ်းတစ်ဖွဲ့စာမျှ ရှိနေပေပြီ။ သို့ဖြစ်၍ ယခုကဲ့သို့ သက်ရွယ်ကြီးရင့်လာသောအချိန်၌ ဆရာတော်အား သက်သောင့်သက်သာ နေစေလိုသည်။ ခြေညောင်းလက်ဆန့် ဆိုသကဲ့သို့ သင့်လျော်ရာ ထိုထိုအရပ်များသို့ ခရီးခထင်း ထွက်စေလိုသည်။

အခြားကိစ္စများထက် နိုင်ငံတော်အတွင်း၌ ယခုကဲ့သို့ ဆရာတော် ခရီးထွက်မည်ဆိုလျှင် ပို၍နှစ်ခြိုက်မည်ဖြစ်သည်။ အကြောင်းမှာ ဆရာတော်သွားလေရာ တိုင်းသူပြည်သားတို့က သာသနာရေးကိစ္စများကို ဝမ်းမြောက်ဝမ်းသာ ဆောင်ရွက်ကြမည်ဖြစ်၍ တိုင်းကား ပြည်ရွာ သာယာရေးကိုလည်း အလိုအလျောက် ဆောင်ရွက်ရာရောက်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဆရာတော် ဘုရားဖူးကြွမည်ဆိုသော ကိစ္စကို လိုသည်မရှိ တခမ်းတနား ကြွနိုင်အောင် အမိန့်ချမှတ်ပေးလိုက်ခြင်း ဖြစ်သည်။

ဆရာတော်၏ အလိုအားဖြင့်မူ ဤလောက၌ ဆရာတော်အလိုရှိသော အရာမှာ ပညာ(သင်ကြားမှုပရိယတ်)နှင့် မိမိကိုယ်ရေးကိုယ်တာအတွက် ကျင့်ဝတ်ပဋိပတ် ဖြည့်ဆည်းလိုမှုတို့သာ ဖြစ်သည်။ ပညာသင်ကြားမှုအတွက် ငယ်ရွယ်စဉ်က စွမ်းအားရှိသမျှ ကြိုးစားခဲ့သည်။ ပညာသင်ကြားရင်းဖြင့် ကျင့်ဝတ်ပဋိပတ်ကိုလည်း မလစ်ဟင်းစေရအောင် ဂရုစိုက်သည်။ ကျင့်ဝတ်ကို သတိရတိုင်း ကျင့်ဝတ်အတွက် အကောင်းဆုံးနေရာဖြစ်သော တောတောင်ကို သတိရသည်။

ထို့ကြောင့် တောကိုချစ်သော အလောင်းတော် ဝေဿန္တရာမင်းကို ငယ်စဉ်က ပင် တောကိုရည်မှန်း၍ ပြုစုရေးသားခဲ့သည်။ ဝေဿန္တရာမင်းကို ပြုစုရင်းဖြင့် တောအုပ်စိုစို မြိုင်ညိုအခန်းခန်း တောင်တန်းတောင်စွယ် အသွယ်သွယ်တို့ဖြင့် သူတော်ကောင်းတို့ နေချင့်စဖွယ်ကောင်းလှသည်ဆိုသော မင်းဘူး ရွှေစက်တော် တစ်ဝိုက်ကို ငယ်စဉ်ကပင် အာရုံကပ်ခဲ့သည်။

သို့ရာတွင် မငြိမ်သက်လှသော မြန်မာ့နိုင်ငံရေး ဂယက်တွင် ဆရာတော်သည်လည်း တည်တည်ငြိမ်ငြိမ် မရှိခဲ့ရ။ စလင်းဇာတိဖြစ်သော်လည်း တောင်ငူသို့ ရောက်ခဲ့ရသည်။ ထို့နောက် ပြည်သို့ ကူးရပြန်သည်။ ပြည်မှတစ်ဆင့် ယခု စစ်ကိုင်းသို့ ရောက်လာမှ ဘဝတည်ငြိမ်မှု ရလာခဲ့ရသည်။

အကျင့်သိက္ခာအတွက် ပညာသင်ခဲ့သည် မှန်ပါ၏။ သို့ရာတွင် ပညာအတန် ပြည့်စုံလာသောအခါ ဘယ်လိုကဘယ်လို ပေါ်ပေါက်လာသည်မသိ၊ ကဗျာဖွဲ့လို

www.burmeseclassic.com

www.burmeseclassic.com



သည့်ဆန္ဒနှင့် စာပေကျမ်းဂန် ပြုစုလိုသည့်ဆန္ဒက ပေါ်ပေါက်လာပြန်သည်။ ပေါ်ပေါက်လာသည့်အလျောက် ကဗျာမျိုးစုံကို ပြုစုသည်။ သာသနာတော်အတွက် သာသနာရေးဆိုင်ရာ ကျမ်းဂန်အမျိုးမျိုးကို ပြုစုရင်း တစ်ဖက်တွင် မကင်းရာမကင်းကြောင်း လောကီကျမ်းအချို့ကိုလည်း ပြုစုရသေးသည်။

ယင်းသို့ စာပေပြုစုမှုဘက်သို့ အာရုံစိုက်မိလာသောအခါ ရေးသားရင်း ပြုစုရင်း၊ ရှာဖွေရင်းနှင့်ပင် မဆုံးနိုင်အောင် ကျယ်ပြန့်လှသော စာပေနယ်ကြီးကို တွေ့ရှိလာရသည်။ ထို့ကြောင့် ပြုစုရင်း ရှာဖွေ၊ ရှာဖွေရင်း ပြုစုနှင့် စာပေသံသရာတွင် ကျင်လည်ခဲ့ရာမှ စာသမားအချင်းချင်းသာ သိနားလည်တတ်သော စာပေလက်ရာကောင်း အရှင်တစ်ပါး၏ ထူးခြားသောစာများကို တွေ့လာရသည်။ ထိုအရှင်ကား ပခန်းကြီးမြို့၊ ရွှေဥမင်တောရမှ အရှင်ဇမ္ဗုဓဇပင် ဖြစ်၏။

ထိုအရှင်၏ လက်ရာများသည် သိုသိပ်လှ၏။ တိကျလှ၏။ ရှင်းလင်းလှ၏။ ရေးသည့်အကြောင်းအရာတစ်ရပ်ကို အပိုမပါ လိုရင်းကို စူးခနဲ ရှင်းခနဲ ရေးတတ်မှုဆိုသည်မှာ စာရေးမှုတွင် ထူးခြားသော အရည်အသွေးတစ်ရပ်ဖြစ်၏။ ရွှေဥမင်၏ လက်ရာများသည် ယင်းအရည်အသွေးနှင့် ပြည့်စုံလှ၏။ ယင်းအရည်အသွေးမျိုးကို စာသမားတစ်ဦးဖြစ်သော တိပိဋက ဆရာတော်က အထူးနှစ်ခြိုက်သည်။ ကြည်ညိုသည်။ လေးစားသည်။

စာသမားတစ်ဦးကို နှစ်ခြိုက် ကြည်ညိုလာပြီဆိုသောအခါ ထိုစာသမားအား တွေ့မြင်လိုခြင်း၊ ဆွေးနွေးဆည်းကပ်လိုခြင်းမှာ စာသမားတို့၏ ထူးခြားသော ဆန္ဒတစ်ရပ်ဖြစ်ပေသည်။

ရွှေဥမင်၏စာများကို လေ့လာမိသည့်အချိန်မှစ၍ ရွှေဥမင်ဆရာတော်အား ရင်းနှီးဖူးတွေ့လိုသည့်ဆန္ဒ ဖြစ်ပေါ်နေခဲ့သည်မှာ ကြာခဲ့ပြီဖြစ်၏။ သို့ရာတွင် မပြီးမပြတ်နိုင်သော ကိစ္စအရပ်ရပ်တို့ကြောင့် ဆန္ဒကို မျိုသိပ်ထားခဲ့ရသည်။ ယင်းသို့ မျိုသိပ်ရင်းနှင့်ပင် အရွယ်တော်ခြောက်ဆယ်ပိုင်းသို့ ရောက်လာခဲ့ပေပြီ။

ရွှေဥမင်အကြောင်းကို လက်လှမ်းမီသမျှ စုံစမ်းလိုက်သောအခါ ငယ်စဉ်မှစ၍ မိမိကဲ့သို့ပင် ပညာပိုင်းဆိုင်ရာတွင် ထက်ထက်မြက်မြက် ပုဂ္ဂိုလ်တစ်ပါးဖြစ်သည်။ သို့ရာတွင် မိမိကဲ့သို့ မင်းအပူဇော်ကိုမခံ၊ ပူဇော်ခံရမှုမှန်သမျှတို့နှင့် ကင်းဝေးအောင် နေပြီး ပခန်းကြီးမြို့၏ သာသနာဝင်တွင် ကျော်ကြားသော ရွှေဥမင်တောရ၌ တစ်ပါးတည်း နေတော်မူသည်ဟု ကြားသိရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု မင်းဘူးရွှေစက်တော်သို့ ဘုရားဖူးသွားမည်ဆိုရာ၌ ဘုရားဖူးလိုခြင်း မင်းဘူး၏ ကျော်ကြားသောတောကို ချဉ်းကပ်လိုခြင်းသည် တိပိဋက ဆရာတော်၏ ပထမအခြေခံအကြောင်းရင်းဖြစ်၍ မင်းဘူးမှအပြန်တွင် ရွှေဥမင်သို့ဝင်လိုခြင်းမှာ ဒုတိယအခြေခံအကြောင်းဖြစ်၏။ သို့ရာတွင် မိမိမှာ ကြီးမားသောမင်းဆရာဖြစ်၍ နေလေရာ ကြီးမားသောသူတို့မည်သည် သေးငယ်သော အကြောင်းရပ်တစ်ခုအပေါ် တွင် မည်မျှပင် ဆန္ဒရှိ၍နေစေကာမူ ထုတ်ဖော်လေ့မရှိသည့်အတိုင်း ယခု ရွှေစက် တော်သို့ သွားရာ၌ ဒုတိယအကြောင်းကို ထုတ်ဖော်၍မပြော။

သို့နှင့် တပည့်သံဃာများစွာ၊ လှေလှော်သားနှင့် တပည့်ဒကာ အသိုင်းအဝိုင်း များစွာ ပါဝင်သော နန်းဦးဆရာတော်၏ ဘုရင့်လှေတော်ကြီးသည် အင်းဝဆိပ်ကမ်း မှ ခမ်းနားစွာထွက်၏။ ဆွမ်း,ကွမ်းကိစ္စမှစ၍ အစစအရာရာ လိုသည်မရှိစေရအောင် လှေတော်တွင် အပြည့်အစုံပါသော်လည်း မြစ်ရိုးတစ်လျှောက် ရောက်လေရာ မြို့ ရွာများမှ ဒကာ,ဒကာမများ၏ လှူဒါန်းမှုကြောင့် ရွှေစက်တော်ဘုရားဖူးမှ ပြန်သည် အထိ အလျှံပင်ဖြစ်၍နေသည်။ အပြန်ခရီးတွင်မှ ဆရာတော်၏ အမိန့်စကားအရ ရောဝတီမှ ခွဲထွက်စေကာ ချင်းတွင်းမြစ်ကိုဆန်၍ ပခန်းသို့ ဝင်စေသည်။

[ ၂ ]

ပခန်းသည် သာသနာတော်ထွန်းကားရာ ဒေသတစ်ခုဖြစ်ပေရာ ဘုရင်မင်းမြတ် ၏ နန်းဦးဆရာတော် ကြွလာသည်ဆိုသောအခါ ဂရုစိုက်မှုမျိုးစုံဖြင့် ရုတ်ရုတ် သဲသဲ လှုပ်ရှားပူဇော်ကြသည်။ ကိစ္စအဝဝ အရှိန်သေသည့်အချိန်လောက်တွင်မှ ဆရာတော်က ရောက်သည်ခိုက်တွင် ရွှေဥမင်တောရသို့လည်း ကြွရောက်လိုသည် ဟု မိန့်သဖြင့် ပခန်းသံဃာနှင့် ဒါယကာ,ဒါယိကာမများက ညနေပိုင်းတစ်ချိန်တွင် အသိုင်းအဝိုင်းများစွာဖြင့် တောရဆီသို့ ပို့သည်။

မြို့နှင့်အလှမ်းဝေးရာ တောရဟုဆိုသော်လည်း တောရသို့ရောက်သောအခါ ရွှေဥမင်ဆိုသည့်အတိုင်း တရားရှင်တို့ တရားအားထုတ်ရာ အုတ်ဂူအရပ်ရပ်နှင့် ခိုင်ခံ့သော ဘုရားကျောင်းများကို တွေ့ရသည်။ ဂူများအလွန်တွင်မှ ရွှေဥမင် ဆရာတော်၏ တဲကျောင်းကလေးကို တွေ့ရ၏။

ဤလိုနေရာမျိုးသို့ တပည့်တပန်း အသိုင်းအဝိုင်းနှင့် ခမ်းခမ်းနားနားသွားရ သည်မှာ ရက်ဖွယ်ကောင်းသည်ဟု ဆရာတော် စဉ်းစား၏။ ထို့ကြောင့် နောက်ပါ

www.burmeseclassic.com

www.burmeseclassic.com



အသိုင်းအဝိုင်းများကို ခပ်လှမ်းလှမ်းတစ်နေရာတွင်ထားခဲ့ကာ တပည့်ရဟန်း တစ်ပါး နှစ်ပါးမျှဖြင့်သာ တောရကျောင်းကလေးဆီသို့ ကြွသည်။ ဒကာတစ်ဦးက ဆရာတော်ကြွလာသည်ကို ကျောင်းကလေးဆီသို့ ဦးစွာသွား၍ လျှောက်ထားသည်။

ကျောင်းကလေးအနီးသို့ ရောက်သောအခါ ရွှေဥမင်ဆရာတော်ကိုယ်တိုင် ထွက်၍ ကြိုဆိုနေသည်ကို တွေ့ရ၏။ တွေ့လိုက်လျှင်ပင် စာသမားတစ်ဦးဆိုသည်ကို အပထားဦး၍ တရားလုပ်ငန်းကို ဖိဖိစီးစီးလုပ်လျက်ရှိသော တရားရှင်တစ်ဦး၏ အချိုးကျလှသောအသွင်ကို သတိပြုလိုက်မိ၏။

စာသမားသည် ရိုးသားသည့်အသွင်သာ ရှိတတ်သည်။ တရားသမားကမူ မျက်နှာကိုယ်လက် အမူအရာမှစ၍ လောဘ ဒေါသ အစိုးအငွေ့တို့ ကင်းရှင်းသေသပ်၍ အေးငြိမ်းသည့်အသွင် ပေါ်နေတတ်သည်။

ရွှေဥမင်ဆရာတော်က မင်းဆရာတော်အား ဝမ်းသာအယ်လဲဖြင့် အရိုအသေပြုမည် ရှိသောအခါ မင်းဆရာတော်က မိမိနှင့် သက်တူရွယ်တူမျှ ရှိနေသဖြင့် ရဟန်းတို့ ထုံးတမ်းအတိုင်း အသက်သိက္ခာကို မေးမြန်းလိုက်သောအခါ အံ့ဖွယ်ရာ မိမိနှင့် သက်တူဝါတူအချိန်တူမျှ ဖြစ်နေသဖြင့် အရိုအသေပြုမှုကို တားမြစ်ပြီး ကျောင်းကလေးဆီသို့ အတူကြွကြသည်။

ကျောင်းကလေးသို့ ကြွကြရာတွင် သက်တူ,ဝါတူများဖြစ်သောကြောင့် တစ်ပါးနှင့်တစ်ပါး လေးစားသောအားဖြင့်လည်းကောင်း၊ ဝိနည်းသိက္ခာပုဒ်ကို အရေးထားသောအားဖြင့်လည်းကောင်း၊ "မင်းဆရာရှေ့က ကြွတော်မူပါ"ဟု ရွှေဥမင်ဆရာတော်က ဦးစားပေး လျှောက်ထားသည်။

"တပည့်တော်က မင်းဆရာဖြစ်သော်လည်း အရှင်ဘုရားက စာပေဂုဏ်ကြီးသူဖြစ်ပါသည်။ အရှင်ဘုရားကသာ ရှေ့ကကြွတော်မူပါ"ဟု ပြန်လည်လျှောက်ထားသောအခါ "မင်းဆရာမို့ ရှေ့ကကြွခိုင်းခြင်း မဟုတ်ပါ။ တပည့်တော်က အိမ်သည်ဖြစ်၍ အရှင်ဘုရားက ဧည့်သည်ဖြစ်ပါ၏၊ ဧည့်သည်ကို ဦးစားပေးရမည့် ဝတ္တရားအတိုင်း ရှေ့ကကြွဖို့ လျှောက်ထားခြင်းဖြစ်ပါသည်"ဟု မိန့်လိုက်သောအခါ သူတော်အချင်းချင်း၊ ပညာရှိအချင်းချင်းတွင် ရှင်မြူးဖွယ် လှုပ်ရှားမှုကလေးတစ်ရပ်ဖြစ်လာသောကြောင့် မင်းဆရာတော်က ရွှေဥမင်ဆရာတော်အား ပြုံးရွှင်စွာကြည့်လိုက်ရင်း ရှေ့ကထွက်ကြွလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကလေးခြေရင်းသို့ ရောက်သောအခါ တောရဆရာ၏ ကပ္ပိယဒကာဖြစ်ဟန်တူသော လူသူတော်ကြီးတစ်ယောက်က မင်းဆရာအား ဆီး၍ကန်တော့၏။

ကျောင်းကလေးပေါ်တွင် အစုလိုက် အပြန့်လိုက်ရှိနေသော ပေပုရပိုက်များမှအပ မည်သည့်ပစ္စည်းမှ မတွေ့ရ။ အိပ်ရာနေရာဟူပင် မတွေ့ရသဖြင့် တကယ့်တရားရှင် စာပေအရှင်ပါတကားဟု မင်းဆရာ ပီတိဖြစ်သည်။

ကျောင်းကလေး ခေါင်းရင်းပိုင်းသို့ ရောက်သောအခါ မင်းဆရာ သီတင်းသုံးရန်အတွက် တောရဆရာက မိမိပခုံးထက်မှ သင်္ကန်းကိုယူ၍ ခင်းပေးသည်။ မင်းဆရာက ထိုသင်္ကန်းကို ရုတ်ဖယ်၍ ကြမ်းပေါ်တွင်ပင် ထိုင်သည်။ ထို့နောက် အင်းဝသာသနာတော်အရေးနှင့် ကျန်းမာရေး၊ သပ္ပာယမျှတရေး ပဋိသန္ထာရစကားမိန့်ကြားကြသည်။

မင်းဆရာက "တောရဆရာတစ်ပါးတည်း နေပါသလား"ဟု မေးလျှောက်သည်။

"အလုပ်အကျွေး ကပ္ပိယဒကာကြီး တစ်ယောက်နဲ့ပါ"

"တောရဆိုသော်လည်း နေသည့်နေရာက ခေါင်လွန်း ဝေးလွန်းလှသည်။ မကြောက်ဘူးလား ဘုရား"

"မှန်လှပါ၊ ကြောက်၍သာ ဤသို့နေရပါသည် ဘုရား"

မင်းဆရာ စကားရပ်သွားသည်။ တောရဆရာ၏စကားကို ကြည်ညိုလှလွန်း၍ တောရဆရာ၏ မျက်နှာဆီသို့ တစ်ချက်မျှ ဖျတ်ခနဲကြည့်လိုက်မိသည်။ တောရဆရာက အောက်သို့စိုက်၍ မျက်လွှာချထားသည်ကိုသာ တွေ့ရ၏။

မိမိက သားရဲတိရစ္ဆာန်ကို မကြောက်ဘူးလားဟု လောကစကားဖြင့် မေးမိသည်ကို တောရဆရာက သံသရာကိုကြောက်၍ ဤသို့နေပါသည်ဟု ဓမ္မစကားဖြင့် တုံ့ပြန်သည်။ ထိုစကားသည် မိမိအား ဓမ္မသံဝေဂအတိဖြစ်စေပြီး မိမိမှာ သံသရာကိုမကြောက်သူအဖြစ် ရှက်လွန်းလှ၍ ငြိမ်သွားရသည်။

"တောရဆရာတော်၏ ကျမ်းစာများကို ဖတ်ရပါသည်။ အလွန်တရာ လက်ရာကောင်းလွန်းသဖြင့် ချီးကျူးရပါသည်ဘုရား"ဟု အတန်ကြာမှ စကားဆက်သည်။

"မှန်လှပါ။ တပည့်တော်အား ဤသို့ ချီးမြှောက်စကား မိန့်ကြားသည့်အတွက် ဝမ်းမြောက်လှပါသည်။ တပည့်တော်၏ စာပေများ အင်းဝနေပြည်တော်အထိ ပျံ့နှံ့ကြောင်း သိရ၍လည်း ဝမ်းမြောက်လှပါသည်။ မင်းဆရာတော်နှင့် ယခုမှပင်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြရသော်လည်း မင်းဆရာတော်၏ သာသနာရေး၊ ပညာရေးဆိုင်ရာ ကောင်းသတင်းများကို မပြတ် ကြားသိနေရသည့်အတွက် ဝမ်းမြောက်လှပါသည်ဘုရား”

“တရားအလုပ်ကတစ်ဖက်၊ စာအလုပ်က တစ်ဖက်ဆိုတော့ အားလပ်ချိန်ရယ်လို့ မရှိတော့ဘူးထင်ပါရဲ့”

“မှန်လှပါ။ လူ့ဘဝဆိုတာ အင်မတန် အချိန်နည်းလွန်းလှပါတယ်။ ဒါကြောင့်မို့ အားလပ်ချိန်ရယ်လို့ မရှိစကောင်းဘူး ထင်မိပါတယ်။ အားလပ်ချိန်ရယ်လို့ထားလိုက်ရင်လည်း မဟုတ်တဲ့အရာတွေက ဝင်လာတတ်လွန်းလို့ မအားလပ်အောင်ဘဲ သတိထားနေရပါတယ်”

“သာဓု…သာဓု…သာဓု။ ပေတွေ ပရပိုက်တွေကလည်း ဝိုင်းဝိုင်းလည်လို့ပါလား။ အခုလောလောဆယ် ဘယ်စာတွေများ ပြုစုနေပါသလဲ”

“မှန်လှပါ၊ ပါရာဇိကံ အဋ္ဌကထာ နိဿယပါဘုရား”

“အလို…တိုက်ဆိုင်မှ တိုက်ဆိုင်လွန်းပလေ၊ အရှင်ဘုရား ပြန်ဆိုနေမှန်းမသိရလို့ တပည့်တော်လည်း ပြန်ဆိုနေရက် တန်းလန်းပဲ၊ ကျောင်းရောက်တော့မှ ဘုရားရှေ့မှာ မီးရှို့ပြီး ပူဇော်လိုက်ရမယ်”

“ပြန်ဆိုပြီးသားကို မီးရှို့ဖို့ သင့်မယ်မထင်ပါဘူး ဘုရား”

“အရှင်ဘုရားလက်ရာကို ဘယ်လိုမှ မမီနိုင်ပါဘူး။ နောက်ပြီး သာသနာစဉ်ဆက် စာသင်ရဟန်းတွေအဖို့ မူနှစ်ရပ်ရှိရင် စိတ်ထွေပြားကြရလိမ့်မယ်၊ ဒါကြောင့်မို့ တပည့်တော်လက်ရာတွေကို မီးပူဇော်ပစ်ပါ့မယ်”

“ဆန္ဒတော်အတိုင်းပါပဲဘုရား”

ထို့နောက် တောရဆရာ၏ ပြန်ဆိုချက်များကို တောင်းယူ၍ ဖတ်ရှုပြီး “တပည့်တော် ဆုံးဖြတ်ချက် မှန်ပါတယ်။ အရှင်ဘုရားလက်ရာကို မမီပါဘူး”ဟု ထပ်မိန့်ကြားသည်။

ထို့နောက် မင်းဆရာက ကြုံတုန်းကြုံခိုက်တွင် လှူပါရစေဟုဆိုကာ ပါလာသော သင်္ကန်း၊ ထီး၊ ဖိနပ် စသည့် ရဟန်းအသုံးအဆောင် ပစ္စည်းများကို တောရဆရာသို့ ကိုယ်တိုင် လက်ဖြင့်ကိုင်၍ ပေးလှူသည်။ တောရဆရာက မင်းဆရာပေးလှူသမျှ ပစ္စည်းများကို မင်းဆရာရှေ့တွင်ပင် ဘုရားသို့ ချက်ချင်းကပ်လှူသည်။ ထိုအပြုအမူကို မြင်သောအခါ မင်းဆရာ မျက်နှာမပျက်သော်လည်း တောရဆရာ၏ ကပ္ပိယဒကာကြီး မျက်နှာပျက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေဥမင်တောရမှ မင်းဆရာတော် ပြန်ကြွသွားသောအခါ ကပ္ပိယဒကာကြီးက “အရှင်ဘုရားလုပ်ပုံက မင်းဆရာကို အားနာဖို့ကောင်းလိုက်တာ၊ သူ သဒ္ဓါ၍ လှူပါသည်ကို မျက်နှာကွယ်အောင် ခေတ္တခဏစောင့်ပြီး နောက်မှ ဘုရားလှူချင်သပဆိုရင်လည်း လှူကရောပေါ့၊ အခုတော့ သူ့ရှေ့တွင်ပဲ လှူနေတော့ တပည့်တော်ဖြင့် မျက်နှာအထားရခက်လိုက်တာ မပြောပါနဲ့တော့”ဟု အပြစ်တင်လိုရိပ်ဖြင့် လျှောက်ထားသည်။

“အင်း...ဒကာကြီး နားလည်တာက တစ်မျိုးပဲ၊ ပညာနတဲ့ ဒကာ,ဒကာမများ ပစ္စည်းဆိုရင်တော့ ဒကာကြီးပြောတာ ဟုတ်ပေသပေါ့။ သူက ပစ္စည်းနဲ့ ကျုပ်ကို လှူတယ်။ ကျုပ်က သူ့ကို ဘာပစ္စည်းမှ လှူစရာမရှိဘူး။ ဒီတော့ မင်းဆရာတော်ကို တရားအလှူပဲ ပေးလှူလိုက်ရတယ်။ ဒီနေ့ ကျုပ်လှူလိုက်တဲ့ တရားအလှူတော်ဟာ မင်းဆရာအဖို့ ဘယ့်ကလောက် အဖိုးတန်တယ်ဆိုတာ ဒကာကြီး ကြားရပါလိမ့်မယ်။ ဒီကပြန်လို့ သူ့နေပြည်တော်ကျောင်းကို ရောက်တဲ့အခါ သူ့ကျောင်းကို သူ ပြန်ဝံ့တယ်ဆိုရင် အာဂပုဂ္ဂိုလ်လို့သာ မှတ်ပေရော့ ဒကာကြီး”

မှန်လှပေ၏။ ရွှေဥမင်ဆရာတော်က ဆုံးမစကား တစ်လုံးမျှမပါဘဲနှင့် တိပိဋကဓရ မင်းဆရာတော်အား သံသရာကို မကြောက်တတ်သူအဖြစ်ဖြင့်လည်းကောင်း၊ အရာမရောက်သော ပစ္စည်း လာဘ်လာဘတွင် ခင်တွယ်နေသူအဖြစ်ဖြင့် လည်းကောင်း ယဉ်ယဉ်ကလေး ဆုံးမလိုက်လေပြီ။ တရားအလှူ ပေးလိုက်ပေပြီ။

ထိုတရား ထိုအလှူမှာ ငယ်စဉ်ကပင် တောသို့ ရည်ညွှတ်ချက်ရှိနေပြီးသော မင်းဆရာတော်အတွက် ထိလှ မိလှပေ၏။ အကြောင်းသော်ကား-ရွှေစက်တော်မှ ဘုရားဖူးအပြန်တွင် ဘုရင်လှူဒါန်းအပ်သော မိမိ၏ လေးထပ်ကျောင်းကြီးသို့ မဝင်တော့ဘဲ စစ်ကိုင်း တောင်ဖီလာတောရသို့ တောရ,ရဟန်းအဖြစ် တန်းတန်းမတ်မတ် ဝင်ရောက်သွားသောကြောင့်တည်း။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# အင်ကြင်းမြိုင်ဝယ်

[ ၁ ]

ကျွန်ုပ်တို့၏ ဘုရားရှင်သည် 'ဗုဒ္ဓဟော'ခေါ် ရွှေညောင် ဗောဓိပင်ကို အမှီပြု၍ ပွင့်တော်မူ၏။ အကယ်ဆိုသော် အင်ကြင်းပင်ကို အမှီပြု၍ ပွင့်တော်မူသင့်သည်ဟု တွေးဖွယ်ရာရှိ၏။ အဘယ်ကြောင့်ဆိုသော် အင်ကြင်းသည် ကျွန်ုပ်တို့ ဘုရားရှင်၏ ဘဝမိတ်ဖက်ဖြစ်သည်။ ဖြစ်ပုံကား–သူ့မယ်တော်သည် ကပိလဝတ်နှင့် ဒေဝဒဟ နှစ်ပြည်အကြားရှိ အင်ကြင်းတောတွင် ရွှေအင်ကြင်းတို့ တသင်းသင်း တဝေဝေ ပွင့်ခိုက် အင်ကြင်းပန်းကိုကိုင်ကာ ဖွားမြင်တော်မူ၍ ဘဝအဆုံးတွင်လည်း မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တွင်ပင် ပရိနိဗ္ဗာန် စံယူတော်မူသောကြောင့်ပေတည်း။

"ရွှေအင်ကြင်း"ဟု ခေါ်ဆိုရာ၌ မြတ်နိုးနှစ်သက်အပ်သော အရာများကို ရွှေဖြင့် ဂုဏ်ပြုခေါ်ဝေါ်ခြင်းမျိုး မဟုတ်။ အင်ကြင်းပန်း ကိုယ်နှိုက်က ရွှေရောင်ရှိသောကြောင့် ရွှေအင်ကြင်းဟု ခေါ်သည်။ သန္တာ ယိုးယား ပတ္တမြားကဲ့သို့ ရဲရဲတွတ် နီသောကြောင့် ပတ္တမြားအင်ကြင်းဟု ခေါ်ဆိုနိုင်သည်။ အချို့ အဝါရောင်ကဲသောကြောင့် ရွှေဝါအင်ကြင်းဟုလည်း ခေါ်ဆိုနိုင်သည်။ အနီ၊ အဝါတွင် အဖြူရောင်ကလေးများလည်း စွက်တတ်သောကြောင့် ငွေအင်ကြင်းဟုလည်း ခေါ်နိုင်သည်။

မြန်မာ့ရာသီဥတုအရ ရွှေအင်ကြင်းတို့သည် တပေါင်းလတွင်ပွင့်သောကြောင့် အင်ကြင်းကို မိန်ရာသီနှင့်တွဲဖက်၍ ပညာရှိတို့ဖွဲ့ဆိုကြသည်။ သို့ရာတွင် မဇ္ဈိမ၏ နာရီအံသာ ရာသီစက်အရ မဇ္ဈိမတွင်မူကား ရွှေအင်ကြင်းတို့သည် ကဆုန်လ၌သာ ဖူးပွင့်ကြသည်။ ထို့ကြောင့် ဖွားတော်မူချိန် ကဆုန်လပြည့်သည်လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ပရိနိဗ္ဗာန် စံတော်မူချိန် ကဆုန်လပြည့်သည်လည်းကောင်း၊ ရွှေအင်ကြင်းတို့ဖြင့် ဘဝမဟာမိတ် ဖြစ်တော်မူရသည်။ ထို့ကြောင့် ဘဝမဟာမိတ်ဖြစ်သော အင်ကြင်းပင် ၌သာ ပွင့်တော်မူသင့်သည်ဟု တွေးဖွယ်ရာ ပေါ်ပေါက်လာရသည်။

သို့သော် ဘဝမဟာမိတ်ဖြစ်ကာမျှထက် အရေးကြီးသော ကျေးဇူးတရား ထောက်ထားဖို့က ရှိနေပေသေးသည်။ အကြောင်းမှုကား–အရှင့်သား သိဒ္ဓတ္ထရဟန်း အတွက် ညောင်သည် အင်ကြင်းထက် ကျေးဇူးတရား ကြီးမားလှစွာ၏။

ဘုရားဖြစ်တော်မူရန်အတွက် ခြောက်နှစ်တိုင်တိုင် ကျားကုပ်ကျားခဲ သဲသဲမဲမဲ ကြိုး ကျင့်တော်မူရ၏။ ယင်းခြောက်နှစ်ပတ်လုံးအချိန်၌ သိဒ္ဓတ္ထရဟန်းအတွက် အာဝါသ သပ္ပာယမိုးခိုရာ၊ ပုန်းအောင်းရာ၊ လဲလျောင်းရာ၊ တရားကျင့်တော်မူရာ ဌာနသည်ကား ညောင်ပင်သာဖြစ်သတည်း။

ညောင်သည် သိဒ္ဓတ္ထရဟန်းအတွက် ကျေးဇူးတရား ကြီးမားလှ၏။ ထို့ကြောင့် ဘုရားဖြစ်တော်မူဖို့ အမှီပြုရန် စဉ်းစားရာ၌ ညောင်ပင်ကိုသာ ဦးစားပေးတော်မူ ရသည်။

ဥရုဝေလသည် အင်ကြင်းတောမဟုတ်သော်လည်း မဇ္ဈိမမြောက်ပိုင်း၏ ရေမြေ သဘာဝအတိုင်း အင်ကြင်းပင်တို့ ကြိုကြားရှိသည်သာ ဖြစ်ပါ၏။ သို့ရာတွင် အရှင့်သား သိဒ္ဓတ္ထသည် အင်ကြင်းတောတွင်မွေး၍ အင်ကြင်းစွဲရှိခဲ့သော်လည်း ဤမျှ ကြာမြင့်အောင် တရားကျင့်သုံးရန်အတွက်မူကား အင်ကြင်းကို ဦးစားပေး၍ မဖြစ်နိုင်သော အခြားအကြောင်းတစ်ရပ်ရှိ၏။ အင်ကြင်းသည် သူ့ရာသီ၌ လှသည်၊ မွေးသည်မှန်သော်လည်း လှရုံ၊ မွေးရုံမှတစ်ပါး အာဝါသ သပ္ပာယအတွက်မူကား ဤမျှ နှစ်ရှည်လများ အမှီပြုရန် မလုံလောက်သောကြောင့် ဖြစ်ပေသည်။

သို့ဆိုလျှင် အင်ကြင်းကို အဘယ်ကြောင့် ဤရွေ့ ဤမျှ သွယ်သွယ်နွဲ့နွဲ့ ဖွဲ့ဆိုနေရပါသနည်းဟူငြားအံ့။ ဖွဲ့ဆိုရန် အကြောင်းရှိသောကြောင့်ပါတည်း။

[ ၂ ]

မိဘများသည် အဝေးရောက်နေသော သားကြီး သမီးကြီးများနှင့် စုံစုံညီညီ ညီညီညွတ်ညွတ် တွေ့ဆုံရသောအခါ ဝမ်းမြောက်သကဲ့သို့ ဆရာသည်လည်း အဝေး ရောက် တပည့်ကြီး,ငယ်တို့နှင့် စုံစုံညီညီ ညီညီညွတ်ညွတ် တွေ့ဆုံရသောအခါ ဝမ်းမြောက်မြဲဖြစ်သည်။ ညီညွတ်စုံညီသော သားသမီးတို့အလယ်တွင် မိဘသည်

www.burmeseclassic.com

www.burmeseclassic.com



နေသဖွယ်၊ လသဖွယ် တင့်တယ်သကဲ့သို့၊ ဆရာသည်လည်း ညီညွတ်စုံညီသော တပည့်ကြီးငယ်တို့အလယ်တွင် လမင်းသဖွယ် တင့်တယ်မြဲဖြစ်သည်။

သို့ရာတွင် လူ့လောက၏ ဘ၀ထွေလာ ကိစ္စများစွာကြောင့် သားသမီး ကြီးငယ် စုံစုံညီညီတွေ့ဖို့ဆိုသည်မှာ ရံဖန်ရံခါမှသာ ပေါ်ပေါက်နိုင်သောကိစ္စဖြစ်သည်။ ဘုရားရှင်ပင်လျှင် မိမိအနီး၌ တပည့်ကြီးငယ်တို့ စုံစုံညီညီရှိခဲ၏။ အကြောင်းမူကား တပည့်ကြီးငယ်တို့ အမြောက်အမြားရှိသော်ငြားလည်း သာသနာတော်ပေါ်ထွန်းကာစတွင် သာသနာကြီးပွားရေးအတွက် "ရဟန်းတို့...တစ်ကြောင်းတည်းသော ခရီးသို့ နှစ်ပါးအတူ မသွားကြကုန်လင့်။ ခရီးလမ်းကြောင်းခွဲ၍ သာသနာပြုကြကုန်လော့" ဟူသော အဆုံးအမတော်ကြီး ရှိနေသောကြောင့် ဖြစ်သည်။

အဂ္ဂသာဝက တပည့်ကြီးနှစ်ပါးလည်းဖြစ်၍ လက်ယာတော်ရံ၊ လက်ဝဲတော်ရံဖြစ်သော အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့သည်ပင် အများအားဖြင့် ဘုရားရှင်၏ ထံတော်ပါး၌ ရှိတတ်ကြသော်လည်း ထိုထိုသာသနာပြုကိစ္စများအတွက် ဘုရားရှင်ထံတော်ပါးမှ ရံဖန်ထွက်ခွာသွားကြရသည်သာ ဖြစ်သည်။

မဟာသာဝက တပည့်ကြီးဖြစ်သော အရှင်မဟာကဿပကိုမူကား ခရီးသွားဟန်လွှဲဆိုသကဲ့သို့ ရောက်တော်မူရာအရပ်တွင် သာသနာပြုသည်မှန်သော်လည်း ပင်ကိုကပင် ဓုတင် ၁၃ ပါးစလုံးဆောင် ဧကစာ တောပျော်သမားကြီး ဖြစ်သည့်အလျောက် ဘုရားရှင်ကိုယ်တော်တိုင်ကပင် အထူးခွင့်ပြုထားရသူဖြစ်သည်။ ဟိမဝန္တာ၏ တစ်နေရာ လိုဏ်ဂူတွင် ဧကစာ သီတင်းသုံးတော်မူလွန်းသောကြောင့် ကဿပလိုဏ်ဂူ (ပိပ္ပလိလိုဏ်ဂူ)ဟူ၍ပင် အတွင်ခံရသူဖြစ်သည်။

ယင်းခွင့်ပြုချက်အရ အရှင်မဟာကဿပသည် ဘုရားရှင့်ထံတော်အနီး၌ မရှိပုံမှာ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခါနီးတွင် ဝေးနီး ရဟန်းတော်အားလုံးလိုလိုပင် ဘုရားရှင့်ထံတော်အနီးသို့ ရောက်လာကြသော်လည်း အရှင်မဟာကဿပမူကား မရောက်လာ။ ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသည်အထိ မရောက်လာသောကြောင့် ဘုရားရှင့် အလောင်းတော်ပင်လျှင် မီးသင်္ဂြိုဟ်၍ မရနိုင်ဘဲ အရှင်မဟာကဿပကို စောင့်တော်မူခဲ့ရသည် မဟုတ်ပါလော။

ဘုရားရှင့်ထံတော်အနီးတွင် အများအားဖြင့် အရှင်မဟာကဿပ မရှိသည်ကလည်း တရားတော်အတိုင်းဆိုသော် အရှင်မဟာကဿပ မှန်၏။ အကြောင်းမူကား "ရဟန်းတို့...ငါဘုရားကို ပူဇော်ခြင်းထက် ငါ၏တရားတော်ကို ပူဇော်ကြ

www.burmeseclassic.com

www.burmeseclassic.com



ကုန်လော့၊ တရားကို ကျင့်သုံးကြကုန်လော့၊ အဘယ်အရပ်မှာပင် နေသည်ဖြစ်စေ တရားတော်ကို ကျင့်သုံးနေခြင်းသည် ငါဘုရားနှင့် အတူနေခြင်းဖြစ်၏။ ငါဘုရားကို ပူဇော်သည်မည်၏”ဟု ဟောကြားတော်မူအပ်ပြီးသည် မဟုတ်ပါလော။

ယနေ့သော်ကား ဘုရားရှင့်အထံတော်ပါး၌ ကြွတောင့်ကြွခဲ အရေးပါသော တပည့်ကြီးများစွာပင် စုံညီလျက်ရှိနေကြ၏။ ယင်းတပည့်ကြီးများစွာဟူသည်ကား အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ကင်္ခါရေဝတ၊ အရှင်အာနန္ဒာတို့ အမှူးပြုသော သံဃာတော်တစ်သောင်းမျှ ဖြစ်သတည်း။

စုဝေးမိကြသည့် နေရာမှာလည်း ဇေတဝန်ကျောင်းတော်လည်းမဟုတ်၊ ပုဗ္ဗာရုံ၊ နိဂြောဓာရုံ စသော ကျောင်းတော်ကြီးများတွင်လည်း မဟုတ်။ ဂေါသိင်္ဂတောအုပ်တွင် ဖြစ်၏။ ဂေါသိင်္ဂတောအုပ်ဟူသည်ကား အင်ကြင်းမြိုင် အင်ကြင်းတောအုပ်ကြီး ဖြစ်သတည်း။

စုဝေးမိသည့်အချိန်ကိုလည်း ကြည့်ပါဦး။ ဘုရားရှင်နှင့်စပ်၍ သာသနာတော်၌ နာမည်ကြီးလှစွာသော ကဆုန်လရာသီ ဖြစ်သတည်း။

ကဆုန်လဟူသည် မဇ္ဈိမတွင် ရွှေအင်ကြင်းတို့၏ ရာသီဖြစ်ကြောင်း ပြောခဲ့ပြီ။ သူ့အချိန် သူ့ရာသီဖြစ်၍ ရွှေအင်ကြင်းတို့ တသင်းသင်း တထုံထုံ စုံစုံညီညီ ပွင့်သည်။ စုံစုံညီညီဆိုရုံမျှဖြင့် ပြည့်စုံနိုင်ဖို့ မရှိသေး။ အကြောင်းမူကား ဖော်ပြပါအတိုင်း ဘုရားရှင်နှင့် အင်ကြင်းပန်း၊ အင်ကြင်းပန်းနှင့် ဘုရားရှင်ဟူသည် ဘဝအဖော်ဖြစ်ပေရာ အကြင် အင်ကြင်းတောသို့ ဘုရားရှင်ရောက်တော်မူသည်ဆိုလျှင် ထိုအင်ကြင်းတောသည် ထူးထူးကွဲကွဲ ကဲကဲသာသာ ပွင့်တတ်၊ ဖူးတတ်၊ ပူဇော်တတ်ကြသည်မှာ သဘာဝ၏ ဘုန်းတော်ဓမ္မတာကဲ့သို့ပင် ဖြစ်နေသောကြောင့် ဖြစ်သည်။

ထို့ကြောင့် ဂေါသိင်္ဂ အင်ကြင်းတောသည် အခါတိုင်းထက် အလှကြီး လှနေ၏။ လှပုံကား အချို့အင်ကြင်းပင်တို့သည် တစ်ပင်လုံး အပေါ်သို့ ပတ္တမြားရည် ရွှေရည်များ သွန်းလောင်းထားဘိသို့ ရှိသည်။ တစ်ပင်လုံးကို ကမ္ဗလာနီကြီးဖြင့် လွှမ်းခြုံထားဘိသို့ရှိသည်။ ပတ္တမြားရောင် ရွှေရောင်မျှဖြင့် လှသည်ဟု မဆိုနိုင်သေး။ အချို့အပင်တို့သည် ပုလဲဥ ပုလဲလုံးများ စီခြယ်ထားဘိသို့ ရှိနေသည်။ အချို့အပင်တို့မှာ နတ်တို့၏ ဘွဲ့ဖြူပုဆိုးဖြင့် ဖုံးအုပ်ထားဘိသို့ ဖွေးဖွေးဖြူသည်။ အချို့အပင်တို့သည် နန္ဒင်းရည် တဖိတ်ဖိတ် ယိုစီး၍ကျနေသည့်ပမာ ဝါထိန်နေအိလျက်ရှိနေ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ယင်းအင်ကြင်းပွင့် အင်ကြင်းငုံတို့ အဖျားမှ ဖူးတံဖူးပွင့်ကလေးများမှာ ကျောက်မျိုးစုံ အရောင်မျိုးစုံတို့ကို စီခြယ် တပ်ဆင်ထားသည့်ပမာ ရှိနေကြသည်။ ပွင့်ပုံဖူးပုံမှာလည်း အပင်ပေါ်သို့ မော်ကြည့်မှသာ တွေ့မြင်ရသော အလှမျိုးမဟုတ်။ အင်ကြင်း၏ သဘာဝအရ ပင်ဖျားမှပင်ရင်း၊ ပင်ရင်းမှပင်ဖျားအထိ ပင်လုံးပြည့်၊ ပင်လုံးကျွတ်၊ ပင်လုံးညွတ် ဖူးပွင့် အလှဆင်ကြသည်။

ဤရွှေ ဤမျှ အင်ကြင်းအလှကို ဖော်ပြနေရသည်မှာ အကြောင်းရှိ၏။ ယင်းအကြောင်းဟူသည်ကား သာယာသောနေရာ၊ သာယာသောဝန်းကျင်နှင့် တွေ့ကြုံရသည်ဆိုလျှင် သာမန်ပုထုဇဉ်တို့ကို မဆိုထားဘိ၊ "ရဟန္တာထေရ်အရှင်တို့တောင် မဆည်နိုင် မျက်ရည်လျှို့ရှာရ"ဟူသော စကားအရ ရဟန္တာမထေရ်ကြီးများပင် စိတ်ကူးစိတ်သန်း၊ အတွေးထူး အတွေးဆန်းတို့ ထွက်ပေါ်လာတတ်သည်ကို ဖော်ပြလိုသောကြောင့် ဖြစ်ပေသည်။

အတွေးရှင်ကား အရှင်မောဂ္ဂလာန်ထေရ် ဖြစ်ပေ၏။

ဘုရားရှင်သည် အရှင်အာနန္ဒာခင်းပေးအပ်သော အင်ကြင်းတောအုပ်၏ ကုန်းမြင့်မြင့် သီးသန့်တစ်နေရာတွင် သီတင်းသုံးတော်မူနေ၏။ ရဟန္တာမထေရ်ကြီး မထေရ်ငယ်တို့သည် ဆွမ်းစားပြီးချိန်တွင် ခန္ဓာကိုယ်မျှတရန်အတွက် ခေတ္တမျှ နားနေ နေ့သန့်တော်မူကြပြီးနောက် အင်ကြင်းတောအုပ်၏ သာယာသော ဝိဝေက အရိပ်ကို ခိုလှုံကာ မိမိတို့၏ ပင်ရင်းအလုပ်ဖြစ်သော ဖလသမာပတ် ဝင်စားတော်မူနေကြ၏။ ထို့ကြောင့် ဂေါသိင်္ဂ အင်ကြင်းတောအုပ်သည် သံဃာတော် တစ်သောင်းခန့်တို့ သီတင်းသုံးလျက်ရှိသော်လည်း အင်ကြင်းရနံ့ကလေးတို့ တသွေးသွေး။ ကျေးငှက်ကလေးတို့၏ ရံဖန် အနည်းငယ် လှုပ်ရှားသံမှတစ်ပါး အထူးဆိတ်ငြိမ်လျက် ရှိနေပေသည်။

ညနေစောင်းအချိန်တွင် သမာပတ်မှ ထတော်မူကြသောအခါ အရှင်မောဂ္ဂလာန်က မိမိအနီးတွင် သီတင်းသုံးလျက်ရှိသော အရှင်မဟာကဿပအား "ငါ့ရှင်ကဿပ... အရှေ့လောကဓာတ်မှ ထွက်လုလု လရောင်ကြောင့်လည်းကောင်း၊ အနောက်တစ်ခွင်မှ ဝင်လုလု နေရောင်ခြည်နုကြောင့်လည်းကောင်း၊ ရောင်စုံပွင့်သော အင်ကြင်းပန်းတို့၏ အလှအပကြောင့်လည်းကောင်း၊ အင်ကြင်းရနံ့တို့၏ တပျံ့ပျံ့ တလှိုင်လှိုင် မွှေးကြိုင်လျက်ရှိသောကြောင့်လည်းကောင်း ယနေ့လောကဓာတ်သည် သာယာလှပါတော့သည်။ ဤအချိန်တွင် တပည့်တော်တို့သည် နောင်တော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



အရှင်သာရိပုတ္တရာထံသို့ ချဉ်းကပ်၍ တရားဒေသနာ တစ်စုံတစ်ရာ ကြားနာခြင်း၊ တရားပုစ္ဆာ တစ်စုံတစ်ရာကို မေးမြန်းဆွေးနွေးခြင်း ပြုရသော် သင့်လျော်လိမ့်မည် ထင်ပါ၏”ဟု မိန့်ကြားလိုက်သောအခါ အရှင်မဟာကဿပက “သင့်လျော်ပါ၏ အရှင်၊ ယခုပင် သွားကြပါကုန်စို့”ဟု ပြန်လည်လျှောက်ထားသည်။

အရှင်နှစ်ပါး၏ ဆွေးနွေးတိုင်ပင်မှုကို ကြားသိကြသော အနီးဝန်းကျင်ရှိ အရှင်အနုရုဒ္ဓါထေရ်၊ အရှင်ရေဝတထေရ်၊ အရှင်အာနန္ဒာထေရ်တို့ကလည်း မထေရ်ကြီးနှစ်ပါးနှင့်အတူ လိုက်ပါလာကြသည်။ သို့နှင့် အင်ကြင်းမြိုင် တစ်နေရာတွင် ဘုရားရှင်အလားတူ သီးသန့် သီတင်းသုံးတော်မူသော အရှင်သာရိပုတ္တရာ၏ ထံပါးသို့ မထေရ်အများတို့ ဝိုင်းရံဆည်းကပ်မိလျက်သား ဖြစ်သွားကြသည်။

“ငါ့ရှင်တို့…ယနေ့ ညဉ့်ဦးအချိန်၌ ဂေါသိင်္ဂမည်တွင် ဤအင်ကြင်းဥယျာဉ်သည် အရောင်ပေါင်းယှဉ် ပန်းပေါင်းဆင်၍ ရှုချင်ဖွယ်အထူး ကြည်နူးမွေ့လျော်ဖွယ် ကောင်းလှသကဲ့သို့ ငါ့ရှင်တို့ ကြွရောက်လာပုံကလည်း ထူးခြားလှပါပေသည်။ အဘယ်အလို့ငှာ ကြွရောက်လာကြပါသနည်း ငါ့ရှင်တို့”ဟု မေးတော်မူသည်။

ရဟန်းတစ်ပါးအထံသို့ ရဟန်းများ ကြွရောက်လာခြင်းသည် ထူးခြားရာသလောဟု မေးဖွယ်ရှိ၏။ အမှန်ပင် ထူးခြားပေသည်။ ထူးခြားဟန်ကား ရဟန်းတို့၏ဆရာ ဘဂဝါ ဥက္ကဋ္ဌ သမုနတ် ကိုယ်တော်တိုင် မနီးမဝေးတွင် ထင်ရှားရှိနေပါလျက် အရှင်သာရိပုတ္တရာအထံသို့သာ စုရုံးရောက်လာကြသည်မှာ ထူးခြားသည်။ ထို့ပြင် အရှင်မောဂ္ဂလာန်၊ အရှင်မဟာကဿပ စသော မထေရ်ကြီးများသာမက ဘုရားရှင်၏ အလုပ်အကျွေးဖြစ်သော အရှင်အာနန္ဒာကိုယ်တိုင်ပင် ပါဝင်ဆိုက်ရောက်လာသည်မှာ ထူးခြားသည်။ ဆွေးနွေးမေးမြန်းဖွယ် တစ်စုံတစ်ရာ ရှိတန်ရာ၏ဟု စဉ်းစားရသည်။

ထိုအချိန်၌ မထေရ်ကြီးများအလားတူ အခြားသံဃာတော်အားလုံးသည်လည်း အရှင်သာရိပုတ္တရာ အထံတော်သို့ ဆိုက်ရောက်လာကြပြီဖြစ်သည်။ အကြောင်းမူကား အရှင်မဟာကဿပ၊ အရှင်မောဂ္ဂလာန် စသော မထေရ်ကြီးများတွင် မိမိတို့၏ အန္တေဝါသိက ဓမ္မန္တေဝါသိက တပည့်အသိုင်းအဝိုင်းကိုယ်စီ ရှိနေကြပြီးဖြစ်ရာ ယင်းတပည့်သံဃာများသည် မိမိတို့ဆရာ၏ လှုပ်ရှားမှုကို အစဉ်သတိပြုလျက် ရှိနေကြရာက ပထမသော် ဆရာမောဂ္ဂလာန်နှင့် ဆရာကဿပတို့ ဆွေးနွေး

www.burmeseclassic.com

www.burmeseclassic.com



နေသည်ကို တွေ့ကြရသည်။ ထို့နောက် အရှင်အနုရုဒ္ဓါ၊ အရှင်ကမ်္ဘိရေဝတတို့ အပါအဝင် အရှင်အာနန္ဒာပင်လျှင် အရှင်သာရိပုတ္တရာ အထံတော်သို့ စုရုံးကြွရောက်သွားသည်ကို တွေ့ကြရသောအခါ အကြောင်းတစ်စုံတစ်ရာ ထူးခြားရာ၏ဟု ဝိုင်းအုံဆိုက်ရောက်လာကြခြင်း ဖြစ်ပေသည်။

အရှင်မောဂ္ဂလာန်က "မှန်လှပါသည်၊ အင်ကြင်းမြိုင်၏ ထူးခြားလှသောအာရုံကြောင့် ဤလိုအချိန်တွင် အရှင့်ထံမှ တရားတစ်စုံတစ်ရာ ကြားနာရပါသော် သင့်လျော်ပေစွဟု စိတ်ကူးရ၍ ရောက်လာကြခြင်းဖြစ်ပါသည်"ဟု လျှောက်ထားသည်။

"တရားနာခြင်းသည် ကောင်းပါ၏။ သို့ရာတွင် မထေရ်ကြီးတို့ စုံညီချိန်၌ တရားနာခြင်းထက် တစ်ပါးပြီးတစ်ပါး တရားဆွေးနွေးခြင်းသည် ပို၍မသင့်လျော်ပါလော။ ရှုလော့အရှင်တို့၊ ဂေါသိင်္ဂသည်သာ သာယာသည်မဟုတ်။ အရှေ့ဘက်တွင် လမင်းသည် ထွက်စပြု၏။ ထို့ကြောင့် နေရောင်နှင့် လရောင်တို့သည် လောကဓာတ်တစ်ခွင်ကို ပေါင်းယှဉ် ဆင်ယင်လျက်ရှိနေပေသည်။ အင်ကြင်းမြိုင်အဖို့ကား ဤမျှသာမကသေး၊ အဆင်း အရောင်တကာတို့ထက် မနှိုင်းသာအောင် သာလွန်သော ဘုရားရှင်၏ ရောင်ခြည်တော်တို့ဖြင့် လွှမ်းမိုးသာယာလျက် ရှိနေပေ၏"ဟု မိန့်တော်မူသည်။

ကြည်နူးဖွယ်အချိန်ကြောင့် ဆိုက်ရောက်လာကြခြင်း ဖြစ်ပေရာ ကြည်နူးဖွယ်အချိန်၌ ကြည်နူးဖွယ်အတိဖြစ်သော ဘုရားရှင်၏ ရောင်ခြည်တော်၊ ကျေးဇူးတော်၊ ဂုဏ်တော်တို့ကို ဆင်ခြင်ဆွေးနွေးနိုင်ကြရန် လမ်းခင်း၍ပေးလိုက်ခြင်း ဖြစ်ပေ၏။

"မှန်လှပေ၏ အရှင်မြတ်...ဤအချိန်၌ ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို ဆွေးနွေးခြင်းသည်သာ အကောင်းဆုံး ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် တပည့်တော် မေးလျှောက်ပါရစေ။ ဘုရားမြတ်စွာသည် ကိလေသာ ကင်းပြတ်တော်မူ၏။ အခြား ရဟန္တာမထေရ်မြတ်တို့သည်လည်း ကိလေသာကင်းပြတ်တော်မူကြပါ၏။ သို့ရာတွင် ဘုရားရှင်အား အဘယ့်ကြောင့် 'အရဟံ'ဂုဏ်တော်ဖြင့် ချီးကျူးအပ်ပါသနည်း အရှင်ဘုရား"ဟု အရှင်အနုရုဒ္ဓါက စတင်မေးလျှောက်သည်။

"အမေးလေးထွေ အဖြေငါးပါး"ဟူ၍ ရှိသည်။ "အမေးငါးထွေ အဖြေငါးပါး" ဟူ၍လည်း ရှိသည်။ အမေးငါးထွေဟူသည်ကား (၁) သိလို၍မေးခြင်း (၂) သိသော်လည်း ညှိ၍မေးခြင်း (၃) မသိတသိကို သံသယရှင်းလို၍မေးခြင်း (၄) မိမိ

www.burmeseclassic.com

www.burmeseclassic.com



အလိုသို့ လိုက်ပါစေလို၍ မေးခြင်းနှင့် (၅) မိမိပင်လျှင် ဖြေကြားလို၍ မေးခြင်းတို့ ဖြစ်၏။

အမေးဖြင့် တရားဟောခြင်း၊ အမေးအဖြေဖြင့် တရားဆွေးနွေးခြင်းတို့မှာ ဘုရားရှင်၏ နည်းကောင်း နည်းမွန်တစ်ရပ် ဖြစ်ပါပေ၏။ အကြောင်းမူကား တစ်ဖက်သား၏ဆန္ဒကို သိမ်းသွင်းသည်။ ညှိနှိုင်းသည်။ စိတ်ဝင်စားစေသည်။ တစ်ဖက်သား၏အတွေးကို ဦးစားပေးသည်။ ဤအစဉ်သို့လိုက်သော အရှင်အနုရုဒ္ဓါ၏ အမေးမှာ ဒုတိယပုစ္ဆာ အမျိုးအစားဖြစ်သည်။

"ငါ့ရှင်...ရဟန္တာတို့မှာ ကိလေသာပယ်၍ ရဟန္တာဖြစ်မချည်း၊ ဘဝသံသရာက ပါရှိလာခဲ့သော ဝါသနာအငွေ့အသက်တော့ ကျန်ရှိကြသည်ချည်း ဖြစ်သည်။ အချို့မှာ နူတ်ကြမ်းကြသည်။ အချို့ ကိုယ်ကြမ်းကြသည်။ သုံးလူ့ထွဋ်ထင် ဘုရားရှင်မူကား ဤအရာအားလုံးမှ ကင်းရှင်း၍ ကိလေသာကို ဝါသနာနှင့်တကွ ပယ်တော်မူသည်။ ထို့ကြောင့် အရဟံဂုဏ်တော်ဖြင့် ချီးကျူးပူဇော်ရခြင်း ဖြစ်ပါ၏"

သံဃာအများက သာဓုသုံးကြိမ် ခေါ်တော်မူကြသည်။

"အရှင်ဘုရား...ရဟန္တာအားလုံးသည် ဘုရားရှင်ကဲ့သို့ပင် ရုပ်နာမ်ဓမ္မ သင်္ခါရကို သိကြသည်ချည်းသာ ဖြစ်ပါ၏။ သို့ပါလျက် ရဟန္တာများကိုတော့ မချီးကျူးဘဲ ဘုရားရှင်ကိုသာ 'သမ္မာ သမ္ဗုဒ္ဓ'ဂုဏ်တော်ဖြင့် ချီးကျူးကြသည်မှာ အဘယ့်ကြောင့်ပါနည်း"ဟု အရှင်ရေဝတက မေးလျှောက်သည်။

"ရုပ်နာမ်ဓမ္မ သင်္ခါရကို သိကာမျှဖြင့် သမ္မာသမ္ဗုဒ္ဓအမည် မရနိုင်ပါ၊ ဘုရားရှင်မူကား ရုပ်နာမ်ဓမ္မမျှမက သိသင့်သိထိုက် သိဖွယ်ရာမှန်သမျှကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ကြွင်းကျန်မရှိ သိတော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ ဘွဲ့တံဆိပ်ခပ်နှိပ် ပူဇော်ရပါသည် ငါ့ရှင်"

သံဃာအများက သာဓုသုံးကြိမ် ခေါ်တော်မူကြသည်။

ဤအကြိမ်တွင်မူ ရှင်မဟာကဿပ လျှောက်၏။

"အရှင်ဘုရား...ဤလောက၌ ပညာရှိအမည်ခံ ဂိုဏ်းဆရာကြီးတို့သည် ပေါများကြပါကုန်၏။ အကျင့်အားဖြင့်လည်း ခြောက်နှစ်မျှမက နှစ်ပေါင်းများစွာ သဲသဲခဲခဲ ကျင့်နေကြသော ရသေ့ ရဟန်းတို့သည် ပေါများကြပါကုန်၏။ သို့ပါလျက် မည်သည့်ဂုဏ်ထူးမျှမရဘဲ ဘုရားရှင်ကိုမူကား 'ဝိဇ္ဇာစရဏသမ္ပန္န'ဂုဏ်တော်ဖြင့် လူနတ်ဗြဟ္မာတို့ ချီးကျူးကြသည်မှာ အဘယ်ကြောင့်ပါနည်း"

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရှင် ကဿပ...အတိတ် ပစ္စုပ္ပန် အနာဂတ်ကို သိမြင်တော်မူသော ဂုဏ်တော်ကား အကြွင်းအကျန်မရှိသော ဝိဇ္ဇာဉာဏ်တော်ပေတည်း။ အကြင်ပုဂ္ဂိုလ်တို့သည် ခြောက်နှစ်မက နှစ်ပေါင်းများစွာကျင့်ကြသည် မှန်ပါ၏။ သို့ရာတွင် ထိုပုဂ္ဂိုလ်တို့၏ အကျင့်သည် နိဗ္ဗာန်ပန်းတိုင်သို့ ရောက်သောအကျင့် မဟုတ်ကုန်၊ ဘုရားရှင်မူကား နိဗ္ဗာန် ထုပ်လျှောက်ရောက်သော အကျင့်ကို ဆရာမလို ကိုယ်တော်တိုင် ကျင့်တော်မူနိုင်ပေသည်။ ထို့ကြောင့် 'ဝိဇ္ဇာစရဏသမ္ပန္န'ဂုဏ်တော်ဖြင့် ချီးကျူးကြရခြင်း ဖြစ်၏။

သံဃာအများက သာဓုသုံးကြိမ် ခေါ်တော်မူကြသည်။

အရှင်အာနန္ဒာက 'သုဂတ'ဂုဏ်တော်ကို မေးလျှောက်သည်။

ယင်းသို့ဖြင့် တစ်ပါးက 'လောကဝိဒူ'ဂုဏ်တော်ကိုလည်းကောင်း၊ တစ်ပါးက 'အနုတ္တရ'ဂုဏ်တော်ကိုလည်းကောင်း၊ ဂုဏ်တော်ကိုးပါးကုန်အောင် အခြားရဟန်းများကလည်းကောင်း မေးသဖြင့် အရှင်သာရိပုတ္တရာက ဖြေတော်မူသည်။

ဤမေးဖြေပွဲ ဆွေးနွေးပွဲတွင် ပါဝင်သင့်ပါလျက် မပါဝင်သူကား အရှင်မောဂ္ဂလာန်ပင် ဖြစ်၏။ ဆွေးနွေးပွဲပြုလုပ်ရန် စတင်ခဲ့သူဖြစ်ပါလျက် မပါဝင်မဆွေးနွေးသည်မှာ ထူးခြားနေသောကြောင့် ဖြစ်သည်။ ထို့ကြောင့် အရှင်သာရိပုတ္တရာက "ငါ့ရှင် မောဂ္ဂလာန်...နှုတ်ဆိတ်လှချေ၏တကား၊ ဆွေးနွေးရန်မရှိပြီလော"ဟု မေးလိုက်ရ၏။

"အရှင်ဘုရား...ကြည်နူးဖွယ်အချိန်၌ ကြည်ညိုဖွယ်ဖြစ်သော ဘုရားရှင်၏ဂုဏ်တော်၊ ကျေးဇူးတော်များကို ချီးကျူးဆွေးနွေးကြခြင်းသည်ကား လျှောက်ပတ်လျော်ကန်လှသော ဆွေးနွေးမှုပင်ဖြစ်ပါကုန်၏။ သို့ရာတွင် စိတ်ထားကြည်လင်ဉာဏ်ရွှင်ကြသောအချိန်၌ အဘိဓမ္မာအရာတွင် ဆရာဘုရားကလွဲလျှင် ထိပ်တင်ကိုယ်တော်ဖြစ်သော အရှင့်အထံတွင် သည့်ထက် လျှောက်ထားဆွေးနွေးသင့်သောအကြောင်းမှာ ဉာဏ်၏အရာဖြစ်သော အဘိဓမ္မာကိုသာ လျှောက်ထားဆွေးနွေးသင့်သည်ဟု သဘောရသောကြောင့် စောင့်ဆိုင်းနေခြင်း ဖြစ်ပါသည်ဘုရား"ဟု အရှင်မောဂ္ဂလာန်က လျှောက်ထားသည်။

မှန်လှပါပေ၏။ သာသနာတော်တွင် ဘုရား တရား သံဃာ ရတနာသုံးပါးမှအခြား ရတနာသုံးဖြာကဲ့သို့သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ရတနာသုံးပါးအနက်အဘိဓမ္မာတရားတော်သည် ဉာဏ်ကြီးသူတို့ အရာသာဖြစ်၏။ ရဟန္တာပင် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



မချည်း၊ ဘက်စုံပြည့် ရဟန္တာကြီးများမှအပ ရဟန္တာတိုင်း၊ သံဃာတိုင်းသည် ဉာဏ်ပညာ၏ အရာဖြစ်သော အဘိဓမ္မာဒေသနာတော်သို့ သက်ဝင်ကျက်စားနိုင်ကြသည် မဟုတ်ကုန်။ သို့ဖြစ်ရာ ဘုရားရှင်မှလွဲလျှင် အဘိဓမ္မာအရာတွင် ဆရာကြီးတစ်ဆူဖြစ်သော အရှင်သာရိပုတ္တရာ အထံတော်၌ အခွင့်သာ၍ လျှောက်ထား ဆွေးနွေးကြရခိုက်တွင် အဘိဓမ္မာကို ဆွေးနွေးသင့်သည်ဟူသော အရှင်မောဂ္ဂလာန်၏ စိတ်ကူးမှာ လျော်ကန်လှပါပေ၏။

သို့ရာတွင် အရှင်သာရိပုတ္တရာက ထမင်းရေပူလာ၍ လျှာလွှဲခြင်းမဟုတ်သော်လည်း သည့်ထက်ကောင်းသော အစီအစဉ် ဖြစ်စေရန်အတွက် "ငါ့ရှင်တို့...ငါတို့သည် ရွှေတောင်ကြီးရှိနေပါလျက် တောင်ငယ် တောင်မွှားကို အားထားသလိုဖြစ်နေလေပြီ။ နေရောင်၊ လရောင်ကြီးတို့ ရှိနေပါလျက် ပိုးမြေမြှုး၏ အရောင်ကို အသုံးပြုသကဲ့သို့ ရှိနေပေပြီ။ ရွှေတောင်ကြီးပမာ နေရောင် လရောင်အလား ဘုရားကိုယ်တော်မြတ်သည် ငါတို့အနီးမှာပင် ရှိနေသည် မဟုတ်ပါလော။ ဘုရားရှင်တရားဟောချိန်၊ သံဃာတို့ စည်းဝေးချိန်သို့လည်း ရောက်နေချေပြီ။ ငါတို့သည် ဘုရားရှင်အထံတော်ပါးသို့ သွားကြကုန်အံ့၊ ဘုရားရှင်၏ တရားတော်ကို နာယူကြကုန်စို့"ဟု မိန့်ကြားလိုက်သောကြောင့် "မှန်လှပါသည်ဘုရား"ဟု လျှောက်ထားကာ ဘုရားရှင်ထံတော်ပါးသို့ သွားရောက်စည်းဝေးမိကြသည်။

[ ၃ ]

မှန်လှပေ၏။ ညဦးခင်းအချိန်များသည် သံဃာတော်တို့ စည်းဝေး စုရုံးမြဲအချိန်ဖြစ်သည်။ စုရုံး စည်းဝေး၍ အပြစ်ကြီးငယ်ရှိလျှင် တစ်ပါးနှင့်တစ်ပါး ဖွင့်ဟလျှောက်ထား ဒေသနာကြားကြမြဲ အချိန်ဖြစ်သည်။ တရားဆွေးနွေးကြမြဲအချိန်ဖြစ်သည်။

ဇေတဝန်၊ ဝေဠုဝန်တို့မှာဆိုလျှင် သံဃာ့ခန်းမ၌ ဤအချိန်တွင် သံဃာတို့ စည်းဝေး၍ ဘုရားရှင် ကြွရောက်ကာ တရားဟောတော်မူမြဲ ဖြစ်သည်။ ယခုမူ သံဃာတော်တို့က ဘုရားရှင့်အထံတော်သို့ သွားရောက်စည်းဝေးကြခြင်းသာ ကွာခြား၏။

ဘုရားရှင်ကြွရောက်လာသည်ဆိုလျှင် "ရဟန်းတို့...ယခုအခါ ငါဘုရား ကြွရောက်လာချိန်၌ အဘယ်တရား၊ အဘယ်အကြောင်းအရာများ ဆွေးနွေးနေကြပါ

www.burmeseclassic.com

www.burmeseclassic.com



သနည်း”ဟု မေးတော်မူကာ ဆွေးနွေးဆဲ အကြောင်းရပ်နှင့်စပ်၍ တရားတစ်စုံတစ်ခုကို ဟောတော်မူမြဲဖြစ်၏။ ယခု သံဃာတော်တို့ စည်းဝေးဆိုက်ရောက်လာသောအခါ၌မူ “ရဟန်းတို့...အဘယ်တရားများ ဆွေးနွေးခဲ့ကြပါသနည်း”ဟု မေးတော်မူသည်။ အကြောင်းမူကား ရဟန်းတို့ဆွေးနွေးခဲ့ကြသည့်အကြောင်း၊ စည်းဝေးဆိုက်ရောက်လာကြသည့်အကြောင်းကို သိတော်မူပြီး ဖြစ်ပေရာ ဖြေလို၍မေးသော အမေးပုစ္ဆာဖြင့် မေးတော်မူခြင်းဖြစ်သည်။

ထိုအခါ အရှင်သာရိပုတ္တရာက “ယနေ့ညနေခင်း ဤဂေါသိင်္ဂ အင်ကြင်းတောအုပ် အထူးသာယာချိန်၌ သံဃာတော်တို့သည် တပည့်တော်အထံသို့ ဆိုက်ရောက်လာကြကာ ရှေးဦးစွာ အနုရုဒ္ဓါထေရ်က ပုစ္ဆာ ဝိသဇ္ဇနာ မေး,ဖြေပုံစံဖြင့် အရှင်မြတ်၏ အရဟံဂုဏ်တော်ကို ချီးကျူးဆွေးနွေးပါသည်ဘုရား”ဟု စတင်လျှောက်ထားလိုက်သောအခါ ဘုရားရှင်က ကောင်းချီး သာဓုသုံးကြိမ် ခေါ်တော်မူသည်။

ထို့နောက် အရှင်ရေဝတ၏ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ဘွဲ့ကိုလည်းကောင်း၊ အရှင်မဟာကဿပ၏ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ဘွဲ့ကိုလည်းကောင်း၊ အရှင်အာနန္ဒာစသော အခြားသံဃာများ၏ ဂုဏ်တော်ဘွဲ့များကိုလည်းကောင်း တစ်ခုစီ၊ တစ်ပါးစီလျှောက်ထားသောအခါ လျှောက်ထားပြီးတိုင်းတွင်ပင် ဘုရားရှင်က သာဓုသုံးကြိမ်ခေါ်၍ ကောင်းချီးပေးတော်မူသည်။

သို့ရာတွင် ဂုဏ်တော်ဘွဲ့စာရင်းတွင် အရှင်မောဂ္ဂလာန် မပါသောကြောင့် ဘုရားရှင်က “သို့ဆိုလျှင် မောဂ္ဂလာန်က အဘယ်ပုံလျှောက်ထားဆွေးနွေးပါသနည်း သာရိပုတ္တရာ”ဟု မေးတော်မူလိုက်သောအခါ အရှင်သာရိပုတ္တရာက “မှန်လှပါ၊ ရှင်မောဂ္ဂလာန်ကမူကား အင်ကြင်းမြိုင် သာယာ၍ ဉာဏ်ပညာပွင့်သောအချိန်၌ ဂုဏ်တော်ကို ချီးကျူးသည်ထက် အဘိဓမ္မာ ဒေသနာကို ကြားနာရလျှင် ပို၍ သင့်လျော်မည်ဖြစ်ကြောင်းလျှောက်ထားချက်အရ အရှင်မြတ်အထံတော်သို့ တရားအဘိဓမ္မာ ကြားနာကြရန် ယခု ဆိုက်ရောက်စည်းဝေးလာကြခြင်း ဖြစ်ပါသည် အရှင်ဘုရား”ဟု လျှောက်ထားသည်။

ထိုအခါတွင်မူ ဘုရားရှင်က သာဓုသံ သုံးကြိမ်မျှမကဘဲ “ချစ်သားတို့...မောဂ္ဂလာန်သည်ကား အချိန်အခါကို သိတတ်ပေ၏။ အချိန်အခါနှင့် လိုက်လျောသော တရားကိုလည်း သိတတ်ပါပေ၏။ မှန်လှပေသည်။ ဤအချိန်သည်ကား

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ပွင့်ချိန်ဖြစ်၍ အဘိဓမ္မာတရားကို ကြားနာရန် အချိန်ပေတည်း”ဟု အရှင်မောဂ္ဂလာန်အား သီးခြား ချီးကျူးမိန့်တော်မူကာ အဘိဓမ္မာတရားကို ဟောကြားတော်မူသည်။

ပန်းပေါင်းစုံတို့ ပွင့်ချိန်၌ သမင်တောတွင် ဟောတော်မူအပ်သော ဓမ္မစကြာ အခါတော်နေ့ကိုလည်းကောင်း၊ မဟာသမယ အခါတော်နေ့ကိုလည်းကောင်း ထူးခြားသော နေ့များအဖြစ် သတ်မှတ်ကြရသည်။

အင်ကြင်းပန်း၊ အင်ကြင်းခက်၊ အင်ကြင်းရနံ့တို့ဖြင့် လွှမ်းခြုံ၍ထားအပ်သော ယနေ့ ဂေါသိင်္ဂ အင်ကြင်းမြိုင် တရားပွဲတော်သည်လည်း ထူးခြားလှသော နေ့တစ်နေ့ ဖြစ်သကဲ့သို့ တန်ခိုးတော်နှင့်စပ်လျှင်သာ အချီးကျူးခံရ၍ တရားတော်နှင့် စပ်လျှင်ကား ချီးကျူးခံရခဲသော အရှင်မောဂ္ဂလာန်အား ချီးကျူးခံရသောကြောင့်လည်း ထူးခြားလှသော နေ့တစ်နေ့ ဖြစ်ပါသတည်း။

◆

www.burmeseclassic.com

www.burmeseclassic.com



# အဖေရို့ အမေရို့

[ ၁ ]

ဝါတော်စဉ်စာရင်းမျှကိုသာကြည့်၍ ကောက်ချက်ချရမည်ဆိုလျှင် ဘုရားရှင်သည် မိမိသက်တမ်းတစ်လျှောက်၌ တောတောင်တို့တွင် သီတင်းအသုံးနည်း၍ မြို့ကြီးပြကြီးတို့၌သာ အနေများခဲ့သည်ဟု ဆိုဖွယ်ရာရှိ၏။

ဝါတော်အစဉ်တွင် မိဂဒါဝုန်၊ ချယားတော၊ သံသုမာရတောအုပ်၊ ပလလည်းတော၊ တမာတော၊ ဇာလိယတောင်၊ ဂိဇ္ဈကုဋ်တောင်၊ ဝေဠုဝရွာ စသည်ဖြင့် သီတင်းသုံးတော်မူရာ တောတောင် ကျေးရွာတို့၏ အမည်များစွာကို တွေ့ရမည်ဖြစ်သော်လည်း ယင်းတောတောင် ကျေးရွာတို့တွင် သီတင်းသုံးမှုများမှာ တစ်ဝါစ နှစ်ဝါစမျှသာဖြစ်၍ ဝါတော်အများစုမှာ သာဝတ္ထိ၊ ရာဇဂြိုဟ် ထိုထိုမြို့ကြီးပြကြီးများ၏ အမည်နှင့်တွဲ၍ တွေ့ကြရမည်ဖြစ်၏။

ဥပမာအားဖြင့် ထိပ်သီးမြို့တော်ဖြစ်သော သာဝတ္ထိ တစ်နေရာတည်း၌ပင် ၂၅ ဝါတိုင်တိုင် သီတင်းသုံးတော်မူသည်။ မြို့တော်အားဖြင့် တစ်နေရာတည်း၊ တစ်မြို့တည်းဟု စာရင်းပေါက်သော်လည်း ကျောင်းတော်အားဖြင့်မူ ဇေတဝန်နှင့် ပုဗ္ဗာရုံတို့ကို အလှည့်ပေး၍ သီတင်းသုံးတော်မူခဲ့သည်။ ရာဇဂြိုဟ် ကောသမ္ဗီ၊ ဝေသာလီ၊ ကပိလဝတ် စသော ဝါဆိုတော်မူရာ ထိုထိုမြို့ကြီးများ၏ စာရင်းကို ယှဉ်တွဲတွေ့ကြရမည်။

ဝါစဉ်တော်စာရင်းတွင် အထူးခြားဆုံးအမည်ကား တာဝတိံသာနတ်ပြည်ဖြစ်၏။ သတ္တမမြောက် ဝါတော်ကို တာဝတိံသာ၌ သီတင်းသုံးတော်မူသည်။ တာဝတိံသာပင်လယ် ကသစ်ပင်ရင်း'ဟု တောအမည် တောရန့်ဖြင့် ယှဉ်တွဲပြထား

www.burmeseclassic.com



သော်လည်း တာဝတိံသာဟူသည် လူ့ပြည် လူ့ရွာတို့ထက် အဆရာ,ထောင်မက သာလွန်သော နတ်တို့ရပ်ဌာန် မဟုတ်ပါလော။

သို့ဆိုလျှင် တောတောင်၏ ငြိမ်းအေးမှုကို မပြတ်ချီးကျူးတော်မူသော ဘုရားရှင်သည် တပည့်သား သံဃာတို့အတွက်သာ ညွှန်ပြ ချီးကျူးတော်မူ၍ မိမိတမူကား ဥရုဝေဠ၊ မိဂဒါဝုန်တို့တွင် ခြောက်နှစ်ကျော်မျှ အားရပါးရ သီတင်းသုံးတော်မူပြီးသည့်နောက် မြို့ရွာတို့တွင်သာ တွယ်တာမှုများခဲ့တော်မူလေတော့သလော။

ဤသို့ကား မဟုတ်ပါပေ။

တစ်နှစ်၏ ဆယ့်နှစ်လရာသီအနက် ဝါတော်ရာသီမှာ သုံးလမျှသာဖြစ်သည်။ ယင်းသုံးလမျှသော အချိန်ကို တရားဓမ္မအရေး၊ တပည့်သားသံဃာ, ဒါယကာတို့အရေး၊ ပစ္စုပ္ပန်သာသနာ, အနာဂတ်သာသနာတော် အရေးအတွက် အကြောင်းအားလျော်စွာ လိုအပ်သလို သီတင်းသုံး ဝါကပ်တော်မူရခြင်းမျှဖြစ်၏။

ဥပမာအားဖြင့် သာဝတ္ထိမြို့တော်တွင် ၂၅ ဝါတိုင်မျှ အချိန်ပေးတော်မူခြင်းမှာ ကြီးစွာသောအကြောင်းရှိ၏။ ယင်းအကြောင်းသည်ကား သာဝတ္ထိသည် အရိယာနွယ်ဝင် တရားရှင်တို့ ကိုးကုဋေကျော်အထိ စာရင်းပေါက်သော မြို့တော်ပေတည်း။

တစ်နည်းအားဖြင့် သာသနာတော်အမြင်ဖြင့်ကြည့်လျှင် သာဝတ္ထိသည် အရိယာမြို့တော်ဟုပင် ခေါ်နိုင်စလောက်၏။ ယင်းအရိယာသူတော်စင်တို့၏ ခ,ယမ်းရှိညွှတ်မှုကို ငဲ့ညှာတော်မူရခြင်းမှာ ကြီးစွာသောအကြောင်းတစ်ရပ် ဖြစ်ပေ၏။

တစ်ကြောင်းမှာလည်း ခေါင်းဆောင် အကြီးအမှူးတို့မည်သည် မနေချင်သော်လည်း နေရ။ မပြောချင်သော်လည်း ပြောရသော ထိန်းသိမ်းကွပ်ကဲမှုတာဝန်ရှိ၏။ သာဝတ္ထိသည် အရိယာ ဒါယကာ ဒါယိကာမတို့သာမက အတွင်းသား တပည့်သံဃာတို့ အများဆုံး သီတင်းသုံးတော်မူရာ သာသနာ့မြို့တော်ဖြစ်ပေရာ ယင်းတပည့် သံဃာများကို ထိန်းသိမ်းရေးတာဝန်အရ ဝါဆိုသီတင်းသုံးတော်မူရခြင်းလည်း ဖြစ်၏။

တစ်ကြောင်းအားဖြင့်လည်း ဘုရားရှင် ဘက်တော်မှ ငဲ့ညှာစဉ်းစားဖို့ ရှိပေသေးသည်။

ဘုရားရှင်သည် သက်တော် ၃၅ နှစ်အရွယ်တွင်မှ ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူခဲ့ရသည်။ ၃၅ နှစ်ဟူသော အသက်သည် နုပျိုသေးသည်ဟု ဆိုနိုင်သော်လည်း ယောဘုယျသက်တမ်းနှင့် နှိုင်းယှဉ်လျှင်ကား ထက်ဝက်နီးပါးမျှ ရှိခဲ့ပေပြီ။ သို့ရာ

www.burmeseclassic.com

www.burmeseclassic.com



တွင် သတ္တဝါတို့အား ကယ်ချွတ်မှုရည်မှန်းချက် ကြီးတော်မူသည့်အလျောက် ပထမ ဗောဓိဟုဆိုအပ်သော ဝါတော် ၂၀ အတွင်း၌ မည်သည့်နေရာကိုမျှမရှောင်၊ မည်သည့်ခရီးကိုမျှ မသွေဖည်၊ မည်သည့်အခက်အခဲမျိုးကိုမျှ မရေတွက်ဘဲ သတ္တဝါ ကယ်တင်မှု သာသနာတော်ပြန့်ပွားမှု ကိစ္စတော်များကို ဆောင်ရွက်တော်မူခဲ့သည်။ ဝါတော် ၂၀ ဟူသည်ကား သက်တော် ၅၅ လူကြီးပိုင်းသို့ သိသိသာသာ ချဉ်းနင်း ဝင်ရောက်ခဲ့ပေပြီ။

ဘုရားဖြစ်တော်မမူမီ မဟာဗုဒ္ဓဝင် အစဉ်အဆက်၌ မည်သည့်ဘုရားရှင်နှင့်မျှ မတူအောင် ပင်ပန်းတော်မူခဲ့ရသည်ကလည်း ရှိပေသေး၏။ ဥရုဝေဠတွင် တရား အလုပ်ကို ကျားကုတ်ကျားခဲ ခြောက်နှစ်တိုင်တိုင် ကျင့်ကြံအားထုတ်တော်မူစဉ်က ခန္ဓာကိုယ် ပြိုလဲသည်အထိ ပင်ပန်းတော်မူခဲ့ရသည် မဟုတ်ပါလော။ ခန္ဓာကိုယ် နုပျိုချိန် တက်သစ်ဆဲအရွယ်ဖြစ်၍သာ တော်ပေရော့သည်။

သို့ဖြစ်ရာ ဒုတိယဗောဓိဟု ဆိုအပ်သော ဝါတော် ၂၀ ကျော် အရွယ်၌မူ လူကြီးပိုင်းသို့ ရောက်လာပြီဖြစ်ပေရာ သက်သက်သာသာ နေတော်မူသင့်လှသည့် အရွယ်သို့ ရောက်ခဲ့ပေပြီ။ သို့ရာတွင် သာဝတ္ထိ၌ ၂၄ ဝါမျှ အစဉ်အတိုင်း ဝါဆို တော်မူခြင်းသည် သာဝတ္ထိ၌ ၂၄ နှစ်လုံးလုံး သက်သက်သာသာ နေထိုင်တော်မူ သည်ဟု အဓိပ္ပာယ်သက်ရောက်ပါသလော။

ဤသို့လည်း မဟုတ်ပါချေ။

ဝါတော် သို့မဟုတ် ဝါဆိုသည်ဟူသော ဝေါဟာရသည် တစ်နှစ်၏ သုံးလပိုင်း မျှသော အချိန်ကာလဖြင့် အကြင်ရဟန်းတစ်ပါး၏ သိက္ခာတော် အသက်ကို ရေတွက်နိုင်ခြင်းကိစ္စမျှသာဖြစ်၍ ကျန်သော ကိုးလပိုင်း တစ်နှစ်အတွင်း၌ ထိုနေရာ တွင်သာ သီတင်းသုံးသည်ဟု အဓိပ္ပာယ် မသက်ရောက်ပါပေ။

ယင်းသို့လျှင် သက်တော်နောက်ပိုင်း၌ သာဝတ္ထိတွင် ဝါတော်ဆက်လျက် စာရင်းပေါက်သော်လည်း ဝါတော် ရာသီမှအပဖြစ်သော အချိန်အခါများတွင်ကား အခွင့်သာလျှင် သာသလောက် ဂိဇ္ဈကုဋ်၊ ဝေဘာဂီရိ စသော ထိုထိုတောတောင် တို့တွင် ဆိတ်ငြိမ်မှု ဝိဝေကကို ရှာခဲ့သည်သာဖြစ်သည်။

ယခုနှစ်စ ဝါတော်စဉ်သည်လည်း သာဝတ္ထိမှာပင် စာရင်းပေါက်၏။ သို့ရာတွင် သီတင်းဝါလကျွတ်၍ ခြေခင်း လက်ခင်းသာသည်နှင့် တစ်ပြိုင်နက် သီတင်းသုံး တော်မူသည်ကား သာကေတမြို့အနီးမှ အဉ္စနတောအုပ်တွင်သာ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေးအခါက တောတောင် လျှိုမြောင် ဂူလိုဏ်တို့အတွင်း၌ ကေစာပျော်တော်မူသည်ဆိုလျှင် ရံဖန် တပည့်ကြီးတစ်ပါးပါး လိုက်ပါ၍ ရံဖန်တွင်လည်း တစ်ပါးတည်း သီတင်းသုံးသည်များ ရှိခဲ့၏။

ဘုရားရှင် ထံတော်ပါး၌ သုနက္ခတ္တ ရဟန်းတို့လို၊ မေဃိယရဟန်းတို့လို နောက်ပိုင်းတွင် ရှင်အာနန္ဒာတို့လို အလုပ်အကျွေးဟူ၍ သတ်သတ်မှတ်မှတ် မရှိခဲ့စဉ်က တပည့်ကြီး တစ်ပါးပါးသည် ဘုရားရှင်၏အလိုတော်ကိုကြည့်ကာ အလုပ်အကျွေးအဖြစ် ချဉ်းကပ်နေမြဲဖြစ်၏။ ထိုအခါ ဘုရားရှင်အဖို့ ကေစာတစ်ပါးတည်းနေလိုတော်မူလျှင် မိမိထံပါးသို့ မည်သည့်ရက် အပိုင်းအခြားအတွင်း မည်သည့် ရဟန်းမျှ မလာရဟုပင် သတ်မှတ်တော်မူခဲ့မှုများ ရှိခဲ့သည်။

ယခုကဲ့သို့ သက်ကြီးရွယ်အိုပိုင်းသို့ ရောက်လာသည့်အခါတွင်မူ ဘုရားရှင်အလိုတော် ရှိသည်,မရှိသည် အပထား၍ သက်ရွယ်ကြီးရင့်မှုကို ထောက်ထားကာ တောတွင် သီတင်းသုံးသည်ဖြစ်စေ၊ မြို့တွင် သီတင်းသုံးသည်ဖြစ်စေ ရဟန်းအများပင် ဝိုင်းရံလျက် ရှိနေကြပေသည်။

ယခုလည်း အဥ္စနတောအုပ်တွင် ဆိတ်ငြိမ်မှုအတွက် သီတင်းသုံးလျက်ရှိစေကာမူ ရဟန်းအများ ဝိုင်းရံလျက်ရှိနေပေသည်။ အဥ္စနတောအုပ်မှ ဘုရားရှင်နှင့် ရဟန်းတော်များအတွက် ဆွမ်းခံရွာကား သာကေတမြို့ပေတည်း။

[ ၂ ]

သာကေတသည် သာဝတ္ထိ၏ မနီးမဝေးတွင်ရှိ၍ သာဝတ္ထိ၏ အရံမြို့တစ်မြို့အဖြစ် သိမှတ်ထားကြ၏။ သို့ရာတွင် သာဝတ္ထိမှ ပိုလျှံသောအိုးအိမ်၊ ပိုလျှံသောသူများနှင့် တည်ဆောက်ထားသော တိုးချဲ့မြို့ကား မဟုတ်။ တစ်ချိန်သောအခါက သာဝတ္ထိမြို့နှင့်ပင် ယှဉ်ပြိုင်ရန်အတွက် ရာဇဂြိုဟ်မှရောက်လာသော ဝိသာခါတို့၏ ဖခင် ဓနဥ္စယသူဌေးက အမည်ကိုပင် ဆင်ဆင်ပေးကာ ဖွဲ့နှင့်မာန်နှင့် တည်ထောင်ခဲ့သော မြို့ဖြစ်သည်။

ကောသလတိုင်း (သာဝတ္ထိ)နှင့် မာဂဓတိုင်း (ရာဇဂြိုဟ်)တို့သည် နီးတကျက်ကျက် ဝေးတသက်သက် နိုင်ငံများဖြစ်ခဲ့ကြသည်။ ရံဖန်အခါ၌ အကြောင်းတစ်ခုခုဖြင့် နိုင်ငံအချင်းချင်း စစ်ခင်းကြရ၏။ ရံဖန်၌မူ ချစ်ကြည်ကြပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်တစ်ဆူ နိုင်ငံတစ်ခုဖြစ်လာပြီဆိုလျှင် စစ်အင်ခင်းကျင်းရမည်ဆိုသည်မှာ ထိုစဉ်က ဘုရင်များ၊ နိုင်ငံများ၏ အစဉ်အလာ မူဝါဒတစ်ရပ်ဖြစ်၏။ နိုင်ငံတစ်ခုသည် အကြီးဆုံးသောအင်အားရှိရမည်။ ဘုရင်တစ်ပါးသည် မိမိနိုင်ငံဖြင့် မတင်းတိမ်ရ။ ဘုရင်သည် အကြီးမားဆုံးသော သတ္တိရှင်၊ အင်အားရှင် ဖြစ်ရမည်။ ထို့ကြောင့် အကြီးဆုံးသော နိုင်ငံဖြစ်နိုင်ရန် သူတစ်ပါးနိုင်ငံကို တိုက်ခိုက်တိုးချဲ့သည်။ အကြီးဆုံးသော သတ္တိရှင်အဖြစ် ထိပ်ဆုံးမှ ဦးဆောင်၍တိုက်ခိုက်သည်။

ဘုရင်ဖြစ်ပါလျက် စစ်မထိုးလျှင် သို့မဟုတ် မိမိနိုင်ငံ မိမိအင်အားမျှဖြင့် တင်းတိမ်၍နေလျှင် ထိုဘုရင်သည် ဘုရင်မပီသသော ဘုရင်ညံ့အဖြစ် ပူရဏ်ကျမ်းဂန်များက ညွှန်ပြသည်။ ပညာရှိများက စစ်အင်အားခင်းကျင်းနည်းဆိုင်ရာကျမ်းကြီးများကို ရေးသားသည်။ ထို့ကြောင့် မိမိအင်အားကို ပြခြင်းနှင့်အတူ နယ်ချဲ့ရန်အတွက်သော်လည်းကောင်း၊ အမျိုးသမီးပြဿနာ၊ နယ်စပ်ပြဿနာ စသော သာမန်ပြဿနာကလေးများကြောင့်သော်လည်းကောင်း စစ်တိုက်ကြသည်။ သို့နှင့် ရှေးဟောင်း သမိုင်းတစ်လျှောက်တွင် စစ်ပွဲများ မပြတ်ရှိခဲ့ရကား သမိုင်းဟူသည် စစ်ပွဲများ၏ အကြောင်းရပ်ပမာပင် ဖြစ်ခဲ့ရသည်။

မဇ္ဈိမမြောက်ပိုင်းမှ ထိပ်သီးနိုင်ငံကြီးနှစ်ခုဖြစ်သော သာဝတ္ထိနှင့် မာဂဓတို့သည်လည်း ဤနည်းဤနှယ်ပင် ဖြစ်ခဲ့၏။ သို့ရာတွင် တစ်ဖက်တွင်လည်း ကောသလဘုရင်နှင့် ဗိမ္ဗိသာရဘုရင်တို့မှာ မောင်လှယ် နှမလှယ် ရင်းနှီးပြီးသူများ ဖြစ်ကြသည့်အတိုင်း ရံဖန်ရံခါ၌လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရွှေလမ်း ငွေလမ်း မေတ္တာလမ်းဖွင့်ကြပြန်သည်။

အထူးသဖြင့် မေတ္တာဝါဒီဘုရားရှင် ပွင့်ပေါ်တော်မူလာသောအချိန်၌ နှစ်နိုင်ငံလုံးမှာ ဘုရားရှင်၏ မေတ္တာကွန်ရက်၊ တရားတော် ဓမ္မစက်အောက်သို့ ရောက်လာခဲ့ကြပေရာ စစ်မက်ငြိမ်းချမ်းသော အချိန်အခါဖြစ်လာရပေ၏။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရေးဆိုင်ရာကိစ္စများ ကူးလူးဆက်ဆံကြ၏။

ယင်းသို့ဖြင့် သူဌေးတွေပေါများလှသောကြောင့် ရွှေငွေရတနာများကို မြေပြင်တွင်ပင် စုပုံထားရလောက်အောင် ပြည့်စုံသော သာဝတ္ထိက ရာဇဂြိုဟ်သို့ သူဌေးတောင်းသော ကောသလဘုရင်၏ စိတ်ကူးမှာ အဆင်မပြေလှသော်လည်း ချစ်ကြည်ရေးဆိုင်ရာ အစီအစဉ် ရာဇပရိယာယ်တစ်ရပ်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအစီအစဉ်ဖြင့် ရာဇဂြိုဟ်၏နာမည်ကျော်သူဌေးကြီးငါးဦးအနက် မေဏ္ဍက သူဌေး၏ သားဖြစ်သော ဓနဉ္စယသည် သာဝတ္ထိသို့ ဘုရင်အသိအမှတ်ပြု သူဌေး ဘွဲ့ထူးခံရန် ဝင်ကြွားစွာရောက်လာခဲ့ပေသည်။

ရောက်လာသည်ဆိုရာ၌ ဘုရင့်သူဌေးကြီးဟူသည် မြို့တော် သာဝတ္ထိတွင် နေရမည်ဖြစ်သော်လည်း ဓနဉ္စယကား သာဝတ္ထိသို့မလာ၊ မိမိပစ္စည်း, မိမိအင်အား အသိုင်းအဝိုင်းဖြင့် သာဝတ္ထိတွင် မနေလောက်ဟုဆိုကာ သာဝတ္ထိအနီးတွင် မြို့သစ် တည်ထောင်၍ နေသည်။ သာဝတ္ထိနှင့် အမည်ဆင် သာကေတဟုပေး၏။ စင်စစ် သော်ကား တိုင်းတစ်ပါးသား သူဌေးဓနဉ္စယက ဖွင့်၍ပင်မပြောသော်လည်း အခွင့် သာခိုက် သာဝတ္ထိကို ဂုဏ်ပြိုင်လာခြင်းပင် ဖြစ်ပေသည်။

သမီးဖြစ်သူ ဝိသာခါ၏ မင်္ဂလာပွဲတွင် ကောသလဘုရင်ကိုယ်တိုင်နှင့် အသိုင်း အဝိုင်း တစ်ဖွဲ့လုံးပါ သာကေတသို့ ရွှေ့ပြောင်းကာ လေးလတိုင်တိုင် နေထိုင်ခဲ့သော မြို့ဖြစ်၏။ တစ်မြို့လုံးကို ရာဇဂြိုဟ်မှ မိမိအဆက်အနွယ် ပစ္စည်းရှင်တို့ဖြင့် ပြည့် နှက်စေသည်။ တစ်မြို့လုံး စိတ်ကူးရသမျှ အလှအပခြယ်မှုန်းသည်။ ယင်းသို့ဖြင့် သာကေတသည် မြို့တော်သာဝတ္ထိလို စည်ကားကျယ်ပြန့်မှုဖြင့် မသာနိုင်ခဲ့သော် လည်း ကျစ်လျစ်ပြည့်စုံမှု၊ မိမိအင်အားအလျောက် စည်ပင်မှုတွင်ကား နာမည်ရ မြို့တစ်မြို့ဖြစ်လာခဲ့လေသည်။

အချို့က တည်ထောင်သူ ဓနဉ္စယကို ဂုဏ်ပြုသောအားဖြင့် "ဓနဉ္စယမြို့"ဟု ခေါ်ကြ၏။ ဓနဉ္စယ ကွယ်လွန်၍ နောင်ခါတွင် ဝိသာခါ၏ ဆက်လက်ထိန်းသိမ်းမှု လက်အောက်သို့ ရောက်လာသောအခါ အချို့က "ဝိသာခါမြို့"ဟု ခေါ်ကြပြန် သည်။

ဝိသာခါသည် ဇေတဝန်နှင့်အပြိုင် ပုဗ္ဗာရုံကျောင်းတော်ကြီးကို ဆောက်လုပ် ရန် ဘုရားရှင်ထံ ခွင့်တောင်းသောအခါက ဘုရားရှင်က သာဝတ္ထိနှင့် မနီးမဝေးဖြစ် သော သာကေတတွင် ခွင့်ပြုခဲ့ပါလျှင် ကောင်းပေစွဟု မိမိ၏သံယောဇဉ် လက်ဝှတ် ကြောင့် ဝိုးတဝါးမျှော်လင့်မိခဲ့ဖူးသည်။ သို့ရာတွင် ကျောင်းအမှန်လိုအပ်သည်ကား သာဝတ္ထိဖြစ်သည်ကို မိမိစိတ်ရင်းကမူ သိပြီးဖြစ်သည်။ အကြောင်းမူကား သာဝတ္ထိ တွင်သာ ရဟန်းတော်တို့ ပြည့်ကျပ်လျက်ရှိနေပေသည်။ သာဝတ္ထိဝန်းကျင်တွင် ကျောင်းကြီးများ တစ်ကျောင်းပြီးတစ်ကျောင်း ပေါ်ပေါက်လာပါလျက်နှင့်ပင် မလုံ လောက်နိုင်ခဲ့ပေ။ ထို့ကြောင့် သာကေတကို သံယောဇဉ်ပင် ရှိစေကာမူ အမှန်လိုအင်

www.burmeseclassic.com

www.burmeseclassic.com



သော သာဝတ္ထိတွင် ဘုရားရှင်၏အမိန့်တော်အရ ဝမ်းမြောက်ဝမ်းသာနှင့်ပင် ဆောက်ခဲ့ရသည်။

ယခုသော် ဘုရားရှင်က သာကေတကို အလှည့်ပေးတော်မူလာပြီ ဖြစ်၏။

[ ၃ ]

ပေးဟန်ကား ညဉ့်ဘက်တွင် သာကေတမြို့အနီးရှိ အဥ္စနတောအုပ်၊ သို့မဟုတ် အဉ္ဇနတောအုပ်တွင် သံဃာတော်များနှင့်အတူ သီတင်းသုံးတော်မူ၍ ဆွမ်းခံချိန်တွင် နောက်တော်ပါ သံဃာများနှင့်အတူ သာကေတမြို့တွင်းသို့ တခမ်းတနား ဆွမ်းခံကြွတော်မူကာ သာကေတမြို့တွင်ပင် နေ့သန့်တော်မူသည်။

နောက်တော်ပါ သံဃာအများနှင့် ဆွမ်းခံကြွတော်မူခြင်းဟူသည်မှာ ရံဖန်ရံခါမှ ပြုလုပ်နိုင်သည်။ အကြောင်းမှာ သံဃာတန်းကြီးဖြင့် ဆွမ်းခံကြွခြင်းသည် သံဃာတစ်ပါးချင်း နှစ်ပါးချင်း အမြင်ထက် ကြည်ညိုဖွယ်ကိုဆောင်သည် မှန်ပါ၏။ သို့ရာတွင် ကြိုတင်စီစဉ်မထားခဲ့လျှင် သံဃာအများအတွက် ဆွမ်းခံမှုကိစ္စမှာ ဒါယကာ ဒါယိကာမများအဖို့ ရုတ်ခြည်းကိစ္စဖြစ်၍ ဗျာပါရ များတတ်ကြရသည်။

ကပိလဝတ်သို့ ပထမအကြိမ် ရောက်တော်မူစဉ်က သံဃာတော်ပေါင်း တစ်သောင်းကျော်ဖြင့် ကြိုတင်အစီအစဉ်မရှိဘဲနှင့် ကပိလဝတ်နိုင်ငံတော်အတွင်းသို့ ဆွမ်းခံဝင်ခဲ့ဖူးသည်။ သို့ရာတွင် ဤကိစ္စမှာ ဆွမ်းရမှု, မရမှုသည် အဓိကမဟုတ်၊ သံဃာ့အင်အား, သာသနာ့အင်အားကို ပြတော်မူခြင်းဖြစ်သည်။

ရာဇဂြိုဟ်တွင် ဒေဝဒတ်နှင့် အဇာတသတ်တို့က ဘုရားရှင်အား နာဠာဂီရိဖြင့် တိုက်သတ်ရန် စီစဉ်သည့်နံနက်က တစ်မြို့လုံးရှိ သံဃာတော်များကို စုရုံးစေကာ နောက်ပါသံဃာတော် အမြောက်အမြားဖြင့် ဆွမ်းခံထွက်တော်မူကြီး ထွက်ကြွတော်မူခဲ့ကြစဉ်ကလည်း ဆွမ်းရမှု, မရမှုကိစ္စသည် ပဓာနမဟုတ်၊ မေတ္တာနှင့် ဒေါသတို့ စစ်ခင်းပွဲတွင် မေတ္တာ၏အစွမ်းကို ပြတော်မူရန်ဖြစ်သည်။

ယခု နောက်ပါသံဃာတော် အမြောက်အမြားဖြင့် တစ်နေ့တစ်ရက်မျှမက နေ့စဉ်နေ့တိုင်း သာကေတမြို့တွင်းသို့ ဆွမ်းခံဝင်ခြင်းမှာကား အစီအစဉ်ကျကျ ပြုလုပ်ခြင်းဖြစ်သည်။ ယင်းအစီအစဉ်ကို သာကေတမြို့၏ မိခင်ဖြစ်သော ကျောင်းအမကြီး ဝိသာခါက ပြုလုပ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤအချိန်ကား တတိယဗောဓိဟုဆိုအပ်သော ဘုရားရှင်၏ သက်တော် နောက်ပိုင်းသို့ ကျရောက်ခဲ့ပေပြီ။ ရှစ်ဆယ်အနီးသို့ ကပ်နေပေပြီ။ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန် စသော တပည့်သာဝကကြီးများလည်း အိုမင်းကုန်ကြပြီ။ ကွယ်လွန်သူလည်း ကွယ်လွန်ကုန်ကြပြီ။ အလုပ်ကျွေးအဖြစ် တက်တက်ကြွကြွပင် ရှိစေကာမူ ဘုရားရှင်နှင့် သက်တော် မတိမ်းမယိမ်းမျှပင်ရှိသော အရှင်အာနန္ဒာကိုယ်တိုင်သည်လည်း ဦးခေါင်းဖွေးဖွေးဖြူခဲ့ပြီ။ စံပြမယ်ကလေး ဝိသာခါ၊ အမေဝိသာခါ၊ အမေကြီးဝိသာခါဘဝမှ အဘွားကြီးဝိသာခါအဖြစ်သို့ ရောက်ခဲ့ပေပြီ။

သာကေတတွင် ဘုရားရှင့်နောက်တော်ပါ သံဃာတော်အင်အားကလည်း များပြားလှစွာ၏။ အကြောင်းကား–သံဃာအများသည် ယခင်အခါများက အကြောင်းအားလျော်စွာ ထိုထိုရပ်ရွာ တောတောင်များတွင် အလျဉ်းသင့်သလိုသာ တကွဲတပြားသီတင်းသုံးခဲ့ကြရာမှ သက်တော်ရွယ်တော် ကြီးရင့်လှပြီဖြစ်သော ဘုရားရှင်နှင့် ရှင်သာရိပုတ္တရာ စသော မိမိတို့ဥပဇ္ဈာယ်ဆရာများထံသို့ အကြောင်းကြုံလျှင် ဆေးပေး မီးယူ ဆိုသကဲ့သို့ အလွယ်တကူလုပ်ကျွေးပြုစုနိုင်ရန် ဝိုင်းရုံလာကြသောကြောင့် ဖြစ်၏။

ပြောလိုသည်ကား သာကေတသို့ ယခုကဲ့သို့ ဆွမ်းခံဝင်ချိန်များမှာ ဘုရားရှင်စသော ထေရ်ကြီးဝါရင့်တို့ ပြည့်နှက်၍နေသောကြောင့် သာသနာ့ကျက်သရေကို နက်ရှိုင်းစွာဆောင်သည်။ သာကေတတစ်မြို့လုံးကို သင်္ကန်းတော်ရောင် လွှမ်းသော အချိန်ဖြစ်၏။

ဆွမ်းလောင်းနေရာများစွာတွင် ကျောင်းအမကြီးဝိသာခါတို့အဖွဲ့က ဦးဆောင်၍ အမွန်အကောင်း ဆွမ်း,ကွမ်းကိစ္စများကို နေ့စဉ်စီစဉ်ပေးသည်။ ဆွမ်းခံလမ်းတစ်လျှောက်လုံးကို အလှအပပြင်ဆင်သည်။ နေရာများစွာတွင် မဏ္ဍပ်တဲကျောင်းများကို ဆောက်လုပ်သည်။ အကြောင်းမူကား ဘုရားရှင်နှင့် သံဃာတော်အားလုံးပင် ဆွမ်းခံဆွမ်းစား ကိစ္စပြီးသည့်နောက် သာကေတမြို့အတွင်းရှိ ထိုထိုတဲကျောင်းများ၌ပင် နေ့သန့်တော်မူကြသောကြောင့် ဖြစ်၏။

ဤတွင် အမေရို့ အဖေရို့နှင့် တွေ့သတည်း။

စင်စစ်သော်ကား–အမေရို့ အဖေရို့နှင့် တွေ့ကြုံခြင်းမှာ အကြောင်းအားလျော်စွာ တွေ့လာကြုံခြင်းမဟုတ်၊ ကယ်ချွတ်ရန် ကိစ္စကြုံလာလျှင် ယခုကဲ့သို့ လှလှပပ ကိစ္စမျိုးသာမဟုတ်၊ ဇမ္ဗူတလူအမည်ခံ ဇမ္ဗူက ရဟန်းတို့လို ညစ်ပေသောကိစ္စမျိုး

www.burmeseclassic.com

www.burmeseclassic.com



အာဠာဝက, အင်္ဂုလိမာလတို့လို ကြမ်းကြမ်းခက်ခက်ကိစ္စမျိုး၊ ဗကဗြဟ္မာ, သစ္စက ပရဗိုဇ်တို့လို ခဲခဲကတ်ကတ် ကိစ္စမျိုးတို့၌ပင် ရွှေဉာဏ်တော် ပြင်ဆင်ကယ်ချွတ်တော်မူခဲ့သော ဘုရားရှင်က အဋ္ဌနတောတွင် သီတင်းသုံးကာ သာကေတတွင် ဆွမ်းခံဝင်ခြင်းဖြင့် အစီအစဉ် တမင်ပြုလုပ်တော်မူခဲ့ခြင်းမျှဖြစ်၏။

အမေရို့ အဖေရို့ဟူသည်ကား သာကေတမှ အဘိုးကြီး နကုလပိတာနှင့် အဘွားကြီး နကုလမာတာတို့ပေတည်း။

အဘိုးကြီးနှင့် အဘွားကြီးတို့သည် ဝိသာခါ၏ဖခင် ဓနဉ္စယက ဤသာကေတကို တည်ထောင်စဉ်ကပင် အခြေစိုက်ခဲ့ကြသော မျိုးကြီးရိုးကြီး သူကြွယ်မောင်နှံဖြစ်ကြ၏။ နဂိုကပင် အေးအေးငြိမ်ငြိမ် နေလေ့ရှိခဲ့ကြသည့်အပေါ်တွင် သက်ရွယ်ကြီးရင့်လာသောအခါ ရပ်ရွာကိစ္စ၊ ထိုထိုလုပ်ရှားမှု မှန်သမျှတွင် ပါဝင်လေသည် မရှိဘဲ ပို၍တည်ငြိမ်လာကြသည်။ သက်ရွယ်အားဖြင့်လည်း ကိုးဆယ်ကျော် တစ်ရာတွင်းသို့ပင် ချဉ်းနင်းဝင်ရောက်ခဲ့ကြပေပြီ။

သို့သော် ယနေ့အချိန်တွင်မူ သူရို့၏ သံယောဇဉ်အရှင်မဟု ဆိုနိုင်သော အဘွားကြီး ဝိသာခါက ဦးဆောင်၍ ဘုရားရှင်ကိစ္စ၊ သံဃာ့ကိစ္စ၊ ဆွမ်းကိစ္စများကို နေ့စဉ်နှင့်အမျှ တလှုပ်လှုပ်တကြွကြွဖြင့် သာကေတတစ်မြို့လုံး အုတ်အုတ်ကျက်ကျက်မျှ ဆောင်ရွက်နေကြသည်ကို သိမြင်လာသောအခါ ငြိမ်းအေးမှုကုသိုလ်ရေးကိစ္စများဖြစ်သောကြောင့် အဘိုးကြီး အဘွားကြီးများကိုယ်တိုင် မိမိတို့ခန္ဓာကိုယ်များကို မနိုင်တနိုင်တော့သည် ဖြစ်လျက်နှင့်ပင် ပါဝင်လာကြသည်။

ဤတွင် မြို့လယ် ဗဟိုမဏ္ဍပ်၌ ဆွမ်းကိစ္စပြီးစီးသည့်နောက် အကြောင်းအားလျော်စွာ ဒေသနာတရား မိန့်ကြားရင်း ရှေ့တော်မှောက်သို့ အဘိုးကြီး အဘွားကြီးရောက်လာကြသည်။ ရှေ့တော်မှောက်သို့ရောက်၍ ဘုရားရှင်အား ဖူးမြင်လိုက်ရသည်နှင့် တစ်ပြိုင်နက်ပင် ဇရာကြောင့် တလှုပ်လှုပ်တရွရွမျှဖြင့် သားများ၊ မြေးများကပင် ထိန်းမ,တွဲကူ၍ လာရသော အဘိုးကြီး အဘွားကြီးတို့သည် ရုတ်ခြည်းပင် ကြည်ရွှင်တက်ကြွသောအသွင်သို့ ကူးပြောင်းကာ ဘုရားရှင်အား သူရို့သား ငါရို့သားဟု မဟားတရားဟုပင် ဆိုရလောက်အောင် စွပ်စွဲပါလေတော့၏။

သာမန်စွပ်စွဲရုံမျှမဟုတ်၊ ဘုရားရှင်ထံတော်အနီးသို့ အတင်းပင် ချဉ်းနင်းတိုးကပ်၍လာကြကာ ခြေတော် လက်တော်တို့ကို ဆုပ်ကိုင်သည်။ နမ်းရှုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးကမူ ဘုရားရှင်အား ပွေ့ချီလေတော့မယောင်ပင် ဟန်ပြင်လိုက်သည်ကို တွေ့ကြရသည်။

"အမေ့သားကြီး၊ ငါ့သားကြီး...သည်လောက်ကြာအောင် အမေ အဖေတို့ကို ပစ်ပယ်ထားနိုင်ရက်သော်ကော။ ဘယ်များ သွားနေရတာလဲ။ အခုမှပဲ တွေ့ရတော့တယ်။ အမေ အဖေတို့ရဲ့အပေါ် စိမ်းကားနိုင်လှပါချည့် သားကြီးရယ်..."

အနီးရှိ ရဟန်းတော်များနှင့် ဒါယကာ ဒါယိကာမတို့က အိုမင်းလွန်းလှပြီဖြစ်သော အဘိုးကြီး အဘွားကြီးများအား သူငယ်ပြန်သည်ဆိုကာ ပြုံးကြ၏။

လူအို လူမင်းများ အပြုအမူ တစ်စုံတစ်ရာ ထူးခြားလျှင် သူငယ်ပြန်သည်ဟု စွပ်စွဲဆုံးဖြတ်တတ်ကြသည်။ ယေဘုယျအားဖြင့် ဟုတ်မှန်ပါလိမ့်မည်။ သို့ရာတွင် ဤအဘိုးကြီး အဘွားကြီးများသည်ကား အကယ်ပင် သူငယ်ပြန်ခြင်း ဟုတ်ပါ၏လော။

တစ်ကြောင်းမှာလည်း လူကြီးများသည် လူငယ်များကို မေတ္တာသက်ဝင်လာလျှင် မိမိတို့ကိုယ်ကို မိခင် ဖခင် အသွင်ထား၍ သုံးနှုန်းဆက်ဆံတတ်ကြသည်။ သို့ရာတွင် ယေဘုယျမေတ္တာ၏ အခိုးအငွေ့အဖြစ် နေရာထား သုံးနှုန်းခြင်းမျှသာ ဖြစ်၍ အကယ် မိခင်,ဖခင် အစစ်နှင့်ကား မတူနိုင်။ ဥပမာအားဖြင့် အဘွားကြီး ဝိသာခါအား သံဃာ့မိခင်ကြီးအဖြစ် သုံးနှုန်းသိမှတ် ပြောဆိုလာခဲ့ကြသည်မှာ ကြာမြင့်ခဲ့လေပြီ။ သံဃာတော်များက မိခင်သဖွယ် ဂရုစိုက်လွန်းသောကြောင့် မေတ္တာသဘောဖြင့် သင့်တင့်လျောက်ပတ်စွာ အသုံးပြုခြင်းမျှဖြစ်၏။ အကယ်မိခင်နှင့်ကား မတူနိုင်ပါပေ။

ယခု အဘိုးကြီး အဘွားကြီးတို့ကား ဘုရားရှင်အား နဖူးတွေ့ ဒူးတွေ့ ဖူးတွေ့ ရပြီးခိုက်မှစ၍ သူ့ရို့ကိုယ်သူရို့ ဘုရားရှင်၏ မိခင် ဖခင်ဟု တပ်တပ်ထင်ထင်ကြီး စွပ်စွဲပြောဆိုနေကြပေပြီ။ အမူအရာအားဖြင့်လည်း မိခင် ဖခင်ပမာ လှုပ်ရှားနေကြလေပြီ။ သူတို့အမူအရာမှာ သာမန်မေတ္တာ၊ သာမန်အပြုအမူမျှမကပေ။ နှစ်,လများစွာ ကွဲကွာနေသော သားကြီးသြရသကို အကယ်ပင် ပြန်လည်တွေ့ရှိရသည့် တကယ့်မိခင်၊ အကယ့်ဖခင်တို့၏ အမူအရာဖြင့် စွပ်စွဲချဉ်းကပ်နေသည်ကို အံ့သြစွာ တွေ့ရှိကြရပေသည်။

စဉ်းစားရခက်သည်ကား ယင်းသို့သော စွပ်စွဲမှု၊ မိရင်းဖရင်းပမာ မိမိအနီးသို့ ရင်းနှီးစွာ ချဉ်းကပ်သုံးသပ်မှုများကို ဘုရားရှင်ကိုယ်တော်တိုင်က တစ်စုံတစ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ငြင်းပယ်မှုမရှိဘဲ အဘိုးကြီး အဘွားကြီးများ၏ အလိုကြိုက် အလိုသင့်စွာပင် ပြုံးရွှင်စွာ ခံယူတော်မူနေခြင်း ဖြစ်ပေသည်။

ဘုရားရှင်၏ ခြေဖျားတော် ခြေဖမိုးတော်လောက်အထိမျှကို လူသာမန်များ အပါအဝင် ရဟန်းတော်အစရှိသည်တို့က ဦးညွတ်ရှိသေလှစွာဖြင့် ထိကိုင်သုံးသပ် ရှိခိုးခြင်းဟူသည် အမြင့်ဆုံးသော ရိုသေသမှုအပြုအမူပင်ဖြစ်၏။ ကြီးမြတ်သော ဘုရားရှင်တို့၏ ခန္ဓာကိုယ်တော် အသွေးတော် အသားတော်ဟူသည် သာမန်လူသားမှ နတ်ဗြဟ္မာတို့အထိပင် ခြေဖဝါးတော်၊ ခြေဖမိုးတော်မှလွန်၍ ထိကိုင်ဝံ့ဖို့ဆိုသည်မှာ ခက်ခဲလှစွာ၏။ မတွေ့စဖူး မကြုံစဖူးလောက်ပင် ဖြစ်၏။

ခုနစ်နှစ်တိုင်တိုင် ကွဲကွာနေပြီးနောက်မှ ကပိလဝတ်သို့ ရောက်လာသော မိတဆိုး သားတော်ကြီး သိဒ္ဓတ္ထအား သုဒ္ဓေါဒနဘုရင်ကြီးသည် ဖခင်တို့၏မေတ္တာဖြင့် ခန္ဓာကိုယ်တော်အထိ သုံးသပ်ကြိုဆိုခဲ့ဖူးသည်။ ယသော် နန်းဆောင်တွင် ဘဝအသချေ ဘဝအနန္တ ပါရမီဖြည့်ဘက် မေတ္တာရှင် ယသော်၏အပူမီး ငြိမ်းအေးစေရန်အတွက် ခြေဖမိုးတော်မျှမက သလုံးတော်၊ လက်တော်အထိ ကိုင်တွယ်သုံးသပ် ကန်တော့ခဲ့သည်ကို ခံယူတော်မူခဲ့ဖူးသည်။

သူတို့မှတစ်ပါး ဘုရားရှင်၏ အသွေးတော်၊ အသားတော်၊ ခန္ဓာကိုယ်တော်ကို တိုက်ရိုက်ထိကိုင် သုံးသပ်နိုင်သူများသည်ကား အရှင်အာနန္ဒာနှင့် သမားတော်ကြီး ဆရာဇီဝကတို့သာ ဖြစ်ကြကုန်၏။ အရှင်အာနန္ဒာကား နှစ်ကိုယ့်တစ်ကိုယ် အလုပ်အကျွေးဟူသော အခွင့်အရေးဖြင့် ထိကိုင်သုံးသပ်ခွင့် ရခြင်းဖြစ်သည်။ ဘုရားရှင်ကိုယ်တော်တိုင်ကပင် အရှင်အာနန္ဒာအား ခန္ဓာတော် သပ္ပါယ မျှတစေရေးအတွက် ရံဖန်သုံးသပ် နှိပ်နယ်ခိုင်းသည့်အကြောင်းကို ဤဗုဒ္ဓစာပန်းချီ “နေညိုညို”တွင် ဖော်ပြခဲ့ပြီးပြီ။ ဆရာဇီဝကကား သမားတော်ဟူသော အခွင့်အရေးဖြင့် လိုအပ်သည့် အခါ ရံဖန်သုံးသပ် ကိုင်တွယ်ရခြင်းဖြစ်၏။

ယခု အဘိုးကြီး အဘွားကြီးတို့ကား ဘုရားရှင်အား သူတို့သားဟုဆိုကာ ခြေတော်မျှမက လက်တော်၊ ခန္ဓာကိုယ်တော်အထိ ရဲရဲတင်းတင်း ရင်းရင်းနှီးနှီး ကိုင်တွယ်သုံးသပ်လျက်ရှိသည်ကို တွေ့ကြရသောကြောင့် အံ့သြလျက်ရှိကြရ၏။ ဤသည်ကို ဘုရားရှင်ကလည်း အလိုက်သင့်ပင် ခံယူတော်မူနေသည်။

အဘွားကြီး အဘိုးကြီးပင်ဖြစ်စေ ဘုရားရှင်၏ခန္ဓာကိုယ်တော်အား လိုအပ်သည်ထက် ကိုင်တွယ်သုံးသပ်သည်ကို တွေ့ကြရသောအခါ ဝိုင်းရံလျက်ရှိနေကြ

www.burmeseclassic.com

www.burmeseclassic.com



သော သံဃာတော်များအဖို့ အံ့သြလှစွာဖြင့် ပြဿနာတစ်ရပ် ဖြစ်ပေါ်လျက်ရှိနေကြ ရ၏။ သို့ရာတွင် အနီးတွင်ရှိနေသော အလုပ်အကျွေး အတွင်းရေးမှူးဖြစ်သူ အရှင် အာနန္ဒာက မတားမြစ်သည်တစ်ကြောင်း၊ ဘုရားရှင်ကိုယ်တော်တိုင်ကပင် အဘွား ကြီး အဘိုးကြီးတို့၏ အပြုအမူကို နှစ်မြို့က်စွာခံယူတော်မူနေ၍တစ်ကြောင်း အခြား သံဃာတော်များအဖို့ တစ်စုံတစ်ရာ မလျှောက်ထားဝံ့ကြဘဲ ခပ်မဆိတ်သာ ကြည့် ရှုနေကြရသည်။

ယင်းကဲ့သို့ ဘုရားရှင်၏ခန္ဓာကိုယ်တော်အား လိုအပ်သည်ထက်ပို၍ ထိတွေ့ ကိုင်တွယ်စေမှုသည် လောလောဆယ်အားဖြင့် ငြိမ်ဝပ်လျက်ရှိသော်လည်း နောက် ပိုင်းတွင်မူ ဘုရားရှင်၏ကိစ္စတော်မှန်သမျှ ထိန်းသိမ်းကွပ်ကဲရန် တာဝန်ရှိသော အရှင်အာနန္ဒာအပေါ်သို့ ပြဿနာတစ်ရပ်အဖြစ် ပေါ်ပေါက်လာခဲ့သည်။

ယင်းပြဿနာဇာတ်လမ်းကို "ထုတိမင်္ဂလာ မဟာပွဲတော်"ဗုဒ္ဓစာပန်းချီဖြင့် တသီးတခြားဖော်ပြရန်ဖြစ်၍ ဤအကြောင်းရပ်တွင်မူ ချန်လှပ်ခဲ့ရပေဦးမည်။

လိုအပ်သည်ထက်ပိုမို၍ ကိုင်တွယ်သုံးသပ်ရုံမျှသာမက အဘိုးကြီး အဘွားကြီး တို့ တစ်ဆင့်တက်လာပုံမှာ သူတို့သားကို ယခုတွေ့ပြီ။ အကယ်ဆိုသော် သားသမီး တို့ ဝတ္တရားအရ အိုမင်းမစွမ်းသော မိဘများကို သားဘုရားက လုပ်ကျွေးရမည်။ သို့သော် ပြည့်စုံသော မိဘများဖြစ်၍ လုပ်ကျွေးမှု ပျက်ကွက်ခဲ့သည်ကို ရှိပါစေတော့။ သို့ရာတွင် မိအိမ် ဖအိမ် ရှိပါလျက်နှင့် သားကြီးသည် အခြားသူများ၏ ကြောင့်ကြ ကို မခံရ၊ အခြားသူများ၏ဆွမ်းကို မစားရ၊ နက်ဖြန်မှစ၍ မိမိတို့အိမ်၊ ကိုယ့်အိမ် တွင်သာ နေ့စဉ်စားသုံးရမည်ဟု တောင်းဆိုလာခြင်းဖြစ်၏။

ဤသည်ကို ဘုရားရှင်ကိုယ်တော်တိုင်က ဘုရားရှင်နှင့် သံဃာတော်တို့ မည် သည် တစ်အိမ်တည်းတွင် ဆွမ်းအလှူခံဖို့ကိုတော့ မဖြစ်နိုင်ပါ။ သို့ရာတွင် ဒါယကာ ကြီး ဒါယိကာမကြီးတို့၏ အလိုအတိုင်း အခြားသူများ ပင့်ဖိတ်မှုမရှိသော နေ့များ၌ ဒါယကာကြီးတို့အိမ်တွင်ပင် စားသုံးပါမည်ဟု ပဋိညာဉ်ပေးလိုက်သည်ကို ကြား ကြရသောကြောင့် တပည့် သံဃာများ အံ့သြဘနန်း ဖြစ်ကြရပြန်၏။

ဤသည်မှာ ဆက်၍ အဘိုးကြီး အဘွားကြီးတို့က အခွင့်အရေးတောင်းဆိုမှု တစ်ဆင့်တက်လာပြန်ချေသေး၏။ တက်လာဟန်ကား ပင့်ဖိတ်သူရှိသော် ကြွရောက် သုံးဆောင်နိုင်ပါ၏။ သို့သော် ပင့်ဖိတ်သူသည် ဘုရားရှင်သို့ တိုက်ရိုက်မပင့်ဖိတ်ရ။ မိမိတို့မှတစ်ဆင့်သာ ပင့်ဖိတ်ရမည်ဟု သားပိုင်ရှင်ဟူသော မာန်ဖြင့် ပိုင်စိုးပိုင်နင်း

www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုလာခြင်းဖြစ်၏။ ဤသည်ကိုလည်း ဘုရားရှင်က ခွင့်ပြုတော်မူလိုက်ပြန်သောအခါ အံ့ဘနန်းဖြစ်သည်ထက် ဖြစ်ကြရပြန်၏။

စင်စစ်သော်ကား တစ်ရာအတွင်းသို့ပင် ရောက်နေပြီဖြစ်သော ဤအဘိုးကြီးအဘွားကြီးတို့၏ အာယုသက်တမ်းသည် နည်းပါးလှပါချေပြီ။ မကွယ်လွန်မီအတွင်း၌ နှစ်ဦးစလုံးပင် ကျွတ်တမ်းဝင်ကြဖို့ရှိပေရာ ဤနည်း ဤပုံဖြင့် အဘိုးကြီးအဘွားကြီးတို့၏ အလိုလိုက် အကြိုက်ကိုလိုက်လျော့ခြင်းဖြင့်သာ ဒေသနာတော်စက်ကွင်းသို့ ချဉ်းနင်းပြီးပြတ်လာဖို့ရှိသောကြောင့် ကျွတ်ထိုက်သသူတို့၏ အဇ္ဈာသယကိုသိသော သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ခွင့်ပြုတော်မူခြင်း ဖြစ်သတည်း။

[ ၄ ]

ယင်းသို့လျှင် နကုလ ပိတာ၊ နကုလ မာတာ၊ အဘိုးကြီး အဘွားကြီးတို့၏ ထူးခြားသောအပြုအမူ၊ ဆွမ်းခံဝတ်ကိုပင်ဖျက်ကာ အဘိုးကြီး အဘွားကြီးတို့၏ အလိုသို့လိုက်သော ဘုရားရှင်၏ အစီအစဉ်တို့မှာ သာကေတတစ်မြို့လုံး စုရုံးမိသမျှ ပြောဆိုလျက်ရှိကြရာက အဠနတောအုပ်ရှိ သံဃာ့ပရိသတ်တွင်လည်း ဘုရားရှင်ကြွလာတော်မမူမီအတွင်း ဤအကြောင်းကိုပင် ပြောဆိုလျက်ရှိကြသည်။

အချို့က ငါတို့ဘုရားရှင်တွင် ဖခင်ဖြစ်သူ ဘုရင်သုဒ္ဓေါဒနနှင့် မယ်တော်မာယာဟု ထင်ရှားရှိခဲ့ပါလျက် ယနေ့အချိန်တွင်မှ မိခင်သစ် ဖခင်သစ် ပေါ်ပေါက်လာရုံမက ဘုရားရှင်ကိုယ်တော်တိုင်ကလည်း မငြင်းပယ်ဘဲ အလိုက်သင့်နေတော်မူသည်မှာ ဘယ်သို့ပါလိမ့်။ ဘုရင်သုဒ္ဓေါဒနနှင့် မာယာဒေဝီတို့ပင် မိခင် ဖခင်ရင်းမဟုတ်လေတော့သလောဟု စောကြော ပြောဆိုကြသည်။ ဤပြဿနာသည် သံဃာ့အစည်းအဝေးသို့ ဘုရားရှင်ကြွလာတော်မူချိန်ရောက်မှ ရှင်းသွား၏။

"ရဟန်းတို့...လွန်လေပြီးသော အတိတ်ဘဝတွင် ဤနကုလပိတာ ဒါယကာသည် အကြားအလပ်မရှိ ဘဝငါးရာတို့ပတ်လုံး တစ်ဆက်တစ်စပ်တည်း ငါဘုရား၏ ဖခင်ဖြစ်ခဲ့ဖူး၏။ အကြားအလပ်မရှိ ဘဝငါးရာတို့ ကာလပတ်လုံး ငါဘုရား၏ ဘထွေးဖြစ်ခဲ့ဖူးပါ၏။ ဘဝငါးရာတို့ပတ်လုံး အကြားအပြတ်မရှိ ငါဘုရား၏ ဘကြီးဖြစ်ခဲ့ဖူးပါ၏။

"ရဟန်းတို့...အလားတူပင် ဤနကုလမာတာ ဒါယိကာမကြီးသည်လည်း ဘဝငါးရာတို့ပတ်လုံး အကြားအလပ်မရှိ မိခင်ဖြစ်ခဲ့ဖူးပါ၏။ ဆက်လက်၍ ဘဝ

www.burmeseclassic.com

www.burmeseclassic.com



ငါးရာ အကြားအပြတ်မရှိ မိထွေးဖြစ်ခဲ့ဖူးပါ၏။ ဘဝငါးရာ မိကြီးဖြစ်ခဲ့ဖူးပါ၏။ တစ်နည်းဆိုသော် ငါဘုရားသည် ဤဒါယကာကြီး ဒါယိကာမကြီးတို့၏ လက်ပေါ်၌ မိခင်, ဖခင်အဖြစ် လည်းကောင်း၊ ဘထွေး, ဘကြီးအဖြစ် လည်းကောင်း ဘဝထောင့်ငါးရာတို့ပတ်လုံး အပြတ်အလပ်မရှိ ကြီးပြင်းခဲ့ရသူ ဖြစ်ပါ၏"

"ရဟန်းတို့...ဤပစ္စက္ခဘဝ၌ တစ်ဦးနှင့်တစ်ဦး ရှေးကပင် မမြင်ဖူး မတွေ့ဖူးခဲ့စေကာမူ မြင်သောခဏ၌ မေတ္တာသက်ဝင် ချစ်ခင်ကြ၏။ ယင်းအကြောင်းသည်ကား ရှေးအတိတ်ဘဝက မေတ္တာသက်ဝင် ချစ်ခင်ဖူးသူများ ဖြစ်ခဲ့သောကြောင့်သာတည်း။

"ရဟန်းတို့...ယင်းသို့လျှင် အတိတ်ဘဝက မေတ္တာသက်ဝင် ချစ်ခင်ခဲ့ကြသောကြောင့်လည်းကောင်း၊ ယခုဘဝတွင် အကြောင်းဆုံလာသဖြင့်လည်းကောင်း၊ ရေနှင့် ညွန်ပျောင်းတို့ အကြောင်းဆုံလာသောအခါ ကြာပန်းသည် ပွင့်လန်းလာသကဲ့သို့ မေတ္တာ ကြာပန်း ပွင့်လန်းလာကြမြဲ ဖြစ်လေသည်"

ဘုရားရှင်၏မေတ္တာကြာပန်း တရားတော်ကြောင့် ရဟန်းတော်တို့ အတွေးအသိရှင်းလင်းသွားကြသည်။ အကျိုးသက်ရောက်မှုကား ထိုမျှဖြင့် မဆုံးသေး၊ မိခင်ဟောင်း ဖခင်ဟောင်းတို့၏ အလိုသို့လိုက်၍ ဘုရားရှင်နှင့် ရင်းနှီးလာသောအခါ ကြားနာရသော ဒေသနာများကြောင့် အဘိုးကြီး အဘွားကြီးနှစ်ဦးလုံးအဖို့ သုံးလခန့်အတွင်းမှာပင် အနာဂါမ်တရားရှင်များအဖြစ်သို့ ရောက်သွားကြသည်။

အနာဂါမ်တည်ပြီးနောက်တွင်မူ မှည့်ရင့်လေပြီဖြစ်သော ဇရာကြောင့် အဘိုးကြီး အဘွားကြီး နှစ်ဦးစလုံးပင် တစ်ပြိုင်နက်တည်း ကွယ်လွန်ကုန်ကြသည်။ ဤတွင် ဘုရားရှင်က မိဟောင်း ဖဟောင်းတို့၏ ကျေးဇူးကို ဆပ်တော်မူသည်။ ဆပ်ဟန်ကား မိဟောင်း ဖဟောင်းတို့၏ အလောင်းများကို ကိုယ်တော်တိုင်ကြီးကြပ်၍ ခမ်းနားစွာ သဂြိုဟ်တော်မူခြင်းဖြစ်၏။

လူ့ဘဝတွင် အိုခြင်းဆင်ရဲဟုဆိုအပ်သော ဇရာဒုက္ခ၊ ဇရာသုတ္တန် တရားတော်ကို ဤ မိဟောင်း ဖဟောင်း အဘိုးကြီး အဘွားကြီးတို့၏ သဂြိုဟ်ကိစ္စတွင် ဟောတော်မူသည်။

တရားတော်နှင့် အချိန်အခါသည် လိုက်ဖက်လှစွာ၏။ အကြောင်းမူကား ဘုရားရှင်ကိုယ်တော်တိုင်လည်း အိုမင်းခြင်းအရွယ်သို့ ရောက်ခဲ့လေပြီ။ လက်ရင်းတပည့်များစွာ ရဟန်းသံဃာတော်တို့လည်း အိုမင်းကုန်ကြပြီ။ သာသနာတော်ကိုမူ

www.burmeseclassic.com

www.burmeseclassic.com



တက်တက်ကြွကြွ ဆောင်ရွက်လျက်ရှိသော ဝိသာခါ အစရှိသည့် ကျောင်းဒကာ၊ ဆွမ်းဒကာတို့လည်း အိုမင်းခဲ့ကြပြီ။ စင်စစ်သော်ကား သက်တစ်ရာနီးပါးမျှ ရှိခဲ့သော ဤ နကုလပိတာ၊ နကုလမာတာ အဘိုးကြီး၊ အဘွားကြီးတို့၏ သင်္ဂြိုဟ်သဘင်မှာ လူအိုလူမင်းတို့ စုဝေးရာဖြစ်ခဲ့၏။

“ရဟန်းတို့။ ။တစ်ရာမျှရှိသော လူတို့၏သက်တမ်းသည် တိုတောင်းလှစွာ၏။ တစ်ရာမျှသော သက်တမ်းအတွင်း၌လည်း ရောဂါမျိုးစုံတို့ နှိပ်စက်မှုဗျာဓိတရား၊ အိုမင်းရင့်ရော်မှု ဇရာတရားသည် မကြာမတင်ပင် ဆိုက်ရောက်လာ၏။ ဘဝဟူသည် အချည်းအနှီးသာတည်း” အစရှိသော ဇရာသုတ္တန်ကို ဟောကြားတော်မူလိုက်သောအခါ သာကေတတွင် ယင်းသည့် တရားမွေ့စက်ဆင်ရန် စီစဉ်တော်မူသည့်အတိုင်းပင် ကွယ်လွန်လေပြီးသော နကုလပိတာ၊ နကုလမာတာ အမေရှိ အဖေရှိသာမက ကျွတ်တမ်းဝင်သူတို့ များပြားစွာ တိုးပွားလာသတည်း။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# မြို့တော်သခင်

[ ၁ ]

အံ့ဖွယ်အတိပြီးသော ဤရေ၊ ဤမြေ၊ ဤတော၊ ဤတောင်၊ ဤနေရာ၊ ဤဒေသကို အရှင်မြတ်၏နှလုံးဝယ် သိမ်းပိုက်ထားခဲ့သည်မှာ ကြာရမင့်လှပြီဖြစ်၏။

ဤနေရာ၊ ဤဒေသဟူသည် မဏ္ဍာကိနီရေအိုင်ဖြစ်၏။ မဏ္ဍာကိနီရေအိုင်ဟူသည် ပန်းမြို့တော်၊ ပဒုမ္မာမြို့တော်ဖြစ်၏။ မဏ္ဍာကိနီဟူသည် လူသူ လုံးဝကင်းဆိတ်သော ဆင်တို့၏မြို့တော်ပေတည်း။

'နှမာငါးရာ၊ ရင့်မှာတစ်ကိုယ်'ဟူသော စကားအရ ဘုရားရှင်သည် နတော်မူစဉ် ဘဝများက ဆင်ဘဝတွင် ခုနစ်ဘဝမျှ ဖြစ်တော်မူခဲ့ဖူးသည်။ ထို့ကြောင့် ဘုရားရှင်သည် ဆင်တို့အပေါ်တွင် အဘယ်မျှ စိတ်တောင်ဝင်စားလေသည်မသိ၊ ဤအရှင်မြတ်မူကား ဆင်ဆိုလျှင် အထူးစိတ်ဝင်စားသည်။ **ပုဗ္ဗေဝ သန္နိဝါသေန**ဟူသော ဒေသနာတော်အရ ဤအရှင်မြတ်၏ အတိတ်ဘဝများစွာတွင် ဆင်တို့သည် ဘဝအဖော်များ ဖြစ်ခဲ့ကြဟန်တူ၏။

မဏ္ဍာကိနီ ဆင်မြို့တော်၏အကြောင်းကို တန်ခိုးတော်သခင် အရှင်မောဂ္ဂလာန်ထံမှ ကြားရ၍သာ ယုံရတော့သည်။ ဆင်မြို့တော်၏ အံ့မခန်းဖြစ်ရပ်တို့မှာ ယုံနိုင်ဖွယ်ပင်မရှိ။ ဘုရားရှင် ဆဒ္ဒန်ဆင်မင်းဘဝက နေထိုင်ခဲ့သော ဆင်မြို့တော်မှာ ဤမဏ္ဍာကိနီပင် ဖြစ်လေရော့သလားဟု ထင်မှတ်ရသည်။

အဇာတသတ်၏ အကြံပေးဆရာကြီး ဒေဝဒတ်သည် ဘုရားရှင်အား နာဠာဂီရိဖြင့် တိုက်သတ်ရန် အကြံပေးပုံမှာ ညံ့ဖျင်းလှ၏။ အကြောင်းမူကား နာဠာဂီရိ

www.burmeseclassic.com

www.burmeseclassic.com



ထက် အဆရာထောင် တန်ခိုးကြီးသော ဂီရိမေခလာကြီးပင် ဘုရားရှင်ရှေ့တော်မှ လွှင့်စဉ်ခဲ့ရပုံကို အဓာတသတ် မသိနှင့်ဦးတော့၊ ဒေဝဒတ် သိပြီးမဟုတ်ပါလော။

စပ်မိလာ၍ ပြောရဦးမည်။

ရာဇဂြိုဟ်မြို့လယ်တွင် နာဠာဂီရိကြီးနှင့် ရင်ဆိုင်ရမည့်အချိန်က ဘုရားရှင်၏ နောက်တော်မှ ဆွမ်းခံထွက်ကြွကြသည့် ရှေ့ပိုင်းမှ အရှင်အားလုံးမှာ အာနန္ဒာမှ တစ်ပါး ရဟန္တာချည်း ဖြစ်ကြ၏။

ဤကိစ္စတွင် အနာဂတ်ကိုသိမြင်ပြီးသော ဘုရားရှင်အစ အနာဂတံသဉာဏ်ရှင် ရဟန္တာတို့အဖို့ အန္တရာယ်မဟုတ်သည်ကို သိပြီးကြစေကာ၊ ပုထုဇဉ်တို့အမြင်အသိ အားဖြင့်မူကား အသက်ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရမည့် ကိစ္စကြီးပင်ဖြစ်၏။

ထို့ကြောင့် ဆင်ဆိုးကြီးနှင့် မုချမသွေ ရင်ဆိုင်ရမည့်အရေးအခင်းတွင် ဘုရားရှင်အား အရှင်အာနန္ဒာသည် ဆွမ်းခံထွက်ကြွတော်မမူရန် အကြိမ်ကြိမ်လျှောက်ထား၍ မရသောအခါ ဘုရားရှင်၏ အလုပ်အကျွေးတည်းဟူသော အခွင့်အရေးကို အသုံးပြု၍ ဆွမ်းခံတန်းသို့ အတူလိုက်ပါလာသည်။

လိုက်ပါလာသည်ဆိုရာ၌ ခါတိုင်းလို သာမန်လိုက်ပါခြင်းမျှ မဟုတ်၊ ထေရ်စဉ် အတိုင်းဆိုသော် အရှင်အာနန္ဒာ၏နေရာသည် သတ္တမနေရာလောက်မျှဖြစ်၏။ ဘုရားရှင်ပြီးလျှင် ယခု **'မြို့တော်သခင်'** အရှင်မြတ်ဖြစ်၏။ သို့ရာတွင် ထိုနေ့ကမူ အရှင်အာနန္ဒာသည် ဘုရားရှင်အဖို့ အန္တရာယ်နှင့်ရင်ဆိုင်ရလျှင် မိမိသည်လည်း သေမကွဲ ရှင်မကွာ တစ်ပါတည်း အရင်ဆုံးရင်ဆိုင်နိုင်ရန်အတွက် မသိကျိုးကျွန်ဖြင့်ပင် ဘုရားရှင်၏နောက် ဒုတိယနေရာမှ ကပ်၍လိုက်သည်။

ဤကိစ္စတွင် နာဠာဂီရိအား အဘယ်ပုံ အောင်တော်မူပုံကိုကား သိကြပြီး ဖြစ်၏။ အဘယ်ပုံ အောင်တော်မူသည်ကို ဤ"ဗုဒ္ဓစာပန်းချီ"တွင် "နောင်ချစ် ဗုဒ္ဓ"ဖြင့် ရေးဖွဲ့ခဲ့ပြီးလည်း ဖြစ်၏။ ဂီရိမေခလာလို နတ်ဆင်ဆိုးကြီးကိုပင် အလွယ် တကူ အောင်မြင်တော်မူသော ဘုရားရှင်အဖို့ နာဠာဂီရိဖြင့် အဘယ်မှု စ,ကောင်း အံ့ပါနည်း။

ယင်းသို့လျှင် ဘုရားရှင်၊ သို့မဟုတ် ဘုရားရှင့်သာနာတော်နှင့် ဆင်များ ဆက်နွယ်ပုံနှင့် ဆင်များအပေါ်တွင် စိတ်ဝင်စားလျက်ရှိခဲ့သော မြို့တော်သခင် အရှင်မြတ်အဖို့ အရှင်မောဂ္ဂလာန်ထံမှ ထူးခြားဆန်းကြယ်လှစွာသော မဏ္ဍာကိနီ၏ အကြောင်းကို ကြားခဲ့ရစဉ်က အလျဉ်းသင့်သော တစ်ချိန်တွင် ယင်းမဏ္ဍာကိနီသို့

www.burmeseclassic.com

www.burmeseclassic.com



သွားရောက် သီတင်းသုံးရန် စိတ်ဘဝင်တွင် သိမ်းပိုက်ထားခဲ့၏။ ယင်းသို့ရှိရာမှ ဘုရားရှင်သည် ပဉ္စမမြောက်ဝါတော်တွင် မိမိတစ်ပါးတည်း ပုလလည်းတောသို့ ကြွ၍ ပုလဲမြိုင်ဆင်ကြီး၏ အလုပ်အကျွေးဖြင့် တစ်ဝါတွင်းလုံး သီတင်းသုံးတော်မူပုံကို သိရှိလာရသောအခါ မဏ္ဍာကိနီသို့ သွားရောက်ရန် ပို၍စိတ်အားထက်သန်လာခဲ့၏။

ဘုရားရှင်သည် ဆင်တစ်စီးဖြင့်ပင် သီတင်းသုံး၍ဖြစ်ခဲ့သော် မိမိသည် ဆင်အများဖြင့် အဘယ့်ကြောင့် နေ၍မဖြစ်ပါအံ့နည်း။ ဘုရားရှင်သည် ဆင်တစ်စီးဖြင့်ပင် တစ်ဝါတွင်းလုံး သီတင်းသုံး၍ဖြစ်ခဲ့သော် မိမိသည် ဆင်အများဖြင့် တစ်သက်လုံး အဘယ့်ကြောင့် နေ၍မဖြစ်ပါအံ့နည်း။

ဘုရားရှင်အား ပုလဲမြိုင်ကြီးက တစ်ဝါတွင်းလုံး ရေပူရေချမ်း ကမ်းလှမ်းသတဲ့။ သာမဏေလေးကဲ့သို့ လုပ်ကျွေးသတဲ့။

မဏ္ဍာကိနီအကြောင်းကို အရှင်မောဂ္ဂလာန်ထံမှ မိမိနှင့်အတူ ရဟန်းများ ကြားသိထားခဲ့ရပုံမှာကား ဤသို့ ဤနှယ်တည်း။

[ ၂ ]

လက်ယာတော်ရံ ပထမနေရာတွင် နှစ်ဦးမဖြစ်နိုင်၍ အရှင်မောဂ္ဂလာန်အား လက်ဝဲတော်ရံ ပထမနေရာ၌ ခွဲခြားထားရသော်လည်း အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ကား ဥပတိဿနှင့် ကောလိတ လူ့ဘဝတွင်ပင် တန်းတူရည်တူဖြစ်ခဲ့၏။ အသက်အားဖြင့်လည်း မတိမ်းမယိမ်း၊ ဘုရားရှင့်အထံတော်သို့လည်း အတူတူပင် ရောက်ကြသည်။ စကားအဖြစ်ဆိုရသော် သူလည်း ပညာတေဒဂ်အရှင်၊ ငါလည်း တန်ခိုးတေဒဂ်အရှင် ဖြစ်၏။

သို့ရာတွင် အရှင်မောဂ္ဂလာန်က အရှင်သာရိပုတ္တရာကို နောင်ကြီးပမာ နေရာတကာတွင် ဦးစားပေးသည်။ ရိုသေကိုင်းရှိုင်းသည်။ အချိန်များစွာတွင် အတူသီတင်းသုံးကြသောအခါ၌ အရှင်မောဂ္ဂလာန်သည် အရှင်သာရိပုတ္တရာ၏ ခြေရင်း အလုပ်အကျွေးပမာပင် ဖြစ်၏။ အကြောင်းမူကား အရှင်အဿဇိထံမှ ကြားနာခဲ့ရသော ယေဓမ္မာ ဟေတုပ္ပဘာဝါ တရားဒေသနာကို အရှင်သာရိပုတ္တရာထံမှ တစ်ဆင့် ကြားနာခဲ့ရသော တရားကျေးဇူးရှင်ပေတည်း။ ပညာအဓိကဖြစ်သော ဘုရားရှင်သာသနာတော်၌ ပညာအရှင်ကို ဦးစားပေးသည်ဟုလည်း ဆိုနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



မဏ္ဍာကိနီအကြောင်း ဆက်လာဟန်ကား အရှင်သာရိပုတ္တရာ၌ လေနာရောဂါ စွဲရှိသည်။ ယင်းရောဂါသည် အရှင်အား မကြာခဏ ဒုက္ခပေးလေ့ရှိသောကြောင့် ရာဇဂြိုဟ်တွင် ဆရာဇီဝကနှင့် ကြုံသောအခါ ဆရာဇီဝက၏ ဆေးဝါးဖြင့် ပျောက်ကင်းရ၏။ ဆရာဇီဝကနှင့် မကြုံသောအခါ မိမိနည်း မိမိအသိဖြင့် ကင်းငြိမ်းစေရ၏။ ယင်းကိစ္စများတွင် အရှင်မောဂ္ဂလာန်သည် အရှင်သာရိပုတ္တရာအား နှစ်ကြိမ်တိုင် အကူအညီပေးကာ ပြုစုခဲ့ရသည်။ နှစ်ကြိမ်လုံးမှာ အံ့ဖွယ်ရာချည်းဖြစ်၏။

တစ်ကြိမ်မှာ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့သည် တောကျောင်းတစ်ကျောင်းတွင် အတူသီတင်းသုံးကြခိုက် အရှင်သာရိပုတ္တရာ လေနာရောဂါထသည်။ အရှင်မောဂ္ဂလာန် နှိပ်နယ်ပြုစုပေးရင်းဖြင့် "အရှင်ဘုရား။ ။အရှင့်ရောဂါကယခင်က ဖြစ်ဖူးလေတော့ အဘယ်နည်း အဘယ်ပုံ အဘယ်ဆေးဝါးဖြင့် ပျောက်ကင်းဖူးပါသလဲဘုရား"ဟု လျှောက်ထားသည်။

"ဆေးဝါးအထူးမလိုလှပါ။ ထောပတ်စားသုံးရလျှင် ပျောက်နိုင်ပါသည်။ သို့ရာတွင် တပည့်တော်တို့ ယခုနေရာမှာ တောရွာ ဇနပုဒ်ဖြစ်၍ ထောပတ်ရဖို့ ခက်ပါလိမ့်မည်။ အရေးမကြီးလှပါဘူး။ ဖြစ်ရိုးဖြစ်စဉ်ပါပဲ။ သည်းခံပြီး နေရမှာပေါ့"

"ထောပတ်ဆိုတော့ သိပ်ခက်ခဲလှသည့် ပစ္စည်းမဟုတ်ပါ။ နက်ဖြန် ဆွမ်းခံရာတွင် အရှင်ဘုရားထံ တပည့်တော်ကံရှိလျှင် ရကောင်းစရာရှိပါ၏ဘုရား"

ပစ္စည်းနှင့်စပ်သော ဆွေးနွေးမှုဖြစ်သော်လည်း တောကျောင်းကလေးအတွင်း နှစ်ပါးတည်းဖြစ်၍ မည်သူမျှ မကြားနိုင်။ သို့သော် ကြားသူတစ်ဦးရှိနေ၏။ အရှင်မြတ် နှစ်ပါးကို စောင့်ရှောက်လျက်ရှိသော တောကျောင်းကလေး ခေါင်းရင်းမှ သစ်ပင်စောင့်နတ် ဖြစ်သည်။

အရှင်မြတ်တို့ကိုကြည်ညိုသော သစ်ပင်စောင့်နတ်အဖို့ တောနတ်ကလေးဖြစ်၍ ထောပတ်ရအောင်တော့ မစွမ်းဆောင်နိုင်။ ကိုယ်တိုင်မစွမ်းဆောင်နိုင်သော်လည်း ရနိုင်သောနည်းဖြင့် အကြံအဖန်လုပ်သည်။ လုပ်ဟန်ကား ထောပတ်ရအောင် စွမ်းဆောင်နိုင်မည်ထင်သော ဇနပုဒ်ရှိ အိမ်တစ်အိမ်မှ ကလေးငယ်တစ်ဦးကို ဖမ်းကိုင်၍ 'နက်ဖြန် အရှင်မောဂ္ဂလာန် ဆွမ်းခံကြွလာလျှင် ထောပတ်လောင်းလှူရမည်၊ လောင်းလှူမှ ကလေးငယ်ကို လွှတ်မည်'ဟု ပူးဝင်အကျပ်ကိုင်ခြင်းဖြစ်၏။ သို့ဖြစ်၍ ကလေးမိခင် ဖခင်များအဖို့ လောင်းလှူပါမည်ဟု ဝန်ခံကာ ထောပတ်ရဖို့ကို အရေးတကြီး စီစဉ်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ ရှင်မောဂ္ဂလာန် ဆွမ်းခံကြွသောအခါ ထောပတ်ရလာသဖြင့် ဆွမ်းခံပြီးဆုံးအောင်မှ မကြွတော့ဘဲ ဝမ်းမြောက်ဝမ်းသာနှင့် ကျောင်းသို့ပြန်ကာ အရှင်သာရိပုတ္တရာအား ဆက်ကပ်သည်။

သာမန်အားဖြင့်ဆိုသော် ဝမ်းမြောက်ဖွယ်ပင် ဖြစ်ပါ၏။ သို့ရာတွင် ဤထောပတ်သည် ရနိုင်ခက်သော ဇနပုဒ်မှ မရစဖူး အရေထူးလာခြင်းဖြစ်သည်။ ညကလည်း မိမိတို့သည် ထောပတ်ကိစ္စကို ဆွေးနွေးကြသည်။ ဧကန္တ အကြောင်းထူး တစ်စုံတစ်ရာ ရှိတန်ရာ၏ဟု ထိုအခါတွင်မှ အဘိညာဉ်ဖြင့် ဆင်ခြင်ကြည့်လိုက်သောအခါ သစ်ပင်စောင့်နတ်၏ လက်ချက်ဖြစ်ကြောင်း သိလာရသည်။

နတ်၏သဒ္ဓါတရားကိုလည်း ကျေးဇူးတင်ပါ၏။ လောင်းလှူလိုက်သူကိုလည်း ကျေးဇူးတင်ပါ၏။ ဝမ်းမြောက်ဝမ်းသာ ခံယူလာသော အရှင်မောဂ္ဂလာန်ကိုလည်း ကျေးဇူးတင်ပါ၏။ သို့ရာတွင် လာဘ်လာဘနှင့်စပ်၍ မိမိ၏ နှုတ်မစောင့်မှုကြောင့် ပေါ်ပေါက်လာသော ပစ္စည်းဖြစ်နေပေရာ ဆေးဝါးပင် ဖြစ်စေကာမူ ဝိနည်းတော်နှင့် ဆန့်ကျင်လျက်ရှိသောကြောင့် လုံးဝမစားသုံးဘဲ စွန့်ပစ်စေလိုက်သောအခါ ထိုခဏမှာပင် အရှင်၏ လေနာရောဂါသည် ယူပစ်လိုက်သကဲ့သို့ ပျောက်ကင်း၏။ အမွေးတစ်ပင်ကျွတ် မခံသော စာမရီငှက်ကဲ့သို့ ဝိနည်းတော်ကို အသက်ထက် အလေးအနက်ထားသော သီလ၏ အာနိသင်ပေတည်း။

နှစ်ပါးအတူရှိစဉ်တွင်ပင် နောက်တစ်ကြိမ် အရှင်သာရိပုတ္တရာ လေနာရောဂါ ထလာပြန်သည်ကား ဇေတဝန်တွင်ဖြစ်၏။ ဤတစ်ကြိမ်တွင်တော့မှု သာဝတ္ထိသို့ ရောက်နေသော သမားတော်ကြီး ဆရာဇီဝက အဆင်သင့်ရှိနေ၍ လွယ်ကူမယောင် ရှိသည်။ သို့ရာတွင် ဆရာဇီဝက၏ လျှောက်ထားချက်ကြောင့် ထူးခြားသော အံ့ဖွယ်အခြင်းအရာများ ဖြစ်ပွားလာခဲ့ပေသည်။ ဆရာဇီဝက လျှောက်၏။

"အရှင်မြတ်ရောဂါက တပည့်တော်ဆေးတစ်ခွက်မျှဖြင့် ပျောက်မှာပါဘုရား။ သို့ရာတွင် အခြေခံနှင့်လာသောရောဂါဖြစ်သောကြောင့် ကုသခိုက်တွင် ပျောက်ကင်းရုံမျှသာဖြစ်၍ ယခင်ကလည်း ဖြစ်ခဲ့ဖူးပြီ၊ နောင်ကိုလည်း ထပ်မံဖြစ်ပေါ်ပါလိမ့်ဦးမည်။ သို့ဖြစ်၍ အမြစ်ပြတ်အောင် ကုသပေးလိုပါသည်။

အမြစ်ပြတ်အောင် ကုသဖို့ကတော့ တပည့်တော်တွင် ဆေးတစ်မယ်လိုလျက် ရှိနေပါသည်။ ယင်းဆေးတစ်မယ်ဟူသည်ကား မဏ္ဍာကိနီ ကြာစွယ်ဖြစ်ပါသည်။

www.burmeseclassic.com



သို့ရာတွင် မဏ္ဍာကိနီကြာစွယ်ကိုရဖို့ တပည့်တော်တွင် အခက်အခဲရှိနေရပါသည် ဘုရား"

အနီးတွင် ရဟန်းအများနှင့်အတူ အရှင်မောဂ္ဂလာန်ရှိ၏။ မြို့တော်သခင် အရှင်မြတ်လည်း ရှိနေ၏။

"မဏ္ဍာကိနီ ကြာစွယ်ရဖို့ ငါ့တာဝန်ရှိပါစေ ဆရာဇီဝက"

ဆရာဇီဝက လျှောက်ထားချက်အဆုံးတွင် ရုတ်ခြည်းဝင်၍ တာဝန်ခံလိုက်သူကား အရှင်မောဂ္ဂလာန်ပင်ဖြစ်၏။ အရှင်မောဂ္ဂလာန်၏ ဝန်ခံချက်စကားကြောင့် ဆရာဇီဝက ပြုံးသွားသည်။ အကြောင်းသော်ကား အခွင့်သာခိုက်တွင် တန်ခိုးတော်သခင် အရှင်မောဂ္ဂလာန်ကို ရိပ်မိ၍ပင် လျှောက်ထားလိုက်ခြင်းဖြစ်ပေရာ အလိုက်သင့် ဝန်ခံလိုက်သဖြစ် ဝမ်းမြောက်ရ၏။

မဏ္ဍာကိနီရေအိုင်၊ မဏ္ဍာကိနီကြာစွယ်၊ မဏ္ဍာကိနီဒေသ ဟူသည်ကား တန်ခိုးတော်သခင်တို့နှင့်သာ ဆိုင်သောပစ္စည်း၊ ဆိုင်သောဒေသဖြစ်၏။ သာမန်တန်ခိုးရှင်မဟုတ်၊ တန်ခိုးကြီးအရှင်တို့နှင့်သာ ဆိုင်သည်။

"မဏ္ဍာကိနီ'ဟူသော ဝေါဟာရသည် ဆေးကျမ်း၊ သမိုင်းကျမ်းကြီးများတွင် လေးနက်ကြီးမားလှ၏။ ထူးခြားဆန်းကြယ်လှ၏။ ရှေးက တန်ခိုးကြီးဆရာများတို့ ကျက်စားရာဟု အဆိုရှိသည်။ စိတ်ကူးဖြင့် အဆန်းတကြယ် ရေးသားထားပေသလောဟုပင် ထင်မှတ်ရသည်။ ဆင်တို့မြို့တော်ဖြစ်၏။ သာမန်ဆင်များမဟုတ်။ တန်ခိုးကြီးဆင်တို့မြို့တော်ဖြစ်၏။

ဆင်ပေါင်း ထောင်သောင်းမက ရှိသည်။ မည်သည့်လူ၊ မည်သည့်သတ္တဝါကိုမျှ မဏ္ဍာကိနီသို့ အဝင်မခံ။ ဝင်လာလျှင် ချေမှုန်းပစ်သည်။ ရှေးအခါက တန်ခိုးကြီးသခင် လောကီအဘိညာဉ် ရသေ့အရှင်အချို့သာ ဆေးဝါးအတွက် ရောက်ရှိဖူးသည်။

ဆင်အမျိုးပေါင်းမှာလည်း စုံလှ၏။ အမျိုးစုံသလောက် အရောင်အသွေးကလည်း စုံလှ၏။ သာသနာတော်ကျမ်းအရ ဆင်ဆယ်မျိုး၊ လောကီကျမ်းများအရ ဆင်လေးမျိုးမျှသာရှိရာက ကာလီဒါသဆရာ၏ ကျမ်းညွှန်းအရဆိုသော် မဏ္ဍာကိနီတွင် ဆင်အမျိုးပေါင်း ၁၂၀ ပင်ရှိသည်ဆို၏။ ယင်းဆင်အားလုံးကို ရစာဂီရိမည်သော ဆင်နီကြီးက အုပ်ချုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ ဆင်များ၏ ကြီးမားဆန်းကြယ်မှုအပြင် တောတောင် ဂနိုင်၊ ရေအိုင်မြစ်ချောင်းတို့၏ ဆန်းကြယ်မှု၊ လိုဏ်ဂူတို့၏ ဆန်းကြယ်မှုကလည်း ရှိပေသေးသည်။ ဤသည်ကား မဏ္ဍာကိနီ၏ အညွန်းတည်း။

အရှင်မောဂ္ဂလာန်သည် မဏ္ဍာကိနီ ကြာစွယ်ကို ယူပေးရန် ပဋိညာဉ်ခံပြီးသည်နှင့် တစ်ပြိုင်နက် ရုတ်ခြည်းကြွသွားသည်။

တန်ခိုးဟူသည် ဆန်းကြယ်ပြီးဖြစ်သောကြောင့် ဆန်းကြယ်သည်ဟု ပြောရန် မလိုသော်လည်း သဘာဝအားဖြင့် ဆန်းကြယ်ပြီးသော မဏ္ဍာကိနီတွင် တန်ခိုးကြီး အရှင်၏ အစီအစဉ်ဖြစ်သောကြောင့် ဆန်းကြယ်ထူးခြားပုံကို ဖော်ပြရန်လို၏။

[ ၃ ]

ဆင်တို့၏ အဆင့်အတန်းကို သူတို့၏ အရောင်အသွေးဖြင့် ပိုင်းခြား၏။

ရွှေရောင်အဆင်းရှိသော ဆင်မင်း၊ လူအဖြစ် ဖန်ဆင်းနိုင်သော တန်ခိုးကြီး နတ်ဆင်ပင် ဖြစ်စေကာမူ မဏ္ဍာကိနီ၏ ရစာဂီရိဟူသည် ဆင်နီကြီးမျှသာဖြစ်၏။

သာသနာတော်ကျမ်းများအရ ဆင်အမျိုးခွဲခြားရာတွင် ကာဠာဝက (ဆင်မည်း)၊ ဂင်္ဂေယျ(သရက်ရွက်နုအရောင်)၊ ပဏ္ဍာရ(သစ်ရွက်ရောင်)၊ တမ္ဗ(အနီ ကြေးနီရောင် နီကျင်ကျင်)၊ ပိင်္ဂလ(ဖြူ နီ ကြောင်ကျား)၊ ဂန္ဓ(အပြာ)၊ မင်္ဂလ(အနက်)၊ ဟေမ(ရွှေအဆင်း)၊ ဥပေါသထ(အဖြူ)နှင့် ဆဒ္ဒန်(အစွယ်မှ အရောင်ခြောက်မျိုးထွက်သော ဆင်ဖြူတော်)ဟူ၍ ဆယ်မျိုးရှိရာတွင် ရစာဂီရိမှာ ဟေမဆင်မျိုး အဋ္ဌမအဆင့်မျှ ဖြစ်၏။

တန်ခိုးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပထမအမျိုးမှစ၍ တစ်မျိုးထက်တစ်မျိုး အင်အား ဆယ်ဆသာ၏။ တိရစ္ဆာန်တို့၏ သဘာဝအရ မြင့်သောအမျိုးကို နိမ့်သော အမျိုးက ကြောက်ရမြဲဖြစ်၏။ ဤသည်ကိုအကြောင်းပြု၍ အသရေရှိနှင့် အသရေမဲ့ တို့ကို နှိုင်းယှဉ်ဖော်ပြရာ၌ "ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့"ဟူသော စကားပုံ တစ်ရပ်ပင် ပေါ်ပေါက်လာသည်။

ဆဒ္ဒန်ဆင်ကား အတုမရှိတည်း။ တန်ခိုးလည်းကြီး၍ အမျိုးလည်းမြင့်သော် အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။ သို့ဖြစ်ရာ ဆင်အကြောင်းကိုသိပြီးသော အရှင် မောဂ္ဂလာန်သည် ဆဒ္ဒန်ဆင်မင်းအသွင် ဖန်ဆင်း၍ မဏ္ဍာကိနီသို့ ကြွသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှိးရှိးကြွသွားခြင်းမျှမဟုတ်၊ တစ်ပါးချင်း၊ တစ်စီးချင်းမျှမဟုတ်၊ မဏ္ဍာကိနီဆင်အုပ်ထက် ကြီးမားသောဆင်မျိုးစုံ၊ ရောင်စုံအခြံအရံများစွာဖြင့် မဏ္ဍာကိနီအပေါ်သို့ နေပြောက်ပင်မထိုးစေဘဲ မဏ္ဍာကိနီမြေတစ်ပြင်လုံးကို ထီးမိုးထားသည့်အလား ကြွသွားသည်။ ဆင်စီးရေသာ များစေသည်မဟုတ်၊ အကောင်အထည်အားဖြင့်လည်း ရစာဂီရိအစ မဏ္ဍာကိနီဆင်များထက် တစ်ပြန်တစ်ဆမျှ ကြီးမားသည်ချည်းဖြစ်၏။

ထို့ကြောင့် မဏ္ဍာကိနီဆင်အုပ်ကြီး တစ်ခုလုံးသည် ကြုံဖူးဖို့ဝေး၍ တွေးပင်မတွေးဖူးသော ထူးကဲလှသည့် အန္တရာယ်ကြောင့် ရှန်းရှန်းရင်းရင်း ဖြစ်ကုန်ကြသည်။ ရှန်းရင်းဆန်ခတ်ဆိုသော်လည်း ခြေမဦးနှင့် ဒူးတည့်ရာသို့ ထွက်၍ပြေးကြခြင်းကား မဟုတ်၊ မတည်မငြိမ် ဣန္ဒြေမရကြခြင်းမျှ ဖြစ်သည်။

ဆင်တို့၏ သဘာဝမှာ အအုပ်အသင်းဖြင့်နေ၍ ယင်းအအုပ်အသင်းတစ်ခုတွင် အကြီးအကဲတစ်စီး ရှိမြဲဖြစ်သည်။ အမျိုးကြီးလျှင် ကြီးသလောက် အကြီးအကဲကို သစ္စာခံသည်။ ထို့ကြောင့် မိမိတို့သခင် ရစာဂီရိကို ဝိုင်းရံလျက်ကပင် ရောက်လာသော အန္တရာယ်ကြောင့် ဣန္ဒြေမရနိုင်ကြခြင်းမျှ ဖြစ်၏။

အဘယ်သို့ပြုမည်နည်း။ အဘယ်သို့မျှ မပြုနိုင်။ အင်အားကြီးသူကို အင်အားငယ်သူက ကျိုးနွံ ခ,ယမ်းရမြဲ ဓမ္မတာအတိုင်း တန်ခိုးကြီးနတ်ဆင်ကြီးဟုဆိုသော ရစာဂီရိသည် ကောင်းကင်ထက်မှရောက်လာသော ဆင်ဖြူတော်ကြီးကို လူမင်းသားအသွင်သို့ ကူးပြောင်းဖန်ဆင်း၍ ရှိခိုးဦးညွှတ်လိုက်ရခြင်းပင် ဖြစ်ပေသည်။ မနိုင်လျှင် သည်းခံရမြဲပင်ဖြစ်၏။

ထို့ကြောင့် အရှင်မောဂ္ဂလာန်ကလည်း ဆင်ဖြူတော်ကြီးနှင့် တန်ခိုးဖန်ဆင်းမှုဆင်အားလုံးကို ပျောက်ကွယ်စေကာ ရဟန်းအသွင်ဖြင့်ပင် ရစာဂီရိမင်းသား၏ ရှေ့ ဆင်အုပ်တို့အလယ်သို့ ဆင်းသက် အပ္ပဇော်ခံသည်။

"ဤမျှလောက်သော တန်ခိုးတော်သခင်ဖြစ်၍ အရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးဟု ထင်မိပါသည်ဘုရား"

"မှန်ပေသည် ရစာဂီရိ...ဆင်မျိုးတို့တွင် သင့်တန်ခိုးမှာလည်း ကြီးမားလှပါဘိ၏။ အကြားနှင့်အမြင် ကိုက်ညီလှပါပေ၏"

"အရှင်မြတ်၏ တန်ခိုးနှင့် နှိုင်းစာသော် ဆီးစေ့နှင့် မြင်းမိုရ်ပမာမျှသာ ဖြစ်ပါသည်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"သမိုင်းကျမ်းဂန်များအားဖြင့်လည်းကောင်း၊ တစ်ဆင့်ကြားအားဖြင့် လည်းကောင်း မဏ္ဍာကိနီဟူသည် ကြီးမားဆန်းကြယ်သလောက် ကြမ်းတမ်းလှ၏ဟု ကြားမိထားရ၍ ဤသို့ ပြင်ဆင်လာခဲ့မိသည်ကို သည်းခံပါဘိ ရှစာဂီရိ"

"အချို့သော လောကီတန်ခိုးရှင်တို့သည် လာရောက်နှောင့်ယှက်တတ်သောကြောင့် ကြမ်းတမ်းသည်ဟူသော သတင်းသည် မှန်ပါ၏။ သို့ရာတွင် အရှင်မြတ်တို့လို သူတော်ကောင်းတို့ကိုကား အမြဲ ကျိုးနွံ ခ,ယမ်းပြီးပါဘုရား"

"ငါတို့လို တန်ခိုးရှင်ရဟန်းများကိုသာမဟုတ်၊ တန်ခိုးမဲ့, တန်ခိုးငယ်ရဟန်းများ ရံဖန်အကြောင်းရှိ၍ ကြွလာလျှင်လည်း သည်းခံပါဘိ ရှစာဂီရိ"

"တပည့်တော်တို့သည် ဂေါတမဘုရားရှင်နှင့် အရှင်ရဟန်းတို့၏ သတင်းကောင်းများကို ကြားသိရ၍ အစဉ်လေးစားပြီးသူများ ဖြစ်ကြပါသည်ဘုရား"

"သာဓု...သာဓု...သာဓု ရှစာဂီရိ"

"ယခု အရှင်မြတ် ကြွရောက်လာခြင်းမှာ တပည့်တော်တို့ ကိုးကွယ်ရန် တစ်လှည့်တစ်ပတ် ကြွရောက်လာခြင်းပါလား၊ အခြားအကြောင်းထူးရှိ၍ပါလား ဘုရား"

"ဂိလာနရဟန်းတို့ ဆေးအဖြစ်သုံးဆောင်ရန် မဏ္ဍာကိနီ ကြာစွယ်အလှူခံလို၍ လာခဲ့ပါသည်"

"ဆေးဝါးအဖြစ်မျှသာမက အလိုရှိသလို သုံးဆောင်နိုင်ကြရန် ပေးလှူလိုက်ပါမည်။ အရှင်မြတ်နောက်တော်မှ ဆင်တစ်စီးကို သယ်ယူစေ၍ ဇေတဝန်အနီးထိ ပို့ဆောင်စေပါမည်ဘုရား"

ယင်းသို့ဖြင့် ကြာစွယ် နှစ်ချောင်း,သုံးချောင်းမျှကို ချိုးယူ၍ တန်ခိုးရှင်ဆင်တစ်စီးအား ကောင်းကင်ခရီးဖြင့်ပင် သာဝတ္ထိနယ်စပ်အထိ လိုက်၍ပို့စေသည်။

အရှင်မောဂ္ဂလာန်ကိုယ်တော်တိုင် မဏ္ဍာကိနီသို့ ကြွသွားခြင်း, ပြန်လာခြင်းသည်လည်းကောင်း၊ အပြန်တွင် တန်ခိုးရှင်ဆင်တစ်စီးက သာဝတ္ထိနယ်စပ်အထိ ပို့ဆောင်ခြင်းသည် လည်းကောင်း တန်ခိုးရှင်တို့၏ အလုပ်များဖြစ်၍ တတ်နိုင်သလောက် လျှို့ဝှက်သော်လည်း သိသူတို့က သိရာမှစ၍ အုတ်အော်သောင်းတင်းဖြစ်ကာ အရှင်မောဂ္ဂလာန်နှင့် လိုက်ပို့သောဆင်တို့ သက်ဆင်းရာအရပ်ကို နေရာထူးနေရာမြတ်အဖြစ် စေတီတည်ထားကိုးကွယ်ကြသည်။ နာဂေါရောဟနစေတီဟုတွင်၏။

www.burmeseclassic.com



မဏ္ဍာကိနီ ကြာစွယ်ဟူသည်မှာ ကြာစွယ်ဟု မထင်မှတ်နိုင်အောင်ပင် ကြီးမားလှ၏။ ကြာစွယ်မှ တစ်ထွာမျှလောက်ကို ဖြတ်၍ညှစ်လိုက်သော အရည်သည် သပိတ်တစ်လုံးစာမျှအထိ များပြား၏။ အရသာကလည်း ထူးခြားလှ၏။ သို့ရာတွင် ရှေးက မခံစားဖူးသော အရည်ဖြစ်သောကြောင့် ပျားရည်မှုမက ချိုသည်ဟုသာ ပြောနိုင်ပေမည်။

ယင်း ကြာစွယ်ရည်ကြောင့် အရှင်သာရိပုတ္တရာ၏ လေနာရောဂါ ရုတ်ခြည်း ပျောက်၏။ ဆရာဇီဝကအဖို့ ဆေးဘက်ဝင်ပစ္စည်း ရသောကြောင့် ဝမ်းမြောက်၏။ ကြာစွယ်ရည်ကို ရဟန်းအများသို့လည်း ကပ်လှူရသည်။ ဤဖြစ်ရပ်များကို စိတ်ဝင်တစား ကြည့်ရှုသုံးသပ်နေသူမှာကား မြို့တော်သခင် အရှင်မြတ်ပင် ဖြစ်လေသည်။ အရှင်မြတ် စိတ်ဝင်စားသည့်အလျောက်လည်း နောက်ပိုင်းတွင် ထူးခြားသော အကြောင်းရပ်များသည် မဏ္ဍာကိနီတွင် ဖြစ်ပေါ်လာခဲ့ပေသည်။

[ ၄ ]

အမည်ရင်းမှာ 'သုဒတ္တ'ဖြစ်သော်လည်း လေးစားသောအားဖြင့်လည်းကောင်း၊ အမျိုးအနွယ်တို့ကိုလိုက်၍လည်းကောင်း သူတို့ပညာရှိမျိုးရိုးအမည်အတိုင်း ဆရာလေး ကောဏ္ဍညဟု ငယ်စဉ်ကပင် အခေါ်ခံခဲ့ရသည်။ အကြောင်းမူကား ငယ်စဉ်ကပင် ပညာကြီးသလောက် သိက္ခာကြီးမားခဲ့သူဖြစ်လေရာ အသက်နှစ်ဆယ်အရွယ်ကပင် သုဒ္ဓေါဒနဘုရင်၏ ထိပ်တန်းအတိုင်ပင်ခံ ပညာရှိကြီးရှစ်ဦးအနက် တစ်ဦးအပါအဝင် ဖြစ်ခဲ့ပေသည်။

သူ့ကို သိဒ္ဓတ္ထ၏ အနာဂတ်ကို ဟောကြားရန်အတွက် ဗြဟ္မာမင်းက စေလွှတ်လိုက်သူ၊ သို့မဟုတ် ဗြဟ္မာဘဝက ဆင်းသက်လာသူဟုပင် အသိအမှတ်ပြုကြ၏။ အကြောင်းမူကား ဘုရားမဖြစ်စေလို၊ စကြာမင်းသာ ဖြစ်စေလိုသော သုဒ္ဓေါဒနဘုရင်၏ လိုအင်ဆန္ဒကိုသိပါလျက် မင်းလိုလိုက် မင်းကြိုက်မလိုက်ဘဲ မိမိပညာအရ သိဒ္ဓတ္ထမင်းသားလေးအား ဘုရားစင်စစ် ကေန်ဖြစ်မည့်သူဟု ဟောကြားခဲ့သူ မဟုတ်ပါလော။

ဟောပြီး၍ မကြာမတင်ပင်လျှင် သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်သည့်အခါ ရှေးဦးစွာ ဖူးတွေ့ရစိမ့်သောငှာ၊ သို့မဟုတ် တရားဦးတရားထူး နာရစိမ့်သောငှာ တောထွက်၍ ရသေ့အဝတ်ဖြင့် ဥရုဝေလမှ နှစ်များစွာကပင် စောင့်ကြိုနေခဲ့သူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့က ဤသို့ တောထွက်သွားခြင်းမှာ ဘုရင့်အလိုနှင့် ဆန့်ကျင်၍ ယောမိရာတွင် ဘုရင့်ပြစ်ဒဏ်မှ ခံရမည်ကြောင့် တိမ်းရှောင်သွားခြင်းဖြစ်သည်ဟု ဆိုကြ၏။ မဟုတ်ပေ။ စင်စစ်သော်ကား မိမိပညာအပေါ်၌ မိမိ၏ ယုံကြည်ချက်ကို မိမိသာလျှင် အသိဆုံးဖြစ်ပေသည်။ ယုံကြည်သည့်အလျောက်လည်း သိဒ္ဓတ္ထမင်းသားသည် အခက်အခဲတို့အကြားမှပင် ဘုရားစင်စစ် ကေန်ဖြစ်လာခဲ့ပြီ မဟုတ်ပါလော။

တစ်နည်းအားဖြင့်ဆိုသော် ကောဏ္ဍညသည် သိဒ္ဓတ္ထ၏ ပါရမီအရည်အသွေးကို အလေးအနက်အထားဆုံးပုဂ္ဂိုလ် ဖြစ်၏။ အတိတ်ကသာ ထားခဲ့သည်မဟုတ်၊ ပစ္စုပ္ပန်အနေဖြင့် ကြည့်လျှင်လည်း ဥရုဝေလတွင် သိဒ္ဓတ္ထနှင့် ဓမ္မမိတ်ဆွေအဖြစ် အတူတွဲဖက်ခဲ့ရာ၌ လည်းကောင်း၊ ဘုရားဖြစ်တော်မူလာပြီးနောက် ယနေ့အထိ လည်းကောင်း ဘုရားရှင်၏ ကြီးစွာသောဘဝအဖော်၊ ဓမ္မအဖော်ကြီးဖြစ်စေခဲ့ပေသည်။

ထို့ကြောင့်လည်း သာသနာတော်၏ တေဒဂ်အရှင်များအနက် ဘုရားရှင်မှလွဲလျှင် အကြီးကဲဆုံးနှင့် ရဟန်းမှန်သမျှတို့၏ အပူဇော်ခံ "ရတ္တညု"တည်းဟူသော တေဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်ခံခဲ့ရသည် မဟုတ်ပါလော။

ယခုသော် ဘွဲ့ထူးဂုဏ်ထူးမျှသာမဟုတ်၊ သက်တော်ကလည်း ကြီးရင့်ခဲ့ပေပြီ။ သက်တမ်းဖြင့်ကြည့်သော် မှည့်ရင့်ခဲ့လေပြီ။ ထို့ကြောင့် ဘုရားရှင်၏ထံပါးတွင် ဘဝအဖော်၊ ဓမ္မအဖော်ကြီးအဖြစ်မှ ဧကစာတစ်ပါးတည်းအဖြစ် သင့်လျော်ရာ တစ်နေရာရာသို့ ဖဲထွက်လိုခဲ့ပေပြီ။

ယင်းသင့်လျော်ရာ တစ်နေရာဟူသည်ကား ရှေးမဆွကပင် အာရုံကပ်ထားခဲ့သော မဏ္ဍာကိနီဒေသပင် ဖြစ်လေ၏။

သက်တော် ဝါတော် ကြီးရင့်လာသောကြောင့်သာ ဧကစာတစ်ပါးတည်း ဖဲထွက်လိုလာခြင်းမဟုတ်။ အခြားအကြောင်းတစ်ရပ်ကလည်း ရှိနေပေသေး၏။ ယင်းအကြောင်းသည်ကား အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အရှင်မဟာကဿပ စသော တကယ့်ပညာရှင်၊ တန်ခိုးရှင်၊ အကျင့်ရှင် ထိပ်သီးသံဃာတော်ကြီးများ၏ ပူဇော်မှု အလေးအမြတ်ပြုမှုကို သက်ကြီးဝါကြီးဟူသော ဝိနည်းသိက္ခာပုဒ်တော်အရ ဘုရားရှင်နှင့်အလားတူ မပြတ်ခံယူနေရပေရာ မိမိမှာ ဂုဏ်ထူးရှင် ယင်းသံဃာတော်ကြီးများ၏ ရိုသေမှုဖြင့် အနေကျုံ့ရခြင်းကြောင့်လည်းကောင်း၊ ယင်းသံဃာတော်ကြီးများမှာလည်း မိမိကြောင့် အနေကျုံ့ရှာကြပေမည်ကို လွတ်လွတ်လပ်လပ် ဖြစ်စေလိုမှုကြောင့်လည်းကောင်း တစ်ပါးတည်းနေချိန်တန်ပြီဟု

www.burmeseclassic.com

www.burmeseclassic.com



ယူဆသောကြောင့်လည်း ဖြစ်၏။

သို့ဖြစ်ရာ မိမိ၏ဆန္ဒကို ဘုရားရှင်အထံတော်၌ ချဉ်းကပ်လျှောက်ထားသော အခါ အချိန်အခါကို သိတော်မူပြီးသော ဘုရားရှင်က အလွယ်တကူပင် ခွင့်ပြုတော်မူ၏။ ရဟန်းတစ်ပါး ခရီးထွက်သွားရာ၌ သာမန်ခွင့်ပြုတော်မူခြင်းမျှ ခွင့်ပြုခြင်း မဟုတ်၊ ကောဏ္ဍညသည်ကား မိမိအထံသို့ ပြန်လာတော့မည်မဟုတ်ဟူသော အသိတွင် နောက်ဆုံးခွဲခွာခြင်းဖြင့် ခွင့်ပြုတော်မူလိုက်ခြင်း ဖြစ်ပေသည်။

"ကောဏ္ဍည...သံသရာမှ ထွက်မြောက်မှု တရားအလုပ်တွင် သင့်ဆန္ဒဓာတ်၊ ဝီရိယဓာတ် ကြီးမားလှသည်ကို ငါ ချီးကျူးသကဲ့သို့ ငါ့အပေါ်၌ မိဘသဖွယ် စောင့်ရှောက်ခဲ့သော သင့်ကျေးဇူးကိုလည်း အစဉ်သတိရပါသည်။ မန္တာကိနီသည် သင့်အတွက် သင့်လျော်သောနေရာဖြစ်ပါ၏။ ချမ်းသာစွာဖြင့် တရားနှလုံး ကျင့်သုံးနိုင်ပါလိမ့်မည်"ဟု ဘုရားရှင်က ကျေးဇူးစကား ပြောလိုက်သောကြောင့် ဝမ်းမြောက်ရသည့်အပြင် အနာဂတ်နိမိတ်ကိုလည်း အရိပ်ထင်ထင် မိန့်ကြားလိုက်သောကြောင့် စိတ်အေးရ၏။

[ ၅ ]

မန္တာကိနီကား အကြားအထင်ထက် အမြင်က ပို၍ကြီးကျယ်လှပေသည်။ ဆန်းကြယ်လှပေသည်။ ဆင်တို့စံရာဖြစ်သော်လည်း နတ်တို့စံရာ တာဝတိံသာ အလား ထင်မှတ်မှားလောက်ပေသည်။

အကြောင်းကား အပြောကျယ်လှစွာသော မန္တာကိနီရေအိုင်ကြီးကို သဘာဝဖြင့် ဖန်တီးအပ်သော ရတနာမျိုးစုံ ကန်ပေါင်အဆင့်ဆင့်ဖြင့် သတ်မှတ်သည်။ ကန်လယ်၌ တစ်ကန့်စီ ပေါက်ရောက်လျက်ရှိသော ထူးခြားလှသည့် ကြာမျိုးစုံတို့မှာ ရှုမငြီးနိုင်လောက်အောင်ဖြစ်၏။

ကန်ထက် ထူးခြားသောအရာကား ရတနာလိုဏ်ဂူကြီးများပင် ဖြစ်ပေ၏။ သို့ရာတွင် မန္တာကိနီ၏ ထူးခြားဆန်းကြယ်မှုများသည် မိမိသီတင်းသုံးမည့် ပတ်ဝန်းကျင်ကို သိရှိထားရုံမျှသာ သတိပြုမိခြင်းဖြစ်၍ ရဟန္တာတစ်ပါးဖြစ်သော အရှင်မြတ်အဖို့ အကြောင်းမဟုတ်။

မန္တာကိနီသို့ အရှင်မြတ်ရောက်လာသောအခါ ရစာဂီရိ အမှူးပြုသော ဆင်အုပ်ကြီးက အလေးအမြတ်ပြု၍ ဆီးကြို၏။ ဆင်များသည်လည်း မန္တာကိနီ၏ ထူးခြား

www.burmeseclassic.com

www.burmeseclassic.com



ချက်တစ်ချက်ပင် ဖြစ်နေပေသည်။ အကြောင်းမူကား ကျမ်းဂန်တို့တွင်သာ စာရင်းအဖြစ် တွေ့ရှိခဲ့ရသော ဆင်ရောင်စုံ၊ ဆင်မျိုးစုံကို မျက်ဝါးထင်ထင် တွေ့ရှိရသောကြောင့် ဖြစ်သည်။

"ဒါယကာရစာဂီရိ...သင်ခွင့်ပြုခဲ့ပါသော် ငါသည် သင်၏မဏ္ဍာကိနီ၌ ယနေ့မှစ၍ အသက်ထက်ဆုံး တရားနှလုံး ကျင့်သုံးနေထိုင်သွားလို၍ လာခဲ့ပေသည်"

"တပည့်တော်တို့ အရတော်ပါလေစွ၊ ဝမ်းမြောက်ရပါလေစွ အရှင်မြတ်...အရှင်မြတ် ဆန္ဒအတိုင်း လိုဏ်ဂူတစ်ခုကို ကျောင်းအဖြစ် ရွေးချယ်၍ သီတင်းသုံးတော်မူပါ။ တပည့်တော်တို့က မဏ္ဍာကိနီ၏ အရှင်အဖြစ် ပူဇော်လုပ်ကျွေးသွားပါမည်ဘုရား"

သူတော်ကောင်းများသည် ဆိတ်ငြိမ်သော တောရိပ် တောင်စွယ်တစ်ခုကို အမှီရသောအခါ ချမ်းသာစွာဟု ဥဒါန်းဆိုတတ်ကြသည်။ အာရုံကင်းဆိတ် ဝိဝေကနိမိတ်ကြောင့် ချမ်းသာသည်မှန်ပါ၏။ သို့ရာတွင် ဆွမ်း၊ ရေ စသော အာဟာရရှာဖွေရသည့် ဒုက္ခကလေးများက ရှိနေတတ်ပေသေးသည်။

ဆင်တို့၏ မြို့တော်သခင် အရှင်မြတ်အဖို့ကား အမှန်ပင် ချမ်းသာလှပါပေ၏။ အကြောင်းမူကား ရေရိုးရိုးမျှသာမက ရေပူရေချမ်း၊ ဆွမ်း စသည်ကို ဆင်တို့က အလှည့်ဖြင့် ကပ်လှူစောင့်ရှောက်သည်။ အရှင်မြတ် သီတင်းသုံးသော ရတနာလိုဏ်ဂူက တင့်တယ်မှုမျိုးစုံဖြင့် ပြကတိအားဖြင့် ပြည့်စုံပြီးသားအပေါ်တွင် ပဒုမ္မာကြာအစရှိသော ပန်းမျိုးစုံတို့ဖြင့် ဆင်တို့၏ ဂရုစိုက်မှုကြောင့် တဝေဝေ တညင်းညင်း၊ တသင်းသင်း တထုံထုံ မပြတ်ရှိသည်။ အရှင်မြတ်အဖို့ မည်သည့်ကြောင့်ကြမှုမှ မရှိဘဲ အလိုရှိအပ်သော တရားမြတ်ကို မပြတ် ရှုမှတ်ပွားများနိုင်သည်။

ဤနည်းဖြင့် ကောဏ္ဍည အရှင်မြတ်ကြီးသည် ဆင်တို့မြို့တော် မဏ္ဍာကိနီ ရတနာလိုဏ်ဝယ် ၁၂ နှစ်တိုင်တိုင် သီတင်းသုံးတော်မူ၍ ပရိနိဗ္ဗာန်စံယူတော်မူသည်။ အရှင်မြတ်၏ အလောင်းတော်ကို ဆင်တို့က သာဓုကီဠနသဘင် ဆင်ယင်ပုံမှာ လူတို့မသိသော်လည်း အကြီးကျယ်ဆုံး အခမ်းအနားတစ်ရပ် ဖြစ်ပါသတည်း။ ။

(ကျီးသဲ၏ မဟာဝင်ကျမ်းကို အခြေခံထား၍ အရှင်နာဂသိန်၏ပုံပြ သားငါး၊ ကျေးငှက်ဆေးအဘိဓာန်၊ ဖျာပုံဦးသြဘာသ၏ သုတေသန သရုပ်ပြ အဘိဓာန် တို့ကို မှီးပါသည်။)

◆

www.burmeseclassic.com

www.burmeseclassic.com



# အနားယူ

[ ၁ ]

"သမဏာ–ရဟန်းတို့သည်၊ ကိသာဝ–ကြံ့လိုမှသာလျှင်၊ သောဘာ–တင့်တယ် ကုန်၏။ စတုပ္ပဒါ–အခြေလေးခုရှိသော သတ္တဝါတို့သည်ကား၊ ထူလာဝ–ဆူဖြိုးမှ သာလျှင်၊ သောဘာ–တင့်တယ်ကုန်၏လို့ ဝေဒနီတိ ကျမ်းကြီးတွေမှာ ဟောထား တယ် ဒကာမကြီးရဲ့"

"မှန်ပေတာပေါ့ အရှင်ဘုရား..."

"မှန်ဆို ငါတို့ဆရာ အရှင်မဟာကဿပ ကိုယ်တော်ကြီးဟာ ဒီစကားရဲ့ အကြီးဆုံး သက်သေပေပဲ"

"တရားအတိုင်းကျင့်၊ တရားနဲ့နေတဲ့ ရဟန်းမှန်လျှင် ဘယ်မှာ ဆူဖြိုးနိုင်ပါ့မလဲ မောင်ပဥ္စင်းရဲ့"

"မှန်လှချည့် ဒကာမကြီး၊ ငါတို့ဆရာဟာ ဓုတင် ၁၃ ပါးစလုံးကို ဆောင် တယ်။ ရဟန်းတို့ကျင့်အပ်တဲ့ အကျင့်ထဲမှာဖြင့် အမြင့်ဆုံးအကျင့်ပေါ့။ အဲဒီ ၁၃ ပါးထဲမှာ နေ့နေ့ညဥ့်ညဥ့် ဘယ်တော့မှ ကျောခင်းမအိပ်တဲ့အကျင့်၊ နေပြန်တော့ လည်း အမိုးအရံအောက်မှာမနေတဲ့အကျင့်၊ စားပြန်တော့လည်း ကုဋ္ဌေဝေဒနာရှင်က ပေးလှူတဲ့ဆွမ်းကိုတောင် ယောနိသောမနသိကာရနဲ့ စားသုံးတဲ့အကျင့်၊ အဲဒီအကျင့် တွေဟာ ဒီရုံစရာ့ ခန္ဓာကိုယ်ကြီးအတွက် ဘယ်မှာ ဆူဖြိုးခွင့် ရနိုင်တော့မှာလဲ ဒကာမကြီးရဲ့"

"မှန်လိုက်လေ မောင်ပဥ္စင်း၊ ဒါကြောင့်မို့လည်း တပည့်တော်တို့ ကြည်ညို လို့မဆုံး ဖြစ်ရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"နို့ပေမယ့် အကျင့်ပြင်းထန်သလောက် အကြောင်းတရားလေးပါးကြောင့် ဖောက်ပြန်လေ့ရှိတဲ့ ခန္ဓာကိုယ်က မခံနိုင်ပေဘူး။ မနေ့ညကလည်း လွင်တီးခေါင် နှင်းတောထဲမှာ တစ်ညလုံး သီတင်းသုံးလေတော့ ဒီကနေ့ ကိုယ်လက် မအီမသာ ဖြစ်တော်မူပါလေရော။ ဒါကြောင့်မို့ ဒီကနေ့ ဆရာတော် ဆွမ်းခံမထွက်နိုင်ပြန်ဘူး"

"ဖြစ်မှဖြစ်ရပလေ၊ ကြည်ညိုဖွယ်ကောင်းလိုက်ပါဘိ။ နတ်ဒေဝတာများ နှိုးဆော်လို့လားမသိဘူး၊ ဒီကနေ့ တစ်အိမ်လုံးအတွက် ဆီဦးထောပတ် ထမင်းတွေ စီစဉ်ချက်ပြုတ်ထားပါတယ်။ ဆရာတော်အဖို့ရော၊ အရှင်ဘုရားအဖို့ပါ လောင်းလှူ လိုက်ပါ့မယ်ဘုရား"

"သာဓု...သာဓု...ဒကာမကြီး"

"ဆရာတော်ကိုသာ ပြောနေ၊ မောင်ပဉ္ဇင်းလည်း ကျန်းမာရေးသတိပြုဦးဘုရာ့၊ မောင်ပဉ္ဇင်းကိုကြည့်ရတာလည်း တစ်နေ့တခြား ပိန်လွန်းလှတယ်။ အဲ...အဲ...စာ စကားအတိုင်းဆိုရင် ကြုံလှီလွန်းလှတယ်။ မောင်ပဉ္ဇင်းလည်း ဆရာတော့်ခြေရာ နင်းပြီး ကျင့်သုံးနေထင်ပ"

"ဒါမတော့ အမြင်က သက်သေခံနေတာပဲလေ၊ ဆရာကောင်းတပည့် ပန်း ကောင်း ပန်ရမတဲ့ ဒကာမကြီးရဲ့။ အစ်ပွားယ်ကတော့ တပည့်ကောင်းမှန်လျှင် ဆရာ့အဆုံးအမ၊ ဆရာ့ခြေရာအတိုင်း နင်းကျင့်ရပေမပေါ့။ ဘယ်မှာ ဒီခန္ဓာကိုယ် အကောင်ပုပ်ကြီးကို ငဲ့ညှာနေလို့ ဖြစ်မလဲ"

"သာဓု...သာဓု...မောင်ပဉ္ဇင်း"

ဒကာမကြီးဆိုသူက သဒ္ဓါတရားပင်ရှိသော်လည်း အသိအမြင်က နည်းနည်း။ မောင်ပဉ္ဇင်းဆိုသော ရှင်သဒ္ဓက,က အလိုမ့်အဖြီးကောင်းကောင်း။ ဘုန်းကြီးရှူးနှင့် လေ့လူးတို့ တွေ့ကြခြင်းဖြစ်၏။ စင်စစ်သော်ကား ကြား၍ပင် ကောင်းလှသော် လည်း တရားရှင်၊ အကျင့်ရှင်မှန်က လာဘ်လာဘအတွက် မပြောအပ်သော စာ အခေါ် ဝိညတ်စကား၊ စောင်းပါးရိပ်ခြည် လာဘ်ခေါ်စကားများဖြစ်၏။ စောင်းသည် မှ မိမိလာဘ်လာဘအတွက်သာ စောင်းခြင်းမဟုတ်။ အတူနေ တပည့်ပြိုင် ဂုဏ်ပြိုင် ဖြစ်သော အရှင်တိဿကိုလည်း စောင်းသည်။ စင်စစ်သော်ကား ရှင်သဒ္ဓကဟူသည် ဒါယကာ ဒါယိကာမတို့ အမြင်အားဖြင့် ဟန်လုပ်ဖုံးကွယ်ထားသောကြောင့် ကြည် ညိုဖွယ် ရဟန်းအသွင်ပင်ဖြစ်သော်လည်း ဆရာဖြစ်သူ အရှင်မဟာကဿပအပေါ် တွင် သော်လည်းကောင်း၊ အတူနေတပည့်ချင်းဖြစ်သူ အရှင်တိဿအပေါ်တွင်သော်

www.burmeseclassic.com



လည်းကောင်း ဣဿာသမား၊ မစ္ဆရိယသမား၊ အကျင့်ပျက် ရဟန်းညံ့တစ်ပါး ပေတည်း။

အရှင်မဟာကဿပကဲ့သို့ တကယ့်တရားသမားကြီးအယောင် သူ့ခန္ဓာကိုယ် ကြုံလှီနေသည်မှာ မှန်ပါ၏။ သို့ရာတွင် ခန္ဓာကိုယ် ကြုံလှီရသည်မှာ အကြောင်း လေးပါးရှိသည်။ ယင်းလေးပါးဟူသည်ကား အမေမွေးကတည်းက မျိုးရိုးစရိုက် သဘာဝအလိုက် ကြုံလှီသေးငယ်သည်လည်းရှိ၏။ ရောဂါဝေဒနာကြောင့် ကြုံလှီရ သည်လည်း ရှိ၏။ လူ့ဘဝတွင် တကယ့်စည်းစိမ်ရှင် ရှင်မဟာကဿပ အလောင်း အလျာ ကဿပလုလင်တို့လို ပြည့်ပြည့်ဖြိုးဖြိုးပင် ဖြစ်ခဲ့စေကာမူ ထိပ်တန်းအကျင့် ဖြစ်သော ဓုတင်အကျင့်တွင် တစ်မျိုးနှစ်မျိုးသာမက ၁၃ မျိုးစလုံး တရားအလုပ်ကို ကျားကုတ်ကျားခဲ ကျင့်သောကြောင့် ကြုံလှီသည်လည်းရှိ၏။

နောက်တစ်ပါးကား သတ္တဝါ ယေဘုယျတို့ သတိမထား မသိမြင်တတ်ကြ သော ကြုံလှီပုံမျိုးဖြစ်၏။ ယင်းသည်ကား စိတ်ဓာတ် စိတ်ထား ယုတ်ညံ့သေးသိမ် လှသောကြောင့် ခန္ဓာကိုယ် ကြုံလှီညှိုးနွမ်းရခြင်းပင် ဖြစ်ပေသည်။

ခန္ဓာကိုယ်ကို နွမ်းအောင်၊ လန်းအောင်၊ ကြုံလှီအောင်၊ ပြည့်ဖြိုးအောင် ပြုပြင် အပ်သော ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူ၍ အကြောင်းတရား လေးပါးရှိသည့်အနက် သတ္တဝါ ယေဘုယျတို့အဖို့ လန်းဆန်းကျန်းမာအောင်၊ ပြည့်ဖြိုးအောင် နားလည် ကြိုးပမ်းနေကြခြင်းမှာ နောက်နှစ်ပါးဖြစ်သော ဥတုနှင့် အာဟာရဖြစ်၍ ရှေ့နှစ်ပါး ဖြစ်သော ကံနှင့်စိတ်ကိုမူ သတိမထားမိတတ်ကြ။ မပြုပြင် မကြိုးပမ်းတတ်ကြ။

ကျန်းခံ့ပြည့်ဖြိုးရန်ဟူ၍ ဆေးဝါး အာဟာရကိုသာ သတိရသည်။ အေးလျှင် နွေးအောင်၊ နွေးလျှင် ပူလျှင် အေးအောင် အဝတ်အဆင် နေရာဒေသ စသည်ဖြင့် ဥတုကိုပြုပြင်ပေးဖို့သာ သတိရသည်။ အတိတ်ကံပင် နည်းပါးစေဦးတော့၊ ပစ္စုပ္ပန် တွင် ကျန်းမာရွှင်လန်းရေးအတွက် ကောင်းမှုကုသိုလ်ဖြင့် ပြုပြင်ပေးရန် သတိ မရကြ။ အထူးသဖြင့် ခန္ဓာကိုယ် စိတ္တဇရုပ်များ ညှိုးပုပ် ကြုံလှီရခြင်း၏ အကြောင်း ကြီးဖြစ်သော စိတ်ကောင်းစိတ်မွန် မွေးမြူရေး၊ စိတ်ဖြင့်ပြုပြင်ရေးကို သတိမရကြ။

ဒေါသဖြစ်စရာရှိလျှင် ဖြုန်းခနဲ၊ ဒိုင်းခနဲ အလွယ်တကူဖြစ်သည်။ မနာလို ငြူစူ ဣဿာဖြစ်စရာရှိလျှင် အလွယ်တကူဖြစ်သည်။ မာနဖြစ်စရာရှိလျှင် ရင်ကော့ လာသည်။ ဤကား အများနားလည်လွယ် မြင်လွယ်သော စိတ်ညံ့စိတ်ဆိုး သုံးမျိုး

www.burmeseclassic.com

www.burmeseclassic.com



မျှသာဖြစ်၍ ခန္ဓာကိုယ်ပုံပျက်အောင် ပြုလုပ်နေသည့် အခြားစိတ်ညှဲ့စိတ်ဆိုး ၁၁ မျိုး ရှိသေးသည်။

ရှင်သဒ္ဒကကား ရဟန်းပင် ဖြစ်မချည်း၊ အကျင့်ကောင်း အကျင့်မြတ်သခင် အရှင် မဟာကဿပ၏ တပည့်တစ်ပါးပင် ဖြစ်မချည်း ယင်းစိတ်ဆိုးစိတ်ညှဲ့တို့က နှိပ်စက်အပ်သောကြောင့် ကြုံလှီ၍နေသော ရဟန်းဆိုး ရဟန်းပျက် တစ်ပါးမျှ သာတည်း။ သူ့အကြောင်းသည် နောက်ပိုင်းတွင် ပို၍ထင်ရှားလာပါလိမ့်မည်။

ယုတ်ညှဲ့လိုက်ပုံမှာ ယခုပင်လျှင် တရားရှင်ကြီးအယောင်၊ မကျန်းမာသော အရှင်မဟာကဿပအတွက်ဆိုကာ လိမ့်လုံး လူးလုံးများဖြင့် ဒါယိကာမကြီးအထံမှ အလှူခံ၍ ရလာသော ဆွမ်းကောင်း ဆွမ်းမွန်များကို အရှင်မဟာကဿပအထံသို့ ရောက်အောင်မယူ၊ မဆက်ကပ်။ တော်ရာတစ်နေရာတွင် မိမိတစ်ပါးတည်း ဝအောင် အီအောင် စား၊ ပိုသမျှကို သွန်ပစ်ကာ ထမင်းဆိပ်ကြောင့် ဖိမ်ဖြင့်အိပ်ကာ အချိန်ကုန်မှ တည်းကျောင်းသို့ပြန်လာပြီး ဟန်လုပ်၍နေသည်။ စင်စစ်သော်ကား အရှင် မဟာကဿပ မကျန်းမာခြင်းမဟုတ်။ ဒါယိကာမကြီးအထံမှ မုသားဖြင့် အလှူခံခဲ့ ခြင်းမျှဖြစ်သည်။

ဝေဒနီတိမှ ဖော်ပြပါဂါထာကို စာသံ ပေသံနှင့်ဖြစ်၍ ဘုရားဟော တရားဟော ပမာ ရွတ်ဆို၍ပြခြင်းမှာ မိမိကြုံလှီလျက်ရှိသည်ကို တရားရှင်ကြီးအယောင်ဆောင် ရုံမျှ မဟုတ်။ သူ့ပင်ကိုသဘာဝအလျောက် ပြည့်ဖြိုးလျက်ရှိသော အတူနေ တပည့် ဖြိုင် အရှင်တိဿအား တရားမကျင့်၊ တရားမရှိသူဖြစ်လေသယောင်၊ ခြေလေးချောင်း သတ္တဝါမျှ ဖြစ်လေသယောင် စောင်းမြောင်း၍ ရွတ်ဆိုဟောပြောခြင်းလည်း ဖြစ်၏။

စင်စစ်သော်ကား မိမိပိန်ကြုံလျက်ရှိသည်ကို သူ့ဟာသူ ပြည့်ဖြိုးလျက်ရှိသော တပည့်ဖြိုင် အရှင်တိဿအား မနာလိုမှု ဣဿာတရားဖြစ်ပေါ်လျက် ရှိခြင်းဖြစ်၏။ သူ့ဣဿာမှာ တစ်ဆိတ်တော့ လွန်လွန်းလှပေသည်။ အကြောင်းမူကား ရဟန်း တစ်ပါးဖြစ်လျက် မိမိအသုံးမကျ၍ မကျင့်နိုင်သည်ကို အကျင့်မွန်အကျင့်ကောင်း ကြောင့် ကျော်ကြားလျက်ရှိသော အရှင်မဟာကဿပအားလည်း ဆရာပင်ဖြစ်စေ ကာမူ ဣဿာဆိုးဝင်နေသောကြောင့် ဖြစ်၏။ ထို့ကြောင့်လည်း "ကဲ...မှတ်ထားဦး ဟဲ့"ဟု ကိုယ့်ဣဿာနှင့်ကိုယ် ဖြေသိမ့်ကာ ဆရာ၏အမည်ဖြင့် လိမ်လည်၍ အလှူခံရလာသော ဆွမ်းကို ဆရာသို့မပေးဘဲ စားသုံး သွန်မှောက်ပစ်ခဲ့ခြင်း မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



မိမိထက် အကျင့်သာမှုကို မနာလိုမှုမျှသာမဟုတ်၊ ဆရာကိုမကျေနပ်သည့် အကြောင်းကိစ္စတစ်ရပ်ကလည်း အနားပျာလုပ်ခဲ့သော ရှင်သဒ္ဓကအဖို့ မနေ့တစ်နေ့ ကပင် ဖူးပေါ်သလိုပေါ်ကာ ပေါက်ကွဲ အရှက်ရခဲ့သောကြောင့်လည်း ဖြစ်သည်။

[ ၂ ]

သာသနာတော် စည်ပင်လာသည်နှင့်အမျှ သာဝတ္ထိပြည်တွင်လည်းကောင်း၊ ကောသမ္ဗီ၊ ရာဇဂြိုဟ် ထိုထိုဒေသများတွင်သော်လည်းကောင်း ကျောင်းတော်ကြီး များ အလျှိုလျှို ပေါ်ပေါက်၍လာသောအခါ ယင်းကျောင်းတော်များတွင် ဘုရားရှင် ကိုယ်တော်တိုင် မပြတ်သီတင်းသုံးတော်မမူနိုင်။ ရံဖန်အလှည့်ဖြင့်သာ သီတင်းသုံး၍ သင့်လျော်သော တပည့်များကို ကျောင်းထိုင် ကျောင်းစောင့်အဖြစ် လွှဲအပ်၍ ထားရ၏။

ယင်းသို့ လွှဲအပ်ရာ၌ သာဝတ္ထိ၊ ရာဇဂြိုဟ် ထိုထိုကျောင်းတော်ကြီးများ၌ အရေးပါလျှင် ပါသလို၊ ကျောင်းတော်ကြီးလျှင် ကြီးသလောက် တပည့်ကြီးများကို လွှဲအပ်၏။ ယခုလည်း ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူခိုက်၌ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်ကြီးကို အရှင်မဟာ ကဿပအား စောင့်ရှောက်ကြည့်ကြပ်ရန် လွှဲအပ်ထားခိုက်ဖြစ်သည်။

သို့အရာတွင် အရှင်မဟာကဿပသည်ကား ဓုတင် ၁၃ ပါးစလုံး ကျင့်သုံးသူ အရှင်ဖြစ်သည့်အလျောက် ဓုတင် ၁၃ ပါးအနက် အရညကင်ဓုတင်–တောမှာသာ နေသော အကျင့်၊ ရုက္ခမူဓုတင်–သစ်ပင်ရင်းမှာသာ နေသောအကျင့်၊ အဗ္ဘောကာ သိက ဓုတင် – လွင်တီးခေါင်တွင်သာနေသော အကျင့်၊ သောသာနိက ဓုတင်– သုသာန်တွင်သာ နေသောအကျင့် စသည်တို့ပါရှိသည့်အတိုင်း ရာဇဂြိုဟ်အနီး တောတွင်သာ သီတင်းသုံး၍ ရံဖန်အကြောင်းကိစ္စရှိမှ ဝေဠုဝန်သို့ လာရောက် အုပ်ချုပ်သည်။

သို့ဖြစ်ရာ ဓုတင်ဆောင် အရှင်မဟာကဿပအဖို့ တောတောင် ဂူလိုဏ်တို့တွင် တစ်ပါးတည်းသာ အနေများသော်လည်း ယခုသော်မူ ဘုရားရှင်အမိန့်တော်အရ ဝေဠုဝန်ကို အုပ်ချုပ်ရန် တာဝန်ရှိနေသောကြောင့် အကြောင်းကြီးငယ်တို့အတွက် အဆက်အသွယ် လွယ်ကူစေရန် တပည့်နှစ်ပါးကို တောကျောင်းတွင် မွေးမြူရ၏။

www.burmeseclassic.com

www.burmeseclassic.com



အဆက်အသွယ်လည်း လွယ်ကူစေ၏။ ရေပူရေချမ်း ကမ်းလှမ်းရန်အတွက်လည်း အဆင်ပြေ၏။

လက်ကောက်နှစ်ရံရှိလျှင် တီးခတ်အသံမြည်တတ်သော ဗုဒ္ဓဥပမာအရ ပထမ သော် တပည့်ဝတ်နှင့် ပြည့်စုံ၍ ကျိုးနွံပေါ့ပါးသော တပည့်ငယ် အရှင်တိဿ တစ်ပါးတည်းသာ တောသို့ခေါ်ခဲ့ခြင်း ဖြစ်သော်လည်း အရှင်နှင့်အတူ တရားကျင့် သုံးလိုလှပါချည့်၊ ဝတ်ကြီးဝတ်ငယ် ပြုစုလိုလှပါချည့်ဟု တောင်းပန်လာသော ရှင်သဒ္ဓက ရဟန်းငယ်အားလည်း သနားသောအားဖြင့် ခေါ်ယူခဲ့သည်။ စိတ်ထား ညံ့လှသောကြောင့် ရှင်သဒ္ဓက ပိန်ကြုံ၍နေသည်ကို တရားကျင့်သုံးလွန်း၍ ပိန်ကြုံ၍ နေသယောင် အရှင့်အား ရုတ်ခြည်းအထင်ရောက်စေခဲ့သောကြောင့်လည်း ဖြစ်သည်။

အမှန်သော်ကား တပည့်တပန်း ပေါများလှသော နာမည်ကျော် ဆရာအရှင့် ထံပါး၌ အတူနေ လက်ရင်းတပည့်အဖြစ် ချဉ်းကပ်နေထိုင်ရခြင်းကို ဂုဏ်ရှိသော အလုပ်တစ်ခုအဖြစ် ရှင်သဒ္ဓက ယူဆသဖြင့် ကောက်တကျစ် ချဉ်းကပ်ခဲ့ခြင်းမျှ ဖြစ်၏။

တောသို့ရောက်သောအခါ တပည့်နှစ်ပါးအတွက် တောကျောင်းကလေး တစ် ကျောင်းစီနှင့် အရှင်မဟာကဿပအတွက် ကျောင်းမလိုသော်လည်း အလိုရှိလျှင် ဆွမ်းစားရန်၊ နားနေနိုင်ရန်အတွက်ဆိုကာ ဒါယကာများက တောကျောင်း တစ် ကျောင်း ဆောက်လုပ်၍ပေးသည်။ သံဃာတို့ ရေချိုးရန်အတွက်ဟု ရေစရုံးအိမ်ခေါ် ရေချိုးခန်းတစ်ခန်းကိုလည်း ဆောက်လုပ်၍ပေးသည်။

အမှန်အားဖြင့်သော် တပည့်ရဟန်းငယ် နှစ်ပါးအတွက် ကျောင်းတစ်ကျောင်း တည်း ဆောက်လုပ်ကာ အတူနေ၍ ပြီးစီးနိုင်၏။ သို့ရာတွင် တရားကျင့်ယောင် ဆောင်ရုံမျှသာဖြစ်၍ မကျင့်နိုင်သော ရှင်သဒ္ဓက၏ တောင်းဆိုချက်အရ နှစ်ကျောင်း ဆောက်လုပ်ပေးရသည်။ တစ်ကျောင်းတည်း နှစ်ပါးနေလျှင် တရားအလုပ်အတွက် အနှောင့်အယှက်ဖြစ်သည်ဟု ရှင်သဒ္ဓက ပြောလိုက်သေး၏။ စင်စစ်သော်ကား မိမိကျောင်း အကာအကွယ်အတွင်း၌ စားကာ၊ အိပ်ကာ၊ ဇိမ်ခံကာမျှသာတည်း။

တရားလည်းကျင့်၊ တပည့်ဝတ်တွင်လည်း ကျိုးနွံပေါ့ပါးသောကြောင့် အရှင် တိဿအား အရှင်မဟာကဿပက တောသို့ ရွေးချယ်ခေါ်ငင်ခဲ့သည် မှန်၏။ သို့ရာ တွင် တောသို့ရောက်သည့် အချိန်အခါ၌မူ မိမိကိစ္စ မှန်သမျှ၌ ရှင်သဒ္ဓကချည်း လိုလိုသာ ဦးစီးဆောင်ရွက်နေသည်ကို တွေ့နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာ့ကိစ္စဆို၍ ထူးထူးထွေထွေတော့ မဟုတ်လှ။ နံနက်ချိန်၌ မျက်နှာသစ်ရေ တည်ထားရုံ၊ ရေချိုးချိန်၌ ရေပူ ရေချမ်း စီစဉ်ပေးရုံ၊ ကျောင်းသလင်း သန့်ရှင်းရုံ၊ ဆွမ်းခံ စသည်တို့မှ ဆရာပြန်လာသည့်အခါ သပိတ် သင်္ကန်း လှမ်းယူရုံကိစ္စကလေး များမျှသာ ဖြစ်၏။

အတောင်သာလျှင် ဥစ္စာရှိသော ငှက်ပမာကဲ့သို့ သပိတ် ပရိက္ခရာမျှသာလျှင် ဥစ္စာရှိသော ရဟန်းတို့အတွက် တစ်ဖန် 'အပ္ပကိစ္စော စ–အမှုကိစ္စ နည်းပါးရခြင်း သည် လည်းကောင်း'ဟူ၍ ဘုရားရှင်က မေတ္တာသုတ် ဒေသနာဖြင့် အကျဉ်းချုပ် ပေးလိုက်ပြန်သောအခါ ဆရာ့ကိစ္စ တရားရှင် ရဟန်းကိစ္စဟူသည် အဘယ်မှာ များပြားနိုင်ပါတော့အံ့နည်း။

သို့ရာတွင် ရှိနေသမျှသော ကိစ္စကလေးများ၌ပင်လျှင် ရှင်သဒ္ဒက,က ရှေ့ ဆောင် ရှေ့ရှုက် တက်တက်ကြွကြွ ပြုလုပ်ပေးနေပုံရသည်။ စင်စစ်သော်ကား ဆရာကို မျက်နှာလုပ်လိုသော ရှင်သဒ္ဒက၏ ဟန်ဆောင်အတု အပြုအမူ အနားပျာ မျှသာတည်း။

ဟန်ဆောင်ပုံကား အကယ် တက်တက်ကြွကြွနှင့် ရှေ့ဆောင်ပြုလုပ်သူမှာ မဟုတ်အေးအေး၊ ဟုတ်အေးအေး ဆိုသကဲ့သို့ ရှင်သဒ္ဒက အဘယ်မျှ မျက်နှာလုပ် အသားယူနေစေကာမူ မိမိဝတ္တရားကျေ၊ ကုသိုလ်ရလျှင် ပြီးကရော့ဟု သဘောထား သော အရှင်တိဿသာတည်း။

ကြည့်ပါ။ အရှင်တိဿက မျက်နှာသစ်ရေ တည်ထားပြီးလျှင် ရှင်သဒ္ဒက,က မိမိတည်ထားသယောင် ဟန်ဆောင်လျှောက်ထားသည်။ အရှင်တိဿက တံမြက် လှည်းပြီးလျှင် ရှင်သဒ္ဒက,က မိမိလှည်းသယောင် ဆရာ့ရှေ့တွင် တံမြက်စည်းကို ကိုင်၍ ဟန်ဆောင်ပြုလုပ်ပြသည်။ ချိုးရေအတွက် အရှင်တိဿက ရေပူရေချမ်း တည်ထား၍ပြီးလျှင် ရှင်သဒ္ဒက,က မိမိတည်ထားသယောင် ဆရာ့ထံ အလျင်သွား ရောက် လျှောက်ထားပင့်ဆောင်သည်။ တရားရှုမှတ်မှုတွင်သာ ဦးစိုက်၍ ဗဟိဒ္ဓကို အာရုံအပြုနည်းသော ဆရာဖြစ်သူကလည်း ယင်း အနားပျာအပြုအမူများကို ရုတ် ခြည်း သတိမထားမိ။

'အနားပျာ'ဟူသည် ဆရာရှေ့၊ လူကြီးရှေ့တွင်သာ ပျာပျာသလဲမျက်နှာလုပ် ၍ ကွယ်ရာတွင်မူ နေချင်သလို နေသူကိုခေါ်၏။ 'အနားပျာ'ဟူသည် ထိုစဉ်အော

www.burmeseclassic.com



ကပင် ရှိခဲ့၏။ စင်စစ်သော်ကား 'အနားပျာ'ဟူသည် လူညံ့တို့၏သဘောထား အပြအမူတစ်ရပ် ဖြစ်သည့်အတိုင်း၊ လူ့သမိုင်းနှင့်ချီ၍ ရှိခဲ့သည်သာတည်း။

'ရေပူရေချမ်း'ဆို၍ ပြောရန်ရှိသေးသည်။ ဆရာမိဘ အကြီးအကဲများကို ပြုစုလုပ်ကျွေးရာ၌ 'ရေပူရေချမ်း ကမ်းလှမ်းသည်'ဟု ရေပူနှင့်ရေချမ်းကို တွဲ၍ ပြောဆိုကြမြဲ ဖြစ်သည်။ သို့ရာတွင် 'ရေချမ်း'ရဖို့ လွယ်ကူသလောက်၊ 'ရေပူ'ရဖို့မှာကား အခက်အခဲရှိရသည်။ ရေချမ်းကို ရေပူဖြစ်အောင် ကျိုချက်ပြုပြင်ပေးဖို့ လိုသည်။ ရေပူရရန် တပည့်တပန်းတို့ တက်တက်ကြွကြွ သဒ္ဓါတရားရှိဖို့လိုသည်။

ဘုရားရှင်သော်မှ တပည့်တပန်းတို့ တက်တက်ကြွကြွမရှိသည်နှင့် ကြုံသောအခါ၊ သို့မဟုတ် ရံဖန် အလျဉ်းမသင့်သည့်အခါ ရေပူရေနွေးနှင့် ကင်းဝေးတော်မူရသည်။ တပည့်တို့ တက်တက်ကြွကြွနှင့် သဒ္ဓါတရားရှိပြန်တော့လည်း ကျောင်းကြီးများနှင့် မြို့ထဲရွာထဲကို အပထား၍ ပုလလဲတောတွင် ပုလဲမြိုင်ဆင်ကြီးနှင့် နှစ်ဦးတည်း သီတင်းသုံးတော်မူစဉ်က တစ်ဝါတွင်းလုံး ပုလဲမြိုင်ကြီး၏ အလုပ်အကျွေးဖြင့် ရေပူရေနွေးကို သုံးဆောင်တော်မူနိုင်ခွင့် ကြုံခဲ့ရသည်။

ဆင်ဖြစ်တပြီးလည်း တောအတွင်းတွင် ရေပူရေနွေးရအောင် ပြုလုပ်ပေးနိုင်ခဲ့သည်။ လုပ်ဟန်ကား ကျောက်တုံးများကို မီးဖုတ်ပြီးနောက် ရေသုံးသပ်တော်မူမည့်ကန်အတွင်းသို့ ပစ်ချ ပူနွေးစေခြင်းဖြစ်သည်။ ဤအကြောင်းကို ဗုဒ္ဓစာပန်းချီ "ပုလဲမြိုင်"ဝတ္ထုတွင် ဖော်ပြခဲ့ပြီးပြီ။

ယခုလည်း တောတောင်လိုဏ်ဂူတို့တွင်သာ သီတင်းသုံးဖန်များသော အရှင်မဟာကဿပအတွက် ရေပူရေနွေးဟူ၍ မလိုလှ။ ရေပူရေနွေး အပထား၍ ရေစရုံးအိမ်ပင်လျှင် မလို။ သို့ရာတွင် ကြုံတောင့်ကြုံခိုက်၌ တပည့်ဝတ် ကျေပွန်လိုလှသော အရှင်တိဿက ရေစရုံးအိမ်နှင့် ရေပူရေနွေးကို အချိန်မီ နေ့စဉ်ကျိုချက်ကာ စီစဉ်ပေးထားခြင်းဖြစ်၏။

သို့ရာတွင် ဤရေစရုံးအိမ်တွင်လည်း အကယ်ပြုလုပ်သူက အရှင်တိဿ၊ အရှင်တိဿပြုလုပ်ပြီးသည်ကို နေ့စဉ်နှင့်အမျှလိုလို ဆရာ့အား ပင့်ခေါ်၍ မိမိပြုလုပ်ထားသယောင် မျက်နှာလုပ်သူက ရှင်သဒ္ဒက။

ရှင်သဒ္ဒကအကြောင်းကို မဆက်မီ သပိတ်တစ်လုံး၊ ကိုယ်ဝတ်သင်္ကန်း သုံးထည်မျှသာရှိသော တောနေရဟန်းများ အဘယ်ပုံ ရေချိုးပါသနည်းဟု တွေးရန်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်က တပည့်ရဟန်းတို့အတွက် ရေချိုးနည်းလေးမျိုးကို ခွင့်ပြုထား၏။ တောအတွင်းရှိ မြစ် ချောင်း ရေကန်တို့တွင် ရေချိုးရာ၌ ရေသည်ပင်လျှင် ရေသနုတ်ဖြစ်စေသောနည်းက တစ်ပါး။ ညဥ့်အချိန်၌ အမှောင်ကိုပင် ရေသနုတ်ဖြစ်စေသောနည်းလည်း တစ်ပါး။ မြို့ရွာအတွင်း၌ပင်ဖြစ်စေ အကာအကွယ်ရှိခဲ့သော်၊ ယင်းအကာအကွယ်ကိုပင်လျှင် ရေသနုတ်ဖြစ်စေသောနည်းလည်း တစ်ပါး။ ယင်းတတိယနည်းကို ဘဝနတ်ထီး စံလွန်တော်မူပြီးသူ အရှင်ဇနကာဘိဝံသ၏ အမရပူရ မဟာဂန္ဓာရုံ စာသင်တိုက်နှင့် အခြားကျောင်းတိုက်တို့တွင် ရေချိုးခန်း အကာအကွယ်များပြုလုပ်၍ ဝိနည်းတော်အရ အသုံးပြုနေကြပြီကို ယနေ့ ဖူးတွေ့ကြရမည်ဖြစ်၏။

နောက်ဆုံးတစ်နည်းကား အနာထပိဏ်၊ ဝိသာခါတို့လို သဒ္ဓါရှင်ပေါ်များ၍ ရေသနုတ်သင်္ကန်းလှူယ်ကူသော ဇေတဝန်၊ ဝေဠုဝန်တို့လို ကျောင်းတိုက်ကြီးများ၌ ရေသနုတ်သင်းပိုင်ဖြင့် ချိုးခြင်းပင်ဖြစ်၏။ ဘုရားရှင်၏ ခွင့်ပြုပုံနည်းလမ်းများမှာ တပည့်တို့အား အပိုပစ္စည်း ဗလိဗောဓနည်းပါးစေ၍ ဒါယကာ ဒါယိကာမတို့အားလည်း တာဝန်နည်းပါးစေသော နည်းများဖြစ်၏။

ရေသနုတ်သင်းပိုင်ကိုပင်လျှင် ဝိသာခါ ဒါယိကာမကြီး၏ တောင်းပန်ချက်အရ မကြာမီကမှ ခွင့်ပြုတော်မူခြင်းဖြစ်၏။

ရဟန်းတို့ ပရိက္ခရာရှစ်ပါးနှင့် စပ်လျဉ်း၍ "သပိတ်တစ်လုံး သင်္ကန်းသုံးထည်" ဟူသော ပြောဆိုစကားရှိသော်လည်း ခါးဝတ်သင်းပိုင်နှင့် ကိုယ်ရုံကေသီဟူ၍ မူလက နှစ်ထည်မျှသာရှိသည်။ အပေါ်ရုံသင်္ကန်းသည်လည်းကောင်း၊ ရေသနုတ်သင်္ကန်းသည်လည်းကောင်း နောင်ခါမှ ခွင့်ပြုတော်မူခြင်းဖြစ်သည်။

ရေလဲသင်းပိုင်မျှ အပိုမရှိသောကြောင့် မိုးရွာခိုက် ရေချိုးသောအခါ အဝတ်ချည်းစည်းဖြင့် ရေချိုးတော်မူကြရ၏။ ထိုအခါ အဝတ်မဝတ်သော မိစ္ဆာဒိဋ္ဌိ တက္ကတွန်း ရဟန်းများနှင့် တူ၍သွားသည်။ ဤသည်ကို သတင်းကြားသော ဝိသာခါက ရေလဲသင်္ကန်း ခွင့်ပြုတော်မူရန် လျှောက်ထားသောအခါမှ ခွင့်ပြုတော်မူသည်။

ပစ္စည်းနည်းပါးစေမှုကို အလေးထားကာ ပူနွေးသော အရှေ့တိုင်းရာသီဥတုနှင့် သင့်လျော်ရုံမျှ သင်္ကန်းကို ခွင့်ပြုခဲ့ရာမှ ဆောင်းရာသီ၊ မိုးရာသီတို့တွင် ချမ်းရာကြလေရော့မည်ဟု ဆင်ခြင်ကာ ခြုံထည်သင်္ကန်းကြီးကို နောက်မှ ခွင့်ပြုတော်မူသည်။ သို့ရာတွင် သာမန်ခွင့်ပြုတော်မူလိုက်ခြင်းမူမဟုတ်၊ အအေးဆုံးရာသီချိန်

www.burmeseclassic.com

www.burmeseclassic.com



တွင် လွှင်တီးခေါင်၌ ကိုယ်တော်တိုင် သီတင်းသုံး စမ်းသပ်တော်မူကာ ခြုံထည် အနေနှင့် ဤရွှေ့ဤမျှဖြင့် သင့်လျော်ပေပြီဟု ကန့်သတ် ခွင့်ပြုတော်မူခြင်းဖြစ်၏။

အခြေခံရည်မှန်းတော်မူချက်ကား အပဖြစ်သော ပစ္စည်းဟူသမျှအပေါ်တွင် အလိုနည်းမှု၊ တာဝန်နည်းမှု၊ ပေါ့ပါးစေလိုမှုသာ ဖြစ်ပေ၏။

အရှင်တိဿမှာ သူတော်ကောင်းတရားရှင်ပင် ဖြစ်စေကာမူ ရဟန်းငယ်မျှသာ ဖြစ်ပေရာ ရှင်သဒ္ဒက အနားပျာလုပ်မှုတို့ များပြားလာသောအခါ ခံပြင်းလာသဖြင့် တစ်နေ့တွင်မူ ရှင်သဒ္ဒက၏ အလိမ်ပေါ်စေရန် ပရိယာယ်တစ်ခုကို ပြုလုပ်သည်။ လုပ်ဟန်ကား ဆရာရေချိုးချိန်၌ ရေစရုံးအိမ်တွင် ရေပူရေနွေးကို ထိုနေ့က မတည်ထားဘဲ ရေပူရေနွေး ရှိနေပြီးသယောင်၊ ဆရာနှင့် ရှင်သဒ္ဒကတို့ ထင်မှတ်စေရန် ရေပူတစ်ခွက်ကို ရေစရုံးအိမ်တွင်း တည်ထား၍ ရေစရုံးအိမ်မှ အငွေ့တလူလူ ထွက်နေစေခြင်းဖြစ်၏။

သူ့ထုံးစံအတိုင်း ရှင်သဒ္ဒက,က ဆရာ့အထံသို့ ရေပူရေချမ်းတည်ထားပြီးပါကြောင်း၊ ချိုးရေ သုံးဆောင်တော်မူပါရန်အကြောင်း သွားရောက် လျှောက်ထားသောအခါ အရှင်မဟာကဿပ ကြွလာသည်။ သို့ရာတွင် ရေချိုးအိမ်အတွင်း၌ အခါတိုင်းလို ရေအဆင်သင့်ဖြစ်နေသည်ကို မတွေ့ရသဖြင့် "သင့်ရေ အဘယ်မှာနည်း"ဟု မေးတော်မူသောအခါတွင်မှ ရှင်သဒ္ဒက လိမ်လည်ပုံမှာ ဘွားဘွားကြီး ပေါ်လေတော့သည်။

ထိုအခါတွင်မှ အရှင်တိဿက တစ်နေရာတွင် အဆင်သင့်ပြုလုပ်ထားသော ရေနွေးများ၊ ရေများကို သယ်ယူဖြည့်စပ်ပေးသည်။ ရှင်သဒ္ဒက အလိမ်ပေါ်သဖြင့် မျက်နှာပျက်ရ၏။ ဆိုဆုံးမခွင့်ကြုံလာပြီဖြစ်၍ အရှင်မဟာကဿပက ရှင်သဒ္ဒကအား ဆုံးမစကား မိန့်ကြားသည်။ မိန့်ကြားပုံမှာ ရိုးရိုးကလေးဖြစ်၏။

"သဒ္ဒက...ရဟန်းဟူသည် မိမိမလုပ်သည်ကို လုပ်သည်ဟု မပြောရ၊ ရဟန်း မည်သည် မုသားမပြောရ၊ ဆင်ခြင်လော့၊ လိမ္မာလော့"

ဤနေရာ၌ ရှင်သဒ္ဒကသာ ရဟန်းလိမ္မာဖြစ်ခဲ့ပါသော် မိမိအဖြစ်မှ ထွက်ပေါက် တစ်ပေါက် ရှိပေသေး၏။ အကြောင်းသော်ကား သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရား တော်၌ "သောဝစ္စသတာ"ဟူသော မင်္ဂလာတစ်ပါး ပါရှိသည်။ အခြားဒေသနာ များစွာ၌လည်း ပါရှိ၍ အလွန်ထင်ရှားသော မင်္ဂလာဖြစ်၏။ အဓိပ္ပာယ်ကား ဆုံးမ

www.burmeseclassic.com

www.burmeseclassic.com



ခွင့်ကြုံ၍ ဆုံးမသင့်သူက ဆုံးမစကား ပြောကြားခဲ့ပါသော် ပုထုဇဉ်သဘာဝ မိမိပြုမှားမိသော အပြစ်အတွက် ဝမ်းမြောက်ရှိသေစွာ ခံယူနာယူနိုင်ရခြင်း ဖြစ်၏။

"အာနန္ဒာ...သာရိပုတ္တရာသည် တပည့်အထိန်းအသိမ်း ညံ့သည်၊ ကျောင်းအောက်တွင် ဈေးသည်တို့ကဲ့သို့ ဆူညံလျက်ရှိသည်၊ သာရိပုတ္တရာနှင့်တကွ သူ့တပည့်အားလုံး ဇေတဝန်၏ ပြင်ပသို့ နှင်ထုတ်လေလော့"

ဘုရားရှင်၏ အမိန့်တော်ကြောင့် အရှင်သာရိပုတ္တရာနှင့်တကွ သူ့တပည့်အားလုံး ဇေတဝန်ကျောင်းအပြင်သို့ ထွက်သွားကြရသည်။ အချိန်တန်၍ ပြန်လည်ခေါ်စေတော်မူသောအခါမှ ရှေ့တော်မှောက်သို့ ရောက်လာကြရသည်။

"သာရိပုတ္တရာ။ ။ငါဘုရား သင်တို့ကို နှင်ထုတ်စဉ်အခါက သင် ဘယ်သို့သဘောထားသနည်း"ဟု မေးတော်မူသောအခါ "မှန်လှပါ၊ အဆုံးအမဟူသည် ခံယူချင်သော်မှ ခံယူရခဲဖြစ်ပါသည်။ ဘုရားရှင်၏ အဆုံးအမကို နေ့စဉ်နေ့တိုင်း အကြိမ် ရာ,ထောင်မက ခံယူလိုလှပါသည်ဘုရား"ဟု လျှောက်ထားသည်။

ဤသည်ကား ဘုရားရှင်၏ အဆုံးအမမျိုးကို မဆိုထားဘိ၊ ကိုရင်လေးတစ်ပါး၏ အဆုံးအမကိုပင် အလေးအနက်ခံယူသော သောဝစ္စသတာ မင်္ဂလာ သရုပ်ပြ အရှင်သာရိပုတ္တရာ၏ သဘောထားဖြစ်၏။ ရှင်သဒ္ဒကလို ပုဂ္ဂိုလ်မျိုးကား မီးခဲပေတည်း။ မီးခဲဟူသည် ထိတွေ့သမျှ သူတစ်ပါးကိုလည်း ပူလောင်စေတတ်၍ မိမိကိုယ်ကိုလည်း ပူလောင်စေတတ်သည်။

ထို့ကြောင့် ဤမျှလောက် အပြစ်မှုဖြင့် ငါ့ကို အရှက်ခွဲလေသော်ကော့ဟု နှုတ်လှန်ပင် မထိုးဝံ့သော်လည်း မျက်နှာပျက်စွာဖြင့် အရှင်တို့အနီးမှ ရုတ်ခြည်းထွက်ခွာသွားသည်။ ထို့နောက် တစ်နေ့လုံး အတွေ့ပင်မခံတော့ဘဲ တိမ်းရှောင်၍နေသည်။

[ ၃ ]

နောက်တစ်နေ့ နံနက်တွင်ကား အခါတိုင်းလို မျက်နှာသစ်ရေ ကပ်ယောင်ဆောင်ခြင်း၊ တံမြက်လှည်းယောင်ဆောင်ခြင်း စသည်တို့ဖြင့် အနားပျာ မလုပ်ဝံ့တော့။ သို့သော် သူလုပ်နိုင်သည်ကိုတော့ လုပ်သည်။ လုပ်ဟန်ကား အထက်ဖော်ပြပါအတိုင်း ဒါယိကာမကြီးတို့အိမ်သို့ သွား၍ လိမ်ကာ အရှင်မြတ်အတွက် ရလာသော ဆွမ်းကို စားသုံးမှောက်သွန်းပစ်ခြင်းပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



လူညံ့ လူမိုက်တို့မည်သည် အရှည်ကိုဝေး၍ ယခုလိမ် ယခုပေါ်တော့မည်ဖြစ်သော အတိုလေးမျှကိုပင် မစဉ်းစားနိုင်ကြ၊ မစဉ်းစားတတ်ကြ။ ဒေါသထွက်လာပြီဆိုလျှင် ဒေါသအလိုသို့သာ အလွယ်လိုက်သည်။ လောဘထွက်လာပြီဆိုလျှင်လည်း လောဘအလိုသို့ ရုတ်ခြည်း လိုက်လွယ်သည်။ ဣဿာဖြစ်လာပြီဆိုလျှင် ဣဿာသဘောကို ငေါငေါကြီး ပေါ်စေသည်။

အတူနေ တပည့်ဖြစ်၍ ယနေ့ အရှင်မဟာကဿပ အဘယ်အရပ်သို့ ဆွမ်းခံထွက်မည်ကို သူ အကဲခတ်နိုင်သည်။ သူဆင်းရဲများအပေါ်၌ မေတ္တာပို့လေ့ရှိသော အရှင်သည် များသောအားဖြင့် သူဆင်းရဲရပ်ကွက်၊ သူဆင်းရဲများအိမ်သို့ ဆွမ်းခံထွက်လေ့ရှိသည်။ သူဆင်းရဲများကို ဒါနဖြင့် ချီးမြှောက်လိုသောကြောင့် ဖြစ်၏။ သူချမ်းသာတို့၏ ဆိဦးထောပတ်ထက် သူဆင်းရဲတို့၏ ဆွမ်းကြမ်း ဆွမ်းညံ့ကိုပို၍ အရေးထားသော အရှင်ဖြစ်၏။

အရှင်မြတ်၏ ဤသဘော၊ ဤအကြောင်းကိုသိ၍ အရှင်မြတ်အား ဆွမ်းလောင်းလှူလိုသော သိကြားမင်းနှင့် သုဇာတာ ဇနီးမောင်နှံတို့သည် အဘိုးအို၊ အမယ်အို အသွင်ဖြင့် အဆင်းရဲဆုံးပုံစံကိုဆောင်ကာ အရှင်မြတ်ကြွလာရာ လမ်းခရီးမှ ဆွမ်းခိုး၍လောင်းလှူခဲ့ဖူးပြီ မဟုတ်ပါလော။

ဆက်၍ပြောရန် ရှိသည်ကား ဤကိစ္စတွင် သိကြားမောင်နှံသည် အတန်ပင်ညံ့သူများဖြစ်ကြ၏။ ညံ့ဟန်ကား အရှင်၏ မေတ္တာပုံစံတွင် ဆင်းရဲသား အဘိုးအိုအဘွားအိုသဏ္ဌာန်ဖြင့် ယုတ္တိတန်အောင် ဟန်ဆောင်သည် မှန်ပါ၏။ သို့ရာတွင် လောင်းလှူသောဆွမ်းကိုမူကား ဟန်မဆောင်နိုင်။ နတ်သုဒ္ဓါများ ဖြစ်နေခြင်းပေတည်း။

သို့ဖြစ်ရာ ယင်း နတ်သုဒ္ဓါရနံ့ အပျံစားကြောင့် သိကြားမှန်းသိ၍သွားကာ အလှူခိုးသူအဖြစ် အရှင်မြတ်၏ အခြိမ်းအမောင်းကို ခံရရှာသည်။ ဒါနပင် မြောက်သော်လည်း ဘုန်းရှင် ကံရှင် မျက်နှာကြီးရှင် ဖြစ်ပါလျက် အလှူခိုးသူအဖြစ် အခြိမ်းအမောင်း ခံရရှာသောကြောင့် သိကြားမင်းခမျာ သိကြားပင်ဖြစ်မချည်း သူဆင်းရဲသိကြားကလေး ဖြစ်သောကြောင့် ခိုး၍လှူမိပါကြောင်း ဆင်ခြေဆင်လက်မျိုးစုံဖြင့် လျှောက်ထားလိုက်ရသည်မှာ အမောသားဖြစ်၏။

မိမိအပြစ်ကို ဝန်မခံ၊ ဆရာ့အဆုံးအမကိုပင် စိတ်ကောက်၍ ဆရာမှ မျက်နှာလွှဲလိုသော အရှင်သဒ္ဒကအဖို့ ဆရာ ဤအရပ်သို့ ဆွမ်းခံထွက်လျှင် သူ ထိုအရပ်သို့

www.burmeseclassic.com



ဆွမ်းခံထွက်သည်။ ဆရာ ဤအရပ်မှာ သီတင်းသုံးလျှင် သူ ထိုအရပ်မှာ ပုန်းကွယ်နေသည်။ သူဆွမ်းခံထွက်သောနေရာများမှာ အရှင်မဟာကဿပ အရောက်အပေါက်နည်းသော မျက်နှာကြီးတို့အိမ်များဖြစ်၏။ သူကသာ သူ့ဘက်မှ တုန်လှုပ်နေခြင်းဖြစ်၍ တရားမပြတ် ရှုမှတ်လျက်ရှိသော အရှင်မဟာကဿပအဖို့မူ သူ့ကို သတိပြုမိဖို့ အပထား၍ မိမိတရားအလုပ်နှင့်ပင် မအားနိုင်။

သို့ရာတွင် သူ ကံဆိုးချင်တော့ သူဆွမ်းလိမ်ခံသွားသည့် နောက်တစ်နေ့တွင်ပင် အရှင်မြတ်သည် ဖော်ပြပါ ဒါယိကာမကြီး၏ အိမ်ရှေ့လမ်းခရီးသို့ ဆွမ်းခံရောက်သွား၏။ အရှင်မြတ် ဆွမ်းခံဝင်လာသည်ကို ဖူးတွေ့ရသောအခါ ဒါယိကာမကြီးက ပျာပျာသလဲထွက်၍ မကျန်းမာဟု လိမ်သွားသော စကားအရ အရှင်မြတ်၏ ကျန်းမာရေးကို လျှောက်ထား မေးမြန်း၏။ ဆွမ်းလောင်းလှူ၏။ ဤမှျသာမက မကျန်းမာသော အရှင်မြတ်အတွက်ဆိုကာ ရှင်သဒ္ဒကသို့ မနေ့ကလောင်းလှူလိုက်သော ဆွမ်းအကြောင်းကို လျှောက်ထားလိုက်သောအခါ ရှင်သဒ္ဒက၏ အလိမ်ပေါ်ပြန်လေတော့သည်။

သို့ရာတွင် အရှင်မြတ်က တစ်စုံတစ်ရာ ပြန်၍မမိန့်ကြား။ အကြောင်းမူကား အဆင်မပြေသော ဤကိစ္စသည် မိမိတို့အတွင်းရေး၊ အဖွဲ့အစည်းဖြင့် ချီ၍ပြောရသော် သာသနာတော်တည်းဟူသော အဖွဲ့အစည်း၏ အတွင်းရေးဖြစ်သည့်အလျောက် ဒါယိကာမကြီး၏ သဒ္ဓါတရား ဆုတ်ယုတ်မသွားစေလိုသောကြောင့် ဖြစ်၏။

ဝေဠုဝန်ကို ဘုရားရှင်က လွှဲအပ်ထားခိုက်တွင် ဝေဠုဝန်တစ်တိုက်လုံးတွင်ကား မည်သည့်ပြဿနာမျှမပေါ်၊ ပေါ်မည့်ပေါ်တော့ မိမိအနီးတွင်ပင် ဖြစ်နေ၏။ ထို့ကြောင့် အကြီးအမှူးတို့၏ မရှောင်သာသော ဝတ္တရားအတိုင်း တဲကျောင်းကို ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် ဆုံးမစကားပြောကြားရန်အတွက် ရှင်သဒ္ဒကအား ခေါ်စေလိုက်ရသည်။

"သဒ္ဒက...မှသားမပြောသင့်ကြောင်း သင့်ကို ငါ ဆုံးမခဲ့ပြီးပြီ၊ ယင်းအဆုံးအမကို မနာခံ၊ မှသားဖြင့် ဒါယိကာမကြီးထံမှ ဆွမ်းကို ခံယူခဲ့ပြန်ပြီ။ မှသားဟူသည် တရားအလုပ်ကို လုပ်၊ တရားရုပ်ကို ဆောင်သောရဟန်း မဆိုထားဘိ သတ္တဝါတိုင်းပင် ရှောင်ကြဉ်အပ်သော တရားဆိုး၊ အကျင့်ဆိုးဖြစ်သည်။

"သဒ္ဒက...ဤကိစ္စ၌ သင့်အပြစ်သည် မှသားပြစ်သာမက လာဘ်လာဘကို ဝိညတ်ဖြင့် လှည့်ပတ်ခံယူခဲ့သော ဝိနည်းပြစ်လည်း သင် ကျူးလွန်ခဲ့ပြီ။ ရဟန်း

www.burmeseclassic.com



ဟူသည် မာယာဆင်ကာ မိမိနှုတ်ဖြင့် ပြောဆိုအပ်သောပစ္စည်းကို မဆိုထားဘိ၊ တစ်ဆင့်ကြားဖြင့် သိအပ် ရအပ်သော ပစ္စည်းကိုပင် မသုံးဆောင်အပ်၊ သတိဖြင့် ဆင်ခြင်လေတော့၊ တရား၌ ကျိုးနွံလေလော့ သဒ္ဒက"

ဤတစ်ချီ၌မှ ရှင်သဒ္ဒကသည် အရှင်၏ အဆုံးအမစကားကို ခံပြင်းရုံမျှမဟုတ်၊ ရှူးခနဲ ထောင်းခနဲ ဒေါသထွက်သည်။ ကြောက်ရမည့်သူမို့ ရုတ်ခြည်း သူ့ဒေါသ မပေါက်ကွဲဝံ့စေကာမူ 'သင်း...ငါ့အကြောင်း သိစေမည်'ဟု စိတ်ထဲမှ အံကြိတ်၍ ကြုံဝါးလိုက်သည်။

သူ့ဒေါသကို နောက်တစ်နေ့ နံနက်တွင်ပင် အကောင်အထည်ဖော်၏။ ဖော်ပုံကား နောက်နေ့ နံနက်တွင် သူ ဆွမ်းခံမထွက်။ အရှင်မဟာကဿပနှင့် အရှင် တိဿတို့ ဆွမ်းခံသွားခိုက်တွင် မှတ်ကရော့ဟုဆိုကာ အရှင်တို့၏ တဲကျောင်း ကလေးအားလုံးကို ဖျက်ဆီး၍ မီးပုံရှို့လိုက်ခြင်းပေတည်း။

[ ၄ ]

သီတင်းဝါလကျွတ်၍ ရဟန်းတို့သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် ရှိရာ ဘုရားရှင်အထံတော်သို့ အဖူးအမြော်ရောက်လာကြသောအခါ ရဟန်းတို့၏ တရားရေး၊ ကျန်းမာရေးတို့ကို မေးပြီးနောက် "ရဟန်းတို့...ငါ့သားတော်ကြီး ကဿပသည်လည်း ကျန်းမာ ချမ်းသာပါ၏လော"ဟု မေးတော်မူသဖြင့် "ကျန်းမာ ချမ်းသာပါ၏၊ သို့ရာတွင် အရှင်မဟာကဿပ တောကျောင်းတွင် သီတင်းသုံးခိုက် အတူနေ တပည့်ဖြစ်သူက အရှင်၏ တောကျောင်းကို မီးတိုက်၍ ထွက်ပြေးသည့် ကိစ္စတစ်ရပ်မျှသာ ဖြစ်ပေါ်ပါသည်ဘုရား"ဟု လျှောက်ထားကြသည်။

"ရဟန်းတို့...လူမိုက်ဟူသည် ဆေးမရှိ၊ တရားမရှိ၊ အဆွေခင်ပွန်းမရှိ။ တရားကျင့်သူသည် အဖော်လိုအပ်ခဲ့ပါသော် မိမိထက်မြတ်သူ၊ မိမိနှင့်တူသူအဖော်ကို ရသော် ကောင်း၏။ မရခဲ့ပါသော် တစ်ယောက်တည်းသာ ကျင့်ရာ၏၊ နေရာ၏။ သူမိုက်ကို အဖော်ပြုမိသဖြင့်ကား အကျိုးပျက်ရမည်သာတည်း"ဟု မိန့်တော်မူကာ ဥပမာ ပုံဆောင်အဖြစ် ကုဋိဒူသကဇာတ်တော်ကို ဟောတော်မူသည်။

"ရဟန်း"ဟူသော အမွန်အရည် ဝေါဟာရနှင့် "ပြိတ္တာ"ဟူသော ရွံစဖွယ် အမည်ကို တွဲဖက်၍ သုံးစွဲဖို့ရန်မှာ အားနာစိုးရွံ့ဖွယ် ကောင်းလှပါ၏။ သို့ရာ

www.burmeseclassic.com

www.burmeseclassic.com



တွင် လူစင်စစ်ဘဝနှင့် ပြိတ္တာဖြစ်ရရှာသော ရဟန်းပြိတ္တာ ရှင်သဒ္ဒကကိုကား တွဲဖက်၍ သုံးရပေတော့မည်။

ဝိသာခါ၏ ဆွမ်းကောင်း ဆွမ်းမွန်တို့ကို ဝလင်အောင် ဓိမ်ခံစားသောက်ကြပြီး နောက် တရားမကျင့်သဖြင့် ဣဏပရိဘောဂ၊ မသင့်သောစားသုံးမှုအပြစ်ကြောင့် ကွယ်လွန်သောအခါ ဝိသာခါ၏ ထမ်းစင်တွင် အထမ်းသမားကြီးများ ဖြစ်ကြရရှာ သော ရဟန်းတို့ထုံးသည် ဒေသနာတော်တွင် အထင်အရှားရှိ၏။

ဆွမ်းအစား မှားရုံမျှဖြင့် ဤအပြစ်မျိုးဖြစ်ခဲ့သော် ရှင်သဒ္ဒကအပြစ်ကား 'နှိုင်းရှည့်'ဖွယ်မရှိတော့။ ရှင်သဒ္ဒကဖြစ်ဟန်ကား တမလွန်ဘဝကို ထားဦးတော့၊ မျက်မှောက်ဘဝတွင်ပင် မှီခိုစရာ၊ နေရာစရာမရှိ၊ တွေးမိတိုင်း စိတ်ဆင်းရဲရသဖြင့် အသွေးအသားတို့ ခြောက်ကပ် ပိန်ကြုံကာ လူစင်စစ်ဖြင့်ပင် အမြင်မလှ အဆင် မလှ လူပြိတ္တာ၊ ရဟန်းပြိတ္တာဖြစ်၍ နေရသည်။

ကွယ်လွန်သော် အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။ သူ့အဖို့ သေချာသော နေရာတစ်ခုသာ ရှိပေသည်။ အဝီစိသာတည်း။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# မကောင်းကြံ့မကောင်းဖြစ်

[ ၁ ]

ရှင်ဒေဝဒတ်၏ ယာလက်ရုံးကြီးတစ်ဦးဖြစ်သော ကောကာလိကအမည်ကို ထောက်၍ ကောကဟူသောအမည်ရှင်များသည် လူဆိုးလူသွမ်းများ ဖြစ်ပုံရ၏။ သူ့အမည်မှာလည်း ကောကပင်တည်း။ လူဆိုး လူသွမ်း မိစ္ဆာဒိဋ္ဌိ တောမုဆိုးပေတည်း။

ယခုတလော ရက်သတ္တပတ်ခန့်အတွင်းတွင် ကောကအဖို့ သားကောင်ဟူ၍ တစ်ကောင်တစ်မြီးမှ ရှာ၍မရသောကြောင့် သူရော သူ့ဇနီးပါ ညှိုးငယ်၍နေကြရ၏။ သားကောင်မရသောအခါ ခွေးများပင်လျှင် အရိုးအရင်း အစာအာဟာရ မလုံလောက်သောကြောင့် သိသိသာသာပင် ပိန်၍သွားကြသည်။

သားကောင် မရခြင်းမှာ သားကောင်မရှိသောကြောင့်ကား မဟုတ်။ ကံမကောင်း အကြောင်းမသင့်သည့်အခိုက်နှင့် ကြုံကြိုက်နေသောကြောင့် ဖြစ်သည်။ အကြောင်းမှာ မိမိ မရသော်လည်း မိမိနှင့်တန်းတူ အခြားမုဆိုးများမှာမူ သားကောင်မပြတ် ရရှိနေသည်ကို တွေ့ရသောကြောင့် ဖြစ်ပေသည်။

အရိုးအရင်း၊ အရိုအရွဲများကို ဆန်ကွဲနှင့် ပျစ်ပျစ်ကျို၍ မပြတ်ကျွေးလေ့ရှိသော သားလိုက်ခွေးကြီးများမှာ အရိုးအရင်းကင်းပြတ်၍နေသောကြောင့် အညှီနံ့ ကလေးမျှ မပါသော ဆန်ကွဲကျိုရည်မျှဖြင့် တည်း၍ထားရ၏။ သို့ရာတွင် အမဲရမှ အသပြာရသည်၊ အသပြာရမှ ဆန်ကိုဝယ်ရလေရာ အမဲမရသောအခါ အသပြာ ကင်းပြတ်သဖြင့် ဆန်ကွဲကျိုရည်ကိုမျှပင် လုံလောက်အောင် မကျွေးနိုင်သောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တခြား ပိန်၍ကြုံ၍လာကြသည်။ အစာအာဟာရ မဝသောအခါ ခွေးများသည်လည်း သခင်နှင့်အတူ ညှိုးငယ်၍ ပို၍ဆိုး၊ ပို၍ ဒေါသထွက်နေကြသည်။

ကောကတို့မိသားစုအဖို့မူ အမဲမရသောကြောင့်လည်း ညှိုးငယ်ရ၏။ သူများနည်းတူ အလုပ်တူ၊ ဂုဏ်တူ ပြိုင်ဘက်တို့အပေါ်တွင် မျက်နှာငယ်ရသောကြောင့်လည်း ဒေါသထွက်ရ၏။

သည်တော့ သူတို့ လုပ်နည်းလုပ်ဟန်အတိုင်း အမဲသားကောင်များ ရှာ၍ ရပါစေကြောင်း၊ ပေါပေါများများ ရပါစေကြောင်း ကြိုးစား၍လုပ်သည်။ လုပ်နည်းလုပ်ဟန်ဟူသည်ကား မိရိုးဖလာ ကိုးကွယ်ဆည်းကပ်လာခဲ့ကြသော အမဲနတ်မင်းကြီးအထံတွင် ဆုတောင်းဆုယူ ပြုခြင်းပင်ဖြစ်၏။

အမဲရှာ၍မရသည်မှဆက်၍ သာဝတ္ထိတွင် မကြာမီကမှ ပေါ်ပေါက် ထွန်းကားလာသော ဘုရားရှင်နှင့် တပည့်သားသံဃာဆိုသူတို့ကိုလည်း တွေးမိတိုင်း ဒေါသထွက်၏။ အကြောင်းကား အသားမစားသော ဗြာဟ္မဏဝါဒီတို့ ထွန်းကားနေပြီးသည့်အပေါ်တွင် ဗုဒ္ဓသာသနာ ပေါ်ပေါက်လာသောအခါ ဘုရားရှင်နှင့် သံဃာတော်များက ပဉ္စသီငါးပါးတည်းဟူသော ဂရုဓမ္မသီလ စောင့်ထိန်းမှု၊ ယင်းပဉ္စသီ ငါးပါးမှ ပါဏာတိပါတ–သူတစ်ပါးအသက်ကို မသတ်ရဟူသော သတ်မှတ်ချက်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ညွှန်ပြဟောကြားလာကြသောအခါ အသားစားသူတို့ လျော့ပါး၍လာကာ အမဲဈေးကျဆင်းလာရသောကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် ကောကတို့လို အမဲလုပ်သား မုဆိုးများအဖို့ ဖွံ့ဖွံ့ဖြိုးဖြိုး မရှိလှသော အချိန်လည်း ဖြစ်ပေသည်။ ကောကတို့ မုဆိုးအုပ်စုသည် သာဝတ္ထိ၏ အနောက်စွန် တစ်နေရာတွင် အုပ်စုဖွဲ့၍ နေထိုင်ကြ၏။ သူတို့အရပ်ကို မုဆိုးရွာဟုပင် ခေါ်ကြ၏။ သာဝတ္ထိနှင့် တစ်စပ်တည်းလိုလိုဖြစ်သော်လည်း မြို့အစွန်တွင် သီးသန့်ရွာ၊ သီးသန့် အုပ်စုကလေးလို ဖြစ်နေပေသည်။

သီးသန့်မနေ၍လည်း မဖြစ်ပေ။ အကြောင်းကား သူတို့၏ ဆိုးသောခွေးများ၊ အမဲ ခုတ်ထစ် ဖြန့်လှန်းမှုများ၊ အညှီအဟောက်နံ့များကြောင့် အခြားမြို့သူမြို့သားများနှင့် ရောယှက်နေထိုင်၍ မဖြစ်နိုင်သောကြောင့် ဖြစ်သည်။

"တစ်နေ့လုံး လူရော ခွေးပါ ပင်ပန်းလိုက်တာ လွန်ရော၊ တစ်ကွက်မှ အဆင်မပြေဘူး၊ တစ်နေရာမှာ တစ်ချီတည်းပဲ သားကောင်ကိုတွေ့တယ်၊ နို့ပေမယ့် အကွက်အကွင်းက မဟန်တော့ လက်လွတ်ရပြန်ရော"

www.burmeseclassic.com

www.burmeseclassic.com



"သူများတကာတွေ တစ်ထမ်းကြီး တစ်ပိုးကြီး နေ့တိုင်းလိုလို ရလာကြတယ်၊ ရှင့်မတော့ တစ်ကောင်တစ်မြီးမှမရတာ ခြောက်ရက်တောင် ရှိသွားပြီ၊ ရက်စရာ တောင် ကောင်းနေပြီ"

"ဒါမတော့ အဆင်မသင့်ရင် ဘယ်တတ်နိုင်မလဲကွာ၊ ငါလည်း ကြိုးစား တာပဲ"

"အဆင်မသင့်တာက အရေးမကြီးဘူး၊ ဒီအတိုင်းဆိုရင် ငတ်သေလို့ပဲရှိတော့ တယ်၊ ရှင့်ကလေးတွေကလည်း ဟန်ပျက်လှပြီ"

"အေးပါကွာ၊ နက်ဖြန်တော့ တောနက်ထဲရောက်အောင်သွားပြီး မရ,ရအောင် ရှာပါ့မယ်"

ဤသည်ကား မနေ့ညနေက တောမှအပြန်တွင် ဇနီးဖြစ်သူက မီးထိုးလာသော စကားဖြစ်၏။ ဟုတ်လည်းဟုတ်သည်။ အတူတူမရကြသည်ချင်းတူလျှင် တော် သေး၏။ ယခုသော် မိမိလောက် အစွမ်းအစမရှိသူများပင်လျှင် သားကောင်တွေ ရလာ ကြပါလျက် မိမိမရသောအခါ ဇနီးဖြစ်သူ ပြောစရာဖြစ်လာသည်။

ထို့ကြောင့် အမဲနတ်မင်းကို တိုး၍ပူဇော် ဆုတောင်းကြသည်။ အမဲနတ်မင်း မ,စတော်မူတော့လေမည်လားမသိ။ ထိုနေ့ည သန်းခေါင်ကျော်တွင် ဇနီးဖြစ်သူက ပျာပျာသလဲ လှုပ်၍နှိုးသောကြောင့် နိုးလာရသည်။

"ဘာတုံးကွ၊ ဘာဖြစ်လို့ နှိုးရတာလဲ..."

"ထပါဦး ကိုကောကရဲ့၊ ကျွန်မ ထူးထူးခြားခြား အိပ်မက်,မက်လို့"

"ဘာတွေ မက်လို့လဲကွ"

"ဒီနေ့ အမဲကောင်းကောင်းရဖို့ သေချာပြီ၊ အိပ်မက်ထဲမှာ အမဲနတ်မင်းကြီး ကိုယ်တိုင် ကျားကြီးစီးပြီး သမင်တွေ ခေါ်လာလိုက်တာ တသီကြီးပဲ"

"ဟေ...ဟုတ်လား၊ သေချာပြီပေါ့ကွ"

[ ၂ ]

ထိုနေ့နံနက် တောလိုက်ထွက်ရန် ပြင်သောအခါ ဇနီးဖြစ်သူ၏ အိပ်မက် ကြောင့် တက်တက်ကြွကြွ ရှိလှသည်။ သီချင်းကလေး တညည်းညည်းဖြင့် တော လိုက် ခွေးကြီးများကို ကြိုးချည်၏။ လေး၊ မြား၊ ဓားတို့ကို သေသေချာချာပြင်ဆင် သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောကတွင် ငယ်စဉ်ကပင် သင်ကြားထားခဲ့သော တောလိုက်ခွေးကြီး သုံးကောင်ရှိသည်။ အရိပ်ပြ အကောင်ထင်ဟု ဆိုရလောက်အောင် သခင်၏အလိုကို သိသော ခွေးကြီးများဖြစ်သည်။ သားကောင်တွေ့လျှင် မလွတ်တမ်း ဆိုရလောက်အောင် စွမ်းသော ခွေးကြီးများလည်းဖြစ်သည်။

ခွေးကြီးများကို တောစပ်အဝင်အထိ ကြိုးချည်၍သွားရမြဲ ဖြစ်သည်။ မချည်လျှင် ရွာအတွင်း၌ အခြားခွေးများ၊ လူများနှင့်တွေ့ပါက ပြဿနာဖြစ်ကာ ကြန့်ကြာတတ်သည်။ တောအဝင်ကျမှ ကြိုးဖြည်၍လွှတ်သည်။ အပြန်တွင်လည်း တောမှထွက်လျှင် ကြိုးချည်ပြီးနောက် ခြံဝင်းအတွင်းရောက်မှ လွှတ်သည်။

ယင်းသို့ဖြင့် လူရောခွေးပါ တက်တက်ကြွကြွ ထွက်လာကြသည် မှန်ပါ၏။ သို့ရာတွင် ရွာမှအထွက်လောက်၌ ထိုနေ့တွင်မှ မတွေ့ချင်၊ မမြင်ချင်သော ပုဂ္ဂိုလ်တစ်ယောက်ကို မြင်လိုက်ရသောကြောင့် ကောကမျက်နှာ ညှိုးသွားသည်။ မြင်ရသူကား ဇေတဝန်ကျောင်းတော်တွင် တောပျော် ကေစာရဟန်းတစ်ပါးဟု အသိများသော ဝနဝါသီမထေရ်တည်း။

အယူအစွဲရှိသူတို့ လောက၌ အမြင်နိမိတ်၊ အကြားနိမိတ်ဟူ၍ ရှိ၏။ မိမိတို့အလိုမရှိအပ်သော အရာကို မြင်လျှင် ကြားလျှင် မင်္ဂလာမရှိ။ အလိုရှိအပ်သော အရာကို မြင်လျှင် ကြားလျှင် မင်္ဂလာရှိသည်ဟူ၏။ အထူးသဖြင့် အိပ်ရာမှ ထစအချိန် နံနက်စောစောအချိန်များသည် ယင်းအယူအစွဲနှင့်ပတ်သက်သည်။ အိပ်ရာထ နံနက်စောတွင် အ,မင်္ဂလာကို မြင်ရပါက ထိုနေ့တစ်နေ့လုံးသည် မင်္ဂလာမရှိ။ ကြံသမျှ စည်သမျှ အလုပ်အကိုင် အပေါက်အလမ်းမတည့်။ ယင်း အယူအစွဲရှိသူတို့အဖို့ မင်္ဂလာကို မမြင် မကြားရသော် ရှိစေ။ အ,မင်္ဂလာနှင့် မတွေ့ရဖို့ အရေးကြီး၏။

ရဟန်းကို မြင်ရခြင်းသည်ကား ကောကတို့လို မုဆိုး ဒိဋ္ဌိ၊ ယင်းအယူအစွဲရှိသူတို့အဖို့ အ,မင်္ဂလာပေတည်း။

ကောက၏အမြင်၌ ရဟန်းတော်၏ တစ်ကိုယ်လုံးတွင် မင်္ဂလာဟု ထင်စရာတစ်ကွက်မျှ မရှိ။ ကြည့်ပါ။ သူတို့ ကျက်သရေမင်္ဂလာဟု ထင်သော ဦးစွန်းဆံပင်ကို ဖြတ်ထား၏။ သူတောင်းစားပမာ အိုးတို လည်ပြတ် ခွက်ကြီးကို ကိုင်စွဲထား၏။ သူတောင်းစားပမာ အဖာတစ်ရာ အစပ်တစ်ရာရှိသော အမြင်မလှ အဆင်မလှ ဝါညိုညို မှိုင်းပုပ်ပုပ် အဝတ်ကြီးကို ဝတ်ဆင်ထား၏။ ကြည်ညိုတတ်သူတို့အဖို့

www.burmeseclassic.com



ကြည်ညိုဖွယ်ကိုဆောင်သော်လည်း၊ မကြည်ညိုတတ်သူအဖို့ကား အမြင်မတော် အဆင်မတော်ပင် ဖြစ်၏။

ထိုအချိန်က ယနေ့ ရဟန်းတော်တို့ ဝတ်ဆင်အပ်သော ဘုရားရှင်၏ အစီအစဉ်တွင် အရှင်အာနန္ဒာ ပြုပြင်ချုပ်စပ်အပ်သည့် လယ်ကွက်ပမာ စနစ်တကျ သင်္ကန်းမျိုးကို ခွင့်ပြုတော်မမူသေးပေရာ ရဟန်းတော်တို့၏ သင်္ကန်းဟူသည်မှာ ရလာသမျှသော အဝတ်စ အတိုအရှည် အစုတ်အပြတ်များကို ရသလို ဖြစ်သလို ချုပ်စပ်ထားခြင်းမျှ ဖြစ်၏။

ဤရဟန်းတော်မှာ အဝတ်အဆင်ကို ပဓာနမထား၊ သင်္ကန်းဖြစ်ကာမျှကိုသာ ဝတ်ဆင်သည့် ဧကစာ တရားသမား တောပျော်ရဟန်းတစ်ပါး ဖြစ်ပေရာ ဖုန်အလိမ်းလိမ်းကပ်သော သင်္ကန်းကြီး ဖားဖားလျားလျားနှင့်မို့ ကောကအဖို့ ပို၍ အမြင်မလှ အဆင်မလှ ဖြစ်ရ၏။

ယင်းသို့လျှင် အသွင်အမူအားဖြင့် မကြည်ဖြူဖွယ်ရာ ဖြစ်သည့်အပေါ်တွင် ပြဒါးတစ်လမ်း သံတစ်လမ်း ဆိုသကဲ့သို့ အယူကတ္တား ခြားလေသူလည်း ဖြစ်သောကြောင့် စိတ်မချမ်းသာဖွယ်ရာ ပို၍ဖြစ်ရ၏။

သို့ရာတွင် မိမိနှင့်မဆိုင်၊ သူ့အသွင် သူဖန်တီး၍ သူ့ခရီး သူသွားနေသူ ဖြစ်ပေရာ မင်္ဂလာမရှိဟူသော မိမိအယူကြောင့် မိမိဘာသာ စိတ်မချမ်းမသာ ဖြစ်နေရသော်လည်း ကောကအဖို့ အဘယ်ပုံ တတ်နိုင်ပါအံ့နည်း။ ညက အိပ်မက် ကောင်းသော်လည်း နံနက်စောစော ဤရဟန်းဆိုသူကို တွေ့မြင်ရသည်မှာ မင်္ဂလာ မရှိလေစွတကားဟု စိတ်မချမ်းမသာ ဖြစ်ရသည်။

အိပ်မက်သည် အကျိုးပေးဟန်တူ၏။ သူတို့ အမဲနတ်မင်းဆိုသူကလည်း မ,စလိုက်ဟန်တူ၏။ ထိုနေ့တွင်လည်း တောနက်တွင်းသို့ ရောက်သည်အထိ ကြိုးစားရှာဖွေစေကာမူ အမဲဟူ၍ တစ်ကောင်တစ်မြီးမျှ မရရှိပြန်ပေ။ သို့ဖြစ်လေရာ အချိန်ကုန်သောအခါ စိတ်မချမ်းမသာနှင့်ပင် ပြန်လာခဲ့ရပြန်သည်။

ကောက၏ အမြင်တွင်မူကား ဇနီးဖြစ်သူ၏ အိပ်မက်သည် အမှန်ပင် နိမိတ်ကောင်းကို ဆောင်သော အိပ်မက်ဖြစ်၏။ အမဲနတ်မင်းသည်လည်း ယနေ့ အမှန်ပင် မ,စဖို့ရှိ၏။ သို့ရာတွင် နံနက်ကမြင်ခဲ့ရသော အ,မင်္ဂလာ ရဟန်းကြောင့်သာ ရောက်လာမည့် လာဘ်များနှင့် လွဲရသည်ဟု အယူရှိကာ အမဲမရတိုင်း ရဟန်းကိုသာ ဒေါသတဖြစ်ဖြစ်နှင့် တွေးတောထင်မြင်လျက် ရှိနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအမြင် နိမိတ်အယူအစွဲသည် သူတို့အဖို့ ကြီးမားလှ၏။ ရှင်ဘုရင်သည် နံနက် အိပ်ရာမှအထတွင် လေသာပြတင်းကို ဖွင့်လိုက်သောအခါ နန်းရင်ပြင်သို့ ဖြတ်သွားသော ခါးကုန်းလူအိုကို မြင်သဖြင့် မင်္ဂလာမရှိဟုဆိုကာ သူအိုကို ဖမ်းယူ နှိပ်စက်သောထုံး ရှိခဲ့သည်။ အာဏာရှင်ဘုရင်မို့ နှိပ်စက်နိုင်ခြင်းဖြစ်၏။ သူ့အဖို့ ကား မင်္ဂလာမရှိရုံ၊ စိတ်မချမ်းသာရုံမျှ ဖြစ်ခဲ့ရသည်။

သို့ရာတွင် အဆင်မပြေချင်တော့ အမဲမပါသော လက်ချည်းစည်းဖြင့် ညနေ ပိုင်း၌ ညိုးငယ်စွာပြန်လာသောအခါ တောမှအထွက်တွင် ယင်းရဟန်းတော်နှင့်ပင် ပက်ပင်းတွေ့ပြန်သတည်း။

ဖြစ်ဟန်ကား ဤရဟန်းတော်သည် သာဝတ္ထိ၏ အရံကျောင်းတစ်ကျောင်း တွင် သီတင်းသုံးသော်လည်း နံနက်မိုးလင်းသည်ဆိုလျှင် ဆွမ်းခံထွက်၍ ကျောင်း သို့ မပြန်တော့ဘဲ တောသို့ဝင်ကာ တရားကျင့်သုံးသည်။ နေ့အချိန်ကုန်မှ ကျောင်း သို့ပြန်သည်။ ဤသည်ကား ဤရဟန်းတော်၏ နိစ္စပတ်အလုပ်ပင်ဖြစ်၏။ ယနေ့ အဖို့ အဆင်မပြေချင်တော့၊ ဤ မုဆိုးကောကနှင့် အသွားတွင်ရော အပြန်တွင်ပါ တွေ့နေရသည်။ ရဟန်းတော်က တွေ့ရခြင်းမဟုတ်။ ကောကဘက်မှ သူ့အယူအစွဲ နှင့်သူ တွေ့နေရခြင်းဖြစ်သည်။

နံနက်က အ,မင်္ဂလာရဟန်းကို တွေ့ခဲ့ရသည့်အရေး၊ အမဲမပါသောကြောင့် အိမ်ရောက်လျှင် မယားနှင့် ပြဿနာတက်ရဦးတော့မည့်အရေး၊ သားသမီးတို့၏ ညိုးငယ်သောမျက်နှာများကို မြင်ရဦးတော့မည့် ထွေလာအရေးများကို တွေးတော ကာ မကြည်မသာဖြင့် ပြန်လာသော ကောကအဖို့ တောမှအထွက်တွင် ဤရဟန်း ကိုပင် တွေ့မြင်ရပြန်သောအခါ ဒေါသ ထောင်းခနဲ ထွက်လာ၏။

ဤရဟန်းကား ငါ့အတွက် အ,မင်္ဂလာသက်သက် အနှောင့်အယှက် သတ္တဝါ တည်း။ နံနက်ကနှင့် အားမရသေး၍ ယခုညနေတိုင် တွေ့လာရပြန်သည်။ သင်း ငါ့အကြောင်း သိစေရမည်ဆိုကာ တောမှအထွက်တွင် ချည်ထားပြီးဆဲဆဲ ခွေးကြီး များကို ကြိုးဖြည်၍ ရဟန်းတော်ဆီသို့ ရှုးတိုက်လွှတ်လိုက်သည်။

သို့ဖြစ်ရာ အစာငတ်လျက်ရှိသော ခွေးကြီးများသည် သခင်၏အမိန့်ဖြင့် ရဟန်းတော်အား အမဲကောင်ပမာ သဘောထားကာ ရဟန်းတော်ဆီသို့ တစ်ဟုန်ထိုး ပြေးလာကြပြီဖြစ်၏။ ခွေးများသာမက ကောကကိုယ်တိုင်ကလည်း ရဟန်းတော် အား ပစ်တော့အံ့ပမာ လေးနှင့်မြားကို ပခုံးမှဖြုတ်၍ တစ်ဟုန်ထိုး ပြေးလိုက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတော်ကား မမျှော်လင့်သော သေဘေးနှင့် ရင်ဆိုင်ရပြီဖြစ်၏။ ရဟန်းတော် အဘယ်သို့ပြုမည်နည်း။

[ ၃ ]

သာမန်အားဖြင့်ဆိုသော် မနိုင်ကာမှရှိစေ၊ ရောက်လာသော အန္တရာယ်ကို စွမ်းနိုင်သမျှဖြင့် ပြန်လည်တုံ့ပြန် ခုခံရမည်ဖြစ်၏။ မခုခံလို၍ ရှောင်တိမ်းရမည် ဆိုသော် ရဟန်းတော်မှာ တန်ခိုးရှင်မဟုတ်သေး၍ မိုးသို့လည်း မပျံနိုင်ခဲ့။ မြေသို့လည်း မလျှိုးနိုင်ရှာ။

သို့ရာတွင် တရားအသိ သတိမပြတ်သော ရဟန်းတော်အဖို့ ရန်ကိုရန်ဖြင့် တုံ့ပြန်ခြင်းသည် ရဟန်း၏အလုပ် မဟုတ်သည်ကို သတိထားလိုက်သည်။ ထို့ကြောင့် "ဒါယကာ...ဤသို့မလုပ်ပါနှင့်၊ ဤသို့မလုပ်စကောင်းပါ"ဟုသာ တောင်းပန်ရာရင်း အသက်ဘေးမှ လွတ်ရာလွတ်ကြောင်း ထွက်ပေါက်ကိုကြည့်ရသည်။ ရဟန်းတော်အဖို့ တစ်ခုတည်းသော ထွက်ပေါက်သည်ကား အနီးရှိ သစ်ပင်များသာ တည်း။

"ဘာဖြစ်လို့ မလုပ်ရမှာလဲ၊ နင် သေပေတော့၊ နင့်ကြောင့် ငါ တစ်နေ့လုံး ဒုက္ခတွေ့ခဲ့ရတယ်"ဟု ကောက,က ယုတ်မာစွာပြောရင်း ရှေ့သို့သာ တစ်ဟုန်ထိုး တိုးလာသည်။

မီးလောင်ရာတွင် ဝါစဉ်မရွေးနိုင်ဟူသောစကားရှိသော်လည်း မိမိအသက်ထက် ဝိနည်းကို အလေးဂရုပြုသော တရားရှင် ရဟန်းတော်အဖို့ကား မိမိ၏ အားထားရာ အဖြစ် သစ်ပင်ထက်သို့ တက်ရတော့မည်ဖြစ်ရာ သစ်ပင်ကို ရတ်ခြည်း ရွေးချယ် လိုက်ရပေသေးသည်။ အကြောင်းမူကား ရဟန်းသည် သစ်ပင်မတက်ရဟူသော ဝိနည်းပညတ်တော် ရှိနေ၏။ သို့ရာတွင် အသက်အန္တရာယ်၊ သို့မဟုတ် ခိုင်လုံ သောအကြောင်း ကြုံလာလျှင်မူ တသူ(လက်ခုပ်တစ်ဖောင်ခန့်)အမြင့်ရှိသော သစ်ပင်သို့ကား တက်နိုင်သည်ဟူသော ချွင်းချက်ရှိနေပေရာ တသူခန့်မြင့်သော သစ်ပင်ကို ရွေးချယ်တော်မူရသည်။

ထို့ကြောင့် အနီးတွင်ပင် အဆင်သင့်ရှိနေသော လက်ခုပ်တစ်ဖောင်ခန့် အမြင့်ရှိ သစ်ပင်ထက်သို့ သပိတ် ပရိက္ခရာတို့ကိုချကာ ခွေးတို့အန္တရာယ်မှ လွတ်သည် ဆိုရုံကလေးမျှ ရတ်ခြည်းရောက်အောင် တက်နိုင်ခဲ့၏။ ရဟန်းတော်အဖို့ တရား

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကံကောင်းသည်ဟု ဆိုရမည်မှာ မိမိတက်ခဲ့သော သစ်ပင်သည် အမြင့်သို့ ရောက်ရုံမျှမဟုတ်၊ အကိုင်းအခက်ကြီးကြီးဖြင့် အောက်သို့လွတ်မကျရန် ခိုင်လုံသော အပင် ဖြစ်နေခြင်းပင် ဖြစ်၏။

သို့သော် ဤမျှလောက်ဖြင့် ပြီးစတမ်းလော။ ဒါလောက်တော့ ဘာရမလဲ ဟူသော ဒေါသအစွမ်းဖြင့် ကောက,က အောက်မှနေ၍ မြားဖြင့်ထိုး၏။ ခွေးများက မမီမကမ်းတွင်ရှိနေသော ရဟန်းတော်ကို ခုန်၍ခုန်၍ ဟပ်၏။

ခွေးများဟပ်သည်က မမီ။ ကောက မြားဖြင့်ထိုးသည်ကမူ မီလေရာ နာကျင် လှသောကြောင့် ဤဘက်မှထိုးလျှင် ဟိုဘက်သို့ရွှေ့၊ ဟိုဘက်မှထိုးလျှင် ဤဘက် သို့ရွှေ့ကာ ပါးစပ်မှလည်း "ဤသို့မလုပ်ပါနှင့် ဒါယကာ၊ ဤသို့မလုပ်ကောင်းပါ" ဟု ပြောရာရင်း တလူးလူး တလွန့်လွန့်ဖြင့် သည်းခံ ရှောင်တိမ်းနေရသည်။

ရဟန်းတော်တို့အဖို့ သင်္ကန်းကို ကိုယ်မှမကွာစေခြင်းသည် စောင့်ထိန်းအပ် သော အကျင့်တစ်ပါးဖြစ်သည် မှန်ပါ၏။ သို့ရာတွင် လက်နှစ်ဖက်လုံး မအားလပ် နိုင်လောက်အောင် ကာကွယ်ရသည့်အန္တရာယ် ကျရောက်လာနေပြီဖြစ်ရာ သင်္ကန်း ကိုမျှ မထိန်းနိုင် မသိမ်းနိုင် ကိုယ်မှကွာလေပြီဖြစ်၏။ သို့ဖြစ်ရာ "ဤသို့ မပြု ကောင်းပါ ဒါယကာ"ဟု တညည်းညည်း တညူညူ တောင်းပန်စကား ပြောကြား ရင်းဖြင့် ဝတ်ရုံအပ်သော သင်္ကန်းကြီးသည် ကိုယ်မှကွာကျ၍သွားလေပြီဖြစ်၏။

သို့ရာတွင် ကျသွားသော သင်္ကန်းကြီးမှာ လွတ်လွတ်ကျွတ်ကျွတ် မဟုတ်။ လှုပ်ရင်းရှားရင်း ယမ်းရင်းခါရင်းဖြင့် ကျသွားခြင်းဖြစ်ပေရာ ကောကအပေါ်သို့ ကွန်ဖြင့် အုပ်လိုက်သကဲ့သို့ ဖြစ်သွားသည်။

ထိုအခါတွင် အံ့သြဖွယ်ရာ ပြောင်းလဲသွားခြင်းမှာကား ခွေးကြီးများသည် ရဟန်းတော်သို့ ဦးတည်တိုက်ခိုက်နေကြရာမှ သင်္ကန်းအုပ်လိုက်မိသဖြင့် ဗလုံးဗထွေး ဖြစ်လျက်ရှိသော ကောက၏အပေါ်သို့ ခုန်၍အုပ်လိုက်ကြကာ တစ်ကောင်က လည်ပင်းကိုခဲသည်။ တစ်ကောင်က ဝမ်းဗိုက်ကိုဆွဲသည်။ တစ်ကောင်က ခြေကိုခဲ သည်။ အဖြေကား အခိုက်အတန့်အတွင်း၌ပင် အော်ရင်း၊ ဟစ်ရင်း၊ ရုန်းကန်ရင်း ဖြင့် ကောက သေရှာလေပြီတည်း။

ခွေးကြီးများအမြင်တွင် သစ်ပင်ပေါ်က ရဟန်းကျလာသည်ဟု မြင်ဟန်ရှိ သည်။ မြားဖြင့်ထိုးဆွထားသောကြောင့် သွေးစ သွေးနံ့တို့ကလည်း သင်္ကန်းတွင် ကပ်တွယ် ထွက်ပေါ်လျက်ရှိသည်။ အစာငတ်သောကြောင့် ခွေးများကလည်း ဒေါသ

www.burmeseclassic.com

www.burmeseclassic.com



အဟုန် ပြင်းနေသည်။ ကောကအဖို့ လက်ငင်းဆိုက်ရောက်လာသော မကောင်းမှု၏ အကျိုးပေးတည်း။

ရဟန်းတော်အဖို့ သစ်ပင်အောက်မှဖြစ်ရပ်ကို သစ်ပင်ပေါ်မှ အံ့ဩစွာကြည့်ရှုရင်း အန္တရာယ်ရှိနေသေးသည့်အတွက် အသံမျှမပေးရဲ။ ငြိမ်သက်စွာနေရသည်။ အသံရန်းရင်းကြောင့် ခရီးသွားလူအချို့ ရောက်လာမှ အကျိုးအကြောင်းပြောပြကာ သစ်ပင်ပေါ်မှ ဆင်းရသည်။ ခွေးများမှုကား ရောက်လာသူတို့၏ မောင်းနှင်မှုကြောင့်လည်းကောင်း၊ သစ်ပင်ပေါ်မှ ရဟန်းတော်ဆင်းလာသောအခါ သူတို့၏ မှားယွင်းသော အဖြစ်မှန်ကို သိလေဟန်ဖြင့်လည်းကောင်း ထွက်ခွာသွားကြသည်။

ရဟန်းတော်သည် ဇေတဝန်ရှိ ဘုရားရှင်အထံတော်သို့ တိုက်ရိုက်ကြွ၏။ ကြုံတွေ့ရသော ဖြစ်ရပ်တို့ကြောင့် စိတ်မကောင်းဖြစ်ရသည့်အပေါ်တွင် ဤဒါယကာသေဆုံးရခြင်းသည် အကုသိုလ်၏ လက်ငင်းအကျိုးပေး ဆိုဦးတော့၊ မိမိတည်းဟူသော အကြောင်းကြောင့် ဖြစ်ရပေရာ မိမိသည် ရဟန်းဟုတ်မှ ဟုတ်သေးပါ၏လော ဟူသော သံသယကို ဘုရားရှင်အား လျှောက်ထားလိုသောကြောင့် ဖြစ်ပေ၏။

ဇေတဝန်တွင် ဘုရားရှင်ကို အဆင်သင့် ဖူးတွေ့ရ၍ ဖြစ်ရပ်ဥဿုံ အလုံးစုံကို လျှောက်ထားသောအခါ ဘုရားရှင်က သင့်တွင် အပြစ်မရှိပါဟု မိန့်တော်မူရုံမျှမက ကောင်းချီးသာခု ခေါ်တော်မူသည်။ ခေါ်သည့်အကြောင်းကား သားတော်ရဟန်းသည် အသက်ဘေးနှင့် ရင်ဆိုင်ရဆဲအချိန်ကလေးအတွင်း၌ပင်လျှင် တရားသတိလက်မလွှတ်ဘဲ ဝိနည်းတော်အတိုင်း တိတိကျကျ လိုက်နာကျင့်သုံးနိုင်ခဲ့သောကြောင့် ဖြစ်ပေ၏။

ကောက မုဆိုးကား ယခုဘဝတွင်သာမဟုတ်၊ ရှေးဘဝကလည်း ဆေးသမားလူဆိုးတည်း။ ယခုဘဝတွင်သာ ဤအဖြစ်ကိုခံရသည်မဟုတ်။ ရှေးဘဝကလည်း ဤအဖြစ်မျိုးဖြစ်၍ ဤအဖြစ်မျိုး ခံခဲ့ရဖူးသည်သာတည်းဟု ကောက၏ အတိတ်ကို ဆောင်တော်မူသည်။

ဆောင်ဟန်ကား အတိတ်က ဆေးဆရာဘဝတွင် မြွေကို သစ်ခေါင်းအတွင်းသို့ ထည့်၍ သစ်ပင်အောက်တွင် ဆော့ကစားလျက်ရှိသော ကလေးသူငယ်များကို ဆက်ရက်ငယ်ရှိသည်ဆိုကာ အနှိုက်ခိုင်းသည်။ ရည်မှန်းချက်ကား ကလေးကို မြွေကိုက်လျှင် သူဆေးကုရ၍ အသပြာရမည်ဟူ၏။

တက်၍နှိုက်သော သူငယ်သည် ဆက်ရက်ကိုမတွေ့၊ မြွေကိုတွေ့၍ ကြောက်

www.burmeseclassic.com



အား လန့်အားဖြင့် မြွေကိုဆွဲယမ်း လွှင့်ပစ်လိုက်သောအခါ မြွေသည် ဆေးသမား၏ လည်ပင်းကို ပတ်မိရာက ကိုက်၍ ဆေးသမား သေပါလေ၏။ ဆေးသမားသည် သူတစ်ပါးကိုကုဖို့ ကြံရွယ်သော်လည်း မိမိကိုယ်ကိုကား ကုနိုင်ဟန်မတူပေ။ ဤကား ကောက၏ အတိတ်ဇာတ်လမ်းဖြစ်၏။

မိမိ၏ ရဟန်းအဖြစ်သည် မပျက်စီးဟု သိရသောကြောင့်လည်းကောင်း၊ မိမိ၏ စင်ကြယ်သောသီလအတွက် ဘုရားရှင်၏ ကောင်းချီးပြုသံကို နာခံရသော ကြောင့်လည်းကောင်း ရဟန်းတော်၏စိတ်သည် ထိုအခိုက်၌ အထူးကြည်လင်၏။ ဝမ်းမြောက်၏။ ရွှင်လန်း၏။

ယင်းအနေအထားတွင် ဘုရားရှင်က ဆက်လက်၍ တရားဟောလိုက်သော အခါ ရဟန်းတော်မှာ တစ်ထိုင်တည်းအတွင်း၌ပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက် ကာ ရဟန္တာဖြစ်သွားသတည်း။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# ဦးကာတ်ဖွဲ့

[ ၁ ]

ဦးသက်ရှည်ဟု မှည့်ခေါ်ပါလျက် အသက်တိုချင် တိုမည်။ ဦးဘောဂဟု မှည့်ခေါ်ပါလျက် ပစ္စည်းမဲ့ချင် မဲ့မည်။ ဦးကျော်စောဟု မှည့်ခေါ်ပါလျက် လူမသိသူမသိ ရှိချင်ရှိမည်။ တက္ကသိုလ်စော်မှ မန်ဖူးပါဘဲလျက်နှင့် မောင်ဝိဇ္ဇာဟု မှည့်ခေါ်ချင် ခေါ်မည်။ သို့ဆိုလျှင် အမည်ဟူသည် ပမာနမဟုတ်။ လူနှင့်အလုပ်သည်သာ ပမာနဟု ဆိုရဖွယ်ရှိ၏။ ဟုတ်သေးသည်သာတည်း။

သို့ရာတွင် အကောင်းဟုတ်လည်းရှိ၏။ အဆိုးဟုတ်လည်း ရှိ၏။ အမည်ကြားလိုက်လျှင် ပြုံးရသောရယ်ဖွယ်လည်း ရှိ၏။ ကဲ့ရဲ့ဖွယ်ဟုတ်လည်းရှိ၏။ မိမိအမည်ကို မိမိ နှစ်သိမ့်နေရသော ဟုတ်လည်းရှိ၏။ မိဘဆရာကသော်လည်းကောင်း၊ မိမိကိုယ်တိုင်ကသော်လည်းကောင်း အမည်ပေး မကောင်းခဲ့မှုကြောင့် အမည်ကြားတိုင်း စိုးရွံ့သိမ်ငယ်နေရသော ဟုတ်လည်းရှိ၏။ လူတွင် ကံရှိသကဲ့သို့ အမည်တွင်လည်း ကံရှိသည်ဟုပင် ဆိုနိုင်စကောင်းသည်။

အချို့က ယခင် အဆင်မပြေခဲ့သော အမည်ကို အမည်သစ်မှည့်ခေါ်သည်။ ကျော်ရော့၊ ညွန့်ရော့ဟဲ့ဟု အကောင်းဆုံး၊ အညွန့်ဆုံးအမည်ကို မှည့်ခေါ်ကာ မိမိအမည်ဖြင့် ပလွှားသည်၊ နှစ်သိမ့်သည်။ သို့ရာတွင် ဂုဏ်နှင့် ဒြပ် မဟပ်မိသော အခါ ကြားရသူတိုင်း တိတ်တခိုး အပြုံးခံရသောအမည်များလည်း ရှိ၏။

'အရိယ'ဟူသောအမည်သည် မဇ္ဈိမ၏ အကောင်းဆုံးသော အမည်တစ်ခုဖြစ်၏။ မဇ္ဈိမတိုက်သားတို့၏ ကမ္ဘာဦးအမည်ဖြစ်၍ မြင့်မြတ်သည်၊ သန့်စင်သည်

www.burmeseclassic.com

www.burmeseclassic.com



ဟု အစိပ္ပာယ်ရသည်။ ထို့ကြောင့် အကောင်းဆုံးကို ရွေးချယ်ကာ သူ့ကိုယ်သူ 'အရိယာ'ဟု အမည်ပေးသည်။ သူကား တံငါသာတည်း။

သို့သော် သူတစ်ယောက်အဖို့တော့ ဘုရားရှင်နှင့်တွေ့၍ သူ့ မတော်မငန်း အမည်ကြောင့်ပင် ကြီးစွာသောအမြတ်ထွက်ခဲ့သူ ဖြစ်သည်။ အကြောင်းမူကား သူသည် မျိုးရိုးစရိုက် အလိုက်သင့်စွာ တံငါအလုပ်ကိုလုပ်နေသော်လည်း မိမိအမည်ဖြင့် မြင့်မြတ်သောအသွင်ကို စိတ်ကူးယဉ်နေသော သူကောင်းစိတ်ဓာတ် အခြေခံ ရှိနေခဲ့သူဖြစ်၏။

ဘုရားရှင်သည် ဇေတဝန်မှ နောက်ပါသံဃာကြီးအချို့နှင့် သာဝတ္ထိသို့ ဆွမ်းခံဝင်သောအခါ သာဝတ္ထိတံခါးဝတွင် အစိရဝတီသို့ တံငါအလုပ်သွားရန် တံငါပစ္စည်းများကို ထမ်း၍ထွက်လာသောသူနှင့် ရင်ဆိုင်တိုး၏။ ဆွမ်းခံသွားရင်း မြို့တွင်း မြို့ပြင်တို့၌ တစ်စုံတစ်ဦးနှင့် ယင်းသို့ ရင်ဆိုင်တွေ့ခြင်းမှာ ဖြစ်ရိုးဖြစ်စဉ်မျှဖြစ်၍ အကြောင်းမဟုတ်။ သို့သော် အရိယာစော်မျှ မနံပါဘဲလျက်နှင့် အရိယာဟု အမည်ယူထားမိသော သူသည်ကား တကယ့်အရိယာကြီးများနှင့် ရင်ဆိုင်တိုးမိသောအခါ ရှက်စနိုးသော သူကောင်းစိတ်ကလေးကြောင့် အရိယာတို့၏ အမြင်တွင် အဆင်မပြေလှသော တံငါပစ္စည်းများကို နံဘေးသို့ ရုတ်ခြည်းပစ်ချလိုက်ပြီး ဘုရားရှင်အမှူးပြုသော သံဃာတော်များကို လမ်းဘေးသို့တိမ်းကာ ရှိခိုး၍ရပ်သည်။

ထိုအခါ ဘုရားရှင်က အရိယာ ဒါယကာသို့ ရွှန်းရွှန်းစားစား ရှုကြည့်တော်မူလိုက်ပြီးလျှင် နောက်ပါ သံဃာတော်များဘက်သို့လှည့်၍ တစ်ပါးပြီးတစ်ပါး အမည်များကို မေးတော်မူသည်။

"သင့်အမည် ဘယ်သို့ခေါ်သနည်း"

"သာရိပုတ္တရာပါ ဘုရား"

"သင့်အမည်"

"မောဂ္ဂလာန်ပါ ဘုရား"

"သင့်အမည်"

"အာနန္ဒာပါ ဘုရား"

ထိုအခါ အရိယာစစ်စစ်ကြီးဖြစ်ပါလျက် 'အရိယာ'ဟူသောအမည် မပါ,ပါ တကားဟု အရိယာ ရှက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်မှ သံဃာများအမည်ကို မေးပြီးသည်မှဆက်၍ အရိယာဘက်သို့ လှည့်တော်မူကာ "သင့်အမည်ကရော အဘယ်သို့ ခေါ်ပါသနည်း ဒါယကာ"ဟု မေးတော်မူလိုက်သောအခါ ရှက်စနိုးလှသောကြောင့် ဦးခေါင်းကိုငုံ့ကာ "အရိယာပါတဲ့ အရှင်ဘုရား"ဟု မပွင့်တပွင့် လျှောက်ထားလိုက်ရသည်။

"ဒါယကာ...အမည်ဟူသည် ဂုဏ်နှင့်ဒြပ် ဟပ်မိမှ သင့်လျော်သည်။ အရိယာဟူသည် မကောင်းမှုဒုစရိုက် ကင်းစင်သူ၊ သီလရှိသူတို့၏ အမည်ဖြစ်သည်။ သင့်အဖို့ လူနှင့်အမည် လိုက်ဖက်ညီအောင် ကျင့်ဆောင်ပြုပြင်ရန် သင့်လှပေ၏" အစရှိသည်ဖြင့် အရိယာတရားတော်ကို ဟောကြားတော်မူလိုက်သောအခါ ကျွတ်တမ်းဝင်၍ အရိယာအတုအဖြစ်မှ တကယ့်အရိယာအဆင့်သို့ နောက်တစ်နေ့တွင်ပင် ရောက်ရှိသွားသည်။ ဤသည်ကား အမည်နှင့်စပ်လျဉ်းသော ဖြစ်ရပ်တစ်ခု ဖြစ်၏။

[ ၂ ]

မည်သို့ဆိုစေ၊ မည်သို့ဖြစ်စေ၊ ပြုံးချင်သူ ပြုံးကြစေ၊ ရယ်ချင်သူ ရယ်ကြစေ၊ ကဲ့ရဲ့ချင်သူ ကဲ့ရဲ့ကြစေ၊ အမည်တစ်ခု မှည့်ခေါ်မှုဟူသည်ကား လွတ်လပ်သော ပုဂ္ဂလိက အခွင့်အရေးဖြစ်၍ ကိုယ့်အမည်ကို ကိုယ့်သဘော၊ ကိုယ့်ဆန္ဒအတိုင်း မှည့်ခေါ်ချင်သလို မှည့်ခေါ်နိုင်ခွင့် ရှိသည်သာဖြစ်၏။

မိဘပေးခဲ့သော မူရင်းမျိုးရိုးအမည်မျှဖြင့် မကျေနပ်နိုင်သော ဤသူက ဤသို့တွေးသည်။ ယင်းသို့တွေးချင်၊ တွေးလာနိုင်အောင်လည်း သူ့အခြေအနေ၊ သူ့အသိုင်းအဝိုင်းက ပင့်မြှောက်ထားသည်။ သူကား မိဘအမွေကို ချောချောမောမော ဆက်ခံရရှိလိုက်သော ယခင်က သူဌေးသား၊ ယခု ပစ္စည်းရှင် သူကြွယ်ဖြစ်၍ အလိုတော်ရိ တပည့်တပန်း အခြံအရံ အသိုင်းအဝိုင်းနှင့်မှ နေကျင့်ရှိခဲ့ရာက ယနေ့ဆိုသော် အခြံအရံငါးရာမျှဖြင့်ပင် တင့်တင့်ထွားထွား ကြွားကြွားမောက်မောက် ရှိလှသူဖြစ်၏။

"မျိုးရိုးအမည်ကြီးက တုံးလှသကွာ၊ အမည်ကိုတော့ ပြင်ဦးမှဖြစ်မယ်။ လှလှခန့်ခန့် မှည့်ချင်တယ်။ ကိုယ့်အမည်ကို ကိုယ်ပြောင်းတာ၊ ကိုယ့်အမည်ကိုယ်မှည့်တာ ဘယ်သူ့ ဂရုစိုက်နေရဦးမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မှန်တာပေါ့ ဆရာရဲ့၊ ကျွန်တော်တို့တစ်တွေက အသိအမှတ်ပြုလိုက်ရင် အားလုံးကလည်း ဝိုင်းခေါ်လာကြမှာပေါ့"

"ကဲ...အမည် ရွေးကြရအောင်ဗျာ၊ ခင်ဗျားတို့ကလည်း ဝိုင်းပြီး အကြံဉာဏ်ပေးကြပါဦး"

"သိဒ္ဓတ္ထဆိုရင် မကောင်းဘူးလား သူရွှေမင်း၊ သိပ်လှတဲ့အမည်ကလေး"

"လှတော့ လှပါရဲ့၊ နို့ပေမယ့် ဘုရားရှင်ရဲ့ ငယ်နာမည်နဲ့ တိုက်ရိုက်ထပ်တူဖြစ်နေတယ်၊ သူတစ်ပါးအမည် မမှည့်ချင်ဘူး"

"ဆရာလည်း ပညာရှိတစ်ဦးဟာပဲ၊ 'ပဏ္ဍိတ'လို့မှည့်ရင် မကောင်းဘူးလား ဆရာ"

"ကောင်းတော့ ကောင်းပါရဲ့၊ နို့ပေမယ့် ကျုပ်တို့နိုင်ငံမှာ ပဏ္ဍိတတွေက အများကြီးမို့ ယေဘုယျအမည် ဖြစ်နေတယ်"

"အရိယဆိုရင်ရော ဆရာ"

"ရိုးလွန်း၊ ဟောင်းလွန်းလှသကွာ"

ဤတွင် လူငယ် အလိုတော်ရိတစ်ယောက်က သူ့အသိ၊ သူ့စိတ်ကူးအရ အကောင်းဆုံး အမြင့်ဆုံးလည်းဖြစ်စေ၊ မျက်နှာလည်းရစေ သဘောဖြင့် အမည်တစ်ခုကို အကြံဝင်ပေးလိုက်သည်။

"ကျွန်တော် တစ်ခု အကြံပေးပါရစေဆရာ၊ ဆရာဟာ ကျွန်တော်တို့အထဲမှာ ပညာအရှိဆုံးဖြစ်ပါတယ်။ ကိုယ့်အမည် ကိုယ်ပေးတာပဲ၊ ဘယ်သူမှ လိုက်မမီတဲ့ အမည်မျိုးဆိုရင် မကောင်းဘူးလား၊ ကျွန်တော် အကြံပေးချင်တဲ့အမည်ကတော့ 'သဗ္ဗညု'ပါပဲဆရာ"

"ဟိတ်...ဟိတ်၊ မင့်ဟာက များလွန်းအားကြီးသွားပြီကွ၊ ဘုရားရှင်နဲ့လည်း တိုက်ရိုက်တိုးနေတယ်၊ ကြားရသူတိုင်း ရယ်စရာ၊ ချဉ်စရာကြီး ဖြစ်နေမယ်"

"ဘယ်သူချဉ်ချဉ် ကျွန်တော်တို့တစ်တွေ နှစ်သက်လို့ ကျွန်တော်တို့ အသိအမှတ်ပြု ခေါ်ရင် မပြီးဘူးလားဆရာ"

"တော်ပြီဟိတ်"

ပစ္စည်းရှင်၊ ဂုဏ်ကြီးရှင်တို့အနီး၌ ယင်းသို့ မျက်နှာလိုအားရ မြှောက်ပင့်တတ်သူများ ရှိမြဲဖြစ်၏။ သူကား ပစ္စည်းရှင် အသိုင်းအဝိုင်းဖြစ်၍ ဘဝင်ကိုင်သော်လည်း တစ်ဖက်တွင် သူကောင်းဓာတ်ခံ တရားသတိရှိသူကား ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် တပည့်ကြီးတစ်ယောက်က စဉ်းစဉ်းစားစားနှင့် အကြံဝင်ပေးသည်။

"မှန်ပါတယ်၊ သဗ္ဗညုဆိုတာကတော့ များလွန်း မြင့်လွန်းအားကြီးသွားပါတယ်။ သူ ဉာဏ်မီသလောက် အကြံပေးရတာပါပဲ။ နို့ပေမယ့် အဲဒီအကြံကို အမှီပြုပြီးတော့ ကျွန်တော် စိတ်ကူးတစ်ခု ရလာပါတယ်။ လောကမှာ ဘုရားရှင်ရဲ့ အမည်တော် ဂုဏ်တော်တွေဟာ အများလည်း အများဆုံး၊ အကောင်းလည်း အကောင်းဆုံးပါပဲ။ သဗ္ဗညုဆိုတာကတော့ အမြင့်တကာ့ အမြင့်ဆုံးဖြစ်နေတော့ ရှောင်သင့်ပါတယ်။ နို့ပေမယ့် အဒီအမြင့်ဆုံး အကောင်းဆုံးတွေထဲက မိမိနှင့် သင့်လျော်မည့် အမည်တစ်ခုခုကို ရွေးထုတ် မှည့်ခေါ်ရင် မကောင်းဘူးလား သူဌေးမင်း။ ဘာဖြစ်လို့လဲဆိုတော့ သူဌေးမင်းကလည်း တရားရှင်, အသိရှင် ဖြစ်လေတော့ လိုက်လျောပါလိမ့်မယ်"

ယင်းအကြံပေးချက်မှာ မိမိကိုယ်ကိုမိမိ ပစ္စည်းမာန်ဘဝင်၊ တရားမာန်ဘဝင်၊ ပညာရှိမာန်ဘဝင် လေခတ်နေသော သူကြွယ်က မဆိုးလှဟု သိမ်းပိုက်လိုက်သည်။ ထို့ကြောင့် ဘုရားရှင်၏ ဂုဏ်တော်အမည်များအနက်မှ မိမိအတွက် သင့်လျော်မည် ထင်သော အမည်တစ်ခုကို ရွေးချယ်လိုက်သည်။ သို့ရာတွင် တိုက်ရိုက်ကြီးဆိုလျှင် လည်း ရှက်စနိုးစိတ်ကလေး ရှိနေပြန်သောကြောင့် မထိတထိ ပွတ်ကာသီကာ ပြောင်းလဲ၍ မှည့်ခေါ်လိုက်သည်။

သူရွေးချယ်မှည့်ခေါ်လိုက်သော အမည်သည်ကား 'အတုလျ'ပါတဲ့တည်း။ အတုလံ–အတုမရှိဟူသော ဘုရားရှင်၏ဂုဏ်ပုဒ်နှင့် ကပ်နေသော်လည်း ချိန်ခွင်ကဲ့သို့ မှန်ကန်သူ၊ တရားရှိသူဟူသော အဓိပ္ပာယ်လည်းရသည်။

ထို့ကြောင့် အဓိပ္ပာယ်နှစ်မျိုးထွက်၍ တစ်စုံတစ်ယောက်က ပြောလာလျှင် ဆင်ခြေပေးနိုင်သောအမည်ဖြစ်သည်။ 'ဦးအတုမဲ့'ဟူသော သူမတူအမည်ကို နှစ်သက်သော်လည်း 'ဦးချိန်ခွင်ပါဗျာ'ဟု လှီးလွှဲ၍ပြောနိုင်သည်။ သူကား ပစ္စည်းမာန်၊ အသိုင်းအဝိုင်းမာန်ကို အရင်းတည်ထားသည့် ဤကဲ့သို့သော လူ့ကတ်ဖဲ့ တစ်ယောက်ပေတည်း။

သို့သော် လူ့ကတ်ဖဲ့မျှသာဖြစ်၍ ပစ္စည်းဂုဏ်၊ အသိုင်းအဝိုင်းဂုဏ်ရှိသော်ကော ဟု လူဆိုးလူသွမ်း၊ လူ့ပေါက်ပန်းတစ်ယောက်ကား မဟုတ်ပါပေ။ ကျောင်းကန်

www.burmeseclassic.com

www.burmeseclassic.com



ဘုရား၊ တရားပေစာ၊ တရားဆွေးနွေးမှု၊ နာကြားမှုတွင် ပျော်မွေ့သော ဇေတဝန်၏ အသိုင်းအဝိုင်းမှ ထင်ရှားသော ဥပါသကာတစ်ဦးဖြစ်ပေသည်။

လူ့အသိုင်းအဝန်းတစ်ခုတွင် သူ့လို လူ့ကတ်ဖွဲ့မျိုး ရှိတတ်မြဲဖြစ်၏။ ပရိသတ် ဆိုလျှင် ရှေ့ဆုံးမှထိုင်သည်။ လူမြင်အောင် ထင်ထင်ကြွားကြွား၊ မားမားမော့မော့ နေသည်။ ပြောစရာရှိလျှင် သူက အလျှင်ပြောသည်။ အသံကျယ်ကျယ်ပြောသည်။ စွာလောင် ဟောင်ဖွာလည်း ပြောသည်။ အများနှင့်ဆန့်ကျင်၍ ကတ်သီးကတ်ဖွဲ့ လည်း ပြောတတ်သည်။ သူကား ဤလိုလူမျိုးဖြစ်၏။

အထူးသဖြင့် တရားလောက၊ စကားလောကတွင် ဤလိုလူမျိုးများကို ပို၍ တွေ့ရတတ်၏။ ဓမ္မသာဝန ဓမ္မဒေသနာဟုဆိုကာ တရားငြင်းရ၊ စကားပြောရသော ကြောင့် ဖြစ်၏။

သူလိုလူမျိုးသည် ချဉ်စရာကောင်းသောကြောင့် ဇေတဝန်အသိုင်းအဝိုင်းရှိ လူအများကပင် သူ့ကို ကြဉ်ပယ်ပယ်၊ ရှောင်ဖယ်ဖယ် လုပ်ထားကြသည်။ လူများ သာမက ရဟန်းတော်များကလည်း တွေ့လိုက်လျှင် ကတ်တီးကတ်ဖွဲ့ မေးတတ်၊ လျှောက်တတ်၊ ဆွေးနွေးတတ်သောကြောင့် ပယ်ပယ် ဖယ်ဖယ် လုပ်ကြသည်။

ယခုတလောတွင် သူ့ကို ပို၍ ရှောင်ဖယ်လာကြ၏။ အကြောင်းကား ဘုရား ရှင်၏ ဂုဏ်တော်ပုဒ်နှင့်ကပ်၍ သူ့အမည်ပြောင်းလဲလိုက်သည်ကို သိလာကြရသော ကြောင့် ဖြစ်သည်။ သို့သော် သူ့အဖို့ အရေးမကြီး၊ ဂရုမစိုက်။ အကြောင်းသော် ကား ဘယ်သူကမှ ဆေးဖော်ကြောဖက် မလုပ်ချင်လည်းနေလေရော့၊ သူ့ပစ္စည်း အင်အားကြောင့် သူ့အလိုကြိုက် အလိုက်သင့် ပင့်မြှောက်ဝိုင်းဝန်းနေကြသည့် တပည့်တပန်း အသိုင်းအဝိုင်းကြီး ရှိနေသောကြောင့်တည်း။

သူမှည့်ထားသောအမည်ကိုလည်း ဘယ်သူကမှ မခေါ်ချင်နေ၊ သူ့အသိုင်း အဝိုင်းကမူ 'ဆရာအတုလျ'၊ 'ဦးအတုလျ' စသည်ဖြင့် လူပုံအလယ်တွင် လူတကာ ကြားအောင်၊ တွင်အောင် ကျယ်ကျယ်တွင်တွင်ကြီး ခေါ်ကြသည်။

ယင်းသို့လျှင် နဂိုကပင် ကတ်တီးကတ်ဖွဲ့ အပြောအဆို၊ အပြုအမူများကြောင့် ရဟန်းရော လူပါ သူ့ကို ရှောင်ဖယ်ဖယ်နေခဲ့ကြရာမှ 'ဆရာအတုလျ'အဖြစ်သို့ ရောက်လာသောအခါတွင်ကား သူ့အသိုင်းအဝိုင်းမှတစ်ပါး ဇေတဝန်ပရိသတ်တွင် သူ့အဖို့ ပတ်ဝန်းကျင် ပို၍ကင်းဆိတ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် အရှင်ရေဝတသည် ဘုရားဖူးရန်အတွက် ဇေတဝန်သို့ ရောက်လာသည်။

[ ၃ ]

'အရှင်ရေဝတ'ဟူသည်ကား တောရဆောက်တည်မှု၊ ကေစာတစ်ပါးတည်း နေမှု၌ သူမတူအောင် ကျင့်သုံးနိုင်မှုကြောင့် အရှည်ကင်ရှုတင် တေဒဂ်ဘွဲ့ရ ရဟန်းတော်ဖြစ်၏။ သူတကာ နေနိုင်ခက်ခဲသော ခယောင်းတောတွင် ငယ်စဉ်ကပင် တစ်ပါးတည်းနေခဲ့သောကြောင့် 'ခရာဒိရေဝတ' 'ခယောင်းတောအရှင်ရေဝတ'ဟု သီးသန့်ဘွဲ့သတ် အများက ခေါ်စမှတ်ပြုရသော အရှင်ဖြစ်၏။ ဤ'ဗုဒ္ဓစာပန်းချီ' တွင် 'နွံထဲကကြာ'အဖြစ် ထောက်ပြခဲ့သော အရှင်သာရိပုတ္တရာ၏ ညီငယ်ဖြစ်၏။

ယခုသော် ရဟန်းတော်အရှင်ရေဝတအဖြစ်သို့ ရောက်လာခဲ့ရာက သူ့နေမြဲ ခယောင်းတောတွင်ပင် ကေစာ သီတင်းသုံးသော်လည်း ရံဖန် ဘုရားဖူးရောက်လာကြသော တပည့်သံဃာတို့၏ အစဉ်အလာအတိုင်း ဇေတဝန်သို့ ဘုရားဖူးရန် ခေတ္တမျှ ရောက်ရှိနေခြင်းဖြစ်၏။

အရှင်ရေဝတ၏ အကျင့်သီလ သတင်းသည် အဖော်ကင်းဆိတ် ခယောင်းရိပ်တွင်သာ သီတင်းသုံးသော်လည်း ဇေတဝန်နှင့် သာဝတ္ထိသာသနာ့လောကတွင် မွေးလျက်ရှိသူဖြစ်၏။ ရဟန္တာတစ်ပါးလည်းဖြစ်၍ ပညာထိပ်သီး အရှင်သာရိပုတ္တရာ၏ ညီငယ်လည်းဖြစ်သောကြောင့် မဟောမပြောမှသာ ရှိလေရော့၊ ဟောပြောခဲ့ပါသော် ထိပ်တန်းအသိရှင်၊ ပညာရှင်တစ်ပါး ဖြစ်နိုင်စရာရှိသည်။ သို့ဖြစ်ရာ အရှင်ရေဝတ၏ တရားကို ကြားနာရသော်၊ အရှင်ရေဝတနှင့် တရားဆွေးနွေးရသော် ကောင်းလေစွဟု ဦးကတ်ဖဲ့က သူ့တပည့်များနှင့် တိုင်ပင်သည်။

အကြောင်းသော်ကား သူ့အကြော ဓာတ်သိ နှမ်းဖတ်ချဉ်ကြောင့် ဝန်းကျင်ကင်းဆိတ်နေသော သူတို့အဖို့ အရှင်ရေဝတမှာ သူတို့အကြောင်း သိလေမည်မဟုတ်သော တောပျော်ရဟန်းဖြစ်လေရာ အရှင်ရေဝတထံသို့ ချဉ်းကပ်လျှင် သူတို့ကို အထိုက်အလျောက် တရားဟောလိမ့်မည်၊ လက်ခံဆွေးနွေးလိမ့်မည်ဟု မျှော်လင့်သောကြောင့်ဖြစ်၏။

ဤမျှော်လင့်ချက်ဖြင့် ဇေတဝန်ရှိ အရှင်ရေဝတအထံသို့ သူတို့အုပ်စု သွားရောက်ကြသည်။ ဇေတဝန်တွင် အရှင်ရေဝတကို တွေ့ရသည့်ပုံစံမှာ သူတို့မျှော်လင့်

www.burmeseclassic.com

www.burmeseclassic.com



သည့်အတိုင်း အလိုက်သင့်ပင် ဖြစ်ပါ၏။ အကြောင်းကား တစ်ပါးတည်းသာ နေကျင့်ရှိသော အရှင်ရေဝတအား ရဟန်းများအကြားတွင် မတွေ့ရဘဲ ဇေတဝန်ကျောင်းဝင်းထောင့်ရှိ ရေကန်တောစပ်တစ်နေရာ သစ်ပင်တစ်ပင်အောက်တွင် တစ်ပါးတည်းသာ တရားရှုမှတ်လျက်ရှိသည့် အသွင်ဖြင့် သီတင်းသုံး နေထိုင်သည်ကို တွေ့ကြရသောကြောင့်ဖြစ်၏။

ထို့ကြောင့် ငါးရာခန့်မျှရှိသော သူတို့အုပ်စုအဖို့ တစုတဝေးတည်း ထိုင်ဖို့ နေရာအလုံအလောက် ရရှိကာ အရှင်ရေဝတ၏ ရှေ့မှောက်တွင် ဝိုင်း၍ထိုင်လိုက်ကြသည်။ ရှိခိုးကြသည်။

ယင်းသို့ လူအုပ်ကြီးဖြင့် ချဉ်းကပ် ရှိခိုးလာရာ၌ သဲသဲရတ်ရတ်၊ လှုပ်လှုပ်ရွရွ ရှိမှုကြောင့် အရှင်ရေဝတက ပဋိသန္ထာရစကားမျှ စတင်မပြောကြားနှင့်ဦးတော့ အနည်းဆုံးအားဖြင့် ကိုယ်ဟန်လှုပ်ရှားခြင်း၊ မျက်လွှာကလေးတစ်ချက်မျှ လှန်ကြည့်ခြင်း စသည်ဖြင့် အသိအမှတ်ပြုလိမ့်မည်ဟု သူတို့မျှော်လင့်သည်။ သို့ရာတွင် အရှင်ကား နေရင်းအတိုင်းမှ တုတ်တုတ်မျှမလှုပ်၊ မိမိအလုပ်ပုံစံမပြတ် တရားရှုမှတ်လျက်သာ ရှိနေပေသည်။

"တပည့်တော် ဥပါသကာ အတုလျဒါယကာပါဘုရား။ တပည့်တော်တို့သည် အရှင်ဘုရားထံမှ တရားတစ်စုံတစ်ရာ ကြားနာလို၍ လာရောက်ကြ၍ပါသည် ဘုရား"

မလှုပ်ပေ။

"တပည့်တော်တို့အား တရားတစ်စုံတစ်ရာ ဟောကြားတော်မူပါ အရှင်ဘုရား"

မလှုပ်။

မော်ဖူးလိုက်သောအခါ လှုပ်လာမည့်အမူအရာ တစ်စုံတစ်ရာကိုမျှလည်း မတွေ့ကြရပေ။ ရှုမှတ်နေသည့်ပုံစံအတိုင်းသာ တွေ့ကြရ၏။ သို့ဖြစ်ရာ ဆက်လက်၍ တောင်းပန်နေလျှင်လည်း အကြောင်းထူးလာဖွယ် မမြင်သောကြောင့် တစ်ဦးနှင့်တစ်ဦး ကျိုးကြည့် ကြောင်ကြည့် ကြည့်ရင်းဖြင့် ထ,ပြန်လာခဲ့ကြရသည်။

လူကိုဖြစ်စေ၊ ရဟန်းကိုဖြစ်စေ၊ မိမိအလိုမပြည့်သည့်အခါ ဒေါကန်လာတတ်ကြခြင်းမှာ ပုထုဇဉ်တို့ ဓမ္မတာဖြစ်သည့်အတိုင်း ပြန်လာကြရင်းဖြင့် ဦးကတ်ဖဲ့က "ဘယ့်နှယ်ဗျား၊ တရားမဟောတာ ထားပါတော့၊ စကားကလေးမှ လက်ခံမပြောဘူးဆိုတာကတော့ လွန်လွန်းပါတယ်"ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ရေဝတက တောနေရဟန်းဆိုတော့ စကားအင်မတန်နည်းတယ်လို့ ကြားဖူးပါတယ်ဆရာ"

"စကားနည်းတယ်ဆိုတာ စကားမပြောတာမှ မဟုတ်ဘဲ။ ရဟန်းပဲဟာ၊ တောင်းပန်သူရှိလာရင် အထိုက်အလျောက်တော့ ဟောသင့်တာပေါ့ဗျ"

"အသွင်ကြည့်ရတာ ရှာန့်ဝင်စားနေသလားမှ မသိဘဲဆရာ"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ နို့ပေမယ့် ဒီကိုယ်တော်လည်းပဲ ကျုပ်တို့ကို ကြဉ်ဖယ်ဖယ်လုပ်တယ်လို့ ထင်တာပဲ။ ကျုပ်တော့ မကျေနပ်ဘူးဗျာ။ သူ့အစ်ကို ရှင်သာရိပုတ္တရာဆီ သွားတိုင်မယ်၊ အဆင်သင့်ရင် တရားလည်း နာရင်းပေါ့"

"ကောင်းသားပဲ သူဌေးမင်း"

[ ၄ ]

ညနေစောင်းအချိန်ဖြစ်၍ ကျောင်းပြင်တစ်နေရာတွင် ဖြည်းညင်းစွာ လမ်းလျှောက်ရင်း သီတင်းသုံးလျက်ရှိသော အရှင်သာရိပုတ္တရာအား အလိုက်သင့်ပင် တွေ့ရသောကြောင့် ဝင်ရောက်ရှိခိုးကြသောအခါ အရှင်သာရိပုတ္တရာက သူတို့ ရှိခိုးလာသည်ကို အသိအမှတ်ပြုသောအနေဖြင့် ရပ်၍ ရှိခိုးခံ၏။

တရားရေး၊ စကားရေးကိစ္စတွင် လူ့ကတ်ဖွဲ၊ လူတွင်ကျယ်လုပ်သည် ဆိုသမင့်လည်း သူလိုလူများသည် တန်းတူရည်တူ ပရိသတ်ရှေ့တွင်သာ လုပ်ဝံ့ကြခြင်း ဖြစ်၍ လူကြီးများရှေ့တွင်ကား ငြိမ်၍နေတတ်ကြသည်။ ကြီးမြင့်သော သီလ၊ ပညာ၊ သိက္ခာဂုဏ်ကြောင့်ဖြစ်သည်။ ဦးကတ်ဖွဲတို့သည်လည်း သာမန်ရဟန်းနှင့် လူဒါယကာတို့ အကြားတွင်သာ သူတို့ပြဿနာရှိသည်။ ဘုရားရှင်၊ အရှင်သာရိပုတ္တရာ စသော ထိပ်တန်းတို့ရှေ့တွင်ကား ငြိမ်ဝပ်နေမြဲဖြစ်၏။

ညီဖြစ်သူ အရှင်ရေဝတနှင့် အဆင်မပြေ၍ စိတ်ဆောင်သောကြောင့် အစ်ကိုဖြစ်သူ၏ ရှေ့မှောက်သို့ ယခုရောက်လာရာတွင် အများတကာလို ကြဉ်ဖယ်ဖယ် မနေဘဲ အမူအရာဖြင့်ပင် ပဋိသန္ထာရပြုသည်ကို တွေ့လာရသောအခါ ဝမ်းမြောက် ဝမ်းသာနှင့် ဝိုင်းရံ ရှိခိုးလျက်ရှိနေကြ၏။

ပထမသော် သူ့ညီ၏ မထီမဲ့မြင်ပြုလုပ်ခံခဲ့ရသည်ဟု ထင်သောကိစ္စကို အစ်ကိုသို့ ပြစ်တင် တိုင်ကြားရန်အတွက် သာမန်သဘောမျှ ချဉ်းကပ်လာကြခြင်းဖြစ်သော်လည်း အရှင်၏ လိုက်လျောသောအပြုအမူကို တွေ့ရသောအခါ ကြုံတောင့်ကြုံခိုက်

www.burmeseclassic.com



အရှင်သာရိပုတ္တရာအား ထောင်းပန်၍ တရားနာမည်၊ အခွင့်သာခဲ့လျှင် ဆက်လက်၍ တရားဆွေးနွေးမည်ဟု စိတ်ကူးလိုက်ကြ၏။

တစ်ကြောင်းမှာလည်း ကြီးမြင့်သောသူများသည် လူငယ်များ၊ မိမိတို့အောက် နိမ့်သူများ၏ ပြဿနာအထွေထွေကို မသိကြ။ သိလျှင်လည်း လျစ်လျူရှုတတ်ကြသည်ဟု ထင်၏။ စင်စစ်သော်ကား အရေးမကြီး၍ လျစ်လျူရှုလျှင်သာ ရှိမည်။ 'တစ်နှစ်ကြီး တစ်နည်းသာ'ဟူသော စကားအရ လူကြီးများ၏ မြင်တတ် သိတတ်သော ပညာကြောင့်လည်းကောင်း၊ မင်းနားတစ်ထောင်ဟူသော စကားအရလည်းကောင်း သိကြသည်သာဖြစ်၏။ ယခု အတုလျှဟု အမည်ခံထားသော ဒါယကာ၏ ဇေတဝန်နေရာတကာတွင် ကတ်ဖွဲ့ဖွဲ့၊ စွာကျယ်ကျယ် အပြုအမူများကိုလည်း အရှင်သာရိပုတ္တရာ သိသည်သာဖြစ်၏။ မသိယောင်ပြုကာ အလိုက်သင့်နေလိုက်ခြင်းမျှသာ ဖြစ်ပေသည်။

"အရှင်မြတ်ဘုရား...အရှင်၏ညီ ရေဝတထေရ်သည် ဇေတဝန်သို့ရောက်လာသည်ကြား၍ တပည့်တော်တို့ တရားနာရန်၊ နှုတ်ဆက်ရန် ယခု လာရောက်ကြခြင်းဖြစ်ပါသည်။ သို့ရာတွင် အရှင့်ညီသည် တပည့်တော်တို့အား တရားဟောဖို့ဝေး၍ အဖက်လုပ်၍ စကားတစ်ခွန်းတလေမျှ မပြောလိုက်ပါဘုရား"

"ဒါယကာတို့...ရေဝတသည် တစ်ပါးတည်းသာ နေကျင့်များသူဖြစ်၍ ဘုရားရှင်နှင့်သော်မျှလည်း စကားပြောခဲသူဖြစ်ပါ၏။ သည်းခံကြပါလော့"

"ရဟန်းဟူသည် ဓမ္မဒေသနာ မင်္ဂလာတော်အရ လျှောက်ထားတောင်းပန်သူရှိခဲ့သော် အထိုက်အလျောက်တော့ ဟောပြောသင့်သည် မဟုတ်ပါလား အရှင်ဘုရား"

"ယေဘုယျသဘောဖြင့်ဆိုလျှင် ဟောကြားသင့်သည် မှန်ပါ၏။ သို့ရာတွင် မဟောကြားဘဲလည်း နေနိုင်ခွင့်ရှိပါသည်။ အကြောင်းမူကား အချို့သော ရဟန်းများသည် တရားဟောမှုထက် အရေးပါသော ရဟန်းကိစ္စကိုသာ ပြုလုပ်နေသူများဖြစ်ကြပါသည်"

"တပည့်တော်တို့ သဘောပေါက်ပါပြီဘုရား၊ သို့ရာတွင် တပည့်တော်တို့သည် ယနေ့ တရားအနာ လာရောက်ကြသူများ ဖြစ်ကြပါကုန်သည်။ အရှင်ရေဝတ၏ တရားကို မနာရသော်လည်း ယခုကဲ့သို့ ကြုံတုန်း ကြုံခိုက် အရှင်မြတ်က

www.burmeseclassic.com

www.burmeseclassic.com



တရားဒေသနာ တစ်စုံတစ်ရာ ချီးမြှင့် ဟောကြားတော်မူဖို့ တောင်းပန်ပါသည် အရှင်ဘုရား"

"သို့ဆိုလျှင် ဟောကြားပါမည်။ ကောင်းစွာသာ နာယူကြပေတော့ ဒါယကာတို့"

အရှင်သာရိပုတ္တရာက တရားဟောရန်အတွက် နေရာတစ်ခုတွင်ထိုင်ရန် ဟန်ပြင်လိုက်သောအခါ အတုလျ ဒါယကာက ပခုံးထက်တွင် တင်လာသော ပုဆိုးကို နေရာထိုင်အဖြစ် ခင်းပေးသည်။

ဘုရားရှင်၏ ပိဋကတ်သုံးပုံ၊ ဒေသနာတော်အားလုံးကို ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်ဟု သတ်မှတ်ထားသည်။ ယင်းရှစ်သောင်းလေးထောင်တွင် ဘုရားရှင်ကိုယ်စား အရှင်သာရိပုတ္တရာ၏ ဟောကြားမှု ဓမ္မက္ခန္ဓာ ရာခိုင်နှုန်းများများ ပါဝင်သည်။

ယခုတရားပွဲသည် အရှင်သာရိပုတ္တရာ၏ တရားပွဲများအနက် ကြီးမားသော တရားပွဲတစ်ရပ်အဖြစ် သတ်မှတ်နိုင်ဖို့ရှိသည်။ အကြောင်းမူကား ညနေစောင်းအချိန်မှစ၍ မိုးစုပ်စုပ်ချုပ်သည်အထိ အချိန်အတန်ကြာမြင့်စွာ ဟောကြားတော်မူသည်။ ဟောသောတရားကလည်း မြင့်မားလှစွာ၏။ အရှင်သာရိပုတ္တရာ၏ လက်သုံး အဘိဓမ္မာ တရားတော်ပေတည်း။

ဇေတဝန်စသော တရားပွဲများတွင် ဘုရားရှင်၏ တရားဟောပြောမှု တာဝန်တော်နှင့် ဆက်၍ အလိုက်သင့် ဟောပြောမှုမျိုးမှလွဲ၍ အရှင်သာရိပုတ္တရာ၏ တရားကို လူတို့ ကြားနာခဲ့သည်။ ချဉ်းကပ်ခဲ့သည်။ အကြောင်းမူကား ပညာကြီးသော အရှင်၏တရားများသည် ခက်သောကြောင့်ဖြစ်သည်။ ခက်သောတရားကို မကြားနာလိုကြ။ နားမလည်သောကြောင့် ပျင်းစရာကောင်းသည်။ လူသာမန်တို့ဝေး၍ ရဟန်းတို့ပင် အရှင်၏တရားကို နာနိုင်ခက်သည်။

ထို့ကြောင့် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် စသော ထိပ်တန်းမထေရ်ကြီးများတွင် အရှင်သာရိပုတ္တရာ၏တပည့်၊ အရှင်မောဂ္ဂလာန်၏တပည့် စသည်ဖြင့် တပည့်ရဟန်းအသိုင်းအဝိုင်းများ ရှိကြရာ၌ အရှင်သာရိပုတ္တရာ၏ တပည့်များက ပညာအရာတွင် ထူးချွန်၍ အရှင်မောဂ္ဂလာန်၏ တပည့်များက တန်ခိုးအရာတွင် ထူးချွန်သည်။ အရှင်မဟာကဿပ၏ တပည့်များက တောရဆောက်တည်မှု၊ ဓုတင်ဆောင်မှုတွင် သာလွန်၏ စသည်ဖြင့် ခွဲခြားသိမှတ်ထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားသမားပါဟု ဆိုပါလျက် နေရာတကာတွင် အများနှင့် အဆင်မပြေသူ၊ ငါတည်းဟူသောမာန်ဖြင့် မတန်မရာ အတုလျှဟူသောအမည်ဖြင့် ဘုရားရှင်၏ ဂုဏ်တော်ကို မလိမ့်တပတ်ယူထားသူ၊ ရဟန်းပရိသတ် လူပရိသတ်၌ ငါသိ ငါတတ် လုပ်ချင်လှသူ၊ တရားနာယူလိုလှပါချည့်ဆိုသူ၊ မိမိရှေ့မှောက်ရောက်နေသူ အတုလျှ ဦးကတ်ဖဲ့အား ယခုတရားဟောရာ၌ ဟောဟန်ကား–

ရှေးဦးစွာ အဘိဓမ္မာ ဒေသနာတော်၏ အစဖြစ်သော ဘုရားရှိခိုး 'သမ္မာ သမ္ဗုဒ္ဓမတုလံ'တွင် သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်အဖွင့်နှင့် အတုလဂုဏ်တော်အဖွင့်ကို ၄၄ မျိုးမျှအထိ ဖွင့်ဆို ဟောကြားတော်မူသည်။

ဤတွင်ပင် အတုလျှဆိုသူတို့ ထ၍ပြေးချင်လှပြီဖြစ်၏။ အကြောင်းသော် တစ်မူကား မတန်မရာ အမည်ယူထားမိသော မိမိကို အရှင်မြတ်က တိုက်ရိုက် ဆုံးမနေသည်၊ သို့မဟုတ် စောင်း၍ ဟောကြားနေသည်ဟု နားလည်လာသော ကြောင့် ဖြစ်၏။

ထို့နောက် အဘိဓမ္မာ တရားသားများအဖြစ် 'ကုသလာဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာဓမ္မာ'စသည်ဖြင့် အထွက်အတက်များကို ဟောသည်။ ဆက် လက်၍ ရူပါရမ္မန် စက္ခုဝိညာဏ ဓာတုယာ အစရှိသည်ဖြင့် ခန္ဓာငါးဖြာ အဘိဓမ္မာ များကို ဟောသည်။

ယင်းသို့လျှင် တရားတော်သည် ကြီးကျယ်လှပါ၏။ မွန်မြတ်လှပါ၏။ ဤ တရားမျိုးစုံကို မိမိစိတ်ထဲက ဉာဏ်မမီ မနှစ်သက်၍ မကြိုက်သော်လည်း မကောင်း ဟုကား မပြောဝံ့။ အဘိဓမ္မာတရားတော်ကို အဘယ်ပုံ မကောင်းဟု ပြောဝံ့ပါ အံ့နည်း။

နားလည်ကြ။ နားမလည်၍ ရွံ့ရှားသည်။ ပျင်းသည်။ ပျင်းသော်လည်း တရား အဆုံးမသတ်သဖြင့် ပေ၍ တေ၍ နာကြားရသည်။ အရှင်မြတ်က သူတို့ကို တရားဖြင့်နှိပ်စက်နေသယောင် ထင်မှတ်လာသည်။ သို့နှင့် ညဥ့်မှောင်ရီသမ်း၍ အအေးဓာတ်ဝင်ကာ လူလုံးပျောက်လောက်သည့်အချိန်လောက် ရောက်မှ တရား အဆုံးသတ်လိုက်တော့ပေရာ ကသုတ်ကရက် ထ၍ပြန်ခဲ့ကြရသည်။

အတုလျှဆိုသူမှစ၍ အဘိဓမ္မာကို လူတိုင်း နားမလည် မကျေနပ်သော်လည်း နားလည်ချင်ယောင်ဆောင်ကာ နှာခေါင်းကျည်ပွေ့တွေ့၍ ပြန်လာကြသည်။ အိမ် ရောက်သည့်အခါမှ "အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးကတော့ ငါတို့ကို ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းနိုပ်စက်လိုက်တာပဲပေါ့”ဟု မမျိုသိပ်နိုင်တော့သော ဦးကတ်ဖဲ့က ဖွင့်အန်လိုက်သည်။

[ ၅ ]

အရှင်သာရိပုတ္တရာသို့ ချဉ်းကပ်မိခြင်းဖြင့် တရားနာခေါင်းကျည်ပွေ့ တွေ့ခဲ့ကြသည် မှန်ပါ၏။ သို့ရာတွင် အဆိုးထဲမှအကောင်း ဆိုသကဲ့သို့ ဝန်းကျင် ကင်းဆိတ်သော သူတို့အဖို့ အသိအမြင်တစ်ခု ရလာသည်။ ယင်းသည်ကား လူကြီးများသည် တန်းတူရည်တူများထက် အချဉ်းကပ်ရ လွယ်သည်ဟူသောအသိပင် ဖြစ်ပေ၏။

ထို့ကြောင့် အခွင့်အခါကိုကြည့်၍ ထေရ်ကြီးများထံသို့ ချဉ်းကပ် တရားနာမည်။ ဆွေးနွေးခွင့်ကြုံလျှင် ဆွေးနွေးမည်။ အခွင့်သာခဲ့ပါသော် ဘုရားရှင်အထံတော်သို့သော်လည်း ချဉ်းကပ်တရားနာမည်ဟု အစီအစဉ် ပြုလုပ်လိုက်ကြ၏။

“အရှင်အာနန္ဒာဆီမှာ တရားနာရင် ကောင်းမယ်၊ အရှင်အာနန္ဒာက သဘောလည်း ကောင်း၊ ဗဟုသုတလည်း ကြွယ်တော့ အခွင့်သာရင် တရားလည်းနာရင်း တရားလည်း ဆွေးနွေးဖို့ ကြုံချင်ကြုံမှာ”

“ဟုတ်တော့ဟုတ်ပါရဲ့။ နို့ပေမယ့် အရှင်အာနန္ဒာက ဘုရားရှင်ရဲ့ကိစ္စကို ကြောင့်ကြစိုက်လွန်းတော့ အားလှတယ်လို့ တယ်ပြီးမတွေ့ရဘူး”

“အခွင့်သာရင်ပေါ့လေ”

မျှော်လင့်သည့်အတိုင်း အခွင့်သာ၏။ အကြောင်းကား နောက်တစ်နေ့ သူတို့ အုပ်စု ဇေတဝန်သို့ရောက်သောအခါ ကျောင်းခန်းဝ တစ်နေရာတွင် အရှင်အာနန္ဒာ အလိုက်သင့်ထိုင်နေ သီတင်းသုံးလျက်ရှိသည်ကို တွေ့ကြရပေရာ အရှင်အာနန္ဒာ ရှေ့တော်မှောက်သို့ ဝင်ရောက်ရှိခိုးလိုက်ကြ၏။

ရှိခိုးပြီးသည်နှင့် တစ်ပြိုင်နက် စကားများကို သူတို့၏ ဓမ္မတာအတိုင်း “ခုတလော တရားနာရတာ အဆင်မပြေလှပါဘူး”ဟု ပြဿနာစကားဖြင့် ဦးကတ်ဖဲ့က စတင်လျှောက်ထားလိုက်၏။

“ဘယ်လိုအဆင်မပြေပါသလဲ ဒါယကာ”

“ကြုံတောင့်ကြုံခိုက်မို့ အရှင်ရေဝတဆီမှာ မနေ့က တရားနာသွားကြပါတယ်။ တစ်ခွန်းတပါဒမျှ မဟောကြားပါဘူးဘုရား။ တဖန် အရှင်သာရိပုတ္တရာဆီမှာ တရားနာပြန်တော့လည်း တပည့်တော်တို့ နားမလည်တဲ့ အဘိဓမ္မာတရားတော်ကို

www.burmeseclassic.com



အကြာကြီးဟောလိုက်လို့ ငြီးငွေ့ခဲ့ရပါတယ်ဘုရား။ ဒါကြောင့်မို့ အရှင်မြတ်ထံ တရားနာရန် ယခုရောက်လာကြခြင်း ဖြစ်ပါသည်။ တပည့်တော်တို့အား တရား ဒေသနာ တစ်စုံတစ်ရာကို ဟောကြားတော်မူပါ အရှင်ဘုရား”

“သို့ဆိုလျှင် ဟောကြားရပေတာပေါ့။ ကောင်းစွာ နာကြားကြကုန်လော့။ စိတ္တံ ရက္ခေထ မေဓာဝီ – မေဓာဝီ ကြောင်းကျိုးမြင်သိ ပညာရှိသည်၊ စိတ္တံ– မိမိစိတ်ကို၊ ရက္ခေထ–စောင့်ရှောက်ရာ၏”

ဤမျှသာဖြစ်၏။ တရားနာဖို့ရန် ဟန်ပြင်၍မှ မပြီးသေးမီ တရားမှာ ပြီးဆုံး သွားသည်။ ရှေ့သို့ တစ်စုံတစ်ရာ ဆက်လာဦးမည်လားဟု မျှော်လင့်သော်လည်း ဆက်မလာ။ အရှင်၏အမူအရာကို မော်၍ကြည့်လိုက်သောအခါတွင်လည်း တရား ပြီးဆုံးတော့သည့်အဟန်ဖြင့် ငြိမ်သက်စွာ သီတင်းသုံးလျက်ရှိသည်ကို တွေ့ကြရ၏။ ထို့ကြောင့် ဦးကတ်ဖဲ့အဖို့ အရှင်အာနန္ဒာနှင့်လည်း အလိုမကျနိုင်ပြန်ပေ။

သို့ဖြင့် အရှင်ရေဝတနှင့် အဆင်မပြေမှုကို သူ့အစ်ကို အရှင်သာရိပုတ္တရာသို့ တိုင်ကြားသကဲ့သို့ ယခု အရှင်အာနန္ဒာနှင့် အဆင်မပြေမှုကိုလည်း သူ့နောင်တော် ဘုရားကိုသာ တိုင်ကြားရန်ရှိတော့သဖြင့် အရှင်အာနန္ဒာ ရှေ့မှောက်မှထ၍ ဘုရားရှင် သီတင်းသုံးတော်မူရာ ဂန္ဓကုဋီတိုက်တော်ဆီသို့ မယောင်မလည်နှင့်ပင် ထလာကြ သောအခါ ဂန္ဓကုဋီတိုက်တော်ရှေ့တွင် အလိုက်သင့်ထိုင်နေတော်မူလျက်ရှိသော ဘုရားရှင်အား ဖူးတွေ့ကြရသောကြောင့် ဝင်ရောက်ရှိခိုးကြသည်။

ဘုရားရှင်က “ဒါယကာအတုလျ…အကြောင်းထူး တစ်စုံတစ်ရာရှိသလော” ဟု ပဋိသန္ထာရစကား စတင်မိန့်ကြားလိုက်သောအခါ ဦးကတ်ဖဲ့ လန့်သွားသည်။

လူဟူသည် မာန၊ လောဘ၊ ပယောဂကြောင့် မလျော်သောအမှု တစ်စုံတစ်ခု ကို ပြုလုပ်ထားရာ၌ ယင်းမလျော်မှုကို သူတစ်ပါးသိသကဲ့သို့ မိမိကိုယ်တိုင်လည်း သိသည်သာဖြစ်၏။ ယင်းမလျော်မှုကို အကြောင်းကြုံလာ၍ တော့တော့တင်တင် ဖွင့်ဖော်ပေးမည့်သူရှိလျှင် တုန်လှုပ်ရမြဲ ဓမ္မတာဖြစ်၏။

သူ့အမည်၊ သူ့ကတ်ဖဲ့ဖဲ့ အပြုအမူများကြောင့် ဇေတဝန်ပရိသတ်က ရှောင် ဖယ်ဖယ်နေခဲ့ရာ၌ အရှင်ရေဝတကမူ သူတို့ကို အသိအမှတ်ပင်မပြု။ အရှင်သာရိ ပုတ္တရာကလည်း တည့်တည့်ပင် မပြောဟောစေကာမူ စောင်းပါးရိပ်ခြည်ဖြင့် ဆုံးမ လိုက်ဟန်ရှိသည်။ အရှင်အာနန္ဒာကလည်း တရားတိုကလေးတစ်ပုဒ်ဖြင့် ဝတ်ကျေ တန်းကျေမျှ ဆက်ဆံလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြီးမြတ်တော်မူသောဘုရားရှင်ကမူ သူတို့ကို အသိအမှတ်ပြုရုံမက 'ဒါယကာ အတုလျ'ဟူ၍ပင် အာလုတ်ပြု၍ ခေါ်ဝေါ်လိုက်သောအခါ သူခိုးလူမိဆိုသကဲ့သို့ ဦးခေါင်းမှ မဖော်ဝံ့ဘဲ ပြားပြားဝပ်သွားသည်။

ဤဒါယကာသည် ပစ္စည်းမာန်၊ အသိုက်အဝန်းမာန်ကြောင့် ပတ်ဝန်းကျင်နှင့် အဆင်မပြေသော်လည်း သူ့အခြေခံမှာကား တရားသာဖြစ်ကြောင်း ဘုရားရှင် ဆင်ခြင်တော်မူမိပြီး ဖြစ်သည်။

"မှန်လှပါ၊ ယခုတလော တပည့်တော်တို့အဖို့ တရားနာရသည်မှာ အဆင် မပြေလှပါ။ အရှင်ရေဝတသို့ တရားတောင်းသောအခါ အဖက်လုပ်၍မျှ စကား မပြောပါ။ အရှင်သာရိပုတ္တရာသို့ တရားတောင်းသောအခါတွင်လည်း တပည့်တော် တို့ နားမလည်သော အဘိဓမ္မာတရားများဖြင့် ရှည်ရှည်လျားလျား ဟောကြားလိုက် ပါသည်။ အရှင်အာနန္ဒာသို့ ချဉ်းကပ်သောအခါတွင်လည်း ပါဒဝက်မျှသာ ဟော ကြားလိုက်ပါသည်။ သို့ဖြစ်၍ အရှင်မြတ်ထံမှောက် ရောက်လာကြရခြင်း ဖြစ်ပါ သည်ဘုရား"

"ဒါယကာ အတုလျ...လောက၌ စကားမပြောသောကြောင့် အကဲ့ရဲ့ ခံရ သည်။ စကားများသောကြောင့်လည်း အကဲ့ရဲ့ခံရသည်။ စကားနည်းသောကြောင့် လည်း အကဲ့ရဲ့ခံရသည်။ အကျိုးမရှိသောစကား မပြော၊ အကျိုးရှိသောစကားကိုသာ ပြောသဖြင့် 'သုဂတ'ဟူသော ဂုဏ်တော်ရှင် ဘုရားရှင်တို့ပင်လျှင် အကဲ့ရဲ့ခံရသည်။ ဤလောက၌ အကဲ့ရဲ့မခံရသောသူဟူသည် မရှိ။

"ဒါယကာ အတုလျ...တရားဟူသည် တိုသည်ဖြစ်စေ၊ ရှည်သည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ရိုသေစွာ နာယူရသည်။ ရိုသေစွာ မနာယူဘဲ တရားဟောသူအား အပြစ်ရှာရန်အတွက် နာယူခြင်းသည်ကား အချည်းအနှီးသာ တည်း"

အတုလျ ဒါယကာသည်ကား ပင်ကိုစရိုက်နှင့် ပတ်ဝန်းကျင် ပင့်မြှောက်မှု ကြောင့် သဘောထား ရွဲ့စောင်းနေသူမျှသာဖြစ်၍ အခြေခံအားဖြင့်ကား တရား စရိုက်ရှိသော လူတော်လူကောင်းတစ်ဦးသာ ဖြစ်ပေသည်။ အကြောင်းမူကား ဇေတဝန်၏ တရားဝန်းကျင်နှင့် ရတနာသုံးပါး ဝန်းကျင်တွင်သာ မွေ့လျော်၍ ပစ္စည်းရှင် ဖြစ်မချည်းလည်း အခြားဒုစရိုက်တို့ ကင်းရှင်းသူ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြောင်းမှာလည်း သာမန်အားဖြင့် မလျော်သော အကျင့်စရိုက်ရှိနေသူ တစ်ဦးသည် ယင်းအကျင့်စရိုက်ကို ထုတ်ဖော် သုံးမနိုင်သူနှင့် မတွေ့မီအတွင်း၌မူ မိမိစရိုက်အတိုင်းပင် အလိုက်သင့်မွေ့လျော်နေခဲ့မိရာက သုံးမနိုင်သူနှင့် တွေ့ကြုံ၍ သုံးမခံရသောအခါ သူကောင်းဓာတ်ခံ ရှိခဲ့ပါလျှင် အလွယ်တကူပင် ကင်းပျောက်သွားနိုင်သည်။

အကျိုးကား ဘုရားရှင်၏ တရားတော်တစ်ပုဒ်၊ စကားတော်တစ်ခွန်းကြောင့် အတုလျှဒါယကာနှင့်တကွ အသိုင်းအဝိုင်းအားလုံးပါ သောတာပန်အဆင့်သို့ တစ်ထိုင်တည်းနှင့် မြင့်တက်သွားကြခြင်းပင် ဖြစ်ပေသည်။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# လူမိုက်ပွဲတော်

[ ၁ ]

'ပွဲတော်'ဟူသည် အများအားဖြင့် ဘာသာရေးနှင့်ဆက်စပ်သော်လည်း လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အရေးအခင်းနှင့် ဆက်စပ်သော ပွဲတော်များလည်း ရှိသည်။ ဤနည်းဖြင့် နိုင်ငံတိုင်းတွင် မိမိတို့ဆိုင်ရာပွဲတော်များ ရှိနေကြသည်။ ပွဲတော်အများဆုံးနိုင်ငံသည်ကား မဇ္ဈိမနိုင်ငံတော်ပေတည်း။

များရသည့်အကြောင်းကား လူအဆင့်အတန်း မျိုးစုံသလောက် ကိုးကွယ်မှုဆိုင်ရာ ဘာသာစုံသောကြောင့်လည်း ဖြစ်၏။ လူမျိုးနှင့် ဘာသာစုံသလောက် ယဉ်ကျေးမှုမျိုးစုံ၊ အတွေးအခေါ် မျိုးစုံသောကြောင့်လည်း ဖြစ်၏။

မဇ္ဈိမတစ်တိုက်လုံးနှင့်ချီ၍ လှုလှုပပပြုလုပ်သော ပွဲတော်များရှိသကဲ့သို့ ဒေသဆိုင်ရာ ပွဲတော်များလည်း ရှိ၏။ သိမ်သိမ်မွေ့မွေ့ ပွဲတော်များရှိသကဲ့သို့ ကြမ်းကြမ်းတမ်းတမ်း ပွဲတော်များလည်းရှိ၏။

ဥပမာအားဖြင့် မိုးအကုန် သီတင်းကျွတ်လဆီလောက်တွင် ကျင်းပသော 'ဒေဝါလီ'ခေါ် 'ဒီပါဝလီ'ပွဲတော်ဆိုလျှင် မဇ္ဈိမတစ်တိုက်လုံး တစ်ညီတညွတ် လှုလှုပပ ပွဲတော်ကြီးဖြစ်သည်။ သက်ဆိုင်ရာ ဘာသာဝင်များသာမက မသက်ဆိုင်သော ဘာသာအားလုံး၊ လူမျိုးအားလုံးပင် ဝင်ရောက်ဆင်နွှဲသော ပွဲတော်ကြီးလည်း ဖြစ်သည်။ အကြောင်းမူကား ညအချိန်၌ ဆီမီးမျိုးစုံကို လှပစွာထွန်းခြင်း၊ အိမ်တိုင်းလိုလိုကပင် မိမိတို့စွမ်းနိုင်သလောက် အပြစ်ကင်းသော အစာအာဟာရမျိုးစုံဖြင့် ဒါနပြု ညှေ့်ခံခြင်း၊ မီးရောင်စုံတို့အောက်တွင် လှပစွာ ဝတ်စားဆင်ယင်၍ ကြည်နူး

www.burmeseclassic.com



စွာ လှည့်လည်တွေ့ဆုံကြခြင်းတို့ ဖြစ်ပေရာ ဘာသာရေးကို အပထား၍ လူမှုရေး အရပင်လျှင် အဘယ်မျှ လှပပါသနည်း။

နောက်ထပ်ဥပမာအားဖြင့် ထုတ်ပြသင့်သော ပွဲတော်တစ်ခုမှာလည်း အလွန် သိမ်မွေ့နူးညံ့လှစွာသော မေတ္တာနှောင်ကြိုးတဲ ပွဲတော်ဖြစ်သည်။ ယင်းပွဲတော်ဆိုလျှင် လည်း ရည်မှန်းချက်ရော၊ လုပ်ဆောင်ချက်များပါ ကောင်းမွန်လှသောကြောင့် ပွဲတော်နှင့် တိုက်ရိုက်သက်ဆိုင်သူရော၊ မသက်ဆိုင်သူများပါ မဇ္ဈိမတစ်တိုက်လုံး အတိုင်းအတာဖြင့် ကျင်းပသော ပွဲတော်ဖြစ်သည်။

လူ့လောကတွင် တစ်ကြောင်းမဟုတ် တစ်ကြောင်း၊ တစ်နည်းမဟုတ် တစ် နည်း ဆိုသကဲ့သို့ တစ်ဦးနှင့်တစ်ဦး မေတ္တာပျက်ပြယ်မှုများ ရှိနေတတ်ကြသည်။ သူစိမ်းတစ်ရံဆံကို အပထား၍ သွေးရင်းသားရင်းချင်းသော်မှ မေတ္တာလျော့ပါးမှု များ ရှိနေတတ်ကြသည်။ ယင်းသို့ရှိနေမှုများသည် လောက၏အလှကို ပျက်ပြယ် စေသော အကြောင်းရပ်ဖြစ်၏။ ဘဝကို အရုပ်ဆိုးစေသော အကြောင်းရပ်ဖြစ်၏။

ယင်းသို့သော မလှမပဖြစ်ရပ်ကို သူ့ဘက် ကိုယ့်ဘက် မည်သို့သော အကြောင်း ရပ်များ ရှိနေစေ၊ ဤနေ့ ဤရက်တွင်မူ ရှိနေသမျှ အပြစ်ဒေါသများကို ဖြေလျှော့ ကာ 'မေတ္တာ'တည်းဟူသော သတိထူးဖြင့် တစ်ဦးနှင့်တစ်ဦး ကူးလူးဆက်ဆံပေး သော ပွဲတော်ဖြစ်၏။

ဆက်ဆံပေးပုံမှာ နှုတ်အား၊ စေတနာအားဖြင့်မျှသာမဟုတ်၊ အလုပ်ကို ကိုယ် ရော စိတ်ပါ သရုပ်ပေါ်စေရန်အတွက် ပရိတ်ချည်၊ ပရိတ်ကြိုးနှင့်တူသော ပန်းကြိုး ကလေးများကို မေတ္တာ၏အထိမ်းအမှတ်အဖြစ် ပန်းကွင်းကလေးများပြုလုပ်ကာ တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်၍ တစ်ဦးလက်သို့ တစ်ဦးက ချည်နှောင်ပေးရ သည်။ တတ်နိုင်သူများက အလေးအနက်ဖြစ်စေရန် ရွှေကြိုး ငွေကြိုး၊ ရွှေကွင်း ငွေကွင်းများအထိ ပြုလုပ်ဆင်ယင်ပေးကြ၏။ ဤအချိန်တွင် မေတ္တာဖွဲ့ ကဗျာ လင်္ကာများ ရွတ်ဆိုကြသည်။ လူကြီးသူမများက မေတ္တာလမ်းခင်းတရားများ ပြော ကြားကြသည်။ အဘယ်မျှ လှပ၍ အဘယ်မျှသိမ်မွေ့နူးညံ့လှသော ပွဲတော်ပါနည်း။

မည်သည့်နေ့၊ မည်သည့်ရက်ဟု မသတ်မှတ်စေကာမူ တစ်နိုင်ငံလုံး အတိုင်း အတာဖြင့် ကျင်းပကြသည့် အလွန်လှပသော ပွဲတော်တစ်ရပ်လည်း ရှိပေသေး၏။ စာပေပွဲတော်တည်း။

www.burmeseclassic.com

www.burmeseclassic.com



လှပသာယာရုံမျှမဟုတ်၊ အဆင့်အတန်းလည်းမြင့်သည်။ အကြောင်းမူကား စာပေဟူသည် ပညာတတ်သော၊ ပညာကိုမြတ်နိုးသော၊ စာပေကိုချစ်သောသူတို့၏ အရာဖြစ်ပေရာ ပရိသတ်နည်းနည်းနှင့် ကျစ်ကျစ်လျစ်လျစ် ကျင်းပကြသော ပွဲတော်ကလေးများ ဖြစ်သည်။ ရှေးပညာရှိကြီးများ၏ အကြောင်းရပ်များကို ဟောပြောခြင်း၊ စာပေကဗျာ ရွတ်ဖတ် ပူဇော်ခြင်းများကို စာပေမြတ်နိုးသူတို့က ကြားနာသော ပွဲတော်ငယ်များဖြစ်သည်။

သို့ရာတွင် ရုံဖန်ရံခါ၌ ရှေးပညာရှိများ၏ ပြဇာတ် ကဗျာများကို ဟောပြော သီဆိုရုံမျှမကဘဲ လူကိုယ်တိုင်သရုပ်ဆောင်၍ ပြဇာတ်၊ ကဇာတ်အဖြစ် စင်တင် ကျင်းပသောအခါတွင်မူ စည်ကားသောပွဲတော်အဖြစ်သို့ ရောက်လာသည်။ ဤနည်းနှင့် ပညာရှိကြီး ရဝိန္ဒြနတ်တဂိုး၏ခေတ်၊ ယနေ့ခေတ်အထိ လှလှပပကျင်းပသော ပွဲတော်များဖြစ်သည်။

အနုရော အကြမ်းပါ သက်ဆိုင်သော ပွဲတော်တစ်ခုကို ထုတ်ပြရမည်ဆိုလျှင် ဥပမာအားဖြင့် 'နက္ခတ်ပွဲတော်' ခေါ် တန်ဆောင်တိုင်ပွဲတော်ဖြစ်၏။ လူမျိုးမရွေး၊ ဘာသာမရွေး မဇ္ဈိမတစ်တိုက်လုံးအနေအထားဖြင့် ပြုလုပ်သော ပွဲတော်ပင် ဖြစ်သည်။

တန်ဆောင်မုန်းလပြည့်ညဥ့်သည် ကောင်းကင်၌ နက္ခတ်စုံ ထွက်ပေါ်သောညဥ့်ဟု ဆို၏။ ဆေးဘက်ဝင် အဖိုးတန်အပင်များကိုထားဦး၍ သာမန်အပင်မှန်သမျှ တို့၌ပင် ဆေးပေါင်းစုံခ,သောညဥ့်ဟု အဆိုရှိကြသည်။

ကိုယ်တွေ့ မျက်မြင်အနေအားဖြင့်လည်း တန်ဆောင်မုန်းလပြည့်ညဥ့်၊ သို့ မဟုတ် တန်ဆောင်မုန်း၏ လလယ်ညဥ့်များသည် အလွန်သန့်စင်လှပသော ညဥ့်များ ဖြစ်သည်။ လှဟန်ကား မိုးများရေများသော မဇ္ဈိမတိုက်အဖို့ မိုးရာသီတစ်ခုလုံး စိုစွတ်သောဥတု၏အောက်တွင် ကုန်း၍ ရုန်း၍ နေခဲ့ကြရရာမှ တန်ဆောင်မုန်းလ ရောက်သည်နှင့်တစ်ပြိုင်နက် မိုးသားတိမ်လိပ်တို့ ကင်းစင်သွားပြီဖြစ်၏။ ကောင်းကင် တစ်ခုလုံးသည် နတ်ဘုံ နတ်နန်းများကိုပင် မြင်ရလုမျှ ဟင်းလင်းပွင့်သည်။ ဥတုသည် မအေးလွန်း မပူလွန်း ညီညွတ်သည်။ ဤမျှသာမက စိုက်ပျိုးရေးနိုင်ငံတော်ဖြစ်သည့်အလျောက် တစ်မိုးတွင်းလုံး ထွန်ယက်စိုက်ပျိုးထားခဲ့သမျှသော ကောက်ပဲသီးနှံ မျိုးစုံတို့သည် တန်ဆောင်မုန်းလရောက်သည်နှင့် တစ်ပြိုင်နက်

www.burmeseclassic.com

www.burmeseclassic.com



မန္တျိုမတစ်တိုက်လုံးကို ကမ္ဗလာစိမ်းကြီးဖြင့် ဖုံးလွှမ်းထားဘိသကဲ့သို့သော အလှကို ဆောင်သည်။

ဤရာသီတွင် ဤပွဲတော်ကိုကျင်းပသည်။ နက္ခတ်ပွဲတော်ဟု ခေါ်သည်။ ပွဲတော်ပေါင်း မြောက်မြားစွာရှိသည့်အနက် နက္ခတ်ပွဲတော်သည် အမြင့်မြတ်ဆုံးပွဲတော်ဟု ဆိုသည်။ ဆီမီးများညှိထွန်းကြသည်။ အလှူအတန်းပြုလုပ်ကြသည်။ အကောင်းဆုံးသော အဆင်တန်ဆာတို့ကို ဝတ်ဆင်၍ လှည့်လည်ကြသည်။ လူကြီးများက ကျောင်းကန်ဘုရားသို့သွား၍ လူငယ်များက လူငယ်ဘာဝ အတီးအမှုတ်မျိုးစုံ၊ အကအခုန်မျိုးစုံဖြင့် မြူးကြွကြသည်။

ဤညဉ့်တွင်ပင် အဇာတသတ်ဘုရင်သည် ဘုရားရှင်အထံတော်သို့ စတင်ရောက်ရှိသည် မဟုတ်ပါလော။ ဤညဉ့်တွင်ပင် အပျော်ဟူ၍ ထွက်လာကြသော ဥပတိဿနှင့် ကောလိတတို့သည် အပျော်လွန် မြူးကြွမေ့လျော့နေကြသော ပရိသတ်ကြီးကို ကြည့်ရှုကာ သတိတရားရကြရာမှ တောထွက်သည့်အနေဖြင့် ဆရာသိဥ္စည်းတို့ကျောင်းသို့ စတင်ရောက်ရှိခဲ့ကြသည် မဟုတ်ပါလော။

နက္ခတ်ပွဲတော် ညဉ့်တွင် ပြည့်ပြည့်ဝင်းဝင်း ထွန်းလင်းလျက်ရှိသော လမင်းကြီး၏အောက်၌ နေရာအနှံ့ ထွန်းညှိအပ်သော မီးရောင်များနှင့်အတူ လူငယ်လူရွယ်များသည် တစ်ညဉ့်လုံးပင် မအိပ်ကြဟု ဆိုရလောက်အောင်ပင် မြူးကြွလှုပ်ရှားပျော်ပါးကြသည်။ လူကြီးများ မျက်နှာလွှဲသည့် ညဉ့်နက်ပိုင်းသို့ ရောက်လာလေ အပျော်ကြူးကာ အကြမ်းဘက်သို့ ရောက်လာလေဖြစ်၏။

စောစောပိုင်းကပင် သောက်စားလာခဲ့ကြသော အရက်သေစာကြောင့် လူငယ်လူရွယ်များသည် ကြာလေ ပို၍လှုပ်ရှားလာလေဖြစ်၏။ ဤညဉ့်အဖို့ သူတို့အချိန် သူတို့ရာသီဆိုကာ လူကြီးများကလည်း ရာဇဝတ်မှုခင်းလို ကိစ္စမျိုးမှအပ ပျော်ချင်သလောက် ပျော်ကြပါစေဟု မသိကျိုးကျွန်ဖြင့် မျက်နှာလွှဲ၍နေကြသည်။

ပို၍ဆိုးသည်ကား တန်ဆောင်မုန်း လပြည့်ညဉ့်သည် စောရနက္ခတ်နှင့် ယှဉ်သည်ဆိုကာ အိမ်တကာ နေရာတကာမှ တွေ့ကရာပစ္စည်းများကို အပြောင်းအပြန် သဘောဖြင့် ခိုးယူရွှေ့ပြောင်းထားကြခြင်း ဖြစ်၏။ သို့ရာတွင် မက်မောအပ်သော ပစ္စည်းများကို တွေ့လျှင် အပြောင်းအပြန်မျှမဟုတ်ဘဲ အကယ် ခိုးဝှက်ခြင်းများလည်း ရှိလာ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် နက္ခတ်ပွဲသဘင်၊ တောင်ပိုင်နတ်များကို ပူဇော်သည့်အနေဖြင့် တောင်ထိပ်သို့ ရည်မှန်းကာ ဆီမီးညှိထွန်းရင်း တောခြေကွင်းပြင်တွင် ပျော်မြူးကျင်းပသော ပွဲဖြစ်သောကြောင့် တောင်ထိပ်ပွဲသဘင်၊ တန်ဆောင်တိုင်ပွဲသဘင်ဟူ၍ အမည်အမျိုးမျိုးရသော ဤပွဲသဘင်သည် အကောင်းလိုလိုနှင့် အဆိုးဘက်သို့ တစ်နှစ်တခြား ရောက်ရှိလာသည်။

သို့ရာတွင် ဤပွဲတော်ကို အခြေခံကာ မည်သည့် လူမိုက် ပညာရှိက စတင်တီထွင်ခဲ့လေသည် မသိ။ တန်ဆောင်တိုင်ပွဲတော်ထက် အဆများစွာ ဆိုးရွားသော ပွဲတော်တစ်ရပ်သည် လယ်ယာလုပ်ငန်း ပြီးစီး၍ တောင်သူတို့ ငွေရှင်သော နွေဦးရာသီတွင် သာဝတ္ထိ၊ ရာဇဂြိုဟ် စသော မြို့ကြီးများ၌ အစဉ်အလာအားဖြင့် ပေါ်ပေါက်လျက်ရှိခဲ့သည်မှာ အတန်ကြာခဲ့ပေပြီ။

ဤနက္ခတ်ပွဲတော်အကြောင်းကို ဤမျှ ဖော်ပြနေခြင်းမှာ ဤပွဲတော်မှ ဆက်နွယ်လာဟန်တူသော ယခုဖော်ပြမည့် "လူမိုက်ပွဲတော်"အကြောင်းကို ပြောကြားရန် ရှိသောကြောင့်ပါတည်း။

ယင်းပွဲတော်၏ အမည်ကို တောင်ထိပ်ပွဲတော်တို့လို ဝေ့လည်ကြောင်ပတ်အမည်မပေး၊ ခပ်ရှင်းရှင်းပင် အမည်ပေးသည်။ "လူမိုက်ပွဲတော်" "ဗာလနက္ခတ်ပွဲတော်"ဟူသတည်း။

အပြုအမူအားဖြင့်လည်း ဝေ့လည်ကြောင်ပတ်မလုပ်၊ လူမိုက်အလုပ်များကို ခပ်ရှင်းရှင်းပင် လုပ်ကြသည်။ ရိုးရိုးအချိန်နှင့်မတူသော မျက်စိနောက်စရာ အဝတ်အစားမျိုးစုံကို စိတ်ကူးရသမျှ အဆန်းထွင်၍ ဝတ်ကြသည်။ အချို့မှာ ဟိရိဩတ္တပ္ပကင်းမဲ့လှသည်အထိ ဝတ်ဆင်သည်။ အချို့မှာ အဝတ်ဟူ၍ ပါသည်ဆိုရုံကလေးမျှရှိ၍ တစ်ကိုယ်လုံးကို အကြောင်အကျား ဆေးခြယ်သည်။ နေရာမရှောင် လူရှေ့သူရှေ့မရှောင် အရက်မိုးမွှန်အောင် သောက်ကြသည်။ အရက်ဆိုင်များသည် အထိန်းအကွပ် မရှိတော့ဘဲ ဟင်းလင်းပွင့်၏။ နားမချမ်းသာဖွယ်ရာ အသံမျိုးစုံ၊ အော်ဟစ်နောက်ပြောင်မှု မျိုးစုံတို့မှာ မကြားချင်အဆုံးဖြစ်၏။

လမ်းဆုံ လမ်းမတကာတို့တွင် တွေ့သမျှလူများကို ဆီးကာ၍ မကြားဝံ့မနာသာ စကားများဖြင့် နောက်ပြောင်သည်။ အနောက်အပြောင် အဆီးအတား ခံရသူတို့က အနည်းဆုံး အသပြာတစ်မတ် ပေးလိုက်မှ ခွင့်လွှတ်သည်။ ပစ္စည်းရှင် ဂုဏ်ကြီးရှင်များကိုမူ အသပြာ ဆို့ဆို့ပို့ပို့ရမှ ခွင့်လွှတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနည်းဖြင့် ဤပွဲတော်ရက်တွင် သာဝတ္ထိတစ်မြို့လုံးမှာ တသဲသဲ တရုတ်ရုတ် တလှုပ်လှုပ် တည်ညံဖြစ်လျက် ရှိနေပေသည်။

သို့ဆိုလျှင် ဤမျှ ဆိုးရွားသောင်းကျန်းလှသော ပွဲတော်ဆိုသည်ကို တာဝန်ရှိသော ကောသလဘုရင် အစိုးရတို့က ခွင့်ပြုရာသလောဟု စောကြောဖွယ်ရှိ၏။ ခွင့်ပြုရပေသည်။ အကြောင်းမူကား နတ်ကိုးကွယ်မှု ပေါများလှသော ဤနိုင်ငံတွင် နတ်ကောင်းများရှိသကဲ့သို့ နတ်ဆိုးများလည်းရှိပေရာ မည်သည့်နတ်ဆိုးကြီးကို ပူဇော်သောပွဲ၊ ဗာလနတ်မင်း ဗာလနက္ခတ်ပွဲဟု ဘာသာရေးတစ်ရပ်အဖြစ် ယုဉ်ကပ်ထားသောကြောင့် ဖြစ်၏။

ဤလူမိုက်ပွဲတော်၏ ဆိုးရွားလိုက်ပုံ၊ ကဲတက်လိုက်ပုံမှာ အခြားပွဲတော်များလို တစ်ရက်၊ နှစ်ရက်၊ သုံးရက်မျှသာမဟုတ် ခုနစ်ရက် ခုနစ်လီတိုင် ကျင်းပသတည်း။

[ ၂ ]

ဤပွဲတော်ရက်များတွင် သာဝတ္ထိတစ်မြို့လုံး၌ ဆွမ်းခံ ဆွမ်းစား စသောကိစ္စများအဖြစ် တိတ္ထိပရိဗိုဇ် ရသေ့ ရဟန်းများသာ လှည့်လည်၍ ဘုရားရှင်နှင့် တပည့်သား သံဃာတော်မှန်သမျှ ကင်းဆိတ်လျက်ရှိသည်။ အကြောင်းမူကား စိတ်မချမ်းသာစရာ၊ နားမချမ်းသာစရာ ဖြစ်ရပ်တို့မှ ကင်းဝေးစေရန် အနာထပိဏ်၊ ဝိသာခါ စသော ဒါယကာ ဒါယိကာမတို့က ဇေတဝန် စသော တစ်မြို့လုံးရှိ ကျောင်းကြီး ၁၉ ကျောင်းသို့ သွားရောက် ဆွမ်းကပ်လှူကြသောကြောင့် ဖြစ်၏။

ကျောင်းမြတ်အမွန် ဇေတဝန်ဖြင့် သာသနာတော် စတင်ခဲ့သော သာဝတ္ထိတွင် တစ်နေ့တခြား တပည့်သားသံဃာတော်များ တိုးပွားလာသည့်အလျောက် ဇေတဝန်အပြင် အရံကျောင်းကြီးများအဖြစ် ၁၈ ကျောင်းအထိ တည်ရှိ တိုးပွားလာခဲ့သည်။

ဤပွဲတော်ရက်များအတွင်း အမျိုးကောင်းသား၊ အမျိုးကောင်းသမီး မှန်သမျှ အိမ်တွင်းအောင်းကြသည်။ အချို့မှာ သာဝတ္ထိကိုပင် စွန့်ခွာ၍ မျက်စိကွယ်ရာ နားကွယ်ရာ အရပ်တို့သို့ လည်ပတ်ကြသည်။ သို့ရာတွင် ဤလို လူမိုက် လူသရမ်း ပွဲတော်မက မည်သည့်အခြေအနေဆိုးမျိုးပင် ဆိုက်ဆောက်နေပါစေ သာဝတ္ထိမှ မစွန့်ခွာနိုင်၊ အိမ်ပြင်သို့ မထွက်ဘဲလည်း မနေနိုင်သော သာဝတ္ထိသူ သာဝတ္ထိသားတို့ မြောက်မြားစွာ ရှိနေကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်၏ တပည့်သား အရိယာ ဒါယကာ ဒါယိကာမတို့ပါပေတည်း။

ဘုရားရှင့် သာသနာတော် အခြေခံဒေသဖြစ်သော သာဝတ္ထိမှ သာသနာတော် တစ်နေ့တခြား ပြန့်ပွားလာသည့်အလျောက် သာဝတ္ထိလူဦးရေ၏ အများစုသည် သာသနာတော်၏ တပည့်ဒါယကာ အရိယာတို့ ဖြစ်လာ၏။ ပိဋကတ်တော် စာရင်း အရဆိုလျှင် သာဝတ္ထိတစ်မြို့လုံးတွင် လူဦးရေ ခုနစ်ကုဋေရှိသည့်အနက် ငါးကုဋေ မှာ ဘုရားရှင်၏ တပည့်ဒါယကာ အရိယာများ ဖြစ်ကြပေ၏။ ယင်းဒါယကာတို့ အနက် အများစုသည် မည်သည့်အခက်အခဲမျိုး ရှိနေသည်ဖြစ်စေ ဇေတဝန်၊ သို့မဟုတ် မိမိတို့နီးစပ်ရာကျောင်းများရှိ ရဟန်းသံဃာတော်များအထံသို့ တရားနာ ရန်၊ ပူဇော် ဆည်းကပ်ရန် မသွားရ မနေနိုင်သူများ ဖြစ်ကြလေသည်။

ဤပွဲတော်ချိန်တွင် အခြားသူများပင် ဇေတဝန် စသော ကျောင်းများသို့ မသွားရ မနေနိုင်ဟုဆိုသော် ဝိသာခါ၊ အနာထပိဏ်တို့အဖို့မူ အဘယ်ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။ သို့ဖြစ်ရာ ပွဲတော်ပျော် ငမိုက်သားတို့အဖို့ အခြားသူများ အိမ်တွင်းမှ အိမ်ပြင်သို့ မထွက်ကြစေနှင့်ဦးတော့၊ ဘုရားရှင်၏ တပည့်ဒါယကာ ဒါယိကာမ တို့နှင့်ပင် တွေ့သမျှကို အသပြာတောင်း၍မဆုံး၊ ပျော်၍မဆုံး၊ နောက်ပြောင်၍ မဆုံး အခွင့်အရေးကြီး တည်ရှိလျက်ပင် ရှိနေပေသည်။

ထိုအခါ ဝိသာခါ၊ အနာထပိဏ်တို့လို မျက်နှာကြီးများအဖို့ လူမိုက်လူပွေ တို့၏ အန္တရာယ်မှ ကင်းဝေးရန်အတွက် ကျောင်းတော်သို့သွားသော အစီအစဉ်ကို တိုးချဲ့စီစဉ်ရသည်။ စီစဉ်ဟန်ကား အခါတိုင်းဆိုလျှင် ကျောင်းတော်သို့သွား ရာ၌ နောက်လိုက် အခြွေအရံ သုံးလေးယောက်မျှသော်လည်း ရှိချင်ရှိမည်။ အသိုင်း အဝိုင်းကြီးနှင့်လည်း ဖြစ်ချင်ဖြစ်မည်။

ဤပွဲတော်ရက်များတွင်မူ ပင်ရင်းပုဂ္ဂိုလ်အထံသို့ လူရှုပ်လူနောက်များ တိုက် ရိုက် မရောက်စေရန်အတွက် အခြွေအရံ တစ်ပြုံကြီးဖြင့် ဝိုင်းရံခေါ်ဆောင်သွားရ သည်။ သူတို့ပွဲ၏ ထုံးစံဆိုသော အသပြာပေးကမ်းနိုင်ရန်အတွက် ငွေထုပ်ကို အဆင်သင့် ယူဆောင်သွားကြရသည်။ ဣန္ဒြေအရှင်မကြီး ဝိသာခါဆိုသော် သူ့အား ဝိုင်းရံ၍ထားသော အမျိုးသမီး အခြွေအရံ ငါးရာထက်မနည်း ပါရှိသတည်း။

ဤပွဲတော်ရက်ပင် မဟုတ်စေကာမူ သဘာဝအားဖြင့် တည်ရှိနေသော မြို့တော် သာဝတ္ထိ၊ သို့မဟုတ် သာဝတ္ထိနှင့် ဇေတဝန်၊ သို့မဟုတ် ဇေတဝန်နှင့် ဇေတဝန်၏ စည်ကားသော ပရိသတ်တို့အကြားတွင် တည်ရှိနေသော အခြေအနေတစ်ရပ်ကို

www.burmeseclassic.com

www.burmeseclassic.com



တင်ပြရန် ရှိနေပေသေး၏။ ယင်းအခြေအနေဆိုသည်ကား သာဝတ္ထိနှင့် ဇေတဝန်မှ လူကောင်း သူကောင်းတို့ အကြားတွင် ခါးပိုက်နှိုက် လူရှုပ်လူပွေ လူ့ကလေကချေတို့ ရောနှောတည်ရှိနေခြင်းပေတည်း။

လူစည်ကားရာအရပ်မှန်လျှင် ခါးပိုက်နှိုက်၊ အလစ်သမား၊ အကျင့်ပျက်၊ လူရှုပ်လူပွေ၊ လူ့ကလေကချေတို့ ရောနှောတည်ရှိလာခြင်းမှာ လူ့လောက၏ ဓမ္မတာပင် ဖြစ်ပေ၏။

သူတို့သည် ရိုးရိုးအချိန်များ၌ ကျောင်းသွားကျောင်းပြန် ပရိသတ်၊ သို့မဟုတ် ဇေတဝန်၏ တရားနာပရိသတ်များအကြား၌ သိုသိုသိပ်သိပ်နှင့် လူကောင်းသူကောင်းဟန်ဆောင်ကာ ရလျှင်နှိုက်သည်။ လစ်လျှင်လုသည်။ ယခုလို လှူမိုက်ပွဲတော်အချိန်တွင်မူကား သူတို့လုပ်ငန်းမှာ ပုလဲနံ့ပမျှနေသောကြောင့် သူတို့လုပ်ငန်းမှာ ကြွတက်၍ လာသည်။ မျက်နှာကြီးအုပ်စုများတွင် ပါရှိသော အသပြာအိတ်များမှာ သူတို့စားကွက်များ ဖြစ်လာ၏။

အဆိုးထဲမှ အကောင်း ဆိုသကဲ့သို့ တစ်နည်းတော့လည်း ကောင်းသည်ဟု ဆိုနိုင်ပါ၏။ ကောင်းဟန်ကား အခါတိုင်းဆိုလျှင် နံနက်ပိုင်းတွင် ဆွမ်းစသောလှူဖွယ်ဝတ္ထု တစ်ခုခု ကပ်လှူရန်အတွက်သော်လည်းကောင်း၊ ညနေညဦးပိုင်းတွင် တရားနာရန်အတွက်သော်လည်းကောင်း ဇေတဝန်သို့လာကြ၍ ကိစ္စပြီးလျှင် ပြန်သွားလေ့ရှိကြသော်လည်း ယခုရက်အတွင်း၌မူ နံနက်ပိုင်းတွင် ရောက်လာကြပြီးနောက် သူတို့အန္တရာယ်ကြောင့် တစ်နေ့လုံး မပြန်တော့ဘဲ ကျောင်းတွင်ပင် အချိန်ကုန်သည်အထိ နေလိုက်ကြတော့ပေရာ ကုသိုလ်လုပ်ငန်း ပို၍ တိုးပွားလာသောကြောင့် ဖြစ်ပေ၏။

သို့ရာတွင် ကုသိုလ်မတိုးဘဲ ကျောင်းတော်မှာပင် အကုသိုလ် တိုးသူများလည်း ရှိနေပေသေး၏။

[ ၃ ]

"မင်းက ဘာကြောင်တာလဲကွ၊ သစ္စာဖောက်ချင်လို့လား"

နန္ဒ ဘာမှပြန်မဖြေ၊ အခန်းထောင့် တစ်နေရာဆီသို့ ရည်မှန်းချက်မရှိသောမျက်လုံးများဖြင့် တွေတွေကြည့်၍ ရပ်နေသည်။ သူ့ကို လူ လေး,ငါးယောက်မျက်လုံးများက ဝိုင်းရံကြည့်ရှုလျက်ရှိ၏။ အထူးသဖြင့် သူ့ကို မီးတောက်မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



များဖြင့် စူးစူးစိုက်စိုက်ကြည့်ကာ စကားပြောသူမှာ သူတို့ လူမိုက် ခါးပိုက်နှိုက် ဂိုဏ်းခေါင်းဆောင် လူဆိုးဗိုလ်ဖြစ်၏။

ယနေ့ညနေပိုင်းတွင် ထုံးစံအတိုင်း ဂိုဏ်းခေါင်းဆောင်အထံ၌ သူတို့စုဝေးကြသောအခါ ခါးပိုက်နှိုက် ကျင်လည်မှု၌ သူတို့ဂိုဏ်းတွင် အတော်ဆုံး အလျင်ဆုံးဟု နာမည်ရသူ နန္ဒထံမှ ဂိုဏ်းခေါင်းဆောင်အထံသို့ ပေးဆက်ရန် သူများနည်းတူ ထွက်မလာ။ သူများနည်းတူ အပထား၍ အသပြာတစ်ပြားတစ်ချပ်မျှ ထွက်မလာ။ အဘယ့်ကြောင့်ထွက်မလာသည်ကို သူနှင့်တွဲဖက် အခြားခါးပိုက်နှိုက်တစ်ယောက်၏ တိုင်တမ်းချက်ဖြင့် ယခု စွဲချက်တင်ခံနေရ၏။

ဤ လူမိုက်ပွဲတော်ရက်များသည် သူတို့အဖို့ ပွဲတော်ကြီးရက်များပင် ဖြစ်၏။ အကြောင်းမူကား အလျဉ်းမသင့်၍ မနှိုက်နိုင် မဖှက်နိုင်ဦးတော့ လူအများထံမှ ပြောင်ပြောင်တင်းတင်း တောင်းယူနိုင်သည်မဟုတ်ပါလော။ တောင်းရာ၌ အတောင်းခံရသူ ပစ္စည်းရှိလျှင် ရှိသလောက်၊ သို့မဟုတ် တောင်းသူ အဟန့်ကောင်း အဟိန်းကောင်း အနောက်အပြောင် ကောင်းလျှင်ကောင်းသလောက် အသပြာ တိုးတက် ရရှိနိုင်သည်။ သို့ရာတွင် ယနေ့အဖို့ နန္ဒသည် တောင်းဖို့အခွင့်အရေးတွေ များစွာ ကြုံပါလျက် ဘယ်သူ့ထံကမှ တစ်ပြားတစ်ချပ်မှ မတောင်းဟု စွဲချက်တင်ထားသည်။

သည့်ထက်ကြီးမားသောအပြစ်ကား နန္ဒသည် အကွက်ဆင်ထားရာမှ အလွယ်တကူပင် ကောက်ယူရရှိလာနိုင်သော အသပြာထုပ်ကို မယူခဲ့ဟူသော စွပ်စွဲချက်ပင် ဖြစ်ပေ၏။

ဝိသာခါ၏ အခြံအရံအုပ်စုသို့ သူတို့ဂိုဏ်း အသိုင်းအဝိုင်းအုပ်စုမှ ရပ်ရည်ကောင်း၍ မွန်မွန်ရည်ရည် ဟန်လုပ်တတ်သော အမျိုးသမီးအချို့ကို လူဆိုးဗိုလ်၏ နည်းပရိယာယ်ဖြင့် သွတ်သွင်းထားခဲ့သည်။ ရည်မှန်းချက်ကား အသပြာပေါသော ဝိသာခါနှင့် ဝိသာခါ၏ အသိုင်းအဝိုင်းမှ အလွယ်တကူ ကဲ့နိုင် ဖှက်နိုင် ခိုးယူနိုင်ရန် ဖြစ်၏။

လူဆိုးဗိုလ်ကား မင်းသားခေါင်းဆောင်းထားသော ဘီလူးကဲ့သို့ ဦးကျောက်လုံး **(ဗုဒ္ဓစာပန်းချီ 'ဦးကြောင်ဘီလူး'ဝတ္ထုကို ရည်ညွှန်းပါသည်)**တို့လို နှစ်ဖက်ရ မျက်နှာရှင်ဖြစ်သည်။ ဝိသာခါတို့လို အထက်တန်းလွှာ လူကောင်းသူကောင်းများ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆက်ဆံရာတွင် မင်းသားခေါင်း ဆောင်နိုင်သူဖြစ်၍ နန္ဒတို့လို လူဆိုးလူမိုက်များနှင့် ဆက်ဆံရာတွင်မူ ဘီလူးခေါင်းပေါ်လာသူ ဖြစ်သည်။

နန္ဒသည်လည်း အလားတူပင်ဖြစ်သည်။ လူဆိုး ခါးပိုက်နှိုက် ဖြစ်မချည်း အထက်တန်းလွှာအုပ်စုတွင် ဝင်ဆံ့နိုင်သော ရုပ်ရည်နှင့် ရည်ရည်မွန်မွန် ဟန်လုပ်တတ်သူ ဖြစ်သည်။ ဤလောက၌ လူကြီးလူကောင်းဟန်နှင့် ရည်ရည်မွန်မွန် လူဆိုးတွေ များစွာရှိသည် မဟုတ်ပါလော။

ထို့ကြောင့် ယခု လူဆိုးဗိုလ်၏ အုပ်စုတွင် နန္ဒသည် ဇေတဝန်၏ အထက်တန်းလွှာ၌ ဟန်ဆောင်ဝင်ဆံ့၍ ပစ္စည်းများနှင့် အထက်တန်းလွှာမှ ခိုးရန် ဝှက်ရန် သတင်းများကို ရရှိ ပို့ဆောင်နိုင်သူဖြစ်၏။ ယခုစွပ်စွဲထားသော ကိစ္စတွင် အစီအစဉ်အတိုင်း အလွယ်တကူ ရရှိနိုင်ပါလျက် နန္ဒ လက်ရှောင်လိုက်ပုံကြောင့် လူဆိုးဗိုလ်ဒေါသထွက်၏။ အသိုင်းအဝိုင်းများ အံ့သြနေကြရ၏။

ဖြစ်ပုံကား လူဆိုးဂိုဏ်း၏ ပုဆိန်ရိုးအဖြစ် သပ်လျှိုထားသော ဝိသာခါ အသိုင်းအဝိုင်းမှ အမျိုးသမီးများသည် သူတို့တာဝန် ကျေပွန်၏။ အကြောင်းကား ဝိသာခါ၏ အသပြာထုပ်ကိုင်သော အတွင်းလူ အမျိုးသမီးများကို ဇေတဝန်ကျောင်းတော်အတွင်း၌ပင်လျှင် အရက်သောက်ကြစေသည်အထိ စည်းရုံးနိုင်သည်။

ကျောင်းတော်တွင် တစ်နေ့လုံးနေကြရသော အမျိုးသမီးများသည် လူကြီးများ အလစ်တွင် ကျောင်းတော်၏ ချောင်ကြိုချောင်ကြား နေရာများသို့ လှည့်လည် အပျင်းဖြေကြသည်။ ဝိုင်းဖွဲ့ တွတ်ထိုးကြသည်။ ဤတွင် အကြံဖြင့် ကဲ့ဝှက်ယူလာသော အရက်ဖြင့် ဝိသာခါ၏ အမျိုးသမီးများကို သောက်စေသည်အထိ စည်းရုံးနိုင်သည်။ အရက်ကြောင့် အသပြာထုပ်ကို မေ့လျော့သည်။ အစီအစဉ်အတိုင်း သူတို့အနီးသို့ရောက်လာသော နန္ဒအား အလွယ်တကူယူသွားနိုင်အောင် စီစဉ်ပေးသည်။ သို့ရာတွင် နန္ဒက အဘယ့်ကြောင့်မသိ။ မယူ။ လက်ရှောင် ထွက်သွားသည်။ ဤအပြစ်ပင် ဖြစ်၏။

"ဟေ့လူ…ငါမေးနေတယ်လေ၊ မကြားဘူးလား၊ နားပင်းနေသလား၊ မင်းက ခွာရာချင်း တိုင်းချင်လို့လား၊ သစ္စာဖောက်ချင်လို့လား"

ဒုတိယအကြိမ် မေးခွန်းနှင့်အတူ လူဆိုးဗိုလ်၏ ခါးမှ ချပ်ထားသော ဓားမြှောင်သည် ဆွဲထုတ်လိုက်သည်ကိုပင် မမြင်လိုက်ကြရဘဲ ဝင်းခနဲ၊ ဒေါက်ခနဲ သူ့ရှေ့ရှိ စားပွဲခုံပေါ်သို့ စိုက်လျက်သား ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



အခြားသူသာဆိုလျှင် ဤမျှထင်ရှားသော အပြစ်ကြောင့် ကျောပေါ်သို့ ကြိမ်တရှမ်းရှမ်းသော်လည်းကောင်း၊ မေးရိုးသို့ လက်သီးတခွပ်ခွပ်သော်လည်းကောင်း ကျရောက်လာပြီဖြစ်၏။ အသုံးဝင်၍ အထက်တန်းကျသော တပည့်ကြီးဖြစ်၍သာ ဤမျှ သည်းခံ စစ်ဆေးနေခြင်း ဖြစ်ပေသည်။

နန္ဒမူကား မတုန်လှုပ်။ တစ်နေရာသို့ တည်ငြိမ်သော မျက်လုံးများဖြင့် တွေတွေကြည့်လျက်နှင့်ပင် "ဆရာ့ကို ခွာရာချင်းတိုင်းချင်လို့လည်း မဟုတ်ပါဘူး၊ ဆရာတို့ကို သစ္စာဖောက်ချင်လို့လည်း မဟုတ်ပါဘူး။ ကျွန်တော် ဒီအလုပ်မျိုး လုပ်ချင်တဲ့စိတ် မရှိတော့လို့ပါ"ဟု ပြန်ပြောလိုက်သည်။

"ဟော…မင်းက ဘာအားကိုးရှိလို့လဲ၊ ကေန္တ အပေါက်ကောင်း ရပေါက်ရလမ်း တစ်ခုခုတွေ့နေပြီထင်တယ်၊ ယီးတီးယားတားတော့ မလုပ်နဲ့နော် နန္ဒ၊ ငါ့အကြောင်း မင်းထက်ပိုသိတဲ့လူ မရှိဘူး"

"ဘာအပေါက်ကောင်းမှ မတွေ့ပါဘူး ဆရာ၊ ဒီအလုပ်မျိုးလုပ်ချင်တဲ့စိတ် မရှိတော့တဲ့အကြောင်း ရိုးရိုးသားသား ပြောတာပါ"

"ဟော့…ဒီအကောင် ဒီနေ့ တစ်မျိုးဖြစ်နေတယ်ကွ၊ ကောင်းပြီ၊ ဒီတစ်ကြိမ် သည်းခံလိုက်မယ်၊ မင်းကို ငါကိုယ်တိုင် စောင့်ကြည့်နေမယ်၊ ယီးတီးယားတား လုပ်ရင်တော့ ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ကြမှာပေါ့ကွာ၊ သူ့ဝေစု ထုံးစံအတိုင်း ထုတ်ပေးလိုက်ကြ၊ ဟော့…သွားတော့"

## [ ၄ ]

"ကျွန်တော် ဒီအလုပ်မျိုး လုပ်ချင်စိတ် မရှိတော့လို့ပါ"

မှန်လှပေ၏။ နန္ဒကား 'ယောက်မ'မဟုတ်၊ 'လျှာ'ပေတည်း။

ယောက်မဟူသည် ဟင်းကို အထပ်ထပ် မွေခပ် ထိတွေ့ရပါလျက် ဟင်း၏ အရသာကို မသိ။ လျှာကား တစ်ကြိမ်ထိနှင့် တစ်ကြိမ်သိသည်။ နန္ဒ၏ ဟင်းချက်စားဖို့ရုံကား ဇေတဝန်ဖြစ်၏။ ဟင်းကား ဇေတဝန်တွင် ဘုရားရှင်နှင့် သံဃာတော်များ ဟောကြားအပ်သော တရားတော်များဖြစ်၏။ နန္ဒ၏ စိတ်ဓာတ်ကား တရား၏ အရသာကိုသိသော လျှာပင် ဖြစ်ပေသည်။

ဘဝအကျိုးပေး အကြောင်းမသင့် အခွင့်မသာ၍ ခါးပိုက်နှိုက် လူဆိုးလူမိုက် ဘဝသို့ ရောက်နေရသော်လည်း ဇေတဝန်ပရိသတ်တွင် ခါးပိုက်နှိုက်ရန် ဟန်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



တရားနာရင်းဖြင့် လူကောင်းစိတ်ဓာတ် 'လျှာ'ရှိသူဖြစ်သည့်အတိုင်း တစ်နေ့တခြား တရားဘက်သို့ရောက်လာသည်။ သို့ရာတွင် ကံပစ်ချရာ အခြေခံဘဝဟူသည် ရုန်းထွက်ဖို့ရန် ခက်သည့် သဘာဝအတိုင်း ရုန်းရင်းကန်ရင်းဖြင့် အချိန်တွေ ကုန်ခဲ့ရသည်။

ယနေ့ တကယ့်သူတော်ကောင်း တရားရှင်၊ စေတနာရှင် ဝိသာခါ၏ အသပြာကို ယူရမည်နှင့် ကြုံလာသောအခါ မလျော်ပါတကားဟူသည့် ပို၍ထိတ်လန့်လာသောစိတ်ဖြင့် မကောင်းမှုမှန်သမျှမှ ရှောင်ကွင်းရန် သန္နိဋ္ဌာန်ချလိုက်သောစိတ်ဖြင့် တိမ်းရှောင်လာနိုင်သည်။

သို့ရာတွင် သူ့ဘဝမှာ နောက်ကြောင်းမအေးသော လူဆိုးလူမိုက်တို့၏အကြားတွင် တည်ရှိပေရာ လူမိုက်လူသရမ်းတို့ တက်တက်ကြွကြွဖြစ်လျက်ရှိသော လူမိုက်ပွဲတော်ရက်အတွင်း၌ လူမိုက်ခေါင်းဆောင်ထံတွင် မိမိသည် မကောင်းမှုဒုစရိုက်ကို လုပ်လိုစိတ်မရှိတော့ပါဟု ပြောဆိုခဲ့ပြီးသည့်နောက် အိမ်တွင်းမှ အိမ်ပြင်သို့ပင် မထွက်တော့ဘဲ အကယ်ပင် အေးဆေးတည်ငြိမ်စွာ နေပြခဲ့ရသည်။

လူမိုက်ပွဲတော် ပြီးဆုံးသည်၏ နောက်တစ်နေ့ညနေ၌ မိမိ၏ တရားဦးတည်ရာ ဇေတဝန်သို့ သွားသောအခါတွင်မူ ဇေတဝန်သည် ခုနစ်ရက်ပတ်လုံး အပြင်သို့ မထွက်ဘဲ အောင့်အည်းထားခဲ့သမျှတို့ကို အတိုးချ သွားရောက်ကြသောကြောင့် အခါတိုင်းထက် ပို၍ စည်ကားနေသည်ကို တွေ့ရသည်။

နန္ဒသည် ယခင်အကြိမ်များကဆိုလျှင် ခိုး၍ဝှက်၍ ရနိုင်မည့် ပရိသတ်များအတွင်းသို့သာ အလျှဉ်းသင့်သလို ဝင်ရောက်ခဲ့သော်လည်း ယနေ့အဖို့မူ ပြုခဲ့မိလေသမျှသော မိမိ၏ မကောင်းမှုများကို ဘုရားရှင်အထံ၌ ဝန်ချ လျှောက်ထားကာ ဆေးလျှော်ပစ်လိုသော စိတ်ကူးဖြင့် ဘုရားရှင်နှင့်နီးကပ်သော ရှေ့ဆုံးတန်း ပရိသတ်သို့ ချဉ်းကပ် နေရာယူခဲ့သည်။

တရားပွဲပြီးဆုံးသောအခါ ဒါယကာအများကပင် တပည့်တော်တို့သည် ဤလူမိုက် လူသရမ်းပွဲတော်ကြောင့် ခုနစ်ရက်ပတ်လုံး စိတ်မချမ်းမသာ ဖြစ်ခဲ့ကြရပါသည်။ ကျောင်းတော်သို့ စိတ်ရောက်ပါလျက် လူမရောက်နိုင်ခဲ့ကြပါ။ ယခုမှပင် စိတ်ချမ်းသာကြရပါတော့သည်ဘုရားဟု လျှောက်ထားသောအခါ ဘုရားရှင်က လောဘဒေါသ ထူပြောလှသော ဤလောက၌ လူမိုက်တို့သာ မနိုင်းဆလောက်အောင် ပေါများလှသည်။ ငါဘုရားသည်ပင် ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



တော်မူစက မိမိသိအပ် ရရှိအပ်သော တရားနှင့် မိုက်မဲလှစွာသော ဤသတ္တဝါတို့မှာ မတန်မရာလေယောင်တကားဟု ဆုတ်နစ်မိခဲ့ဖူးသည်။ သဟမ္ပတိဗြဟ္မာက ကျိုးကြောင်းပြ၍ တောင်းပန်မှ တရားဟောခြင်းဖြင့် လောကကျိုး သာသနာကျိုးကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ မိမိတို့သည်လည်း လူမိုက်စာရင်းတွင် မပါဝင်ရလေအောင် မမေ့သော သတိသမ္ပဇဉ်ဖြင့်ယှဉ်၍ နေကြကုန်လော့၊ တရားနှလုံး ကျင့်သုံးကြကုန်လော့ဟု ဟောတော်မူသဖြင့် ဆက်လက်နာကြားကြရသည်။

ထို့နောက် ပရိသတ်များ ပြန်ကြသည်။ နန္ဒနှင့် သူ့မိသားစုမှုကား လျှောက်ထားရန်ရှိနေသောကြောင့် တရားနာပုံစံမပျက် ကျန်ရစ်ခဲ့ကြသည်။ ကျွတ်ထိုက်သော သတ္တဝါတို့၏ အလားအလာကို သိတော်မူသော ဘုရားရှင်ကလည်း တရားပလ္လင်မှ ကြွတော်မမူသေးဘဲ အလိုက်သင့်ပင် သီတင်းသုံးတော်မူလျက် ရှိနေပေသည်။ နန္ဒ လျှောက်သည်။

"အရှင်မြတ်ဘုရား...တပည့်တော်သည် မကောင်းမှုအမှောင်တွင်းမှ အလင်းသို့ ရောက်လာသူပါဘုရား။ တပည့်တော်အား ဆုံးမစကား တရားဟောတော်မူရန် တောင်းပန်ပါသည်ဘုရား။

အရှင်မြတ်ဘုရား...တပည့်တော်သည် အရှင်မြတ်၏ တရားပွဲသို့ ရေးအခါက ကြိမ်ဖန်များစွာ ရောက်ခဲ့ပါသည်။ သို့ရာတွင် တရားနာရန် စိတ်ကောင်းစေတနာဖြင့် ရောက်လာခြင်းမဟုတ်ဘဲ တရားနာပရိသတ်ထံမှ အသပြာပစ္စည်းများကို အခွင့်သင့်သလို နှိုက်ယူဝှက်ယူရန် စေတနာဆိုးဖြင့် လာရောက်ခဲ့သူ ဖြစ်ပါသည်။ တပည့်တော်သည် လူမိုက် ခါးပိုက်နှိုက်သမားတစ်ယောက် ဖြစ်ခဲ့ပါသည်ဘုရား။

သို့ရာတွင် အရှင်မြတ်၏ တရားတော်များကို မကြားချင် နားဆင်လျက်သားဆိုသကဲ့သို့ ကြားနာရရင်းဖြင့် နောင်တရကာ ယနေ့အချိန်တွင်ဖြင့် လူဆိုးလူမိုက် ခါးပိုက်နှိုက်ဘဝကို လုံးဝစွန့်ပစ်လိုက်ပါပြီ။ သို့ပါ၍ တပည့်တော် ငမိုက်သားအား သည့်ထက် တရားရအောင် ဆုံးမ ဟောကြား ကရုဏာထားတော်မူပါ အရှင်မြတ်ဘုရား"

"ဒါယကာ နန္ဒ၊ ကြားနာလော့...အကြင်သူတစ်ယောက်သည် လူဆိုး လူမိုက်ပင် ဖြစ်စေဦးတော့ မိမိဆိုးသည် မိုက်သည်၏အဖြစ်ကို ငါ လူမိုက်တကားဟု သိ၏။ ထိုလူမိုက်သည် လူလိမ္မာ ပညာရှိဖြစ်ပေသေး၏။ အကြောင်းမူကား ငါ လူမိုက်တကားဟူသော သတိသံဝေဂစိတ်သည် လူကောင်း လူလိမ္မာအဖြစ်သို့ ပို့

www.burmeseclassic.com

www.burmeseclassic.com



ဆောင်နိုင်သောကြောင့် ဖြစ်သည်။

အကြင်သူတစ်ယောက်သည်ကား လူလိမ္မာပညာရှင်ဟု အမည်ခံပါလျက် မိမိပညာဖြင့် မောက်ကြွား မာန်တက်ကာ သတိသံဝေဂ မရ။ ထိုသူကား တရားနှင့် ဝေးလေတော့သောကြောင့် လူမိုက်ဖြစ်ရတော့သည်။

ဒါယကာနန္ဒ...မိမိ မိုက်သည်၏အပြစ်ကိုသိ၍ တရားရှင်အဖြစ်သို့ ကူးပြောင်းလာသည်မှာ ကောင်းလေစွ၊ ခါးပိုက်နှိုက်တည်းဟူသော မကောင်းမှုသည် ပြုပြင်၍ မရသော မကောင်းမှုမဟုတ်ပါ။ မကောင်းမှုမှ ရှောင်ကြဉ်မည်ဟူသော သတိဖြင့် တရားရှင်အဖြစ်သို့ ကူးပြောင်းလာလျှင် ကိစ္စပြီးတော့သည်။ ယနေ့မှစ၍ မပြတ်သော သတိဖြင့် ကုသိုလ်တရားကို ပွားများကျင့်သုံးလေလော့"

ထားအပ်ပြီးသော သတိသံဝေဂအရှိန်တွင် နိမ်နင်းအပ်သော တရားကား ချက်ပိုင်လှပေ၏။ အကြောင်းမူကား ခါးပိုက်နှိုက်နန္ဒသည် တရားပြီးဆုံးသည်၏ တစ်ခဏအတွင်း၌ပင် သောတာပတ္တိဖိုလ် တရားရှင်အဆင့်သို့ ဆိုက်ရောက်သွားသည်။ သူသာမဟုတ် အတူပါ အိမ်သားအားလုံးပင် သောတာပန်အဖြစ်သို့ ဆိုက်ရောက်သွားကြသည်။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# မြွေမ

[ ၁ ]

ကျွန်ုပ်၏အမည်ကို လူတိုင်းမသိကြသော်လည်း မိန်းမအာရုံကြောင့် ရျာန်လျှောကျရသော ရသေ့အဖြစ်ဖြင့်မူကား ကျွန်ုပ်အား လူတိုင်းလိုလို သိရှိကြပါသည်။ ကျွန်ုပ်၏အမည်ကား ဟာရိတစ ပေတည်း။

မိန်းမများတွင် အဆိပ်ရှိသည့်အကြောင်းကို ကျွန်ုပ်သည် ယခင်က မသိရှိခဲ့ရပေ။ အကယ်၍သာ ကြိုတင်သိခဲ့ရပါမူ ဤကိစ္စမျိုး ဖြစ်ပေါ်လာဖို့ အကြောင်းမရှိဟု ကျွန်ုပ် ရဲဝံ့စွာဆိုနိုင်ပါ၏။ အမှုလွန်ပြီးသည့်အခါမှ မိန်းမများတွင်လည်း အဆိပ်ရှိသည့်အကြောင်းကို ကျမ်းဂန်တစ်ခုတွင် အံ့သြစွာ တွေ့ရှိရသည်။

ကျွန်ုပ်တို့ မဇ္ဈိမတိုက်သည် တောတောင်ဂူလိုဏ်တို့ ထူထပ်၍ ပူသောရာသီဥတုနှင့် ရောစပ်လျက်ရှိသောကြောင့် မြွေတို့ပေါများသည်။ မြွေပေါများသောကြောင့် မဇ္ဈိမတိုက်သားတို့သည် မြွေနှင့်နီးစပ်သည်။ မြွေနှင့်နီးစပ်သောကြောင့် မြွေနှင့်စပ်သော ဝတ္ထု၊ ပုံပြင်၊ ဥပမာ၊ သာဓကတို့ ပေါများသည်။ ကျမ်းဂန်များတွင် မြွေနှင့်စပ်၍ ခိုင်ခိုင်ခံ့ခံ့ ဟောကြားကြသည်လည်း ရှိ၏။ မြွေနှင့်စပ်သော ဒဏ္ဍာရီ၊ ပုံပြင်တို့ကား အသချေ် အနန္တဟုပင် ဆိုနိုင်သည်။ ကျမ်းဂန်တစ်ခုတွင် တန်ခိုးကြီး၍ အဆိပ်ပြင်းထန်သော မြွေနဂါးလေးမျိုး၏အကြောင်း၊ ယင်းမြွေလေးမျိုးကဲ့သို့ပင် မိန်းမများသည်လည်း တန်ခိုးကြီး၍ အဆိပ်ပြင်းထန်သည့် အကြောင်းကို အောက်ပါအတိုင်း နောင်ခါမှ တွေ့ရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၁) မြင်ဆိပ်မြွေ (ဒိဋ္ဌဝိသ)

ထိုမြွေနဂါး၏ စူးစူးစိုက်စိုက် အကြည့်ခံရသူသည် အကြည့်ခံရရုံမျှဖြင့် အဆိပ်တက်စေနိုင်သည်။ ထို့အတူ အကြင်မိန်းမ၏ အကြည့်ခံရသူသည်လည်း မြွေဆိပ်တက်သကဲ့သို့ စိတ်ထဲမှာရော၊ ရင်ထဲမှာပါ တစ်မျိုးတစ်ဖုံ အဆိပ်တက် တုန်လှုပ်ရသည်။

## (၂) အငွေ့မြွေ (ဝါတဝိသ)

ထိုမြွေ၏နှာခေါင်းဖြင့် အမှုတ်ခံရလျှင် တစ်ကိုယ်လုံး ဖွဲပြာကဲ့သို့ ဖြစ်သွားစေနိုင်သည်။ ထို့အတူ အကြင်မိန်းမ၏ နှာခေါင်းလေမှုတ် အငွေ့အသက်ခံရသူမှာလည်း တစ်ကိုယ်လုံး အဆိပ်တွေပြန့်သလို မနေတတ်မထိုင်တတ် ဖြစ်နိုင်သည်။

## (၃) ထိဆိပ်မြွေ (ဖုဋ္ဌဝိသ)

ထိုမြွေ၏ အထိခံရသူမှာ ထိရုံမျှဖြင့် တစ်ကိုယ်လုံးသို့ အဆိပ်များ လျှမ်းတက်စေနိုင်သည်။ ထို့အတူ အကြင်မိန်းမ၏ အထိခံရသူမှာလည်း တစ်ကိုယ်လုံးသို့ အဆိပ်ပြန့်သလို ရှိန်းဖိန်း တုန်လှုပ်သွားနိုင်သည်။

## (၄) ကိုက်ဆိပ်မြွေ (ဒဋ္ဌဝိသ)

ထိုမြွေ၏ အကိုက်ခံရသူမှာ ထိုနေရာ၌ပင် လဲ၍ သေနိုင်သည်။ ထို့အတူ အကြင်မိန်းမ၏ ကာမဂုဏ် မေထုန် အကိုက်ခံရသူမှာလည်း တစ်ကိုယ်လုံး အဆိပ်တက်ကာ မူးမေ့၍သွားနိုင်သည်။

မြင်–ငွေ့–ထိ–ကိုက်ဟူသော ဤမြွေလေးမျိုးမှာ တစ်မျိုးထက်တစ်မျိုး တန်ခိုးကြီးပုံရ၏။ သို့ရာတွင် မြင်ဆိပ်မြွေမျှသည်ပင်လျှင် တန်ခိုးကြီးမားလှပါပေ၏။ အကြောင်းမူကား ကျွန်ုပ်သည် ကိုက်ဆိပ်မြွေ၏ အကိုက်ခံရသည်အထိကို ဝေးစွ၊ ထိဆိပ်မြွေကဲ့သို့ အထိခံရခြင်းလည်း မဟုတ်။ အငွေ့မြွေကဲ့သို့ နှာခေါင်းလေချက် အငွေ့အသက် ခံရခြင်းမျှသို့လည်း မရောက်။ မြင်ဆိပ်မြွေပမာ အမြင်အာရုံမျှသာဖြင့်ပင် ရှာန်လှျောကျခဲ့ရသောကြောင့် ဖြစ်သည်။ ကြောက်ဖွယ်ကောင်းလှပါ၏။

ကျွန်ုပ်၏ ဖြစ်ပုံဇာတ်လမ်းကို ဖော်ပြရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

ကျွန်ုပ်သည် ငယ်စဉ်ကပင် မိဘများ၏ ကုဋေရှစ်ဆယ်မျှကို အမွေဆက်ခံရအံ့သော အမျိုးကောင်းသား သူဌေးကလေးတစ်ယောက် ဖြစ်သော်လည်း ငယ်စဉ်ကပင် တရားသံဝေဂစိတ်ဖြင့် ဟိမဝန္တာတောင်ခြေရှိ တရားရှင် ဈာန်ရှင် ရသေ့တို့အထံတွင် တရားကျင့်သုံးခဲ့သူဖြစ်သည်။

ဤမျှသော ခနစည်းစိမ်ကို စွန့်လွှတ်နိုင်ခဲ့ခြင်းမှာ တရားသံဝေဂစိတ်ကြောင့်ဟု ဆိုနိုင်သော်လည်း ငယ်စဉ်တွင် နီးကပ်ရာသို့ လိုက်ပါတတ်သော လူငယ်စိတ်ကြောင့်လည်း ဖြစ်၏။ အကြောင်းမူကား ကျွန်ုပ်၏ မိဘများနှင့် ကျွန်ုပ်၏ ပတ်ဝန်းကျင်သည် တရားရှင် ဈာန်ရှင် ရသေ့တို့နှင့် နီးစပ်၍ တရားဓမ္မတွင် မွေ့ထုံသူများ ဖြစ်ကြသည်။

လူငယ်ဟူသည် နီးစပ်ရာသို့ လိုက်ပါမြဲဖြစ်၏။ မကောင်းသောဝန်းကျင်ရှိလျှင် မကောင်းရာဘက်သို့ရောက်၍ ကောင်းသောပတ်ဝန်းကျင်ရှိလျှင် အကောင်းဘက်သို့ လိုက်ပါမြဲဖြစ်သည်။

ချဉ်ဆား အလို့ငှာ ရံဖန် ကျွန်ုပ်တို့အိမ် မိဘများထံသို့ ရောက်လာတတ်သော ရသေ့ကြီးများ၏ ကျင့်ကြံသိက္ခာကိုလည်းကောင်း၊ ရသေ့ကြီးများ၏ တရားဓမ္မကိုလည်းကောင်း၊ ထို့ထက်ကား ရံဖန်တွင် ကောင်းကင်ခရီးဖြင့် ကြွသွားတတ်သော ရသေ့ကြီးများ၏ ဈာန်စည်းစိမ်ကိုလည်းကောင်း အလွန်သဘောကျသည်။ အလွန်လိုချင်သည်။ အလွန်ဖြစ်ချင်သည်။

ထို့ကြောင့် မိဘများ တားမြစ်သည့်အကြားမှပင် ရသေ့များ သီတင်းသုံးရာ ဟိမဝန္တာ တောင်ခြေသို့ လိုက်ပါသွားကာ တရားအားထုတ်၏။ ဝတ်ကြီး,ဝတ်ငယ်ပြု၏။ အတူနေ၏။

အတူနေ၏ဟု ပြောရခြင်းမှာ ရသေ့များအထံတွင်နေပြီဆိုလျှင် ရံဖန်သွား, ရံဖန်ပြန်, ဖားတစ်ပိုင်း ငါးတစ်ပိုင်း ဆိုသကဲ့သို့လည်းကောင်း၊ လုံနမတန်းလန်းနှင့် ဒုလ္လဘရဟန်းဆိုသကဲ့သို့ လည်းကောင်း ထွက်ချည် ဝင်ချည်ပြု၍ မဖြစ်နိုင်ပေ။ တရားကျင့်သုံးရန် ယတိပြတ် အာမဝန္တံ ခံလိုက်သည်နှင့် တစ်ပြိုင်နက် မပျက်မယွင်း စွဲစွဲမြဲမြဲနေရသည်။ အကြောင်းမူကား သမာဓိကို ထူထောင်သော တရားအလုပ်ဟူသည် စွဲစွဲမြဲမြဲ သဲသဲခဲခဲကြီးလုပ်နိုင်မှ ရနိုင်သောအလုပ် ဖြစ်သောကြောင့်ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကလည်း ရသေ့တို့အထံ ရောက်သည်နှင့် တစ်ပြိုင်နက် မပျက်မကွက် ရက်ရက်ရဲရဲ အားထုတ်ဖြည့်ကျင့်ပါသည်။ အကြောင်းမူကား ကျွန်ုပ်လိုချင်သော ဈာန်တရားဟူသည်မှာ ကျွန်ုပ်၏ လက်တစ်ကမ်းအတွင်း ကျွန်ုပ်၏မျက်မြင်တွင် ထင်ရှားတွေ့နေရသောကြောင့်ပေတည်း။

ကျင့်သည့်အတိုင်းလည်း မကြာမီပင် စိတ်တည်ငြိမ်မှုအဆင့်သို့ ရောက်၏။ စိတ်ချမ်းသာမှု၊ စိတ်အေးငြိမ်းမှုဟုလည်း ဆိုနိုင်ပါသည်။ အကြောင်းမူကား မိမိ လေ့ထုံ့အပ်သော သမာဓိတရားကို စူးစူးစိုက်စိုက် ရှုမှတ်လိုက်သည်နှင့် တစ်ပြိုင်နက် မိမိခန္ဓာကိုယ်၏ ဒွါရခြောက်ပါး၊ တံခါးခြောက်ပေါက်သို့ ဆိုက်ရောက်လာသမျှသော မရေမရာ ထွေတလာ အာရုံမှန်သမျှတို့ ချုပ်ငြိမ်းကာ မိမိလေ့လာထားအပ်ပြီးသော သမာဓိအာရုံတစ်ခုတွင်သာ စူးစိုက်ထင်မြင်လျက် ရှိသောကြောင့်ပေတည်း။

ထို့ကြောင့် ဆရာရသေ့တို့၏ အကျင့်ဟူသည် သမာဓိလမ်းစဉ်ဖြစ်၍ သမာဓိဟူသည် ခန္ဓာကိုယ် ဒွါရခြောက်ပါး၊ တံခါးခြောက်ပေါက်တို့မှ အချိန်တရစပ် ဖြန့်ဖြာထွက်၍နေသော အာရုံမျိုးစုံကို ချုပ်တည်း၍ ဆရာရသေ့တို့ပေးအပ်သော တစ်ခုတည်းသော အာရုံ၌ စိုက်၍ထားအပ်သော နည်းဖြစ်ကြောင်း သိရှိလာရ၏။

အကြင်မျှလောက် လေ့ထုံ့နိုင်၏။ ထိုမျှလောက် စူးစိုက်၍ထားနိုင်၏။ အကြင်မျှလောက် စူးစိုက်၍ထားနိုင်၏။ ထိုမျှလောက် သမာဓိအသားတက်၏။ အကြင်မျှလောက် သမာဓိအသားတက်၏။ ထိုမျှလောက် ရှေ့သို့ရောက်၏။ ယင်းသို့ဖြင့် ကျွန်ုပ်ထံသို့ နောက်ဆုံးဆိုက်ရောက်လာသော အကျိုးသည်ကား ကောင်းကင်ပျံ ဈာန်တရားပေတည်း။

ကျွန်ုပ်အလိုရှိအပ်သော အဆင့်သို့ရောက်ပေပြီ။ ဤအဆင့်တွင် ကျွန်ုပ်သိရှိလာရသည်ကား ကျွန်ုပ်ရရှိအပ်သော တရားသုခကို လောကတွင် လူသတ္တဝါတို့၏ ကောင်းသည်ထင်သမျှ၊ နှစ်သက်မြတ်နိုးအပ်သော စည်းစိမ်ချမ်းသာ မှန်သမျှနှင့် မလဲနိုင်တော့ခြင်းပေတည်း။ သို့ရာတွင် အတွေးမျှသာဖြစ်၍ လက်တွေ့တွင်မူကား မြွေဆိပ်နှင့်ပင် လဲတော့မယောင် ဖြစ်ခဲ့ရသည်။

ဆရာရသေ့တို့က စိုးရိမ်စိတ်ဖြင့် ဆုံးမသည်မှာ ကျွန်ုပ်သည် သမာဓိရှင် တရားရှင်ဖြစ်လာမချည်း၊ ပျိုပျိုရွယ်ရွယ် လူငယ်တစ်ယောက် အသွင်မျှသာ ရှိသေးပေရာ မလျော်သော ပတ်ဝန်းကျင်ဒဏ်ကိုခံရလျှင် ဖောက်ပြန်နိုင်သောကြောင့် လူသူ

www.burmeseclassic.com

www.burmeseclassic.com



ဆိတ်သော တောတောင်တွင်သာ စွဲစွဲမြဲမြဲနေ၍ မြို့ရွာတို့နှင့် တတ်နိုင်သမျှ ကွင်းရှောင်ရန်ပင် ဖြစ်ပေသည်။

အကြောင်းမူကား တရားရှင် ရသေ့ ရဟန်းဟူသည် မိမိတို့ တရားနှင့်ပျော်သော တောပျော် တောင်ပျော်များပင် ဖြစ်သော်လည်း သဗ္ဗေသတ္တာ အာရဋ္ဌိတိကာ- သတ္တဝါမှန်သမျှသည် အာဟာရတွင် တည်သည်ဟူသော စကားအရ ရံဖန်ရံခါတွင်မူ ချဉ်ဆားအလို့ငှာ ချဉ်ဆားရှိရာ အရပ်ဖြစ်သော လူတို့နေရာ မြို့ရွာများသို့ ချဉ်းကပ်ရမြဲဖြစ်ပေရာ မလွှဲသာ၍ သွားရသည့်အခါတိုင်း အထူးသတိဖြင့် သွားကြရမြဲဖြစ်သည်။ ယင်းသို့သွားရောက်ရန်ကိစ္စ၌ တတ်နိုင်သမျှ သွားရောက်ကြိမ်နည်းရန်နှင့် မလွှဲသာ၍ သွားရလျှင်လည်း အထူးသတိဖြင့် သွားရောက်ရန် ဆုံးမတော်မူကြခြင်း ဖြစ်ပေသည်။

မြို့ရွာတို့သို့ ဈာန်ရှင် ရသေ့များ ချဉ်းကပ်ကြဟန်ကား ဟိမဝန္တာနှင့် ဝေးကွာလှသော မိမိသွားရောက်လိုရာ မြို့ရွာအနီးရှိ တောအုပ်တစ်ခုသို့ ဈာန်ဖြင့် ဆင်းကြသည်။ ထိုမှတစ်ဆင့် မြို့ရွာ အိမ်ခြေများသို့ ခြေလျင် ချဉ်းကပ်၍ အလှူခံသည်။ သို့ရာတွင် အကြောင်းရှိသည့်အခါများ၌ ဈာန်ဖြင့်ပင် ရံဖန် တိုက်ရိုက်ကြွရောက်သည့် အကြိမ်များလည်း ရှိသည်။

ဆရာတို့ အဆုံးအမအတိုင်း မြို့ရွာများသို့မသွားရန် ကျွန်ုပ် အစွမ်းကုန် ချုပ်တည်းပါ၏။ သို့ရာတွင် လူငယ်လူရွယ်ပီပီ တစ်ခါတစ်ရံ တစ်ကြိမ်တလေတော့ ဆရာရသေ့များနည်းတူ စမ်းသပ်ကြည့်ချင်သေးသည်။ ထို့ကြောင့် ကျွန်ုပ်သည် မိမိ၏ မြို့ဖြစ်သော ဗာရာဏသီဘက်သို့ ဈာန်ဖြင့်သွားရောက်ခဲ့သည်။ ဆရာရသေ့များနည်းတူပင် ဗာရာဏသီအနီးရှိ တောအုပ်သို့ဆင်း၍ မြို့ထဲသို့ ချဉ်းကပ်ရန် ဖြစ်၏။

သို့ရာတွင် အလျဉ်းသင့်ချင်တော့ သို့မဟုတ် အလျဉ်းမသင့်ချင်တော့ တောအုပ်သို့ ဆင်းလိုက်သည်နှင့် တစ်ပြိုင်နက် ဉယျာဉ်မွေ့ ထွက်လျက်ရှိသော ဗာရာဏသီမင်းနှင့် ပက်ပင်းတိုးသည်။ ကျွန်ုပ်သက်ဆင်းမိသောနေရာမှာ ဘုရင့်ဉယျာဉ်တော် ဖြစ်နေသောကြောင့်ပေတည်း။

ဗာရာဏသီမင်းနှင့် ပက်ပင်းတိုးရသည်ကို အလျဉ်းသင့်ချင်တော့ဟု ဆိုသည်။ အလျဉ်းမသင့်ချင်တော့ ဆိုသည်ကိုကား နောက်ပိုင်းတွင် တွေ့ရှိလာရပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

ကျွန်ုပ်ကိုတွေ့သည်နှင့် တစ်ပြိုင်နက် ဗာရာဏသီဘုရင်သည် ကြည်ရွှင်တက်ကြွသောအသွင်ဖြင့် ကျွန်ုပ်ထံသို့ ချဉ်းကပ်၏။ နှုတ်ဆက်စကား လျှောက်ထားသည်။ မျိုးရိုးဇာစ်မြစ်ကို မေးသည်။ ဤတွင် ထူးခြားသောပြောင်းလဲမှု ပေါ်ပေါက်လာသည်။ ပေါ်ပေါက်ပုံကား ဘုရင်က ကျွန်ုပ်အား ဤဥယျာဉ်တွင်ပင် သီတင်းသုံး၍ သူ့နန်းတော်သို့ နေ့စဉ်ကြွရောက်ကာ သူ့ဆွမ်းကို အလှူခံရန် လျှောက်ထားခြင်းပင် ဖြစ်၏။

အထက်တွင် ကျွန်ုပ်သည် အမျိုးကောင်းသားဖြစ်ကြောင်းကို ထည့်သွင်းပြောဆိုခဲ့ခြင်းမှာ ကြွားဝါလိုသောကြောင့် မဟုတ်။ ယခုအကြောင်းကို ဖော်ပြလိုသောကြောင့် ဖြစ်သည်။ အကြောင်းမူကား ဘုရင်သည် ကျွန်ုပ်၏မျိုးရိုးကို သိရှိလာရသောအခါ ကိုးကွယ်ထိုက်သော မျိုးရိုးဟု ခံယူ၍ ကိုးကွယ်ရန် ပင့်လျှောက်သည်ဟု ကျွန်ုပ် နားလည်ရပါသည်။

လူတိုင်းတွင် မျိုးစိတ် ရိုးစိတ် ရှိကြသည်မှန်သော်လည်း ကျွန်ုပ်တို့ မဇ္ဈိမတိုက်သားတို့ကား ပို၍သည်းထန်၏။ မျိုးစွဲရိုးစွဲ ကြီး၏။ ဘုရင်ဆိုသော် အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း။ သူတို့ ဆည်းကပ်ကိုးကွယ်နိုင်ရန်အတွက် ကိုးကွယ်ခံပုဂ္ဂိုလ် သီးသန့်ရှာဖွေရသည်။

ဘုရင်ကိုယ်တိုင် ဆည်းကပ်ကိုးကွယ် ခံရမည်ကို လူရွယ်တစ်ယောက်မျှသာ ရှိသေးသော ကျွန်ုပ်သည် သာယာလိုက်မိ၏။ ဟိမဝန္တာသည်လည်း တော၊ ဘုရင့်ဥယျာဉ်ဟူသည်လည်း တောပင်ဖြစ်၍ တောတွင်ပင်နေသူအဖြစ် ကျွန်ုပ် ဆင်ခြေကပ်လိုက်သည်။ ထို့ကြောင့် ဘုရင့်လျှောက်ထားချက်ကို လက်ခံလိုက်သည်။ ဘုရင်က ချက်ချင်းပင် ဥယျာဉ်တွင်း၌ သင့်လျော်သော သင်္ခမ်းကလေးကို ဆောက်လုပ်စေသည်။

စိတ်ဆိုသည်မှာ တစ်ခုခုကို လျှော့ပေးလိုက်မိပြီဆိုလျှင် လျှော့ပါးမှုများမှာ ဆက်၍ ဖြစ်ပေါ်လာတတ်၏။ ဤသည်ကို ကျွန်ုပ် သတိမထားမိ။ ဆက်၍သာ စိတ်အလိုသို့လိုက်သည်။ ကျွန်ုပ် သတိမထားမိမှုများသည် ဤနေရာက စတင်သည်ဟု ဆိုရမည်ဖြစ်၏။

အကြောင်းမူကား ဥယျာဉ်တွင်တွေ့ခိုက် ကျွန်ုပ်ကို ရုတ်ခြည်း ကြည်ညိုလိုက်ခြင်းသည် ရသေ့ ရဟန်းအသွင်မျှကြောင့်သာမဟုတ်၊ မျိုးရိုးမျှကြောင့်လည်း မဟုတ်ပါ၊

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်မှ သက်ဆင်းလာသော ကျွန်ုပ်၏ ဈာန်တန်ခိုးအဆင့်ကို မျက်မြင်တွေ့ရှိရသောကြောင့်ဖြစ်သည်ဟု ကျွန်ုပ် ခံယူ၏။ ထို့ကြောင့် ဘုရင့်အထင်ကြီးစိတ်ကို ယုတ်လျော့၍မသွားစေရန် နောက်တစ်နေ့မှစ၍ ကျွန်ုပ်ပြုလုပ်သည်။ ပြုလုပ်ပုံမှာ ဥယျာဉ်နှင့်မဝေးလှသော ဘုရင့်နန်းတော်သို့ ဆွမ်းခံ ဆွမ်းစားကြွရာ၌ ခြေကျင်ကြွလျှင် ဖြစ်နိုင်ပါလျက် ဈာန်ဖြင့်သာ ကြွရောက်မိခြင်းပေတည်း။

ဈာန်ဟူသည် ရသေ့ ရဟန်းတို့ လျှို့ဝှက်အပ်သော အရာဖြစ်ပါလျက် ပလွှားလိုစိတ်ကလေးနှင့် ဈာန်ဖြင့် ကြွရောက်ခြင်းသည် မိမိသမာဓိကို တစ်ထစ်လျှော့လိုက်မိခြင်းပင် ဖြစ်ပေ၏။ ထို့ကြောင့် စိတ်ဟူသည်မှာ လျှော့စရှိလျှင် လျှော့ချင်ချင်ဟု ဆိုခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်သည် နန်းတော်သို့ လေသာပြတင်းမှ ဈာန်ဖြင့်ဝင်၏။ ဈာန်ဖြင့်ကြွရောက်လာသော ကျွန်ုပ်ကို ဈာန်တန်ခိုးကြောင့် ဘုရင်အစရှိသော တစ်နန်းတော်လုံး ခ,ယမ်းဆည်းကပ်ကြသည်။

ကျွန်ုပ်ကဲ့သို့ ဈာန်ပျံရသေ့များ ပေါများလှသော်လည်း ဈာန်ကို လျှို့ဝှက်ကြသောကြောင့် ရသေ့များ ဈာန်ပျံသည်ကို ဤနန်းတော်သူ နန်းတော်သားများ မြင်ဖူးသူလည်း ရှိမည်။ မမြင်ဖူးသူလည်း ရှိမည်။ မမြင်ဖူးသူများက တအံ့တသြ လှုပ်လှုပ်ရွရွ ဖြစ်လျက်ရှိကြသည်။ အထူးသဖြင့် လှုပ်လှုပ်ရွရွဖြစ်လျက်ရှိသောသူများမှာ မိဖုရား အစရှိသော နန်းတော်သူများအပိုင်းထွင် ဖြစ်၏။ ကျွန်ုပ် သာယာသည်၊ နှစ်သိမ့်ကျေနပ်သည်။

ယင်းသို့ဖြင့် ဤနန်းတော်သို့ ကျွန်ုပ် ကြိမ်ဖန်များစွာ သွားရောက်မိသောအခါ သိရှိလာရသည်ကား ဘုရင်သည် ကျွန်ုပ်အား သာမန်ကိုးကွယ်ရုံမျှမဟုတ် ဘုရင်၏ လေးစားခင်တွယ်မှုကိုလည်းကောင်း၊ တရားမွေ့ဘက်တွင် အမြင်ကျယ် ရင့်ကျက်မှုကိုလည်းကောင်း သိရှိလာခြင်းကိုပင် ဖြစ်ပေသည်။

သတ္တဝါမှန်သမျှ အာဟာရ၌တည်သည်ဟူသော အချက်မှာ မှန်လှပါ၏။ သို့ရာတွင် လိုအပ်သည်ထက် ပိုပြန်တော့လည်း အာဟာရဆိပ်တက်ကာ မအီမသာ ဖြစ်လာရပြန်သည်။ အထူးသဖြင့် ကျွန်ုပ်တို့ကဲ့သို့သော တရားသမားများမှာ အာဟာရကို အထူးသတိဖြင့် စားသုံးရသည်။ ခန္ဓာကိုယ် ကျန်းခံ့မျှတရုံမျှ စားသုံးရသည်။ အာဟာရဟူသည် မလွဲသာ၍ စားသုံးနေရသည့် ရွံရှာဖွယ်ဟူသောသတိဖြင့် စားသုံးရသည်။ မိမိအတွက် လိုအပ်သမျှကိုသာ သတိဖြင့် စားသုံးရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအကြောင်းကိုပြောရသည်မှာ နန်းတော်မှ အစာကောင်း အစာမွန်တို့ကိုသာ နေ့စဉ်စားသုံးနေရသော ကျွန်ုပ်သည် ရရှိထားအပ်သောတရား ပျက်ပြားသွားစေသည်အထိ အနှောင့်အယှက် မဖြစ်သေးသော်လည်း မအီသာသော ခန္ဓာကိုယ်၏ အလိုသို့လိုက်မှုကြောင့် ယခင်ကထက် တရားရှုမှတ် ကျင့်သုံးမှု လျော့ပါးလာရသည်ကား အမှန်ပင်ဖြစ်ကြောင်း ဖော်ပြလို၍ ဖြစ်ပါသည်။

နောက်တစ်ကြောင်းမှာလည်း သတ္တဝါပဟူသမျှ ပတ်ဝန်းကျင်ဆွဲဆောင်မှုသည် အရေးကြီးလှပါ၏။ အကြောင်းမူကား ယခင်ကဆိုလျှင် ဟိမဝန္တာမှ ပတ်ဝန်းကျင် တရားသမားတို့နှင့် သူနိုင်ငါနိုင်ဆိုရလောက်အောင်ပင် မပြတ်သောသတိ၊ မပြတ်သော အားထုတ်မှုဖြင့် ကျားကုတ်ကျားခဲ ရှုမှတ်နေထိုင်ခဲ့ရာမှ ယခုဆိုသော် ဘုရင့်ဥယျာဉ်တွင် တစ်ယောက်တည်း နေထိုင်လျက်ရှိသောကြောင့် တရားအဆင့် ပျက်လောက်အောင်အထိ ဝီရိယမလျှော့စေကာမူ ယခင်ကထက် တရားရှုမှတ်မှု လျော့ပါးခဲ့သည်မှာကား အမှန်ပင်ဖြစ်၏။

ကြီးစွာသော နောက်အကြောင်းတစ်ခု ပြောရန် ရှိပေသေးသည်။ တရားရှင်တို့သည် မိမိတို့တရား မပျက်ပြားစေရန်အတွက် ဝိသဘာဂအာရုံတို့နှင့် နီးကပ်ရာဖြစ်သော မြို့ရွာတို့သို့ မလွဲသာသည့်အချိန်မှတစ်ပါး ချဉ်းကပ်မှုနည်းသည်။ မိမိအား ဆရာသမားတို့က တတ်နိုင်သမျှ မြို့ရွာများသို့ ချဉ်းကပ်မှု ရှောင်စေရန်ကိုလည်း သတိပေးခဲ့သည်။ သို့ရာတွင် ယခုသော်မူ ကျွန်ုပ်သည် အပြင်းအထန်ဆုံးသော ဆန့်ကျင်ဘက်အာရုံတို့ စုပြုံရာဖြစ်သော နန်းတော်သို့ နေ့စဉ်နှင့်အမျှ တိုးဝင် ချဉ်းကပ်မိလျက် ရှိနေခြင်းပင် ဖြစ်၏။

သို့နှင့် ထူးခြားသော ထိုနေ့သို့ ရောက်ရှိ၍လာသည်။

အမှန်အားဖြင့်သော် ထူးခြားသော ထိုနေ့ထိုရက်များသို့ လွန်ခဲ့သော နှစ်ရက်သုံးရက်ကပင် ရောက်ရှိ၍နေခဲ့သည်။ ယင်းသည်ကား ဘုရင်သည် သူ့ပြည်ရေးပြည်ရာကိစ္စဖြင့် အရပ်တစ်ပါးသို့ ထွက်ခွာသွားရပေရာ ကျွန်ုပ်သည် နန်းတော်သို့ ရောက်တိုင်း မုဒုလက္ခဏာ မိဖုရားကြီး စသော နန်းတော်သူ အမျိုးသမီးများ၏ အပြုအစု အယုအယ အဆည်းအကပ်ကို ခံနေရသောကြောင့်ပေတည်း။

မုဒုလက္ခဏာ မိဖုရားကြီးဆို၍ အရွယ်ကြီးတော့ မဟုတ်သေးပါ။ အရွယ်ကောင်း အရွယ်လတ်ပင် ဖြစ်၏။ 'မုဒုလက္ခဏာ'၏ အဓိပ္ပာယ်မှာ နူးညံ့လှပသော လက္ခဏာ ရှိသူဟု ဖြစ်ပေရာ အမည်နှင့် ရုပ်ရည်မှာ ကိုက်ညီလှသည်ဟု ဆိုရမည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာမူ နန်းတော်သူများဖြစ်သည့်အလျောက် ဝိုင်းဝန်းခစားလျက်ရှိကြသော အမျိုးသမီး အလှအားလုံးတို့အပေါ်တွင် ရုပ်ရည်အားဖြင့် ထင်ထင်ရှားရှား၊ မားမားမွန်မွန် သာလွန်နေသောကြောင့် ဖြစ်ပေသည်။

ရုပ်ရည်မျှသာမဟုတ်၊ အသိအလိမ္မာ၊ ဉာဏ်ပညာလည်း သာလွန်ဟန်ရှိ၏။ အကြောင်းမူကား ဤမိဖုရား၊ ဤဘုရင်တို့နှင့် နေ့စဉ်ဆက်ဆံ ပြောဟောနေရရာ၌ မုဒုလက္ခဏာ၏ တရားနှင့်ယှဉ်သော အတွေးအထင် အမြော်အမြင်တို့မှာ အဆင့်မြင့် အသိရှင်ဖြစ်ကြောင်း သိခဲ့ရသောကြောင့်ဖြစ်သည်။

ဤမိဖုရား စသော နန်းတော်သူတို့သည် ကျွန်ုပ်အတွက် ဆန့်ကျင်အာရုံများဖြစ်သော်လည်း တရားစောင်ရန်းဖက်၍ ဆက်ဆံခဲ့သည်။ အထူးသဖြင့် ဘုရင်စသောယောကျ်ားသားသားများမရှိခိုက် ကျွန်ုပ်အား ကိုးကွယ်ရန် အလှည့်ပေးသည့်သဘောဖြင့် မုဒုလက္ခဏာ စသော နန်းတော်သူများနှင့်ချည်း ဆက်ဆံရသောအခါ ပို၍ သတိစောင်ရန်း သတ်ရသည်။

ဤတွင် ဤအကြောင်းရပ်အစ၌ ဖော်ပြခဲ့သော မြင်-ငွေ့-ထိ-ကိုက် မြွေလေးမျိုးအနက် 'မြင်ဆိပ်မြွေ'အကြောင်းကို ပြန်လည်ဖော်ပြရန်ရှိသည်။ အကြောင်းမူကား ဆန့်ကျင်ဘက်အာရုံတို့ဖြစ်သော်လည်း ငွေ့ဖို့၊ ထိဖို့၊ ကိုက်ဖို့ အကြောင်းမရှိ။ အမြင်မူကား နေ့စဉ်မြင်တွေ့နေရသောကြောင့် မြင်ဆိပ်အကြောင်းကို ပြန်လည် ထုတ်ဖော်ရသည်။

မုဒုလက္ခတို့ အဘယ်မျှ မြင်ဆိပ် လှဆိပ်ရှိသည်ဆိုစေ ဤမျှ အမြင်အားဖြင့်မူ ကျွန်ုပ်ကို မထိခိုက်စေရန် သတိစောင်ရန်း သတ်နိုင်စွမ်းရှိခဲ့ပါသည်။ သို့သော် သတိစောင်ရန်း မသတ်နိုင်ရုံမျှမက သမာဓိကန်ပေါင်ရိုးကြီး တစ်ခုလုံးပင် ပေါက်၍ ကျိုး၍ ကျအပ်သော မြင်ဆိပ်အထူးနှင့် ထိုနေ့က ရှုးရှုးမှုးမှုး စူးစူးစိုက်စိုက် တိုက်ရိုက်တိုးရလေတော့သည်။ တကယ့် မြွေမပါတကား။

ဆွမ်းစားသွားတော့မည်ဆိုလျှင် နန်းတော်တစ်ခုလုံးနှင့် သတ္တဝါအများအား မေတ္တာပို့မြဲ၊ မေတ္တာပို့ပြီးလျှင် နံနက်ခင်း ကမ္မဋ္ဌာန်းရှုမှတ်မြဲ၊ ကမ္မဋ္ဌာန်းရှုမှတ်ပြီးမှ ဈာန်ဖြင့် ကြွရောက်မြဲဖြစ်၏။ ထိုနေ့ကမူ တစ်နေ့တခြား အစာဆိပ်တက်မှုကြောင့် အိပ်ရာထ နောက်ကျသည်။ အိပ်ရာထ နောက်ကျသောကြောင့် မေတ္တာအပို့ နောက်ကျသည်။ မေတ္တာအပို့ နောက်ကျသောကြောင့် နန်းတော်အသွား နောက်ကျသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တခြား လျော့ပါးမှန်းမသိ လျော့ပါးလာသော ဈာန်အန္တိုးအထ ခက်သော ကြောင့်လည်း နောက်ကျရခြင်းဖြစ်၏။

မြေလျှိုး မိုးပျံ စသော တန်ခိုးရှင်တို့၏ အလေ့အထကို ပြုလုပ်လိုသောအခါ ရုတ်ခြည်းဖြစ်ပေါ်လာသည်မဟုတ်၊ တန်ခိုးရှင် ဈာန်ရှင်၏ ဝသီဘော် အလေ့အထုံ အရှုအမှတ် အင်အားလိုသည်။ ရှုမှတ်မှု ဝသီဘော် အလေ့အထုံ အင်အားကောင်း သောကြောင့် မိုးပျံ မြေလျှိုး စသော တန်ခိုးကို အလိုရှိလျှင် ရုတ်ခြည်းနိုးထအောင် ပြုလုပ်နိုင်သူလည်း ရှိပါ၏။ သို့ရာတွင် အကြင်တရားရှင်၏ ဝသီဘော်အင်အား အလိုက် လျင်မြန်မှု၊ နှေးတုံ့မှုဟူ၍ကား ရှိသည်သာဖြစ်၏။

ကျွန်ုပ်မှာ အလိုရှိလျှင် လျင်မြန်စေနိုင်သော ဝသီဘော် တရားအင်အားရှိခဲ့ သည် မှန်ပါ၏။ သို့ရာတွင် ဤဥယျာဉ် ဤနန်းတော်သို့ရောက်ကာမှ တစ်နေ့ တခြား အင်အားလျော့ပါးမှန်းမသိ လျော့ပါးလာရသည်။ ထို့ကြောင့် ဈာန်ဖြင့်သာ ကြွလိုသော ကျွန်ုပ်အတွက် တန်ခိုးမိုးပျံ အထနှေး၍ ထိုနေ့က နောက်ကျရသည်။

နောက်ကျသောကြောင့် ကျွန်ုပ်ကို ဆွမ်းကပ်ရန်စောင့်မျှော်လျက်ရှိသော မုဒု လက္ခဏာ အစရှိသည့် နန်းတွင်းသူတို့သည် ပျင်းရိကြဟန်တူသည်။ အကြောင်းမူ ကား နန်းတော် လေသာတံခါးသို့ မရောက်မီပင် ဆွမ်းကပ်ရန် လျောင်းတော်ဦး၌ နန်းတွင်းသူများသည် ခွေလှဲ အိပ်ပျော်သယောင် ရှိနေကြသည်ကို တွေ့ရသော ကြောင့်ဖြစ်၏။ မုဒုလက္ခဏာမိဖုရားသည် သလွန်ညောင်စောင်းထက်တွင် လဲလျောင်း မှေးစက်လျက်ရှိသည်။ မိဖုရားပြုသမျှ အတုယူ၍ ပြုလုပ်ကြမြဲဖြစ်သော အခြွေအရံ အချို့သည်လည်း လဲလျောင်းလျက်ရှိသည်ကို တွေ့ရ၏။ တစ်ယောက်နှစ်ယောက် သာ ထိုင်လျက်ရှိသည်ကို တွေ့ရသည်။

ကျွန်ုပ်တို့ ရသေ့ ရဟန်းများ သတိပေးပြုလုပ်သော အလေ့အကျင့်အချို့ရှိ၏။ ချောင်းဟန့်ခြင်း၊ လှော်တေကို ခါတွက်ခြင်းတို့ဖြစ်သည်။ ရသေ့တစ်ပါး ကုဋီ တက်နေခိုက် နောက်တစ်ပါးရောက်လာလျှင် ကုဋီထဲတွင် အခြားသူ ရှိ,မရှိ သတိ ပေးရန် ချောင်းဟန့်ရသည်။ လှော်တေကို ခါတွက် အသံပေးရသည်။ ထို့ကြောင့် လှော်တေကို ခါတွက် အသံပေးခြင်းမှာ ကျွန်ုပ်တို့၏ အလေ့အထတစ်ရပ်ဖြစ်၏။

ယင်းအလေ့အထအတိုင်း လေသာပြတင်းသို့အရောက်တွင် လှော်တေကို ခါတွက်၍ အသံပြုလိုက်ရာ ကျွန်ုပ်ရောက်လာမည်ကို သတိပြုနေဟန်ရှိသော မုဒု လက္ခဏာသည် မရှိမသေနေမိသည်ကို အထိတ်တလန့်ဖြစ်ဟန်ဖြင့် ညောင်စောင်း

www.burmeseclassic.com

www.burmeseclassic.com



ချက်တဖြုတ် ထလိုက်သောအခါ ချက်တဖြုတ်ဆိုသည့်အတိုင်းပင် မုဒုလက္ခဏာ ဝတ်ပတ်ထားအပ်သော ဝတ်ရုံအားလုံး လျှောပြေ၍ကျကာ မိဖုရားတစ်ကိုယ်လုံးမှာ မိမွေး ဖမွေးသည့်အတိုင်း ပွင့်ပေါ်၍သွားသည်။

အခြွေအရံအားလုံးလည်း ရုတ်ခြည်းထကြ၍ မိမိတို့သခင်မအဖြစ်ကို မြင်ရသောအခါ အံ့အားသင့်ဟန်ဖြင့် ဟင်ခနဲ ဟာခနဲ ဖြစ်၍သွားကြ၏။ သို့ရာတွင် မုဒုလက္ခဏာသည် မိမိကိုယ်ရုံအဝတ်ကို ရှောင်တခင် သိမ်းဆည်း၍လည်းကောင်း၊ အခြွေအရံများက မိမိတို့အသံနှင့် ကိုယ်ဟန်အမူအရာကို ပြင်ဆင်၍လည်းကောင်း ဣန္ဒြေလုပ်လိုက်ကြသည်။

သူတို့ဣန္ဒြေလုပ်လိုက်ကြသည် မှန်ပါ၏။ ကျွန်ုပ်မှာမူကား မမြင်စဖူး အမြင်ထူး အသွင်ထူး အမြင်စူးလိုက်မိမှုကြောင့် စောင့်စည်းထိန်းကွပ်ထားခဲ့လေသမျှသော သမာဓိရေကန်၊ တရားတံတိုင်းကြီး ကျိုးပေါက်ရပါလေတော့သည်။

ကျွန်ုပ်တွင်ရှိသမျှ သမာဓိသိက္ခာများ လျှောကျသွားလေပြီကို သိရှိလိုက်ပါ၏။ အကြောင်းမူကား ကျွန်ုပ်အဖို့ ဆွမ်းစားချိန်ရောက်ရုံမျှမက အရောက်နောက်ကျမှုကြောင့် ဆာလောင်၍နေခဲ့သော်လည်း ယခုသော် ဆွမ်းကိုလည်း သတိမရ၊ မိဖုရားတို့ ရှိသေသမှုပြုသည်များကိုလည်း သတိမပြုနိုင်၊ အသည်းနှလုံးတို့ တဒိန်းဒိန်းလှုပ်ခုန်လျက်ရှိနေ၏။ မုဒုလက္ခဏာတည်းဟူသော ခြောင့်၊ တိတိကျကျဆိုသော် သွယ်ပျောင်းလှပ အချိုးအဆစ် ကျနလှသည့် မုဒုလက္ခဏာ၏ ခန္ဓာကိုယ်ကလေးတည်းဟူသော တံကျင်ကြီးသည် ကျွန်ုပ်၏ဘဝင်၊ ကျွန်ုပ်၏ ဟဒယသို့ နစ်နစ်တူးတူးကြီး စူးဝင်လျက် ရှိနေပေပြီတည်း။

မိမိအဖြစ်ကို မိမိသိ၍ ရှက်လည်းရှက်လှပါ၏။ သို့ရာတွင် ရှက်သည်က တခြား၊ စူးဝင်တုန်လှုပ်နေရသည်က တခြားဖြစ်၏။ ကျွန်ုပ် အဘယ်သို့ ပြုရပါအံ့နည်း။ ပြုစရာ တစ်နည်းသာရှိသည်။ ယင်းသည်ကား ဥယျာဉ်သို့ ပြန်လည်သွားရောက်၍ တရစ်ဝဲဝဲဖြစ်လျက်ရှိသော မိမိစိတ်ဒုက္ခကို မိမိခံကာ ဆိတ်ငြိမ်စွာနေဖို့ရန်မျှသာ ဖြစ်သည်။

သို့ရာတွင် အခါတိုင်း ဥယျာဉ်သို့ ပြန်သည်ဆိုလျှင် နန်းတော်၌ပင် မိမိ၏ သမာဓိ ရှုစိုက်မှုကို နှိုးကြွစေ၍ ဈာန်ဖြင့် ပြန်မြဲဖြစ်သည်။ ယခုသော် မိမိ၏ တရားတံတိုင်းကြီး ကျိုးပေါက်နေလေပြီဟု မိမိသာ သိရှိသည့်အတိုင်း ဆွမ်းကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



မစားနိုင်၊ တစ်စုံတစ်ရာလည်း ပြောပြောမနေတော့ဘဲ ရှက်ရှက်နှင့်ပင် နန်းတော်မှ ခြေကျင်ဆင်း၍ ဥယျာဉ်သို့ ပြန်ခဲ့ရလေတော့သည်။

[ ၄ ]

ထိုနေ့ပင် ဘုရင်ပြန်ရောက်လာကြောင်း ကျွန်ုပ်ထံသို့ အမတ်တစ်ယောက်ကို အပင့်ခိုင်းလိုက်သောကြောင့် သိရသည်။ မပင့်စဖူး အပင့်ထူးသော်လည်း အလိုက် သင့်ပင် အမတ်နှင့်အတူ နန်းတော်သို့ လိုက်ပါခဲ့သည်။ မဖူးတွေ့ရသည်မှာ ရက် အတန်ကြာသောကြောင့် တစ်ကြောင်း၊ ခရီးပန်းလာ၍ ဥယျာဉ်သို့ ကိုယ်တိုင် မလာနိုင်တော့သည် တစ်ကြောင်းကြောင့် အပင့်ခိုင်းလိုက်ရကြောင်း ဘုရင်က လျှောက်ထားသည်။ ထို့ပြင် အဘယ့်ကြောင့် ဆွမ်းမစားဘဲ ပြန်ကြွသွားရသည့် အကြောင်းကိုလည်း မေးမြန်းလျှောက်ထားသည်။

ကျွန်ုပ် အပြောရခက်လှချေ၏။ သို့ရာတွင် လူ့စရိုက်၊ တရားစရိုက် အမြင် အားဖြင့် ပါးနပ်သော ဘုရင်ဖြစ်သည်လည်း တစ်ကြောင်း၊ နံနက်က ဖြစ်ခဲ့ပုံကို သူ့အခြွေအရံများက လျှောက်ထားပြီးဖြစ်ဟန်ရှိသည်လည်း တစ်ကြောင်းကြောင့် ဘုရင်ကပင် အလိုက်သင့် စတင်လျှောက်ထားသည်။

"ရှင်ရသေ့...မိန်းမကြောင့် ဖောက်ပြန်ရခြင်းဟူသည် လောက၌ အဆန်း မဟုတ်တော့ပါချေ။ ရှင်ရသေ့ဖြစ်ပုံကို ကျွန်ုပ် အကုန်သိရှိပြီးချေပြီ။ မုဒုလက္ခဏာကို ရှင်ရသေ့အလိုရှိသည်ဆိုလျှင် ပေးအပ်ရန် အသင့်ဖြစ်သည်"

ထိုစကားကြောင့် ကျွန်ုပ်သည် ဘုရင့်အနီးတွင် ထိုင်လျက်ရှိသော မုဒုလက္ခဏာ သို့ မျက်နှာတစ်ချက်မျှ ဖျတ်ခနဲလှန်၍ကြည့်လိုက်မိ၏။ သဘောတူပါမည်လောဟု တိတ်တခိုး အကဲခတ်သောအကြည့်ဖြစ်၏။ ဘုရင်က စွန့်လွှတ်မည်ဆိုသော်လည်း မိဖုရားမျက်နှာ ပျက်သည်ကို မတွေ့ရ။ ပြုံး၍ပင်နေသေး၏။ မိဖုရားကလည်း ကျွန်ုပ်အပေါ်တွင် တိမ်းညွတ်ဟန်ရှိသည်ဟု ကျွန်ုပ် အစိပ္ပာယ်ကောက်၏။

"ရှင်ရသေ့...တစ်ကြောင်းမှာလည်း အကြင်မိန်းမတစ်ဦး၏ လျှို့ဝှက်အပ်သော အင်္ဂါများကို ယောက်ျားတစ်ဦးက မြင်ပြီးသည်ဆိုလျှင် ထိုယောက်ျားသည် ထိုမိန်းမ၏ ခင်ပွန်းလင် ဖြစ်သင့်တော့သည်သာ။ ခင်ပွန်းလင်ဖြစ်သင့်ကြောင်းကို ဓမ္မသတ် များကလည်း ဆုံးဖြတ်ထားပြီးဖြစ်သည်"

www.burmeseclassic.com

www.burmeseclassic.com



မှန်၏။ ရှေးဟောင်း အဋ္ဌမမွှသတ်တွင် ဤအတိုင်းပင် အဆုံးဖြတ်ရှိကြောင်း ကျွန်ုပ် သင်ကြားပြီးဖြစ်သဖြင့် သိရှိရသည်။ ထို့ကြောင့် ကျွန်ုပ် တအားတက်၏။ ဘုရင် ဆက်လျှောက်သည်။

"တစ်ကြောင်းမှာလည်း ပညာရှိ အမျိုးကောင်းသားဟူသည် မိန်းမကြောင့် မချွတ်ယွင်းသင့်။ အလျဉ်းမသင့်၍ ဓမ္မဘက်တွင် ချွတ်ယွင်းခဲ့လျှင်လည်း လောက တွင် အသုံးဝင်သင့်သည်။ ရှင်ရသေ့သည် လူဖြစ်မချည်း နန်းတော်တွင် အသုံးဝင် နိုင်သူ ဖြစ်၏။ ထို့ကြောင့် ရှင်ရသေ့ မစိုးရိမ်လင့်။ မုဒုလက္ခဏာကို ရှင်ရသေ့အား ကျွန်ုပ် ပေးအပ်၏။ ယခုပင် ခေါ်သွားလေလော့"

ထိုစကားကြောင့် ရက်စိတ်ဖြင့် ရှေ့သို့ညွတ်ကိုင်း မိုန်ကုပ်လျက်ရှိသော ကျွန်ုပ်၏ကိုယ်သည် မတ်ထောင်၍သွား၏။ အကြောင်းမူကား ကျွန်ုပ်၏ အလား အလာသည် ပြေပြစ်လျက်ရှိသောကြောင့် ဖြစ်သည်။

"မုဒုလက္ခဏာအား သင့်သခ်မ်းသို့ ခေါ်သွားလေလော့။ သို့ရာတွင် သင့်အတွက် အိမ်ရာပြင်ဆင်ရန်ရှိသောကြောင့် တစ်ည နှစ်ညအဖို့မူ သခ်မ်းတွင်ပင်နေကြပေ ဦးလော့"

ဘုရင့်စကားဆုံး၏။ ကျွန်ုပ်ကမူ ရက်စိတ်ကြောင့် တစ်ခွန်းမျှ ပြန်မပြော။ ပြောဖွယ်လည်း မလို။ လိုအပ်သမျှကို ဘုရင်က စီစဉ်ပြီးသည် မဟုတ်ပါလော။ "ရှင်ရသေ့"အသုံးမှ "သင်"အသုံးသို့ ပြောင်းသွားပုံကိုလည်း သတိပြုလိုက်မိပါ၏။

ထို့ကြောင့် ကျွန်ုပ်သခ်မ်းသို့ပြန်ရန် ဟန်ပြင်သည်။ သို့ရာတွင် ကျွန်ုပ်ထက် အလျင် နေရာမှထ၍ လိုက်ပါရန် ဟန်ပြင်သူကား မုဒုလက္ခဏာ ဖြစ်နေ၏။ ထို့ ကြောင့် ကျွန်ုပ် ဝမ်းမြောက်ရသည်။ အကြောင်းကား မုဒုလက္ခဏာသည် ကျွန်ုပ် အတွက် အစိမ်းသက်သက်မဟုတ်၊ ကျွန်ုပ်အပေါ်၌ မေတ္တာစိုးစဉ်း တွယ်တာပြီး ဖြစ်သည်ကို သိရှိရသောကြောင့်ပင်။

နန်းနှင့် သခ်မ်းသည် မဝေးလှပါ။ မုဒုလက္ခဏာသည် ကျွန်ုပ်နောက်မှ ကျို့ယို့ စွာ လိုက်ပါလျက်ရှိကြောင်း တစ်ကြိမ်နှစ်ကြိမ် ပြန်လည်စောင်းငဲ့ကြည့်သောကြောင့် သိရှိရသည်။ တစ်ရက်နှစ်ရက်တော့ ချို့ငဲ့စွာ နေရပေဦးမည်။ ထိုအချိန်မှာ ညနေ စောင်း၍ နေဝင်လုအချိန်သို့ ရောက်ခဲ့ပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သခ်မ်းသို့ရောက်သောအခါ ကပြင်နေရာကလေးတွင် မုဒုလက္ခဏာအား လက်ညှိုးညွှန်၍ ထိုင်စေသည်။ သို့သော် မုဒုလက္ခဏာသည် ရတ်ခြည်းမထိုင်သေးဘဲ သခ်မ်းတွင်းပြင်နှင့် ဝန်းကျင်သို့ လျှောက်ကြည့် အကဲခတ်ပြီးမှ ထိုင်သည်။

"ဘယ့်နှယ်လဲ ဆရာကြီး...နန်းတော်မှာရော၊ တစ်လမ်းလုံးရော စကားတစ်လုံးမှ မပြောပါကလား"

"ပြောစရာ လိုသေးလို့လား မိဖုရား၊ အဲ...အဲ ဒကာမကြီး၊ အဲ...အဲ မုဒုလက္ခဏာ၊ အားလုံး ပြီးစီးနေမှဟာပဲ"

အမှားမှားအယွင်းယွင်းကြောင့် မုဒုလက္ခဏာ ပြုံးသည်။ ဤတွင် ယခင်က ရှင်ရသေ့၊ ဆရာရသေ့ဟု ခေါ်ခဲ့ရာမှ ဆရာကြီးဟု ပြောင်းလဲခေါ်လာသည်ကို ကျွန်ုပ် သတိပြုလိုက်မိသည်။ ဆရာကြီးဟုပင် ခေါ်ရပေမည်။ ဘုရင့်ဆရာကြီး ဖြစ်ကိန်းရှိသည် မဟုတ်ပါလော။

"ပြောစရာမလိုပေမယ့် လုပ်စရာတွေတော့ အများကြီး လိုလိမ့်မယ်ဆရာကြီး။ တော်သေးတာပေါ့၊ သူများတကာ ထုံးတမ်းစဉ်လာဆိုရင် အနေအထိုင် မဆင်ခြင်ပြစ်ကြောင့် တိုင်းပြည်ကတောင် နှင်ထုတ်ခံရမှာ သေချာတယ်။ အခုတော့ ဘုရင်ကတော် မဖြစ်ရတောင် အမတ်ကြီးကတော်လောက်တော့ ဖြစ်နေသေးတာကိုး"

"ဘာတွေများ လုပ်စရာ လိုပါသေးသလဲဗျာ၊ ဒီအတိုင်း နေလိုက်ကြရုံပေါ့"

"ဘယ်မှာ ဒီလိုနေလို့ ဖြစ်နိုင်ပါ့မလဲ၊ တပည့်တော်မက အဲ...အဲ ကျုပ်က မိဖုရားရှင့်...မိဖုရား။ ဆရာကြီးသခ်မ်းမှာ ခုတင်ညောင်စောင်းလေးမှ မရှိဘူး၊ ကြမ်းမာမာကြီးပေါ်မှာ အိပ်ရမတဲ့လား၊ မအိပ်နိုင်ပါဘူး။ နေရာမရှိတောင် အိပ်ရာကလေးတော့ ပျော့ပျော့ပျောင်းပျောင်း ရှိဦးမှပေါ့၊ မဟုတ်ဘူးလား ဆရာကြီး"

"ခုတင် ဘယ်ကရနိုင်မှာလဲဗျာ"

"နန်းတော်မှာ တစ်ပြုကြီးရှိတယ်၊ မယားတောင် ပေးထားသေးတာ၊ ခုတင်လောက်တော့ ပြောစရာ မလိုပါဘူး"

"ဟုတ်ပေသားဗျာ"

"ဟုတ်ရင် မြန်မြန်သွားသယ်ချည်လေ၊ အချိန်မရှိတော့ဘူး၊ တော်ကြာ မိုးချုပ်တော့မယ်၊ အိပ်လည်း အိပ်ချင်လှပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့...ဟုတ်ပါ့"ဟုဆိုကာ နန်းတော်ဘက်သို့ အသော့နှင့်ခဲ့ရသည်။ ရောက်လျှင် မျက်နှာအောက်ချ၍ ခုတင်တောင်းရသည်။ လွယ်လွယ်နှင့် ရပါ၏။ သို့သော် သယ်ပို့မည့်သူမရှိ၍ နှစ်ယောက်အိပ်ခုတင်ကြီးကို မနိုင့်တနိုင်နှင့် ကိုယ်တိုင်ထမ်း၍ သယ်ခဲ့ရသည်။ ချွေးတဖြိုက်ဖြိုက်နှင့် မောလိုက်သည့်ဖြစ်ခြင်း။

ခုတင်ကို သခ်မ်းတွင် နေထားတကျ ချပြီးသောအခါ မုဒုလက္ခဏာက "ကဲ...ဆရာကြီး၊ နောက်တစ်ခေါက်"ဟု ဆိုလာပြန်သည်။

"ဘာယူရဦးမှာတုံးဗျား"

"ခုတင်ချည်း ဖြစ်မတဲ့လား၊ စဉ်းစားလည်း ကြည့်ပါဦး၊ အိပ်ရာခေါင်းအုံးလေး သယ်ချည်ဦးမှပေါ့ ဆရာကြီးရဲ့"

"ဟုတ်ပါ့...ဟုတ်ပါ့"ဟုဆိုကာ အသော့နှင်ရပြန်သည်။ အိပ်ရာခေါင်းအုံးလောက်ကတော့ မလေးလှပါ။ သို့ရာတွင် ယခင်တစ်ခေါက် ပင်ပန်းထားသည့် အရှိန်နှင့် သွားရ ပြန်ရ၊ သယ်ရသည်ကတော့ ချွေးရွှဲနစ်သည်။

အိပ်ရာ ခေါင်းအုံးများကို နေထားတကျ ချပြီးသောအခါ "ဟောတော်"ဟု ဆိုလာပြန်သဖြင့် "ဘာများတုံး"ဟု မေးလိုက်ရသည်။

"ခြင်ထောင်လည်း မပါ,ပါကလား"

"ခြင်ထောင်တွေဘာတွေ လိုသေးသလားဗျာ၊ တောထဲမှာပဲဟာ ဘယ်သူမြင်တာလိုက်လို့"

"လူမမြင်ပေမယ့် နတ်မြင်မှာပေါ့ ဆရာကြီးရဲ့၊ ရှက်စရာကြီး။ ခြင်ထောင်မရှိဘဲနဲ့လည်း မအိပ်တတ်ပါဘူး။ ပြီးတော့ ဥယျာဉ်ထဲမှာ ခြင်က ကိုက်ပါဘိသနဲ့။ ခြင်ထောင်မရှိလို့ ဘယ်ဖြစ်မတုံး"

"ဟုတ်ပါ့...ဟုတ်ပါ့"ဟုဆိုကာ ပြေးရပြန်၏။ ခြင်ထောင် အလွယ်ရလာပါ၏။ သို့နှင့်ပင် ခုတင်တွင် တပ်ဆင်ရာ၌ ကြိုးမရှိပြန်သောကြောင့် ချည်၍ရနိုင်သော နွယ်ကြိုးကလေးများကို မနည်းကြီး ရှာဖွေတပ်ဆင်ရသည်။

ကိစ္စအားလုံး ပြီးပြီဖြစ်၏။ မှောင်ရိပ်လည်း သမ်းလာပြီဖြစ်၏။ သို့ရာတွင် ချွေးတလုံးလုံးနှင့် မောလှသောကြောင့် ကပြင်တွင် ခေတ္တမျှ အနားယူ ထိုင်နေရသည်။ မုဒုလက္ခဏာ အိပ်ရာဝင်ဖို့သာ ရှိတော့သည်။

မိမိမှု အိပ်ချင်သည့်အခါမှ ဝင်၍အိပ်လိုက်ရန် ရှိတော့သည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် အမောမှ မပြေသေးမီပင် “ကဲ...ဆရာကြီး၊ အမောနည်းနည်း ပြေရင် ရေကလေးတော့ ခပ်လိုက်ဦးမှ”ဟု ဆိုလာပြန်သည်။

“ရေက ဘာလုပ်ဖို့တုံးဗျာ၊ သောက်ရေတွေလည်း အရှိသားပဲ”

“တယ်ခက်သကိုး၊ သောက်ရေမဟုတ်ဘူး ရှင်ကြီးရဲ့၊ ချိုးရေ၊ ချိုးဖို့ရေ။ ပူလှ အိုက်လှပါဘိသနဲ့။ အိပ်ရာဝင်ရင် ရေမချိုးဘဲ မအိပ်တတ်ဘူး။ ပြီးတော့ ရှင်ကြီးမှာလည်း ချွေးတွေတလုံးလုံးနဲ့။ ဒီအတိုင်းအိပ်ရာဝင်လို့ ဖြစ်မယ်တဲ့လား ရှင်ကြီးရဲ့”

“ဟုတ်ပဲ့...ဟုတ်ပဲ့”ဟုဆိုကာ ထရပြန်သည်။

ရသေ့များသည် ရံဖန် ရေတော့ ချိုးကြပါ၏။ သို့ရာတွင် ရေချိုးသည့်အလေ့ အထ အလွန်နည်းပါးသည်။ ခန္ဓာကိုယ်ကို အလိုမလိုက်သည့် တရားသဘောလည်း ပါ၏။ အပွကိစ္စောစ–အမှုကိစ္စ နည်းပါးရခြင်းသည်လည်းကောင်းဟုဆိုသည့် တရား သဘောလည်း ပါ၏။ သို့သော် ယခုတော့မူ ရသေ့မဟုတ်တဟုတ်နှင့် အိမ်ထောင် သက်မွေး၊ ခြနှယ်မြွေးသည့် အမှုကိစ္စများကို တစ်စတစ်စ သိမြင်လာရသည်။

သင်္ခမ်းအနီးတွင် အသုံးနည်းသော်လည်း လိုလျှင်သုံးရန် ကျောက်ရေခွက်ကြီး ရှိနေသည်။ ခပ်လှမ်းလှမ်းတွင် ဥယျာဉ်သို့ ရေသွယ်သော ချောင်းကလေးရှိသည်။ ဤအရာများကို မုဒုလက္ခဏာသည် စောစောကပင် အကဲခတ် သိရှိပြီးဖြစ်၏။ သို့ဖြစ်ရာ ချောင်းမှရေကိုခပ်၍ ကျောက်ရေခွက်တွင်ဖြည့်ရန် သင်္ခမ်းခေါင်းရင်းမှ ရေအိုးကိုဆွဲ၍ ထွက်ခဲ့ပြန်သည်။

မထွက်မီ “နှစ်ယောက်ချိုးလောက်ဖို့ ကျောက်ခွက်ပြည့်အောင်လည်း ခပ်နော်၊ ရှင်ကြီးပါ ချိုးရမှာ။ ရေမချိုးဘဲတော့ အိပ်ရာအဝင်မခံနိုင်ဘူး တော်ရေ့။ အိပ်ရာ ထဲမှာဆိုတာ သန့်သန့်ပြန့်ပြန့်မှ ကောင်းတာ၊ နားလည်ရဲ့လား ရှင်ကြီးရဲ့”ဟု ပြောလိုက်သေး၏။

“ဆရာရသေ့”မှ “ဆရာကြီး”သို့ ပြောင်းသည်။ ဆရာကြီးမှ “ရှင်ကြီးရဲ့”သို့ ရင်းရင်းနှီးနှီး နီးစပ်သံကလေးဖြင့် ပြောင်းလဲလာပုံမှာ ကျွန်ုပ် နားဝင်ချိုလှပါ၏။ သို့ရာတွင် နန်းတော်က လာသည်မှ ယခုအထိ မပြီးနိုင်မဆုံးနိုင်သော အမှုကိစ္စ များကြောင့်တော့ မသက်သာလှ။ အင်မတန်ကြီးကို မသက်သာလှ။ သို့ဖြစ်ရာ အကျိုးကလေးတစ်ပဲမျှအတွက် အရင်းအနှီး တစ်ခွဲကြီး တစ်တင်းကြီးမက စိုက် ထုတ်နေရပါတကားဟု ကျွန်ုပ် တေးထင်လာမိသည်။ သို့ရာတွင် ငုပ်မိသဲတိုင်

www.burmeseclassic.com

www.burmeseclassic.com



တက်နိုင်မှ အဖျားရောက်တော့မပေါ့။ အဖျားရောက်ချိန်နီးပြီ၊ ကပ်နေပြီဟု အားတင်း၍ ရေခပ်သည်။

ရေခပ်ရသည်မှာ ကျောက်ခွက်ကြီးပြည့်အောင် အခေါက်ခေါက်အခါခါ ခပ်ရသောကြောင့် မသက်သာလှ၊ ရေခပ်ရင်း ညဥ့်ကလည်း နက်လာပြီ။ ချောင်းကလေးရှိရာသို့ မှုန်မှုန်မွှားမွှား သွား၍ ရေခပ်ရသောကြောင့် ချောချောပြေပြေ မရှိလှ။ တုံးတိုက်၊ ခဲနင်း ဖလုံး ဖခုနှင့် လဲသည့်အခါ လဲရသေးသည်။

သို့နှင့် ရေခပ်ကိစ္စ ပြီးစီးသွားသည်။ ရေမချိုးဘဲ မအိပ်နိုင်၊ မအိပ်ရဟုဆိုသည်။ ချိုးကျင့်နည်းသောကြောင့် မချိုးချင်သော်လည်း ချိုးရပေဦးမည်။ မှန်တော့ မှန်၏။ ရေချိုးကျင့် နည်း၊ ခန္ဓာကိုယ် သန့်စင်ကျင့် နည်းသောကြောင့် မိမိကိုယ်တွေ ကြေးညှော်တွေ အထပ်ထပ်ဖြစ်လျက်ရှိသည်။ ဆံကေသာကလည်း ဗရပျစ်၊ မုတ်ဆိတ်မွေးကလည်း ဗရပျစ်၊ ညစ်ညစ်ထေးထေးနှင့် လှသော၊ နုသော မုဒုလက္ခဏာကလေးက ဤမျှ ညစ်ညစ်ထေးထေး ခန္ဓာကိုယ်ကြီးကို အဘယ်ပုံ ရွှေလည်ယှဉ်တွဲ၍ နွဲ့ချင်ပါ့မတုံး။

"ရေခပ်လို့ပြီးပါပေါ့ဗျား"ဟု မုဒုလက္ခဏာသို့ သတင်းပို့သည်။

"ခပ်ပြီးရင် ချိုးကြရုံပေါ့၊ အတူတူချိုးလို့တော့ မဖြစ်ဘူးနော်၊ တခြားစီ ချိုးရမှာ။ ရေလဲရှိကြတာ မဟုတ်ဘူး။ အမှောင်ကိုပဲ ရေလဲလုပ်ရမှာ။ ကျွန်မက အရင်ချိုးမယ်၊ ရှင်ကြီးက နောက်မှချိုး၊ ဒီနေ့အဖို့တော့ ကိစ္စပြီးပါပြီ။ ရေချိုးပြီးရင် အိပ်ကြရုံပေါ့"

"ဟုတ်ပါ့ဗျား...ဟုတ်ပါ့"

"အမယ်...ဒါ့ထက် အခုသတိရလာပြန်ပြီ ရှင်ကြီးရေ့၊ ရှင်ကြီးရဲ့ သခ်မ်းနားမှာ အိမ်သာလည်း မတွေ့ရဘူး၊ အိမ်သာကျင်းကလေးတော့ ရေမချိုးခင် တူးလိုက်ဦးမှ"

"အိမ်သာပဲဗျာ ဟိုနားဒီနား ထိုင်လိုက်လည်း ပြီးတာပဲမဟုတ်ဘူးလား"

"ရှင်ကြီးကတော့ လုပ်ပြီ၊ ကျွန်မက မိန်းမသားရှင့်၊ ပြီးတော့ မိဖုရားရှင့်၊ ရှင်ကြီးတို့လို ဟိုနားဒီနား မထိုင်တတ်ဘူး။ အိမ်သာကလေးတော့ လုံလုံခြုံခြုံ ရှိဦးမှ၊ ပြီးတော့ ကျွန်မက ညညကို ထ,တတ်တဲ့အကျင့်ရှိတယ်။ ပြီးတော့လည်း ဟိုနားဒီနားသွားတယ်ပဲ ဆိုပါဦးတော့၊ မတော်တဆ မြွေများ ကင်းများ ကိုက်လိုက်ရင် ရှင်ကြီး ဘယ့်နှယ်လုပ်ပါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ဗျား...ဟုတ်ပါ့၊ နို့ပေမယ့် အိမ်သာတူးဖို့ဆိုတော့ တူးရှင်းက လိုပေသေးတယ်"

"တူးရှင်းပဲရှင်၊ ဟိုနားဒီနား ပြေးငှားလိုက်ရင် ရမှာပေါ့။ သူများဆီ မငှားချင်လည်း နန်းတော်မှာ တစ်ပြုကြီး"

"ညဉ့်လည်း နက်လှပြီခင်ဗျ"

"နက်ပေမယ့် ဒါကလေးတော့ လုပ်ပေးပါဦးနော်...နော်၊ မရှိမဖြစ်လို့ပါ။ ဒါကလေးပြီးရင် နောက်ထပ် ဘာမှမခိုင်းတော့ပါဘူး၊ အိပ်ကြရုံပေါ့"

"ဟုတ်ပါ့...ဟုတ်ပါ့"ဟုဆိုကာ နန်းတော်ဘက်သို့ ပြေးရပြန်၏။

အချိန်မဟုတ်တော့သော်လည်း နန်းတော်သည် ကျွန်ုပ်လာလျှင် အဆင်သင့်ဖြစ်ရန် စောင့်နေကြဟန်ရှိ၏။ မြို့တံခါးလည်း အသင့်ဖွင့်သည်။ နန်းတော်တံခါးလည်း အသင့်ပွင့်လာသည်။ အချိန်မတော်၌ မြို့တံခါး၊ နန်းတော်တံခါး ဖွင့်ဖို့ဆိုသည်မှာ လွယ်သောကိစ္စမဟုတ်။ ထို့ကြောင့် ကျွန်ုပ်သက်ာရန့်မကင်းလှ။ ဤကိစ္စ၊ ထိုကိစ္စများအတွက် နန်းတော်နှင့် မိဖုရားသည် အချိန်းအချက်များ လုပ်ထားပြီးလေရော့သလားဟု ကျွန်ုပ် စဉ်းစားသည်။

စဉ်းစားရင်းဖြင့် တူးရှင်းကို အသော့ယူကာ ကျောင်းသခ်မ်းသို့ ပြန်ခဲ့သည်။ သင့်လျော်ရာတစ်နေရာတွင် အိမ်သာကျင်း တူးမည်ပြုသောအခါ မဒ္ဒလက္ခဏာက "ခပ်နက်နက် ကျယ်ကျယ်ကလေးလည်း တူးနော်။ ဒါမျိုးက ကိုယ့်ဥစ္စာ သူများမြင်လို့လည်း မကောင်းဘူး၊ ကိုယ့်ဥစ္စာ ကိုယ်မြင်လို့လည်း မကောင်းဘူး။ ပြီးတော့ အနံ့အသက်ကလည်း ရှိသေးတယ်။ အကာအရံကလေးကလည်း ဟိုနားဒီနားက သစ်ခက် သစ်ကိုင်းကလေးတွေ ဆွဲပြီး တစ်ပါတည်းလုပ်ခဲ့ပေါ့"ဟု ပြောလိုက်သေးသည်။

အိမ်သာကျင်းတူးရသည့်အလုပ်မှာ မလွယ်လှပေ။ မြေကျစ်မြေမာတွင် ကျောက်တုံး ကျောက်ခဲကလည်း ရှိသေး၏။ ထို့ကြောင့် တူးရှင်းကို တအားလွှဲ၍လွှဲ၍ တူးရသဖြင့် ချွေးသီးချွေးပေါက်ကျအောင် ပင်ပန်းရပြန်သည်။ ပြေးရ လွှားရ၊ သယ်ရပိုးရ၊ တူးရဆွရနှင့် တစ်ကိုယ်လုံးလည်း နာကျင်လျက်ရှိနေပြီဖြစ်၏။

ထို့ကြောင့် မြေတူးရင်းဖြင့် ယခင်က ပုတီးကိုင်သောလက်သည် ယခု တူးရှင်းကိုင်နေရပါပေါ့တကား၊ ယခင်က တရားထိုင်သောအချိန်တွင် ယခု မြေတူးနေရပါပေါ့တကားဟု စဉ်းစားမိလာသည်။ တစ်ညနေလုံး မနားရအောင် ပင်ပန်းရမှု

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လှဲလျောင်းနားနေကာ အိပ်ချင်စိတ်ဝင်လာသော်လည်း မနားနေ မအိပ်စက်နိုင်သေး။ အိမ်သာကျင်းကို ပြီးအောင်တူးရဦးမည်။ ရေချိုးရဦးမည်။ ကြေးညှော်တို့ကို ချွတ်တိုက်ရပေဦးမည်။

သို့နှင့် လင်းအားကြီးဘက်သို့ပင် ရောက်လာပေပြီ။ အချိန်ကို ခန့်မှန်း၍ မက်လုမက်လုနှင့် နိုးရမည့် အိပ်မက်ကိန်းမျိုးများ ဆိုက်နေရော့မှာလားဟုလည်း စဉ်းစားမိ၏။ တစ်ညခင်းလုံး ပင်ပန်းရမှုကြောင့် မုဒုလက္ခဏာအပေါ်၌ မူးယစ်ဝေသီစိတ်များ လျော့ပါးလာရုံမက ကုန်ခန်း စိတ်ပျက်၍ပင်လာ၏။

ကျွန်ုပ်မှာမူ ယခုတိုင် တစ်မှေးတစ်မှိတ်မျှ မမှေးမှိတ်ရသေး။ သူ့မှာကား ကျွန်ုပ်သွားလာလှုပ်ရှား အလုပ်များနေချိန်များ၌ မှေးမှိတ်နေပေလိမ့်မည်။ လင်းလုလု အချိန်ဖြစ်၍ အေးစိမ့်စိမ့်ဖြစ်လာသော်လည်း ရေချိုးမည်ဆိုကာ ကျောက်ခွက်မှောင်ရိပ်သို့ ထွက်သွားသည်။ မကြာမီ ရေချိုးပြီးသည်ဆိုပြီး ပြန်လာသည်။ ကျွန်ုပ်ကို ရေချိုးခိုင်းသည်။

ဤတွင် ကျွန်ုပ်၏ ဦးခေါင်းမှ ဒေါက်ချာကို သူ့ရှေ့တွင်ပင် စတင်ချွတ်လိုက်သောအခါ မုဒုလက္ခဏာက ကျွန်ုပ်၏ဦးခေါင်းကိုကြည့်၍ "အလိုလေးလေး..."ဟု ညည်းတွားလိုက်သည်။

"ဘာဖြစ်ပြန်သလဲ ခင်ဗျ"

"ဘာဖြစ်ရမှာလဲ၊ ရှင်ကြီးရဲ့ ခေါင်းတစ်ခုလုံး ဖြုတ်သိုက် ထူရပျစ်ကြီး ဖြစ်နေတာမှ ကိုယ့်ဟာကိုယ် မသိဘူးလား။ ရှင်ကြီး အနားကပ်လိုက်ရင် နံလိုက်တာကလည်း လွန်ရော၊ ရေချိုးကာသယ်မှုန့် ကလေးမှလည်း မရှိ။ ရေချိုးလို့ စင်မှာလည်း မဟုတ်ဘူး၊ ဒီတော့..."

"ဒီတော့ ဘာဖြစ်သလဲ"

"ဘာဖြစ်ရမှာလဲ၊ နံနံစော်စော်ကြီးနဲ့ ဘယ်မှာ အတူအိပ်လို့ ဖြစ်တော့မှာလဲ။ မိုးလည်းလင်းလုပါပြီ၊ နက်ဖြန်ကျမှပဲ စင်စင်ကြယ်ကြယ် ရေမိုးချိုးပြီး..."

"ကျုပ်နားလည်ပါပြီ မိဖုရား၊ ကျုပ် သဘောပေါက်ပါပြီ"

"ဘာနားလည်တာလဲ ဆရာရသေ့"

ပါးနပ်သောမိဖုရားသည် ကျွန်ုပ်၏သဘောကို သိရှိဟန်ဖြင့် "ဆရာရသေ့"ဟု ချက်ချင်း လေသံပြောင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"နက်ဖြန်ကျတော့လည်း ဒီ့ထက်မက ဒုက္ခတွေ ပိုလာဦးမှာပါပဲ။ ကျုပ်ဟာ ဒီလိုဒုက္ခတွေကိုကြောက်လို့ ကုဋေရှစ်ဆယ်ကိုတောင် စွန့်လွှတ်ပြီး ရသေ့လုပ်ခဲ့တာ၊ အခုတော့ ကာမဂုဏ် မျက်စိလည်ပြီး ဒုက္ခကောင်းကောင်းကြီး တွေ့နေရတယ်။ အဲဒီတော့..."

"သတိ သံဝေဂ ပြန်လည်ရတယ်ကြားလို့ သာဓုခေါ်ပါတယ်။ အဲဒီတော့ ဘာလုပ်ရမှာလဲ ရှင်ရသေ့"

"နန်းတော်ကို ငါ့နောက်က လိုက်ခဲ့ပေတော့"

[ ၅ ]

မိဖုရား၏ ဆုံးမနိုင်စွမ်းကြောင့် ဤသို့ဖြစ်လာရမည်ကိုသိသော ဘုရင်သည် နံနက်စောစောပင်ဖြစ်သော်လည်း ကျွန်ုပ်တို့ကို စောင့်ကြိုနေသည်ကို တွေ့ရသည်။ တရားစိတ် ပြန်ဝင်လာပြီးဖြစ်သော ကျွန်ုပ်အဖို့ မရဲမဝံ့မဟုတ်ဘဲ ယခင်ကလို သိက္ခာအပြည့်ဖြင့်ပင် ဘုရင့်ထံသို့ ရောက်သောအခါ ဘုရင်သည် ရှိခိုးကြည်ညို၏။

"မင်းမြတ်...ငါကား ကာမဂုဏ်သလာလွှမ်း၍ အမှားကြီး မှားမိပေပြီ။ သို့ရာတွင် သင်၏ လိမ္မာသော မိဖုရားသည် ငါ့အား ကောင်းစွာဆုံးမနိုင်ပေ၏။ သင့်မိဖုရားကို သင့်အား ပြန်လည်ပေးအပ်ပါ၏။ ငါ့အဖို့ မိဖုရားအား လက်ဖျားနှင့်မျှပင် မထိမတို့သဖြင့် သန့်စင်ပါသည်။ ငါ့အား ခွင့်ပြုလေလော့"

"ဆရာရသေ့၊ အဘယ်သို့ ကြွမည်နည်း"

"ခေတ္တတော့ သစ်မ်းမှာပင် သီတင်းသုံးမည်။ သို့ရာတွင် သမာဓိဝသီဘော် ရှိပြီးသော ငါ့အဖို့ ဈာန်အတွက် မခဲယဉ်းပါ။ ဆရာတို့စကား နားမထောင်မိ၍ ဒုက္ခတွေ့ရသည်။ ဝိသဘာဂ မိန်းမတို့ဟူသည် ငါတို့အတွက် အဆိပ်ပြင်းသော မြွေတို့သာတည်း။ ထို့ကြောင့် နန်းတော်ကို အပထား၍ နောက်နောင်ကို မြို့ရွာ သို့ပင် မချဉ်းကပ်တော့ပါ။ ငါ့အား ခွင့်ပြုကြပါလေလော့"

ကျွန်ုပ် ထွက်ခွာလာခဲ့သည်။ ဘုရင်နှင့် မိဖုရားတို့၏ သာဓုသံ အကြိမ်ကြိမ်ကို သဲ့သဲ့ကြားရသည်။

နိဂုံးချုပ်ရန်ကား-ဘုရားရှင်၏ ပစ္စုပ္ပန်ဇာတ်လမ်းတော့ မဟုတ်၊ မိန်းမအာရုံ ကြောင့် တွေဝေလျက်ရှိသည့် ရဟန်းတစ်ပါးအား ဟောတော်မူသော အတိတ်ဇာတ် ဖြစ်သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# ထုတိမင်္ဂလာမဟာပွဲတော်

[ ၁ ]

သင်္ဂါယနာပွဲတော် ခြောက်ကြိမ်အနက် ပထမဆုံး သင်္ဂါယနာပွဲတော်မှာ အထူးခြားဆုံးပွဲတော်ဟု ဆိုရဖို့ရှိ၏။ အရှင်မဟာကဿပ အမှူးပြုသော ထိပ်သီး နာမည်ကျော် ရဟန္တာအရှင်များ ဦးစီးသောကြောင့်ကား မဟုတ်။ ထူးခြားပုံကား ပိဋကတ်သုံးပုံကို သင်္ဂါယနာတင်၍ ပြီးစီးသည့်နောက်တွင် ဓမ္မဘဏ္ဍာဂါရိကဖြစ်သော အရှင်အာနန္ဒာအပေါ်၌ မမျှော်လင့်သောပြဿနာမျိုးစုံကို သင်္ဂါယနာနှင့် တစ်ဆက်တည်း သင်္ဂါယနာဦးစီး အရှင်မဟာကဿပမထေရ်ကြီးက မေးမြန်းတင်ဆို လာသောကြောင့်ပင် ဖြစ်ပေသည်။

ခုရှုပ်မှ နောင်ရှင်းဟူသော စကားအရ ယခုရှင်းလင်း၍ မပေးခဲ့သော် အရှင် အာနန္ဒာအဖို့ သာသနာတော်သမိုင်းတစ်လျှောက်၌ တရားခံပမာ ဖြစ်နေရရှာပေရော့ မည်။ ယင်းသို့ တရားခံမဖြစ်စေရန် အရှင်အာနန္ဒာအပေါ်၌ မေတ္တာစိတ်အပြည့် ဖြင့် ဤပြဿနာများကို ဦးဆောင်မေးမြန်း ဖြေရှင်းစေတော်မူခြင်းဖြစ်သည်။

"ငါ့ရှင်အာနန္ဒာ...ဘုရားရှင် သက်တော်ထင်ရှား ရှိနေတော်မူစဉ်တွင် သင် သည် ဘုရားရှင်၏ တာဝန်ရှိသော အလုပ်အကျွေးဖြစ်သည့်အတိုင်း သင်နှင့်စပ်လျဉ်း သော ပြဿနာအချို့ ရှိနေခဲ့ပေသည်။ ယင်းပြဿနာများအတွက် သံဃာရော၊ ဒါယကာ ဒါယိကာတို့ပါ မကျေမလည်ဖြစ်နေကြရသည်။ ဤအထိုင်းထားခဲ့သော် အနာဂတ် သာသနာတော်တစ်လျှောက်လုံးတွင်လည်း ငါ့ရှင်အပေါ်၌ မကျေမလည်

www.burmeseclassic.com



ဖြစ်နေကြလိမ့်မည်။ ထို့ကြောင့် ယခု သံဃာ့အလယ်တွင် ယင်းပြဿနာများကို ငါမေးမည်၊ ကောင်းစွာဖြေဆိုပေလော့”

“ဖြေပါမည် အရှင်ဘုရား”

ပြဿနာတင်ရန် အရှင်မြတ် ချည်လိုက် တုပ်လိုက်ပုံမှာ ခမ်းနားလှပါပေ၏။ မည်သည့် ပြဿနာမျိုးကို မိမိပြုလုပ်ခဲ့မိသည်ဟူ၍ကား သတိမထားမိခဲ့ပါချေ။ သို့ရာတွင် ရဟန္တာမဟုတ်ခဲ့သေးသော သောတာပန်အဆင့်မျှတွင် ဘုရားရှင်၏ ကိစ္စကြီးငယ်မှန်သမျှကို တာဝန်ယူရသော အလုပ်အကျွေးဖြစ်သည့်အတိုင်း စေတနာမပါ။ မိမိမသိသော ချွတ်ယွင်းမှုများ ရှိခဲ့တန်ပေရာ၏။ ယင်းချွတ်ယွင်းမှုများကို သံဃာ့အလယ်တွင် ယခု မေးစစ်လေတော့မည်ဟု နားလည်ရ၏။

ချွတ်ယွင်းမှုအပြစ်ဟူသည် မိမိမသိဘဲနှင့်ဖြစ်စေ၊ ပုထုဇဉ်တို့ ဂတိအားဖြင့် ရံဖန် သိလျက်နှင့်ပင်ဖြစ်စေ ဖြစ်ပေါ်တတ်သည်။ ဒွေပုဂ္ဂလာအနာပတ္တိ–ဘုရားနှင့် ပစ္စေကာ ဗုဒ္ဓါတို့မှတစ်ပါး အာပတ်မသင့်ဖူးသူ၊ အပြင်သို့မရောက်ဖူးသူဟူ၍ မရှိဟု ပင် ဘုရားရှင် ဟောကြားတော်မူခဲ့သည် မဟုတ်ပါလော။

သိလျက်ဖြစ်စေ၊ မသိဘဲဖြစ်စေ အပြစ်ဟူ၍ ဖြစ်လာလျှင် ထုတ်ဖော်ပြောမည့်သူ အလွန်ရှားသည်။ ထုတ်ဖော်ပြောပြန်လျှင်လည်း ကျိုးနွံလိုက်နာမည့်သူ အလွန်ရှားသည်။ သောဝစ္စဿတာ–နာလွယ်သူ၏ဂုဏ်နှင့် ပြည့်စုံသောသူတို့အတွက် အပြစ်ကို ထုတ်ဖော်ပေးမည့်သူ ကြုံလာခြင်းသည် လာဘ်ကြီးတစ်ပါးပင်ဖြစ်၏။

ထို့ကြောင့် အရှင်အာနန္ဒာသည် ဝမ်းမြောက်စွာ နာခံတော့မည်၊ သဲဒဏ်၊ ရေဒဏ် စသည် ဒဏ်ခတ်မှု တစ်စုံတစ်ရာ ပေးလာသော်ပင် နှိမ်ပျပ်သော ကိုရင်လေး တစ်ပါးကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ခံယူမည်ဟူသောသဘောဖြင့် သေသပ်ပြီးသော ကိုယ်ဟန်နှင့် သင်္ကန်းကိုပင် ပို၍သေသပ်စေရန် ပြင်ဆင်လိုက်ပြီးလျှင် မိန့်ကြားလတ္တံ့သော အရှင်မဟာကဿပ၏ မိန့်ခွန်းတော်များကို ဦးညွတ်ကြားနာသည်။

[ ၂ ]

“ငါ့ရှင် အာနန္ဒာ…ငါ့ရှင်သည် ဓမ္မဘဏ္ဍာဂါရိက တရားဘဏ္ဍာစိုး ဖြစ်၏။ သို့ဖြစ်၍ တရားဓမ္မနှင့်ပတ်သက်လာလျှင် အခြားအရှင်များထက် သင့်မှာ ပို၍ တာဝန်ရှိသည်။ သို့ပါလျက် ဘုရားရှင်က ‘ခုဒ္ဒါနု ခုဒ္ဒက–သေးငယ်သော၊ သေးငယ်

www.burmeseclassic.com

www.burmeseclassic.com



လွှန်းသော သိက္ခာပုဒ်များကို ပယ်နုတ်ပစ်နိုင်သည်’ဟု မိန့်ကြားတော်မူစဉ် အခါတွင်လည်းကောင်း၊ ‘လျှောက်ထားဖွယ် တစ်စုံတစ်ရာရှိလျှင် လျှောက်ထားလိုက်ကြ’ဟု မိန့်တော်မူရုံမျှမက ‘မလျှောက်ထားလိုက်ရသောကြောင့် နောင်ခါ နောင်တ မဖြစ်ကြကုန်လင့်’ဟုပင် ထပ်လောင်း မိန့်ကြားတော်မူသောအခါတွင်လည်းကောင်း အဘယ်သိက္ခာပုဒ်တို့ကို နုတ်ပယ်ရပါမည်နည်းဟု မလျှောက်ထားခဲ့သည်မှာ အဘယ့်ကြောင့်ပါနည်း ငါ့ရှင်”

“အရှင်မြတ်ဘုရား...ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော့အံ့ဆဲဆဲ သည်းထန်သော ဘုရားရှင်၏ဗျာဓိဒုက္ခ၊ မရဏဒုက္ခ၊ ခွဲခွာရတော့အံ့ဟူသော မိမိ၏ ပရိဒေဝ ဒုက္ခ နှိပ်စက်အပ်သောကြောင့် သတိမေ့လျော့သဖြင့် မလျှောက်ထားခဲ့မိပါ အရှင်ဘုရား”

မှန်လှပေ၏။ တာဝန်ရှိသူဖြစ်၍သာ ရှင်းသည်ထက် ရှင်းအောင် မေးမြန်းစိစစ်လိုက်ရသည်။ ဤအကြောင်းကိုမူ အရှင်တို့အားလုံးပင် သိကြပြီးဖြစ်၏။

ထိုစဉ်က သောတာပန် သေက္ခမျှသာရှိသေးသော အရှင်အာနန္ဒာသည် မျက်ရည်တောက်တောက်ယိုသည်အထိ ပရိဒေဝကြီးရာသောကြောင့် ဘုရားရှင်ကိုယ်တော်တိုင်ပင် အနီးသို့ခေါ်၍ တရားဖြင့် ဖြေသိမ့်ရရှာ၏။

ဤကိစ္စတွင် ဘုရားရှင်အနီး၌ ရှိခဲ့ကြသော ရဟန္တာကြီးတို့သည်လည်း တာဝန်မကင်းပေ။ သို့ရာတွင် ရဟန္တာကြီးများကိုတော့ ကိလေသာကင်းစင်ပြီးသူများဖြစ်၍ နောင်အခါ၌ မည်သူကမျှ အပြစ်တင်ကြမည်မဟုတ်။ တာဝန်ရှိသော အရှင်အာနန္ဒာကိုသာ အပြစ်တင်ကြဖို့ရှိသည်။ သို့ဖြစ်၍ ရှင်းလင်းအောင် မေးမြန်းစိစစ်ထားလိုက်ရခြင်း ဖြစ်ပေသည်။

[ ၃ ]

“ငါ့ရှင်အာနန္ဒာ...ငါ့ရှင်သည် ဘုရားရှင်၏ သင်္ကန်းတော်ကို ချုပ်ရာ၌ အဘယ့်ကြောင့် ခြေဖြင့်နင်း၍ ချုပ်ဘိသနည်း ငါ့ရှင်”

“အရှင်မြတ်ဘုရား...မရှိသေသောကြောင့် သင်္ကန်းတော်ကိုနင်း၍ ချုပ်ခြင်း မဟုတ်ရပါဘုရား”

ပြဿနာမဟုတ်သော ပြဿနာဟု ဆိုရမည်ဖြစ်ပါ၏။ သို့ရာတွင် ရှင်းထားလျှင် အရှင်အာနန္ဒာအဖို့ ပို၍ကောင်းသောကြောင့် မေးရခြင်းဖြစ်သည်။ အရှင်

www.burmeseclassic.com

www.burmeseclassic.com



အာနန္ဒာက ဘုရားရှင်အား မရှိမသေပြုအပ်ခြင်းမည်သည် အဘယ်ပုံ ရှိနိုင်စကောင်းပါအံ့နည်း။

အလုပ်အကျွေးဖြစ်သည့်အတိုင်း ဘုရားရှင်သက်န်းတော်ကို တစ်ကြိမ်မက ချုပ်လုပ် ဖွပ်လျှော်ပေးခဲ့ရ၏။ သင်္ကန်းကြီးတစ်ထည်ကို ချုပ်ခြင်း၊ ဖွပ်လျှော်ခြင်းဟူသည် ခြေဖြင့် အဘယ်ပုံကင်းနိုင်ပါအံ့နည်း။ မကင်းသောကြောင့် မရှိမသေပြုသည်ဟု အဘယ်ပုံ ဆိုနိုင်စကောင်းပါအံ့နည်း။

သို့ရာတွင် အပြစ်မဟုတ်သည်ကို အပြစ်ဟုမြင်သော အကြည်ညိုလွန်သူတို့ ရှိနေကြ၏။ ယင်းပုဂ္ဂိုလ်တို့အဖို့ နောင်အခါတွင် ရှင်းလင်းစေရန် မေးထုတ်ဖော်ရသော အရှင်မဟာကဿပအား ကျေးဇူးတင် ဝမ်းမြောက်စွာဖြင့် ဖြေကြားရသည်။

[ ၄ ]

"ငါ့ရှင် အာနန္ဒာ...ဘုရားရှင် ပရိနိဗ္ဗာန်ပြုသောအခါ ဖူးမြော်ရန် လာရောက်ကြသော မလ္လာမင်းမျိုးတို့အနက် ဘုရားရှင်၏ အလောင်းတော်အား မိန်းမများကို အဘယ့်ကြောင့် ရှေးဦးစွာ ဖူးမြော်စေခဲ့ပါသနည်း ငါ့ရှင်"

"အရှင်မြတ်ဘုရား...အချိန်ကြန့်ကြာမည့်အရေးကြောင့် မိန်းမများအား ဦးစွာ ခွင့်ပေးခဲ့ခြင်း ဖြစ်ပါသည်ဘုရား"

ရှိနေပြီးသော သံဃာတော်ခုနစ်သိန်းဖြင့်ပင် ကုသိနာရုံအား ကျဉ်းမြောင်းစေခဲ့ပြီဖြစ်၏။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုသောအခါ ရောက်လာသော မလ္လာမင်းတို့ အသိုင်းအဝိုင်းများ၊ မလ္လာပြည်သူပြည်သားတို့နှင့်ဆိုသော် နေရာစီစဉ်ရေးကိစ္စမှာ ကြီးစွာသော အခက်အခဲတစ်ရပ် ဖြစ်ခဲ့ရပေ၏။

ဘုရားရှင်၏ အလောင်းတော်အနီး ရှေ့ပိုင်းတွင် အရေးပါသော သံဃာတော်ကြီးများ ဝိုင်းရံလျက်ရှိ၏။ ဒါယကာ ဒါယိကာမများကိုမူကား အလှည့်ဖြင့် ဖူးတွေ့ခွင့်ပေးရသည်။ ယင်းသို့သော အစီအစဉ်တွင် မင်းများ၊ ယောကျ်ားများကို ရှေ့က ထား ဦးစားပေး၊ အမျိုးသမီးများကို နောက်ကထား၍ စီစဉ်နေရလျှင် ရှုပ်ထွေးကုန် ဖွယ်ရှိသည်။ အချိန်ပို၍ ကြန့်ကြာမှုလည်း ရှိလာမည်။ မီးလောင်ရာတွင် ထေရ်စဉ် ရွေးနေဖို့ မလိုသကဲ့သို့ အချိန်မကြန့်ကြာစေရန် လိုအပ်သလို စီစဉ်ပေးခဲ့ရသည်။

www.burmeseclassic.com



ဤသည်ကို ယောက်ျားနှင့် မိန်းမ၊ အယုတ်အမြတ်၊ အနိမ့်အမြင့်ခွဲ၊ ထေရ်စဉ်ဝါစဉ်ခွဲ၊ ကြီးသူတို့ အမြင်ဖြင့်ကြည့်သော် ပြောစရာဖြစ်ခဲ့ရသည်။ ယခု အရှင်မဟာကဿပ၏ ခုံတင်မေးစစ်မှုကြောင့် ရှင်းလင်းသွားသဖြင့် ဝမ်းမြောက်ရ၏။

ဤနေရာ၌ လိုအပ်သလို အစီအစဉ်တွင် ဘုရားရှင်ကိုယ်တော်တိုင် ကူညီခန့်ခွဲတော်မူခဲ့သည်ကို သတိရကြရန်ဖြစ်၏။ စီစဉ်ဟန်ကား ဥပဝါဏမထေရ်အား မိမိအနီးမှ ဖယ်ရှားပစ်ခဲ့ခြင်းပင် ဖြစ်ပေသည်။

အရှင်ဥပဝါဏကား အရှင်အာနန္ဒာကဲ့သို့ မထင်ရှားစေကာမူ တစ်ချိန်သောအခါက ဘုရားရှင်၏ အလုပ်အကျွေးတာဝန်ကို ယူခဲ့သူဖြစ်၏။ သို့ဖြစ်၍ ဘုရားရှင်အပေါ်၌ လေးစားမှုကြီးမားခဲ့သော အရှင်ဥပဝါဏသည် ပရိနိဗ္ဗာန်ပြုအံ့ဆဲဆဲ ဘုရားရှင်၏ မျက်နှာတော်အနီး၌ မပြတ် ယပ်ခတ်ပူဇော်လျက် ရှိနေပေသည်။

ဤသည်ကို ဘုရားရှင်က "ချစ်သား ဥပဝါဏ...ငါ၏ရှေ့တော်မှ ဖယ်လော့၊ ရှားလော့၊ အဝေးသို့သွားလော့၊ ငါ၏ရှေ့တော်တွင် မနေလင့်"ဟု နှင်ထုတ်တော်မူသောအခါ သေက္ခအဆင့်မျှသာ ရှိသေးသော အရှင်အာနန္ဒာအဖို့ အံ့အားသင့်ရ၏။

ဘုရားရှင်၏ အလိုတော်ကိုသိသော အရှင်ဥပဝါဏသည် ဘုရားရှင်၏ တစ်ခွန်းတည်းသော အမိန့်တော်မျှဖြင့် ယပ်ကိုချ၍ သင့်လျော်ရာသို့ ရှောင်ရှားထွက်ခွာသွားသည်။ အကြောင်းမူကား အရှင်ဥပဝါဏသည် ရဟန္တာတစ်ပါးဖြစ်ပေရာ ဘုရားရှင်က အဘယ့်ကြောင့်နှင်ထုတ်တော်မူသည်ကို သိသောကြောင့်ပေတည်း။

သို့ရာတွင် မကျေမလည်ဖြစ်လျက်ရှိသော အရှင်အာနန္ဒာက "အရှင်မြတ်ဘုရား...အရှင်ဥပဝါဏသည် အရှင်မြတ်၏ ပထမဗောဓိဟု ဆိုအပ်သော ဝါတော်နှစ်ဆယ်အတွင်း၌ အချိန်ကြာမြင့်စွာ အလုပ်အကျွေးတာဝန်ကို ယူခဲ့သူဖြစ်ပါသည်။ အတွင်းနေတပည့် ဖြစ်ခဲ့ပါသည်။ ကျေးဇူးရှိသူ ဖြစ်ခဲ့ပါသည်။ သို့ပါလျက် ယခုကဲ့သို့ နှင်ထုတ်သည်မှာ အရှင်ဥပဝါဏ၌ အပြစ်တစ်စုံတစ်ရာ ရှိ၍ပါလား ဘုရား" ဟု လျှောက်ထားသည်။

"အာနန္ဒာ...ဥပဝါဏ၌ အပြစ်ရှိ၍ မဟုတ်ပေ။ သို့ရာတွင် ဥပဝါဏသည် ရဟန္တာတစ်ပါးဖြစ်ရုံမက ကိုယ်ခန္ဓာကြီးမား၏။ သူ ဖုံးမြှော်သောနေရာမှာ ငါဘုရားမျက်နှာတော်အနီးဖြစ်ရာ ရောက်လာသောပရိသတ်သည် ငါဘုရားမျက်နှာတော်ကို မဖူးတွေ့ရသောကြောင့် ကွယ်လျက်ရှိသော ဥပဝါဏအား ငြိုငြင်လျက် ရှိနေကြသည်။

www.burmeseclassic.com



အာနန္ဒာ…ရောက်လာသောပရိသတ်မှာ လူဒါယကာများသာမဟုတ်၊ နတ်ဗြဟ္မာ ပရိသတ်လည်း ပြည့်ကျပ်လျက်ရှိသည်။ သို့ဖြစ်ရာ အထူးသဖြင့် နတ်ဗြဟ္မာ ပရိသတ်များက ဥပဝါဏအား ငြိုငြင်လျက်ရှိနေကြသည်။ အကြောင်းမူကား နတ်ဗြဟ္မာတို့သည် ပုထုဇဉ်တို့၏ ခန္ဓာကိုယ်ကို ဖောက်ထွင်း၍ မြင်နိုင်စွမ်းသော်လည်း ရဟန္တာ၏ ခန္ဓာကိုယ်ကိုမူကား ဖောက်ထွင်း မမြင်နိုင်စွမ်းသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဥပဝါဏအား အဝေးမှ ဖူးမြော်စေရပေသည်"

ဤသည်လည်း ကုသိနာရုံ၌ နေရာအခက်အခဲ ပြဿနာတစ်ရပ် ဖြစ်ခဲ့ပေသည်။

[ ၅ ]

"ငါ့ရှင် အာနန္ဒာ…ဘုရားရှင် ပရိနိဗ္ဗာန်မပြုမီ တောင်းပန်သူရှိပါက အာယုကပ်ပတ်လုံး နေနိုင်ကြောင်း အရိပ်အမြွက် မိန့်ကြားတော်မူပါလျက် အာယုကပ်ပတ်လုံး နေတော်မူရန် အဘယ့်ကြောင့် ဘုရားရှင်အား မလျှောက်ထားပါနည်း ငါ့ရှင်"

"အရှင်မြတ်ဘုရား…မာရ်ပူးဝင်ကပ် သတိကင်းပြတ်သောကြောင့် မလျှောက်ထားမိခြင်း ဖြစ်ပါသည်ဘုရား"

ရိုးရိုးကလေးပင် ဝန်ခံလျှောက်ထားရှာသည်။ မှန်လှပေ၏။ တေဒဂ်ငါးရပ်ဂုဏ်သကတ်ဖြင့် ပင့်မြှောက်ဂုဏ်ပြုခံရသူ ဖြစ်ပါလျက် ဤအချက်တွင်ဖြင့် ညံ့လေသော်ကော့ဟု သူတစ်ပါးပြစ်တင်မှုကို နှစ်ခြိုက်စွာ ခံယူရုံမက မိမိကိုယ်ကိုမိမိလည်း တွေးမိတိုင်း စိတ်မချမ်းသာစွာဖြင့် အကြိမ်ကြိမ် ပြစ်တင်ရှုတ်ချခဲ့ပြီး ဖြစ်ပေသည်။

ထိုစဉ်က ဝင်တော့အံ့ဆဲဆဲ နေမင်းကြီးကိုကြည့်ရသည့်ပမာ ဇရာဒုဗ္ဗလကြောင့် အင်အားဆုတ်ယုတ်လျက်ရှိသော ဘုရားရှင်အား အချိန်မပြတ် ကြည့်ကာ ရှုကာ ဖူးတွေ့ကာဖြင့် အရှင်အာနန္ဒာ၏ သောကမှာ ကြီးမားလှစွာ၏။ ယင်းသောကတည်းဟူသော မာရ်မင်းဘက်တော်သား စိတ်အညစ်အကြေးသည်ပင် ယခုကဲ့သို့ အရေးကြီးသောကိစ္စ၌ မေ့လျော့ရခြင်း၏ အကြောင်းဖြစ်ပေသည်။

ကျွန်ုပ်တို့သည် မဟာပရိနိဗ္ဗာနသုတ်ကို ဖတ်၍ ဤနေရာသို့ရောက်တိုင်း အရှင်အာနန္ဒာအပေါ်၌ မေ့နိုင်လေသော်ကော့ဟု အနည်းနှင့်အများ သတိရမိကြသည်သာ ဖြစ်၏။ သို့ရာတွင် သောကပိုင်ရှင်ဖြစ်သော ကျွန်ုပ်တို့အဖို့ ဘုရားရှင်

www.burmeseclassic.com

www.burmeseclassic.com



အပေါ်၌ မေတ္တာကြီးမားလှစွာသော အရှင်အာနန္ဒာ၏ သောကကို ကိုယ်ချင်းစာ၍သာ မေ့နိုင်လောက်ပါပေ၏ဟု ခွင့်လွှတ်ကြရသည်။

အရှင်ကလည်း ရိုးရိုးပင် ဝန်ခံရှာသည်။ သို့ရာတွင် ရဟန္တာတစ်ပါးဖြစ်လာပြီဖြစ်သော ယနေ့အချိန်၌ သောက ပရိဒေဝ စသော အနိမ့်စားဝေါဟာရများကို ရှောင်ရှားကာ မာရ်ပူးဝင်ကပ် သတိကင်းပြတ်သောကြောင့် မလျှောက်ထားခဲ့မိပါဟု လျှောက်ထားသည်။

## [ ၆ ]

"ငါ့ရှင်အာနန္ဒာ...မိန်းမတို့အား ရဟန်းမ (ဘိက္ခုနီ) ပြုခွင့်ရရန် အဘယ့်ကြောင့် အားထုတ်ခဲ့ပါသနည်း ငါ့ရှင်"

"အရှင်မြတ်ဘုရား...မိထွေးတော် ဂေါတမီသည် ဘုရားရှင်၏ ကျေးဇူးရှင်ဖြစ်သဖြင့် အားထုတ်ခဲ့ခြင်း ဖြစ်ပါသည်ဘုရား"

မေးပြီး မေးလတ္တံ့သော ပြဿနာများအနက် အကြီးဆုံးသော ပြဿနာပင်ဖြစ်ပါပေသည်။ သင်္ဂါယနာတင် အရှင်အားလုံး စိတ်ဝင်စားကြသော ပြဿနာဖြစ်သောကြောင့် ယခင်ပြဿနာများတွင် ငြိမ်သက်ခဲ့သလောက် ယခုပြဿနာတွင်ကား အရှင်အာနန္ဒာဘက်သို့ ဦးခေါင်းတော်များ လှည့်စောင်းလာကြသည်။ အကြောင်းမူကား အရှင်အာနန္ဒာ၏ ကြိုးပမ်းမှုကြောင့် ဘုရားရှင်က အမျိုးသမီးများအား သာသနာတော် အတွင်းသားအဖြစ် ဝင်ခွင့်ပြုလိုက်ခြင်းသည် သာသနာတော်နှင့် သာသနာတော်ပြင်ပ ပုဂ္ဂိုလ်များအပါအဝင် သာသနာ့အတွင်းသား ရဟန်း ယောကျ်ားလောကတစ်ခုလုံးတွင်ပါ တုန်လှုပ်စေခဲ့သော အကြောင်းတစ်ရပ်ဖြစ်သောကြောင့် ပါပေတည်း။

အမျိုးသမီးများအား အနိမ့်အမြင့် အယုတ်အမြတ်ဟူ၍ ယောကျ်ားများနှင့် နေရာခွဲခြားသော စိတ်ဓာတ်အစဉ်အလာသည် မဇ္ဈိမတိုင်၌ ကြီးမားလှစွာ၏။ ယင်းအစဉ်အလာစွဲကြီးသည် ယနေ့တိုင်အောင်ပင် မဇ္ဈိမနှင့် မဇ္ဈိမအယူအစွဲများ ပျံ့နှံ့ရာဒေသများသို့ စွဲခိုယူဆလိုက်နာလျက် ရှိကြပေသေး၏။ အရင်းအမြစ်ဖြစ်သော မဇ္ဈိမတိုက် ဘုရားရှင်လက်ထက်တော်အချိန်ကဆိုသော် အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားသည်သာ မြင့်မြတ်၍ အမျိုးသမီးနှင့် စပ်လျဉ်းသမျှသည် ယုတ်သိမ် အဆင့်နိမ့်သည်။ ထို့ကြောင့် လေးစားအပ်သော နေရာဒေသ အလုပ်ဌာနဟူသမျှတွင် အမျိုးသားများကိုသာ ရှေ့တန်းတင် ဦးစားပေး၍ အမျိုးသမီးများကိုကား နောက်ဆွယ်မှ ထားသည်။ ရတနာသုံးပါး အပါအဝင် သံဃာတော်စာရင်းဝင်ဖို့ အပထား၍ ရတနာသုံးပါးနှင့်စပ်သော နေရာများ၌ပင် အမျိုးသမီးများကို နောက်ဆွယ် အဖျားအနားမှ နေရာပေးသည်။

တစ်ကြောင်းမှာလည်း ဘုရားရှင်၏ ဓမ္မ၊ အထူးသဖြင့် ဝိနယတွင် အမျိုးသမီးများနှင့် ဆန့်ကျင်၍ဟောသော ဒေသနာများစွာ ရှိနေကြသည်။ အမျိုးသမီးကို ဆန့်ကျင်လိုသောကြောင့်ကား မဟုတ်၊ အမျိုးသား သို့မဟုတ် ရဟန်းတော်များအား ဝိမုတ္တိဓမ္မအတွက် အမျိုးသမီးဟူသည် သဘာဝအားဖြင့် အမျိုးသားများ၏ ကိလေသာ၊ သံယောဇဉ်၊ ဥပါဒါန်၊ အာသဝ စသော တရားဆိုးတို့၏ ဆန့်ကျင်ဘက် အခြေစိုက်ရာ ဖြစ်နေသောကြောင့် ဖြစ်သည်။

ဤသို့သော အခြေတွင် အရှင်အာနန္ဒာ၏ ပယောဂဖြင့် ဘိက္ခုနီသာသနာတော် ထွန်းပေါ်လာသောအခါ အရှင်အာနန္ဒာ၏ ကြိုးပမ်းမှုတွင် ဘုရားရှင်၏ ခွင့်ပြုချက် အမိန့်တော်လည်း ပါရှိ၍လာသောကြောင့်သာ အတည့်အလင်း မပြောကြား မဝေဖန်ဝံ့ ကြသော်လည်း ပုထုဇဉ်ရဟန်း၊ ပုထုဇဉ်ယောကျ်ားတို့ လောကတွင်မူ မကျေမလည် ဘဝင်မရှင်းကြသည့်အတိုင်း တီးတိုးတီးတိုး ဖြစ်နေခဲ့သည်မှာကား အမှန်ပင်ဖြစ်ပေသည်။

ယင်းသို့ မဈ္ဈိမနှင့် မဈ္ဈိမအနွယ် ယောကျ်ားတို့အမြင်တွင် ဘဝင်မရှင်းသည့် အစဉ်အလာစွဲ ပယောဂကြောင့်ပင်လျှင် ဘိက္ခုနီသာသနာတော်သည် ဘိက္ခု သာသနာတော်နှင့်အတူ သင်္ဂါယနာတင်ကာ ယနေ့ခေတ် သာသနာတော်တိုင်အောင် ဘိက္ခုနီ ပါတိမောက်၊ ရဟန်းမိန်းမတို့၏ သိက္ခာပုဒ် ဝိနည်းဟူ၍ အထင်အရှား ရှိနေပါလျက် ဘိက္ခုနီသာသနာတော်မှုကား မည်သို့မည်ပုံ အစသိမ်းသွားသည်ဟူ၍ပင် မသိရလောက်အောင် အချိန်တိုတိုနှင့် ကွယ်ပျောက်ခဲ့ရခြင်း ဖြစ်ပေသည်။

အရှင်မဟာကဿပ၏ ဤမေးခွန်းတော်မှာ ရှေ့မျက်နှာ နောက်ထား၍ မေးရသည်ဟုပင် ဆိုရဖွယ်ရှိ၏။ အကြောင်းသော်ကား ပထမသင်္ဂါယနာတွင် ဤမေးခွန်း မေးရချိန်၌ ဘိက္ခုနီသာသနာတော် အထင်အရှားရှိနေသောကြောင့် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် အများအတွက် မပြေလည်သော ပြဿနာတစ်ရပ်ကို အရှင်အာနန္ဒာ အပေါ်၌ ပြေပျောက်ပါစေခြင်းအလို့ငှာ မေးတော်မူရသည်။

ဘိက္ခုနီသာသနာ ထူထောင်ခွင့်ပေးလိုက်လျှင် မကျေမလည်ဖြစ်လာကြမည့် အရေးကို ဘုရားရှင် မြင်တော်မူပြီးဖြစ်၏။ ထို့ကြောင့်လည်း အရှင်အာနန္ဒာ၏ လျှောက်ထားမှုကို သုံးကြိမ်တိုင်တိုင် မြစ်ပယ်တော်မူခဲ့ခြင်း ဖြစ်သည်။ နောက်ဆုံးတွင် အမျိုးသမီးတို့သည် ရဟန်းဘဝဖြင့် နိဗ္ဗာန်မရထိုက်သောသူများ ဖြစ်ပါသလား ဘုရားဟူသော သဲကြီးမဲကြီး လျှောက်တင်လာသည့်အချိန်ကျမှ အချုပ်အတည်းမျိုးစုံတို့ဖြင့် ခွင့်ပြုတော်မူလိုက်ရသည်။

တရားတော်နှင့် မဆန့်ကျင်လျှင် ကာလ၊ ဒေသ စသော အစဉ်အလာ အယူအစွဲများနှင့် မဆန့်ကျင်လိုသည်မှာ ဘုရားရှင်၏ဆန္ဒတော်ဖြစ်၏။ ဤအကြောင်း၏ သာဓကကို ရဟန်းသည် မြက်သစ်ရွက်သစ်ပင်တို့ကို မနုတ်ပယ် မဖြတ်တောက်ရဟု ပညတ်သော သိက္ခာပုဒ်တော် တစ်ခုမျှကိုပင်ထောက်၍ သိနိုင်၏။ အကြောင်းမူကား မဇ္ဈိမသားများစွာတို့သည် မြက်သစ်ပင်တို့တွင်လည်း အသက်ဇီဝရှိသည်ဟု ယူဆကြရာ ထိုသူတို့၏အမြင်နှင့် မဆန့်ကျင်စေလိုသောကြောင့် ဖြစ်၏။

ဘိက္ခုနီသာသနာ အရှည်ကြာ မတည်မြဲခဲ့ခြင်းမှာ အမျိုးသမီးများအပေါ်တွင် နှိမ့်ချသော အစဉ်အလာစွကြောင့်မျှသာ မဟုတ်၊ အချုပ်အတည်းမျိုးစုံတို့ဖြင့် ကျဉ်းကျပ်လှသော သိက္ခာပုဒ်တော်များကြောင့်လည်း ဖြစ်တန်ရာ၏။ အဘယ်ပုံ ကျဉ်းကျပ်သည်ကို အရှင်ဇနကာဘိဝံသ၏ 'ဘုရားဥပဒေတော်ကြီး' ဘိက္ခုနီကဏ္ဍာတွင် အလွယ်တကူ လေ့လာသိရှိနိုင်ကြပေသည်။

[ ၇ ]

"ငါ့ရှင်အာနန္ဒာ…ပရိနိဗ္ဗာန်ပြုတော်မူခါနီး၌ ဘုရားရှင် ရေတောင်းတော်မူရာတွင် တစ်ကြိမ်တောင်းမျှဖြင့် အဘယ်ကြောင့် အလွယ်တကူ မဆက်ကပ်ပါသနည်း ငါ့ရှင်"

"အရှင်မြတ်ဘုရား…လှည်းပေါင်းငါးရာတို့ ယခုပင် ဖြတ်ကူးထားပါသဖြင့် ရေကြည်မရနိုင်သောကြောင့် မဆက်ကပ်ခဲ့မိပါ ဘုရား"

အကြောင်းမှန်အဖြေ ရိုးရိုးကလေးပင် ဖြစ်၏။ သို့ရာတွင် ယင်းအဖြေ၌ စေတနာ အပြည့်ပါသည်။ အရှင်အာနန္ဒာ၏ စေတနာ ပေါ်လွင်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေခပ်ပေးဖို့ကိစ္စမျှကို အရှင်အာနန္ဒာအဖို့ အဘယ်ပုံ အခက်အခဲရှိနိုင်ပါ အံ့နည်း။ ရေကြည်ရေကောင်းကို ဆက်ကပ်လိုသည့် စေတနာ ရှေးရှုမှုသာဖြစ်သည်။

ဤအကြောင်းကို ရဟန္တာအရှင်များမဆိုထားဘိ၊ အများကပင် နားလည် သဘောပေါက်ကြပါ၏။ သို့ရာတွင် ဇရာဒုဗ္ဗလမျှသာမက ဝမ်းလွှန်ဝေဒနာ နှိပ်စက် ခံရလျက်ရှိသော ဘုရားရှင်အပေါ်သို့ စေတနာကိုင်းညွှတ်လွန်းကြသောကြောင့် သာ တစ်ကြိမ်ခိုင်းမျှဖြင့် အလွယ်ခပ်မပေးသည်ကို မကျေနပ်သယောင် ဖြစ်ကြရ သည်။

အရှင်မဟာကဿပ၏ အမေးကို 'မဆက်ကပ်ခဲ့မိပါဘုရား"ဟု 'မိ'အခုအခံ ကလေး တစ်လုံးဖြင့် လျှောက်ထားခဲ့သည်။ အကြောင်းမူကား လှည်းငါးရာတို့ ယခုပင် ဖြတ်သွားသောကြောင့် မိမိ၏ အမြင်အားဖြင့် ရေနောက်လျက်ရှိပေမည်ဟု ထင်ခဲ့သော်လည်း ဘုရားရှင် သုံးကြိမ်တိုင် တိုက်တွန်း၍ မနေပိုင်တော့သောကြောင့် သွားရောက်ခပ်သည့်အခါတွင်မူ နောက်သည်ထင်ခဲ့သော ရေများမှာ ဘုရားရှင်၏ တန်ခိုးတော်ကြောင့် ကြည်လင်လျက်ရှိသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။

[ ၈ ]

"ငါ့ရှင် အာနန္ဒာ...ဘုရားရှင်၏ ခန္ဓာကိုယ်တော်မှ မြင့်မြတ်သောနေရာများ သို့ မာတုဂါမများအား အဘယ့်ကြောင့် ထိကိုင်ခွင့် ပြုပါသနည်း ငါ့ရှင်"

အရှင်မြတ်သည် အဘယ်အကြောင်းအချက်ကို မေးပါသနည်းဟု ရုတ်ခြည်း စဉ်းစားလိုက်ရသေးသည်။ နကုလမာတာ အဘွားကြီး အဘိုးကြီးတို့ ထိကိုင်သည် ကို မေးသည်ဟု ယူဆလိုက်ရသည်။

ဤသည်လည်း ဘိက္ခုနီပြဿနာ အမေးကဲ့သို့ အမျိုးသမီးများအပေါ်၌ ယုတ် နိမ့်ခွဲခြားသော အများ၏အမြင်ကိုငဲ့၍ မေးတော်မူခြင်း ဖြစ်သည်ဟု နားလည်လိုက် ရသည်။

ဘုရားဖြစ်တော်မူစ ကပိလဝတ်သို့ ကြွရောက်တော်မူစဉ်က ယသော်ဓရာ၏ နန်းဆောင်သို့ အပူဇော်ခံ အကြွတွင် ယသော်ဓရာဝီသည် ဘုရားရှင်၏ ခြေဖမိုးတော် အစုံကို ပိုက်ပွေ့ငိုရှုံ့မှုမက မျက်ရည်တို့ဖြင့်ပင် လူးလဲစေခဲ့သည်။ ထိုစဉ်က

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်၏ အထံတော်ပါးတွင် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် လက်ယာရံ လက်ဝဲရံ ထိပ်သီးမထေရ်ကြီးနှစ်ပါးတို့ရှိနေ၍ မိမိသည် ရဟန်းပင် မဖြစ်သေးပေ။

ယင်းအပြုအမူကို မလျော်ဟုထင်ကာ တားမြစ်ခဲ့သူမှာ အစဉ်အလာ အယူအစွဲကင်းဟန်မတူသေးသော ဘုရားရှင့် ခမည်းတော်ကိုယ်တိုင်ဖြစ်၏။ သို့ရာတွင် ဘုရားရှင်ကမူ ခမည်းတော်ကြီး တားမြစ်သည်ကို တစ်ဖန် ဟန့်တားတော်မူ၍ ယသော်ဓရာ အလိုရှိသလို ထိတွေ့ပူဇော်စေဟု ခွင့်ပြုတော်မူခဲ့သည်။ အကြောင်းမူကား ဘုရားရှင်တွင် အစဉ်အလာ အယူအစွဲရှိတော်မမူသည့်အပြင် ယင်းသို့ ထိတွေ့ပူဇော်ရမှ ယသော်ဓရာ အပူငြိမ်း၍ မိမိလိုအပ်သော တရားဘက်သို့ ယိမ်းညွတ်လာမည်ကို မြင်တော်မူသောကြောင့်ဖြစ်သည်။

ခန္ဓာကိုယ်ပဥ္စကဥ္ အဘယ်သူ မြတ်သည်၊ အဘယ်သူ နိမ့်သည်ဟူသော အကြောင်းမဲ့ အယူအဆမှာ ပညတ်ကို ဘမ်းတင်လွန်းသော လောကီနယ်ပယ်မှ အယူအဆများဖြစ်၏။ ယုတ်သည်၊ မြတ်သည်၊ နိမ့်သည်၊ မြင့်သည်ကို တရားဖြင့်သာ ဆုံးဖြတ်ရသည်။ ပရမတ်အမြင်အားဖြင့်ကား ခန္ဓာကိုယ်ပဥ္စကဟူသည် ရုပ်နာမ် အစုအဝေးမျှသာတည်း။

ဘုရားရှင်အား ရှိခိုး ပူဇော်ရာ၌ ရဟန်းယောကျ်ား၊ လူယောကျ်ားတို့သည်ကား ဘုရားရှင်၏ ခြေဖမိုးတော်အစုံမျှကို ထိတွေ့ကိုင်တွယ် ပူဇော်နိုင်သည်။ အမျိုးသမီးများမူကား အဝေးကသာ ဖူးမြော် ပူဇော်ကြရရှာသည်။ အကြောင်းမူကား ဘုရားရှင်၏ မြင့်မြတ်သောခန္ဓာကိုယ်တော်ကို ခြေဖဝါးအစုံထက် ပို၍ ထိတွေ့ပူဇော်ပြန်တော့လည်း ခွင့်လွှတ်ကြပြန်သည်။

ဤအမြင်၊ ထိုအမြင်တို့ကို အရင်းတည်၍လည်းကောင်း၊ ဘုရားရှင် ကိုယ်တော်တိုင်ကပင် အလိုက်သင့် ခွင့်ပြုတော်မူသည်ကို တွေ့မြင်ရ၍လည်းကောင်း မိမိသည် အဘွားကြီး နကုလမာတာ၏ ထိတွေ့ပူဇော်မှုကို အလိုက်သင့် ခွင့်ပြုခဲ့ရခြင်းဖြစ်ပေသည်။ အကျိုးကား ယင်းသို့ ခွင့်ပြုခြင်းဖြင့် ရင်းနှီး၍ လာသောကြောင့် အဘိုးကြီး အဘွားကြီးများသည် မကွယ်လွန်မီတွင်ပင် တရားထူး ရသွားကြခြင်းဖြစ်ပေသည်။

အခြားပြဿနာအချို့ကဲ့သို့ပင် မိမိအပေါ်၌ ရှင်းလင်းရန် မေတ္တာဖြင့် မေးမြန်းတော်မူခြင်းဖြစ်၍ ပြဿနာ၏ အခြေခံအကြောင်းရပ်ကိုသော်လည်းကောင်း၊ အဖြေကို လည်းကောင်း အရှင်တို့ သိပြီးဖြစ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ "အရှင်မြတ်ဘုရား...အစ်မတော် ယသော်ဒေဝီ၏ သောကကို ပြေပျောက်စိမ့်သောငှာ မျက်ရည်အလူးအလဲဖြင့် ပူဇော်သည်ကိုပင် ဘုရားရှင် ခွင့်ပြုတော်မူသည်ကိုထောက်၍ ဒါယိကာမကြီး နကုလမာတာ၏ သောကကို ပြေပျောက်စေသောငှာ ခွင့်ပြုခဲ့ရခြင်း ဖြစ်ပါသည်ဘုရား"ဟု လျှောက်ထားလိုက်ရသည်။

[ ၉ ]

ဤတွင် အရှင်အာနန္ဒာ၏ ပြဿနာများ ရှင်းလင်းပြီးစီးသည်။ သင်္ဂါယနာအတွက် ဘုရားရှင် နောက်ဆုံးမှာကြားတော်မူသော ဆန္နရဟန်း၊ သို့မဟုတ် ရဟန်းတော် မောင်ဆန်အား ဗြဟ္မဒဏ်ပေးရန် ကိစ္စတစ်ခုသာ ကျန်တော့၏။ သံဃာတော်အားလုံး၏ ဆန္ဒ၊ ညတ်ကမ္မဝါဖြင့် ဗြဟ္မဒဏ်ကို ရွတ်ဖတ်ဆုံးဖြတ်ပြီးလျှင် သင်္ဂါယနာ ပြီးဆုံးမည်။

သက်တော်ထင်ရှား ရှိတော်မူစဉ် ဘုရားရှင်အနီးသို့လည်း မချဉ်းကပ်ရဲ၊ အဝေးသို့လည်း မသွားနိုင်၊ ကွယ်ရာ ထောင့်ရာ တစ်နေရာရာမှ သခင့်မာန်၊ အရှင့်မာန်၊ ဘုရားမာန် တက်၍နေသူမှာ ဆန္နရဟန်း၊ ဖွားဖက်တော် မောင်ဆန်ဖြစ်၏။

သူ ရဟန်းဖြစ်၍လာခြင်းမှာ ရှင်းသည်။ တရားအမြင် တရားအရေးကြောင့် မဟုတ်၊ သံဝေဂဟူသည် ဝေလာဝေး။ တစ်ခုတည်းသော အကြောင်းကြောင့်သာ ဖြစ်၏။ ယင်းအကြောင်းသည်ကား သူ့အဆင့်၊ သူ့အမြင်အားဖြင့် သူမှလွဲလျှင် ဘယ်သူချစ်သည်ကိုမှ မခံနိုင်သော၊ သူမှတစ်ပါး ဘယ်သူအရေးပါသည်ကိုမှ မခံနိုင်အောင် ချစ်သော သူ့အရှင့်သား သိဒ္ဓတ္ထ။ သို့မဟုတ် ဘုရားရှင်အား ချစ်သော အကြောင်းတစ်ခုကြောင့်ပါတည်း။

တစ်ကြောင်းအားဖြင့် ကြည့်လျှင်လည်း သူ့အား ချီးချီးမြှောက်မြှောက်သဘောဖြင့် ရံဖန် ဆန္နအမတ်ဟု သုံးနှုန်းကြသော်လည်း အကယ်တွင်မူ သူကား မြင်းထိန်း ဆင်ထိန်း အဆင့်မျှသာတည်း။ သူ့သခင် တစ်မျက်နှာကိုသာကြည့်၍ သူ့သခင် အကျိုးကို သစ်နင်း သစ်ကျိုး၊ ဝါးနင်း ဝါးကျိုး သယ်ပိုးဆောင်ရွက်ခဲ့သူ ဖြစ်၏။

ဆိုလိုသည်မှာ ဆင်ထိန်း မြင်းထိန်းတို့မည်သည် စရိုက်သဘာဝ ကြမ်းတမ်းသည်။ အမူအကျင့် ခက်ထရော်သည်။ အပြောအဆို မသိမ်မွေ့၊ မောက်မာတတ်သည်။ သို့ဖြစ်သည့်အတိုင်း ရဟန်းဖြစ်လာသောအခါ သာမန်ရဟန်းတော်တို့

www.burmeseclassic.com

www.burmeseclassic.com



မဆိုထားဘိ၊ ဘုရားရှင်အနီးတွင် ဝိုင်းရံလျက်ရှိသော မထေရ်ကြီးတို့နှင့်ပင် အဆင်မပြေ၊ ပလဲနံပ မသင့်သည်များကို ဗုဒ္ဓစာပန်းချီ 'မောင်ဆန်'တွင် ဖော်ပြခဲ့ပြီးပေပြီ။

ရဟန်းတော် ဝက္ကလိသည် ဘုရားရှင်အား အချစ်ဆုံးဟု သိမှတ်ကြ၏။ အခွင့်သာသမျှ ဘုရားရှင်၏ ရူပကာယတော်ကို တစိမ့်စိမ့် တစူးစူး ဖူးမြော်နေသူဖြစ်သည်။ တရားကိုမမြင်၊ ရူပကာယတော်ကိုသာ မြင်လွန်းသဖြင့် ဘုရားရှင်ကိုယ်တော်တိုင် မိမိအပါးမှ နှင်ထုတ်ခြင်းကိုပင် ခံရသူဖြစ်၏။ သို့ရာတွင် သဒ္ဓါဓိမုတ္တ–သဒ္ဓါတရားလွန်ကဲသူအဖြစ် လုလုပပအမည်ဖြင့် ဧတဒဂ်ဘွဲ့ ခံယူရသူဖြစ်သည်။

ဤသည်ကိုလည်း ဆန္နရဟန်း မကျေနပ်။ ဘယ့်နှယ်ဗျာ...ဘုရားဖြစ်လာကာမှ ချစ်မည့်သူတွေ ပေါပေါက်လာလိုက်ကြတာ၊ မိမိသည်သာ ရွှေနန်းတော်တွင် ငယ်စဉ်ဘဝကစ၍ ချစ်ခဲ့ရသူ ဖွားဖက်တော် အချစ်ဆုံး။

တစ်ဖန် ပုထုဇဉ်တို့အမြင်ဖြင့် ဘုရားရှင်ဘက်မှ စဉ်းစားပြန်လျှင်လည်း ရဟန်းဘဝတွင် ရင်သွေးတော် ရာဟုလာဟု ရှိနေပေ၍သာ။ အကယ်၍များ မရှိခဲ့ပါလျှင် ရှင်ဆန္နကိုသာ အချစ်ဆုံးဟုပင် ဆိုရလေမည်လားမသိ။ အကြောင်းမူကား အခြားရဟန်း တစ်ပါးပါးသာ ရှင်ဆန္န ကျူးလွန်သည့်အပြစ်မျိုး ကျူးလွန်ခဲ့ပါသော် ချက်ချင်းပင် ခေါ်တော်မူ၍ ဆုံးမကံမြစ်မြဲ ဖြစ်ခဲ့ရာတွင် ရှင်ဆန္နကိုမူကား မထေရ်ကြီးများအား မထိမဲ့မြင်ပြုသည်အထိ နှုတ်ရော အမူအကျင့်ပါ ကျူးလွန်သူဖြစ်ပါလျက် "ချစ်သားတို့...ဆန္နကို သည်းခံကြပါဘိ"ဟူ၍သာ ဘက်လိုက်သယောင် မိန့်ကြားတော်မူကာ မသိကျိုးကျွန် နေတော်မူခဲ့သည်။

စင်စစ်တစ်မူကား သတ္တဝါကို ကယ်ချွတ်ဖို့ရန်သာ အဓိကထားတော်မူသော ဘုရားရှင်အတွက် ကျွတ်လွတ်မည့်သူမှန်လျှင် အာဠာဝကတို့လို၊ အင်္ဂုလိမာလတို့လို အခက်အခဲကြီးတွေ ထားပါဦးတော့။ နောက်ဆုံးကယ်ချွတ်ရမည့် သုဘဒ်ရဟန်းအတွက် သက်တော်ယွင်းယို ခန္ဓာကိုယ်ယိုင်နဲ့နေသည့် အချိန်၌ပင် သုဘဒ်ရှိရာကုသိနာရုံသို့ ကြွရောက်ရော်မူခဲ့ပေသေးရာ သခင်စွဲ သခင်မာန်ဖြင့် မာန်မကျနိုင်သော ဆန္နရဟန်းအား မိမိ သက်တော်ထင်ရှားရှိနေသရွေ့မှာဖြင့် ကျွတ်လွတ်ဖို့မမြင်။ မိမိမရှိတော့မှသာ ကျွတ်လွတ်ဖို့ မြင်တော်မူသည့်အတိုင်း သည်းခံစောင့်ဆိုင်းနေတော်မူခြင်းမျှသာ ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



မှန်လှပေ၏။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူသည်နှင့် တစ်ပြိုင်နက် အရှင်အာနန္ဒာနှင့် သူနိုင်ကိုယ်နိုင်ပမာ အပြိုင်ပူဆွေးသူကား အရှင်ဆန္နဖြစ်၏။ သူ့အဖို့ တောင်ကြီး ပြိုလေပြီတည်း။

ဘုရားရှင်တည်းဟူသော ရွှေတောင်ကြီး ပြိုလေသည်နှင့်အတူ သူ့မာန၏ အရင်းခံတောင်ကြီး မရှိတော့ပြီကြောင့် သူ့မာနများလည်း တစ်နေ့တခြား ပြို၍ပြို၍ ကျလာလေသည်ကိုကား မိမိကိုယ်မိမိသာသိ၏။ သို့ရာတွင် သူ့အနီးသို့ကပ်လျှင် အဆင်မပြေမှုတို့နှင့်သာ ရင်ဆိုင်ရတတ်လေသောကြောင့် ရဟန်းအများကပင် သူ့အား ဖဲကြဉ်ကြဉ်ရှိနေခဲ့ပေရာ ဘုရားရှင်၏ သာဓုကီဠနပွဲသဘင်တွင် သူပါဝင်သော်လည်း အများနှင့် မဆက်ဆံ ကွယ်ရာထောင့်ရာ တစ်နေရာမှသာ ဖူးမြော်ပူဆွေး၍နေရရှာ၏။

မိမိကိုယ်ကိုမိမိ အရေးပါလှပြီဟု အထင်ရောက်နေမိခဲ့သော်လည်း အရေးပါသော သင်္ဂါယနာပွဲသဘင် ပြင်ဆင်ကြသည့်ကိစ္စတွင် မိမိမှာ ရဟန္တာလည်းမဟုတ်၊ အဘယ်ပညာ၊ အဘယ်ဂုဏ်ထူးမျှ ရှိသူလည်းမဟုတ်သောကြောင့် ဖုတ်လေသည့် ငါးပိ၊ ရှိသည်ဟူ၍မျှ အထင်မခံခဲ့ရ။

သို့ရာတွင် ဘုရားရှင်အပေါ်၌ သံယောဇဉ်အမျှင် မပြတ်နိုင်သေးသည့်အပေါ်တွင် ဘုရားရှင် မရှိလျှင် မိမိအပေါ်၌ အရာရာတွင်ပင် သည်းခံနိုင်စွမ်းကြသော ဤမထေရ်ကြီးများသည်သာ မိမိအဖို့ အားထားရာ၊ လဲလျောင်းရာ၊ ပုန်းအောင်းရာ၊ ပေါင်းဖော်ရာရှိတော့သည်ကြောင့် ရွှေနန်းတော်၌ကပင် မိမိနှင့် ရင်းနှီးခဲ့သော အရှင်အာနန္ဒာ အပါအဝင် သင်္ဂါယနာတင်မထေရ်ကြီးများ ကြွရောက်တော်မူရာ ရာဇဂြိုဟ်သို့ပင် ရောယောင် နောက်လိုက်အဖြစ် လိုက်ပါခဲ့ရပေသည်။

ယခုသော် ယင်းသို့ မိမိ လိုက်ပါခဲ့မိသည်ကပင် မှားလေပြီလားမသိ။ အကြောင်းမူကား သင်္ဂါယနာ ပြီးစီး၍ မထေရ်ကြီးများက မိမိထံသို့ ကြွရောက်ကာ မိမိအား ဖဲကြဉ်ကြသော ဗြဟ္မဒဏ်ခတ်လိုက်သောအခါ မိမိအဖို့ မျောက်သစ်ကိုင်းလွတ် ဆိုသကဲ့သို့ တွေ့ကြုံလာရသောကြောင့်ပေတည်း။

သို့ရာတွင် ထိုးမည့်ဆင် နောက်ဆုတ် ဆိုသကဲ့သို့ ဗြဟ္မဒဏ်တည်းဟူသော နောက်ဆုတ်မှုအင်အားဖြင့် သတိသံဝေဂ ရလေပြီးဖြစ်သော မိမိသို့ တရားတည်းဟူသော ဆင်သည် ထိုးဝင်၍လာခဲ့ပေရာ မကြာမတင်ပင် ရဟန္တာအဖြစ်သို့ ကူး

www.burmeseclassic.com

www.burmeseclassic.com



မြောက်လာသောကြောင့် မြော်မြင်အား ကြီးမားတော်မူလှသော ဘုရားရှင်အား လည်းကောင်း၊ ကရုဏာရှေ့သွားဖြင့် ဗြဟ္မဒဏ်ထားတော်မူကြသော မထေရ်ကြီးများ အား လည်းကောင်း ကျေးဇူးတင်၍မဆုံး ဖြစ်နေရပေသည်။

ယင်းသို့လျှင် သင်္ဂါယနာတင် ပွဲတော်ကြီးသည် အရှင်အာနန္ဒာကိုလည်း ရဟန္တာဖြစ်စေခဲ့၏။ အရှင်အာနန္ဒာ၏ ပြဿနာအားလုံးကိုလည်း ပြေငြိမ်းစေခဲ့၏။ အရှင်ဆန္နကိုလည်း ရဟန္တာဖြစ်စေခဲ့ခြင်းဖြင့် ထုတိမင်္ဂလာ သာယာလှစွာသော ပွဲတော်ကြီးဖြစ်သတည်း။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# တန်ခိုးရှင်

[ ၁ ]

တစ်ချိန်သောအခါက သီဟိုဠ်ကျွန်း၊ သီရိလင်္ကာနိုင်ငံတော်တွင် လယ်လုပ်သားကြီးတို့အဖို့ စပါးလှန်းစရာ နေပြောက်မျှ မရှိသောကြောင့် ညည်းညူခဲ့ကြရသည်ဟု အဆိုရှိ၏။ အဓိပ္ပာယ်မှာ သီဟိုဠ်တစ်ကျွန်းလုံးပေါ်တွင် ဈာန်ပျံရဟန်းတို့ပေါများလှပုံကို ထွန်းပြသောစကားဖြစ်သည်။

သို့ရာတွင် ယင်းဈာန်ပျံ၊ ကောင်းကင်ပျံ ရဟန်း၊ ကိုရင်၊ ရသေ့များသည် အများအားဖြင့် သမာဓိ၊ သို့မဟုတ် သမထသမားများသာ ဖြစ်ဟန်ရှိ၏။ အကြောင်းမူကား ပလွှားမှု မာနမကင်းသေးသော သမာဓိအရှင်များသာ မိမိတို့၏ ဈာန်မျှကို အဟုတ်ကြီးထင်ကာ လူမြင်သူမြင် ပလွှား ပျံသန်းတတ်ကြ၍ ဈာန်အရှင်ပင် ဖြစ်လင့်ကစား မာနကင်းပြီးသော ရဟန္တာအရှင်မြတ်များမူကား ပလွှားမှုကို နှိပ်ကွပ်ဆုံးမတော်မူသော ဘုရားရှင်၏ အဆုံးအမအရ မိမိတို့၏ ဈာန်ကို လျှို့ဝှက်တတ်ကြသောကြောင့် ဖြစ်သည်။

ရဟန္တာ ဈာန်အရှင်နှင့် ရဟန္တာမဟုတ်သေးသော ဈာန်အရှင်တို့ လျှို့ဝှက်ပုံ၊ ပလွှားပုံကို ဤဝတ္ထုတွင် တွေ့မြင်ကြရမည်ဖြစ်သည်။

ဘုရားရှင်၏ တရားအလုပ်တွင် ကမ္မဋ္ဌာန်းနည်း ၄၀ အနက် တစ်ခုခုကို ‘စူးစိုက်’စေသော သမထလမ်း၊ သမာဓိသက်သက်လမ်း၊ သမထမှ တစ်ဆင့်တက်၍ ရုပ်,နာမ်,ခန္ဓာတို့သို့ လက္ခဏာရေးသုံးပါးတင်၍ ‘ရှုပွား’စေသောလမ်းဟူ၍ နည်း

www.burmeseclassic.com



လမ်း သုံးသွယ်ရှိသည်။ အကြင်ယောဂီ ရဟန်းတစ်ဦးအတွက် နှစ်သက်သလို ကြိုးစားရန် ခွင့်ပြုတော်မူထား၏။

သမထလမ်းစဉ်မျှသည်ကား ဘုရားရှင်ပွင့်တော်မမူမီ မှိုင်းမှုန်ပြာရီ ရှေးပဝေဏီ ကပင် မရှိမဒ္ဒ ရှိခဲ့၊ ထွန်းကားခဲ့ပြီးဖြစ်၏။ တစ်နည်းဆိုသော် မြေလျှိုး မိုးဝင် တန်ခိုးရှင်အဖြစ်မျှသော တရားလမ်းစဉ်သည် ရှေးကပင် ရှိခဲ့ပြီးဖြစ်၏။

မြေလျှိုးမိုးပျံသော တရားရှင်၊ တန်ခိုးရှင် ရသေ့တို့၏အကြောင်းသည် ဒေသနာ တော်တွင် အပ်ကြောင်းထပ်လျက်ရှိ၏။ သို့ရာတွင် ယင်းသမာဓိ တန်ခိုးရှင်တို့ သည် မိမိတို့၏ တန်ခိုးကို မလျှို့မဝှက်၊ ပလွှားကြသည်ဟု ဆိုနိုင်ရာ၏။ ဝတ္ထု တော်များတွင် တန်ခိုးရှင် ရသေ့တို့သည် ချဉ်ဆားအတွက်ဆိုကာ မင်းဥယျာဉ် သို့ အကြိမ်ကြိမ် ဆင်းသက်၏။ မြို့ရွာများသို့ တန်ခိုးဖြင့် အကြိမ်ကြိမ်လာ၏။

အထင်ရှားဆုံးကား နိပါတ်တော်တွင် ဘုရားအလောင်းတော် ဟရိတစ ရသေ့ ကြီးသည် ဗာရာဏသီနန်းတော်သို့ လေသာပြတင်းမှ ဖြတ်ဝင်၍ အကြိမ်ကြိမ် ကြွသည်။ ထို့ထက် အထင်ရှားဆုံးကား ဘုရားရှင်၏ ခမည်းတော် သုဒ္ဓေါဒနဘုရင် ကိုးကွယ်သော ဒေဝိလရသေ့ကြီးသည် ကပိလဝတ်နန်းတော်သို့ တန်ခိုးဖြင့် အကြိမ် ကြိမ် ကြွသည်။ တာဝတိံသာမှ ဘုရားရှင်ပွင့်တော်မူမည့် သတင်းကိုယူ၍ ကပိလ ဝတ် နန်းတော်သို့ ကြွလာပုံကို ဗုဒ္ဓဝင်တွင် အထင်အရှား ဖတ်ရှုကြရမည်ဖြစ်၏။

ဖော်ပြလိုသည်ကား သမထသမား တန်ခိုးရှင်တို့သည် ပလွှားမှုဟု မဆိုချင်ဦး တော့ မိမိတန်ခိုးဖြင့် မငြိမ်မသက်ပုံကိုပင် ဖြစ်၏။

"အရှင်ဘုရား...မဟာစေတီကို ကပ်လှူဖို့ ပန်းများရလိုပါသလားဘုရား"

မထေရ်ကြီး ပြုံး၏။ သို့ရာတွင် "ရနိုင်လျှင် လိုပေတာပေါ့ မောင်ရင်"ဟု အလိုက်သင့် မိန့်လိုက်သည်။ ထို့နောက် မထေရ်ကြီးသည် စေတီဘက်သို့လှည့်၍ ဘုရားအာရုံပြုခိုက် နောက်ကျောဘက်မှ ကိုရင်သည် သူ့နေရာမှ ရုတ်ခြည်းပျောက် သွားသည်။ မနေ့ညဦးကမှ သမာဓိလုပ်ငန်း အောင်မြင်ခဲ့သော တန်ခိုးရှင်အသစ် ကျပ်ချွတ်ကလေး ကိုရင်ဒတ္တသည် တောတောင်တစ်နေရာရာသို့ ဈာန်ဖြင့် ပန်းသွား ခူးလေပြီတည်း။

သမာဓိစခန်း အောင်မြင်ပြီးစ ကိုရင်ကလေး ရှင်ဒတ္တသည် ရအပ်ပြီးသော သူ့တရား၊ သူ့တန်ခိုးတွင် ယယ်သွေးယယ်မှုဖြင့် အလွန်တက်ကြွ နှစ်သိမ့်လျက်ရှိသည် ကို ဆရာမထေရ်ကြီး သိပြီးဖြစ်၏။ ယမန်နေ့ညဦးကမှ တန်ခိုးရှင်ဖြစ်လာသော

www.burmeseclassic.com

www.burmeseclassic.com



သူ့တပည့်သည် ယနေ့ တစ်နေ့တာအတွင်း၌ပင် ဥပဇ္ဈာယ်ဆရာ အလစ်၌ သူ့တန်ခိုးကို တစ်ကြိမ် နှစ်ကြိမ်မျှ စမ်းသပ် ကျေနပ်လျက် ရှိနေသည်ကိုလည်း မထေရ်ကြီး သိ၏။

ဘုရားရှိခိုးရာ၌ ဘုရားရှင်ကို ပူဇော်ကပ်လှူရန်အတွက် ပန်း၊ ရေချမ်း၊ ဆီမီးတို့ဟူသည် လိုအပ်သော တွဲဖက်ပစ္စည်းများဖြစ်၏။ ပန်း၊ ရေချမ်းတို့ ရတ်ခြည်းအလွယ်မရနိုင်သည့်အခါမှသာ လက်ချည်းရှိခိုးရသည်။ မဟာစေတီအား လက်ချည်းသက်သက် ပူဇော်လျက်ရှိသော ဆရာမထေရ်အား "ပန်းများရလိုပါသလား"ဟု မေးလျှောက်လိုက်ခြင်းမှာ သူ့တရား၊ သူ့တန်ခိုးကို ဆရာမသိသေးဘူးထင်၍ ဆရာအား တန်ခိုးဖြင့် မျက်နှာလုပ်လိုသော ကိုရင်၏သဘောကို သိရ၍ ပြုံးလိုက်မိခြင်း ဖြစ်သည်။

ကိုရင်ဒတ္တသည် ဈာန်ပျံတန်ခိုးရှင် ရဟန်း ကိုရင်များစွာကို တွေ့ဖူးခဲ့ပြီဖြစ်၏။ အဝေးနေ တန်ခိုးရှင်များကိုထားဦး၍ သူ့ဝန်းကျင်တွင်ပင် အဘယ်သူသည် တန်ခိုးရှင်ဖြစ်နေပြီကို သိပြီးဖြစ်၏။ သို့ဖြစ်၍ သူ့ထက်ငါသာ အားကျကာ သမာဓိအလုပ်ကို ကျားကုတ်ကျားခဲ အားထုတ်ကြိုးပမ်းခဲ့ရာ၌ မနေ့ညဉ့်ကပင် တန်ခိုးရှင်ဖြစ်လာသောကြောင့် နှစ်သိမ့်လှသည်။

သို့ရာတွင် သူ့တရားနည်းပြ ဥပဇ္ဈာယ်မထေရ်ကြီးမူကား ဆရာပင် ဖြစ်မချည်း၊ သူတို့လို ဈာန်မရရှာသေးဟု ကိုင်ရင်ထင်သည်။ အဘယ့်ကြောင့်ဆိုသော် သီဟိုဠ်တွင် တရားရှင် ဈာန်ပျံ ရဟန်းတွေ ဤမျှ များပြားနေပါလျက် သူ့ဆရာ၏ ဈာန်ကိုမူ မတွေ့မမြင်ခဲ့ဖူးသောကြောင့် ဖြစ်သည်။ ရဟန်းကိစ္စ ဘက်စုံပြီးစီးသော ဆရာမထေရ်ကြီး၏ လျှို့ဝှက်သိပ်သည်းစွာ ကျင့်သုံးသော တရားကိုကား ရှင်ဒတ္တတို့ မသိပါလေ။

မြန်မာနိုင်ငံ၏ ရွှေတိဂုံစေတီတော်သည် ဗုဒ္ဓဘာသာဝင် အားလုံးတို့၏ ဦးညွှတ်ရာ ဖြစ်သကဲ့သို့ သီဟိုဠ်၏ မဟာစေတီတော်သည်လည်း ဗုဒ္ဓဘာသာဝင် ရှင်လူရဟန်းတို့၏ နှစ်လို ညွှတ်ကိုင်းရာဖြစ်သည်။

ယခုတလော၌ ဥပဇ္ဈာယ်မထေရ်သည် တပည့်ရဟန်း သာမဏေများနှင့်အတူ ညနေ ညဦးခင်းတိုင်းလိုလို မဟာစေတီသို့ ဘုရားဖူးအရောက်များ၏။ မဟာစေတီသို့ လာတိုင်း ကိုရင်ဒတ္တ လိုက်ပါရသည်ချည်းဖြစ်သည်။ အကြောင်းကား တပည့်ဒတ္တသည် သမာဓိအားကောင်း၍ ဈာန်ရှင်အဆင့်သို့ ရောက်လုလုဖြစ်နေသည်ကို

www.burmeseclassic.com



သိရှိတော်မူရာ တပည့်၏ တရားအရှိန်အဝါကို မပြတ်စေရေးအတွက် ရင်အုပ်မကွာ စောင့်ရှောက်လိုသောကြောင့် ဖြစ်၏။

ယခုသော် တပည့်သာမဏေသည် သမာဓိအရှင်၊ ဈာန်အရှင်ဖြစ်လာပေပြီ။ သို့ရာတွင် ငယ်ရွယ်သူဖြစ်၍ ရအပ်ပြီးသော ဈာန်တွင် ပလွှားလိုစိတ်ကလေး လွှမ်းမိုးလျက်ရှိနေသည်ကို တွေ့ရပေရာ ဆက်လက်၍ ကွပ်ညှပ် ဆုံးမရဦးမည်ဖြစ်၏။ ယခင်ကလည်း တရားမာန် မတက်ဖို့ အကြိမ်ကြိမ် ဆုံးမခဲ့ပြီးဖြစ်၏။ မနေ့ကပင် အကြောင်း ယုတ္တိဖြင့် အကွက်ဆင်ကာ ရှင်ဒတ္တနှင့် အခြားတပည့်များကိုပါ ထိထိရောက်ရောက် ဆုံးမခဲ့ပြီးဖြစ်၏။ သို့ရာတွင် ဆရာအပေါ်၌ပင် ဂုဏ်ယူလိုစိတ်ဖြင့် တရားမာန် မလျှော့သည်ကို တွေ့လာရ၍ ပြုံးမိလိုက်ရသည်။

ကိုရင်ဒတ္တသည် ဆရာ့ထံပါးမှ တန်ခိုးဖြင့် ကြွသွား၍ ပန်းများကို တစ်ပွေ့တစ်ပိုက် ခူးလာကာ ဘုရားပူဇော်ရန် ဆရာကို ကပ်လှူသည်။

ပန်းများကို အဝေးတောတောင်သို့ သွားရောက်ခူးဆွတ်၍ တန်ခိုးပြရုံမျှမဟုတ်။ ဆရာ့လက်သို့ ရောက်ပြီးသော ပန်းများအပေါ်တွင်လည်း တန်ခိုးပြလိုက်ပေသေးသည်။ အကြောင်းမူကား မထေရ်ကြီးသည် သင်္ကန်းအတွင်း ထည့်သွင်းထားသော ပန်းများကိုယူ၍ စေတီရင်ပြင်တွင် ပန်းမွေ့ရာခင်းလျှ ပူဇော်ရာ၌လည်းကောင်း၊ ပန်းစိုက်အိုးတို့တွင် စိုက်ထောင်ပူဇော်ရာ၌လည်းကောင်း ယူ၍မကုန်၊ ကပ်လှူ၍ မကုန်နိုင်အောင် ရှိနေပေရာ "သာမဏေ၊ သင့်ပန်းတွေ များလှချည့်"ဟု ပြောရာတွင် "သင်္ကန်းကို မှောက်လှန်လိုက်လျှင် ကုန်သွားပါလိမ့်မည်ဘုရား"ဟု လျှောက်၍ မှောက်လှန်လိုက်သည့်အခါတွင်မှ ပန်းများ ကုန်သွားလေတော့သည်။

[ ၂ ]

မနေ့ညနေက မဟာစေတီသို့ ဘုရားဖူးလာကြသောအခါ ကိုရင်ဒတ္တနှင့်အတူ အခြားကိုရင်ငယ်နှင့် ရဟန်းတပည့်များစွာပါ၏။ မဟာစေတီမှ အပြန်တွင် ပြန်ရိုးလမ်းမှ မပြန်ဘဲ တောလမ်းတစ်ခုကိုဖြတ်၍ ပြန်ကြသည်။ တောလမ်းတွင် အတွေ့အကြုံတစ်ခုဖြင့် တပည့်တို့ကို ဆုံးမရန်ဖြစ်၏။ အဓိက ရည်မှန်းချက်ကား တရားအရှိန် မြင့်လျက်ရှိသော ကိုရင်ဒတ္တကို ဆုံးမနိုင်ရန်ဖြစ်သည်။

တောလမ်းခရီးတွင် ထင်းတစ်စည်းကိုထမ်း၍လာသော အဘိုးအိုတစ်ယောက်နှင့် ရင်ဆိုင်တိုးမိကြသည်။ အဘိုးအိုကား အိုမင်းသည့်အပေါ်တွင် အရုပ်ဆိုးလှစွာ၏။

www.burmeseclassic.com

www.burmeseclassic.com



အသားအရေတို့မှာ ရှုံ့တွမည်းမှောင်လျက်ရှိသည်။ ခါးကိုင်းသယောင် ရှိသည်။ မည်းမှောင်သော အသားပေါ်တွင် ဖြူဖွေးလျက်ရှိသော မျက်ခုံးမွေးနှစ်ဖက်မှာ ထင်းထင်းကြီး ပေါ်လျက်ရှိ၏။ အသားမည်းရသည့်အပေါ်တွင် မီးသွေးများ ပေကျံလျက်ရှိနေပေသေးသည်။ အဝတ်အဆင်မှာလည်း တစ်ကိုယ်လုံးတွင် နံငယ်ပိုင်းမျှသာရှိသည်။ အဘိုးအိုတွင် ချိုးမွမ်းစရာ တစ်ချက်မျှသာရှိသည်။ ယင်းသည်ကား အဘိုးအို၏ မျက်လုံးများသည် စူးရှ ဝင်းလက်လျက်ရှိနေခြင်းပင် ဖြစ်ပေ၏။

အဘိုးအိုက မထေရ်ကြီးကိုတွေ့သည်နှင့် တစ်ပြိုင်နက် "ဩော်...ကိုယ်တော်ကြီးပါလား၊ မဟာစေတီက ပြန်ကြွလာတယ်ထင်ပ"ဟု လျှောက်တင်ကာ ထင်းစည်းကို လမ်းဘေးသို့ချ၍ ရှိခိုးသည်။

"မှန်ပါတယ် ဒကာကြီး။ ဒကာကြီး ဝေပုလ္လလည်း အတော်ဆင်းရဲနေရှာထင်ပ"

"မြင်တဲ့အတိုင်းပါပဲဘုရား"

မထေရ်ကြီးက "ဒကာကြီး ဝေပုလ္လ"ဟု ခေါ်လိုက်သောအခါ အဘိုးအိုသည် ရှက်စနိုးအဟန်ဖြင့် ဦးခေါင်းငုံ့လျှိုးသွားသည်။ မထေရ်ကြီးက ဒကာကြီး၏ လူအမည်ကို မသိ။ သူသိသောအမည်ဖြင့်သာ ဒကာကြီးမျှဖြင့် ပြီးနိုင်ပါလျက် သတိရစေရန် တမင်ထုတ်ဖော်၍ "ဒကာကြီး ဝေပုလ္လ"ဟု ခေါ်လိုက်ခြင်းဖြစ်ပါသည်။

ဘုရားရှင် အစရှိသော ဆရာသူတော်ကောင်းများသည် ငယ်မည်ဖြင့် ထုတ်ဖော်ခေါ်ပြောလေ့ရှိကြ၏။ ရင်းနှီးစေရန်လည်းဖြစ်၍ ဘဝကို သတိရစေရန်လည်း ဖြစ်သည်။ မထေရ်ကြီးနှင့် ယင်းဒကာကြီးတို့၏ ရင်းနှီးခဲ့သော အမည်အသိမှာ "ဝေပုလ္လ"ဖြစ်၏။ အကြောင်းမူကား ဒကာကြီးသည် တစ်ချိန်သောအခါက မထေရ်ကြီးနှင့်အတူ တရားကျင့်ဖော်ကျင့်ဖက် မွေ့မိတ်ဆွေ ရဟန်းတစ်ပါး ဖြစ်ခဲ့သတည်း။

"ဒကာကြီးဝေပုလ္လက ကိုယ့်ဒုက္ခ ကိုယ်ရှာသကိုး"

"ရှာမိပေပြီးကိုးဘုရာ့"

"ဒုက္ခရှိလာရင် ဒုက္ခလွတ်ရာလည်း ရှိတယ်ဆိုတာ ဒကာကြီး သိပြီးသားပဲ"

"ကြိုးစားပါမည် ဘုရား"

"သာဓု...သာဓု...သာဓု"

မထေရ်ကြီးနှင့် ဒကာကြီးတို့ စကားပြောနေခိုက် နောက်ပါ တရားရှင် တပည့်အချို့တို့ ငြိမ်သက်စွာ ကြားနာနေကြသော်လည်း နောက်ပါ ခပ်လှမ်းလှမ်းတွင်မူ

www.burmeseclassic.com

www.burmeseclassic.com



ကျွက်စီပြုတ်သိုက် တီးတိုးစကား များနေကြသူများသည်ကား တရားမပြည့်သေးသော ရဟန်းငယ်နှင့် ကိုရင်ကြီး ကိုရင်ငယ်များဖြစ်ကြ၏။

သူတို့ တွတ်ထိုးနေကြသောစကားများမှာ လူငယ်ဘာဝ ယင်း ဒကာကြီးသို့ အကြောင်းခံ၏။ လူငယ်တို့အမြင်တွင် ပြောင်စရာ လှောင်စရာသဖွယ် အရုပ်ဆိုးလှစွာသော ဒကာကြီးသို့ ကိုရင်တစ်ပါးက မသိမသာ လက်ညှိုးထိုးကာ အခြားကိုရင်တစ်ပါးအား "ဟိုမှာ တို့ဆရာတော်က ကိုရင်တို့ဘကြီးနဲ့ တွေ့နေပါလား"ဟု ကျီစယ်လိုက်သောအခါ အကျီစယ်ခံရသော ကိုရင်က "ကိုရင့်ဦးလေးနဲ့ စကားပြောနေတာပါ"ဟု ပြန်၍လှောင်သည်။ မအောင့်နိုင်သော ရဟန်းငယ်တစ်ပါးက ဆုံးမသံလည်းပါအောင် "တိတ်တိတ်နေကြ၊ ကိုရင်တို့အဖေကို တရားဟောနေတယ်"ဟု ဝင်၍ပြောလိုက်သေးသည်။

ယင်းအပြုအမူကို အကင်းပါးသော ဒကာကြီးက လှမ်း၍သိလိုက်၏။ ထို့ကြောင့် ခွဲခွာရန် မထေရ်ကြီးအား ရှိခိုးပြီးသောအခါ နောက်ပိုင်းသို့ အနည်းငယ်ရွေ့လာပြီးနောက် ရှိခိုးရင်း...

"အရှင်ဘုရားတို့...တပည့်တော်ကို အထင်မသေးကြကုန်လင့်။ တပည့်တော်၏ မိုက်မှားမှုကြောင့် ယနေ့အချိန်၌ အရှင်ဘုရားတို့ အထင်သေးစရာအသွင်ကို တွေ့နေရသော်လည်း တစ်ချိန်သောအခါကမူ တပည့်တော်သည်လည်း အရှင်ဘုရားတို့ ဆရာအရှင်နှင့် တန်းတူရည်တူ ဖြစ်ခဲ့ဖူးပါသည်။ နေနှင့် လ,ကို လှမ်းကိုင်နိုင်သည်အထိ တန်ခိုးကြီးခဲ့သူ ဖြစ်ပါသည်။

ဤသို့လျှောက်ထားရသည်မှာ မာနစကားမဟုတ်ပါ။ အရှင်ဘုရားတို့ သတိတရားရ၍ ကြိုးစားနိုင်ကြစေရန် ဖခင်၊ ဘကြီး၊ ဦးလေးတို့ မေတ္တာမျိုးဖြင့် လျှောက်ထားခြင်း ဖြစ်ပါသည်။

အရှင်ဘုရားတို့...ဆရာကောင်းနှင့် တွေ့ရခိုက်တွင် ပေါက်ရောက်အောင် ကြိုးစားကြပါကုန်လော့။ အရှင်ဘုရားတို့တွင် သမာဓိအဆင့်ထိ ပေါက်ရောက်ပြီး သူတို့ ပါဝင်ပါကလည်း သမာဓိအဆင့်မျှဖြင့် ရပ်တန့်၍မနေဘဲ တစ်မဂ်တစ်ဖိုလ်ရသည် ရောက်သည်အထိ ကြိုးစားကြပါကုန်...။

အဘယ့်ကြောင့်ဆိုသော် တပည့်တော်သာ သမာဓိစခန်း ကုန်သည်အထိ ပေါက်ရောက်ဖူးသူ ဖြစ်ခဲ့ပါသည်။ သို့ရာတွင် သမာဓိအဆင့်မျှသည် စိတ်ချရသည် မဟုတ်သောကြောင့် တရားအန္တရာယ်နှင့် တွေ့သောအခါ အရှင်ဘုရားတို့ မြင်သည့်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ဒုက္ခတောသို့ သက်လျှောခဲ့ရပါသည်။ အရှင်ဘုရားတို့သည်လည်း တပည့်တော်လို မဖြစ်ရန်နှင့် တစ်မဂ်တစ်ဖိုလ် ပေါက်ရောက်သည်အထိ ကြိုးစားနိုင်ကြပါရန် လျှောက်ထားရပါသည်ဘုရား”

ဒကာကြီး၏ လျှောက်ထားချက်ကို ထိတ်လန့်အံ့သြစွာဖြင့် နားထောင်ကြ၏။ စကားအဆုံးတွင် မထေရ်ကြီးကပင် စတင်၍ သာဓုခေါ်လိုက်သောအခါ တပည့်အားလုံးပင် သာဓုသုံးကြိမ်ခေါ်၍ ငြိမ်ဝပ်သွားကြသည်။

ဤအကြောင်းကိုမြင်၍ပင် တပည့်များကို ဤခရီးသို့ခေါ်ခဲ့ခြင်း ဖြစ်ပေသည်။ မိမိဆုံးမရမည့်စကားကို ဒကာကြီးကိုယ်တိုင် အကြောင်းယုတ္တိဖြင့် ဆုံးမလိုက်ပြီဖြစ်သောကြောင့် ဝမ်းမြောက်ရသည်။ သို့ရာတွင် သမာဓိစျာန်စခန်းအထိ ပေါက်ရောက်လာပြီဖြစ်သော တပည့်ဒတ္တသည်ကား သတိတရားရသေးဟန်မတူ။ ရပြီးသော စျာန်မှုကို နှစ်သိမ့်အထင်ကြီးကာ ဆရာကိုပင် ပလွှား၍ ပြခဲ့ပေသေးသည်။ ထို့ကြောင့် မနေ့ကအဖြစ်ကိုမြင်လျှင် သတိလည်းရစေ၍ တရားလည်းဟောရန်အတွက် မနေ့က တောလမ်းခရီးအတိုင်းပင် ဆရာတပည့်နှစ်ယောက် ကျောင်းသို့ပြန်ခဲ့ကြသည်။

[ ၃ ]

ဆရာဟူသည် တပည့်၏အမူအကျင့် စရိုက်သဘာဝ အတိုင်းအရှည်ကို အကဲခတ်မြဲဖြစ်၏။ အထူးသဖြင့် ကမ္မဋ္ဌာန်းဆရာသည် ကမ္မဋ္ဌာန်းတပည့်၏ စရိုက်သဘာဝ၊ အမူအကျင့်ကို ပို၍အကဲခတ်မြဲဖြစ်၏။ အကြောင်းမူကား သမထနှင့်ဝိပဿနာ ကမ္မဋ္ဌာန်းတွင် နည်းပေါင်းများစွာ ရှိသည့်အနက် အကြင်တပည့်တစ်ဦးအား သူ့စရိုက် သဘာဝနှင့် ကိုက်ညီသော ကမ္မဋ္ဌာန်းကိုပေးနိုင်မှ လွယ်ကူပေါက်ရောက်သည်။ စရိုက်နှင့် ကမ္မဋ္ဌာန်းတို့ အံချော်နေခဲ့သော် တပည့်လည်းပန်း၊ ဆရာလည်း ပန်းရ၏။

တပည့်ဒတ္တသည် ရုပ်ရည်ကလေး ချောပြေ၍ တရားအလုပ်တွင် ထက်ထက်သန်သန်ရှိသော်လည်း ရာဂစရိုက်၊ ဒေါသစရိုက် ကဲလွန်သူဖြစ်ကြောင်း အကဲဖြတ်၍ရသည်။ ထို့ကြောင့် သူ့စရိုက်နှင့် လိုက်လျောသော ကမ္မဋ္ဌာန်းကို အားထုတ်စေရင်းဖြင့် တစ်ဖက်တွင်လည်း ရာဂ၊ ဒေါသတို့နှင့် မကြုံရလေအောင် ထိန်းကွပ်ကာ

www.burmeseclassic.com

www.burmeseclassic.com



တရားကျူးသွင်းလိုက်သောအခါ သမာဓိအရှင် ဈာန်သခင်အထိ ပေါက်ရောက်လာသည်ကို တွေ့ရ၍ ဝမ်းသာရသည်။

"ဒတ္တ...ငါတို့ ရဟန်း သာမဏေများ၏ ပန်းတိုးတိုင်ကား နိဗ္ဗာန်တည်း။ နိဗ္ဗာန်သို့ သွားရာလမ်းကား ဝိပဿနာတရားတည်း။ သို့ရာတွင် ယင်းဝိပဿနာလမ်းပေါ်သို့ သမာဓိတည်းဟူသော သမထလမ်းမှဖြတ်၍ သွားရသည်။ သမထလမ်းပေါ်တွင်ပင် ရပ်တန့်၍ မနေရ"

"တပည့်တော် ငယ်ပါသေးသည်ဘုရား"

"ဒတ္တ...တရားကျင့်သုံးမှုဟူသည် ငယ်လေကောင်းလေဖြစ်၏။ အင်အားရှိသည်။ ဉာဏ်ရွှင်သည်။ တရားကျင့်သုံးဖို့ သဒ္ဓါထက်သန်ဖို့သာ လိုသည်"

"တပည့်တော်တို့ ဘုရားရှင်သည် ကာမဂုဏ်ကိုခံစားပြီးနောက် ၂၉ နှစ်အရွယ်မှ တောထွက်တော်မူပါသည်။ ရှေးသူကောင်းတို့သည် အရွယ်လွန်မှ တောထွက်ကြပါသည်။ တပည့်တော်သည် အခုမှ ၁၉ နှစ်အရွယ်မျှ ရှိပါသေးသည်ဘုရား"

"ဒတ္တ...သင့်စကား,ကား ဆင်ခြေစကားမျှသာတည်း။ သဒ္ဓါနည်းသူတို့သည် အစဉ်အလာဟုဆိုကာ သင့်ဆင်ခြေမျိုးကိုသာ အသုံးပြု အချိန်ဖြုန်းကြကုန်၏"

"တပည့်တော် အရွယ်မလွန်မီပင် ကြိုးစားပါမည်ဘုရား"

"ဒတ္တ...သင့်မှာ တရားအရိုန် ရပြီးဖြစ်သည်။ သို့ရာတွင် သမထစခန်းတည်းဟူသော လမ်းခုလတ်တွင်သာ ဖြစ်နေသေးသည်။ သမထစခန်းမျှသည် တရားအန္တရာယ်တို့ ထူပြောလှစွာ၏။ ဝိပဿနာလမ်းပေါ်သို့ ရောက်ရန် သဒ္ဓါအင်အားဖြည့်ပေးဖို့ လိုသည်။ မနေ့ကတွေ့ခဲ့သော ဒကာကြီးကို သင် တရားမကျနိုင်သလော"

"သတိထားပါသည် ဘုရား"

"သင်သည် ငါ့စကားကို တရားကျနိုင်သေးဟန်မတူ။ ပတ်ဝန်းကျင်သည် သင့်ကို ဆွဲဆောင်လျက်ရှိနေပေ၏။ ငါပြောလိုက်မည် ဒတ္တ။ သင်ကား ရာဂစရိက်၊ ဒေါသစရိက် လွှမ်းကဲသူဖြစ်၏။ သင့်ဈာန်မျှကို အထင်ကြီး၍ သတိမထားခဲ့ပါသော် သင်သည် မကြာမီပင် ကန်းမနှင့် ညားရပေလိမ့်မည်"

ထိုစကားတွင်ကား ကိုရင်ဒတ္တသည် တစ်စုံတစ်ရာ ပြန်၍မလျှောက်ထားတော့။ အကြောင်းကား ဖိနှိပ်ပြောဆိုရုံမျှမက မဟုတ်တရုတ်ဖြင့်ပင် မိမိ၏ အနာဂတ်ကို ပုတ်ခတ် ပြောဆိုလာသည်ဟု ယူဆကာ မနှစ်သက်နိုင်တော့သောကြောင့် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမို့ ပြန်မပြောဝံ့သော်လည်း ဆရာ၏ အတိုင်းအရှည်ကို မသိ။ ဆရာဖြစ်စေကာမူ မိမိလောက်မျှ တရားအစွမ်းမထက်ဟူသော တိတ်တခိုးမာန်ကလေးကလည်း ရှိနေ၏။

ကိုရင်ဒတ္တသည် ရာဂစရိုက်၊ ဒေါသစရိုက် လွှမ်းကဲသည် မှန်၏။ ယင်းစရိုက်ကပင် သူ့ကို ဒုက္ခပေးလိမ့်မည်။ ပတ်ဝန်းကျင်ကြောင့် သမာဓိအဆင့်မျှကို အထင်ကြီးကာ နှစ်သိမ့်ကျေနပ်နေသည်လည်း မှန်၏။ အကြောင်းမူကား သီဟိုဠ်ကျွန်းတွင် စပါးလှန်းစရာပင် နေပြောက်မရှိဟု ဆိုရသည်နှင့်အမျှ ပတ်ဝန်းကျင် ဈာန်အရှင်တို့ကို ကိုရင်ဒတ္တ အတုယူ အားကျနေသည်။

လူဟူသည် ပတ်ဝန်းကျင်မှ ရုန်းကန်နိုင်ခဲ၏။ ပတ်ဝန်းကျင်မှ လွဲရှောင်နိုင်ခဲ၏။ ပတ်ဝန်းကျင်ကြောင့် ဆင်းရဲချမ်းသာမျိုးစုံကို တွေ့ကြုံနေကြရသည်။ အရွယ်နုနယ်သေးသော ကိုရင်ဒတ္တတို့လို လူငယ်အဖို့သော် ပို၍ ခက်တတ်၏။ ကိုရင်ဒတ္တသည် ဆရာ၏အဆုံးအမကို သဘောပေါက်သော်လည်း ပတ်ဝန်းကျင်ဆွဲဆောင်မှုကြောင့် ဘဝင်မကျနိုင်သေး။ နေပြောက်မထိုးသော သမထတရားဝန်းကျင်သည် သူ့ကို ဆွဲဆောင်လျက်ရှိနေသည်။

ထို့ကြောင့် ဆရာ့အပေါ်တွင် ဘဝင်မကျ၊ နောက်ထပ် အလားတူ အဆုံးအမမျိုး ခံရမည်စိုး၍ ထိုနေ့မှစ၍ ဆရာနှင့် ခပ်ခွာခွာနေသည်။ ဆရာကလည်း ပျံ့လေသည့်ငှက်ခါး နားကာမှ သိစေတော့မည်ဟူသော အမြင်ဖြင့် သူ့တပည့်ကို ကြိုးရှည်ရှည်နှင့် လွှတ်ထားလိုက်သည်။

ဆရာက လွှတ်ထားလေ သူက သဘောကျလေ ဖြစ်၏။ အကြောင်းမူကား ယခုမှ သူ့ဈာန်ကလေးကို လွတ်လွတ်လပ်လပ် အသုံးပြုရသည်။ သူတကာနည်းတူ ပျံလိုက်သည့်ဈာန်။ မြို့ကိုလည်း ပျံသည်။ တောကိုလည်း ပျံသည်။ နေပြောက်မထိုးတို့တွင် သူလည်းပါ၏။ ဤတွင် တောင်ခြေ တောစပ် ရက်ကန်းသည်တို့ရွာမှ တောသူမလေး မယ်ယဉ်ကျေးနှင့် တွေ့ကြသတည်း။

သူ့အမည်မှာ မယဉ်ကျေးဖြစ်သည်။ ယဉ်ယဉ်ကလေးနှင့် လှသောကြောင့် အမည်နှင့် အဆင်းမှာ လိုက်လျောလှ၏။ တောသူကလေးဖြစ်သော်လည်း ရက်ကန်းသည်မကလေး ဖြစ်သောကြောင့် သိမ်မွေ့သည်။ နူးညံ့သည်။ အကြောင်းမူကား ရက်ကန်းမယ်တို့ အလုပ်ဆိုသည်မှာ စိတ်ကူးပါ၍ အနုပညာဆန်သောကြောင့် ဖြစ်သည်။ အဆင်းလှသလောက် အသံကလေးကလည်း သာယာသူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် တောသူတို့ဘဝ၊ ဆင်းရဲသူမကလေးတို့၏ ထုံးစံ ရက်ကန်းအလုပ်မှ နားချိန် ညနေခင်းများတွင် ရွာနီးချုပ်စပ်ရှိ တောအတွင်းသို့ ဟင်းရွက်ခူး ထွက်ရ၏။ တစ်ညနေ ဟင်းရွက်ခူးခိုက် ရောက်တတ်ရာရာ သီချင်းကလေးကို ဆိုနေစဉ်တွင် ကောင်းကင်မှ ရှာန်ဖြင့်ကြွလာသော ကိုရင်ချောချောကလေးကို လှမ်းမြင်ရသောကြောင့် စပ်မိစပ်ရာ အောက်ပါအတိုင်း သီချင်းလုပ်၍ ဆိုလိုက်လေသည်။

ကိုရင်လေး ဝါဝါ
ဈာန်နှင့် ကြွလို့လာ
ဆင်းခဲ့ပါ ခုမနေ့း
ဖူးချင်လှတယ်လေး။

ထိုသီချင်းသံကို ကိုရင်ဒတ္တ ကြား၍ လှမ်းငုံ့ကြည့်လိုက်သောအခါ အသံကလေးသာသလောက် ရုပ်ကလေးကလည်း လှသော ရွယ်တူတန်းတူ တောသူမလေးကို တစ်ယောက်တည်း လွတ်လွတ်လပ်လပ် တွေ့လိုက်ရသောကြောင့် စွဲဝေ့သွား၏။ သူ့ရာဂစရိုက်သည် ကိုရင်ဒတ္တအား နှိုးဆွလာပြီဖြစ်၏။

ထို့ကြောင့် နောက်တစ်နေ့ ညနေတွင်လည်း ဤခရီး ဤလမ်းသို့ လာခဲ့ပြန်သောအခါ မနေ့ကအတိုင်းပင် တောသူမလေးကို တွေ့ရသည်။ သို့ရာတွင် မနေ့ကလို မြင့်မြင့်လှမ်းလှမ်းမပျံ၊ အသံသာသလောက် ရုပ်ကလေးလှသော သူမကို အနီးကပ် တွေ့နိုင်ရန်အတွက် သစ်ပင်တို့ လွတ်ရုံမျှ နိမ့်နိမ့်ပျံလာသည်။ အနီးသို့ရောက်သည်နှင့် တစ်ပြိုင်နက် သီချင်းသံကို ထပ်မံကြားရပြန်၏။

ကိုရင်လေး ဝါဝါ
ကြည့်လို့ လှလိုက်တာ
ဆင်းခဲ့ပါ မြန်အသော့
ဖူးချင်လှပါနော့။

သီချင်းအဆုံး၌ပင် ကိုရင်ဒတ္တသည် မြေသို့သက်၍ မယဉ်ကျေး၏အနီးသို့ ရောက်လာပြီဖြစ်၏။ စက္ခုရူပေန သံဝါသာဟူသော စကားတော်အရ ချစ်ကြင်ကြသော အကြင်ယောကျ်ားနှင့် မိန်းမတို့မည်သည် အသံဖြင့် စကားမပြောမီ မျက်လုံးချင်း စကားပြောကြမြဲဖြစ်၏။ ကိုရင်ဒတ္တက မယဉ်ကျေးကို စူးစူးစိုက်စိုက်ကြည့်သည်။ မယဉ်ကျေးက သက်န်းအရှင်မို့ ကိုယ်ကလေးကို မယို့သယောင် ယို့

www.burmeseclassic.com



သယောင်နှင့် ယို့ကာ လက်ကလေးကို ကြာငုံပြုကာ မဖူးသယောင် ဖူးသယောင်နှင့် ဖူးသည်။

"ငါ့ကို ခေါ်သလား နှမ"

"တန်ခိုးရှင်ကို မဖူးမြင်လိုသူ အဘယ်မှာ ရှိပါမည်နည်း ကိုရင်"

"ခေတ္တခဏမျှသာမဟုတ်၊ အမြဲတမ်းဖူးမြင်နိုင်ရန် နှမ၏အိမ်သို့လိုက်ခဲ့ပါမည်"

"လိုက်ခဲ့ပါ ကိုရင်၊ မိဘများထံ ခေါ်၍သွားပါမည်။ သို့ရာတွင် ငါတို့အပေါ်တွင် အထင်တော့ မကြီးပါလေနှင့်။ လုပ်နိုင်မှ စားရသော ရက်ကန်းလုပ်သားများ ဖြစ်ကြပါသည်"

"အဘယ်နှမ...အချစ်တွင် ဆင်းရဲ ချမ်းသာဟူ၍ မရှိပါ။ မေတ္တာသာ ပဓာန မဟုတ်ပါလော"

"နှစ်သက်လှပါ၏ အရှင်"

အမိပွာယ်ကား သုံးရက်အတွင်း၌ပင် ကိုရင်ဒတ္ထာဘဝမှ ရက်ကန်းလုပ်သားလေး မောင်ဒတ္ထာဘဝသို့ ရောက်သွားခြင်းပင် ဖြစ်သတည်း။

## [ ၄ ]

ရက်ကန်းသည်ဆိုသမင့်လည်း ကိုယ်ပိုင်စင်ဖြင့် ထင်ထင်ကြွားကြွား လုပ်နိုင်သည်ကား မဟုတ်၊ ရက်ကန်းပိုင်ရှင်၏ အလုပ်ရုံမှ ရက်ကန်းတစ်စင်တွင် မထင်မရှား ရက်ကန်းလုပ်သားကလေး ဘဝမျှဖြင့် စတင်ရသည်။ မကျွမ်းကျင်သေး၍ အကူပညာသင်သဘောမျှ ဖြစ်သည်။ ကိုယ်တိုင်လည်းသင်၊ သူတကာခိုင်းသမျှကိုလည်း လုပ်ရ၍ ပင်ပန်းလှ၏။

ဇနီး ရက်ကန်းသည်ကလေးကတော့ ကျွမ်းကျင်ပါ၏။ သို့ရာတွင် တစ်နေ့ရ တစ်နေ့စား၊ အိမ်တွင် မပြည့်မစုံနှင့်မို့ တစ်နေ့တစ်နေ့ အလျင်မီအောင် စားနိုင်ရေးအတွက် ဟင်းရွက်ခူးရ၊ ချေးရ၊ ငှားရနှင့် အချိန်မှန် ထမင်းစားရသည်မရှိ။ လင်အတွက် ရက်ကန်းရုံသို့ အချိန်မီ ထမင်းပို့နိုင်သည် မရှိ။ နောက်ကျရသည်ချည်း ဖြစ်လျက် ရှိနေရသည်။

ယနေ့လည်း မောင်ဒတ္ထအဖို့ အလုပ်ကပင်ပန်း၊ ထမင်းကဆာ၊ မယားကလည်း ထမင်းအပို့ နောက်ကျနေ၍ သူများတကာတွေ အချိန်နှင့် စားကြ သောက်ကြသည်ကို ကြည့်ကာ စိတ်တို မျက်နှာအိုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန် အတန်ကြာလွန်မှ ဇနီးက ထမင်းတောင်းကလေးနှင့် ရောက်လာသော အခါ "နောက်ကျလှချည့်လားကွ"ဟု ပြောလိုက်မိသည်။

"ချက်ရုံပြုတ်ရုံတွင်မဟုတ်ဘူး၊ ချက်ဖို့ ပြုတ်ဖို့ကလည်း ရှာရ ဖွေရသေးတယ် တော်ရေ့"

ဇနီးအဖို့လည်း ရှာရ ဖွေရ၊ ချက်ရ ပြုတ်ရ၊ စိတ်မောရနှင့် ဒေါသထွက်နေဟန် တူသည်။ စကားပြောပုံ အဆင်မပြေလှ။

ချစ်စ ခင်စတွင် တုံးတိုက်တိုက် ကျားကိုက်ကိုက် သဘောထားတတ်ကြသော် လည်း အရှည်တွင်မူ နေရေး ထိုင်ရေး၊ ပြည့်စုံမှု မပြည့်စုံမှု၊ စီးပွားရေးက စကား ပြောလာမြဲဖြစ်သည်။ ဆန်ကြမ်း၊ ဟင်းရွက်ပြုတ်တို့ပင် မပြည့်စုံနိုင်သော သူတို့အဖို့ လည်း အဆင်မပြေသည်မှာ အတန်ကြာခဲ့ပေပြီ။ မွေးစသာသာကပင် သာသနာ့ ထီးရိပ်ခိုကာ အေးအေးသာသာမျှနေခဲ့ဖူးသော မောင်ဒတ္တအဖို့ ဒါမျိုးတွေ သိပ်မစဉ်းစား တတ်။ အဆင်မပြေသည်ကိုသာ သိသူဖြစ်သည်။ အဓိပ္ပာယ်ကား မပြည့်စုံမှုကြောင့် အဆင်မပြေမှုများသည် မောင်ဒတ္တ၏ ပင်ကိုဒေါသစရိုက်ကို တစ်နေ့တခြား နှိုးဆွ လာခဲ့ပြီဖြစ်၏။

ထမင်းတောင်းကို ဖွင့်လိုက်သောအခါ ထမင်းနီနီကြမ်းကြမ်းပေါ်တွင် စဉ့်ခွက် နှင့် ထည့်လာသော ဟင်းရွက်ပြုတ် အရည်ကျဲမျှကိုသာ တွေ့ရသောကြောင့် "ဟင်းကလည်း ဒါပဲလားကွ"ဟု ပြောလိုက်မိသည်။

"ဒီထက်ပိုရအောင် ရှင်က ဘာတွေများ ရှာထားလို့တုံး၊ အိမ်မှာ ရှိမှန်းမသိ မရှိမှန်းမသိ။ စားချင်စား မစားချင်နေ၊ ဒါပဲတော်ရေ့"

ဤတွင် မောင်ဒတ္တ၏ ဒေါသမြွေဆိုးသည် မချုပ်တည်းနိုင်အောင်ပင် ထောင်း ခနဲ ထလာတော့သဖြင့် အောင့်အည်းလာသမျှကို ဖွင့်ထုတ်ကာ အနီးရှိ ယောက်တံ ဖြင့် ဇနီးအား တအားလွှဲ၍ ရိုက်လိုက်သောအခါ မမျှော်လင့်သော ပြဿနာကြီး ပေါ်၍လာသည်။ ယောက်တံ အချွန်အတက်ကြောင့် ဇနီး၏ မျက်လုံးတစ်ဖက် ထွက်၍သွားခြင်းပေတည်း။

သာမန်အားဖြင့်ဆိုလျှင် ဒေါသအရှိန်ကြောင့် ဆင့်၍ ရိုက်မိဦးမည်ဖြစ်၏။ သို့ရာတွင် မျက်လုံးတစ်ဖက် ထွက်၍သွားသည်ကို မြင်ရသောအခါ အံ့အားသင့်စွာ ဖြင့် တောင့်တောင့်ကြီးရပ်၍ ကြည့်နေလိုက်မိ၏။ ထို့နောက်တွင်ကား ရက် ဖောက်တံကို ပစ်ချကာ ကြုံကြုံပုပါအောင် ငိုသတည်း။

www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖော်ကိုင်ဖက်များ ဝိုင်းအုံလာကြသည်။ လူကြီးတစ်ယောက်က "သူငယ်မကလည်း ကိုယ့်လင်သားကို ဒီလိုပြောရသလား၊ မင်းကလည်း လွန်လွန်းတယ်ဟိတ်။ ကဲ...ငိုနေလို့ ပြီးမှာမဟုတ်ဘူး။ အိမ်ခေါ်သွား၊ ဆေးဝါးကုဖို့ စီစဉ်ပေတော့"ဟု ပြောသည်။

"ကျွန်တော် ငိုတာ ဒါကြောင့် မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော့်အကြောင်းနဲ့ ကျွန်တော်ပါ။ ဆရာ့စကား နားမထောင်မိလို့ ဒီလိုဖြစ်ရတာပါ။ ကဲ...နှမ၊ ဘဝဝဋ်ကြွေးမကင်းလို့ ဖြစ်မိသမျှ၊ လွန်ကျူးသမျှကို ငါ့အပေါ် သည်းခံပါ။ ဦးလေးတို့ပဲ အိမ်ခေါ်ပြီး ဆေးကုလိုက်ကြပါတော့၊ ကျွန်တော်တော့ သွားပြီ"ဟုပြောကာ တစ်ကြိုးတည်း လှည့်၍ထွက်ခဲ့သည်။

"လွမ်းစေတီ"အရှင်၊ ဗာဟိယဒါရုစိယ ရဟန်းသည် ဘုရားရှင်အထံတော်သို့ တစ်ချောင်းတည်းသောခရီးဖြင့် သွားရောက်သကဲ့သို့၊ မောင်ဒတ္တသည်လည်း ကြီးစွာသော သံဝေဂဖြင့် ရွာစဉ်ကိုဖြတ်ကာ ဆရာဥပဇ္ဈာယ်အထံသို့ တစ်ချောင်းတည်းသော အားထုတ်မှုဖြင့် မနားမနေ လာရောက်ခဲ့သည်။

ဆရာ့အထံသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဆရာ့ခြေကိုဖက်ကာ ရှိုက်ကြီးတငင် ငိုသည်။ "ငါ့တပည့် ပြန်ရောက်လာပေါ့ကိုး"ဟု ဆရာက ပဋိသန္ထာရဖြင့် ဆီးကြို၏။

"တပည့်တော်ကို သည်းခံပါဘုရား။ ဆရာ့စကား နားမထောင်မိလို့ မိုက်တွင်းနက်ခဲ့မိပါသည်ဘုရား။ ဆရာ့စကား မှန်လှပါချည့်ဘုရား"

"ဒတ္တ...မိမိအပြစ်ကို သိမြင်ခြင်းသည် ပညာရှိမည်၏။ မိမိအပြစ်ကိုသိ၍ ပြုပြင်ခြင်းသည် သူတော်ကောင်းမည်၏။ တရားပန်းတိုင်သည် သင့် လက်တစ်ကမ်းတွင်ပင် ယခင်ကလည်း ရှိခဲ့၏။ ယခုလည်း ရှိနေသည်။ သမာဓိအရှင်၊ တန်ခိုးအရှင်မျှသည် သူတော်ကောင်းတို့ ချီးမွမ်းအပ်သည် မဟုတ်သေး။ သင့်မှာ တရားဝသီဘော်ရှိပြီးဖြစ်သည်။ ဝိပဿနာသို့တက်ကာ ဆက်၍အားထုတ်လေလော့ တပည့်"

မှန်လှပေ၏။ မကြာမီပင် တန်ခိုးရှင်မျှသော အရှင်ဒတ္တအဖြစ်မှ ဘက်စုံပြည့် ရဟန္တာသခင် အရှင်ဒတ္တဘဝသို့ ရောက်လာသတည်း။ ။

ရွှေဥဒေါင်း

**ကြီးမောင်(ရွှေဥဒေါင်း)**

**ရွှေခင်းသာမြို့၊ မင်းလမ်း၊ စဝ်စံထွန်းရပ်၊ တောင်ကြီး။ ။**

www.burmeseclassic.com